သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ

ဝိသုဒ္ဓိမဂ်ပြန်ဟောပြန် ပို့ချချက်

(ပထမဆင့်)

အရှင်ပဏ္ဍိတ (ကထိက)
သာသနတက္ကသိုလမဟာဓမ္မာစရိယ (M.A; Buddhism)
အဘိဓမ္မပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၈

မြန်မာကျူးပစ် "သာသနာ့ပါလ"
ဘာသာရေးညီအကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

မြန်မာကျူးပစ် “သာသနာ့ပါလ”
ဘာသာရေးညီအကို မောင်နှမများ

ဗုဒ္ဓ ဟောကြား၊ မြတ်တရားကို
သစ္စာမြဲခိုင်၊ လက်စွဲကိုင်ပြီး
ဗုဒ္ဓ သာသနာ၊ ထွန်းလင်းဖြာအောင်
ကြံဆောင်ကြမည်၊ စိတ်ကြည်ကြည် ..

တို့ သာသနာအား၊ ရန်စစော်ကား
ထိပါးလာသူ၊ ရှိခဲ့ပါလျှင်
အစဉ်သွက်လက်၊ ထက်သောဓါးသဖွယ်
ကာကွယ်ကြမည်၊ တွဲညီညီ ..

သာသနာ့ပါလ၊ ညီနောင်တစု
အလေးဂရု၊ မိဘဉာန်ပြုသည်
တို့ အမျိုး၊ ဘာသာ၊ သာသနာတွက်
ညီညာဖြဖြ၊ နိုးထအားမာန်
စိတ်ရည်သန်လျှက်၊ စွမ်းဆောင်ကြမည်
မြဲစည်စည် ..... ။

ဝိသုဒ္ဓိမဂ်ဖြန့်ဖာပြန် ပို့ချချက်

(ပထမဆင့်)

အရှင်ပဏ္ဍိတ(ကထိက)

သာသနတက္ကသိုလမဟာမွာစရိယ(M.A;Buddhism)

အဘိဓမ္မပိဋကမဟာဂုဏ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

သာသနာ-၂၅၅၂၊ ကောဇာ-၁၃၇၀၊ ခရစ်-၂၀၀၈

အမှာစကား

ဝိသုဒ္ဓိမဂ်ကျမ်းသည် သာသနာတော်တွင် အလွန်ထင်ရှားလူသိများသည့် ဂန္ထဝင်မြောက် ကျမ်းမြတ်တစ်ဆူဖြစ်၏။ စီရင်ရေးသားသည့်ပုဂ္ဂိုလ်မှာလည်း ဂန္ထဝင်မြောက် အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်ဖြစ်၏။ ဝိသုဒ္ဓိမဂ် ကျမ်းအကြောင်း, အရှင်မဟာဗုဒ္ဓဃောသထေရ်အကြောင်းတို့ကို ပညာရှင်များ အသီးအသီး လေ့လာသုတေသနပြု၍ ဖော်ထုတ်တင်ပြထားပြီးဖြစ်သဖြင့် ဤစာအုပ်၌ ကျမ်းလေးမည်စိုး၍ မဖော်ပြတော့ပြီ။

အမှန်အတိုင်းဝန်ခံရပါမူ- မိမိသည် စာသင်သားဘဝတွင် ဝိသုဒ္ဓိမဂ်ပါဠိဘာသာကျမ်းကို မဆိုထားဘိ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းကိုပင် ဖတ်ရှုလေ့လာခဲ့ခြင်း မရှိခဲ့ပေ။ ပြဋ္ဌာန်းကျမ်းစာ ဟုတ်ခြင်း၊ ''ပရိယတ်လမ်းညွှန်မဟုတ်၊ ပဋိပတ်လမ်းညွှန် ဖြစ်၏'' ဟု သတ်မှတ်ခံထားရခြင်း စသည်အကြောင်းများကြောင့် ဝိသုဒ္ဓိမဂ်နှင့် အလှမ်းဝေးခဲ့ခြင်း ဖြစ်သည်။ သာသနာ့တကွသိုလ် သင်တန်းသားဖြစ်သောအခါမှသာ ''ဝိဋ္ဌကတ်ကျမ်းဂန် နှံ့စပ်စေရေး'' ဟူသော ပညာရေးမူနှင့်အညီ စာတမ်းများရေးသားခြင်း၊ စုပေါင်းဆွေးနွေးခြင်း၊ မဟာဘွဲ့ယူကျမ်းစာများရေးသားခြင်း-ဟူသော တက္ကသိုလ်စာသင်နည်းစနစ်ကြောင့် ဝိသုဒ္ဓိမဂ်နှင့်ထိတွေ့ခွင့်ရခဲ့ခြင်း ဖြစ်၏။ သို့တိုင်အောင် အသေးစိတ်မလေ့လာ ဖြစ်ခဲ့။ လိုအပ်သည့်အကြောင်းအရာတို့ကို ရှာဖွေဖတ်ရှုရုံအဆင့်သာ ရှိခဲ့၏။

၂၀၀၃-ခုနှစ်မှစ၍ ဝိသုဒ္ဓိမဂ်ကို ဂဃနဏာ လေ့လာဖြစ်ခဲ့၏။ အကြောင်းမှာ-လူပုဂ္ဂိုလ်များဆိုင်ရာ ဗုဒ္ဓစာပေသင်တန်းများတွင် ဝိသုဒ္ဓိမဂ်သင်တန်းကို စတင်ပို့ချဖြစ်ခဲ့သောကြောင့် ဖြစ်၏။ သင်တန်းပို့ချခဲ့သည့် အတွေ့အကြုံအရ လူပုဂ္ဂိုလ်သင်တန်းသားများသည် ဝိသုဒ္ဓိမဂ်ကိုလေ့လာကြရာတွင် အခက်အခဲဖြစ်နေသည်ကို တွေ့ရ၏။ အမှန်တော့ လူပုဂ္ဂိုလ်သင်တန်းသားတို့ လေ့လာသင်ယူနေသည့် ''ဝိသုဒ္ဓိမဂ်မြန်မာပြန်'' ဆိုသည်မှာ ပါဠိဘာသာဖြင့်ရေးသားထားသည့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးကို ပါဠိဂတိ-ပါဠိအသွားအတိုင်း တိုက်ရိုက်ပြန်ဆိုသည့်နည်းကို အသုံးပြု၍ မြန်မာပြန်ဆိုထားခြင်းဖြစ်သဖြင့် ယခုခေတ် မိမိတို့တွေ့မြင်ဖတ်ရှုနေကျ မြန်မာစကားပြေ အရေးအသားမျိုးမဟုတ်သည်ကို အထူးသတိချပ်ရမည်။

ထို့ပြင် ပါဝင်သည့်အကြောင်းအရာတို့ကလည်း သိမ်မွေ့နက်နဲခက်ခဲလှသည့် အပြင် အဋ္ဌကထာထုံးစံအတိုင်း ပါဠိပုဒ်အဖွင့်များလည်းပါဝင်နေရာ ပါဠိပုဒ်တစ်ပုဒ်ချင်းစီ၏ သဒ္ဒါဆိုင်ရာအသေးစိတ်ဖွင့်ဆိုချက်များကိုလည်း မြန်မာပြန်ဆိုထားပြန်၏။ ထိုအခါ ပါဠိမတတ်သည့်သင်တန်းသားတို့အနေဖြင့် လေ့လာနေရင်း ဘယ်ရောက်လို့ရောက်မှန်းမသိဘဲ လမ်းစပျောက်သွားတတ်ကြ၏။ လူပုဂ္ဂိုလ်သင်တန်းသားတို့အဖြစ်မှာ သဒ္ဒါအားလေးတစ်ခုတည်းနှင့် ဝိသုဒ္ဓိမဂ်တည်းဟူသော ဝန်ထုပ်ကို မနိုင်မနင်း ထမ်းပိုးသယ်ဆောင်နေရသည်နှင့် တူနေတော့၏။ သည်ဝန်ထုပ်ကို လိုလည်း လိုချင်၏။ မနိုင်လည်း မနိုင်ဖြစ်နေရှာ၏။ သို့အတွက်ကြောင့်လည်း ဝိသုဒ္ဓိမဂ်သင်တန်းတွင် သင်တန်းသားဦးရေ နည်းပါးနေခြင်းဖြစ်မည်။ ဆိုပါစို့... အဘိဓမ္မာသင်ယူပြီးသူ သင်တန်းသားဦးရေတစ်ရာရှိလျှင် အယောက်နှစ်ဆယ်, အစိတ်ခန့်သာ ဝိသုဒ္ဓိမဂ်သင်တန်းသို့ ရောက်လာကြ၏။

ဘာသာရေးလိုက်စားမည်ဆိုပါက ဝိသုဒ္ဓိမဂ်ကို မဖြစ်မနေလေ့လာရမည်။ ဝိသုဒ္ဓိမဂ်ကိုလေ့လာမှသာ အကျင့်ဆိုင်ရာဘာသာရေးသုတများ တိုးပွားနိုင်၏။ ထိုသုတမယဉာဏ်ကို အခြေခံပြီး စိန္တာမယဉာဏ်ဖြင့် ဘာဝနာလမ်းမှန်ကို ရွေးချယ်၍ လက်တွေ့ကျင့်ကြံကြိုးကုတ်အားထုတ်ပါမှ ဘာဝနာမယဉာဏ် ဖြစ်မည်။ သို့မှသာ ဘာသာရေးလိုက်စားသူအစစ် ဖြစ်မည်။ ဘုရားသွား ,ကျောင်းတက် ဒါန ,သီလ သက်သက်ပြုကာမျှဖြင့် တင်းတိမ်ရောင့်ရဲ မနေသင့်ပေ။ သိက္ခာသုံးရပ် အကျင့်မြတ်များအကြောင်းကို ထဲထဲဝင်ဝင် ဂဃနဏ သေသေချာချာ လေ့လာသင်ယူသင့်၏။

သူတော်ကောင်းတို့ကား...ဘာသာရေးကို စနစ်တကျ လေ့လာမည်ဟူသော ရည်ရွယ်ချက်ဖြင့် သဒ္ဒါနှင့်ရောက်လာကြသူများ ဖြစ်၏။ ဝိသုဒ္ဓိမဂ်ကား..ဘာဝနာလုပ်ငန်းကို စနစ်တကျ လမ်းညွှန်မှုပေးသည့် ကျမ်းမြတ်တစ်ဆူ ဖြစ်၏။ ရေကန်အသင့် ကြာအသင့်၊ စနစ်တကျ လေ့လာလိုသူနှင့် စနစ်ရှိသည့်တရား ပါရမီဘုန်းကံအလျောက် ဆုံတွေ့လာခြင်း ဖြစ်သည်။ ရေလိုက်မလွဲစေလို၊ သဒ္ဒါအားတစ်ခုတည်းနှင့်မလုံလောက်ဘဲ ဗလငါးတန်နှင့်အားခဲ၍ ကြိုးစားလေ့လာပါမှ တော်ရုံကြပေမည်ဟု နှလုံးသွင်းသင့်၏။

သို့ဖြစ်၍ ကိုယ်ကျင့်တရား ဝိုမိုကောင်းမွန်လာအောင်, ဘာဝနာလုပ်ငန်းအားထုတ်ချင်စိတ် ဖြစ်ပေါ်လာအောင်, သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်အောင် နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်များကို စနစ်တကျညွှန်ပြပြီး စည်းရုံးဆွဲဆောင်ခေါ်ငင်နိုင်စွမ်းရှိသည့် ဝိသုဒ္ဓိမဂ်အကြောင်းကို အဘိဓမ္မာအခြေခံရှိပြီးသူတိုင်း ပါရမီမြောက် ဆက်လက်တက်ရောက် နာယူသင့်ပါသည်။

သူတော်ကောင်းတို့ လေ့လာသင်ယူနေသည့် ဝိသုဒ္ဓိမဂ်ကျမ်းစာသည် ဝိဋ္ဌကတ်သုံးပုံမှ အရသာ,အဆီအနှစ်များကို ထုတ်ယူထားသည့် "ဝိဋ္ဌကသြဇာ" ဖြစ်သော်၏။ မထေရ်မြတ်တို့သည် အဆိုပါ ဝိဋ္ဌကသြဇာ အရသာ,အဆီအနှစ်များ မပျက်မယွင်းစေလို၍ ပါဠိဂတိ-ပါဠိအသွားအတိုင်း မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်၏။ သင်တန်းသား သူတော်ကောင်းတို့အနေဖြင့် "ငါတို့တတွေ ရှားရှားပါးပါး မြန်မာအဋ္ဌကထာကြီးတစ်စောင်ကို လေ့လာခွင့်ရကြပေပြီတကား" ဟု နှလုံးသွင်း၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည်။

ဝိဋ္ဌကတ်စာပေ၌ ပါဠိတော်ကျမ်း၊ အဋ္ဌကထာကျမ်း၊ ဋီကာကျမ်းဟု သုံးအုပ်စုရှိရာ ပါဠိတော်ကျမ်းများကို လေ့လာသိရှိလိုလျှင် ပါဠိတော်မြန်မာပြန်ကျမ်းများရှိနေသဖြင့် လူပုဂ္ဂိုလ်တို့အတွက် လွယ်ကူ၏။ အဋ္ဌကထာ၊ ဋီကာကျမ်းများကို လေ့လာလိုလျှင် ပါဠိမတတ်သူများ မည်သို့လေ့လာမည်နည်း? ခမ္မပဒအဋ္ဌကထာ၊ ဓောတကအဋ္ဌကထာ၊ ဋီကာကျော်မြန်မာပြန်တို့မှတစ်ပါး မြန်မာပြန်သက်သက် အဋ္ဌကထာ၊ ဋီကာကျမ်းဟူ၍ တွေ့နိုင်ခဲ၏။ နိဿယကျမ်းများသာ ရှိသည်။ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို လုံးစေ့,ပါဠ်စေ့ အပြည့်အစုံ မြန်မာဘာသာသို့ပြန်ဆိုထားသည့် **'မြန်မာအဋ္ဌကထာကျမ်းကြီး'** ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာကျမ်းကြီးတစ်စောင်ကို အပြည့်အစုံ တစ်လုံးတစ်ပါဒမကျန် လေ့လာခွင့်ရနေသဖြင့် ရခဲလှသည့်အခွင့်ထူးတစ်ရပ်ကို လုံးဝသုံ အပြည့်အစုံရရှိနေခြင်း ဖြစ်သည်-ဟု ဆိုနိုင်ပါသည်။

ဤ**"ဝိသုဒ္ဓိမဂ်မြန်မာပြန် ပို့ချချက်(ပထမတွဲ)"** စာအုပ်တွင် မူရင်းကျမ်းလာ အကြောင်းအရာတို့ကို ဆီလျော်သောခေါင်းစဉ်များတပ်၍ အပိုင်းလိုက်ခွဲပြီး မူရင်းစကားအသွားအလာလည်း မပျက်စေဘဲ စကားပြေပြစ်အောင် ရေးသားထားပါသည်။ နိဒ္ဒေသတစ်ခုကိုလေ့လာမည်ဆိုလျှင် မာတိကာကိုကြည့်၍ ယင်းနိဒ္ဒေသ၌ အပိုင်းအခန်းမည်မျှရှိသည်ကို ဦးစွာလေ့လာရမည်။ ပြီးမှ ထိုအပိုင်းအခန်းတွင် ပါဝင်သောအကြောင်းအရာများကို ပေးထားသည့်ခေါင်းစဉ်နှင့်တွဲ၍ ကျက်မှတ်ရမည်။ အကြိမ်ကြိမ်ပြန်ဖတ်ရမည်။ သို့ဆိုလျှင် မည်သည့်အကြောင်းအရာသည် မည်သည့်နိဒ္ဒေသ၏ အပိုင်းအောက်၌ ပါဝင်သည်၊ အဓိကအချက် မည်မျှရှိနေသည်ကို ရပြီး,သိရှိပြီးဖြစ်သွားပေလိမ့်မည်။

မိမိသည် သင်တန်းပို့ချစဉ်က သင်နည်းစနစ်ကို အမျိုးမျိုးစမ်းသပ်၍ သင်ကြည့်ခဲ့၏။ ပထမဆုံးအနေဖြင့် မြန်မာပြန်ကျမ်းကို ဖတ်ပြသည်၊ ရှင်းပြသည်။ သင်ပြီးလျှင် သင်တန်းသားများ နားလည်သယောင် ရှိ၏။ အကြောင်းအရာ များလာ

သောအခါ လုံးထွေးကုန်ပြီး 'ရှေ့တက်လေ, နောက်ကမဲ့လေ' ဖြစ်လာ၏။ ကြာလာသောအခါ စာရော, လူပါ ပျောက်သွားလေတော့၏။ သင်တန်းသားအယောက် သုံးဆယ်လောက်နှင့်စတင်ခဲ့သည့်သင်တန်းမှာ သင်တန်းသားဆယ်ယောက်, ဆယ့်နှစ်ယောက်လောက်သာ ကျန်တော့သည်။

နောက်တစ်နည်း သင်ကြည့်ပြန်သည်။ သင်တန်းသားရော, ဆရာပါ စာအုပ်ကို ဖတ်ကြသည်။ ပြီးလျှင် ရှင်းပြ၊ အရေးကြီးသော အကြောင်းအရာ, မှတ်ချက်တို့ကို သင်တန်းသားတို့အား မင်နှိ, မင်ပြာအသုံးပြု၍ မျဉ်းသားစေခြင်း၊ လက်သည်းကွင်းစေခြင်း၊ ခေါင်းစဉ်တို့ စားမှတ်ထားခြင်းတို့ကို ပြုလုပ်ခိုင်းကြည့်သည်။ အချို့သင်တန်းသားများကလည်း အရောင်အမျိုးမျိုးသုံးကြသည်။ ခက်သည်က.. ဝိသုဒ္ဓိမဂ်ဆိုသည်မှာ အကြောင်းအရာတိုင်းက ကောင်းသည်။ စာမျက်နှာတိုင်းမှာလည်း မှတ်သားဖွယ်ရာများဖြင့် ပြည့်နှက်နေသည်။ သင်တန်းသားစာအုပ်ကတော့ မည်သို့ရှိသည် မသိ၊ ဆရာကိုင်စာအုပ်မှာ ပန်းချီကားချပ်ပမာ ရောင်စုံမျက်နှာပြင် ဖြစ်လာလေတော့၏။

သို့နှင့် နောက်တစ်မျိုး ပြောင်း၍သင်ကြည့်ပြန်၏။ မှတ်စုစာအုပ် ယူလာခိုင်းပြီး၊ အားလုံးဖတ်၊ ပြီးလျှင် ရှင်းပြ၊ အဓိကအကြောင်းအရာတို့ကို ခေါ်ပေး၊ သင်တန်းသားက လိုက်ရေး၊ နားလည်အောင် ပြန်ပြောပြပြီး တစ်ခါတည်း မှတ်ခိုင်းကြည့်သည်။ မေ့သွားလျှင် မှတ်စုပြန်ကြည့်နည်းဖြင့် သင်ကြည့်ရာ အတော်အတန် အဆင်ပြေလာ၏။ သို့သော် ခေါ်ပေး, လိုက်ရေး လုပ်နေရသည့်အတွက် အချိန်ကုန်ခြင်း, ပြဋ္ဌာန်းစာမကုန်ခြင်းတို့ကြောင့် နောက်ပိုင်းနိဒ္ဒေသများကို ခပ်သွက်သွက်သွားရပြန်သည်။

ထို့ကြောင့် မှတ်စုထုတ်ပေးသည့် နောက်ဆုံးနည်း ရွေးပြီး ရေးစရာမလိုဘဲ အသင့်ဖတ်ရ၊ ကျက်မှတ်ရလျှင် သင်တန်းသားတို့အတွက် ပို၍လွယ်ကူပေလိမ့်မည်-ဟု စဉ်းစားမိပြီး မှတ်စုကိုကြိုရေး၊ ကိုယ်တိုင်ပင် ကွန်ပျူတာစာစီ၊ မိတ္တူကူး၍ သင်တန်းသားများလက်သို့ ''ကြိုပို့စနစ်'' ဖြင့် သင်ကြည့်ရာ ဤသင်နည်းသည် အကောင်းဆုံးဖြစ်သည်ကို တွေ့ရ၏။ ထို့ကြောင့် ပို့ချခဲ့သည့်မှတ်စုများကို ပြန်လည်စုစည်းပြီး သင်တန်းသားအများစု၏ တောင်းပန်တိုက်တွန်းချက်အရ ဓမ္မဒါနအလှူရှင်တို့၏ စေတနာတို့ဖြင့် စာအုပ်အဖြစ်သို့ရောက်ရှိလာခြင်း ဖြစ်ပါသည်။

''လေ့လာရလွယ်ကူလျှင် လေ့လာသူ များလာလိမ့်မည်'' ဟု ယုံကြည်သဖြင့် လွယ်ကူစွာ လေ့လာနိုင်အောင် အရှင်းလင်းဆုံးဖြစ်အောင် ကိုယ်စွမ်းဉာဏ်

ဖွဲ့စီးရှိသမျှ စီမံထားပါသည်။ အဓိကရည်ရွယ်ချက်မှာ- ဝိသုဒ္ဓိမဂ်သင်တန်းသား များ လွယ်ကူစွာ မပင်မပန်း ချမ်းချမ်းသာသာ လေ့လာနိုင်ရေး၊ သာသနာရေးဦးစီး ဌာနမှ နှစ်စဉ်ကျင်းပမြဲ သာသနာပြုစာမေးပွဲဖြစ်သည့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို အများအပြား ဝင်ရောက်ဖြေဆိုအောင်မြင်နိုင်ရေး၊ ဝိသုဒ္ဓိမဂ်ဉာဏ် အမြင်သန့်သည့် သူတော်ကောင်းများ ပေါ်ထွန်းလာ၍ ဝိသုဒ္ဓိမဂ်ဒေသနာ ကျမ်းရွေစာပြန့်ပွားရေးကို အားတက်သရော ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဓိသီလ,အဓိစိတ္တ,အဓိပညာ သိက္ခာ သုံးရပ်သာသနာမြတ် စည်ပင်ပြန့်ပွားထွန်းကားရေးအတွက် ရည်ရွယ်ရင်း ဖြစ်သည်။

ဤစာအုပ်သည် ဝိသုဒ္ဓိမဂ်မြန်မာပြန်ကိုလေ့လာ၍ သာသနာပြုမည့်သူများ အတွက် တစ်ထောင့်တစ်နေရာမှ အုဋ္ဌတစ်ချပ်, သဲတစ်ပွင့်ပမာ အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ... ...။

ဝိသုဒ္ဓိမဂ်မည်သော စင်ကြယ်သောလမ်းစဉ်ဖြင့်
ဝိသုဒ္ဓိစခန်း နိဗ္ဗာန်နန်းသို့ ဆိုက်ရောက်အောင် ပွားများနိုင်ကြပါစေ ...။

—

အရှင်ပဏ္ဍိတ
ဝိသုဒ္ဓိမဂ်သင်တန်းနည်းပြဆရာတော်

၂၀၀၈-ခုနှစ်၊ မတ်လ ၆-ရက်၊
ကြာသပတေးနေ့။

မာတိကာ

နိဒါန်းမှတ်ပွယ်

- ဝိသုဒ္ဓိမဂ်ကျမ်းပြုပုဂ္ဂိုလ် ၁
- ရည်ရွယ်ချက်အကျိုး ၁
- ဝိသုဒ္ဓိမဂ်ကျမ်း၏ အမှီပြုရာ ၁
- ကျမ်းပြုပုံ အစီအရင် ၂
- ဝိသုဒ္ဓိမဂ်ကျမ်း ထင်ရှားကျော်ကြားရခြင်း အကြောင်းများ ၂
- နတ်သားမေးမြန်းလျှောက်ထားပုံ ၃
- တဏှာကို အရှုပ်အထွေး-ဟု ဆိုခြင်းအကြောင်း ၃
- အရှုပ်အထွေးနှစ်မျိုး ၃
- နတ်သား၏အမေးကို မြတ်စွာဘုရားရှင် ဖြေကြားတော်မူပုံ ၄
- တဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်သောပုဂ္ဂိုလ်၏ အင်္ဂါ(၆)ပါး ၅
- ဝိသုဒ္ဓိမဂ်မည်ပုံ ၅
- ဝိသုဒ္ဓိမဂ္ဂ-ပုဒ်ကို ဟောတော်မူသည့် ရည်ရွယ်ချက်များ ၅
- ဤအဖြေ၌ ဟောတော်မူသောရည်ရွယ်ချက် ၇
- အဖြေဂါထာ၏ အဋ္ဌကထာအဖွင့် အကျဉ်းချုပ် ၇
- တဏှာအရှုပ်အထွေးကို ဖြေရှင်းပုံ ၁၀
- တဏှာဖြေရှင်းရာဓာ ၁၀
- ဇာတိပညာကို မပြုပြင်နိုင်ခြင်းအကြောင်း ၁၁
- အဖြေဂါထာ ဆိုလိုချက် ၁၁
- သီလ၊ သမာဓိ၊ ပညာဖြင့် ထင်ရှားပြအပ်သော ဂုဏ်(၉)ပါး ၁၂

သီလနိဒ္ဒေသ

၁။ **သီလ၏တရားကိုယ်စသည်ကို ပြဆိုခြင်း** ၁၉
- သီလဟူသည် ၁၉
- ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ သီလ၄-မျိုး ၂၀
- သီလ၏အနက်အဓိပ္ပာယ် ၂၂
- သီလ၏လက္ခဏာစသည် ၂၃

၂။ **သီလ၏အကျိုးအာနိသင်ကို ပြဆိုခြင်း** ၂၄
- စိတ်နှလုံးကြည်သာရွှင်လန်းခြင်းအကျိုး ၂၄
- ဂဟပတိသီလအကျိုး ၅-မျိုး ၂၄
- သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုစသောအကျိုးများ ၂၅
- သီလအကျိုးနှင့်စပ်၍ မှတ်သားဖွယ်ရာ ဂါထာအဓိပ္ပာယ်များ ၂၅

၃။ **သီလအမျိုးအစားများကို ပြဆိုခြင်း** ၂၈
- ဒုကသီလ ၁၄-ပါး ၂၈
- တိကသီလ ၁၅-ပါး ၃၂
- ပဋိသမ္ဘိဒါမဂ်လာ တိကသီလ(၃)ပါး ၃၅
- စတုက္ကသီလ ၁၆-ပါး ၃၆
- ပထမပဉ္စကသီလ ၅-ပါး ၃၉
- သုတ-သီလနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ ဂါထာအဓိပ္ပာယ်များ ၄၂
- ဒုတိယပဉ္စကသီလစသည် ၄၇-ပါး ၄၆
- အရှင်သာရိပုတ္တရာဟောတော်မူသည့် သီလ၏အကျိုးဆက်များ ၄၈
- သီလပေါင်း ၂၈၅-ပါး ၄၉

၄။ **ပါတိမောက္ခသံဝရသီလအကြောင်း** ၅၀
- အာစာရဂေါစရသမ္ပန္နော ၅၂
- ဗျာနဝိဘင်းလာ အာစာရ-အနာစာရများအကြောင်း ၅၂
- ဗျာနဝိဘင်းလာ ဂေါစရ-အဂေါစရများအကြောင်း ၅၄
- မဟာနိဒ္ဒေသလာ အာစာရ-အနာစာရများအကြောင်း ၅၆
- အဋ္ဌကထာလာ ရဟန်းတို့ကျင့်ရမည့် အာစာရများ ၅၈
- တစ်နည်း ရဟန်းတို့ကျက်စားသင့်သော ဂေါစရ ၃-မျိုး ၅၈
- အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ ၆၀
- သမာဒါယ သိက္ခတိ သိက္ခာပဒေသု ၆၀

၅။ **ဤဒြိယသံဝရသီလအကြောင်း** ၆၂
- ဤဒြိယသံဝရသီလမည်ပုံ ၆၃
- ဤဒြိယသံဝရသီလ အင်္ဂါနှစ်ပါး ၆၄
- မဟာတိဿမထေရ်ဝတ္ထု ၆၅
- စက္ခုနှာ ရူပဲ ဒိသွာ-ဟု ဟောတော်မူရခြင်းအကြောင်း ၆၆
- ရှေးအဋ္ဌကထာဆရာတို့၏အဆိုကို ရှင်းပြခြင်း ၆၇
- တဿ သံဝရာယ ပဋိပဇ္ဇတိ ၆၈
- စက္ခုန္ဒြေ၌ သံဝရ၊ အသံဝရမရှိခြင်းအကြောင်း ၆၈
- သံဝရ၊ အသံဝရ ဖြစ်ပေါ်ရာအခါ ၆၈
- ဘောဇဏ်ဖြစ်သော မစောင့်စည်းမှုကို စက္ခုန္ဒြေကို မစောင့်စည်းခြင်း-ဟု ဆိုရခြင်းအကြောင်း ၆၉

၆။ **အာဇီဝပါရိသုဒ္ဓိသီလအကြောင်း** ၇၀
- အာဇီဝပါရိသုဒ္ဓိမည်ပုံ ၇၁
- ရှောင်ကြဉ်ရမည့် မိစ္ဆာဇီဝအမျိုးအစားများ ၆-မျိုး ၇၁
- သိက္ခာပုဒ်၆-ပါးကိုလွန်ကျူး၍ အသက်မွေးခြင်းများ ၇၂
- ကုဟန ၃-ပါး ၇၂
- လပနာစသည် ၁၃-ပါး ၇၃
- နေမိတ္တိကတာ ၆-ပါး ၇၄
- နိပ္ပေသိကတာ ၁၁-ပါး ၇၄
- လာဘေန လာဘနိဓိသနတာ ၇၅
- တစ်နည်း မဟာနိဒ္ဒေသလာ ကုဟန ၃-ပါး ၇၆
- မဟာနိဒ္ဒေသလာ အာလပနာစသည် ၁၃-ပါး ၈၀
- မဟာနိဒ္ဒေသလာ နေမိတ္တိကတာ ၆-ပါး ၈၃
- မဟာနိဒ္ဒေသလာ နိပ္ပေသိကတာ ၁၁-ပါး ၈၅
- အာဒိ-သဒ္ဒါဖြင့်ယူရမည့် ပါပမဓမ္မခေါ် ယုတ်မာသောအကျင့်များ ၈၇

၇။ **ပစ္စယသန္နိဿိတသီလအကြောင်း** ၈၈
- ပစ္စယသန္နိဿိတသီလမည်ပုံ ၈၈
- သင်္ကန်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ ၄-ပါး ၈၈
- ဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ ၁၃-ပါး ၈၉
- ကျောင်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ ၃-ပါး ၉၆
- ဆေးပစ္စည်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ ၂-ပါး ၉၇

၈။ သီလကြီးလေးပါးပြည့်စုံကြောင်း အစီအရင် ၉၉
- ပါတိမောက္ခသံဝရသီလပြည့်စုံကြောင်း သဒ္ဒါတရား ၉၉
- ဣန္ဒြိယသံဝရသီလပြည့်စုံကြောင်း သတိတရား ၁၀၁
- အာဇီဝပါရိသုဒ္ဓိသီလပြည့်စုံကြောင်း ဝီရိယတရား ၁၀၆
- ပစ္စယသန္နိဿိတသီလပြည့်စုံကြောင်း ပညာတရား ၁၁၀

၉။ သီလညစ်နွမ်းခြင်း ၁၁၆
- သီလညစ်နွမ်းပုံ ၄-မျိုး ၁၁၆
- သီလညစ်နွမ်းခြင်းအကြောင်း၂-ပါး ၁၁၇

၁၀။ သီလဖြူစင်ခြင်း ၁၁၈
-သီလဖြူစင်ရခြင်းအကြောင်းများ ၁၁၈
- တစ်နည်း သီလဖြူစင်ခြင်းအကြောင်း၂-ပါး ၁၁၉
- အင်္ဂိဒန္ဓောပမသုတ္တန် ၁၂၁
- သီလပျက်စီးခြင်း၏အပြစ်တို့ကို ဆင်ခြင်သင့်ပုံ ၁၂၄
- တစ်နည်း သီလပြည့်စုံခြင်း၏အကျိုးတို့ကို ဆင်ခြင်သင့်ပုံ ၁၂၆

ဒုတိယနိဒ္ဒေသ

၁။ ဓုတင်မှတ်သားဖွယ် ၁၂၉
- ဓုတင်ဆောက်တည်သင့်ပုံ ၁၂၉
- ဓုတင်ဆောက်တည်ရခြင်းအကျိုး ၁၂၉
- ဓုတင်ဆောက်တည်သင့်သူ ၁၃၀
- ဓုတင် ၁၃-ပါး သဒ္ဒါရှင်းလင်းချက် ၁၃၀
- ဓုတင်မည်ပုံ ၃-နည်း ၁၃၅
- ဓုတင်၏လက္ခဏာစသည် ၁၃၆
- ဓုတင်ဆောက်တည်ရာဌာနများ ၁၃၆

၂။ ဓုတင် ၁၃-ပါး အကျယ် ၁၃၈
- ပံ့သကူဓုတင်အကြောင်း ၁၃၈
- တီစီဝရိတ်ဓုတင်အကြောင်း ၁၄၂
- ပိဏ္ဍပါတ်ဓုတင်အကြောင်း ၁၄၄
- သပဒါနစာရိကဓုတင်အကြောင်း ၁၄၈

- ကောသနိက်ခုတင်အကြောင်း ၁၅၁
- ပဋ္ဌပိဏ်ခုတင်အကြောင်း ၁၅၃
- ခလုပဋ္ဌာဘာတ်ခုတင်အကြောင်း ၁၅၅
- အာရညကင်ခုတင်အကြောင်း ၁၅၇
- ရုက္ခမူခုတင်အကြောင်း ၁၆၁
- အဇ္ဈောကာသိကခုတင်အကြောင်း ၁၆၃
- သုသာန်ခုတင်အကြောင်း ၁၆၆
- ယထာသန္ထတိခုတင်အကြောင်း ၁၆၉
- နိသဇ္ဇိခုတင်အကြောင်း ၁၇၁
၃။ **အထွေထွေ မှတ်သားဖွယ်** ၁၇၄
- အကုသိုလ်ခုတင် ရှိ၊ မရှိ စိစစ်ချက် ၁၇၄
- ခုတင်သည် ပညတ်မဟုတ်ကြောင်း ရှင်းပြခြင်း ၁၇၅
- ခုတစသည်(၅)မျိုး ၁၇၆
- ခုတင်ကို အကျဉ်းဝေဖန်ခြင်း ၁၇၈
- ခုတင်ကို အကျယ်ဝေဖန်ရာ၌ ၄၂-ပါးဖြစ်လာပုံ ၁၈၀

ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ

၁။ **သမာဓိအကြောင်း** ၁၈၁
- သမာဓိမည်ပုံနှင့် သမာဓိ၏လက္ခဏာစသည် ၁၈၁
- သမာဓိအမျိုးအစားများ ၁၈၂
- ဒုကသမာဓိ ၈-ပါး ၁၈၂
- တိကသမာဓိ ၁၂-ပါး ၁၈၃
- စတုက္ကသမာဓိ ၂၄-ပါး ၁၈၄
- ပဉ္စကသမာဓိ ၅-ပါး ၁၈၆
- ပထမစတုက္ကသမာဓိ ၄-ပါး မှတ်သားဖွယ် ၁၈၇
- သမာဓိညစ်နွမ်းခြင်း နှင့် သမာဓိဖြူစင်ခြင်း ၁၈၉
၂။ **သမာဓိပွားများနည်း** ၁၉၀
- သမာဓိပွားများရာ၌ ပြည့်စုံရမည့်အင်္ဂါရပ်များ ၁၉၀
- ပလိဗောဓ ၁၀-ပါးအကြောင်း ၁၉၀

- ကမ္မဋ္ဌာန်းဆရာ ပြည့်စုံရမည့်အင်္ဂါများ ၂၀၁
- ကမ္မဋ္ဌာန်းတောင်းသင့်သော ကမ္မဋ္ဌာန်းဆရာများ ၂၀၁
- ဗဟုသုတများသည့် ကမ္မဋ္ဌာန်းဆရာထံသို့ ချဉ်းကပ်သင့်ပုံ ၂၀၂
- ကမ္မဋ္ဌာန်းဆရာထံကမ္မဋ္ဌာန်းတောင်းရာ၌ လိုက်နာရမည့်အချက်များ ၂၀၂

၃။ စရိုက်အကြောင်း ၂၀၅

- စရိုက် ၆-ပါး၊ ၁၄-ပါး၊ ၆၃-ပါး ၂၀၅
- ရာဂစရိုက်နှင့် သဒ္ဓါစရိုက် ၂၀၆
- ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက် ၂၀၆
- မောဟစရိုက်နှင့် ဝိတက်စရိုက် ၂၀၇
- သီးသန့်မဆိုရခြင်းအကြောင်း ၂၀၇
- ကေစိအလို စရိုက်ဖြစ်ပုံ ၂၀၇
- ရှေးဘဝဟေတုနိယာမဖြင့် စရိုက်ဖြစ်ပုံ ၂၀၈
- ရာဂစရိုက်နှင့် သဒ္ဓါစရိုက်ရှိသူ၏ အမူအရာစသည်များ ၂၀၉
- ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက်ရှိသူ၏ အမူအရာစသည်များ ၂၁၀
- မောဟစရိုက်နှင့် ဝိတက်စရိုက်ရှိသူ၏ အမူအရာစသည်များ ၂၁၁
- စရိုက်အားလျော်စွာ ဖြစ်တတ်သောတရားများ ၂၁၂
- စရိုက်ဖြစ်ပုံနှင့် ပတ်သက်၍ အဋ္ဌကထာဆရာ မှတ်ချက်ချပုံ ၂၁၃
- စရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း၊သင်္ကန်းစသည် ၂၁၄

၄။ ကမ္မဋ္ဌာန်း ၄၀-အကြောင်း ၂၁၈

- ကမ္မဋ္ဌာန်းနှစ်မျိုး ၂၁၉
- သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၁၂-ပါး ၂၁၉
- ပါရိဟာရိယ ကမ္မဋ္ဌာန်း ၂၂၁
- ကမ္မဋ္ဌာန်းလေးဆယ်ကို ခွဲခြားဝေဖန်ပုံ (၁၀)နည်း ၂၂၁
- မေဃိယသုတ်လာ အမြဲနှလုံးသွင်းသင့်သောတရား ၄-မျိုး ၂၃၀
- မိမိကိုယ်ကို မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းသင့်ပုံနှင့် အကျိုး၊ အပြစ်များ ၂၃၀
- ပြည့်စုံကောင်းမြတ်သောအလို၊ နှလုံးသွင်း၊ စိတ်ညွှတ်မှုရှိခြင်း ၂၃၂
- ကမ္မဋ္ဌာန်းသင်ပေးနည်း (၃)မျိုး ၂၃၃
- ပထဝီကသိုဏ်းပွားများပုံ အခြင်းအရာ အာကာရ ၉-ပါး ၂၃၄

ပထဝီကသိဏ နိဒ္ဒေသ

၁။ သေင့်လျော်သောကျောင်း ၁၈-ရပ် ၂၃၅
- ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သောကျောင်း အင်္ဂါ ၅-ပါး ၂၄၀
- ပလိဗောဓငယ်များကို ပယ်ဖြတ်ခြင်း ၂၄၀
၂။ ဘာဝနာပွားပုံ အစီအရင် ၂၄၁
- မြေနှစ်မျိုး ၂၄၁
- ပထဝီကသိုဏ်းဝန်းပြုလုပ်ပုံနှင့် ပွားများပုံအစီအရင် ၂၄၁
- ဘာဝနာသုံးပါးနှင့် နိမိတ်သုံးပါး ၂၄၃
- ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ် ထူးခြားချက် ၂၄၄
- ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာ၌ စိတ်တည်ကြည်ခြင်းအကြောင်း ၂၄၅
- ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ထူးခြားချက် ၂၄၅
- ပဋိဘာဂနိမိတ် မပျောက်ပျက်အောင် စောင့်ရှောက်သင့်ပုံ ၂၄၆
၃။ သပ္ပါယနှင့် အသပ္ပါယ ၇-ပါးအကြောင်း ၂၄၇
၄။ အပ္ပနာကောသလ္လ ၁၀-ပါးအကြောင်း ၂၅၁
- ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ ၂၅၆
- ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ ၂၅၇
- ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ ၂၅၈
- ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ ၂၆၀
- သမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ ၂၆၀
- ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ ၂၆၁
- အပ္ပနာကောသလ္လနှင့်ပြည့်စုံခြင်းအကျိုး ၂၆၂
- အပ္ပနာသို့မရောက်သေးလျှင် ဆက်လက်ပြုလုပ်ရမည့်လုပ်ငန်းများ ၂၆၃
- ဘာဝနာစိတ်ကို နိမိတ်သို့ရှေးရှုစေရာ၌ ဝီရိယကို မလျော့မတင်းထားသင့်ပုံ ဥပမာများ ၂၆၄
၅။ ပထမစျာန်ဖြစ်ပုံ ၂၆၆
- စျာနကထာအဖွင့် ၂၆၉
- ပယ်ရမည့်အင်္ဂါ ၅-ပါး ၂၇၈
- ပြည့်စုံရမည့်အင်္ဂါ ၅-ပါး ၂၇၉
- ကောင်းခြင်းသုံးပါးနှင့် လက္ခဏာ ၁၀-ပါး ၂၈၀

- ကောင်းခြင်းသုံးပါးနှင့်စပ်၍ အဘယဂိရိဝါသီဆရာတို့၏အယူအဆ ၂၈၁
- ဝသီဘော် ၅-ပါး ၂၈၆
၆။ **ဒုတိယစျာန်ဖြစ်ပုံ** ၂၈၉
-စျာနကထာအဖွင့် ၂၉၀
၇။ **တတိယစျာန်ဖြစ်ပုံ** ၂၉၅
- စျာနကထာအဖွင့် ၂၉၆
- ဥပေက္ခာ ၁၀-ပါး ၂၉၈
၈။ **စတုတ္ထစျာန်ဖြစ်ပုံ** ၃၀၇
- စျာနကထာအဖွင့် ၃၀၈
- ပထဝီကသိုဏ်းအကျိုး ၃၁၆

သေသကသိဏ နိဒ္ဒေသ

၂။ အာပေါကသိုဏ်း အကြောင်း ၃၁၇
အာပေါကသိုဏ်း ပွားများခြင်းအကျိုး ၃၁၈
၃။ တေဇောကသိုဏ်း အကြောင်း ၃၁၉
တေဇောကသိုဏ်း ပွားများခြင်းအကျိုး ၃၂၀
၄။ ဝါယောကသိုဏ်း အကြောင်း ၃၂၀
ဝါယောကသိုဏ်း ပွားများခြင်းအကျိုး ၃၂၁
၅။ နီလကသိုဏ်း အကြောင်း ၃၂၁
နီလကသိုဏ်း ပွားများခြင်းအကျိုး ၃၂၂
၆။ ပီတကသိုဏ်း အကြောင်း ၃၂၂
ပီတကသိုဏ်း ပွားများခြင်းအကျိုး ၃၂၃
၇။ လောဟိတကသိုဏ်း အကြောင်း ၃၂၃
လောဟိတကသိုဏ်း ပွားများခြင်းအကျိုး ၃၂၄
၈။ ဩဒါတကသိုဏ်း အကြောင်း ၃၂၄
ဩဒါတကသိုဏ်း ပွားများခြင်းအကျိုး ၃၂၄
၉။ အာလောက ကသိုဏ်း အကြောင်း ၃၂၅
အာလောက ကသိုဏ်း ပွားများခြင်းအကျိုး ၃၂၅
၁၀။ အာကာသ ကသိုဏ်း အကြောင်း ၃၂၆

အာကာသ ကသိကား ပွားများခြင်းအကျိုး ၃၂၆
- ကသိကားကွဲပြားပုံ ၃၂၇
- ဘာဝနာမပြည့်စုံနိုင်သူများ ၃၂၈

အသုဘ နိဒ္ဒေသ

- **အသုဘ ၁၀-ပါး အဓိပ္ပာယ်** ၃၃၁
၁။ **ဥဒ္ဓုမာတက ကမ္မဋ္ဌာန်း ရှုပုံအစီအစဉ်** ၃၃၄
- အသုဘနိမိတ်ယူရန် သွားပုံအစီအရင် ၃၃၄
- ဝန်းကျင်နိမိတ် မှတ်သားပုံ ၃၃၇
- ၁၁-ပါးသောအခြင်းအရာတို့ဖြင့် အသုဘနိမိတ်ကို မှတ်ယူပုံ ၃၃၈
- လိင်တူချင်းကိုသာ အသုဘရှုသင့် ၃၃၉
- ဥဂ္ဂဟနိမိတ်ထင်ပုံ ၃၄၂
- ဘာဝနာအဆုံးသို့ မရောက်သေးလျှင် ၃၄၂
- ဝန်းကျင်နိမိတ်မှတ်သားခြင်း အကျိုး ၃၄၂
- ၁၁-ပါးသောအခြင်းအရာဖြင့် အသုဘနိမိတ်ကို-
မှတ်ယူခြင်းအကျိုး ၃၄၃
- အသွားလမ်း,အပြန်လမ်းကို ဆင်ခြင်ခြင်းအကျိုး ၃၄၄
- ဥဂ္ဂဟနိမိတ်နှင့်ပဋိဘာဂနိမိတ် ထူးခြားချက် ၃၄၆
- ပယ်အပ်သောအင်္ဂါ ၅-ပါး ၃၄၆
- ပြည့်စုံမှုအင်္ဂါ ၅-ပါး ၃၄၇
၂။ **ဝိနီလက ကမ္မဋ္ဌာန်း** ၃၄၈
- နှလုံးသွင်းပုံ ၃၄၈
- နိမိတ်နှစ်ပါး ထူးခြားချက် ၃၄၈
၃။ **ဝိပုဗ္ဗက ကမ္မဋ္ဌာန်း** ၃၄၈
- နှလုံးသွင်းပုံ ၃၄၈
- နိမိတ်နှစ်ပါး ထူးခြားချက် ၃၄၈
၄။ **ဝိစ္ဆိဒ္ဒက ကမ္မဋ္ဌာန်း** ၃၄၈
- ပွားများပုံ အစီအရင် ၃၄၉
- နှလုံးသွင်းပုံ ၃၄၉
- နိမိတ်နှစ်ပါး ထူးခြားချက် ၃၄၉

၅။ **ဝိကွာယိတက ကမ္မဋ္ဌာန်း** ၃၄၉
- နှလုံးသွင်းပုံ ၃၄၉
- နိဗိတ်နှစ်ပါး ထူးခြားချက် ၃၅၀
၆။ **ဝိကို့တ္တကကမ္မဋ္ဌာန်း** ၃၅၀
- နှလုံးသွင်းပုံ ၃၅၀
- နိဗိတ်နှစ်ပါး ထူးခြားချက် ၃၅၀
၇။ **ဟတဝိကို့တ္တက ကမ္မဋ္ဌာန်း** ၃၅၀
- နှလုံးသွင်းပုံ ၃၅၀
- နိဗိတ်နှစ်ပါး ထူးခြားချက် ၃၅၀
၈။ **လောဟိတက ကမ္မဋ္ဌာန်း** ၃၅၁
- ရနိုင်ရာဌာန ၃၅၁
- နှလုံးသွင်းပုံ ၃၅၁
- နိဗိတ်နှစ်ပါး ထူးခြားချက် ၃၅၁
၉။ **ပုဋ္ဌဝက ကမ္မဋ္ဌာန်း** ၃၅၁
- ရနိုင်ရာဌာန ၃၅၁
- နှလုံးသွင်းပုံ ၃၅၁
- နိဗိတ်နှစ်ပါး ထူးခြားချက် ၃၅၂
၁၀။ **အဋ္ဌိက ကမ္မဋ္ဌာန်း** ၃၅၂
- အခြင်းအရာ ၁၁-ပါးတို့ဖြင့်နှလုံးသွင်းပုံ ၃၅၂
- နိဗိတ်နှစ်ပါး ၃၅၄
၁၁။ **အထွေထွေ မှတ်ဖွယ်** ၃၅၅
- ရာဂကင်းသောရဟန္တာနှင့်တူပုံ ၃၅၅
- အသုဘ ၁၀-ပါး ခွဲခြား၍ဟောရခြင်းအကြောင်း ၃၅၅
- ခန္ဓာကိုယ်၏ သီးသန့်သဘောအားဖြင့် ဟောတော်မူပုံ ၃၅၅
- ရာဂစရိုက်ရှိသူ အမျိုးအစားအားဖြင့် ဟောတော်မူပုံ ၃၅၆
- ပထမဈာန်သာ ရနိုင်ခြင်း ၃၅၈
- ပီတိ,သောမနဿဖြစ်ခြင်းအကြောင်း ၃၅၈
- အသုဘလက္ခဏာ ၃၅၈
- ရှင်သူကိုယ်၌ အသုဘလက္ခဏာ မပေါ်ရခြင်းအကြောင်း ၃၅၉
- ခန္ဓာကိုယ်ဟူသည် ၃၅၉
- အညစ်အကြေးများ ယိုထွက်နေပုံ ၃၅၉

- ပြည့်ရှင်မင်းနှင့် ဒွန်းစက္ကား ထူးခြားမှုမရှိ ၃၆၀
- အသုဘကို သုဘဟု အထင်မှားနေခြင်း ၃၆၀
- မြေခွေးအိုနှင့် တူပုံ ၃၆၀
- ကျက်မှတ်ရမည့် ဂါထာအဓိပ္ပာယ်များ ၃၆၁

ဆအနုဿတိ နိဒ္ဒေသ

- **အနုဿတိ ၁၀-ပါး အဓိပ္ပာယ်** ၃၆၃
၁။ **ဗုဒ္ဓါနုဿတိ** ၃၆၆
-အရဟံဂုဏ်တော် ၃၆၆
-သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ၃၇၁
-ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ၃၇၃
-သုဂတဂုဏ်တော် ၃၇၅
-လောကဝိဒူဂုဏ်တော် ၃၇၇
-အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ၃၈၁
-သတ္ထာဒေဝမနုဿာနံဂုဏ်တော် ၃၈၄
-ဗုဒ္ဓဂုဏ်တော် ၃၈၅
-ဘဂဝါဂုဏ်တော် ၃၈၅
-ဗုဒ္ဓါနုဿတိပွားစဉ် စိတ်အသွင် ၃၉၁
-စျာန်အင်္ဂါများ ထင်ရှားဖြစ်ပေါ်ပုံ ၃၉၁
-ဥပစာရသို့သာ ရောက်နိုင်ခြင်း ၃၉၂
-ဗုဒ္ဓါနုဿတိပွားခြင်းအကျိုး(၉)မျိုး ၃၉၂
၂။ **ဓမ္မာနုဿတိ** ၃၉၃
-သွာက္ခာတဂုဏ်တော် ၃၉၃
-သန္ဒိဋ္ဌိကဂုဏ်တော် ၃၉၉
-အကာလိကဂုဏ်တော် ၄၀၁
-ဧဟိပဿိကဂုဏ်တော် ၄၀၁
-ဩပနေယျိကဂုဏ်တော် ၄၀၂
-ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော် ၄၀၃
-ဓမ္မာနုဿတိပွားခြင်းအကျိုး(၈)မျိုး ၄၀၄

၃။ **သံဃာနုဿတိ**	၄၀၅
-သာဝကမည်ပုံ	၄၀၅
-သာဝကသံဃမည်ပုံ	၄၀၅
-သုပ္ပဋိပန္နဂုဏ်တော်	၄၀၆
-ဥဇုပ္ပဋိပန္နဂုဏ်တော်	၄၀၆
-ဉာယပ္ပဋိပန္နဂုဏ်တော်	၄၀၇
-သာမီစိပ္ပဋိပန္နဂုဏ်တော်	၄၀၇
-အာဟုနေယျဂုဏ်တော်	၄၀၉
-ပါဟုနေယျဂုဏ်တော်	၄၁၀
-ဒက္ခိဏေယျဂုဏ်တော်	၄၁၁
-အဉ္ဇလီကရဏီယဂုဏ်တော်	၄၁၂
-အနုတ္တရံ ပုညခေတ္တံ လောကဿဂုဏ်တော်	၄၁၂
-သံဃာနုဿတိပွားခြင်းအကျိုး(၁၀)မျိုး	၄၁၃
၄။ **သီလာနုဿတိ**	၄၁၄
-သီလာနုဿတိ ပွားများပုံ	၄၁၄
-သီလာနုဿတိအကျိုး(၈)မျိုး	၄၁၆
၅။ **စာဂါနုဿတိ**	၄၁၇
-စာဂါနုဿတိ ပွားများလိုသူ	၄၁၇
-စာဂါနုဿတိ ပွားများပုံ	၄၁၇
-စာဂါနုဿတိအကျိုး(၆)မျိုး	၄၁၉
၆။ **ဒေဝတာနုဿတိ**	၄၂၀
-ဒေဝတာနုဿတိ ပွားများလိုသူ	၄၂၀
-ဒေဝတာနုဿတိ ပွားများပုံ	၄၂၀
-ဒေဝတာနုဿတိအကျိုး(၄)မျိုး	၄၂၁
၇။ **အထွေထွေ မှတ်ဖွယ်**	၄၂၂
-မဟာနာမ်အား ဟောတော်မူသည့် ဆအနုဿတိအကျိုး	၄၂၂
-ဆအနုဿတိ ပြည့်စုံအောင် ပွားများနိုင်သည့်ပုဂ္ဂိုလ်	၄၂၂
-သောတာပန်တို့ အမှီပြုနေထိုင်ရာတရား	၄၂၂
-ကာမဂုဏ်အာရုံမှ လွတ်မြောက်ကြောင်းတရား	၄၂၃
-ဂေဓိကဉ္စနစသောအမည်ဖြင့် ဟောရခြင်းအကျိုး	၄၂၃
-သမ္မာဓောကာသတရား	၄၂၃

-အရိယာတို့၏ဥပုသ်တရား ၄၂၃
-အရဟတ္တဖိုလ်ရောက် ပြီးမြောက်စေသောတရား ၄၂၄
-ပုထုဇဉ်တို့လည်း နှလုံးသွင်းသင့်သောတရား ၄၂၄

အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ

၁။ **မရဏာနုဿတိ ကမ္မဋ္ဌာန်း** ၄၂၅
-မရဏာဿတိမပွားသင့်သောသေခြင်း သုံးမျိုး ၄၂၅
-တစ်နည်း သေခြင်းနှစ်မျိုး ၄၂၆
-ကံကုန်၍သေခြင်း ၄၂၆
-သက်တမ်းကုန်၍သေခြင်း ၄၂၆
-သေချိန်မတန်သေးဘဲသေခြင်း ၄၂၆
-မရဏာနုဿတိပွားများပုံ ၄၂၇
-မရဏာဿတိ မပွားသင့်သောသူများ ၄၂၇
-နည်းမှန်လမ်းမှန် နှလုံးသွင်းခြင်း ၄၂၈
မရဏာဿတိဘာဝနာ အစီအရင်(၈)မျိုး ၄၂၈
(၁) သူသတ်သမား ရှေးရှုလာသောအားဖြင့် ဆင်ခြင်ပုံ ၄၂၉
(၂) ပြည့်စုံခြင်း၊ ပျက်စီးခြင်းအားဖြင့် ဆင်ခြင်ပုံ ၄၃၁
(၃) သေခြင်းကို အနီးသို့ဆောင်သောအားဖြင့် ဆင်ခြင်ပုံ ၄၃၂
(၄) ရုပ်ကိုယ်၏ သတ္တဝါအများနှင့် ဆက်ဆံသောအားဖြင့် ဆင်ခြင်ပုံ ၄၃၄
(၅) အသက်၏အားနည်းသောအားဖြင့် ဆင်ခြင်ပုံ ၄၃၅
(၆) အမှတ်နိမိတ်မရှိသောအားဖြင့် ဆင်ခြင်ပုံ ၄၃၇
(၇) သက်တမ်းကာလ အပိုင်းအခြားအားဖြင့် ဆင်ခြင်ပုံ ၄၃၉
(၈) အသက်ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် ဆင်ခြင်ပုံ ၄၄၀
-ဥပစာရစ္ဆာန်သို့သာ ရောက်နိုင်ခြင်းအကြောင်း ၄၄၂
-အပွနာသို့ မရောက်နိုင်ခြင်းအကြောင်း ၄၄၂
-ရရှိနိုင်သည့်အကျိုး(၉)မျိုး ၄၄၂
၂။ **ကာယဂတာသတိကမ္မဋ္ဌာန်း** ၄၄၃
-ကာယဂတာသတိကမ္မဋ္ဌာန်းကို အပိုင်းခွဲ၍ ဟောတော်မူပုံ ၄၄၃
-ဤကိုယ်ဟူသည် ၄၄၄

-သရီရခေါ်ဆို ခန္ဓာကိုယ်ကို ကာယဟုဆိုရခြင်းအကြောင်း ၄၄၄
-ဤကိုယ်၌ အဖိုးတန်သော အရာဟူ၍ မရှိပုံ ၄၄၅
-ကာယဂတာသတိ ကမ္မဋ္ဌာန်းသင်ယူရမည့် အစီအစဉ် ၄၄၅
-ဥဂ္ဂဟကောသလ္လ(၇)ပါး ၄၄၅
-၃၂-ကောဋ္ဌာသပါဠို ၄၄၆
-ဝိဘင်းအဋ္ဌကထာလာ ရွတ်ဆိုရာကာလ သတ်မှတ်ပုံ ၄၄၆
-အကြိမ်များစွာ ရွတ်ဆိုရခြင်းအကျိုး ၄၄၇
-မနသိကာရကောသလ္လ(၁၀)ပါး ၄၄၈
-ပရိကံပြုပုံ ၄၅၃
-ကောဋ္ဌာသတို့ကို အဆင်းစသည်ဖြင့် ပိုင်းခြားပြပုံ ၄၅၃
-မိမိမှတစ်ပါး အခြားသတ္တဝါတို့ကို နှလုံးသွင်းနိုင်ပုံ ၄၆၈
-ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ် ၄၆၈
-အပွနာဖြစ်ပုံ ၄၆၈
-မလ္လကမထေရ် ကောဋ္ဌာသအရေအတွက်အတိုင်း အပွနာဖြစ်ပုံ ၄၆၈
-ကာယဂတာသတိပွားများရခြင်း အကျိုးများ ၄၆၉
၃။ **အာနာပါနဿတိကမ္မဋ္ဌာန်း** ၄၇၀
-အာနာပါနဿတိ သမာဓိ ၄၇၀
-အာနာပါနကမ္မဋ္ဌာန်းကို ငြိမ်သက်သောကမ္မဋ္ဌာန်း, မွန်မြတ်သော ကမ္မဋ္ဌာန်း ဖြစ်၏ဟု ဟောရခြင်းအကြောင်း ၄၇၀
-အသေစနကသမာဓိ ၄၇၁
-ချိုမြိန်သောသမာဓိ ၄၇၁
-အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ ဟုဟောတော်မူခြင်းအကြောင်း ၄၇၁
-ပြေးနေသည့်စိတ်ကို နှောင်ဖွဲ့ပုံ ဥပမာ ၄၇၂
-ဦးထိပ်သဖွယ်ဖြစ်သော ကမ္မဋ္ဌာန်း ၄၇၂
-ဆူညံသောနေရာတို့၌ ကမ္မဋ္ဌာန်းအာရုံပျက်စီးတတ် ၄၇၂
-မြတ်စွာဘုရားသည် မြေကြွန်ဆရာနှင့်တူပုံ ၄၇၃
-ပလ္လင် အာဘုဇီတ္ထာ ၄၇၃
-ဥဇုံ ကာယံ ပဏိဓာယ ၄၇၃
-အကျိုး ၄၇၃
-ဝင်လေ,ထွက်လေခေါ်ပုံ ၄၇၄

-ဆေးကျင်အောင်ယူနည်း ၄၇၄
-ကမ္မဋ္ဌာန်းသင်ယူပုံ ၅-နည်း ၄၇၅
-ကမ္မဋ္ဌာန်းသင်ယူခြင်းအကျိုး ၄၇၅
-ကမ္မဋ္ဌာန်းအားထုတ်ရာ၌ ညွှန်ကြားချက် ၄၇၅
(၁)ပထမစတုက္က (ကာယာနုပဿနာ) ၄၇၆
-နှလုံးသွင်းပုံ အစီအရင် ၄၇၆
-ဂဏနာနည်း ၄၇၆
-အနုဗန္ဓနာနည်း ၄၇၇
-နိမိတ်ထင်လွယ်ပြီး ကိုယ်စိတ်ပေါ့ပါးခြင်း ၄၇၈
-ဣရိယာပုထ်ကိုပြင်လျှင် ကမ္မဋ္ဌာန်းအသစ်သာဖြစ် ၄၇၉
-ဝင်လေ,ထွက်လေ ကင်းနေသူများ ၄၇၉
-ဂရုကဘာဝနာဖြစ် ၄၇၉
-အထက်နှုတ်ခမ်းနှင့် နှာသီးဖျားမှ စောင့်ကြည့် ၄၈၀
-နိမိတ်ထင်ပုံ ၄၈၀
-နိမိတ်ထင်ပုံ ကွဲပြားရခြင်းအကြောင်း ၄၈၀
-ဥပစာရသမာဓိ ၄၈၁
-ပဋိဘာဂနိမိတ်ကို စောင့်ရှောက်သင့်ပုံ ၄၈၁
-အပွနာအဆင့်ဆင့်ဖြစ်၍ ပဋမစျာန်အထိရနိုင် ၄၈၁
-ဝိပဿနာရှု၍ အဂ္ဂဒက္ခိဏောယျဖြစ်ပုံ ၄၈၁
-သလ္လက္ခဏာစသည် ၄-ပါး ၄၈၂
(၂)ဒုတိယစတုက္က (ဝေဒနာနုပဿနာ) ၄၈၃
-ပီတိ ပဋိသံဝေဒီ ၄၈၃
-ပီတိကို သိပုံ၂-မျိုး ၄၈၃
-ဝေဒနာနုပဿနာနည်း ၄၈၄
(၃)တတိယစတုက္က (စိတ္တာနုပဿနာ) ၄၈၅
-စိတ္တပဋိသံဝေဒီ ၄၈၅
-အဘိပ္ပမောဒယံ စိတ္တံ ၄၈၅
-စိတ်ကို ဝမ်းမြောက်စေမှု ၂-မျိုး ၄၈၅
-သမာဒဟံ စိတ္တံ ၄၈၆
-ဝိမောစယံ စိတ္တံ ၄၈၆
(၄)စတုတ္ထစတုက္က (ဓမ္မာနုပဿနာ) ၄၈၇

-အနိစ္စာနုပဿီ ၄၈၇
-ဝိရာဂါနုပဿီ ၄၈၇
-နိရောဓာနုပဿီ ၄၈၇
-ဝိပဿနာ၏ ပဋိနိဿဂ္ဂမည်ပုံ ၄၈၈
-အရိယာမဂ်၏ ပဋိနိဿဂ္ဂမည်ပုံ ၄၈၈
-ပဋိနိဿဂ္ဂါနုပဿီ ၄၈၈
-အာနာပါနဿတိ ၃၂-ပါး ၄၈၉
-အာနာပါနဿတိ ပွားများရခြင်းအကျိုး ၄၈၉
-စရိုက ၃-ပါး ၄၈၉
၄။ **ဥပဿနာနုဿတိကမ္မဋ္ဌာန်း** ၄၉၀
-နိဗ္ဗာန်၏ဂုဏ်ပုဒ်များ ၄၉၀
-ဥပဿနာနုဿတိပွားများစဉ် စိတ်အသွင် ၄၉၁
-ဥပစာရစျာန်သာ ဖြစ်ခြင်းအကြောင်း ၄၉၁
-ပုထုဇဉ်တို့လည်း နှလုံးသွင်းနိုင် ၄၉၁
-ဥပဿနာနုဿတိအကျိုးများ ၄၉၂
* **ဓမ္မဒါနအလှူရှင်များ စာရင်း** ၄၉၃

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နိဒါန်း မှတ်ပွယ်

ဝိသုဒ္ဓိမဂ်ကျမ်းပြုပုဂ္ဂိုလ်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို စီရင်ရေးသားသူမှာ "အရှင်မဟာဗုဒ္ဓဃောသ မထေရ်" ဖြစ်ပါသည်။ သီဟိုဠ်ကျွန်း၊ အနုရာဓပြို့၊ မဟာဝိဟာရကျောင်းတိုက်ကြီး၏ တောင်ဘက် ပဓေနဃရပရိဝုဏ်တွင် မဟာနိဂမသာမိမည်သော ဒါယကာ၏ ပြာသာဒ်၌ သီတင်းသုံးနေစဉ် အရှင်သံဃပါလမထေရ်၏ တောင်းပန်တိုက်တွန်းချက် အရ သာသနာနှစ်-၉၇၃တွင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်အကျိုး

သီလ,သမာဓိ,ပညာဟူဆိုအပ်သော ဝိသုဒ္ဓိမဂ္ဂ(နိဗ္ဗာန်ရောက်ကြောင်းအကျင့်လမ်းစဉ်)ကို နိဗ္ဗာန်ကိုအလိုရှိကုန်သော သူတော်ကောင်းတို့ မှန်ကန်စွာသိစေခြင်း အကျိုးငှာရည်ရွယ်၍ အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို စီရင်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်း၏ အမှီပြုရာ

မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ ဟောပြောသင်ကြားနည်း-ဟူဆိုအပ်သော နိကာယ်ငါးရပ်တို့၏ ရှေးအဋ္ဌကထာဟောင်းများဖြစ်သည့် မဟာအဋ္ဌကထာ၊ ကုရုန္ဒီအဋ္ဌကထာ၊ မဟာပစ္စရီအဋ္ဌကထာတို့ကို အမှီပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။

ကျမ်းပြုပုံ အစီအရင်

အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ရေးသားပြုစုရာ၌ သံယုတ္တနိကာယ် သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်၊ ဇရာသုတ်လာ "သီလေ ပတိဋ္ဌာယ နရော သပညော" စသောဂါထာကို ရှေးဦးစွာထုတ်ပြပြီးလျှင်၊ ယင်းဂါထာ၌ အဦးပဓာနပြု၍ ဟောတော်မူအပ်သော သီလ,သမာဓိ,ပညာ တရားသုံးမျိုးကို အသီးအသီး အကျယ်ဝေဖန်လျက် နိဒ္ဒေသ ၂၃-ခု(အခန်း ၂၃-ခန်း)ခွဲခြား၍ ရေးသားတော်မူခဲ့၏။

ဤသို့ ရေးသားရာ၌လည်း -

- နိကာယ်ငါးရပ်တို့မှလာသော သီလ,သမာဓိ,ပညာနှင့်သက်ဆိုင်သည့် သုတ်ပုဒ်ပါဠိတော်တို့ကို ယုတ္တိသာဓကအဖြစ်ထုတ်ဆောင်၍ ပြဆိုခြင်း၊
- ထိုသုတ်ပုဒ်ပါဠိတော်တို့၏ အနက်အဓိပ္ပါယ်တို့ကို သီဟိုဠ်အဋ္ဌကထာတို့မှ ဘာသာပြန်၏အစွမ်းဖြင့် ဖော်ပြခြင်း၊
- သီဟိုဠ်အဋ္ဌကထာတို့၌ ပြဆိုထားသော သီဟိုဠ်ဝတ္ထုသာဓကများ၊ အဆုံးအဖြတ်များကိုလည်း ထည့်သွင်းဖော်ပြခြင်း၊
- အထူးသဖြင့် ထိုခေတ်ထိုအခါက မဟာဝိဟာရဝါသီတို့၏ အယူဝါဒနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ထင်ရှားသောဝါဒကွဲများကို ထည့်သွင်းရေးသားဖော်ပြပြီးလျှင်၊ ယင်းဝါဒကွဲများကို အကြောင်းယုတ္တိအမျိုးမျိုးပြ၍ ပယ်ဖျက်ခြင်း-ဟူသော ကျမ်း၏ အခြေခံရမည့်မူများကို စီရင်ချမှတ်ပြီးမှ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်း ထင်ရှားကျော်ကြားရခြင်း အကြောင်းများ

(၁) စင်ကြယ်သော ပါဠိဝိဋ္ဌကတ်လျှင် မှီရာရှိခြင်း၊
(၂) သိက္ခာသုံးပါးကို အကျဉ်းချုံးသိမ်းသွင်းထားခြင်း၊
(၃) ရှေးအဋ္ဌကထာဟောင်းတို့၏ ဘာသာပြန်ကျမ်းဖြစ်ခြင်း၊
(၄) တစ်ပါးသောဂိုဏ်းသားတို့၏ အယူဝါဒများကို ကြဉ်ထားခြင်း၊
(၅) မိမိဂိုဏ်းအယူ၏ စင်ကြယ်မှုကို ဖော်ပြခြင်း၊
(၆) သီလ,ခုတင်,သမထ,အဘိညာဉ်,ပညာအပြားစသည်တို့ကို အပြည့်အစုံဝေဖန်ပြထားခြင်း၊
(၇) အရဟတ္တဖိုလ်တိုင်အောင် အကျင့်ပဋိပတ်နည်းကို အပြည့်အစုံပြထားခြင်း၊
(၈) ပေါလွင်ထင်ရှား၍ ရှုပ်ထွေးခြင်းကင်းသော ပုဒ်ဝါကျတို့ဖြင့် ပြုစီရင်ထားခြင်း၊
(၉) သိလွယ်သောအနက်ရှိခြင်း၊

(၁၀) ကြည်ညိုဖွယ်ကောင်းပြီး တွေ့မြင်ကြားသိရာကို အတုလိုက်၍ ကျင့်ခြင်းသို့ ရောက်စေနိုင်သော ဝတ္ထုကြောင်းတို့ကို ထည့်သွင်းဖော်ပြထားခြင်းတို့ကြောင့် ဝိသုဒ္ဓိမဂ်ကျမ်းကြီး ထင်ရှားကျော်ကြားရခြင်း ဖြစ်ပါသည်။

နတ်သား မေးမြန်းလျှောက်ထားပုံ

အန္တောဇော ဗဟိဇော၊
ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊
ကော ဣမံ ဝိဇဋယေ ဇဋံ။

"အတွင်းအရှုပ်အထွေး၊ အပြင်အရှုပ်အထွေးဟူသော အရှုပ်အထွေးနှစ်မျိုးသည် သတ္တဝါအပေါင်းကို ရှုပ်ထွေးစေအပ်ပါ၏။ အရှင်ဂေါတမ··ထို့ကြောင့် အရှင်ဘုရားကို မေးလိုပါ၏။ အာယဿုသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်ပါသနည်းဘုရား?"

တဏှာကို အရှုပ်အထွေး-ဟု ဆိုခြင်းအကြောင်း

"ဇဋာ" ဟူသောအမည်သည် ကွန်ရက်အရှုပ်အထွေးများစွာရှိသော တဏှာ၏ အမည် ဖြစ်ပါသည်။

မှန်၏၊ ထိုတဏှာသည် ရူပါရုံအစရှိသောအာရုံခြောက်ပါးတို့၌ အထက်, အောက် ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ဖြစ်ပေါ်ခြင်းကြောင့် ချုပ်စပ်ခြင်းသဘောအား ဖြင့် ဝါးရုံစသည်တို့၏ အခက်အလက်ဟုဆိုအပ်သော ကွန်ရက်အရှုပ်အထွေးနှင့်တူပါသည်။ ထို့ကြောင့် တဏှာကို "အရှုပ်အထွေး"(ဇဋာ)ဟုဆိုခြင်း ဖြစ်သည်။ [ဇဋာတိ တဏှာယ ဧကလိင်္ဂဿ ဧတံ အဓိဝစနံ။ သာ ဟိ ရူပါဒီသု အာရမ္မဏေသု ဟေဋ္ဌုပရိယာယဝသေန ပုနပ္ပုနံ ဥပ္ပဇ္ဇနတော သံသိဗ္ဗနဋ္ဌေန ဝေဠုဂုမ္ဗာဒီနံ သာခါဇာလ-သဒိသာတာ ဇဋာ ဝိယာတိ ဇဋာ။ (ဝိသုဒ္ဓိ၊ ၁)]

အရှုပ်အထွေးနှစ်မျိုး

တဏှာဟူသောအရှုပ်အထွေးသည် မိမိအသုံးအဆောင်,သူတစ်ပါးအသုံး အဆောင်တို့၌လည်းကောင်း၊ မိမိခန္ဓာကိုယ်,သူတစ်ပါးခန္ဓာကိုယ်တို့၌လည်းကောင်း၊ အတွင်းအာယတန,အပြင်အာယတနတို့၌လည်းကောင်း ဖြစ်တတ်သောကြောင့် "အတွင်းအရှုပ်အထွေး(အန္တောဇော)၊ အပြင်အရှုပ်အထွေး(ဗဟိဇော)" ဟူ၍ နှစ်မျိုး နှစ်စား ရှိပါသည်။ (စူဠ၊ ၁။ ၄-၆)

နတ်သား၏အမေးကို မြတ်စွာဘုရားရှင် ဖြေကြားတော်မူပုံ

ဤသို့ နတ်သားမေးမြန်းလျှောက်ထားသည်ရှိသော်-

အလုံးစုံသောတရားတို့၌ အပိတ်အပင် အတားအဆီးမရှိသောဉာဏ်(အပ္ပဋိဃာတဉာဏ်တော်)လျှင် ကျက်စားရာရှိတော်မူသော, နတ်တကာတို့ထက် သာလွန်သော နတ်မြတ်(ဒေဝဒေဝ)ဖြစ်တော်မူသော, သိကြားတကာတို့ထက် သာလွန်သော သိကြားမင်း(အတိသက္က)ဖြစ်တော်မူသော, ဗြဟ္မာတကာတို့ထက် သာလွန်သော ဗြဟ္မာမင်း(အတိဗြဟ္မာ)ဖြစ်တော်မူသော, လေးပါးသော ရဲရင့်သူဖြစ်ကြောင်းဉာဏ်(စတုဝေသာရဇ္ဇဉာဏ်)ရှိတော်မူသော, ဉာဏ်တော်အားဆယ်ပါးကို ဆောင်တော်မူတတ်သည့်ပုဂ္ဂိုလ်(ဒသဗလဉာဏဓရ)ဖြစ်တော်မူသော, အပိတ်အပင် အတားအဆီးကင်းသောဉာဏ်(အနာဝရဏဉာဏ်)နှင့်ပြည့်စုံတော်မူသော, ထက်ဝန်းကျင်မှန်သမျှကိုမြင်နိုင်သည့် သဗ္ဗညုတဉာဏ်မျက်စိ(သမန္တစက္ခု)ရှိတော်မူသော, ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် နတ်သား၏ မေးမြန်းလျှောက်ထားချက်ကို ဖြေကြားတော်မူလိုသဖြင့် အောက်ပါဂါထာကို မိန့်ကြားတော်မူလေ၏။

သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

သပညော=ပညာရှိသော၊ နရော=လူသည်၊ သီလေ=သီလ၌၊ ပတိဋ္ဌာယ=တည်၍၊ အာတာပီ=ပူပန်စေမှုလုံ့လရှိသည်၊ ဟုတွာစ=ဖြစ်၍လည်းကောင်း၊ နိပကော=ရင့်ကျက်သည်၊ ဟုတွာစ=ဖြစ်၍လည်းကောင်း၊ စိတ္တဉ္စ=စိတ်ကိုလည်းကောင်း၊ ပညဉ္စ=ပညာကိုလည်းကောင်း၊ ဘာဝယံ-ဘာဝယန္တော=ပွားစေသည်ရှိသော်၊ သော ဘိက္ခု =ထိုသို့သောရဟန်းသည်၊ ဣမံ ဇဋံ=ဤအရှုပ်အထွေးကို၊ ဝိဇဋယေ=ဖြေရှင်းနိုင်ရာ၏။

(၁) သပညော နရော = ပညာရှိသောသူဖြစ်ခြင်း၊
(၂) သီလေ ပတိဋ္ဌာယ = သီလ၌တည်ခြင်း၊
(၃) အာတာပီ = ပူပန်စေမှုလုံ့လရှိခြင်း၊
(၄) နိပကော = ရင့်ကျက်မှုရှိခြင်း၊
(၅) စိတ္တံ ဘာဝယံ = သမာဓိကိုပွားများခြင်း၊
(၆) ပညဉ္စ ဘာဝယံ = ပညာကိုပွားများခြင်း၊

တဏှာအရွှမ်းအထွေးကို ဖြေရှင်းနိုင်သောပုဂ္ဂိုလ်၏ အင်္ဂါ(၆)ပါး

(၁) တိဟိတ်ပဋိသန္ဓေခဲ့ပါဝင်သော ကံကြောင့်ဖြစ်သောပညာနှင့်ပြည့်စုံခြင်း၊ (ဓာတိပညာ)
(၂) သီလကိုဖြည့်ကျင့်သောအားဖြင့် သီလခဲ့တည်ခြင်း၊ (သီလ)
(၃) ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လဝီရိယရှိခြင်း၊ (ဝီရိယ)
(၄) ကမ္မဋ္ဌာန်းကိုဆောင်ရာခဲ့ ကျေးဇူးပြုသော သတ္တကသမ္မဇဉ်, သပ္ပါယသမ္မဇဉ် ဟုခေါ်သော ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံခြင်း၊ (ပါရိဟာရိကပညာ)
(၅) သမာဓိကို ပွားများအားထုတ်ခြင်း၊ (သမာဓိ)
(၆) ဝိပဿနာပညာကို ပွားများအားထုတ်ခြင်း၊ (ဝိပဿနာပညာ)

ဝိသုဒ္ဓိမဂ်မည်ပုံ

ဝိသုဒ္ဓိမဂ် > ဝိသုဒ္ဓိမဂ္ဂ = ဝိသုဒ္ဓိ + မဂ္ဂ (မဂ်)
ဝိသုဒ္ဓိ = အညစ်အကြေးအလုံးစုံကင်းသော နိဗ္ဗာန်၊
ထက်ဝန်းကျင်စင်ကြယ်သော နိဗ္ဗာန်၊
မဂ္ဂ(မဂ်) = ရောက်ကြောင်းဖြစ်သောအကျင့်လမ်း၊
ဝိသုဒ္ဓိမဂ္ဂ = နိဗ္ဗာန်ရောက်ကြောင်းအကျင့်၊
= နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်၊

ထို့ကြောင့် အညစ်အကြေးအလုံးစုံကင်းသော, ထက်ဝန်းကျင်စင်ကြယ်သော နိဗ္ဗာန်(ဝိသုဒ္ဓိ)သို့ ရောက်ကြောင်းဖြစ်သော အကျင့်,လမ်းစဉ်(မဂ္ဂ)ကို "ဝိသုဒ္ဓိမဂ္ဂ= ဝိသုဒ္ဓိမဂ်" ဟုခေါ်ခြင်း ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ္ဂ-ပုဒ်ကို ဟောတော်မူသည့် ရည်ရွယ်ချက်များ

မြတ်စွာဘုရားရှင်သည် ဝိသုဒ္ဓိမဂ္ဂ-ဟူသောပုဒ်ကို ဟောတော်မူရာ၌-
(က) အချို့သော သုတ်ပါဠိတော်တို့၌ ဝိပဿနာမျှ၏အစွမ်းဖြင့် ဟောတော်မူပါသည်။ သာဓကအဖြစ် ဖော်ပြရသည်ရှိသော်-
"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။"
"အလုံးစုံသော သင်္ခါရတို့သည် မမြဲကုန်ဟု အကြင်အခါ၌ ဝိပဿနာဉာဏ်

ပညာဖြင့် ရှုမြင်ရ၏။ ထိုအခါဝယ် သခါရဒုက္ခ၌ ဦးတွေ့၏၊ ဤဦးတွေ့ခြင်းသည် စင်ကြယ်သောနိဗ္ဗာန်(ဝိသုဒ္ဓိ)၏ ရောက်ကြောင်းအကျင့်လမ်း(မဂ်)ပေတည်း။"

(ခ) အချို့သော သုတ်ပါဠိတော်တို့၌ စျာန်နှင့်ပညာ၏အစွမ်းဖြင့် ဟောတော်မူပါသည်။ သာဓကအဖြစ် ဖော်ပြရသည်ရှိသော်-

"ယမိ စျာနဉ္စ ပညာ စ၊ သ ဝေ နိဗ္ဗာနသန္တိကေ။"

"အကြင်ပုဂ္ဂိုလ်၌ ရှုမှုစျာန်သည်လည်းကောင်း၊ သိမှုပညာသည်လည်းကောင်း ရှိ၏၊ ထိုပုဂ္ဂိုလ်သည် စင်စစ် နိဗ္ဗာန်၏အနီး၌ တည်၏။"

(ဂ) အချို့သော သုတ်ပါဠိတော်တို့၌ ကံစသည်တို့၏အစွမ်းဖြင့် ဟောတော်မူပါသည်။ သာဓကအဖြစ် ဖော်ပြရသည်ရှိသော်-

"ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။"

"မဂ်စေတနာဟူသောကံသည်လည်းကောင်း၊ သမ္မာဒိဋ္ဌိဟူသောဝိဇ္ဇာသည်လည်းကောင်း၊ သမ္မာသင်္ကပ္ပ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိဟူသော အရိယာမဂ်တရားသည်လည်းကောင်း၊ သမ္မာဝါစာ,သမ္မာကမ္မန္တဟူသော သီလသည်လည်းကောင်း၊ သမ္မာအာဇီဝဟူသော မြတ်သောအသက်မွေးမှုသည်လည်းကောင်း ဤကံ,ဝိဇ္ဇာ,ဓမ္မ,သီလ,အာဇီဝဟူသောတရားအပေါင်းဖြင့် သတ္တဝါတို့သည် စင်ကြယ်ကြကုန်၏။ အမျိုးအနွယ်ဖြင့်သော်လည်းကောင်း၊ ဥစ္စာဖြင့်သော်လည်းကောင်း မစင်ကြယ်ကြကုန်။"

(ဃ) အချို့သော သုတ်ပါဠိတော်တို့၌ သီလစသည်တို့၏အစွမ်းဖြင့် ဟောတော်မူပါသည်။ သာဓကအဖြစ် ဖော်ပြရသည်ရှိသော်-

"သဇ္ဇဒါ သီလသမ္ပန္နော ပညဝါ သုသမာဟိတော။
အာရဒ္ဓဝီရိယော ပဟိတတ္တော၊ ဩဃံ တရတိ ဒုတ္တရံ။"

"အခါခပ်သိမ်း သီလနှင့်ပြည့်စုံသည်ဖြစ်၍ လောကီလောကုတ္တရာပညာနှင့်ပြည့်စုံသော, ကောင်းစွာတည်ကြည်သောစိတ်ကို နိဗ္ဗာန်သို့စေလွှတ်လျက် ပြင်းစွာအားထုတ်သည့် လုံ့လရှိသောသူသည် ကူးမြောက်နိုင်ခဲသောရေအယဉ်ကို ကူးမြောက်နိုင်ပေ၏။"

(င) အချို့သော သုတ်ပါဠိတော်တို့၌ သတိပဋ္ဌာန်စသည်တို့၏အစွမ်းဖြင့် ဟောတော်မူပါသည်။ သာဓကအဖြစ် ဖော်ပြရသည်ရှိသော်-

"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ။...(ပ)... နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။"

"ရဟန်းတို့... အကြင် လေးပါးကုန်သော သတိပဋ္ဌာန်တို့သည် ရှိကုန်၏။ ဤသတိပဋ္ဌာန်လမ်းသည် သတ္တဝါတို့၏ စင်ကြယ်ရန်အလို့ငှာ ...(ပ)... နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ တစ်ခုတည်းသောလမ်းပေတည်း။"

မှတ်ချက်။ သမ္မပ္ပဓာန်စသည်တို့၌ ဟောတော်မူပုံမှာလည်း ဤနည်းအတိုင်းပင် ဖြစ်၏။

ဤအဖြေ၌ ဟောတော်မူသော ရည်ရွယ်ချက်

ဤသို့ ဝိပဿနာမျှစသည်တို့၏ အစွမ်းဖြင့်ဟောတော်မူသော ရည်ရွယ်ချက်များစွာတို့တွင် နတ်သား၏အမေးကို ဖြေကြားတော်မူသော ဤဖြေဆိုချက် (ပဉ္စာဗျာကရဏ)၌မူ သီလစသည်တို့၏အစွမ်းဖြင့် ဟောတော်မူပါသည်။ (၉-၁၂)

[ဣမေသွိ ပန ပဉ္စာဗျာကရဏေ သီလာဒိဝသေန ဒေသိတော။ (ဝိသုဒ္ဓိ။ ၁)]

အဖြေဂါထာ၏ အဋ္ဌကထာအဖွင့် အကျဉ်းချုပ်

သီလေ ပတိဋ္ဌာယ - 'သီလ၌တည်ခြင်း' ဟူသည်မှာ သီလကိုဖြည့်ကျင့်ခြင်းကို ဆိုလိုပါသည်။

သီလကိုဖြည့်ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်မှသာ သီလ၌ တည်နိုင်၏။ ထို့ကြောင့် သီလ၌တည်ခြင်း-ဟုဆိုခြင်း ဖြစ်သည်။

[သီလေ ပတိဋ္ဌာယာတိ သီလေ ဋ္ဌတ္ဝာ၊ သီလံ ပရိပူရယမာနောယေဝ စေတ္ထ သီလေ ဋိတောတိ ဝုစ္စတိ။ တသ္မာ သီလပရိပူရဏေန သီလေ ပတိဋ္ဌဟိတွာတိ အယမေတ္ထ အတ္ထောတိ။]

နရော - 'လူ' ဟူသည်မှာ ပုဂ္ဂိုလ်သတ္တဝါကို ဆိုလိုပါသည်။

[နရောတိ သတ္တော။]

သပညော - 'ပညာရှိသူဖြစ်ခြင်း' ဟူသည်မှာ တိဟိတ်ပဋိသန္ဓေ၌ ပါဝင်သော ကံကြောင့်ဖြစ်သည့် ပညာနှင့်ပြည့်စုံသော ဇာတိပညာရှိသူဖြစ်ခြင်းကို ဆိုလိုပါသည်။

[သပညောတိ ကမ္မဇတိဟေတုကပဋိသန္ဓိပညာယ ပညဝါ။]

စိတ္တဲ့ ဘာဝယံ - 'စိတ်ကို ပွားစေခြင်း' ဟူသည်မှာ သမာဓိကိုပွားများခြင်းကို ဆိုလိုပါသည်။
ဤဂါထာ၌ စိတ်ကို အဦးပြု၍ သမာဓိကို ညွှန်ပြထားခြင်း ဖြစ်၏။

ပညဉ္စ ဘာဝယံ - 'ပညာကို ပွားစေခြင်း' ဟူသည်မှာ ဝိပဿနာကိုပွားများခြင်းကို ဆိုလိုပါသည်။
ဤဂါထာ၌ ပညာဟူသောအမည်သည် ဝိပဿနာကို ညွှန်ပြထားခြင်း ဖြစ်၏။
[စိတ္တဲ့ ပညဉ္စ ဘာဝယန္တိ သမာဓိဉ္စေဝ ဝိပဿနဉ္စ ဘာဝယမာနော၊ စိတ္တသီသေန ဟေတ္ထ သမာဓိ နိဒ္ဒိဋ္ဌော။ ပညာနာမေန စ ဝိပဿနာတိ။]

အာတာပီ - 'ပူပန်စေမှုရှိခြင်း' ဟူသည်မှာ လုံ့လဝီရိယရှိခြင်းကို ဆိုလို၏။ ကိလေသာတို့ကို ရှေးရှုပူပန်စေတတ်, ထက်ဝန်းကျင်ပူပန်စေတတ်သောကြောင့် ဝီရိယကို ''အာတာပ=ပူပန်စေမှု'' ဟု ဆို၏။ ထိုအာတာပခေါ်ပူပန်စေမှုရှိသော ပုဂ္ဂိုလ်ကို ''အာတာပီ=ပူပန်စေမှုရှိသူ'' ဟုခေါ်ဆိုခြင်း ဖြစ်သည်။
[အာတာပီတိ ဝီရိယဝါ။ ဝီရိယဉ္ဉိ ကိလေသေ အာတာပနပရိတာပနဋ္ဌေန အာတာပေါတိ ဝုစ္စတိ။ တဒဿ အတ္ထီတိ အာတာပီ။]

ကိလေသာတို့ကို ပူပန်စေခြင်း ၂-မျိုး

(၁) အာတာပန = ရှေးရှုပူပန်စေခြင်း၊
(တိုက်ရိုက်ပူပန်စေခြင်း)

(၂) ပရိတာပန = ထက်ဝန်းကျင်ပူပန်စေခြင်း၊
(သွယ်ဝိုက်၍ပူပန်စေခြင်း)

တိုက်ရိုက်ပူပန်စေခြင်း

အားထုတ်ဆဲခဏ၌ အားထုတ်မှုသက်သက်ဖြင့် ကိလေသာတို့ကို ကင်းစင်စေခြင်းသည် ''တိုက်ရိုက်ပူပန်စေခြင်း'' မည်၏။

သွယ်ဝိုက်၍ပူပန်စေခြင်း

အားထုတ်မှုကြောင့်ဖြစ်သော သတိ, သမာဓိ, ပညာတို့၏အစွမ်းဖြင့် တဒင်္ဂပဟာန်ဖြင့်ဖြစ်စေ, ဝိက္ခမ္ဘနပဟာန်ဖြင့်ဖြစ်စေ,

သမုဒ္ဓေဒပဟာနံဖြင့်ဖြစ်စေ ကိလေသာတို့ကို ကင်းစင်စေခြင်း သည် ''သွယ်ဝိုက်၍ပူပန်စေခြင်း'' မည်၏။

နိဝကော - 'ရင့်ကျက်သူဖြစ်ခြင်း' ဟုဆိုရာ၌ ပညာကို ရင့်ကျက်ခြင်း (နေပက္ကံ)ဟုခေါ်၏။ ထိုရင့်ကျက်ကြောင်းပညာနှင့် ပြည့်စုံခြင်းကိုပင် ''နိပက=ရင့်ကျက်သူ'' ဟုဆိုခြင်း ဖြစ်သည်။ ဤနိပကော-ဟူသောပုဒ်ဖြင့် ပါရိဟာရိကပညာကို ပြပါသည်။

[နိပကောတိ နေပက္ကံ ဝုစ္စတိ ပညာ၊ တာယ သမန္နာဂတောတိ အတ္ထော။ ဣမိနာ ပဒေန ပါရိဟာရိကပညံ ဒဿေတိ။]

ပညာ ၃-မျိုး

အမေးပြဿနာ၏အဖြေ(ပဉ္စာဗျာကရဏာ)ဖြစ်သော ဤဂါထာ၌ ပညာသည် သုံးကြိမ်တိုင်အောင် ပါဝင်နေ၏။ ထိုတွင် ပထမအကြိမ်ပညာသည် ဇာတိပညာ ဖြစ်၏၊ ဒုတိယအကြိမ်ပညာသည် ဝိပဿနာပညာ ဖြစ်၏၊ တတိယအကြိမ်ပညာသည် ပါရိဟာရိကပညာ ဖြစ်၏။

(၁) ဇာတိပညာ = တိဟိတ်ပဋိသန္ဓေပညာ၊ (ပင်ကိုယ်အသိ)

(၂) ဝိပဿနာပညာ = ဝိပဿနာရှုသိမှုပညာ၊ (ဘာဝနာအသိ)

(၃) ပါရိဟာရိကပညာ = အလုံးစုံသောကိစ္စတို့ကို ပိုင်းခြားဆုံးဖြတ်၍ ဆောင်ရွက်တတ်သော ပညာ၊ (ဘဝအသိ)

[ဣမသ္မိံ ပဉ္စာဗျာကရဏေ တီဏ္ဍတ္တုံ ပညာ အာဂတာ။ တတ္ထ ပဌမာ ဇာတိပညာ၊ ဒုတိယာ ဝိပဿနာပညာ၊ တတိယာ သဗ္ဗကိစ္စပရိဏာယိကာ ပါရိဟာရိကပညာ။ (ဝိသုဒ္ဓိ၊၁။ ၃။)]

ဘိက္ခု - သံသရာ၌ ကြောက်မက်ဖွယ်ဘေးကို မျှော်ရှုတတ်သောကြောင့် 'ဘိက္ခု=ရဟန်း' မည်ပါသည်။ (စည်၊၁။ ၁၂-၁၄)

[သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။]

တဏှာအရှုပ်အထွေးကို ဖြေရှင်းပုံ

ဥပမာအားဖြင့် - **အားခွန်**ဗလနှင့်ပြည့်စုံသော ယောကျ်ားတစ်ယောက်သည် ညီညွတ်သောမြေအပြင်၌ **ကြုံကြို့**ရပ်တည်၍ ကောင်းစွာသွေးထားအပ်သော **မား**လက်နက်ကို ချီမြှောက်၍ **ကြီးစွာသော**ဝါးရုံကို ခုတ်ဖြတ်ဖြေရှင်းရာသကဲ့သို့ ထို့အတူ ပြဆိုခဲ့ပြီးသော သီလ၊[၃] စိတ်ကိုအဦးပြု၍ညွှန်ပြထားသည့် သမာဓိ၊[၂] သုံးမျိုးသော ပညာ၊[၃-၅] ပူပန်စေမှုလုံလဝိရိယ[၆]ဟူသော **ဤ**တရား၆-ပါးနှင့်ပြည့်စုံသော ယောဂီ ပုဂ္ဂိုလ်သည်-

- သီလတည်းဟူသော မြေအပြင်၌ ရပ်တည်၍
- သမာဓိတည်းဟူသော **မား**သွေးကျောက်၌ ကောင်းစွာသွေးထားအပ်သော
- ဝိပဿနာပညာတည်းဟူသော **မား**လက်နက်ကို
- ဝိရိယတည်းဟူသော **ခွန်အား**က ထောက်ပံ့ပေးအပ်သော
- ပါရိဟာရိကပညာတည်းဟူသော လက်ဖြင့် ချီမြှောက်၍

မိမိ၏သန္တာန်၌ ကျရောက်လျက်ရှိသော အလုံးစုံသော ထိုတဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်ရာ၏။ အကြွင်းမဲ့ပိုင်းဖြတ်နိုင်ရာ၏။ **အကြွင်း**မဲ့ခွဲစိတ်နိုင်ရာ၏။(စည်၊ ၁၅)

[သော ဣမံ ဝိဇ္ဇေယေ ဇဋ္ဌေ သော ဣမိနာ စ သီလေန ဣမိနာ စ စိတ္တသီသေန နိဒ္ဒိဋ္ဌသမာဓိနာ ဣမာယ စ တိဝိဓာယ ပညာယ ဣမိနာ စ အာတာပေနာတိ ဆဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု။ သေယျထာပိ နာမ ပုရိသော ပထဝိယံ ပတိဋ္ဌာယ **သု**နိသိတံ သတ္ထံ ဥက္ခိပိတ္ဝာ မဟန္တံ ဝေဠုဂုမ္ဗံ ဝိဇ္ဇေယျ။ ဧဝမေဝ သီလပထဝိယံ ပတိဋ္ဌာယ သမာဓိသိလာယံ သုနိသိတံ ဝိပဿနာပညာသတ္ထံ ဝိရိယဗလပဂ္ဂဟိတေန ပါရိဟာရိကပညာဟတ္ထေန ဥက္ခိပိတ္ဝာ သဗ္ဗမွိ တံ အတ္တဘော သန္တာနေ ပတိတံ တဏှာဇဋံ ဝိဇ္ဇေယျ သဉ္ဆိန္ဒေယျ သမ္မဒါလေယျ။ (ဝိသုဒ္ဓိ၁။ ၃-၄)]

တဏှာဖြေရှင်းရာ ခဏ

တဏှာအရှုပ်အထွေးကို ဖြေရှင်းရာတွင်-

- အရဟတ္တမဂ်ခဏ၌ တဏှာအရှုပ်အထွေးကို "ဖြေရှင်းဆဲ" မည်၏။
- အရဟတ္တဖိုလ်ခဏ၌ တဏှာအရှုပ်အထွေးကို "ဖြေရှင်းပြီး" မည်၏။

ထို့ကြောင့် အရဟတ္တဖိုလ်ခဏတွင် တဏှာအရှုပ်အထွေးကို ဖြေရှင်းပြီးဖြစ်သဖြင့် နတ်နှင့်တကွသော သတ္တလောကသည် မြတ်သောအလှူကိုခံယူထိုက်သည့် (အဂ္ဂဒက္ခိဏေယျ)ရဟန္တာအဖြစ်သို့ ရောက်ရှိသွားခြင်း ဖြစ်သည်။

[မဂ္ဂက္ခဏေ ပနေသ တံ ဇဋံ ဝိဇ္ဇေတိ နာမ။ ဖလက္ခဏေ ဝိဇ္ဇိတဇ္ဇော သဒေဝကသ လောကသ အဂ္ဂဒက္ခိဏေယျော ဟောတိ။ (ဝိသုဒ္ဓိ၁။ ၄)]

ဇာတိပညာကို မပြုပြင်နိုင်ခြင်း အကြောင်း

ဤအဖြေဂါထာ၌ ''သပညော=ပညာရှိသူဖြစ်ခြင်း''(ဇာတိပညာ ပါရှိရမည်) ဟုဆိုခဲ့သော်လည်း ထိုပညာနှင့်ပတ်သက်၍ ပြဖွယ်ကိစ္စ မရှိပေ။(မပြုပြင်နိုင်ပေ။) အဘယ်ကြောင့်ဆိုသော် ယင်းပညာသည် ရှေးကံ၏အစွမ်းဖြင့်သာ ပြီးစီးပြည့်စုံနိုင်သည့် ပညာအမျိုးအစားဖြစ်သောကြောင့် ဖြစ်ပါသည်။

[တတြာယံ ယာယ ပညာယ သပညောတိ ဝုတ္တော။ တတြာဿ ကရဏီယံ နတ္ထိ။ ပုရိမကမ္မာနုဘာဝေနေဝ ဟိဿ သာ သိဒ္ဓါ။ (ဝိသုဒ္ဓိ၊ ၁)]

အဖြေဂါထာ ဆိုလိုချက်

ဤအဖြေဂါထာ၌- ယောဂီပုဂ္ဂိုလ်သည် ''အာတာပီ''ဟူသောပုဒ်၌ဟောတော်မူထားသည့် လုံ့လဝီရိယ၏အစွမ်းဖြင့် မပြတ်မလပ် တရစပ်အားထုတ်လျက်, ''နိပကော''ဟူသောပုဒ်၌ ဟောတော်မူထားသည့် ပါရိဟာရိကပညာ၏အစွမ်းဖြင့် ကောင်းစွာသိမြင် ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍, သီလ၌တည်ပြီးလျှင်, စိတ်နှင့်ပညာ၏အစွမ်းဖြင့် ဟောတော်မူထားသည့် သမထ,ဝိပဿနာအလုပ်တို့ကို ပွားများအားထုတ်ရမည်-ဟု ဟောတော်မူလိုရင်း ဖြစ်ပါသည်။

[အာတာပီ နိပကောတိ ဧတ္ထ ဝုတ္တဝီရိယဝသေန ပန တေန သာတစ္စကာရိနာ, ပညာဝသေန စ သမ္မဇာနကာရိနာ ဟုတွာ, သီလေ ပတိဋ္ဌာယ, စိတ္တပညာဝသေန ဝုတ္တာ သမထဝိပဿနာ ဘာဝေတဗ္ဗာတိ။ (ဝိသုဒ္ဓိ၊ ၁)]

ဤသို့လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ''**သီလေ ပတိဋ္ဌာယ**''စသော ဤအဖြေဂါထာ၌ **သီလ,သမာဓိ,ပညာ**ကို အဦးပဓာနပြု၍ ''နိဗ္ဗာန်ရောက်ကြောင်းအကျင့်လမ်း''(ဝိသုဒ္ဓိမဂ်)ကို ညွှန်ပြတော်မူလေ၏။

[ဣတိ ဣမမတြ ဘဂဝါ သီလသမာဓိပညာမုခေန ဝိသုဒ္ဓိမဂ္ဂံ ဒဿေတိ။(ဝိသုဒ္ဓိ၊ ၁)]

—

သီလ၊ သမာဓိ၊ ပညာဖြင့် ထင်ရှားပြအပ်သော ဂုဏ်(၉)ပါး

ဂုဏ် ၉-ပါး	သီလ	သမာဓိ	ပညာ
၁။ သိက္ခာသုံးပါး:	အဓိသီလသိက္ခာ	အဓိစိတ္တသိက္ခာ	အဓိပညာသိက္ခာ
၂။ ကောင်းခြင်း သုံးပါး:(ကလျာဏ)	သာသနာတော်၏ အစကောင်းခြင်း	သာသနာတော်၏ အလယ်ကောင်းခြင်း	သာသနာတော်၏ အဆုံးကောင်းခြင်း
၃။ ဥပနိဿယသုံးပါး:	တေဝိဇ္ဇရဟန္တာ ဖြစ်ခြင်း၊	ဆဠာဘိညရဟန္တာဖြစ်ခြင်း၊	ပဋိသမ္ဘိဒါဉာဏ် အထူးဖြစ်ခြင်း၊
၄။ ရှောင်ခြင်း,မှီဝဲခြင်း: (ဝဇ္ဇန,သေဝန)	ကာမသုခလွှဲက အကျင့်ရှောင်ခြင်း	အတ္တကိလမထ အကျင့်ရှောင်ခြင်း	မဇ္ဈိမပဋိပဒါ- အကျင့်ကို မှီဝဲခြင်း၊
၅။ လွန်မြောက်ခြင်း သုံးပါး:(သမတိက္ကမ)	အပါယ်ဘုံမှ လွန်မြောက်ခြင်း၊	ကာမဘုံမှ လွန်မြောက်ခြင်း၊	အလုံးစုံသောဘုံမှ လွန်မြောက်ခြင်း၊
၆။ ပဟာန်သုံးပါး: (ပဟာန)	တဒင်္ဂပဟာန်ဖြင့် ကိလေသာ ပယ်ခြင်းကိုပြ၏။	ဝိက္ခမ္ဘနပဟာန်ဖြင့် ကိလေသာ ပယ်ခြင်းကိုပြ၏။	သမုစ္ဆေဒပဟာန် ဖြင့်ကိလေသာ ပယ်ခြင်းကိုပြ၏။
၇။ ဆန့်ကျင်ဘက် သုံးပါး (ပဋိပက္ခ)	ဝီတိက္ကမ ကိလေသာ၏ ဆန့်ကျင်ဘက်၊	ပရိယုဋ္ဌာန ကိလေသာ၏ ဆန့်ကျင်ဘက်၊	အနုသယ ကိလေသာ၏ ဆန့်ကျင်ဘက်၊
၈။ သုတ်သင်ခြင်း သုံးပါး: (ဝိသောဓန)	ဒုစရိုက် သံကိလေသကို သုတ်သင်၏။	တဏှာ သံကိလေသကို သုတ်သင်၏။	ဒိဋ္ဌိသံကိလေသကို သုတ်သင်၏။
၉။ အရိယာဖြစ်ခြင်း အကြောင်း (ကာရဏ)	သောတာပန်၊ သကဒါဂါမ်ဖြစ်ခြင်း အကြောင်းကိုပြ၏။	အနာဂါမ်ဖြစ်ခြင်း အကြောင်းကိုပြ၏။	ရဟန္တာဖြစ်ခြင်း အကြောင်းကိုပြ၏။

(စည်၊၁။ ၁၇)

(၁) သိက္ခာသုံးရပ်ကို ထင်ရှားပြပုံ

ဤသီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် အဓိသီလသိက္ခာကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် အဓိစိတ္တသိက္ခာကို ထင်ရှားပြပါသည်။
- ပညာဖြင့် အဓိပညာသိက္ခာကို ထင်ရှားပြပါသည်။

(၂) သာသနာတော်၏ ကောင်းခြင်းသုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် သာသနာတော်၏ အစကောင်းခြင်း(အာဒိကလျာဏ)ကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် သာသနာတော်၏ အလယ်ကောင်းခြင်း(မဇ္ဈေကလျာဏ)ကို ထင်ရှားပြပါသည်။
- ပညာဖြင့် သာသနာတော်၏ အဆုံးကောင်းခြင်း(ပရိယောသာနကလျာဏ)ကို ထင်ရှားပြပါသည်။

သီလသည် သာသနာတော်၏ အစကောင်းခြင်း

"ကော နာဒိ ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ= ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း? ကောင်းစွာ စင်ကြယ်သောသီလသည်လည်း အစဖြစ်သည်" ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊ "သဗ္ဗပါပဿ အကရဏံ= အလုံးစုံသော မကောင်းမှုကို မပြုရခြင်းသည် ဘုရားရှင်တို့၏အဆုံးအမ ဖြစ်သည်" ဟု ဂါထာ၏အစ၌ ဟောတော်မူထားသောကြောင့်လည်းကောင်း သီလသည် သာသနာတော်၏ အစ(အာဒိ) ဖြစ်၏။

ထိုသီလသည် စိတ်နှလုံးကြည်သာရွှင်လန်းခြင်းအစရှိသော ဂုဏ်ကျေးဇူးတို့ကို ဆောင်တတ်, ဖြစ်ပေါ်စေတတ်သောကြောင့် ကောင်းမွန်၏၊ (ကလျာဏဖြစ်၏၊) သို့ဖြစ်၍ သီလကို "သာသနာတော်၏ အစကောင်းခြင်း" (အာဒိကလျာဏ)ဟု ဆိုခြင်း ဖြစ်ပါသည်။

[သီလေန စ သာသနဿ အာဒိကလျာဏတာ ပကာသိတာ ဟောတိ။ "ကော နာဒိ ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ"န္တိ ဟိ ဝစနတော, "သဗ္ဗပါပဿ အကရဏ"န္တိ အာဒိဝစနတော စ သီလံ သာသနဿ အာဒိ၊ တဉ္စ ကလျာဏံ၊ အဝိပ္ပဋိသာရာဒိ-ဂုဏာဝဟတ္တာ။ (ဝိသုဒ္ဓိ၊၁။ ၄)]

သမာဓိသည် သာသနာတော်၏ အလယ်ကောင်းခြင်း

"ကုသလဿ ဥပသမ္ပဒါ=ကုသိုလ်ကို ပြည့်စုံစေခြင်းသည် ဘုရားရှင်တို့၏ အဆုံးအမဖြစ်သည်" ဤသို့စသည်ဖြင့် ဟောတော်မူသောကြောင့် သမာဓိသည် သာသနာတော်၏ အလယ်(မဇ္ဈေ) ဖြစ်၏။

ထိုသမာဓိသည် တန်ခိုးဖန်ဆင်းနိုင်ခြင်းစသောဂုဏ်ကျေးဇူးတို့ကို ဆောင်တတ်သောကြောင့် ကောင်းမွန်၏။(ကလျာဏဖြစ်၏။) သို့ဖြစ်၍ သမာဓိကို "သာသနာတော်၏ အလယ်ကောင်းခြင်း"(မဇ္ဈေကလျာဏ)ဟုဆိုခြင်း ဖြစ်ပါသည်။

[သမာဓိနာ မဇ္ဈေကလျာဏတာ ပကာသိတာ ဟောတိ။ "ကုသလဿ ဥပသမ္ပဒါ"တိ အာဒိဝစနတော ဟိ သမာဓိ သာသနဿ မဇ္ဈေ၊ သော စ ကလျာဏော၊ ကုဒ္ဒိဝိဓာဒိ-ဂုဏာဝဟတ္တာ။ (ဝိသုဒ္ဓိ၁။ ၄)]

ပညာသည် သာသနာတော်၏ အဆုံးကောင်းခြင်း

"သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ= မိမိစိတ်ကို ဖြူစင်စေခြင်းသည် ဘုရားရှင်တို့၏ အဆုံးအမ ဖြစ်သည်" ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊ ပညာသာလျှင် အလွန်အကဲဆုံး၊ အမြတ်ဆုံးဖြစ်သောကြောင့်လည်းကောင်း ပညာသည် သာသနာတော်၏ အဆုံး(ပရိယောသာန) ဖြစ်၏။

ထိုပညာသည် ကုဋ္ဌာရုံ၊ အိုင်္ဂါရုံတို့၌ စုံစုံမက်မက် နှစ်သက်ဝမ်းမြောက်ခြင်း၊ အမျက်ဒေါသထွက်ခြင်းမရှိဘဲ ပကတိတည်တံ့နိုင်သောဂုဏ်(တာဒိဘာဝဂုဏ်)ကို ဆောင်တတ်သောကြောင့် ကောင်းမွန်၏။(ကလျာဏဖြစ်၏။) သို့ဖြစ်၍ ပညာကို "သာသနာတော်၏ အဆုံးကောင်း"(ပရိယောသာနကလျာဏ)ဟုဆိုခြင်း ဖြစ်ပါသည်။ (စည်၁။ ၁၈-၁၉)

[ပညာယ သာသနဿ ပရိယောသာနကလျာဏတာ ပကာသိတာ ဟောတိ။ "သစိတ္တပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသန"န္တိ ဟိ ဝစနတော၊ ပညုတ္တရတော စ ပညာ သာသနဿ ပရိယောသာနံ၊ သာ စ ကလျာဏ၊ ကုဋ္ဌာနိဋ္ဌေသု တာဒိဘာဝါ-ဝဟနတော။ (ဝိသုဒ္ဓိ၁။ ၄-၅)]

ပညာသည် တာဒိဘာဝဂုဏ်ကိုဆောင်ကြောင်း

အာဂမယုတ္တိ

သေလော ယထာ ဧကဃနော၊
ဝါတေန နံ သမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊
န သမိဉ္ဇန္တိ ပဏ္ဍိတာ။

"တစ်ခဲနက်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ တိုက်ခိုက်လာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ဤအတူပင် ပညာရှိတို့သည် ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကြကုန်။" (စည်း၁။ ၁၉)

(၃) ဥပနိဿယသုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် တေဝိဇ္ဇရဟန္တာဖြစ်ခြင်း၏ ဥပနိဿယကို ထင်ရှားပြ၏။ အဘယ်ကြောင့်ဆိုသော် သီလပြည့်စုံခြင်းကို မှီ၍(အကြောင်းပြု၍) ဝိဇ္ဇာဘာဏ်သုံးပါးသို့ရောက်နိုင်ပြီး၊ ထို့ထက်အလွန်မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။
- သမာဓိဖြင့် ဆဠာဘိညရဟန္တာဖြစ်ခြင်း၏ ဥပနိဿယကို ထင်ရှားပြ၏။ အဘယ်ကြောင့်ဆိုသော် သမာဓိပြည့်စုံခြင်းကို မှီ၍(အကြောင်းပြု၍) အဘိညာဉ် ၆-ပါးသို့ရောက်နိုင်ပြီး၊ ထို့ထက်အလွန် မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။
- ပညာဖြင့် ပဋိသမ္ဘိဒါဉာဏ်အထူး၏ ဥပနိဿယကို ထင်ရှားပြ၏။ အဘယ်ကြောင့်ဆိုသော် ပညာပြည့်စုံခြင်းကို မှီ၍(အကြောင်းပြု၍) ပဋိသမ္ဘိဒါလေးပါးသို့ရောက်နိုင်၏။ ပညာမှတစ်ပါး အခြားသောအကြောင်းဖြင့် မရောက်နိုင်သောကြောင့် ဖြစ်ပါသည်။

(၄) အကျင့်သုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် ကာမချမ်းသာခံစားမှုကိုအားထုတ်ခြင်း(ကာမသုခလွှဲကာနယောဂအကျင့်)ဟုဆိုအပ်သော အဖို့အစွန်း အယုတ်တရားကို ရှောင်ကြဉ်ခြင်းကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် မိမိကိုယ်ကိုပင်ပန်းစေမှုကိုအားထုတ်ခြင်း (အတ္တကိလမထာနုယောဂအကျင့်)ဟုဆိုအပ်သော အဖို့အစွန်း အယုတ်တရားကို ရှောင်ကြဉ်ခြင်းကို ထင်ရှားပြပါသည်။
- ပညာဖြင့် အလယ်အလတ်အကျင့်(မဇ္ဈိမပဋိပဒါ)ကို မှီဝဲခြင်းကို ထင်ရှားပြပါသည်။

(၅) လွန်မြောက်ခြင်းသုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် အပါယ်ဘဝကို လွန်မြောက်ခြင်းကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် ကာမဓာတ်(ကာမဘဝ)ကို လွန်မြောက်ခြင်းကို ထင်ရှားပြပါသည်။
- ပညာဖြင့် အလုံးစုံသောဘဝကို လွန်မြောက်ခြင်းကို ထင်ရှားပြပါသည်။

(၆) ပဟာန်သုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် တဒင်္ဂပဟာန်၏အစွမ်းဖြင့် ကိလေသာပယ်ခြင်းကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် ဝိက္ခမ္ဘနပဟာန်၏အစွမ်းဖြင့် ကိလေသာပယ်ခြင်းကို ထင်ရှားပြပါသည်။
- ပညာဖြင့် သမုစ္ဆေဒပဟာန်၏အစွမ်းဖြင့် ကိလေသာပယ်ခြင်းကို ထင်ရှားပြပါသည်။

(၇) ဆန့်ကျင်ဘက်သုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် ဝိတိက္ကမကိလေသာ(ကာယက်မြောက်လွန်ကျူးမှု၊ ဝစီက်မြောက်လွန်ကျူးမှု)တို့၏ ဆန့်ကျင်ဘက်ကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် ပရိယုဋ္ဌာနကိလေသာ (စိတ်သန္တာန်၌ထကြွနှိပ်စက်မှု)တို့၏ ဆန့်ကျင်ဘက်ကို ထင်ရှားပြပါသည်။
- ပညာဖြင့် အနုသယကိလေသာတို့၏ ဆန့်ကျင်ဘက်ကို ထင်ရှားပြပါသည်။

(၈) ဝိသောဓနသုံးပါးကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် ဒုစရိုက်သံကိလေသကို သုတ်သင်ခြင်း(ဝိသောဓန)ကို ထင်ရှားပြပါသည်။
- သမာဓိဖြင့် တဏှာသံကိလေသကို သုတ်သင်ခြင်း(ဝိသောဓန)ကို ထင်ရှားပြပါသည်။
- ပညာဖြင့် ဒိဋ္ဌိသံကိလေသကို သုတ်သင်ခြင်း(ဝိသောဓန)ကို ထင်ရှားပြပါသည်။

(၉) အရိယာဖြစ်ခြင်းအကြောင်းကို ထင်ရှားပြပုံ

သီလ၊ သမာဓိ၊ ပညာတို့တွင်-

- သီလဖြင့် သောတာပန်,သကဒါဂါမ်ဖြစ်ခြင်း၏အကြောင်းကို ထင်ရှားပြ၏။ အဘယ်ကြောင့်ဆိုသော်-"သီလေသု ပရိပူရကာရီ=သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်ကို သီလတို့၌ အပြည့်အစုံဖြည့်ကျင့်သောပုဂ္ဂိုလ်" (သီလ-ပရိပူရကာရီပုဂ္ဂိုလ်)ဟူ၍ ဟောတော်မူသောကြောင့် ဖြစ်ပါသည်။
- သမာဓိဖြင့် အနာဂါမ်ဖြစ်ခြင်း၏အကြောင်းကို ထင်ရှားပြ၏။ အဘယ်ကြောင့်ဆိုသော် "သမာဓိသို့ ပရိပူရကာရီ=အနာဂါမ်ပုဂ္ဂိုလ်ကို သမာဓိ၌ အပြည့်အစုံဖြည့်ကျင့်သောပုဂ္ဂိုလ်"(သမာဓိပရိပူရကာရီပုဂ္ဂိုလ်)ဟူ၍ ဟော တော်မူသောကြောင့် ဖြစ်ပါသည်။
- ပညာဖြင့် ရဟန္တာဖြစ်ခြင်း၏အကြောင်းကို ထင်ရှားပြ၏။ အဘယ်ကြောင့်ဆိုသော် "ပညာယ ပရိပူရကာရီ= ရဟန္တာပုဂ္ဂိုလ်ကို ပညာ၌ အပြည့်အစုံဖြည့်ကျင့်သောပုဂ္ဂိုလ်"(ပညာပရိပူရကာရီပုဂ္ဂိုလ်)ဟူ၍ ဟောတော်မူ သောကြောင့် ဖြစ်ပါသည်။

နိဒါန်းမှတ်ဖွယ်
ပြီး၏။

၄။ အဝိတိက္ကမသီလ

သီလဆောက်တည်ထားသောပုဂ္ဂိုလ်၏ ကိုယ်၌ဖြစ်သော မလွန်ကျူးခြင်း၊ နှုတ်၌ဖြစ်သော မလွန်ကျူးခြင်းဟူသော ကုသိုလ်စိတ္တုပ္ပါဒ်သည် "အဝိတိက္ကမ-သီလ" မည်ပါသည်။

[အဝိတိက္ကမော သီလန္တိ သမာဒိန္နသီလဿ ကာယိကဝါစသိကော အနတိက္ကမော။ (ဝိသုဒ္ဓိ၁။ ၈)]

သီလ၏အနက်အဓိပ္ပာယ်

"သီလနဋ္ဌေန သီလံ" ဟူသောဝစနတ္ထနှင့်အညီ သီလသည် သီလန-အနက် အဓိပ္ပါယ်ရှိပါသည်။

သီလန = သမာဓာန (ကောင်းစွာထားခြင်း)
ကာယကံအစရှိသည်တို့ကို ကောင်းစွာစောင့်စည်းခြင်း၏အစွမ်းဖြင့် ဖရိဖရဲမဖြစ်စေခြင်း (ပရမ်းပတာမဖြစ်စေခြင်း)ကို "သမာဓာန=ကောင်းစွာထားခြင်း" ဟုဆိုလို၏။
[ကိမိဒံ သီလန်ံ နာမ။ သမာဓာန်ံ ဝါ၊ ကာယကမ္မာဒီန် သုသီလျဝသေန အဝိပ္ပကိဏ္ဏတာတိ အတ္ထော။ (ဝိသုဒ္ဓိ၁။ ၈)]

ဤအဖွင့်အလို သီလမည်ပုံ

ကာယကံ၊ဝစီကံတို့ကို ဖရိဖရဲမဖြစ်အောင် ကောင်းစွာထားခြင်း (သမာဓာန)သဘောသည် 'သီလ' မည်ပါသည်။

သီလန = ဥပဓာရဏ (လွန်စွာဆောင်ခြင်း၊တည်ရာ)
သမာဓိ၊ပညာကုသိုလ်တရားတို့၏ အရင်းခံတည်ရာ၏အစွမ်းဖြင့် တည်ရာအဖြစ်ကို "ဥပဓာရဏ=လွန်စွာဆောင်ခြင်း" ဟုဆိုလို၏။
[ဥပဓာရဏံ ဝါ၊ ကုသလာနံ ဓမ္မာနံ ပတိဋ္ဌာနဝသေန အာဓာရဘာဝေါတိ အတ္ထော။ (ဝိသုဒ္ဓိ၁။ ၈)]

ဤအဖွင့်အလို သီလမည်ပုံ

သမာဓိ၊ပညာကုသိုလ်တရားတို့၏ အရင်းခံတည်ရာ(ဥပဓာရဏ) သဘောသည် 'သီလ' မည်ပါသည်။

မှတ်ချက်။ ဤအဖွင့်နှစ်ခုကို သဒ္ဒါပညာရှင်တို့ နှစ်ခြိုက်ကြ၏။

သီလ နိဒ္ဒေသ

၁။ သီလ၏ တရားကိုယ်စသည်ကို ပြဆိုခြင်း

သီလဟူသည်

သီလဟူသည်မှာ- သတ္တဝါကိုသတ်ခြင်းအစရှိသည်တို့မှ ရှောင်ကြဉ်သော သူ၏သန္တာန်, ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏သန္တာန်၌ဖြစ်သော ကုသိုလ် စေတနာအစရှိသောတရားများ ဖြစ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌-

"သီလဟူသည် အဘယ်နည်း? စေတနာသည် သီလမည်၏၊ စေတသိက်သည် သီလမည်၏၊ စောင့်စည်းခြင်း(သံဝရ)သည် သီလမည်၏၊ မလွန်ကျူးခြင်း (အဝီတိက္ကမ)သည် သီလမည်၏။"

ဟုဟောတော်မူခြင်း ဖြစ်သည်။

[ကိ သီလန္တိ ပါဏာတိပါတာဒီဟိ ဝါ ဝိရမန္တဿ ဝတ္ထုပဋိပတ္တိ ဝါ ပူရေန္တဿ စေတနာဒယော ဓမ္မာ။ ဝုတ္တဉ္ဧတံ ပဋိသမ္ဘိဒါယံ "ကိ သီလန္တိ စေတနာ သီလံ၊ စေတသိကံ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလ"န္တိ။ (ဝိသုဒ္ဓိ၊ ၁)]

ပဋိသန္ဓိဒါမဂ်ပါဠိတော်လာ
သီလ ၄-မျိုး

၁။ စေတနာသီလ

သတ္တဝါကိုသတ်ခြင်းစသည်တို့မှ ရှောင်ကြဉ်သောသူ၏ ကုသိုလ်စေတနာသည်လည်းကောင်း၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ ကုသိုလ်စေတနာသည်လည်းကောင်း "စေတနာသီလ"မည်ပါသည်။

တစ်နည်းအားဖြင့် သတ္တဝါကိုသတ်ခြင်းစသည်တို့ကို ပယ်စွန့်သောသူ၏ ၇-ပါးသော ကုသိုလ်ကမ္မပထစေတနာတို့သည် "စေတနာသီလ" မည်ပါသည်။
[တတ္ထ စေတနာသီလံနာမ ပါဏာတိပါတာဒီဟိ ဝါ ဝိရမန္တသ္သ ဝတ္ထုပဋိပတ္တိ ဝါ ပူရေန္တသ္သ စေတနာ။ အပိစ စေတနာ သီလံ နာမ ပါဏာတိပါတာဒီနိ ပဇဟန္တသ္သ သတ္တ ကမ္မပထစေတနာ။ (ဝိသုဒ္ဓိ၁။ ၇)]

၂။ စေတသိကသီလ

သတ္တဝါကိုသတ်ခြင်းအစရှိသည်တို့မှ ရှောင်ကြဉ်သောသူ၏ ရှောင်ကြဉ်မှုဝိရတိစေတသိက်သုံးပါးသည် "စေတသိကသီလ"မည်ပါသည်။

တစ်နည်းအားဖြင့် "အဘိဏှံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ= အဘိဇ္ဈာကို ပယ်စွန့်၍ အဘိဇ္ဈာကင်းသော စိတ်ဖြင့် နေ၏။" ဤသို့စသောနည်းဖြင့် ဟောတော်မူအပ်ကုန်သော အနဘိဇ္ဈာ(အလောဘ)၊ အဗျာပါဒ(အဒေါသ)၊ သမ္မာဒိဋ္ဌိ(အမောဟ)တရားတို့သည် "စေတသိကသီလ"မည်ပါသည်။
[စေတသိကံ သီလံနာမ ပါဏာတိပါတာဒီဟိ ဝိရမန္တသ္သ ဝိရတိ။ အပိစ စေတသိကံ သီလံ နာမ "အဘိဇ္ဈံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ"တိ အာဒိနာ နယေန ဝုတ္တာ အနဘိဇ္ဈာဗျာပါဒသမ္မာဒိဋ္ဌိမေဝ။ (ဝိသုဒ္ဓိ၁။ ၇)]

၃။ သံဝရသီလ

စောင့်စည်းခြင်းသံဝရ ၅-ပါးတို့သည်လည်းကောင်း၊ မကောင်းမှုမကြောက်တတ်သော အမျိုးကောင်းသားတို့၏ တွေ့ကြုံရသောဒုစရိုက်အမှု(သမ္မတ္တဝတ္ထု)မှ ရှောင်ကြဉ်ခြင်း ဝိရတိသည်လည်းကောင်း "သံဝရသီလ" မည်ပါသည်။
[ပဉ္စဝိဓော သံဝရော, ယာ စ ပါပဘီရုကာနံ ကုလပုတ္တာနံ သမ္မတ္တဝတ္ထုတော ဝိရတိ၊ သဗ္ဗမေတံ သံဝရသီလန္တိ ဝေဒိတဗ္ဗံ။ (ဝိသုဒ္ဓိ၁။ ၈)]

စောင့်စည်းခြင်း(သံဝရ)သည် ''ပါတိ,သတိ၊ ဉာ,ခန္တိ၊ ဝီရိသံဝရာ'' ဟူသည်နှင့်အညီ ပါတိမောက္ခသံဝရ၊ သတိသံဝရ၊ ဉာဏသံဝရ၊ ခန္တိသံဝရ၊ ဝီရိယသံဝရ'' ဟူ၍ ၅-ပါး ရှိပါသည်။ ထိုတွင်-

(၁) ''ပါတိမောက္ခသံဝရေန ဥပေတော ဟောတိ သမုပေတော= ဤပါတိမောက္ခသံဝရနှင့် ပြည့်စုံ၏၊ ကောင်းစွာပြည့်စုံ၏'' ဟူသောဒေသနာ၌ လာရှိသည့် သံဝရသည် 'ပါတိမောက္ခသံဝရ' မည်ပါသည်။

(၂) ''ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ= စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ ရောက်၏'' ဟူသောဒေသနာ၌ လာရှိသည့်သံဝရသည် 'သတိသံဝရ' မည်ပါသည်။

(၃) အဓိတာတိ ဘဂဝါ- ''ယာနိ သောတာနိ လောကသ္မိံ၊
သတိ တေသံ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူမိ၊
ပညာယေတေ ပိဓိယျရေ။''

''အဓိတရသေ့...လောကဌ အကြင် ကိလေသာရေအယဉ်တို့သည် ရှိကုန်၏။ ထိုကိလေသာ ရေအယဉ်တို့ကို သတိတရားက တားမြစ်တတ်၏၊ ကိလေသာရေအယဉ်တို့ကို ပိတ်ဆို့စောင့်စည်းတတ်သော သံဝရတရားကို ငါဘုရားမိန့်တော်မူမည်၊ ထိုကိလေသာ ရေအယဉ်တို့ကို ပညာဖြင့် ပိတ်ဆို့ရာ၏'' ဟု ဟောတော်မူသောဒေသနာ၌ လာရှိသည့်သံဝရသည် 'ဉာဏသံဝရ' မည်ပါသည်။

ပစ္စည်းလေးပါးတို့ကို သုံးဆောင်မှီဝဲရာ၌ ဆင်ခြင်မှုဉာဏ်သည်လည်း ဤဉာဏသံဝရ၌ပင် အကျုံးဝင်ပါသည်။ [ပစ္စယပဋိသေဝနမွိ ဇဏ္ဍေဝ သမောဓာနံ ဂစ္ဆတိ။]

(၄) ''ခမော ဟောတိ သီတဿ ဥဏှဿ= အအေး,အပူကို သည်းခံတတ်၏'' ဤသို့စသောနည်းဖြင့်လာသော သံဝရသည် 'ခန္တိသံဝရ' မည်ပါသည်။

(၅) ''ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ=ဖြစ်ပေါ်လာသော ကာမအကြံအစည် (ကာမဝိတက်)ကို လက်မခံ။'' ဤသို့စသောနည်းဖြင့်လာသော သံဝရသည် 'ဝီရိယသံဝရ' မည်ပါသည်။

အသက်မွေးမှုစင်ကြယ်ခြင်း အာဇီဝပါရိသုဒ္ဓိသည်လည်း ဤဝီရိယသံဝရ၌ပင် အကျုံးဝင်ပါသည်။ [အာဇီဝပါရိသုဒ္ဓိပိ ဇဏ္ဍေဝ သမောဓာနံ ဂစ္ဆတိ။(ဝိသုဒ္ဓိ၊ ၇)]

သီလနိဒ္ဒေသ

အချို့ဆရာတို့ကမူ သီလသည် 'သီရ'အနက်၊ 'သီတလ'အနက်ရှိ၏ ဟုလည်း ဆိုကြသေး၏။ ထိုအဆိုအရ သီလမည်ပုံမှာ -

သီလ = သီရ (ဦးခေါင်း)
ဦးခေါင်းနှင့်တူသောကြောင့် 'သီလ'မည်ပါသည်။

သီလ = သီတလ (အေးမြခြင်း)
ကိလေသာအပူငြိမ်း၍ အေးမြခြင်းသဘောရှိသောကြောင့် 'သီလ' မည်ပါသည်။

[အညေ ပန သီရဋ္ဌော သီလတ္ထော၊ သီတလဋ္ဌော သီလတ္ထောတိ ဧဝမာဒိနာပိ နယေနေတ္ထ အတ္ထံ ဝဏ္ဏယန္တိ။ (ဝိသုဒ္ဓိ၊ ၈)]

သီလ၏လက္ခဏာစသည်

သီလသည် -

- ကာယကံ၊ဝစီကံတို့ကို ဖရိဖရဲမဖြစ်အောင် စောင့်စည်း၍ ကောင်းစွာထားခြင်း (သမာဓာန)လက္ခဏာနှင့် သမာဓိ၊ပညာကုသိုလ်တရားတို့၏ အရင်းခံတည်ရာ ဖြစ်ခြင်း(ဥပဓာရဏ)လက္ခဏာ ရှိ၏။
- သီလမဲ့သူ၏အဖြစ်ကို ဖျက်ဆီးခြင်း(ဝိဒ္ဓံသန)ကိစ္စနှင့် ပြည့်စုံခြင်းအနက်ရှိသည့် အပြစ်ကင်းခြင်း(အနဝဇ္ဇ)ဂုဏ်ဟူသောကိစ္စ ရှိ၏။
- ကာယဒွါရ၌စင်ကြယ်ခြင်း(ကာယသောစေယျ)၊ ဝစီဒွါရ၌စင်ကြယ်ခြင်း(ဝစီ-သောစေယျ)၊ မနောဒွါရ၌စင်ကြယ်ခြင်း(မနောသောစေယျ)ဟုဆိုအပ်သော စင်ကြယ်ခြင်း(သောစေယျ)လျှင် ဘဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
- ရှက်ခြင်း၊ကြောက်ခြင်းသည် သီလ၏နီးသောအကြောင်း ပဒဋ္ဌာန် ဖြစ်၏။

(စည်၀၊ ၂၄-၂၆)

—

၂။ သီလ၏အကျိုးအာနိသင်ကို
ပြဆိုခြင်း

စိတ်နှလုံးကြည်သာရွှင်လန်းခြင်း
အကျိုး

သီလသည် စိတ်နှလုံး ကြည်သာရွှင်လန်းခြင်းစသောအကျိုးကို ရရှိစေခြင်း အကျိုးရှိပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က-

"အဝိပ္ပဋိသာရတ္ထာနိ ခေါ အာနန္ဒ ကုသလာနိ သီလာနိ အဝိပ္ပဋိသာရာနိ-သံသာနိ။"

"ချစ်သားအာနန္ဒာ...အပြစ်မရှိကောင်းသော သီလအကျင့်တို့သည် စိတ်နှလုံး ကြည်သာရွှင်လန်းခြင်းအကျိုး, စိတ်နှလုံး သာယာချမ်းမြေ့ခြင်းအကျိုး ရှိကုန်၏။"

ဟု ဟောတော်မူခြင်း ဖြစ်သည်။

ဂဟပတိသီလအကျိုး
၅-မျိုး

သီလနှင့်ပြည့်စုံသောသူသည်-

(၁) မမေ့မလျော့ခြင်းဟူသော အကြောင်းကြောင့် ကြီးစွာသောစည်းစိမ်ဥစ္စာအစုကို ရရှိနိုင်၏။

(၂) ကောင်းသောဂုဏ်သတင်း ပြန့်နှံ့ကျော်စောရ၏။

(၃) မင်း,ပုဏ္ဏား,သူကြွယ်,ရဟန်းဟူသော ပရိသတ်လေးပါးသို့ ချဉ်းကပ်ရသည် ရှိသော် မကြောက်မရွံ့ ရဲရင့်ရွင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ဝင်ရောက်ရ၏။

(၄) မိမိပြုခဲ့ဖူးသော ကောင်းမှုတို့ကိုသာ ထင်မြင်လျက် မတွေမဝေသေရ၏။

(၅) သေပြီးနောက် ကောင်းမှုရှိသူတို့၏လားရောက်ရာဖြစ်သည့် သုဂတိဘဝသို့သာ လားရောက်ရ၏။

သီတင်းသုံးဖော်တို့၏ ချစ်ခင်မှုစသော အကျိုးများ

"အာကခေ်ယျ စေ ဘိက္ခဝေ ဘိက္ခု သဗြဟ္မဏာစာရိနံ ပိယော စ အသဲ မနာပေါ စ ဂရု စ ဘာဝနီယော စာတိ၊ သီလေသွေဝဿ ပရိပူရကာရီ။"

"ချစ်သားရဟန်းတို့...သီတင်းသုံးဖော်တို့၏ ချစ်ခင်ကြည်ညိုခံရသူ,အမြတ်နိုးခံရသူ, အလေးအမြတ်ထားခံရသူ, အချီးမွမ်းခံရသူဖြစ်ပါရစေ-ဟု လိုလားတောင့်တငြားအံ့ သီလတို့၌သာလျှင် အပြည့်အစုံဖြည့်ကျင့်သူ ဖြစ်ရာ၏။"

ဤသို့စသောနည်းဖြင့် ဟောတော်မူသောကြောင့် သီလနှင့်ပြည့်စုံသောသူသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်ကြည်ညိုခံရခြင်း၊ အမြတ်နိုးခံရခြင်း၊ အလေးအမြတ်ထားခံရသူဖြစ်ခြင်း၊ အချီးမွမ်းခံရသူဖြစ်ခြင်းစသည်မှ အာသဝေါကုန်ခြင်းဟူသော နောက်ဆုံးအကျိုးတိုင်အောင် များစွာသောအကျိုးအာနိသင်တို့ကို ရရှိနိုင်ပါသည်။
(စည်၁၊၂၈)

သီလအကျိုးနှင့်စပ်၍ မှတ်သားဖွယ်ရာ ဂါထာအဓိပ္ပာယ်များ

ထောက်တည်မှီခိုရာ၊ သီလအကျိုးပြော၍မကုန်

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသပရိစ္ဆေဒံ၊ တသာ သီလဿ ကော ဝဒေ။

မြတ်စွာဘုရားသာသနာတော်၌ အမျိုးကောင်းသား,သမီးတို့၏ ထောက်တည်မှီခိုရာသည် သီလကိုကြဉ်ဖယ်၍ မဖြစ်နိုင်ပေ။ သီလသည်သာ ထောက်တည်မှီခိုရာအစစ် ဖြစ်၏။ ယင်းသီလ၏ အကျိုးအာနိသင် အပိုင်းအခြားကို အဘယ်သူသည် အကုန်အစင် ပြောပြနိုင်အံ့နည်း။ (မပြောပြနိုင်သည်သာ ဖြစ်၏။)

သီလရေစင်

နာဂါ ယမုနာ စာပိ၊ သရဘူ ဝါ သရသ္ဝတီ။
နိန္နဂါ ဝါ'စိရဝတီ၊ မဟီ ဝါဝိ မဟာနဒီ။

သက္ကာဏန္တိ ဝိသောဓေတုံ၊ တံ မလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီသဇလံ မလံ။

ဤလောကဌ် သတ္တဝါတို့၏ ကိလေသာအညစ်အကြေးကို ဂင်္ဂါ၊ယမုနာ၊ သရဘူ၊အစိရဝတီ၊မဟီ-ဟူသောမြစ်ရေတို့ဖြင့် စင်ကြယ်သန့်ရှင်းအောင် မဆေးကြောနိုင်ပေ။ သီလတည်းဟူသော ရေစင်ဖြင့်သာ စင်ကြယ်သန့်ရှင်းအောင် ဆေးကြောနိုင်ပေ၏။

သီလအငြိမ်းဓာတ်

နံ တံ သဇလဒါ ဝါတာ၊ နံ စာဝိ ဟရိစန္ဒနံ။
နေဝ ဟာရာ နံ မဏာယော၊ နံ စန္ဒကိရဏာကုံရာ။
သမယန္တိဓ သတ္တာနံ၊ ပရိဠာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဒံ အရိယံ၊ သီလံ အစ္ဆန္တသီတလံ။

ဤလောကဌ် သတ္တဝါတို့၏ ရာဂအပူစသည်ကို မိုးလေ၊စန္ဒကူးရွှေ၊ပုလဲသွယ်၊မြကျောက်၊လရောင်ညွန့်တို့ဖြင့် မငြိမ်းအေးစေနိုင်ကုန်။ ကောင်းစွာစောင့်ထိန်းအပ်သော ဖြူစင်သည့် သီလအငြိမ်းဓာတ်ဖြင့်သာ ငြိမ်းအေးစေနိုင်ကုန်၏။

သီလမွှေးရနံ့

သီလဂန္ဓသမော ဂန္ဓော၊ ကုတော နာမ ဘဝိဿတိ။
ယော သမံ အနုဝါတေ စ၊ ပဋိဝါတေ စ ဝါယတိ။

သီလတည်းဟူသော အမွှေးရနံ့သည် လေအောက်၊လေညာ အညီအမျှ မွှေးကြိုင်သင်းပျံ့၏။ သီလမွှေးရနံ့နှင့်တူသော အနံ့သည် အဘယ်မှာရှိပါတော့အံ့နည်း။

သီလစောင်းတန်း၊ သီလတံခါးပေါက်

သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

နတ်ပြည်နတ်နန်းသို့တက်ရန် သီလနှင့်တူသည့် အခြားသော စောင်းတန်းလှေခါးမည်သည် အဘယ်မှာမျှ မရှိပေ။ ထို့အတူ နိဗ္ဗာန်ရွှေမြို့တော်ကြီးသို့ ဝင်ရောက်ရန် သီလနှင့်တူသည့် အခြားသော တံခါးပေါက်မည်သည်လည်း အဘယ်မှာမျှ မရှိပေ။

သီလတန်ဆာ

သောဘန္တေဝံ နု ရာဇာနော၊ မုတ္တာမဏိဝိဘူသိတာ။
ယထာ သောဘန္တိ ယတိနော၊ သီလဘူသနဘူသိတာ။

ပုလဲ,ပတ္တမြားတို့ဖြင့် တန်ဆာဆင်ထားသော ပြည့်ရှင်မင်းတို့သည် သီလတန်ဆာဆင်ထားသော ရဟန်းတော်တို့ကဲ့သို့ တင့်တယ်လှပခြင်း မရှိပေ။ သီလတန်ဆာ ဆင်မြန်းထားသူတို့သည်သာ တင့်တယ်လှပကြကုန်၏။

ဘေးအပေါင်းမှလွတ်ကင်း၊ ကျော်စောထင်ရှား

အတ္တာနုဝါဒါဒိဘယံ၊ ဝိဒ္ဓံသယတိ သဗ္ဗသော။
ဧနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတံ သဒါ။

သီလသည် သီလနှင့်ပြည့်စုံသူတို့အား မိမိကိုယ်ကို မိမိစွပ်စွဲခြင်း အတ္တာနုဝါဒဘေးစသော ဘေးအပေါင်းကို အကြွင်းမဲ့ ဖျက်ဆီးလွတ်ကင်းစေ၏။ ဂုဏ်သတင်း ကျော်စောထင်ရှားခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းကိုလည်း ဖြစ်ပေါ်စေတတ်၏။

ဂုဏ်တို့၏မူလဘူတ၊ ကိလေသာခွန်အားဖျက်ဆီး

ဂုဏာနံ မူလဘူတဿ၊ ဒေါသာနံ ဗလဃာတိနော။
ဣတိ သီလဿ ဝိညေယျံ၊ အာနိသံသကထာမုခံ။

သီလသည် လောကီ,လောကုတ္တရာ ဂုဏ်ကျေးဇူးမှန်သမျှတို့၏ မူလဘူတ အရင်းအမြစ် ဖြစ်၏။ ကိလေသာအပြစ်ဒေါသတို့၏ လွန်ကျူးခြင်းခွန်အားကိုလည်း ဖျက်ဆီးတတ်ပေ၏။

ဤကား သီလ၏အကျိုးအာနိသင်များကို သိရှိစေရန် အရိပ်အမြွက်ပြဆိုခြင်း ဖြစ်ပါသည်။ (စည်၁။ ၂၀-၃၀)

၃။ သီလအမျိုးအစားများကို ပြဆိုခြင်း

ဒုကသီလ ၁၄-ပါး

ပထမဒုက သီလ(၂)ပါး

စာရိတ္တသီလ - "ဤကျင့်ဝတ်ကို ပြုကျင့်အပ်၏" ဟု မြတ်စွာဘုရားပညတ်တော်မူထားသော သိက္ခာပုဒ်ကိုဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ မည်ပါသည်။
စာရိတ္တသီလသည် သဒ္ဓါတရားနှင့်ဝီရိယရှိပါမှ ပြီးပြည့်စုံနိုင်သော သီလအမျိုးအစား ဖြစ်၏။

ဝါရိတ္တသီလ - "ဤအမှုကို မပြုကျင့်အပ်" ဟု မြတ်စွာဘုရားပယ်မြစ်တော်မူထားသောအမှုကို မပြုကျင့်ခြင်းသည် ဝါရိတ္တသီလ မည်ပါသည်။
ဝါရိတ္တသီလသည် သဒ္ဓါတရားရှိပါမှ ပြီးပြည့်စုံနိုင်သော သီလအမျိုးအစား ဖြစ်၏။

ဒုတိယဒုက သီလ(၂)ပါး

အာဘိသမာစာရိကသီလ - မြင့်မြတ်သောအကျင့် (ဥတ္တမသမာစာရ)သည် အာဘိသမာစာရိကသီလ မည်ပါသည်။

- တစ်နည်းအားဖြင့် မြင့်မြတ်သောအကျင့်(မဂ်သီလ,ဖိုလ်သီလ)ကို ရည်ရွယ်၍ ပညတ်ထားသော သီလအကျင့်သည် အာဘိသမာစာရိကသီလ မည်ပါသည်။
အာဘိသမာစာရိကသီလသည် အာဇီဝဋ္ဌမကသီလမှ ကြွင်းသော သီလတို့၏အမည် ဖြစ်ပါသည်။

- တစ်နည်းအားဖြင့် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့သည် အာဘိသမာစာရိကသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် ခန္ဓကဝတ်၌ပါဝင်သော သိက္ခာပုဒ်အပေါင်းသည် အာဘိသမာစာရိကသီလ မည်ပါသည်။

အာဒိဗြဟ္မစရိယကသီလ

- အာဒိဗြဟ္မစရိယကသီလ-ဟူသည် အာဇီဝဋ္ဌမကသီလ၏အမည်ဖြစ်၏။
- အရိယာမဂ်တည်းဟူသော မြတ်သောအကျင့်၏အစ၌ ဖြစ်စေအပ်သောကြောင့် အာဒိဗြဟ္မစရိယကသီလ မည်ပါသည်။ ထို့ကြောင့် "ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ= ထိုရဟန်းအား ရှေးအဖို့က ပင်လျှင် ကာယကံသည် ကောင်းစွာစင်ကြယ်၏၊ ဝစီကံသည် ကောင်းစွာစင်ကြယ်၏၊ အသက်မွေးမှုသည် ကောင်းစွာစင်ကြယ်၏" ဟု မြတ်စွာဘုရားဟောတော်မူခြင်း ဖြစ်သည်။
- တစ်နည်းအားဖြင့် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့မှ ကြွင်းကျန်သော သိက္ခာပုဒ်တို့သည် အာဒိဗြဟ္မစရိယကသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် ဥဘတောဝိဘင်း၌ ပါဝင်သော သိက္ခာပုဒ်အပေါင်းသည် အာဒိဗြဟ္မစရိယကသီလ မည်ပါသည်။

<u>အာဒိဗြဟ္မစရိယကသီလ ပြည့်စုံခြင်းအကြောင်း</u>

အာဘိသမာစာရိကသီလ ပြည့်စုံခြင်းကြောင့်(အာဘိသမာစာရိကသီလပြည့်စုံပါမှ) အာဒိဗြဟ္မစရိယကသီလသည် ပြီးစီးပြည့်စုံနိုင်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က -

"ချစ်သားရဟန်းတို့...ထိုရဟန်းသည် အာဘိသမာစာရိကကျင့်ဝတ်သီလကို မဖြည့်ကျင့်မူ၍ အာဒိဗြဟ္မစရိယကသီလကို ပြည့်စေနိုင်လိမ့်မည်-ဟူသော ဤသို့သောအကြောင်းမျိုးသည် မရှိနိုင်ပေ။"

ဟုဟောတော်မူခြင်း ဖြစ်သည်။

<u>တတိယဒုက သီလ(၂)ပါး</u>

ဝိရတိသီလ

- ပါဏာတိပါတစသည်တို့မှ ရှောင်ကြဉ်ကာမျှသော သီလအကျင့်သည် ဝိရတိသီလ မည်ပါသည်။

အဝိရတိသီလ - ဝိရတိသီလမှကြွင်းသော စေတနာအစရှိသော သီလတို့သည် အဝိရတိသီလ မည်ပါသည်။

စတုတ္ထဒုက သီလ(၂)ပါး

နိဿိတသီလ - နိဿိတသီလသည် တဏှာနိဿိတသီလ နှင့် ဒိဋ္ဌိနိဿိတသီလ ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုတွင်-

(၁)"ငါသည် ဤသီလအကျင့်ဖြင့် ထင်ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသော နတ်သော်လည်းကောင်း ဖြစ်ရပါလို၏"ဟု ဘဝသမ္ပတ္တိကို မျှော်လင့်တောင့်တ၍ ဆောက်တည်ကျင့်သုံးသောသီလသည် တဏှာနိဿိတသီလ မည်ပါသည်။

(၂) "အကျင့်သီလမျှဖြင့် သံသရာဝဋ်ဒုက္ခမှ စင်ကြယ်၏"ဟု စင်ကြယ်ရေးအယူ(သုဒ္ဓိဒိဋ္ဌိ)ဖြင့် ဆောက်တည်ကျင့်သုံးသောသီလသည် ဒိဋ္ဌိနိဿိတသီလ မည်ပါသည်။

အနိဿိတသီလ - လောကုတ္တရာသီလ နှင့် ယင်းလောကုတ္တရာသီလ၏ အကြောင်းအထောက်အပံ့ဖြစ်သော လောကီသီလ(ဝိဝဋ္ဋူပနိဿယသီလ) သည် အနိဿိတသီလ မည်ပါသည်။

ပဉ္စမဒုက သီလ(၂)ပါး

ကာလပရိယန္တသီလ - အချိန်အခါကာလကို ပိုင်းခြား၍ ဆောက်တည်ကျင့်သုံးသော သီလသည် ကာလပရိယန္တသီလ မည်ပါသည်။

အာပါဏကောဋိကသီလ - အသက်ထက်ဆုံး ဆောက်တည်၍ ထိုဆောက်တည်ထားသည့် အတိုင်း ကျင့်သုံးသောသီလသည် အာပါဏကောဋိကသီလ မည်ပါသည်။

ဆဋ္ဌဒုက သီလ(၂)ပါး

သပရိယန္တသီလ- လာဘ်,အခြံအရံ,ဆွေမျိုး,ကိုယ်အင်္ဂါ,အသက်တို့၏ အစွမ်းဖြင့် ဆုံးရှုံးပျက်စီးသောသီလသည် သပရိယန္တသီလ မည်၏။

အပရိယန္တသီလ- လာဘ်,အခြံအရံ,ဆွေမျိုး,ကိုယ်အင်္ဂါ,အသက်တို့၏ အစွမ်းဖြင့် ဆုံးရှုံးပျက်စီးမှု မရှိသောသီလသည် အပရိယန္တသီလ မည်၏။

သတ္တမဒုက သီလ(၂)ပါး

လောကီသီလ - အာသဝေါတရားလေးပါး တို့၏ အာရုံဖြစ်သောသီလသည် လောကီသီလ မည်ပါသည်။

လောကီသီလသည် ဘဝသမ္ပတ္တိအထူးကို ဆောင်တတ်၏။ ဘဝမှ ထွက်မြောက်ခြင်း၏အကြောင်းလည်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်က -

"-ဝိနည်းသည် စောင့်စည်းခြင်းအကျိုးငှာ ဖြစ်၏။

- စောင့်စည်းခြင်းသည် စိတ်နှလုံးကြည်သာရွှင်လန်းခြင်း အကျိုးငှာ ဖြစ်၏။
- စိတ်နှလုံးကြည်သာရွှင်လန်းခြင်းသည် ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ)အကျိုးငှာ ဖြစ်၏။
- ဝမ်းမြောက်ခြင်းသည် နှစ်သက်ခြင်း(ပီတိ)အကျိုးငှာ ဖြစ်၏။
- နှစ်သက်ခြင်းသည် ငြိမ်းအေးခြင်း(ပဿဒ္ဓိ)အကျိုးငှာ ဖြစ်၏။
- ငြိမ်းအေးခြင်းသည် ချမ်းသာခြင်း(သုခ)အကျိုးငှာ ဖြစ်၏။
- ချမ်းသာခြင်းသည် စိတ်တည်ကြည်ခြင်း(သမာဓိ)အကျိုးငှာ ဖြစ်၏။
- စိတ်တည်ကြည်ခြင်းသည် မှန်ကန်စွာသိမြင်သည့် ယထာဘူတဉာဏ်အကျိုးငှာ ဖြစ်၏။
- ယထာဘူတဉာဏ်သည် ငြီးငွေ့ခြင်း(နိဗ္ဗိဒါဉာဏ်)အကျိုးငှာ ဖြစ်၏။
- ငြီးငွေ့ခြင်းသည် တပ်မက်မှုကင်းခြင်း ဝိရာဂခေါ် မဂ်ဉာဏ် အကျိုးငှာ ဖြစ်၏။
- ဝိရာဂသည် ဝိမုတ္တိခေါ် လွတ်မြောက်သော အရဟတ္တဖိုလ် အကျိုးငှာ ဖြစ်၏။
- ဝိမုတ္တိသည် ဝိမုတ္တိဉာဏဒဿနခေါ် ပစ္စဝေက္ခဏာဉာဏ် အကျိုးငှာ ဖြစ်၏။
- ဝိမုတ္တိဉာဏဒဿနသည် အနုပါဒပရိနိဗ္ဗာနဓာတ်ခေါ် အစွဲ အလမ်းကင်းလျက် ဆင်းရဲခပ်သိမ်းငြိမ်းခြင်း(ပရိနိဗ္ဗာန်-ဝင်စံခြင်း)အကျိုးငှာ ဖြစ်၏။

ဝိနည်းကို ပြောဆိုခြင်း၊ ဝိနည်းကို ဆွေးနွေးတိုင်ပင်ခြင်း၊ ဝိနည်းကို စောင့်စည်းခြင်းစသော အကြောင်းအဆက်ဆက်၊ ဝိနည်းကိုနာကြားခြင်းသည် အစွဲအလမ်းကင်းလျက် စိတ်၏လွတ်မြောက်ခြင်း(ဝိမောက္ခ)အကျိုး ရှိပေ၏။'' ဟု ဟောတော်မူ၏။

လောကုတ္တရာသီလ - အာသဝေါတရားလေးပါးတို့၏ အာရုံမဟုတ်သောသီလသည် လောကုတ္တရာသီလ မည်ပါသည်။ (စည်၁။ ၃၁-၃၅)

တိကသီလ ၁၅-ပါး

ပထမတိက သီလ(၃)ပါး

ဟီနသီလ - ယုတ်ညံ့သောဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဖြစ်စေအပ်သော သီလသည် ဟီနသီလ မည်ပါသည်။

- တစ်နည်းအားဖြင့် အခြံအရံ အကျော်အစောကို လိုလားတောင့်တ၍ ဆောက်တည်ကျင့်သုံးသောသီလသည် ဟီနသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် ''ငါသည်သီလရှိ၏၊ အခြားသူတို့ကား သီလမရှိ၊ ယုတ်မာသောအကျင့်ရှိကုန်၏'' ဟု မိမိကိုယ်ကိုချီးမွမ်းခြင်း(အတ္တုက္ကံသန)၊ သူတစ်ပါးကိုကဲ့ရဲ့ခြင်း(ပရဝမ္ဘန)စသည်တို့ဖြင့် ညစ်နွမ်းသောသီလသည် ဟီနသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို လိုလားတောင့်တသော တဏှာ၏အစွမ်းဖြင့် ဆောက်တည်ကျင့်သုံးသောသီလသည် ဟီနသီလ မည်ပါသည်။

မဇ္ဈိမသီလ - အလယ်အလတ်ဖြစ်သောဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ဖြင့် ဖြစ်စေအပ်သောသီလသည် မဇ္ဈိမသီလ မည်ပါသည်။

- တစ်နည်းအားဖြင့် ကုသိုလ်ကောင်းမှုအကျိုးကို လိုလားတောင့်တ၍ ဆောက်တည်ကျင့်သုံးသောသီလသည် မဇ္ဈိမသီလ မည်ပါသည်။

- တစ်နည်းအားဖြင့် အတ္တုက္ကံသန, ပရဝမ္ဘနစသည်တို့ဖြင့် မည်စ်နွမ်းသောသီလသည် မဇ္ဈိမသီလ မည်ပါသည်။
- မိမိ၏ သံသရာမှလွတ်မြောက်ခြင်းအကျိုးငှာ ရည်သန်၍ ဆောက်တည်ကျင့်သုံးသောသီလသည် မဇ္ဈိမသီလ မည်ပါသည်။

ပဏီတသီလ - မြင့်မြတ်သောဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့် ဖြစ်စေအပ်သောသီလသည် ပဏီတသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် "ဤသီလဆောက်တည်ခြင်းအမှုကို သူတော်ကောင်းမှန်လျှင် ပြုလုပ်သင့်ပြုလုပ်ထိုက်၏"ဟု သူတော်ကောင်းအဖြစ်ကို အကြောင်းပြု၍ ဆောက်တည်ကျင့်သုံးသောသီလသည် ပဏီတသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် လောကုတ္တရာသီလသည် ပဏီတသီလ မည်ပါသည်။
- တစ်နည်းအားဖြင့် သတ္တဝါအားလုံး သံသရာမှလွတ်မြောက်ခြင်းအကျိုးငှာ ရည်သန်၍ ဘုရားအလောင်းများ ဆောက်တည်ကျင့်သုံးသော(ပါရမိတာ)သီလသည် ပဏီတသီလ မည်ပါသည်။

<u>ဒုတိယတိက သီလ(၃)ပါး</u>

အတ္တာဓိပတေယျသီလ - မိမိနှင့်မသင့်လျော် မလျောက်ပတ်သော အကျင့်များကို ပယ်စွန့်လိုသဖြင့် မိမိကိုယ်ကို အလေးဂရုပြုသောအားဖြင့်, မိမိကိုယ်ကို ရိုသေလေးစားသောအားဖြင့် ဆောက်တည်ကျင့်သုံးသောသီလသည် အတ္တာဓိပတေယျသီလ မည်ပါသည်။

လောကာဓိပတေယျသီလ - လူအများ၏ကဲ့ရဲ့ခြင်း(လောကာပဝါဒ)ကို ရှောင်ရှားလိုသဖြင့် လောက(ပတ်ဝန်းကျင်)ကို အလေးဂရုပြုသောအားဖြင့်,လောက(ပတ်ဝန်းကျင်)ကို ရိုသေလေးစားသောအားဖြင့် ဆောက်တည်ကျင့်သုံးသောသီလသည် လောကာဓိပတေယျသီလ မည်ပါသည်။

ဓမ္မာဓိပတေယျသီလ - တရားတော်၏မြင့်မြတ်သောဂုဏ်ကို ပူဇော်လိုသဖြင့် တရားတော်ကို အလေးဂရုပြုသောအားဖြင့်, တရားတော်ကို ရိုသေလေးစားသောအားဖြင့် ဆောက်တည်ကျင့်သုံးသောသီလသည် ဓမ္မာဓိပတေယျသီလ မည်ပါသည်။

တတိယတိက သီလ(၃)ပါး

ပရာမဋ္ဌသီလ - တဏှာ,ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ သုံးသပ်အပ်သောသီလသည် ပရာမဋ္ဌသီလ မည်ပါသည်။
(ဤသီလကို ဒုကသီလတို့၌ နိဿိတသီလ ဟုဆိုခဲ့၏။)

အပရာမဋ္ဌသီလ- ကလျာဏပုထုဇဉ်တို့၏ မဂ်ကိုရခြင်း၏အကြောင်းဖြစ်သော သီလသည်လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်တို့၏ မဂ်နှင့်ယှဉ်သော သီလသည်လည်းကောင်း တဏှာ,ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ်အပ်သည်၏အဖြစ်ကြောင့် အပရာမဋ္ဌသီလ မည်ပါသည်။

ပဋိပ္ပဿဒ္ဓိသီလ- သေက္ခပုဂ္ဂိုလ်,အသေက္ခပုဂ္ဂိုလ်တို့၏ ဖိုလ်နှင့်ယှဉ်သောသီလသည် ကိလေသာအပူမီး ငြိမ်းအေးသည်၏အဖြစ်ကြောင့် ပဋိပ္ပဿဒ္ဓိသီလ မည်ပါသည်။

စတုတ္ထတိက သီလ(၃)ပါး

ဝိသုဒ္ဓသီလ - အာပတ်မသင့်အောင် စောင့်ထိန်းသောသီလသည်လည်းကောင်း၊ အာပတ်သင့်ပြီးသော်လည်း ယင်းအာပတ်ကို အပြစ်အားလျော့စွာ ဒေသနာပြောကြားခြင်းစသည်ဖြင့် ကုစားပြီးသောသီလသည်လည်းကောင်း စင်ကြယ်သောသီလဖြစ်သဖြင့် ဝိသုဒ္ဓသီလ မည်ပါသည်။

အဝိသုဒ္ဓသီလ - အပြစ်အာပတ်သို့ရောက်ပြီးသောရဟန်း၏ မကုစားရသေးသောသီလသည် မစင်ကြယ်သောသီလဖြစ်သဖြင့် အဝိသုဒ္ဓသီလ မည်ပါသည်။

ဝေမတိကသီလ- လွန်ကျူးမိသောဝတ္ထု၌ဖြစ်စေ, အာပတ်၌ဖြစ်စေ, လွန်ကျူးမှု၌ဖြစ်စေ ယုံမှားသံသယရှိသော ပုဂ္ဂိုလ်၏သီလသည် ဝေမတိကသီလ မည်ပါသည်။

ပဉ္စမတိက သီလ(၃)ပါး

သေက္ခသီလ - အရိယာမဂ်လေးပါး,အောက်သာမညဖိုလ်သုံးပါးတို့နှင့် ယှဉ်သောသီလသည် ကျင့်ဆဲဖြစ်သောသေက္ခပုဂ္ဂိုလ်တို့၏ သီလဖြစ်သဖြင့် သေက္ခသီလ မည်ပါသည်။

အသေက္ခသီလ- အရဟတ္တဖိုလ်ိန်နှင့်ယှဉ်သောသီလသည် ကျင့်ဆဲမဟုတ်-ကျင့်ပြီးဖြစ်သောရဟန္တာပုဂ္ဂိုလ်၏ သီလဖြစ်သဖြင့် အသေက္ခသီလမည်ပါသည်။

နေဝသေက္ခ-နာသေက္ခသီလ - ကြွင်းသော လောကီသီလအားလုံးသည် သေက္ခလည်းမဟုတ်, အသေက္ခလည်းမဟုတ်သော သီလဖြစ်သဖြင့် နေဝသေက္ခ-နာသေက္ခသီလ မည်ပါသည်။ (စည်၁။ ၃၉-၄၂)

ပဋိသမ္ဘိဒါမဂ်လာ တိကသီလ(၃)ပါး

ဤနေရာ၌ ထူးခြားချက်အဖြစ် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဖော်ပြထားသည့် တိကသီလ ၃-ပါးကိုလည်း သိထားသင့်၏။ လောကဋ္ဌ သတ္တဝါတို့၏ပင်ကိုယ် အလေ့အကျင့်သဘောကို ပါဠိလို 'သီလ' ဟူ၍ ဆိုကြ၏။ ဥပမာအဖြစ်ဖော်ပြရသော်-

-အယံ သုခသီလော = ဤသူသည် ကောင်းသောသီလ, ကောင်းသော အလေ့အကျင့်(သုခသီလ)ရှိ၏။

-အယံ ဒုက္ခသီလော = ဤသူသည် မကောင်းသောသီလ, မကောင်းသော အလေ့အကျင့်(ဒုက္ခသီလ)ရှိ၏။

-အယံ ကလဟသီလော= ဤသူသည် ရန်ဖြစ်ခြင်း အလေ့အကျင့်(ကလဟ-သီလ)ရှိ၏။

-အယံ မဏ္ဍနသီလော = ဤသူသည် တန်ဆာဆင်ခြင်း အလေ့အကျင့် (မဏ္ဍနသီလ)ရှိ၏-ဟူ၍ ပြောဆိုကြသည်။

ဤသဘောကို ရည်ရွယ်၍ လောကဝေါဟာရ ပရိယာယ်အားဖြင့် ကုသိုလ်သီလ၊ အကုသိုလ်သီလ၊ အဗျာကတသီလ-ဟူ၍ တိကသီလ ၃-ပါးရှိသေးကြောင်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဆိုထားခြင်းဖြစ်သည်

မှတ်ချက်။ ထို ၃-ပါးတို့တွင် အကုသိုလ်သီလသည် သီလ၏လက္ခဏာစသည်တို့နှင့် လုံးဝမညီညွတ်, ဆန့်ကျင်နေသဖြင့် ဤသီလနိဒ္ဒေသ သီလ-ပွဘေဒကထာ၌ အကုသိုလ်သီလပါဝင်သည့် ခြောက်ခုမြောက် တိကသီလအုပ်စု(ကုသလတိက်)ကို ထည့်၍မရေတွက်သင့်ပေ။ ထို့ကြောင့် တိကသီလတို့ကိုရေတွက်ရာ၌ ပြဆိုခဲ့ပြီးသော အုပ်စု ၅-ခုဖြင့်သာ ရေတွက်၍ တိကသီလ ၁၅-ပါး၏-ဟု မှတ်ရမည်။

[တတ္ထ အကုသလံ ကုမသ္မိ အတ္ထေ အဓိပ္ပေတဿ သီလဿ လက္ခဏာဒီသု ဧကေနာပိ နာ သမေတိတိ ကုဓ နာ ဥပနိတံ၊ တသ္မာ ဝုတ္တနယေနေဝဿ တိဝိဓတာ ဝေဒိတဗ္ဗာ။ (ဝိသုဒ္ဓိ၁။ ၁၄)]

စတုက္ကသီလ ၁၆-ပါး

ပထမစတုက္က သီလ(၄)ပါး

ဟာနဘာဂိယသီလ - (၁)သီလမရှိသော ဒုဿီလပုဂ္ဂိုလ်ကို ပေါင်းသင်းမှီဝဲခြင်း၊
(၂)သီလရှိသော သီလဝန္တပုဂ္ဂိုလ်ကို မပေါင်းသင်း မမှီဝဲခြင်း၊
(၃)အမြော်အမြင် ပညာမရှိသည်ဖြစ်၍ အာပတ်သင့်ကြောင်း ဝတ္ထုကိုလွန်ကျူးမှုဌ အပြစ်မမြင်ခြင်း၊
(၄)ကာမဝိတက်စသည် ကြံစည်မှု များလေ့ရှိခြင်း၊
(၅)စက္ခုစသောဣန္ဒြေတို့ကို မစောင့်ရှောက်ခြင်း
ဤငါးပါးတို့ကြောင့် ဆုတ်ယုတ်သောအဖို့ရှိသော သီလသည် ဟာနဘာဂိယသီလ မည်ပါသည်။

ဋ္ဌိတိဘာဂိယသီလ - သီလပြည့်ရုံမျှဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် တရားထူးရရန် ကမ္မဋ္ဌာန်းတရားအားထုတ်မှုဌ လိုလားခြင်းမရှိသောသူ၏ သီလသည် သီလဋ္ဌသာ ရပ်တံ့နေခြင်းအဖို့ရှိသောကြောင့် ဋ္ဌိတိဘာဂိယသီလ မည်ပါသည်။

ဝိသေသဘာဂိယသီလ - ပြည့်စုံစင်ကြယ်သော သီလရှိသည်ဖြစ်၍ စွာန်သမာဓိအကျိုးငှာ အားထုတ်သောသူ၏သီလသည် ထူးခြားသောအဖို့ရှိသောကြောင့် ဝိသေသဘာဂိယသီလ မည်ပါသည်။

နိဗ္ဗေဒဘာဂိယသီလ - သီလမျှဖြင့် ရောင့်ရဲတင်းတိမ်မနေဘဲ ခန္ဓာငါးပါးငြီးငွေ့ကြောင်း ဝိပဿနာဘာဝနာကို မပြတ်အားထုတ်သောသူ၏ သီလသည် ကိလေသာအစိုင်အခဲကို ဖောက်ခွဲခြင်းအဖို့ရှိသောကြောင့် နိဗ္ဗေဒဘာဂိယသီလ မည်ပါသည်။

ဒုတိယစတုက္က သီလ(၄)ပါး

ဘိက္ခုသီလ - ရဟန်းတော်တို့အတွက် ပညတ်တော်မူထားသော သိက္ခာပုဒ်များနှင့် ဘိက္ခုနီမတို့အတွက် ပညတ်တော်မူထားသော သိက္ခာပုဒ်တို့မှ ရဟန်းတော်တို့စောင့်ရှောက်အပ်သည့် အချို့သောသိက္ခာပုဒ်တို့သည် ဘိက္ခုသီလ မည်ပါသည်။

ဘိက္ခုနီသီလ - ဘိက္ခုနီမတို့အတွက် ပညတ်တော်မူထားသော သိက္ခာပုဒ်များနှင့် ရဟန်းတော်တို့အတွက် ပညတ်တော်မူထားသော သိက္ခာပုဒ်တို့မှ

ဘိက္ခုနီမတို့ စောင့်ရှောက်အပ်သည့် အချို့သောသိက္ခာပုဒ်တို့သည် ဘိက္ခုနီသီလ မည်ပါသည်။

အနုပသမ္မန္နသီလ- သာမဏေနှင့် သာမဏေရီတို့၏ ၁၀-ပါးသီလသည် အနုပသမ္မန္နသီလ(သာမဏေသီလ) မည်ပါသည်။

ဂဟဋ္ဌသီလ - လူတို့၏ငါးပါးသီလ၊ စွမ်းနိုင်ပါက ဆယ်ပါးသီလနှင့် ဥပုသ်သီလတို့သည် အိမ်နေလူတို့၏စောင့်ထိန်းရသည့် သီလဖြစ်သဖြင့် ဂဟဋ္ဌသီလ မည်ပါသည်။

တတိယစတုက္က သီလ(၄)ပါး

ပကတိသီလ - ဥတ္တရကုရုကျွန်းသားတို့၏ ငါးပါးသီလကို မလွန်ကျူးခြင်းသည် ပင်ကိုယ်စောင့်ထိန်းနေကြဖြစ်သဖြင့် ပကတိသီလ မည်ပါသည်။

အာစာရသီလ - အမျိုးအနွယ်ဆိုင်ရာကျင့်ဝတ်(ကုလ-အာစာရ)၊ အရပ်ဒေသဆိုင်ရာကျင့်ဝတ်(ဒေသ-အာစာရ)၊ အယူဝါဒဆိုင်ရာကျင့်ဝတ်(ပါသဏ္ဍ-အာစာရ)ဟူသော မိမိတို့နှင့်ဆိုင်ရာ စည်းကမ်းကျင့်ဝတ်အသီးအသီးကို လေးစားလိုက်နာခြင်းသည် အာစာရသီလ မည်ပါသည်။

ဓမ္မတာသီလ - ဘုရားအလောင်း ပဋိသန္ဓေယူနေစဉ် မယ်တော်၌ ကာမဂုဏ်စိတ် မဖြစ်ပေါ်ခြင်းသည် အစဉ်အလာ ဖြစ်မြဲအကြောင်းဖြစ်သောကြောင့် ဓမ္မတာသီလ မည်ပါသည်။

ပုဗ္ဗဟေတုက သီလ - ရှင်မဟာကဿပ အစရှိသော စင်ကြယ်သောပုဂ္ဂိုလ်တို့၏ သီလသည်လည်းကောင်း၊ ထိုထိုဘဝတို့၌ ဘုရားအလောင်းတော်၏ သီလသည်လည်းကောင်း ရှေးဘဝဖြင့်ပြီးသော အကြောင်းရှိသည့် သီလဖြစ်သဖြင့် ပုဗ္ဗဟေတုကသီလ မည်ပါသည်။

စတုတ္ထစတုက္က သီလ(၄)ပါး

ပါတိမောက္ခ-သံဝရသီလ - "ဤသာသနာတော်၌ ရဟန်းသည် ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသည်ဖြစ်၍ နေ၏။ အာစာရ၊ဂေါစရတို့နှင့် ပြည့်စုံ၏။ အဏုမြူမျှသေးငယ်လှသည့် အပြစ်တို့၌သော်မှ ကြောက်မက်ဖွယ်ဘေးကြီးအနေဖြင့် ရှုမြင်လေ့ရှိ၏။ သိက္ခာပုဒ်မှန်သမျှတို့၌

ဆောက်တည်၍ ကျင့်၏။'' ဤသို့ မြတ်စွာဘုရားဟောတော်မူအပ်သောသီလသည် ပါတိမောက္ခသံဝရသီလ မည်ပါသည်။

ဣန္ဒြိယ-သံဝရသီလ - ''ထိုရဟန်းသည် မျက်စိဖြင့် အဆင်းရူပါရုံကိုမြင်လျက်, နိမိတ်ကိုလည်း မှတ်ယူလေ့မရှိ၊ အနုဗျဉ္ဇနကိုလည်း မှတ်ယူလေ့မရှိ၊ စက္ခုန္ဒြေကို မစောင့်စည်းဘဲနေခဲ့သော် အကြင်မစောင့်စည်းခြင်းဟူသောအကြောင်းကြောင့် အဘိဇ္ဈာ, ဒေါမနဿဟူသော အကုသိုလ်တရားဆိုးတို့သည် အစဉ်လိုက်ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းအကျိုးငှာ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ ရောက်၏။ ..(ပ).. သောတန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ ရောက်၏။'' ဤသို့ မြတ်စွာဘုရားဟောတော်မူအပ်သောသီလသည် ဣန္ဒြိယသံဝရသီလ မည်ပါသည်။

အာဇီဝပါရိသုဒ္ဓိ - သီလ အသက်မွေးမှုကို အကြောင်းပြု၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ် ၆-ပါးကို လွန်ကျူးခြင်း၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ကုဟန, လပနာ, နေမိတ္တိကတာ, နိပ္ပေသိကတာ, လာဘေန လာဘနိဇိဂိသနတာတို့၏အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း အာဇီဝပါရိသုဒ္ဓိသီလ မည်ပါသည်။

ပစ္စယသန္နိဿိတ-သီလ - ''ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ'' စသည်ဖြင့် မြတ်စွာဘုရားဟောတော်မူအပ်သော ပညာဖြင့်ဆင်ခြင်ခြင်းကြောင့် ပစ္စည်းလေးပါး သုံးဆောင်မှု စင်ကြယ်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်ပါသည်။ (စည်၁။ ၄၂-၄၅)

မှတ်ချက်။ ဤသီလကြီး၄-ပါးကို သီလအမျိုးအစားများကိုပြဆိုရာ သီလပွဘောဒကထာအဝိုင်းတွင် -
-မူရင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမတွဲ၌ စာမျက်နှာ(၁၆)မှ (၄၃)အထိ၊
-မဟာစည်မူ ပထမတွဲ၌ စာမျက်နှာ(၄၉)မှ (၁၂၅)အထိ၊
-ကျိုက်ထိုမူ ပထမတွဲ၌စာမျက်နှာ(၃၅)မှ (၈၃)အထိ အကျယ်ဖွင့်ပြထား၏။
ဤပို့ချချက်စာအုပ်၌မူ သီးသန့်အဝိုင်းခွဲ၍ ဖော်ပြထားပါသည်။

ပထမ ပဋ္ဌကသီလ ၅-ပါး

၁။ ပရိယန္တ-ပါရိသုဒ္ဓိသီလ	- အရေအတွက် အပိုင်းအခြားရှိသော လူ,သာမဏေတို့၏ သီလသည် ပရိယန္တပါရိသုဒ္ဓိသီလ မည်ပါသည်။
၂။ အပရိယန္တ-ပါရိသုဒ္ဓိသီလ	- အရေအတွက် အပိုင်းအခြားမရှိကုန်သော ရဟန်းတို့၏သီလသည် အပရိယန္တပါရိသုဒ္ဓိသီလ မည်ပါသည်။
၃။ ပရိပုဏ္ဏ-ပါရိသုဒ္ဓိသီလ	- ဝိပဿနာကုသိုလ်အကျင့်တရား၌ မပြတ်ယှဉ်ကုန်သော, သေက္ခဓမ္မဟုဆိုအပ်သော လောကီသိက္ခာသုံးပါး၌ အပြည့်အစုံဖြည့်ကျင့်လေ့ရှိကုန်သော, ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းမရှိ သီလပါရမီအကျိုးငှာ အသက်ကိုစွန့်လွှတ်နိုင်ကုန်သော ကလျာဏပုထုဇဉ်တို့၏သီလသည် ပရိပုဏ္ဏပါရိသုဒ္ဓိသီလ မည်ပါသည်။
၄။ အပရာမဋ္ဌ-ပါရိသုဒ္ဓိသီလ	- ဒိဋ္ဌိသံကိလေသတရားတို့သည် မသုံးသပ်အပ်သောကြောင့် စင်ကြယ်သောသီလဖြစ်သဖြင့် သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏သီလသည် အပရာမဋ္ဌပါရိသုဒ္ဓိသီလ မည်ပါသည်။
၅။ ပဋိပ္ပဿဒ္ဓိ-ပါရိသုဒ္ဓိသီလ	- မြတ်စွာဘုရား၏ တပည့်သားသာဝကဖြစ်ကုန်သော ရဟန္တာပစ္စေကဗုဒ္ဓါနှင့် ဘုရားရှင်တို့၏သီလတော်သည် ကိလေသာအပူငြိမ်းအေး၍ ထက်ဝန်းကျင်စင်ကြယ်သည့်သီလဖြစ်သောကြောင့် ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ မည်ပါသည်။

မှတ်ချက်။ ဤ ပထမ ပဋ္ဌကသီလ(၅)ပါး မည်ပုံသည် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူထားသည်ကို ဖော်ပြထားခြင်း ဖြစ်၏။

၁။ ပရိယန္တပါရိသုဒ္ဓိသီလ

ထိုပထမပဋ္ဌကသီလ ၅-ပါးတို့တွင် လူ,သာမဏေတို့၏သီလသည် အရေအတွက် အပိုင်းအခြားရှိသောကြောင့် ပရိယန္တပါရိသုဒ္ဓိသီလ မည်ပါသည်။

၂။ အပရိယန္တပါရိသုဒ္ဓိသီလ

ရဟန်းတော်တို့၏သီလသည် အကျယ်အားဖြင့် ကုဋေ-ကိုးထောင် တစ်ရာ ရှစ်ဆယ်, ငါးသန်း, သုံးသောင်း, ခြောက်ထောင်(၉၁၈၀-၅,၀၃၆,၀၀၀) ရှိ၏-ဟု ရေတွက်ပိုင်းခြားထားသော်လည်း အကြွင်းအကျန်မရှိ ဆောက်တည်ရခြင်းကို

လည်းကောင်း၊ လာဘ်, အခြံအရံ, အဆွေအမျိုး, အင်္ဂါကြီးငယ်, အသက်တို့၏အစွမ်းဖြင့် အိုင်းအခြားကို မမြင်ရခြင်းကိုလည်းကောင်း ရည်ရွယ်၍ ရဟန်းတော်တို့၏ သီလကို 'အပရိယန္တပါရိသုဒ္ဓိသီလ' မည်၏-ဟုဟောတော်မူခြင်း ဖြစ်ပါသည်။ [ဂဏနဝသေန သပရိယန္တမ္မိ အနဝသေသဝသေန သမာဒါနဘာဝဋ္ဌ လာဘယသဉ္ဇာတိ-ကုလအင်္ဂီဒိဝိတဝသေန အဒိဋ္ဌပရိယန္တဘာဝဋ္ဌ သန္ဓာယ အပရိယန္တပါရိသုဒ္ဓိသီလန္တိ ဝုတ္တံ။ (ဝိသုဒ္ဓိ၊ ၄၄)]

စိရဂုမ္ဗဝါသိက အမ္ဗခါဒက မဟာတိဿမထေရ်ဝတ္ထု

ဤသီလနှင့်ပတ်သက်၍ ကိုယ်အသက်ကိုစွန့်ပြီး သိက္ခာပုဒ်သီလကို စောင့်ထိန်းတော်မူခဲ့သော စိရဂုမ္ဗအရပ်၌ သီတင်းသုံးတော်မူသည့် မဟာတိဿမထေရ်အကြောင်းကို သာဓကအဖြစ် ဖော်ပြထား၏။

"ဓနံ စဇေ အင်္ဂဝရဿ ဟေတု၊
အင်္ဂီ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂီ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊
စဇေ နရော ဓမ္မမနုဿရန္တော။"

"မြတ်သောကိုယ်အင်္ဂါဟူသော အကြောင်းကြောင့် ပစ္စည်းဥစ္စာကို စွန့်လွှတ်ရာ၏။ အသက်ကို စောင့်ရှောက်လိုသောသူသည် ကိုယ်အင်္ဂါကို စွန့်လွှတ်ရာ၏။ သူတော်ကောင်းတရားကို အစဉ်အောက်မေ့သောသူသည်ကား ကိုယ်အင်္ဂါကိုလည်းကောင်း၊ ပစ္စည်းဥစ္စာကိုလည်းကောင်း၊ အသက်ကိုလည်းကောင်း အလုံးစုံကို စွန့်လွှတ်ရာ၏။"

မဟာတိဿမထေရ်သည် အထက်ဖော်ပြပါ သူတော်ကောင်းတို့ ကျင့်ထုံးကို နှလုံးမူ၍ အမှတ်သတိဖြင့် သရက်ပင်အောက်၌ အစာပြတ်၍လဲကျနေစဉ် အလို အလျောက်ကြွေကျသည့် သရက်သီးတို့ကိုမြင်နေသော်လည်း အကပ်မခံဘဲ မသုံးဆောင်ရန် တားမြစ်ထားသောသိက္ခာပုဒ်ကို မလွန်ကျူးမူ၍ အစာတော်ပြီး အသက်သေမည်ကို သိလျက်နှင့်ပင် ထိုသိက္ခာပုဒ်သီလကို စောင့်ထိန်းတော်မူလေ၏။ ထိုအခိုက် ဥပါသကာယောကျ်ားတစ်ဦး ရောက်ရှိလာပြီး မဟာတိဿမထေရ်ကို တွေ့မြင်ကာ ကျောကုန်းထက်၌ ထမ်းပိုး၍ပင်ဆောင်သွား၏။ ထိုစဉ် မထေရ်မြတ်သည် ဥပါသကာယောကျ်ား၏ ကျောကုန်းထက်မှနေ၍ ဤသို့ စဉ်းစားဆင်ခြင်တော်မူ၏။

"နဒိတာ နဒိ တေ မာတာ၊ နဒ ဉာတိ နဒိ ဗန္ဓဝေါ။
ကရောတေ တာဒိသံ ကိစ္စံ၊ သီလဝန္တသ္သ ကာရဏာ။"

"အို...မဟာတိဿရဟန်း၊ ဤဥပါသကာသည် သင်၏ အဘလည်း မဟုတ်၊ အမိလည်း မဟုတ်၊ အဆွေအမျိုးလည်း မဟုတ်၊ မိတ်ဆွေလည်း မဟုတ်ပေ။ ထိုသို့ သူစိမ်းပြင်ပြင် ဖြစ်ပါလျက်နှင့် သီလရှိသည်၏အဖြစ် ဟူသောအကြောင်းကြောင့် ဤသို့သဘောရှိသော ထမ်းပိုးသယ်ဆောင်ခြင်းကိစ္စကို ပြုဘိ၏။"

ဟု တွေးတောဆင်ခြင်မိကာ ထိတ်လန့်သံဝေဖြစ်လျက် အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းဆင်ခြင်၍ ဥပါသကာယောကျ်ား၏ ကျောကုန်းထက်၌ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ဤသည်မှာ အပရိယန္တပါရိသုဒ္ဓိသီလကို အကြောင်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားသော မဟာတိဿမထေရ်အကြောင်း ဖြစ်ပါသည်။

(စည်၁၁။ ၁၂၇-၁၂၈)

၃။ ပရိပုဏ္ဏပါရိသုဒ္ဓိသီလ

ပုထုဇဉ်သူတော်ကောင်းတို့၏ သီလသည် ကောင်းမွန်စွာသွေးထားသည့် ပတ္တမြားအစစ်ပမာ, စင်ကြယ်သန့်ရှင်းအောင် ကျင်ထားပြီးသည့် ရွှေသန့်ပမာ ရဟန်းဖြစ်သည်မှစ၍ အလွန်သန့်ရှင်းစင်ကြယ်ခဲ့သည်၏အဖြစ်ကြောင့် စိတ်ဖြစ်ရုံမျှဖြင့်လည်း ကိလေသာအညစ်အကြေးမှ ကင်းဝေးသည်ဖြစ်၍ အရဟတ္တဖိုလ်၏ နီးသောအကြောင်း ဖြစ်နိုင်ပေ၏။ ထို့ကြောင့် ပုထုဇဉ်သူတော်ကောင်းတို့၏ သီလကို ပရိပုဏ္ဏပါရိသုဒ္ဓိသီလ-ဟုဟောတော်မူခြင်း ဖြစ်သည်။

မဟာသံဃရက္ခိတမထေရ်နှင့် တူတော်မထေရ်ဝတ္ထု

ဤသီလနှင့်ပတ်သက်၍ မဟာသံဃရက္ခိတမထေရ်ကြီးနှင့် ထိုမထေရ်ကြီး၏တူတော်ဖြစ်သူ စူဠသံဃရက္ခိတမထေရ်-ဟူသော တူဝရီးမထေရ်မြတ်နှစ်ပါး အကြောင်းကို သာဓကအဖြစ် တစ်ဆက်တည်း ဖော်ပြထား၏။

ဝါတော်(၆၀)လွန်ပြီးသော မဟာသံဃရက္ခိတမထေရ်ကြီးသည် မကျန်းမာဖြစ်၍ သေရာညောင်စောင်း၌ လျောင်းစက်နေစဉ် မထေရ်ကြီးအား ရဟန်းအပေါင်းက လောကုတ္တရာတရားထူးရ/မရ မေးမြန်းလျှောက်ထားကြလေရာ မထေရ်မြတ်ကြီးက "တပည့်တော် လောကုတ္တရာတရားထူး မရသေးပါဘူး" ဟု ဖြေကြားလေ၏။ ထိုအခါ အလုပ်အကျွေး ရဟန်းငယ်လေးတစ်ပါးက "အရှင်ဘုရား... အရှင်ဘုရားကို ပရိနိဗ္ဗာန်ပြုတော့မည်အထင်ဖြင့် သတင်းစကားကြားပြီး လူအများ စုဝေးရောက်ရှိလာကြပါပြီဘုရား။ အရှင်ဘုရားသည် ပုထုဇဉ်အဖြစ်ဖြင့်

သာ စုတေခဲ့ပါလျှင် များစွာသောလူအပေါင်းတို့ နှလုံးမသာမယာ ဖြစ်ကြပေလိမ့်မည်'' ဟုလျှောက်၏။ ထိုအခါ မထေရ်မြတ်ကြီးက ''ငါ့ရှင်...ငါသည် မေတ္တေယျမြတ်စွာဘုရားရှင်ကို ဖူးမြင်လို၍ ဝိပဿနာတရား အားမထုတ်ဘဲနေခဲ့ခြင်း ဖြစ်၏၊ ထိုသို့ဖြစ်လျှင် ငါ့ကိုထူ၍ ဝိပဿနာတရားအား ထုတ်ရန် အခွင့်ပေးပါလော့'' ဟု မိန့်တော်မူ၏။ ရဟန်းငယ်လေးသည် မထေရ်ကြီးကို ထူမပေးပြီးလျှင် အခန်းအပြင်သို့ ထွက်ပေး၏။ မထေရ်ကြီးလည်း ရဟန်းငယ်လေး အခန်းအပြင်သို့ထွက်သည်နှင့်တစ်ပြိုင်နက် အရဟတ္တဖိုလ်သို့ ချက်ချင်းရောက်သဖြင့် လက်ဖျစ်သံဖြင့် အမှတ်သညာပေးလေ၏။

ထိုအခါ ရဟန်းအပေါင်းတို့ စုဝေးရောက်ရှိလာပြီး ''အရှင်ဘုရား...ဤကဲ့သို့ သေခါနီးအချိန်၌ ခဏချက်ချင်း လောကုတ္တရာတရားကို ဖြစ်စေနိုင်သည်မှာ အလွန်အံ့သြစရာကောင်းလှပါသည်ဘုရား၊ ပြုနိုင်ခဲ့သောအရာကို ပြုလုပ်နိုင်ပါပေစွ'' ဟု လျှောက်ထားကြ၏။ မထေရ်မြတ်ကြီးက ''ငါ့ရှင်တို့...ငါကား ရဟန်းပြုခဲ့သည့်အချိန်မှစ၍ သတိမထား ဉာဏ်ဖြင့်မပိုင်းခြားဘဲ ပြုမိသောအရာဟူ၍ မြူမှုန်တစ်ခုမျှ မရှိခဲ့ပေ'' ဟု မိန့်ကြားတော်မူလေ၏။ ဤသည်မှာ ကလျာဏပုထုဇဉ်တို့၏ သီလသည် ရှေးဦးမဆွကပင် အလွန်သန့်ရှင်းစင်ကြယ်ပြည့်စုံသည့် ပရိပုဏ္ဏပါရိသုဒ္ဓိသီလဖြစ်သောကြောင့် စိတ်ဖြစ်ရုံမျှဖြင့်လည်း ကိလေသာကင်းဝေး၍ အရဟတ္တဖိုလ်ပေါက် ရောက်ရှိနိုင်ကြောင်းကို သာဓကအဖြစ်ဖော်ပြလိုရင်း ဖြစ်သည်။

ထို့အတူ မဟာသံဃရက္ခိတမထေရ်မြတ်ကြီး၏ တူတော်ဖြစ်သူ ''စူဠသံဃရက္ခိတမထေရ်'' သည်လည်း ဝါတော်(၅၀)အရွယ်မှာပင် ဦးရီးတော်မထေရ်မြတ်ကြီးအတိုင်းပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့၏။ (စည်း၁။ ၁၂၈-၁၂၉)

သုတ-သီလနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာ ဂါထာအဓိပ္ပာယ်များ

သုတနည်းပြီး သီလမရှိလျှင် အကဲ့ရဲ့ခံရ

အပ္ပသုတောပိ စေ ဟောတိ၊ သီလေသု အသမာဟိတော။
ဥဘယေန နံ ဂရဟန္တိ၊ သီလတော စ သုတေန စ။

ကြားနာအပ်သည့် တရားသုတနည်းသော်လူ, သီလမရှိသော်လူ ဖြစ်ငြားအံ့၊ ထိုသူကို ပညာရှိတို့သည် အကျင့်သီလအားဖြင့်လည်းကောင်း၊ အကြားအမြင်သုတအားဖြင့်လည်းကောင်း နှစ်ပါးစုံဖြင့် ကဲ့ရဲ့ကြကုန်၏။

သုတနည်းသော်လည်း သီလရှိလျှင် ချီးမွမ်းခံရ

အပ္ပသုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
သီလတော နံ ပသံသန္တိ၊ တထာ သမ္ဗဇ္ဇတေ သုတံ။

ကြားနာအပ်သည့် တရားသုတနည်းသော်လည်း, သီလရှိသောသူ ဖြစ်ပါမူ ထိုသူကို ပညာရှိတို့သည် သီလအကျင့်အားဖြင့် ချီးမွမ်းကြကုန်၏။ ထိုသူ၏ အကြားအမြင် သုတမူကား ပြည့်စုံသင့်သလောက် ပြည့်စုံပါပေ၏။ သို့သော် သုတအားဖြင့် မချီးမွမ်းကြပေ။

သုတများပြီး သီလမရှိလျှင် အကဲ့ရဲ့ခံရ

ဗဟုသုတောပိ စေ ဟောတိ၊ သီလေသု အသမာဟိတော။
သီလတော နံ ဂရဟန္တိ၊ နာဿ သမ္ဗဇ္ဇတေ သုတံ။

ကြားနာမှတ်သားထားသည့် တရားသုတ များစွာရှိသော်လည်း သီလမရှိသောသူဖြစ်ပါမူ ထိုသူကို ပညာရှိတို့သည် သီလအကျင့်အားဖြင့် ကဲ့ရဲ့ရှုတ်ချကြ၏။ အကြားအမြင်သုတ ပြည့်စုံငြားသော်လည်း သီလမရှိပါက ထိုသူ၏သုတသည် မိမိအကျိုး,သူတစ်ပါးအကျိုးကို မဆောင်နိုင်သောကြောင့် ပြည့်စုံသည်မမည်။

သုတများပြီး သီလရှိလျှင် ချီးမွမ်းခံရ

ဗဟုသုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
ဥဘယေန နံ ပသံသန္တိ၊ သီလတော စ သုတေန စ။

အကြားအမြင် ဗဟုသုတလည်းများ, သီလရှိသောသူလည်း ဖြစ်ပါမူ ထိုသူကို ပညာရှိတို့သည် သီလအကျင့်အားဖြင့်လည်းကောင်း၊ အကြားအမြင်သုတ အားဖြင့်လည်းကောင်း နှစ်ပါးစုံဖြင့် ချီးမွမ်းကြကုန်၏။

သီလ,သုတဂုဏ်ရှိသူ ဇမ္ဗူရစ်ရွှေနှင့်တူ

ဗဟုသုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

ရွှေချိန်တစ်နိုက္ခရှိသည့် ဇမ္ဗူရစ်ရွှေစင်ကို မည်သူတစ်ဦးတစ်ယောက်မျှ ကဲ့ရဲ့ခြင်းငှာ မထိုက်သကဲ့သို့ ထို့အတူ ကြားနာမှတ်သား တရားသုတများ၍ သီလ သေည် ကျင့်ဝတ်တရားကိုလည်းဆောင်တတ်သည့် လောကီ,လောကုတ္တရာပညာ နှင့်ပြည့်စုံသော မြတ်ဗုဒ္ဓ၏တပည့်သားသာဝကကို မည်သူတစ်ဦးတစ်ယောက်မျှ

ကဲ့ရဲ့ခြင်းငှာ မထိုက်ပေ။ ထိုသို့သောပုဂ္ဂိုလ်မျိုးကို လူတို့သာမက နတ်တို့လည်း ချီးမွမ်းထိုက်ပါပေ၏။ ဗြဟ္မာတို့လည်း ချီးမွမ်းထိုက်ပါပေ၏။ (စည်၁။ ၁၂၉-၁၃၀)

၄။ အပရာမဋ္ဌပါရိသုဒ္ဓိသီလ

သေက္ခပုဂ္ဂိုလ်တို့၏သီလကို ဒိဋ္ဌိ၏အစွမ်းဖြင့် မှားယွင်းစွာမသုံးသပ်အပ်သည်၏အဖြစ်ကြောင့် 'အပရာမဋ္ဌပါရိသုဒ္ဓိသီလ' ဟု ဆို၏။

တစ်နည်းအားဖြင့် ဘဝရာဂ၏အစွမ်းဖြင့် မသုံးသပ်အပ်သော ပုထုဇဉ်တို့၏ သီလကိုလည်း 'အပရာမဋ္ဌပါရိသုဒ္ဓိသီလ' ဟု ဆို၏။

ကုဋ္ဌမ္ဘိယပုတ္တ တိဿမထေရ်ဝတ္ထု

ဤသီလနှင့်ပတ်သက်၍ သူကြွယ်၏သား(ကုဋ္ဌမ္ဘိယပုတ္တ)တိဿမထေရ်အကြောင်းကို သာဓကအဖြစ် ဖော်ပြထား၏။ ဤအရှင်မြတ်သည် ထိုသို့သဘောရှိသော သီလကိုအမှီပြု၍ အရဟတ္တဖိုလ်၌ တည်လိုသောကြောင့် ရန်သူလူဆိုးတို့ကို-

> "အမောင်တို့...ငါသည် ခြေထောက်နှစ်ချောင်းကို ရိုက်ချိုးပြီးလျှင် သင်တို့ကို အရပ်တစ်ပါးသို့ ထွက်မပြေးမည့်အကြောင်း သိစေပါအံ့၊ ငါသည် ရာဂနှင့်တကွသေခြင်းကို စက်ဆုပ်ပါ၏၊ ရွံက်နိုးပါ၏။"

ဟု ပြောဆိုတောင်းပန်ရှာ၏။ မထေရ်မြတ်သည် ဤသို့ ရာဂနှင့်သေရမည်ကို စက်ဆုပ်ရွံရှာဖွယ် အခြင်းအရာအားဖြင့် စဉ်းစားကြံစည်ပြီးလျှင် အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းဆင်ခြင်၍ အရဟတ္တဖိုလ်သို့ ရောက်ရှိလေ၏။

အညတြ မထေရ်တစ်ပါးဝတ္ထု

မထင်မရှား အညတြမထေရ်တစ်ပါးသည်လည်း ဤနည်းအတိုင်းပင် ဖြစ်၏။ ထိုမထေရ်သည် အသည်းအသန် မကျန်းမမာ ဖြစ်နေ၏။ မိမိလက်ဖြင့်ပင် အစာအာဟာရကို ယူငင်မစားနိုင်ပေ။ ကျင်ကြီးကျင်ငယ်များဖြင့် လုံးထွေးလျက် အနာရောဂါ၏ နှိပ်စက်မှုဒဏ်ကို လူးလိမ့်ခံစားနေရရှာ၏။ ယင်းသို့ဖြစ်နေသည်ကို ရဟန်းငယ်လေးတစ်ပါးက တွေ့မြင်ပြီး "သြော်...အသက်နှင့်စပ်ယှက်နေသည့် သခ်ါရဒုက္ခကား အလွန်ကြီးမားပေစွတကား" ဟု ညည်းတွားပြောဆိုမိ၏။ အဆိုပါ ရဟန်းငယ်လေးကို မထေရ်မြတ်က "ငါ့ရှင်...ငါ ယခုသေလျှင် နတ်စည်းစိမ်ကို

ဧကန်ရမည်။ နတ်စည်းစိမ်ရဖို့အရေး ငါမှာ ယုံမှားစရာ မရှိချေ။ ဤသီလကို ဖျက်၍ရသည့် နတ်စည်းစိမ်ဆိုသည်မှာ သိက္ခာချ၍ရယူအပ်သည့် လူ့စည်းစိမ်နှင့် သာတူပေ၏။ ထို့ကြောင့် ငါအလိုမရှိပြီ၊ ငါသည် ဤသီလနှင့်သာ သေတော့အံ့''ဟု ပြောဆိုပြီးလျှင် မထေရ်မြတ်သည် ထိုနေရာ၌ပင် လဲလျောင်းလျက် နာကျင်ခံခက်နိုပ်စက်လှသည့် အနာရောဂါကိုပင် သုံးသပ်ဆင်ခြင်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုလေ၏။ ယင်းနောက် မထေရ်မြတ်က ရဟန်းအပေါင်းအား-

''ငါ့ရှင်တို့...အနာရောဂါတစ်မျိုးမျိုး ကျရောက်နှိပ်စက်ခြင်းခံနေရသဖြင့် ဆင်းရဲဒုက္ခကို သည်းထန်စွာခံစားနေရသည့် ဖောက်ပြန်ပျက်စီးနေသော ငါ၏ ဤရုပ်ကိုယ်ကောင်ပုပ်သည် နေပူကျဲကျဲမြေမှုန့်ထဲ၌ ဖြန့်ကြဲ၍ထားအပ်သည့် ပန်းပမာ လျင်မြန်စွာ ခြောက်သွေ့ပျက်စီးပေလတ္တံ့။''

''အကြင်အပုပ်ကောင်၌ ရာဂကြောင့် မေ့လျော့ကုန်သော၊ ရာဂကြောင့် တွေဝေမိန်းမောကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ရောက်ခြင်း၏အကြောင်းဖြစ်သော သီလကို ဆုတ်ယုတ်ပျက်စီးစေကြကုန်၏။''

''ထို့ကြောင့် နှစ်သက်စဖွယ်မဟုတ် စက်ဆုပ်ဖွယ်ဖြစ်ပါလျက်နှင့် နှစ်သက်စဖွယ်ဟု ပြောဆိုနေကြသော၊ မစင်မကြယ် ရွံရှာဖွယ်ဖြစ်ပါလျက်နှင့် စင်ကြယ်လှပေ၏-ဟု သမုတ်အပ်သော၊ အပုပ်အမျိုးမျိုးတို့ဖြင့် ပြည့်လျှိုင်နေသော၊ လူပြိန်းကြိုက်အောင် အယောင်ဆောင်ပြတတ်သော၊ အမြဲမပြတ် နာကျင်ခံခက်လှသော၊ ပုပ်ညှီသောအနံ့ရှိသည့် ငါ၏ ဤရုပ်ကိုယ်ကောင်ကြီးသည် သင်တို့အား စက်ဆုပ်ရွံရှာဖွယ်အဖြစ်သာ ဖြစ်ပါစေလော့။''

ဟု မိန့်ကြားတော်မူလေသည်။ ဤသည်မှာ အပရာမဋ္ဌပါရိသုဒ္ဓိသီလကို ထင်ရှားပေါ်လွင်စေသည့် ဝတ္ထုသာဓက ဖြစ်ပါသည်။

၅။ <u>ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ</u>

ရဟန္တာ,ပစ္စေကဗုဒ္ဓါနှင့် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ သီလသည် အလုံးစုံသော ကိလေသာအပူမှန်သမျှ ငြိမ်းအေးသောကြောင့်လည်းကောင်း၊ ထက်ဝန်းကျင်စင်ကြယ်သန့်ရှင်းသောကြောင့်လည်းကောင်း 'ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ' မည်ပါသည်။ (စည်၊ဂ။ ၁၃၀-၁၃၃)

ဒုတိယပဉ္စကသီလစသည်
၄၇-ပါး

ပဟာနသီလ = ပယ်ခြင်း
ဝေရမဏိသီလ = ရှောင်ကြဉ်ခြင်း
စေတနာသီလ = ဆန္ဒကျင်ဘက်စေတနာ
သံဝရသီလ = စောင့်စည်းပိတ်ဆို့ခြင်း
အဝီတိက္ကမသီလ = မလွန်ကျူးခြင်း

ကမ္မပထသီလ(၁၀)ပါး

၁။ ပါဏာတိပါတကို (ပယ်၊ရှောင်၊ ဆန့်၊ ပိတ်၊မလွန်ကျူး)
၂။ အဒိန္နာဒါနကို ။
၃။ ကာမေသုမိစ္ဆာစာရကို ။
၄။ မုသာဝါဒကို ။
၅။ ပိသုဏာဝါစာကို ။
၆။ ဖရုသဝါစာကို ။
၇။ သမ္ဖပ္ပလာပကို ။
၈။ အဘိဇ္ဈာကို ။
၉။ ဗျာပါဒကို ။
၁၀။ မိစ္ဆာဒိဋ္ဌိကို ။

ပုဗ္ဗကသီလ(၅)ပါး

၁၁။ ကာမမှထွက်မြောက်လိုမှု
နေကွမ္မဓာတ်ဖြင့် ကာမစ္ဆန္ဒကို (ပယ်၊ရှောင်၊ ဆန့်၊ ပိတ်၊မလွန်ကျူး)
၁၂။ မေတ္တာဟူသောအဗျာပါဒဖြင့် ဗျာပါဒကို ။
၁၃။ အရောင်အလင်းဟူသောအမှတ်သညာဖြင့် ထိန,မိဒ္ဓကို ။
၁၄။ မပျံ့လွင့်ခြင်း အဝိက္ခေပဖြင့် ဥဒ္ဓစ္စကို ။
၁၅။ တရားတို့ကိုပိုင်းခြားဆုံးဖြတ်ကြောင်းဟူသော
ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကို ။

သဥပါယအင္ဆသမာပတ္တိသီလ(၁၀)ပါး

၁၆။ မဂ်ရကြောင်းဉာဏ်ဖြင့် အဝိန္ဓာကို (ပယ်၊ ရှောင်၊ ဆန့်၊ ပိတ်၊ မလွန်ကျူး)
၁၇။ ဝမ်းမြောက်ခြင်းပါမောဇ္ဇဖြင့်
မမွေ့လျော်ခြင်းအရတိကို ။
၁၈။ ပထမစျာန်ဖြင့် နီဝရဏာတို့ကို ။
၁၉။ ဒုတိယစျာန်ဖြင့် ဝိတက်,ဝိစာရတို့ကို ။
၂၀။ တတိယစျာန်ဖြင့် ပီတိကို ။
၂၁။ စတုတ္ထစျာန်ဖြင့် သုခ,ဒုက္ခတို့ကို ။
၂၂။ အာကာသာနဉ္စာယတနသမာပတ်ဖြင့်
ရူပသညာ၊ ပဋိဃသညာ၊ နာနာတ္တသညာကို ။
၂၃။ ဝိညာဏဉ္စာယတနသမာပတ်ဖြင့်
အာကာသာနဉ္စာယတနသညာကို ။
၂၄။ အာကိဉ္စညာယတနသမာပတ်ဖြင့်
ဝိညာဏဉ္စာယတနသညာကို ။
၂၅။ နေဝသညာနာသညာယတနသမာပတ်ဖြင့်
အာကိဉ္စညာယတနသညာကို ။

နယဝိပဿနာသီလ(၁၈)ပါး

၂၆။ အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို (ပယ်၊ ရှောင်၊ ဆန့်၊ ပိတ်၊ မလွန်ကျူး)
၂၇။ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ။
၂၈။ အနတ္တာနုပဿနာဖြင့် အတ္တသညာကို ။
၂၉။ နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ခြင်းနန္ဒီကို ။
၃၀။ ဝိရာဂါနုပဿနာဖြင့် တပ်မက်မှုရာဂကို ။
၃၁။ နိရောဓာနုပဿနာဖြင့် ဖြစ်ခြင်းသမုဒယကို ။
၃၂။ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်းအာဒါနကို ။
၃၃။ ခယာနုပဿနာဖြင့် အစိုင်အခဲဃနသညာကို ။
၃၄။ ဝယာနုပဿနာဖြင့် အားထုတ်ခြင်းအာယူဟနကို ။
၃၅။ ဝိပရိဏာမာနုပဿနာဖြင့် ဓုဝသညာကို ။
၃၆။ အနိမိတ္တာနုပဿနာဖြင့် တည်မြဲဟန်နိမိတ်ကို ။
၃၇။ အပ္ပဏိဟိတာနုပဿနာဖြင့် တောင့်တခြင်းပဏိဓိကို ။

၃၈။ သုညတာနုပဿနာဖြင့် အတ္တအစွဲအဘိနိဝေသကို ။
၃၉။ အဓိပညာဓမ္မဝိပဿနာဖြင့် အနှစ်ရှိသည်ဟု
နှလုံးသွင်းခြင်း သာရာဒါဘိနိဝေသကို ။
၄၀။ ယထာဘူတဉာဏ်အမြင်ဖြင့် တွေဝေသော
နှလုံးသွင်းခြင်း သမ္မောဟာဘိနိဝေသကို ။
၄၁။ အာဒီနဝါနုပဿနာဖြင့် တဏှာအာလယဖြင့်
နှလုံးသွင်းခြင်း အာလယာဘိနိဝေသကို ။
၄၂။ ပဋိသင်္ခါနုပဿနာဖြင့် တစ်ဖန်မဖြစ်ခြင်းအပွင့်သင်္ခါကို ။
၄၃။ ဝိဝဋ္ဋာနုပဿနာဖြင့် ယှဉ်တွဲကပ်ငြိခြင်းအား ဖြင့်
သင်္ခါရတို့ကိုနှလုံးသွင်းခြင်း သညောဂါဘိနိဝေသကို ။

မဂ်သီလ(၄)ပါး

၄၄။ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်အတူ သန္တာန်တစ်ခုတည်း
တည်သော ကိလေသာတို့ကို (ပယ်၊ ရှောင်၊ ဆန့်၊ ပိတ်၊ မလွန်ကျူး)
၄၅။ သကဒါဂါမိမဂ်ဖြင့်
ရုန့်ရင်းကြမ်းတမ်းသော ကိလေသာတို့ကို ။
၄၆။ အနာဂါမိမဂ်ဖြင့် သိမ်မွေ့သောကိလေသာတို့ကို ။
၄၇။ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ။

အရှင်သာရိပုတ္တရာဟောတော်မူသည့်
သီလ၏ အကျိုးဆက်များ

ဤပြဆိုခဲ့ပြီးသော သီလတို့သည် -
- စိတ်၏သာယာရွှင်လန်းခြင်း(အဝိပ္ပဋိသာရ)အကျိုးငှာ ဖြစ်ကုန်၏။
- ဝမ်းမြောက်ခြင်း(ပါမောဇ္ဇ)အကျိုးငှာ ဖြစ်ကုန်၏။
- နှစ်သက်ခြင်း(ပီတိ)အကျိုးငှာ ဖြစ်ကုန်၏။
- ငြိမ်းအေးခြင်း(ပဿဒ္ဓိ)အကျိုးငှာ ဖြစ်ကုန်၏။
- ရွှင်လန်းဝမ်းသာခြင်း(သောမနဿ)အကျိုးငှာ ဖြစ်ကုန်၏။
- သမာဓိကို အဖန်တလဲလဲ မှီဝဲထုံစေခြင်း(အာသေဝန)အကျိုးငှာ ဖြစ်ကုန်၏။
- သမာဓိကို ပွားများခြင်း(ဘာဝနာ)အကျိုးငှာ ဖြစ်ကုန်၏။
- ကြိမ်ဖန်များစွာလေ့လာခြင်း(ဗဟုလီကမ္မ)အကျိုးငှာ ဖြစ်ကုန်၏။

- သမာဓိကိုတန်ဆာဆင်ခြင်း(အလင်္ကာရ)အကျိုးငှာ ဖြစ်ကုန်၏။
- သမာဓိ၏ အထောက်အပံ့(ပရိက္ခရာ)အကျိုးငှာ ဖြစ်ကုန်၏။
- သမာဓိ၏ အခြံအရံ(ပရိဝါရ)အကျိုးငှာ ဖြစ်ကုန်၏။
- သမာဓိ၏ ထက်ဝန်းကျင်ပြည့်စုံခြင်း(ပါရိပူရိ)အကျိုးငှာ ဖြစ်ကုန်၏။
- စင်စစ် ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းအကျိုးငှာ ဖြစ်ကုန်၏။
- ဝဋ်ဆင်းရဲကို တပ်မက်မှုကင်းခြင်းအကျိုးငှာ ဖြစ်ကုန်၏။
- ဝဋ်ဆင်းရဲမှ ချုပ်ခြင်းအကျိုးငှာ ဖြစ်ကုန်၏။
- ဝဋ်ဆင်းရဲမှ ငြိမ်းအေးခြင်းအကျိုးငှာ ဖြစ်ကုန်၏။
- ထူးသောဉာဏ်ဖြင့်သိခြင်းအကျိုးငှာ ဖြစ်ကုန်၏။
- သစ္စာလေးပါး အမှန်တရားကို ကိုယ်တိုင်ထိုးထွင်းသိခြင်းအကျိုးငှာ ဖြစ်ကုန်၏။
- အသခ်ိတဓာတ် နိဗ္ဗာန်မြတ်ကို မျက်မှောက်ပြုခြင်းအကျိုးငှာ ဖြစ်ကုန်၏-ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ အရှင်သာရိပုတ္တရာမထေရ် ဟောတော်မူပါသည်။

(စည်း၁။ ၁၃၅-၁၃၆)

သီလပေါင်း ၂၈၅-ပါး

ဤသို့လျှင် သီလအမျိုးအစားများကိုပြဆိုရာ သီလပွဘေဒကထာ၌ သီလတို့ကို ပေါင်းရုံးရေတွက်သည်ရှိသော်-

-ဒုကသီလ	၁၄-ပါး
-တိကသီလ	၁၅-ပါး
-စတုက္ကသီလ	၁၆-ပါး
-ပထမပဉ္စကသီလ	၅-ပါး
-ဒုတိယပဉ္စကသီလစသည်(၄၇×၅)	၂၃၅-ပါး
စုစုပေါင်း	၂၈၅-ပါး ဖြစ်သည်။

၄။ ပါတိမောက္ခသံဝရသီလ
အကြောင်း

ပါဠိတော်

ကုဓ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရ-သမ္ပန္နော[1] အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ[2] သမာဒါယ သိက္ခတိ သိက္ခာ-ပဒေသု။[3] (ဝိသုဒ္ဓိ၊ ၁။ ၁၅-၁၆။)

မြန်မာပြန်

ကုဓ=ဤသာသနာတော်၌၊ ဘိက္ခု=ရဟန်းသည်၊ ပါတိမောက္ခသံဝရ-သံဝုတော=ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသည်၊ ဟုတွာ=ဖြစ်၍၊ ဝိဟရတိ=နေ၏။ အာစာရဂေါစရသမ္ပန္နော=အကျင့်,ကျက်စားရာတို့နှင့်ပြည့်စုံသည်၊ ဟောတိ=ဖြစ်၏။ အဏုမတ္တေသု=အဏုမြူမျှသေးငယ်လှသော၊ ဝဇ္ဇေသု=အပြစ်တို့၌၊ ဘယဒဿာဝီ=ကြောက်ဖွယ်ဘေးကြီးဟုရှုမြင်လေ့ရှိသည်၊ ဟောတိ=ဖြစ်၏။ သိက္ခာပဒေသု=သိက္ခာပုဒ်တို့၌၊ သမာဒါယ=ဆောက်တည်၍၊ သိက္ခတိ=ကျင့်၏။

"ဤသာသနာတော်၌ ရဟန်းသည် ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသည်ဖြစ်၍ နေ၏။ အကျင့်(အာစာရ),ကျက်စားရာ(ဂေါစရ)တို့နှင့် ပြည့်စုံ၏။ အဏုမြူမျှသေးငယ်လှသော အပြစ်တို့၌ ကြောက်ဖွယ်ဘေးကြီး-ဟု ရှုမြင်လေ့ရှိ၏။ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်၏။"

ပါတိမောက္ခသံဝရသီလ၏
အင်္ဂါသုံးပါး

၁။ အာစာရဂေါစရသမ္ပန္န = အကျင့်,ကျက်စားရာတို့နှင့်ပြည့်စုံခြင်း၊
၂။ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ = အဏုမြူမျှသေးငယ်သောအပြစ်တို့ကို ကြောက်ဖွယ်ဘေးကြီးအနေဖြင့် ရှုမြင်လေ့ရှိခြင်း၊
၃။ သမာဒါယ သိက္ခတိ သိက္ခာပဒေသု = ကျင့်ဖွယ်မှန်သမျှသိက္ခာပုဒ်တို့၌ ကုန်စင်အောင် ဆောက်တည်ကျင့်သုံးခြင်း၊

ဘိက္ခုမည်ပုံ

သာသနာတော်ကို ကြည်ညိုး၍ ရဟန်းပြုလာသော အမျိုးကောင်းသားကို သံသရာ၌တွေ့ကြုံရမည့် ကြောက်မက်ဖွယ်ဘေးကို မျှော်ရှုတတ်သောကြောင့်လည်းကောင်း၊ တန်ဖိုး၊ အဆင်း၊ အတွေ့အားဖြင့် ပျက်စီးပြိုးသည့် အဖိုးမတန်သောအဝတ်ကို တော်ဆင်ထားသောကြောင့်လည်းကောင်း ''ဘိက္ခု=ရဟန်း'' ဟု ခေါ်ပါသည်။

ပါတိမောက္ခသံဝရသံဝုတ မည်ပုံ

ပါတိမောက္ခ = **ပါတိ** (စောင့်ရှောက်သူ) + **မောက္ခ** (လွတ်မြောက်ခြင်း)

- ပါတိ မောက္ခေတိတိ ပါတိမောက္ခံ။
(ပါတိ=သိက္ခာပုဒ်သီလ စောင့်ထိန်းသူကို၊ အပါယာဒိဒုက္ခတော =အပါယ်အစရှိသောဆင်းရဲမှ၊ မောက္ခေတိ=လွတ်မြောက်စေတတ်၏၊ ဣတိ=ထို့ကြောင့်၊ ပါတိမောက္ခံ= ပါတိမောက္ခမည်၏။)
- စာရိတ္တ၊ဝါရိတ္တအားဖြင့် နှစ်မျိုးနှစ်စားသော သိက္ခာပုဒ်၏ အစွမ်းဖြင့် ပညတ်ထားသောသိက္ခာပုဒ်သီလသည် ယင်းသီလကို စောင့်ရှောက်ထိန်းသိမ်းသူကို အပါယ်စသောဆင်းရဲတို့မှ လွတ်မြောက်စေတတ်သောကြောင့် ပါတိမောက္ခ(ပါတိမောက်) မည်ပါသည်။

သံဝရ - ကိုယ်၊နှုတ်တို့ဖြင့် မလွန်ကျူးခြင်း-ဟုဆိုအပ်သော ဝိတ်ဆို စောင့်စည်းခြင်းသည် သံဝရ မည်ပါသည်။

ပါတိမောက္ခ-သံဝရ
- ပါတိမောက်အမည်ရသည့် သိက္ခာပုဒ်သီလများကို ကိုယ်၊နှုတ်တို့ဖြင့် မလွန်ကျူးခြင်းဟုဆိုအပ်သော လုံခြုံအောင်ဝိတ်ဆို စောင့်စည်းမှုသည် ပါတိမောက္ခသံဝရ မည်ပါသည်။
- စင်စစ်၊ ပါတိမောက်သည်ပင် သံဝရမည်သဖြင့် ပါတိမောက္ခ-သံဝရ-ဟုဆိုခြင်း ဖြစ်သည်။

ပါတိမောက္ခ-သံဝရသံဝုတ
- ပါတိမောက်အမည်ရသည့် သိက္ခာပုဒ်သီလများကို ကိုယ်၊နှုတ်တို့ဖြင့်မလွန်ကျူးခြင်း၊ လုံခြုံအောင်ဝိတ်ဆို စောင့်စည်းခြင်း ဟုဆိုအပ်သော ထိုပါတိမောက္ခသံဝရနှင့် ပြည့်စုံခြင်းကိုပင် ''ပါတိမောက္ခသံဝရသံဝုတ'' ဟုခေါ်ခြင်း ဖြစ်သည်။

၁။ အာစာရဂေါစရသမ္မန္ဒ

အာစာရဂေါစရသမ္မန္ဒ = အာစာရသမ္မန္ဒ + ဂေါစရသမ္မန္ဒ

အာစာရသမ္မန္ဒ = အကျင့်နှင့်ပြည့်စုံခြင်း

ဂေါစရသမ္မန္ဒ = ကျက်စားရာနှင့်ပြည့်စုံခြင်း

စျာနဝိဘင်းလာ

အာစာရ-အနာစာရများ အကြောင်း

စျာနဝိဘင်းပါဠိတော်၌ အာစာရ နှင့် အနာစာရ-ဟူ၍ နှစ်မျိုးဟောတော်မူ၏။ ထိုတွင်-

(က)ကိုယ်၌ဖြစ်သောလွန်ကျူးခြင်း၊ နှုတ်၌ဖြစ်သောလွန်ကျူးခြင်း၊ ကိုယ်,နှုတ်၌ဖြစ်သောလွန်ကျူးခြင်းကို "အနာစာရ=မသင့်လျော်သောအကျင့်" ဟုခေါ်၏။ စင်စစ်၊ သီလပျက်ကြောင်း အကျင့်မှန်သမျှသည် "အနာစာရ=မသင့်လျော်သောအကျင့်" ပင် ဖြစ်၏။

(ခ) ကိုယ်၌ဖြစ်သောမလွန်ကျူးခြင်း၊ နှုတ်၌ဖြစ်သောမလွန်ကျူးခြင်း၊ ကိုယ်,နှုတ်၌ဖြစ်သော မလွန်ကျူးခြင်းကို "အာစာရ=သင့်လျော်သောအကျင့်" ဟုခေါ်၏။ စင်စစ်၊ သီလစောင့်စည်းမှု မှန်သမျှသည် "အာစာရ=သင့်လျော်သောအကျင့်" ပင် ဖြစ်၏။

(က) အနာစာရအကျင့်များ

မိမိအား ကြည်ညိုစေရန် လူဒါယကာတို့အား-

ဝေဠုဒါန = ဝါးပေးခြင်း၊

ပတ္တဒါန = သစ်ရွက်ပေးခြင်း၊

ပုပ္ဖဒါန = ပန်းပေးခြင်း၊

ဖလဒါန = သစ်သီးပေးခြင်း၊

စုဏ္ဏဒါန = ရေချိုးကသယ်မှုန့်ပေးခြင်း၊

ဒန္တကဋ္ဌဒါန = ဒန်ပူပေးခြင်း၊

စာဋုကမျတာ = မိမိကိုယ်ကို နှိမ်ချလျက် "ကျွန်တော်၊ ဗျာ၊ ဟုတ်ကဲ့" စသည်ဖြင့် ဒါယကာတို့အား ပျူပျူငှာငှာ ဆက်ဆံပြောဆိုခြင်း၊

မုဂ္ဂသူပျတာ = ပဲနောက်ဟင်းအလား အမှန်နည်းပါး အမှားများသည့် စကားမျိုးကို ပြောဆိုခြင်း၊

ပါရိဘဋ္ဌတာ = လူတို့၏ကလေးငယ်များကို ချီပိုးထိန်းကျောင်းပေးခြင်း၊

ဇေယ်ပေသနိက = ခြေသလုံး အစေအပါး ခံခြင်း၊
ဗုဒ္ဓပဋိကုဋ္ဌ- = မြတ်စွာဘုရား တားမြစ်ကဲ့ရဲ့တော်မူအပ်သော ဆေးကုခြင်း
မိစ္ဆာအာဇီဝ စသော မှားယွင်းသည့် လုပ်ငန်းတစ်မျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ခြင်း၊

ဤအကျင့်တို့သည် ရဟန်းတို့နှင့်မသင့်လျော် မလျောက်ပတ်သော အကျင့်များဖြစ်သဖြင့် "အနာစာရ=မသင့်လျော်သောအကျင့်" များ ဖြစ်ပါသည်။

(ခ) <u>အာစာရအကျင့်များ</u>

မိမိအား ကြည်ညိုစေရန် လူဒါယကာတို့အား-

နှ ဝေဠုဒါန = ဝါးမပေးခြင်း၊
နှ ပတ္တဒါန = သစ်ရွက်မပေးခြင်း၊
နှ ပုပ္ဖဒါန = ပန်းမပေးခြင်း၊
နှ ဖလဒါန = သစ်သီးမပေးခြင်း၊
နှ စုဏ္ဏဒါန = ရေချိုးကသယ်မှုန့်မပေးခြင်း၊
နှ ဒန္တကဋ္ဌဒါန = ဒန်ပူမပေးခြင်း၊
နှ စာဋုကမျတာ = မိမိကိုယ်ကို နှိမ်ချလျက် "ကျွန်တော်၊ ဗျာ၊ ဟုတ်ကဲ့" စသည်ဖြင့် ဒါယကာတို့အား ပျူပျူငှာငှာ မဆက်ဆံ မပြောဆိုခြင်း၊
နှ မုဂ္ဂသူပျတာ = ပဲနောက်ဟင်းအလား အမှန်နည်းပါး အမှားများသည့် စကားမျိုးကို မပြောဆိုခြင်း၊
နှ ပါရိဘဋ္ဌတာ = လူတို့၏ကလေးငယ်များကို ချီပိုးထိန်းကျောင်းမှုကို မပြုခြင်း၊
နှ ဇေယ်ပေသနိက = ခြေသလုံး အစေအပါး မခံခြင်း၊
နှ ဗုဒ္ဓပဋိကုဋ္ဌ- = မြတ်စွာဘုရား တားမြစ်ကဲ့ရဲ့တော်မူအပ်သော ဆေးကုခြင်း
မိစ္ဆာအာဇီဝ စသော မှားယွင်းသည့် လုပ်ငန်းတစ်မျိုးမျိုးကို မပြုလုပ်မဆောင်ရွက်ခြင်း၊

ဤအကျင့်တို့သည် ရဟန်းတို့နှင့်သင့်လျော် လျောက်ပတ်သော အကျင့်များဖြစ်သဖြင့် "အာစာရ=သင့်လျော်သောအကျင့်" များ ဖြစ်ပါသည်။

<u>မှတ်ချက်</u>။ အနာစာရအကျင့်၌ ဖော်ပြထားသော ဝါးပေးခြင်းစသည်တို့ကို မပြုလုပ်ခြင်းသည်ပင် အာစာရ=သင့်လျော်သောအကျင့်ကို ပြုကျင့်ရာရောက်သဖြင့် ယင်းကိုပင် "အာစာရသမ္ပန္န=အကျင့်နှင့်ပြည့်စုံခြင်း" ဟု ဆိုခြင်းဖြစ်သည်။ (စည်၁။ ၅၂-၅၃)

ဈာနဝိဘင်းလာ

ဂေါစရ-အဂေါစရများ အကြောင်း

ဈာနဝိဘင်းပါဠိတော်၌ ဂေါစရ နှင့် အဂေါစရ-ဟူ၍ နှစ်မျိုးဟောတော်မူ၏။ ထိုတွင်-

(က)ဆွမ်းခံသွားခြင်းစသည်အလို့ငှာ ချဉ်းကပ်ရန်မသင့်လျော်သော အရပ်ဒေသ, ပုဂ္ဂိုလ်များကို "အဂေါစရ=မကျက်စားသင့်သောနေရာ"ဟု ခေါ်ပါသည်။

(ခ) ဆွမ်းခံသွားခြင်းစသည်အလို့ငှာ ချဉ်းကပ်ရန်သင့်လျော်သော အရပ်ဒေသ, ပုဂ္ဂိုလ်များကို "ဂေါစရ=ကျက်စားသင့်သောနေရာ"ဟု ခေါ်ပါသည်။

(က) အဂေါစရ(မကျက်စားသင့်သောနေရာများ)

ဆွမ်းခံသွားခြင်းစသည်အလို့ငှာ ရဟန်းတော်တို့ ရှင်းရှင်းနှိုးနှိုး ချဉ်းကပ်သွားလာရန် မသင့်လျော်သည့်နေရာများမှာ (၀၂)သိက္ခာသုံးပါးအား မလျော်သောဆက်ဆံခြင်းမျိုးဖြင့် မရောနှော မဆက်ဆံသင့်သည့်ပုဂ္ဂိုလ်များမှာ-

- ပြည့်တန်ဆာမအိမ်
- မုဆိုးမအိမ်
- အပျိုကြီးအိမ်
- ပဏ္ဍာကအိမ်
- ဘိက္ခုနီမတို့နေရာကျောင်း
- သေရည်ဆိုင်
- မင်း,မင်း၏အမတ်ကြီး
- တိတ္ထိ,တိတ္ထိတို့၏တပည့်သာဝကများ ဖြစ်သည်။

တစ်နည်းအားဖြင့် -

- ကံ,ကံ၏အကျိုးကိုမယုံကြည်သော သဒ္ဓါတရားခေါင်းပါးသည့်ပုဂ္ဂိုလ်၊
- ရတနာသုံးပါးကို မကြည်ညိုသောပုဂ္ဂိုလ်၊
- စတုဒိသာ ရေတွင်းရေကန်သဖွယ်မဖြစ်သောပုဂ္ဂိုလ်၊
- ရဟန်း၊ ရဟန်းမိန်းမ၊ ဗုဒ္ဓဘာသာဝင် ဥပါသကာ-ဥပါသိကာမတို့ကို ဆဲရေးခြိမ်းခြောက်ခြင်း,အကျိုးစီးပွားမဲ့ကိုလိုလားခြင်း, ချမ်းသာစွာနေရသည်ကို မလိုလားခြင်း, ဘေးရန်ကင်းမှုကို မလိုလားခြင်း-ရှိကုန်သောပုဂ္ဂိုလ်တို့ကို ရှင်းရှင်းနှိုးနှိုး ပေါင်းသင်းဆက်ဆံခြင်းသည်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တို့နေထိုင်ရာ အရပ်ဒေသများဆီသို့ ချဉ်းကပ်သွားလာခြင်းသည်လည်းကောင်း "အဂေါစရ=မကျက်စားသင့်သောနေရာ"များ ဖြစ်ပါသည်။

(ခ) <u>ဂေါစရ(ကျက်စားသင့်သောနေရာများ)</u>

ဂေါစရ(ကျက်စားသင့်သောနေရာ)များမှာ-

- ပြည့်တန်ဆာမအိမ်လျှင် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊
- ခုဆိုးမအိမ်လျှင် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊
- အပျိုကြီးအိမ်လျှင် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊
- ပဏ္ဍုက်အိမ်လျှင် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊
- ဘိက္ခုနီမတို့နေရာကျောင်းလျှင် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊
- သေရည်ဆိုင်လျှင် ရင်းရင်းနှီးနှီး ချဉ်းကင်သွားလာမှုမရှိခြင်း၊
- မင်း,မင်း၏အမတ်ကြီးတို့နှင့် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊
- တိတ္ထိ,တိတ္ထိတို့၏တပည့်သာဝကတို့နှင့် ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာမှုမရှိခြင်း၊ တို့ဖြစ်သည်။

တစ်နည်းအားဖြင့် -

- ကံ,ကံ၏အကျိုးကိုယုံကြည်သော သဒ္ဓါတရားပေါများသည့်ပုဂ္ဂိုလ်၊
- ရတနာသုံးပါးကို ကြည်ညိုသောပုဂ္ဂိုလ်၊
- စတုဒိသာ ရေတွင်းရေကန်သဖွယ်ဖြစ်သောပုဂ္ဂိုလ်၊
- ရဟန်းတို့၏သင်္ကန်းရောင် တပြောင်ပြောင်တောက်ပသောပုဂ္ဂိုလ်တို့၏အိမ်၊
- ရဟန်း၊ ရဟန်းမိန်းမ၊ ဗုဒ္ဓဘာသာဝင် ဥပါသကာ-ဥပါသိကာမတို့ကို မဆဲရေးမခြိမ်းခြောက်ခြင်း, အကျိုးစီးပွားကိုလိုလားခြင်း, ချမ်းသာစွာနေရသည်ကိုလိုလားခြင်း, ဘေးရန်ကင်းမှုကိုလိုလားခြင်း-ရှိကုန်သောပုဂ္ဂိုလ်တို့ကို ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခြင်းသည်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်တို့ နေထိုင်ရာအရပ်ဒေသများဆီသို့ ချဉ်းကပ်သွားလာခြင်းသည်လည်းကောင်း "ဂေါစရ=ကျက်စားသင့်သောနေရာ"များ ဖြစ်ပါသည်။

<u>မှတ်ချက်။</u> အဂေါစရ၌ ဖော်ပြထားသည့် ပြည့်တန်ဆာမအိမ်စသည်တို့သို့ ရင်းရင်းနှီးနှီး ချဉ်းကပ်သွားလာခြင်းစသည်ကို ရှောင်ကြဉ်ခြင်းသည်ပင် ဂေါစရ=ကျက်စားသင့်သောနေရာများသို့ ချဉ်းကပ်သွားလာရာရောက်သဖြင့် ယင်းကိုပင် "ဂေါစရသမ္ပန္န=ကျက်စားရာနှင့်ပြည့်စုံခြင်း"ဟု ဆိုခြင်းဖြစ်သည်။ (စည်၁။ ၅၃-၅၅)

—

မဟာနိဒ္ဒေသလာ
အာစာရ-အနာစာရများ အကြောင်း

တစ်နည်းအားဖြင့် မဟာနိဒ္ဒေသလာ အာစာရ-အနာစာရများအကြောင်းကိုလည်း ဖော်ပြပါမည်။ ထိုတွင် အာစာရ၌ ကာယိကအာစာရနှင့် ဝါစသိကအာစာရဟူ၍ နှစ်မျိုး၊ အနာစာရ၌လည်း ကာယိကအနာစာရ နှင့် ဝါစသိကအနာစာရဟူ၍ နှစ်မျိုး ဟောတော်မူထား၏။

အနာစာရ ၂-မျိုး

၁။ ကာယိက အနာစာရ

ကိုယ်၌ဖြစ်သော မသင့်လျော်သောအကျင့်များကို "ကာယိက အနာစာရ" ဟုခေါ်ပါသည်။ ယင်းအကျင့်များမှာ-

- သံဃာစည်းဝေးရာအရပ်၌ အရိုအသေမပေးဘဲ ထေရ်ကြီးဝါကြီးများကို တိုးဝှေ့၍ ရပ်ခြင်း၊ တိုးဝှေ့၍ထိုင်ခြင်း၊
- ထေရ်ကြီးဝါကြီးများ၏ ရှေ့၌ရပ်ခြင်း၊ ရှေ့၌ထိုင်ခြင်း၊
- ထေရ်ကြီးဝါကြီးများထက် မြင့်မြတ်သောနေရာ၌ ထိုင်ခြင်း၊
- ထေရ်ကြီးဝါကြီးများရှေ့၌ ဦးခေါင်းခြုံ၍နေခြင်း၊
- ထေရ်ကြီးဝါကြီးများကို မတ်တပ်ရပ်လျက် စကားပြောဆိုခြင်း၊ စကားပြောဆိုရာတွင်လည်း လက်ရုံးဆန့်တန်းလျက်(လက်ဟန်ခြေဟန်ဖြင့်) ပြောဆိုခြင်း၊
- ထေရ်ကြီးဝါကြီးများက ဖိနပ်မစီးဘဲ စင်္ကြံလျှောက်စဉ် မိမိကဖိနပ်စီးလျက် စင်္ကြံလျှောက်ခြင်း၊
- ထေရ်ကြီးဝါကြီးများက အောက်စင်္ကြံ၌ စင်္ကြံလျှောက်နေစဉ် မိမိက အထက်စင်္ကြံ၌ စင်္ကြံလျှောက်ခြင်း၊
- ထေရ်ကြီးဝါကြီးများက မြေပြင်၌ စင်္ကြံလျှောက်နေစဉ် မိမိက စင်္ကြံထက်၌ စင်္ကြံလျှောက်ခြင်း၊
- ထေရ်ကြီးဝါကြီးများ၏ အနီး၌ကပ်၍ ထိုင်ခြင်း၊ အနီး၌ကပ်၍ ရပ်ခြင်း၊
- မိမိအောက်ဝါငယ်သည့် ရဟန်းငယ်များကို နေရာမှတားမြစ်ခြင်း၊
- မီးဖိုအိမ်၌ မထေရ်ကြီးတို့ကို မပန်ကြားဘဲ ထင်းမီးထည့်ခြင်း၊ မီးဖိုအိမ်တံခါးကို မပန်ကြားဘဲ ပိတ်ခြင်း၊
- ရေချိုးဆိပ်သို့ဆင်းရာ၌ ထေရ်ကြီးဝါကြီးများကို တိုးဝှေ့၍ဆင်းခြင်း၊ ထေရ်ကြီးဝါကြီးများရှေ့မှ ဆင်းခြင်း၊

- ရေချိုးရာ၌ ထေရ်ကြီးဝါကြီးများကိုတိုးဝှေ့၍ ရေချိုးခြင်း၊ ထေရ်ကြီးဝါကြီးများ ရှေ့မှ ရေချိုးခြင်း၊
- ရေချိုးပြီးနောက် ရေချိုးဆိပ်သို့တက်ရာ၌ ထေရ်ကြီးဝါကြီးများကို တိုးဝှေ့၍တက် ခြင်း၊ ထေရ်ကြီးဝါကြီးများရှေ့မှ တက်ခြင်း၊
- မြို့ရွာတွင်းသို့ သွားလာရာအခါ၌ ထေရ်ကြီးဝါကြီးများကို တိုးဝှေ့၍သွားခြင်း၊ ထေရ်ကြီးဝါကြီးများရှေ့မှ သွားခြင်း၊ ထေရ်ကြီးဝါကြီးများကို ကျော်တက်၍ ရှေ့မှသွားခြင်း၊
- လူတို့၏လျှိုဝှက်ခန်း၊ အိမ်ထောင်ရှင်တို့၏အိပ်ခန်း၊ အမျိုးသမီးတို့၏အိပ်ခန်း အတွင်းသို့ အဆောတလျင်ဝင်ခြင်း၊
- ကလေးသူငယ်တို့၏ ဦးခေါင်းကို ကိုင်တွယ်ပွတ်သပ်ခြင်း တို့ဖြစ်သည်။

၂။ ဝါစသိက အနာစာရ

နှုတ်၌ဖြစ်သော မသင့်လျော်သောအကျင့်များကို "ဝါစသိက အနာစာရ" ဟုခေါ်ပါသည်။ ယင်းအကျင့်များမှာ-

- သံဃာစည်းဝေးရာအရပ်၌ အရိုအသေမပေးဘဲ ထေရ်ကြီးဝါကြီးများကို ကြိုတင် မမန်ကြားမူ၍ တရားဟောခြင်း၊ ပြဿနာကိုဖြေကြားခြင်း၊ ပါတိမောက်ပြခြင်း၊
- ထေရ်ကြီးဝါကြီးများကို မတ်တပ်ရပ်လျက် စကားပြောဆိုခြင်း၊ စကားပြောဆိုရာ တွင်လည်း လက်ရုံးဆန့်တန်းလျက်(လက်ဟန်ခြေဟန်ဖြင့်) ပြောဆိုခြင်း၊
- ရပ်ရွာအတွင်းသို့သွား၍ အိမ်ထောင်သည်အမျိုးသမီး၊ သမီးပျိုစသည်တို့အား "ဟဲ့...အဘယ်အမည်ရှိသူဒကာမ, အဘယ်အနွယ်ရှိသူဒကာမ သင့်မှာ ဘာ ရှိသလဲ?၊ ယာဂုရှိသလား?၊ ထမင်းရှိသလား?၊ ခဲဖွယ်ရှိသလား?၊ ဘာကို သောက်ရမှာတုံး၊ ဘာများ စားရမှာတုံး၊ ငါ့ကို ဘာလုပ်မှာလဲ?" စသည်ဖြင့် ထွေထွေလာလာပြောဆိုခြင်း တို့ဖြစ်ပါသည်။ (စည်၁။ ၅၅-၅၇)

မှတ်ချက်။ - ကာယိကအာစာရ၊ ဝါစသိကအာစာရများကို အထက်ဖော်ပြပါ အနာစာရနှစ်မျိုးနှင့် ဆန့်ကျင်ဘက် မှတ်ပါ။

- ကိုယ်, နှုတ်၌ဖြစ်သော မသင့်လျော်သောအကျင့်(အနာစာရ)တို့ကို ရှောင်ကြဉ်ခြင်းသည်ပင် သင့်လျော်သောအကျင့်(အာစာရ)ကို ကျင့်ရာရောက်သဖြင့် ယင်းကိုပင် "အာစာရသမ္ပန္နေ=အကျင့်နှင့် ပြည့်စုံခြင်း" ဟု ဆိုခြင်းဖြစ်သည်။

အင္ဂကထာလာ ရဟန်းတို့ကျင့်ရမည့် အာစာရများ

တစ်နည်းအားဖြင့် အင္ဂကထာ၌ဖော်ပြထားသည့် ရဟန်းတို့ကျင့်ရမည့် အာစာရများမှာ-

- ထေရ်ကြီးဝါကြီးများကို ရိုသေလေးစားမှုရှိခြင်း၊
- တုပဝပ်နှိမ်ချမှုရှိခြင်း၊
- အရှက်,အကြောက်နှင့်ပြည့်စုံခြင်း၊
- သေခိယနှင့်အညီ သင်္ကန်းကိုကောင်းစွာဝတ်ရုံခြင်း၊
- ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တည့်တည့်ကြည့်ခြင်း, စောင်းငဲ့ကြည့်ခြင်း,လက်ခြေတို့ကိုကွေးခြင်း,ဆန့်ခြင်းတို့၌ ကြည်ညိုဖွယ်ကိုဆောင်ခြင်း၊
- မျက်လွှာချ၍ ကြည်ညိုဖွယ်ကောင်းသော ဣရိယာပုထ်နှင့်ပြည့်စုံခြင်း၊
- စက္ခုစသောဣန္ဒြေတို့ကို လုံခြုံအောင်စောင့်စည်းခြင်း၊
- ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း၊
- နိုးကြားမှုနှင့် အမြဲမပြတ်ယှဉ်ခြင်း၊
- သတိ,သမ္ပဇဉ်နှင့်ပြည့်စုံခြင်း၊
- အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ လုံလဝီရိယရှိခြင်း၊
- အာဘိသမာစာရိကခေါ် သေးငယ်သောသိက္ခာပုဒ်တို့ကိုပင် အလေးအမြတ်ရှိသေသမှုနှင့် စောင့်ထိန်းခြင်း တို့ဖြစ်ပါသည်။

ဤအကျင့်အာစာရများနှင့်ပြည့်စုံခြင်းကိုလည်း "အာစာရသမ္ပန္နေ" ဟု ခေါ်ပါသည်။

(စည်၁။ ၅၇-၅၈)

တစ်နည်း ရဟန်းတို့ကျက်စားသင့်သော ဂေါစရ ၃-မျိုး

တစ်နည်းအားဖြင့် ရဟန်းတော်တို့ကျက်စားသင့်သော ဂေါစရများမှာ-

၁။ ဥပနိဿယဂေါစရ = သီလစသောဂုဏ်တို့၏ အားကြိုးသောမှီရာအကြောင်းဖြစ်သော ကျက်စားရာ၊

၂။ အာရက္ခဂေါစရ = စိတ်၏အစောင့်အရှောက်ဖြစ်သော ကျက်စားရာ၊

၃။ ဥပနိဗန္ဓဂေါစရ = စိတ်ကိုဖွဲ့ချည်ရာ ကမ္မဋ္ဌာန်းအာရုံဟူသော ကျက်စားရာတို့ဖြစ်သည်။

၁။ ဥပနိဿယဂေါစရ

ကထာဝတ္ထုဆယ်ပါးနှင့်ပြည့်စုံသည့် ကလျာဏမိတ္တပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းသည် "ဥပနိဿယဂေါစရ" မည်ပါသည်။ ဤဥပနိဿယဂေါစရနှင့် ပြည့်စုံလျှင် (၀၂)ကထာဝတ္ထုဆယ်ပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရလျှင်-

- မကြားဖူးသေးသည့် တရားစကားကို ကြားနာရခြင်း၊
- ကြားနာဖူးပြီးသည့် တရားစကားဖြစ်ပါက ပို၍ရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်း၊
- ယုံမှားသံသယကို လွန်မြောက်နိုင်ခြင်း၊
- မှန်ကန်သောဉာဏ်အမြင်ကို ဖြောင့်မတ်စေနိုင်ခြင်း၊
- စိတ်ကို ကြည်လင်ရွှင်လန်းစေခြင်း-ဟူသောအကျိုးများကို ရရှိနိုင်ပါသည်။

ထို့ပြင် ကလျာဏမိတ္တ၏ကျင့်ပုံကို အတုလိုက်၍ကျင့်သဖြင့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရားတို့ဖြင့် တိုးတက်ကြီးပွားနိုင်ခြင်း-ဟူသောအကျိုးများကိုလည်း ရရှိနိုင်ပါသည်။

မှတ်ချက် ။ ကထာဝတ္ထုဆယ်ပါးမှာ-

(၁) အပ္ပိစ္ဆတကထာ-အလိုနည်းခြင်းနှင့်စပ်သောစကား၊
(၂) သန္တောသကထာ-ရောင့်ရဲလွယ်ခြင်းနှင့်စပ်သောစကား၊
(၃) ပဝိဝေကကထာ-ဆိတ်ငြိမ်ခြင်းနှင့်စပ်သောစကား၊
(၄) အသံသဂ္ဂကထာ-မငြိတွယ်ခြင်းနှင့်စပ်သောစကား၊
(၅) ဝီရိယာရမ္ဘကထာ-တင်းတင်းရင်းရင်း အားထုတ်ခြင်းနှင့် စပ်သောစကား
(၆) သီလကထာ-သီလနှင့်စပ်သောစကား၊
(၇) သမာဓိကထာ-သမာဓိနှင့်စပ်သောစကား၊
(၈) ပညာကထာ-ပညာနှင့်စပ်သောစကား၊
(၉) ဝိမုတ္တိကထာ-အရိယာဖိုလ်နှင့်စပ်သောစကား၊
(၁၀) ဝိမုတ္တိဉာဏဒဿနကထာ-ပစ္စဝေက္ခဏာဉာဏ်နှင့်စပ်သောစကား တို့ဖြစ်ပါသည်။

၂။ အာရက္ခဂေါစရ

ဆွမ်းခံသွားခြင်းစသည်အလို့ငှာ မြို့ရွာအတွင်းသို့ ဝင်သောရဟန်းသည် မြို့ရွာအတွင်း၌ လေးတောင်ခန့်မျှ မျက်လွှာချ၍သွားခြင်း၊ ဆင်,မြင်း,,ရထား,,စစ်သည်,

မိန်းမ, ယောကျ်ားတို့ကို မကြည့်မူ၍သွားခြင်း၊ အထက်အရပ်သို့ တမော့မော့ကြည့်လျက်မသွားခြင်း၊ အောက်အရပ်သို့ တငုံ့ငုံ့ကြည့်လျက်မသွားခြင်း၊ ထိုထိုဤဤကြည့်လျက်မသွားခြင်း-ဟူသော စက္ခုန္ဒြေစသည်တို့ကို သတိဖြင့်စောင့်စည်းခြင်းသည် "အာရက္ခဂေါစရ" မည်ပါသည်။

၃။ ဥပနိဿယဂေါစရ

သတိပဋ္ဌာန်အာရုံလေးပါးတို့၌ ဘာဝနာစိတ်ဖြင့် အမြဲမပြတ်ပွားများအားထုတ်ခြင်းသည် "ဥပနိဿယဂေါစရ" မည်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က-

"ကော စ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော? ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။"

"ရဟန်းတို့...ခမည်းတော်ဘုရားရှင်၏ အမွေဥစ္စာဖြစ်သော ရဟန်း၏ ကိုယ်ပိုင်နယ်ပယ် ကျက်စားရာဟူသည် အဘယ်ပါနည်း? ဤလေးပါးသော သတိပဋ္ဌာန်တရားတို့ပင်တည်း"

ဟုမိန့်တော်မူခြင်း ဖြစ်သည်။

မှတ်ချက်။ ဤ တစ်နည်းပြဆိုခဲ့ပြီးသည့် ဂေါစရသုံးပါးနှင့်ပြည့်စုံခြင်းကိုလည်း "ဂေါစရသမ္ပန္န=ကျက်စားရာနှင့်ပြည့်စုံခြင်း" ဟုဆို၏။ (၅၈-၅၉)

၂။ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ

လွန်ကျူးလိုသောစေတနာမရှိသော်လည်း အမှုမဲ့အမှတ်မဲ့နေသဖြင့် သင့်ရောက်နိုင်သည့် သေဓိယဝတ်နှင့် အကုသိုလ်စိတ်ဖြစ်ခြင်းစသော အပြစ်ငယ်တို့ကို သော်မှလည်း ကြောက်လန့်စရာဘေးကြီးပါတကား-ဟု ရှုမြင်လေ့ရှိသောရဟန်းကို "ဝဇ္ဇဘယဒဿာဝီ" (အပြစ်ကိုရှုမြင်လေ့ရှိသောရဟန်း)ဟု ခေါ်ပါသည်။ ဥပမာ-အဏုမြူမျှသေးငယ်လှသည့် အရာဝတ္ထုကိုပင် အလွန်ကြီးကျယ်လှသည့် မြင့်မိုရ်တောင်အနေဖြင့် ရှုမြင်ခြင်းမျိုး ဖြစ်သည်။

၃။ သမာဒါယ သိက္ခတိ သိက္ခာပဒေသု

သိက္ခာပုဒ်တို့၌ ကျင့်ထိုက်သမျှသော မူလပညတ်၊ အနုပညတ်စသည်တို့ကို အလုံးစုံကုန်စင်အောင် ကျင့်သုံးဆောက်တည်ခြင်းသည် "သမာဒါယ သိက္ခတိ သိက္ခာပဒေသု=သိက္ခာပုဒ်တို့၌ ကုန်စင်အောင် ဆောက်တည်ကျင့်သုံးခြင်း" ဟုခေါ်ပါသည်။

ဤသို့လျှင် သာသနာတော်ကိုကြည်ညိုး၍ ရဟန်းပြုလာသော အမျိုးကောင်းသား ရဟန်းသည်- (၁)အာစာရဂေါစရသမ္ပန္နအကျင့်, ကျက်စားရာတို့နှင့် ပြည့်စုံခြင်း (၂)အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီအဏုမြူမျှလောက် သေးငယ်လှသော အပြစ်တို့၌ ကြောက်မက်ဖွယ်ဘေးကြီးဟု ရှုမြင်လေ့ရှိခြင်း၊ (၃)သမာဒါယ သိက္ခတိ သိက္ခာပဒေသု=ကျင့်ဖွယ်မှန်သမျှ သိက္ခာပုဒ်တို့ကို ကုန်စင်အောင် ကျင့်သုံးဆောက်တည်ခြင်းဟူသော ဤအင်္ဂါသုံးရပ်နှင့်ပြည့်စုံမှသာ ပါတိမောက္ခသံဝရသီလကို စောင့်စည်းလျက် သာသနာတော်၌နေထိုင်သည် မည်ပေ၏။

၅။ ကဏ္ဍန္ဒြိယသံဝရသီလ အကြောင်း

ပါဠိတော်

သော စက္ခုနာ ရူပံ ဒိသွာ နေ နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗ္ယဉ္ဇနဂ္ဂါဟီ၊ ယတ္ထာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။

သောတေန သဒ္ဒံ သုတ္ဝာ ...(ပ)...။
ဃာနေန ဂန္ဓံ ဃာယိတ္ဝာ ...(ပ)....။
ဇိဝှာယ ရသံ သာယိတ္ဝာ ...(ပ)...။
ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတ္ဝာ ...(ပ)...။
မနသာ ဓမ္မံ ဝိညာယ...(ပ)... မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ (ဝိသုဒ္ဓိ၊၁။ ၁၆။)

မြန်မာပြန်

သော=ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသော ထိုရဟန်းသည်၊ စက္ခုနာ=မျက်စိဖြင့်၊ ရူပံ=အဆင်းကို၊ ဒိသွာ=မြင်၍ (ဝါ)မြင်သည်ရှိသော်၊ နေ နိမိတ္တဂ္ဂါဟီ=မိန်းမ,ယောကျ်ားစသော ပုံသဏ္ဌာန်နိမိတ်ကို မှတ်ယူလေ့မရှိသည်၊ ဟောတိ=ဖြစ်၏။ နာနုဗ္ယဉ္ဇနဂ္ဂါဟီ=လက်,ခြေ,ပြုံးခြင်း,ရယ်ခြင်းစသော အသေးစိတ်အမူအရာအထူးကို မှတ်ယူလေ့မရှိသည်၊ ဟောတိ=ဖြစ်၏။

စက္ခုန္ဒြိယံ=စက္ခုန္ဒြေကို၊ အသံဝုတံ= မစောင့်စည်းဘဲ၊ ဝိဟရန္တံ=နေသည်ရှိသော်၊ နံ=ထိုသို့နေသောရဟန်းကို၊ ယတ္ထာဓိကရဏံ=အကြောင်စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့်၊ အဘိဇ္ဈာဒေါမနဿာ=အဘိဇ္ဈာဒေါမနဿဖြစ်ကုန်သော၊ ပါပကာ=ယုတ်မာကုန်သော၊ အကုသလာ ဓမ္မာ=အကုသိုလ်တရားတို့သည်၊ အန္ဝာသဝေယျုံ=အစဉ်လိုက်ကုန်ရာ၏။

တဿ=ထိုစကျွန်ဇွေကို၊ သဲဝရာယ=ပိတ်ဆို့စောင့်စည်းအကျိုးငှာ၊ ပဋိပန္နတိ=ကျင့်၏။ စကျွန်ဇွိယဲ=စကျွန်ဇွေကို၊ ရက္ခတိ=စောင့်ရှောက်၏။။ စကျွန်ဇွိယေ=စကျွန်ဇွေ၌ သဲဝရံ=ပိတ်ဆို့စောင့်စည်းခြင်းသို့၊ အာပန္နတိ=ရောက်၏။။

- သောတေန=နားဖြင့်၊ သဒ္ဒံ=အသံကို၊ သုတွာ=ကြားသိ၍၊...(ပ)...။
- ဃာနေန=နှာခေါင်းဖြင့်၊ ဂန္ဓံ=အနံ့ကို၊ ဃာယိတွာ=နံသိ၍၊...(ပ)...။
- ဇိဝှာယ=လျှာဖြင့်၊ ရသံ=အရသာကို၊ သာယိတွာ=လျက်သိ၍၊...(ပ)...။
- ကာယေန=ကိုယ်ဖြင့်၊ ဖောဋ္ဌဗ္ဗံ=အတွေ့ကို၊ ဖုသိတွာ=တွေ့ထိ၍၊...(ပ)...။
- မနသာ=စိတ်ဖြင့်၊ ဓမ္မံ=သဘောအာရုံကို၊ ဝိညာယ=ကြဲသိ၍၊...(ပ)...၊

မနိန္ဒြိယေ=မနိန္ဒြေ၌၊ သဲဝရံ=ပိတ်ဆို့စောင့်စည်းခြင်းသို့၊ အာပန္နတိ=ရောက်၏။။

ပါတိမောက္ခသံဝရသီလနှင့်ပြည့်စုံသော ထိုရဟန်းသည် မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သည်ရှိသော် မိန်းမ,ယောကျ်ားစသော ပုံသဏ္ဌာန်နိမိတ်ကို မှတ်ယူလေ့မရှိပေ။ လက်,ခြေ,ပြုံးခြင်း,ရယ်ခြင်းစသော အသေးစိတ်အမူအရာအထူးကို မှတ်ယူလေ့မရှိပေ။ စကျွန်ဇွေကို မစောင့်စည်းဘဲနေသည်ရှိသော် ထိုသို့နေသောရဟန်းကို စကျွန်ဇွေကိုမစောင့်စည်းခြင်း-ဟူသော အကြောင်းကြောင့် အဘိဇ္ဈာဒေါမနဿဖြစ်ကုန်သော ယုတ်မာသည့် အကုသိုလ်တရားဆိုးတို့သည် အစဉ်တစိုက် လိုက်ကုန်ရာ၏။။ (အဘိဇ္ဈာဒေါမနဿဖြစ်သည့် အကုသိုလ်တရားဆိုးတို့ အစဉ်တစိုက် မလိုက်စေခြင်းအကျိုးငှာ) ထိုစကျွန်ဇွေကို ပိတ်ဆို့စောင့်စည်းခြင်းအကျိုးငှာ ကျင့်၏။။ စကျွန်ဇွေကို စောင့်ရှောက်၏။။ စကျွန်ဇွေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ ရောက်၏။။

- နားဖြင့် အသံကို ကြားသိ၍...(ပ)...။
- နှာခေါင်းဖြင့် အနံ့ကို နံသိ၍...(ပ)...။
- လျှာဖြင့် အရသာကို လျက်သိ၍...(ပ)...။
- ကိုယ်ဖြင့် အတွေ့ကို တွေ့ထိ၍...(ပ)...။
- စိတ်ဖြင့် သဘောအာရုံကို ကြဲသိ၍၊...(ပ)...မနိန္ဒြေ၌ ပိတ်ဆို့စောင့်စည်းခြင်းသို့ ရောက်၏။။

(စည်၁။ ၄၆)

ဣန္ဒြိယသံဝရသီလ မည်ပုံ

ဣန္ဒြိယ-ဟူသောပါဠိမှ 'ဣန္ဒြေ' ဟုဖြစ်လာ၏။။ (ဣန္ဒြိယ > ဣန္ဒြေ) ဣန္ဒြေသည် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေဟူ၍ ခြောက်ပါးရှိရာ ထိုဣန္ဒြေခြောက်ပါးတို့ကို လုံခြုံအောင်စောင့်ထိန်းခြင်းကိုပင် "ဣန္ဒြိယသံဝရသီလ" ဟုခေါ်ခြင်း ဖြစ်သည်။

အခြေခံသိလ

ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် စောင့်ထိန်းနိုင်လျှင် ပါတိမောက္ခသံဝရသီလသည် အလိုလိုပင် ပြည့်စုံလာ၏။ ထို့ကြောင့် ဣန္ဒြိယသံဝရသီလသည် ပါတိမောက္ခသံဝရသီလ၏ ''အခြေခံသိလ'' ဖြစ်ပါသည်။

ဣန္ဒြိယသံဝရသီလ၏ အင်္ဂါနှစ်ပါး

ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံရန်အတွက်-

(၁) န နိမိတ္တဂ္ဂါဟီ = မိန်းမပုံသဏ္ဌာန်, ယောကျ်ားပုံသဏ္ဌာန်ဟူသော ဣတ္ထိ-ပုရိသနိမိတ်ကိုလည်းကောင်း၊ တင့်တယ်ဟန် သုဘနိမိတ်စသည်ကိုလည်းကောင်း၊ ကိလေသာဖြစ်ကြောင်း အာရုံနိမိတ်ကိုလည်းကောင်း မမှတ်ယူရပေ။

- မြင်လျှင် မြင်ကာမတွေအနေဖြင့်သာ ကောင်းစွာတည်တံ့နေရပါမည်။

[န နိမိတ္တဂ္ဂါဟီတိ ဣတ္ထိပုရိသနိမိတ္တံ ဝါ သုဘနိမိတ္တာဒိကံ ဝါ ကိလေသဝတ္ထုဘူတံ နိမိတ္တံ န ဂဏှာတိ၊ ဒိဋ္ဌမတ္တေယေဝ သဏ္ဌာတိ။ (ဝိသုဒ္ဓိ၊ ၁။ ၂၀။)]

(၂) နာနုဗ္ယဉ္ဇနဂ္ဂါဟီ = ကိလေသာတို့ကို အဖန်ဖန်အထပ်ထပ် ထင်ရှားပေါ်လွင်အောင်ပြုတတ်သောကြောင့် လက်ဟန်, ခြေဟန်, ပြုံးခြင်း, ရယ်ခြင်းစသော အသေးစိတ် အမူအရာအထူးကို 'အနုဗ္ယဉ်ဇန' ဟုခေါ်သည်။

- ထို အနုဗ္ယဉ်ဇနအမည်ရသည့် လက်ဟန်, ခြေဟန်, ပြုံးခြင်း, ရယ်ခြင်း, စကားပြောဆိုခြင်း, တည့်တည့်ကြည့်ရှုခြင်း, စောင်းငဲ့ကြည့်ရှုခြင်းစသော အသေးစိတ် အမူအရာအထူးကို မမှတ်ယူရပေ။

- မြင်ရသည့်ထိုရုပ်ကိုယ်၌ ထင်ရှားပေါ်လွင်နေသည့် ဆံပင်, မွေးညင်းစသော ရုံရှာဖွယ် ကောင်္ဘာသအဖို့အစုကိုသာ နှလုံးသွင်းမှတ်ယူရပါမည်။ ဤသို့ နှလုံးသွင်းမှတ်ယူရာ၌လည်း စေတိယတောင်၌ သီတင်းသုံးတော်မူသော မဟာတိဿမထေရ်ကြီးကဲ့သို့ စံနမူနာယူ မှတ်သားရမည်။

[နာနုဗျဉ္ဇနဂ္ဂါဟိတိ ကိလေသာနံ အနုအနုဗျဉ္ဇနတော ပါကဋ-ဘာဝကရဏတော အနုဗျဉ္ဇနန္တိ လဒ္ဓဝေါဟာရံ ဟတ္ထပါဒ-သိတဟသိတကထိတဝိလောကိတာဒိဘေဒံ အာကာရံ နဂဏှာတိ၊ ယံ တတ္ထ ဘူတံ၊ တဒေဝ ဂဏှာတိ၊ စေတိယပဗ္ဗတ-ဝါသီ မဟာတိဿတ္ထေရော ဝိယ။ (ဝိသုဒ္ဓိ၊ ၁။ ၂၀။)]

စေတိယတောင်၌ သီတင်းသုံးတော်မူသော မဟာတိဿမထေရ်ဝတ္ထု

မဟာတိဿမထေရ်သည် အနုရာဓမြို့အနီး စေတိယတောင်ပေါ်ကျောင်း၌ သီတင်းသုံးတော်မူသည့် ဣန္ဒြေသိက္ခာပြည့်ဝသော မထေရ်မြတ်တစ်ပါး ဖြစ်၏။ တစ်နေ့သ၌ မထေရ်မြတ်သည် တောင်ပေါ်မှဆင်း၍ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွတော်မူလာ၏။ ထိုစဉ် လင်ယောကျ်ားနှင့်ရန်ဖြစ်ပြီး မိဘအိမ်ပြန်ရန် အနုရာဓမြို့မှ ထွက်လာသော အမျိုးသမီးတစ်ယောက်နှင့် ဆွမ်းခံလာရာလမ်းမ၌ ခရီးရင်ဆိုင်ဆုံမိလေ၏။ အမျိုးသမီးသည် မထေရ်မြတ်ကိုမြင်သည်နှင့် ဖောက်ပြန်သည့်စိတ်ဖြင့် အသံကျယ်ကျယ်ရယ်၍ ဆွယ်ယောင်ပြု၏။ မထေရ်မြတ်လည်း ရယ်သံကြား၍ လှမ်းကြည့်လတ်သော် ရယ်နေသည့်အမျိုးသမီး၏ သွားများကိုတွေ့မြင်ပြီး ရှေးယခင်က ပွားများနေကြဖြစ်သည့် (အရိုးစု)အသုဘသညာကို ပြန်လည်ရရှိကာ ဝိပဿနာတင်၍ရှုသဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

ထိုအမျိုးသမီး၏ လင်ယောကျ်ားသည် မိမိဇနီးမယားကို ခြေရာခံ၍ လိုက်ခေါ်လေရာ လမ်းခရီးအကြား၌ မထေရ်မြတ်နှင့်တွေ့ဆုံပြီး "အရှင်ဘုရား...မိန်းမတစ်ယောက် ဖြတ်သွားတာကို မြင်မိလိုက်ပါသလားဘုရား?" ဟု မေးမြန်းလျှောက်ထား၏။ မထေရ်မြတ်က "အို ဒကာယောကျ်ား...ဤလမ်းမမှ သွားသောသူသည် မိန်းမမှန်း, ယောကျ်ားမှန်း ငါ မသိပေ။ အရိုးစုတစ်ခု လမ်းမပေါ်မှာ သွားနေတာကိုတော့ မြင်မိလိုက်ပါ၏" ဟု မိန့်တော်မူလေ၏။

ဤသည်မှာ မြင်လိုက်ရသည့်အမျိုးသမီး၏ မိန်းမပုံသဏ္ဌာန်နိမိတ်ကို မမှတ်ယူခြင်း(နနိမိတ္တဂ္ဂါဟီ)၊ ရယ်ပြသည့်အမျိုးသမီး၏ ပြုံးရယ်ခြင်း အမူအရာအထူး အနုဗျဉ္ဇနကို မမှတ်ယူခြင်း (နာနုဗျဉ္ဇနဂ္ဂါဟီ)-ဟူသော ဣန္ဒြိယသံဝရသီလ၏ အင်္ဂါရုပ်နှစ်ပါးပြည့်စုံပုံ နှင့် မြင်ရသည့်တိုအမျိုးသမီး၏ ရုပ်ကိုယ်ပေါ်၌ ထင်ရှားပေါ်ရာ သွားကောင်္ခါသကို အသုဘရှု၍ အရဟတ္တဖိုလ်ပေါက်ရောက်ရှိပုံကို ဖော်ပြလိုရင်း ဖြစ်သည်။ (စည်၊ ၁။ ၆၂-၆၃)

စက္ခုန္ဒြာ ရူပံ ဒိသွာ-ဟု
ဟောတော်မူရခြင်း အကြောင်း

မျက်စိ(စက္ခု)-ဟုခေါ်ဝေါ်အပ်သော စက္ခုပသာဒရုပ်သည် ရူပါရုံကို မမြင်နိုင်ပေ။ သို့သော် ဤနေရာ၌ "စက္ခုန္ဒြာ ရူပံ ဒိသွာ= မျက်စိဖြင့် အဆင်းရူပါရုံကို မြင်၍" ဟု ဟောတော်မူရခြင်းမှာ မဆက်ဆံသော(အသာဓာရဏ)အကြောင်း၏ အစွမ်းဖြင့် ရူပါရုံကိုမြင်နိုင်သည့် စက္ခုဝိညာဏ်စိတ်ဖြင့် မြင်ပုံကို-ရည်ရွယ်၍ ဟောတော်မူထားခြင်း ဖြစ်ပါသည်။

[စက္ခုန္ဒြာ ရူပံ ဒိသွာတိ ကာရဏာဝသေန စက္ခုတော် လဒ္ဓဝေါဟာရေန ရူပဒဿနသမတ္ထေန စက္ခုဝိညာဏေန ရူပံ ဒိသွာ။ (ဝိသုဒ္ဓိ၁၊ ၂၀၁)]

ထိုစကားကို ရှင်းပြရသည်ရှိသော်-

အဆင်းရူပါရုံ-ဟူသောအကြောင်းသည် စက္ခုဝိညာဏ်စိတ်နှင့်လည်း ဆက်ဆံ၏။ ထို့ပြင် မနောဓာတ်-မနောဝိညာဏ်စိတ်၊ မနောဝိညာဏဓာတ်-မနောဝိညာဏ်စိတ် တို့နှင့်လည်း ဆက်ဆံသဖြင့် အဆင်းရူပါရုံသည် စက္ခုဝိညာဏ်စိတ်၏ ဆက်ဆံသော(သာဓာရဏ)အကြောင်း ဖြစ်၏။

မျက်စိ(စက္ခု)-ဟုခေါ်ဝေါ်အပ်သည့် စက္ခုပသာဒရုပ်-ဟူသောအကြောင်းသည် စက္ခုဝိညာဏ်စိတ်တစ်မျိုးတည်းနှင့်သာ ဆက်ဆံ၍ အခြားစိတ်များနှင့် မဆက်ဆံသဖြင့် မျက်စိ(စက္ခု)-ဟူသော စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ်စိတ်၏ မဆက်ဆံသော(အသာဓာရဏ)အကြောင်း ဖြစ်၏။

သို့ဖြစ်၍ "စက္ခုန္ဒြာ ရူပံ ဒိသွာ" ဟူသောစကားရပ်သည် မဆက်ဆံသော (အသာဓာရဏ)အကြောင်း၏အစွမ်းဖြင့် ဟောတော်မူထားခြင်းဖြစ်ကြောင်း ဖွင့်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် ရှေးအဋ္ဌကထာဆရာတို့ကလည်း-

> "မျက်စိသည် စိတ်မရှိသောကြောင့် ရူပါရုံကို မမြင်တတ်၊ စိတ်သည်လည်း မိုရာမျက်စိ မရှိသောကြောင့် ရူပါရုံကို မမြင်တတ်၊ စင်စစ်သော်ကား ဒွါရနှင့်အာရုံ ထိခိုက်တိုက်ဆိုင်ခြင်းကြောင့် စက္ခုဝိညာဏ်စိတ်ဖြင့် မြင်၏။ သို့သော်လည်း ဤသို့သောစကားသည် "လေးဖြင့် ပစ်၏" အစရှိသည်တို့၌ကဲ့သို့ သသမ္ဘာရကထာစကားမျိုး ဖြစ်၏။ ထို့ကြောင့် "စက္ခုန္ဒြာ ရူပံ ဒိသွာ" ဟူသော ဤစကား၌ "စက္ခုဝိညာဏ်စိတ်ဖြင့် ရူပါရုံကို မြင်၍" ဟူသောအနက်ကို မှတ်အပ်၏။"

ဟု ဖွင့်ဆိုတော်မူကြပါသည်။

ရှေးအဋ္ဌကထာဆရာတို့၏ အဆိုကို ရှင်းပြခြင်း

ချက်စိ-ဟူသော စက္ခုပသာဒရုပ်သည် မိမိကိုမှီတတ်သောစိတ်မရှိလျှင် အဆင်းရှုပါရုံကို မမြင်နိုင်ပေ။ ဤအတူ စက္ခုဝိညာဏ်စိတ်သည်လည်း မျက်စိဟူသော စက္ခုပသာဒရုပ် အမှီမရှိလျှင် အဆင်းရှုပါရုံကို မမြင်နိုင်ပေ။ အမှန်စင်စစ် စက္ခုပသာဒရုပ်ဟူသောဒွါရနှင့် အဆင်းရှုပါရုံဟူသောအာရုံတို့ အချင်းချင်းပေါင်းဆုံထိခိုက်မှုရှိမှသာ စက္ခုပသာဒရုပ်ကို အမှီရသော စက္ခုဝိညာဏ်စိတ်သည် အဆင်းရှုပါရုံကို မြင်တွေ့နိုင်ခြင်း ဖြစ်ပေ၏-ဟု ရှေးအဋ္ဌကထာဆရာများ မိန့်ဆိုတော်မူကြခြင်း ဖြစ်သည်။

ဤနေရာ၌ ဥပမာဖြင့် နှိုင်းယှဉ်ဖော်ပြရာတွင်- ''ဓနုနာ ဝိဇ္ဈတိ=လေးဖြင့် ပစ်၏''ဟူသောဥပမာစကားရပ်ကို ထုတ်ပြ၏။ ဤဥပမာ၌ လေးသက်သက်ဖြင့်လည်း ပစ်မှတ်ကို ထိမှန်အောင် မပစ်ခတ်နိုင်ပေ။ မြားသက်သက်ဖြင့်လည်း ပစ်မှတ်ကို ထိမှန်အောင် မပစ်ခတ်နိုင်ပေ။ အမှန်စင်စစ် လေးနှင့်တကွဖြစ်သော မြားဖြင့်သာ (ဝါ)မြားကို လေးကိုင်းပေါ်တင်၍ လေးညှို့ကို ဆွဲကိုင်ပစ်ခတ်မှသာ လိုရာပစ်မှတ်ကို တိတိကျကျထိမှန်အောင် ပစ်ခတ်နိုင်သကဲ့သို့ ဖြစ်ချေ၏။ ဤဥပမာကို ဥပမေယျဖြင့် နှိုင်းယှဉ်ကြည့်သော်-

- လေးသည် မှီရာစက္ခုပသာဒရုပ်နှင့် တူပါသည်။။
- မြားသည် မှီတတ်သည့်စက္ခုဝိညာဏ်စိတ်နှင့် တူပါသည်။
- မြား၏ ပစ်မှတ်ကိုထိမှန်ခြင်းသည် စက္ခုဝိညာဏ်စိတ်၏ ရူပါရုံကိုမြင်ခြင်းနှင့် တူပါသည်။

သို့ဖြစ်၍ ''စက္ခုနာ ရူပံ ဒိဿာ''ဟု ဟောတော်မူအပ်သော ဤစကားရပ်သည် ''ဓနုနာ ဝိဇ္ဈတိ=လေးဖြင့် ပစ်၏''ဟူသောစကားမျိုးကဲ့သို့ သဿဇ္ဈာရကထာ (အကြောင်းအဆောက်အဦနှင့်တကွဆိုသောစကားမျိုး)ဖြစ်ကြောင်း (ဝါ)မြင်ခြင်း၏ အကြောင်းစက္ခုပသာဒနှင့် အတူတကွဖြစ်သော စက္ခုဝိညာဏ်စိတ်ကိုပါဖော်ပြသည့် စကားရပ်ဖြစ်ကြောင်း မှတ်သားရပါမည်။ (စည်၁။ ၆၀-၆၂)

မှတ်ချက်။ ။ ထို့ကြောင့် ''စက္ခုနာ ရူပံ ဒိဿာ''ဟူသော ပါဠိစကားရပ်ကို ''စက္ခုနာ=မျက်စိဖြင့်၊ ရူပံ=ရူပါရုံကို၊ ဒိဿာ=မြင်၍''ဟု သာမန်မျှ အနက်မပေးဘဲ၊ ''စက္ခုနာ=စက္ခုပသာဒလျှင်မှီရာရှိသော စက္ခုဝိညာဏ်စိတ်ဖြင့်၊ ရူပံ=ရူပါရုံကို၊ ဒိဿာ=မြင်၍''ဟု အနက်ပေးသင့်ကြောင်း ရှေးအဋ္ဌကထာဆရာမြတ်တို့ ဖွင့်ပြတော်မူလိုရင်း ဖြစ်သည်။

တဿ သံဝရာယ ပဋိပန္နတိ

တဿ သံဝရာယ ပဋိပန္နတိ= ထိုစကျွန်ဇွန်းကို ပိတ်ဆို့စောင့်စည်းခြင်းအကျိုးငှာ ကျင့်၏-ဟူသည် ထိုစကျွန်ဇွန်းကို သတိတည်းဟူသောတံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းအကျိုးငှာ ကျင့်၏-ဟုဆိုလိုသည်။

ဤသို့ ကျင့်သောသူဖြစ်မှသာလျှင် စကျွန်ဇွန်းကိုလည်း စောင့်ရှောက်နိုင်မည်။ စကျွန်ဇွန်းကို ပိတ်ဆို့စောင့်စည်းရာလည်း ရောက်မည် ဖြစ်ပါသည်။

[တဿ သံဝရာယ ပဋိပန္နတိတိ တဿ စကျွန်ဇိယဿ သတိကဝါဋေန ပိဒဟနတ္ထာယ ပဋိပန္နတိ။ ဇဝံ ပဋိပန္နဿောယေဝ စ ရက္ခတိ စကျွန်ဇိယံ၊ စကျွန်ဇိယေ သံဝရံ အာပန္နတိတိပိ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊ ၂၁။)]

စကျွန်ဇွန်၌ သံဝရ၊ အသံဝရ မရှိခြင်း အကြောင်း

စကျွပသာဒခေါ် စကျွန်ဇွန်၌ စောင့်စည်းမှု(သံဝရ)၊ မစောင့်စည်းမှု(အသံဝရ) မည်သည် မရှိပေ။ အဘယ်ကြောင့်ဆိုသော် စကျွပသာဒကိုမှီ၍ အမှတ်ရမှုသတိသည်လည်းကောင်း၊ အမှတ်မရမှုသတိလွတ်ခြင်း(မေ့လျော့ခြင်း)သည်လည်းကောင်း မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

[တတ္ထ ကိဉ္စာပိ စကျွန်ဇိယေ သံဝရော ဝါ အသံဝရော ဝါ နတ္ထိ။ နံ ဟိ စကျွပသာဒံ နိဿာယ သတိ ဝါ မုဋ္ဌဿစ္စံ ဝါ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ၊ ၂၁။)]

သံဝရ၊ အသံဝရ ဖြစ်ပေါ်ရာအခါ

ရူပါရုံနှင့်စကျွပသာဒတို့ ပေါင်းဆုံထိခိုက်၍ ဖြစ်ပေါ်လာသော စကျွဒွါရိက ဝီထိဖြစ်စဉ်၌-

- ရှေးဦးစွာ ဘဝင်နှစ်ကြိမ်ဖြစ်၍ ချုပ်ပျောက်သွား၏။
- ထို့နောက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ခေါ် ကိရိယာမနောဓာတ်သည် ဆင်ခြင်သည့်ကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ချုပ်ပျောက်သွား၏။
- ထို့နောက် စကျွဝိညာဏ်စိတ်သည် မြင်ခြင်းကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ချုပ်ပျောက်သွား၏။
- ထို့နောက် သမ္ပဋိစ္ဆိုင်းစိတ်ခေါ် ဝိပါက်မနောဓာတ်သည် လက်ခံခြင်းကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ချုပ်ပျောက်သွား၏။
- ထို့နောက် သန္တီရဏစိတ်ခေါ် ဝိပါက်အဟိတ်မနောဝိညာဏဓာတ်သည် စုံစမ်းခြင်းကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်လာပြီးလျှင် ချုပ်ပျောက်သွား၏။

- ထို့နောက် ဝုဋ္ဌောစိတ်ခေါ် ကိရိယာအဟိတ်မနောဝိညာဏဓာတ်သည် ဆုံးဖြတ်ခြင်းကိစ္စကိုဆောင်ရွက်လျက် ဖြစ်ပေါ်ပြီးလျှင် ချုပ်ပျောက်သွား၏။
- ထိုဝုဋ္ဌောစိတ်၏ အခြားမဲ့၌ ဇောစိတ်များ ဖြစ်ပေါ်လာပါသည်။

ထိုသို့ ဝီထိစိတ်ဖြစ်စဉ်၌ ဘဝင်စိတ်ဖြစ်ရာအခါ၊ အာဝဇ္ဇန်းစိတ်ဖြစ်ရာအခါ၊ စက္ခုဝိညာဏ်စိတ်ဖြစ်ရာအခါ၊ သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ရာအခါ၊ သန္တီရဏစိတ်ဖြစ်ရာအခါ၊ ဝုဋ္ဌောစိတ်ဖြစ်ရာအခါတို့၌ စောင့်စည်းခြင်း(သံဝရ)၊ မစောင့်စည်းခြင်း(အသံဝရ)မည်သည် မဖြစ်သေးပေ။

အမှန်စင်စစ်၊ ဇောစိတ်ဖြစ်ရာခဏ၌ အကယ်၍ သီလမရှိသူ၏အဖြစ်(ဒုဿီလျ)၊ သတိလွတ်ကင်းသူ၏အဖြစ်(မုဋ္ဌသစ္စ)၊ အသိဉာဏ်ကင်းမဲ့သူ၏အဖြစ်(အညာဏ)၊ သည်းမခံနိုင်သူ၏အဖြစ်(အက္ခန္တိ)၊ ပျင်းရိသူ၏အဖြစ်(ကောသဇ္ဇ)ဟူသောတရားများ ဖြစ်ပေါ်လာပါက ထိုဇောခဏသို့ရောက်သောအခါမှသာ မစောင့်စည်းခြင်း(အသံဝရ)ဟူသည် ဖြစ်ပေါ်လာပါသည်။

[တတြာပိ ဇနေ ဘဝင်္ဂသမယေ၊ န အာဝဇ္ဇနာဒီနံ အညတရသမယေ သံဝရော ဝါ အသံဝရော ဝါ အတ္ထိ။ ဇဝနက္ခဏေ ပန သစေ ဒုဿီလျံ ဝါ မုဋ္ဌသစ္စံ ဝါ အညာဏံ ဝါ အက္ခန္တိ ဝါ ကောသဇ္ဇံ ဝါ ဥပ္ပဇ္ဇတိ၊ အသံဝရော ဟောတိ။ (ဝိသုဒ္ဓိ၊ ၂၁။)]

ဇောခဏဋ္ဌဖြစ်သော မစောင့်စည်းမှုကို စက္ခုန္ဒြေကို မစောင့်စည်းခြင်း-ဟု ဆိုရခြင်းအကြောင်း

ထိုဇောခဏဋ္ဌ မစောင့်စည်းခြင်း(အသံဝရ)ဖြစ်ပေါ်လာလျှင် ဒွါရသည်လည်းကောင်း၊ ဘဝင်သည်လည်းကောင်း၊ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့သည်လည်းကောင်း မလုံခြုံနိုင်တော့ပေ။ ထို့ကြောင့် ဇောခဏဋ္ဌဖြစ်ပေါ်လာသော မစောင့်စည်းခြင်း(အသံဝရ)ကို "စက္ခုန္ဒြေကို မစောင့်စည်းခြင်း" ဟုခေါ်ဆိုခြင်း ဖြစ်သည်။

ဥပမာ- မြို့တံခါးလေးပေါက်ကို လုံခြုံအောင်မပိတ်ဆို့လျှင် မြို့တွင်းရှိ ဘဏ္ဍာ, တိရိစ္ဆာန်, အိမ်, ခြံတို့၏ တံခါးပေါက်တို့ကို မည်မျှပင် ပိတ်ဆို့ထားစေကာမူ မလုံခြုံသကဲ့သို့ ဖြစ်၏။ အကြောင်းမှာ- ခိုးသူတို့သည် မြို့တံခါးပေါက်တို့မှ ဝင်ရောက်၍ အလိုရှိတိုင်း ပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။

မှတ်ချက်။ စောင့်စည်းမှု(သံဝရ)ဖြစ်ပေါ်ရာအခါ နှင့် ဥပမာတို့ကိုလည်း အပြန်အားဖြင့် မှတ်ပါ။ (စည်၊ ၁၁- ၆၆)

၆။ အာဇီဝပါရိသုဒ္ဓိသိလ အကြောင်း

ပါဠိတော်

ယာ ပန အာဇီဝဟေတုပညတ္တာနံ ဆန္နံ သိက္ခာပဒါနံ ဝီတိက္ကမဿ, "ကုဟနာ လပနာ နေမိတ္တိကတာ နိပ္ပေသိကတာ လာဘေန လာဘံ နိဇိဂီသနတာ" တိ ဧဝမာဒီနဉ္စ ပါပမိစ္ဆာနံ ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိသိလံ။

(ဝိသုဒ္ဓိ၊ ၁၆။)

မြန်မာပြန်

အာဇီဝဟေတုပညတ္တာနံ=အသက်မွေးမှုကိုအကြောင်းပြု၍ ပညတ်အပ်ကုန်သော၊ ဆန္နံ=ခြောက်ပါးကုန်သော၊ သိက္ခာပဒါနံ=သိက္ခာပုဒ်တို့ကို၊ ဝီတိက္ကမဿ=လွန်ကျူးခြင်း၏၊ ဝသေန စ=အစွမ်းဖြင့်လည်းကောင်း၊ "ကုဟနာ လပနာ နေမိတ္တိကတာ နိပ္ပေသိကတာ လာဘေန လာဘံ နိဇိဂီသနတာ" တိ ဧဝမာဒီနံ=ကုဟန, လပနာ, နေမိတ္တိကတာ, နိပ္ပေသိကတာ, လာဘေန လာဘံနိဇိဂီသနတာ ဤသို့အစရှိကုန်သော၊ ပါပမိစ္ဆာနံ=ယုတ်မာသောတရားတို့၏၊ ဝသေန စ=အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တာ=ဖြစ်သော၊ မိစ္ဆာဇီဝါ= မှားယွင်းသောအသက်မွေးမှုမှ၊ ယာ ဝိရတိ=အကြင်ရှောင်ကြဉ်ခြင်းသည်၊ အတ္ထိ= ရှိ၏။ ဣဒံ=ဤသို့ ရှောင်ကြဉ်ခြင်းသည်၊ အာဇီဝပါရိသုဒ္ဓိသိလံ=အာဇီဝပါရိသုဒ္ဓိသိလမည်သည်၊ ဟောတိ=ဖြစ်၏။

အသက်မွေးမှုကိုအကြောင်းပြု၍ ပညတ်တော်မူထားသည့် သိက္ခာပုဒ် ၆-ပါးတို့ကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ကုဟန, လပန, နေမိတ္တိကတာ, နိပ္ပေသိကတာ, လာဘေန လာဘံနိဇိဂီသနတာ-စသော ယုတ်မာသောတရားတို့၏ အစွမ်းဖြင့်ဖြစ်သော မှားယွင်းသောအသက်မွေးမှု (မိစ္ဆာဇီဝ)မှ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း "အာဇီဝပါရိသုဒ္ဓိသိလ" မည်၏။ (၄၆-၄၇)

အာဇီဝပါရိသုဒ္ဓိ မည်ပုံ

အာဇီဝပါရိသုဒ္ဓိ = အာဇီဝ + ပါရိသုဒ္ဓိ

အာဇီဝ = အသက်ရှင်ခြင်း၏ မှီရာအကြောင်းဖြစ်သော ပစ္စည်းရှာမှီးကြောင်းလုံ့လဝီရိယ (အသက်မွေးမှု)

ပါရိသုဒ္ဓိ = ထက်ဝန်းကျင်စင်ကြယ်ခြင်း(သန့်ရှင်းခြင်း)

အသက်ရှင်ခြင်း၏ မှီရာအကြောင်းဖြစ်သော ပစ္စည်းရှာမှီးကြောင်းလုံ့လဝီရိယ၏ (ဝါ)အသက်မွေးမှု၏ ထက်ဝန်းကျင်သန့်ရှင်းစင်ကြယ်ခြင်းသည် 'အာဇီဝပါရိသုဒ္ဓိ' မည်ပါသည်။

မှတ်ချက်။ အသက်မွေးမှု မစင်ကြယ်လျှင် 'မိစ္ဆာဇီဝ' ဖြစ်မည်။ မစင်ကြယ်သည့်အသက်မွေးမှုများကို သိထားမှသာ ယင်းတို့ကိုရှောင်ကြဉ်၍ စင်ကြယ်သန့်ရှင်းသည့် အသက်မွေးမှုကို သိရှိလိုက်နာနိုင်မည်ဖြစ်သောကြောင့် ဤသီလ၌ မိစ္ဆာဇီဝခေါ်မှားယွင်းသော အသက်မွေးခြင်းအကြောင်းများကို ထုတ်နှုတ်ဖော်ပြထားခြင်းဖြစ်သည်။

ရှောင်ကြဉ်ရမည့် မိစ္ဆာဇီဝအမျိုးအစား ၆-မျိုး

(က) မြတ်စွာဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ် ၆-ပါးတို့ကို လွန်ကျူး၍ အသက်မွေးခြင်းများ၊

(ခ) ကုဟန ၃-ပါးတွင် တစ်ပါးပါးဖြင့် သူတစ်ပါးအထင်ကြီးအောင် အဲ့သြဖွယ်ဟန်ဆောင်၍ အသက်မွေးခြင်းများ၊

(ဂ) လပနာစသည် ၁၃-ပါးတွင် တစ်ပါးပါးဖြင့် ပစ္စည်းလျှုရေး လမ်းကြောင်းပေးပြောဆို၍ အသက်မွေးခြင်းများ၊

(ဃ) နေမိတ္တိကတာ ၆-ပါးတွင် တစ်ပါးပါးဖြင့် လျှုလိုစိတ်ပေါ်အောင် အရိပ်နိမိတ်ပြု၍ အသက်မွေးခြင်းများ၊

(င) နိပ္ပေသိကတာ ၁၁-ပါးတွင် တစ်ပါးပါးဖြင့် မလျှုဘဲမနေသာအောင် ဖိနှိပ်ကြိတ်ချေပြောဆို၍ အသက်မွေးခြင်းများ၊

(စ) လာဘေန လာဘနိဓိသနတာ = လာဘ်တစ်ပါးဖြင့်မျှား၍ အခြားလာဘ်ကို ရရှိအောင်ရှာမှီးလျက် အသက်မွေးခြင်းများ၊

(က) သိက္ခာပုဒ် ၆-ပါးကို လွန်ကျူးခြင်း အသက်မွေးခြင်းများ

၁။ အသက်မွေးမှုဟူသော အကြောင်းကြောင့် (ဝါ) အသက်မွေးမှု သက်သာချောင်ချိ အောင် ယုတ်မာသောအလိုဆိုးဖြင့် မိမိ၌ထင်ရှားမရှိသော လူတို့၏ကုသိုလ်ကမ္မ-ပထတရားထက်လွန်မြတ်သော ဈာန်, မဂ်, ဖိုလ်တရား(ဥတ္တရိမနုဿဓမ္မ)ကို ဝါကြွားပြောဆိုခြင်း၊

ထိုသို့ ဝါကြွားပြောဆိုပါက ပါရာဇိကအာပတ်သင့်၏။

၂။ အသက်မွေးမှုဟူသော အကြောင်းကြောင့် အောင်တမန်၏အဖြစ် ပြုလုပ်ပေးခြင်း၊

ထိုသို့ပြုလုပ်ပေးပါက သံဃာဒိသိသ်အာပတ်သင့်၏။

၃။ အသက်မွေးမှုဟူသော အကြောင်းကြောင့် "သင်၏ ကျောင်း၌နေသော ရဟန်းသည် ရဟန္တာဖြစ်၏" ဟု မိမိကိုယ်ပင်ရည်ညွှန်း၍ ပြောဆိုခြင်း၊

ထိုသို့ပြောဆိုလျှင် ဒုက္ကဋ်အာပတ်သင့်၏။

၄။ အသက်မွေးမှုဟူသော အကြောင်းကြောင့် ဂိလာနမဟုတ်ဘဲ မွန်မြတ်သည့် ဘောဇဉ်ကို မိမိအတွက်တောင်းယူ၍ စားသုံးခြင်း၊

ထိုသို့ တောင်းယူစားသုံးလျှင် ပါစိတ်အာပတ်သင့်၏။

၅။ အသက်မွေးမှုဟူသော အကြောင်းကြောင့် ဘိက္ခုနီမသည် မွန်မြတ်သော ဘောဇဉ်ကို မိမိအတွက်တောင်းယူ၍ စားသုံးခြင်း၊

ထိုသို့ တောင်းယူစားသုံးလျှင် ပါဋိဒေသနိယအာပတ်သင့်၏။

၆။ အသက်မွေးမှုဟူသော အကြောင်းကြောင့် ဂိလာနမဟုတ်ဘဲ ဆွမ်း, ဆွမ်းဟင်းကို မိမိအတွက်တောင်းယူ၍ စားသုံးခြင်း၊

ထိုသို့တောင်းယူစားသုံးလျှင် ဒုက္ကဋ်အာပတ်သင့်၏။ (စည်း၁။ ၆၆-၆၇)

(ခ) ကုဟန ၃-ပါး

သင်္ကန်းစသော သာမန်ပစ္စည်းများ(လာဘ)၊ အရိုအသေပြု၍လှူအပ်သည့် ထူးခြားသောပစ္စည်းများ(သက္ကာရ)နှင့် ကျော်စောထင်ရှားခြင်း(သိလောက)တို့ကို ရရှိလိုသော -

၁။ ပစ္စယပဋိသေဝနကုဟန = မိမိ၌မရှိသော သဒ္ဓါ, သီလစသောဂုဏ်ကို ရှိလေယောင် ဟန်ဆောင်၍ အဲ့သြဖွယ်ကိုပြုခြင်း၊

၂။ သာမञ္ဉဖပ္ပနကုဟန = စျာန်,မဂ်,ဖိုလ်နှင့်စပ်၍ မိမိကို သူတစ်ပါးကဲ့သို့ ပြု၍ အနိုင်၌ပြောဆိုခြင်းဖြင့် အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင်ခြင်း၊

၃။ ဣရိယာပထကုဟန = မိမိကို သူတစ်ပါးက အရိယာ-ဟုထင်မှတ်စေရန် ဣရိယာပုထ်ကို စတင်ထားခြင်း၊ အမူအရာကို သေချာစွာထားခြင်း၊ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်ခြင်း၊ မျက်မှောင်ကုပ်ခြင်းစသည့် အမျိုးမျိုးဖြင့် ဟန်ဆောင်၍ အံ့သြဖွယ်ကိုပြုခြင်း၊

(၈) လဖနာစသည် ၁၃-ပါး

သင်္ကန်းစသော သာမန်ပစ္စည်းများ(လာဘ)၊ အရိုအသေပြု၍လှူအပ်သည့် ထူးခြားသောပစ္စည်းများ(သက္ကာရ)နှင့် ကျော်စောထင်ရှားခြင်း(သိလောက)တို့ကို ရရှိလိုသူ-

၁။ လဖနာ = မေးမြန်းပြန်ကြားပြောဆိုခြင်း၊
၂။ အာလပနာ = လှူရေးနှင့်စပ်သောစကားကို ရေးဦးစွာတင်ကြို၍ ပြောဆိုခြင်း၊
၃။ သလ္လပနာ = လွန်စွာ အဖန်ဖန်အထပ်ထပ် ပြောဆိုခြင်း၊
၄။ ဥල්လပနာ = မြှောက်ပင့်၍ ပြောဆိုခြင်း၊
၅။ သမုල්လပနာ = လွန်လွန်ကဲကဲ မြှောက်ပင့်၍ပြောဆိုခြင်း၊
၆။ ဥန္နဟနာ = မလှူဘဲမနေနိုင်အောင် အဆင့်ဆင့် ချည်တုပ်၍ ပြောဆိုခြင်း၊
၇။ သမုန္နဟနာ = လွန်ကဲစွာ ချည်တုပ်၍ ပြောဆိုခြင်း၊
၈။ ဥက္ကာစနာ = မြှောက်ပင့်ချီးကျူး၍ ပြောဆိုခြင်း၊
၉။ သမုက္ကာစနာ = လွန်စွာ မြှောက်ပင့်ချီးကျူး၍ ပြောဆိုခြင်း၊
၁၀။ အနုပ္ပိယ-ဘာဏိတာ = အမှန်တရားကို မငဲ့ကွက်ဘဲ ချစ်ဖွယ်သောစကားကို အဖန်ဖန် အထပ်ထပ် ပြောကြားခြင်း၊
၁၁။ စာဋုကမျတာ = လူဒါယကာတို့ ချစ်မြတ်နိုးကြည်ညိုစေရန် မိမိကိုယ်ကို "ဟုတ်ကဲ့၊ ဗျာ" စသည်ဖြင့် နှိမ့်နှိမ့်ချချ ပြောဆိုခြင်း၊
၁၂။ မုဂ္ဂသူပျတာ = ပဲနောက်ဟင်းအလား အမှန်နည်း၍ အများများစွာပြောဆိုခြင်း၊
၁၃။ ပါရိဘဋျတာ = ကလေးထိန်းကဲ့သို့ ကလေးငယ်တို့ကို ချီပိုးထိန်းကျောင်းကာ ယုယုယယ ချော့မော့ပြောဆိုခြင်း၊

(ဃ) နေမိတ္တိကတာ ၆-ပါး

၁။ နိမိတ္တ = လူဒါယကာတို့အား ပစ္စည်းလျှုရေးအတွက် အမှတ်ရစေအောင် နိမိတ်ပြစကားကို ပြောဆိုခြင်း၊

၂။ နိမိတ္တကမ္မ = စားသောက်ဖွယ် ယူဆောင်သွားသည်ကိုမြင်၍ 'စားစရာရခဲ့သလား' စသည်ဖြင့် အမှတ်နိမိတ်ကိုပြုခြင်း၊

၃။ ဩဘာသ = မိမိလိုချင်သည်ကို အရိပ်နိမိတ်ပြု၍ ပြောဆိုခြင်း၊

၄။ ဩဘာသကမ္မ = မိမိလိုချင်သည်ကို အမူအရာဖြင့် အရိပ်အကဲပြခြင်း၊

၅။ သာမန္တဇပ္ပန = လိုချင်သည့်ပစ္စည်းသို့ ရောက်အောင် တဖြည်းဖြည်း စည်းရုံးသိမ်းသွင်း၍ (နီးကပ်အောင်)ပြောဆိုခြင်း၊

၆။ ပရိကထာ = လိုချင်သည့်ပစ္စည်းကို ရရှိလေအောင် သိုင်းဝိုင်းလှည့်ပတ်၍ ထပ်တလဲလဲ ပြောဆိုခြင်း၊

(c) နိပ္ပေသိကတာ ၁၁-ပါး

၁။ အက္ကောသနာ = လူဒါယကာတို့အား ကြောက်လန့်ပြီးလျှုအောင် ဆဲရေးခြင်းဆယ်မျိုးတို့ဖြင့် ဆဲဆိုခြင်း၊

၂။ ဝမ္ဘနာ = လူဒါယကာတို့အား ကြောက်လန့်ပြီးလျှုအောင် ရှုတ်ချပြောဆိုခြင်း၊

၃။ ဂရဟနာ = လူဒါယကာတို့အား ကြောက်လန့်ပြီးလျှုအောင် ကဲ့ရဲ့ပြစ်တင်ပြောဆိုခြင်း၊

၄။ ဥက္ခေပနာ = လူဒါယကာစသည်အဖြစ်မှ ထုတ်ပယ်ခြင်း၊ (သို့မဟုတ်) မလျှုဘဲနေသည်ကိုမြင်၍ "ဩော်... အလျှုရှင်ပါတကား ..." ဟု ငေါ်တော့်တော့် စကားမျိုးကို ပြောဆိုခြင်း၊

၅။ သမုက္ကေပနာ = 'ဩော်..အလျှုရှင်ကြီးပါတကား" ဟု အလွန်အမင်း ငေါ်တော့်တော့် စကားမျိုးကို ပြောဆိုခြင်း၊

၆။ ခီပနာ = စောင်းချိတ်၍ ပြောဆိုခြင်း, ပြက်ရယ်ပြု၍ ပြောဆိုခြင်း၊

၇။ သံခီပနာ = 'နတ္ထိဆို အရမ်းလျှုတဲ့လူ' စသည်ဖြင့် မလျှုသူ၏ အဖြစ်သို့ရောက်အောင် ပြက်ရယ်ပြု၍ပြောဆိုခြင်း၊

၈။ ပါပနာ = ''ကပ်စေးနဲ့တယ်၊ လူဖြစ်ကျိုးမနပ်'' စသည်ဖြင့် မလှူသူ၏အဖြစ်သို့ရောက်အောင် ပြောဆိုခြင်း၊

၉။ သမ္ဘာပနာ = မလှူသူ၏အဖြစ်သို့ မရောက်ရောက်အောင် အမျိုးမျိုး ပြောဆိုခြင်း၊

၁၀။ အဝဏ္ဏဟာရိတာ = အရှက်ရ၍ လှူလိမ့်မည်-ဟူသောအလိုဆိုးဖြင့် ကျေးဇူးမဲ့အထွေထွေကို ရှာရှာဖွေဖွေ ပြောဆို၍ မကောင်းသတင်းလွှင့် ပြောဆိုခြင်း၊

၁၁။ ပရိပိဠိမံသိကတာ = မျက်မှောက်ချိုသာ မျက်ကွယ်အပြစ်ဆိုခြင်း၊

(စ) လာဘေန လာဘနိဓီသနတာ

သင်္ကန်းစသော သာမန်ပစ္စည်းများ(လာဘ)၊ အရိအသေပြု၍လှူအပ်သည့် ထူးခြားသောပစ္စည်းများ(သက္ကာရ)နှင့် ကျော်စောထင်ရှားခြင်း(သိလောက)တို့ကို များစွာရရှိလိုရှိ၍- အိမ်တစ်အိမ်မှရသည့် ဆွမ်းစသောအာမိသအနည်းငယ်ကို အခြားအိမ်တစ်အိမ်သို့ ပေး၏။ ထိုအခြားအိမ်တစ်အိမ်မှရသည့် ဆွမ်းစသောအာမိသအနည်းငယ်ကိုလည်း နောက်ထပ် အခြားအိမ်တစ်အိမ်ကို ပေးပြန်၏။ ဤနည်းဖြင့် ပြီးသောအာမိသဖြင့် မရသေးသောအာမိသကို အလိုရှိခြင်း, ရှာမှီးခြင်း, အဖန်ဖန် ရှာမှီးခြင်းသည် ''လာဘေန လာဘနိဓီသနတာ= လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်း'' မည်ပါသည်။

မှတ်ချက်။ - အထက်၌ဖော်ပြခဲ့သော ကုဟနစသည်တို့သည် ခုဒ္ဒကဝတ္ထု ဝိဘင်းပါဠိတော်၌ လာရှိသည်များကို ဖော်ပြထားခြင်း ဖြစ်သည်။

- ထို့ပြင် ကုဟနစသည်များကို မဟာနိဒ္ဒေသပါဠိတော်၌ ဖော်ပြထားသေးရာ ယင်းတို့ကို တစ်နည်းအနေဖြင့် ဆက်လက်ဖော်ပြပါမည်။

တစ်နည်း မဟာနိဒ္ဒေသလာ
ကုဟန ၃-ပါး

၁။ <u>ပစ္စယပဋိသေဝနကုဟနဝတ္ထု</u>

သင်္ကန်းစသောပစ္စည်းဝတ္ထုတို့ကို လျှူလိုသဖြင့် အလျှူခံရန် ပင့်လျှောက်လာသောအလျှူရှင်အား ရဟန်းသည် ထိုသင်္ကန်းစသည်ကို လိုချင်စိတ်ရှိနေပါလျက် မကောင်းသောအလိုဆိုးဖြင့် "ငါ့အတွက် မလိုအပ်" ဟုဆိုကာ ပယ်မြစ်လေ၏။ ထိုအခါ အလျှူရှင်က "ဩော်...ဤအရှင်မြတ်သည် အလိုနည်းပေစွ၊ မည်သည့် ပစ္စည်းဝတ္ထုကိုမျှ မခံယူပေ၊ ဤကဲ့သို့သော အရှင်မြတ်မျိုးကို အနည်းငယ်မျှ လျှူဒါန်းခွင့်ရလျှင်ပင် ငါအတွက် အရတော်ပေစွ" မှတ်ထင်သွားပြီး ကောင်းမွေ့ညှာနှံ့မှေ့ဆိုသည့် ပစ္စည်းမျိုးစုံကို စီမံ၍ လျှူဒါန်းလေ၏။ ထိုအခါ ရဟန်းက ဤဒကာ ငါကို ကြည်ညိုလေပြီ-ဟု အတတ်သိကာ "သင့်အား သနားသော အလျှူခံရခြင်း ဖြစ်၏၊ ငါကား အလိုမရှိပြီ" ဟုဆိုကာ ချီးမွှောက်လိုသော အလျှူခံရသည့် ပုံစံမျိုးဖြင့် အလျှူခံလေ၏။ ထိုနေ့မှစ၍ အလျှူရှင်တို့သိရှိကာ သူ့ထက်ငါဦးအောင် တိုးဝှေ့လျက် လှည်းဖြင့်တိုက်၍ ယူရလောက်အောင် လျှူကြတန်းကြလေတော့သည်။

ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်၌ အောက်ပါအတိုင်း အကျယ်ဖွင့်ဆိုဟောပြတော်မူလေသည်။

"ပစ္စယပဋိသေဝန ကုဟနဝတ္ထုဟူသည် အဘယ်နည်း? ဤလောက၌ လူဒါယကာတို့သည် ရဟန်းကို သင်္ကန်း၊ ဆွမ်း၊ ကျောင်းအိပ်ရာနေရာ၊ ဆေးပစ္စည်းတို့ဖြင့် ဖိတ်ကြား၏။ ရဟန်းသည် ယုတ်မာသောအလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာသောအလိုရမ္မက်သည် နှိပ်စက်အပ်သည်ဖြစ်၍ သင်္ကန်းစသည်တို့ကို အလိုရှိသည်ဖြစ်ပါလျက် များများရလိုမှုကို အကြောင်းပြု၍ သင်္ကန်းကို ပယ်စွန့်၏၊ ဆွမ်းကို ပယ်စွန့်၏၊ ကျောင်း၊ အိပ်ရာနေရာကို ပယ်စွန့်၏၊ ဆေးပစ္စည်းကို ပယ်စွန့်၏၊ ထိုရဟန်းသည် ဤသို့ ဟန်ဆောင်၍ ဆိုလေ၏၊

'ကိုလေသာငြိမ်းအောင် ကျင့်သောရဟန်းမှာ ဤသို့ အဖိုးထိုက်တန်သောသင်္ကန်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းသည် သုသာန်မှဖြစ်စေ၊ အမှိုက်ပုံမှဖြစ်စေ၊ စွေးအနီးမှဖြစ်စေ၊ စုတ်ပြတ်ဟောင်းရိ အနားမရှိသောအဝတ်တို့ကို ကောက်ယူကာ သင်္ကန်းပြု၍ ဝတ်ရုံရာ၏၊ ဤသို့ဝတ်ရုံခြင်းသည် သင့်လျော်လျောက်ပတ်၏။

ရဟန်းမှာ အဖိုးတန်သောဆွမ်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းဟူသည် ဆွမ်းခံခြင်းဖြင့်ရအပ်သော တစ်လုပ်တစ်ခဲဆွမ်းဖြင့် အသက်မွေးခြင်းသည် သင့်လျော်လျောက်ပတ်၏။

ရဟန်းမှာ အဖိုးတန်သောကျောင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းဟူသည် သစ်ပင်အောက်၌ နေလေ့ရှိသည်လည်းကောင်း၊ ဟင်းလင်းပြင်အရပ်၌ နေလေ့ရှိသည်လည်းကောင်း ဖြစ်ရာ၏။ ဤသို့ သစ်ပင်အောက်, ဟင်းလင်းပြင်အရပ်၌နေခြင်းသည် သင့်လျော်လျောက်ပတ်၏။

ရဟန်းမှာ အဖိုးတန်သောဆေးပစ္စည်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းဟူသည် နွားကျင်ငယ်ရည်ဖြင့်သော်လည်းကောင်း၊ ဖန်ခါးသီးပိုင်းဖြင့်သော်လည်းကောင်း ဆေးကို ပြုစီမံရာ၏။ ဤသို့ နွားကျင်ငယ်ရည် ဖန်ခါးသီးကို ဆေးပြုလုပ်စီမံ၍ သုံးဆောင်ခြင်းသည် သင့်လျော်လျောက်ပတ်၏' ဟု ပြောဆိုလေ၏။

ထိုသို့ဆိုသော မိမိစကားကို အကြောင်းပြု၍ ခေါင်းပါးယုတ်ညံ့သော သင်္ကန်းကို ဝတ်ရုံ၏။ ခေါင်းပါးယုတ်ညံ့သောဆွမ်းကို သုံးဆောင်၏။ ခေါင်းပါးယုတ်ညံ့သော ကျောင်း၌နေထိုင်၏။ ခေါင်းပါးယုတ်ညံ့သော ဆေးကို မှီဝဲသုံးဆောင်၏။ ထိုသို့ အယုတ်အညံ့ကိုသာ သုံးဆောင်သော ရဟန်းကို လူဒါယကာတို့သည် ဤသို့ အသိအမှတ်ပြုကြ၏။ 'ဤရဟန်းသည် အလိုနည်းလှပေ၏၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိပေ၏၊ လူဒါယကာ, ဒါယိကာမတို့နှင့် ရောနှောခြင်းမရှိပေ၊ အပြင်းအထန် အားထုတ်သော လုံ့လဝီရိယရှိပေ၏' ဟု အသိအမှတ်ပြုကာ တိုး၍တိုး၍ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးတို့ဖြင့် အလှူခံရန် လျှောက်ထားကြ၏။

ထိုအခါ ရဟန်းသည် ဤသို့ဆို၏။ 'သုံးပါးသောအကြောင်းတရားတို့၏ မျက်မှောက်ဖြစ်ခြင်းရှိခြင်းကြောင့် သဒ္ဓါတရားရှိသော အမျိုးသားတို့သည် များစွာသောကောင်းမှုကို ပွားစေ၏။ ယင်းအကြောင်းတို့ကား-
(၁) သဒ္ဓါတရား၏ မျက်မှောက်ဖြစ်ခြင်းကြောင့်လည်းကောင်း၊
(၂) လှူဖွယ်ဝတ္ထု၏ မျက်မှောက်ဖြစ်ခြင်းကြောင့်လည်းကောင်း၊
(၃) မြတ်သောအလှူခံပုဂ္ဂိုလ်တို့၏ မျက်မှောက်ဖြစ်ခြင်းကြောင့်လည်းကောင်း တို့ဖြစ်၏။ ဤအကြောင်းတို့ကြောင့် သဒ္ဓါတရားရှိသော အမျိုးသားတို့သည် များစွာသောကောင်းမှုကို ဖြစ်စေ၏။ သင် ဒါယကာတို့မှာလည်း ဤသဒ္ဓါတရားသည် ရှိပေ၏။ လှူဖွယ်ဝတ္ထုသည်လည်း

ထင်ရှားရှိပေ၏။ အလျှုခံပုဂ္ဂိုလ်ဖြစ်သော ငါသည်လည်း ရှိပေ၏။ အကယ်၍ ငါက အလျှုမခံငြားအံ့၊ သို့ဖြစ်လျှင် သင်တို့သည် ကောင်းမှုမှ အပ ဖြစ်ကြရပေတော့မည်။ ငါ့မှာမူ သင်တို့လျှုသော ဤပစ္စည်းဖြင့် အလို မရှိပေ။ သို့သော်လည်း သင်တို့ကိုသာလျှင် အစဉ်သနားသဖြင့် အလျှုခံ ပါ၏'ဟု ပြောဆိုလေ၏။

ထိုသို့သောစကားကို အကြောင်းပြု၍ များစွာသောသင်္ကန်းကိုလည်း ခံယူ၏။ ...(ပ)...များစွာသောဆေးကိုလည်း ခံယူ၏။ ဤသို့ သဘော ရှိသော အကြင်မျက်မှောင်ကုပ်ခြင်းသည်, မျက်မှောင်ကုပ်သည်၏အဖြစ် သည်, အံ့သြစေခြင်းသည်, အံ့သြခြင်းကိုဖြစ်စေသော အခြင်းအရာ သည်, အံ့သြစေသောသူ၏အဖြစ်သည် ရှိ၏။ ဤသို့ အံ့သြစေခြင်းသည် ပစ္စယပဋိသေဝန-ဟုဆိုအပ်သော ကုဟနဝတ္ထုမည်၏။" (စည်း၁။ ၇၃-၇၄)

၂။ သာမန္တဇပ္ပနကုဟနဝတ္ထု

ယုတ်မာသော အလိုဆိုးရှိသောရဟန်းသည် စာန်တရား, မဂ်တရား, ဖိုလ် တရားရခြင်းကို ဖော်ပြသည့်စကားတို့ဖြင့် ရရှိလေသယောင် ဟန်ဆောင်ပြောဆို၍ အံ့သြဖွယ်ရာပြုမူခြင်းကို သာမန္တဇပ္ပနကုဟနဝတ္ထု-ဟူ၍ သိမှတ်အပ်၏။

ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်၌ အောက်ပါအတိုင်း အကျယ်ဖွင့်ဆို ဟောပြတော်မူလေသည်။

"သာမန္တဇပ္ပနကုဟနဝတ္ထုဟူသည် အဘယ်နည်း? ဤသာသနာတော်၌ အချို့သောရဟန်းသည် ယုတ်မာသောအလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာ သောအလိုရမ္မက်သည်နှိပ်စက်အပ်သည်ဖြစ်၍ မိမိကို အရိယာသူတော် ကောင်းဟု ချီးမွမ်းစေလိုသောသဘောဖြင့် "ဤသို့ပြောလျှင် ငါ့ကို လူအများက ချီးမွမ်းကြပေလိမ့်မည်"ဟု ရည်ရွယ်၍ အရိယာတို့၏မဂ် ဖိုလ်တရားကိုမှီသောစကား(အရိယသန္နိဿိတဝါစာ)ကို ပြောဆို၏။

'ဤသို့သော သင်္ကန်းကို ဝတ်ရုံသောရဟန်းသည် တန်ခိုးကြီး၏'ဟု မိမိကိုယ်ပင်ရည်ရွယ်၍ ပြောဆို၏။ 'ဤသို့သောသပိတ်ကို..., ဤသို့သော ကြေးခွက်ကို..., ဤသို့သော ဓမ္မကရိဏ်ရေစစ်ကို..., ဤသို့သော အဝတ်ရေစစ်ကို..., ဤသို့သော သံကောက်(သော့)ကို...,

ဤသို့သော ခါးပန်းကြိုးကို…၊ ဤသို့သော ဖိနပ်ကို သုံးဆောင်သော ရဟန်းသည် တန်ခိုးကြီး၏'-ဟု မိမိကိုယ်ပင်ရည်ရွယ်၍ ပြောဆို၏။

'အကြင်ရဟန်း၏ ဥပဇ္ဈာယ်သည် ဤသို့သဘောရှိ၏၊ နိဿရဏ်း ဆရာသည် ဤသို့သဘောရှိ၏၊ ဥပဇ္ဈာယ်တူသော သီတင်း သုံးဖော်သည်…၊ ဆရာတူသောသီတင်းသုံးဖော်သည်…၊ မိတ်ဆွေရဟန်း သည်…၊ တွေ့မြင်ဖူးကာမျှဖြစ်သည့် သန္ဒိဋ္ဌမိတ်ဆွေသည်…၊ မြဲမြဲစွဲစွဲပေါင်းသင်းသည့် သမ္ဘတ္တမိတ်ဆွေသည် ဤသို့သဘောရှိ၏။ ထိုရဟန်းသည် တန်ခိုးကြီး၏။'

'အကြင်ရဟန်းသည် ဤသို့သဘောရှိသော ကျောင်း၌ နေ၏၊ တစ် ဖက်စောင်းမိုးကျောင်း၌…၊ ပြဿဒ်၌…၊ ဦးပြည်းတိုက်ကတုံး၌…၊ ဂူ၌…၊ လိုဏ်၌…၊ ကုဋီ၌…၊ အထွတ်တပ်သောကျောင်း၌…၊ ပစ်စင် ပြအိုး၌…၊ တန်ဆောင်းဝန်း၌…၊ ဘဏ္ဍာတိုက်၌…၊ စည်းဝေးဆောင်၌ …၊ မဏ္ဍပ်၌…၊ ဤသို့သဘောရှိသော သစ်ပင်ရင်း၌ နေ၏။ ထိုရဟန်း သည် တန်ခိုးကြီး၏'-ဟု မိမိကိုယ်ပင်ရည်ရွယ်၍ ပြောဆို၏။

တစ်နည်းသော်ကား ဤသာသနာတော်၌ အချို့သောရဟန်းသည် စက်ဆုပ်ဖွယ်ရာ မြူအညစ်အကြေးနှင့်တူသော မကောင်းသောအလိုဆိုး ဖြင့် ကိုယ်,နှုတ်ကို အကျိုးမဲ့အလွန်နှိပ်ကွပ်ချုပ်တည်းသည်ဖြစ်၍ အလွန် မျက်မှောင်ကုပ်သည် ဖြစ်၍ အလွန်အံ့သြဖွယ်ပြုသည်ဖြစ်၍, အလွန် အပြောကြီးသည်ဖြစ်၍ မိမိစကားမျှဖြင့် သူတစ်ပါးအချီးမွမ်းခံရသည် ဖြစ်၍ 'ဤရဟန်းသည် ဤသို့သဘောရှိကုန်သော ငြိမ်သက်သိမ်မွေ့ ကုန်သော ဝိဟာရသမာပတ်တို့ကို ရ၏'ဟု မိမိကိုယ်ပင်ရည်ရွယ်၍ ထိုသို့ သဘောရှိသည့် နက်နဲလှိုဏ်ဝှက် သိမ်မွေ့ဖုံးကွယ်သော လောကုတ္တရာဖြစ် သည့် သခ်ါရဆိတ်သုဉ်းရာ နိဗ္ဗာန်နှင့်စပ်သောစကား (သုညတာပဋိ-သံယုတ္တကထာ)ကို ပြောကြား၏။

ဤသို့သဘောရှိသော မျက်မှောင်ကုပ်ခြင်းသည်, မျက်မှောင်ကုပ်သည် ၏အဖြစ်သည်, အံ့သြစေခြင်းသည်, အံ့သြခြင်းကိုဖြစ်စေသော အခြင်း အရာသည်, အံ့သြစေသောသူ၏အဖြစ်သည် ရှိ၏။ ဤသို့ မိမိ၏အနီး၌ အံ့သြဖွယ်ကိုဆောင်၍ ပြောဆိုခြင်းသည် သာမန္တဇပ္ပန-ဟုဆိုအပ်သော ကုဟနဝတ္ထုမည်၏။''

(စည်၁။ ၇၅-၇၆)

၃။ ကြ္ခရိယာပထကုဟနဝတ္ထု

ယုတ်မာသော အလိုဆိုးရှိသောရဟန်းသည် မိမိကို သူတစ်ပါးတို့က အရိယာသူတော်ကောင်းဟု ချီးမွမ်းစေလိုသောသဘောဖြင့် အနေအထိုင် အသွားအလာ ကြ္ခရိယာပုထ်ကို အဲ့သြဖွယ်ပြုခြင်းကို ကြ္ခရိယာပထသန္နိဿိတကုဟနဝတ္ထု-ဟူ၍ သိမှတ်အပ်၏။

ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်၌ အောက်ပါအတိုင်း အကျယ်ဖွင့်ဆိုဟောပြတော်မူလေသည်။

> ''ကြ္ခရိယာပထကုဟနဝတ္ထု-ဟူသည် အဘယ်နည်း? ဤသာသနာတော်၌ အချို့သောရဟန်းသည် ယုတ်မာသောအလိုဆိုးရှိသည်ဖြစ်၍, ယုတ်မာသော အလိုရမ္မက်သည်နှိပ်စက်အပ်သည်ဖြစ်၍ မိမိကို အရိယာသူတော်ကောင်းဟု ချီးမွမ်းစေလိုသောသဘောဖြင့် 'ဤသို့ပြုသည်ရှိသော် ငါ့ကို လူအများ ချီးမွမ်းကြလိမ့်မည်' ဟု ရည်ရွယ်၍ သွားခြင်းကြ္ခရိယာပုထ်, ရပ်ခြင်းကြ္ခရိယာပုထ်, ထိုင်ခြင်းကြ္ခရိယာပုထ်, လျောင်းခြင်းကြ္ခရိယာပုထ်ကို ကောင်းစွာပြုပြင်ထား၏။ မိမိကို အရိယာရဟန္တာ-ဟု လူအများထင်ကြစေရန် ရည်သန်တောင့်တ၍ သွား၏၊ ရပ်၏၊ ထိုင်၏၊ လျောင်း၏၊ တည်ကြည်သောသမာဓိရှိသကဲ့သို့ သွား၏၊ ရပ်၏၊ ထိုင်၏၊ လျောင်း၏၊ လူအများမြင်နိုင်ရာအရပ်၌ စျာန်ဝင်စားသကဲ့သို့ ပြုလျက်နေ၏။
>
> ဤသို့သဘောရှိသော ကြ္ခရိယာပုထ်ကို ရှေးဦးစွာထားခြင်း, ထားသောအခြင်းအရာ, ကောင်းစွာပြုပြင်ထားခြင်း-ဟုဆိုအပ်သော အကြင်မျက်မှောင်ကုပ်ခြင်းသည်, မျက်မှောင်ကုပ်သည်၏အဖြစ်သည်, အံ့သြစေခြင်းသည်, အံ့သြခြင်းကိုဖြစ်စေသောအခြင်းအရာသည်, အံ့သြစေသောသူ၏အဖြစ်သည် ရှိ၏။ ဤကြ္ခရိယာပုထ်ကိုပြုပြင်ထားခြင်းသည် ကြ္ခရိယာပထသန္နိဿိတ-ဟုဆိုအပ်သော ကုဟနဝတ္ထုမည်၏။'' (စည်၁။ ၇၆-၇၇)

မဟာနိဒ္ဒေသလာ
အာလယနှာစသည် ၁၃-ပါး

၁။ အာလယနှာ - ကျောင်းသို့ရောက်ရှိလာသော လူဒါယကာတို့အား တွေ့မြင်သောအခါ ''ဒါယကာတို့...ဘယ်အတွက်ကြောင့် လာကြ

သလဲ? ရဟန်းတို့ကို ပင့်ဖိတ်ရန်လာကြသလော? သို့ဆို လျှင် သွားနှင့်ကြ၊ ငါ သပိတ်ယူပြီး လိုက်လာခဲ့မည်'' စသည်ဖြင့် မလျှောက်မပင့်ရသေးဘဲ လှူရေးနှင့်စပ်သော စကားကို တင်ကြိုး၍ပြောကြားခြင်းသည် အာလပနာမည်၏။

- တစ်နည်းအားဖြင့် ''တိဿမထေရ်ဆိုတာ ငါပဲ၊ မင်း-ကိုးကွယ်ခံပေါ့၊ အဘယ်အမတ်, အဘယ်အမတ်တို့က လည်း ငါကို ကြည်ညိုကိုးကွယ်ကြတာပဲ'' စသည်ဖြင့် မိမိကိုယ်ကို ကိုယ်ရည်သွေးလျက် ပြောကြားခြင်းသည် အာလပနာ မည်၏။

၂။ လပနာ - ''တိဿမထေရ် အဘယ်မှာရှိသနည်း?'' စသည်ဖြင့် မေး မြန်းလျှောက်ထားလာသူတို့အား အထက်ပါအတိုင်း မိမိ ကိုယ်ကို ကိုယ်ရည်သွေးလျက် ပြောကြားခြင်းသည် လပနာ မည်၏။

၃။ သလ္လပနာ - လူဒါယကာတို့၏ ပျင်းရိငြီးငွေ့ခြင်း၌ စိုးရိမ်သည်ဖြစ်၍ လူဒါယကာတို့အား စကားပြောခွင့်ပေး၍ ကောင်းစွာ ပြောကြားခြင်းသည် သလ္လပနာ မည်၏။

၄။ ဥလ္လပနာ - ''သူဌေးမင်း၊ သူကြွယ်ကြီး၊ ဘုရားဒကာကြီး၊ ကျောင်း ဒကာကြီး'' စသည်ဖြင့် အလှူရှင်ကို မြှောက်ပင့်၍ ပြော ကြားခြင်းသည် ဥလ္လပနာ မည်၏။

၅။ သမုလ္လပနာ - ''သူဌေးမင်း၊ သူကြွယ်ကြီး၊ ဘုရားဒကာကြီး၊ ကျောင်း ဒကာကြီး'' စသည်ဖြင့် အလှူရှင်ကို ခပ်သိမ်းသောအဖို့ အားဖြင့် မြှောက်ပင့်၍ပြောကြားခြင်းသည် သမုလ္လပနာ မည်၏။

၆။ ဥန္နဟနာ - ''ဒါယကာတို့...ဒီနှစ်၊ ဒီအချိန်ဆိုလျှင် သင်တို့သည် ကောက်ဦးအလှူ လှူနေကြမဟုတ်လား၊ ယခုနှစ် မလှူကြ တော့ဘူးလား?'' စသည်ဖြင့် မေးမြန်းလေလျှင် ဒါယကာ တို့က ''အရှင်ဘုရား...ယခု မအားလပ်သေး၍ မလှူဖြစ် သေးပါ၊ လှူပါ့မယ်ဘုရား'' ဟူသော ဝန်ခံစကားမျိုးကို မရမချင်း လှူဖြစ်အောင်ချည်တုပ်၍ ပြောကြားခြင်းသည် ဥန္နဟနာ မည်၏။

- တစ်နည်းအားဖြင့် ကြဲကိုကိုင်၍ လမ်းလျှောက်လာသောသူကို တွေ့မြင်လျှင် ရဟန်းက "ဒါယကာ ဒီကြဲကို သင်ဘယ်က ယူဆောင်လာသလဲ?" ဟုမေးမြန်း၏။ ဒါယကာက "ကြဲခင်းမှ ယူဆောင်လာပါတယ်ဘုရား" ဟုလျှောက်၏။ "ဘယ်လိုလဲ အဲဒီကြဲခင်းမှကြဲတွေက ချိုရဲ့လား?" ဟုမေးမြန်းလေရာ "မှန်ပါ၊ မြည်းကြည့်လျှင် သိနိုင်ပါတယ်ဘုရား" ဟု ပြန်လျှောက်၏။ ထိုအခါ ရဟန်းက "အို ဒါယကာ…၊ ရဟန်းအား ကြဲလှူပါလို့ ပြောဖို့မသင့်ဘူး" ဟုဆို၏။ ဤသို့လျှင် လူဒါယကာက မလှူချင်၍ လွတ်အောင် ဖြေကြားသော်လည်း မလွတ်နိုင်အောင် ရစ်ပတ်၍ ပြောကြားခြင်းသည် ဥန္နဟနာ မည်၏။

၇။ သမုန္နဟနာ - အထက်ပါအတိုင်း ခပ်သိမ်းသောအဖို့အားဖြင့် လှူဖြစ်အောင် အထပ်ထပ် ရစ်ပတ်၍ ပြောကြားခြင်းသည် သမုန္နဟနာ မည်၏။

၈။ ဥဏ္ဏာစနာ - အဘယ်, အဘယ် ဒါယကာတို့သည် ငါ့ကိုသာ သိ၏၊ လှူစရာရှိလျှင်လည်း ငါ့ကိုသာ လှူလေ့ရှိ၏" ဟု လူဒါယကာတို့၏ဂုဏ်ကို ဖော်ပြ၍ မြှောက်ပင့်ပြောကြားခြင်းသည် ဥဏ္ဏာစနာ မည်၏။

၉။ သမုဏ္ဏာစနာ - အထက်ပါအတိုင်း ခပ်သိမ်းသောအခြင်းအရာအားဖြင့် အဖန်ဖန် အထပ်ထပ် လူဒါယကာတို့၏ဂုဏ်ကို ဖော်ပြ၍ မြှောက်ပင့်ပြောကြားခြင်းသည် သမုဏ္ဏာစနာ မည်၏။

၁၀။ အနုပ္ပိယ-ဘာဏိတာ - အမှန်ကိုဖြစ်စေ,တရားကိုဖြစ်စေ ငဲ့ကွက်ထောက်ထားခြင်း မရှိဘဲ အဖန်တလဲလဲ ချစ်ဖွယ်စကားကိုသာ ပြောကြားခြင်းသည် အနုပ္ပိယဘာဏိတာ မည်၏။

၁၁။ စာဋုကမျတာ - မိမိကိုယ်ကို လူဒါယကာတို့အောက် နိမ့်ကျသောအားဖြင့် "ဟုတ်ကဲ့၊ ဗျာ" စသည်ဖြင့် အောက်ကျိုးခံပြောကြားခြင်းသည် စာဋုကမျတာ မည်၏။

၁၂။ မုဂ္ဂသူပျတာ - ပဲနောက်တို့ကို ချက်ပြုတ်သည်ရှိသော် အနည်းငယ်သည် မကျက်ဘဲ ဖြစ်တတ်၏။ အများအားဖြင့်မူ နူးနပ်၍ ကျက်

လေ့ရှိ၏။ ဤပဲနောက်ဟင်းအလား အမှန်နည်းပါး၍ အမှားများသော စကားမျိုးကို ပြောကြားခြင်းသည် မုဂ္ဂသူဗျတာ မည်၏။

၁၃။ ပါရိဘဋ္ဋတာ - ကလေးထိန်းပမာ လူဒါယကာတို့၏ ကလေးသူငယ်များကို ရင်ခွင်ဖြင့် ပွေ့ပိုက်၍ဖြစ်စေ, ပခုံးပေါ်တင်၍ ချီပိုးခြင်းဖြင့် ဖြစ်စေ ထိန်းကျောင်းသောအမှုသည် ပါရိဘဋ္ဋတာ မည်၏။ (စည်း၁။ ၇၈-၈၀)

မဟာနိဒ္ဒေသလာ
နေမိတ္တိကတာ ၆-ပါး

၁။ နိမိတ္တ - အခြားတစ်ပါးသော လူဒါယကာတို့အား ပစ္စည်းကိုပေးလှူခြင်း၌ အမှတ်သညာကိုဖြစ်စေတတ်သည့် ကိုယ်အမှု, နှုတ်အမှုသည် နိမိတ္တ(နိမိတ်) မည်၏။

၂။ နိမိတ္တကမ္မ - စားသောက်ဖွယ်ကို ကိုင်ဆောင်သွားသည်ကိုမြင်လျှင် "ဘာစားခဲ့ရသလဲ၊ စားစရာရခဲ့သလား?" စသည်ဖြင့် ပေးလှူဖို့ အမှတ်နိမိတ်ကိုပြခြင်းသည် နိမိတ္တကမ္မ(နိမိတ်ပြခြင်း) မည်၏။

၃။ ဩဘာသ - ပစ္စည်းနှင့်စပ်သော အရိပ်အယောင်စကားသည် ဩဘာသ (အရိပ်အယောင်)မည်၏။

၄။ ဩဘာသကမ္မ - နွားပေါက်ကိုကျောင်းသည့် နွားကျောင်းသားကို "ဘယ်လိုလဲ၊ မင်းရဲ့နွားပေါက်က နို့စို့တဲ့နွားလား၊ ရက်တက်ရည်စို့တဲ့နွားလား?" ဟုမေးမြန်းလျှင် နွားကျောင်းသားက "နို့စို့နွားပါဘုရား" ဟုလျှောက်လျှင် "ဟာ..မဖြစ်နိုင်ဘူး၊ နို့စို့နွားသာဆိုရင် ရဟန်းတွေလည်း နွားနို့ရမှာပေါ့" စသည်ဖြင့် ပြောကြားလေ၏။ ဤအကြောင်းကို နွားကျောင်းသားက မိဘများကိုပြန်လည်ပြောကြား၍ နွားနို့လှူရန်ပြောကြား၏။ ဤသို့စသည်ဖြင့် နွားနို့ရရှိအောင်ပြလုပ်ခြင်း စသောနည်းလမ်းတို့သည် ဩဘာသကမ္မ (အရိပ်အယောင်ပြခြင်း) မည်၏။

၅။ သာမန္တဇပွန - မိမိအလိုရှိသည့်ပစ္စည်းနားသို့ ရောက်အောင် ရစ်သီ၍ပြောကြားခြင်းသည် သာမန္တဇပွန မည်၏။
(ဤသာမန္တဇပွနနှင့် ပတ်သက်၍ အိမ်ကပ်လေ့ရှိသော 'ကုလူပဂရဟန်း' တစ်ပါးအကြောင်းကို သာဓကအဖြစ် ဖော်ပြထား၏။)

၆။ ပရိကထာ - အလိုရှိသည့်ပစ္စည်းရအောင် ထိုပစ္စည်းအကြောင်းကို အဖန်ဖန် အထပ်ထပ်ပြောကြားခြင်းသည် ပရိကထာ မည်၏။

ကုလူပကရဟန်းတစ်ပါး အကြောင်း

အိမ်ကပ်လေ့,အိမ်လည်လေ့ရှိသော ရဟန်းတစ်ပါးသည် ဆွမ်းစားလိုသဖြင့် အိမ်တစ်အိမ်သို့ ဝင်၍ထိုင်၏။ ထိုရဟန်းကို အိမ်ရှင်မက မလျှုလိုသဖြင့် ဆန်မရှိ-ဟု ညည်းညူလျက် ဆန်ရှာသလိုလိုနှင့် အိမ်နီးချင်းအိမ်တစ်အိမ်သို့ ရောင်ထွက်သွား၏။ အိမ်ရှင်မ-မရှိခိုက် ရဟန်းသည် အိမ်ခန်းအတွင်းသို့ဝင်၍ ကြည့်ရှု ရှာဖွေလေရာ တံခါးရွက်ကြားမှာထောင်ထားသည့် ကြံ၊ အိုးတစ်လုံးထဲမှာ တင်လဲခဲ၊ ခြင်းတောင်းတစ်ခုထဲမှာ ငါးခြောက်ပြား၊ ဆန်အိုးထဲမှာ ဆန်၊ ထောပတ်အိုးထဲမှာ ထောပတ်တို့ရှိကြောင်း တွေ့မြင်သိရှိပြီးလျှင် အိမ်ရှင်မ ပြန်မလာခင် အိမ်ခန်းအတွင်းမှပြန်ထွက်၍ နေမြဲနေရာ၌သာ ထိုင်နေ၏။

ထိုအခိုက် အိမ်ရှင်မသည် ဆန်လည်း မရပါလားနော်-ဟု ညည်းတွားပြောဆိုလျက် ပြန်လာ၏။ ရဟန်းက "ဒကာမ…ဒီနေ့ ဆွမ်းမပြည့်စုံမည့် အတိတ်နိမိတ်ကို စောစောကတည်းက ငါ မြင်ခဲ့ပါတယ်" ဟုဆို၏။ အိမ်ရှင်မက "ဘယ်လို နိမိတ်မျိုးလဲဘုရ့" ဟုမေးမြန်းလျှင် ရဟန်းက "လာရာလမ်း၌ တံခါးရွက်ကြားမှာ ထောင်ထားတဲ့ ကြံချောင်းလောက်ရှိတဲ့ မြွေကြီးတစ်ကောင်ကို ငါ မြင်ခဲ့တယ်၊ ဒါနဲ့ အဲဒီမြွေကို ခြောက်လှန့်ထုတ်မယ်လို့ကြံပြီး ဟိုဟိုဒီဒီရှာကြည့်တော့ အိုးထဲက တင်လဲခဲလောက်ရှိတဲ့ ကျောက်ခဲကို တွေ့ပါလေရော၊ ကျုပ်လဲ အဲဒီကျောက်ခဲနှင့်ပဲ မြွေကို ပစ်ခြောက်လိုက်တယ်၊ မြွေက ရှူးကနဲနေအောင်နာမှုတ်ပြီး ပါးပျဉ်းထောင်လိုက်တာများ နည်းတဲ့ပါးပျဉ်းကြီးလားဗျာ၊ တောင်းထဲက ငါးခြောက်ပြားကြီးလောက်ကို ရှိတယ်၊ အဲဒီမြွေလဲ ဒေါသထွက်ထွက်နဲ့ ကျုပ်ပစ်လိုက်တဲ့ကျောက်ခဲကို ဆတ်ခနဲ ကိုက်ပေါက်လိုက်တော့ မြင်လိုက်ရတဲ့သွားတွေဆိုတာများ ဆန်အိုးထဲက ဆန်တွေလိုပဲ ဖွေးပြီးချွန်ထက်နေတာပဲဗျာ၊ ဒါတင်ဘယ်ကမှာလဲ မြွေရဲ့ပါးစပ်က ဖြာထွက်လာတဲ့ အဆိပ်ရည်တွေဆိုတာ အိုးထဲကထောပတ်တွေလိုပဲ ပြစ်ချဲ့ချဲ့ဖြစ်နေလိုက်တာဗျာ…" ဟု ပြောဆိုလေ၏။

ထိုအခါ အိမ်ရှင်မလည်း ''သည်ကတုံးကိုဖြင့် လိမ်လို့ကို မရပါလားနော်'' ဟု တွေးတောပြီးလျှင် ထောပတ်ဆွမ်းကို ချက်၊ ငါးခြောက်ကို ဟင်းအဖြစ်စီမံ၍ ဆွမ်းကပ်ကာ တင်လဲခဲနှင့်ကြွကို အချိုပွဲအဖြစ် ဆက်ကပ်လျှဒါန်းလိုက်ရလေတော့သည်။ ဤဝတ္ထုဌ္ဌ မိမိအလိုရှိသော ပစ္စည်းဝတ္ထုအနီးသို့ မရောက်-ရောက်အောင် ပွတ်ကာသီကာ ပြောဆိုခြင်းသည် ''သာမန္တဇပ္ပန'' ဟူ၍ သိမှတ်ရမည်။

(စည်း၁။ ၈၀-၈၂)

မဟာနိဒ္ဒေသလာ
နိပ္ပေသိကတာ ၁၁-ပါး

၁။ နိပ္ပေသိကတာ - (၁)အမျိုးဇာတ်အားဖြင့်ဆဲရေးခြင်း၊ (၂)အမည်အားဖြင့်ဆဲရေးခြင်း၊ (၃)အနွယ်အားဖြင့်ဆဲရေးခြင်း၊ (၄)အလုပ်အကိုင်အားဖြင့်ဆဲရေးခြင်း၊ (၅)အတတ်ပညာအားဖြင့်ဆဲရေးခြင်း၊ (၆)အနာရောဂါအားဖြင့်ဆဲရေးခြင်း၊ (၇)အသွင်သဏ္ဌာန်အားဖြင့်ဆဲရေးခြင်း၊ (၈)ကိလေသာအားဖြင့်ဆဲရေးခြင်း၊ (၉)အာပတ်-အပြစ်အားဖြင့်ဆဲရေးခြင်း (၁၀)နွားပဲ,ခွေးပဲ, တိရစ္ဆာန်ပဲစသည်ဖြင့် အထွေထွေဆဲရေးခြင်း-ဟူသော ဆဲရေးကြောင်းဝတ္ထုဆယ်ပါးတို့တွင် တစ်ပါးပါးဖြင့် လူဒါယကာတို့အား ကြောက်၍လျှူအောင် ဆဲဆိုခြင်းသည် နိပ္ပေသိကတာ မည်၏။

၂။ ဝမ္ဘနာ - လူဒါယကာတို့အား ရွှတ်ချလွှမ်းမိုး၍ ပြောဆိုခြင်းသည် ဝမ္ဘနာ မည်၏။

၃။ ဂရဟဏာ - သဒ္ဓါတရားမရှိသူ၊ ရတနာသုံးပါးကို မကြည်ညိုသူ-စသည်ဖြင့် အပြစ်တင်ပြောဆိုခြင်းသည် ဂရဟဏာ မည်၏။

၄။ ဥက္ခေပနာ - ''ဤမည်သော ဒကာကို ဤအလှူအရာ၌ ထည့်၍မပြောဆိုကြလင့်'' စသည်ဖြင့် လှူသူအဖြစ်မှထုတ်ပယ်ကြောင်းစကားကို ပြောဆိုခြင်းသည် ဥက္ခေပနာ မည်၏။

- တစ်နည်းအားဖြင့် မပေးလှူသူကို တွေ့မြင်ရလျှင် ''သြော် အလှူရှင်ကြီး(မှဟာဒါနပတိ)ပါတကား'' ဟု ငေါ့တော့တော့ ပြောဆိုခြင်းသည် ဥက္ခေပနာ မည်၏။

၅။ သမုက္ကဋ္ဌနာ - အထက်ပါအတိုင်း ခပ်သိမ်းသောအခြင်းအရာအား ဖြင့် (အမျိုးမျိုးအဖုံဖုံ) တည်ရာမှီရာ အကြောင်းပြုချက်နှင့်တကွ ပြု၍ ပြောဆိုခြင်းသည် သမုက္ကဋ္ဌနာ မည်၏။

- တစ်နည်းအားဖြင့် မပေးလှူသူကို တွေ့မြင်ရလျှင် ''သြော် အလှူရှင်ကြီးပါတကား'' စသည်ဖြင့် လွန်လွန်ကဲကဲ ငေါ့တော့တော့ ပြောဆိုခြင်းသည် သမုက္ကဋ္ဌနာ မည်၏။

၆။ ခိဝနာ - ''မျိုးစေ့ကိုသာ စားသုံးသော ဤဒါယကာ၏ အသက်ရှင်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း'' စသည်ဖြင့် ပြက်ရယ်ပြုပြောဆိုခြင်းသည် ခိဝနာ မည်၏။

၇။ သံခိဝနာ - ''ဤ ဒါယကာကို ဘာ့ကြောင့် မလှူဘူးလို့ပြောရတာတုံး၊ သူ လှူနေတယ်လေ၊ နတ္ထိဆို များများစားစား အမြဲလှူနေတာပဲ မဟုတ်လား'' စသည်ဖြင့် ရယ်သွမ်းသွေး၍ ပြက်ရယ်ပြုပြောဆိုခြင်းသည် သံခိဝနာ မည်၏။

၈။ ပါပနာ - မပေးမလှူသူ၏အဖြစ်, ကျေးဇူးမဲ့သူ၏အဖြစ်သို့ ရောက်အောင် ပြောဆိုခြင်းသည် ပါပနာ မည်၏။

၉။ သမ္ဘာဝနာ - အထက်ပါအတိုင်း ခပ်သိမ်းသောအဖို့အား ဖြင့် ရောက်အောင် ပြောဆိုခြင်းသည် သမ္ဘာဝနာ မည်၏။

၁၀။ အဝဏ္ဏဟာရိတာ - ကျေးဇူးမဲ့ကို ပြောဆိုပေးမှ ကြောက်လန့်အရှက်ရပြီး ငါ့အား ပေးလှူလိမ့်မည်-ဟူ မျှော်လင့်၍ တစ်အိမ်ဆင်း တစ်အိမ်တက်၊ တစ်ရွာပြီးတစ်ရွာ၊ ဇနပုဒ်တစ်ခုပြီးတစ်ခု လှည့်ပတ်၍ မကောင်းသတင်းလွှင့် ပြောဆိုခြင်းသည် အဝဏ္ဏဟာရိတာ မည်၏။

၁၁။ ပရပိဋ္ဌိမံသိကတာ - မျက်မှောက်ချိုသာ မျက်ကွယ်အပြစ်ပြောကြားခြင်းသည် ပရပိဋ္ဌိမံသိကတာ မည်၏။

ဤသို့ပြောကြားခြင်းသည် မျက်နှာချင်းမဆိုင်ရဲသောသူသည် ကျောခိုင်းနေသောသူ၏ ကျောကုန်းသားကို ခဲစားသည်နှင့်တူ၏-ဟု အဋ္ဌကထာ၌ ဖွင့်ပြသည်။(ဓမ္မသင်္ဂဏိ၊ ၈၃-၈၄)

[ဧသော ဟိ အဘိမုခံ သြလောကေတုံ အသက္ကောန္တဿ ပရမ္မုခါနံ ပိဋ္ဌိမံသံ ခါဒနမိဝ ဟောတိ၊ တသ္မာ ပရိပိဋ္ဌိမံသိကတာတိ ဝုတ္တာ။ (ဝိသုဒ္ဓိ၊ ၂၈-၂၉)]

အာဒီ-သဒ္ဒါဖြင့်ယူရမည့် ပါပဓမ္မခေါ်
ယုတ်မာသောအကျင့်များ

"ဧမာဒီနဉ္စ ပါပဓမ္မာနံ= ဤသို့အစရှိကုန်သော ယုတ်မာသောအကျင့်များ" ဟူသော စကားရပ်၌ပါဝင်သည့် အာဒီ-သဒ္ဒါဖြင့်(အစရှိသော-စကားရပ်ဖြင့်) ဗြဟ္မာလသုတ်တော်၌ မြတ်စွာဘုရားဟောတော်မူထားသည့် ပါပဓမ္မခေါ် ယုတ်မာသောအကျင့်များကိုလည်း မိစ္ဆာဇီဝ(မှားယွင်းသောအသက်မွေးမှု)အနေဖြင့် ဤသီလအရာ၌ ထည့်သွင်းယူရပါမည်။

ယင်းတို့မှာ-အင်္ဂကျမ်းအတတ်၊ နိမိတ်ကျမ်းအတတ်၊ ဥပ္ပာတကျမ်းအတတ်၊ အိပ်မက်ကျမ်းအတတ်၊ လက္ခဏာကျမ်းအတတ်၊ ကြွက်ကိုက်ကျမ်းအတတ်၊ မီးပူဇော်ခြင်း၊ ယောက်မဖြင့်ပူဇော်ခြင်း-စသည်တို့ဖြစ်သည်။

အချို့သော သမဏ,ဗြဟ္မဏအမည်ရသူတို့သည် ဤအတတ်ပညာတို့ကို အသုံးချ၍ အများပြည်သူ လူဒါယကာ-ဒါယိကာမတို့ သဒ္ဓါရှိလျှုအပ်သော သုံးဆောင်ဖွယ် ပစ္စည်းဝတ္ထုမှန်သမျှကို ရရှိအောင်ပြုလုပ်တတ်ကြ၏။ ပေါများအောင်ပြုလုပ်တတ်ကြ၏။ ဤသို့ပြုလုပ်ခြင်းသည် ရဟန်းတော်တို့အတွက် မအပ်စပ်သည့် နည်းလမ်းများဖြင့် ရှာဖွေရာရောက်သဖြင့် ယင်းတို့ကို မိစ္ဆာဇီဝ(မှားယွင်းသောအသက်မွေးမှု)ဟုဆိုခြင်း ဖြစ်သည်။ (စည်၊၁။ ၈၅)

မှတ်ချက်။ ပါပဓမ္မခေါ် ယုတ်မာသောအကျင့်များကို အပြည့်အစုံသိလိုလျှင် သုတ္တန်-ပိဋကတ၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်မြန်မာပြန်၊ ဗြဟ္မာလသုတ်၌ ဖတ်ရှုလေ့လာနိုင်ပါသည်။

၇။ ပစ္စယသန္နိဿိတသီလ
အကြောင်း

ပစ္စယသန္နိဿိတသီလ မည်ပုံ

သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် 'ပစ္စယသန္နိဿိတသီလ' မည်၏။

သင်္ကန်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ

၄-ပါး

၁။ အအေးကို ပယ်ဖျောက်ခြင်းအကျိုးငှာ သင်္ကန်းကို ဝတ်ရုံသုံးဆောင်မှီဝဲပါ၏။
၂။ အပူကို ပယ်ဖျောက်ခြင်းအကျိုးငှာ သင်္ကန်းကို ဝတ်ရုံသုံးဆောင်မှီဝဲပါ၏။
၃။ မှက်၊ ခြင်၊ မြူမပါသောလေ၊ မြူပါသောလေ၊ နေပူ၊ မြွေအစရှိသော တွားသွားသတ္တဝါတို့၏ ကိုက်ခြင်းအတွေ့၊ ထိခြင်းအတွေ့တို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ သင်္ကန်းကို ဝတ်ရုံသုံးဆောင်မှီဝဲပါ၏။
၄။ ဟိရိဂုဏ်ကို ပျက်စေတတ်သော ကိုယ်အင်္ဂါကြီးငယ်ကို လုံခြုံအောင် ဖုံးလွှမ်းခြင်းအကျိုးငှာ သင်္ကန်းကို ဝတ်ရုံသုံးဆောင်မှီဝဲပါ၏။

အအေးဟူသည်

အအေး(သီတ)ဟူသည်-ကိုယ်တွင်းသန္တာန်၌ ဓာတ်ချောက်ချားခြင်း၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသည့်အအေး(အစ္ဆုတ္တဓာတုကွောဘသီတ)နှင့် အပြင်ပ၌ ဥတုဖောက်ပြန်ခြင်း၏အစွမ်းဖြင့် ဖြစ်ပေါ်လာသည့်အအေး(ဗဟိဒ္ဓဥတုပရိဏာမနသီတ)ကို ဆိုလို၏။

ပယ်ဖျောက်ခြင်းအကျိုးငှာ ဟူသည်

ပယ်ဖျောက်ခြင်းအကျိုးငှာ(ပဋိဃာတာယ)ဟူသည် - ကိုယ်၌နှိပ်စက်ခြင်းကို မဖြစ်ပေါ်စေနိုင်အောင် ထိုအဆေးကို ပယ်ဖျောက်ခြင်းအကျိုးငှာ-ဟုဆိုလို၏။

မှန်၏၊ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်သည် အဆေးဒဏ်ကိုခံရလျှင် သမာဓိ မဖြစ်နိုင်ဘဲ စိတ်ပျံ့လွင့်ခြင်းသို့ ရောက်တတ်ပါသည်။ စိတ်ပျံ့လွင့်လျှင် အသင့် အားဖြင့် နည်းမှန်လမ်းမှန် တရားအားထုတ်ခြင်းငှာ မစွမ်းနိုင်ဘဲ ဖြစ်တတ်သည်။ သို့ဖြစ်၍ ခန္ဓာကိုယ်ကို နှိပ်စက်တတ်သောအဆေးဒဏ်ကို ပယ်ဖျောက်ခြင်းအကျိုးငှာ (အဆေးဒဏ်ခံနိုင်အောင်) သင်္ကန်းကို ဝတ်ရုံသုံးဆောင်မှီဝဲနိုင်၏-ဟု မြတ်စွာဘုရား ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်သည်။

—

ဆွမ်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ

၁၃-ပါး

၁။ နေဝ ဒဝါယ=ရွာသားသူငယ်တို့ကဲ့သို့ မြူးတူးပျော်ပါးကစားခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း မဟုတ်ပါ။

၂။ နာ မဒါယ=လက်ဝှေ့သမား၊ လက်ပန်းသမားစသည်တို့ကဲ့သို့ ခွန်အားမာန်, ယောကျ်ားအားမာန်ကိုဖြင့် မာန်ယစ်ခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း မဟုတ်ပါ။

၃။ နာ မဏ္ဍနာယ=နန်းတွင်းသူပြည့်တန်ဆာမ အစရှိသည်တို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုး လှပတင့်တယ်စေခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း မဟုတ်ပါ။

၄။ နာ ဝိဘူသနာယ=ကချေသည်၊ ကျွမ်းသမားစသည်တို့ကဲ့သို့ အရေအဆင်း ကြည်လင်တောက်ပစေခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း မဟုတ်ပါ။

၅။ ဣမသ္သ ကာယဿ ဋ္ဌိတိယာ=မဟာဘုတ်လေးပါးကိုမှီသော ရုပ်အပေါင်းကိုယ်၏ အဆက်အဆက်ဖြစ်သော ရုပ်အစဉ်တည်တံ့စေခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၆။ ဣမဿ ကာယဿ ယာပနာယ=အသက်ခေါ် ဇီဝိတိန္ဒြေ၏ မပြတ်စဲခြင်း အကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၇။ ဝိဟိံသူပရတိယာ=ဆာလောင်ခြင်းဟူသော နှိပ်စက်ညှဉ်းဆဲတတ်သော အနှောင်၏ ကင်းငြိမ်းခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၈။ ဗြဟ္မစရိယာနုဂ္ဂဟာယ=သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယဟူသော အကျင့် မြတ်နှစ်ပါးကို ချီးမြှောက်နိုင်ခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၉။ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ=ဝေဒနာဟောင်းကို ပယ်ဖျောက်ခြင်း အကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၁၀။ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ=ဝေဒနာသစ်ကို မဖြစ်စေခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏။

၁၁။ ယတြာစ မေ ဘဝိဿတိ=ငါ့အား မျှတခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့-ဟူ၍ နှလုံးသွင်းဆင်ခြင်ရမည်။

၁၂။ အနဝဇ္ဇတာ စ=ငါ့အား အပြစ်မရှိခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့-ဟူ၍ နှလုံးသွင်းဆင်ခြင်ရမည်။

၁၃။ ဖာသုဝိဟာရော စ=ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့-ဟူ၍ နှလုံးသွင်းဆင်ခြင်ရမည်။ (စည်ပ။ ၈၉-၉၄)

နေဝ ဒဝါယ-ပုဒ်ကို ဟောတော်မူရခြင်း အကြောင်း

နေဝ ဒဝါယ-ဟူသောပုဒ်ကို မောဟ၏ ဥပနိဿယအကြောင်းဖြစ်သော ပျော်မြူးခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ (ဝါ) မောဟ၏ ဥပနိဿယအကြောင်း ဖြစ်သော မှီဝဲသုံးဆောင်စားသောက်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဟောတော်မူပါသည်။

န မဒါယ-ပုဒ်ကို ဟောတော်မူရခြင်း အကြောင်း

န မဒါယ-ဟူသောပုဒ်ကို ဒေါသ၏ ဥပနိဿယအကြောင်းဖြစ်သော မာန်ယစ်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ (ဝါ) ဒေါသ၏ ဥပနိဿယအကြောင်းဖြစ်သော မှီဝဲသုံးဆောင်စားသောက်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဟောတော်မူပါသည်။

နေဝ ဒဝါယ နှင့် နေ မဒါယ-နှစ်ပုဒ်ကို ဟောတော်မူရခြင်းအကြောင်း

နေဝ ဒဝါယနှင့် နေ မဒါယ-ဟူသောနှစ်ပုဒ်ကို မှီဝဲသုံးဆောင်သူ-ဟူသော မိမိမှာ သံယောဇဉ်ဖြစ်ခြင်းကို တားမြစ်ခြင်းအကျိုးငှာ ဟောတော်မူပါသည်။

နေ မဏ္ဍနာယ နှင့် နေ ဝိဘူသနာယ-နှစ်ပုဒ်ကို ဟောတော်မူရခြင်း အကြောင်း

နေ မဏ္ဍနာယနှင့် နေ ဝိဘူသနာယ-ဟူသောနှစ်ပုဒ်ကို ရာဂ၏ဥပနိဿယ အကြောင်းဖြစ်သော အသွေးအသားတိုးပွားခြင်း၊ အရေအဆင်း ကြည်လင်တောက်ပ ခြင်းတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ (ဝါ) ရာဂ၏ ဥပနိဿယ အကြောင်းဖြစ်သော မှီဝဲသုံးဆောင်စားသောက်ခြင်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဟောတော်မူပါသည်။ တစ်နည်းအားဖြင့် တစ်ပါးသောပုဂ္ဂိုလ်မှာ သံယောဇဉ်ဖြစ်ခြင်းကို တားမြစ်ခြင်းအကျိုး ငှာ ဟောတော်မူပါသည်။

၄-ပုဒ်လုံးကို ဟောတော်မူရခြင်း အကြောင်း

နေဝ ဒဝါယ-ဟူသောပုဒ်၊ နေ မဒါယ-ဟူသောပုဒ်၊ နေ မဏ္ဍနာယ-ဟူ သောပုဒ်နှင့် နေ ဝိဘူသနာယ-ဟူသောပုဒ် ဤ ၄-ပုဒ်လုံးကို မသင့်သောအကြောင်း ဖြင့် ပြုကျင့်ခြင်း, မှီဝဲသုံးဆောင်[illegible]းကိုလည်းကောင်း၊ ကာမချမ်းသာ၌ကပ်ငြိသော တဏှာဖြင့်သုံးဆောင်ခံစားခြင်း ကာမသုခလွန်ကာနုယောဂကိုလည်းကောင်း ပယ်ဖျောက် ခြင်းအကျိုးငှာ ဟောတော်မူပါသည်။ (စည်၁။ ၉၀)

ဣမဿ ကာယဿ ဋ္ဌိတိယာ-ယာပနာယ

မဟာဘုတ်လေးပါးကိုမှီသော ဤရုပ်အပေါင်းကိုယ်၏ ဋ္ဌိတိယာ=ရုပ်အစဉ် တည်တံ့ခြင်းအကျိုးငှာလည်းကောင်း၊ ယာပနာယ=အသက်ခေါ် ဇီဝိတိန္ဒြေ၏ မပြတ်စဲ ခြင်းအကျိုးငှာလည်းကောင်း ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ရုပ်ကိုယ်၏ အသက်တမ်းရှိသမျှ ကာလပတ်လုံး တည်တံ့ ခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့်-အိမ်ပိုင်ရှင်သည် မိမိ၏ အိမ်အိုအိမ်ဟောင်းကြီးကို မလဲမပြို စေရန်အတွက် ကျားထောက်ကန်ပေးရသကဲ့သို့လည်းကောင်း၊ လှည်းပိုင်ရှင်သည် မိမိ၏လှည်းကို ညင်သာစွာ လိမ့်သွားနိုင်ရန်အတွက် လှည်းဘီးအတွင်းသို့ လှည်းဆီကို

ထည့်ပေးသကဲ့သို့လည်းကောင်း ထို့အတူ ဤရုပ်အပေါင်းကိုယ်၏ မလဲမပြိုဘဲ တည်မြဲတိုင်း တည်မြဲနေပါစေခြင်းအကျိုးငှာလည်းကောင်း၊ ရှည်မြင့်စွာသော ကာလပတ်လုံး ဖြစ်မြဲတိုင်းဖြစ်, သွားမြဲတိုင်းသွားနေပါစေခြင်းအကျိုးငှာလည်းကောင်း ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ခြင်း ဖြစ်ပါသည်။

ပျော်ရွှင်မြူးတူးခြင်း၊ မာန်ယစ်ခြင်း၊ အင်္ဂါကြီးငယ်ပြည့်ဖြိုးစေခြင်း၊ အရေအဆင်း လှပတင့်တယ်စေခြင်းအတွက် မှီဝဲသုံးဆောင်ရခြင်းမျိုး မဟုတ်ပေ-ဟု နှလုံးသွင်းဆင်ခြင်၍ သုံးဆောင်ရပါမည်။ (စည်၁။ ၉၁)

ဝိဟိံသူပရတိယာ

ဆာလောင်မွတ်သိပ်ခြင်းကို ညှဉ်းဆဲနှိပ်စက်ခြင်း(အာဗာဓ)အနက်သဘောကြောင့် 'ဝိဟိံသာ' ဟုခေါ်သည်။ ထိုဆာလောင်ခြင်းဟူသော ညှဉ်းဆဲနှိပ်စက်တတ်သောအနာ၏ ကင်းငြိမ်းခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏-ဟု နှလုံးသွင်းဆင်ခြင်ရမည်။

ဥပမာ- အိုင်းအမာရောဂါရှိသောသူသည် အနာလိမ်းဆေးကို မှီဝဲသုံးဆောင်သကဲ့သို့ဖြစ်သည်။ ထို့ပြင် ပူလွန်းသော် အအေးဖြင့်၊ အေးလွန်းသော် အပူဖြင့် သက်သာရာရစေသကဲ့သို့လည်း ဖြစ်ပါသည်။

ဗြဟ္မစရိယာနုဂ္ဂဟာယ

မြတ်စွာဘုရားအဆုံးအမတော်ဖြစ်သော လောကီသီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ်အကျင့်မြတ်(သာသနဗြဟ္မစရိယ)ကိုလည်းကောင်း၊ အရိယာမဂ်၌ ပါဝင်သော လောကုတ္တရာသီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်(မဂ္ဂဗြဟ္မစရိယ)ကိုလည်းကောင်း ဤအကျင့်မြတ်နှစ်ပါးကို ကျင့်သုံးဆောက်တည်နိုင်ခြင်းအကျိုးငှာ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ပါ၏-ဟု နှလုံးသွင်းဆင်ခြင်ရပါမည်။

မှန်၏၊ ဆွမ်းစသောအာဟာရကို မှီဝဲသုံးဆောင်ရသဖြင့် ခန္ဓာကိုယ်သည် အားအင်ပြည့်ဖြိုးလျှင် ပူပင်ကြောင့်ကြမှု ကင်းစွာဖြင့် သိက္ခာသုံးပါးကို အမြဲမပြတ် ကျင့်သုံးဆောက်တည်နိုင်ပေ၏။ ဤသို့ ကျင့်သုံးနိုင်ခြင်းသည်ပင် သာသနဗြဟ္မစရိယ=လောကီအကျင့်မြတ်ကို၊ အနုဂ္ဂဟ=ချီးမြှောက်သည် မည်၏။ ထို့ထက်ဘဝဟူသော ခရီးခဲမှ လွတ်မြောက်အောင် ကျင့်သုံးဆောက်တည်နိုင်ပါမူ မဂ္ဂဗြဟ္မစရိယ=လောကုတ္တရာအကျင့်မြတ်ကို၊ အနုဂ္ဂဟ=ချီးမြှောက်သည် မည်၏။ ဆွမ်းစသောအာဟာရကို မက်မောတွယ်တာလွန်းသောကြောင့် မှီဝဲသုံးဆောင်နေခြင်း

မဟုတ်ပေ။ အကျင့်မြတ်နှစ်ပါးကို ကျင့်သုံးဆောက်တည်နိုင်ရေးအတွက်သာ မှီဝဲသုံးဆောင်နေခြင်း ဖြစ်သည်-ဟု နှလုံးသွင်းဆင်ခြင်ရမည်။

ဥပမာအားဖြင့်- အစာရေစာမရှိသော ခရီးခဲကို ကျော်လွန်လွတ်မြောက်လိုသော ခရီးမောင်နှံတို့သည် မိမိတို့၏ သားငယ်၏အသားကို မက်မောခြင်းမရှိဘဲ စားနေရသကဲ့သို့လည်းကောင်း၊ မြစ်ကို ဖြတ်ကူးလိုသူတို့သည် ဖောင်ကို မက်မောခြင်းမရှိဘဲ အသုံးပြုရသကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာကို ကူးမြောက်လိုသူတို့သည် လှေသင်္ဘောကို မက်မောခြင်းမရှိဘဲ စီးနင်းလိုက်ပါကြရသကဲ့သို့လည်းကောင်း မှတ်ရပေမည်။

(စည်၁။ ၉၁-၉၂)

ဣတိ ပုရာဏဘဉ္ဉ ဝေဒနံ ပဋိဟဒါမိ
(ဝေဒနာဟောင်းကို ပယ်ဖျောက်အံ့)

ဆာလောင်မှုဝေဒနာကို ဆွမ်းမစားမီ ရှေ့အဖို့ကဖြစ်ခဲ့သောကြောင့် 'ဝေဒနာဟောင်း'(ပုရာဏဝေဒနာ) ဟုခေါ်၏။ ဆွမ်းကို မှီဝဲသုံးဆောင်ရခြင်းဖြင့် ယင်းဝေဒနာဟောင်းကို ပယ်ဖျောက်နိုင်ပါသည်။ ဤသည်ကို ရည်ရွယ်၍ ''ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟဒါမိ=ဤသို့ သုံးဆောင်မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့''ဟု နှလုံးသွင်းဆင်ခြင်ရခြင်း ဖြစ်သည်။

<u>တစ်နည်းအားဖြင့်-</u>

မသင့်လျော်သော(မတည့်သော)အစာကို စားမိခြင်းနှင့် အတိုင်းအရှည်မရှိစားခြင်းကိုအကြောင်းပြု၍ ယခုဘဝ၌ဖြစ်ပြားသော်လည်း ရှေးကံအကြောင်း၏ အစွမ်းအားဖြင့်ဖြစ်သောကြောင့် ဒုက္ခဝေဒနာကို ကာရဏူပစာအားဖြင့် 'ဝေဒနာဟောင်း'(ပုရာဏဝေဒနာ)ဟု ခေါ်ပါသည်။

ထိုဝေဒနာဟောင်းကို သင့်လျော်သော(တည့်သော)အစာကို စားခြင်း၊ တိုင်းထွာချင့်ချိန်၍စားခြင်းဖြင့် ယင်းဝေဒနာဟောင်း၏ အကြောင်းဖြစ်သော ကံဟောင်းကို အကျိုးပေးခွင့်မရအောင် ဖျက်ဆီးပယ်ဖျောက်နိုင်ပါသည်။ ဤသည်ကို ရည်ရွယ်၍ ''ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟဒါမိ=ဤသို့ သုံးဆောင်မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့''ဟု နှလုံးသွင်းဆင်ခြင်ရခြင်း ဖြစ်သည်။

နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ
(ဝေဒနာသစ်ကို မဖြစ်စေအံ့)

(၁) လက်ကို ဆွဲထူပေးစမ်းပါ-ဟု ဆိုရလောက်အောင်စားသည့် အာဟာရ-ဟတ္ထက ပုဏ္ဏား၊ (၂)ဝမ်းဗိုက်ကား၍ ပုဆိုးမဝတ်နိုင်လောက်အောင်စားသည့်

အလံသာဋ္ဌက ပုဏ္ဏား၊ (၃)ဝမ်းလေးလွန်းသဖြင့် မထနိုင်၍ ထိုစားသည့်နေရာ၌ပင် လူးလိမ့်နေရလောက်အောင်စားသည့် တတြဝန္ဓကပုဏ္ဏား၊ (၄)ခံတွင်းဝမှအစာကို ကျိုးနှိုက် စားနိုင်လောက်အောင်စားသည့် ကာကမာသကပုဏ္ဏား၊ (၅)အနံထွက်အောင် စား သည့် ဘုတ္တဝမ္မိတကပုဏ္ဏားတို့ကဲ့သို့ အတိုင်းအရှည်မရှိ စားခြင်းကြောင့်ဖြစ် သော ဝေဒနာကို 'ဝေဒနာသစ်'(နဝဝေဒနာ) ဟုခေါ်၏။ ဤပုဏ္ဏားတို့တွင် ပုဏ္ဏား တစ်ယောက်ယောက်ဖြစ်သလိုမျိုး မဖြစ်ရလေအောင်ဆင်ခြင်၍ ဆွမ်းကို သုံးဆောင် မှီဝဲရမည်။ ဤသည်ကို ရည်ရွယ်၍ "နဝဋ္ဌ ဝေဒနံ နာ ဥပ္ပါဒေဿာမိ=အသစ် ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့" ဟု နှလုံးသွင်းဆင်ခြင်ရခြင်း ဖြစ်သည်။

<u>တစ်နည်းအားဖြင့်-</u>

ယခုဘဝ၌ပြုအပ်သော ပစ္ဆာဝေဒနာမဆင်ခြင်ဘဲ သုံးဆောင်ခြင်း-ဟူသော ဆည်းပူးအပ်သောကံကိုစွဲမှီ၍ (၀၀)ပစ္ဆာဝေဒနာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းဟူသော မသင့်လျော်သည့်သုံးဆောင်ခြင်း-ဟူသောကံကိုအကြောင်းပြု၍ အပါယ် စသည်၌ ဖြစ်မည့် ဒုက္ခဝေဒနာကို အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောကြောင့် 'ဝေဒနာသစ်' (နဝဝေဒနာ)ဟု ခေါ်ပါသည်။

ထိုဝေဒနာသစ်၏ အကြောင်းရင်းဖြစ်သော ပစ္ဆာဝေဒနာမဆင်ခြင်ဘဲ သုံး ဆောင်ခြင်း-ဟူသောကံကို မဖြစ်စေမူ၍ ပစ္ဆာဝေဒနာဆင်ခြင်၍ သုံးဆောင်ခြင်း ဟူသော သင့်လျော်သည့်သုံးဆောင်ခြင်းမျိုးဖြင့် မှီဝဲသုံးဆောင်လျှင် ယင်းဝေဒနာသစ် သည် မဖြစ်ပေါ်နိုင်တော့ပေ။ ဤသည်ကို ရည်ရွယ်၍ "နဝဋ္ဌ ဝေဒနံ နာ ဥပ္ပါဒေ-ဿာမိ=အသစ်ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့" ဟု နှလုံးသွင်းဆင်ခြင်ရခြင်း ဖြစ်သည်။

(စည်၁။ ၉၂-၉၃)

အနဝဇ္ဇတာ ၈
(အပြစ်မရှိသောသုံးဆောင်ခြင်း)

ဆွမ်းကို မသင့်လျော်သောနည်းလမ်းဖြင့် ရှာမှီးခြင်း, ခံယူခြင်း၊ သုံးဆောင်ခြင်း ကို ရှောင်ကြဉ်ခြင်းသည် အပြစ်မရှိသောသုံးဆောင်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့်- မသင့်လျော်သောအစာအာဟာရကို စားသုံးခြင်း, အတိုင်း အရှည်မရှိ အလွန်အကျဲ စားသုံးခြင်းကြောင့် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းနှင့် ဘာဝနာ ကုသိုလ်လုပ်ငန်းတို့၌ မမွေ့လျော်ခြင်း၊ အိပ်ငိုက်ခြင်း၊ ကိုယ်လက် တဆန့်ငင်ငင်ရှိခြင်း၊ ပညာရှိတို့၏ အကဲ့ရဲ့ခံရခြင်း-အစရှိသော အပြစ်များမဖြစ်ရလေအောင် (၁)သင့်လျော် သော အစာအာဟာရကိုစားသုံးခြင်း (၂)အတိုင်းအရှည်ဖြင့်စားသုံးခြင်းသည် အပြစ် မရှိသောသုံးဆောင်ခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့်- အလိုရှိတိုင်း ဝမ်းပြည့်အောင်စားခြင်းကို ရှောင်ကြဉ်ခြင်းသည် အပြစ်မရှိသောသုံးဆောင်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်- အလိုရှိတိုင်း ဝမ်းပြည့်အောင်စားခြင်းကို ရှောင်ကြဉ်သဖြင့် အိပ်နေခြင်းဖြင့်ရအပ်သောချမ်းသာ၊ ဘယ်ညာနံတောင်းပြောင်း၍ အိပ်ခြင်းဖြင့်ရအပ်သောချမ်းသာ၊ တမှိန်းမှိန်းအိပ်ခြင်းဖြင့် ရအပ်သောချမ်းသာတို့ကို ပယ်ရာရောက်သောကြောင့် ဖြစ်ပါသည်။

ဖာသုဝိဟာရော စ
(ချမ်းသာစွာနေရခြင်း)

ဆွမ်းစသောအာဟာရကို အတိုင်းအတာဖြင့် သုံးဆောင်မှီဝဲလျှင် ချမ်းသာစွာနေရခြင်း အကျိုးရှိ၏။

တစ်နည်းအားဖြင့်- သင့်သောအာဟာရကို သုံးဆောင်ခြင်း၊ အတိုင်းအတာဖြင့် သုံးဆောင်ခြင်းကြောင့် ခန္ဓာကိုယ်အားအင်ပြည့်ဖြိုးသဖြင့် ချမ်းသာစွာနေရခြင်း အကျိုးရှိ၏။

တစ်နည်းအားဖြင့်-ဆွမ်းမဝမီ လေးလုပ်,ငါးလုပ်ခန့်လျှော့၍ သုံးဆောင်သဖြင့် ဣရိယာပုထ်လေးပါးအား လျော်သောအဖြစ်ကိုပြီးစေခြင်းကြောင့်လည်း ချမ်းသာစွာနေရခြင်း အကျိုးရှိ၏။ ထို့ကြောင့် -

> ''စတ္တာရော ပဉ္စ အာလောပေ၊ အဘုတ္တာ ဥဒကံ ပိဝေ။
> အလံ ဖာသုဝိဟာရာယ ၊ ပဟိတတ္တဿ ဘိက္ခုနော။''
>
> ''ဆွမ်းလေးလုပ်စာ,ငါးလုပ်စာတို့ကို မသုံးဆောင်မူ၍ ရေကိုသောက်ရာ၏။ ဤသို့ပြုကျင့်လျှင် ကိုယ်နှင့်အသက်မငဲ့ဘဲ နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်ထားသော ရဟန်းအား ချမ်းသာစွာ နေထိုင်ခြင်းဌာန သင့်လျော်လျောက်ပတ်ပေ၏။''

ဟု ဟောတော်မူခြင်း ဖြစ်သည်။ (စည်ဒ။ ၉၄-၉၅)

—

ကျောင်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ
၃-ပါး

၁။ အအေးကို ပယ်ဖျောက်ခြင်းအကျိုးငှာ အိပ်ရာနေရာကျောင်းကို မှီဝဲသုံးဆောင်ပါ၏။

၂။ အပူကို ပယ်ဖျောက်ခြင်းအကျိုးငှာ အိပ်ရာနေရာကျောင်းကို မှီဝဲသုံးဆောင်ပါ၏။

၃။ မှက်၊ ခြင်၊ မြူမပါသောလေ, မြူပါသောလေ၊ နေပူ၊ မြွေအစရှိသောတွားသွားသတ္တဝါတို့၏ ကိုက်ခြင်းအတွေ့၊ ထိခြင်းအတွေ့တို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာ အိပ်ရာနေရာကျောင်းကို မှီဝဲသုံးဆောင်ပါ၏။

သေနာသန မည်ပုံ

တစ်ဖက်မိုးကျောင်း၊ နှစ်ဖက်မိုးကျောင်းစသည်တို့သည် အိပ်စရာကျောင်းများဖြစ်သောကြောင့် 'အိပ်ရာ'(သေန) မည်ပါသည်။ ထိုကျောင်းတို့သည်ပင် ထိုင်နေရာဌာနဖြစ်သောကြောင့် 'နေရာ'(အာသန) မည်ပါသည်။ ထိုနှစ်ပါးကိုပေါင်း၍ 'အိပ်ရာနေရာ'(သေနာသန)ဟုခေါ်ခြင်း ဖြစ်သည်။ (စည်၊၁။ ၉၅)

ပရိဿယဘေးရန်

အအေး,အပူ-ဟူသောဥတုသည် နိပ်စက်တတ်သော အနက်သဘောကြောင့် ပရိဿယဘေးရန် မည်၏။ ထိုပရိဿယဘေးရန်သည် ထင်ရှားသောဘေးရန် (ပါကဋပရိဿယ)နှင့် မထင်ရှားသောဘေးရန်(ပဋိစ္ဆန္နပရိဿယ)ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင်-

(၁) ခြင်္သေ့,ကျားစသည်တို့သည် ထင်ရှားသောဘေးရန်များ ဖြစ်သည်။

(၂) ရာဂ,ဒေါသစသည်တို့သည် မထင်ရှားသောဘေးရန်များ ဖြစ်သည်။ လုံခြုံသောကျောင်း၌ နေထိုင်သောရဟန်းအား ဤဘေးရန်နှစ်ပါးတို့သည် မနှိပ်စက်နိုင်ကုန်။ ထို့ကြောင့် လုံခြုံသောကျောင်းကို ဘေးရန်နှစ်ပါးတို့ မနှိပ်စက်နိုင်ရာ-ဟု ဆင်ခြင်နှလုံးသွင်းလျက် နေထိုင်ရပါမည်။

ဆေးပစ္စည်းကို ပစ္စဝေက္ခဏာဆင်ခြင်ပုံ

၂-ပါး

၁။ ခန္ဓကိုယ်၌ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ပြီး၊ ဖြစ်ဆဲဖြစ်ကုန်သောနှုန်း၊ အိုင်းနာ၊ အဖုလုံးနာအစရှိသော အနာရောဂါတို့ကိုလည်းကောင်း၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့် နှိပ်စက်ညှဉ်းဆဲတတ်သော အနာတို့ကြောင့်ဖြစ်သော အကုသလဝိပါက် ဒုက္ခဝေဒနာတို့ကိုလည်းကောင်း ပယ်ဖျောက်ခြင်းအကျိုးငှာ ဆေးပစ္စည်းကို မှီဝဲသုံးဆောင်ပါ၏။

၂။ အနာရောဂါကြောင့်ဖြစ်သော ဆင်းရဲမှုနှိပ်စက်မှု ပျောက်ကင်းချိန်ရောက်သည့် တိုင်အောင်သာ ဆေးပစ္စည်းကို မှီဝဲသုံးဆောင်ပါ၏။

ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရ်
ပုဒ်အဖွင့်

ဆီ၊ ပျားရည်၊ တင်လဲစသော ဆေးပစ္စည်းများကို ပါဠိဘာသာဖြင့် 'ပစ္စယ' ဟူ၍လည်းကောင်း၊ 'ဘေသဇ္ဇ' ဟူ၍လည်းကောင်း၊ 'ပရိက္ခာရ' ဟူ၍လည်းကောင်း ခေါ်ပါသည်။

ဆေးသည် ပစ္စယမည်ပုံ

ဆီ၊ ပျားရည်၊ တင်လဲစသောဆေးသည် ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော အနာရောဂါတို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် 'ပစ္စယ'(ပစ္စည်း) မည်ပါသည်။ (ပစ္စယ=ဆန့်ကျင်ဘက်)

တစ်နည်းအားဖြင့် ဆီ၊ ပျားရည်၊ တင်လဲစသောဆေးသည် ဓာတ်ချောက်ချားခြင်းကြောင့်ဖြစ်သော အနာရောဂါတို့ပျောက်ကင်းရန် သင့်လျော်သော အကြောင်းဖြစ်သောကြောင့် 'ပစ္စယ'(ပစ္စည်း)မည်ပါသည်။ (ပစ္စယ=အကြောင်း)

ဆေးသည် ဘေသဇ္ဇမည်ပုံ

ဆီ၊ ပျားရည်၊ တင်လဲစသောဆေးသည် 'ဘိသက္က'မည်သော သမားတော်ကြီးနှင့်တူတော်မူသော မြတ်စွာဘုရားရှင်သည် ခွင့်ပြုတော်မူအပ်သော ဆေးပစ္စည်းများဖြစ်သောကြောင့် 'ဘေသဇ္ဇ' မည်ပါသည်။

ပရိက္ခာရ-သဒ္ဒါ၏ အနက်(၃)မျိုး

ပရိက္ခာရ-ဟူသောသဒ္ဒါသည်-

(၁) ''သတ္တဟိ နဂရပရိက္ခာရေဟိ သုပရိက္ခိတံ ဟောတိ'' အစရှိသောပါဠိရပ်တို့၌

အကာအကွယ်, အရံအတား (ပရိဝါရ) အနက်အဓိပ္ပာယ်ကို ဟောပါသည်။

(၂) "ရထော သီလပရိက္ခာရော၊ စာနကွော စက္ကဝီရိယော" အစရှိသောပါဠိရပ်တို့၌ အဆင်တန်ဆာ (အလင်္ကာရ) အနက်အဓိပ္ပာယ်ကို ဟောပါသည်။

(၃) "ယေ စ ခေါ ဣမေ ပဗ္ဗဇိတေန ဒိဝိတပရိက္ခာရာ သမုဒါနေတဗ္ဗာ" အစရှိသောပါဠိရပ်တို့၌ အဆောက်အဦ (သမ္ဘာရ) အနက်အဓိပ္ပာယ်ကို ဟောပါသည်။

ယူရမည့် ပရိက္ခာရအနက်

ဤပရိက္ခာရ-သဒ္ဒါ၏အနက်အဓိပ္ပာယ်သုံးမျိုးတို့တွင် "ဂိလာနပစ္စယဘေသဇ္ဇ-ပရိက္ခာရံ" ဟူသော ပါဠိစကားရပ်၌ပါဝင်သည့် ပရိက္ခာရသဒ္ဒါ၏ အနက်အဓိပ္ပာယ်ကို (၁) အဆောက်အဦ (သမ္ဘာရ) အနက်အဓိပ္ပာယ်နှင့် (၂) အကာအကွယ်, အရံအတား (ပရိဝါရ) အနက်အဓိပ္ပာယ်ကိုသာ ယူသင့်၏-ဟုအဋ္ဌကထာ၌ ဖွင့်ပြသည်။

[ဣဓ ပန သမ္ဘာရောပိ ပရိဝါရောပိ ဝဋ္ဋတိ။ (ဝိသုဒ္ဓိ၊ ၁။ ၃၃)]

ဆေးသည် ပရိက္ခာရမည်ပုံ

ဆီ, ပျားရည်, တင်လဲစသောဆေးသည် အသက်ကို ဖျက်ဆီးတတ်သော အနာရောဂါဖြစ်ခွင့်ကို မပေးမူ၍ စောင့်ရှောက်ကာကွယ်တတ်သောကြောင့် 'ပရိက္ခာရ' မည်၏။ ထို့ကြောင့် ဆီ, ပျားရည်, တင်လဲစသော ဆေးပစ္စည်းများသည် အသက်၏ အကာအကွယ်, အသက်၏အရံအတား, အသက်၏အစောင့်အရှောက် ပစ္စည်းများ ဖြစ်ပါသည်။ (ပရိက္ခာရ=အကာအကွယ်, အရံအတား)

တစ်နည်းအားဖြင့် - ဆီ, ပျားရည်, တင်လဲစသည်တို့သည် ယင်းတို့ကို မှီဝဲသုံးဆောင်ရသဖြင့် သက်တမ်းအပိုင်းအခြား ကာလပတ်လုံး အသက်ရှည်စွာနေရသည့် အသက်၏အကြောင်း အဆောက်အဦများ ဖြစ်ကြသည်။ ထို့ကြောင့် ဆီ, ပျားရည်, တင်လဲစသော ဆေးပစ္စည်းများသည် 'ပရိက္ခာရ' မည်ပါသည်။ (ဧည့်၁၊ ၉၇-၉၉)
(ပရိက္ခာရ= အဆောက်အဦ)

၈။ သီလကြီးလေးပါးပြည့်စုံကြောင်း အဓိအရင်

ပါတိမောက္ခသံဝရသီလ ပြည့်စုံကြောင်း သဒ္ဓါတရား

ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြီးပြည့်စုံစေအပ်၏။ အဘယ်ကြောင့်ဆိုသော်- မြတ်စွာဘုရားရှင် ပညတ်တော်မူခဲ့သော ပါတိမောက်သိက္ခာပုဒ်မှန်သမျှကို အကြွင်းမဲ့ယုံကြည်သော သဒ္ဓါတရားရှိမှသာ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ကောင်းစွာဖြည့်ကျင့် စောင့်ထိန်းနိုင်သောကြောင့် ဖြစ်ပါသည်။

စင်စစ်၊ ဝိနည်းသိက္ခာပုဒ်ပညတ်ခြင်းသည် သာဝကတို့၏ အရာမဟုတ်ပေ။ သာဝကတို့ဉာဏ် မမှီနိုင်သောအရာလည်း ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် သိက္ခာပုဒ်ပညတ်ရန်အတွက် အရှင်သာရိပုတ္တရာ၏ တောင်းပန်တိုက်တွန်းချက်ကိုပင် သာဝကတို့၏အရာမဟုတ်သဖြင့် ဆိုင်းငံ့တော်မူခဲ့သည်။

သို့ဖြစ်၍ မြတ်စွာဘုရားရှင်အပေါ် ကြည်ညိုသောသဒ္ဓါတရား၊ "မြတ်စွာဘုရားရှင်သည် ပညတ်သင့်သည်ကို သိတော်မူ၍ ပညတ်တော်မူခဲ့၏။ ယင်းပညတ်တော်မူချက်တို့ကို လွန်ကျူးလျှင် အကုသိုလ်ဖြစ်၍ အပါယ်ဆင်းရဲသို့ ရောက်စေတတ်၏။ မလွန်ကျူးဘဲ ရှိသေစွာ လိုက်နာကျင့်သုံးလျှင် ကုသိုလ်ဖြစ်၍ သုဂတိ,နိဗ္ဗာန်သို့ ရောက်စေတတ်၏။ သမာဓိ,ပညာတို့၏ အခြေခံအကြောင်းရင်းလည်း ဖြစ်၏" ဟု ယုံကြည်သောသဒ္ဓါတရား ဤသို့သော အကြွင်းမဲ့ သဒ္ဓါတရားမျိုးရှိမှသာလျှင် ပါတိမောက္ခသံဝရသီလသည် ပြီးပြည့်စုံနိုင်ပါသည်။

ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် အကြွင်းမဲ့သိမ်းယူ၍ အသက်ကို သော်မျှ မငဲ့ကွက်ဘဲ ဆောက်တည်ကျင့်သုံးသင့်ပုံနှင့် ပတ်သက်၍ ဖော်ပြပါ ဂါထာဖြင့် ဥပမာပြတိုက်တွန်းထား၏။

"ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိ၊
ပိယံဝ ပုတ္တံ နယနံဝ ဧကကံ။
တထေဝ သီလံ အနုရက္ခမာနကာ၊
သုပေသလာ ဟောထ သဒါ သဂါရဝါ။"

"တိတိတ္ထားငှက်မသည် အသက်ကို မငဲ့ဘဲ မိမိ၏ဥကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ စာမရီမည်သော သားကောင်သည် မိမိ၏ အမြီးဆံကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မိခင်သည် တစ်ဦးတည်းသော ချစ်လှစွာသောသားငယ်ကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မျက်လုံးတစ်လုံးသာရှိသောသူသည် ထိုတစ်လုံးတည်းသောမျက်လုံးကို စောင့်ရှောက်သကဲ့သို့လည်းကောင်း ထို့အတူ သင်သူတော်ကောင်းတို့သည် သီလကို ကောင်းစွာချစ်ခင်ကြကုန်သည်ဖြစ်၍ အခါခပ်သိမ်း ရိုသေလေးစားခြင်းရှိကုန်သည် ဖြစ်ကြပါကုန်လော့။"

ထို့ပြင် သိက္ခာပုဒ်မှန်သမျှကို သဒ္ဓါတရားဖြင့် အကြွင်းမဲ့သိမ်းယူ၍ အသက်ကို သော်မျှ မငဲ့ကွက်ဘဲ ဆောက်တည်ကျင့်သုံးသင့်ပုံကို မြတ်စွာဘုရားရှင်သည် ပဟာရာဒအသူရိန်အား ဤသို့ ဟောကြားတော်မူပြန်၏။

["ဧဝမေဝ ခေါ ပဟာရာဒ ယံ မယာ သာဝကာနံ သိက္ခာပဒံ ပညတ္တံ၊ တံ မမ သာဝကာ ဇီဝိတဟေတုပိ နာတိက္ကမံ။"]

"ပဟာရာဒ အသူရိန်…၊ သမုဒ္ဒရာသည် ကမ်းကိုမလွန်သကဲ့သို့ ဤအတူပင် ငါဘုရားပညတ်တော်မူထားသော သိက္ခာပုဒ်ကို ငါဘုရား၏ တပည့်ဖြစ်သော အရိယာသာဝကတို့သည် အသက်ဟူသော အကြောင်းကြောင့်သော်လည်း မလွန်ကျူးကြကုန်။"

<u>မဟာဝတ္တနီတောအုပ်၌ သီတင်းသုံးသည့်မထေရ်</u>

ဖော်ပြပါစကားရပ်နှင့်ပတ်သက်၍ သာဓကဝတ္ထုကို ဖော်ပြရသည်ရှိသော်-မဟာဝတ္တနီမည်သော တောအုပ်ကြီးတစ်ခုဌ သီတင်းသုံးတော်မူသည့် မထေရ်တစ်ပါးကို ခိုးသူတို့သည် ၄င်းတို့အကြောင်းကို အခြားသို့သွား၍ မပြောကြားနိုင်

စေရန်အတွက် မထေရ်ကို နွယ်ငန်းဖြင့်အထပ်ထပ်ချည်တုပ်၍ မြေပေါ်၌ လဲသိပ်ထား၏။ မထေရ်မြတ်သည် လဲသိပ်ထားသည့်အတိုင်းနေကာ ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများနေ၏။ ၇-ရက်ပြည့်သောအခါ အနာဂါမိဖိုလ်၌တည်ပြီး ထိုနေရာ၌ပင် ကွယ်လွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ရလေ၏။

သမသီသီရဟန္တာဖြစ်သည့်မထေရ်

ထို့အတူ သီဟိုဠ်ကျွန်း၌လည်း မထေရ်တစ်ပါးကို ခိုးသူတို့သည် ဆင်သမန္တယ်ဖြင့် တုပ်နှောင်ပြီး မြေပေါ်၌ လဲသိပ်ထားခဲ့၏။ ထိုစဉ် တောမီးလောင်ကျွမ်းလေရာ မထေရ်မြတ်သည် နွယ်ကိုမဖြတ်ဘဲ ဝိပဿနာပွားပြီး သမသီသီရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်စံလေ၏။ ဒီဃနိကာယ်ဆောင် အဘယမထေရ်သည် နောက်ပါရဟန်း ငါးရာနှင့်အတူ ကြွလာစဉ် ထိုမထေရ်အလောင်းကို တွေ့မြင်ပြီး မီးသင်္ဂြိုဟ်၍ အရိုးပြာကို စေတီတစ်ဆူပြုလုပ် တည်ထားပေးခဲ့သည်။ (စည်း၁။ ၁၀၁-၁၀၃)

ဣန္ဒြိယသံဝရသီလ ပြည့်စုံကြောင်း

သတိတရား

ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့် ပြီးပြည့်စုံစေအပ်၏။ အဘယ်ကြောင့်ဆိုသော်- သတိတရားဖြင့် စောင့်ရှောက်ထားသည့် စက္ခုန္ဒြေစသည်တို့ကို အဘိဇ္ဈာအစရှိကုန်သော အကုသိုလ်တရားဆိုးတို့ အစဉ်မလိုက်နိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အာဒိတ္တသုတ္တန်၌ ဤသို့ဟောတော်မူ၏။

"ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ အာဒိတ္တာယ သမ္ဇ္ဇ-လိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဇ္ဇံ၊ န တွေဝ စက္ခုဝိညာယျေသု ရူပေသု အနုဗ္ယဉ္ဇနသော နိမိတ္တဂ္ဂါဟော။"

"ရဟန်းတို့... ရဲရဲပြောင်ပြောင် တောက်လောင်နေသော ထက်ဝန်းကျင် တောက်ပသော တစ်ခဲနက်မီးလျှံသဖွယ်ဖြစ်သော လောလောပူသော

သံချောင်းဖြင့် စက္ခုန္ဒြေခေါ် မျက်စိကို ထက်ဝန်းကျင်မှ သုံးသပ်ထိုးဖောက်ခြင်းသည် ကောင်းမြတ်သေး၏။ မျက်စိဖြင့် မြင်သိအပ်သော ရူပါရုံတို့၌ အနုဗျဉ္ဇနခေါ်သော အသေးစိတ်အင်္ဂါအားဖြင့် မိန်းမ, ယောကျ်ား တင့်တယ်ဟန်အစရှိသော ပုံသဏ္ဌာန်နိမိတ်ကို ယူခြင်းသည် မသင့်မမြတ်သည်သာလျှင်တည်း။''

ဣန္ဒြိယသံဝရသီလနှင့်မပြည့်စုံခြင်း အပြစ်များ

ဣန္ဒြိယသံဝရသီလနှင့် မပြည့်စုံလျှင် ပါတိမောက္ခသံဝရသီလသည် ကြာရှည် မတည်တံ့နိုင်ပေ။ ဥပမာ-ကောင်းစွာ စီရင်ပြုလုပ်ထားသော ဆူးခက်အရံအကား, ခြံစည်းရိုးမရှိသော ကောက်ပင်,စပါးပင်သည် ကြာရှည် မတည်တံ့နိုင်သကဲ့သို့ ဖြစ်ချေ၏။

တစ်နည်းအားဖြင့်- ဣန္ဒြိယသံဝရသီလနှင့် မပြည့်စုံလျှင်(ဝါ) စက္ခုန္ဒြေစသော ဣန္ဒြေတံခါးကို လုံခြုံအောင်မပိတ်ဘဲ ဟင်းလင်းဖွင့်ထားလျှင် ထိုပုဂ္ဂိုလ်ကို ကိလေသာတည်းဟူသော ခိုးသူတို့သည် ဝင်ရောက်နှိပ်စက်နိုင်ကုန်၏။ ဥပမာ-သူဥစ္စာကို လုယက်ခိုးယူတတ်ကုန်သော လူဆိုးသူခိုးတို့သည် တံခါးဟင်းလင်းပွင့်လျက်ရှိသော ရွာအတွင်းသို့ဝင်ရောက်၍ နှိပ်စက်ဖျက်ဆီးနိုင်သကဲ့သို့ ဖြစ်ချေ၏။

တစ်နည်းအားဖြင့်-ဣန္ဒြိယသံဝရသီလနှင့် မပြည့်စုံလျှင် (ဝါ)စက္ခုန္ဒြေစသည်တို့ကို မစောင့်စည်းလျှင် ထိုပုဂ္ဂိုလ်၏စိတ်ကို ရာဂသည် ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်ရောက်လျက် နှိပ်စက်နိုင်၏။ ဥပမာ-မကောင်းသဖြင့်မိုးအပ်သည့်အိမ်ကို မိုးရေမိုးပေါက်သည် ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်ရောက်သကဲ့သို့ ဖြစ်ချေ၏။

မှတ်ချက်။ -ဣန္ဒြိယသံဝရသီလနှင့်ပြည့်စုံသဖြင့် ရရှိနိုင်သည့်အကျိုးများကို အထက်ဖော်ပြပါ အပြစ်ပြဥပမာတို့ကိုပင် ရှု၍ ပြောင်းပြန်မှတ်ရမည်။

-ဤသီလနှင့်ပတ်သက်၍ စံပြဝတ္ထုများအဖြစ် ဝင်္ဂီသမထေရ်ဝတ္ထု၊ စိတ္တဂုတ္တမထေရ်ဝတ္ထု၊ မဟာမိတ္တမထေရ်ဝတ္ထုတို့ကို ဖော်ပြထား၏။

ဝင်္ဂီသမထေရ်အကြောင်း

ရဟန်းဖြစ်ခါစ ဝင်္ဂီသမထေရ်သည် ဆွမ်းခံကြွစဉ် အမျိုးသမီးတစ်ဦးကို တွေ့မြင်ပြီး ရာဂစိတ်ဖြစ်ပေါ်လေ၏။ ဤအကြောင်းနှင့်ပတ်သက်ပြီး အရှင်အာနန္ဒာမထေရ်ကို ''အရှင်ဘုရား အာနန္ဒာ...၊ တပည့်တော်ကို ကာမရာဂမီးသည်

ပြင်းထန်စွာ လောင်ကျွမ်းနေပါတယ်ဘုရား၊ တပည့်တော်ကို သနားသောအားဖြင့် ရာဂငြိမ်းကြောင်း နည်းလမ်းကောင်းကို ဟောကြားပေးတော်မူပါဘုရား''ဟု ဖွင့်ဟလျှောက်ထား၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်မြတ်က-

''ငါရှင်ဝံဂီသ...သင်သည် အသုဘကို သုဘ-မှတ်ထင်ခြင်းကြောင့် သာ ဤသို့ ရာဂမီးလောင်ကျွမ်းခံရခြင်း ဖြစ်၏။ ရာဂမီးငြိမ်းချင်လျှင် ရာဂဖြစ်ကြောင်း သုဘနိမိတ်ကို ရှောင်ကြဉ်လော့။ အသုဘအာရုံတစ်ခု တည်းယူပြီး အသုဘဘာဝနာကို အဆက်မပြတ် ပွားများပေးပါ။''

''သခ်ါရတရားတို့ကို သူစိမ်းပြင်ပ, ဒုက္ခ, အနတ္တဟု ရှုမှတ်နှလုံးသွင်းလျက် ကြီးစွာသောရာဂမီးကို ငြိမ်းအေးစေလော့။ ရာဂမီး အကြိမ်ကြိမ် လောင်ကျွမ်းမခံပါလင့်။''

ဟု မိန့်တော်မူလေ၏။ အရှင်ဝံဂီသလည်း အရှင်အာနန္ဒာမထေရ်မြတ်၏ မိန့်မှာချက်အတိုင်း အသုဘဘာဝနာပွား၍ ရာဂမီးကိုငြိမ်းအေးစေပြီးလျှင် ဆွမ်းခံဆက်၍ ကြွနိုင်လေ၏။

စိတ္တဂုတ္တမထေရ်အကြောင်း

ကုရဏ္ဍကလိဏ်ဂု-ဟူသည်ကား တင့်တယ်လှပ၍ မြင်သူတကာ အံ့သြဘနန်း ချီးမွမ်းကြသည့် လိဏ်ဂုကြီးတစ်ခု ဖြစ်သည်။ ယင်းလိဏ်ဂုကြီး၏ နံရံပတ်လည်တွင် ဝိပဿီ,သိခီအစရှိသော ရှေးဘုရားခုနစ်ဆူတို့၏ တောထွက်ခန်း စသော ဗုဒ္ဓဝင်နံရံဆေးရေး ပန်းချီကားကြီးများ ရှိသည်။ အလွန်လက်ရာမြောက်လှ၏။ စိတ္တဂုတ္တအမည်ရသည့် မထေရ်မြတ်ကြီးတစ်ပါးသည် ဤလိဏ်ဂုကြီး၌ တရားဘာဝနာ ကျင့်ကြံကြိုးကုတ် အားထုတ်၍ သီတင်းသုံးနေထိုင်လျက်ရှိသည်။

တစ်နေ့တွင် လိဏ်ဂုကြီးသို့ ရဟန်းများရောက်ရှိလာကာ နံရံဆေးရေးပန်းချီကားကြီးများကို လိုက်လံကြည့်ရှုပြီး စိတ္တဂုတ္တမထေရ်ကြီးကို ''အရှင်ဘုရား... ပန်းချီကားတွေက အသက်ဝင်ပြီး အလွန်လက်ရာမြောက်လှပါပေတယ်''ဟု ချီးမွမ်းပြောဆိုကြ၏။ ထိုအခါ မထေရ်မြတ်က ''ငါရှင်တို့...ငါသည် နှစ်ပေါင်း ခြောက်ဆယ်ကျော် ဒီမှာနေခဲ့တာ ပန်းချီကားတွေရှိလို့ ရှိမှန်းတောင် မသိခဲ့ဘူး။ အခုတော့ မျက်စိကောင်းတဲ့ ငါရှင်တို့ကြောင့် ပန်းချီကားတွေရှိမှန်း သိရပေပြီ'' ဟု မိန့်တော်မူ၏။

စင်စစ်၊ မထေရ်မြတ်ကြီးကား စက္ခုန္ဒြေကို လွန်စွာစောင့်ထိန်းသော မထေရ်တစ်ပါး ဖြစ်၏။ နှစ်ပေါင်းခြောက်ဆယ်ကျော် သီတင်းသုံးနေထိုင်ခဲ့ပါလျက်

လိုဏ်ဂူနံရံကို တစ်ခါမျှပင် မော့၍မကြည့်ခဲ့ပေ။ ယင်းလိုဏ်ဂူကြီး၏ အဝင်အဝဠ်လည်း ကဲ့ကော်ပင်ကြီးတစ်ပင် ရှိသည်။ ယင်းကဲ့ကော်ပင်ကြီးကိုလည်း တစ်ခါမျှပင် မော့၍ မကြည့်ခဲ့ပေ။ ကဲ့ကော်ဝတ်ဆံများ၊ ကဲ့ကော်ပန်းများ ကြွေကျလာသောအခါမှသာ ကဲ့ကော်ပင်ပွင့်နေပြီဖြစ်ကြောင်း သိရလေ၏။

ထိုစဉ်အခါက ကာကဝဏ္ဏတိဿမင်းသည် မဟာဂါမဋ္ဌ မင်းပြုစိုးစံနေချိန်ဖြစ်သည်။ ထိုမင်းသည် မထေရ်မြတ်၏ ဂုဏ်သတင်းကိုကြားသိရပြီး ဖူးမြင်လိုသဖြင့် သုံးကြိမ်တိုင်တိုင် လူလွှတ်၍ပင့်လျှောက်သော်လည်း မထေရ်မြတ်က ကြွမလာပေ။ ထို့ကြောင့် မထေရ်မြတ်ကြွလာအောင် ဥပါယ်တံမျဉ်ဖြင့် ကလေးငယ်ရှိသည့် မိန်းမတို့၏သားမြတ်ကို ရင်လွှမ်းအဝတ်ဖြင့် ရစ်ပတ်စေ၍ မင်းတံဆိပ်ခပ်နှိပ်ကာ ''စိတ္တဂုတ္တမထေရ် ကြွမလာမချင်း ကလေးတွေကို နို့ မတိုက်ရ'' ဟု အမိန့်ထုတ်ပြန်လိုက်၏။

မထေရ်မြတ်သည် ကလေးသူငယ်တို့အား သနားကြင်နာတော်မူလှသဖြင့် မဟာဂါမသို့ ကြွတော်မူလေ၏။ မင်းကြီးလည်း သီလခံယူရန်အတွက်-ဟု အကြောင်းပြကာ အမတ်တို့အား မထေရ်မြတ်ကို နန်းတော်သို့ပင့်ဆောင်ခိုင်း၏။ နန်းတော်သို့ရောက်၍ ဆွမ်းဆက်ကပ်လုပ်ကျွေးပြီးလျှင် ''အရှင်ဘုရား...ယနေ့ အချိန်မရှိတော့ပါသဖြင့် နောက်တစ်နေ့မှ သီလယူပါမည်ဘုရား'' ဟု လျှောက်တင်ကာ အနည်းငယ်လိုက်ပို့ပြီး မထေရ်မြတ်ကို ရှိခိုးလေ၏။ ထိုအခါ မထေရ်မြတ်က ''သုခီ ဟောတု မဟာရာဇ=မြတ်သောမင်းကြီး ချမ်းသာပါစေ'' ဟု ဆုပေးတော်မူ၏။ ထို့နောက် မိဖုရားကြီး ရှိခိုး၏။ မိဖုရားကြီး ရှိခိုးသောအခါ၌လည်း မထေရ်မြတ်က ''သုခီ ဟောတု မဟာရာဇ= မြတ်သောမင်းကြီး ချမ်းသာပါစေ'' ဟုပင် ဆုပေးပြန်၏။ ဤနည်းဖြင့် နောက်တစ်နေ့ နောက်တစ်နေ့စသည်ဖြင့် ခုနစ်ရက်မြောက်သောနေ့သို့ ရောက်လေ၏။

ထိုအခါ ရဟန်းတော်များက ''အရှင်ဘုရား...၊ အဘယ်ကြောင့် မင်းကြီး ရှိခိုးလည်း 'သုခီ ဟောတု မဟာရာဇ= မြတ်သောမင်းကြီး ချမ်းသာပါစေ'၊ မိဖုရားကြီးရှိခိုးလည်း 'သုခီ ဟောတု မဟာရာဇ= မြတ်သောမင်းကြီး ချမ်းသာပါစေ' ဟု ဆုပေးရပါသနည်း?'' ဟု မေးမြန်းလျှောက်ထားကြ၏။ မထေရ်မြတ်က ''ငါ့ရှင်တို့...ငါသည် မင်းပဲ၊ မိဖုရားပဲ-ဟု မခွဲခြားပါ'' ဟု မိန့်တော်မူ၏။ ထို့နောက် ''ဤမဟာဂါမဋ္ဌ သီတင်းသုံးရခြင်းသည် ဝိဝေကမဖြစ်၊ ဆင်းရဲလှပေ၏'' ဟု နှလုံးသွင်းကာ ကုရဏ္ဍကလိုဏ်ဂူကြီးသို့ ပြန်ကြွတော်မူ၏။ ထိုညဥ့်ပင် စကြဲလျှောက်၍ ကမ္မဋ္ဌာန်းနှလုံးသွင်းစဉ် ကဲ့ကော်ပင်စောင့်နတ်သည် မီးရှူးမီးတိုင်ကိုင်၍

ရပ်နေ၏။ ထိုအချိန်၌ မထေရ်မြတ်၏ ကမ္မဋ္ဌာန်းနှလုံးသွင်းမှုသည် အလွန်စင်ကြယ်ထင်ရှားလာပြီး သန်းခေါင်ကျော်အချိန်၌ အရဟတ္တဖိုလ်ပေါက် ရောက်ရှိတော်မူ၏။ ယင်းအချိန်တွင် ကောင်းချီးပေးသည့်အနေဖြင့် တစ်တောင်လုံး ပဲ့တင်ထပ်မျှမြည်ဟည်းလျက် တုန်လှုပ်လေ၏။

ထို့ကြောင့် စိတ္တဂုတ္တမထေရ်ကဲ့သို့ အရဟတ္တဖိုလ် အကျိုးစီးပွားတိုင်အောင် လိုလားသော သူတော်ကောင်းတို့အား အင္ဂကထာဆရာက ဤသို့ တိုက်တွန်းတော်မူထားသည်။

> ''တောဋ္ဌပျော်ပါး မျောက်သတ္တဝါကဲ့သို့လည်းကောင်း၊ တောအတွင်းဝယ် ကြောက်လန့်တကြား ပြေးလွှားနေသည့် သားသမင်ကဲ့သို့လည်းကောင်း၊ မိဘဆွေမျိုး အားကိုးရာမဲ့၍ ကြောက်လန့်တုန်လှုပ်နေသည့် ကလေးငယ်ကဲ့သို့လည်းကောင်း ထိုထိုဤဤ ရှုမျှော်လျက် လျှပ်ပေါ်လော်လည်သည့် အကြည့်မျိုး မဖြစ်သင့်ရာ။ မျက်လွှာတို့ကို ချထားရာ၏။ ထမ်းပိုးတစ်ပြန်စာမျှသာ ကြည့်ရှုလေ့ရှိရာ၏။ တောမျောက်ပမာ လျှပ်ပေါ်လော်လည်သော စိတ်အလိုသို့ မလိုက်သင့်ပေ။''

မဟာမိတ္တမထေရ်အကြောင်း

မဟာမိတ္တမထေရ်၏ မယ်တော်ကြီး၌ ဝိသဂ္ဂာခေါ် နို့အိုင်းနာ ပေါက်နေ၏။ ထိုဥပါသိကာမကြီး၏ သမီးသည်လည်း ဘိက္ခုနီဝတ်နေ၏။ မယ်တော်ကြီးက သမီးဘိက္ခုနီမအား ''ရှင်မ...သင့်မောင်တော် ရဟန်းထဲသို့ သွားပါ။ ငါ့ရဲ့ကျန်းမာရေးအကြောင်းကို ပြောပြပြီး ဆေးတောင်းခဲ့ပါ''ဟု ပြောလေ၏။ သမီးဘိက္ခုနီမလည်း သွား၍ မောင်တော်ရဟန်းအား အကြောင်းစုံပြောပြ၏။ ထိုအခါ မဟာမိတ္တမထေရ်က ''ငါကား ဆေးမြစ်စသည်ဖြင့် ဆေးမဖော်တတ်ပေ၊ သို့သော် ဆေးပေးလိုက်ပါ့မယ်၊ ငါသည် ရဟန်းပြုသည့်အချိန်မှစ၍ ရာဂစိတ်ဖြင့် စက္ခုန္ဒြေကိုဖျက်ဆီးပြီး မာတုဂါမကို မကြည့်ခဲ့စဖူးပေ။ ဤမှန်ကန်သော သစ္စာစကားကြောင့် ငါ၏မယ်တော်ကြီး ချမ်းသာပါစေသတည်း''ဟု သစ္စာစကားဆိုပြီးလျှင် ''သင် ပြန်လော့၊ ငါပြောလိုက်သော သစ္စာစကားကို တစ်ဆင့်ဆို၍ မယ်တော်ကြီး၏ကိုယ်ကို နှိပ်နယ်ပေးလိုက်ပါ''ဟု စေခိုင်းလိုက်၏။

သမီးဘိက္ခုနီမလည်း မောင်တော်ရဟန်း မှာလိုက်သည့်အတိုင်း ဆောင်ရွက်လေရာ ထိုသစ္စာစကားကို ကြားသောခဏ၌ပင် မယ်တော် ဥပါသိကာမကြီး၏အနာရောဂါသည် ရေမြုပ်စိုင်ကဲ့သို့ ကျဖျောက်သွားလေ၏။ မယ်တော် ဥပါသိကာ

မကြီးသည် အိပ်ရာမှထကာ "အကယ်၍များ မြတ်စွာဘုရားသာ ထင်ရှားရှိနေလျှင် ငါသားလို ရဟန်းရဲဦးခေါင်းကို ကွန်ရက်ဇာလကဇာရှိတော်မူသည့် ဆန်းကြယ်သောရွှေလက်တော်ဖြင့် အဘယ်မှာ မသုံးသပ်ဘဲနေမှာတုံး၊ ဧကန်ပင် သုံးသပ်ပေလိမ့်မည်" ဟု ဝမ်းမြောက်ဝမ်းသာ ကျူးရင့်မြွက်ဆိုလေ၏။ (စည်၁။ ၁၀၇-၁၁၁)

အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံကြောင်း ဝိရိယတရား

အာဇီဝပါရိသုဒ္ဓိသီလကို ဝိရိယဖြင့် ပြီးပြည့်စုံစေအပ်၏။ အဘယ်ကြောင့်ဆိုသော်-ကောင်းစွာအားထုတ်အပ်သော ဝိရိယရှိသောရဟန်းအားသာလျှင် မှားယွင်းသောအသက်မွေးမှု(မိစ္ဆာဇီဝ)ကို ပယ်နိုင်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်,ရဟန်းတို့သည် အနေသနခေါ် သာသနာတော်နှင့် မသင့်မလျော်သော ပစ္စည်းရှာမှီးခြင်းကိုပယ်၍ မိမိ၏လုံ့လဝီရိယဖြင့်သာ ဆွမ်းခံခြင်း၊ အကြားအမြင်ဗဟုသုတများအောင် စာပေပရိယတ်သင်ယူခြင်း၊ ဝတ်ကြီး, ဝတ်ငယ်တို့ကို ဖြည့်ကျင့်ခြင်း၊ ကြည်ညိုဖွယ်ကရိယာပုထုံနှင့်ပြည့်စုံခြင်း-ဟူသော သင့်လျော်သော ရှာမှီးခြင်းဖြင့်ရရှိလာသည့် စင်ကြယ်သောပစ္စည်းတို့ကိုသာ သုံးဆောင်မှီဝဲရပါမည်။ မစင်မကြယ်ဖြင့် ရအပ်သောပစ္စည်းတို့ကိုမူ အဆိပ်ပြင်းသောမြွေဆိုးကို ရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်ရပေမည်။ သို့မှသာ အာဇီဝပါရိသုဒ္ဓိသီလသည် ပြီးပြည့်စုံနိုင်ပါသည်။

ဓုတင်မဆောင်သောရဟန်းအတွက် စင်ကြယ်သောပစ္စည်း

ဓုတင်မဆောင်သောရဟန်းအား သံဃာမှရသောပစ္စည်း၊ ဂိုဏ်းမှရသောပစ္စည်း၊ စင်ကြယ်သောစိတ်ထားဖြင့် တရားဟောခြင်းစသည်တို့ကြောင့် ကြည်ညိုသူ ဒကာ, ဒကာမတို့ လှူဒါန်းသောပစ္စည်းတို့သည် စင်ကြယ်သောပစ္စည်းများ ဖြစ်၏။ ထို့ပြင် ဆွမ်းခံခြင်းစသည်တို့မှ ရရှိလာသောပစ္စည်းများသည် အလွန်စင်ကြယ်သည်သာ ဖြစ်၏။

[အပရိဂ္ဂဟိတဓုတင်္သ သံဃတော, ဂဏတော, ဓမ္မဒေသနာဒီဟိ စဿ ဂုဏေဟိ ပသန္နေန ဂိဟိနံ သန္တိကာ ဉပ္ပန္နာ ပစ္စယာ ပရိသုဒ္ဓါပ္ပါဒါ နာမ။ ပိဏ္ဍပါတစရိယာဒီဟိ ပန အတိပရိသုဒ္ဓါပ္ပါဒါယေဝ။ (ဝိသုဒ္ဓိ၊ ၁။ ၃၈)]

ဓုတင်ဆောင်သောရဟန်းအတွက်
စင်ကြယ်သောပစ္စည်း

ဓုတင်ဆောင်သောရဟန်းအား ဆွမ်းခံခြင်းစသည်တို့မှရသောပစ္စည်း၊ ဓုတင်ဂုဏ်ကျေးဇူးတို့ကို ကြည်ညို၍ ဒကာ,ဒကာမတို့လျှဒါန်းသည့် ဓုတင်အကျင့်အားလျော်စွာရသော ပစ္စည်းတို့သည် စင်ကြယ်သောပစ္စည်းများ ဖြစ်ပါသည်။
[ပရိဂ္ဂဟိတဓုတင်္ဃ ပိဏ္ဍပါတစရိယာဒီဟိ ဓုတဂုဏော စဿ ပသန္နာနံ သန္တိကာ ဓုတင်္ဂနိယမာနုလောမေန ဥပ္ပန္နာ ပရိသုဒ္ဓါပ္ပါဒါ နာမ။ (ဝိသုဒ္ဓိ၊ ၁။ ၃၈)]

အထူးမှတ်ရန်မှာ-

ဓုတင်ဆောင်ရဟန်းအား အနာရောဂါတစ်မျိုးမျိုးကို ပျောက်ကင်းစေသည့် စတုမဓုရဆေးနှင့် နွားကျင်ငယ်ရေဖြင့်စိမ်ထားသော ဖန်ခါးသီးဆေးကို တစ်ပြိုင်နက်ရသည်ရှိသော် စတုမဓုရကို သီတင်းသုံးဖော်တို့အား သုံးဆောင်စေပြီး၊ မိမိကမူ နွားကျင်ငယ်ရေဖြင့်စိမ်ထားသော ဖန်ခါးသီးဆေးကို မှီဝဲသုံးဆောင်ငြားအံ့၊ ထိုဆေးသည် အလွန်စင်ကြယ်၏။ ထိုဓုတင်ဆောင်ရဟန်းကိုလည်း အပို့စ္ဆာဂုဏ်နှင့်ပြည့်စုံသောကြောင့် အရိယာနွယ်ဝင်ပုဂ္ဂိုလ် ဖြစ်၏-ဟူ၍ ချီးမွမ်းထိုက်ပါပေ၏။

ထို့ပြင် ဓုတင်ဆောင်သည်ဖြစ်စေ, မဆောင်သည်ဖြစ်စေ မည်သည့်ရဟန်းမဆို သင်္ကန်းနှင့်ဆွမ်းကို နိမိတ်= မိမိအလိုကိုသိအောင် နိမိတ်ပြခြင်းကြောင့်လည်းကောင်း၊ သြဘာသ=မိမိအလိုကို ထင်ရှားပေါ်လွင်အောင် အရိပ်အယောင်ပြလျက် ပြောဆိုခြင်းကြောင့်လည်းကောင်း၊ ပရိကထာ= ပရိယာယ်ဖြင့်ပြောဆိုခြင်းကြောင့်လည်းကောင်း၊ ဝိညတ်=ကိုယ်,နှုတ်ဖြင့်သိအောင် ပြုလုပ်ပြောဆိုခြင်းကြောင့်လည်းကောင်း ရရှိလာပါက မအပ်တော့ပေ။

ဓုတင်မဆောင်သောရဟန်းအား ကျောင်းကိုရလို၍ နိမိတ်၊ သြဘာသ၊ ပရိကထာကိုပြုခြင်းကြောင့် ရရှိပါက ယင်းကျောင်းသည် အပ်စပ်၏။ ဆေးပစ္စည်း၌မူ နိမိတ်ပြုခြင်းစသည် အလုံးစုံကြောင့်ရရှိပါက အပ်စပ်ပါသည်။ (စည်၁။ ၁၁၂-၁၁၃)

ရောဂါပျောက်ကင်းသော်
ဆေးပစ္စည်းကို ဆက်လက်၍ သုံးသင့်၊ မသုံးသင့်

မြတ်စွာဘုရားရှင်သည် ပစ္စည်းလေးပါးသုံးဆောင်ခြင်းကို ခွင့်ပြုတော်မူထားပြီးဖြစ်သဖြင့် ဆေးပစ္စည်းကို ရောဂါပျောက်ကင်းသော်လည်း ဆက်လက်၍ သုံးဆောင်သင့်၏-ဟု ဝိနည်းဆောင်မထေရ်တို့က ဆုံးဖြတ်ကြပါသည်။

သုတ္တန်ဆောင်မထေရ်တို့ကမူ အာပတ်မသင့်သော်လည်း ကိလေသာကို ခေါင်းပါးစေသော အာဇီဝသီလကို ပျက်စေတတ်သောကြောင့် သလ္လေခပဋိပတ်၌

တည်လိုသည့်ရဟန်းအား မအပ်စပ်-ဟုပြောဆိုကာ ရောဂါပျောက်ကင်းသော် ဆေးပစ္စည်းကို မသုံးဆောင်သင့်ကြောင်း ဆုံးဖြတ်ကြပါသည်။ (စည်၁။ ၁၁၃) [တထာ ဥပ္ပန္နံ ပန ဘေသဇ္ဇံ ရောဂေ ဥပသန္တေ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ, န ဝဋ္ဋတီတိ။ တတ္ထ ဝိနယဓရာ "ဘဂဝတာ ဒွါရံ ဒိန္နံ၊ တသ္မာ ဝဋ္ဋတီ"တိ ဝဒန္တိ။ သုတ္တန္တိကာ ပန "ကိဉ္စာပိ အာပတ္တိ နာ ဟောတိ၊ အာဇီဝံ ပန ကောပေတိ၊ တသ္မာ နာ ဝဋ္ဋတီ"စ္စေဝ ဝဒန္တိ။ (ဝိသုဒ္ဓိ၊ ၁။ ၃၉)]

အလွန်ခေါင်းပါးသည့်အကျင့်ရှိသော ရဟန်း

မြတ်စွာဘုရားရှင် မည်သို့ပင်ခွင့်ပြုထားစေကာမူ ရဟန်းဟူသည် အလိုနည်းခြင်း အပို့စ္ဆတာဂုဏ်စသည်တို့၌သာမှီ၍ သေလောက်သည့်အနာရောဂါ စွဲကပ်နေသည့်တိုင် နိမိတ်,ဩဘာသ,ပရိကထာ,ဝိညတ်တို့ကို မပြုဘဲ ယင်းတို့ကြောင့် ရရှိလာသည့် ပစ္စည်းများကို အထူးရှောင်ကြဉ်၍ စင်ကြယ်စွာရသည့်ပစ္စည်းကိုသာ သုံးဆောင်မှီဝဲရပါမည်။ ဤသို့ သုံးဆောင်သောရဟန်းကို "အလွန်ခေါင်းပါးသည့် အကျင့်ရှိသောရဟန်း"(ပရမသလ္လေခဝုတ္တိ)ဟု ခေါ်ဆို၏။

အရှင်သာရိပုတ္တရာမထေရ်အကြောင်း

ဤအကျင့်မြတ်ကို ကျင့်သုံးသည့်စံပြပုဂ္ဂိုလ်ကို ညွှန်ပြပါဆိုလျှင် အရှင်သာရိပုတ္တရာမထေရ်ကိုပင် ညွှန်ပြရပါမည်။

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာမထေရ်သည် အရဟတ္တဖိုလ်သမာပတ် ဝင်စားလိုသဖြင့် အရှင်မောဂ္ဂလာန်မထေရ်နှင့်အတူ တောတစ်ခုခု သီတင်းသုံးနေတော်မူ၏။ တစ်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်သည် လေနာရောဂါဖြစ်ပေါ်သဖြင့် အလွန်ဆင်းရဲစွာ ခံစားနေရ၏။ အရှင်မောဂ္ဂလာန်မထေရ်သည် ညနေချမ်း အချိန်၌ အရှင်သာရိပုတ္တရာမထေရ်ထံသို့ ရောက်ရှိလာရာ လျောင်းစက်နေသည်ကို တွေ့မြင်သဖြင့် အကြောင်းစုံကိုမေးမြန်းသိရှိရပြီးနောက် "ငါ့ရှင်...ယခင်ဖြစ်စဉ်က အဘယ်ဆေးဖြင့် သက်သာခဲ့ဖူးပါသနည်း?"ဟုမေးမြန်းလေ၏။ "ငါ့ရှင်... လူ့ဘဝတုန်းကတော့ ငါမယ်တော်က ငါ့ကို ထောပတ်,ပျားသကာတို့နှင့် ရောနှော၍ ရေမပါတဲ့ နို့ဃနာထမင်းကျွေးလို့ သက်သာပျောက်ကင်းခဲ့ဖူးပါတယ်"ဟု ပြန်ဖြေ၏။ ထိုအခါ အရှင်မောဂ္ဂလာန်မထေရ်က "ငါ့ရှင် ဒါဆိုရင် အရှင်ဘုရား ပဲဖြစ်စေ, တပည့်တော်ပဲဖြစ်စေ ဘုန်းကံရှိလျှင် မနက်ဖြန် နို့ဃနာဆွမ်းကို ရတန်ကောင်းပါရဲ့"ဟု ပြောဆိုပြီးလျှင် ပြန်ကြွသွား၏။

ဤသို့ မထေရ်မြတ်နှစ်ပါး အချင်းချင်း ပြောကြားနေသည့်စကားများကို ကြားသိပင်၍နေထိုင်သည့် ရက္ခစိုးနတ်သည် ကြားသိပြီးနောက် နက်ဖြန်အလို့ဟာ နို့ဃနာဆွမ်းရရှိရေးအတွက် အရှင်သာရိပုတ္တရာမထေရ်၏ အလုပ်အကျွေး ဒကာအိမ်သို့သွား၍ သားကြီးကို ပူးဝင်ညှဉ်းပန်းနှိပ်စက်၍ အလိုရှိရာကို ဒကာတို့အား သိစေ၏။ ဒကာတို့ကလည်း "သင်နတ် မပြောလည်း ငါတို့က မထေရ်အတွက်ဆိုရင် အမြဲလှူနေကြပါ" ဟုပြောဆိုပြီး နို့ဃနာဆွမ်းအတွက် စီမံချက်ပြုတ်ကြ၏။ နောက်တစ်နေ့ အရှင်မောဂ္ဂလာန်မထေရ် ဆွမ်းခံထွက်ကြွလာသည်ရှိသော် အရှင်မြတ်အား လောင်းလှူပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်မြတ်အတွက်ပါ ရည်စူး၍ သပိတ်အပြည့်လောင်းလှူလိုက်ကြ၏။

အရှင်မောဂ္ဂလာန်မထေရ်လည်း အရှင်သာရိပုတ္တရာထံသို့သွား၍ "ငါ့ရှင် ဤယူလော့၊ နို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပါ" ဟု ဆိုလေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်လည်း နို့ဃနာဆွမ်းကိုမြင်လျှင် 'အလွန်ကောင်းလှတဲ့ ဆွမ်းပဲ' ဟု ခီးမွမ်းပြီး မည်သို့မည်ပုံရရှိလာသည်ကို နှလုံးသွင်းဆင်ခြင်သည်ရှိသော် အကြောင်းရင်းကိုသိရှိကာ "ငါ့ရှင် မောဂ္ဂလာန်၊ ဤနို့ဃနာဆွမ်းသည် သုံးဆောင်ဖို့ မသင့်" ဟု ဆို၏။ အရှင်မောဂ္ဂလာန်မထေရ်မြတ်လည်း မည်သို့မျှစိတ်ကွက်ခြင်းမရှိဘဲ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ တစ်ခွန်းတည်းသောစကားဖြင့်ပင် သပိတ်နှုတ်ခမ်းကို ကိုင်၍ အခြားသင့်လျော်ရာနေရာတစ်ခုဌ မှောက်သွန်လိုက်၏။ ယင်းနို့ဃနာဆွမ်းများ မြေပြင်ပေါ်သို့ ကျရောက်သည်နှင့်တစ်ပြိုင်နက် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ လေနာရောဂါလည်း သက်သာပျောက်ကင်းလေတော့သည်။ ထိုအချိန်မှစ၍ နောင်အနှစ်လေးဆယ်နီးပါးတိုင်အောင် အရှင်သာရိပုတ္တရာမထေရ်အား နောက်ထပ်တစ်ဖန် လေနာရောဂါ မဖြစ်ပေါ်တော့ပြီ။

ထို့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်က "ငါ့ရှင်မောဂ္ဂလာန်...ဝစီဝိညတ်ကို အကြောင်းပြု၍ရရှိလာသည့် နို့ဃနာဆွမ်းသည် အူမခွေတို့ အပြင်ထွက်၍ မြေပြင်ဌအစာရှာရန် သွားနေသည်ဖြစ်ပါစေ သုံးဆောင်ဖို့ မသင့်လျော်ချေ" ဟု မိန့်တော်မူ၏။ (စည်၊၁။ ၁၁၄-၁၁၆)

မှတ်ချက်။ ဤသီလအရာဌ် စိရဂုမ္ဗအရပ်ဌသီတင်းသုံးတော်မူသည့် ကြွေကျနေသည့် သရက်သီးတို့ကို အကပ်မခံဘဲ မဘုဉ်းပေး,မသုံးဆောင်သော မဟာတိဿမထေရ်ကြီး အကြောင်းကိုလည်း မှတ်သားနိုင်ပါသည်။ ယင်းမထေရ်အကြောင်းကို ဤပို့ချချက်စာအုပ်၊ စာမျက်နှာ(၄၀)၌ ကြည့်ပါ။

ပစ္စယသန္နိဿိတသီလ ပြည့်စုံကြောင်း

ပညာတရား

ပစ္စယသန္နိဿိတသီလကို ပညာဖြင့် ပြီးပြည့်စုံစေအပ်၏။ အဘယ်ကြောင့် ဆိုသော်- ပညာရှိသောရဟန်းသည်သာ ပစ္စည်းလေးပါး တို့၌ ကျေးဇူးပရိဘောဂနှင့် အာပတ်ဟူသောအပြစ်၊ ကျေးဇူးပရိဘောဂနှင့် အာပတ်မှလွတ်ခြင်း-ဟူသောအကျိုး တို့ကို သိမြင်နိုင်သောကြောင့် ဖြစ်ပါသည်။

ထိုသို့ ပညာဖြင့်ဆင်ခြင်မှသာလျှင် ပစ္စည်းတို့၌ မက်မောသောတဏှာကို ပယ်သတ်နိုင်၏။ ထို့ပြင် တရားနှင့်ညီညွတ်သော ကိုယ်,နှုတ်အကျင့်ဖြင့် (၀၊) တရားသဖြင့်ရသောပစ္စည်းတို့ကို "အဆေးကို ပယ်ဖျောက်ခြင်းအကျိုးငှာ သက်နံ့းကို ဝတ်ရုံသုံးဆောင်ပါ၏။" စသည်ဖြင့် ပညာဖြင့် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲမှသာလျှင် ပစ္စယသန္နိဿိတသီလသည် ပြီးစီးပြည့်စုံနိုင်ပါသည်။

ဆင်ခြင်ပုံ ၂-မျိုး

ပစ္စည်းလေးပါးကို ဆင်ခြင်သုံးဆောင်ရာ၌ -
(၁) ရသောကာလ(ပဋိလာဘကာလ)၌ ဆင်ခြင်ခြင်းနှင့်
(၂) သုံးဆောင်သောကာလ(ပရိဘောဂကာလ)၌ ဆင်ခြင်ခြင်း-ဟူ၍ ၂-မျိုးရှိသည်။

၁။ ရသောကာလ၌ဆင်ခြင်ပုံ

ထိုတွင် ရသောကာလ၌ဆင်ခြင်မှုသည်လည်း အာတ်၏အစွမ်းဖြင့်ဆင်ခြင်ခြင်းနှင့် ပဋိကူလ၏အစွမ်းဖြင့်ဆင်ခြင်ခြင်း-ဟူ၍ နှစ်မျိုးရှိသည်။

အာတ်၏အစွမ်း - သက်နံ့းစသည်ကို ရသောကာလ၌ သက်နံ့းစသည်တို့သည်လည်းကောင်း၊ ဤသက်နံ့းစသည်တို့ကို သုံးဆောင်သော ငါသည်လည်းကောင်း အကြောင်းအားလျော်စွာ မပြတ်ဖြစ်သော အာတ်သဘောမျှသာ ဖြစ်ချေ၏-ဟုဆင်ခြင်ရသည်။

ပဋိကူလ၏အစွမ်း- သက်နံ့းစသည့် အလုံးစုံသောဤပစ္စည်းတို့သည် ပင်ကိုယ်သဘောအားဖြင့် စက်ဆုပ်ဖွယ်မဟုတ်သော်လည်း ဤရုပ်,ဤခန္ဓာကိုယ်-ဟူသည့် အကောင်ပုပ်နှင့်ဆက်စပ်မိလျှင် အလွန်စက်ဆုပ်ရွံရှာဖွယ်ရာသာ ဖြစ်ချေ၏-ဟုဆင်ခြင်ရသည်။

ဤသို့လျှင် ပစ္စည်းလေးပါးကို ရရှိသောခဏ၌ အာတ်၏အစွမ်းဖြင့်ဖြစ်စေ, ပဋိကူလ၏အစွမ်းဖြင့်ဖြစ်စေ ဆင်ခြင်ထားလျှင် နောင်သုံးဆောင်သောအခါ၌ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်မိသည့်တိုင် အပြစ်မရှိပေ။ (စည်၁။၁၁၈-၁၁၉)

[ပဋိလာဘကာလေပိ ဟိ ဓာတုဝသေန ဝါ ပဋိကူလဝသေန ဝါ ပစ္စဝေက္ခိတ္တာ ဌပိတာနိ စီဝရာဒီနိ တတော ဥတ္တရိ ပရိဘုဉ္ဇန္တသ အနဝဇ္ဇောဝ ပရိဘောဂေါ။ (ဝိသုဒ္ဓိ၊၁။ ၄၁။)]

၂။ သုံးဆောင်သောကာလ၌ ဆင်ခြင်ပုံ

သုံးဆောင်သောကာလ၌ ဆင်ခြင်၍သုံးဆောင်လျှင်လည်း အပြစ်မရှိသည်သာ ဖြစ်၏။ ဤနေရာ၌ ပစ္စည်းလေးပါးကိုသုံးဆောင်ရာ၌ ပစ္စဝေက္ခဏာဆင်ခြင်ပြီး သုံးဆောင်သဖြင့် အပြစ်မရှိပုံနှင့်ပတ်သက်၍ သုံးဆောင်ခြင်း(ပရိဘောဂ)၄-မျိုးကို ဝိနိစ္ဆယအဖြစ် တစ်ဆက်တည်း ဖော်ပြထား၏။

သုံးဆောင်ခြင်း ၄-မျိုး

၁။ ထေယျပရိဘောဂ

သံဃာ့အလယ်၌ထိုင်လျက် ပစ္စည်းလေးပါးကို မိမိနှင့်မထိုက်တဲ့ သုံးဆောင်သော ဒုဿီလရဟန်း၏ သုံးဆောင်ခြင်းမျိုးသည် ထေယျပရိဘောဂ မည်၏။

မြတ်စွာဘုရားသည် မိမိသာသနာတော်၌ သီလဝန္တပုဂ္ဂိုလ်တို့အား သာ ပစ္စည်းလေးပါးကို အလျှဲခံ၍သုံးစွဲမှုကို ခွင့်ပြုတော်မူထားခြင်း ဖြစ်သည်။ ဒုဿီလ ပုဂ္ဂိုလ်အား ခွင့်ပြုတော်မူခြင်း မဟုတ်ပေ။ အလျှဲရှင် ဒါယကာ,ဒါယိကာမတို့ကလည်း ကောင်းမှုကုသိုလ်၏ အကျိုးကြီးမားသည်၏အဖြစ်ကို ရည်မှန်း၍ သီလဝန္တပုဂ္ဂိုလ် တို့အား သာ ပေးလှူခြင်း ဖြစ်သည်။ ဒုဿီလပုဂ္ဂိုလ်အား ပေးလှူလိုခြင်း မဟုတ်ပေ။ ဤသို့ မြတ်စွာဘုရားရှင်ကလည်း ခွင့်မပြု၊ အလှျှဲရှင်တို့ကလည်း မပေးလှူလိုဘဲ ရရှိသည့်ပစ္စည်းဖြစ်သောကြောင့် ယင်းပစ္စည်းကိုသုံးဆောင်သည့် ဒုဿီလပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် ခိုးယူ၍သုံးဆောင်ရာဖြစ်သဖြင့် ထေယျပရိဘောဂ မည်ပါသည်။

၂။ ကူဏပရိဘောဂ

သီလဝန္တရဟန်း၏ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင် ခြင်းသည် ကြွေးမြီချေးယူ၍ သုံးဆောင်ခြင်းနှင့်တူသောကြောင့် ကူဏပရိဘောဂ မည်၏။ ထို့ကြောင့် ကူဏပရိဘောဂမဖြစ်ရန် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်ရာ အခါကာလနှင့်ပတ်သက်၍ ဤသို့ မှတ်အပ်၏။

- သင်္ကန်းကို ခန္ဓာကိုယ်နှင့်ကင်းကွာပြီး နောက်တစ်ဖန် ပြန်ဝတ်ရုံတိုင်း, ဝတ်ရုံတိုင်း၌ ပစ္စဝေက္ခဏာဆင်ခြင်ရမည်။
- ဆွမ်းကို ဆွမ်းလုပ်တိုင်း, ဆွမ်းလုပ်တိုင်း၌ ပစ္စဝေက္ခဏာဆင်ခြင်ရမည်။

- ကျောင်းကို ကျောင်းအတွင်းသို့ ဝင်ရောက်တိုင်း, ဝင်ရောက်တိုင်း၌ ပစ္စဝေက္ခဏာ ဆင်ခြင်ရမည်။
- ဤသို့ သင်္ကန်း, ဆွမ်း, ကျောင်းတို့ကို ပြဆိုခဲ့ပြီးသည့်အတိုင်း ဆင်ခြင်ရန်မစွမ်း နိုင်ပါက မွန်းမတည့်မီ နံနက်ပိုင်းအချိန် (ဆွမ်းမစားမီအချိန်)၊ မွန်းလွဲပိုင်းအချိန် (ဆွမ်းစားပြီးချိန်)၊ ညဉ့်ဦးယံအချိန်၊ သန်းခေါင်ယံအချိန်၊ မိုးသောက်ယံအချိန်တို့၌ တစ်နေ့လျှင် လေးကြိမ်ဖြစ်စေ, သုံးကြိမ်ဖြစ်စေ, နှစ်ကြိမ်ဖြစ်စေ, တစ်ကြိမ်ဖြစ်စေ ပစ္စဝေက္ခဏာဆင်ခြင်ရမည်။
- ဆေးပစ္စည်းကိုမူ ခံယူသည့်အချိန်၌ဖြစ်စေ, သုံးဆောင်သည့်အချိန်၌ဖြစ်စေ သတိဖြင့် ခံယူ, သုံးဆောင်ခြင်းသည်သာ အသင့်လျော်ဆုံး ဖြစ်၏။

ဤသို့လျှင် သုံးဆောင်ရာ၌ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ အရဏ်တက် လတ်သော် ထိုသီလဝန္တရဟန်း၏ သုံးဆောင်ခြင်းသည် ကြွေးမြီယူစားသုံးနှင့်တူသည့် သုံးဆောင်ခြင်းမျိုးဖြစ်သဖြင့် ဣဏာပရိဘောဂ ဖြစ်ပါသည်။

၃။ ဒါယဇ္ဇပရိဘောဂ

သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ မည်၏။ အဘယ်ကြောင့်ဆိုသော်- သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မြတ်စွာဘုရားရှင်၏ သားတော်များဖြစ်၏။ သားသမီးဟူသည် မိဘ၏အမွေကို ခံယူထိုက်မြဲဖြစ်သည်နှင့်အညီ အဘဘုရား၏ဥစ္စာဖြစ်ကုန်သော ပစ္စည်းလေးပါးတည်း-ဟူသော အမွေတို့ကို အမွေခံ(ဒါယာဒ)အနေဖြင့် ခံယူသုံးဆောင်ခြင်းဟာ ထိုက်တန်သောကြောင့် ဖြစ်ပါသည်။

ဤနေရာ၌- သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မြတ်စွာဘုရားရှင်၏ ပစ္စည်းတို့ကို သုံးဆောင်လေသလော? သို့မဟုတ်၊ လူဒါယကာတို့၏ ပစ္စည်းတို့ကို သုံးဆောင်လေသလော? ဟု မေးမြန်းဖွယ်ရှိ၏။

စင်စစ်၊ သေက္ခပုဂ္ဂိုလ်တို့သည် လူဒါယကာတို့လျှာ်ဒါန်းသော ပစ္စည်းများကိုသာ သုံးဆောင်ခြင်း ဖြစ်သည်။ သို့သော်လည်း ထိုပစ္စည်းတို့သည် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က သုံးစွဲရန်ခွင့်ပြုတော်မူထားသော ပစ္စည်းများဖြစ်သဖြင့် မြတ်စွာဘုရားရှင်၏ ပစ္စည်းဥစ္စာတို့သာ ဖြစ်ကုန်၏။ ထို့ကြောင့် အထက်ပါ အမေးနှင့် ပတ်သက်၍ သေက္ခပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားရှင်၏ ပစ္စည်းတို့ကိုသာ သုံးဆောင်ကြကုန်၏-ဟူ၍ မှတ်ရပါမည်။ ဤနေရာ၌ ဓမ္မဒါယာဒသုတ်တော်သည် ထင်ရှားပေါ်လွင်သည့် သက်သေသာဓက ဖြစ်သည်။

၄။ သာမိပရိဘောဂ

ရဟန္တာတို့၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂ မည်ပါသည်။ အဘယ်ကြောင့်ဆိုသော်- ရဟန္တာတို့သည် တဏှာ၏ ကျွန်အဖြစ်(ဒါသဗျ)ကို ကျော်လွန်ပြီးဖြစ်၍ ပိုင်ရှင်အနေဖြင့် သုံးဆောင်ရာရောက်သောကြောင့် ဖြစ်ပါသည်။

ဤပရိဘောဂလေးမျိုးတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂသည် အရိယာ,ပုထုဇဉ် ပုဂ္ဂိုလ်အားလုံးတို့နှင့် သင့်လျော်၏။ ကဏ္ဍပရိဘောဂသည် မည်သို့သောပုဂ္ဂိုလ်နှင့်မျှ မသင့်လျော်ပါ။ ထေယျပရိဘောဂမူကား ဆိုဖွယ်ရာမရှိတော့ပြီ။ (စည်၁။ ၁၁၉-၁၂၂)

ဆေးပစ္စည်းနှင့် ပတ်သက်သော အဆုံးအဖြတ်

ပစ္စည်းလေးပါးတို့တွင် ဆေးပစ္စည်းကို ခံယူသည့်အချိန်၌ဖြစ်စေ, သုံးဆောင်သည့်အချိန်၌ဖြစ်စေ သတိဖြင့် ခံယူ,သုံးဆောင်ခြင်းသည်သာ အသင့်လျော်ဆုံးဖြစ်၏-ဟုဆိုခဲ့၏။

သို့သော်လည်း ယင်းဆေးပစ္စည်းကို ခံယူရာ၌ သတိပြု၍ သုံးဆောင်ရာ၌ သတိမပြုသောရဟန်းအားသာ အာပတ်သင့်၏။ ခံယူရာ၌ သတိမပြုဘဲ သုံးဆောင်ရာ၌ သတိပြုသောရဟန်းအား အာပတ်မသင့်ပေ။ အဘယ်ကြောင့်ဆိုသော်- ဤပစ္စယသန္နိဿိတသီလသည် သုဒ္ဓိ(စင်ကြယ်မှု)လေးပါးတို့တွင် 'ပစ္စဝေက္ခဏာသုဒ္ဓိ' (ပစ္စဝေက္ခဏာဆင်ခြင်ခြင်း-ဖြင့်စင်ကြယ်မှု) သီလအမျိုးအစားဖြစ်သောကြောင့် ဖြစ်ပါသည်။ (စည်၁။ ၁၂၀)

[ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာဝ ဝဋ္ဋတိ။ ဇဝံ သန္ဓေပိ ပဋိဂ္ဂဟဏေ သတိ ကတ္တာ ပရိဘောဂေ အကရောန္တဿေဝ အာပတ္တိ။ ပဋိဂ္ဂဟဏေ ပန သတိ အကတ္တာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ။ (ဝိသုဒ္ဓိ၁။ ၄၁။)]

သုဒ္ဓိ ၄-ပါး

သုဒ္ဓိခေါ် စင်ကြယ်မှုသည်-

(၁) ဒေသနာသုဒ္ဓိ = ဒေသနာပြောကြားခြင်းဖြင့် စင်ကြယ်မှု၊

(၂) သံဝရသုဒ္ဓိ = စောင့်စည်းခြင်းဖြင့် စင်ကြယ်မှု၊

(၃) ပရိယေဋ္ဌိသုဒ္ဓိ = ရှာမှီးခြင်းဖြင့် စင်ကြယ်မှု၊

(၄) ပစ္စဝေက္ခဏာသုဒ္ဓိ = ဆင်ခြင်ခြင်းဖြင့် စင်ကြယ်မှု-ဟူ၍ လေးမျိုးရှိသည်။

ထိုလေးပါးတို့တွင်-

(၁) ပါတိမောက္ခသံဝရသီလသည် ဒေသနာပြောကြားခြင်းဖြင့် စင်ကြယ်စေနိုင်သောကြောင့် ဒေသနာသုဒ္ဓိ မည်ပါသည်။

(၂) ဣန္ဒြိယသံဝရသီလသည် "နောင်တစ်ဖန် ဤသို့ မပြုတော့ပြီ" ဟု စိတ်ကို ဆောက်တည်ခြင်းဖြင့် အထူးပြု ပိတ်ဆို့စောင့်စည်းခြင်းဖြင့်သာလျှင် စင်ကြယ်စေနိုင်သောကြောင့် သံဝရသုဒ္ဓိ မည်ပါသည်။

(၃) အာဇီဝပါရိသုဒ္ဓိသီလသည် မသင့်သောရှာမှီးခြင်းကိုပယ်၍ တရားနှင့်ညီညွတ်သော ကိုယ်, နှုတ်အကျင့်ဖြင့်ရှာမှီးမှသာလျှင် စင်ကြယ်စေနိုင်သောကြောင့် ပရိယေဋ္ဌိသုဒ္ဓိ မည်ပါသည်။

(၄) ပစ္စယသန္နိဿိတသီလသည် "အအေးကို ပယ်ဖျောက်ခြင်းအကျိုးငှာ သင်္ကန်းကို ဝတ်ရုံသုံးဆောင်ပါ၏။" ဤသို့စသောနည်းဖြင့် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းဖြင့်သာလျှင် စင်ကြယ်စေနိုင်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိ မည်ပါသည်။ (စည်၁။ ၁၂၁)

သီလဝန္တပုဂ္ဂိုလ်၏ သုံးဆောင်ခြင်း

သီလဝန္တပုဂ္ဂိုလ်၏ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အာဏဏျပရိဘောဂ=ကြွေးမြီကင်းသောသုံးဆောင်ခြင်းမျိုး ဖြစ်၏။

ထို့ပြင် သီလဝန္တပုဂ္ဂိုလ်သည် အမိသီလဟူသော သိက္ခာနှင့်ပြည့်စုံသောကြောင့် "ကျင့်ဆဲသေက္ခပုဂ္ဂိုလ်" ဟုလည်းဆိုနိုင်သဖြင့် သေက္ခပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းမျိုးဥာဏ်လည်း ထည့်သွင်းနိုင်သည်။ ထို့ကြောင့် သီလဝန္တပုဂ္ဂိုလ်၏ ပစ္စည်းလေးပါးသုံးဆောင်ခြင်းသည် ဒါယဇ္ဇပရိဘောဂ=အမွေခံဖြစ်သောသုံးဆောင်ခြင်းမျိုးလည်း ဖြစ်၏။ (စည်၁။ ၁၂၂)

သံဃရက္ခိတသာမဏေ

သံဃရက္ခိတသာမဏေသည် အေးခဲနေသည့် သလေးဆွမ်းကျန်များကို စားနေစဉ် ဦးရီးတော်ဥပဇ္ဈာယ်ဆရာက "ကိုရင်...ကိုရင်ရဲ့လျှာကို အပူမလောင်စေနဲ့နော်" ဟု ဆွမ်းကိုမဆင်ခြင်ဘဲ စားမိမည်စိုးသဖြင့် သတိပေးတော်မူလိုက်၏။ ထိုအခါ သံဃရက္ခိတသာမဏေသည် ထိတ်လန့်သံဝေဂရပြီး ထိုနေရာ၌ပင် ဝိပဿနာတရားကို တစ်ထိုင်တည်း အားထုတ်လေရာ လပြည့်ဝန်းပမာ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ရောက်၍ ဘဝအတွက်ပြီးပြည့်စုံသူ ဖြစ်သွား၏။

ထို့ကြောင့် ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သည့် နိဗ္ဗာန်ကို လိုလားတောင့်တကုန်သော သူတော်ကောင်းတို့သည်လည်း သံဃရတ္နာတိသာမဏေကဲ့သို့ အလျှုရှင်တို့ သဒ္ဓါ၍ပေးလှူအပ်သော ပစ္စည်းဝတ္ထုတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းငှာ ခိုင်သင့်ပါသည်။ (စည်း။ ၁၄-၁၅)

၉။ သီလညစ်နှမ်းခြင်း

သီလညစ်နှမ်းပုံ ၄-မျိုး

ခဏ္ဍသီလ(ကျိုး)

အနားစွန်းပြတ်သော အဝတ်ကဲ့သို့ အစသိက္ခာပုဒ် ဖြစ်စေ, အဆုံးသိက္ခာပုဒ် ဖြစ်စေ ပျက်သောသီလသည် ခဏ္ဍသီလ(ကျိုးသောသီလ) မည်ပါသည်။

ဆိဒ္ဒသီလ(ပေါက်)

အလယ်၌ ပေါက်သောအဝတ်ကဲ့သို့ အလယ်သိက္ခာပုဒ် ပျက်သောသီလသည် ဆိဒ္ဒသီလ(ပေါက်သောသီလ) မည်ပါသည်။

သဗလသီလ(ကျား)

ကျောကုန်း,ဝမ်းဗိုက်စသည်တို့၌ အမည်း,အနီစသော မျိုးကွဲအဆင်းများဖြင့် ကြောင်ကျားသောနွားမကဲ့သို့ နှစ်ပါး,သုံးပါးသောသိက္ခာပုဒ်များ အစဉ်အတိုင်း ပျက်သောသီလသည် သဗလသီလ(ကြောင်ကျားသောသီလ) မည်ပါသည်။

ကမ္မာသသီလ(ပြောက်)

အစက်အပြောက် မျိုးကွဲအဆင်းများရှိသော နွားမကဲ့သို့ အကြားအကြား တစ်ခုကျော်စီ၌ သိက္ခာပုဒ်များ ပျက်သောသီလသည် ကမ္မာသသီလ(အပြောက်အကွက်ရှိသောသီလ) မည်ပါသည်။

(စည်၊ဘ။ ၁၃၇-၁၃၈)

ဆောင် စ,ဆုံးနှစ်ရပ်၊ ပျက်စီးလတ်၊ ကျိုးပြတ်ခဏ္ဍခေါ်။
အလယ်အတွင်း၊ ပျက်စီးခြင်း၊ ပေါက်ထွင်းမည်ဆိဒ္ဒ။
စဉ်တိုင်းအများ၊ ပျက်စီးငြား၊ ကြောင်ကျားသဗလ။
အကြားကြားကွက်၊ ပျက်စီးလျက်၊ ပြောက်ကွက်ကမ္မာသ။

(ဓိသုဒ္ဓိမဂ််အရသာ)

သီလညစ်နွှမ်းခြင်းအကြောင်း ၂-ပါး

၁။ လာဘ်၊ အခြံအရံစသည်တို့ကြောင့်လည်းကောင်း၊

၂။ မေထုနသုတ်အရ-ဇာဏုဿောဏိပုဏ္ဏားအား မြတ်စွာဘုရားဟောကြားတော်မူအပ်သော မေထုန်ငယ်၇-ပါးနှင့် စပ်ယှဉ်ခြင်းကြောင့်လည်းကောင်း သီလသည် ကျိုး,ပေါက်,ကျား,ပြောက်သောအားဖြင့် ညစ်နွှမ်းနိုင်ပါသည်။ (၀၂) သီလသံကိလိဋ္ဌ ဖြစ်ပါသည်။

မေထုန်ငယ် ၇-ပါး

မေထုန်ငယ် ၇-ပါးမှာ-

(၁) မာတုဂါမ၏ နံ့သာစသည်ဖြင့် လိမ်းကျံပွတ်သပ်ပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ဆုပ်နယ်ပေးခြင်းတို့ကို သာယာခြင်း၊

(၂) မာတုဂါမနှင့်အတူတကွ ပြင်းစွာရယ်ခြင်း၊ ကိုယ်လက်ထိပါးကစားခြင်း၊ ယုယုယယ ပြောဆိုခြင်းတို့ကို သာယာခြင်း၊

(၃) မာတုဂါမနှင့် မျက်စိချင်းဆုံ၍ကြည့်ခြင်း၊ စူးစိုက်ကြည့်ခြင်း၊ စောင်းငဲ့၍ကြည့်ခြင်းတို့ကို သာယာခြင်း၊

(၄) မာတုဂါမ၏ရယ်သံ, စကားပြောသံ, သီချင်းဆိုသံ, ငိုသံကိုနားထောင်၍ သာယာခြင်း၊

(၅) ရှေးအခါက မာတုဂါမနှင့်အတူ ရယ်ရွှင်ပြောဆို၍ ကိုယ်လက်ထိပါး ကစားခဲ့သည်တို့ကို ပြန်လည်အောက်မေ့၍ သာယာခြင်း၊

(၆) ကာမဂုဏ်အာရုံငါးပါးနှင့်ပြည့်စုံသော မောင်နှံတို့ကိုကြည့်၍ သာယာခြင်း၊

(၇) ''ဤသီလဖြင့်လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့်လည်းကောင်း၊ ဤခြိုးခြံသောအကျင့်ဖြင့်လည်းကောင်း၊ ဤဗြဟ္မစရိယ အကျင့်မြတ်ဖြင့်လည်းကောင်း၊ နတ်မင်းဖြစ်စေ, နတ်တစ်မျိုးဖြစ်စေ ဖြစ်ရပါမူကား ကောင်းလေစွ''ဟု ကြံစည်လျက် နတ်ပြည်၌ဖြစ်ရန် လိုလားတောင့်တခြင်း, နတ်ဘဝကို သာယာခြင်း တို့ဖြစ်ပါသည်။ (စည်၁။ ၁၄၀-၁၄၂)

၁၀။ သီလဖြူစင်ခြင်း

သီလဖြူစင်ရခြင်းအကြောင်းများ

သီလဖြူစင်ခြင်း(သီလဝေါဒါန)၏ အကြောင်းများမှာ-

၁။ အခါခပ်သိမ်း သိက္ခာပုဒ်တို့ မပျက်စီးခြင်း၊

၂။ သိက္ခာပုဒ်ပျက်စီးလျှင် ကုစား၍ရသည့်သိက္ခာပုဒ်ဖြစ်ပါက ပြန်၍ကုစားခြင်း၊

၃။ မေထုန်ငယ် ၇-ပါးနှင့် မစပ်ယှဉ်ခြင်း၊

၄။ အမျက်ထွက်ခြင်း(ကောဓ)၊ ရန်ငြိုးဖွဲ့ခြင်း(ဥပနာဟ)၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း(မက္ခ)၊ ဂုဏ်မြင့်သူနှင့်တန်းတူပြုရှု ဘက်ပြိုင်ခြင်း(ပဠာသ)၊ မနာလိုခြင်း(ဣဿာ)၊ ဝန်တိုခြင်း(မစ္ဆရိယ)၊ ကိုယ့်အပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း(မာယာ)၊ ဂုဏ်ရှိဟန်ဆောင်ခြင်း(သာဌေယျ)၊ အရှိအသေမပြုနိုင်အောင် ခက်ထန်ခြင်း(ထမ္ဘ)၊ သူတစ်ပါးကို ဖိနှိပ်ချုပ်ချယ်ခြင်း(သာရမ္ဘ)၊ မိမိကိုယ်ကို အထင်ကြီးခြင်း(မာန)၊ အလွန်မာန်ထောင်လွှားခြင်း(အတိမာန)၊ မာန်ယစ်ခြင်း(မဒ)၊မေ့လျော့ခြင်း(ပမာဒ)ဟူသော ယုတ်မာသည့်တရားဆိုး(ပါပဓမ္မ)တို့ မဖြစ်ခြင်း၊

၅။ အလိုနည်းခြင်း(အပ္ပိစ္ဆတာ)၊ ရောင့်ရဲလွယ်ခြင်း(သန္တုဋ္ဌိတာ)၊ ကိလေသာကို ခေါင်းပါးစေခြင်း(သလ္လေခတာ)အစရှိသော ဂုဏ်ကျေးဇူးများ ဖြစ်ပေါ်ခြင်းတို့ဖြစ်သည်။

(စည်၊၁။ ၁၄၃)

စင်ကြယ်သောသီလအမည်များ

လာဘ်စသည်တို့ကြောင့် မပျက်စီးသောသီလ၊ မေ့လျော့ခြင်းအပြစ်ကြောင့် ပျက်စီးသွားသော်လည်း တစ်ဖန်ပြန်ကုစားပြီးသောသီလ၊ မေထုန်ငယ်ခုနစ်ပါး, အမျက်ထွက်ခြင်း, ရန်ပြိုးဖွဲ့ခြင်းအစရှိသော ယုတ်မာသောတရားဆိုးတို့ဖြင့် မနှိပ်စက်မဖျက်ဆီးအပ်သောသီလတို့ကို-

- မကျိုးသောကြောင့် "အခဏ္ဍသီလ" ဟူ၍လည်းကောင်း၊
- မပေါက်သောကြောင့် "အဆိဒ္ဒသီလ" ဟူ၍လည်းကောင်း၊
- မကြောင်မကျားသောကြောင့် "အသဗလသီလ" ဟူ၍လည်းကောင်း၊
- အကြားအကြား၌ မပျက်စီးသောကြောင့် "အကမ္မာသသီလ" ဟူ၍လည်းကောင်း၊
- ဝိဝဋ္ဋူပနိဿယဖြစ်၍ တဏှာအရှင်၏ ကျွန်အဖြစ်မှလွတ်စေလျက် တော်လှန်သည်၏အဖြစ်ကို ပြုတတ်သောကြောင့် "ဘုဇိဿသီလ" ဟူ၍လည်းကောင်း၊
- ပညာရှိတို့ ချီးမွမ်းအပ်သည်၏အဖြစ်ကြောင့် "ဝိညုပ္ပသတ္ထသီလ" ဟူ၍လည်းကောင်း၊
- တဏှာ, ဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ်အပ်သည်၏အဖြစ်ကြောင့် "အပရာမဋ္ဌသီလ" ဟူ၍လည်းကောင်း၊
- ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေနိုင်သောကြောင့် "သမာဓိသံဝတ္တနိကသီလ" ဟူ၍လည်းကောင်း ခေါ်ပါသည်။ (စည်၊ ၁၄၃-၁၄၄)

တစ်နည်း သီလဖြူစင်ခြင်း
အကြောင်း ၂-ပါး

၁။ သီလပျက်စီးခြင်း၏ အပြစ်တို့ကို ရှုမြင်ဆင်ခြင်ခြင်းကြောင့်လည်းကောင်း၊
၂။ သီလနှင့်ပြည့်စုံခြင်း၏ အကျိုးတို့ကို ရှုမြင်ဆင်ခြင်ခြင်းကြောင့်လည်းကောင်း သီလဖြူစင်နိုင်ပါသည်။

သီလပျက်စီးခြင်း၏ အပြစ်တို့ကို
ဆင်ခြင်သင့်ပုံ

(က)-သီလပျက်သူသည် မေ့လျော့ခြင်းကြောင့် စည်းစိမ်ပျက်၏။
- မကောင်းသတင်း ထွက်၏။
- ချဉ်းကပ်ရာပရိသတ်၌ မျက်နှာငယ်ရ၏။
- သေသောအခါ မကောင်းသောနိမိတ်များထင်သောကြောင့် မကြည်မလင်တွေဝေစွာသေရ၏။
- သေပြီးနောက် ဒုဂ္ဂတိဘုံသို့ လားရောက်ရ၏။

(ခ) <u>တစ်နည်းကား သီလပျက်သောကြောင့်</u> -

- နတ်လူတို့ မနှစ်သက်,မမြတ်နိုးခြင်း၊ သီတင်းသုံးဖော်တို့ မဆက်ဆံလိုခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ သီလရှိသူကို ချီးမွမ်းသည်ကိုမြင်ရကြားရလျှင် နှလုံးမသာမယာဖြစ်ခြင်း၊
- သီလမရှိခြင်းကြောင့် ပိုက်ဆံလျော်တေပုဆိုးကဲ့သို့ ဂုဏ်အဆင်း,ကိုယ်အဆင်းကင်းမဲ့၍ အဆင်းမလှဖြစ်ရခြင်း၊
- အတုလိုက်၍ ချဉ်းကပ်သူတို့ကို အပါယ်ဒုက္ခကြာရှည်စွာ ခံစားရစေခြင်းဟူသော အတွေ့ဆိုးရှိခြင်း၊
- ပစ္စည်းလျှုသူတို့အား အကျိုးနည်းနည်းကိုသာ ရရှိစေနိုင်သောကြောင့် အဖိုးမတန်ခြင်း၊
- နှစ်ပေါင်းများစွာ စုဝေးနေသော မစင်တွင်းကဲ့သို့ သုတ်သင်ရှင်းလင်းရန်ခက်ခဲခြင်း၊
- လူမသုံးသော မသာထင်းတုံးကဲ့သို့ လူ့စည်းစိမ်, ရဟန်းစည်းစိမ်များ ဆုံးရှုံးလက်လွှတ်ရခြင်း၊
- နွားအုပ်နောက်လိုက်သော မြည်းသည် နွားမဟုတ်သကဲ့သို့ ရဟန်းဟုဝန်ခံပါသော်လည်း ရဟန်းမဟုတ်နိုင်တော့ခြင်း၊
- လူတိုင်း၏ရန်သူသည် လူမြင်တိုင်းထိတ်လန့်နေရသကဲ့သို့ အမြဲမပြတ်ထိတ်လန့်နေရခြင်း၊
- သူသေကောင်ကဲ့သို့ အဖော်သဟဲ မပြုထိုက်ခြင်း၊
- သုသာန်မီးကို မီးမပူစေသကဲ့သို့ သုတစသောဂုဏ်ရှိပါသော်လည်း ပူစေခြင်းငှာ မထိုက်တန်ခြင်း၊
- စျာန်,မဂ်,ဖိုလ်တရားထူး မရနိုင်တော့ခြင်း၊
- ဒွန်းစဏ္ဍား၏သားသည် မင်းအဖြစ်ကို မျှော်လင့်တောင့်တမှုကင်းသကဲ့သို့ သီလပျက်သူသည် ပဋိပတ္တိဓမ္မ,ပဋိဝေဓဓမ္မကို မျှော်လင့်တောင့်တမှု ကင်းခြင်း၊

(ဂ) -ချမ်းသာသည်ဟု ထင်နေရသော်လည်း အဂ္ဂိခန္ဓောပမသုတ္တန်ဟောတော်မူချက်အရ အမြဲတမ်းဆင်းရဲနေခြင်း-ဟူသောအပြစ်တို့ကို သီလပျက်သူများ ခံရပေမည်။ ဤအပြစ်တို့ကို ဆင်ခြင်၍ သံဝေဂစိတ်ဖြင့် သီလကိုလုံခြုံအောင် စောင့်ထိန်းခြင်းဖြင့် သီလစင်ကြယ်နိုင်ပါသည်။ (စည်၊၁။ ၁၄၃-၁၄၆)

အဂ္ဂိခန္ဓောပမသုတ္တန်

ရည်ရွယ်ချက်

ကာရေဏ်အာရဏ်ငါးပါးကို သုံးဆောင်ခံစားခြင်းကြောင့်ဖြစ်သောချမ်းသာ, သူတစ်ပါးတို့ရှိခိုးပူဇော်ခြင်း မြတ်နိုးခြင်းစသည်တို့ကြောင့်ဖြစ်သောချမ်းသာ စသည့် ချမ်းသာသုခတို့၌ သာယာမက်မောသောစိတ်ရှိကြကုန်သော ဒုဿီလပုဂ္ဂိုလ်တို့အား ဆင်ခြင်ကြည့်ကာမျှဖြင့် စိတ်နှလုံးပူပန်လျက် သွေးအန်ခြင်းကိုဖြစ်စေနိုင်သော အလွန်ဆိုးဝါးသည့်ဆင်းရဲ(အတိကဋ္ဌကဒုက္ခ)ကို ထင်ရှားပြတော်မူလိုသောကြောင့် အဂ္ဂိခန္ဓောပမသုတ္တန်ကို မြတ်စွာဘုရားဟောတော်မူခြင်း ဖြစ်သည်။ ထိုသုတ္တန် ဒေသနာတော်၏ မှတ်သားဖွယ်ရာများမှာ ဤသို့ဖြစ်၏။

မှတ်သားဖွယ်ရာ ဒေသနာ

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် ရဟန်းတော်တို့အား ရဲရဲတောက်လောင်ကျမ်းနေသည့် မီးပုံကြီးတစ်ပုံ နှင့် နုနယ်ပျိုမျစ် လှပတင့်တယ်သည့် အမျိုးသမီးတစ်ယောက်ကို တစ်ပြိုင်နက်တွေ့မြင်ရလျှင် မီးပုံကြီးကိုပွေ့ဖက်၍ထိုင်နေခြင်း, မီးပုံကြီးဘေးဦးအိပ်စက်ခြင်း နှင့် အမျိုးသမီးကိုပွေ့ဖက်၍ထိုင်နေခြင်း,အမျိုးသမီးဘေးဦးအိပ်စက်ခြင်း အဘယ်အရာက ပို၍ကောင်းမြတ်ပါသနည်း-ဟု မေးမြန်းတော်မူ၏။ ရဟန်းတော်တို့က "အမျိုးသမီးကိုပွေ့ဖက်၍ထိုင်နေခြင်း,အမျိုးသမီးဘေးဦးအိပ်စက်ခြင်းက ပို၍ကောင်းမြတ်ပါသည်ဘုရား"ဟု ပြန်လည်လျှောက်ထားကြ၏။ ထိုအခါ မြတ်စွာဘုရားရှင်က-

"ရဟန်းတို့...ယုတ်မာသောအကျင့်ရှိသူ, မစင်မကြယ်သောအကျင့်ရှိသူ, ဖုံးလွှမ်းအပ်သောအမှုရှိသူ, ရဟန်းမဟုတ်ပါဘဲလျက် ရဟန်း-ဟုဝန်ခံနေသူ, အကျင့်မြတ်ကိုကျင့်သုံးသူ မဟုတ်ပါဘဲလျက် အကျင့်မြတ်ကိုကျင့်သုံးသူ ဖြစ်၏-ဟုဝန်ခံနေသူ, ကိုယ်တွင်း၌သီလပျက်ခြင်း-ဟူသောအပုပ်အဆွေးရှိသူ, ကိလေသာမိုးရေတို့ဖြင့် စွတ်စိုနေသူ, အမှိုက်သဖွယ်ဖြစ်သူ-ဟုဆိုအပ်သော "ဒုဿီလပုဂ္ဂိုလ်"သည် ရဲရဲတောက်နေသောမီးပုံကြီးကိုပွေ့ဖက်၍ထိုင်နေခြင်း, မီးပုံကြီးဘေးဦးအိပ်စက်ခြင်းသည်သာကောင်းမြတ်တုံသေး၏။ အဘယ်ကြောင့်ဆိုသော်-ထိုဒုဿီလရဟန်းသည် မီးပုံကြီးကိုပွေ့ဖက်၍ထိုင်နေခြင်း,မီးပုံကြီးဘေးဦးအိပ်စက်ခြင်း-ဟူသောအကြောင်းကြောင့် သေမူလည်း သေနိုင်ရာ၏။ ဆင်းရဲဒုက္ခသို့ရောက်မူလည်း ရောက်နိုင်ရာ၏။ သို့သော် သေသည်၏အခြားမဲ့၌မူကား အပါယ်ဒုဂ္ဂတိဘုံသို့ မကျရောက်သည်သာ ဖြစ်၏။"

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် မီးပုံကြီးဥပမာ(အင်္ဂါဝန္ဓဥပမာ)ဖြင့် မိန်းမနှင့်စပ်သော ကာမဂုဏ်ငါးပါးကို သုံးဆောင်ခြင်းလျှင် အကြောင်းရင်းရှိသောဆင်းရဲကို ပြတော်မူပြီး၍ အောက်ပါဥပမာတို့ဖြင့် ဒုဿီလရဟန်း၏ သုံးဆောင်ခြင်းလျှင် အကြောင်းရင်းရှိသောဆင်းရဲ(ပရိဘောဂပစ္စယဒုက္ခ)ကို ဆက်လက်၍ ဟောတော်မူပြန်၏။

(က) <u>သားမြီးကြိုးဥပမာ (ဝါဠရဇ္ဇု ဥပမာ)</u>

"ရဟန်းတို့...၊ ယခု ငါဘုရားဆိုမည့်စကားကို သင်တို့ အဘယ်သို့မှတ်ထင်သနည်း? အားကောင်းသည့် ယောကျ်ားတစ်ယောက်သည် ခိုင်မာသောသားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်ကို ရစ်ပတ်ပတ်ဆွဲ တိုက်ဖြတ်သဖြင့် သားမြီးကြိုးသည် ခြေသလုံး၏ အပေါ်ယံအရေပြားမှတစ်ဆင့် အတွင်းအရေထူ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီတိုင်အောင် အဖြတ်ခံရသော ဒုဿီလရဟန်းနှင့် မင်း,သူဌေး,ပုဏ္ဏား,သူကြွယ်စသည်တို့၏ ရိသေတုပ်ဝပ် ရှိခိုးပူဇော်မှုကို သာယာလက်ခံသော ဒုဿီလရဟန်း- ဤရဟန်းနှစ်မျိုးတွင် အဘယ်ရဟန်းက ပို၍ကောင်းမြတ်ပါသနည်း?"

(ခ) <u>ထက်လွှာသော လုံမဥပမာ(တိစ္ဆာသတ္တိ ဥပမာ)</u>

"ရဟန်းတို့...၊ ယခု ငါဘုရားဆိုမည့်စကားကို သင်တို့ အဘယ်သို့မှတ်ထင်သနည်း? အားကောင်းသည့် ယောကျ်ားတစ်ယောက်၏ ဆီဖြင့်သွေးထားသည့်လုံမဖြင့် ရင်ဝတည့်တည့်သို့ အထိုးခံရသော ဒုဿီလရဟန်းနှင့် မင်း,သူဌေး,ပုဏ္ဏား,သူကြွယ်စသည်တို့၏ လက်အုပ်ချီခြင်းကို သာယာလက်ခံသော ဒုဿီလရဟန်း-ဤရဟန်းနှစ်မျိုးတွင် အဘယ်ရဟန်းက ပို၍ကောင်းမြတ်ပါသနည်း?"

(ဂ) <u>သံပူပြားဥပမာ(အယောပတ္တ ဥပမာ)</u>

"ရဟန်းတို့...၊ ယခု ငါဘုရားဆိုမည့်စကားကို သင်တို့ အဘယ်သို့မှတ်ထင်သနည်း? အားကောင်းသည့် ယောကျ်ားတစ်ယောက်သည် တစ်ခဲနက် အလျှံတပြောင်ပြောင် တောက်လောင်နေသော သံပူပြားဖြင့် ကိုယ်ကို ရစ်ပတ်သဖြင့် ဆင်းရဲခံနေရသော ဒုဿီလရဟန်းနှင့် မင်း,သူဌေး,ပုဏ္ဏား,သူကြွယ်စသည်တို့ သဒ္ဓါ၍လျှုအပ်သော သင်္ကန်းကို ဝတ်ရုံသုံးဆောင်နေသော ဒုဿီလရဟန်း-ဤရဟန်းနှစ်မျိုးတွင် အဘယ်ရဟန်းက ပို၍ကောင်းမြတ်ပါသနည်း?"

(ဃ) သံတွေခဲ ဥပမာ(အယောဂုဠ ဥပမာ)

"ရဟန်းတို့...၊ ယခု ငါဘုရားဆိုမည့်စကားကို သင်တို့ အဘယ်သို့ မှတ်ထင်သနည်း? အားကောင်းသည့် ယောကျ်ားတစ်ယောက်သည် အလွန်ပူလောင်သည့်သံညှပ်ဖြင့် ခံတွင်းကိုဖွင့်၍ အလွန်ပူလောင်သည့် သံတွေခဲတို့ကို ဒုဿီလရဟန်း၏ခံတွင်းသို့ အတင်းသွတ်သွင်းဖြင့် သံတွေခဲတို့သည် ခံတွင်း,လျှာ,လည်ချောင်း,ဝမ်း,အူမ,အူသိမ်တို့ကို အပူလောင်၍ အောက်ဒွါရမှ အပြင်သို့ထွက်ကျရာ၏။ ဤသို့ဖြစ်နေသော ဒုဿီလရဟန်းနှင့် မင်း,သူဌေး, ပုဏ္ဏား,သူကြွယ်စသည်တို့ သဒ္ဓါ၍ လှူအပ်သည့်ဆွမ်းကို သုံးဆောင်စားသောက်နေသော ဒုဿီလရဟန်း- ဤရဟန်းနှစ်မျိုးတွင် အဘယ်ရဟန်းက ပို၍ကောင်းမြတ်ပါသနည်း?"

(င) သံတွေညောင်စောင်း,အင်းပျဉ်ဥပမာ(အယောမဋ္ဌ-အယောပီဋ္ဌ ဥပမာ)

"ရဟန်းတို့...၊ ယခု ငါဘုရားဆိုမည့်စကားကို သင်တို့ အဘယ်သို့ မှတ်ထင်သနည်း? အားကောင်းသည့် ယောကျ်ားတစ်ယောက်သည် ဦးခေါင်းကိုနှိမ်၍ဖြစ်စေ, လည်ကုပ်ကိုကိုင်၍ဖြစ်စေ အလွန်ပူလောင်နေသည့် သံညောင်စောင်း,သံအင်းပျဉ်၌ ထိုင်ရန် သို့မဟုတ်၊ အိပ်ရန် စေခိုင်းခံနေရသော ဒုဿီလရဟန်းနှင့် မင်း,သူဌေး,ပုဏ္ဏား,သူကြွယ်စသည်တို့ သဒ္ဓါ၍လှူအပ်သော ညောင်စောင်း,အင်းပျဉ်ကို အလှူခံ၍ သုံးဆောင်သော ဒုဿီလရဟန်း- ဤရဟန်းနှစ်မျိုးတွင် အဘယ်ရဟန်းက ပို၍ကောင်းမြတ်ပါသနည်း?"

(စ) သံရည်ကြိုအိုးဥပမာ(အယောကုမ္ဘီ ဥပမာ)

"ရဟန်းတို့...၊ ယခု ငါဘုရားဆိုမည့်စကားကို သင်တို့ အဘယ်သို့ မှတ်ထင်သနည်း? အားကောင်းသည့် ယောကျ်ားတစ်ယောက်သည် ဇောက်ထိုးဆွဲကိုင်၍ အလွန်ဆူပွက်နေသည့် သံရည်ကြိုအိုးကြီးထဲသို့ ပစ်ချသဖြင့် ဘယ်ညာအထက်အောက် မြုပ်ခိုပေါ်ခိုဖြစ်နေသော ဒုဿီလရဟန်းနှင့် မင်း,သူဌေး,ပုဏ္ဏား,သူကြွယ်စသည်တို့ သဒ္ဓါ၍လှူအပ်သော ကျောင်း၌ နေထိုင်သော ဒုဿီလရဟန်း- ဤရဟန်းနှစ်မျိုးတွင် အဘယ်ရဟန်းက ပို၍ကောင်းမြတ်ပါသနည်း?"

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သားမြီးကြိုးဥပမာဖြင့် ရိုသေတုပ်ဝပ်ရိုနိုးပူဇော်ခြင်း၊ ထက်လွန်သော လှုံမဥပမာဖြင့် လက်အုပ်ချီခြင်းကို သာယာလက်ခံ

ခြင်း၊ သံပူပြားဥပမာဖြင့် သင်္ကန်းကိုဝတ်ရုံသုံးဆောင်ခြင်း၊ သံတွေခဲဥပမာဖြင့် ဆွမ်းကိုသုံးဆောင်ခြင်း၊ သံတွေညောင်စောင်း၊သံတွေအင်းပျဉ်ဥပမာဖြင့် ညောင်စောင်း၊အင်းပျဉ်တို့၌ နေထိုင်ခြင်း၊ သံရည်ကြိုအိုးဥပမာဖြင့် ကျောင်း၌နေထိုင်ခြင်း တို့နှင့်စပ်သော ဒုဿီလရဟန်း၏ သုံးဆောင်ခြင်းလျှင် အကြောင်းရင်းရှိသောဆင်းရဲ (ပရိဘောဂပစ္စယဒုက္ခ)ကို ထင်ရှားပြတော်မူလေ၏။

သီလပျက်စီးခြင်း၏ အပြစ်တို့ကို ဆင်ခြင်သင့်ပုံ

(က) မီးပုံကြီးကိုပွေ့ဖက်သဖြင့် ဖြစ်ပေါ်ရသည့်ဆင်းရဲထက် လွန်ကဲပြင်းထန်သော ဆင်းရဲဒုက္ခကိုဖြစ်စေတတ်သည့် မိန်းမနှင့်စပ်သော ကာမဂုဏ်ချမ်းသာကို မစွန့်လွှတ်သော ဒုဿီလရဟန်းအား အဘယ်အခါမျှ မချမ်းသာနိုင်ပေ။ အမြဲဆင်းရဲနေမည်သာ ဖြစ်၏။

(ခ) သားမြီးကြီးဖြင့် ပွတ်တိုက်ခံရခြင်းဆင်းရဲထက် လွန်ကဲပြင်းထန်သည့်ဆင်းရဲကိုခံရမည့် ဒုဿီလရဟန်းအား လူတို့၏ ရိုသေတုပ်ဝပ် ရှိခိုးပူဇော်ခြင်းကို သာယာလက်ခံခြင်းဖြင့် ချမ်းသာမည်သည် မရှိနိုင်ပေ။

(ဂ) ရင်ဝကို လှံမဖြင့် ထိုးဆွဲခံရခြင်းကြောင့်ဖြစ်သောဆင်းရဲထက် လွန်ကဲပြင်းထန်သည့်ဆင်းရဲကိုခံရမည့် ဒုဿီလရဟန်းအား လူတို့၏လက်အုပ်ချီခြင်းကို သာယာလက်ခံခြင်းဖြင့် ချမ်းသာမည်သည် မရှိနိုင်ပေ။

(ဃ) ကိုယ်,နှုတ်,နှလုံးကို မစောင့်စည်းသောရဟန်းသည် လူတို့လျှာအပ်သော သင်္ကန်းကို ဝတ်ရုံသုံးဆောင်ငြားအံ့၊ ငရဲ၌ အလျှံတပြောင်ပြောင် တောက်လောင်နေသည့် သံပူပြားဖြင့် ရစ်ပတ်ခြင်းအတွေ့ကို ကြာရှည်စွာ ခံစားရပေလိမ့်မည်။ ထိုဒုဿီလရဟန်းအား သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းဖြင့် အဘယ်မှာ ချမ်းသာသုခ ရှိပါတော့အံ့နည်း။

(င) သီလမရှိဘဲ လူတို့လျှာအပ်သည့်ဆွမ်းများကို စားသောက်ခြင်းကြောင့် ငရဲ၌ အလျှံတပြောင်ပြောင် တောက်လောင်နေသည့် သံတွေခဲများကို ကာလကြာရှည်စွာ မျိုချရပေလိမ့်မည်။ ထိုရဟန်းစားသောက်သော ဆွမ်းသည်လည်း မည်မျှပင်အရသာရှိပါစေ လတ်တလောသေစေနိုင်သည့် အဆိပ်နှင့်သာ တူနေတော့၏။

(စ) သီလမရှိဘဲ ညောင်စောင်း,အင်းပျဉ်တို့ကို သုံးဆောင်ခြင်းကြောင့် ငရဲခံ ရဲရဲတောက် လောင်ကျွမ်းနေသည့် သံတွေညောင်စောင်း,အင်းပျဉ်တို့သည် ထိုရဟန်းကို ကာလကြာရှည်စွာ နှိပ်စက်ကုန်လတ္တံ့။ သီလမရှိသော ထို ရဟန်း၏ ညောင်စောင်း,အင်းပျဉ်ကို သုံးဆောင်ရခြင်းသည် ချမ်းသာသည်-ဟုထင်နေသော်လည်း ဆင်းရဲဖို့အကြောင်းသာ ဖြစ်ချေ၏။

(ဆ) သီလမရှိဘဲ လူတို့လျှာအပ်သည့် ကျောင်း၌နေထိုင်ရခြင်းသည် အလျှံတပြောင်ပြောင် တောက်လောင်နေသည့် သံရည်ကြိုအိုးကြီးထဲ၌ နေထိုင်ရသည်နှင့်တူ၏။ ထိုသို့နေထိုင်ရခြင်းသည် အဘယ်အကျိုးရှိပါအံ့နည်း။

(ဇ) မြတ်စွာဘုရားရှင်သည် ဒုဿီလပုဂ္ဂိုလ်ကို-
- ရွံရှာစရာကောင်းသည့်အကျင့်ရှိသူ (သင်္ကသရသမာစာရပုဂ္ဂိုလ်)ဟူ၍လည်းကောင်း၊
- အမှိုက်သဖွယ်ဖြစ်သူ (ကသမ္ဗုဇောတပုဂ္ဂိုလ်)ဟူ၍လည်းကောင်း၊
- ကိလေသာမိုးရည်ဖြင့်စွတ်စိုသူ (အဝဿုတပုဂ္ဂိုလ်)ဟူ၍လည်းကောင်း၊
- ယုတ်မာသောသူ (ပါပပုဂ္ဂိုလ်)ဟူ၍လည်းကောင်း၊
- ကိုယ်တွင်း၌အပုပ်ရှိသူ (အန္တောပူတိပုဂ္ဂိုလ်)ဟူ၍လည်းကောင်း ကဲ့ရဲ့တော်မူလေ၏။

(ဈ) ကိုယ်,နှုတ်,နှလုံးကို စောင့်စည်းခြင်းမရှိသော, ရဟန်းစစ် ရဟန်းမှန် မဟုတ်ပါဘဲလျက် ရဟန်းယောင်ဆောင်သော, သီလကိုဖျက်ဆီးခြင်းဖြင့် မိမိကိုယ်ကိုတူးဖြိုပြီးသော, သတ်ပြီးသည့်ခန္ဓာအတ္တဘောကို ထမ်းရွက်နေရသော ဒုဿီလပုဂ္ဂိုလ်၏ အသက်ရှင်ခြင်းကား အလွန်စက်ဆုပ်ရွံရှာဖွယ်ရာသာ ဖြစ်ချေ၏။

(ည) ဤလူပြည်လောက လူဌာန၌ တန်ဆာဆင်လိုသော လူငယ်လူရွယ်တို့သည် မစင်ကို ရှောင်ကြဉ်သည့်ပမာ, အပုပ်ကောင်ကို ဖဲခွာသည့်ပမာ သီလမရှိသောပုဂ္ဂိုလ်ကို သူတော်ကောင်းတို့သည် ဝေးစွာ ရှောင်ကြဉ်ဖဲခွာကြကုန်၏။

(ဋ) ဒုဿီလပုဂ္ဂိုလ်သည် အတ္တာနုဝါဒဘေးစသော ဘေးအပေါင်းမှ မလွတ်မြောက်နိုင်ပေ။ ဈာန်ချမ်းသာ,မဂ်ချမ်းသာ,ဖိုလ်ချမ်းသာတို့မှလည်း လက်လွတ် ဆုံးရှုံးရ၏။ နတ်ရွာတံခါးပိတ်၍ အပါယ်လမ်းမသို့သာ သက်ဆင်းရရှာ၏။

(၄) ဒုဿီလပုဂ္ဂိုလ်ဆိုသည်ကား၊ ကရဏာတရား လွန်စွာပြည့်ဝသည့် ပုဂ္ဂိုလ်မြတ်တို့၏ ကရဏာသက်ရာ ဝတ္ထုအာရုံသာ ဖြစ်ချေ၏။ ဒုဿီလပုဂ္ဂိုလ်လောက် သနားစရာကောင်းသော သတ္တဝါမည်သည် မရှိတော့ချေ။

ဤသို့လျှင် ဒုဿီလပုဂ္ဂိုလ်၏ အပြစ်တို့ကား အလွန်များပြားလှပေ၏။ ဤသီလပျက်ကြောင်းအပြစ်တို့ကို ရှုမြင်ဆင်ခြင်ခြင်းဖြင့်လည်း သီလစင်ကြယ်နိုင်ပါသည်။

မှတ်ချက်။ ဖော်ပြပါ သီလပျက်ကြောင်းအပြစ်တို့ကို ပြောင်းပြန်မှတ်ပါက သီလပြည့်စုံခြင်းအကျိုးများ ဖြစ်၏။ သီလပြည့်စုံခြင်းအကျိုးတို့ကို ရှုမြင်ဆင်ခြင်ခြင်းဖြင့်လည်း သီလစင်ကြယ်နိုင်ပါသည်။ (စည်၁။ ၁၄၇-၁၅၅)

တစ်နည်း သီလပြည့်စုံခြင်း၏ အကျိုးတို့ကို ဆင်ခြင်သင့်ပုံ

(က) အညစ်အကြေးကင်း၍ ကောင်းစွာစင်ကြယ်သော သီလရှိသောရဟန်း၏ သပိတ်၊သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းသည် အလွန်ကြည်ညိုဖွယ်ကောင်းသဖြင့် ရဟန်းပြုရကျိုးနပ်ပါပေ၏။

(ခ) အိုက်အမှောင်သည် နေအလင်းရောင်ကို မထွင်းဖောက်နိုင်သကဲ့သို့ အတ္တာနုဝါဒဘေးစသော ဘေးအပေါင်းသည် သီလရှိသောရဟန်း၏ စိတ်နှလုံးကို မထွင်းဖောက်နိုင်ပေ။

(ဂ) အလင်းရောင်နှင့်ပြည့်စုံသည့် ဖိုးလမင်းသည် ကောင်းကင်၌ တင့်တယ်ဘိသကဲ့သို့ ထို့အတူ သီလနှင့်ပြည့်စုံသည့် ရဟန်းမြတ်သည်လည်း ခြိုးခြံစွာကျင့်ရာ မြတ်ဗုဒ္ဓသာသနာတော်အုပ်ဝယ် လွန်စွာမှ တင့်တယ်လှပေ၏။

(ဃ) သီလရှိသောရဟန်း၏ ကိုယ်သင်းနံ့ကိုသော်မှ နတ်အများတို့ နှစ်သက်မြတ်နိုးသောလျှင် သီလရနံ့ကိုမူကား အဘယ်မှာ မနှစ်သက်၊မမြတ်နိုးဘဲ ရှိပါအံ့နည်း။

(င) သီလရနံ့သည် အနံ့အားလုံးကို လွှမ်းမိုးနိုင်၏။ အဆီးအတား အဝိတ်အပင် မရှိ၊ အရပ်မျက်နှာအားလုံးသို့ ကြိုင်လှိုင်သင်းပျံ့၏။

(စ) သီလရှိသောပုဂ္ဂိုလ်တို့ ပြုလုပ်အပ်သည့် ကုသိုလ်ကောင်းမှုသည် နည်းပင်နည်းငြားသော်လည်း အကျိုးဖလကား ကြီးမားလှ၏။ ထို့ကြောင့် သီလရှိသူကား ရှိသေသမှု ပူဇော်ခြင်းပြုရာ၊ အလှူဒါနတို့၏တည်ရာ ဖြစ်ပေသည်။

(ဆ) သီလရှိသောပုဂ္ဂိုလ်ကို မျက်မှောက်ဖြစ်သော သတ်ဖြတ်နှောင့်ဖွဲ့ခြင်းစသော ဘေးရန်(ဒိဋ္ဌဓမ္မိက-အာသဝ)တို့သည် မနှိပ်စက်နိုင်ကုန်။ နောင်တမလွန်၌ ဖြစ်လတ္တံ့သောဆင်းရဲ(သမ္ပရာယိကဒုက္ခ)တို့၏ အကြောင်းရင်းမြစ်မူလတို့ကိုလည်း သီလရှိခြင်းဖြင့် တူးဖြိုပြီးဖြစ်၏။

(ဇ) လူစည်းစိမ်,နတ်စည်းစိမ် နှစ်မျိုးအနက် မည်သည့်စည်းစိမ်မျိုးကိုမဆို သီလရှိသူသည် အလွယ်တကူ ရရှိနိုင်၏။

(ဈ) သီလရှိသောပုဂ္ဂိုလ်၏ စိတ်အစဉ်ကား နိဗ္ဗာန်သို့သာ ညွှတ်ကိုင်းနေတတ်၏။

ဤသို့လျှင် သီလနှင့်ပြည့်စုံခြင်း၏ အကျိုးတို့ကား လွန်စွာများပြားလှပေ၏။ ဤသီလပြည့်စုံခြင်းအကျိုးတို့ကို ရှုမြင်ဆင်ခြင်ခြင်းဖြင့်လည်း သီလသည် ဖြူစင်နိုင်ပါသည်။ (စည်၁။ ၁၅၆-၁၅၇)

သီလ နိဒ္ဒေသ
ပြီး၏။

ဓုတင်္ဂနိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ပါလ"
တာသာရေးညီအာကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

ဒုတိယ နိဒ္ဒေသ

၁။ ဒုတင်မှတ်သားပုံယ်

ဓုတင်ဆောက်တည်သင့်ပုံ

အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတို့ကိုခေါင်းပါးစေခြင်း၊ ဆိတ်ငြိမ်ရာဌာနနေခြင်း၊ ကိလေသာတို့ကို ဖျက်ဆီးသောအကျင့်ကိုကျင့်ခြင်း၊ အားထုတ်အပ်သောဝိရိယရှိခြင်း၊ ဒါယကာတို့ပြုစုလုပ်ကျွေးလွယ်ခြင်း အစရှိသောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံစေခြင်းအကျိုးဟာ သိလရှိပြီးသောသူသည် ဓုတင်အကျင့်တို့ကို ဆက်လက်၍ ဆောက်တည်ကျင့်သုံးသင့်ပါသည်။

ဓုတင်ဆောက်တည်ရခြင်းအကျိုး

အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတို့ကိုခေါင်းပါးစေခြင်း၊ ဆိတ်ငြိမ်ရာဌာနနေခြင်း၊ ကိလေသာတို့ကို ဖျက်ဆီးသောအကျင့်ကိုကျင့်ခြင်း၊ အားထုတ်အပ်သောဝိရိယရှိခြင်း၊ ဒါယကာတို့ပြုစုလုပ်ကျွေးလွယ်ခြင်း၊ ပြင်ပကိစ္စနည်းခြင်း၊ ပေါ့ပါးသော အသက်မွေးမှုရှိခြင်း-အစရှိသော ဂုဏ်ကျေးဇူးတည်းဟူသော ရေစင်ဖြင့် ဆေးကြောအပ်ပြီးသည်၏အဖြစ်ကြောင့်-

(၁) ဓုတင်ဆောက်တည်ထားသောသူ၏ သီလသည် အလွန်စင်ကြယ်၏။

(၂) ဆောက်တည်ထားသော ဓုတင်အကျင့်တို့သည်လည်း ပြီးပြည့်စုံ၏။

(၃) သီလစင်ကြယ်၍ ဓုတင်အကျင့်ပြည့်စုံနေသဖြင့် ရှေးသူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော အရိယဝံသတရားသုံးပါးဌာနလည်း တည်၏။

(၄) နောက်ဆုံးတွင် ဘာဝနာဌာနမွေ့လျော်ခြင်း-ဟူသော စတုတ္ထအရိယဝံသတရားဌာနတည်ခြင်းငှာထိုက်တန်ခြင်း အကျိုးရှိပါသည်။

ခုတင်ဆောက်တည်သင့်သူ

မြတ်စွာဘုရားရှင်သည် -

(၁) လာဘ,သက္ကာရစသော လောကာမိသကိုပယ်စွန့်ထားသူ၊

(၂) ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းမရှိသူ၊

(၃) နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် ဝိပဿနာဘာဝနာကို ပြီးမြောက်ပြည့်စုံအောင် ကျင့်ကြံလိုသူတို့အား ခုတင်အကျင့်တို့ကို ဆောက်တည်ကျင့်သုံးနိုင်ပေ၏-ဟုခွင့်ပြုတော်မူခဲ့ပေသည်။

ခုတင်၁၃-ပါး အဓိပ္ပာယ်
သဒ္ဒါရှင်းလင်းချက်

၁။ <u>ပံသုကူလိကင်္ဂ (ပုံသကုခုတင်)</u>

ပံသုကူလ = (က) ပံသု + ကူလ

ပံသု = မြေမှုန့် + ကူလ= မြင့်တက်သည်၊ လမ်းခရီး,သုသာန်,အမှိုက်ပုံအစရှိသော တစ်နေရာရာရှိ မြေမှုန့်,ဖုံမှုန့်တို့၏အပေါ်တွင် လွှမ်းမိုးမြင့်တက်၍ ကျရောက်နေသောကြောင့် ပံသုကူလ(ပုံသကူ) မည်၏။

(ခ) ပံသု + ကူလ

ပံသု=မြေမှုန့်ကဲ့သို့ + ကူလ=စက်ဆုပ်ဖွယ်သို့ရောက်ခြင်း သုသာန်မြေမှုန့်စသည်တို့ကဲ့သို့ စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်သောကြောင့် ပံသုကူလ(ပုံသကူ) မည်၏။

ပံသုကူလိက = ထို ပံသုကူလ-အမည်ရှိသောသင်္ကန်း(ပုံသကူသင်္ကန်း)ကို ဝတ်ရုံသုံးဆောင်လေ့ရှိသော ရဟန်းကို 'ပံသုကူလိက'ဟု ခေါ်သည်။

ပံသုကူလိကင်္ဂ = ပံသုကူလိက + အင်္ဂ

အင်္ဂ = အကြောင်းအင်္ဂါ၊

= ဆောက်တည်ကြောင်းစေတနာ၊

ပုံသကူသင်္ကန်းကို ဝတ်ရုံသုံးဆောင်လေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါသည်(၀၁) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ပံသုကူလိကင်္ဂ(ပုံသကူ-ခုတင်) မည်ပါသည်။

၂။ တေစီဝရိကင် (တိစီဝရိတ်ဓုတင်)

တေစီဝရ = တေ + စီဝရ (တေ=သုံး + စီဝရ=သင်္ကန်း)
သင်္ကန်းသုံးထည်(နှစ်ထပ်သင်္ကန်းကြီး၊ ကိုယ်ရုံကေသီ၊ ခါးဝတ်သင်းပိုင်)

တေစီဝရိက = သုံးထည်သောသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်လေ့ရှိသော ရဟန်းကို 'တေစီဝရိက' ဟုခေါ်သည်။

တေစီဝရိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် တေစီဝရိကင်(တိစီဝရိတ်-ဓုတင်) မည်ပါသည်။

၃။ ပိဏ္ဍပါတိကင် (ပိဏ္ဍပါတ်ဓုတင်)

ပိဏ္ဍပါတ = ပိဏ္ဍ + ပါတ
ပိဏ္ဍ = ဆွမ်း + ပါတ = ကျခြင်း (ဆွမ်းခံခြင်း)
အခြားသူတို့လောင်းလှူအပ်ကုန်သော တစ်ဆုပ်တစ်ခဲသော ဆွမ်းစသောအာမိသတို့၏ သပိတ်၌ကျခြင်း(သပိတ်ထဲရောက်သွားခြင်း)သည် ပိဏ္ဍပါတ မည်၏။

ပိဏ္ဍပါတိက (ပိဏ္ဍပါတီ) = တစ်ဆုပ်တစ်ခဲသော ဆွမ်းစသောအာမိသတို့၏ ကျခြင်းကို ထိုထိုအိမ်သို့ကပ်လျက် ရှာမှီးတတ်သော (ဝါ) ဆွမ်းအလို့ငှာ လှည့်လည်ရန်ကျင့်ဝတ်ရှိသော ရဟန်းကို 'ပိဏ္ဍပါတိက' ဟုခေါ်သည်။ 'ပိဏ္ဍပါတီ' ပုဂ္ဂိုလ်ဟုလည်း ခေါ်သည်။

ပိဏ္ဍပါတိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ပိဏ္ဍပါတိကင်(ပိဏ္ဍပါတ်-ဓုတင်) မည်ပါသည်။

၄။ သပဒါနစာရိကင် (သပဒါနစာရိကဓုတင်)

သပဒါန = သ + အပ + ဒါန
အပ=ကင်းခြင်း + ဒါန= အစဉ်ကိုဖြတ်ခြင်း၊
အပဒါန=အစဉ်ကိုဖြတ်ခြင်းမှကင်းခြင်း (အပြတ်အခြားမရှိခြင်း)
သ= တကွ + အပဒါန = အစဉ်ကိုဖြတ်ခြင်းမှကင်းခြင်း၊
= အပြတ်အခြားမရှိသည်နှင့် တကွဖြစ်သောကြောင့် သပဒါနမည်၏(အပြတ်အခြားကင်းလျက် အိမ်စဉ်အတိုင်း-ဟုဆိုလို၏။)

သပဒါနစာရ = အပြတ်အခြားကင်းလျက် အိမ်စဉ်အတိုင်း လှည့်လည်သော အကျင့်၊

သပဒါနစာရိက= အပြတ်အခြားကင်းလျက် အိမ်စဉ်အတိုင်း လှည့်လည်လေ့ရှိသော ရဟန်းကို 'သပဒါနစာရိက' ဟုခေါ်သည်။ 'သပဒါနစာရီ' ပုဂ္ဂိုလ်ဟုလည်း ခေါ်သည်။

သပဒါနစာရိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် သပဒါနစာရိကင်(သပဒါနစာရိကင်္ဂတင်) မည်ပါသည်။

၅။ ကောသနိကင် (ကောသနိက်ဂုတင်)

ကောသန = က + အာသန (က= တစ် + အာသန= နေရာ) တစ်နေရာ, တစ်ထိုင်

ကောသနိက = တစ်နေရာတည်း(ဝါ) တစ်ထိုင်တည်း စားလေ့ရှိသောရဟန်းကို 'ကောသနိက' ဟုခေါ်သည်။

ကောသနိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ)ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ကောသနိကင် (ကောသနိက်ဂုတင်) မည်ပါသည်။

၆။ ပတ္တပိဏ္ဍိကင် (ပတ္တပိဏ်ဍုတင်)

ပတ္တပိဏ္ဍ = ပတ္တ + ပိဏ္ဍ (ပတ္တ= သပိတ်, ခွက် + ပိဏ္ဍ= ဆွမ်းဘောဇဉ်) နှစ်ခုမြောက်သောခွက်ကို ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့် ခွက်တစ်ခုတည်း၌သာ တည်ရှိနေသော ဆွမ်းဘောဇဉ်သည် ပတ္တပိဏ္ဍ မည်၏။

ပတ္တပိဏ္ဍိက = နှစ်ခုမြောက်သောခွက်ကို ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့် ခွက်တစ်ခုတည်း၌သာ တည်ရှိနေသော ဆွမ်းဘောဇဉ်ကိုစားလေ့ရှိသောရဟန်းကို 'ပတ္တပိဏ္ဍိက' ဟုခေါ်သည်။

ပတ္တပိဏ္ဍိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ပတ္တပိဏ္ဍိကင်(ပတ္တပိဏ်ဍုတင်) မည်ပါသည်။

၇။ ခလုပစ္ဆာဘတ္တိကင် (ခလုပစ္ဆာဘတ်ခုတင်)

ခလုပစ္ဆာဘတ္တ= ခလု + ပစ္ဆာ + ဘတ္တ
ခလု = တားမြစ်ခြင်း (မဟုတ်, မဖြစ်)
ပစ္ဆာ = နောက်၌ (ပဝါရိတ်သင့်ပြီးသည်မှနောက်၌)
ဘတ္တ = ရသောဆွမ်း၊
ပစ္ဆာဘတ္တ= ဆွမ်းစားနေစဉ် တော်ပြီ-ဟု တားမြစ်မိသဖြင့် ပဝါရိတ်သင့်သောရဟန်း၏ ပဝါရိတ်သင့်ပြီး သည်မှနောက်၌ ရသောဆွမ်း၊

ခလုပစ္ဆာ-ဘတ္တိက = (က) ပဝါရိတ်သင့်ပြီးသည်မှနောက်၌ ရသောဆွမ်းကိုစားလေ့ရှိသူ မဟုတ်သောရဟန်းကို 'ခလုပစ္ဆာဘတ္တိက' ဟုခေါ်သည်။
(ခ) မဟာအဋ္ဌကထာ၌- 'ခလု'အမည်ရှိသောငှက်သည် နူတ်သီးဖြင့် သစ်သီးကို ထိုးဆွယူငင်စဉ် သစ်သီးပြုတ်ကျသွားပါက တစ်ဖန် အခြားသစ်သီးကိုလည်း မစားတော့ချေ။ ထို့အတူ ဤမုတင်ဆောင်ရဟန်းသည်လည်း ပဝါရိတ်သင့်ပြီးသည်မှ နောက်၌ရသောဆွမ်းကို မစားသောအားဖြင့် ထိုခလုငှက်နှင့် တူသောကြောင့် 'ခလုပစ္ဆာဘတ္တိက' မည်၏-ဟုဖွင့်ပြထားသည်။

ခလုပစ္ဆာ-ဘတ္တိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ခလုပစ္ဆာဘတ္တိကင်(ခလုပစ္ဆာ-ဘတ်ခုတင်) မည်ပါသည်။

၈။ အာရညိကင် (အာရညကင်ခုတင်)

အာရည = တော
အာရညိက = တော၌နေလေ့ရှိသော ရဟန်းကို 'အာရညိက' ဟုခေါ်သည်။
အာရညိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ(ဝါ) ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် အာရညိကင်(အာရညကင်-ခုတင်) မည်ပါသည်။

၉။ ရုက္ခမူလိကင် (ရုက္ခမူခုတင်)

ရုက္ခမူလ = ရုက္ခ + မူလ (ရုက္ခ=သစ်ပင် + မူလ=အရင်း,အောက်) သစ်ပင်ရင်း,သစ်ပင်အောက်၊

ရက္ခမူလိက = သစ်ပင်ရင်း, သစ်ပင်အောက်၌နေလေ့ရှိသော ရဟန်းကို 'ရက္ခမူလိက' ဟုခေါ်သည်။

ရက္ခမူလိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ (ဝါ)ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ရက္ခမူလိကင်(ရက္ခမူခုတင်) မည်ပါသည်။

၁၀။ အဇ္ဈောကာသိကင် (အဇ္ဈောကာသိခုတင်)

အဇ္ဈောကာသ = အမိုးမရှိသောဟင်းလင်းပြင်

အဇ္ဈောကာသိက = အမိုးမရှိသောဟင်းလင်းပြင်၌ နေလေ့ရှိသောရဟန်းကို 'အဇ္ဈောကာသိက' ဟုခေါ်သည်။

အဇ္ဈောကာသိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ (ဝါ)ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် အဇ္ဈောကာသိကင် (အဇ္ဈောကာသိခုတင်) မည်ပါသည်။

၁၁။ သောသာနိကင် (သုသာန်ခုတင်)

သောသာန = သုသာန်အရပ်

သောသာနိက = သုသာန်အရပ်၌ နေလေ့ရှိသောရဟန်းကို 'သောသာနိက' ဟုခေါ်သည်။

သောသာနိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ (ဝါ)ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် သောသာနိကင်(သုသာန်ခုတင်) မည်ပါသည်။

၁၂။ ယထာသန္ထတိကင် (ယထာသန္ထတိခုတင်)

ယထာသန္ထတ = သတ်မှတ်ထားသော အိပ်ရာ,နေရာ,ကျောင်း၊

ယထာသန္ထတိက = သတ်မှတ်ထားသော အိပ်ရာ,နေရာ,ကျောင်း၌သာ နေလေ့ရှိသောရဟန်းကို 'ယထာသန္ထတိက' ဟုခေါ်သည်။

ယထာသန္ထတိကင် = ထိုရဟန်း၏ အကြောင်းအင်္ဂါ (ဝါ)ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ယထာသန္ထတိကင်(ယထာသန္ထတိခုတင်) မည်ပါသည်။

၁၃။ နေသန္ဓိကဂံ (နိသန္ဓိဓုတင်)

နေသန္ဓိ > နိသန္ဓိ = ထိုင်ခြင်း

နေသန္ဓိက = အိပ်ခြင်းကိုပယ်၍ ထိုင်ခြင်းဖြင့် နေလေ့ရှိသောရဟန်းကို 'နေသန္ဓိက' ဟုခေါ်သည်။

နေသန္ဓိကင် = ထိုရဟန်း၏အကြောင်းအင်္ဂါ (၀၊)ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် နေသန္ဓိကင်(နိသန္ဓိဓုတင်) မည်ပါသည်။ (စည်၁။ ၁၆၁-၁၆၆)

ဓုတင်မည်ပုံ ၃-နည်း

(၁) ဓုတင် = ဓုတ + အင်္ဂ

ဓုတ = ခါထုတ်ဖျက်ဆီးသူ

တဒင်္ဂပဟာန်အားဖြင့် ခါထုတ်ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိသည်၏အဖြစ်ကြောင့် တဏှာစသောကိလေသာတို့ကို ခါထုတ်ဖျက်ဆီးပြီးသူကို 'ဓုတ' ဟုခေါ်၏။

အင်္ဂ = အကြောင်းအင်္ဂါ

ထိုဓုတပုဂ္ဂိုလ်၏ ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာ-ဟူသောအကြောင်းအင်္ဂါသည် 'အင်္ဂ' မည်၏။

ထို့ကြောင့် တဒင်္ဂပဟာန်အားဖြင့် ခါထုတ်ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိသည်၏အဖြစ်ကြောင့် တဏှာစသောကိလေသာတို့ကို ခါထုတ်ဖျက်ဆီးပြီးသော ဓုတ-အမည်ရသောပုဂ္ဂိုလ်၏ ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာသည် ဓုတင်(ဓုတင်) မည်ပါသည်။

(၂) ဓုတင် = ဓုတ + အင်္ဂ

ဓုတ = ဉာဏ်

အင်္ဂ = ဉာဏ်

ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သော ဉာဏ်သည် 'ဓုတ' လည်း မည်၏။ 'အင်္ဂ' လည်း မည်၏။

ထို့ကြောင့် ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သော ဉာဏ်ရှေ့သွားရှိသော သမာဒါနစေတနာသည် ဓုတင်(ဓုတင်) မည်ပါသည်။

(၃) ခုတင် = ခုတ + အင်

ခုတ = သမာဒါနစေတနာ

ပုံသကူခုတင်ဆောင်ခြင်းစသော သမာဒါနစေတနာသည် ဆန့်ကျင်ဘက်ကိလေသာတို့ကို ဖျက်ဆီးတတ်သောကြောင့် 'ခုတ' မည်၏။

အင် = သီလစသောအကျင့်

သီလစသောကောင်းသောအကျင့်၏ အကြောင်းဖြစ်သောကြောင့် 'အင်' မည်၏။

ထို့ကြောင့် ပုံသကူခုတင်ဆောက်တည်ခြင်းစသော သမာဒါနစေတနာသည် ဆန့်ကျင်ဘက်ကိလေသာတို့ကို ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း၊ သီလစသောကောင်းသောအကျင့်၏ အကြောင်းဖြစ်သောကြောင့်လည်းကောင်း ခုတင် (ခုတင်) မည်ပါသည်။ (စည်၁။ ၁၆၇)

ခုတင်၏လက္ခဏာစသည်

ခုတင်ဆောက်တည်သူ(ပုဂ္ဂလ)၊ ဆောက်တည်ကြောင်းဖြစ်သော သမ္မယုတ်တရား(ခမ္မ)၊ ခုတင်(ခုတင်)၊ ပယ်အပ်သောကံအနက်(ဝတ္ထု)တို့၏အစွမ်းဖြင့် ဟောတော်မူသောကြောင့် -

(က) အလုံးစုံသောခုတင်တို့သည် ဆောက်တည်ကြောင်းဖြစ်သော သမာဒါနစေတနာလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။

(ခ) ကုသိုလ်ဘဏ္ဍာကို လွန်စွာလုယက်တတ်သော လောလုပ္ပတဏှာကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။

(ဂ) လောလုပ္ပတဏှာကင်းသည်၏-အဖြစ်ဟူသော ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(ဃ) အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ စင်ကြယ်ခြင်းစသော သူတော်ကောင်းတရားလျှင် နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။ (စည်၁။ ၁၆၈-၁၆၉)

ခုတင်ဆောက်တည်ရာဌာနများ

မည်သည့်ခုတင်ကိုမဆို ဆောက်တည်ကျင့်သုံးလိုပါက မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိလျှင် မြတ်စွာဘုရားအထံတော်၌သာ ဆောက်တည်ရမည်။

(၁) မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူလျှင် မဟာသာဝကထံ၌ ဆောက်တည်ရမည်။

(၂) မဟာသာဝကမရှိလျှင် ရဟန္တာပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၃) ရဟန္တာမရှိလျှင် အနာဂါမ်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၄) အနာဂါမ်မရှိလျှင် သကဒါဂါမ်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၅) သကဒါဂါမ်မရှိလျှင် သောတာပန်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၆) သောတာပန်မရှိလျှင် ပိဋကသုံးပုံဆောင်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၇) ပိဋကသုံးပုံဆောင်မရှိလျှင် ပိဋကနှစ်ပုံဆောင်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၈) ပိဋကနှစ်ပုံဆောင်မရှိလျှင် ပိဋကတစ်ပုံဆောင်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၉) ပိဋကတစ်ပုံဆောင်မရှိလျှင် နိကာယ်ငါးရပ်တွင် တစ်ပါးပါးသောနိကာယ်ဆောင်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၁၀) နိကာယ်ဆောင်မရှိလျှင် အဋ္ဌကထာလေ့လာကြည့်ရှုရာ၌ တတ်ကျွမ်းသောပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၁၁) အဋ္ဌကထာလေ့လာတတ်ကျွမ်းသူမရှိလျှင် ခုတင်ဆောင်ပုဂ္ဂိုလ်ထံ၌ ဆောက်တည်ရမည်။
(၁၂) ခုတင်ဆောင်မရှိလျှင် စေတီရင်ပြင်၌ဖြစ်စေ, ရုပ်ပွားတော်ရှေ့၌ဖြစ်စေ ဝတ်ဖြည့်ပြီးလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို လျှောက်ထားသကဲ့သို့လျှောက်ထားပြီး ဆောက်တည်ကျင့်သုံးနိုင်ပါသည်။

မှတ်ချက်။ - မည်သည့်ပုဂ္ဂိုလ်, မည်သည့်နေရာကိုမျှမသွားဘဲ မိမိကိုယ်တိုင်လည်း ဆောက်တည်ကောင်းပါသည်။ သို့သော် သူတစ်ပါးမသိအောင် လျှို့ဝှက်သိပ်သည်းစွာ ဆောက်တည်ရမည်။
- မထေရ်ညီနောင်နှစ်ပါးရှိရာ နောင်တော်မထေရ်သည် နိသဇ္ဇိခုတင်ဆောက်တည်နေ၏။ ထိုအကြောင်းကို ညီတော်မထေရ် မသိပေ။ တစ်ညတွင် လျှပ်စစ်ရောင်ဖြင့် နောင်တော်မထေရ်ထိုင်နေသည်ကို တွေ့၍ နိသဇ္ဇိခုတင်ဆောက်တည်သလား-ဟုမေးမြန်းရာ နောင်တော်မထေရ်သည် ခုတင်ဆောင်ခြင်းနှင့်ပတ်သက်၍ သူတစ်ပါးမသိစေလိုသဖြင့် ချက်ချင်းပင် လဲလျောင်းလိုက်၏။ နောင်အခါ ကျမ္မသာ ထိုခုတင်ကို ပြန်၍ဆောက်တည်လေ၏။
- (ဤဝတ္ထုကား ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဖော်ပြထားသောဝတ္ထု ဖြစ်သည်။ ခုတင်ဆောင်ပုဂ္ဂိုလ်တို့သည် မိမိဆောက် တည်ထားသည့်ခုတင်ကို သူတစ်ပါးမသိအောင် လျှို့ဝှက်သိပ်သည်းစွာ ဆောက်တည်လေ့ရှိကြောင်း သာဓကပြဝတ္ထု ဖြစ်၏။)

၂။ ဓုတင် ၁၃-ပါး အကျယ်

(၁) ပုံသကူဓုတင်အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ= အိမ်ရှင်ဒကာလှူသောသင်္ကန်းကို ပယ်ပါ၏။
- ပံသုကူလိကင် သမာဒိယာမိ = ပုံသကူသင်္ကန်းကို ဝတ်ရုံလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

ဤစကားနှစ်မျိုးတွင် နှစ်သက်ရာစကားတစ်မျိုးမျိုးဖြင့်ဖြစ်စေ, နှစ်မျိုးလုံးဖြင့်ဖြစ်စေ, ပါဠိသက်သက်ဖြင့်ဖြစ်စေ, မြန်မာသက်သက်ဖြင့်ဖြစ်စေ, ပါဠိ-မြန်မာနှစ်ဘာသာဖြင့်ဖြစ်စေ ရွတ်ဆို၍ ဆောက်တည်နိုင်ပါသည်။

(ခ) ဓုတင်ကျင့်ပုံ

၁။ သောသာနိက = သုသာန်၌ စွန့်ပစ်ထားသောအဝတ်
၂။ ပါပဏိက = ဈေးတံခါး၌ စွန့်ပစ်ထားသောအဝတ်
၃။ ရထိယစောဠ = ရထားလမ်းမ၌ စွန့်ပစ်ထားသောအဝတ်
၄။ သင်္ကာရစောဠ = အမှိုက်ပုံ၌ စွန့်ပစ်ထားသောအဝတ်
၅။ သောတ္ထိယ = ကိုယ်ဝန်အညစ်အကြေးသုတ်၍ စွန့်ပစ်ထားသောအဝတ်
၆။ နှာနစောဠ = မှော်ဆရာတို့က ရေချိုးစေပြီးလျှင် စွန့်ပစ်ထားသောအဝတ်
၇။ တိတ္ထစောဠ = ရေချိုးဆိပ်၌ စွန့်ပစ်ထားသောအဝတ်
၈။ ဂတပစ္စာဂတ = သုသာန်သို့ အသွားအပြန်ဝတ်ပြီးလျှင် စွန့်ပစ်ထားသောအဝတ်
၉။ အဂ္ဃဋ္ဌ = မီးလောင်၍ စွန့်ပစ်ထားသောအဝတ်

၁၀။ ဂေါခါယိတ = နွားစား၍ စွန့်ပစ်ထားသောအဝတ်
၁၁။ ဥပစိကာခါယိတ = ခြစား၍ စွန့်ပစ်ထားသောအဝတ်
၁၂။ ဥန္ဒုရခါယိတ = ကြွက်ကိုက်၍ စွန့်ပစ်ထားသောအဝတ်
၁၃။ အန္တစ္ဆိန္န = အနားပြတ်၍ စွန့်ပစ်ထားသောအဝတ်
၁၄။ ဒသာစ္ဆိန္န = အမြိတ်အဆာပြတ်၍ စွန့်ပစ်ထားသောအဝတ်
၁၅။ ဓောဟဋ = တံခွန်အလံထူသောအဝတ်
၁၆။ ထူပစီဝရ = တောင်ပို့ကိုရစ်ပတ်၍ နတ်ပူဇော်ထားသောသင်္ကန်း
၁၇။ သမဏစီဝရ = ရဟန်းကလျှူသောသင်္ကန်း
၁၈။ အာဘိသေကိက = မင်း၏အဘိသိက်ခံရာအရပ်၌ စွန့်ပစ်ထားသောအဝတ်
၁၉။ ဏ္ဍဒ္ဓိမယ = ဖေါ်ဘိကို့ခေါ် ခြင်းဖြင့် ဖြစ်ပေါ်လာသောသင်္ကန်း
၂၀။ ပန္ထိက = လမ်းခရီး၌ ကျနေသောအဝတ်
၂၁။ ဝါတာဟဋ = လေတိုက်ခိုက်ဆောင်ယူလာသောအဝတ်
၂၂။ ဒေဝဒတ္တိယ = နတ်တို့ကလျှူသောအဝတ်
၂၃။ သာမုဒ္ဒိယ = သမုဒ္ဒရာလှိုင်းပုတ်တင်သောအဝတ်

ဤ ၂၃-မျိုးသောအဝတ်တို့တွင် တစ်မျိုးမျိုးသောအဝတ်ကို ပုံသကူသင်္ကန်းလျာ အဖြစ်ကောက်ယူပြီး မကောင်းသောအပိုင်းကိုပယ်၍ ကောင်းသောအပိုင်းကိုယူပြီး၊ ဖွပ်လျှော်ချုပ်ဆိုး၍ သင်္ကန်းဟောင်းဖြစ်သည့် ဂဟပတိစီဝရကို ပယ်စွန့်ကာ ပုံသကူ သင်္ကန်းအဖြစ် ဝတ်ရုံသုံးဆောင်နိုင်၏။

ပုံသကူသင်္ကန်းမဖြစ်ထိုက်သော သင်္ကန်းများ

(က) သံဃာအားရည်စူး၍ လှူဒါန်းသည့် သံဃိကသင်္ကန်းနှင့် အလှူခံ၍ရလာသော အများဆိုင်သင်္ကန်းမှ ခွဲဝေရရှိသောသင်္ကန်း- ဤသင်္ကန်းနှစ်မျိုးသည် ပုံသကူ ဆောင်ရဟန်းအတွက် ၁၇-ခုမြောက် သမဏစီဝရလည်း မဟုတ်သော ကြောင့်လည်းကောင်း၊ အခြား ၂၃-မျိုးသော ပုံသကူသင်္ကန်းလျာခဲ့လည်း အကျူးမဝင်သောကြောင့်လည်းကောင်း ပုံသကူသင်္ကန်း မဖြစ်ထိုက်ပါ။

(ခ) သမဏစီဝရခေါ် ရဟန်းလှူသောသင်္ကန်းခဲ့လည်း ထေရ်စဉ်ဝါစဉ်အတိုင်း ခံယူရရှိသောသင်္ကန်းနှင့် ကျောင်းနေရဟန်းတို့ဝတ်ရုံသုံးဆောင်ရန် ရည်စူး၍ လှူထားသောသင်္ကန်းမှ ခွဲဝေရရှိသောသင်္ကန်း- ဤသင်္ကန်းနှစ်မျိုးသည်လည်း ပုံသကူသင်္ကန်း မဖြစ်ထိုက်ပါ။

ပုံသက္ကသင်္ကန်းဖြစ်ပုံ

ပုံသက္ကဆောင်ရဟန်းကို အဆိုပါသင်္ကန်းများကို မယူစေဘဲ အခြားရဟန်းတစ်ပါးပါးက မိမိဝါစဉ်အတိုင်းယူ၍ ပုံသက္ကဆောင်ရဟန်းကို ပေးလှူမှသာလျှင် ထိုသင်္ကန်းသည် 'သမဏစီဝရ' ဖြစ်၍ ပုံသက္ကသင်္ကန်း ဖြစ်ထိုက်၏။

ရဟန်းပေးသောသင်္ကန်း၏ စင်ကြယ်မှု ၃-မျိုး

သာမန်ရဟန်းတစ်ပါးသည် မိမိဝါစဉ်အတိုင်း သံဃိကသင်္ကန်းမှ ခွဲဝေရရှိသော သင်္ကန်းကိုဖြစ်စေ, ဂဏိကသင်္ကန်းမှ ခွဲဝေရရှိသောသင်္ကန်းကိုဖြစ်စေ, မိမိအတွက် သီးသန့်ရရှိသော ပုဂ္ဂလိကသင်္ကန်းကိုဖြစ်စေ ပုံသက္ကဆောင်ရဟန်း၏ ခြေရင်း၌ထား၍ (သို့မဟုတ်)၊ လက်၌ထည့်၍ ပေးလှူလျှင် ထိုသင်္ကန်းသည် 'သမဏစီဝရ' ခေါ် ရဟန်းပေးသောသင်္ကန်း ဖြစ်၏။

ထိုသမဏစီဝရခေါ် ရဟန်းပေးသော ပုံသက္ကသင်္ကန်းသည်လည်း စင်ကြယ်မှု ၃-မျိုး ဖြစ်နိုင်၏။ ယင်းတို့မှာ-

(၁) ဒါယကာက သင်္ကန်းကို ရဟန်းတစ်ပါး၏ ခြေရင်း၌ချထား၍ လှူ၏။ ထိုသင်္ကန်းကိုရသောရဟန်းက ပုံသက္ကဓုတင်ဆောင်ရဟန်း၏ လက်၌ထည့်၍ လှူလျှင် ထိုသင်္ကန်းသည် တစ်ဖက်စင်ကြယ်သောသင်္ကန်း(ဧကတောသုဒ္ဓိက) ဖြစ်၏။

(၂) ဒါယကာက သင်္ကန်းကို ရဟန်းတစ်ပါး၏ လက်၌ထည့်၍ လှူ၏။ ထိုသင်္ကန်းကိုရသောရဟန်းက ပုံသက္ကဓုတင်ဆောင်ရဟန်း၏ ခြေရင်း၌ချထား၍ လှူလျှင် ထိုသင်္ကန်းသည်လည်း တစ်ဖက်စင်ကြယ်သောသင်္ကန်း (ဧကတော-သုဒ္ဓိက) ဖြစ်၏။

(၃) ဒါယကာက သင်္ကန်းကို ရဟန်းတစ်ပါး၏ ခြေရင်း၌ချထား၍ လှူ၏။ ထိုသင်္ကန်းကိုရသောရဟန်းက ပုံသက္ကဓုတင်ဆောင်ရဟန်း၏ ခြေရင်း၌ချထား၍ လှူလျှင် ထိုသင်္ကန်းသည် နှစ်ဖက်စင်ကြယ်သောသင်္ကန်း(ဥဘတောသုဒ္ဓိက) ဖြစ်၏။ (စည်၊၁။ ၁၇၆)

မှတ်ချက်။ ဒါယကာက သင်္ကန်းကို ရဟန်းတစ်ပါး၏ လက်၌ထည့်၍ လှူ၏။ ထိုသင်္ကန်းကိုရသော ရဟန်းကလည်း ပုံသက္ကဓုတင်ဆောင်ရဟန်း၏ လက်၌ပင်ထည့်၍လှူလျှင် ထိုသင်္ကန်းသည် ဥက္ကဋ္ဌပုံသက္ကသင်္ကန်း မဟုတ်ပေ။ [ယံ ဟတ္ထေ ဌပေတွာ လဒ္ဓံ၊ ဟတ္ထေယေဝ ဌပိတံ၊ တံ အနုက္ကဋ္ဌစီဝရံ နာမ။ (ဝိသုဒ္ဓိ၊၁။ ၆၁)]

(ဂ) **ဓမ္မတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး**

ဥက္ကဋ္ဌပုဂ္ဂိုလ် - သုသာန်၌စွန့်ပစ်ထားသော သင်္ကန်းလျာအဝတ်ကိုလည်းကောင်း၊ အိမ်၊ ဈေး၊ တံခါးစသည်တို့၌ စွန့်ပစ်ထားသော သင်္ကန်းလျာအဝတ်ကိုလည်းကောင်း ကောက်ယူ၍ ပံ့သကူဓမ္မတင်ဆောင်လျှင် ဥက္ကဋ္ဌ(အမြတ်ဆုံး)ပုဂ္ဂိုလ် ဖြစ်၏။

မဇ္ဈိမပုဂ္ဂိုလ် - "ရဟန်းတို့ ကောက်ယူလတ္တံ့" ဟုရည်ရွယ်၍ ပစ်ချထားသော သင်္ကန်းလျာအဝတ်ကို ကောက်ယူ၍ ပံ့သကူဓမ္မတင်ဆောင်လျှင် မဇ္ဈိမ(အလတ်စား)ပုဂ္ဂိုလ် ဖြစ်၏။

မုဒုပုဂ္ဂိုလ် - ခြေရင်း၌ထား၍လှူအပ်သော ရဟန်းပေးသည့် သင်္ကန်းသမဏစီဝရကို ယူ၍ ပံ့သကူဓမ္မတင်ဆောင်လျှင် မုဒု(အညံ့စား) ပုဂ္ဂိုလ် ဖြစ်၏။

(ဃ) **ဓမ္မတင်ပျက်စီးပုံ**

ဓမ္မတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် မိမိတို့၏ အလိုဆန္ဒအတိုင်း သုံးဆောင်လိုသောကြောင့်ဖြစ်စေ, ဒါယကာတို့ကတောင်းပန်၍ လှူဒါန်းသည်ကို သည်းခံ၍ အလှူခံသောကြောင့်ဖြစ်စေ လူဒါယကာတို့ပေးလှူသောသင်္ကန်းကို သာယာလက်ခံရာဇာဌ်၌ ဤဓမ္မတင်ပျက်စီးပါသည်။

(င) **ဓမ္မတင်အကျိုး ၁၂-မျိုး**

၁။ ရဟန်းဖြစ်စက ဝန်ခံခဲ့သော မှီရာအကျင့်ပဋိပတ်နှင့် ပြည့်စုံခြင်း၊
၂။ အရိယဝံသတရားလေးမျိုးတို့တွင် ပဌမအရိယဝံသတရား၌ တည်ခြင်း၊
၃။ သင်္ကန်းကို စောင့်ရှောက်ရသော ဆင်းရဲဒုက္ခမရှိခြင်း၊
၄။ သူတစ်ပါးနှင့်မစပ်သော အသက်မွေးမှုရှိခြင်း၊
၅။ ခိုးသူဘေးရန် ကင်းဝေးခြင်း၊
၆။ ဝတ်ရုံသုံးဆောင်ရာ၌ တပ်မက်မောသောတဏှာ မဖြစ်ခြင်း၊
၇။ ရဟန်းတို့အား လျောက်ပတ်သော ပရိက္ခာရာရှိခြင်း၊
၈။ အဖိုးနည်း, ရလွယ်သောပစ္စည်းဖြစ်၍ အပြစ်မရှိ-ဟု မြတ်စွာဘုရားချီးမွမ်းတော်မူအပ်သောပစ္စည်းကို သုံးဆောင်ရခြင်း၊
၉။ ကြည်ညိုဖွယ်ကောင်းခြင်း၊
၁၀။ အလိုနည်းခြင်း(အပို့စ္ဆတာ)စသောဂုဏ်တို့နှင့်ပြည့်စုံခြင်း၊
၁၁။ ကောင်းမြတ်သောအကျင့်ကို ပွားစေခြင်း၊
၁၂။ နောင်လာနောက်သား တပည့်သားတို့ အတုလိုက်၍ကျင့်နိုင်ခြင်း အကျိုးရှိ၏။

(၂) တိစီဝရိတ်ခုတင်အကြောင်း

(က) ခုတင်ဆောက်တည်ပုံ

- စတုတ္ထကစီဝရဲ့ ပဋိက္ခိပါမိ = လေးထည်မြောက်သောသင်္ကန်းကို ပယ်ပါ၏။
- တေစီဝရိကင်္ သမာဒိယာမိ = သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

ဤစကားနှစ်မျိုးတွင် နှစ်သက်ရာစကားတစ်မျိုးမျိုးဖြင့်ဖြစ်စေ, နှစ်မျိုးလုံးဖြင့်ဖြစ်စေ, ပါဠိသက်သက်ဖြင့်ဖြစ်စေ, မြန်မာသက်သက်ဖြင့်ဖြစ်စေ, ပါဠိ-မြန်မာနှစ်ဘာသာဖြင့်ဖြစ်စေ ရွတ်ဆို၍ ဆောက်တည်နိုင်ပါသည်။

(ခ) ခုတင်ကျင့်ပုံ

မကျန်းမမာဖြစ်နေသောကြောင့် သင်္ကန်းချုပ်ရန် မစွမ်းနိုင်သေးသမျှ ကာလပတ်လုံး, သင်္ကန်းချုပ်တတ်သောသူကို မရသေးသမျှကာလပတ်လုံး, သင်္ကန်းချုပ်ရန် အတွက် အပ်၊အပ်ချည်စသောပစ္စည်းများ မစုံလင်သေးသမျှ ကာလပတ်လုံး ဝတ်ရုံသုံးဆောင်လောက်သည့် လေးထည်မြောက်သင်္ကန်းလျာအဝတ်ကို သိမှီးသိမ်းဆည်းထားနိုင်ပါသည်။ ထိုသို့ထားခြင်းကြောင့်လည်း အပြစ်မရှိပါ။ သို့သော် သင်္ကန်းအဖြစ် ချုပ်ဆိုးပြီးသောကာလမှစ၍ သိမှီးသိမ်းဆည်းထားပါက ခုတင်ခိုးသည်မည်၏။

(ဂ) ခုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် (က) ရွာနီးကျောင်းနေ ခုတင်ဆောင်ရဟန်းသည် သင်္ကန်းဆေးဆိုးရန်ဂဲစ္စ ပေါ်ပေါက်လာပါက သင်းပိုင်ကို ရှေးဦးစွာဆေးဆိုး၊ သင်းပိုင်ခြောက်လျှင် သင်းပိုင်ကိုပြန်ဝတ်ပြီးမှ ကိုယ်ရုံကို ဆေးဆိုးရမည်။ သို့မဟုတ် ကိုယ်ရုံကို ရှေးဦးစွာ ဆေးဆိုး၊ ကိုယ်ရုံခြောက်လျှင် ကိုယ်ရုံကိုပြန်ဝတ်ပြီးမှ သင်းပိုင်ကို ဆေးဆိုးရမည်။ သင်းပိုင်ကိုဝတ်၊ ကိုယ်ရုံကိုရုံပြီးမှ နှစ်ထပ်သင်္ကန်းကြီးကို ဆေးဆိုးရမည်။ နှစ်ထပ်သင်္ကန်းကြီးကိုမူ သင်းပိုင်ကဲ့သို့ ဝတ်ရန်မသင့်ပါ။

(ခ) တောကျောင်းနေ ခုတင်ဆောင်ရဟန်းဖြစ်ပါက- သင်းပိုင်, ကိုယ်ရုံ နှစ်ထည်လုံးကို တစ်ပြိုင်တည်းဖွပ်လျှော်၍ ဆေးဆိုး

နိုင်၏။ သို့သော် တစ်စုံတစ်ယောက်ကိုမြင်လျှင် သင်္ကန်းကိုဆွဲငင်ယူဆောင်၍ အလွယ်တကူဝတ်ရုံနိုင်အောင် သင်္ကန်းလှန်းထားရာ အနီးအနားဌာန အဆင်သင့်ရှိနေရမည်။

မဇ္ဈိမပုဂ္ဂိုလ် - သင်္ကန်းလျော်ခိုက်, ဆေးဆိုးခိုက်၌ ဝတ်ရုံနိုင်ရန်အတွက် သတ်မှတ်ထားသည့်သင်္ကန်းကို ယူငင်၍ ဝတ်ရုံသုံးဆောင်နိုင်၏။

မုဒုပုဂ္ဂိုလ် - မိမိ၏သင်္ကန်းလျော်ဖွပ်ရန် ကိစ္စရှိလာပါက မိတ်ဆွေရဟန်းတစ်ပါးပါး၏ သင်္ကန်းကို ခေတ္တခဏငှား၍ ဝတ်ရုံသုံးဆောင်နိုင်၏။ သို့သော် ခဏခဏ မငှားသင့်ပေ။ အဓိဋ္ဌာန်တင်ထားသော မိမိ၏အိပ်ရာလွှမ်းကိုဖြစ်စေ, သူတစ်ပါး၏ အိပ်ရာလွှမ်းသင်္ကန်းကိုဖြစ်စေ ယူငင်၍ ဝတ်ရုံသုံးဆောင်ကောင်း၏။ သို့သော် သွားလေရာရာသို့ ယူဆောင်သွားခြင်းငှာ မသင့်ပေ။

မှတ်ချက်။ တိစီဝရိတ်ခုတင်ဆောင်အားလုံး အနံတစ်ထွာ × အလျားသုံးတောင်ခန့်ရှိသော အံသကိုင်္ဂကိုမူ လေးထည်မြောက် အဝိုအဝက်အထည်အဖြစ် ဆောင်ထားကောင်း၏။

(ဃ) ခုတင်ပျက်စီးပုံ

ခုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးလုံးပင် ဝတ်ရုံသုံးဆောင်လောက်သော လေးထည်မြောက်သင်္ကန်းကို ဝတ်ရုံသုံးဆောင်ရန်အလို့ငှာ သာယာလက်ခံရာခဏ၌ ဤခုတင်ပျက်စီးပါသည်။

(င) ခုတင်အကျိုး ၇-မျိုး

၁။ ငှက်၏ ပျံသွားခြင်းကဲ့သို့ ပေါ့ပါးသောဝန်ရှိသဖြင့် သွားလိုရာသွားနိုင်ခြင်း၊
၂။ အလုပ်ကိစ္စ နည်းပါးခြင်း၊
၃။ အဝတ်အထည် သိမ့်သိမ်းဆည်းရမှု တာဝန်ငြိမ်းခြင်း၊
၄။ ပေါ့ပါးသော အသက်မွေးမှုရှိခြင်း၊
၅။ သင်္ကန်းသုံးထည်ထက် ပိုလွန်သောသင်္ကန်း၌ မက်မောသည့် လောလုပ္ပတဏှာ မဖြစ်ခြင်း၊
၆။ အပ်စပ်သည့်သင်္ကန်းများ၌သော်လည်း သုံးထည်အတိုင်းအရှည်မျှသာ ပြုသဖြင့် ခေါင်းပါးသော အသက်မွေးမှုရှိခြင်း၊
၇။ အလိုနည်းခြင်းစသော ဝုဏ်တို့နှင့်ပြည့်စုံခြင်း အကျိုးရှိပါသည်။

(၃) ဝိဇ္ဇာပါတ်ခုတင် အကြောင်း

(က) ခုတင်ဆောက်တည်ပုံ

- အတိရေကလာဘံ ပဋိက္ခိပါမိ = ဆွမ်းခံ၍ရသော ဆွမ်းထက် အပိုအလွန်ဖြစ်သော သံဃာတော်စသည့် လာဘ်လာဘကို ပယ်ပါ၏။
- ဝိဇ္ဇာပါတိကင်္ သမာဒိယာမိ = ဆွမ်းအလို့ငှာ လှည့်လည်ခြင်း(၀ါ) ဆွမ်းခံခြင်း အလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ခုတင်ကျင့်ပုံ

ဝိဇ္ဇာပါတ်ခုတင်ကို ဆောက်တည်လိုသောရဟန်းသည် အောက်ဖော်ပြပါ ဆွမ်း ၁၄-မျိုး(အတိရေကလာဘ်)ကို လက်မခံရပါ။ လက်မခံကောင်းသော ဆွမ်း ၁၄-မျိုးမှာ -

၁။ သံဃဘတ် = သံဃာအား‌လုံး‌အား ရည်စူး၍ လှူဒါန်းသောဆွမ်း၊
၂။ ဥဒ္ဒေသဘတ် = သံဃာ့ထံမှ ညွှန်ကြားစေ၍ လှူဒါန်းသောဆွမ်း၊
၃။ နိမန္တနဘတ် = ပင့်ဖိတ်၍ လှူဒါန်းသောဆွမ်း၊
၄။ သလာကဘတ် = စာရေးတံမဲချ၍ လှူဒါန်းသောဆွမ်း၊
၅။ ပက္ခိကဘတ် = လဆန်းပက္ခ,လဆုတ်ပက္ခ ပက္ခတစ်ကြိမ်စီ၌ လှူဒါန်းသောဆွမ်း၊
၆။ ဥပေါသထိကဘတ် = လပြည့်,လကွယ် ဥပုသ်နေ့၌ လှူဒါန်းသောဆွမ်း၊
၇။ ပါဋိပဒိကဘတ် = လဆန်းတစ်ရက်, လဆုတ်တစ်ရက် အထွက်တစ်ရက် နေ့စီ၌ လှူဒါန်းသောဆွမ်း၊
၈။ အာဂန္တုကဘတ် = အာဂန္တုရဟန်းတို့ကို ရည်စူး၍ လှူဒါန်းသောဆွမ်း၊
၉။ ဂမိကဘတ် = ခရီးသွားရဟန်းတို့ကို ရည်စူး၍ လှူဒါန်းသောဆွမ်း၊
၁၀။ ဂိလာနဘတ် = သူနာရဟန်းတို့ကို ရည်စူး၍ လှူဒါန်းသောဆွမ်း၊
၁၁။ ဂိလာနုပဋ္ဌာကဘတ် = သူနာပြုရဟန်းကို ရည်စူး၍ လှူဒါန်းသောဆွမ်း၊
၁၂။ ဝိဟာရဘတ် = ကျောင်းကို ရည်စူး၍ လှူဒါန်းသောဆွမ်း၊
၁၃။ ခုရဘတ် = ဆွမ်းခံဝင်ရာ အဦးအစအမှီမ၌သာ တည်ထား၍ လှူဒါန်းသောဆွမ်း၊
၁၄။ ဝါရကဘတ် = အလှည့်ကျ လှူဒါန်းသောဆွမ်း တို့ဖြစ်သည်။

အလျှုခံကောင်းသောဆွမ်း

အကယ်၍ ဒါယကာက သံဃာတော်, ဥဒ္ဒေသာဘတ်စသည်ဖြင့် မလျှောက်ကြားဘဲ "အကျွန်ုပ်တို့အိမ်၌ သံဃာသည် ဆွမ်းကို အလျှုခံ၏။ ထို့အတူ အရှင်ဘုရားလည်း ဆွမ်းခံယူတော်မူပါ" ဟူ၍ 'ဆွမ်းခံဆွမ်း' ဟူသောဝေါဟာရဖြင့် လျှောက်ထား၍ လောင်းလှူလျှင် ထိုဆွမ်းကို အလျှုခံကောင်း၏။

သံဃာမှရသော ယာဝကာလိကခဲဘွယ်အောဇဉ်မှတစ်ပါး: ဆေးစသည်တို့နှင့် ယှဉ်သော စာရေးတံမဲ၊ ကျောင်းတိုက်၌ ဒါယကာတို့ချက်ပြုတ်၍ လှူဒါန်းသော ဆွမ်းတို့ကိုလည်း အလျှုခံကောင်းပါသည်။ (စည်၁။ ၁၈၄)

(ဂ) <u>ဒုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး</u>

ဥဏ္ဏဒုပုဂ္ဂိုလ် (က) ရှေ့အိမ်,နောက်အိမ်တို့မှ ပုဂံခွက်ယောက်ဖြင့် ဆောင်ယူလာသည့်ဆွမ်းကို အလျှုခံယူနိုင်၏။

(ခ) ရောက်ဆဲအိမ်၌မူ သပိတ်ကို လက်မလွတ်ဘဲဖြစ်စေ, သပိတ်ကို လက်လွတ်၍(သပိတ်ပေး၍)ဖြစ်စေ အလျှုခံယူနိုင်၏။

(ဂ) ဆွမ်းခံရာမှပြန်၍ ဆွမ်းစားကျောင်း၌ ထိုင်နေစဉ် အိမ်မှဆောင်ယူလာသည့် ဆွမ်းကို အလျှုခံယူနိုင်၏။
သို့သော် ယနေ့အတွက်,နောက်နေ့များအတွက်-ဟူ၍ ဖိတ်မံထားသောဆွမ်းကိုမူ စောင့်ဆိုင်းငံ့လင့်၍ အလျှုမခံပေ။

မဇ္ဈိမပုဂ္ဂိုလ် -ဆွမ်းခံအိမ်တို့မှ လောင်းလှူသောဆွမ်း၊ ဆွမ်းစားကျောင်း, ဆွမ်းစားဇရပ်သို့ လာလှူသောဆွမ်းတို့ကို အလျှုခံ၏။ ယနေ့အတွက် ဖိတ်မံထားသောဆွမ်းကို စောင့်ဆိုင်းငံ့လင့်၍လည်း အလျှုခံ၏။ သို့သော် နောက်နေ့များအတွက် ဖိတ်မံထားသောဆွမ်းကိုမူ အလျှုမခံပေ။

မဒုပုဂ္ဂိုလ် -ဆွမ်းခံအိမ်တို့မှ လောင်းလှူသောဆွမ်း၊ ဆွမ်းစားကျောင်း, ဆွမ်းစားဇရပ်သို့ လာလှူသောဆွမ်း၊ ယနေ့အတွက် ဖိတ်မံထားသောဆွမ်းတို့ကိုလည်း အလျှုခံ၏။ နောက်နေ့များအတွက် ဖိတ်မံထားသောဆွမ်းများကိုလည်း အလျှုခံ၏။

ပုဂ္ဂိုလ်	ဆွမ်းခံအိမ်မှဆွမ်း	ထိုင်နေစဉ် လှူဆွမ်း	ယနေ့ဖိတ်ဆွမ်း	နောက်နေ့ဖိတ်ဆွမ်း
ဥဏ္ဏဒု	✔	✔	✘	✘
မဇ္ဈိမ	✔	✔	✔	✘
မဒု	✔	✔	✔	✔

ဤခုတင်ဆောင်သုံးမျိုးတို့တွင် မဇ္ဈိမပုဂ္ဂိုလ်နှင့် မုဒုပုဂ္ဂိုလ်တို့သည် မိမိအလို အတိုင်းနေရခြင်း(လွတ်လွတ်လပ်လပ် နေထိုင်သွားလာရခြင်း)နှင့်စပ်သော ချမ်းသာ မျိုးကို မရနိုင်ပေ။ ဥက္ကဋ္ဌပုဂ္ဂိုလ်တစ်မျိုးသာ ထိုချမ်းသာကိုရနိုင်ပေ၏။ ဤအကြောင်း နှင့်ပတ်သက်၍ သာဓကအဖြစ် အရိယဝံသတရားပွဲအကြောင်းကို ဖော်ပြထား၏။

အရိယဝံသတရားပွဲ

ရှေးအခါက ရွာတစ်ရွာတွင် အရိယဝံသသုတ်နှင့်စပ်သော တရားပွဲရှိ၏။ ဥက္ကဋ္ဌပုဂ္ဂိုလ်သည် မဇ္ဈိမပုဂ္ဂိုလ်,မုဒုပုဂ္ဂိုလ်တို့ကို "အရှင်ဘုရားတို့...၊တရားနာသွား ကြစို့ဘုရား" ဟုပြောသောအခါ မဇ္ဈိမပုဂ္ဂိုလ်က "အရှင်ဘုရား...၊ဒကာတစ်ယောက် က တပည့်တော်ကို ဆွမ်းဖိတ်ထားလို့ လက်ခံထားပါတယ်၊ သွားလို့ မဖြစ်ဘူး ဘုရား" ဟုလျှောက်၏။ မုဒုပုဂ္ဂိုလ်ကလည်း "တပည့်တော်ကိုလည်း ဒကာ တစ် ယောက်က မနက်ဖြန်အတွက် ဆွမ်းဖိတ်ထားလို့ လက်ခံထားပါတယ်၊ တပည့်တော် လည်း သွားလို့မဖြစ်ဘူးဘုရား" ဟုလျှောက်၏။

ဤမဇ္ဈိမပုဂ္ဂိုလ်နှင့် မုဒုပုဂ္ဂိုလ်တို့သည် သူတစ်ပါးနှင့်မစပ်သောချမ်းသာ, တရားနှင့်စပ်သော ပါမောဇ္ဇကိုရခြင်း အရသာမှ ယုတ်လျော့ကြကုန်၏။ ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည်ကား နံနက်စောစောကပင် ဆွမ်းခံသွားပြီးလျှင် တရားပွဲရှိရာသို့သွား၍ တရားနှင့်စပ်သော ဝမ်းမြောက်မှုအရသာကို ခံစားရလေ၏။ (စည်၁။ ၁၈၄-၁၈၅)

(ဃ) ခုတင်ပျက်စီးပုံ

ခုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် ဆွမ်းခံ၍ရသော ဆွမ်းဘောဇဉ်မှတစ်ပါး သံဃဘတ်စသော အတိရေကလာဘ်ကို သာယာလက်ခံရာဇာဋ္ဌ ဤခုတင်ပျက်စီး ပါသည်။

(င) ခုတင်အကျိုး ၁၅-မျိုး

၁။ "ဆွမ်းခံ၍ရသော တစ်လုပ်တစ်ခဲဆွမ်းဘောဇဉ်ကို မှီ၍ ရဟန်းဖြစ်သည်" ဟူသော မြတ်စွာဘုရား၏ စကားတော်ကြောင့် ရဟန်းဖြစ်စအချိန်က ဝန်ခံ ခဲ့သော အကျင့်ပဋိပတ်နှင့်ပြည့်စုံခြင်း၊

၂။ ဒုတိယအရိယဝံသတရား၌ တည်ခြင်း၊

၃။ သူတစ်ပါးနှင့်မစပ်သော အသက်မွေးမှုရှိခြင်း၊

၄။ အဖိုးနည်း,ရလွယ်သောပစ္စည်းဖြစ်၍ အပြစ်မရှိ-ဟု မြတ်စွာဘုရားချီးမွမ်း တော်မူအပ်သော ပစ္စည်းကိုသုံးဆောင်ရခြင်း၊

၅။ ဆွမ်းခံအကျင့်၌ ပျင်းရိခြင်းကို နှိမ်နင်းနိုင်ခြင်း၊

၆။ စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊
၇။ သေခိယကျင့်ဝတ်နှင့်ပြည့်စုံခြင်း၊
၈။ သူတစ်ပါးမွေးမြူရသူ မဟုတ်ခြင်း၊
၉။ ဒကာ,ဒကာမတို့အား ချီးမြှောက်ရာရောက်ခြင်း၊
၁၀။ အောက်ဆုံးဖြစ်သည့် အသက်မွေးမှုဖြစ်သဖြင့် မာန်မာနကို ပယ်ရာရောက်ခြင်း၊
၁၁။ ရသတဏှာကို ပယ်နိုင်ခြင်း၊
၁၂။ ဂဏာဘောဇနသိက္ခာပုဒ်၊ ပရမ္မုခဘောဇနသိက္ခာပုဒ်၊ စာရိတ္တသိက္ခာပုဒ်တို့ကြောင့် အာပတ်မသင့်နိုင်ခြင်း၊
၁၃။ အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးတို့နှင့်လျော်သောအကျင့်ဖြစ်ခြင်း၊
၁၄။ ကောင်းမြတ်သောအကျင့်ပဋိပတ် တိုးပွားခြင်း၊
၁၅။ နောင်လာနောက်သား တပည့်သားတို့ အတုလိုက်၍ကျင့်နိုင်ခြင်း အကျိုးရှိ၏။

(စည်၊ဂ။ ၁၈၃-၁၈၆)

---

(၄) သပဒါနစာရိကဓုတင်အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- လောလုပ္ပစာရံ ပဋိက္ခိပါမိ = မက်မောသော လောလုပ္ပတဏှာဖြင့် အိမ်စဉ်ကျော်လွှား၍ ဆွမ်းခံသွားခြင်းကို ပယ်ပါ၏။
- သပဒါနစာရိကင်္ဂံ သမာဒိယာမိ = အိမ်စဉ်အတိုင်း ဆွမ်းခံသွားလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ဤဓုတင်ဆောင်ရဟန်းသည် နံနက်စောစောကပင် ဆွမ်းခံထွက်သင့်၏။ နံနက်စောစော ဆွမ်းခံထွက်သဖြင့် ဘေးအန္တရာယ်ရှိသည့်အရပ်ကို ရှောင်၍ အခြားသောနေရာသို့ အချိန်မီကြွပြီး ဆွမ်းခံနိုင်၏။ ဆွမ်းခံချိန် လုံလုံလောက်လောက် ရခြင်း အကျိုးရှိ၏။

ဆွမ်းခံကြွရာ၌ ရှေးဦးစွာ ရွာတံခါး၌ရပ်၍ ဘေးအန္တရာယ်ရှိသောလမ်း, ရွာဟုတ်/မဟုတ်ကို လေ့လာစုံစမ်းရမည်။ ဘေးအန္တရာယ်ရှိပါက ထိုလမ်း,ထိုရွာကို ရှောင်၍ အခြားလမ်း,အခြားရွာသို့ ကြွနိုင်သည်။ လျှုဖွယ်တစ်စုံတစ်ခုမျှ မရသော အိမ်,လမ်း,ရွာဖြစ်ပါက ရွာမဟုတ်-ဟု သတ်မှတ်ပြီး အခြားအရပ်သို့ ကြွနိုင်သည်။ လျှုဖွယ်တစ်စုံတစ်ခုရသော အိမ်,လမ်း,ရွာဖြစ်ပါက ထိုအိမ်,လမ်း,ရွာကိုပယ်၍ အခြားအရပ်သို့ မကြွကောင်းပေ။

ကျောင်း၌ အလှူပေးသောသူတို့သည်လည်းကောင်း၊ ခရီးအကြား လမ်းခုလတ်၌ တွေ့သောသူတို့သည်လည်းကောင်း အဆိုပါ ဓုတင်ဆောင်ရဟန်း၏ သပိတ်ကို ယူဆောင်၍ ဆွမ်းဘောဇဉ်စသည်တို့ကို လောင်းလှူပါက အလှူခံကောင်း၏။ ခရီးသွားနေစဉ် ဆွမ်းခံချိန်ရောက်ပါက ရောက်ရှိသည့်အရပ်ဒေသ၌ပင် ဆွမ်းခံရမည်။ ရောက်ရှိသည့်အရပ်ဒေသ၌ ဆွမ်းဘောဇဉ်မရသည်ဖြစ်စေ, အနည်းငယ်ရသည်ဖြစ်စေ အိမ်စဉ်,ရွာစဉ်အတိုင်းသာ လှည့်လည်၍ ဆွမ်းခံရမည်။

(၇) ခုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် (က) ရှေ့အိမ်,နောက်အိမ်တို့မှ ပုဂံခွက်ယောက်ဖြင့် ဆောင်ယူလာသည့်ဆွမ်း၊ ဆွမ်းခံရာမှပြန်၍ ဆွမ်းစားကျောင်း၌ ထိုင်နေစဉ် အိမ်မှဆောင်ယူလာသည့်ဆွမ်း၊ ယနေ့အတွက်,နောက်နေ့များအတွက်-ဟူ၍ ဖိတ်မံထားသောဆွမ်းတို့ကို အလှူမခံပေ။

(ခ) စင်စစ် ဤခုတင်ဆောင်ပုဂ္ဂိုလ်သည် ရောက်ဆဲအိမ်မှ လောင်းလှူသောဆွမ်းကိုသာ လက်ခံတော်မူ၏။ ဤခုတင်ဆောင်ပုဂ္ဂိုလ်အရာ၌ အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် စံပြပုဂ္ဂိုလ် ဖြစ်တော်မူ၏။

မဇ္ဈိမပုဂ္ဂိုလ် (က) ရောက်ဆဲအိမ်မှ လောင်းလှူသောဆွမ်း၊ ရှေ့အိမ်,နောက်အိမ်တို့မှလိုက်၍ လောင်းလှူသောဆွမ်း၊ ဆွမ်းခံရာမှပြန်၍ ဆွမ်းစားကျောင်း၌ထိုင်နေစဉ် အိမ်မှဆောင်ယူလာသော ဆွမ်းတို့ကို အလှူခံယူ၏။

(ခ) သို့သော် ယနေ့အတွက်, နောက်နေ့များအတွက် ဖိတ်မံထားသောဆွမ်းတို့ကိုမူ စောင့်ဆိုင်းငံ့လင့်၍ အလှူမခံပေ။
(ဝိဏ္ဏပါတ်ခုတင်ဆောင် ဥက္ကဋ္ဌပုဂ္ဂိုလ်၏ အကျင့်နှင့်တူ၏။)

မဒ္ဒုပုဂ္ဂိုလ် (က) ရောက်ဆဲအိမ်မှ လောင်းလှူသောဆွမ်း၊ ရှေ့အိမ်,နောက်အိမ်တို့မှလိုက်၍ လောင်းလှူသောဆွမ်း၊ ဆွမ်းခံရာမှပြန်၍ ဆွမ်းစားကျောင်း၌ထိုင်နေစဉ် အိမ်မှ ဆောင်ယူလာသော ဆွမ်းတို့ကို အလှူခံယူ၏။ ထို့ပြင် ယနေ့အတွက် ဖိတ်မံထားသောဆွမ်းကိုလည်း စောင့်ဆိုင်းငံလင့်၍ အလှူခံ၏။

(ခ) သို့သော် နောက်နေ့များအတွက် ဖိတ်မံထားသောဆွမ်းတို့ကိုမူ စောင့်ဆိုင်းငံ့လင့်၍ အလှူမခံပေ။
(ဝိဏ္ဏပါတ်ခုတင်ဆောင် မဇ္ဈိမပုဂ္ဂိုလ်၏ အကျင့်နှင့်တူ၏။)

ပုဂ္ဂိုလ်	ရောက်ဆဲအိမ်မှ ဆွမ်း	ရှေ့နောက်အိမ်မှ ဆွမ်း	ကျောင်းလာလှူ ဆွမ်း	ယနေ့ဖိတ် ဆွမ်း	နောက်နေ့ဖိတ် ဆွမ်း
ဥက္ကဋ္ဌ	✔	✘	✘	✘	✘
မဇ္ဈိမ	✔	✔	✔	✘	✘
မဒ္ဒု	✔	✔	✔	✔	✘

(ဃ) ခုတင်ပျက်စီးပုံ

ခုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် ဆွမ်းကောင်း၊ဟင်းကောင်း၌ မက်မော တွယ်တာသော လောလုပ္ပတဏှာဖြင့် အိမ်စဉ်၊လမ်းစဉ်၊ရွာစဉ်ကို ကျော်လွန်၍ ဆွမ်းခံရာခဏ၌ ဤခုတင်ပျက်စီးပါသည်။

(င) ခုတင်အကျိုး ၈-မျိုး

၁။ ဒါယကာတို့၌ အမြဲတမ်း လူသစ်ဖြစ်နေခြင်း၊
၂။ လနှင့်တူသည်၏ အဖြစ်ရှိခြင်း၊
၃။ ကုလမစ္ဆေရကို ပယ်နိုင်ခြင်း၊
၄။ ညီတူညီမျှ သနားကြင်နာတတ်သောစိတ်ရှိခြင်း၊
၅။ ဒါယကာအိမ်သို့ ချဉ်းကပ်လေ့ရှိခြင်း-ဟူသော ကုလူပဂအပြစ်၊ လူဒါယကာတို့နှင့်ရောနှောနေထိုင်ခြင်း-ဟူသော ကုလသံသဋ္ဌအပြစ်တို့မှ ကင်းလွတ်ခြင်း၊
၆။ ဖိတ်မံပင့်ခေါ်ခြင်းကို လက်မခံခြင်း၊
၇။ ပို့ဆွမ်းကို အလိုမရှိခြင်း၊
၈။ အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။

(စည်၁။ ၁၈၇-၁၈၉)

---

(၅) ဧကာသနိက်ဓုတင် အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- နာနာသနဘောဇနံ ပဋိက္ခိပါမိ = နေရာအများ၌ စားသောက်ခြင်းကို ပယ်ပါ၏။
- ဧကာသနိကင်္ဂံ သမာဒိယာမိ = တစ်ထိုင်တည်းစားလေ့ရှိသော ရဟန်း၏အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ဆွမ်းစားကျောင်း၌ ဆွမ်းစားရန်အတွက်ထိုင်လျှင် မထေရ်ကြီးထိုင်သောနေရာ၌ မထိုင်ရ။ "ဤနေရာသည် ငါနှင့်သင့်လျော်သောနေရာ ဖြစ်၏" ဟုကြံစည်၍ မိမိနှင့် သင့်လျော်သောနေရာကိုသာ ရွေးချယ်၍ ထိုင်ရမည်။ ဆွမ်းစားနေစဉ် ဆရာဖြစ်စေ, ဥပဇ္ဈာယ်ဖြစ်စေ ကြွလာသည်ကိုမြင်သည်ရှိသော် ထ၍ ဝတ်ကြီး, ဝတ်ငယ်တို့ကို ပြုရမည်သာ ဖြစ်၏။

သို့သော်လည်း "နေရာကိုလည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း စောင့်ရာ၏။ ဤဧကာသနိက်ဓုတင်ဆောင် ရဟန်းသည်ကား ဆွမ်းစားခြင်းကိစ္စ မပြီးသေးမီ ဝတ်နိဗဒ်ကို ပြုလိုကပြုနိုင်၏။ ဆွမ်းကိုမူကား နောက်တစ်ဖန် ပြန်မစားသင့်ပြီ" ဟု တိပိဋကစူဠဘာယမထေရ်က မိန့်ဆိုတော်မူ၏။

မှတ်ချက်။ ဆွမ်းစားနေဆဲ ဓုတင်ဆောင်ရဟန်းသည် ဆရာ,ဥပဇ္ဈာယ်တို့အား ကြွလာသည်ကိုမြင်၍ ထ၍ဝတ်ပြုလျှင် စားဆဲဖြစ်သောကြောင့် ဆွမ်းဘောဇဉ်ကလည်း ဓုတင်မပျက်အောင် မစောင့်။ နေရာမှထသောကြောင့် နေရာကလည်း ဓုတင်မပျက်အောင် မစောင့်။ ဤသို့ စောင့်ခြင်းနှစ်ပါး မရှိသောကြောင့် ပြန်မစားရတော့ပါ။ ပြန်စားလျှင် ဓုတင်ပျက်၏-ဟု ဆိုလို၏။

(ဂ) ဓုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ စားအံ့-ဟုလက်ချထားသော ဆွမ်းဘောဇဉ်မှတစ်ပါး အခြားဆွမ်းဘောဇဉ်တို့ကို မသုံးဆောင်ပေ။

"မထေရ်သည် ဆွမ်းစားနည်းသည်" ဟု လူတို့ကဆို၍ ထောပတ်

စသည်ကို လျှုငြားအံ့၊ အာဟာရအတွက် မသုံးဆောင်ကောင်းပေ။ ဆေးအတွက်သာ သုံးဆောင်ကောင်း၏။

မဒ္ဓိမပုဂ္ဂိုလ် - သပိတ်၌ ဆွမ်းမကုန်သေးမီအတွင်း အခြားဘောဇဉ်တို့ကို ယူငင်၍ သုံးဆောင်ကောင်း၏။ ဤပုဂ္ဂိုလ်သည် ဘောဇဉ်ကုန်ခြင်းလျှင် အဆုံးရှိသောပုဂ္ဂိုလ်(ဘောဇနပရိယန္တိက) မည်၏။

မုဒုပုဂ္ဂိုလ် - နေရာမှ မထမချင်း ဘုဉ်းပေးသုံးဆောင်နိုင်၏။ ဤပုဂ္ဂိုလ်သည် သပိတ်ဆေးရေကို မယူသေးသမျှကာလပတ်လုံး သုံးဆောင်စားသောက်ခြင်းကြောင့် သပိတ်ဆေးရေယူခြင်းလျှင် အဆုံးရှိသော ပုဂ္ဂိုလ်(ဥဒကပရိယန္တိက) မည်၏။

(ဃ) ဓုတင်ပျက်စီးပုံ

ဓုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် နေရာအများ၌ ဆွမ်းဘောဇဉ်ကို သုံးဆောင်စားသောက်ရာဇဏ္ဍ ဤဓုတင်ပျက်စီးပါသည်။

(င) ဓုတင်အကျိုး ၈-မျိုး

၁။ အနာရောဂါကင်းခြင်း၊
၂။ ကိုယ်ဆင်းရဲမှု မရှိခြင်း၊
၃။ ပေါ့ပါးလျင်မြန်စွာ သွားလာနိုင်ခြင်း၊
၄။ ခွန်အားဗလနှင့်ပြည့်စုံခြင်း၊
၅။ ချမ်းသာစွာနေရခြင်း၊
၆။ အတိရိတ်ဝိနည်းကဲ့ကြောင့် အာပတ်မသင့်ခြင်း၊
၇။ ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း၊
၈။ အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။

(စည်၊၁။ ၁၉၀-၁၉၂)

---

(၆) ပတ္တပိဏ်ခုတင် အကြောင်း

(က) ခုတင်ဆောက်တည်ပုံ

- ဒုတိယကဘာဇနံ ပဋိက္ခိပါမိ= နှစ်ခုမြောက်သောစားခွက်ကို ပယ်ပါ၏။
- ပတ္တပိဏ္ဍိကဂ် သမာဒိယာမိ = တစ်ခွက်တည်း၌ စားဖွယ်ကိုယူ၍ စားလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ခုတင်ကျင့်ပုံ

ယာဂုသောက်သောအခါ အမဲ,ငါးစသော ဟင်းလျာနှင့်ရောနှောလျှက် မသောက်အပ်ပေ။ ယာဂု(သို့မဟုတ်)၊ အမဲ,ငါးစသောဟင်းလျာ တစ်ခုခုကိုသာ ရှေးဦးစွာ စားသောက်အပ်၏။ အဘယ်ကြောင့်ဆိုသော်- အကယ်၍ ပုပ်သောငါးဝိကောင် စသောဟင်းလျာကို ယာဂုထဲထည့်၍ ရောနှောမိခဲ့သော် ရွံရှာဖွယ်ဖြစ်တတ်၏။ စင်စစ်၊ ရွံစရာကို ကြိတ်မှိတ်မျိုရသည်မဟုတ်။ ရွံဖွယ်မဖြစ်အောင် (သန့်သန့်ရှင်းရှင်းဖြစ်အောင်) စားသောက်စေလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ရွံဖွယ်ဟင်းလျာကို ရည်ရွယ်၍ ယာဂု(သို့မဟုတ်)၊ အမဲ,ငါးစသောဟင်းလျာ တစ်ခုခုကို ရှေးဦးစွာ စားသောက်ရမည်-ဟုဆိုခြင်း ဖြစ်သည်။ ပျား,သကာစသည်တို့ကိုမူ ယာဂုနှင့်ရောနှော၍ သောက်နိုင်၏။

ဆွမ်းဘောဇဉ်စသည်တို့ကို အလျှူခံသောအခါ၌လည်း မိမိဝမ်းနှင့်ချင့်ချိန်၍ သင့်တော်ရုံသာ အလျှူခံသင့်၏။ (များစွာခံယူပြီး အကြွင်းအကျန်ကို စွန့်ပစ်ခြင်း စသည်ဖြင့် အလဟဿ မဖြုန်းတီးသင့်ပေ။)

သစ်ရွက်နုစသော ဟင်းရွက်စိမ်းကိုမူ လက်ဖြင့်ကိုင်၍ စားကောင်း၏။ သို့သော် လက်တကိုင်ကိုင် လက်တမြှောက်မြှောက်ဖြစ်နေပါက ကြည်ညိုဖွယ်မဆောင်သည်ကို သတိချပ်သင့်၏။ စားနေသောသပိတ်,ခွက်၌သာ ထည့်၍စားသောက်ပါကပို၍သင့်လျော်၏။

နှစ်ခုမြောက်ခွက်ကိုကား ပယ်ထားပြီးဖြစ်သောကြောင့် ထည့်စရာအဖြစ် အခြားသော သစ်ရွက်ဖက်ခွက်စသည်သော်မှ ဤခုတင်ဆောင်ပုဂ္ဂိုလ်အတွက် မအပ်တော့ပေ။

[ဒုတိယကဘာဇနဿ ပန ပဋိက္ခိတ္တာ အညံ ရုက္ခပဏ္ဏာဒိကံ နာ ဝဋ္ဋတိ။ (ဝိသုဒ္ဓိ၊ ၁း ၆၇)]

(ဂ) ခုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - ကြံစုပ်သောအခါမှတစ်ပါး ငါးရိုး, စပါးလုံးစသည်တို့ကို စွန့်ပစ်ရန်အတွက် နှစ်ခုမြောက်ခွက်ကို မထားကောင်းပေ။ (စားစရာထည့်ရန်ခွက်ကိုသာမက စွန့်ပစ်စရာထည့်ရန် နှစ်ခုမြောက်ခွက်ကိုသော်မှ မသာယာအပ်-ဟုဆိုလို၏။)
ထို့ပြင် ထမင်းခဲ, ငါး, အမဲ, မုန့်တို့ကိုလည်း ခွဲဖဲ့၍ မစားကောင်းပေ။

မဇ္ဈိမပုဂ္ဂိုလ် - ထမင်းခဲ, ငါး, အမဲ, မုန့်တို့ကို လက်တစ်ဘက်ဖြင့် ခွဲဖဲ့၍ စားသောက်လိုက စားသောက်နိုင်၏။ ဤပုဂ္ဂိုလ်သည် ဟတ္ထယောဂီပုဂ္ဂိုလ် မည်၏။

မုဒုပုဂ္ဂိုလ် - သပိတ်၌ထည့်သမျှသော ဆွမ်းခဲဘွယ်ဘောဇဉ်ကို လက်ဖြင့် ဖြစ်စေ, သွားဖြင့်ဖြစ်စေ ခွဲဖဲ့ကိုက်ဖြတ်၍ စားသောက်နိုင်၏။ ဤပုဂ္ဂိုလ်သည် ပတ္တယောဂီပုဂ္ဂိုလ် မည်၏။

(ဃ) ခုတင်ပျက်စီးပုံ

ခုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် နှစ်ခုမြောက်သောစားခွက်ကို သာယာလက်ခံရာခဏ၌ ဤခုတင်ပျက်စီးပါသည်။

(င) ခုတင်အကျိုး ၆-မျိုး

၁။ အထူးထူးသော ရသတဏှာကိုပယ်နိုင်ခြင်း၊
၂။ ဟင်းခွက်များများနှင့် စားသောက်လိုသော ရသတဏှာကိုပယ်နိုင်ခြင်း၊
၃။ အာဟာရ၌ ဘုရားရှင်ခွင့်ပြုတော်မူသည့်အကျိုးတို့ကို မျှော်ရှုလေ့ရှိခြင်း၊
၄။ ခွက်များစွာ ဆောင်ထားရသောဒုက္ခ ငြိမ်းအေးခြင်း၊
၅။ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ ခွက်တစ်ခုတည်း၌သာ အာရုံစူးစိုက်လျက် စားနိုင်ခြင်း၊
၆။ အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။

(စည်၁။ ၁၉၂-၁၉၅)

(၇) ခလုပစ္ဆာဘတ်ခုတင် အကြောင်း

(က) ခုတင်ဆောက်တည်ပုံ

- အတိရိတ္တဘောဇနေ ပဋိက္ခိပါမိ= အတိရိတ်ဝိနည်းကဲ့ပြု၍ စားခြင်းကို ပယ်ပါ၏။
- ခလုပစ္ဆာဘတ္တိကင် သမာဒိယာမိ = တားမြစ်ပြီးသည်မှ နောက်၌ရသော ဆွမ်းကို မစားသောရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

(ခ) ခုတင်ကျင့်ပုံ

ဤခုတင်ဆောင်ရဟန်းသည် ပဝါရိတ်သင့်ပြီးသည်မှ(ဝါ) 'တော်ပြီ'ဟု တားမြစ်ပြီးမှ နောက်ထပ် ဣရိယာပုထ်တစ်ပါး၌ရသော ဆွမ်းဘောဇဉ်ကို အတိရိတ်ဝိနည်းကဲ့ပြု၍(ဝါ) စားကောင်းအောင် ဝိနည်းပရိယာယ်ဖြင့် ဖြူစင်စေ၍ မစားကောင်းတော့ပေ။

မှတ်ချက်။ ပဝါရိတ်သင့်သော သာမန်ရဟန်းသည် အခြားဣရိယာပုထ်၌ ဘောဇဉ်ကို စားလိုလျှင် ထိုဘောဇဉ်ကို အခြားရဟန်းတစ်ပါးထံသို့ ယူဆောင်၍ "အတိရိတ္တံ ကရောထ ဘန္တေ = စားကြွင်းပြုပေးပါကုန် အရှင်ဘုရားတို့" ဟုဆိုရ၏။ အခြားရဟန်းက အနည်းငယ်ယူပြီးလျှင် "အလမေတံ သဗ္ဗံ= ဤအလုံးစုံကို တန်ပြီ" ဟုဆို၍ စားကြွင်းပြုပေးရ၏။ ဤသို့စားကြွင်းပြုပြီးသော ဘောဇဉ်ကို ပဝါရိတ်သင့်သောရဟန်းသည် စားအပ်၏။ ဤခုတင်ဆောင်ရဟန်းကား ထိုကဲ့သို့စားကြွင်းပြု၍ မစားအပ်ပေ။ (စည်၁။ ၁၉၆)

(ဂ) ခုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - ပထမဦးဆုံးဆွမ်းလုပ်၌ ပဝါရိတ်သင့်ခြင်းမည်သည် မရှိပေ။ စားမျိုပြီးသောအခါ တားမြစ်မှသာ ပဝါရိတ်သင့်သောကြောင့် ဤပုဂ္ဂိုလ်သည် တားမြစ်ပြီးသည်နှင့်တစ်ပြိုင်နက် နောက်ထပ်ဆွမ်းလုပ်ကို မစားတော့ပေ။
ခံတွင်း၌ စားမျိုခဲဆွမ်းလုပ်ကိုသာ စားမျိ၍ ဆွမ်းစားခြင်းကိစ္စကို ပြီးစေ၏။

မဏ္ဍိမပုဂ္ဂိုလ် - ဆွမ်းစားနေစဉ် ပဝါရိတ်သင့်ပါက စားနေဆဲ သပိတ်အတွင်း ကျန်ရှိနေသေးသည့် ဘောဇဉ်ကိုသာစား၍ ဆွမ်းစားခြင်းကိစ္စကို ပြီးစေ၏။ အခြားဘောဇဉ်တို့ကို မသုံးဆောင်တော့ပြီ။

မုဒုပုဂ္ဂိုလ် - နေရာမှ မထမချင်း နောက်ထပ်ကပ်လှူလာသည့် ခဲဘွယ်ဘောဇဉ်မှန်သမျှကို စားသောက်နိုင်၏။

(ဃ) ဓုတင်ပျက်စီးပုံ

ဓုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် ပဝါရိတ်သင့်ပြီးဖြစ်ပါလျက် နောက်ထပ် ဣရိယာပုထ်တစ်ပါး၌ရသော ခဲဘွယ်ဘောဇဉ်ကို အတိရိတ်ဝိနည်းကံဖြင့် အပ်စပ်အောင်ပြု၍ သုံးဆောင်ရာဇ၁၌ ဤဓုတင်ပျက်စီးပါသည်။

(င) ဓုတင်အကျိုး ၅-မျိုး

၁။ အတိရိတ်ဝိနည်းကံမပြုဘဲ စားခြင်းကြောင့်သင့်သောအာပတ်မှ ကင်းဝေးခြင်း၊
၂။ ဝမ်းဗိုက်ပြည့်အောင် စားသောအကျင့်မရှိခြင်း၊
၃။ အစာအာဟာရကို သိမ့်သိမ်းဆည်းမှုမရှိခြင်း၊
၄။ တစ်ဖန် ရှာဖွေရသည့်ဒုက္ခမရှိခြင်း၊
၅။ အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။

(စည်၁။ ၁၉၅-၁၉၇)

---

(၈) အာရည်ကင်ဓုတင်
အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- ဂါမန္တသေနာသနံ ပဋိက္ခိပါမိ = ရွာနီးကျောင်း, ရွာကျောင်းကို ပယ်ပါ၏။
- အာရညိကင်္ဂ သမာဒိယာမိ = တော်၌နေလေ့ရှိသောရဟန်း၏ အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ရွာမည်ပုံ တစ်အိမ်တည်းရှိသည်ဖြစ်စေ, အိမ်များစွာရှိသည်ဖြစ်စေ, အရံအတား ရှိသည်ဖြစ်စေ, အရံအတားမရှိသည်ဖြစ်စေ, လူရှိသည်ဖြစ်စေ, အခြားဒေသသို့ ခေတ္တခဏ သွားနေခိုက်ဖြစ်သဖြင့် လူမရှိသည်ဖြစ်စေ လူတို့နေထိုင်ရာအရပ်သည် 'ရွာ'မည်ပါသည်။ အယုတ်ဆုံး ခြေကုန်သည်, လှည်းကုန်သည်, လှေကုန်သည်တို့ မိုးလေးလထက်အလွန် စခန်းချရပ်နားပြီးခဲ့သည့် နေရာဒေသသည်ပင် 'ရွာ'မည်၏။

ရွာ၏ဥပစာ ခြံစည်းရိုးနှစ်ထပ်ရှိသောရွာဖြစ်ပါက- အတွင်းခြံစည်းရိုးတံခါးမှ ရပ်၍ ခွန်အားအလယ်အလတ်ရှိသော ယောကျ်ားပစ်လိုက်သည့် ခဲတစ်ကျအရပ်သည် ရွာ၏ဥပစာ(ဂါမူပစာရ) မည်၏-ဟု ဝိနည်းဆောင်မထေရ်တို့ ဆုံးဖြတ်၏။ သုတ္တန်ဆောင်မထေရ်တို့ကမူ ကျိုးခြောက်သည့်နည်းဖြင့် ပစ်လိုက်သော ခဲကျရာ အတွင်းအရပ်ကို ရွာ၏ဥပစာ-ဟုသတ်မှတ်၏။

ခြံစည်းရိုးမရှိသောရွာဖြစ်ပါက- အစွန်ဆုံးအိမ်တံခါး၌ အမျိုးသမီးတစ်ဦး ရပ်လျက် အိုးခွက်,ပန်းကန်ဆေးရေတို့ကို စွန့်ပစ်သည်ရှိသော် စွန့်ပစ်ရေကျရာ အရပ်သည် အိမ်၏ဥပစာ(ဃရူပစာရ) မည်၏။ ထိုအိမ်ဥပစာအရပ်မှ ခဲတစ်ကျအရပ်သည် ရွာ(ရွာနယ်ဆုံး)ဖြစ်၏။ ထိုခဲတစ်ကျ ရွာအရပ်မှ နောက်ထပ် ခဲတစ်ကျအရပ်သည် ရွာ၏ဥပစာ-မည်၏။

မှတ်ချက်။ အိမ်၏ဥပစာမှ ပထမခဲတစ်ကျအရပ်ကို 'ရွာ' ဟုမှတ်ပြီး၊ နောက်ခဲတစ်ကျအရပ်ကို 'ရွာ၏ဥပစာ' ဟုမှတ်ပါ။

တော ဝိနည်းအလိုအားဖြင့် အဆိုပါ ရွာ,ရွာ၏အနီးမှ ကြွင်းသောအရပ်ဒေသ အားလုံးသည် 'တော' မည်၏။ အဘိဓမ္မာအလိုအားဖြင့် ရွာတံခါးခုံမှ ပြင်ပအရပ်အားလုံးသည် 'တော' မည်၏။

တောကျောင်း သုတ္တန်နည်းအားဖြင့်- "အာရညကံ နာမ သေနာသနံ ပဋ္ဌ-ဓနုသတိကံ ပဓိမံ" ဟူသည်နှင့်အညီ ရွာမှ "ကုလလေးတာ အပြန်ငါးရာ" ဝေးသောအရပ်၌ရှိသည့် ကျောင်းသည် 'တောကျောင်း' မည်၏။

တောကျောင်းအကွာအဝေး တောရမြောက်သည့် တောကျောင်းအကွာအဝေး ကို တိုင်းတာမည်ဆိုလျှင် ခြံစည်းရိုးရှိသည့်ရွာဖြစ်ပါက လေးညှို့ကိုတင်ထားပြီးသည့် မကြီးမငယ်ပမာဏရှိသော လေးဆရာ၏ လေးဖြင့် ရွာခြံစည်းရိုးတံခါးခုံမှ တောကျောင်း၏ခြံစည်းရိုးအထိ အပြန်ငါးရာ တိုင်းတာရမည်။ ခြံစည်းရိုးမရှိသည့်ရွာဖြစ်ပါက ပထမခဲတစ်ကျအရပ်မှ တော ကျောင်း၏ခြံစည်းရိုးအထိ အပြန်ငါးရာ တိုင်းတာရမည်။

တောကျောင်းသည် ခြံစည်းရိုးမရှိသည့်ကျောင်းဖြစ်နေလျှင် ရှေးဦးစွာတွေ့ ရသည့် ကျောင်းဆောင်ဖြစ်စေ, ဆွမ်းစားကျောင်းဖြစ်စေ, အမြဲစည်းဝေးရာအရပ် ဖြစ်စေ, ဗောဓိပင်ဖြစ်စေ, စေတီတော်ဖြစ်စေ ရှိနေပါက ကျောင်းမကြီးနှင့်မည်မျှ ပင်ဝေးနေပါစေ ရှေးဦးစွာတွေ့ရသည့် ထိုကျောင်းဆောင်စသည်မှ အပြန်ငါးရာ တိုင်းတာရမည်-ဟု ဝိနည်းအဋ္ဌကထာ၌ ပြဆို၏။

မဇ္ဈိမနိကာယ်အဋ္ဌကထာ၌မူ တောကျောင်းသည် ခြံစည်းရိုးမရှိပါက ရွာ၏ ဥပစာကို တိုင်းတာသကဲ့သို့ ကျိုးခြောက်သောနည်းဖြင့် ခဲတစ်ကျတိုင်းတာပြီးလျှင် ခဲနှစ်ကျ(ရွာနယ်-ကျောင်းနယ်)တို့၏ကြားအရပ်ကို တိုင်းတာရမည်-ဟုဆို၏။ ဤမဇ္ဈိမနိကာယ်အဋ္ဌကထာ စကားသည် တောရတိုင်းတာရာ၌ ပမာဏပြုသင့်သော ခိုင်လုံသည့်စကားရပ် ဖြစ်၏။

ရွာသူရွာသားတို့၏ အသံကြားလောက်အောင် ကျောင်းနှင့်ရွာ နီးကပ်နေစေ ကာမူ တောင်,မြစ်ခြားနေသောကြောင့် ဖြောင့်ဖြောင့် မသွားနိုင်ငြားအံ့၊ ထိုရွာ၏ သွားမြဲတိုင်း,လာမြဲတိုင်းသော လမ်းအတိုင်းသာ အပြန်ငါးရာကို တိုင်းတာရမည်။

မှတ်ချက်။ "ကုလလေးတာ အပြန်ငါးရာ" တိုင်းတာရာတွင် လေးဆရာတို့၏လေး သည်(ကုလလေးတာသည်) လေးညှို့မတင်ရသေးလျှင် လေးတောင့်ထွာ ရှိ၏။ လေးညှို့တင်ထားလျှင် လေးတောင်ရှိ၏။ ကုလလေးတာ အပြန် ငါးရာဟုဆိုသဖြင့် အတောင်ပေါင်း နှစ်ထောင်ရှိလေရာ ကိုက်တစ်ထောင် (ပေသုံးထောင်)ခန့် ရှိ၏။

ဓာတ်သူခိုး

အကယ်၍ ဓာတ်ဆောင်မည့်ရဟန်းသည် နီးသောရွာခရီးကို တောရအင်္ဂါကုလလေးတာ အပြန်ငါးရာနှင့်ပြည့်စုံအောင် ရွာသွားလမ်းငယ်မှန်သမျှကို ပိတ်ဆို့တိုင်းတာလျှင် ထိုရဟန်းသည် ဓာတ်သူခိုး(ဓာတ်စောရ) မည်၏။

ဆရာ,ဥပဇ္ဈာယ်တို့၏ အရေးကိစ္စပေါ်လျှင် ဓာတ်ကိုဖျက်သင့်၊ ဖျောက်သင့်

ဓာတ်ဆောင်ရဟန်းသည် မိမိ၏ဆရာဖြစ်စေ, ဥပဇ္ဈာယ်ဖြစ်စေ မကျန်းမမာဖြစ်ခဲ့သော် တောရကျောင်း၌ သင့်လျော်သည့်ဆေးဝါးကို မရရှိလျှင် ရွာကျောင်းသို့ပင့်ဆောင်၍ ပြုစုကုသရမည်။ ရောဂါအခြေအနေ စိုးရိမ်စရာမရှိပါက ရွာကျောင်း၌ အရဏ်မတက်စေရ။ ဓာတ်ပျက်တတ်သည်။ ထို့ကြောင့် နံနက်စောစောကပင် ရွာကျောင်းမှထွက်၍ တောရအင်္ဂါလုံလောက်သည့် အရပ်သို့သွားပြီး အရဏ်တက်စေရမည်။

အရဏ်တက်ချိန်နှင့်တိုက်ဆိုင်ပြီး ဆရာ,ဥပဇ္ဈာယ်၏ အနာရောဂါအခြေအနေဆိုးဝါးလာပါက ထိုဆရာ,ဥပဇ္ဈာယ်ကိုသာ ပြုစုရမည့်ဝတ္တရားရှိသောကြောင့် ဆောက်တည်ထားသည့် ဓာတ်အမှုကို ကြောင့်ကြစိုက်နေစရာမလိုပေ။ ဓာတ်ဆောက်တည်မှုကိုဖျက်၍ ရွာကျောင်း၌သာနေထိုင်ပြီး ဆရာ,ဥပဇ္ဈာယ်ကိုသာ ဆေးဝါးပေး၍ ဆက်လက်ပြုစုရပါမည်။ ဓာတ်စင်ကြယ်ရေးအတွက် ကြိုးစားဖို့ မသင့်တော့ချေ။

(ဂ) ဓာတ်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - ဆောင်း,နွေ,မိုး ဥတုသုံးပါးလုံး တောကျောင်း၌သာ အရဏ်တက်၏။

မဇ္ဈိမပုဂ္ဂိုလ် - ဆောင်း,နွေ ဥတုနှစ်ပါး၌သာ တောကျောင်း၌ အရဏ်တက်ပြီး၊ မိုးဥတုတွင် ရွာကျောင်း၌ နေထိုင်၏။

မုဒုပုဂ္ဂိုလ် - နွေဥတု၌သာ တောကျောင်း၌ အရဏ်တက်ပြီး၊ မိုးဥတု,ဆောင်းဥတုနှစ်ပါးတွင် ရွာကျောင်း၌ နေထိုင်၏။

(ဃ) ဓာတ်ပျက်စီးပုံ

ဓာတ်ဆောင်ပုဂ္ဂိုလ်တို့သည် ပိုင်းခြားပြထားသည့်ကာလ အတောအတွင်း၌ ရွာကျောင်း၌တရားပွဲရှိသဖြင့် သွားရောက်၍တရားနာပါက တရားနာနေစဉ်

အရဏ်တက်လျှင်ဖြစ်စေ, တရားပွဲပြီး၍အပြန်ခရီး တောကျောင်းမရောက်မီ လမ်းခုလတ်၌ အရဏ်တက်လျှင်ဖြစ်စေ ဓုတင်မပျက်ပေ။

သို့သော် တရားပွဲပြီး၍ တရားဟောခမ္မကထိက ပြန်သွားသည်ရှိသော် အချိန်ရသဖြင့် "တစ်မှေးလောက်အိပ်ပြီးမှ သွားမည်" ဟုကြံပြီး အိပ်ပျော်နေစဉ် အရဏ်တက်သွားပါက ဓုတင်ပျက်၏။ ထို့ပြင် မိမိဆန္နအတိုင်း ရွာကျောင်း၌ အရဏ်တက်အောင်နေထိုင်လျှင်လည်း ဓုတင်ပျက်၏။

(c) ဓုတင်အကျိုး ၇-မျိုး

၁။ တောအမှတ်သညာကို နှလုံးသွင်းလျက် မရသေးသောသမာဓိကို ရရှိနိုင်ခြင်း ရပြီးသောသမာဓိကိုလည်း စောင့်ရှောက်နိုင်ခြင်း၊
၂။ မြတ်စွာဘုရားရှင်၏ ဝမ်းမြောက်ဝမ်းသာ ချီးမွှောက်တော်မူခံရခြင်း၊
၃။ ကြမ်းတမ်းသောအာရုံတို့ကြောင့် စိတ်မပျံ့လွင့်နိုင်ခြင်း၊
၄။ ကြောက်ရွံ့ထိတ်လန့်မှုကင်းခြင်း၊
၅။ အသက်၌တွယ်တာမှု နိကန္တီကို ပယ်စွန့်နိုင်ခြင်း၊
၆။ ဆိတ်ငြိမ်ရာ၌နေခြင်းကြောင့်ဖြစ်သော ဝိဝေကသုခကို ရရှိခံစားရခြင်း၊
၇။ ကြွင်းသောဓုတင် ၁၂-ပါးကိုလည်း အလွယ်တကူဆောက်တည်နိုင်ခြင်း အကျိုးရှိ၏။

(စည်၁။ ၁၉၇-၂၀၂)

---

(၉) ရက္ခမူဓုတင် အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- ဆန္ဒံ ပဋိက္ခိပါမိ = အုတ်ကြွပ်စသော အမိုးငါးမျိုးဖြင့်မိုးအပ်သော အရိပ်အာဝါသကို ပယ်ပါ၏။
- ရက္ခမူလိကင်္ဂ သမာဒိယာမိ = သစ်ပင်ရင်း,သစ်ပင်အောက်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ဤဓုတင်ဆောင်ရဟန်းသည် ဓုတင်မဆောက်တည်ကောင်းသော ဖော်ပြပါ သစ်ပင် ၇-မျိုးကို ရှောင်ကြဉ်၍ ကျောင်းတိုက်အစွန်ရှိ သစ်ပင်ရင်း,သစ်ပင်အောက်၌သာနေထိုင်၍ ဆောက်တည်ရပါမည်။ ရှောင်ကြဉ်ရမည့်သစ်ပင်များမှာ-

(၁) နှစ်ပြည်ထောင်မင်းတို့၏ တိုင်းပြည်အကြားရှိ နယ်စပ်သစ်ပင်၊
(၂) လူတို့ပူဇော်အပ်သော နတ်စိုးသစ်ပင်၊
(၃) သစ်စေးပင်အစရှိသော အသုံးဝင်သည့်သစ်ပင်၊
(၄) သရက်,ပိန္နဲစသော အသီးစားပင်၊
(၅) လင်းနို့သုံးစွဲကြိုက်နှစ်သက်သောသစ်ပင်၊
(၆) မြွေ,ကင်းစသည်အောင်းစရာ အခေါင်းရှိသောသစ်ပင်၊
(၇) ကျောင်းတိုက်အလယ်၌ရှိသောသစ်ပင် တို့ဖြစ်ပါသည်။

(ဂ) ဓုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - နှစ်သက်ရာသစ်ပင်ကို ရွေးချယ်နိုင်၏။ သို့သော် သစ်ပင်အောက်ကို သုတ်သင်ရှင်းလင်းခွင့် မရှိပေ။ သစ်ရွက်ကြွေတို့ကို ခြေဖြင့် ဖယ်ရှား၍ အနည်းငယ်ရှင်းလင်းအောင်ပြုပြီး နေထိုင်နိုင်၏။

မန္ဒိမပုဂ္ဂိုလ် - အနီးအနားသို့ ရောက်လာသောသူတို့ကို ခေါ်ငင်၍ သုတ်သင်ရှင်းလင်းခွင့် ရှိ၏။

မုဒုပုဂ္ဂိုလ် - အာရာမိစောင့်ဒကာများ၊ သာမဏေများကိုခေါ်၍ သုတ်သင်ရှင်းလင်းခိုင်းပြီး မြေအပြင်ကို ညီညွတ်အောင်ပြုပြင်၍ သဲဖြူခင်းခြင်း၊ စောင်းရန်းကာရံခြင်း၊ တံခါးတပ်ခြင်းတို့ကို စီမံခွင့်ရှိ၏။

ဤခုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် လူအများစုဝေးရာနေ့, လူစည်ကားရာနေ့များ၌ ထိုသစ်ပင်အောက်တွင် မနေရ။ ခုတင်ဆောင်နေသည့်အဖြစ်ကို တတ်နိုင်သမျှ လျှို့ဝှက်ထားနိုင်ရန်အတွက် အခြားလုံခြုံရာအရပ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်သင့်၏။

(ဃ) ခုတင်ပျက်စီးပုံ

အုတ်ကြွပ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ကျီတို့ဖြင့်မိုးအပ်သော အရိပ်အောက်၌ နေလိုသောဆန္ဒဖြင့် ဝင်ရောက်နေထိုင်ရာခဏာ၌ ဤခုတင်ပျက်စီး၏။ သီလျက်နှင့် အမိုးအောက်၌ အရဏ်တက်ရာခဏာ၌လည်း ခုတင်ပျက်၏-ဟု အဋ္ဌကထာရနိကာယ်ဆောင်မထေရ်တို့ မိန့်ဆိုကြ၏။

(င) ခုတင်အကျိုး ၆-မျိုး

၁။ "သစ်ပင်ရင်းတည်းဟူသော ကျောင်းကိုအမှီပြု၍ ရဟန်းဖြစ်၏" ဟူသော မြတ်စွာဘုရားစကားတော်ကြောင့် တတိယမှီရာနိဿယအားလျော်သော အကျင့်ပဋိပတ်နှင့်ပြည့်စုံခြင်း၊

၂။ အဖိုးနည်း, ရလွယ်သည်ဖြစ်၍ အပြစ်မရှိ-ဟု မြတ်စွာဘုရားချီးမွမ်းတော်မူအပ်သောပစ္စည်းကို သုံးစွဲရခြင်း၊

၃။ သစ်ရွက်တို့၏ မပြတ်ဖြစ်ပေါ်ပြောင်းလဲနေသည့်သဘောကို အမြဲမပြတ်တွေ့မြင်နေရသဖြင့် အနိစ္စသညာဖြစ်လွယ်ခြင်း၊

၄။ ကျောင်း၌ဝန်တိုသော အာဝါသမစ္ဆေရမရှိခြင်း, အလုပ်ကိစ္စအမှုအသစ်၌ မွေ့လျော်မှုမရှိခြင်း၊

၅။ ရက္ခစိုးနတ်များနှင့် အတူတကွနေထိုင်ရခြင်း၊

၆။ အလိုနည်းခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။ (စည်၁။ ၂၀၃-၂၀၅)

---

(၁၀) အပ္ပောကာသိကဓုတင် အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- ဆန္နဉ္စ ရက္ခမူလဉ္စ ပဋိက္ခိပါမိ= အမိုးကိုလည်း ပယ်ပါ၏။ သစ်ပင်ရင်းကိုလည်း ပယ်ပါ၏။
- အပ္ပောကာသိကင်္ = အမိုးမရှိသော ဟင်းလင်းပြင်အရပ်၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ဤဓုတင်ဆောင်ရဟန်းသည် တရားနာရန်အတွက်ဖြစ်စေ, ဥပုသ်ပြုရန်အတွက်ဖြစ်စေ အမိုးအောက်သို့ ဝင်နိုင်၏။ အမိုးအောက်ဝင်နေစဉ် အပြင်၌ မိုးရွာနေပါက မိုးရွာနေစဉ်မထွက်ဘဲ ဆက်လက်နေနိုင်၏။ မိုးစဲသောအခါ၌မူ အမိုးအောက်မှ ပြန်ထွက်ရမည်။

ဆွမ်းစားကျောင်းသို့ဖြစ်စေ, မီးတင်းကုပ်သို့ဖြစ်စေ ဝင်ရောက်၍ ဝတ်ကြီး, ဝတ်ငယ်တို့ကို ပြုလုပ်နိုင်၏။ မထေရ်ကြီးကို ဆွမ်းပင့်ဖိတ် လျှောက်ထားရန်အတွက်လည်း ဆွမ်းစားကျောင်း၏ အမိုးအောက်သို့ ဝင်ရောက်နိုင်၏။

ပါဠိသင်ပေးသောဆရာ၊ ပါဠိသင်ယူနေသောတပည့်ဖြစ်ပါက သင်ယူနေဆဲအချိန်အတွင်း အမိုးအောက်၌ နေနိုင်၏။ ပြင်ပ၌မထားသင့်သော ညောင်စောင်းစသည်တို့ကို အတွင်း၌သိမ်းဆည်းရန်အတွက် အမိုးအောက်သို့ ဝင်ရောက်နိုင်၏။

မိမိထက်ဝါကြီးသူနှင့်အတူ ခရီးသွားနေသော ဓုတင်ဆောင်ရဟန်းဖြစ်ပါက ဝါကြီးသူ၏ ပရိက္ခာရာတို့ကို ယူငင်သယ်ဆောင်၍ ခရီးသွားနေစဉ် ရုတ်တရက် မိုးရွာလာသော် မထေရ်ကြီး၏ပရိက္ခာရာတို့ကို မိုးရေမစိုအောင် နီးစပ်ရာ ဇရပ်,သစ်ပင်အောက် မိုးလုံရာအရပ်သို့ လျင်မြန်စွာ ဝင်ရောက်ရမည်။ ပရိက္ခာသယ်ဆောင်မထားပါက မိုးခိုအံ့ဟူသောအကြံဖြင့် အလျင်အမြန် မဝင်သင့်ပေ။ ပုံမှန်အတိုင်းသွား၍ မိုးခိုပြီးလျှင်၊ မိုးစဲသွားပါက အမိုးအောက်မှ ပြန်ထွက်ရမည်။

(၈) ခုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - သစ်ပင်,သစ်ခေါင်း,အိမ်တို့ကို သပိတ်သင်္ကန်းထားရန် အမှီပြု၍ နေခြင်းငှာ မအပ်ပေ။ လွင်တီးခေါင်၌သာ သင်္ကန်းမိုးသည့် ကဋ္ဌီကျောင်းငယ်ကိုပြု၍(သင်္ကန်းကျောင်းဆောက်၍) နေနိုင်၏။

မဇ္ဈိမပုဂ္ဂိုလ် - သစ်ပင်,သစ်ခေါင်း,အိမ်တို့ကို သပိတ်သင်္ကန်းထားရန် အမှီပြု၍ နေနိုင်၏။ သို့သော် အတွင်းသို့ဝင်၍ မနေသင့်ပေ။

မုဒုပုဂ္ဂိုလ် - မိုးမယိုအောင် အမိုးပုံစံပြုလုပ်ထားသည့် အပိုင်းအခြားမရှိသော တောင်ချိုင့်,တောင်ဝှမ်း,သစ်ခက်တို့ဖြင့် ခပ်ကျဲကျဲ မိုးထားသော မဏ္ဍပ်၊ ကစီတင်သော ဖယောင်းပုဆိုးအမိုး၊ လယ်စောင့်တဲကုပ်၊ လူတို့စွန့်ပစ်ထားသည့် တဲအိုတဲပျက်တို့၌ နေနိုင်၏။

မှတ်သားဖွယ် - ဤခုတင်ဆောင်ရဟန်းသည် သင်္ကန်းကျောင်းဆောက်လုပ် နေထိုင်ရာ၌ အမိုးကို သင်္ကန်းမိုး၍ အကာကို ဝါးထရံ,သစ်ခက်,သစ်ရွက်,သစ်သား, သွပ်ပြားစသည်တို့ဖြင့် ကာရံလျှင် လေအကာအကွယ် ရနိုင်၏။ သို့သော် ကိလေသာကို ခါထုတ်ရသည့် ခုတင်အကျင့်မြတ်ဖြစ်သဖြင့် အကာအကွယ် ကောင်းကောင်းပြုလုပ်နေလျှင် ခုတင်မပျက်သော်လည်း မသင့်လျော်ပေ။ ထို့ကြောင့် သင်္ကန်းမိုးပြီး သစ်ခက်သစ်ရွက်, ထန်းလက်မျှကာလျှင်ပင် ကောင်းလှပေပြီ-ဟူ၍လည်းကောင်း၊

- တောတောင်များရှိလျှင် သစ်ပင်,ချုံဖုတ်ကြား သစ်ရွက်ခြောက်ပေါ်၌ ထိုင်နေလျှင် ပို၍ကောင်း၏။ မိမိထိုင်သည့်နေရာ၌ သစ်ကိုင်းများ မရှိစေရ။ ထိုင်သောအခါ သစ်ပင်ကလေးတွေ့ ပတ်ချာဝိုင်းနေသည့်အတွက် လေတိုက်ခတ်မှု, နေပူမှု သက်သာနိုင်၏-ဟူ၍လည်းကောင်း၊
- ရဟန်းဟူသည် တရားရရန် လိုရင်းဖြစ်သဖြင့် နေရာ,အဝတ်,အစားမရွေးရာ၊ တရားရအောင်သာ ကြိုးစားအားထုတ်ရာ၏။ ကျောင်း,သင်္ကန်း, ဆွမ်း,ဆေး လေးပါးသောပစ္စည်းရအောင် အားမထုတ်ရာ။ ပရိသတ်များအောင် အားမထုတ်ရာ-ဟူ၍လည်းကောင်း၊
- ခုတင်ဆောင်ရဟန်းဟူသည် အနေဆင်းရဲ, အစားဆင်းရဲ, အဝတ်ဆင်းရဲသည်ဟူ၍ စိတ်မပျက်ရာ။ ရွှေကျောင်းကြီးနှင့် ဟည်းနေအောင် နေရသော်လည်း ခန္ဓာရှိသရွေ့ ဆင်းရဲတွေ့မည်၊ သမာဓိရှိ၍ ဆင်းရဲကြောင်း သိ၏၊ သမာဓိမရှိလျှင် ဆင်းရဲကြောင်း မသိရာ-ဟူ၍လည်းကောင်း ဤခုတင်နှင့် ပတ်သက်၍ ဆောင်ရန်,ရှောင်ရန်တို့ကို ခုတင်ဆောင် ရှေးဓလေရ်မြတ်တို့ နည်းပေးလမ်းပြ ညွှန်ကြားဆုံးမတော်မူခဲ့ကြ၏။

(ဃ) ခုတင်ပျက်စီးပုံ

မိမိအလိုဆန္ဒဖြင့် နေခြင်းအကျိုးငှာ အမိုးငါးမျိုးအောက်သို့လည်းကောင်း၊ သစ်ပင်ရင်းသို့လည်းကောင်း ဝင်ရောက်ရာဇာဒ္ဓ ဤခုတင်ပျက်စီး၏။ ယခုပင် အရဏ်တက်လတ္တံ့ဟု သိလျက် အိမ်း,သစ်ပင်ရင်းတို့၌ အရဏ်တက်ကာမျှဖြင့်ပင် ခုတင်ပျက်၏-ဟုလည်း အဋ္ဌကထာရန်ကာယ်ဆောင်မထေရ်တို့ မိန့်ဆိုကြ၏။

(c) ခုတင်အကျိုး ၆-မျိုး

၁။ အာဝါသပလိဗောဓ ပြတ်ခြင်း၊
၂။ ထိန,မိဒ္ဓကို ပယ်ဖျောက်နိုင်ခြင်း၊
၃။ သားသမင်ကဲ့သို့ ငြိကပ်တွယ်တာမှုမရှိ၊ လွတ်လပ်စွာနေရပေ၏-သူတော်ကောင်းတို့၏ ချီးမွမ်းမှုကို ခံရခြင်း၊
၄။ အရိပ်အာဝါသတို့၌ ငြိကပ်တွယ်တာမှုမရှိခြင်း၊
၅။ အရပ်လေးမျက်နှာတို့၌ အဝိတ်အပင်မရှိ လွတ်လပ်စွာ သွားရောက်နိုင်ခြင်း
၆။ အလိုနည်းခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။ (စည်၁။ ၂၀၇-၂၀၉)

---

(၁၁) သုသာန်ခုတင် အကြောင်း

(က) ခုတင်ဆောက်တည်ပုံ

- နု သုသာနံ ပဋိက္ကိပါမိ = သုသာန်မဟုတ်သောအရပ်ကို ပယ်ပါ၏။
- သောသာနိကင်္ သမာဒိယာမိ= သုသာန်၌ နေလေ့ရှိသောရဟန်း၏ အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ခုတင်ကျင့်ပုံ

သုသာန် ရွာသစ်တည်ထောင်စဉ် ဤအရပ်သည် သုသာန်အရပ်ဖြစ်၏-ဟု သတ်မှတ်ကာမျှဖြင့် သုသာန်မဖြစ်သေးပေ။ အဘယ်ကြောင့်ဆိုသော် သူသေကောင်မဖုတ်ရ,မမြှုပ်ရသေးသောကြောင့် ဖြစ်၏။ သူသေကောင် ဖုတ်ကျင်း, မြေမြှုပ်ပြီးပြီဆိုလျှင် သုသာန်အရပ် ဖြစ်လေတော့၏။ အယုတ်ဆုံး သူသေကောင် ဖုတ်ကျင်း, မြေမြှုပ်ပြီးသည့်ကာလမှ ၁၂-နှစ်တိုင်အောင် စွန့်ထားသည့်အရပ်ဖြစ်ပါစေ သုသာန်မည်သည်သာ ဖြစ်၏။

လိုက်နာရမည့်စည်းကမ်းများ ဤခုတင်ဆောင်ရဟန်းသည် သုသာန်အရပ်၌ စကြံ, မဏ္ဍပ်စသည်ထိုးပြီး ညောင်စောင်း,အင်းပျဉ်တို့ကို အကျအနေခင်း၍ သောက်ရေ,သုံးဆောင်ရေတည်ထားလျက် တရားစာပေသင်ကြား ပို့ချကာ ခမ်းနားထည်ဝါစွာ မနေသင့်ပေ။

ဤခုတင်အကျင့်ကား ဆောင်နိုင်ခဲ၍ ဝန်လေးလှ၏။ သို့ဖြစ်၍ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်တို့ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် သံဃာ့မထေရ်ကို ဖြစ်စေ, သက်ဆိုင်ရာရွာလူကြီးစသည်တို့ကိုဖြစ်စေ မိမိသည် သုသာန်ခုတင်ဆောက်တည်နေကြောင်း ကြိုတင်၍ အကြောင်းကြားထားရမည်။ သုသာန်၌ နေထိုင်စဉ် အတွင်း အန္တရာယ်မရှိအောင်လည်း မမေ့မလျော့သော သတိတရားဖြင့် နေထိုင်ရမည်။ စကြံလျှောက်မည်ဆိုပါက သူသေကောင်ဖုတ်ရာအရပ်ကို စောင်းငဲ့ကြည့်ရှု၍ လေ့လာအကဲခတ်ပြီး စကြံလျှောက်ရမည်။

သုသာန်သို့သွားသောအခါ သွားရိုးလမ်းအတိုင်းမသွားဘဲ ဖြတ်လမ်းဖြင့်သာ မိမိကို သုသာန်ခုတင်ဆောင်ရဟန်းမှန်း မသိစေဘဲ လျှို့ဝှက်စွာသွားရမည်။ နေ့ခင်း အချိန်ကပင် သုသာန်သို့သွား၍ သစ်ငုတ်,သစ်ပင်,တောင်ပို့စသော အာရုံတို့ကို ညဉ့်အခါ အထင်မမှားရအောင် ပိုင်းခြားမှတ်သားထားရမည်။ ဤသို့ ပိုင်းခြားမှတ်

သားထားသဖြင့် ညပိုင်းတွင် ထိုသစ်ငုတ်စသည်တို့ကို တစ္ဆေအသွင် ကြောက်မက်ဖွယ်အဖြစ် အထင်မမှားနိုင်တော့ပေ။ ညဥ့်အချိန်၌ တစ္ဆေ,ဘီလူးတို့အော်ဟစ်လှည့်လည်သည်ရှိသော် မြေခဲ,ကျောက်ခဲတို့ဖြင့် မပစ်ခတ်ရပေ။ သုသာန်ခုတင်ဆောက်တည်သည့်နေ့မှစ၍ သုသာန်သို့ နေ့စဉ်မပြတ်သွားရမည်။ အဂုတ္တရနိကာယ်ဆောင် မထေရ်တို့ကမူ သုသာန်၌ သန်းခေါင်ယံကုန်အောင်နေထိုင်ပြီး မိုးသောက်လျှင် သုသာန်မှ ပြန်လာသင့်၏-ဟု မိန့်ဆိုကြ၏။

တစ္ဆေ,ဘီလူးများကြိုက်နှစ်သက်သည့် နှမ်းထောင်း,ပဲထမင်း,ငါး,အမဲ,နို့ရည်,ဆီ,တင်လဲစသည်တို့ကို သုသာန်ခုတင်ဆောက်တည်နေစဉ်အတွင်း မစားသင့်ပေ။ သုသာန်မှပြန်လာလျှင်လည်း မည်သည့် ဒါယကာ,ဒါယိကာမတို့၏ အိမ်တွင်းကိုမျှ မဝင်သင့်ပေ။ ကျောင်းသို့သာ တိုက်ရိုက်ပြန်လာရမည်။ ဤကား သုသာန် ခုတင်ဆောက်တည်ရာ၌ လိုက်နာရမည့်စည်းကမ်းများ ဖြစ်ပါသည်။

(ဂ) ခုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - သူသေကောင် နေ့စဉ်မပြတ်ဖုတ်ခြင်း၊ သူသေကောင်အပုပ်နံ့မပြတ်နံ့လျက်ရှိခြင်း၊ နေ့စဉ်မပြတ်ငိုကြွေးသံရှိခြင်း-ဟူသော အင်္ဂါသုံးမျိုးရှိသောသုသာန်မျိုး၌ ခုတင်ဆောက်တည်၏။

မန္တိမပုဂ္ဂိုလ် - ထိုအင်္ဂါသုံးမျိုးတို့တွင် တစ်မျိုးမျိုးသောအင်္ဂါရှိသည့် သုသာန်မျိုး၌ ခုတင်ဆောက်တည်၏။

မုဒုပုဂ္ဂိုလ် - သုသာန်လက္ခဏာမည်ကာမျှ သုသာန်အရပ်၌သာ ခုတင်ဆောက်တည်၏။

(ဃ) ခုတင်ပျက်စီးပုံ

ခုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် သုသာန်မဟုတ်သောအရပ်၌နေလျှင် ခုတင်ပျက်၏။ သုသာန်သို့ မသွားသောနေ့၌လည်း ခုတင်ပျက်၏-ဟု အဂုတ္တိရ်ဆောင်မထေရ်တို့ မိန့်ဆိုကြ၏။

(င) ခုတင်အကျိုး ၁၀-မျိုး

၁။ မရဏဿတိ အစဉ်ဖြစ်နေခြင်း၊
၂။ မမွေ့မလျော့နေလေ့ရှိခြင်း၊
၃။ အသုဘအာရုံနိမိတ်ကို ရနေခြင်း၊
၄။ ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း၊

၅။ ကိုယ်ခန္ဓာ၏ အသုဘသဘောကို အဖန်ဖန်တလဲလဲ ရှုမြင်နိုင်ခြင်း၊
၆။ သံဝေဂအဖြစ်များခြင်း၊
၇။ မကျန်းမမာ ဖျားနာဆိုးမင်းရင့်ရော်၍ သေဆုံးသည့်သူများကို ခဏခဏ တွေ့မြင်နေရသဖြင့် ကျန်းမာခြင်း,နုပျိုခြင်း,အသက်ရှည်ခြင်းစသည်တို့ကို အမှီပြု၍ဖြစ်သော မာန်မာနကို ပယ်ဖျောက်နိုင်ခြင်း၊
၈။ ဘေးကြီး,ဘေးငယ် အသွယ်သွယ်တို့ကို သည်းခံနိုင်ခြင်း၊
၉။ နတ်ဘီလူးတို့ ရိုသေလေးစား မြတ်နိုးချီးမွမ်းခံရခြင်း၊
၁၀။ အလိုနည်းခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။(စည်၁။ ၂၁၀-၂၁၃)

---

(၁၂) ယထာသန္တတိဓုတင် အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- သေနာသနလောလုပ်ပွဲ ပဋိက္ခိပါမိ = ကျောင်း,အိပ်ရာ,နေရာ၌ လျှပ်ပေါ်လော်လည်သော လောလုပ်တရားကို ပယ်ပါ၏။
- ယထာသန္တတိကင်္ သမာဒိယာမိ = ညွှန်ကြားချထားသော ကျောင်း,အိပ်ရာ,နေရာ၌ နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ဤဓုတင်ဆောင်ရဟန်းသည် ဝါစဉ်အတိုင်း ကျောင်းဆောင်နေရာချထားရေးရဟန်းက သတ်မှတ်ပေးသည့် ကျောင်း,နေရာ၌သာ ရောင့်ရဲတင်းတိမ်ရမည်။ မိမိထက် ဝါငယ်သည့်ရဟန်း၏ ရရှိပြီးသားကျောင်း,နေရာကို မဖယ်ခိုင်းကောင်းပေ။

(ဂ) ဓုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - မိမိအတွက် သတ်မှတ်ပေးထားသော ကျောင်း,နေရာ၏ အခြေအနေကို ဝေးသလော,နီးသလော? ဘီလူး,မြွေ,ကင်းစသည် ဘေးဥပဒ်ရှိသလော? ပူသလော,အေးသလော? စသည်ဖြင့် စုံစမ်းမေးမြန်းခွင့် မရှိပေ။

မဇ္ဈိမပုဂ္ဂိုလ် - ကျောင်း,နေရာ၏ အခြေအနေကို မေးမြန်းစုံစမ်းနိုင်၏။ သို့သော် လောလုပ်တရားဖြင့် ကိုယ်တိုင်သွားရောက် မကြည့်သင့်ပေ။

မုဒုပုဂ္ဂိုလ် - ကျောင်း,နေရာ၏ အခြေအနေကို မေးမြန်းစုံစမ်းခြင်း၊ ကိုယ်တိုင်သွားရောက် ကြည့်ရှုခြင်းတို့ကို ပြုလုပ်နိုင်သည်။ မိမိကျန်းမာရေးနှင့် မသင့်လျော်သောကျောင်း, နေရာဖြစ်နေပါကလည်း အခြားသင့်လျော်ရာကျောင်း,နေရာသို့ ပြောင်းရွှေ့နေနိုင်၏။

(ဃ) ဓုတင်ပျက်စီးပုံ

ဤဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် ကျောင်း,နေရာ၌ လျှပ်ပေါ်လော်လည်သော လောလုပ်တရား ဖြစ်ပေါ်ရာဇဏ္ဍာ၌ ဤဓုတင်ပျက်စီးပါသည်။

(c) <u>ခုတင်အကျိုး ၆-မျိုး</u>

၁။ "ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ=ရသမျှဖြင့် ရောင့်ရဲရမည်" ဟူသော ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ကို လက်တွေ့လိုက်နာသူဖြစ်ခြင်း၊

၂။ သီတင်းသုံးဖော်တို့၏ အကျိုးစီးပွားကို လိုလားသူဖြစ်ခြင်း၊

၃။ အယုတ်,အမြတ်၊ ကောင်း,မကောင်း ကြံဆခြင်းကို စွန့်ပယ်နိုင်ခြင်း၊

၄။ မြတ်နိုးခြင်း,မနှစ်သက်ဆန့်ကျင်ခြင်းကို ပယ်ခြင်း၊

၅။ အလွန်အလိုကြီးမှု-ဟူသောတဏှာ၏ ဝင်ပေါက်တံခါးကို ပိတ်ဆို့နိုင်ခြင်း၊

၆။ အလိုနည်းခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံခြင်း အကျိုးရှိ၏။ (စည်၁။ ၂၁၄-၂၁၆)

(၁၃) နိသဇ္ဇိဓုတင် အကြောင်း

(က) ဓုတင်ဆောက်တည်ပုံ

- သေယျံ ပဋိက္ခိပါမိ = လဲလျောင်းအိပ်စက်ခြင်းကို ပယ်ပါ၏။
- နေသဇ္ဇိကင် သမာဒိယာမိ = ထိုင်လျက် နေလေ့ရှိသောရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

(ခ) ဓုတင်ကျင့်ပုံ

ဤဓုတင်ဆောင်ရဟန်းသည် ညဉ့်သုံးယံတွင် တစ်ယံကိုထ၍ စင်္ကြံလျှောက်သင့်၏။ ကျရိယာပုထ်လေးပါးတွင် လဲလျောင်းအိပ်စက်ခြင်းဟူသော ကျရိယာပုထ် ဖြင့် မနေအပ်။ ရပ်ခြင်း,ထိုင်ခြင်း,သွားခြင်း ကျရိယာပုထ်တို့ဖြင့်သာ သင့်လျော်နေရ၏။

(ဂ) ဓုတင်ဆောင်ပုဂ္ဂိုလ် သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - နောက်မှိတ်ကဲ့ပျဉ်ချပ်သည် မအပ်။ ပုဆိုးပတ်,အာယောဂပတ် တို့သည်လည်း မအပ်ပေ။

မဇ္ဈိမပုဂ္ဂိုလ် - နောက်မှိတ်ကဲ့ပျဉ်ချပ်၊ ပုဆိုးပတ်၊ အာယောဂပတ် သုံးမျိုးအနက် တစ်မျိုးမျိုး အပ်စပ်၏။

မုဒုပုဂ္ဂိုလ် - သုံးမျိုးလုံး အပ်စပ်၏။ ထို့ပြင် မှီရာခေါင်းအုံး၊ နောက်မှိတ်ကဲနှင့် တကွ အခြေလေးချောင်းရှိသည့် ပဉ္စင်္ဂေါင်စောင်း၊ နောက်မှိတ်ကဲ, ဝဲယာနှစ်ဖက် လက်ရုံးတန်းနှင့်တကွ အခြေလေးချောင်းရှိသော သတ္တင်္ဂအင်းပျဉ်ထိုင်ခုံတို့လည်း အပ်စပ်၏။
ဤသတ္တင်္ဂအင်းပျဉ်ကို မိဠာဘယမထေရ်ပြုလုပ်၍ ဓုတင်ဆောင်ဖူး၏။ ထိုမထေရ်သည် အနာဂါမ်ဖြစ်၍ ပရိနိဗ္ဗာန်ပြုသွား၏။

(ဃ) ဓုတင်ပျက်စီးပုံ

ဓုတင်ဆောင်ပုဂ္ဂိုလ်သုံးမျိုးတို့သည် ခေါင်းချ၍ လဲလျောင်းခြင်းကိုပြုရာဓာတ်၌ ဤဓုတင်ပျက်စီးပါသည်။

မှတ်ချက်။ ယခုခေတ် ပက်လက်ကုလားထိုင်ကြီးများ၊ ပိတ်အခင်းကုလားထိုင်များ၌ ထိုင်လျှင် ခုတင်မပျက်ပေ။ သို့သော် ပက်လက်လှန်၍ ခေါင်းချလိုက်လျှင် ခုတင်ပျက်၏။ ယင်းကုလားထိုင်များ၌ထိုင်လျှင် များသောအားဖြင့် ပက်လက်လှန်မိပြီး အိပ်ပျော်သွားတတ်သဖြင့် အချို့သောခုတင်ဆောင် မထေရ်မြတ်တို့က ခုတင်ပျက်မည်ကို စိုးရိမ်တော်မူသည့်အတွက် သုံးဆောင်တော်မမူကြပေ။

ဤခုတင်ကို မြတ်စွာဘုရားလက်ထက်တော်က နောင်လာနောက်သားတို့ အတုလိုက်၍ကျင့်စေခြင်း(ဒိဋ္ဌာနုဂတိ)အကျိုးငှာ စံနမူနာပြကျင့်တော်မူသွားကြသည့် ရဟန္တာမထေရ်မြတ်တို့မှာ -

(၁) နှစ်ပေါင်း(၃၀)တိုင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်သာရိပုတ္တရာမထေရ်၊

(၂) နှစ်ပေါင်း(၃၀)တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်မောဂ္ဂလာန်မထေရ်၊

(၃) နှစ်ပေါင်း(၁၂၀)တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်မဟာကဿပမထေရ်၊

(၄) နှစ်ပေါင်း(၅၀)တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်အနုရုဒ္ဓါမထေရ်၊

(၅) နှစ်ပေါင်း(၃၀)တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ဘဒ္ဒိယမထေရ်၊

(၆) (၁၈)နှစ်တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်သောဏမထေရ်၊

(၇) (၁၂)နှစ်တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ရဋ္ဌပါလမထေရ်၊

(၈) (၁၅)နှစ်တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်အာနန္ဒာမထေရ်၊

(၉) (၁၂)နှစ်တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ရာဟုလာမထေရ်၊

(၁၀) နှစ်ပေါင်း(၈၀)တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်ဗာကုလမထေရ်၊

(၁၁) ပရိနိဗ္ဗာန်စံသည့်တိုင်အောင် ကျောဆန့်၍ ကျောမှီ၍ ကျိန်းစက်တော်မမူသော အရှင်နာလကမထေရ် တို့ဖြစ်သည်။

(ဂ) ခုတင်အကျိုး ၅-မျိုး

၁။ အိပ်ရာ၌ တစင်းစင်းအိပ်ခြင်းကြောင့်ဖြစ်သောချမ်းသာ(သေယျသုခ)၊ ဝဲယာ ပြောင်းပြန်အိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာ(ပဿသုခ)၊ တမှိန်းမှိန်း အိပ်ခြင်း ဖြင့်ရအပ်သောချမ်းသာ(မိဒ္ဓသုခ)-ဟူဆိုအပ်သော စိတ်အနှောင်အဖွဲ့သုံးမျိုးကို ပယ်ဖျောက်ကြောင်း လက်နက်ကောင်းဖြစ်ခြင်း၊

၂။ ကမ္မဋ္ဌာန်းမှန်သမျှတို့နှင့် သင့်လျော်လျောက်ပတ်ခြင်း၊

၃။ ကြည်ညိုဖွယ် ကျရိယာပုထ်နှင့်ပြည့်စုံခြင်း၊

၄။ ဘာဝနာကိုအားထုတ်ရာ၌ ဝီရိယနှင့်သမာဓိ မျှတအောင်အားထုတ်နိုင်ခြင်း၊

၅။ သီလစသော ကောင်းမြတ်သောအကျင့်ပဋိပတ်ကို တိုးပွားစေခြင်း အကျိုးတို့ကို ရရှိနိုင်ပါသည်။ (စည်၊၁။ ၂၁၇-၂၁၉)

၃။ အထွေထွေ မှတ်သားဖွယ်

အကုသိုလ်ခုတင်ရှိ၊ မရှိ
စိစစ်ချက်

ခုတင်အားလုံးတို့သည် သေက္ခပုဂ္ဂိုလ်နှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့အတွက် ကုသိုလ်ခုတင် ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့အတွက် အဗျာကတခုတင် ဖြစ်ကုန်၏။ အကုသိုလ်ခုတင်-ဟူ၍ မရှိပေ။

သို့သော် အယူမည် ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့က "ပါဝိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ= ယုတ်မာသော အလိုရှိသည်ဖြစ်၍, ယုတ်မာသောအလိုသည် နှိပ်စက်အပ်သည်ဖြစ်၍ တောဠနေလေ့ရှိ၏" ဟူသော အင်္ဂုတ္တိရ်၊ ဝိနယဝိဠကာ၊ ပုဂ္ဂလပညတ်လာ စကားရပ်ကို ကိုးကား၍ အကုသိုလ်ခုတင်ရှိသင့်၏-ဟု ဆိုကြ၏။ စင်စစ်၊ အကုသိုလ်ခုတင်မည်သည် မရှိပေ။

<u>မရှိပုံကိုရှင်းပြရသော်-</u>

အကုသိုလ်စိတ်ဖြင့် တောဠနေသောသူ မရှိ-ဟူ၍ကား မဆိုလိုပေ။ **အဘယ်**ကြောင့်ဆိုသော် တောဠနေလေ့ရှိသူကို အာရညိကပုဂ္ဂိုလ်(တောနေရဟန်း)**ဟူ၍** ခေါ်၏။ ထိုတောနေရဟန်းသည် ယုတ်မာသောအလိုဆိုးဖြင့် နေထိုင်သူ**လည်း** ဖြစ်နိုင်ရာ၏၊ ကောင်းသောအလိုဆန္ဒဖြင့် နေထိုင်သူလည်း ဖြစ်နိုင်ရာ၏။

သို့ရာတွင် 'အကုသိုလ်'နှင့် 'ခုတင်'ဟူသောစကားသည် ဖြောင့်ဖြောင့် ဆန့်ကျင်နေ၏။ ခုတင်မည်ပုံနှင့်ပတ်သက်၍ ရှေ့တွင်ပြဆိုခဲ့ပြီးဖြစ်ရာ ယင်းခုတင်မည်ပုံတို့နှင့် လေ့လာတိုက်ဆိုင်ကြည့်လျှင် ဆန့်ကျင်မှုသည် ပိုမိုပေါ်လွင်ထင်ရှား၏။ (ခုတင်မည်ပုံသုံးမျိုးကို ဤနေရာ၌ တစ်ဆက်တည်း ဖော်ပြရမည်။ **ယင်းကို** ဤစာအုပ်၏ စာမျက်နှာ-၁၃၅ ၌ ကြည့်ပါ။)

သို့ဖြစ်ရာ အကုသိုလ်ဖြင့် ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သော ဓာတ်အမည်ရသည့်ပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိပေ။ အကယ်၍ ရှိပါသည်ဟုဆိုလျှင် ပုံသကူဓာတ်စသော ဓာတ်၁၃-ပါးတို့သည် ထိုဓာတ်ပုဂ္ဂိုလ်၏ အင်္ဂါများသာ ဖြစ်ရာ၏။ စင်စစ်၊ အကုသိုလ်သည် မည်သည့်ကိလေသာကိုမျှ မခါထုတ်, မဖျက်ဆီးနိုင်ပေ။ အကယ်၍ ခါထုတ်ဖျက်ဆီးနိုင်သည်-ဟုဆိုလျှင်လည်း အကုသိုလ်သည် ဓာတမည်သောဉာဏ်၊ ထိုဉာဏ်၏အင်္ကြင်းအင်္ဂါ ဖြစ်၏-ဟုဆိုရာရောက်ပြန်၏။ (အကုသိုလ်နှင့်ဉာဏ် အတူတူပင် ဖြစ်သည်-ဟုဆိုလိုရာ။) အကုသိုလ်သည် သင်္ကန်း၌မက်မောသော လောလုပ္ပတဏှာစသည်တို့ကိုလည်း မဖျက်ဆီးနိုင်ပေ။ (အကုသိုလ်အချင်းချင်း မပယ်သတ်နိုင်-ဟုဆိုလို၏။) သီလစသောအကျင့်ပဋိပတ်၏ အစိတ်အပိုင်းအင်္ဂါလည်း မဟုတ်ပေ။ ထို့ကြောင့် အကုသိုလ်ဓာတ် မရှိ-ဟုဆိုခြင်း ဖြစ်သည်။

ဓာတ်သည် ပညတ်မဟုတ်ကြောင်း ရှင်းပြခြင်း

အဘယဂိရိဝါသီဆရာတို့က 'ဓာတ်'ဟူသည် ပညတ်မျှသာ ဖြစ်၏-ဟုပြောဆိုယူဆကြ၏။ အဘယ်ကြောင့်ဆိုသော်- ဓာတ်သည် ကုသလတိက်မှလွတ်သောကြောင့်-ဟု အကြောင်းပြသည်။

ထိုဆရာတို့၏ယူဆချက်သည် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့ယူဆသည့်အတိုင်း ဓာတ်ကို ကုသလတိက်မှလွတ်သဖြင့် ပညတ်ဟုဆိုပါက ပရမတ်တရား မဟုတ်တော့ချေ။ သို့ဆိုလျှင် ပရမတ္ထအားဖြင့်ထင်ရှားမရှိသည့် ပညတ်တရားက မည်သည့်ကိလေသာကိုမျှ ခါထုတ်ဖျက်**ဆီး**နိုင်မည် မဟုတ်တော့ပေ။ ထို့ကြောင့် ဓာတ်ကို ပညတ်ဟု မဆိုသင့်ပေ။

ထို့ပြင် "ဓာတဂဏော သမာဒါယ ဝတ္တတိ= **ဓာတ်**ဂဏ်ကျေးဇူးတို့ကိုဆောက်တည်၍ ကျင့်၏" ဟူသော မြတ်စွာဘုရား**စကား**တော်နှင့်လည်း ဆန့်ကျင်နေ၏။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောတရားက မည်သည့်တရားကို ဆောက်တည်၍ မည်သို့သောတရားကို ကျင့်သုံးမည်နည်း? မည်သို့မျှ ဆောက်တည်ကျင့်သုံးနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဓာတ်ကို ပညတ်ဟုဆိုသောစကားသည်(ဝါ) ဓာတ်ကို ကုသလတိက်မှလွတ်၏-ဟူသောစကားသည် မသင့်လျော်သောစကားသာ ဖြစ်ချေ၏။

(စည်၁။ ၂၂၀-၂၂၃)

ဓုတင်သည် ၅-မျိုး

(၁) ဓုတင်၊
(၂) ဓုတင်ဝါဒ၊
(၃) ဓုတင်ခမ္မ၊
(၄) ဓုတင်္ဂ၊
(၅) ဓုတင်သမ္ပါယ-ဟူ၍ ၅-မျိုးရှိသည်။

၁။ ဓုတင်

ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးသောပုဂ္ဂိုလ်နှင့် ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သော တရားသည် 'ဓုတင်' မည်ပါသည်။

၂။ ဓုတင်ဝါဒ

ဓုတင် နဓုတင်ဝါဒ = မိမိသာ ဓုတင်ဆောက်တည်ပြီး၊ သူတစ်ပါးကို ဓုတင်ဆောက်တည်ရန် မတိုက်တွန်းတတ်သည့်ပုဂ္ဂိုလ်၊ (အရှင်ဗာကုလထေရ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။)

နဓုတင် ဓုတင်ဝါဒ = မိမိက ဓုတင်မဆောက်တည်ဘဲ သူတစ်ပါးကိုသာ ဓုတင်ဆောက်တည်ရန် တိုက်တွန်းတတ်သည့်ပုဂ္ဂိုလ်၊ (အရှင်ဥပနန္ဒထေရ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်။)

နေဝဓုတင် နဓုတင်ဝါဒ = မိမိလည်း ဓုတင်မဆောက်တည်, သူတစ်ပါးကိုလည်း ဓုတင်ဆောက်တည်ရန် မတိုက်တွန်းတတ်သည့်ပုဂ္ဂိုလ်၊ (အရှင်လာဠုဒါယီထေရ်ကဲ့သို့ ပုဂ္ဂိုလ်မျိုးဖြစ်သည်။)

ဓုတင် ဓုတင်ဝါဒ = မိမိလည်း ဓုတင်ဆောက်တည်, သူတစ်ပါးကိုလည်း ဓုတင်ဆောက်တည်ရန် တိုက်တွန်းတတ်သည့်ပုဂ္ဂိုလ်၊ (အရှင်သာရိပုတ္တရာထေရ်ကဲ့သို့ ပုဂ္ဂိုလ်မျိုးဖြစ်သည်။)

၃။ ဓုတင်ခမ္မ

ဓုတင်ခမ္မတရားငါးပါး ရှိပါသည်။

(၁) အပ္ပိစ္ဆတာ = အလိုနည်းခြင်း၊ (အလောဘ)
(၂) သန္တုဋ္ဌိတာ = ရောင့်ရဲလွယ်ခြင်း၊ (အလောဘ)
(၃) သလ္လေခတာ = ကိလေသာတို့ကို ခေါင်းပါးစေခြင်း၊ (အလောဘ,အမောဟ)
(၄) ပဝိဝေကတာ = ဆိတ်ငြိမ်ခြင်းကို လိုလားသူ၏အဖြစ်၊(အလောဘ,အမောဟ)
(၅) ဣဒမတ္ထိတာ = ဤဓုတင်ဂုဏ်ကျေးဇူးတို့ရှိ၏၊ ဟုသိသောဉာဏ်ဖြစ်ခြင်း၊ (အမောဟ)

ဓမ္မခမ္မဖြင့် ခါထုတ်ဖျက်ဆီးသော
ကိလေသာများ

ဤဓမ္မခမ္မတရားငါးပါးသည် တရားကိုယ်အားဖြင့် အလောဘနှင့် အမောဟ နှစ်ပါးသာ ဖြစ်သည်။ ထိုတရားနှစ်ပါးတို့တွင် -

(က) အလောဘဖြင့် ဒါယကာတို့ပေးလှူသော သင်္ကန်းစသော ပစ္စည်းဝတ္ထုတို့၌ တွယ်တာနှစ်သက်တတ်သည့် လောဘကိလေသာကို ခါထုတ်ဖျက်ဆီး၏။

(ခ) အမောဟဖြင့် ဒါယကာတို့ပေးလှူသော သင်္ကန်းစသော ပစ္စည်းဝတ္ထုတို့၌ စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သောဆင်းရဲ၊ သူတစ်ပါးနှင့်စပ်သောဖြစ်ခြင်း၊ ခိုးသူဘေးရန်အစရှိသော အပြစ်တို့ကိုဖုံးကွယ်တတ်သည့် မောဟကိလေသာကို ခါထုတ်ဖျက်ဆီး၏။

ဓမ္မခမ္မဖြင့် ခါထုတ်ဖျက်ဆီးသော
အကျင့်များ

(က) အလောဘဖြင့် ဘုရားရှင်ခွင့်ပြုတော်မူထားသည့် နူးညံ့သောအခင်း၊ခြုံထည်စသော ပစ္စည်းဝတ္ထုတို့ကို ကာမရာဂဖြင့် မှီဝဲသုံးဆောင်ခြင်းကို အကြောင်းပြု၍ ဖြစ်သော ကာမသုခလွန်ကာနယောဂအကျင့်ကို ခါထုတ်ဖျက်ဆီး၏။

(ခ) အမောဟဖြင့် ဓမ္မတင်တို့၌ အလွန်ခေါင်းပါးစေသောအကျင့်ကို အကြောင်းပြု၍ လွဲမှားစွာယူအပ်သော အတ္တကိလမထာနုယောဂအကျင့်ကို ခါထုတ်ဖျက်ဆီး၏။

၄။ ဓုတင်

ပုံသက္ကဓုတင်၊ တိစီဝရိတ်ဓုတင်အစရှိသော ဓုတင်၁၃-ပါးတို့သည် 'ဓုတင်' မည်ပါသည်။

၅။ ဓုတသပ္ပါယ

ရာဂစရိုက်ရှိသူနှင့် မောဟစရိုက်ရှိသူများသည် ဓုတင်ဆောက်တည်သင့်သူ, ဓုတင်မှီဝဲသင့်သူ(ဓုတသပ္ပါယပုဂ္ဂိုလ်)များ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဓုတင်ဆောက်တည်ခြင်းသည် ဆင်းရဲသောအကျင့် ဖြစ်၏။ ကိလေသာကို ခေါင်းပါးစေသည့်နေထိုင်ခြင်းမျိုးလည်း ဖြစ်၏။ ဆင်းရဲသောအကျင့်ကိုအကြောင်းပြု၍ ရာဂသည် ငြိမ်းပျောက်နိုင်၏။ ကိလေသာခေါင်းပါးစေသော နေထိုင်ခြင်းကို အကြောင်းပြု၍ မောဟသည် ကင်းပျောက်နိုင်၏။ ထို့ကြောင့် ရာဂစရိုက်ရှိသူနှင့် မောဟစရိုက်ရှိသူများသည် ဓုတင်ဆောက်တည်သင့်၏။ ဓုတင်ကိုမှီဝဲသင့်၏။

တစ်နည်းအားဖြင့် အာရည်ကင်ဓုတင်နှင့် ဂုက္ခမူဓုတင်နှစ်ပါးသည် ဒေါသစရိုက်ရှိသူတို့အား သင့်လျော်လျောက်ပတ်၏။ အဘယ်ကြောင့်ဆိုသော်-တောအရပ်, သစ်ပင်ရင်းတို့၌ ဓုတင်ဆောက်တည်သောသူသည် သူတစ်ပါးတို့နှင့်စပ်ယှက်ပတ်သက်ရခြင်းမရှိဘဲ တစ်ကိုယ်တည်း ချမ်းသာစွာနေရသဖြင့် ဒေါသဖြစ်စရာအကြောင်းနည်းသောကြောင့် ဖြစ်ပါသည်။

ဓုတင်ကို အကျဉ်းဝေဖန်ခြင်း

ဓုတင် ၈-ပါး

ဓုတင်၁၃-ပါးတို့သည် အကျဉ်းအားဖြင့် ခေါင်းဆောင်ဓုတင် ၃-ပါးနှင့် သီးသန့်ဓုတင် ၅-ပါးဟူ၍ ဓုတင် ၈-ပါး ရှိ၏။

ခေါင်းဆောင်ဓုတင် ၃-ပါး (၁) သပဒါနစာရိကဓုတင်၊ (ဝိဏ္ဏာပါတ်ဓုတင်ကိုလည်း ဆောက်တည်နိုင်၏။)
(၂) ဧကာသနိက်ဓုတင်၊ (ပတ္တပိဏ်းနှင့် ခလုပစ္ဆာဘတ်ဓုတင်တို့ကိုလည်း ဆောက်တည်နိုင်၏။)
(၃) အဇ္ဈောကာသိဓုတင်၊ (ဂုက္ခမူနှင့်ယထာသန္ထတိဓုတင်တို့ကိုလည်း ဆောက်တည်နိုင်၏။)

သီးသန့်ဓုတင် ၅-ပါး (၁) အာရညကင်ဓုတင်
(၂) ပုံသကူဓုတင်
(၃) တီစီဝရိတ်ဓုတင်
(၄) နိသဇ္ဇီဓုတင်
(၅) သုသာန်ဓုတင်

ဓုတင် ၄-ပါး

တစ်နည်းအားဖြင့် ဓုတင်တို့သည် သင်္ကန်းဓုတင်၊ ဆွမ်းဓုတင်၊ ကျောင်းဓုတင်နှင့် ဝီရိယဓုတင်ဟူ၍ အကျဉ်းအားဖြင့် ၄-ပါးရှိ၏။

(၁) သင်္ကန်းဓုတင် ၂-ပါး (ပုံသကူဓုတင်၊ တီစီဝရိတ်ဓုတင်)
(၂) ဆွမ်းဓုတင် ၅-ပါး (ဝိဏ္ဏာပါတ်၊ သပဒါန၊ ဧကာသနိက်၊ ပတ္တပိဏ်း၊ ခလုပစ္ဆာဘတ်)
(၃) ကျောင်းဓုတင် ၅-ပါး (အာရညကင်၊ ဂုက္ခမူ၊ အဇ္ဈောကာသိ၊ သုသာန်၊ ယထာသန္ထတိ)
(၄) ဝီရိယဓုတင် ၁-ပါး (နိသဇ္ဇီဓုတင်)

ဓာတ် ၂-ပါး

တစ်နည်းအားဖြင့် ဓာတ်တို့သည် ပစ္စယနိဿိတဓာတ်နှင့် ဝိရိယနိဿိတ ဓာတ်ဟူ၍ မြို့ရာ၏အစွမ်းဖြင့် ၂-ပါးရှိ၏။

(၁) ပစ္စည်းလေးပါးကိုအမှီပြု၍ ဆောက်တည်ရသော ဓာတ်ပေါင်း ၁၂-ပါးရှိ၏။ ယင်းဓာတ်များကို 'ပစ္စယနိဿိတဓာတ်' ဟုခေါ်၏။

(၂) ဝိရိယကိုအမှီပြု၍ ဆောက်တည်ရသော နိဿန္ဒဓာတ်ကား ၁-ပါးသာရှိ၏။ ယင်းဓာတ်ကို 'ဝိရိယနိဿိတဓာတ်' ဟုခေါ်၏။

တစ်နည်း ဓာတ် ၂-ပါး

တစ်နည်းအားဖြင့် သေဝိတဗ္ဓဓာတ်နှင့် အသေဝိတဗ္ဓဓာတ်-ဟူ၍ ဓာတ် ၂-ပါးရှိသေး၏။

(၁) သေဝိတဗ္ဓဓာတ်

- ဓာတ်ကိုမှီဝဲသဖြင့် ကမ္မဋ္ဌာန်းတိုးတက်သောပုဂ္ဂိုလ်၊
- ဓာတ်ကိုမှီဝဲသည်ဖြစ်စေ, မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းတိုးတက်လျက်သာ ရှိပြီး ကမ္မဋ္ဌာန်းမှ မဆုတ်ယုတ်သောပုဂ္ဂိုလ်၊ (ဤပုဂ္ဂိုလ်မျိုးသည် နောင်လာ နောက်သား အားကျအတုယူစေရန် ရည်ရွယ်၍ ဓာတ်ကိုမှီဝဲခြင်း ဖြစ်၏။)
- ဓာတ်ကိုမှီဝဲသည်ဖြစ်စေ, မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းမတိုးတက်,မထူးခြား သောပုဂ္ဂိုလ်၊ (ဤပုဂ္ဂိုလ်မျိုးသည် နောင်အခါ အလေ့အကျင့်ကောင်းစေခြင်း၊ အထုံဝါသနာပါစေခြင်းအကျိုးငှာ ဓာတ်ကိုမှီဝဲခြင်း ဖြစ်၏။)

(၂) အသေဝိတဗ္ဓဓာတ်

ဓာတ်ကိုမှီဝဲသည်ရှိသော် သည်းမခံနိုင်သဖြင့် ကမ္မဋ္ဌာန်းအဖို့မှ ဆုတ်ယုတ် ကျဆင်းလျှင် ယင်းပုဂ္ဂိုလ်မျိုးသည် ဓာတ်ကိုမမှီဝဲသင့်ပေ။

ဓာတ် ၁-ပါး

မည်သည့်ဓာတ်မဆို အကျဉ်းအားဖြင့် သမာဒါနစေတနာ၏ အစွမ်းဖြင့် ၁-ပါးသာ ရှိ၏။

ဤသို့လျှင် ဓာတ်တို့ကိုအကျဉ်းချုပ်ဝေဖန်သည်ရှိသော် ဓာတ် ၈-ပါးဟူ၍ လည်းကောင်း၊ ဓာတ် ၄-ပါးဟူ၍လည်းကောင်း၊ ဓာတ် ၂-ပါးဟူ၍လည်းကောင်း၊ ဓာတ် ၁-ပါးဟူ၍လည်းကောင်း ဖြစ်လာ၏။

ဓုတင်ကို အကျယ်ဝေဖန်ရာ၌
၄၂-ပါးဖြစ်လာပုံ

၁။ ဘိက္ခုဓုတင် ၁၃-ပါး

လွင်တီးခေါင်ဖြစ်၍ တောကျောင်းအင်္ဂါနှင့်ပြည့်စုံသော သုသာန်ဖြစ်ပါမူ ရဟန်း တစ်ပါးတည်းဖြစ်သော်လည်း ဓုတင်၁၃-ပါးလုံးကို တစ်ပြိုင်နက် ဆောက်တည်နိုင်၏။

၂။ သာမဏေဓုတင် ၁၂-ပါး

သာမဏေသည် ဘိက္ခုဓုတင် ၁၃-ပါးတွင် တိစီဝရိတ်ဓုတင်မှကြွင်းသော ဓုတင် ၁၂-ပါးလုံးကို တစ်ပြိုင်နက် ဆောက်တည်နိုင်၏။

၃။ ဘိက္ခုနီဓုတင် ၈-ပါး

ဘိက္ခုနီသည် အာရညကင်ဓုတင်၊ ခလုပစ္ဆာဘတ်ဓုတင်၊ အဇ္ဈောကာသိကဓုတင်၊ ရုက္ခမူဓုတင်၊ သုသာန်ဓုတင် ၅-ပါးကို ချန်ထား၍ ကြွင်းကျန်သည့် ဓုတင်၈-ပါးလုံးကို တစ်ပြိုင်နက် ဆောက်တည်နိုင်၏။

၄။ သိက္ခမာန်နှင့် သာမဏေရီဓုတင် ၇-ပါး

သိက္ခမာန်နှင့် သာမဏေရီတို့သည် ဘိက္ခုနီဓုတင်၈-ပါးတွင် တိစီဝရိတ်ဓုတင်မှကြွင်းသော ဓုတင်၇-ပါးလုံးကို တစ်ပြိုင်နက် ဆောက်တည်နိုင်၏။

၅။ လူပုဂ္ဂိုလ်ဓုတင် ၂-ပါး၊

လူပုဂ္ဂိုလ်တို့သည် ဧကာသနိက်ဓုတင်နှင့် ပတ္တပိဏ္ဍိကဓုတင် နှစ်ပါးကိုတစ်ပြိုင်နက် ဆောက်တည်နိုင်၏။

ဤသို့လျှင် ဓုတင်တို့ကိုအကျယ်ဝေဖန်သည်ရှိသော် ဘိက္ခုဓုတင် ၁၃-ပါး၊ သာမဏေဓုတင် ၁၂-ပါး၊ ဘိက္ခုနီဓုတင် ၈-ပါး၊ သိက္ခမာန်နှင့်သာမဏေရီဓုတင် ၇-ပါး၊ လူပုဂ္ဂိုလ်ဓုတင် ၂-ပါးဟူ၍ ဓုတင်ပေါင်း ၄၂-ပါး ဖြစ်လာ၏။

ဓုတင်္ဂ နိဒ္ဒေသ
ပြီး၏။

ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ပါလ"
ဘာသာရေးညီအကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

ကမ္မဋ္ဌာနဂ္ဂဟဏ
နိဒ္ဒေသ

၁။ သမာဓိအကြောင်း

သမာဓိမည်ပုံ

သမာဓိ-ဟူသည် ကုသိုလ်စိတ်၌ရှိသော 'ဧကဂ္ဂတာ'ကို ခေါ်၏။ ယင်း ဧကဂ္ဂတာသည် တစ်ခုတည်းသောအာရုံ၌ စိတ်,စေတသိက်တရားတို့ကို ဖရိဖရဲ မဖြစ်အောင် ကောင်းစွာထားခြင်း, ကောင်းစွာတည်တံ့ခြင်း-ဟူသော သမာဓာန အနက်သဘောကြောင့် 'သမာဓိ' မည်ပါသည်။

သမာဓိ၏လက္ခဏာစသည်

(က) သမာဓိသည် မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။

(ခ) ပျံ့လွင့်ခြင်းကို ဖျက်ဆီးခြင်းကိစ္စရှိ၏။

(ဂ) မတုန်မလှုပ်သောတရား-ဟု ရှုသူတို့ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(ဃ) "ကိုယ်စိတ်ချမ်းသာသောသူ၏ စိတ်သည် တည်ကြည်၏" ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ချမ်းသာခြင်းသုခသည် သမာဓိ၏ နီးသောအကြောင်း ပဒဋ္ဌာန် ဖြစ်၏။

ဒုကသမာဓိ ၈-ပါး

ပထမဒုကသမာဓိ (၂)ပါး

ဥပစာရသမာဓိ - ဗုဒ္ဓါနုဿတိစသော အနုဿတိ ၆-ပါး၊ မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်အားဖြင့် ဤ ၁၀-ပါးသောကမ္မဋ္ဌာန်းဖြင့် ရရှိသည့် သမာဓိသည်လည်းကောင်း၊ အပ္ပနာသမာဓိတို့၏ ရှေ့ဦးဖြစ်သောသမာဓိသည်လည်းကောင်း ဥပစာရသမာဓိ မည်၏။

အပ္ပနာသမာဓိ - "ပထမစျာန်၏ ပရိက်ဿသည် ပထမစျာန်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏" စသည်ဖြင့် ဟောတော်မူသော ကြောင့် ဂေါတြဘူ-ဟူသော ပရိက်သမာဓိ၏ အခြားမဲ့၌ ဖြစ်သောသမာဓိသည် အပ္ပနာသမာဓိ မည်၏။

ဒုတိယဒုကသမာဓိ (၂)ပါး

လောကီသမာဓိ - ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာသည် လောကီသမာဓိ မည်၏။

လောကုတ္တရာသမာဓိ - အရိယာမဂ်နှင့်ယှဉ်သော ဧကဂ္ဂတာသည် လောကုတ္တရာသမာဓိ မည်၏။

တတိယဒုကသမာဓိ (၂)ပါး

သပ္ပီတိကသမာဓိ - စတုတ္ထနည်းအားဖြင့် ပထမစျာန်၊ ဒုတိယစျာန် နှစ်ပါး၌ရှိသော ဧကဂ္ဂတာနှင့် ပဋိကနည်းအားဖြင့် ပထမ၊ ဒုတိယ၊ တတိယစျာန်သုံးပါး၌ရှိသော ဧကဂ္ဂတာသည် ပီတိနှင့်တကွဖြစ်သော သမာဓိ မည်၏။

နိပ္ပီတိကသမာဓိ - စတုတ္ထနည်းအားဖြင့်-တတိယစျာန်၊ စတုတ္ထစျာန်နှစ်ပါး၌ရှိသော ဧကဂ္ဂတာနှင့် ပဋိကနည်းအားဖြင့် စတုတ္ထစျာန်၊ ပဋမစျာန်နှစ်ပါး၌ရှိသော ဧကဂ္ဂတာသည် ပီတိမရှိသောသမာဓိ မည်၏။

စတုတ္ထဒုကသမာဓိ (၂)ပါး

သုခသဟဂတသမာဓိ - စတုတ္ထနည်းအားဖြင့် ပထမ၊ ဒုတိယ၊ တတိယ-စျာန်သုံးပါး၌ရှိသော ဧကဂ္ဂတာနှင့် ပဋိကနည်းအားဖြင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ-စျာန်လေးပါး၌ရှိသော ဧကဂ္ဂတာသည် သုခဝေဒနာနှင့်တကွဖြစ်သောသမာဓိ မည်၏။

ဥပေက္ခာသဟဂတသမာဓိ - စတုက္ကနည်းအားဖြင့် စတုတ္ထစျာန်၌ရှိသော ကေဂ္ဂတာနှင့် ပဉ္စကနည်းအားဖြင့် ပဉ္စမစျာန်၌ရှိသော ကေဂ္ဂတာသည် ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောသမာဓိ မည်၏။

တိကသမာဓိ ၁၂-ပါး

ပထမတိကသမာဓိ (၃)ပါး

ဟီနသမာဓိ - ရကာမျှဖြစ်သော သမာဓိသည် ဟီနသမာဓိ မည်၏။

မဇ္ဈိမသမာဓိ - လွန်စွာမပွားစေအပ်သော သမာဓိသည် မဇ္ဈိမသမာဓိ မည်၏။

ပဏီတသမာဓိ - လွန်စွာပွားစေအပ်ပြီးသော ဝသီဘော်ငါးပါးသို့ရောက်သော သမာဓိသည် ပဏီတသမာဓိ မည်၏။

ဒုတိယတိကသမာဓိ (၃)ပါး

သဝိတက္ကသဝိစာရသမာဓိ - ဥပစာရသမာဓိနှင့်တကွ ပထမစျာန်၌ရှိသော ကေဂ္ဂတာသည် ဝိတက်,ဝိစာရနှင့်တကွဖြစ်သောသမာဓိ မည်၏။

အဝိတက္ကဝိစာရမတ္တသမာဓိ - ပဉ္စကနည်းအားဖြင့် ဒုတိယစျာန်၌ရှိသော ကေဂ္ဂတာသည် ဝိတက်မရှိ,ဝိစာရမျှသာရှိသောသမာဓိ မည်၏။

အဝိတက္ကအဝိစာရသမာဓိ - စတုက္ကနည်းအားဖြင့် ဒုတိယ၊ တတိယ၊ စတုတ္ထ-စျာန်သုံးပါး၌ရှိသော ကေဂ္ဂတာနှင့် ပဉ္စကနည်းအားဖြင့် တတိယ၊ စတုတ္ထ၊ ပဉ္စမ-စျာန်သုံးပါး၌ရှိသော ကေဂ္ဂတာသည် ဝိတက်လည်းမရှိ, ဝိစာရလည်းမရှိသောသမာဓိ မည်၏။

တတိယတိကသမာဓိ (၃)ပါး

ပီတိသဟဂတသမာဓိ - စတုက္ကနည်းအားဖြင့် ပထမ၊ ဒုတိယ-စျာန်နှစ်ပါး၌ရှိသော ကေဂ္ဂတာနှင့် ပဉ္စကနည်းအားဖြင့် ပထမ၊ ဒုတိယ၊ တတိယစျာန်သုံးပါး၌ရှိသော ကေဂ္ဂတာသည် ပီတိနှင့်တကွဖြစ်သော သမာဓိ မည်၏။

သုခသဟဂတသမာဓိ - စတုက္ကနည်းအားဖြင့် တတိယစျာန်၌ရှိသော ကေဂ္ဂတာနှင့် ပဉ္စကနည်းအားဖြင့် စတုတ္ထစျာန်၌ရှိသော ကေဂ္ဂတာသည် သုခဝေဒနာနှင့်တကွဖြစ်သောသမာဓိ မည်၏။

ဥပေက္ခာသဟဂတသမာဓိ - နည်းနှစ်မျိုးတို့၏ အဆုံးဖြစ်သောစျာန်၌ရှိသော ကေဂ္ဂတာသည် ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောသမာဓိ မည်၏။

စတုတ္ထတိကသမာဓိ (၃)ပါး

ပရိတ္တသမာဓိ - ဥပစာရသမာဓိနှင့် သမ္မယုတ်ဖြစ်သည့် စိတ္တဗျပါဒ်၌ရှိသော ကောဂ္ဂတာသည် ပရိတ္တသမာဓိ မည်၏။

မဟဂ္ဂတသမာဓိ - ရူပါဝစရ၊ အရူပါဝစရကုသိုလ် စိတ္တဗျပါဒ်၌ရှိသော ကောဂ္ဂတာသည် မဟဂ္ဂတသမာဓိ မည်၏။

အပ္ပမာဏသမာဓိ - အရိယာမဂ်နှင့် သမ္မယုတ်ဖြစ်သော ကောဂ္ဂတာသည် အပ္ပမာဏသမာဓိ မည်၏။

စတုက္ကသမာဓိ ၂၄-ပါး

ပထမစတုက္ကသမာဓိ (၄)ပါး

ဒုက္ခပဋိပဒါ-ဒန္ဓာဘိညာသမာဓိ - ဆင်းရဲသောအကျင့်, နှေးသည့်အသိဉာဏ်ထူးရှိသောသမာဓိသည် ဒုက္ခပဋိပဒါဒန္ဓာဘိညာသမာဓိ မည်၏။

ဒုက္ခပဋိပဒါ-ခိပ္ပါဘိညာသမာဓိ - ဆင်းရဲသောအကျင့်, လျင်မြန်သည့်အသိဉာဏ်ထူးရှိသောသမာဓိသည် ဒုက္ခပဋိပဒါခိပ္ပါဘိညာသမာဓိ မည်၏။

သုခပဋိပဒါ-ဒန္ဓာဘိညာသမာဓိ - ချမ်းသာသောအကျင့်, နှေးသည့်အသိဉာဏ်ထူးရှိသောသမာဓိသည် သုခပဋိပဒါဒန္ဓာဘိညာသမာဓိ မည်၏။

သုခပဋိပဒါ-ခိပ္ပါဘိညာသမာဓိ - ချမ်းသာသောအကျင့်, လျင်မြန်သည့်အသိဉာဏ်ထူးရှိသောသမာဓိသည် သုခပဋိပဒါခိပ္ပါဘိညာသမာဓိ မည်၏။

ဒုတိယစတုက္ကသမာဓိ (၄)ပါး

ပရိတ္တပရိတ္တာရမ္မဏသမာဓိ - နည်းသောအာနုဘော်, ကျဉ်းမြောင်းသည့်အာရုံရှိသောသမာဓိသည် ပရိတ္တ-ပရိတ္တာရမ္မဏသမာဓိ မည်၏။

ပရိတ္တအပ္ပမာဏာရမ္မဏသမာဓိ - နည်းသောအာနုဘော်, ကြီးကျယ်သည့်အာရုံရှိသောသမာဓိသည် ပရိတ္တ-အပ္ပမာဏာရမ္မဏသမာဓိ မည်၏။

အပ္ပမာဏပရိတ္တာရမ္မဏသမာဓိ - ကြီးကျယ်သောအာနုဘော်, ကျဉ်းမြောင်းသည့်အာရုံရှိသောသမာဓိသည် အပ္ပမာဏ-ပရိတ္တာရမ္မဏသမာဓိ မည်၏။

အပ္ပမာဏအပ္ပမာဏာရမ္မဏသမာဓိ - ကြီးကျယ်သောအာနုဘော်, ကြီးကျယ်သည့်အာရုံရှိသောသမာဓိသည် အပ္ပမာဏ-အပ္ပမာဏာရမ္မဏသမာဓိ မည်၏။

တတိယစတုက္ကသမာဓိ (၄)ပါး

ပထမဈာနက်သမာဓိ - ပယ်ခွါအပ်ငြိုးသည့် နိဝရဏရှိကုန်သော ဝိတက်,ဝိစာရ, ပီတိ,သုခ,ဧကဂ္ဂတာ စျာန်အင်္ဂါငါးပါးရှိသည့် သမာဓိသည် ပထမဈာနက်သမာဓိ မည်၏။

ဒုတိယဈာနက်သမာဓိ - ထိုပထမစျာန်မှအထက်၌ ဝိတက်,ဝိစာရငြိမ်းခြင်းကြောင့် ပီတိ,သုခ,ဧကဂ္ဂတာ စျာန်အင်္ဂါသုံးပါးရှိသည့် သမာဓိသည် ဒုတိယဈာနက်သမာဓိ မည်၏။

တတိယဈာနက်သမာဓိ - ထိုဒုတိယစျာန်မှအထက်၌ ပီတိကိုလွန်မြောက်ခြင်းကြောင့် သုခ,ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးရှိသည့် သမာဓိသည် တတိယဈာနက်သမာဓိ မည်၏။

စတုတ္ထဈာနက်သမာဓိ - ထိုတတိယစျာန်မှအထက်၌ သုခကိုပယ်၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဥပေက္ခာ,ဧကဂ္ဂတာ စျာန်အင်္ဂါနှစ်ပါးရှိသည့် သမာဓိသည် စတုတ္ထဈာနက်သမာဓိ မည်၏။

စတုတ္ထစတုက္ကသမာဓိ (၄)ပါး

ဟာနဘာဂိယသမာဓိ - ယုတ်လျော့သောအဖို့ရှိသော သမာဓိသည် ဟာနဘာဂိယသမာဓိ မည်၏။

ဌိတိဘာဂိယသမာဓိ - တည်တံ့ခါမျှအဖို့ရှိသော သမာဓိသည် ဌိတိဘာဂိယသမာဓိ မည်၏။

ဝိသေသဘာဂိယသမာဓိ - ထူးသောအဖို့ရှိသော သမာဓိသည် ဝိသေသဘာဂိယသမာဓိ မည်၏။

နိဗ္ဗေဘာဂိယသမာဓိ - သစ္စာလေးပါးကို ဖောက်ထွင်းသိမြင်သော အရိယာမဂ်အဖို့ရှိသော သမာဓိသည် နိဗ္ဗေဘာဂိယသမာဓိ မည်၏။

ပဉ္စမစတုက္ကသမာဓိ (၄)ပါး

ကာမာဝစရသမာဓိ - အလုံးစုံသော ဥပစာရဧကဂ္ဂတာသည် ကာမာဝစရသမာဓိ မည်၏။

ရူပါဝစရသမာဓိ - ရူပါဝစရကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာသည် ရူပါဝစရသမာဓိ မည်၏။

အရူပါဝစရသမာဓိ - အရူပါဝစရကုသိလ်စိတ်၌ရှိသော ဧကဂ္ဂတာသည် အရူပါဝစရသမာဓိ မည်၏။

အပရိယာပန္နသမာဓိ - လောကုတ္တရာမဂ်၌ရှိသော ဧကဂ္ဂတာသည် အပရိယာပန္နသမာဓိ မည်၏။

ဆန္ဒစတုက္ကသမာဓိ (၄)ပါး:

ဆန္ဒသမာဓိ - ဆန္ဒကို အကြီးအမှူးပြု၍ စိတ်၏တည်ကြည်မှုသည် ဆန္ဒသမာဓိ မည်၏။

ဝီရိယသမာဓိ - ဝီရိယကို အကြီးအမှူးပြု၍ စိတ်၏တည်ကြည်မှုသည် ဝီရိယသမာဓိ မည်၏။

စိတ္တသမာဓိ - စိတ်ကို အကြီးအမှူးပြု၍ စိတ်၏တည်ကြည်မှုသည် စိတ္တသမာဓိ မည်၏။

ဝီမံသသမာဓိ - ပညာကို အကြီးအမှူးပြု၍ စိတ်၏တည်ကြည်မှုသည် ဝီမံသသမာဓိ မည်၏။

ပဉ္စကသမာဓိ ၅-ပါး:

ပထမဈာနသမာဓိ - ဝိတက်,ဝိစာရ,ပီတိ,သုခနှင့်တကွဖြစ်သော ဧကဂ္ဂတာသည် ပထမဈာနသမာဓိ မည်၏။

ဒုတိယဈာနသမာဓိ - ဝိစာရ,ပီတိ,သုခနှင့်တကွဖြစ်သော ဧကဂ္ဂတာသည် ဒုတိယဈာနသမာဓိ မည်၏။

တတိယဈာနသမာဓိ - ပီတိ,သုခနှင့်တကွဖြစ်သော ဧကဂ္ဂတာသည် တတိယဈာနသမာဓိ မည်၏။

စတုတ္ထဈာနသမာဓိ - သုခနှင့်တကွဖြစ်သော ဧကဂ္ဂတာသည် စတုတ္ထဈာနသမာဓိ မည်၏။

ပဉ္စမဈာနသမာဓိ - ဥပေက္ခာနှင့်တကွဖြစ်သော ဧကဂ္ဂတာသည် ပဉ္စမဈာနသမာဓိ မည်၏။ (စည်း၁။ ၂၃၂-၂၄၂)

ပထမ စတုက္ကသမာဓိ ၄-ပါး
မှတ်သားဖွယ်

ပဋိပဒါမည်ပုံ

ရှေးဦးစွာ ဘာဝနာကမ္မဋ္ဌာန်း နှလုံးသွင်းသည်မှစ၍ ဆိုင်ရာစျာန်အသီးသီးတို့၏ ဥပစာရသမာဓိ ဖြစ်ပေါ်လာသည့်တိုင်အောင် ဖြစ်ခဲ့သော ကာမာဝစရကုသိုလ် သမာဓိဘာဝနာကို 'ပဋိပဒါ'(ရောက်ကြောင်းအကျင့်) ဟုခေါ်၏။

[ပဌမသမန္နာဟာရတော ပဋ္ဌာယ ယာဝ တဿ တဿ စျာနဿ ဥပစာရံ ဥပ္ပဇ္ဇတိ၊ တာဝ ပဝတ္တာ သမာဓိဘာဝနာ ပဋိပဒါတိ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊ ၁။ ၈၃)]

ပဋိပဒါနှစ်မျိုး

(၁) နိဝရဏအစရှိသော သမာဓိ၏ဆန့်ကျင်ဘက်တရားတို့ ဖြစ်ပေါ်လာခြင်းကြောင့်လည်းကောင်း၊ နိဝရဏတရားတို့ ရှုပ်ထွေးထူထပ်နေသည်၏အဖြစ်ကြောင့်လည်းကောင်း စျာန်သို့ရောက်ကြောင်းအကျင့်သည် ခဲခဲယဉ်းယဉ်းဖြစ်နေ၏။ ငြိုငြင်ပင်ပန်းစွာ ကျင့်နေရ၏။ လွယ်လွယ်ကူကူမဖြစ်ဘဲ ဆင်းရဲနေ၏။ ဤသို့သောအကျင့်မျိုးကို 'ဒုက္ခပဋိပဒါ' ဟုခေါ်၏။

(၂) နိဝရဏအစရှိသော ဆန့်ကျင်ဘက်တရားတို့မရှိခြင်းကြောင့် စျာန်သို့ရောက်ကြောင်းအကျင့်ကိုကျင့်ရသည်မှာ လွယ်ကူချောမွေ့နေ၏။ ချမ်းသာ၏။ ဤသို့သောအကျင့်မျိုးကို 'သုခပဋိပဒါ' ဟုခေါ်၏။

အဘိညာမည်ပုံ

ဥပစာရသမာဓိမှစ၍ အပွနာစျာန်တိုင်အောင် ဖြစ်သောပညာကို 'အဘိညာ' (အထူးသိမှု၊ အသိထူး) ဟုခေါ်၏။

[ဥပစာရတော ပန ပဋ္ဌာယ ယာဝ အပွနာ၊ တာဝ ပဝတ္တာ ပညာ အဘိညာတိ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊ ၁။ ၈၃)]

အဘိညာနှစ်မျိုး

(၁) အထူးသိမှု အဘိညာသည် အချို့ပုဂ္ဂိုလ်တို့၌ နှံ့နေး၏၊ လျင်မြန်မှုမရှိပေ။ ဤအသိထူးမျိုးကို 'ဒန္ဓာဘိညာ' ဟုခေါ်၏။

(၂) အချို့ပုဂ္ဂိုလ်တို့၌ အထူးသိမှု အဘိညာသည် မနံ့မနေး၊ လျင်မြန်မှုရှိ၏။ ဤအသိထူးမျိုးကို 'ခိပ္ပါဘိညာ' ဟုခေါ်၏။

ပဋိပဒါ-အဘိညာ ကွဲပြားပုံ

ဒုက္ခပဋိပဒါ	သုခပဋိပဒါ
ပလိဗောဓဖြတ်ခြင်းစသော ပုဗ္ဗကိစ္စ တို့ကိုမပြုဘဲ ဘာဝနာပွားများသူ	ပလိဗောဓဖြတ်ခြင်းစသော ပုဗ္ဗကိစ္စ တို့ကိုပြုပြီးမှ ဘာဝနာပွားများသူ
တဏှာလွန်မိုးသူ	တဏှာမလွန်မိုးသူ
သမထဘာဝနာကို ကြိုးစား၍ အားမထုတ်ခဲ့ဖူးသောသူ	သမထဘာဝနာကို ကြိုးစား၍ အားထုတ်ခဲ့ဖူးသောသူ

ဒန္ဓာဘိညာ	ခိပ္ပါဘိညာ
အပ္ပနာကောသလ္လနှင့်မပြည့်စုံသောသူ	အပ္ပနာကောသလ္လနှင့် ပြည့်စုံသောသူ
အဝိဇ္ဇာလွန်မိုးသူ	အဝိဇ္ဇာမလွန်မိုးသူ
ဝိပဿနာဘာဝနာကို ကြိုးစား၍ အားမထုတ်ခဲ့ဖူးသောသူ	ဝိပဿနာဘာဝနာကို ကြိုးစား၍ အားထုတ်ခဲ့ဖူးသောသူ

ဒုက္ခပဋိပဒါ-ဒန္ဓာဘိညာ	သုခပဋိပဒါ-ခိပ္ပါဘိညာ
မလျောက်ပတ်သည့် သပ္ပါယကို မှီဝဲလေ့ရှိသူ	လျောက်ပတ်သည့် သပ္ပါယကို မှီဝဲလေ့ရှိသူ
ကာမစ္ဆန္ဒစသော ကိလေသာ အားကြီး၍ ကွန်ဒြေနုသူ	ကာမစ္ဆန္ဒစသော ကိလေသာ အားနည်း၍ ကွန်ဒြေရင့်သူ

ဒုက္ခပဋိပဒါ-ခိပ္ပါဘိညာ	သုခပဋိပဒါ-ဒန္ဓာဘိညာ
ဥပစာရစ္စာန်မရမီ ရှေ့အဖို့၌ အသပ္ပါယကို မှီဝဲ၍ ဥပစာရစ္စာန်မှ နောက်၌ သပ္ပါယကို မှီဝဲလေ့ရှိသူ	ဥပစာရစ္စာန်မရမီ ရှေ့အဖို့၌ သပ္ပါယကို မှီဝဲ၍ ဥပစာရစ္စာန်မှ နောက်၌ အသပ္ပါယကို မှီဝဲလေ့ရှိသူ
ကာမစ္ဆန္ဒစသော ကိလေသာ အားကြီး၍ ကွန်ဒြေရင့်သူ	ကာမစ္ဆန္ဒစသော ကိလေသာ အားနည်း၍ ကွန်ဒြေနုသူ

သမာဓိညစ်နွမ်းခြင်း

ပထမစျာန်ရသောပုဂ္ဂိုလ်အား ကာမသညာဖြစ်ခြင်းသည် ဆုတ်ယုတ်သည့် အဖို့ရှိသောကြောင့် ဟာနဘာဂိယ မည်၏။ ထိုဆုတ်ယုတ်ခြင်းအဖို့ရှိသောတရား (ဟာနဘာဂိယဓမ္မ)ကို "သမာဓိညစ်နွမ်းခြင်း" ဟု ခေါ်ပါသည်။

သမာဓိဖြူစင်ခြင်း

ပထမစျာန်ရသောပုဂ္ဂိုလ်အား ဝိတက်ကင်းသောစျာန်နှင့် အတူတကွဖြစ်သော သညာ(အဝိတက္ကသညာ) ဖြစ်ပေါ်ခြင်းသည် ထူးသောအဖို့ရှိသောကြောင့် ဝိသေသ ဘာဂိယ မည်၏။ ထိုထူးသောအဖို့ရှိသောတရား(ဝိသေသဘာဂိယဓမ္မ)ကို "သမာဓိ ဖြူစင်ခြင်း" ဟု ခေါ်ပါသည်။

၂။ သမာဓိပွားများနည်း

သမာဓိပွားများရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များ

သမာဓိကို ပွားများလိုသောယောဂိပုဂ္ဂိုလ်သည်-

(၁) စင်ကြယ်သောသီလရှိရမည်။

(၂) ပလိဗောဓကြီးဆယ်ပါးကို ပယ်ဖြတ်ထားရမည်။

(၃) ကမ္မဋ္ဌာန်းပေးမည့် ကလျာဏမိတ္တ(ကမ္မဋ္ဌာန်းဆရာ)ထံသို့ ချဉ်းကပ်ရမည်။

(၄) ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မိမိစရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို ဆောင်ယူရမည်။

(၅) မလျောက်ပတ်သော ကျောင်း ၁၈-ရပ်၌ နေထိုင်ခြင်းကို ရှောင်ကြဉ်ရမည်။

(၆) အင်္ဂါငါးပါးရှိသော လျောက်ပတ်သောကျောင်း၌သာ နေထိုင်ရမည်။

(၇) ပလိဗောဓငယ်များကို ပယ်နိုင်သမျှ ပယ်ရမည်။

(၈) သက်ဆိုင်ရာ ဘာဝနာပွားများပုံ အစီအရင်များအတိုင်း ပြည့်စုံစွာလိုက်နာကျင့်သုံး၍ ပွားများရပါမည်။

ပလိဗောဓကြီး ၁၀-ပါး အကြောင်း

၁။ <u>အာဝါသပလိဗောဓ</u>

တိုက်ခန်းတစ်ခုကိုဖြစ်စေ, ပရိဝုဏ်တစ်ခုကိုဖြစ်စေ, သံဃာ့အာရာမ်တစ်ခုလုံးကိုဖြစ်စေ ကျောင်းနေရာ(သေနာသန)ဟု သတ်မှတ်ထားရာ ထိုကျောင်းတွင် အမှုကိစ္စ စသည်တို့၌ ကြောင့်ကြစိုက်သောသူ၊ သင်္ကန်း,သပိတ်စသော ပစ္စည်းများစွာကို သိုမှီးသိမ်းဆည်းထားသောသူ၊ အရိပ်အာဝါသ,ရေတို့ဖြင့်ပြည့်စုံခြင်း, ဆွမ်းရလွယ်ခြင်း စသောအကြောင်းတို့ကြောင့် ငဲ့ကွက်တွယ်တာသည့်စိတ်ရှိသူတို့အား "အာဝါသ ပလိဗောဓ" ဖြစ်၏။ ငဲ့ကွက်တွယ်တာမှုမရှိသော ပုဂ္ဂိုလ်တို့အား မဖြစ်ပေ။ အာဝါသ ပလိဗောဓဖြစ်ပုံနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ သာဓကဝတ္ထုမှာ ဤသို့ဖြစ်၏။

အနုရာဓမြို့သား အမျိုးကောင်းသားနှစ်ယောက်သည် ထူပါရာမကျောင်းတိုက်၌ ရဟန်းဝတ်ကြ၏။ ရဟန်းနှစ်ပါးတို့အနက် တစ်ပါးက ဒွေမာတိကာကို သင်ယူ၍ ငါးဝါအရတွင် ပါစိနခဏ္ဍကအရပ်သို့ ကြွသွား၏။ ကျန်တစ်ပါးက ယင်းထူပါရာမကျောင်းတိုက်၌ပင် ဆက်လက်နေထိုင်၏။

ပါစိနခဏ္ဍကအရပ်၌ သီတင်းသုံးနေသည့်ရဟန်းသည် ဆယ်ဝါရ၍ မထေရ်ဖြစ်သည့်အခါ ကျောင်းတိုက်၌ကျန်ခဲ့သည့် မိတ်ဆွေရဟန်းကို ပါစိနခဏ္ဍကအရပ်၌ သီတင်းသုံးရန်သင့်လျော်ကြောင်း ပြောကြားရန်အတွက် ထူပါရာမကျောင်းသို့ ပြန်လာခဲ့၏။ ကျောင်းသို့ရောက်သောအခါ မိတ်ဆွေအာဝါသိကရဟန်းက ခရီးဦးကြို ဆို၏။ အာဂန္တုကရဟန်းသည် ကျောင်းတိုက်၌တည်းခိုနေစဉ်အတွင်း "ငါရဲ့မိတ်ဆွေရဟန်းသည် ဤမြို့မှာ နေတာကြာပြီဖြစ်လို့ လာဘ်လာဘပေါများမှာပဲ၊ ငါ့အတွက် ဖျော်ရည်ကိုတော့ ချက်ချင်းလာပို့ခိုင်းမှာပဲ" ဟု ထင်နေမိ၏။ သို့သော် ညနေခင်းအတွက် ဖျော်ရည်ကား ရောက်မလာခဲ့ပေ။ ကျိန်းစက်ခါနီးတွင်လည်း "နံနက်ခင်းအရဏ်ဆွမ်းအတွက်တော့ ဒါယကာတစ်ယောက်ကို လွှတ်ပြီးပို့ခိုင်းမှာပဲ" ဟု ထင်မိပြန်၏။ နံနက်ခင်းအရဏ်၌လည်း ထင်သည့်အတိုင်း ဖြစ်မလာပေ။ နောက်တစ်နေ့ နံနက်အရဏ်တက်အချိန်တွင်မူ အာဝါသိကရဟန်းရောက်လာပြီး မိတ်ဆွေ အာဂန္တုကရဟန်းအား ဆွမ်းခံထွက်ရန်အတွက် လာရောက်ပင့်ခေါ်၏။ ရဟန်းနှစ်ပါး ဆွမ်းခံထွက်ကြရာ အရဏ်ဆွမ်းအတွက် ယာဂုအနည်းငယ်ရသဖြင့် ဇရပ်တစ်ခုတွင်ထိုင်၍ သောက်ကြ၏။ ဤသို့ ယာဂုသောက်နေကြစဉ် အာဂန္တုကရဟန်းက "ဧကန္တ ငါရဲ့ မိတ်ဆွေရဟန်းမှာ အမြဲတမ်းယာဂုဝတ် ရှိဟန်မတူဘူး၊ ဒါပေမဲ့ နေ့ဆွမ်းအတွက်တော့ ဒကာတွေ လာလှူကြလိမ့်မယ်ထင်တယ်" ဟုတွေးနေမိ၏။ သို့သော် နေ့ဆွမ်းအတွက်လည်း ဆွမ်းခံထွက်၍ပင် ဘုဉ်းပေးရပြန်၏။

ထိုအခါ အာဂန္တုကရဟန်းက "အရှင်ဘုရား...၊ နေ့စဉ်နေ့တိုင်း ဒီလိုပဲ မျှတနေရသလားဘုရား?" ဟု မေးမြန်းလေရာ အာဝါသိကရဟန်းက "ဟုတ်ပါတယ် ငါ့ရှင်" ဟု ဖြေကြား၏။ "အရှင်ဘုရား...၊ပါစိနခဏ္ဍကအရပ်ဆိုတာ ရဟန်းတော်တွေအတွက် မျှတတဲ့အရပ်ဖြစ်ပါတယ်၊ အဲဒီအရပ်ကို သွားကြစို့လားဘုရား" ဟုပြောဆို၏။ ထိုအခါ အာဝါသိကရဟန်းသည် ရှေ့မှဦးဆောင်၍ တောင်ဘက်မုခ်တံခါးဖြင့် အနုရာဓမြို့တွင်းမှထွက်၍ အိုးထိန်းသည်တို့ရွာလမ်းမှ ကြွလေ၏။

အာဂန္တုကရဟန်း - "အရှင်ဘုရား ဘယ်အတွက် ဒီလမ်းကကြွတာလဲဘုရား"

အာဝါသိကရဟန်း - "အရှင်ဘုရားပြောတဲ့ ပါစိနခဏ္ဍကအရပ်ကို သွားမယ်လေ"

အာဂန္တုကရဟန်း - ''အရှင်ဘုရား ဒီမှာနေတာ ကြာလှပြီ၊ အခြားအပို ပရိက္ခရာ မရှိဘူးလားဘုရား?''

အာဝါသိကရဟန်း - ''မရှိပါဘူး ငါ့ရှင်၊ ညောင်စောင်း,အင်းပျဉ်တွေက သံဃိက ပစ္စည်းတွေဆိုတော့ သိမ်းဆည်းခဲ့ပြီးပါပြီ''

အာဂန္တုကရဟန်း - ''ဒါဆိုရင် တပည့်တော်ရဲ့ တောင်ဝှေး,ဆီကျည်တောက်, ဖိနပ်,အိတ်တွေက ထူပါရဲ့ကျောင်းမှာ ကျန်နေသေးတယ် သွားပြီးယူဦးမယ်ဘုရား''

အာဝါသိကရဟန်း - ''သြော် အရှင်ဘုရားနှယ် တစ်နေ့လေးတည်းခိုနေထိုင်တာ ပရိက္ခရာတွေ များပေသကိုး'' ဟုအံ့အားသင့်လျက် ပြော၏။

ထိုအခါ အာဂန္တုကရဟန်းလည်း မိတ်ဆွေအာဝါသိကရဟန်းကို အလွန်ကြည်ညိုပြီး လက်အုပ်ချီလျက် ''မှန်ပါဘုရား၊ အရှင်ဘုရားလိုရဟန်းမျိုးကတော့ ဘယ်နေရာမှာပဲနေနေ တောနေရဟန်းပါပဲဘုရား၊ အင်း... ထူပါရဲ့ကျောင်းတိုက်ကြီးဆိုတာ လေးဆူသောဘုရားရှင်တို့၏ ဓာတ်တော်များကိန်းအောင်းရာ ဓာတ်တော်တိုက်ကြီးလည်းဖြစ်ပြန်၊ တရားနာမယ်ဆိုရင်လည်း ကြေးပြဿာဒ်မှာ အလွယ်တကူပဲ တရားနာလို့ရတယ်၊ မဟာစေတီတော်ကိုလည်း ဖူးလို့ရတယ်၊ မထေရ်ကြီးတို့ကို မှီဝဲဆည်းကပ်ဖို့လည်း လွယ်ကူတယ်၊ ဒါ့ကြောင့် အရှင်ဘုရား ဒီကျောင်းတိုက်ကြီးမှာပဲ သီတင်းသုံးနေရစ်ခဲ့ပါတော့ဘုရား'' ဟု လျှောက်ထား၏။ နောက်တစ်နေ့တွင် အာဂန္တုကရဟန်းလည်း မိမိပိုင် သပိတ်,သင်္ကန်းပရိက္ခရာများကို ယူဆောင်ကာ ပါစိနခဏ္ဍကအရပ်သို့ ပြန်ကြွသွားလေ၏။

ဤဝတ္ထုဥ္ဇ အာဝါသိကရဟန်းကဲ့သို့သော ပုဂ္ဂိုလ်မျိုးအတွက်မူ ကျောင်းသည် ပလိဗောဓ မဖြစ်ပေ။ (စည်၊ ၁။ ၂၄၅-၂၄၈)

၂။ ကုလပလိဗောဓ

ဆွေမျိုးဖြစ်စေ,အလုပ်အကျွေးဒါယကာဖြစ်စေ တစ်ဦးမှမပါလျှင် မည်သည့် နေရာသို့မျှ မသွားနိုင်သောရဟန်းအားလည်းကောင်း၊ ထိုအဆွေအမျိုး, အလုပ်အကျွေးဒါယကာတို့နှင့် အကျမ်းတဝင် ရောနှောဆက်ဆံလေ့ရှိသောရဟန်းအားလည်းကောင်း ''ကုလပလိဗောဓ'' ဖြစ်၏။

အချို့သောရဟန်းမှာမူ အမိအဖသည်ပင် ကုလပလိဗောဓ မဖြစ်ပေ။ ဥပမာ-ကောရဏ္ဍကကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သော မထေရ်တစ်ပါး၏တူတော်ရဟန်းငယ်ကဲ့သို့ ဖြစ်သည်။

ကောရဏ္ဍကကျောင်းတိုက်မှ ရဟန်းငယ်လေးတစ်ပါးသည် ပရိယတ္တိစာပေ ကျမ်းကန်သင်ယူရန်အတွက် ရောဟဏဇနပုဒ်သို့ ကြွသွား၏။ မထေရ်မြတ်ကြီး၏ နှမဖြစ်သူ ဒါယိကာမကြီးသည် သားရဟန်းအကြောင်းကို အမြဲတမ်းစုံစမ်းမေးမြန်းနေလေ့ရှိသည်။ တစ်နေ့တွင် မထေရ်မြတ်ကြီးသည် နှမဖြစ်သူ မေးမြန်းလွန်းသဖြင့် တူတော်ရဟန်းကို ခေါ်ဆောင်ရန်အတွက် ရောဟဏဇနပုဒ်သို့ ကိုယ်တော်တိုင် ကြွသွား၏။ ထိုအချိန်၌ တူတော်ရဟန်းလေးကလည်း ဦးရီးတော် ဥပဇ္ဈာယ်ဆရာနှင့် မယ်တော်ကြီးကို ဖူးမြင်တွေ့ဆုံလိုသဖြင့် ပြန်ကြွလာရာ လမ်းခရီးအကြား ဂင်္ဂါမြစ်ကမ်းနား၌ ခရီးရင်ဆိုင် ဆုံမိကြလေသည်။

တူဝရီးရဟန်းနှစ်ပါး အကျိုးအကြောင်းပြောဆိုကြပြီးနောက် ဦးရီးတော် ဥပဇ္ဈာယ်မထေရ်သည် ထိုရောဟဏဇနပုဒ်၌ ဝါဆိုရန်ကျန်ခဲ့ပြီး တူတော်ရဟန်းကို ကောရဏ္ဍကကျောင်းသို့ လွှတ်လိုက်၏။ ယင်းကျောင်းတိုက်ကား ရဟန်းငယ်လေး၏ မိဘများဆောက်လုပ်လှူဒါန်းထားသည့်ကျောင်း ဖြစ်၏။ ရဟန်းငယ်လေး ကျောင်းသို့ရောက်ပြီး နောက်တစ်နေ့တွင် ရဟန်းငယ်လေး၏ ဖခမည်းတော်သည် မိမိတို့လှူသည့်ကျောင်းသို့ မည်သို့သောရဟန်း ဝါဆိုဝါကပ်သည်ကို သိလိုလှ၍ စုံစမ်းမေးမြန်းပြီး ရဟန်းငယ်လေးထံ ရောက်ရှိလာ၏။ ထို့နောက် ရဟန်းငယ်လေးကို ရှိသေစွာရှိခိုး၍ "အရှင်ဘုရား…၊ တပည့်တော်တို့မှာ ဝတ်တစ်ခုပြုလုပ်ထားပါတယ်ဘုရား၊ အဲဒီဝတ်ကတော့ တပည့်တော်တို့လှူတဲ့ကျောင်းမှာ ဝါဆိုဝါကပ်တဲ့ရဟန်းမှန်သမျှ တစ်ဝါတွင်းလုံး တပည့်တော်တို့အိမ်မှာ ဆွမ်းအလှူခံရပါတယ်ဘုရား။ ဝါကျွတ်လို့ ပဝါရဏာပြုပြီး အရပ်တစ်ပါးကြွမယ်ဆိုရင်လည်း တပည့်တော်တို့ကို ပန်ကြားပြောဆိုပြီးမှ ကြွရပါတယ်ဘုရား၊ ဒါ့ကြောင့် ဒီဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့အိမ်သို့ ဆွမ်းအလှူခံကြတော်မူပါဘုရား" ဟု လျှောက်ထား၏။ ရဟန်းငယ်လေးလည်း မည်သည့်စကားကိုမျှမဆိုဘဲ လက်ခံတော်မူလိုက်၏။

ထိုနေ့မှစ၍ ဝါတွင်းသုံးလပတ်လုံး နေ့စဉ်နေ့တိုင်း မိမိ၏ အမိအဘများအိမ်ရှိရာသို့ ဆွမ်းအလှူခံကြတော်မူ၏။ သို့သော် မိဘများအား မိမိသည် သင်တို့၏သားဖြစ်ကြောင်း တစ်လုံးတစ်ပါဒမျှ ဖွင့်ဟပြောဆိုခြင်း မရှိခဲ့ပေ။ သို့နှင့် ဝါကျွတ်သောအခါ ပဝါရဏာပြုပြီး နက်ဖြန် ပြန်ကြွတော့မည်ဖြစ်ကြောင်း အသိပေးပြောကြားလေ၏။ မိဘများကလည်း နောက်တစ်နေ့တွင် အိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေးပြီး သင်္ကန်းစသောလှူဖွယ်ပစ္စည်းများကို ရှိသေစွာ လှူဒါန်း၏။ ရဟန်းငယ်လေးသည် မိဘများအား အနုမောဒနာတရားကို ချီးမြှင့်ဟောကြားပြီးနောက် ရောဟဏဇနပုဒ်သို့ ပြန်ကြွသွားလေသည်။

ရဟန်းငယ်လေး၏ ဦးရီးတော် ဥပဇ္ဈာယ်ရဟန်းသည်လည်း ပဝါရဏာပြုပြီး ပြန်ကြွလာ၏။ တူဝရီးနှစ်ပါး ယခင် ခရီးရင်ဆိုင်ကြုံသည့်နေရာ၌ပင် ပြန်လည်ဆုံတွေ့ကြ၏။ "ငါ့ရှင်...၊ သင့်မယ်တော်ကြီးနှင့် တွေ့ရရဲ့လား?" ဟု ဦးရီးတော် ရဟန်းက မေးမြန်း၏။ "တွေ့ရပါတယ်ဘုရား" ဟု ရဟန်းငယ်လေးက ဖြေ၏။ ထို့နောက် ရဟန်းငယ်လေးသည် မိမိရရှိလာသည့်လျှုဖွယ်ပစ္စည်းများကို လျှဒါန်းကာ ရှိသေစွာရှိခိုး၍ "တပည့်တော်အတွက် ရောဟဏနေပုဒ်သာ အသင့်တော်ဆုံးဖြစ်ပါတယ်ဘုရား" ဟုလျှောက်ထားပြီး ရောဟဏနေပုဒ်သို့ ရှေးရှုကြွသွားလေသည်။

ရဟန်းငယ်လေး၏မယ်တော် ဥပါသိကာမကြီးသည် ဦးရီးတော်ရဟန်းတစ်ပါး တည်း ပြန်ကြွလာသည်ကိုမြင်လျှင် သူ့သားသေပြီဟုထင်ကာ ငိုကြွေးလေ၏။ ထိုအခါ ဦးရီးတော်ရဟန်းက ရဟန်းငယ်လေးသည် အလွန်အလိုနည်းသူဖြစ်ပေလိမ့်မည်-ဟု စဉ်းစား၍ နှမဖြစ်သူအား အကျိုးအကြောင်းရှင်းပြ၍ နှစ်သိမ့်အားပေးတော်မူပြီး ရဟန်းငယ်လေးလျှုဒါန်းလိုက်သည့် သင်္ကန်းစသောလျှုဖွယ်ပစ္စည်းများကို ထုတ်ပြလေသည်။

မယ်တော်ဥပါသိကာမကြီးလည်း အလွန်နှစ်သက်ဝမ်းမြောက် ကြည်ညိုလှသဖြင့် "ငါ့သားကဲ့သို့သောရဟန်းမျိုးကို သက်သေပြု၍ မြတ်စွာဘုရားရှင်သည် ရထဝိနီတသုတ်၌လာသော အကျင့်ကိုလည်းကောင်း၊ နာလကရဟန်းအားဟောသော မောနေယျအကျင့်ကိုလည်းကောင်း၊ တုဝဋ္ဋကသုတ်၌လာသောအကျင့်ကိုလည်းကောင်း၊ ပစ္စည်းလေးပါး၌ ရောင့်ရဲတင်းတိမ်ခြင်းနှင့် ဘဝနှာ၌မွေ့လျော်ခြင်းကိုပြတတ်သော မဟာအရိယဝံသအကျင့်ကိုလည်းကောင်း ဟောတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဝါတွင်းသုံးလပတ်လုံး မိခင်ရင်းအိမ်၌ပင် ဆွမ်းဘဉ်းပေးခဲ့ပါလျက် သားဖြစ်ကြောင်း တစ်လုံးတစ်ပါဒမျှ မပြောဘဲနေနိုင်တော်မူ၏။ အလွန်အံ့သြဖွယ်ကောင်းတဲ့ သားယောကျ်ားမြတ်ပါတကား" ဟု ပြောဆိုလေ၏။

ဤရဟန်းမျိုးသည် မိဘသော်မှ ကုလပလိဟေဝ မဖြစ်ပေ။ အခြားသူတို့အားမူ ဆိုဖွယ်ရာမရှိတော့ပြီ။

၃။ လာဘပလိဟေဝ

ဘုန်းကံကြီးမားသောရဟန်းအား ပစ္စည်းလေးပါးရခြင်းသည် "လာဘပလိဟေဝ" ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်- ထိုရဟန်းသည် ရောက်လေရာ အရပ်၌ ပစ္စည်းလေးပါးလျှုဒါန်းကြသူတို့ လွန်စွာပေါများ၏။ အလျှုရှင်တို့အား အနုမောဒနာတရားစသည်ကို ဟောရပြောရခြင်းစသည်ကြောင့် တရားအားထုတ်ခွင့်မရ ဖြစ်တတ်သည်။ ဒါယကာတို့အား ချီးမွှောက်ခြင်း၌ အမြဲမပြတ်ကြောင့်ကြ

စိုက်နေရ၏။ ထို့ကြောင့် ဘုန်းကံကြီးမားသော ရဟန်းအား ပစ္စည်းလေးပါး ရခြင်းသည် လာဘပလိဗောဓ ဖြစ်ပါသည်။

ထိုရဟန်းသည် ထိုပလိဗောဓကိုပယ်ဖြတ်လိုပါက သပိတ်,သင်္ကန်းစသည်တို့ကိုယူဆောင်၍ အသိအကျွမ်းမရှိရာ အခြားအရပ်သို့ တစ်ပါးတည်းကြွခြင်းဖြင့် ယင်းပလိဗောဓကို ပယ်ဖြတ်နိုင်၏။

၄။ ဂဏပလိဗောဓ

သုတ္တန်ဆောင်ဂိဏ်းသံဃာ၊ အဘိဓမ္မာဆောင်ဂိဏ်းသံဃာတို့အား ပါဠိတော်, အဋ္ဌကထာစသော စာဝါတို့ကို ပို့ချပေးရသောရဟန်းအား တရားအားထုတ်ခွင့်မရသောကြောင့် ''ဂဏပလိဗောဓ'' ဖြစ်၏။

ထိုရဟန်းသည် စာဝါအကြွင်းအကျန်နည်း၍ စာဝါမပြီးဆုံးသေးပါက အပြီးသတ်ပို့ချပြီးမှ တရားအားထုတ်ရမည်။ စာဝါအကြွင်းအကျန်များနေလျှင် တစ်ယူဇနာပတ်ဝန်းကျင်အတွင်းရှိ စာချမထေရ်တစ်ပါးပါးကိုရှာဖွေ၍ အကူအညီတောင်းပြီး ထိုမထေရ်အား မိမိစာဝါတို့ကိုလွှဲအပ်ပြီးမှသာ တရားအားထုတ်ရမည်။ စာဝါလွှဲပြောင်း၍မရလျှင် ဂိဏ်းသံဃာအား မိမိ၌ ကိစ္စတစ်ခုရှိနေသည်-ဟုပန်ကြား၍ ပြန်လွှတ်ပြီးမှ တရားအားထုတ်ရမည်။ ဤနည်းဖြင့် ဂဏပလိဗောဓကို ပယ်ဖြတ်နိုင်ပါသည်။

၅။ ကမ္မပလိဗောဓ

လက်သမားစသည်တို့၏ လက်ခရ, မရ၊ လုပ်ငန်းဆောင်ရွက်, မဆောင်ရွက်စသည်တို့ကို သိရှိအောင်အားထုတ်ရသည့်အလုပ်၌ အမြဲကြောင့်ကြစိုက်နေရသော ရဟန်းအား ''ကမ္မပလိဗောဓ'' ဖြစ်၏။

ထိုရဟန်းသည် ပြုဖွယ်ကိစ္စ အကြွင်းအကျန်နည်းလျှင် ပြီးစီးအောင်လုပ်ခဲ့ရမည်။ အကယ်၍ ပြုဖွယ်ကိစ္စများစွာကျန်ရှိနေသေးလျှင် သံဃာ့ကိစ္စများဖြစ်ပါက သံဃာကိုဖြစ်စေ, သံဃာ့ဝန်ဆောင်ပုဂ္ဂိုလ်ကိုဖြစ်စေ လွှဲအပ်ခဲ့ရမည်။ မိမိကိစ္စ, မိမိလုပ်ငန်းများဖြစ်ပါက မိမိ၏တာဝန်ကိုဆောင်ရွက်ပေးသူ တစ်ဦးဦးအား လွှဲအပ်ခဲ့ရမည်။ လွှဲအပ်မည့်သူကို ရှာမရပါက သံဃာအားပန်ကြား၍ လှူခဲ့ရမည်။ ဤနည်းဖြင့် ကမ္မပလိဗောဓကို ပယ်ဖြတ်နိုင်ပါသည်။

၆။ အဒ္ဓါနပလိဗောဓ

သွားသင့်သွားထိုက်သည့်ခရီးသို့ မသွားမိသောရဟန်းအားလည်းကောင်း၊ ရသင့်ရထိုက်သော ပစ္စည်းရှိရာအရပ်သို့ သွားရောက်မယူငင်မိသောရဟန်းအားလည်းကောင်း ''အဒ္ဓါနပလိဗောဓ'' ဖြစ်တတ်၏။

ခရီးသွားလိုစိတ်မည်သည် ဖြေဖျောက်နိုင်ခဲသောကြောင့် တရားအားမထုတ်မီ သွားသင့်သွားထိုက်သည့်ခရီးကို သွားခြင်း၊ ယူသင့်ယူထိုက်သည့်ပစ္စည်းကို သွားရောက်ယူငင်ခြင်းကိစ္စတို့ကို ပြုလုပ်ပြီးမှသာလျှင် တရားအားထုတ်သင့်ပါသည်။

၇။ ဉာတိပလိဗောဓ

ဥပဇ္ဈာယ်, ဆရာ, အတူနေတပည့်, အနီးနေတပည့်, ဥပဇ္ဈာယ်တူသီတင်းသုံးဖော်, ဆရာတူသီတင်းသုံးဖော်တို့သည် 'ကျောင်းဆွေမျိုး' တော်စပ်သူများ ဖြစ်၏။ မိခင်, ဖခင်, အစ်ကိုစသောသူတို့သည် 'အိမ်ဆွေမျိုး' တော်စပ်သူများ ဖြစ်၏။ ထိုဆွေမျိုးတို့ မကျန်းမာဖြစ်ခဲ့သော ''ဉာတိပလိဗောဓ'' ဖြစ်၏။

ဆွေမျိုးတို့ကို ပကတိအတိုင်းကျန်းမာအောင် ပြုစုကုသခြင်းဖြင့် ဤပလိဗောဓကို ပယ်ဖြတ်နိုင်၏။ ကျောင်းဆွေမျိုးတို့တွင် ဥပဇ္ဈာယ်, ဆရာ, အတူနေတပည့်, အနီးနေတပည့်, ဥပဇ္ဈာယ်တူသီတင်းသုံးဖော်, ဆရာတူသီတင်းသုံးဖော်တို့ မကျန်းမာဖြစ်ခဲ့သော် တစ်သက်လုံး ပြုစုလုပ်ကျွေးရမည့်တာဝန် ရှိ၏။ နိဿရည်းဆရာ, နိဿရည်းယူတပည့် ဖြစ်ပါက နိဿရည်းယူထားသမျှကာလပတ်လုံး၊ စာချပေးသည့်ဆရာ, စာဝါလိုက်သည့်တပည့်ဖြစ်ပါက စာသင်နေသမျှကာလပတ်လုံး ပြုစုလုပ်ကျွေးရမည့် တာဝန်ရှိ၏။ ထိုကာလထက် ပိုလွန်၍လည်း ပြုစုလုပ်ကျွေးကောင်း၏။

အိမ်ဆွေမျိုးတို့တွင် မိဘမကျန်းမာဖြစ်ခဲ့သော် တစ်သက်လုံး ပြုစုလုပ်ကျွေးရမည်။ မိဘတို့သည် မင်းအဖြစ်၌တည်သောသူပင် ဖြစ်စေကာမူ သားသမီး၏ပြုစုလုပ်ကျွေးမှုကို မျှော်လင့်တောင့်တတတ်သဖြင့် ပြုစုလုပ်ကျွေးရမည့်တာဝန် ရှိသည်သာတည်း။ မိဘတို့မှာ ဆေးမရှိလျှင် မိမိဆေးကို ပေးကောင်း၏။ မိမိမှာ ဆေးမရှိပါက ဆေးကိုအလှူခံ၍ ပေးရမည်။ ညီအစ်ကိုမောင်နှမတို့ကိုမူ ၄င်းတို့၏ပစ္စည်းဥစ္စာကို အသုံးပြု၍ ဆေးဖော်စပ်ပေးကောင်း၏။ သို့မဟုတ် မိမိပစ္စည်း, မိမိဆေးကို ချေးငှားသည့်သဘောဖြင့် ပေးနိုင်၏။ နောင်အစားပြန်ပေးလာပါက ယူနိုင်သည်။ မိမိကမူ တစ်ဖန်ပြန်၍ မတောင်းကောင်းပေ။ ဆွေမျိုးမတော်စပ်သည့် ယောက်ဖ, မရီး, ခယ်မစသည်တို့ကိုမူ ဆေးဝါးကုသ မပေးကောင်းပေ။ ၄င်းတို့၏သားသမီးများကား ရဟန်းနှင့် အိမ်ဆွေမျိုးတော်စပ်သူများဖြစ်သဖြင့် ဆေးဝါးကုသပေးကောင်း၏။

၈။ အာဗာဓပလိဗောဓ

တရားအားထုတ်နေစဉ် အနာရောဂါတစ်မျိုးမျိုး စွဲကပ်နှိပ်စက်၍ သည်းမခံနိုင်လောက်အောင် နာကျင်ခဲခက်သောရဟန်းအား ''အာဗာဓပလိဗောဓ'' ဖြစ်၏။ ထိုပလိဗောဓကို ရောဂါပျောက်ကင်းအောင် ဆေးဝါးကုသခြင်းဖြင့် ပယ်ဖြတ်

နိုင်ပါသည်။ ရက်အနည်းငယ်အတွင်း ဆေးကုပါလျက် မပျောက်ကင်းလျှင် ''နာဟံ တုယှံ ဒါသော၊ နာ ဘဋ္ဌကော၊ တံယေဝ ဟိ ပေါသေန္တော အနမတဂ္ဂေ သံသာရ ဝဋ္ဋေ ဒုက္ခံ ပတ္တော= ငါသည် သင်ခန္ဓာကိုယ်၏ ကျွန်မဟုတ်၊ အခစားလည်းမဟုတ်၊ သင်ခန္ဓာကိုယ်ကိုသာလျှင် လုပ်ကျွေးပြုစုလျက် အစမထင်သည့်သံသရာဝဋ်၌ ဆင်းရဲခြင်းသို့ ရောက်ခဲ့ရလေပြီ''ဟု ခန္ဓာကိုယ်ကိုကဲ့ရဲ့ပြီး ရဟန်းတရားကို ဆက်လက်၍ အားထုတ်ရပါမည်။

၉။ ဂန္ဆပလိဗောဓ

ပရိယတ်စာပေကို သင်ယူနေခြင်း၊ ရွတ်အံ့သရဇ္ဈာယ်ခြင်းစသည်ဖြင့် အမြဲကြောင့်ကြစိုက်နေရသည့် ရဟန်းအား ''ဂန္ဆပလိဗောဓ''ဖြစ်၏။

အမြဲကြောင့်ကြ စိုက်စရာမလိုလျှင် ဂန္ဆပလိဗောဓ မဖြစ်ပေ။ ဥပမာ-မဇ္ဈိမ နိကာယ်ဆောင် ဒေဝမထေရ်၊ ကာရဏ္ဍဝတောင်၌ သီတင်းသုံးနေထိုင်သည့် နာဂမထေရ်၊ မဟာမဓုရက္ခိတမထေရ်တို့ကဲ့သို့ ဖြစ်သည်။ ဤသို့သော မထေရ်မြတ်တို့အတွက်မူကား စာပေကျမ်းကန်သင်ယူမှုသည် ဂန္ဆပလိဗောဓ မဖြစ်ပေ။

မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်

မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် မလယဝါသီဒေဝမထေရ်ထံသို့ ကမ္မဋ္ဌာန်းတောင်းရန် ရောက်ရှိလာ၏။

မလယဝါသီမထေရ် -''ငါ့ရှင်...အဘယ်ပရိယတ်၌ လေ့လာနေပါသနည်း?''

ဒေဝမထေရ် -''အရှင်ဘုရား...တပည့်တော် မဇ္ဈိမနိကာယ်ကို အာဂုံဆောင်နေပါတယ်ဘုရား''

မလယဝါသီမထေရ် -''ငါ့ရှင်...မဇ္ဈိမနိကာယ်ဆိုတာ အာဂုံဆောင်ဖို့ အလွန်ခက်ခဲတယ်၊ မူလပဏ္ဏာသကို ရွတ်ဖတ်နေစဉ် မဇ္ဈိမပဏ္ဏာသကို ရောက်သွားတတ်တယ်။ မဇ္ဈိမပဏ္ဏာသကို ရွတ်ဖတ်နေစဉ် ဥပရိပဏ္ဏာသကို ရောက်သွားတတ်တယ်။ အရှင်ဘုရားအနေနဲ့ ကမ္မဋ္ဌာန်းနှလုံးသွင်းလို့ ဖြစ်ပါ့မလား?''

ဒေဝမထေရ် -''ဖြစ်ပါတယ်အရှင်ဘုရား...၊ တပည့်တော် အရှင်ဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီးတဲ့အချိန်မှစ၍ နောက်ထပ် ပရိယတ္တိစာပေကို ပြန်မကြည့်တော့ပါဘုရား။''

မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် ဤသို့ဝန်ခံပြီး ကမ္မဋ္ဌာန်းကိုသင်ယူ၍ ၁၉-နှစ်တိုင်တိုင် အားထုတ်လေ၏။ ဤအတောအတွင်း ပရိယတ္တိကို ရွတ်အံ့

သရဏ္ဂာယ်ခြင်းကိုမျှ အလျဉ်းမပြုဘဲ အားထုတ်လာခဲ့ရာ အနှစ်နှစ်ဆယ်မြောက်၌ အရဟတ္တဖိုလ်ပေါက် ရောက်ရှိလေ၏။ ထိုမထေရ်ထံသို့ ပရိယတ္တိရွတ်ဖတ် သရဏ္ဂာယ်ရန် ရောက်လာကြသောရဟန်းတို့အား "ငါ့ရှင်တို့... တပည့်တော် ပရိယတ်ကို မကြည့်တာ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိနေပါပြီ။ သို့သော်လည်း မဏ္ဍိမနိကာယ်ကို ကျေပွန်စွာလေ့လာခဲ့ပြီး ဖြစ်ပါတယ်။ ငါ့ရှင်တို့ ကြိုးစား အားထုတ်ကြပါ" ဟုမိန့်ဆိုပြီးလျှင် မဏ္ဍိမနိကာယ်ကို အစမှအဆုံးအထိ ရွတ်ဖတ် သရဏ္ဂာယ်ရာ ပုဒ်ဗျည်းအက္ခရာတစ်လုံးမျှ မှားယွင်းချွတ်ချော်ခြင်း မရှိခဲ့ပေ။

အရှင်နာဂမထေရ်

ကာရဏ္ဍိယတောင်၌ သီတင်းသုံးနေထိုင်သည့် အရှင်နာဂမထေရ်သည်လည်း ထို့အတူပင် ၁၈-နှစ်လုံးလုံး ပရိယတ္တိကိုစွန့်လွှတ်ခဲ့ပြီးနောက် စာဝါလိုက်ရဟန်းတို့အား ဓာတုကထာကို ပို့ချပေး၏။ ထိုစာဝါလိုက်ရဟန်းတို့သည် အနုရာဓပြို့နေ မထေရ်တို့နှင့်အတူ မိမိတို့သင်ယူခဲ့သည်ကို နှိုးနှောတိုက်ဆိုင်ကြည့်ရာ အမေးပုစ္ဆာ တစ်ခုမျှသော်လည်း အစဉ်ချွတ်ချော်လွဲမှားခြင်း မရှိပေ။

မဟာဓမ္မရက္ခိတမထေရ်

မဟာဝိဟာရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သည့် စူဠာဘယမထေရ်သည် ပိဋကတ်သုံးပုံ အာဂုံဆောင်အရှင်မြတ်တစ်ပါး ဖြစ်၏။ တစ်နေ့တွင် ထိုမထေရ်သည် ပိဋကတ်ပါဠိအဋ္ဌကထာကို မသင်ယူရသေးပါဘဲလျက် ပိဋကတ်သုံးပုံကို ဖွင့်ဆိုမည်ဖြစ်ကြောင်း တရားစည်ကိုတီးခတ်၍ ကြေညာလေ၏။ ထိုအခါ ရဟန်းသံဃာများက "မိမိဆရာ၏ပို့ချစဉ် မဟုတ်လျှင် ပို့ချခွင့်ပေးမည် မဟုတ်" ဟု ပြောကြားကြ၏။ တစ်နေ့တွင် အဘယမထေရ်သည် မိမိ၏ ဥပဇ္ဈာယ် ဆရာမထေရ်ထံသို့ ဝတ်ကြီးဝတ်ငယ်ပြုရန် ဆည်းကပ်လာ၏။ ထိုအခါ-

ဥပဇ္ဈာယ်မထေရ် - "ငါ့ရှင် သင် တရားစည်တီးခတ်တယ်ဆို?"
အဘယထေရ် - "မှန်ပါ၊ တီးခတ်ပါတယ်ဘုရား"
ဥပဇ္ဈာယ်မထေရ် - "ဘာဖြစ်လို့ တီးခတ်ရသတုံး?"
အဘယထေရ် - "မှန်ပါ၊ ပိဋကတ်သုံးပုံကို ဖွင့်ဆိုမလို့ပါဘုရား"
ဥပဇ္ဈာယ်မထေရ် - "ဒါဆိုရင်၊ ဒီပါဠိပုဒ်ကို ဆရာတို့ ဘယ်လိုဖွင့်သလဲ?"
အဘယထေရ် - "ဤသို့ဤပုံ ဖွင့်ပါတယ်ဘုရား"
ဥပဇ္ဈာယ်မထေရ် - "ဟုန်" (ဟယ်-မဟုတ်သေးပါဘူး)
"ကိုင်း...ဒါဖြင့်ရင် ဒီပုဒ်ကိုရော ဘယ်လိုဖွင့်သလဲ?"

အဘယထေရ် - "ဤသို့ဤပုံ ဖွင့်ပါတယ်ဘုရား"
ဥပဇ္ဈာယ်မထေရ် - "ဟုန်" (ဟယ်-မဟုတ်သေးပါဘူး)

ဤသို့ဖြင့် ဥပဇ္ဈာယ်ဆရာ မထေရ်မြတ်သည် တပည့်အဘယထေရ်အား အကြိမ်ကြိမ်မေးမြန်း၏။ တပည့်အဘယထေရ်သည် ပါဠိပုဒ်တစ်ပုဒ်ကိုပင် သုံးမျိုး ဖွင့်ပြနေ၏။ ဥပဇ္ဈာယ်မထေရ်မြတ်ကလည်း တပည့်အဘယထေရ်၏ ဖွင့်ဆိုချက် မှန်သမျှကို အကြိမ်ကြိမ်ပင် ပယ်မြစ်လေ၏။

ထို့နောက် ဥပဇ္ဈာယ်မထေရ်မြတ်က "အို...အဘယ၊ သင်သည် ဆရာနှင့် အတူ လက်ပူးလက်ကြပ် မသင်ခဲ့ရလို့ ယခုလို အလွဲလွဲအချော်ချော် ဖွင့်ဆိုနေခြင်း ဖြစ်တယ်။ ဂင်္ဂါမြစ်ရဲ့တစ်ဖက်ကမ်း ရောဟဏဇနပုဒ်အရပ်မှရှိတဲ့ တုလာဓရတောင်ပေါ်ကျောင်းသို့ သွားပါ။ အဲဒီကျောင်းမှာ ပိဋကတ်သုံးပုံကို အဋ္ဌကထာအဆုံးအဖြတ် နှင့်တကွ ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်တော်မူထားတဲ့ "မဟာဓမ္မရက္ခိတ" အမည်ရတဲ့ မထေရ်မြတ်ကြီးတစ်ပါး ရှိတယ်။ သင့်ကို သေချာစွာသင်ပြပေးနိုင်စွမ်းရှိတယ်။ အဲဒီမထေရ်မြတ်ကြီးထံ ချဉ်းကပ်၍ သင်ယူပါလော့" ဟု ညွှန်ကြားလိုက်၏။ တပည့်အဘယထေရ်လည်း ဥပဇ္ဈာယ်ညွှန်ကြားလိုက်သည့်အတိုင်းပင် တုလာဓရတောင်ပေါ်ကျောင်းသို့သွား၍ မဟာဓမ္မရက္ခိတမထေရ်မြတ်ထံ ပိဋကတ်သုံးပုံ အဋ္ဌကထာကိုသင်ယူရန် တောင်းပန်လျှောက်ထားလေ၏။

မဟာဓမ္မရက္ခိတမထေရ် - "ငါ့ရှင် အဘယ၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်တွေကတော့ တစ်ခါတစ်လေ လာပြီးမေးကြလို့ ငါကြည့်ဖြစ်တယ်။ ကျန်တဲ့နိကာယ်တွေက မကြည့်ဖြစ်တာနှစ်ပေါင်း သုံးဆယ်လောက်ရှိပြီ ထင်ပါရဲ့။ ကိုင်း... ဒါဖြင့် ဒီလိုလုပ်ပါ။ ငါ့ရှင်က ညပိုင်းမှာ ငါ့ကို ပါဠိတော်တွေကို အလှတ်ပြန်ဆိုပြ။ ငါက နေ့ပိုင်း ကျရင် အဲဒီပါဠိတော်တွေကို အဋ္ဌကထာဖွင့်ပြီး သင့်ကို သင်ပေးတာပေါ့။"

ဤသို့ဖြင့် မထေရ်မြတ်နှစ်ပါးတို့သည် ပိဋကတ်သုံးပုံ အဋ္ဌကထာကို ပို့ချသင်ယူလေ၏။ ရွာသူရွာသားတို့လည်း မထေရ်မြတ်နှစ်ပါး၏ စာဝါပို့ချနေသည့် တရားသံကို ကျောင်းတိုက်ပရိဝုဏ်တံခါးတွင် မဏ္ဍပ်ကြီးထိုး၍ နေ့စဉ်နေ့တိုင်း နာယူကြလေ၏။ စာဝါပြီးဆုံးသောနေ့တွင် မဟာဓမ္မရက္ခိတမထေရ်မြတ်သည် အင်းပျဉ်ထက်မှ ဆင်း၍ ဖျာပေါ်၌ထိုင်ပြီးလျှင်-

မဟာဓမ္မရက္ခိတမထေရ် - ''ငါ့ရှင် အဘယ၊ ငါ့အား ကမ္မဋ္ဌာန်းတရားကို ဟော ကြားပေးပါ''

အဘယထေရ် - ''အရှင်ဘုရား ဘယ်လိုများ ဆိုလိုက်တာလဲဘုရား။ တပည့်တော်ကသာ အရှင်ဘုရားထံမှာ သင်ယူနေ တာ မဟုတ်လားဘုရာ့။ အရှင်ဘုရားတို့ မသိသေးတဲ့ ကမ္မဋ္ဌာန်းတရားကို တပည့်တော်က ဘယ်လိုများ ဟောကြားရပါမည်နည်း''

မဟာဓမ္မရက္ခိတမထေရ် - ''ငါ့ရှင် အဘယ၊ ကိုယ်တွေ့ပဋိပတ် အကျင့်ခရီးလမ်း နဲ့ စာတွေ့ပရိယတ် အသိခရီးလမ်း တစ်ခြားစီ ဖြစ် ပါတယ်၊ မတူပါဘူး၊ ဒါ့ကြောင့် ငါ့အား ကမ္မဋ္ဌာန်း တရားကို ဟောကြားပေးပါ'' ဟုမိန့်ဆိုလေ၏။

ထိုအချိန်က တိပိဋကစူဠာဘယမထေရ်သည် သောတာပန်အဆင့် ဖြစ်၏။ တိပိဋကစူဠာဘယမထေရ်လည်း ဆရာဖြစ်သူ မဟာဓမ္မရက္ခိတမထေရ်ကြီးအား ကမ္မဋ္ဌာန်းပေး၏။ ထို့နောက် မိမိနေရာကျောင်းတိုက်သို့ ပြန်ကြွလာကာ ကြေးပြာသဒ်ဋ္ဌ ပိဋကတ်သုံးပုံကို အဖွင့်အဋ္ဌကထာနှင့်တကွ သင်ကြားပို့ချနေ၏။ ထိုသို့ပို့ချနေစဉ် မဟာဓမ္မရက္ခိတမထေရ်ကြီး ပရိနိဗ္ဗာန်စံလွန်သွားပြီဖြစ်ကြောင်း ကြားသိရလေ၏။

ထိုအခါ တိပိဋကစူဠာဘယမထေရ်သည် မိမိထံ၌ စာလိုက်နေသည့် တပည့် ရဟန်းများကို ခေါ်၍ ''ငါ့ရှင်တို့... ငါတို့၏ ဆရာမထေရ်မြတ်ကြီးကား မိမိ၏ စာသင်တပည့်အထံ၌ပင် ဖျာပေါ်ဆင်းထိုင်၍ ကမ္မဋ္ဌာန်းဟောကြားရန် လျှောက်ထားဝံ့ သည့် အလွန်ဖြောင့်မတ်သော အာဇာနည်မထေရ်မြတ်ကြီးတစ်ပါး ဖြစ်၏။ ဤသို့ သော ဆရာမထေရ်မြတ်အား အရဟတ္တမဂ်သည် လွန်စွာမှပင် ထိုက်တန်ပေ၏'' ဟု ပြောဆိုလေ၏။

၁၀။ ဣဒ္ဓိပလိဟောဓ

ပုထုဇဉ်တို့၌ဖြစ်သော တန်ခိုးသည် ''ဣဒ္ဓိပလိဟောဓ'' ဖြစ်၏။ အဘယ် ကြောင့်ဆိုသော် ပုထုဇဉ်တို့၏တန်ခိုးသည် ပက်လက်အိပ်တတ်ခါစ ကလေး သူငယ်ကဲ့သို့လည်းကောင်း၊ ကောက်နုပယ်းပင်ကဲ့သို့လည်းကောင်း အလွန်နုနယ် သဖြင့် မပျက်အောင်ဆောင်ထားရန် ခဲယဉ်းသောကြောင့် ဖြစ်သည်။ အနှောင့် အယှက်အနည်းငယ်မျှ ကြုံတွေ့လျှင်ပင် ပျက်စီးတတ်၏။ ထို့ကြောင့် ပုထုဇဉ်တို့၏ တန်ခိုးကို ဣဒ္ဓိပလိဟောဓ-ဟုဆိုခြင်း ဖြစ်သည်။ ဤပလိဟောဓသည် ဝိပဿနာ ဘာဝနာပွားများသူအားသာ ဖြစ်၏။ သမထဘာဝနာပွားများသူအား မဖြစ်ပေ။

အဘယ်ကြောင့်ဆိုသော် တန်ခိုး(ဣဒ္ဓိ)ဟူသည်မှာ သမထဘာဝနာကို ပွားများအား ထုတ်၍ အပွနာသမာဓိအဆင့်သို့ ရောက်ပြီးသောသူမှသာ ဖြစ်နိုင်သောကြောင့် ဖြစ်၏။

သို့ဖြစ်၍ သမထဘာဝနာအရာ၌ ဤဣဒ္ဓိပလိဟောဓကိုကြဉ်၍ ပလိဟောဓ ၉-ပါး၊ ဝိပဿနာဘာဝနာအရာ၌ ပလိဟောဓ ၁၀-ပါးလုံးကို ဘာဝနာမပွားမီ ရှောင်ဦးစွာ ပယ်ဖြတ်ထားရန် လိုအပ်ပါသည်။ (စည်၁။ ၂၄၃-၂၆၂)

ကမ္မဋ္ဌာန်းဆရာတစ်ယောက် ပြည့်စုံရမည့် အင်္ဂါရပ်များ

(၁) သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်ရှိခြင်း၊
(၂) သီလ,သမာဓိတို့ကြောင့် လေးစားအပ်သောဂုဏ်ရှိခြင်း၊
(၃) ချီးမွမ်းအပ်သောဂုဏ်ရှိခြင်း၊
(၄) သူတစ်ပါးကို ဆိုဆုံးမတတ်ခြင်း၊
(၅) သူတစ်ပါး၏ ဆိုဆုံးမမှုကို ခံယူနိုင်ခြင်း၊
(၆) သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်စသော နက်နဲသောတရားစကားကို ပြောဟောတတ်ခြင်း၊
(၇) မသင့်တော် မလျောက်ပတ်သောအရာ၌ မတိုက်တွန်းတတ်ခြင်း၊

ဤအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံလျှင် ကလျာဏမိတ္တအမည်ရသည့် ကမ္မဋ္ဌာန်းဆရာတစ်ယောက် ဖြစ်၏။ ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာတို့တွင် မြတ်စွာဘုရားရှင်သည်သာ အသာဆုံးအမြတ်ဆုံး ဖြစ်၏။ မြတ်စွာဘုရားရှင်ထက် သာလွန်မြင့်မြတ်သည့် ကလျာဏမိတ္တ ကမ္မဋ္ဌာန်းဆရာမည်သည် ဤလောက၌ မရှိတော့ပြီ။ (စည်၁။ ၂၆၅)

ကမ္မဋ္ဌာန်းတောင်းခံသင့်သော ကမ္မဋ္ဌာန်းဆရာများ

(၁) သက်တော်ထင်ရှား မြတ်စွာဘုရားထံတော်၌လည်းကောင်း၊
(၂) မြတ်စွာဘုရားမရှိလျှင် မဟာသာဝကတစ်ပါးပါးထံ၌လည်းကောင်း၊
(၃) မဟာသာဝကမရှိလျှင် မိမိယူလိုသောကမ္မဋ္ဌာန်းကို ပွားများ၍ အာသဝေါကုန်ပြီးသွားသော ရဟန္တာတစ်ပါးပါးထံ၌လည်းကောင်း၊
(၄) ရဟန္တာမရှိလျှင် အနာဂါမ်ပုဂ္ဂိုလ်ထံ၌လည်းကောင်း၊
(၅) အနာဂါမ်မရှိလျှင် သကဒါဂါမ်ပုဂ္ဂိုလ်ထံ၌လည်းကောင်း၊

(၆) သကဒါဂါမ်မရှိလျှင် သောတာပန်ပုဂ္ဂိုလ်ထံ၌လည်းကောင်း၊
(၇) သောတာပန်မရှိလျှင် ပဋိကသုံးပုံဆောင်ပုဂ္ဂိုလ်ထံ၌လည်းကောင်း၊
(၈) ပဋိကသုံးပုံဆောင်မရှိလျှင် ပဋိကနှစ်ပုံဆောင်ပုဂ္ဂိုလ်ထံ၌လည်းကောင်း၊
(၉) ပဋိကနှစ်ပုံဆောင်မရှိလျှင် ပဋိကတစ်ပုံဆောင်ပုဂ္ဂိုလ်ထံ၌လည်းကောင်း၊
(၁၀) ပဋိကတစ်ပုံဆောင်မရှိလျှင် နိကာယ်တစ်ခုကို အဋ္ဌကထာနှင့်တကွ လေ့လာတတ်မြောက်ထားသော လဒ္ဓိပေသလ,သိက္ခာကာမ,ဗဟုသုတရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးထံ၌လည်းကောင်း ကမ္မဋ္ဌာန်းတောင်းရပါမည်။ (စည်၁၈။ ၂၆၆-၂၆၇)

ဗဟုသုတများသည့် ကမ္မဋ္ဌာန်းဆရာထံသို့သာ ချဉ်းကပ်သင့်ပုံ

အကြားအမြင် ဗဟုသုတများသော ကမ္မဋ္ဌာန်းဆရာသည် ထိုထိုဆရာအမျိုးမျိုးတို့ထံ၌ ပါဠိတော်,အဋ္ဌကထာတို့ကို နည်းပေါင်းစုံဖြင့် ကျွမ်းကျင်စွာ လေ့လာတတ်မြောက်ပြီးဖြစ်သဖြင့် မိမိထံ၌ ကမ္မဋ္ဌာန်းတောင်းခံလာသော တပည့်ယောဂီအား ထိုထိုပါဠိတော်,အဋ္ဌကထာတို့မှလာသည့် ကမ္မဋ္ဌာန်းနှင့်သင့်လျော်ရာ ပါဠိ,အဋ္ဌကထာစကားတို့ကို ရှာဖွေထောက်ဆ၍ တပည့်ယောဂီနှင့် သပ္ပါယဖြစ်,မဖြစ်စသည်တို့ကို အသင့်ယုတ္တိရှာခြင်း,ရှုးစမ်းဆင်ခြင်ခြင်း စသည်ဖြင့်ဝေဖန်၍ ဟောပြောညွှန်ပြနိုင်စွမ်းရှိ၏။

ဥပမာအားဖြင့် အလွန်ချဲ့ထူထပ်သည့် တောအရပ်သို့ ဖြောင့်ဖြောင့်နင်း၍သွားနိုင်သော ဆင်ပြောင်ကြီးပမာ ကမ္မဋ္ဌာန်းလမ်းစဉ်ကို အထပ်ထပ်အခါခါအကျယ်ဝေဖန်ပြ၍ ဟောပြောနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းအားထုတ်လိုသောယောဂီပုဂ္ဂိုလ်သည် အကြားအမြင် ဗဟုသုတများသော ကမ္မဋ္ဌာန်းဆရာထံသို့သာ ချဉ်းကပ်သင့်ပါသည်။ (စည်၁၈။ ၂၆၈-၂၆၉)

ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းရာ၌ လိုက်နာရမည့်အချက်များ

ကမ္မဋ္ဌာန်းသင်ယူလိုသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းဆရာထံသို့သွားရာ၌ ဖိနပ်စီး,ထီးဆောင်း၍ တပည့်အခြံအရံတို့ဖြင့် ခမ်းနားထည်ဝါစွာ မသွားသင့်ပေ။ ပေါ့ပါးသောပရိက္ခရာတို့ကိုသာ ယူဆောင်လျက် ဂမိကဝတ်နှင့်အညီ သွားရမည်။ ကမ္မဋ္ဌာန်းဆရာကျောင်းသို့ မရောက်မီ လမ်းခုလတ်၌ ဝင်ထွက်သွားလာနေကျကျောင်းများရှိပါက အာဂန္တုကဝတ်နှင့်အညီ ဝင်ထွက်သွားလာရမည်။ ဝင်ထွက်သွား

လာနေကျမဟုတ်သော ကျောင်းများသို့မူ မဝင်သင့်ပေ။ အကယ်၍ ဝင်မိပြီး ကမ္မဋ္ဌာန်းဆရာနှင့် အဆင်မပြေသူကို တွေ့ဆုံမိလတ်သော် ထိုသူပြောဆိုသည့် ကမ္မဋ္ဌာန်းဆရာ၏ ကျေးဇူးမဲ့အထွေထွေစကားတို့ကို နားယောင်မိပြီး စိတ်မချမ်းမသာဖြစ်ကာ လှည့်ပြန်တတ်၏။

ကမ္မဋ္ဌာန်းဆရာသည် မိမိအောက် ဝါငယ်သူဖြစ်ပါက ဆရာ၏ခရီးဦး ကြိုဆိုမှုကို မသာယာသင့်ပေ။ မိမိထက် ဝါကြီးသူဖြစ်ပါက ရိုသေစွာရှိခိုးပြီး ဆရာဖြစ်သူ ညွှန်ကြားသည့်အတိုင်း လိုက်နာရမည်။ ''ရေသောက်ပါ'' ဟုဆိုလျှင် သောက်လိုက သောက်နိုင်၏။ သို့သော် ''ခြေဆေးပါ'' ဟုဆိုလျှင်မူကား အလျင်စလိုဖြင့် မိမိခြေကို မဆေးသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ခြေဆေးရေသည် ဆရာခပ်ထားသောရေ ဖြစ်နေပါက တပည့်ခံမည့်မိမိအနေဖြင့် ခြေဆေးရန်မသင့်လျော်သောကြောင့် ဖြစ်သည်။ ဆရာက တိုက်တွန်းဖန်များသဖြင့် မဖြစ်မနေဆေးရပါက ဆရာကွယ်ရာ အရပ်သို့ ခြေဆေးရေကိုယူဆောင်ပြီးမှသာ မိမိခြေကို ဆေးရပါမည်။

ဆရာက လိမ်းဆီယူလာလျှင် လက်နှစ်ဖက်ဖြင့် ရိုသေစွာ ခံယူရမည်။ မယူလျှင် အမြင်တိမ်းစောင်းတတ်သည်။ လိမ်းဆီကိုလည်း ခြေမှစ၍ မလိမ်းသင့်ပေ။ ဆရာ၏ကိုယ်လိမ်းဆီဖြစ်နေပါက တပည့်အနေဖြင့် ခြေကိုလိမ်းကျံခြင်းသည် မသင့်လျော်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ဆရာပေးသည့် လိမ်းဆီကို ဦးခေါင်းမှစ၍ လိမ်းရမည်။ ဆရာက မည်သည့်နေရာမဆို လိမ်းကျံခွင့်ရှိသည်ဟု ခွင့်ပြုသည့် တိုင်အောင် ဦးခေါင်းကို အနည်းငယ်လိမ်းပြီးမှသာ အခြားနေရာတို့ကို လိမ်းရမည်။

စတင်ရောက်သည့်နေ့၌ ရောက်ရောက်ချင်း ကမ္မဋ္ဌာန်းကို မတောင်းသင့်ပေ။ နောက်နေ့မှစ၍ ဆရာကို အနီးကပ် ပြုစုလုပ်ကျွေးနေကျ တပည့်ရှိလျှင် ထိုတပည့်ကို တောင်းပန်ခွင့်တောင်းပြီးမှ ဆရာဖြစ်သူအား ဝတ်ကြီး၊ဝတ်ငယ်တို့ကို ပြုစုဆောင်ရွက်ပေးရမည်။ လုပ်ကျွေးနေကျတပည့်က ခွင့်မပြုလျှင် အခွင့်ရသောအခါမှသာ ပြုစုဆောင်ရွက်ပေးရမည်။

ဤသို့ ကမ္မဋ္ဌာန်းဆရာဖြစ်သူကို ဝတ်အကျင့်ဖြင့်နှစ်သက်စေပြီး ဆရာဖြစ်သူက လာရင်းအကြောင်းကို မေးမြန်းသောအခါမှသာ မိမိ၏ ကမ္မဋ္ဌာန်းနှင့် ပတ်သက်သော လာရင်းအကြောင်းကို လျှောက်ထားတင်ပြရပါမည်။ ဆရာက မမေးသေးလျှင် မလျှောက်တင်ရပါ။ အကယ်၍ ၁၀-ရက်၊ ၁၅-ရက်ခန့် ကြာသည့် တိုင်အောင် မမေးမြန်းသေးပါက ဆရာကိုခွင့်တောင်း၍ လာရင်းအကြောင်းကို လျှောက်ထားရပါမည်။

ဆရာဖြစ်သူသည် ကမ္မဋ္ဌာန်းသင်ပေးရန် မအားလပ်သေးပါက အားလပ်မည့် အချိန်ကို ဆရာသတ်မှတ်ပေးသည်အထိ စောင့်ဆိုင်းငံ့လင့်ရမည်။ ဆရာသတ်မှတ်ပေးသည့်အချိန်၌မူ ဆရာ့ထံသို့ မပျက်မကွက် သွားရမည်။ ဆရာသတ်မှတ်ပေးသည့်အချိန်နှင့်တိုက်ဆိုင်စွာ မိမိမကျန်းမမာဖြစ်ခဲ့သော် ဆရာ့ထံသို့သွား၍ မိမိ၏ ရောဂါအခြေအနေကို အမှန်အတိုင်း ဖော်ပြလျှောက်ထားပြီးမှ ကမ္မဋ္ဌာန်းသင်မည့် အချိန်ကို ပြောင်းလဲရမည်။ အဘယ်ကြောင့်ဆိုသော် မကျန်းမမာဖြစ်၍ မလျောက်ပတ်သောအချိန်၌ ကမ္မဋ္ဌာန်းကို မည်မျှပင် သင်ကြားပြသပေးစေကာမူ နှလုံးမသွင်း နိုင်သောကြောင့် ဖြစ်၏။

ဤကား ကမ္မဋ္ဌာန်းဆရာထံ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းတောင်းရာ၌ ယောဂီပုဂ္ဂိုလ်တို့ လိုက်နာရမည့်အချက်များ ဖြစ်ပါသည်။ (စည်၁။ ၂၆၉-၂၇၅)

—

၃။ စရိုက်အကြောင်း

စရိုက် ၆-ပါး

၁။ ရာဂစရိုက်
၂။ ဒေါသစရိုက်
၃။ မောဟစရိုက်
၄။ သဒ္ဓါစရိုက်
၅။ ဗုဒ္ဓိစရိုက်
၆။ ဝိတက်စရိုက်

စရိုက် ၁၄-ပါး

၁။ ရာဂစရိုက်
၂။ ဒေါသစရိုက်
၃။ မောဟစရိုက်
၄။ ရာဂ,ဒေါသစရိုက်
၅။ ရာဂ,မောဟစရိုက်
၆။ ဒေါသ,မောဟစရိုက်
၇။ ရာဂ,ဒေါသ,မောဟစရိုက်
၈။ သဒ္ဓါစရိုက်
၉။ ဗုဒ္ဓိစရိုက်
၁၀။ ဝိတက်စရိုက်
၁၁။ သဒ္ဓါ,ဗုဒ္ဓိစရိုက်
၁၂။ သဒ္ဓါ,ဝိတက်စရိုက်
၁၃။ ဗုဒ္ဓိ,ဝိတက်စရိုက်
၁၄။ သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်စရိုက်

စရိုက် ၂၄-ပါး

၁။ ရာဂ,သဒ္ဓါစရိုက်
၂။ ရာဂ,ဗုဒ္ဓိစရိုက်
၃။ ရာဂ,ဝိတက်စရိုက်
၄။ ရာဂ,သဒ္ဓါ,ဗုဒ္ဓိစရိုက်
၅။ ရာဂ,သဒ္ဓါ,ဝိတက်စရိုက်
၆။ ရာဂ,ဗုဒ္ဓိ,ဝိတက်စရိုက်
၇။ ရာဂ,သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်စရိုက်

ဖော်ပြပါ ရာဂစရိုက်ဦးဆောင်သော စရိုက် ၇-ပါးတို့ကဲ့သို့ ဒေါသစရိုက်ကိုလည်း နောက်ခုနစ်ပါးနှင့်တွဲသော် ဒေါသစရိုက်ဦးဆောင်သော စရိုက်၇-ပါး ဖြစ်၏။ ထို့အတူ မောဟစရိုက်ဦးဆောင်သော စရိုက်၇-ပါးစသည်ဖြင့် ဦးဆောင်စရိုက် ၇-ပါးရှိသည်။

ယင်းဦးဆောင်စရိုက် ၇-ပါး၌ နောက်လိုက်စရိုက် ၇-ပါးစီရှိသောကြောင့် စရိုက်(၇×၇)၄၉-ပါး ဖြစ်လာသည်။ ဤစရိုက်၄၉-ပါးကို မူလစရိုက်၁၄-ပါးနှင့် ပြန်ပေါင်းသည်ရှိသော် စရိုက်ပေါင်း ၆၃-ပါး ဖြစ်သည်။

မှတ်ချက်။ ကေစိဝါဒအရ ဒိဋ္ဌစရိုက်လည်းရှိ၏-ဟုဆိုသဖြင့် ယင်းဒိဋ္ဌစရိုက်ကိုပါ ထည့်၍ရေတွက်လျှင် စရိုက်ပေါင်း ၆၄-ပါး ဖြစ်သည်။

ရာဂစရိုက် နှင့် သဒ္ဓါစရိုက်

ရာဂစရိုက်ရှိသောသူအား ကုသိုလ်ဖြစ်သောအခါ၌ သဒ္ဓါအားကြီးတတ်၏။ အဘယ်ကြောင့်ဆိုသော်-ရာဂနှင့်သဒ္ဓါဂုဏ်ချင်းနီးသဖြင့် သဘောသွားချင်းတူသောကြောင့် ဖြစ်ပါသည်။

အကုသိုလ်အရာ၌ ရာဂသည် စိုပြေညက်ညော၏။ ခြောက်သွေ့ကြမ်းတမ်းခြင်း မရှိပေ။ ထို့အတူ ကုသိုလ်အရာ၌ သဒ္ဓါသည်လည်း စိုပြေညက်ညော၏။ ခြောက်သွေ့ကြမ်းတမ်းခြင်း မရှိပေ။ ရာဂသည် ဝတ္ထုကာမတို့ကို ရှာမှီး၏။ ထို့အတူ သဒ္ဓါသည်လည်း သီလအစရှိသောဂုဏ်တို့ကို ရှာမှီး၏။ ရာဂသည် အကျိုးစီးပွားမဲ့ကို မစွန့်လွှတ်တတ်ပေ။ ထို့အတူ သဒ္ဓါသည်လည်း အကျိုးစီးပွားကို မစွန့်လွှတ်တတ်ပေ။ ထို့ကြောင့် ရာဂစရိုက်နှင့် သဒ္ဓါစရိုက်တို့ သဘောသွားချင်းတူညီ၏-ဟုဆိုခြင်း ဖြစ်ပါသည်။

ဒေါသစရိုက် နှင့် ဗုဒ္ဓိစရိုက်

ဒေါသစရိုက်ရှိသောသူအား ကုသိုလ်ဖြစ်သောအခါ၌ ပညာအားကြီးတတ်၏။ အဘယ်ကြောင့်ဆိုသော်-ပညာသည် ဒေါသနှင့်ဂုဏ်ချင်းနီးသဖြင့် သဘောသွားချင်းတူသောကြောင့် ဖြစ်ပါသည်။

အကုသိုလ်အရာ၌ ဒေါသသည် အဆီအစေးမရှိသဖြင့် မကပ်ငြိခြင်းသဘော ရှိ၏။ ထို့အတူ ကုသိုလ်အရာ၌ ပညာသည်လည်း အဆီအစေးမရှိသဖြင့် မကပ်ငြိခြင်းသဘောရှိ၏။ ဒေါသသည် မဟုတ်မမှန်သောအပြစ်ကို ရှာတတ်၏။ ထို့အတူ ပညာသည်လည်း ဟုတ်မှန်သောသခ်ါရတနာတို့၏အပြစ်ကို ရှာတတ်၏။ ဒေါသသည် သတ္တဝါတို့ကို ရှောင်ကြဉ်သောအခြင်းအရာ ရှိ၏။ ထို့အတူ ပညာသည်လည်း သခ်ါရတနာတို့ကို ရှောင်ကြဉ်သောအခြင်းအရာ ရှိ၏။ ထို့ကြောင့် ဒေါသစရိုက်နှင့် ဗုဒ္ဓိစရိုက်တို့ သဘောသွားချင်းတူညီ၏-ဟုဆိုခြင်း ဖြစ်ပါသည်။

မောဟစရိုက် နှင့် ဝိတက်စရိုက်

မောဟစရိုက်ရှိသူသောအား မဖြစ်ပေါ်သေးသော ကုသိုလ်တရားတို့ဖြစ်ပေါ်လာအောင် အားထုတ်သည်ရှိသော် များသောအားဖြင့် အန္တရာယ်ပြုတတ်သော မိစ္ဆာဝိတက် ဖြစ်ပေါ်လာတတ်၏။ အဘယ်ကြောင့်ဆိုသော်- ဝိတက်သည် မောဟနှင့်သဘောသွားချင်းတူသောကြောင့် ဖြစ်ပါသည်။

မောဟသည် ထက်ဝန်းကျင်ရှုပ်ထွေးသောကြောင့် မတည်တံ့ပေ။ ထို့အတူ ဝိတက်သည်လည်း အာရုံအမျိုးမျိုးကို ကြဲစည်သောကြောင့် မတည်တံ့ပေ။ မောဟသည် အာရုံ၌ မသက်ဝင်သောကြောင့် တုန်လှုပ်တတ်၏။ ထို့အတူ ဝိတက်သည်လည်း ကြဲစည်သောကြောင့် တုန်လှုပ်တတ်၏။ ထို့ကြောင့် မောဟစရိုက်နှင့် ဝိတက်စရိုက်တို့ သဘောသွားချင်းတူညီ၏-ဟုဆိုခြင်း ဖြစ်ပါသည်။

တဏှာစရိုက်၊ မာနစရိုက်၊ ဒိဋ္ဌစရိုက်တို့ကို သီးသန့်မဆိုရခြင်းအကြောင်း

အပရေဆရာတို့က ဝါဏှာစရိုက်၊ မာနစရိုက်၊ ဒိဋ္ဌစရိုက်တို့လည်း ရှိသင့်သေး၏-ဟုဆိုကြသည်။ စင်စစ် တဏှာစရိုက်ဟူသည် ရာဂစရိုက်သာ ဖြစ်၏။ မာနစရိုက်ဆိုသည်မှာလည်း တဏှာနှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်၍ တဏှာစရိုက်နှင့် မာနစရိုက်နှစ်ပါးလုံးသည် ရာဂစရိုက်၌အကျုံးဝင်ပြီး ဖြစ်သည်။ ဒိဋ္ဌစရိုက်သည် မောဟဟူသော အခြေခံအကြောင်းရင်း ရှိသဖြင့် မောဟစရိုက်၌ အကျုံးဝင်ပြီး ဖြစ်သည်။ ထို့ကြောင့် တဏှာစရိုက်၊ မာနစရိုက်၊ ဒိဋ္ဌစရိုက်တို့ကို သီးသန့်မဆိုရခြင်း ဖြစ်ပါသည်။ (စည်း။ ၂၇၆-၂၇၇)

ကေစိအလို စရိုက်ဖြစ်ပေါ်ပုံ

ရွေးဘဝ၌ပြုလုပ်ခဲ့သော အလေ့အကျင့်ဟူသော အကြောင်းကြောင့်လည်းကောင်း၊ ပထဝီစသောဓာတ်တို့ကြောင့်လည်းကောင်း၊ လေ,သလိပ်စသောအပြစ်တို့ကြောင့်လည်းကောင်း ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်တို့ ဖြစ်ပေါ်ကုန်၏-ဟု ဥပတိဿမထေရ်စသည့် အချို့သော(ကေစိ)ဆရာတို့က ယူဆကြသည်။ ထိုဆရာတို့၏အယူအဆအရ စရိုက်ဖြစ်ပေါ်ပုံမှာ ဤသို့ဖြစ်၏။

အတိတ်ဘဝမှ အလေ့အကျင့်ကြောင့် စရိုက်ဖြစ်ပေါ်ပုံ

(က) ရွေးဘဝ၌ နှစ်သက်ဖွယ် အမူအရာများသောသူ၊ တင့်တယ်သောအမူတို့ကို ပြုလုပ်လေ့ရှိသူ၊ နတ်ပြည်မှစုတေ၍ လူပြည်၌ လူလာဖြစ်သောသူတို့သည် ရာဂစရိုက်ရှိသူများ ဖြစ်တတ်သည်။

(ခ) ရေးဘဝ၌ သတ်ဖြတ်နှောင်ဖွဲ့မှုတို့ကို ပြုလုပ်လေ့ရှိသူ၊ ရန်မူခြင်း အပြုအမူများသူ၊ ငရဲဘုံ,နဂါးမျိုးတို့မှစုတေ၍ လူပြည်၌ လူလာဖြစ်သောသူတို့သည် ဒေါသစရိုက်ရှိသူများ ဖြစ်တတ်သည်။

(ဂ) ရေးဘဝ၌ အရက်သေစာသောက်စားသူ၊ နာကြားခြင်း,မေးမြန်းခြင်းကင်းသောသူ၊ စကားမပြောတတ်သူ၊ တိရစ္ဆာန်ဘဝမှစုတေ၍ လူပြည်၌ လူလာဖြစ်သောသူတို့သည် မောဟစရိုက်ရှိသူများ ဖြစ်တတ်သည်။

<u>ပထဝီစသောဓာတ်တို့ကြောင့် စရိုက်ဖြစ်ပေါ်ပုံ</u>

(က) ပထဝီနှင့်အာပေါဓာတ်နှစ်ပါး လွန်ကဲများပြားသောသူသည် မောဟစရိုက်ရှိသူ ဖြစ်တတ်၏။

(ခ) တေဇောနှင့်ဝါယောဓာတ်နှစ်ပါး လွန်ကဲများပြားသောသူသည် ဒေါသစရိုက်ရှိသူ ဖြစ်တတ်၏။

(ဂ) ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာပေါဓာတ်-ဟူသော ဓာတ်ကြီးလေးပါးလုံးညီမျှသောသူသည် ရာဂစရိုက်ရှိသူ ဖြစ်တတ်၏။

<u>သလိပ်စသော အပြစ်တို့ကြောင့် စရိုက်ဖြစ်ပေါ်ပုံ</u>

(က) သလိပ်အပြစ် လွန်ကဲသောသူသည် ရာဂစရိုက်ရှိသူ ဖြစ်တတ်၏။

(ခ) လေအပြစ် လွန်ကဲသောသူသည် မောဟစရိုက်ရှိသူ ဖြစ်တတ်၏။

တစ်နည်းအားဖြင့် -

(က) သလိပ်အပြစ် လွန်ကဲသောသူသည် မောဟစရိုက်ရှိသူ ဖြစ်တတ်၏။

(ခ) လေအပြစ် လွန်ကဲသောသူသည် ရာဂစရိုက်ရှိသူ ဖြစ်တတ်၏။

(ဂ) သည်းခြေအပြစ် လွန်ကဲသောသူသည် ဒေါသစရိုက်ရှိသူ ဖြစ်တတ်၏။

ရေးဘဝ ဟေတုနိယာမဖြင့် စရိုက်ဖြစ်ပေါ်ပုံ

(၁) ကံပြုစဉ်ခဏ၌ လောဘအားကြီး၍ အလောဘအားနည်းသူ၊ အဒေါသ, အမောဟအားကြီး၍ ဒေါသ,မောဟအားနည်းသူသည် ထိုကံက ပဋိသန္ဓေအကျိုးကိုပေးလတ်သော် လောဘထူပြောသောပုဂ္ဂိုလ် ဖြစ်တတ်၏။ အဘယ်ကြောင့်ဆိုသော် အားနည်းသော အလောဘသည် အားကြီးသောလောဘကို မလွှမ်းမိုးနိုင်သောကြောင့်လည်းကောင်း၊ အားကြီးသော အဒေါသ,အမောဟတို့က အားနည်းသောဒေါသ,မောဟတို့ကို လွှမ်းမိုးနိုင်သောကြောင့်လည်း

ကောင်း ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် လောဘကြီး၏။ ကိုယ်,နှုတ်,စိတ် ပြေပြစ်တတ်၏။ အမျက်ထွက်လေ့မရှိ။ ပညာဉာဏ်ကြီး၏။ ထက်မြက်သော ဉာဏ်ပညာရှိသူ ဖြစ်တတ်၏။

(၂) ထို့အတူ လောဘ,ဒေါသနှင့် အမောဟအားကြီးသောသူသည် ကံအကျိုးပေးလတ်သော် လောဘလည်းကြီး၏။ ဒေါသလည်းကြီး၏။ သို့သော် ပညာဉာဏ်ကြီးမား၍ ထက်မြက်သောဉာဏ်ပညာရှိသူ ဖြစ်တတ်၏။

(၃) လောဘ,မောဟနှင့် အဒေါသအားကြီးသောသူသည် ကံအကျိုးပေးလတ်သော် လောဘကြီး၏။ ဉာဏ်ပညာထုံထိုင်း၏။ သို့သော် ကိုယ်,နှုတ်စိတ် ပြေပြစ်၏။ အမျက်ထွက်လေ့မရှိသူ ဖြစ်တတ်၏။

(၄) လောဘ,ဒေါသ,မောဟ သုံးပါးလုံးအားကြီးသူသည် ကံအကျိုးပေးလတ်သော် လောဘလည်းကြီး၏။ ဒေါသလည်းကြီး၏။ တွေလည်းတွေဝေ၏။

(၅) အလောဘနှင့် ဒေါသ,မောဟအားကြီးသူသည် ကံအကျိုးပေးလျှင် လောဘနည်းသူဖြစ်တတ်၏။ နှတ်စည်းစိမ်မျိုးကိုသော်မှ မက်မောခြင်းမရှိပေ။ သို့သော် ဒေါသကြီးတတ်၏။ ဉာဏ်ထုံထိုင်းတတ်၏။

(၆) အလောဘ,အဒေါသနှင့် မောဟအားကြီးသူသည် ကံအကျိုးပေးလျှင် လောဘနည်းတတ်၏။ အမျက်မထွက်တတ်။ ကိုယ်,နှုတ်,စိတ် ပြေပြစ်၏။ သို့သော် ဉာဏ်ထုံထိုင်းတတ်၏။

(၇) အလောဘ,အမောဟနှင့် ဒေါသအားကြီးသူသည် ကံအကျိုးပေးလျှင် လောဘနည်း၏။ ဉာဏ်ကြီး၏။ ဉာဏ်ထက်မြက်၏။ သို့သော် ဒေါသကြီး၍ အမျက်ထွက်လွယ်သူ ဖြစ်တတ်၏။

(၈) အလောဘ,အဒေါသ,အမောဟ သုံးပါးလုံးအားကြီးသူသည် ကံအကျိုးပေးလျှင် လောဘကြီးသူ မဖြစ်တတ်။ ဒေါသကြီးသူ မဖြစ်တတ်။ ဉာဏ်ပညာထက်မြက်သူ ဖြစ်တတ်၏။

(စည်၁။ ၂၈၁-၂၉၃)

(က) ရာဂစရိုက်ရှိသူနှင့် သဒ္ဓါစရိုက်ရှိသူတို့၏ အမူအရာစသည်များ

ဣရိယာပုထ် - ပုံမှန်သွားလျှင် တင့်တယ်စွာသွား၍ ခြေကိုဖြည်းဖြည်းနင်း၍ သွား၏။ ခြေရာသည် အလယ်၌ ခုံးနေ၏။ ကြည်ညိုဖွယ်ကို ဆောင်ပြီး ယဉ်ကျေးတင့်တယ်၍ နှစ်သက်စဖွယ် အမူအရာ ဖြင့်ရပ်လေ့ရှိ၏။ ထိုင်လေ့ရှိ၏။

- အိပ်ရာကို သေသပ်ညီညာစွာခင်း၍ ကိုယ်အင်္ဂါတို့ကို သေသေသပ်သပ်ထားလျက် ညင်သာစွာ လဲလျောင်းလျက် အိပ်လေ့ရှိ၏။ အိပ်ရာမှထသောအခါ၌လည်း စကားတုံ့ပေးပြီးမှ ညင်ညင်သာသာ ထလေ့ရှိသည်။

အလုပ်ကိစ္စ - ဖြည်းဖြည်းမှန်မှန်ဖြင့် ညီညာစွာ သေသေသပ်သပ် လုပ်တတ်ကိုင်တတ်၏။ (စည်းကမ်းရှိသူ, စနစ်ရှိသူ ဖြစ်၏။) အဝတ်,သင်္ကန်းကို ဝတ်ရုံဆင်မြန်းရာ၌ မလျော့လွန်း, မတင်းလွန်းဘဲ အဝန်းညီညီညာညာဖြင့် ကြည့်ညိုဖွယ်,ကြည့်ရှုစဖွယ် ကောင်းအောင် ဝတ်ဆင်လေ့ရှိသည်။

ဘောဇဉ် - နူးညံ့သိမ်မွေ့ကောင်းမွန်သော အစာအာဟာရကို ကြိုက်နှစ်သက်တတ်၏။ အချို,အဆိမ့်တို့ကို ကြိုက်နှစ်သက်၏။ သေသေသပ်သပ် စားသောက်တတ်၏။ အရသာခံပြီး ဖြည်းဖြည်းစားလေ့ရှိ၏။ ကြိုက်နှစ်သက်သည့် အစာအာဟာရကို စားသောက်ရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်တတ်၏။

ကြည့်ရှုမှု - သာမန်မျက်စိပင် အံ့ဩဖွယ်ဟုထင်မှတ်ပြီး ကြာရှည်စွာကြည့်တတ်၏။ ဂုဏ်အနှည်းငယ်ကိုပင် ငြိကပ်တွယ်တာတတ်၏။ ဟုတ်မှန်သောအပြစ်ကိုလည်း မယူတတ်။ သမင်လည်ပြန့်ငဲ့ကွက်သောစိတ်ဖြင့် တလှည့်လှည့်ကြည့်ရှု၍ သွားတတ်၏။

(ခ) ဒေါသစရိုက်ရှိသူနှင့် ဗုဒ္ဓိစရိုက်ရှိသူတို့၏ အမူအရာစသည်များ

ကျရိယာပုထ် - ခြေဖျားတူး၍ ဒရွတ်တိုက်သွား၏။ ခြေကို ကတိုက်ကရိုက်ချ၍ သွားတတ်၏။ ခြေရာသည် နောက်သို့ ဆွဲငင်ထားသကဲ့သို့ဖြစ်နေ၏။ တောင့်တင်းခိုင်မာသည့် ကိုယ်ဟန်အနေအထားဖြင့် ရပ်လေ့ရှိ၏။ ထိုင်လေ့ရှိ၏။

- အိပ်ရာကို ဖြစ်ကတတ်ဆန်းခင်းပြီး အလျင်စလို အိပ်လေ့ရှိ၏။ အိပ်သောအခါ၌လည်း မျက်မှောင်ကြုတ်၍ အိပ်လေ့ရှိ၏။ အိပ်ရာမှထလျှင်လည်း လျင်မြန်စွာထ၍ အမျက်ထွက်သကဲ့သို့ စကားတုံ့ပေးပြီးမှ ထလေ့ရှိ၏။

အလုပ်ကိစ္စ - ကြမ်းကြမ်းတမ်းတမ်း မညီမညာ အလျင်စလို လုပ်တတ်ကိုင်တတ်၏။(ပျာယီးပျာယာနိုင်သူ,ပျာလောင်ခတ်သူ ဖြစ်၏။)
- အဝတ်,သင်္ကန်းကို ဝတ်ရုံဆင်မြန်းရာ၌ အလွန်တင်းလွန်းစွာ ဝတ်ဆင်လေ့ရှိ၏။ ညီညီညာညာ သေသေသပ်သပ် ဝတ်ဆင်လေ့မရှိပေ။

ဘောဇဉ် - ကြမ်းတမ်းသော အစာအာဟာရကို ကြိုက်တတ်၏။ အချဉ်, အစပ်အရသာကို ကြိုက်နှစ်သက်၏။ အရသာမခံဘဲ ခံတွင်းအပြည့် စားတတ်၏။ မကြိုက်သောအာဟာရကို စားရပါက စိတ်မချမ်းမသာ ဖြစ်နေတတ်၏။

ကြည့်ရှုမှု - သဘောမကျသည်ကို တွေ့မြင်ရလျှင် သည်းမခံတတ်ပေ။ အမျက်ထွက်၍ ချက်ချင်းပင် မျက်နှာလွဲနေတတ်၏။ သာမန်အပြစ်မျှကိုပင် အပြစ်ကြီးဟု ရှုမြင်တတ်၏။ သွားလျှင် လှည့်၍ပင် မကြည့်တတ်ပေ။

(ဂ) မောဟစရိုက်ရှိသူနှင့် ဝိတက်စရိုက်ရှိသူတို့၏ အမူအရာစသည်များ

ကျရိယာပုထ် - ယိမ်းထိုး၍ သွားတတ်၏။ ခြေကို ချွတ်ချော်စွာနင်း၍ သွားတတ်၏။ ခြေရာသည် အလျင်စလို ဖိနင်းထားသကဲ့သို့ ဖြစ်သည်။ မသေမသပ် ရှုပ်ရှုပ်ထွေးထွေး အမူအရာဖြင့် ရပ်လေ့ရှိ၏။ ထိုင်လေ့ရှိ၏။
- အိပ်ရာကို မသပ်မယပ်ခင်းပြီး ကိုယ်အင်္ဂါကြီးငယ်တို့ကို ဖရိုဖရဲထားလျက် ဖြစ်ကတတ်ဆန်း အိပ်တတ်၏။ အိပ်ရာမှထလျှင်လည်း ပျင်းရိပျင်းတွဲ တဟင်းဟင်း ညည်းညူပြီးမှ ထလေ့ရှိသည်။

အလုပ်ကိစ္စ - ရှုပ်ရှုပ်ထွေးထွေး မသေမသပ် ပေါ့ပေါ့ဆဆ လုပ်လေ့ရှိ၏။ အဝတ်,သင်္ကန်းကို ဝတ်ရုံဆင်မြန်းရာ၌ လျော့ရိလျော့ရဲ ရှုပ်ထွေးစွာ ဝတ်ဆင်တတ်၏။ (စည်းစနစ် မရှိသူဖြစ်၏။)

ဘောဇဉ် - ကြိုက်နှစ်သက်သောအစား၊အစာ, ကြိုက်နှစ်သက်သော အရသာဟူ၍ သတ်သတ်မှတ်မှတ် မရှိပေ။ ကြုံရာစားသောက်၏။ အလုပ်သေးသေးပြု၍ ပြန့်ကြဲပေကျဲလျက်စား၏။ တွေးတော ကြံစည်ငေးမောလျက် စားသောက်တတ်၏။

ကြည့်ရှုမှု - မိမိကိုယ်တိုင် အကောင်း, အဆိုး မခွဲခြားတတ်သဖြင့် မည်သည့်အရာကိုမဆို သူတစ်ပါးကြိုက်လျှင် လိုက်ကြိုက်လိုက်ပြီး သူတစ်ပါးမကြိုက်လျှင် သူလည်းမကြိုက်ဘဲဖြစ်တတ်၏။ (သူတစ်ပါးနောက် သံယောင်လိုက်တတ်သူမျိုး ဖြစ်၏။)

စရိုက်အားလျော်စွာ ဖြစ်တတ်သောတရားများ

ရာဂစရိုက်

ရာဂစရိုက်ရှိသူ၌ မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း(မာယာ)၊ မိမိမှာမရှိသည့်ဂုဏ်ကိုဖော်ပြခြင်း(သာဒ္ဒေယျ)၊ မြင့်မောက်တက်ကြွခြင်း(မာန)၊ ယုတ်မာသည့်အလိုဆိုးရှိခြင်း(ပါပိစ္ဆတာ)၊ အလိုကြီးခြင်း(မဟိစ္ဆတာ)၊ မရောင့်ရဲခြင်း(အသန္တုဋ္ဌိတာ)၊ ဦးချိုသဖွယ်စံပယ်ကြောင်းကိုလေသာဟူသော(သိင်္ဂီ)၊ လျှပ်ပေါလော်လည်ခြင်း(စာပလျ)ဟူသော အကုသိုလ်တရားတို့ အဖြစ်များ၏။

ဒေါသစရိုက်

ဒေါသစရိုက်ရှိသူ၌ အမျက်ထွက်ခြင်း(ကောဓ)၊ ရန်ငြိုးဖွဲ့ခြင်း(ဥပနာဟ)၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း(မက္ခ)၊ ဂုဏ်ရည်သာသူကိုတုပြိုင်ခြင်း(ပဠာသ)၊ မနာလိုခြင်း(ဣဿာ)၊ ဝန်တိုခြင်း(မစ္ဆရိယ)ဟူသော အကုသိုလ်တရားတို့ အဖြစ်များ၏။

မောဟစရိုက်

မောဟစရိုက်ရှိသူ၌ စိတ်တို့၏ထိုင်းမှိုင်းခြင်း(ထိန)၊စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း(မိဒ္ဓ)၊ စိတ်ပျံ့လွင့်ခြင်း(ဥဒ္ဓစ္စ)၊ နောင်တတစ်ဖန်ပူပန်ခြင်း(ကုက္ကုစ္စ)၊ ယုံမှားခြင်း(ဝိစိကိစ္ဆာ)၊ မသင့်သောအားဖြင့် မြဲမြံစွာယူခြင်း(အာမာသဂ္ဂါဟ)၊ မိမိအယူမှားကို စွန့်နိုင်ခဲခြင်း(ဒုပ္ပဋိနိဿဂ္ဂိတာ)ဟူသော အကုသိုလ်တရားတို့ အဖြစ်များ၏။

သဒ္ဓါစရိုက်

သဒ္ဓါစရိုက်ရှိသူ၌ လွတ်လွတ်စွန့်ကြဲပေးကမ်းခြင်း(မုတ္တစာဂတာ)၊ အရိယာတို့ကိုဖူးမြင်လိုခြင်း(အရိယာနံ ဒဿနကာမတာ)၊ သူတော်ကောင်းတရားကို နာကြားလိုခြင်း(သဒ္ဓမ္မံ သောတုကာမတာ)၊ ရွှင်လန်းဝမ်းမြောက်မှုများခြင်း(ပါမောဇ္ဇ-ဗဟုလတာ)၊ မစဉ်းလဲခြင်း(အသဋ္ဌတာ)၊ မလှည့်ပတ်ခြင်း(အမာယာဝိတာ)၊ ကြည်ညိုဖွယ်ရတနာသုံးပါး(ပသာဒနီယဋ္ဌာန)တို့၌ ကြည်ညိုလေ့ရှိခြင်း (ပသာဒ) ဟူသော ကုသိုလ်တရားတို့ အဖြစ်များ၏။

ဗုဒ္ဓိစရိုက်

ဆိုဆုံးမလွယ်ခြင်း(သောဝစဿတာ)၊ မိတ်ဆွေကောင်းရှိခြင်း(ကလျာဏ-မိတ္တတာ)၊ ဘောဇဉ်၌အတိုင်းအရှည်ကိုသိခြင်း(ဘောဇနေမတ္တညုတာ)၊ သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်း(သတိသမ္ပဇညတာ)၊ ထကြွနိုးကြားမှု၌ အမြဲမပြတ်အားထုတ်ခြင်း(ဇာဂရိယာနုယောဂ)၊ ထိတ်လန့်ဖွယ်ရာဇာတိဒုက္ခစသည် (သံဝေဇနီယဌာန) တို့၌ ထိတ်လန့်လေ့ရှိခြင်း(သံဝေဂ)၊ နည်းမှန်လမ်းမှန် အားထုတ်ခြင်း(ပဓာန) ဟူသော ကုသိုလ်တရားတို့ အဖြစ်များ၏။

ဝိတက်စရိုက်

စကားများခြင်း(ဘဿဇဟုလတာ)၊ အပေါင်းအဖော်၌မွေ့လျော်ခြင်း(ဂဏာရာမတာ)၊ ကုသိုလ်အားထုတ်မှု၌ မပျော်မွေ့ခြင်း(အရတိ)၊ စိတ်မတည်တံ့ခြင်း(အနဝဋ္ဌိတကိစ္စတာ)၊ ညဉ့်အခါ၌ နောက်တစ်နေ့ပြုလုပ်ရမည့် အလုပ်တို့ကို ကြံစည်စဉ်းစားမှုဟူသော အခိုးလွတ်ခြင်း(ရတ္တိ-ဥမာယနာ)၊ နေ့အခါ၌ ညကကြံစည်စဉ်းစားထားသည့်အလုပ်တို့ကို အားထုတ်ပြုလုပ်မှုဟူသော အလျှံလွတ်ခြင်း(ဒိဝါ-ပဓာနာ)၊ အာရုံအမျိုးမျိုးသို့ စိတ်ကိုလွှတ်ပေးခြင်း(ဟုရာဟုရ-ဓာဝနာ) ဟူသော အကုသိုလ်တရားတို့ အဖြစ်များ၏။ (စည်၁။ ၂၈၈-၂၈၉)

စရိုက်ဖြစ်ပုံနှင့်ပတ်သက်၍ အဋ္ဌကထာဆရာ မှတ်ချက်ချပုံ

ဤကျရိယာပုထ်စသည်တို့ဖြင့် စရိုက်ဖြစ်ပုံကို ပြဆိုခြင်းသည် ပါဠိတော်၊ အဋ္ဌကထာတို့၌ တိုက်ရိုက်ဖော်ပြထားခြင်း မရှိပေ။ အမှန်အားဖြင့် ပါဠိတော်၊ အဋ္ဌကထာတို့နှင့်မသက်ဆိုင်ဘဲ ရှေးဆရာတို့၏အယူအဆကို အစဉ်လိုက်၍ ပြဆိုထားခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် အနှစ်သာရအားဖြင့် အကြွင်းမဲ့ ပုံသေမှတ်ရန် မဖြစ်နိုင်ချေ။

အဘယ်ကြောင့်ဆိုသော် ရာဂစရိုက်ရှိသူနှင့်သက်ဆိုင်သည်ဟု ပြဆိုထားသော ကျရိယာပုထ်စသည်တို့ကို ဒေါသစရိုက်ရှိသူက မမှေ့မလျော့ သတိပြု၍လိုက်နာလျှင် ဒေါသစရိုက်ရှိသူ၌လည်း အဆိုပါကျရိယာပုထ်စသည်တို့ ပြည့်စုံနိုင်၏။ ထို့ပြင် ရာဂ,ဒေါသစသော စရိုက်ရောနှောသူတစ်ဦးတည်း၌ပင် ကျရိယာပုထ်တန်ဆာစသည်တို့ ကွဲပြားခြားနားခြင်းမျိုးလည်း မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ဤပြဆိုခဲ့ပြီးသည်များကို ပုံသေမမှတ်ရ။ ယေဘုယျသဘောအနေဖြင့်သာ မှတ်ရဆေးသည်။

စင်စစ် အဋ္ဌကထာဖွင့်ဆိုချက်အရ စေတောပရိယဉာဏ်ရသော ကမ္မဋ္ဌာန်း ဆရာမျိုးဖြစ်မှသာ ပုဂ္ဂိုလ်၏စရိုက်ကို သိရှိနိုင်၍ စရိုက်နှင့်ကမ္မဋ္ဌာန်း သင့်လျော်ညီညွတ်အောင် ပေးနိုင်စွမ်းရှိ၏။ စေတောပရိယဉာဏ်မရသော ကမ္မဋ္ဌာန်းဆရာဖြစ်ပါမူ ယောဂီပုဂ္ဂိုလ်အား နည်းအမျိုးမျိုးဖြင့် စိစစ်လျက် မည်သည့်စရိုက်ရှိသူ-ဟု အနီးကပ်ဆုံးခန့်မှန်း၍ စရိုက်နှင့်ကမ္မဋ္ဌာန်း သင့်လျော်ညီညွတ်အောင် ပေးနိုင်၏။

(စည်၊၁။ ၂၈၉)

ရာဂစရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း, သင်္ကန်းစသည်

ကျောင်း - ညစ်ပေသည့်ဝတ်တရှိသောကျောင်း၊ မြေပြင်တစ်ထပ်သာရှိသော ကျောင်း၊ နံရံကိုမပြုပြင်ဘဲထားသောကျောင်း၊ မြက်စသည်တို့ဖြင့် မိုးကာထားသောကျောင်း၊ လင်းနို့တို့ဖြင့်ပြည့်၍ ကျိုးပြတ်နေသော ကျောင်း၊ မြင့်လွန်း, နိမ့်လွန်းသောကျောင်း၊ ကြမ်းတမ်းသော မြေအပြင်ရှိသောကျောင်း၊ ရွံရှာဖွယ်ရှိသောကျောင်း၊ မသန့်ရှင်း, မညီညွတ်သောလမ်းရှိသောကျောင်း၊ ကြမ်းပိုးတို့ဖြင့်ပြည့်၍ ပုံပန်း မကျသည့် ညောင်စောင်း, အင်းပျဉ်များရှိသောကျောင်း၊ ကြည့်ရှုရုံမျှဖြင့် စက်ဆုပ်ဖွယ်ကောင်းသောကျောင်းတို့နှင့် သင့်လျော်၏။

သင်္ကန်း - စုတ်ပြတ်နေသောသင်္ကန်း၊ တွဲလဲကျနေသောချည်တို့ဖြင့် ရှုပ်ထွေးနေသောသင်္ကန်း၊ အပေါက်ရှိသောသင်္ကန်း၊ အတွေ့ကြမ်းသော သင်္ကန်း၊ ဟောင်းနွမ်းညစ်ပတ်နေသောသင်္ကန်း၊ လေးလံသော သင်္ကန်းတို့ဖြင့် သင့်လျော်၏။

သပိတ် - အဆင်းပျက်နေသော မြေသပိတ်, အဖာအထေး, အဖုအထစ်များသောသပိတ်၊ လေးလံ၍ ပုံပန်းပျက်နေသော သံသပိတ်တို့ဖြင့် သင့်လျော်၏။

ဆွမ်းခံလမ်း - နှစ်သက်ဖွယ်မရှိ ကြမ်းတမ်းသောလမ်း၊ ရွာနှင့်မနီးသောလမ်းတို့သည် သင့်လျော်၏။

ဆွမ်းခံရွာ - ဆွမ်းခံရဟန်းကိုမမြင်သကဲ့သို့ သွားလာနေသောလူတို့၏ နေထိုင်ရာရွာ၊ ဆွမ်းခံရဟန်းကို ဂရုတစိုက် ဆွမ်းမလောင်းသောရွာမျိုးနှင့် သင့်လျော်၏။

ကပ္ပိယ - ရပ်ရည်အဆင်းမလှပသူ၊ အမြင်မတော်အောင် ညစ်နွမ်းနေသော အဝတ်ကို ဝတ်ဆင်ထားသူ၊ အနံ့ဆိုး၍ ရွံရှာစက်ဆုပ်ဖွယ်ကောင်း သောသူ၊ ယာဂုဆွမ်းကို ဖြစ်ကတတ်ဆန်း မရှိမသေကပ်လှူသည့် အလုပ်အကျွေးပုဂ္ဂိုလ်မျိုးနှင့် သင့်လျော်၏။

အစာ:အစာ - ကြမ်းတမ်းသော ဆန်,လုံး,ဆန်ကွဲစသည်ဖြင့် ချက်ထားသော ဆွမ်း၊ ရက်တက်ပုပ်ရည်,ပအုန်းရည်,ဟင်းရွက်ရည်ဟင်း၊ ဝမ်း ပြည့်ရုံမျှသာ စားရသည့် ကြမ်းတမ်း၍အရသာမရှိသော အစား အစာတို့နှင့် သင့်လျော်၏။

ဣရိယာပုထ် - ရပ်ခြင်းနှင့် စင်္ကြံလျှောက်ခြင်း ဣရိယာပုထ်နှစ်မျိုးနှင့်သာ သင့် လျော်၏။

အာရုံ - နိလကသိုဏ်းစသော ဝဏ္ဏကသိုဏ်းတို့တွင် မစင်ကြယ်သည့် ကသိုဏ်း အာရုံတစ်မျိုးမျိုးနှင့် သင့်လျော်၏။ (ကျယ်ပြန့်သော ကသိုဏ်းဝန်းရှိသည့်အာရုံမျိုးနှင့် မသင့်လျော်ချေ။ အဘယ်ကြောင့် ဆိုသော် စိတ်ပျံ့လွင့်လွယ်သောကြောင့် ဖြစ်သည်။)

ဒေါသစရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း,သင်္ကန်းစသည်

ကျောင်း - မမြင့်လွန်း, မနိမ့်လွန်းသောကျောင်း၊ အရိပ်အာဝါသ,ရေတို့ဖြင့် ပြည့်စုံသောကျောင်း၊ ကောင်းစွာစီမံထားသောကျောင်း၊ ကောင်း မွန်စွာ ခြယ်သထားသည့် တင့်တယ်သောကျောင်း၊ ညီညွတ် သောမြေအပြင်ရှိသောကျောင်း၊ သန့်ရှင်းသောအခင်းတို့ဖြင့် သပ်ရပ်စွာ ခင်းကျင်းထားသော ညောင်စောင်း,အင်းပျဉ်ရှိ သောကျောင်း၊ မြင်ရုံမျှဖြင့် နေချင်စဖွယ်ရှိသောကျောင်းတို့နှင့် သင့်လျော်၏။

- ထိုကျောင်း၌ ပိုးဟပ်,ကြမ်းပိုးစသည်တို့ မရှိစေရ၊ ထိုပိုးဟပ်, ကြမ်းပိုးတို့မရှိသော ညောင်စောင်း၊ အင်းပျဉ်စသည်တို့သည် လည်း သင့်လျော်၏။ ကျောင်းသို့သွားသောလမ်းသည် ရှုပ်ထွေးမှု မရှိစေရ။ သန့်ရှင်းပြေပြစ်သည့်လမ်းမျိုး ဖြစ်နေရမည်။

သင်္ကန်း - သစ်လွင်ဆန်းသစ်သောသင်္ကန်း၊ ရဟန်းတော်တို့နှင့် အပ်စပ် အောင်ဆိုးထားသည့် အရောင်လွင်သောသင်္ကန်း၊ သန့်ရှင်းသော သင်္ကန်းများနှင့် သင့်လျော်၏။

သပိတ် - ညီညွတ်သောသပိတ်၊ ချောမွတ်ပြေပြစ်သောသပိတ်၊ အညစ်အကြေးကင်းစင်သော သံသပိတ်မျိုးနှင့် သင့်လျော်၏။

ဆွမ်းခံလမ်း - ဘေးရန်ကင်းသောလမ်း၊ ညီညာပြေပြစ်သောလမ်း၊ ရွာနှင့်မနီးလွန်း၊ မဝေးလွန်းသောလမ်းမျိုးနှင့် သင့်လျော်၏။

ဆွမ်းခံရွာ - ဆွမ်းခံရဟန်းကို ဂရုတစိုက် ရိုရိုသေသေ လောင်းလှူသောလူတို့၏ နေထိုင်ရာရွာနှင့် သင့်လျော်၏။

ကပ္ပိယ - ရုပ်ရည်အဆင်းလှပတင့်တယ်သူ၊ သန့်သန့်ရှင်းရှင်း နေထိုင်တတ်သူ၊ အမွေးရနံ့တို့ဖြင့် ထုံမွှမ်းထားသောသူ၊ အရောင်အဆင်းအမျိုးမျိုးဖြင့် လှပတင့်တယ်စွာ ဝတ်ဆင်လေ့ရှိသောသူများနှင့် သင့်လျော်၏။

အစားအစာ - အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသောအစားအစာ၊ အလိုရှိသလောက်ရသော ယာဂု၊ ဆွမ်း၊ ခဲဖွယ်တို့နှင့် သင့်လျော်၏။

ဣရိယာပုထ် - အိပ်ခြင်းနှင့်ထိုင်ခြင်း ဣရိယာပုထ်နှစ်မျိုးနှင့်သာ သင့်လျော်၏။

အာရုံ - နီလကသိုဏ်းစသော ဝဏ္ဏကသိုဏ်းတို့တွင် အလွန်စင်ကြယ်သော ကသိုဏ်းအာရုံတစ်မျိုးမျိုးနှင့် သင့်လျော်၏။

မောဟစရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း၊ သင်္ကန်းစသည်

ကျောင်း - လွင်ပြင်သို့ မျက်နှာမူထားသောကျောင်း၊ အကယ်၍ ကျဉ်းမြောင်းသောကျောင်းဖြစ်လျှင် အရပ်မျက်နှာတို့ကို ရှင်းရှင်းလင်းလင်းတွေ့မြင်နိုင်သောကျောင်းမျိုးနှင့် သင့်လျော်၏။

ဣရိယာပုထ် - စင်္ကြံလျှောက်ခြင်း ဣရိယာပုထ်နှင့်သာ သင့်လျော်၏။

အာရုံ - ကျယ်ပြန့်သော ကသိုဏ်းဝန်းအာရုံမျိုးနှင့် သင့်လျော်၏။

ဤစရိုက်ရှိသူအား ကျဉ်းမြောင်းသောအာရုံမျိုးနှင့် မသင့်လျော်ပေ။ အဘယ်ကြောင့်ဆိုသော် ကျဉ်းမြောင်းသောအာရုံ၌ စိတ်သည် ပို၍တွေဝေတတ်သောကြောင့် ဖြစ်ပါသည်။

မှတ်ချက်။ အကြွင်း ဒေါသစရိုက်ရှိသူနှင့် ဆိုခဲ့ပြီးသမျှ တူညီ၏။

သဒ္ဒါစရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း၊သင်္ကန်းစသည်

အာရုံ - ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါး ကမ္မဋ္ဌာန်းအာရုံများနှင့် သင့်လျော်၏။

မှတ်ချက်။ အကြွင်း ဒေါသစရိုက်ရှိသူနှင့် ဆိုခဲ့ပြီးသမျှ တူညီ၏။

ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း၊သင်္ကန်းစသည်

ကျောင်း - ဗုဒ္ဓိစရိုက်ရှိသူအား မသင့်လျော်သော ကျောင်း၊သင်္ကန်းစသည်တို့ မည်သည် မရှိ။ မည်သည့်ကျောင်းမျိုးမဆို အားလုံးသင့်လျော်၏။

ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သော ကျောင်း၊သင်္ကန်းစသည်

ကျောင်း - လွင်ပြင်သို့ မျက်နှာမူနေသောကျောင်းမျိုးနှင့် မသင့်လျော်ပေ။ ပျော်မွေ့ဖွယ် ကောင်းသည့်ဥယျာဉ်၊ခြံ၊ရေကန်၊ရွာ၊နိုဂုံး၊ဇနပုဒ်စသည်တို့ရှိသောကျောင်း၊ စိမ်းညိုအံ့မှိုင်းသောကျောင်း၊ ထင်ရှားသောကျောင်းများလည်း ဤစရိုက်ရှိသူနှင့် မသင့်လျော်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုထို ဤဤ ကြံစည်လျက် စိတ်ပျံ့လွင့်တတ်သောကြောင့် ဖြစ်ပါသည်။

- ဤဝိတက်စရိုက်ရှိသူအား တောအုပ်၊တောင်ဝှမ်းစသည်တို့ဖြင့် ဖုံးကွယ်အပ်သောလိုဏ်ဂူနှင့်တူသည့် ကျောင်းမျိုးနှင့်သာ သင့်လျော်၏။

အာရုံ - ကျယ်ပြန့်သည့် ကသိုဏ်းဝန်းအာရုံမျိုးနှင့် မသင့်လျော်ပေ။ အဘယ်ကြောင့်ဆိုသော် ကသိုဏ်းဝန်းအာရုံကျယ်လျှင် ထိုစရိုက်ရှိသူအား စိတ်ပျံ့လွင့်လွယ်သောကြောင့် ဖြစ်ပါသည်။

မှတ်ချက်။ ဤဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သည့် အခြားမှတ်သားဖွယ်ရာများသည် ရာဂစရိုက်ရှိသောသူနှင့် အားလုံးတူညီ၏။

၄။ ကမ္မဋ္ဌာန်းအကြောင်း

ကမ္မဋ္ဌာန်း ၄၀

- ကသိုဏ်း ၁၀-ပါး
- အသုဘ ၁၀-ပါး
- အနုဿတိ ၁၀-ပါး
- ဗြဟ္မဝိဟာရ ၄-ပါး
- အာရုပ္ပ ၄-ပါး
- အာဟာရေပဋိကူလသညာ ၁-ပါး
- စတုဓာတုဝဝတ္ထာန် ၁-ပါး

ကသိုဏ်း ၁၀-ပါး

(၁) ပထဝီကသိုဏ်း
(၂) အာပေါကသိုဏ်း
(၃) တေဇောကသိုဏ်း
(၄) ဝါယောကသိုဏ်း
(၅) နီလကသိုဏ်း
(၆) ပီတကသိုဏ်း
(၇) လောဟိတကသိုဏ်း
(၈) ဩဒါတကသိုဏ်း
(၉) အာလောကကသိုဏ်း
(၁၀) ပရိစ္ဆိန္နာကာသကသိုဏ်း

အသုဘ ၁၀-ပါး

(၁) ဥဒ္ဓုမာတကအသုဘ
(၂) ဝိနီလကအသုဘ
(၃) ဝိပုဗ္ဗကအသုဘ
(၄) ဝိစ္ဆိဒ္ဒကအသုဘ
(၅) ဝိက္ခာယိတကအသုဘ
(၆) ဝိက္ခိတ္တကအသုဘ
(၇) ဟတဝိက္ခိတ္တကအသုဘ
(၈) လောဟိတကအသုဘ
(၉) ပုဠုဝကအသုဘ
(၁၀) အဋ္ဌိကအသုဘ

အနုဿတိ ၁၀-ပါး

(၁) ဗုဒ္ဓါနုဿတိ
(၂) ဓမ္မာနုဿတိ
(၃) သံဃာနုဿတိ
(၄) သီလာနုဿတိ
(၅) စာဂါနုဿတိ
(၆) ဒေဝတာနုဿတိ
(၇) ဥပသမာနုဿတိ
(၈) မရဏာနုဿတိ
(၉) ကာယဂတာသတိ
(၁၀) အာနာပါနုဿတိ

ဗြဟ္မဝိဟာရ ၄-ပါး

(၁) မေတ္တာ
(၂) ကရုဏာ
(၃) မုဒိတာ
(၄) ဥပေက္ခာ

အာရုပ္ပ ၄-ပါး

(၁) အာကာသာနဉ္စာယတန
(၂) ဝိညာဏဉ္စာယတန
(၃) အာကိဉ္စညာယတန
(၄) နေဝသညာနာသညာယတန

သညာ ၁-ပါး

အာဟာရေ ပဋိကူလသညာ = အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ပြုခြင်း၊

ဝဝတ္ထာန် ၁-ပါး

စတုဓာတုဝဝတ္ထာန် = ဓာတ်လေးပါးတို့ကို ပိုင်းခြားမှတ်သားခြင်း၊

ကမ္မဋ္ဌာန်းနှစ်မျိုး

ကမ္မဋ္ဌာန်းသည် (က) သဗ္ဗတ္ထကကမ္မဋ္ဌာန်းနှင့်
(ခ) ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးနှစ်စားရှိ၏။

(က) သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၁၂-ပါး

မေတ္တာကမ္မဋ္ဌာန်း၊ မရဏာနုဿတိကမ္မဋ္ဌာန်းနှင့် အသုဘကမ္မဋ္ဌာန်း၁၀ပါး အား ဖြင့် ဤ၁၂-ပါးသောကမ္မဋ္ဌာန်းတို့သည် အလုံးစုံသောရဟန်းကိစ္စ၌ဖြစ်စေ, အလုံးစုံသောကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ဖြစ်စေ အရာခပ်သိမ်းရှေ့ဆောင်

အဖြစ်ဖြင့်အလိုရှိအပ်သောကြောင့်လည်းကောင်း၊ လိုရင်းဖြစ်သော ဘာဝနာအားထုတ်မှု၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း ''သဗ္ဗတ္ထကကမ္မဋ္ဌာန်း'' မည်၏။

မေတ္တာကမ္မဋ္ဌာန်းသည် သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်ပုံ

ကမ္မဋ္ဌာန်းအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် -

(က) ရှေးဦးစွာ မိမိနေထိုင်ရာကျောင်းတိုက်အတွင်းရှိ ရဟန်းသံဃာများကို မေတ္တာပွားရပါမည်။ ဤသို့ မေတ္တာပွားသည်ရှိသော် အတူနေသီတင်းသုံးဖော်တို့၏ စိတ်ကို နှုးညံ့စေ၏။ ထိုအခါ သီတင်းသုံးဖော်တို့သည် ယောဂီပုဂ္ဂိုလ်နှင့် ချမ်းမြေ့ပြေပြစ်သော ဆက်ဆံခြင်းရှိသဖြင့် ချမ်းသာစွာနေထိုင်ရခြင်းအကျိုးကို ရရှိနိုင်ပါသည်။

(ခ) ထို့နောက် ကျောင်းတိုက်အတွင်းရှိ နတ်တို့ကို မေတ္တာပွားများရမည်။ ဤသို့ပွားများသည်ရှိသော် နတ်တို့သည် သိမ်မွေ့နူးညံ့သော စိတ်ရှိကြကုန်သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်အား တရားနှင့်အညီ ကောင်းစွာစောင့်ရှောက်ခံရခြင်းအကျိုးကို ရရှိနိုင်ပါသည်။

(ဂ) ထို့နောက် ဆွမ်းခံရွာစသည်တို့ကို အစိုးရသောပုဂ္ဂိုလ်တို့ကို မေတ္တာပွားရမည်။ ဤသို့ပွားများသည်ရှိသော် ထိုပုဂ္ဂိုလ်တို့၏စိတ်သည် နူးညံ့သိမ်မွေ့သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်နှင့်ယောဂီ၏ပရိက္ခရာတို့ကို တရားနှင့်အညီ ကောင်းစွာစောင့်ရှောက်ခံရခြင်းအကျိုးကို ရရှိနိုင်ပါသည်။

(ဃ) ထို့နောက် ဆွမ်းခံရွာနေလူပုဂ္ဂိုလ်တို့ကို မေတ္တာပွားရမည်။ ဤသို့ပွားများသည်ရှိသော် မေတ္တာဖြင့် ထိုလူတို့၏စိတ်နှလုံးကို ကြည်လင်စေသောကြောင့် အနှောင့်အယှက်ပေးခြင်းမခံရဘဲ သွားလာနေထိုင်ရခြင်းအကျိုးကို ရရှိနိုင်ပါသည်။

(င) ထို့နောက် အလုံးစုံသောသတ္တဝါတို့ကို မေတ္တာပွားရမည်။ ဤသို့ ပွားများသည်ရှိသော် အလုံးစုံသောအရပ်မျက်နှာတို့၌ အထိအခိုက် အနှောင့်အယှက် မရှိဘဲ လှည့်လည်သွားလာရခြင်းအကျိုးကို ရရှိနိုင်ပါသည်။

ဤသို့လျှင် မေတ္တာကမ္မဋ္ဌာန်းသည် လွန်စွာကျေးဇူးများလှ၏။ ထို့ပြင် အရာခပ်သိမ်း၌ အလိုရှိအပ်သောကမ္မဋ္ဌာန်းဖြစ်သည့်အပြင် လိုရင်းဖြစ်သော ဘာဝနာအားထုတ်မှု၏အကြောင်းဖြစ်သောကြောင့် ''သဗ္ဗတ္ထကကမ္မဋ္ဌာန်း'' မည်ပါသည်။

မရဏာနုဿတိသည် သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်ပုံ

"ငါသည် မုချ သေရလတ္တံ့" စသည်ဖြင့် မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား မအပ်သောနည်းဖြင့် ပစ္စည်းရှာမှီးခြင်း အမှုတို့ကို စွန့်လွှတ်၍ အဆင့်ဆင့် သံဝေဂတရားများ ဖြစ်ပေါ်လာကာ မှန်ကန်သော အကျင့်၌ မတွန့်မဆုတ်အားထုတ်လိုစိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။

ဤသို့လျှင် မရဏာနုဿတိကမ္မဋ္ဌာန်းသည် လွန်စွာကျေးဇူးများ၍ လိုရင်းဖြစ်သော ဘာဝနာအားထုတ်မှု၏အကြောင်းဖြစ်သောကြောင့် "သဗ္ဗတ္ထကကမ္မဋ္ဌာန်း" မည်ပါသည်။

အသုဘကမ္မဋ္ဌာန်းသည် သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်ပုံ

အသုဘကမ္မဋ္ဌာန်းကို ပွားများပြီး၍ အသုဘသညာ၌ ကောင်းစွာလေ့လာ အပ်ပြီးသော ယောဂီပုဂ္ဂိုလ်၏စိတ်သည် နတ်၌ဖြစ်သောအာရုံတို့ကိုသော်မှ လောဘ၏ အစွမ်းဖြင့် မကပ်ငြိတော့ပေ။

ဤသို့လျှင် အသုဘကမ္မဋ္ဌာန်းသည် လွန်စွာကျေးဇူးများ၍ လိုရင်းဖြစ်သော ဘာဝနာအားထုတ်မှု၏အကြောင်းဖြစ်သောကြောင့် "သဗ္ဗတ္ထကကမ္မဋ္ဌာန်း" မည်ပါသည်။

(ခ) ပါရိဟာရိယကမ္မဋ္ဌာန်း

ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ယောဂီပုဂ္ဂိုလ်၏ စရိုက်နှင့်လျော်ညီသော ကမ္မဋ္ဌာန်းသည် ယောဂီပုဂ္ဂိုလ်အနေဖြင့် အမြဲအားထုတ်ခြင်းဖြင့် ဆောင်ထားအပ်သောကြောင့်လည်းကောင်း၊ အထက်အထက်ဖြစ်သော ဘာဝနာအမှု၏ နိဒ်သော အကြောင်းဖြစ်သောကြောင့်လည်းကောင်း "ပါရိဟာရိယကမ္မဋ္ဌာန်း" မည်၏။

(စည်၊ဒ၊ ၂၆၃-၂၆၅)

ကမ္မဋ္ဌာန်းလေးဆယ်ကို ခွဲခြားဝေဖန်ပုံ

(၁၀)နည်း

(၁) ကမ္မဋ္ဌာန်းတို့ကို အကျယ်ပြဆိုခြင်း၊
(၂) အာဝဟာအားဖြင့် ဝေဖန်ခြင်း၊
(၃) စျာန်အားဖြင့် ဝေဖန်ခြင်း၊

(၄) အင်္ဂါနှင့်အာရုံလွန်ပုံအားဖြင့် ဝေဖန်ခြင်း၊
(၅) ပွားစေအပ်,မပွားစေအပ်သောအဖြစ်ဖြင့် ဝေဖန်ခြင်း၊
(၆) အာရုံအားဖြင့် ဝေဖန်ခြင်း၊
(၇) ဘုံအားဖြင့် ဝေဖန်ခြင်း၊
(၈) ယူအပ်ခြင်း,မယူအပ်ခြင်းအဖြစ်ဖြင့် ဝေဖန်ခြင်း၊
(၉) အကြောင်းအားဖြင့် ဝေဖန်ခြင်း၊
(၁၀) စရိုက်အားလျော်စွာ ဝေဖန်ခြင်း၊

(၂) အာဝဟအားဖြင့် ဝေဖန်ပုံ

ဥပစာရကိုဆောင်သော ကမ္မဋ္ဌာန်း (၁၀)ပါး:	အပ္ပနာကိုဆောင်သော ကမ္မဋ္ဌာန်း (၃၀)ပါး:
- ကာယ,အာနာကြဉ်အနုဿတိ ၈-ပါး:	- ကသိဏ်း ၁၀-ပါး:
- သညာ ၁-ပါး:	- အသုဘ ၁၀-ပါး:
- ဝဝတ္ထာန် ၁-ပါး:	- ကာယ,အာနာ ၂-ပါး:
	- ဗြဟ္မဝိဟာရ ၄-ပါး:
	- အာရုပ္ပ ၄-ပါး:

(၃) ဈာန်အားဖြင့် ဝေဖန်ပုံ

ရူပ-ပဈာန်အာရုံ ကမ္မဋ္ဌာန်း (၁၁)ပါး:	ပဒေသ-စျာန်လေးပါးအာရုံ ကမ္မဋ္ဌာန်း(၁၁)ပါး:
- ကာယဂတာသတိ ၁-ပါး:	- အာနာပါနဿတိ ၁-ပါး:
- အသုဘ ၁၀-ပါး:	- ကသိဏ်း ၁၀-ပါး:

ပဒေသ-စျာန်သုံးပါးအာရုံ ကမ္မဋ္ဌာန်း (၃)ပါး:	စတုတ္ထစျာန်အာရုံ ကမ္မဋ္ဌာန်း (၅)ပါး:
- မေတ္တာ၊ ကရုဏာ၊ မုဒိတာ ၃-ပါး:	- ဥပေက္ခာ ၁-ပါး:
	- အာရုပ္ပ ၄-ပါး:

(၄) အင်္ဂါနှင့်အာရုံလွန်ပုံအားဖြင့် ဆေးနည်း

အင်္ဂါလွန်သောကမ္မဋ္ဌာန်း (၁၅)ပါး:	အာရုံလွန်သော ကမ္မဋ္ဌာန်း(၄)ပါး:	အင်္ဂါ,အာရုံမလွန်သော ကမ္မဋ္ဌာန်း(၂၁)ပါး:
အနာပါနဿတိ ၁	အာရုပ္ပ ၄-ပါး:	- အနုဿတိ ၉-ပါး:
ကသိဏ်း ၁၀		- အသုဘ ၁၀-ပါး:
မေတ္တာ၊ကရုဏာ၊မုဒိတာ ၃		- သညာ ၁-ပါး:
ဥပေက္ခာ ၁		- ဝဝတ္ထာန် ၁-ပါး:

အင်္ဂါလွန်ခြင်းအကြောင်း

ဈာန်သုံးပါး၏အာရုံဖြစ်သော မေတ္တာ,ကရုဏာ,မုဒိတာဟူသော ကမ္မဋ္ဌာန်း ၃-ပါး၊ ဈာန်လေးပါး၏အာရုံဖြစ်သော အနာပါနဿတိ ၁-ပါး၊ ကသိဏ်း ၁၀-ပါးအားဖြင့် ဤ ၁၄-ပါးသောကမ္မဋ္ဌာန်းတို့သည် "အင်္ဂါလွန်သောကမ္မဋ္ဌာန်း" များ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဝိတက်,ဝိစာရအစရှိသော ဈာန်အင်္ဂါတို့ကိုလွန်မြောက်၍ ထိုကမ္မဋ္ဌာန်းအာရုံတို့၌သာလျှင် ဒုတိယဈာန်စသည်တို့ကို ရနိုင်သောကြောင့် ဖြစ်ပါသည်။

စတုတ္ထမြောက် ဥပေက္ခာဇ္ဈာဝိဘာရ ကမ္မဋ္ဌာန်းသည်လည်း "အင်္ဂါလွန်သော ကမ္မဋ္ဌာန်း" ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မေတ္တာစသည်တို့၏အာရုံ၌သာလျှင် သောမနဿကိုလွန်မြောက်၍ ရနိုင်သောကြောင့်ဖြစ်ပါသည်။ (စည်၁။ ၂၉၇-၂၉၈)
[တတ္ထ သဗ္ဗေသုပိ တိကစတုက္ကဈာနိကေသု ကမ္မဋ္ဌာနေသု အင်္ဂသမတိက္ကမော ဟောတိ ဝိတက္ကဝိစာရာဒီနိ ဈာနင်္ဂါနိ သမတိက္ကမိတ္တာ တေသွေဝါရမ္မဏေသု ဒုတိယဈာနာဒီနံ ပတ္တဗ္ဗတော။ တထာ စတုတ္ထဇ္ဈာဝိဘာရေ။ (ဝိသုဒ္ဓိ၁။ ၁၀၈)]

(၅) ပွားစေအပ်၊ မပွားစေအပ်သောအဖြစ်ဖြင့် ဆေးနည်း

ဝမနကမ္မဋ္ဌာန်း(၁၀)ပါး:	အဝမနကမ္မဋ္ဌာန်း: (၃၀)ပါး:
ကသိဏ်း ၁၀-ပါး:	- ကာယဂတာသတိ၊ အသုဘ ၁၁-ပါး:
	- အနာပါနဿတိ ၁-ပါး:
	- ဇ္ဈာဝိဘာရ ၄-ပါး:
	- အာရုပ္ပ ၄-ပါး:
	- ကြွင်းသောအနုဿတိ ၈-ပါး:
	- သညာ၊ ဝဝတ္ထာန် ၂-ပါး:

ဝမနကမ္မဋ္ဌာန်း အားထုတ်ရခြင်းအကျိုး

ကသိဏ်း ၁၀-ပါးသည် ကသိဏ်းဝန်းတိုးပွားအောင် ဖြန့်၍အားထုတ်ရသော ဝမနကမ္မဋ္ဌာန်းများ ဖြစ်ပါသည်။ ဤသို့အားထုတ်သည်ရှိသော် ကသိဏ်းဖြန့်ရာ အရပ်အတွင်း၌ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် အသံကိုကြားနိုင်ခြင်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဆင်းကိုမြင်နိုင်ခြင်း၊ စေတောပရိယအဘိညာဉ်ဖြင့် သူတစ်ပါးတို့၏ စိတ်ကို သိနိုင်ခြင်းအကျိုးတို့ကို ရရှိနိုင်ပါသည်။

ကာယဂတာသတိနှင့် အသုဘကမ္မဋ္ဌာန်းတို့ အဝမနကမ္မဋ္ဌာန်း မည်ပုံ

ကာယဂတာသတိနှင့် အသုဘကမ္မဋ္ဌာန်းတို့သည် မိမိတည်ရာအရပ်ဖြင့် ပိုင်းခြားထားသောကြောင့်လည်းကောင်း၊ အကျိုးမရှိသောကြောင့်လည်းကောင်း "အဝမနကမ္မဋ္ဌာန်း" မည်၏။ ကာယဂတာသတိနှင့် အသုဘကမ္မဋ္ဌာန်းတို့ကို တိုးပွားအောင်ဖြန့်၍ အားထုတ်လျှင် အကောင်ပုပ်အစုသာ တိုးပွားလာလိမ့်မည်။ မည်သည့်အကျိုးမျှ မရှိပေ။

"ဝိဘူတာ ဘဂဝါ ရူပသညာ၊ အဝိဘူတာ အဋ္ဌကသညာ=မြတ်စွာဘုရား...၊ ကသိဏ်းကိုအာရုံပြုသောသညာ(ရူပသညာ)သည် အလွန်ထင်ရှားပါ၏။ အရိုးစုကို အာရုံပြုသောသညာ(အဋ္ဌကသညာ)သည် မထင်ရှားပါဘုရား" ဟု သောပါကသာမဏော၏ လျှောက်ထားချက်သည် ဤနေရာ၌ အာဂမယုတ္တိသာဓက ဖြစ်၏။

သောပါကသာမဏောလျှောက်ထားသော ထိုစကားရပ်၌ ပဋိဘာဂနိမိတ် တိုးပွားခြင်း၏အစွမ်းဖြင့် ကသိဏ်းရုပ်ကိုအာရုံပြုသောသညာ(ရူပသညာ)ကို အလွန်ထင်ရှား၏-ဟုဆိုခြင်း ဖြစ်သည်။ ပဋိဘာဂနိမိတ်မတိုးပွားခြင်း၏အစွမ်းဖြင့် အရိုးစုကိုအာရုံပြုသောသညာ(အဋ္ဌကသညာ)ကို မထင်ရှားပါ-ဟုဆိုခြင်း ဖြစ်သည်။ [တတြ ဟိ နိမိတ္တဝမနဝသေန ရူပသညာ ဝိဘူတာတိ ဝုတ္တာ၊ အဋ္ဌကသညာ အဝမနဝသေန အဝိဘူတာတိ ဝုတ္တာ။ (ဝိသုဒ္ဓိ၊ ၁၀၈)]

သိဂိလဝိတုမထေရ်၏ အဋ္ဌကသညာဖြစ်ပုံနှင့် မဆန့်ကျင်ပုံ

"ကေဝလံ အဋ္ဌကသညာယ၊ အဖရီ ပထဝိ ဣမံ= အကြွင်းမဲ့အလုံးစုံသော ဤမြေပြင်ကို အဋ္ဌကသညာဖြင့် ပျံ့နှံ့စေပြီး" ဟူသော မြတ်စွာဘုရား မိန့်တော်မူသော စကားတော်တစ်ရပ် ရှိသေးသည်။ ဤစကားရပ်သည် လွန်ကဲသော ဝသီဘော်သို့ရောက်သော အဋ္ဌကသညာရရှိပြီးသည့် ပုဂ္ဂိုလ်ထူးမထေရ်၏ နိမိတ်ထင်ပုံအခြင်းအရာကို ရည်ရွယ်၍ ဟောကြားတော်မူသောစကားရပ် ဖြစ်သည်။

ဥပမာ-သီရိဓမ္မာသောကမင်းလက်ထက်၌ ကရဝိက်ငှက်သည် ပတ်ဝန်းကျင် မှန်နံ့ရံတို့၌ မိမိအရိပ်ကိုမြင်၍ အရပ်မျက်နှာအားလုံး၌ ကရဝိက်ငှက်အပေါင်းအဖော် များရှိ၏-ဟုမှတ်ထင်ပြီး သာယာသောအသံဖြင့် တွန်ကျူးသကဲ့သို့ ထို့အတူ သိင်္ဂါလ ဝိတုမထေရ်သည်လည်း အင္ဂီကသညာကို လွန်လွန်ကဲကဲရခြင်းကြောင့် အရပ် မျက်နှာအားလုံးတို့၌ ထင်လာသောနိမိတ်တို့ကို မြင်ပြီး "အကြွင်းမဲ့ အလုံးစုံသော မြေအပြင်သည် အရိုးစုဖြင့် ပြည့်နေ၏"ဟု မှတ်ထင်မိခြင်း ဖြစ်သည်။

ဓမ္မသင်္ဂီပါဠိတော်လာ စကားရပ်နှင့် မဆန့်ကျင်ပုံ

ဓမ္မသင်္ဂီပါဠိတော်၌ "အသုဘဈာန် အပွမာဏာရမ္မဏတာ= အသုဘကို အာရုံပြုသောစျာန်တို့၏ အတိုင်းမသိကြီးကျယ်သော အာရုံရှိသည်၏အဖြစ်"ဟုဟော တော်မူသောစကားသည် "အသုဘကိုမပွားစေအပ်"ဟူသောစကားနှင့် ဆန့်ကျင် နေသည်ဟုထင်ရသော်လည်း အမှန်စင်စစ် မဆန့်ကျင်ပါ။ အဘယ်ကြောင့်ဆိုသော် အချို့ယောဂီသည် ကြီးသောဥဒ္ဓုမာတက အကောင်ပုပ်၌ဖြစ်စေ, ကြီးသောအရိုးစု၌ ဖြစ်စေ နိမိတ်ယူတတ်၏။ အချို့ယောဂီသည် ငယ်သောဥဒ္ဓုမာတက အကောင်ပုပ်၌ ဖြစ်စေ, ငယ်သောအရိုးစု၌ဖြစ်စေ နိမိတ်ယူတတ်၏။ ဤသို့ နိမိတ်ယူပုံ မတူသော ကြောင့် အချို့ယောဂီအား ပရိတ္တာရမ္မဏခေါ် သေးငယ်သည့်အာရုံရှိသော စျာန်ဖြစ်၍ အချို့ယောဂီအား အပွမာဏာရမ္မဏခေါ် အတိုင်းမသိ ကြီးကျယ်သည့်အာရုံရှိသော စျာန် ဖြစ်၏။

ဤယောဂီနှစ်မျိုးတို့တွင် အပွမာဏာရမ္မဏစျာန်ဖြစ်သော ယောဂီပုဂ္ဂိုလ်ကို ရည်ရွယ်၍ "အတိုင်းမသိ ကြီးကျယ်သော အာရုံရှိ၏"ဟု ဟောတော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် ဓမ္မသင်္ဂီပါဠိတော်စကားရပ်နှင့် မဆန့်ကျင်ပါ-ဟု ဆိုခြင်း ဖြစ်သည်။

(စည်၁။ ၂၉၉-၃၀၀)

အာနာပါနဿတိ၏ အဝမနကမ္မဋ္ဌာန်း မည်ပုံ

အာနာပါနဿတိနိမိတ်ကိုပွားလျှင် လေအစုအဝေးသည်သာလျှင် တိုးပွားမည်။ ဤကမ္မဋ္ဌာန်းကို ရှုမှတ်ရာ၌ နှာသီးဖျားနှင့်အထက်နှုတ်ခမ်းစသော တည်ရာအရပ်ကို ပိုင်းခြားထား၏။ ဤသို့ လေအစုအဝေးမျှသာ တိုးပွားခြင်းဟူသော အပြစ်ရှိသော ကြောင့်လည်းကောင်း၊ တည်ရာအရပ်ဖြင့် ပိုင်းခြားထားသော ကမ္မဋ္ဌာန်းဖြစ်သော ကြောင့်လည်းကောင်း အာနာပါနဿတိသည် "အဝမနကမ္မဋ္ဌာန်း" မည်ပါသည်။

ဗြဟ္မဝိဟာရ၏ အဝမနကမ္မဋ္ဌာန်း

မည်ပုံ

ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းသည် သတ္တဝါပညတ်ကို အာရုံပြု၏၊ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းတို့၏ နိမိတ်အာရုံကိုပွားလျှင် သတ္တဝါအစုအဝေးသာ တိုးပွားမည်။ သတ္တဝါအစုအဝေးတိုးပွားခြင်းသည် ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းအတွက် မည်သို့မျှ အကျိုးမရှိပေ။ ထို့ကြောင့် ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းတို့သည် "အဝမနကမ္မဋ္ဌာန်း" မည်ခြင်း ဖြစ်ပါသည်။

မေတ္တာပွားများခြင်းနှင့် မဆန့်ကျင်ပုံ

"မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္ဝာ=မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ဖြန့်၍" စသောစကားသည် မသိမ်းဆည်းရသေးသည့်ဘာဝနာကို သိမ်းဆည်းသောအားဖြင့် ဟောတော်မူထားခြင်း ဖြစ်ပါသည်။ သိမ်းဆည်းပြီးသည့်အာရုံကို တိုးပွားစေသောအားဖြင့် ဟောတော်မူထားခြင်း မဟုတ်ပေ။

တစ်ကျောင်းဌေနေသောပုဂ္ဂိုလ်၊ နှစ်ကျောင်းဌေနေသောပုဂ္ဂိုလ်စသည်ဖြင့် အစဉ်အတိုင်း အရပ်မျက်နှာတစ်ခုဌေနေသော သတ္တဝါတို့ကို သိမ်းဆည်း၍ ပွားများခြင်းကို ရည်ရွယ်၍ "ဧကံ ဒိသံ ဖရိတ္ဝာ=တစ်ခုသောအရပ်မျက်နှာကို ဖြန့်၍" ဟု ဟောတော်မူထားခြင်း ဖြစ်သည်။ အာရုံကို တိုးပွားစေသည်ကို ရည်ရွယ်၍ ဟောတော်မူခြင်း မဟုတ်ပေ။ (စည်၁၊ ၃၀၀)

အာရုပ္ပကမ္မဋ္ဌာန်း၏ အဝမနကမ္မဋ္ဌာန်း

မည်ပုံ

အာရုပ္ပလေးပါးတို့တွင် ကောင်းကင်ပညတ်သည် ကသိဏ်းကိုခွါ၍ ရအပ်သောနိမိတ်ဖြစ်ခြင်းကြောင့် ယင်းကောင်းကင်ပညတ်ကို တိုးပွားအောင် မပွားရပါ။ ထိုကောင်းကင်ပညတ်ကို ကသိဏ်းကင်းကွာခြင်း အလိုအားဖြင့်သာလျှင် နှလုံးသွင်းအပ်၏။ ကသိဏ်းကင်းကွာခြင်းထက် လွန်၍ပွားသော် မည်သည့်အကျိုးကျေးဇူးကိုမျှ မရနိုင်ပေ။

ပဌမာရုပ္ပဝိညာဏ်ဖြစ်သော အာကာသာနဉ္စာယတနစျာန်စိတ်သည် သဘာဝတရားဖြစ်သောကြောင့် ယင်းဝိညာဏ်ကိုလည်း မပွားစေအပ်ပါ။ အဘယ်ကြောင့်ဆိုသော် သဘာဝအာရုံကို တိုးပွားစေခြင်းငှာ မစွမ်းနိုင်သောကြောင့် ဖြစ်ပါသည်။

ပဌမာရုပ္ပဝိညာဏ်၏ကင်းခြင်း နတ္ထိဘောပညတ်အာရုံသည် ပဌမာရုပ္ပဝိညာဏ်၏မရှိခြင်းမျှသာဖြစ်သောကြောင့် မပွားစေအပ်ပါ။

နေဝသညာနာသညာယတနစျာန်၏ အာရုံဖြစ်သော အာကိဉ္စညာယတန စျာန်စိတ်သည် သဘာဝတရားဖြစ်သောကြောင့် မပွားစေအပ်ပါ။ သို့ဖြစ်၍ အာရုပ္ပကမ္မဋ္ဌာန်းလေးပါးလုံးသည်လည်း "အဝဓနကမ္မဋ္ဌာန်းများ"ဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိစသည်တို့ အဝဓနကမ္မဋ္ဌာန်း မည်ပုံ

ဗုဒ္ဓါနုဿတိစသော အနုဿတိကမ္မဋ္ဌာန်း၈-ပါးနှင့် သညာ၊ ဝဝတ္ထာန်းကမ္မဋ္ဌာန်းတို့သည် ပဋိဘာဂနိမိတ်မဟုတ်သောကြောင့် "အဝဓနကမ္မဋ္ဌာန်း" မည်ပါသည်။ ပဋိဘာဂနိမိတ်သည်သာလျှင် ပွားစေနိုင်ကောင်းသောကြောင့် ဖြစ်ပါသည်။

(စည်၁။ ၃၀၁)

(၆) အာရုံအားဖြင့် ဝေဖန်ပုံ

ပဋိဘာဂနိမိတ်ထင်သော ကမ္မဋ္ဌာန်း(၂၂)ပါး:		ပဋိဘာဂနိမိတ်မထင်သော ကမ္မဋ္ဌာန်း(၁၈)ပါး:	
- ကသိဏ်း	၁၀-ပါး:	-ကြွင်းအနုဿတိ	၈-ပါး:
- အသုဘ	၁၀-ပါး:	-ဗြဟ္မဝိဟာရ	၄-ပါး:
- ကာယဂတာ, အာနာ	၂-ပါး:	-အာရုပ္ပ	၄-ပါး:
		-သညာ,ဝဝတ္ထာန်	၂-ပါး:

ပညတ်အာရုံထင်သော ကမ္မဋ္ဌာန်း(၂၂)ပါး:		ပရမတ်အာရုံထင်သော ကမ္မဋ္ဌာန်း(၁၂)ပါး:	နဝတ္တဗ္ဗအာရုံ ကမ္မဋ္ဌာန်း(၆)ပါး:
ကသိဏ်း	၁၀-ပါး:	ကြွင်းအနုဿတိ ၈-ပါး:	ဗြဟ္မဝိဟာရ ၄-ပါး:
အသုဘ	၁၀-ပါး:	ဝိညာ,နေဝ ၂-ပါး:	အာကာ,အာကိဉ်၂-ပါး:
ကာယ,အာနာ	၂-ပါး:	သညာ,ဝဝတ္ထာန် ၂-ပါး:	

(၇) ဘုံအားဖြင့် ဝေဖန်ပုံ

ကာမာဝစရနတ်ဘုံ၌ရသော ကမ္မဋ္ဌာန်း(၂၈)ပါး		ရူပါဝစရဗြဟ္မာဘုံ၌ရသော ကမ္မဋ္ဌာန်း(၂၇)ပါး	
- ကသိဏ်း	၁၀-ပါး	- ကာယ,အာနာပမ္ဘကြွင်းသော	
- ကာယကြဉ်အနုဿတိ	၉-ပါး	အနုဿတိ	၈-ပါး
- ဗြဟ္မဝိဟာရ	၄-ပါး	- ကသိဏ်း	၁၀-ပါး
- အာရုပ္ပ	၄-ပါး	- ဗြဟ္မဝိဟာရ	၄-ပါး
- ဝဝတ္ထာန်	၁-ပါး	- အာရုပ္ပ	၄-ပါး
		- ဝဝတ္ထာန်	၁-ပါး
လူဘုံ၌ ကမ္မဋ္ဌာန်းအားလုံး ရပြီး၊ အရူပလေးဘုံ၌ အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါးသာ ရ၏။			

မှတ်ချက် - ကာမာဝစရနတ်ဘုံ၌ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ ၁-ပါး၊ အာဟာရေပဋိကူလသညာ ၁-ပါး အားဖြင့် ကမ္မဋ္ဌာန်း ၁၂-ပါး မရနိုင်ပါ။

- ရူပါဝစရဗြဟ္မာဘုံ၌ အသုဘ၁၀-ပါး၊ ကာယဂတာသတိ ၁-ပါး၊ အာနာပါနဿတိ ၁-ပါး၊ အာဟာရေပဋိကူလသညာ ၁-ပါးအားဖြင့် ကမ္မဋ္ဌာန်း ၁၃-ပါး မရနိုင်ပါ။

(၈) ယူအပ်ခြင်း, မယူအပ်ခြင်းအဖြစ်ဖြင့် ဝေဖန်ပုံ

ဒိဋ္ဌဝတ္ထုဖြင့်ယူခြင်းဟူသည်-ဥဂ္ဂဟနိမိတ်မထင်မီ ရှေးအဖို့၌ မျက်စိဖြင့်ကြည့်၍ ကမ္မဋ္ဌာန်း ၁၉-ပါးလုံးတို့၏ ဥဂ္ဂဟနိမိတ်ထင်ပေါ်လာအောင် မှတ်ယူခြင်း, နှလုံးသွင်းခြင်းကို ဆိုလိုပါသည်။

ဒိဋ္ဌဝတ္ထုယူ(၁၉)ပါး		သုတဝတ္ထုယူ(၁၈)ပါး		ဒိဋ္ဌ,သုတဝတ္ထုယူ(၁)ပါး
ဝါယောကြဉ်		ကာယ,အာနာကြဉ်		
ကသိဏ်း	၉-ပါး	အနုဿတိ	၈-ပါး	
အသုဘ	၁၀-ပါး	ဗြဟ္မဝိဟာရ	၄-ပါး	ကာယဂတာသတိ
		အာရုပ္ပ	၄-ပါး	
		သညာ,ဝဝတ္ထာန်	၂-ပါး	
- ဖုဋ္ဌဝတ္ထုဖြင့် ယူအပ်သောကမ္မဋ္ဌာန်းမှာ အာနာပါနဿတိ ဖြစ်၏။				
- ဒိဋ္ဌ,ဖုဋ္ဌဝတ္ထုဖြင့် ယူအပ်သောကမ္မဋ္ဌာန်းမှာ ဝါယောကသိဏ်း ဖြစ်၏။				

ကာယဂတာသတိကမ္မဋ္ဌာန်း၌
ဒိဋ္ဌဝဏ္ဏ-သုတဝဏ္ဏဃုသုခြင်းကို ပိုင်းခြားပုံ

ကာယဂတာသတိကမ္မဋ္ဌာန်း၏ ၃၂-ကောဋ္ဌာသတို့တွင် တစပဉ္စကကမ္မဋ္ဌာန်းကို မြင်ရသောအခြင်းအရာ(ဒိဋ္ဌဝဏ္ဏ)အားဖြင့် မှတ်ယူအပ်, နှလုံးသွင်းအပ်ပါသည်။ ကြွင်းသော ဝက္ကပဉ္စကစသည်တို့ကို ကြားဘူးသောအခြင်းအရာ (သုတဝဏ္ဏ)အားဖြင့် မှတ်ယူအပ်,နှလုံးသွင်းအပ်ပါသည်။

အားထုတ်ခါစပုဂ္ဂိုလ်များ နှလုံးမသွင်းသင့်သော ကမ္မဋ္ဌာန်း ၅-ပါး

ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဥပေက္ခာဗြဟ္မဝိဟာရ ၁-ပါး၊နှင့်အာရုပ္ပ ၄-ပါး အားဖြင့် ဤကမ္မဋ္ဌာန်း ၅-ပါးတို့ကို အားထုတ်ခါစပုဂ္ဂိုလ်များ စတင်၍ နှလုံးမသွင်းသင့်ပါ။ ကြွင်းသော ၃၅-ပါးသော ကမ္မဋ္ဌာန်းတို့တွင် မည်သည့်ကမ္မဋ္ဌာန်းကိုဖြစ်စေ နှလုံးသွင်းနိုင်၏။ (စည်၁။ ၃၀၃။)

(၉) အကြောင်းအားဖြင့် ဝေဖန်ပုံ

- အာကာသကြည် ကသိဏ်း ၉-ပါးသည် အာရုပ္ပစျာန်၏အကြောင်း ဖြစ်၏။
- ကသိဏ်း ၁၀-ပါးလုံးသည် အဘိညာဉ်တို့၏အကြောင်း ဖြစ်၏။
- မေတ္တာ,ကရုဏာ,မုဒိတာ သုံးပါးသည် ဥပေက္ခာစျာန်၏အကြောင်း ဖြစ်၏။
- အောက်အောက်အာရုပ္ပသည် အထက်အထက်အာရုပ္ပ၏အကြောင်း ဖြစ်၏။
- နေဝသညာနာသညာယတနသည် နိရောဓသမာပတ်၏အကြောင်း ဖြစ်၏။
- ကမ္မဋ္ဌာန်း ၄၀လုံးသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း၊ ဝိပဿနာရှုခြင်း၊ ဘဝသမ္ပတ္တိတို့၏အကြောင်းရင်း ဖြစ်၏။

(၁၀) စရိုက်အားလျော်စွာ ဝေဖန်ပုံ

စရိုက်	သင့်လျော်သောကမ္မဋ္ဌာန်းများ	
ရာဂစရိုက်	အသုဘ ၁၀-ပါး၊ ကာယဂတာသတိ	၁၁-ပါး
ဒေါသစရိုက်	ဗြဟ္မဝိဟာရ ၄-ပါး၊ ဝဏ္ဏကသိဏ်း ၄-ပါး	၈-ပါး
မောဟစရိုက် (ဝိတက်စရိုက်)	အာနာပါနဿတိ	၁-ပါး
သဒ္ဓါစရိုက်	ဗုဒ္ဓါနုဿတိစသော အနုဿတိ	၆-ပါး

ဗုဒ္ဓိစရိုက်	မရဏာနုဿတိ၊ ဥပသမာနုဿတိ
	စတုဓာတုဝဝတ္ထာန်၊ သညာ ၄-ပါး
စရိုက်အားလုံး	ဝဏ္ဏကသိုဏ်းမှကြွင်းသော ကသိုဏ်း ၆-ပါး၊
	အာရုပ္ပ ၄-ပါး ၁၀-ပါး

မှတ်ချက်။ စရိုက်အားလျော်စွာ ပြဆိုချက်အားလုံးကို ဖြောင့်ဖြောင့် ဆန့်ကျင်သောအားဖြင့်လည်းကောင်း၊ အလွန်လျောက်ပတ်သောအားဖြင့်လည်းကောင်း ပြဆိုထားခြင်း ဖြစ်သည်။ သို့သော်လည်း ရာဂစရိုက်ကို မပယ်ခွါတတ်သော ကုသိုလ်ဘာဝနာမည်သည် မရှိသကဲ့သို့ သဒ္ဓါစရိုက်စသည်ကို ကျေးဇူးမပြုတတ်သော ကုသိုလ်ဘာဝနာမည်သည်လည်း မရှိပေ။

မေဃိယသုတ်လာ အမြဲနလုံးသွင်းသင့်သော တရား ၄-မျိုး

မေဃိယသုတ်၌ မြတ်စွာဘုရားရှင်သည် မေဃိယထေရ်အား နှလုံးသွင်းပွားများသင့်သော တရားလေးမျိုးကို ဟောတော်မူထား၏။ ယင်းတို့မှာ-

(၁) ရာဂကို ပယ်ဖျောက်နိုင်ရန်အတွက် အသုဘကမ္မဋ္ဌာန်းကို ပွားများခြင်း၊
(၂) ဒေါသကို ပယ်ဖျောက်နိုင်ရန်အတွက် မေတ္တာကမ္မဋ္ဌာန်းကို ပွားများခြင်း၊
(၃) မိစ္ဆာဝိတက်ကို ပယ်ဖျောက်နိုင်ရန်အတွက် အာနာပါနဿတိကို ပွားများခြင်း၊
(၄) အသိမာနကို ပယ်ဖျောက်နိုင်ရန်အတွက် အနိစ္စာနုပဿနာကို ပွားများခြင်းတို့ ဖြစ်ပါသည်။

မိမိကိုယ်ကို မြတ်စွာဘုရားနှင့်ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းသင့်ပုံ

ကမ္မဋ္ဌာန်းအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအားမထုတ်မီ မြတ်စွာဘုရားအားဖြစ်စေ၊ ကမ္မဋ္ဌာန်းဆရာအားဖြစ်စေ မိမိခန္ဓာကိုယ်အတ္တဘောကို အပ်နှင်းသင့်၏။

မြတ်စွာဘုရားအား မအပ်နှင်းခြင်းအပြစ်

မိမိခန္ဓာကိုယ်အတ္တဘောကို မြတ်စွာဘုရားအား အပ်နှင်းခြင်းမပြုဘဲ အစွန်အဖျားကျသော ကျောင်းတို့၌နေထိုင်၍ တရားအားထုတ်လျှင် ကြောက်မက်ဖွယ်အာရုံတို့နှင့် တွေ့ကြုံပါက ကြံ့ကြံ့ခံနိုင်စွမ်းမရှိဘဲ ရွာနီးကျောင်းသို့ ပြောင်းရွှေ့ကာ လူတို့နှင့်ရောနှောနေထိုင်လျက် ပျက်စီးခြင်းသို့ ရောက်တတ်၏။

မြတ်စွာဘုရားအား အပ်နှင်းခြင်းအကျိုး

ယောဂီသည် မိမိခန္ဓာကိုယ်အတ္တဘောကို မြတ်စွာဘုရားအား အပ်နှင်းထားပါက ကြောက်မက်ဖွယ်အာရုံတို့နှင့် တွေ့ကြုံစေကာမူ ကြောက်ရွံ့စိတ်မဖြစ်တော့သည့်အပြင် မြတ်စွာဘုရားအား ရှေးဦးမဆွကပင် မိမိခန္ဓာကိုယ်အား လျှုဒါန်းထားခဲ့သည်၏အဖြစ်ကိုဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းအကျိုးကို ရရှိနိုင်ပါသည်။

ဥပမာအားဖြင့် လူတစ်ယောက်၌ အဖိုးတန်၍ကောင်းမွန်သော အဝတ်တစ်ထည်ရှိသည် ဆိုပါစို့...။ ထိုအဝတ်ကို ကြွက်စသည်တို့က ကိုက်ဖြတ်လျှင် ထိုသူသည် စိတ်မချမ်းမသာ ဖြစ်ရမည်။ အကယ်၍ ထိုအဝတ်ကို သင်္ကန်းမရှိသော ရဟန်းအား ပေးလှူသဖြင့် ရဟန်းသည် ထိုအဝတ်ကို သင်္ကန်းချုပ်ရန်အတွက် အပိုင်းပိုင်းဖြစ်အောင် ဖြတ်တောက်လေ၏။ အဝတ်လှူသောသူသည် ဤအခြင်းအရာကိုတွေ့မြင်ရလျှင် "အော်...ငါလှူသောအဝတ်ကို မြတ်သောသင်္ကန်းဖြစ်အောင် ပြုလုပ်နေပေစွတကား" ဟု ရွှင်လန်းဝမ်းမြောက်သောစိတ် ဖြစ်ပေါ်ရသကဲ့သို့ ဖြစ်ချေ၏။

ကမ္မဋ္ဌာန်းဆရာအား မအပ်နှင်းခြင်းအပြစ်

မိမိခန္ဓာကိုယ် အတ္တဘောကို ကမ္မဋ္ဌာန်းဆရာအား မအပ်နှင်းလျှင် ဆရာဖြစ်သူသည် ယောဂီအား ဆိုဆုံးမနိုင်ခွင့် မရှိပေ။ ဆရာ၏ဆိုဆုံးမမှုကို မခံရသောယောဂီသည် ဆရာကိုမပန်ကြားဘဲ သွားလိုရာသွားတတ်၏။ ဆရာဖြစ်သူသည် ထိုသို့သောယောဂီအား အာမိသဖြင့်ဖြစ်စေ, ဓမ္မဖြင့်ဖြစ်စေ ချီးမြှောက်ခြင်းကို မပြုပေ။ လျှို့ဝှက်နက်နဲခက်ခဲသည့် ကမ္မဋ္ဌာန်းဆိုင်ရာ စာပေကျမ်းဂန်တို့ကိုလည်း ညွှန်ပြပေးလိမ့်မည် မဟုတ်ပေ။ ဆရာ၏ အာမိသ,ဓမ္မချီးမြှောက်မှုကိုမရသော ယောဂီရဟန်းသည် သာသနာတော်၌ မပျော်မွေ့တော့ဘဲ သီလပျက်စီး၍ မကြာမီ လူအဖြစ်သို့ ရောက်ရှိသွားတတ်ပါသည်။

ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းခြင်းအကျိုး

မိမိခန္ဓာကိုယ်အတ္တဘောကို ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းထားသော ယောဂီကို ဆရာသည် ဆိုဆုံးမနိုင်ခွင့် ရှိ၏။ ဆရာကိုမပန်ကြားဘဲ သွားလိုရာသွားခြင်းကို မပြုတတ်ပေ။ ဆိုဆုံးမလွယ်၍ ဆရာကိုအမှီပြုနေရသဖြင့် ချမ်းသာစွာနေရခြင်းအကျိုးရှိ၏။ ဆရာ့ထံမှလည်း အာမိသ,ဓမ္မချီးမြှောက်မှုကိုရသဖြင့် သာသနာတော်၌ ပျော်မွေ့ကာ ကြီးပွားတိုးတက်ခြင်းအကျိုးကို ရရှိနိုင်ပါသည်။

သာဓကအဖြစ် ဖော်ပြရသည်ရှိသော်-

စူဠဝိဂ္ဂဟပါတိကမထေရ်မြတ်ထံသို့ ရဟန်းငယ်သုံးပါး ကမ္မဋ္ဌာန်းတရား အားထုတ်ရန် ရောက်ရှိလာကြ၏။ ထိုသုံးပါးတို့တွင် ရဟန်းငယ်တစ်ပါးက "အရှင်ဘုရား...၊ တပည့်တော်သည် အရှင်ဘုရားတို့အတွက်ဆိုလျှင် အသူတရာနက်သည့် ချောက်ကမ်းပါးပြတ်အတွင်းသို့ပင် ခုန်ချဝံ့ပါသည်ဘုရား" ဟုလျှောက်၏။ အခြားရဟန်းငယ်တစ်ပါးကလည်း "ဤအတ္တဘောကို ဖနောင့်မှစ၍ ကျောက်ပြင်၌ သွေးလျက် အကြွင်းအကျန်မရှိအောင် ပြုဝံ့ပါသည်ဘုရား" ဟုလျှောက်၏။ ကျန်သည့်ရဟန်းငယ်တစ်ပါးကလည်း "တပည့်တော်သည် ထွက်သက်,ဝင်သက်ကို ပိတ်ဆို့၍ သေဝံ့ပါသည်ဘုရား" ဟုလျှောက်၏။

မထေရ်မြတ်သည် "ဤရဟန်းတို့သည် စင်စစ်ကေန် အရဟတ္တဖိုလ်နှင့် ထိုက်တန်သည့် ပုဂ္ဂိုလ်များဖြစ်ပေ၏" ဟု ဆင်ခြင်တော်မူပြီး ရဟန်းငယ်သုံးပါးတို့အား ကမ္မဋ္ဌာန်းတရားကို ဟောပြောပြသ သင်ကြားပေလေသည်။ ရဟန်းငယ်သုံးပါးလုံးပင် မထေရ်မြတ်၏ဩဝါဒ၌တည်လျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။ (စည်၁၁။ ၃၀၈)

ပြည့်စုံကောင်းမြတ်သော အလိုရှိခြင်း

ကမ္မဋ္ဌာန်းအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ပြည့်စုံကောင်းမြတ်သော အလိုအရှာသယ ရှိရပေမည်။ ယင်းတို့မှာ-

(၁) မလိုချင်,မမက်သော အလိုအရှာသယရှိသည်ဖြစ်၍ လိုချင်မက်မောခြင်း၌ အပြစ်မြင်လေ့ရှိခြင်း၊

(၂) အမျက်မထွက်သော အလိုအရှာသယရှိသည်ဖြစ်၍ အမျက်ထွက်ခြင်း၌ အပြစ်မြင်လေ့ရှိခြင်း၊

(၃) မတွေမဝေသော အလိုအရှာသယရှိသည်ဖြစ်၍ တွေဝေခြင်း၌ အပြစ်မြင်လေ့ရှိခြင်း၊

(၄) ရဟန်းအဖြစ်၌ညွတ်ကိုင်းသော အလိုအရှာသယရှိသည်ဖြစ်၍ အိမ်ယာတည်ထောင်ခြင်းကို အပြစ်မြင်လေ့ရှိခြင်း၊

(၅) အဖော်ကင်းဆိတ်ခြင်း ပဝိဝေကဒ်၌ညွတ်ကိုင်းသော အလိုအရှာသယရှိသည်ဖြစ်၍ ပုဂ္ဂိုလ်အပေါင်းအဖော်, ကိလေသာအပေါင်းအဖော်တို့နှင့် ဆက်ဆံခြင်း၌ အပြစ်မြင်လေ့ရှိခြင်း၊

(၆) သခါရတို့မှထွက်မြောက်လိုခြင်း၌ ညွတ်ကိုင်းသော အလိုအရှာသယရှိသည်ဖြစ်၍ အလုံးစုံသောဘဝ,ဂတိတို့၌ အပြစ်မြင်လေ့ရှိခြင်း တို့ဖြစ်သည်။

ဤအလိုအရ္ဆာသယ ၆-ပါးနှင့်ပြည့်စုံလျှင် သာဝကဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့တွင် တစ်ပါးပါးသောဗောဓိဉာဏ်သို့ ရောက်ခြင်း အကျိုးရှိပါသည်။

ပြည့်စုံကောင်းမြတ်သော နှလုံးသွင်းရှိခြင်း

ကမ္မဋ္ဌာန်းအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် "ဖြစ်ပေါ်ပြီး၊ ဖြစ်ပေါ်လတ္တံ့၊ ဖြစ်ပေါ်ဆဲဖြစ်ကုန်သော သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်၊ ပစ္စေကဗုဒ္ဓါနှင့် သမ္မာသမ္ဗုဒ္ဓဘုရားရှင်-ဟူသော အရိယာပုဂ္ဂိုလ်ဟူသမျှတို့သည် ပြည့်စုံကောင်းမြတ်သော အလိုအရ္ဆာသယခြောက်ပါးတို့ဖြင့်သာ မိမိတို့ရောက်သင့်ရောက်ထိုက်သော တရားထူးတို့သို့ ရောက်တော်မူကြပေကုန်၏" ဟုနှလုံးသွင်း၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါမည်။

ပြည့်စုံကောင်းမြတ်သော စိတ်ညွတ်မှုရှိခြင်း

ကမ္မဋ္ဌာန်းအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် သမာဓိနှင့်ဇ္ဈာန်သို့ ညွတ်ခြင်းဟူသော ပြည့်စုံကောင်းမြတ်သောစိတ်ညွတ်မှု ရှိနေရမည်။ ဆိုလိုသည်မှာ- တရားအားမထုတ်မီဖြစ်စေ, တရားအားထုတ်နေချိန်၌ဖြစ်စေ မိမိ၏စိတ်ကို သမာဓိတိုးတက်ရေး, နိဗ္ဗာန်သို့ရောက်ရှိရေး-ဟူသော ဦးတည်ချက်မျိုး ထားရှိရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

ကမ္မဋ္ဌာန်းသင်ပေးနည်း

ကမ္မဋ္ဌာန်းဆရာသည် မိမိထံသို့ ကမ္မဋ္ဌာန်းတောင်းရန် ရောက်ရှိလာသော ယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းတရားအားထုတ်ပုံကို သင်ကြားပေးရမည်။ သင်ကြားပေးရာ၌ ဖော်ပြပါနည်းသုံးနည်းဖြင့် သင်ပေးရမည်။

(၁) ရှေးအခါက ကမ္မဋ္ဌာန်းသင်ယူဖူးသူ၊ နှလုံးသွင်းဖူးသူဖြစ်ပါက တစ်ထိုင်, နှစ်ထိုင်စာမျှ မိမိရှေ့၌ ရွတ်ဆိုသရဇ္ဈာယ်စေရမည်။

(၂) မိမိအနီးအပါး၌ နေထိုင်သူဖြစ်ပါက မိမိထံသို့ လာတိုင်းလာတိုင်း ကမ္မဋ္ဌာန်းနှင့်စပ်သော တရားစကားတို့ကို အစဉ်မပြတ် ဟောပြောပေးရမည်။

(၃) ကမ္မဋ္ဌာန်းသင်ယူပြီး အရပ်တစ်ပါးသို့သွားမည့် ယောဂီပုဂ္ဂိုလ်ဖြစ်ပါက ကမ္မဋ္ဌာန်းကို မကျဉ်းမကျယ် သင်ပေးလိုက်ရမည်။

ပထဝီကသိဏ်းပွားများပုံ အခြင်းအရာ
အာကာရ ၉-ပါး

ကမ္မဋ္ဌာန်းဆရာသည် ယောဂီပုဂ္ဂိုလ်အား ပထဝီကသိဏ်းပွားများပုံ အခြင်းအရာ(အာကာရ) ၉-ပါးကို သင်ကြားပေးရမည်။ ယင်းတို့မှာ-

(၁) ကသိဏ်းအပြစ်လေးပါးအကြောင်း၊
(၂) ပထဝီကသိဏ်းဝန်းပြုလုပ်ပုံ ပြုလုပ်နည်း၊
(၃) ပထဝီကသိဏ်းပွားများနည်း၊
(၄) နိမိတ်နှစ်မျိုးအကြောင်း၊
(၅) သမာဓိနှစ်မျိုးအကြောင်း၊
(၆) သပ္ပါယဒုနှစ်မျိုးနှင့် အသပ္ပါယဒုနှစ်မျိုးအကြောင်း၊
(၇) အပ္ပနာကောသလ္လဆယ်မျိုးအကြောင်း၊
(၈) ဝီရိယနှင့်သမာဓိ မျှမျှတတရှိသင့်ပုံအကြောင်း၊
(၉) အပ္ပနာအစီအရင် တို့ဖြစ်ပါသည်။

ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသ
ပြီး၏။။

ပထဝီကသိကာ နိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ပါလ"
ဘာသာရေးညီအကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

ပထဝီကသိဏ
နိဒ္ဒေသ

၁။ မသင့်လျော်သောကျောင်းကြီး ၁၈-ရပ်

(၁) ကြီးလွန်းသောကျောင်း
(၂) ကျောင်းသစ်
(၃) ကျောင်းအို, ကျောင်းဟောင်း
(၄) လမ်းမကြီးနှင့်နီးသောကျောင်း
(၅) ကျောက်ရေကန်ရှိသောကျောင်း
(၆) ဟင်းရွက်ခင်းရှိသောကျောင်း
(၇) ပန်းပင်များရှိသောကျောင်း
(၈) သီးပင်စားပင်ရှိသောကျောင်း
(၉) အလေးအမြတ်ချီးမွမ်းအပ်သောကျောင်း
(၁၀) မြို့ရွာနှင့်နီးသောကျောင်း
(၁၁) သစ်ပင်, ဝါးပင်ပေါများသောကျောင်း
(၁၂) လယ်ယာနှင့်စပ်သောကျောင်း
(၁၃) အချင်းချင်း မသင့်မြတ်သောပုဂ္ဂိုလ်တို့နေထိုင်သောကျောင်း

(၁၄) ရေဆိပ်,ကုန်းဆိပ်နှင့်နီးသောကျောင်း
(၁၅) တိုင်းစွန်ပြည်ဖျားဌိရှိသောကျောင်း
(၁၆) တိုင်းပြည်နယ်ခြားဌိရှိသောကျောင်း
(၁၇) မလျောက်ပတ်သောကျောင်း
(၁၈) မိတ်ဆွေကောင်းမရှိသောကျောင်း

(၁) ကြီးလွန်းသောကျောင်း

အလွန်ကြီးလွန်းသောကျောင်းဌိ ပုဂ္ဂိုလ်အများအပြားနေထိုင်ကြသဖြင့် အလိုဆန္ဒအမျိုးမျိုး ရှိတတ်၏။ တစ်ခါတစ်ရံ အချင်းချင်းတွက်ကပ်လျက် ဗောဓိယင်္ကာဝတ်၊ သေနာသနဝတ်စသည်တို့ကိုလည်း မပြုဘဲရှိတတ်သည်။ ယောဂီရဟန်းသည် ဗောဓိယင်္ကာဝတ်,သေနာသနဝတ်များ မပြုလုပ်ရသေးသည်ကို တွေ့မြင်ရလျှင် ရှောင်လွှဲ၍ မသွားကောင်းပေ။ ယင်းကျင့်ဝတ်တို့ကို ဖြည့်ကျင့်ရသည်သာ ဖြစ်၏။ မဖြည့်ကျင့်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ဖြည့်ကျင့်ပြန်လျှင်လည်း အချိန်ကုန်သဖြင့် ဆွမ်းခံထွက်ချိန်,ကမ္မဋ္ဌာန်းအားထုတ်ချိန် မလုံမလောက် ဖြစ်တတ်သည်။ ကမ္မဋ္ဌာန်းအားထုတ်လို၍ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြန်လျှင်လည်း ဆူညံသံများကြောင့် စိတ်ပျံ့လွင့်တတ်သည်။ ထို့ကြောင့် အလွန်ကြီးလွန်းသည့်ကျောင်းဌိ မနေသင့်ပေ။ အကယ်၍ ကျင့်ဝတ်များကို ပြုလုပ်ရန်မလို၊ အခြားအနှောင့်အယှက်များလည်း မရှိပါက ဤကျောင်းမျိုးဌိ နေထိုင်နိုင်ပါသည်။

(၂) ကျောင်းသစ်

တည်ဆောက်ပြီးကာစ ကျောင်းအသစ်ဌိ ပြုဖွယ်ကိစ္စအလွန်များ၏။ မပြုလုပ်ဘဲ တရားအားထုတ်နေလျှင် အခြားပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ဖွယ်ဖြစ်၏။ ထို့ကြောင့် ကျောင်းအသစ်ဌိ မနေသင့်ပေ။ အကယ်၍ ပြုလုပ်စရာမလို၊ ကိုယ့်တရားကိုယ် အားထုတ်ပါဟု ခွင့်ပေးထားပါမူ ဤကျောင်းမျိုးဌိ နေထိုင်နိုင်ပါသည်။

(၃) ကျောင်းအို,ကျောင်းဟောင်း

ကျောင်းအို,ကျောင်းဟောင်းများဌိလည်း ပြုဖွယ်ကိစ္စ အလွန်များ၏။ မပြုလုပ်ဘဲ တရားအားထုတ်နေလျှင် အခြားပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ဖွယ်ဖြစ်၏။ ထို့ကြောင့် ကျောင်းအို,ကျောင်းဟောင်းဌိလည်း မနေသင့်ပေ။ အကယ်၍ ပြုလုပ်စရာမလို၊ ကိုယ့်တရားကိုယ် အားထုတ်ပါဟု ခွင့်ပေးထားပါမူ ဤကျောင်းမျိုးဌိ နေထိုင်နိုင်ပါသည်။

(၄) လမ်းမကြီးနှင့်နီးသောကျောင်း

လမ်းမကြီးနှင့်နီးသောကျောင်းသည် နေ့ရောညဉ့်ပါ ည့ဉ်သည်အာဂန္တုများ ရောက်လာတတ်၏။ ည့ဉ်သည်အာဂန္တုများကို နေရာပေးရခြင်း၊ နေရာကျဉ်းကျပ်ခြင်းစသည်တို့ကြောင့် မိမိအတွက် နေရာအခက်အခဲ ဖြစ်လိမ့်မည်။ ကမ္မဋ္ဌာန်းအားထုတ်ရန်လည်း အခွင့်မရဖြစ်တတ်သည်။ ထို့ကြောင့် လမ်းမကြီးနှင့်နီးသောကျောင်း၌ မနေသင့်ပေ။ အကယ်၍ ည့ဉ်သည်အာဂန္တုများကြောင့် နေရာအခက်အခဲမရှိပါမူ ဤကျောင်းမျိုး၌ နေထိုင်နိုင်ပါသည်။

(၅) ကျောက်ရေကန်ရှိသောကျောင်း

သောက်ရေ၊သုံးဆောင်ရေအတွက် ကျောက်ရေကန်ရှိသောကျောင်းသည် ရေခပ်လာသူတို့ အချိန်မရွေး စုဝေးရောက်ရှိလာတတ်ခြင်း၊ မင်းကိုးကွယ်ခံ မင်းဆရာ၏ တပည့်သာဝကများ ရောက်ရှိလာပြီး သင်္ကန်းဆေးဆိုးရန်ကိစ္စအတွက် လိုအပ်သော ပစ္စည်းများကို တောင်းခံခြင်းစသော ပြုဖွယ်ကိစ္စများကို ပြုလုပ်ပေးရတတ်သည်။ ထို့ကြောင့် တရားအားထုတ်လိုသောပုဂ္ဂိုလ်သည် ဤကျောင်းမျိုး၌ မနေထိုင်သင့်ပေ။

(၆) ဟင်းရွက်ခင်းရှိသောကျောင်း

ဟင်းရွက်ခင်းရှိသောကျောင်းသည် ဟင်းရွက်ခူးသူ အမျိုးသမီးတို့၏ သီချင်းဆိုသံစသော ဝိသဘာဂအသံစသည်တို့ကြောင့် ကမ္မဋ္ဌာန်းအလုပ်၌ အနှောင့်အယှက်ဖြစ်တတ်သည်။ ထို့ကြောင့် ဤကျောင်းမျိုး၌လည်း မနေထိုင်သင့်ပေ။

(၇) ပန်းပင်များရှိသောကျောင်း

ပန်းပင်များရှိသောကျောင်းသည်လည်း ပန်းခူးသူ အမျိုးသမီးတို့၏ သီချင်းဆိုသံစသော ဝိသဘာဂအသံစသည်တို့ကြောင့် ကမ္မဋ္ဌာန်းအလုပ်၌ အနှောင့်အယှက်ဖြစ်တတ်သည်။ ထို့ကြောင့် ဤကျောင်းမျိုး၌လည်း မနေထိုင်သင့်ပေ။

(၈) သီးပင်စားပင်ရှိသောကျောင်း

သီးပင်စားပင်ရှိသောကျောင်း၌ နေထိုင်သောယောဂီအား အသီးအနှံတို့ကို လိုချင်သူတို့ ရောက်ရှိလာပြီး တောင်းရမ်းတတ်၏။ မပေးလျှင် စိတ်ဆိုးခံရမည်။ အနိုင်အထက် လုယူခြင်းကိုလည်း ခံရတတ်သည်။ တားမြစ်ပြန်လျှင်လည်း မိုက်မဲသူတို့၏ ဆဲရေးတိုင်းထွာခြင်းကို ခံရပေလိမ့်မည်။ ထို့ကြောင့် ဤကျောင်းမျိုး၌ မနေထိုင်သင့်ပေ။

(၉) အလေးအမြတ်ပြုအပ်သောကျောင်း

လူတို့ဆည်းကပ်ခြင်းစသည်ဖြင့် အလေးအမြတ်ပြုအပ်သော နှစ်လိုတောင့်တအပ်သောကျောင်းမျိုးဌ နေထိုင်သောယောဂီသည် လူဝင်,လူထွက်များသဖြင့် ကမ္မဋ္ဌာန်းအလုပ်ဌ အနှောင့်အယှက်ဖြစ်တတ်သည်။ ထို့ကြောင့် ဤကျောင်းမျိုးဌ မနေထိုင်သင့်ပေ။

သို့သော် နေ့အချိန် အခြားသင့်လျော်သောကျောင်းသို့ သွားရောက်နေထိုင်ပြီး၊ ညအချိန်ကျမှ ကျောင်းသို့ပြန်လာ၍ နေထိုင်နိုင်လျှင်ကား ဤကျောင်းမျိုးဌ နေထိုင်နိုင်ပါသည်။

(၁၀) မြို့ရွာနှင့်နီးသောကျောင်း

မြို့ရွာနှင့်နီးသောကျောင်းသည် ဝိသဘာဂအာရုံ အမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ လူတို့၏သွားလာနေထိုင်မှုကြောင့်လည်းကောင်း ကမ္မဋ္ဌာန်းအလုပ်ဌ အနှောင့်အယှက်ဖြစ်တတ်သည်။ ထို့ကြောင့် ဤကျောင်းမျိုးဌ မနေထိုင်သင့်ပေ။

(၁၁) သစ်ပင်,ဝါးပင်ပေါများသောကျောင်း

သစ်ပင်,ဝါးပင် ပေါများသောကျောင်းဌ နေထိုင်သောယောဂီအား အိမ်စသည်တို့ကို ဆောက်လုပ်လိုသူတို့ ရောက်ရှိလာပြီး သစ်,ဝါးများကို တောင်းရမ်းတတ်၏။ မပေးလျှင် စိတ်ဆိုးခံရမည်။ အနိုင်အထက် လုယူခြင်းကိုလည်း ခံရတတ်သည်။ တားမြစ်ပြန်လျှင်လည်း မိုက်မဲသူတို့၏ ဆဲရေးတိုင်းထွာခြင်းကို ခံရပေလိမ့်မည်။ ထို့ကြောင့် ဤကျောင်းမျိုးဌ မနေထိုင်သင့်ပေ။

(၁၂) လယ်ယာနှင့်ဆက်စပ်နေသောကျောင်း

လယ်ကွင်း,လယ်ယာတို့နှင့် ဆက်စပ်နေသောကျောင်းဌ လူတို့သည် ကျောင်းတိုက်၏အလယ်တွင် ကောက်နယ်တလင်းကိုပြုလုပ်၍ စပါးနယ်ခြင်း၊ အခြားမသင့်လျော်သည့်အမှုတို့ကို ပြုလုပ်ခြင်း၊ အချို့ကျောင်းတိုက်များဌ သံဃာပိုင်လယ်ယာတို့ဌ နွားတို့သည် ကောက်ပင်တို့ကို ဝင်ရောက်စားသောက်ခြင်း၊ လူတို့နှင့် အချေအတင် စကားပြောရခြင်းများ ဖြစ်တတ်သည်။ ထို့ကြောင့် လယ်ကွင်း, လယ်ယာတို့နှင့် ဆက်စပ်နေသောကျောင်းဌ မနေထိုင်သင့်ပေ။

(၁၃) အချင်းချင်းမသင့်မြတ်သောပုဂ္ဂိုလ်တို့ နေထိုင်သောကျောင်း

အချင်းချင်း စိတ်သဘောထားချင်း မတိုက်ဆိုင်၍ အငြင်းအခုံ ခိုက်ရန်ဖြစ်နေသောပုဂ္ဂိုလ်များ နေထိုင်သောကျောင်းမျိုးဌ မနေထိုင်သင့်ပေ။ အဘယ်ကြောင့်

ဆိုသော် ထိုသူတို့သည် မိမိအပေါ်သို့ အပြစ်များပုံချတတ်သောကြောင့် ဖြစ်သည်။

(၁၄) ရေဆိပ်,ကုန်းဆိပ်နီးသောကျောင်း

ရေဆိပ်,ကုန်းဆိပ်နီးသောကျောင်း၌ လူတို့သည် လှေ,လှည်းစသော ယာဉ်တို့ဖြင့် အမြဲမပြတ်ရောက်ရှိလာပြီး တည်းခိုနေထိုင်ကာ ပစ္စည်းအမျိုးမျိုးကို ဝှားရမ်းကြသဖြင့် မချမ်းမသာဖြစ်ရတတ်သည်။ ထို့ကြောင့် ယင်းကျောင်းမျိုး၌ မနေထိုင်သင့်ပေ။

(၁၅) တိုင်းစွန်ပြည်ဖျား၌ရှိသောကျောင်း

တိုင်းစွန်ပြည်ဖျားအရပ်၌ နေထိုင်သောလူတို့သည် များသောအားဖြင့် ဘုရားအစရှိသော ရတနာသုံးပါးကို မကြည်ညိုတတ်ကြပေ။ ထို့ကြောင့် တိုင်းစွန်ပြည်ဖျားအရပ်၌ရှိသော ကျောင်းမျိုး၌ မနေထိုင်သင့်ပေ။

(၁၆) တိုင်းပြည်နယ်ခြား၌ရှိသောကျောင်း

တိုင်းစွန်ပြည်ဖျား နယ်ခြား၌ရှိသောကျောင်းသည် မင်းဘေးစိုးဘေး အချိန်မရွေး ကျရောက်တတ်သည်။ နယ်ခြားအရပ်ရှိ နိုင်ငံနှစ်ခုအတွင်းသို့ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက် လှည့်လည်သွားလာသော် သူလျှိုဟုထင်ပြီး ချုပ်နှောင်ဖမ်းဆီးခြင်းခံရ၍ ပျက်စီးတတ်သည်။ ထို့ကြောင့် ဤကျောင်းမျိုး၌ မနေထိုင်သင့်ပေ။

(၁၇) မလျောက်ပတ်သောကျောင်း

မလျောက်ပတ်သောကျောင်းဟူသည်မှာ ဝိသဘာဂအာရုံစသည်တို့၏ ထင်ယောင်ထင်မှား လှည့်လည်သွားလာနေသောကျောင်း၊ ဘီလူးစသည်တို့ သိမ်းဆည်းထားသောကျောင်းမျိုး ဖြစ်သည်။ ဤကျောင်းမျိုး၌ ကမ္မဋ္ဌာန်းတရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များ မနေထိုင်သင့်ပေ။

မထေရ်တစ်ပါးသည် တောကျောင်းတစ်ခု၌ တောရဆောက်တည်နေစဉ် ဘီလူးမတစ်ကောင်ရောက်ရှိလာပြီး တောကျောင်းတံခါးဝမှနေ၍ သီချင်းဆိုလေ၏။ မထေရ်သည် သီချင်းသံကြားရသဖြင့် တံခါးဝသို့ထွက်၍ နားထောင်၏။ ထိုအခါ ဘီလူးမသည် စကြံဦးမှနေ၍ သီဆိုပြန်၏။ မထေရ်လည်း စကြံဦးသို့သွား၍ နားထောင်ပြန်၏။ ဘီလူးမသည် ချောက်ကမ်းပါးပြတ်အနီးသို့သွား၍ သီဆိုပြန်၏။ ထိုအခါ မထေရ်သည် နောက်သို့ပြန်လှည့်လာ၏။ ဘီလူးမသည် မထေရ်၏နောက်မှ လိုက်လာပြီး ပခုံးစွန်းကိုကိုင်ကာ ''အရှင်ဘုရားလို ရဟန်းမျိုးတွေကို တပည့်တော်စားလာခဲ့တာ များလှပြီ'' ဟုပြောဆိုလေသည်။

(၁၈) မိတ်ဆွေကောင်းမရှိသောကျောင်း

မိတ်ဆွေကောင်းဟူသည် ဆရာကိုဖြစ်စေ, ဆရာနှင့်တူသူကိုဖြစ်စေ, ဥပဇ္ဈာယ်ကိုဖြစ်စေ, ဥပဇ္ဈာယ်နှင့်တူသူကိုဖြစ်စေ ဆိုလို၏။ ယင်းကျောင်းမျိုး၌ ထိုမိတ်ဆွေကောင်းဖြစ်သော ဆရာစသူတို့မရှိခြင်းသည် ကမ္မဋ္ဌာန်းအားထုတ်သူ ယောဂီအတွက် ကြီးမားသောအပြစ် ဖြစ်ပေ၏။ ထို့ကြောင့် မိတ်ဆွေကောင်း မရှိသောကျောင်းမျိုး၌ မနေထိုင်သင့်ပေ။ (စည်၊ ၁၊ ၃၁၃-၃၂၀)

ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သောကျောင်း အင်္ဂါ ၅-ပါး

ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သောကျောင်းဟူသည် အင်္ဂါ ၅-ပါးနှင့်ပြည့်စုံရပေမည်။ ယင်းတို့မှာ -

(၁) ဆွမ်းခံရွာနှင့် မနီးလွန်း, မဝေးလွန်းခြင်း၊
(တစ်ဂါဝုတ်အောက်မနီးခြင်း၊ တစ်ယူဇနာထက်မဝေးခြင်းကို ဆိုလို၏။)

(၂) နေ့အခါ၌ လူတို့နှင့်မရောပြွမ်းခြင်း၊ ညဉ့်အခါ၌ လူသံတိတ်ဆိတ်၍ အုတ်အော်သောင်းတင်း ဆူညံမှုမှကင်းဝေးခြင်း၊

(၃) မှက်, ခြင်, လေ, နေပူ, မြွေ, ကင်းတို့မရှိခြင်း၊

(၄) သင်္ကန်း, ဆွမ်း, ဆေးပစ္စည်းတို့ရလွယ်ခြင်း၊

(၅) ကမ္မဋ္ဌာန်းနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် ခဲရာခဲဆစ်တို့ကို မေးမြန်းနိုင်ရန် ပရိယတ္တိဗဟုသုတရှိ၍ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့် ပြည့်စုံသော မိတ်ကောင်းဆွေကောင်းရှိခြင်း တို့ဖြစ်သည်။

ပလိဗောဓယ်များကို ပယ်ဖြတ်ခြင်း

ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်လျောက်ပတ်သောကျောင်း၌ နေထိုင်၍ တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအားမထုတ်မီ ဆံပင်, ခြေသည်း, လက်သည်း, မုတ်ဆိတ်, ကျင်စွယ်တို့ကို ဖြတ်တောက်ခြင်း၊ သင်္ကန်းတို့ကို ချုပ်စပ်ဖာထေးခြင်း၊ သပိတ်ဖုတ်ခြင်း၊ ညောင်စောင်း, အင်းပျဉ်စသည်တို့ကို သုတ်သင်ရှင်းလင်းခြင်းစသော အသေးအမွှားအလုပ်များကိုလည်း ကြိုတင်ပြုလုပ်ထားရမည်။ ဤသို့ပြုလုပ်ခြင်းကိုပင် "ပလိဗောဓယ်များကို ပယ်ဖြတ်သည်" ဟု ဆို၏။

၂။ ဘာဝနာပွားပုံအစီအရင်

မြေနှစ်မျိုး

ရှေးအတိတ်ဘဝ၌ မြတ်စွာဘုရားရှင်၏ သာသနာတော်ဝယ် ရဟန်းပြု၍ဖြစ်စေ, ရသေ့ဘဝ၌ဖြစ်စေ ပထဝီကသိုဏ်းဝန်းကို ပွားများ၍ စတုက္ကဈာန်, ပဉ္စကဈာန်တို့ကို ရရှိခဲ့ဖူးသူဖြစ်လျှင် ပြုပြင်စီရင်ထားခြင်းမရှိသော ပကတိမြေကိုလည်းကောင်း, လယ်ထွန်ထားရာအရပ်၌ရှိသော မြေကိုလည်းကောင်း, ကောက်နယ်တလင်းဝန်း မြေအပြင်ကိုလည်းကောင်း ပထဝီကသိုဏ်းဝန်းအဖြစ် စီးဖြန်းနိုင်ပါသည်။

ရှေးအတိတ်ဘဝ၌ ပထဝီကသိုဏ်းဝန်းစီးဖြန်းဖူးသူ မဟုတ်လျှင် ပထဝီကသိုဏ်းဝန်းကို ဆရာအထံ၌သင်ယူခဲ့သော ကမ္မဋ္ဌာန်းအစီအရင်အတိုင်း မလွဲစေဘဲ ကသိုဏ်းအပြစ်လေးပါးမှလွတ်အောင် ပြုပြင်စီရင်ရပါမည်။ အဋ္ဌကထာ၌ ဖော်ပြထားသည့် မြေအမျိုးအစားမှာ ဂင်္ဂါမြစ်ရေအယဉ်ဖြင့် တိုက်စားထားသည့် ကမ်းပါးအရပ်၌ရှိသော အရဏ်ရောင်အဆင်းရှိသော မြေညက်အမျိုးအစား ဖြစ်၏။

ပထဝီကသိုဏ်းဝန်းပြုလုပ်ပုံနှင့်
ပွားများပုံ အစီအရင်

အညိုရောင်, အဝါရောင်, အနီရောင်, အဖြူရောင်အဆင်းရှိသော မြေကို မပြုလုပ်ရပေ။ နေအရဏ်ရောင်အသွေးရှိသော မဝင်းမဝါ မြေနုစေးကို ရေစပ်ကျဉ်းဖျော်၍ သစ်သားပျဉ်ချပ်ပေါ်၌ဖြစ်စေ, သားရေချပ်ပေါ်၌ဖြစ်စေ, အဝတ်စပေါ်၌ဖြစ်စေ အချင်းတစ်ထွာနှင့်လက်လေးသစ်ခန့်ရှိသော စကောင်ယပမာဏ, စလောင်းဖုံးကြီးပမာဏလောက်ရရှိအောင် အဝန်းညီစွာ သုတ်လိမ်းရမည်။

ကသိုဏ်းဝန်း ထင်ရှားပေါ်လွင်အောင် မည်းနယ်, သို့မဟုတ် ဆေးဒန်းစသော အရောင်ကွဲသည့် အဆင်းတစ်ခုခုဖြင့် ဝန်းကျင်ပတ်ဝိုင်း၍ အနားသတ်သည့် အနေဖြင့် သုတ်လိမ်းထားရမည်။ စည်မျက်နှာပြင်ကဲ့သို့ ညီညာမှုရှိအောင် ကျောက်လက်ပတ်ဖြင့် ပွတ်တိုက်ပေးရမည်။ သစ်သားလက်ပတ်ဖြင့် မပွတ်တိုက်ရပါ။ မြေ၏အရောင်အဆင်း ပျက်တတ်သောကြောင့် ဖြစ်သည်။

ကျောင်းတိုက်၏အလယ်၊ သာမဏေ,ကျောင်းသားသူငယ်စသည်တို့ အသွားအလာများသောနေရာတို့၌ ကသိဏ်းဝန်းကို မပြုလုပ်ရပါ။ ကျောင်းတိုက်၏အစွန်အဖျား, တောင်ဝှမ်းစသော လျှို့ဝှက်သည့်နေရာဌာနတို့၌သာ ပြုလုပ်ရမည်။

ကသိဏ်းဝန်းကို ပြုလုပ်ရာ၌ ရွှေပြောင်းလွယ်သောကသိဏ်းဝန်းနှင့် ပြောင်းရွှေ့မရသော ကသိဏ်းဝန်း-ဟူ၍ နှစ်မျိုးပြုလုပ်နိုင်သည်။ သာမဏေ,ကျောင်းသားသူငယ်များ ကျောင်း၌ရှိပါက ရွှေပြောင်းလွယ်သည့်ကသိဏ်းဝန်းကို ပြုလုပ်ခြင်းက အကောင်းဆုံး ဖြစ်သည်။

ကသိဏ်းဝန်းပြုလုပ်ပြီးလျှင် ကသိဏ်းဝန်းတည်ရှိရာ ဝန်းကျင်အရပ်ကို သန့်ရှင်းအောင် ပြုလုပ်ရမည်။ ထို့နောက် ရေမိုးချိုး၍ သန့်ရှင်းအောင်ပြုပြီးလျှင် ကသိဏ်းဝန်းရှိရာသို့ ပြန်လာကာ ကသိဏ်းဝန်းနှင့် နှစ်တောင့်ထွာအကွာအဝေးတွင် ညီညာစွာခင်းထားသည့် တစ်ထွာနှင့်လက်လေးသစ်ခန့် အမြင့်ရှိသော အင်းပျဉ်နေရာ၌ထိုင်ပြီးလျှင် ကသိဏ်းဝန်းကိုကြည့်၍ ဆင်ခြင်ရမည်။

နှစ်တောင့်ထွာထက် ဝေးသောအရပ်မှကြည့်လျှင် ကသိဏ်းဝန်း မထင်ရှားခြင်း၊ ထို့ထက် နီးသောအရပ်မှကြည့်လျှင် ကသိဏ်းအပြစ် ထင်ရှားလွန်းခြင်း၊ တစ်ထွာလက်လေးသစ်ထက် မြင့်သောအရပ်မှ ထိုင်၍ကြည့်လျှင် လည်ကို အောက်သို့သွတ်၍ကြည့်ရခြင်း၊ထို့ထက်နိမ့်သောအရပ်မှ ထိုင်၍ကြည့်လျှင် ဒူးဆစ်တို့ နာကျင်ခြင်းစသော အပြစ်များရှိသဖြင့် သတ်မှတ်ထားသည့် အကွာအဝေး၊ အနိမ့်အမြင့် အတိုင်းသာ ကသိဏ်းဝန်းကိုကြည့်၍ ဆင်ခြင်ရပါမည်။

နှလုံးသွင်းဆင်ခြင်၍ ပွားများပုံ

ပထဝီကသိဏ်းဝန်းကို ပြုလုပ်ပြီး သတ်မှတ်ထားသည့်နေရာ၌ ထိုင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ကာမဂုဏ်တို့၏အပြစ်ကို ရှုးဦးစွာ ဆင်ခြင်ရမည်။ ကာမဂုဏ်တို့မှ ထွက်မြောက်ကြောင်းဖြစ်သည့်အပြင် ဒုက္ခအလုံးစုံမှ လွန်မြောက်ခြင်း၏ အကြောင်းဖြစ်သော စျာန်ရလိုမှုဆန္ဒသည် ရှေးရှုဖြစ်ပေါ်နေရမည်။ ရတနာသုံးပါး၏ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည်။

ထို့နောက် "ယခု ငါကျင့်ရမည့်အကျင့်သည် အလုံးစုံသောဘုရား, ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့ ကျင့်တော်မူကြသည့် မှန်ကန်သောအကျင့်မြတ် ဖြစ်ပေ၏" ဟု အကျင့်၌ ရိသေလေးစားသောစိတ် ဖြစ်နေရမည်။

ဆက်လက်၍ ''ယခု အခါ ငါသည် ဝိဝေကဇပိတိသုခ၏ အရသာကို ခံစားရပေတော့မည်'' ဟု တက်ကြွသောစိတ်ထားဖြင့် ပထဝီကသိုဏ်းဝန်းကို ကြည့်လျက် ''ပထဝီ,ပထဝီ'' စသည်ဖြင့်လည်းကောင်း၊ ''မဟီ,မဟီ၊ မေဒိနီ,မေဒိနီ၊ ဘူမိ,ဘူမိ၊ ဝသုမာ,ဝသုမာ၊ ဝသုန္ဓရာ,ဝသုန္ဓရာ'' စသည်ဖြင့်လည်းကောင်း ရွတ်ဆို၍ ပွားများနေရပါမည်။

မဖွင့်လွန်း,မပိတ်လွန်းသော မျက်စိဖြင့် ရူကြည့်ရခြင်း

မျက်စိဖွင့်လွန်းလျှင် မျက်စိပင်ပန်း၏။ မျက်စိညောင်း၏။ ကသိုဏ်းဝန်းလည်း အလွန်ထင်ရှား၏။ နိမိတ်ဖြစ်ပေါ်ရန်လည်း ခဲယဉ်းတတ်၏။ မျက်စိကို ခပ်မှေးမှေးသာ ဖွင့်ပြီးကြည့်ပါက ကသိုဏ်းဝန်းသည် မထင်မရှားဖြစ်တတ်၏။ စိတ်လည်း တွန့်ဆုတ်တတ်၏။ နိမိတ်လည်း မထင်မပေါ်ဖြစ်တတ်၏။ ထို့ကြောင့် ကြေးမုံပြင်၌ မျက်နှာရိပ်ကို ကြည့်ရှုသူကဲ့သို့ မဖွင့်လွန်း,မပိတ်လွန်း ညီမျှသောမျက်စိဖြင့်သာ ကြည့်ရှုနေရပါမည်။

ဤသို့ ကြည့်ရှုလျက်ဆင်ခြင်ရာတွင် သတိပြုရမည့်အချက်မှာ- အဆင်းကသိုဏ်းဝန်းတို့နှင့် မရောယှက်စေရန် မြေ၏အရောင်အဆင်းကို မဆင်ခြင်ရပါ။ စတုဓာတုဝဝတ္ထာန်နှင့် မရောယှက်စေရန်အတွက် ခက်မာခြင်းလက္ခဏာကိုလည်း နှလုံးမသွင်းရပါ။ စင်စစ်၊ အဆင်းကိုမလွတ်ဘဲ ပထဝီကသိုဏ်းဝန်း ပုံသဏ္ဌာန်ကိုသာ အာရုံပြု၍ ရုံခါ မျက်စိကိုဖွင့်၍ဖြစ်စေ, ရုံခါ မျက်စိကိုမှိတ်၍ဖြစ်စေ ဥဂ္ဂဟနိမိတ်မထင်သေးသမျှ အကြိမ်ပေါင်းများစွာ နှလုံးသွင်းဆင်ခြင်နေရပါမည်။

ဘာဝနာသုံးပါးနှင့် နိမိတ်သုံးပါး

ဘာဝနာ ၃-ပါး

(၁) ပရိကမ္မဘာဝနာ = အစစွာဖြစ်သော ဘာဝနာ
(၂) ဥပစာရဘာဝနာ = နီဝရဏာခွါသည်မှစ၍ ဂေါတြဘူအဆုံးတိုင်အောင် ဖြစ်သော ဘာဝနာ
(၃) အပ္ပနာဘာဝနာ = မဟဂ္ဂုတ်,လောကုတ္တရာသို့ ရောက်သောဘာဝနာ

နိမိတ် ၃-ပါး

(၁) ပရိကမ္မနိမိတ် = ဘာဝနာ၏အာရုံ
(၂) ဥဂ္ဂဟနိမိတ် = မျက်စိဖြင့်မြင်ရသကဲ့သို့ စိတ်ဖြင့်ယူအပ်သောအာရုံ
(၃) ပဋိဘာဂနိမိတ် = ဥဂ္ဂဟနိမိတ်နှင့်တူသော အပြစ်ကင်းသောအာရုံ

ပရိကမ္မဘာဝနာ	ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်
ဥပစာရဘာဝနာ အပ္ပနာဘာဝနာ	ပဋိဘာဂနိမိတ်

ဥဂ္ဂဟနိမိတ်ထင်ပုံ

ကသိဏ်းဝန်းကို မျက်စိမှိတ်၍ဆင်ခြင်စဉ် မျက်စိဖွင့်၍ကြည့်သကဲ့သို့ ထင်မြင်လာလျှင် ဥဂ္ဂဟနိမိတ်ထင်ပြီ ဖြစ်၏။

ဥဂ္ဂဟနိမိတ်ထင်လာလျှင် ကသိဏ်းဝန်းရှိရာအရပ်၌ ဆက်လက်နေထိုင်ရန် မလိုတော့ပေ။ ကသိဏ်းဝန်းမှဖဲခွါခဲ့ပြီး မိမိနေထိုင်ရာကျောင်းသို့ ပြန်လာကာ ထင်လာသည့်ဥဂ္ဂဟနိမိတ်ကို မပျောက်မပျက်အောင် ဆက်လက်ပွားများနေရမည်။ ခြေဆေးခြင်းစသည်တို့ကြောင့် အချိန်မကုန်စေရန်အတွက် တစ်လွှာဖိနပ်ကို စီးရမည်။ ဘေးအန္တရာယ်ကြုံတွေ့လာလျှင် ဟန့်တားကာကွယ်နိုင်ရန်အတွက် တောင်ဝှေးကိုလည်း ဆောင်ထားရမည်။

အကယ်၍ နှသေးသောသမာဓိသည် အကြောင်းတစ်ခုခုကြောင့် ပျက်ယွင်းသွားသော်(ဝါ) ဥဂ္ဂဟနိမိတ်ပျောက်ပျက်သွားသည်ရှိသော် ဖိနပ်ကိုစီး၊ တောင်ဝှေးကိုယူဆောင်ကာ ကသိဏ်းဝန်းရှိရာအရပ်သို့သွား၍ ဥဂ္ဂဟနိမိတ် ပြန်လည်ထင်ပေါ်အောင် အကြိမ်ကြိမ်အဖန်ဖန် နှလုံးသွင်းရှုမှတ်ရပါမည်။

ပဋိဘာဂနိမိတ်ထင်ပုံ

ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာ ပရိကမ္မသမာဓိဖြင့် အဖန်ဖန်စီးဖြန်း၍ သမာဓိခိုင်မြဲလာသောအခါ ဥဂ္ဂဟနိမိတ်နှင့်တူသော ကသိဏ်းအပြစ်မှလွတ်သည့် အာရုံနိမိတ်တစ်ခုသည် စိတ်၌ ကောင်းစွာထင်လာပါလာ၏။ ထိုနိမိတ်သည် ပရမတ်မှလွတ်သော ပညတ်ဖြစ်၏။ ထိုအခါ ပဋိဘာဂနိမိတ်ထင်ပြီ ဖြစ်၏။

ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ် ထူးခြားချက်

ဥဂ္ဂဟနိမိတ်၌ ကသိဏ်း၏လက်ချောင်းရာ, လက်ဖနှောင့်ရာစသော အပြစ်များထင်ရှား၏။ ပဋိဘာဂနိမိတ်သည် အိမ်မှထုတ်သည့် ကြေးမုံဝိုင်းကဲ့သို့လည်းကောင်း၊ ကောင်းစွာဆေးကြောပွတ်တိုက်ထားသည့် ခရုသင်းကဲ့သို့လည်းကောင်း၊ မိုးတိမ်ဝဲ၌ပျံနေသည့် ဥဇျိုင်းကဲ့သို့လည်းကောင်း ဥဂ္ဂဟနိမိတ်ကို ထွင်းဖောက်၍ ထွက်လာဘိသကဲ့သို့ ဥဂ္ဂဟနိမိတ်ထက် အဆပေါင်းများစွာ အလွန်စင်ကြယ်စွာ

ထင်ရှားဖြစ်ပေါ်လာ၏။

ထိုပဋိဘာဂနိမိတ်၌ အရောင်အဆင်း မရှိပေ။ ပုံသဏ္ဌာန်လည်း မရှိပေ။ အကယ်၍ အရောင်အဆင်း၊ပုံသဏ္ဌာန်ရှိလျှင် စက္ခုဝိညာဏ်ဖြင့် မြင်နိုင်, သိနိုင်စရာ ဖြစ်၍ ရုန့်ရင်းကြမ်းတမ်းသောကြောင့် လက္ခဏာရေးသုံးပါးဖြင့် ဆင်ခြင်သုံးသပ်နိုင်ရာ၏။ သို့သော် ပဋိဘာဂနိမိတ်၌ ဤသဘောမျိုး မရှိပေ။ စင်စစ် ပဋိဘာဂနိမိတ်သည် ဥပစာရသမာဓိကို ရရှိသော ယောဂီပုဂ္ဂိုလ်အား ထင်ပေါ်လာသည့် ဘာဝနာသညာသာ ဖြစ်ချေ၏။ ဥဂ္ဂဟနိမိတ်သည် မနောဒွါရ၌ထင်လာသော "မနောဒွါရဂ္ဂဟိတရူပါရုံ"ဖြစ်၍ ပဋိဘာဂနိမိတ်သည် "ပညတ်ဓမ္မာရုံ" ဖြစ်၏။ ဤသို့ ထူးခြားပါသည်။ (စည်၁။ ၃၃၀-၃၃၁)

ပဋိဘာဂနိမိတ်ထင်ခြင်းအကျိုး

ပဋိဘာဂနိမိတ်ထင်လာသည့်အချိန်မှစ၍ နီဝရဏတို့ကို ပယ်ခွါပြီးဖြစ်၏။ ထို့ပြင် ယင်းနီဝရဏနှင့်တည်ရာတူသော စိတ္တာပ္ပါဒ်တစ်ခုတည်း၌ ယှဉ်၍ဖြစ်သည့် သဟဇေကဋ္ဌကိလေသာ၊ နီဝရဏနှင့်အလားတူသည့် သန္တာန်တစ်ခုတည်း၌ ဖြစ်သော ပဟာနေကဋ္ဌကိလေသာတို့လည်း ငြိမ်ဝပ်ပိပြားပြီးဖြစ်သဖြင့် ဥပစာရသမာဓိဖြင့် စိတ်ကိုကောင်းစွာထားနိုင်ခြင်း အကျိုးရှိပါသည်။

ဥပစာရဘာဝနာ နှင့် အပ္ပနာဘာဝနာ၌ စိတ်တည်ကြည်ခြင်းအကြောင်း

ဈာန်၏ဆန့်ကျင်ဘက်တရားတို့မှ ဝေးကွာခြင်း၊ ခိုင်မြဲခြင်းသို့ရောက်ခြင်း ဟူသောအကြောင်းနှစ်မျိုးကြောင့် ဥပစာရဘာဝနာအခိုက်၌လည်းကောင်း၊ ဈာန်ရသည့် အပ္ပနာဘာဝနာအခိုက်၌လည်းကောင်း စိတ်ကို ကောင်းစွာထားနိုင်ခြင်း ဖြစ်၏။ စိတ်တည်ကြည်မှုသမာဓိ ဖြစ်ရ၏။

ထိုဘာဝနာနှစ်မျိုးတွင် ဥပစာရဘာဝနာအခိုက်၌ နီဝရဏတရားတို့ကင်းခြင်းကြောင့် စိတ်တည်ကြည်ခြင်း ဖြစ်သည်။ (ဝါ)ဥပစာရသမာဓိ ဖြစ်၏။ ဈာန်ရသည့် အပ္ပနာဘာဝနာအခိုက်၌ ဈာန်အင်္ဂါများထင်ရှားဖြစ်ပေါ်ခြင်းကြောင့် စိတ်တည်ကြည်ခြင်း ဖြစ်သည်။ (ဝါ)အပ္ပနာသမာဓိ ဖြစ်၏။

ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ထူးခြားချက်

အလွန်ငယ်သေးသည့်ကလေးကို ချီမ၍ ရပ်ပေးသော်လည်း ကလေးငယ်သည် အင်အားမရှိသေးသဖြင့် အကြိမ်ကြိမ်အဖန်ဖန် လဲကျနေသကဲ့သို့ ထို့အတူ

ဥပစာရသမာဓိ၌ ဈာန်အင်္ဂါတို့သည် အားမရှိကြသေးပေ။ ဈာန်အင်္ဂါတို့အားမရှိသေးသောကြောင့် ဥပစာရသမာဓိဖြစ်ခိုက်၌ စိတ်သည် ရံခါ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ရံခါ ဘဝင်သို့သက်၏။

အားရှိသောလူကြီးသည် နေရာမှထ၍ တစ်နေ့လုံးသော်လည်း ရပ်တည်နေနိုင်သကဲ့သို့ ထို့အတူ အပွနာသမာဓိဖြစ်ခိုက်၌ ဈာန်အင်္ဂါတို့သည် အားရှိကုန်၏။ ထိုသို့အားရှိကုန်သည်၏အဖြစ်ကြောင့် အပွနာသမာဓိဖြစ်ခိုက်၌ စိတ်သည် ဘဝင်အစဉ်ကိုတစ်ကြိမ်ဖြတ်ပြီးလျှင် ကုသိုလ်ဇောအစဉ်၏ အစွမ်းသတ္တိအားဖြင့် တစ်ညဉ့်လုံးသော်လည်းကောင်း၊ တစ်နေ့လုံးသော်လည်းကောင်း တည်နေနိုင်၏။ ကုသိုလ်ဇောအစဉ်၏အစွမ်းအားဖြင့်သာ ဖြစ်နေ၏။ ဤသို့လျှင် ဥပစာရသမာဓိနှင့် အပွနာသမာဓိတို့ ထူးခြားပါသည်။ (စည်၊ဒ။ ၃၃၂)

ပဋိဘာဂနိမိတ် မပျောက်အောင် စောင့်ရှောက်သင့်ပုံ

ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်နှစ်ပါးတို့တွင် ဥပစာရသမာဓိနှင့်တကွ ပဋိဘာဂနိမိတ်ဖြစ်ပေါ်၍ အပွနာသို့ရောက်ရန်မှာ အလွန်ခဲယဉ်းလှ၏။ တစ်ထိုင်တည်းဖြင့် ပဋိဘာဂနိမိတ်ကိုပွား၍ အပွနာသို့ရောက်ခဲ့ပါမူ အလွန်ကောင်း၏။ အကယ်၍ အပွနာသို့ မရောက်သေးလျှင် စကြဝတေးမင်းလောင်း၏ ကိုယ်ဝန်ကို စောင့်ရှောက်ရသည့်ပမာ ပဋိဘာဂနိမိတ်မပျောက်ပျက်အောင် အထူးသတိထားပြီး မမေ့မလျော့ စောင့်ရှောက်နေရပါမည်။

ဤသို့စောင့်ရှောက်သည်ရှိသော် ယောဂီပုဂ္ဂိုလ်အား ရရှိပြီးသား ပဋိဘာဂနိမိတ်သည် ဆုတ်ယုတ်ခြင်းမရှိ-ဟူသော အကျိုးထူးကို ရရှိနိုင်ပေသည်။ စောင့်ရှောက်ခြင်းမရှိလျှင် ရရှိပြီးတိုင်းသော ပဋိဘာဂနိမိတ်များ ပျောက်ပျက်သွားတတ်၏။ စင်စစ်၊ ပဋိဘာဂနိမိတ်ကို စောင့်ရှောက်ခြင်းဆိုသည်မှာ- မလျောက်ပတ်သော အသပ္ပါယ(၇)ပါးကိုရှောင်ကြဉ်၍ လျောက်ပတ်သော သပ္ပါယ(၇)ပါးကိုမှီဝဲခြင်းပင်ဖြစ်သည်။

၃။ သပ္ပါယ ၇–ပါးအကြောင်း

(၁) ကျောင်း
(၂) ဆွမ်းခံရွာ
(၃) စကား
(၄) ပုဂ္ဂိုလ်
(၅) ဘောဇဉ်
(၆) ဥတု
(၇) ကာရိယာပုထိ

သပ္ပါယ (သင့်လျော် လျောက်ပတ်)
အသပ္ပါယ (မသင့်လျော် မလျောက်ပတ်)

(၁) ကျောင်း

ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား မဖြစ်သေးသောနိမိတ်သည် မဖြစ်။ ဖြစ်ပေါ်ပြီးသားနိမိတ်သည်လည်း ပျောက်ပျက်၏။ မထင်သေးသော သတိသည်လည်း မထင်။ မတည်ကြည်သေးသော စိတ်သည်လည်း မတည်ကြည်ဘဲ ဖြစ်နေလျှင် ထိုယောဂီပုဂ္ဂိုလ်နေထိုင်သည့်ကျောင်းသည် ယောဂီအတွက် မလျောက်ပတ်သောကျောင်း ဖြစ်၏။

ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား မဖြစ်သေးသောနိမိတ်လည်း ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသည့်နိမိတ်သည်လည်း ခိုင်မြဲလာ၏။ သတိလည်း ထင်ပေါ်၏။ စိတ်လည်းတည်ကြည်မှုရှိလာလျှင် ထိုယောဂီနေထိုင်သည့်ကျောင်းသည် ယောဂီအတွက် လျောက်ပတ်သောကျောင်း ဖြစ်၏။

ကျောင်းဆောင်များစွာရှိသည့် ကျောင်းတိုက်ဖြစ်ပါမူ ယင်းကျောင်းတိုက်၏ ကျောင်းဆောင်တစ်ခုစီ တစ်ခုစီ၌ သုံးရက်ခန့်,သုံးရက်ခန့် ပြောင်းနေကြည့်ရမည်။ ထိုသို့နေစဉ် စိတ်တည်ကြည်မှုရရှိလာသော ကျောင်းဆောင်သည် ယောဂီအတွက် လျောက်ပတ်သောကျောင်း ဖြစ်၏။

သီဟိုဠ်ကျွန်းရှိ စူဠနာဂလိဏ်သည် ကမ္မဋ္ဌာန်းအားထုတ်ကြသည့် ယောဂီတို့အတွက် သပ္ပါယဖြစ်သောကျောင်းဟု ထင်ရှားလှ၏။ ယင်းလိုဏ်ကျောင်း၌

ရဟန်းငါးရာတို့ သီတင်းသုံးပြီးတရားအားထုတ်ရာ ကျောင်းသပွါယဖြစ်မှုကြောင့် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ သောတာပန်စသည်ဖြင့် အရိယာဘုံအဆင့်သို့ ရောက်ကြသည့်ပုဂ္ဂိုလ်တို့ကား ရေတွက်၍မရနိုင်လောက်အောင် အလွန်များလှ၏။ ထို့အတူ စိတ္တလတောင်ပေါ်ကျောင်းသည်လည်း ယောဂီတို့အတွက် သပွါယဖြစ်သောကျောင်း ဖြစ်၏။

(၂) ဆွမ်းခံရွာ

ဆွမ်းခံရွာသည် ကျောင်းတိုက်၏ အရှေ့အရပ်၊ အနောက်အရပ်၌တည်ရှိနေလျှင်သော်လည်းကောင်း၊ တစ်ကောသခွဲထက် ဝေးနေလျှင်သော်လည်းကောင်း၊ ဆွမ်းမပြည့်စုံလျှင်သော်လည်းကောင်း ထိုသို့သောဆွမ်းခံရွာမျိုးသည် ယောဂီအတွက် မလျောက်ပတ်သောဆွမ်းခံရွာ ဖြစ်၏။

ဆွမ်းခံရွာသည် ကျောင်းတိုက်၏ တောင်အရပ်၊ မြောက်အရပ်၌တည်ရှိနေလျှင်သော်လည်းကောင်း၊ တစ်ကောသခွဲအတွင်း တည်ရှိနေလျှင်သော်လည်းကောင်း၊ ဆွမ်းပြည့်စုံလျှင်သော်လည်းကောင်း ထိုသို့သောဆွမ်းခံရွာမျိုးသည် ယောဂီအတွက် လျောက်ပတ်သောဆွမ်းခံရွာ ဖြစ်၏။

မှတ်ချက်။ တစ်ကောသခွဲဟူသည်မှာ- ခုနစ်တောင်တာဖြင့် တာ-၆၀၀၊ လေးတောင်ခန့်တာအားဖြင့် တာ-၁၀၅၀ ရှိ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ တာ-၁၀၀၀ ဟုဆိုထားသည်။

(၃) စကား

နတ်ရွာ,မဂ်ဖိုလ်,နိဗ္ဗာန်နှင့် ဖိလာဆန့်ကျင်သော ၃၂-ပါးသောစကား၌ အကျိုးဝင်သော စကားမျိုးသည် ယောဂီအတွက် မလျောက်ပတ်သောစကား ဖြစ်၏။ ကမ္မဋ္ဌာန်းအားထုတ်နေစဉ် ထိုဖိလာစကားမျိုးကိုပြောဆိုပါက ရရှိပြီးသားကမ္မဋ္ဌာန်းနိမိတ်များ ပျောက်ပျက်သွားတတ်ပါသည်။

စွာန်မဂ်ဖိုလ်နှင့်ဆန့်ကျင်သော ဖိလာစကား ၃၂-ပါးမှာ -

(၁) မင်းနှင့်စပ်သောစကား
(၂) သူခိုးနှင့်စပ်သောစကား
(၃) အမတ်အရာရှိနှင့်စပ်သောစကား
(၄) စစ်သည်နှင့်စပ်သောစကား
(၅) ဘေးရန်နှင့်စပ်သောစကား
(၆) စစ်နှင့်စပ်သောစကား
(၇) မြို့နှင့်စပ်သောစကား
(၈) နယ်နိမိတ်နှင့်စပ်သောစကား
(၉) မိန်းမ,ယောကျ်ားနှင့်စပ်သောစကား
(၁၀) သေသောသူနှင့်စပ်သောစကား
(၁၁) အထွေထွေနှင့်စပ်သောစကား
(၁၂) လောကနှင့်စပ်သောစကား

(၇) စားဖွယ်နှင့်စပ်သောစကား (၂၃) သမုဒ္ဒရာနှင့်စပ်သောစကား
(၈) သောက်ဖွယ်နှင့်စပ်သောစကား (၂၄) ကြီးပွားမှုနှင့်စပ်သောစကား
(၉) အဝတ်နှင့်စပ်သောစကား (၂၅) ဆုတ်ယုတ်မှုနှင့်စပ်သောစကား
(၁၀) အိပ်ရာနှင့်စပ်သောစကား (၂၆) တောနှင့်စပ်သောစကား
(၁၁) ပန်းနှင့်စပ်သောစကား (၂၇) တောင်နှင့်စပ်သောစကား
(၁၂) နံ့သာနှင့်စပ်သောစကား (၂၈) မြစ်နှင့်စပ်သောစကား
(၁၃) ဆွေမျိုးနှင့်စပ်သောစကား (၂၉) ကျွန်းနှင့်စပ်သောစကား
(၁၄) ယာဉ်နှင့်စပ်သောစကား (၃၀) သူရဲကောင်းနှင့်စပ်သောစကား
(၁၅) ရွာနှင့်စပ်သောစကား (၃၁) လမ်းနှင့်စပ်သောစကား
(၁၆) နိဂုံးနှင့်စပ်သောစကား (၃၂) ရေဆိပ်နှင့်စပ်သောစကား တို့ဖြစ်၏။

အပို့စ္ဆာတာစသော ကထာဝတ္ထုဆယ်ပါးသည် ယောဂီအတွက် လျောက်ပတ်သောစကားများ ဖြစ်သည်။ လျောက်ပတ်သောစကားကို ပြောဆိုရာတွင်လည်း အတိုင်းအရှည်ဖြင့်သာ ပြောဆိုသင့်ပါသည်။ လိုသည်ထက်ပို၍ ပြောဆိုဆွေးနွေးခြင်းမျိုးကို မပြုလုပ်သင့်ပေ။

(၄) ပုဂ္ဂိုလ်

ကိုယ်လက်ကြံ့ခိုင်အောင် ပြုပြင်မွေးမြူရာ၌ အလေ့အလာများသောပုဂ္ဂိုလ်၊ စွာန်မဂ်ဖိုလ်တို့၏ ဖီလာဆန့်ကျင်ဘက်ဖြစ်သော ၃၂-ပါးသောစကားကို ပြောဆိုတတ်သောပုဂ္ဂိုလ်တို့ကို ပေါင်းသင်းခြင်းသည် ယောဂီအတွက် မလျောက်ပတ်သော ပုဂ္ဂိုလ်ကိုပေါင်းသင်းခြင်း ဖြစ်၏။

ရှဉ့်ညွန်သည် ရေကြည်ကို နောက်ကျအောင်ပြုလုပ်သကဲ့သို့ ထိုအသပ္ပါယပုဂ္ဂိုလ်သည်လည်း ယောဂီပုဂ္ဂိုလ်ကို ညစ်နွမ်းအောင် ပြုလုပ်တတ်ပါသည်။ ယောဂီပုဂ္ဂိုလ်သည် မပေါင်းသင့်သူကိုပေါင်းသင်းမိသဖြင့် မရသေးသောနိမိတ်များ မရရှိခြင်း၊ ရရှိပြီးသားနိမိတ်များ ပျောက်ပျက်သွားခြင်းစသည်တို့ ဖြစ်တတ်၏။ သီဟိုဠ်ကျွန်း ကောဋ္ဌပဗ္ဗတကျောင်း၌ နေသောရဟန်းငယ်တစ်ပါးသည် အသပ္ပါယပုဂ္ဂိုလ်ကို ပေါင်းသင်းမိသဖြင့် သမာပတ်ပျောက်ဖူးသည့် သာဓကရှိခဲ့၏။

(၅) ဘောဇဉ်

အချို့ယောဂီအား ချိုသောအရသာသည် လျောက်ပတ်၏။ အချို့ယောဂီအား ချဉ်သောအရသာသည် လျောက်ပတ်၏။ မိမိနှင့်သင့်လျော်သည့် ဘောဇဉ်အဟာရကို စားသုံးမှီဝဲရလျှင် ချမ်းသာ၏။ ထိုအခါ မတည်ကြည်သေးသောစိတ်သည်

တည်ကြည်လာ၏။ တည်ကြည်ပြီးသားစိတ်သည်လည်း ပို၍ခိုင်မြဲလာ၏။ ထိုသို့ဖြစ်လျှင် ယင်းဘောဇ္ဈင်အာဟာရသည် ယောဂီအတွက် လျောက်ပတ်သော ဘောဇ္ဈင် အာဟာရ ဖြစ်၏။ (အသပ္ပါယကို အပြန်အားဖြင့် မှတ်ပါ။)

(၆) ဥတု

အချို့ယောဂီအား အအေးသည် လျောက်ပတ်၏။ အချို့ယောဂီအား အပူသည် လျောက်ပတ်၏။ မိမိနှင့်သင့်လျော်လျောက်ပတ်သော ဥတုဖြင့် မျှတစွာ ကမ္မဋ္ဌာန်း အားထုတ်ခွင့်ရလျှင် ချမ်းသာ၏။ မတည်ကြည်သေးသောစိတ်သည် တည်ကြည် လာ၏။ တည်ကြည်ပြီးသားစိတ်သည်လည်း ပို၍ခိုင်မြဲလာ၏။ ထိုသို့ဖြစ်လျှင် ယင်းဥတုသည် ယောဂီအတွက် လျောက်ပတ်သောဥတု ဖြစ်၏။ (အသပ္ပါယကို အပြန်အားဖြင့် မှတ်ပါ။)

(၇) ကျရိယာပုထ်

အချို့ယောဂီအား စကြဲလျောက်ခြင်း ကျရိယာပုထ်သည် လျောက်ပတ်၏။ အချို့ယောဂီအား အိပ်ခြင်း,ရပ်ခြင်း,ထိုင်ခြင်းတို့တွင် တစ်ပါးပါးသော ကျရိယာပုထ် သည် လျောက်ပတ်၏။ မိမိနှင့် မည်သည့်ကျရိယာပုထ် သင့်လျော်သည်ကိုသိရှိရန် အတွက် ကျရိယာပုထ်တစ်မျိုးချင်းကို သုံးရက်ခန့်စီ ပြောင်းလဲ၍ အားထုတ်ကြည့် သင့်၏။ ထိုသို့အားထုတ်နေစဉ် မတည်ကြည်သေးသောစိတ်သည် တည်ကြည် လာ၏။ တည်ကြည်ပြီးသားစိတ်သည်လည်း ပို၍ခိုင်မြဲလာ၏။ ထိုသို့ဖြစ်လျှင် ယင်းကျရိယာပုထ်သည် ယောဂီအတွက် လျောက်ပတ်သောကျရိယာပုထ် ဖြစ်၏။ (အသပ္ပါယကိုအပြန်အားဖြင့်မှတ်ပါ။) (စည်း၁။ ၃၃၃-၃၃၇)

၄။ အပွနာကောသလ္လ ၁၀-ပါး
အကြောင်း

မလျောက်ပတ်သည့် အသပ္ပါယတို့ကိုရှောင်ကြဉ်၍ လျောက်ပတ်သည့် သပ္ပါယကိုမှီဝဲသော ယောဂီပုဂ္ဂိုလ်အား မကြာမီပင် အပွနာသို့ ရောက်နိုင်ပါသည်။ အကယ်၍ အပွနာသို့မရောက်သေးလျှင် "အပွနာကောသလ္လ" ခေါ် အပွနာဥဿုံကျွမ်းကျင်လိမ္မာကြောင်းအစီအရင်(၁၀)ပါးနှင့်ပြည့်စုံအောင် ပြုလုပ်ရပါမည်။

အပွနာကောသလ္လ(၁၀)ပါးမှာ -

(၁) ဝတ္ထုတို့ကို သန့်ရှင်းအောင် ပြုလုပ်ခြင်း
(၂) ဣန္ဒြေတို့ကို ညီမျှစေခြင်း
(၃) ကသိုဏ်းနိမိတ်, သမထနိမိတ်၌ ကျွမ်းကျင်ခြင်း
(၄) စိတ်ကို ချီးမြှောက်သင့်သောအခါ၌ ချီးမြှောက်ခြင်း
(၅) စိတ်ကို နှိမ်သင့်သောအခါ၌ နှိမ်ခြင်း
(၆) စိတ်ကို ရွှင်လန်းစေသင့်သောအခါ၌ ရွှင်လန်းစေခြင်း
(၇) စိတ်ကို လျစ်လျူရှုသင့်သောအခါ၌ လျစ်လျူရှုခြင်း
(၈) သမာဓိနည်းသူကို ရှောင်ကြဉ်ခြင်း
(၉) သမာဓိရှိသူကို မှီဝဲပေါင်းသင်းခြင်း
(၁၀) အပွနာသမာဓိသို့ ညွတ်ကိုင်းသောစိတ်ရှိခြင်း တို့ဖြစ်ပါသည်။

(၁) ဝတ္ထုတို့ကို သန့်ရှင်းအောင်ပြုလုပ်ခြင်း

ဝတ္ထုသည် အတွင်းဝတ္ထု၊ အပြင်ဝတ္ထုဟူ၍ နှစ်မျိုးရှိ၏။ ဆံပင်,ခြေသည်း, လက်သည်း,မုတ်ဆိတ်,ကျင်စွယ်တို့ရှည်နေခြင်း၊ ခန္ဓာကိုယ်၌ ချွေး,အညစ်အကြေးများ စွန်းငြိပေကျံနေခြင်းသည် အတွင်းဝတ္ထုမသန့်ရှင်းခြင်း ဖြစ်၏။

ယောဂီ၏ အဝတ်,သင်္ကန်းများ ဆွေးမြေ့ညစ်နွမ်းနေခြင်း၊ အနံ့ဆိုးများဖြင့် နံစော်နေခြင်း၊ အခန်းအတွင်း,ကျောင်းဝန်းအတွင်း၌ အမှိုက်များဖြင့် ရှုပ်ပွ၍ မသန့်မရှင်းဖြစ်နေခြင်းသည် အပြင်ဝတ္ထုမသန့်ရှင်းခြင်း ဖြစ်၏။

ဤသို့ အတွင်းဝတ္ထု၊ အပြင်ဝတ္ထု မသန့်မရှင်း, မစင်မကြယ်ဖြစ်နေလျှင် စိတ်, စေတသိက်တို့၌မှီသော ဉာဏ်သည်လည်း မသန့်ရှင်းမစင်ကြယ် ဖြစ်တတ်၏။ ဥပမာ- မစင်ကြယ်သည့်ဆီမီးခွက်, မီးစာတို့ကို အမှီပြု၍ဖြစ်သော ဆီမီးရောင်သည် ကောင်းစွာမလင်းသကဲ့သို့ ဖြစ်သည်။ မစင်ကြယ်သည့်ဉာဏ်ဖြင့် သခ်ါရတို့ကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်အား သခ်ါရတရားတို့သည်လည်း မထင်ရှားကုန်။ သမထကမ္မဋ္ဌာန်းကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်အား စာနှစ်ဂါထင်ရှားခြင်းဖြင့်လည်း ကြီးပွားခြင်းသို့ မရောက်ကုန်။ စာနှစ်တို့ကိုလေ့လာကျေပွန်ခြင်းဖြင့်လည်း စည်ပင်ခြင်းသို့ မရောက်ကုန်။ အချင်းခပ်သိမ်း ဝသီဘော်သို့ရောက်ခြင်းဖြင့် ပြန့်ပြောခြင်းသို့ မရောက်ကုန်။ ဤသို့လျှင် အတွင်းဝတ္ထု, အပြင်ဝတ္ထုတို့ မသန့်ရှင်း မစင်ကြယ်လျှင် ဤသို့သော မကောင်းကျိုးများကို ဖြစ်ပေါ်စေတတ်ပါသည်။

မှတ်ချက်။ အတွင်းဝတ္ထု၊ အပြင်ဝတ္ထု သန့်ရှင်းစင်ကြယ်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အပြန်အားဖြင့် မှတ်ပါ။ (စည်၊ဌ။ ၃၃၈-၃၃၉)

(၂) ဣန္ဒြေတို့ကို ညီမျှစေခြင်း

ဣန္ဒြေတို့ကို ညီမျှစေခြင်းဆိုသည်မှာ- သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟူသော ဣန္ဒြေငါးပါးတို့ မယုတ်မလွန် မျှမျှတတရှိနေခြင်းကို ဆိုလို၏။ ဣန္ဒြေငါးပါးတို့တွင်-

(၁) သဒ္ဓိန္ဒြေသည် ယုံကြည်ခြင်းကိစ္စကို ဆောင်ရွက်၏။
(၂) ဝီရိယိန္ဒြေသည် ပင့်မြှောက်ခြင်းကိစ္စကို ဆောင်ရွက်၏။
(၃) သတိန္ဒြေသည် အာရုံသို့ကပ်၍ တည်ခြင်းကိစ္စကို ဆောင်ရွက်၏။
(၄) သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကို ဆောင်ရွက်၏။
(၅) ပညိန္ဒြေသည် သိမြင်ခြင်းကိစ္စကို ဆောင်ရွက်၏။

သဒ္ဓိန္ဒြေလွန်ကဲခြင်းအပြစ်

ဣန္ဒြေငါးပါးတို့တွင် ယောဂီပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေအားကောင်းပြီး အခြားဣန္ဒြေတို့အားနည်းနေပါက ဝီရိယိန္ဒြေသည် ပင့်မြှောက်ခြင်းကိစ္စကိုလည်းကောင်း၊ သတိန္ဒြေသည် အာရုံသို့ကပ်၍တည်ခြင်းကိစ္စကိုလည်းကောင်း၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းကိစ္စကိုလည်းကောင်း၊ ပညိန္ဒြေသည် သိမြင်ခြင်းကိစ္စကိုလည်းကောင်း မပြုလုပ်နိုင်တော့ပေ။

သဒ္ဒါန္တေအားနည်းအောင် ပြုလုပ်ပုံ

အခြားဣန္ဒြေများအားနည်းပြီး သဒ္ဒါန္တေအားကောင်းနေပါက သဒ္ဒါန္တေတို့ယုတ်လျော့အားနည်းသွားအောင် အကြောင်း၊ အကျိုးစသော တရားသဘောကို စူးစမ်းဆင်ခြင်ခြင်းဖြင့်လည်းကောင်း၊ သဒ္ဒါန္တေအားကြီးစေတတ်သော ကမ္မဋ္ဌာန်းတရားကို နှလုံးမသွင်းခြင်းဖြင့်လည်းကောင်း သဒ္ဒါန္တေကိုယုတ်လျော့စေရပါမည်။ (သဒ္ဒါန္တေလွန်ကဲမှုနှင့်ပတ်သက်၍ ဤနေရာ၌ ဝဏ္ဏလိမထေရ်အကြောင်းကို သာဓကအဖြစ် မှတ်သားနိုင်ပါသည်။)

ဝီရိယန္တေအားနည်းအောင်ပြုလုပ်ပုံ

ဝီရိယန္တေအားကောင်းပြီး အခြားဣန္ဒြေတို့အားနည်းနေပါက သဒ္ဒါန္တေသည် ယုံကြည်ခြင်းကိစ္စကိုလည်းကောင်း၊ သတိန္တေစသည်တို့သည်လည်း အာရုံသို့ကပ်၍ တည်ခြင်းစသောကိစ္စတို့ကိုလည်းကောင်း မပြုလုပ်နိုင်ပေ။ ထို့ကြောင့် ဝီရိယန္တေကိုယုတ်လျော့အားနည်းသွားအောင် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများပေးရပါမည်။ (ဝီရိယန္တေလွန်ကဲမှုနှင့်ပတ်သက်၍ ဤနေရာ၌ သောဏမထေရ်အကြောင်းကို သာဓကအဖြစ် မှတ်သားနိုင်ပါသည်။)

သဒ္ဒါန္တေနှင့်ပညာန္တေကို ညီမျှစေခြင်း

သဒ္ဒါန္တေအားကောင်း၍ ပညာန္တေအားနည်းသောသူသည် အချည်းနှီးသောပုဂ္ဂိုလ်ကို ကြည်ညိုတတ်၏။ မစူးစမ်းမဆင်ခြင်ဘဲ ကြည်ညိုတတ်၏။ ကြည်ညိုဖွယ်မဟုတ်သည့်အရာဝတ္ထုကိုလည်း ကြည်ညိုတတ်၏။

ပညာန္တေအားကောင်း၍ သဒ္ဒါန္တေအားနည်းသောသူသည် ကောက်ကျစ် စဉ်းလဲတတ်၏။ ဆေးကြောင့်ဖြစ်သောရောဂါသည် အကုရဓက်သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် သဒ္ဒါန္တေနှင့်ပညာန္တေနှစ်ပါးကို ညီမျှစေရပါမည်။ ထိုသို့ ဣန္ဒြေနှစ်ပါးညီမျှနေလျှင် ကြည်ညိုသင့် ကြည်ညိုထိုက်သောအရာတို့၌သာ ကြည်ညိုတော့၏။

သမာဓိန္တေနှင့်ဝီရိယန္တေကို ညီမျှစေခြင်း

သမာဓိန္တေအားကောင်း၍ ဝီရိယန္တေအားနည်းသောသူကို ပျင်းရိခြင်းကောသဇ္ဇတရားက လွှမ်းမိုးတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သမာဓိသည် ပျင်းရိသောအဖို့ရှိသောကြောင့် ဖြစ်၏။

ဝီရိယန္တေအားကောင်း၍ သမာဓိန္တေအားနည်းသောသူကို ပုံလွှင့်မှုဥဒ္ဓစ္စတရားက လွှမ်းမိုးတတ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝီရိယသည် ပုံလွှင့်သောအဖို့ရှိသောကြောင့် ဖြစ်၏။ ထို့ကြောင့် သမာဓိန္တေနှင့်ဝီရိယန္တေကို ညီမျှနေစေရပါမည်။

ဤသို့ ကုန်ဆုံးနှစ်ပါးညီမျှနေလျှင် သမာဓိတရားသည် ပျင်းရိခြင်းအဖို့၌ မကျရောက်တော့ခြင်း၊ ဝီရိယသည် ပို့လွှင့်ခြင်းအဖို့၌ မကျရောက်တော့ခြင်းဟူသော ကောင်းကျိုးတရားများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ဤသို့လျှင် သဒ္ဓါနှင့်ပညာနှစ်၊ သမာဓိနှင့်ဝီရိယနှစ်တို့ အညီအမျှဖြစ်နေလျှင် မကြာမီအပွနာဖြစ်ပေါ်ခြင်းဟူသော အကျိုးထူးကို ခံစားရရှိနိုင်၏။

သမထဘာဝနာ၌ သဒ္ဓါနှင့်သမာဓိအားကောင်းဖို့လို

တစ်နည်းအားဖြင့် သမထဘာဝနာကို အားထုတ်သောယောဂီအား သဒ္ဓါအားကောင်းလျှင် သင့်လျော်ပါသည်။ ဤသို့ သမထဘာဝနာအလုပ်၌ သဒ္ဓါတရားအားကောင်းလျှင် "မြတ်စွာဘုရားရှင်ဟောတော်မူအပ်သော အစီအရင်သည် မချုတ်ကန် ပြည့်စုံပေလိမ့်မည်" ဟု ယုံကြည်မှုများဖြစ်ပေါ်လာပြီး ကမ္မဋ္ဌာန်းအာရုံကို စူးစူးစိုက်စိုက် ရှုမှတ်၍ အပွနာသို့ လျင်မြန်စွာရောက်ခြင်းအကျိုးရှိ၏။

ထို့ပြင် သမထဘာဝနာကို အားထုတ်သောယောဂီအား သမာဓိအားကောင်းလျှင်လည်း သင့်လျော်၏။ အဘယ်ကြောင့်ဆိုသော် သမာဓိအားကောင်းလျှင် အပွနာသို့ လျင်မြန်စွာရောက်နိုင်သောကြောင့် ဖြစ်၏။

ဝိပဿနာဘာဝနာ၌ ပညာအားကောင်းဖို့လို

ဝိပဿနာဘာဝနာကို အားထုတ်သောယောဂီအား ပညာအားကောင်းလျှင် အထူးသင့်လျော်၏။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ပညာအားကောင်းလျှင် အနိစ္စစသောလက္ခဏာကို ထိုးထွင်းသိမြင်ရန် လွယ်ကူသောကြောင့် ဖြစ်ပါသည်။

သမာဓိနှင့်ပညာကို ညီမျှစေခြင်း

သမထဘာဝနာအလုပ်၌ဖြစ်စေ, ဝိပဿနာဘာဝနာအလုပ်၌ဖြစ်စေ သမာဓိနှင့်ပညာ နှစ်ပါးညီမျှနေလျှင် လိုအပ်သောအကျိုးကိစ္စတို့ကို လျင်မြန်စွာ ပြီးစီးစေခြင်း၊ အပွနာသို့ လျင်မြန်စွာရောက်စေခြင်း အကျိုးရှိ၏။ ထို့ကြောင့် သမာဓိနှင့်ပညာကိုလည်း ညီမျှအောင်ထားရပါမည်။

သတိဟူသည် ဘိသည်မရှိ

အလုံးစုံသော သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့၌ သတိအားကောင်းလျှင် အလွန်သင့်လျော်၏။ အားကောင်းသောသတိသည် ဥဒ္ဓစ္စအဖို့ရှိသော သဒ္ဓါ, ဝီရိယနှင့်ပညာတို့၏အစွမ်းဖြင့် ပို့လွှင့်ခြင်းမရှိအောင် ကာကွယ်စောင့်ရှောက်ပေး၏။

ပျင်းရိမှုကောသဇ္ဇအဖို့ရှိသော သမာဓိကြောင့် ပျင်းရိခြင်းမဖြစ်ရလေအောင်လည်း သတိတရားကပင် ကာကွယ်စောင့်ရှောက်ပေး၏။

ဥပမာအားဖြင့်-ဟင်းလျာတိုင်း၌ ဆားခပ်ပါမှ အရသာရှိသကဲ့သို့လည်းကောင်း၊ မင်းမှုရေးရာမှန်သမျှတို့၌ မင်းရေးပြည်ရွာ၌ ကျွမ်းကျင်လိမ္မာနှံ့စပ်သည့် အမတ်ကြီးရှိပါမှ ကိစ္စပြီးမြောက်အောင်မြင်သကဲ့သို့လည်းကောင်း ထို့အတူ အလုံးစုံသောကမ္မဋ္ဌာန်းတို့၌ (ဝါ)အလုံးစုံသောတွန့်ဆုတ်ခြင်း,ပုံ့လွင့်ခြင်းတို့၌ သတိတရားပါမှသာ ကမ္မဋ္ဌာန်းကိစ္စသည် ပေါက်ပေါက်မြောက်မြောက် အောင်မြင်နိုင်ပါသည်။ ထို့ကြောင့် သတိတရားအားကောင်းလျှင် အကောင်းဆုံး ဖြစ်၏။ သတိဟူသည် ပိုသည်ဟူ၍ မရှိပေ။ နေရာတိုင်း၌ အမြဲတမ်းလိုအပ်နေသည်သာ ဖြစ်၏။

(၃) နိမိတ်၌ကျွမ်းကျင်လိမ္မာခြင်း

ပထဝီကသိုဏ်းအစရှိသော မပြုအပ်သေးသည့် စိတ္တေကဂ္ဂတာ၏ အာရုံနိမိတ်ကို ပြုခြင်း၌ ကျွမ်းကျင်လိမ္မာခြင်းသည်လည်းကောင်း၊ ပြုအပ်ပြီးသည့် စိတ္တေကဂ္ဂတာ၏ အာရုံနိမိတ်ကိုပွားစေခြင်း၌ ကျွမ်းကျင်လိမ္မာခြင်းသည်လည်းကောင်း၊ ကသိုဏ်းနိမိတ်ကို ပွားစေခြင်းဖြင့်ရအပ်ပြီးသော စိတ္တေကဂ္ဂတာဟူသော သမထနိမိတ်ကို စောင့်ရှောက်ခြင်း၌ ကျွမ်းကျင်လိမ္မာခြင်းသည်လည်းကောင်း နိမိတ်၌ကျွမ်းကျင်လိမ္မာခြင်း(နိမိတ္တကောသလ္လ) မည်ပါသည်။

(၄) စိတ်ကို ပင့်မြှောက်ခြင်း

ဝီရိယအလွန်လျော့ခြင်းစသည်တို့ကြောင့် စိတ်တွန့်ဆုတ်မှုဖြစ်နေလျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တို့ကိုပွား၍ စိတ်ကိုပင့်မြှောက်ပေးရမည်။ ထိုအခါမျိုး၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို မပွားသင့်ပေ။

ဥပမာ- အနည်းငယ်သာ တောက်လောင်နေသည့်မီးတောက်ကို ပိုမို တောက်လောင်စေလိုလျှင် မြက်စို,ထင်းစို,နွားချေး,ရေ,သဲစသည်တို့ကို လောင်းထည့်၍ မဖြစ်ပေ။ မြက်ခြောက်,ထင်းခြောက်စသည်တို့ကို လောင်းထည့်မှသာ မီးတောက်အားကောင်းလာသကဲ့သို့ ဖြစ်ပါသည်။

ဆောင်။ ဝီရိယလိုဘိ၊ စိတ်တွန့်ရှိက၊ ဝိစယ,ဝီရိ၊ မြတ်ပီတိတို့၊ ပွားဖို့အမြဲသတိစွဲ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ

ပါဠိတော်အကြောင်း

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းကို မြတ်စွာဘုရားရှင်သည် အာဟာရသုတ္တန်၌ အောက်ပါအတိုင်း ဟောတော်မူထား၏။

"ရဟန်းတို့...ကုသိုလ်,အကုသိုလ်တရား၊ အပြစ်ရှိ,အပြစ်မရှိသောတရား၊ ယုတ်ညံ့သောတရား,မြင့်မြတ်သောတရား၊ မည်းညစ်သည့်အဖို့ရှိသောတရား,ဖြူစင်သည့်အဖို့ရှိသောတရားတို့သည် ရှိကုန်၏။ ထိုတရားတို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုခြင်းသည် မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကျိုးငှာ, ဖြစ်ပြီးသောဓမ္မဝိစယသမ္ဗောဇ္ဈင်၏ လွန်စွာ အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်းငှာ, ပြန့်ပြောခြင်းငှာ, ဘာဝနာပွားမှု၏ထက်ဝန်းကျင်ပြည့်စုံခြင်းငှာ ဖြစ်သောအကြောင်းပေတည်း။"

မှတ်ချက်။ ဤပါဠိတော်စကားရပ်၌ "ကုသိုလ်စသောတရားတို့ကိုသိရန် အကြောင်းမှန် လမ်းမှန်အားဖြင့်နှလုံးသွင်းမှု" ဆိုသည်မှာ သဘာဝလက္ခဏာ၊ သာမညလက္ခဏာတို့ကို ထိုးထွင်း၍သိခြင်း၏အစွမ်းဖြင့်ဖြစ်သော နှလုံးသွင်းမှုကို ဆိုလို၏။

အဋ္ဌကထာအကြောင်း

(၁) အနက်အဓိပ္ပါယ်ကိုမေးမြန်းခြင်း၊
(၂) အတွင်း,အပြင်ဝတ္ထုတို့ကိုသန့်ရှင်းစင်ကြယ်စေခြင်း၊
(၃) သဒ္ဓါစသောဣန္ဒြေတို့ကိုညီမျှစေခြင်း၊
(၄) ပညာမဲ့သောပုဂ္ဂိုလ်ကိုရှောင်ကြဉ်ခြင်း၊
(၅) ပညာရှိသောပုဂ္ဂိုလ်ကိုမှီဝဲဆည်းကပ်ခြင်း၊
(၆) ဉာဏ်နက်နဲသူတို့သာ ကျက်စားနိုင်သော ခန္ဓာ,အာယတန စသောတရားတို့ကို ဆင်ခြင်သုံးသပ်ခြင်း၊
(၇) ပညာဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ စိတ်ညွှတ်ထားခြင်း၊

ဝိရိယသမ္မောဈ္ဈင်ဖြစ်ခြင်း အကြောင်းများ

ပါဠိတော်အကြောင်း

ဝိရိယသမ္မောဈ္ဈင်ဖြစ်ခြင်းအကြောင်းကို မြတ်စွာဘုရားရှင်သည် အာဟာရသုတ္တန်၌ အောက်ပါအတိုင်း ဟောတော်မူထား၏။

"ရဟန်းတို့... စတင်၍ အားထုတ်ခြင်းဟူသော အာရမ္ဘဓာတ်၊ ပျင်းရိခြင်းမှထွက်မြောက်အောင် အားထုတ်ခြင်းဟူသော နိက္ကမဓာတ်၊ အဆင့်ဆင့်တိုးတက်၍ အားထုတ်ခြင်းဟူသော ပရက္ကမဓာတ်တို့သည် ရှိကုန်၏။ ထိုဓာတ်သုံးပါး၌ အကြောင်းမှန်လမ်းမှန်ဖြင့် နှလုံးသွင်းမှုကို များစွာပြုခြင်းသည် မဖြစ်သေးသော ဝိရိယသမ္မောဈ္ဈင် ဖြစ်ခြင်း အကျိုးငှာ, ဖြစ်ပြီးသောဝိရိယသမ္မောဈ္ဈင်၏ လွန်စွာ အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်းငှာ, ပြန့်ပြောခြင်းငှာ, ဘာဝနာပွားမှု၏ထက်ဝန်းကျင် ပြည့်စုံခြင်းငှာ ဖြစ်သောအကြောင်းပေတည်း။"

မှတ်ချက်။ ဤပါဠိတော်စကားရပ်၌ "အာရမ္ဘဓာတ်စသည်တို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းမှု" ဆိုသည်မှာ အာရမ္ဘဓာတ်စသည်တို့ကို ဖြစ်စေသောအားဖြင့် နှလုံးသွင်းမှုကို ဆိုလို၏။

ဝိရိယဓာတ်သုံးပါး

(၁) အာရမ္ဘဓာတ် = စတင်၍အားထုတ်မှု ဝိရိယ၊

(၂) နိက္ကမဓာတ် = ပျင်းရိခြင်းမှ ထွက်မြောက်သဖြင့် အာရမ္ဘဓာတ်ထက်သာ၍ အားကောင်းသောအားထုတ်မှု ဝိရိယ၊

(၃) ပရက္ကမဓာတ် = အဆင့်ဆင့် မြင့်သည်ထက်မြင့်သော အရာဌာနသို့ တိုးတက်သွားသဖြင့် နိက္ကမဓာတ်ထက် သာ၍အားကောင်းသော အားထုတ်မှု ဝိရိယ၊

အဋ္ဌကထာအကြောင်း

(၁) အပါယ်အစရှိသောဘေးကို ဆင်ခြင်ခြင်း၊

(၂) ဝိရိယနှင့်စပ်၍ လောကီ,လောကုတ္တရာတရားထူးကိုရခြင်းဟူသော အကျိုးကို ရှုလေ့ရှိခြင်း၊

(၃) "ဘုရား,ပစ္စေကဗုဒ္ဓါ,မဟာသာဝကတို့ ကျင့်သောလမ်းစဉ်ကို ငါသည်

ကျင့်သင့်၏။ ထိုအကျင့်သည် ပျင်းရိသူတို့မကျင့်နိုင်သော အကျင့်ဖြစ်ပေ၏''ဟု ကျင့်အပ်သောအကျင့်ကို ဆင်ခြင်ခြင်း၊

(၄) ဒါယကာတို့၏ကောင်းမှုကို အကျိုးကြီးအောင်ပြုခြင်းဖြင့် ဆွမ်းကျေးဇူးကို တုံ့ပြန်၍ပူဇော်ခြင်း(ဆွမ်းတုံ့ပူဇော်ခြင်း)၊

(၅) ''မြတ်စွာဘုရားသည် ဝီရိယရှိသူကို လွန်စွာချီးမွမ်းတော်မူ၏။ အကျင့်မြတ်ကိုကျင့်ခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ခြင်းသည် အမြတ်ဆုံးပူဇော်ခြင်းဖြစ်၏''ဟုဆင်ခြင်ခြင်း၊

(၆) ''ငါသည် သူတော်ကောင်းတရားတည်းဟူသော မြတ်သောအမွေကို ခံယူသင့်သူဖြစ်၏။ ထိုအမွေကို ခံယူသူသည် ပျင်းရိပေါ့တန်နေသူ မဖြစ်သင့်ပေ''ဟု သူတော်ကောင်းတရားတည်းဟူသော ဓမ္မအမွေ၏မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း၊

(၇) အလင်းရောင်ဖြစ်သော အမှတ်သညာကို နှလုံးသွင်းခြင်း၊ ကွရိယာပုထ်ပြောင်းလဲပေးခြင်း၊ ဟင်းလင်းပြင်၌နေခြင်းစသည်တို့ဖြင့် ထိန,မိဒ္ဓကို ပယ်ဖျောက်ခြင်း၊

(၈) ပျင်းရိသောသူကို ရှောင်ကြဉ်ခြင်း၊

(၉) ဝီရိယရှိသောသူကို မှီဝဲပေါင်းသင်းခြင်း၊

(၁၀) သမ္မပ္ပဓာန်၏ အာနုဘော်ကို ဆင်ခြင်ခြင်း၊

(၁၁) ဝီရိယသမ္ဗောဇ္ဈင်၌ စိတ်ညွှတ်ထားခြင်း၊

ဝီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းများ

ပါဠိတော်အကြောင်း

ဝီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းကို မြတ်စွာဘုရားရှင်သည် အာဟာရသုတ္တန်၌ အောက်ပါအတိုင်း ဟောတော်မူထား၏။

''ရဟန်းတို့...ဝီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းမှုကို များစွာပြုခြင်းသည် မဖြစ်သေးသော ဝီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကျိုးငှာ, ဖြစ်ပြီးသောဝီတိသမ္ဗောဇ္ဈင်၏ လွန်စွာ အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်းငှာ, ပြန့်ပြောခြင်းငှာ,ဘာဝနာပွားမှု၏ ထက်ဝန်းကျင်ပြည့်စုံခြင်းငှာ ဖြစ်သောအကြောင်းပေတည်း။''

မှတ်ချက်။ ဤပါဠိတော်စကားရပ်၌ "ဝိတိသမ္ဘောဂျောဇနာ" ဟူသော ဝိတိသမ္ဘောဂျောဇနာ ဝိဘင်းပါဠိတော်စကားရပ်ကို ကိုးကားထားသည်။ ဝိတိသမ္ဘောဂျောဇနာ ဝိဘင်းပါဠိတော်စကားရပ်၌ "ဝိတိသမ္ဘောဂျောဇနာ" ဆိုသည်မှာ ဝိတိကိုဖြစ်စေသော နှလုံးသွင်းမှုကို ဆိုလိုသည်။

အဋ္ဌကထာအကြောင်း

(၁) ဗုဒ္ဓါနုဿတိကို ပွားများခြင်း၊
(၂) ဓမ္မာနုဿတိကို ပွားများခြင်း၊
(၃) သံဃာနုဿတိကို ပွားများခြင်း၊
(၄) သီလာနုဿတိကို ပွားများခြင်း၊
(၅) စာဂါနုဿတိကို ပွားများခြင်း၊
(၆) ဒေဝတာနုဿတိကို ပွားများခြင်း၊
(၇) ဥပသမာနုဿတိကို ပွားများခြင်း၊
(၈) ရတနာသုံးပါး၌ ကြည်ညိုမှုအဆီ၊ အစေးခန်းခြောက်၍ စိတ်နှလုံးကြမ်းတမ်းသူကို ရှောင်ကြဉ်ခြင်း၊
(၉) ရတနာသုံးပါး၌ ကြည်ညိုမှုအဆီ၊ အစေးရှိ၍ စိတ်နှလုံး နူးညံ့သိမ်မွေ့သူကို ပေါင်းသင်းဆက်ဆံခြင်း၊
(၁၀) ကြည်ညိုဖွယ်ကောင်းသော သုတ်တော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်း၊
(၁၁) ဝိတိသမ္ဘောဂျောဇနာ စိတ်ညွတ်ထားခြင်း၊ (စူဠ၀။ ၃၄၉-၃၅၃)

(၅) စိတ်ကို နှိမ်သင့်သောအခါ၌ နှိမ်ခြင်း

ဝီရိယကိုလွန်စွာ အားထုတ်ခြင်းစသည်တို့ကြောင့် စိတ်ပျံ့လွင့်မှုဖြစ်ပေါ်လာလျှင် ပဿဒ္ဓိသမ္ဘောဇ္ဈင်၊ သမာဓိသမ္ဘောဇ္ဈင်၊ ဥပေက္ခာသမ္ဘောဇ္ဈင်တို့ကိုပွား၍ စိတ်ကို နှိမ်ပေးရမည်။ ဤအခါမျိုး၌ ဓမ္မဝိစယသမ္ဘောဇ္ဈင်၊ ဝီရိယသမ္ဘောဇ္ဈင်၊ ဝိတိသမ္ဘောဇ္ဈင်တို့ကို မပွားရပေ။ အဘယ်ကြောင့်ဆိုသော် တက်ကြွနေသောစိတ်ကို ငြိမ်သက်သည့်ဇောဇ္ဈင်များဖြစ်သော ပဿဒ္ဓိသမ္ဘောဇ္ဈင်၊ သမာဓိသမ္ဘောဇ္ဈင်၊ ဥပေက္ခာသမ္ဘောဇ္ဈင်တို့ကို ပွားများခြင်းဖြင့်သာ ငြိမ်သက်စေနိုင်သောကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အလွန်တောက်လောင်နေသော မီးပုံကြီးကို ငြိမ်းစေလိုလျှင် မြက်ခြောက်၊ ထင်းခြောက်စသည်တို့ကို လောင်းထည့်၍ မဖြစ်နိုင်ပေ။ မြက်စို၊ ထင်းစိုစသည်တို့ကိုသာ လောင်းထည့်ခြင်း၊ သဲ၊ ရေစသည်တို့ဖြင့် ပက်ဖြန်းခြင်းကို ပြုမှသာလျှင် မီးတောက်ငြိမ်းနိုင်သကဲ့သို့ ဖြစ်၏။

ဆောင်။ ဝိရိယလွန်ဘိ၊ စိတ်ပျံ့ရှိက၊ ပဿဒ္ဓိ-သမာ-ဥပေက္ခာတို့၊ ပွားဖို့အမြဲသတိစွဲ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းများ

(က) စေတသိက်ပေါင်းကိုယ်၏ ငြိမ်းအေးခြင်း ကာယပဿဒ္ဓိ၊ စိတ်၏ငြိမ်းအေးခြင်း စိတ္တပဿဒ္ဓိတရားတို့၌ အကြောင်းမှန်,လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းသည် မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေ၏။ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုလည်း လွန်စွာတိုးပွားစေပါသည်။

(ခ) တစ်နည်းအားဖြင့်- ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်း ၇-ပါးရှိပါသည်။ ယင်းတို့မှာ -

(၁) သင့်မြတ်ကောင်းမွန်သော ဘောဇဉ်အာဟာရကို သုံးဆောင်မှီဝဲခြင်း၊
(၂) သင့်လျော်သော ဥတုကို မှီဝဲခြင်း၊
(၃) သင့်လျော်သော ကျရိယာပုထ်ဖြင့် နေထိုင်ခြင်း၊
(၄) မိမိဖြစ်စေ,သူတစ်ပါးဖြစ်စေ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏ဟူသော အလယ်အလတ်ပယောဂကို ဖြစ်စေခြင်း၊
(၅) ကိုယ်,စိတ်ပူပန်တတ်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၆) ကိုယ်,စိတ်ငြိမ်းအေးသော ပုဂ္ဂိုလ်ကို ပေါင်းသင်းမှီဝဲခြင်း၊
(၇) ပဿဒ္ဓိသမ္ဗောဇ္ဈင်သို့ စိတ်ညွှတ်ထားခြင်း တို့ဖြစ်ပါသည်။

သမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းများ

(က) ရှေးရှေးသော နုနယ်သေးသည့် သမာဓိဟူသော သမထနိမိတ်၊ အာရုံတစ်ခုတည်းသာရှိ၍ အမျိုးမျိုးမရှိသော အဗျဂ္ဂနိမိတ်တို့၌အကြောင်းမှန်, လမ်းမှန်အားဖြင့် နှလုံးသွင်းဆင်ခြင်ခြင်းသည် မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေ၏။ ဖြစ်ပြီးသောသမာဓိသမ္ဗောဇ္ဈင်ကိုလည်း လွန်စွာ တိုးပွားစေပါသည်။

(ခ) တစ်နည်းအားဖြင့်-သမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်း ၁၁-ပါးရှိပါသည်။ ယင်းတို့မှာ -

(၁) အတွင်း,အပြင်ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊
(၂) နိမိတ်၌ လိမ္မာခြင်း၊
(၃) သဒ္ဓါစသောဣန္ဒြေတို့၏ ညီမျှခြင်းကို ပြုစေခြင်း၊
(၄) စိတ်ကို နှိမ်သင့်သောအခါ၌ နှိမ်ခြင်း၊

(၅) စိတ်ကို ပင့်မြှောက်သင့်သောအခါ၌ ပင့်မြှောက်ခြင်း၊
(၆) ငြိမ်သက်ခြင်းဟူသော သာယာဖွယ်ကင်းသောစိတ်ကို သဒ္ဓါနှင့်သံဝေဂတို့ဖြင့် ရှင်လန်းစေခြင်း၊
(၇) ကောင်းစွာ အညီအညွတ်ဖြစ်နေသော ဘာဝနာစိတ်ကို လျစ်လျူရှုထားခြင်း၊
(၈) သမာဓိမရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၉) ဥပစာရသမာဓိ, အပ္ပနာသမာဓိ ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
(၁၀) စွာန်တည်းဟူသော ဝိမောက္ခတို့ကို အထပ်ထပ်သက်ဝင်၍ ဆင်ခြင်ခြင်း၊
(၁၁) သမာဓိသမ္ဗောဇ္ဈင်သို့ စိတ်ညွတ်ထားခြင်း တို့ဖြစ်သည်။

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းများ

(၁) ချစ်ခင်ဖွယ်သတ္တဝါတို့၌ လျစ်လျူရှုခြင်း၊
(၂) သခ်ါရတို့၌ လျစ်လျူရှုခြင်း၊
(၃) သတ္တဝါ,သခ်ါရတို့၌ တွယ်တာစွဲလမ်းခြင်းအားကြီးသူကို ရှောင်ကြဉ်ခြင်း၊
(၄) သတ္တဝါ,သခ်ါရတို့၌ လျစ်လျူရှုတတ်သူကို မှီဝဲပေါင်းသင်းခြင်း၊
(၅) ဥပေက္ခာသမ္ဗောဇ္ဈင်သို့ စိတ်ညွတ်ထားခြင်း၊

(၆) စိတ်ကို ရှင်လန်းစေခြင်း

ယောဂီပုဂ္ဂိုလ်အား ပညာ၏ကြောင့်ကြစိုက်မှု အားနည်းခြင်းကြောင့်ဖြစ်စေ, ငြိမ်သက်ခြင်းဟူသော ချမ်းသာကိုမရခြင်းကြောင့်ဖြစ်စေ ကမ္မဋ္ဌာန်းဘာဝနာအလုပ်၌ ငြီးငွေ့မှုစိတ်များ ဖြစ်ပေါ်လာတတ်ပါသည်။ ထိုအခါမျိုးတွင် ယောဂီပုဂ္ဂိုလ်သည် သံဝေဂဝတ္ထုရှစ်ပါးကို မကြာခဏဆင်ခြင်ပေးခြင်းဖြင့် ထိုစိတ်ကို ထိတ်လန့်စေလျက် ကြည်လင်ရွှင်လန်းစေရပါမည်။ သံဝေဂဝတ္ထုရှစ်ပါးမှာ-

(၁) ပဋိသန္ဓေနေခြင်း
(၂) အိုခြင်း
(၃) နာခြင်း
(၄) သေခြင်း
(၅) အပါယ်ဆင်းရဲ
(၆) အတိတ်ဝဋ်ကြွေးဟူသောဆင်းရဲ
(၇) အနာဂတ်ဝဋ်ကြွေးဟူသောဆင်းရဲ
(၈) ပစ္စုပ္ပန်ဘဝ၌ အာဟာရကို ရှာဖွေခြင်းလျှင် အကြောင်းရင်းရှိသောဆင်းရဲတို့ဖြစ်သည်။

တစ်နည်းအားဖြင့်-ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ဆင်ခြင်ခြင်းဖြင့်လည်း ထိုဌိုးဇွေနေသောစိတ်ကို ကြည်လင်ရွှင်လန်းတက်ကြွစေနိုင်ပါသည်။ (စည်၁။ ၃၅၉)

(၇) စိတ်ကို လျစ်လျူရှုခြင်း

ယောဂီပုဂ္ဂိုလ်၏ ဘာဝနာစိတ်သည် တွန့်ဆုတ်ခြင်း၊ ပျံ့လွင့်ခြင်း၊ ငြိးငွေ့ခြင်း မရှိ။ သမထအကျင့်လမ်းစဉ်အတိုင်း ကမ္မဋ္ဌာန်းအာရုံ၌ အညီအမျှဖြစ်နေလျှင် ယောဂီပုဂ္ဂိုလ်၏စိတ်ကို ပင့်မြှောက်ခြင်း၊ နှိမ်ခြင်း၊ ကြည်လင်ရွှင်လန်းစေခြင်းတို့၌ ကြောင့်ကြစိုက်ဖွယ် မလိုပြီ။

ဥပမာအားဖြင့်- မှန်မှန်ပြေးလွှားနေသော မြင်းကို ရထားထိန်းသည် ကြောင့်ကြစိုက်နေစရာမလိုဘဲ အလိုက်သင့် ထိန်းကျောင်းပေးနေရသကဲ့သို့ ဖြစ်ချေ၏။ ဤသဘောကိုပင် လျစ်လျူရှုသင့်သည့်အခါ၌ စိတ်ကို လျစ်လျူရှုခြင်း-ဟုဆိုခြင်း ဖြစ်သည်။

(၈) သမာဓိကင်းသူကို ရှောင်ကြဉ်ခြင်း

ဈာန်ရကြောင်းအကျင့်ကို မကျင့်ဖူးသူ၊ အလုပ်ကိစ္စများလွန်းသူ၊ စိတ်နလုံးမတည်ကြည်သူများကို ဝေးစွာရှောင်ကြဉ်ရပါမည်။

(၉) သမာဓိရှိသူကို မှီဝဲပေါင်းသင်းခြင်း

ဈာန်ရကြောင်းအကျင့်ကို လွန်စွာကျင့်ဖူးသူ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိကို ရရှိဖူးသူများထံသို့ ရံဖန်ရံခါ ချဉ်းကပ်ရပါမည်။

(၁၀) အပ္ပနာသမာဓိသို့ စိတ်ညွှတ်ခြင်း

အပ္ပနာသမာဓိဖြစ်စေရန် နှလုံးသွင်းခြင်း၊ မပြတ်အားထုတ်ခြင်းတို့ကို ပြုလုပ်နေရမည်။ ဆိုလိုသည်မှာ "ဤအကျင့်ဖြင့် အပ္ပနာသမာဓိသို့ ကျိန်းသေ ရောက်ရမည်။ ဈာန်တရားများ မုချကေန်ဖြစ်စေရမည်"ဟု ဦးတည်ချက်ထားခြင်းမျိုး ဖြစ်သည်။

<u>အပ္ပနာကောသလ္လနှင့် ပြည့်စုံခြင်းအကျိုး</u>

ဤသို့လျှင် ယောဂီပုဂ္ဂိုလ်သည် အပ္ပနာဌ္ဌကျွမ်းကျင်ကြောင်း အစီအရင်(၁၀) ပါးနှင့်ပြည့်စုံပါက အပ္ပနာသို့လျင်မြန်စွာရောက်ခြင်းအကျိုးကို ရရှိနိုင်ပါသည်။

အပွနာသို့ မရောက်သေးလျှင်

အကယ်၍ အပွနာသို့မရောက်သေးလျှင် ဝီရိယကိုမျှတစွာထား၍ စွဲစွဲမြဲမြဲ ဆက်လက်အားထုတ်နေရပါမည်။ ဤသို့အားထုတ်လျှင် အပွနာသို့ မုချ ဧကန်ပင် ရောက်နိုင်၏။ အဘယ်ကြောင့်ဆိုသော် အားထုတ်မှုသမ္မာဝါယာမကို စွန့်လွှတ်၍ တရားထူးရသောပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပညာရှိသောယောဂီပုဂ္ဂိုလ်သည် မိမိစိတ်ဖြစ်ပုံအခြင်းအရာကို ကောင်းစွာ မှတ်သားပြီးလျှင် ဝီရိယနှင့်သမာဓိကို မျှတစွာထားလျက် အဖန်ဖန် အထပ်ထပ် ကြိုးစားအားထုတ်နေရပါမည်။

ဝီရိယလွန်သည့်ယောဂီ

ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာသည်ရှိသော် အပွနာသို့ရောက်လိုဇောဖြင့် ပြင်းထန်စွာအားထုတ်ပါက ဝီရိယလွန်ပြီး ပျံ့လွင့်ခြင်းဥဒ္ဓစ္စဖြစ်ကာ အပွနာသို့မရောက်နိုင်ဘဲ ဖြစ်တတ်၏။

ဝီရိယလျော့သည့်ယောဂီ

ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာသည်ရှိသော် ဝီရိယကို လွန်စွာအားထုတ်ခြင်း၏ အပြစ်ကိုမြင်ပြီး ဝီရိယကို လျော့ချလိုက်ပါက ပျင်းရိခြင်းကောသဇ္ဇတရားဖြစ်ကာ အပွနာသို့မရောက်နိုင်ဘဲ ဖြစ်တတ်၏။

မလျော့မတင်းကျင့်သည့် ယောဂီ

ကမ္မဋ္ဌာန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် အနည်းငယ်မျှသော တွန့်ဆုတ်သည့်စိတ်ဖြစ်ပေါ်လာပါက ထိုတွန့်ဆုတ်သောစိတ်ကို ပင့်မြှောက်ခြင်းဖြင့် ဘာဝနာစိတ်ကို တွန့်ဆုတ်ခြင်းမှလွတ်စေ၍လည်းကောင်း၊ တက်ကြွလွန်းသည့်စိတ်ဖြစ်ပေါ်လာပါက ထိုတက်ကြွလွန်းသောစိတ်ကို တားမြစ်ခြင်းဖြင့် ဘာဝနာစိတ်ကို တက်ကြွခြင်းမှလွတ်စေ၍လည်းကောင်း မလျော့မတင်း ညီမျှသောဝီရိယဖြင့် ပဋိဘာဂနိမိတ်သို့ရှေးရှုလျက် အားထုတ်ပါက မကြာမီ အပွနာသို့ရောက်နိုင်၏။

—

ဘာဝနာစိတ်ကို နိမိတ်သို့ရှေးရှုဖြစ်စေရာ၌
ဝီရိယကို မလျော့မတင်းထားသင့်ပုံ
ဥပမာများ

ပျားဥပမာ

(က) ပန်းဝတ်ရည် စုပ်ယူရန် မကျွမ်းကျင်သောပျားသည် ဤမည်သောသစ်ပင်၌ ပန်းပွင့်လေပြီ-ဟုသိရှိသောအခါ လျင်မြန်သောအဟုန်ဖြင့်ပျံသောကြောင့် အရှိန်လွန်ပြီးမှ ပန်းခင်းရှိရာသို့ တစ်ဖန်ပြန်လာရသဖြင့် ပန်းဝတ်မှုကုန်မှသာ ရောက်လေ၏။

(ခ) မကျွမ်းကျင်သော အခြားပျားသည် ဤမည်သော သစ်ပင်၌ ပန်းပွင့်လေပြီဟု သိရှိသောအခါ နှေးသောအဟုန်ဖြင့်ပျံသောကြောင့် ပန်းဝတ်မှုကုန်မှ သစ်ပင်သို့ ရောက်လေ၏။

(ဂ) ကျွမ်းကျင်သောပျားသည် မနှေးလွန်း၊မမြန်လွန်းသော အဟုန်ဖြင့်ပျံသောကြောင့် ချမ်းသာစွာ ပန်းခင်းအစုအဝေးသို့ရောက်ပြီး ပန်းဝတ်မှုကို အလိုရှိတိုင်း သယ်ယူကာ ပျားရည်တို့ကို ပြည့်ဝစေလျက် အရသာကို ခံစားရသကဲ့သို့ဖြစ်သည်။

ရေခွက်ဥပမာ

(က) မကျွမ်းကျင်သောသူသည် ရေခွက်၌ထည့်ထားသည့်ကြာရွက်ကို ဓားငယ်ဖြင့် အရှိန်ပြင်းစွာ ခွဲမိသောကြောင့် ကြာရွက်နှစ်ခြမ်းပြတ်ရုံမျှမက ဓားငယ်လည်း ရေ၌ နစ်မြုပ်ရလေ၏။

(ခ) မကျွမ်းကျင်သော အခြားတစ်ယောက်သည် ကြာရွက်ကို ဖြတ်မိမည်, ဓားငယ် ရေ၌နစ်မြုပ်မည်ကိုစိုးရိမ်ပြီး ဓားငယ်ဖြင့်ထိရုံမျှပင် မထိဝံ့ဘဲ ရှိလေ၏။

(ဂ) ကျွမ်းကျင်သောသူသည် မမြန်လွန်း၊မနှေးလွန်းသည့် လုံလပယောဂဖြင့် ကြာရွက်၌ဓားရာကိုပြု၍ ခွဲစိတ်ခြင်းစသော အတတ်ပညာကို တတ်မြောက်သကဲ့သို့ဖြစ်သည်။

ပင့်ကူမျှင်ဥပမာ

(က) မကျွမ်းကျင်သောသူသည် အလွန်ရှည်လျားသည့်ပင့်ကူမျှင်ကို လျင်မြန်စွာ ဆွဲငင်ယူသည်ရှိသော် ပင့်ကူမျှင်သည် ပြတ်ရာ၏။

(ခ) မကျွမ်းကျင်သော အခြားတစ်ယောက်သည် ပင့်ကူမျှင်ပြတ်မည်ကို စိုးရိမ်ပြီး ပင့်ကူမျှင်ကို လက်ဖြင့်ထိရုံမျှပင် မထိဝံ့ဘဲရှိလေ၏။

(ဂ) ကျွမ်းကျင်သောသူသည် ပင့်ကူမျှင်ကိုအစွန်းမှကိုင်၍ မမြန်လွန်း၊မနှေးလွန်းသည့် လုံလုပယောဂဖြင့် တုတ်တံဥရစ်ပတ်၍ ပင့်ကူမျှင်အားဆွဲယူကာ ဆုတော်ငွေကို ရယူသကဲ့သို့ဖြစ်သည်။

ဆီထည့်ဥပမာ

(က) မကျွမ်းကျင်သောသူသည် ဆုလာဘ်ကိုလိုချင်စေဖြင့် အပေါက်ကျဉ်းသော ဆီကျည်တောက်အတွင်းသို့ ဆီကို လျင်မြန်စွာလောင်းထည့်မိသဖြင့် ဆီများဖိတ်ကျကုန်၏။

(ခ) မကျွမ်းကျင်သော အခြားတစ်ယောက်သည် ဆီဖိတ်မည်ကို စိုးရိမ်သဖြင့် ဆီကျည်တောက်အတွင်းသို့ ဆီများကိုလောင်းရုံမျှပင် မလောင်းဝံ့ဘဲရှိလေ၏။

(ဂ) ကျွမ်းကျင်သောသူသည် မမြန်လွန်း၊မနှေးလွန်းသည့် လုံလုပယောဂဖြင့် ဆီကျည်တောက်အတွင်းသို့ ဆီများကိုလောင်းထည့်နိုင်ပြီး ဆုတော်ငွေကို ရယူသကဲ့သို့ဖြစ်သည်။

လှေသူကြီးဥပမာ

(က) မကျွမ်းကျင်သောလှေသူကြီးသည် လေတိုက်အားကောင်းသောအခါ၌ ရွက်ကို လေတိုက်ရာဘက်သို့လှည့်ကာ လေအပြည့်ဖြည့်မိသဖြင့် လှေသည် လိုရာအရပ်သို့မရောက်ဘဲ အခြားအရပ်သို့လွင့်ပါသွားလေ၏။

(ခ) မကျွမ်းကျင်သော အခြားလှေသူကြီးသည် လေတိုက်အားနည်းသောအခါ၌ ရွက်ကိုပါ ချထားမိပြန်သဖြင့် လှေသည် ထိုနေရာမှမရွေ့တော့ဘဲ တည်မြဲတိုင်းတည်နေလေ၏။

(ဂ) ကျွမ်းကျင်သော လှေသူကြီးသည် လေတိုက်အားနည်းသည့်အခါ၌ ရွက်ကို လေပြည့်စေ၍လည်းကောင်း၊ လေတိုက်အားကောင်းသောအခါ၌ ရွက်၏ထက်ဝက်ခန့်ကိုသာ လွှင့်၍လည်းကောင်း လှေကို အလိုရှိရာအရပ်သို့ရောက်အောင် ရွက်လွှင့်၍ ချမ်းသာစွာသွားနိုင်သကဲ့သို့ ဖြစ်သည်။

၅။ ပထမစျာန်ဖြစ်ပုံ

မန္ဒပုဂ္ဂိုလ် ➤ နံ ဒ မ က် ဥ လုံ ဂေါ ပ-စျာန် ဘဝင် .....
၁ ၂ ၃ ၄ ⑤

တိက္ခပုဂ္ဂိုလ် ➤ နံ ဒ မ * ဥ လုံ ဂေါ ပ-စျာန် ဘဝင်.....
၁ ၂ ၃ ⑤

နိမိတ်သို့ရှေးရှုသော ဘာဝနာစိတ်ကိုဖြစ်စေသည့် ယောဂီပုဂ္ဂိုလ်အား အပွနာဖြစ်ခါနီးအချိန်တွင် "ပထဝီ,ပထဝီ" စသည်ဖြင့် ရှုမှတ်ခြင်းဖြင့်ထင်ပေါ်လာသည့် ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဘဝင်ကိုဖြတ်ပြီးလျှင် မနောဒ္ဒါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာ၏။

ထို့နောက် ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် မန္ဒပုဂ္ဂိုလ်အား ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟူသော ကာမဓောလေးကြိမ်စောဝ်၏။ ငါးကြိမ်မြောက်တွင် ရူပါဝစရဓောဖြစ်သော ပထမစျာန်စိတ်ဖြစ်ပေါ်လာ၏။

တိက္ခပုဂ္ဂိုလ်အား ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟူသော ကာမဓောသုံးကြိမ်စောဝ်၏။ လေးကြိမ်မြောက်တွင် ရူပါဝစရဓောဖြစ်သော ပထမစျာန်စိတ် ဖြစ်ပေါ်လာ၏။

ပရိကံ - အပွနာကို ကြိုတင်၍ပြုပြင်တတ်သောကြောင့် 'ပရိကံ' မည်ပါသည်။

ဥပစာ - ရှာအစရှိသည်တို့၏ အနီးအရပ်ကို ရှာ၏ဥပစာ,မြို့၏ဥပစာဟုခေါ်သကဲ့သို့ အပွနာနှင့်နီးကပ်သောကြောင့်လည်းကောင်း၊ အပွနာ၏ မဝေးလှသည့်အနီး၌ဖြစ်သောကြောင့်လည်းကောင်း 'ဥပစာ' မည်ပါသည်။

အနုလုံ - ပရိကံတို့နှင့် အထက်အပွနာအား လျော်သည်၏အဖြစ်ကြောင့် 'အနုလုံ' မည်ပါသည်။

ဂေါတြဘူ - ကာမအနွယ်ကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်အနွယ်ကို ဖြစ်ပွားစေတတ်သောကြောင့်လည်းကောင်း 'ဂေါတြဘူ' မည်ပါသည်။

မှတ်ချက်။ လေးကြိမ်မြောက်၊ သို့မဟုတ် ငါးကြိမ်မြောက်ဈေစိတ်တို့ ဖြစ်ပေါ်ပြီးနောက် ဈေစိတ်တို့သည် အရှိန်အဟုန်ကုန်သွားပြီဖြစ်၍ အားနည်းသွားသဖြင့် ဘဝင်သာလျှင်ဖြစ်တော့သည်။

ဂေါဒတ္တမထေရ်၏အဆို

အဘိဓမ္မာဆောင် ဂေါဒတ္တမထေရ်က "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော" ဟူသော ပဋ္ဌာန်းပါဠိတော်ကို ထောက်ဆ၍ အာသေဝနပစ္စည်းဖြင့် နောက်နောက်သောတရား သည် အားကောင်းလာသောကြောင့် ဆဋ္ဌဈာနင့် သတ္တမဈောအရာ၌ အပွနာဖြစ်ပေါ်၏-ဟုဆို၏။

[အာဘိဓမ္မိကဂေါဒတ္တတ္ထေရော ပန "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"တိ ဣမံ သုတ္တံ ဝတ္ဝာ အာသေဝန ပစ္စယေန ပစ္ဆိမော ပစ္ဆိမော ဓမ္မော ဗလဝါ ဟောတိ၊ တသ္မာ ဆဋ္ဌေပိ သတ္တမေပိ အပွနာ ဟောတီတိ အာဟ။ (ဝိသုဒ္ဓိ၊ ၁။ ၁၃၄)]

အဋ္ဌကထာဆရာတို့၏ အဆို

အဋ္ဌကထာဆရာတို့ကမူ ဤအဘိဓမ္မာဆောင် ဂေါဒတ္တမထေရ်၏ စကားသည် သူ့အကြိုက်,သူ့အယူအဆ(အတ္တနောမတိ)မျှသာ ဖြစ်၏-ဟုဆိုကာ ဂေါဒတ္တမထေရ်၏အဆိုကို ပယ်မြစ်တော်မူပြီး၊ စတုတ္ထဈောနှင့်ပဉ္စမဈောတို့၌သာ အပွနာ ဖြစ်၏။ ထိုဈောတို့မှနောက်၌ကား ဘဝင်နှင့်နီးကပ်နေသဖြင့် ဈောအရှိန်အဟုန်ကုန်သွားလေပြီ-ဟုဆိုကြသည်။

[တံ အဋ္ဌကထာသု "အတ္တနောမတိမတ္တံ ထေရဿေတ"န္တိ ဝတ္ဝာ ပဋိက္ခိတ္တံ။ စတုတ္ထပဉ္စမေသုယေဝ ပန အပွနာ ဟောတိ။ ပရတော ဧဝနံ ပတိတံ နာမ ဟောတိ၊ ဘဝင်္ဃ အာသန္နတ္တာတိ ဝုတ္တံ။ (ဝိသုဒ္ဓိ၊ ၁။ ၁၃၄-၁၃၅)]

အရှင်မဟာဗုဒ္ဓဃောသထေရ်၏ မှတ်ချက်

အရှင်မဟာဗုဒ္ဓဃောသမထေရ်ကမူ ထိုအဆိုနှစ်ရပ်တွင် အဋ္ဌကထာဆရာတို့၏အဆိုသည် စိစစ်၍ဆိုထားသည့်စကားဖြစ်သဖြင့် ပယ်မြစ်ခြင်းငှာ မသင့်။ လက်ခံသင့်၏-ဟုဆို၏။

လက်ခံသင့်ပုံကို ဥပမာဖြင့်ဖော်ပြရာတွင်- ကမ်းပါးပြတ်သို့ ရွေးရွှေပြေးသွားသည့် ယောကျ်ားတစ်ယောက်သည် ရပ်လိုပါသော်လည်း ကမ်းပါးစွန်း၌ ခြေကို

ချ၍ ရပ်တည်ခြင်းငှာ မစွမ်းနိုင်ဘဲ ကမ်းပါးပြတ်အတွင်းသို့သာ ကျရောက်သကဲ့သို့ ထို့အတူ ဆဋ္ဌဓော သို့မဟုတ်၊ သတ္တမဓောအရာ၌ အပွနာဖြစ်ခြင်းငှာ မစွမ်းနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဘဝင်နှင့်အလွန်နီးကပ်နေသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ စတုတ္ထဓောနှင့် ပဉ္စမဓောအရာ၌သာ အပွနာဖြစ်၏-ဟု မှတ်ချက်ပြုထားလေသည်။

[တမေဝ ဝိစာရေတွာ ဝုတ္တတ္တာ နာ သတ္တာ ပဋိက္ခိပိတုံ။ ယထာ ဟိ ပုရိသော ဆိန္နပပါတာဘိမုခေါ ဓာဝန္တော ဌာတုကာမောပိ ပရိယန္တေ ပါဒံ ကတွာ ဌာတုံ နာ သက္ကောတိ ပပါတေ ဇဝ ပတတိ၊ ဇဝံ ဆဒ္ဓေ ဝါ သတ္တမေ ဝါ အပ္ပေတုံ နာ သက္ကောတိ၊ ဘဝင်္ဂသ အာသန္နတ္တာ။ တသ္မာ စတုတ္ထပဉ္စမေသုယေဝ အပွနာ ဟောတီတိ ဝေဒိတဗ္ဗာ။ (ဝိသုဒ္ဓိ၊ ၁။ ၁၃၅)]

အလွန်ကာလအပိုင်းအခြားမရှိသည့် အရာဌာန ၇-မျိုး

အလွန်ကာလအပိုင်းအခြားမရှိသည့် အရာဌာန ၇-မျိုးရှိပါသည်။ ၎င်းတို့မှာ-

(၁) အစဆုံးဖြစ်သည့် အပွနာဇော၊
(ဤဇောသည် တစ်ကြိမ်သာ စောဇ်၏။ တစ်ကြိမ်ထက်ပိုလွန်သည့် အလွန်ကာလ အပိုင်းအခြားမည်သည် မရှိပေ။)

(၂) လောကီအဘိညာဉ်ဇော၊
(ဤဇောသည်လည်း တစ်ကြိမ်သာ စောဇ်၏။ တစ်ကြိမ်ထက်ပိုလွန်သည့် အလွန်ကာလ အပိုင်းအခြားမည်သည် မရှိပေ။)

(၃) မဂ်ဇောလေးပါး၊
(ဤမဂ်ဇောလေးပါးသည်လည်း တစ်ကြိမ်စီသာ စောဇ်၏။ တစ်ကြိမ်ထက်ပိုလွန်သည့် အလွန်ကာလ အပိုင်းအခြားမည်သည် မရှိပေ။)

(၄) မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ်ဇောလေးပါး၊
(မဂ်၏အခြားမဲ့၌ဖြစ်သော ဤဖိုလ်ဇောတို့သည် သုံးကြိမ်သာ အများဆုံးစောဇ်၏။ သုံးကြိမ်ထက်ပိုလွန်သည့် အလွန်ကာလ အပိုင်းအခြားမည်သည် မရှိပေ။)

(၅) ရူပဘုံ, အရူပဘုံ၌ဖြစ်သော ဘဝင်ဖြစ်သောစျာန်စိတ်၊
(ဤဘဝင်စိတ်တို့၏ ဖြစ်ပေါ်ရာအကြိမ် အတိုင်းအရှည် သတ်မှတ်ချက် အပိုင်းအခြားမည်သည် မရှိပေ။)

(၆) နိရောဓသမာပတ်အား ကျေးဇူးပြုသော နေဝသညာနာသညာယတနစျာန်စိတ်၊
(ဤစျာန်စိတ်သည် နှစ်ကြိမ်သာ အများဆုံးစောဇ်၏။ နှစ်ကြိမ်ထက်ပိုလွန်သည့် အလွန်ကာလ အပိုင်းအခြားမည်သည် မရှိပေ။)

(၇)နိရောဃေမာပတ်မှထသော အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့၏ ဖိုလ်ဓော၊
(ဤဖိုလ်ဓောသည် ပုဂ္ဂိုလ်အားလျော်စွာ တစ်ကြိမ်သာ စောဓ၏။ တစ်ကြိမ်ထက် ပိုလွန်သည့် အခွန့်ကာလ အပိုင်းအခြားမည်သည် မရှိပေ။) (စည်၁။ ၃၆၉)

စျာနကထာအဖွင့်

ပါဠိတော် ဝိဝိစ္စေဝ ကာမေဟိ ၁ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ ၂
သဝိတက္ကသဝိစာရံ ၃ ဝိဝေကဇံ ၄ ပီတိသုခံ ၅
ပထမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

မြန်မာပြန် (၁) ကာမတို့မှ ကင်းဆိတ်၍သာလျှင်,
(၂) အကုသိုလ်တရားတို့မှ ကင်းဆိတ်၍(သာလျှင်),
(၃) ဝိတက်,ဝိစာရနှင့်တကွဖြစ်သော ,
(၄) ဝိဝေကကြောင့်ဖြစ်သော ,
(၅) ပီတိ,သုခရှိသောပထမစျာန်နှင့်ပြည့်စုံလျက် နေ၏။

ဤသို့နေသောပုဂ္ဂိုလ်သည် အင်္ဂါငါးပါးကိုပယ်ပြီး၊ အင်္ဂါငါးပါးနှင့်ပြည့်စုံ၍ ကောင်းခြင်းသုံးပါး,လက္ခဏာဆယ်ပါးနှင့်ပြည့်စုံလျက် ပထဝီကသိုဏ်းကိုအာရုံပြုသော "ပထမစျာန်ရသောပုဂ္ဂိုလ်" ဖြစ်၏။

ကာမတို့မှ ကင်းဆိတ်၍သာလျှင်
(ဝိဝိစ္စေဝ ကာမေဟိ)

"ဝိဝိစ္စေဝ ကာမေဟိ= ကာမတို့မှ ကင်းဆိတ်၍သာလျှင်" ဟူသည်မှာ ဝတ္ထုကာမတို့မှ ကင်းကွာခြင်း,အသီးအခြားဖြစ်ခြင်း, ပယ်သောအားဖြင့် ဖဲခွါခြင်းကို ဆိုလို၏။

ဓေ-သဒ္ဒါ နိယမအနက်

ဝိဝိစ္စေဝ-၌ပါရှိသော ဓေ-သဒ္ဒါ(သာလျှင်-ဟူသောစကား)သည် သတ်မှတ်ခြင်း(နိယမ)အနက်အဓိပ္ပာယ် ရှိ၏။

ဤသတ်မှတ်ခြင်း(နိယမ)အနက်ရှိသော ဓေ-သဒ္ဒါဖြင့် ပထမစျာန်ရသည့် အခိုက်အတန့်၌ ကာမတို့သည် ပထမစျာန်၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းကိုလည်းကောင်း၊ ကာမတို့ကိုပယ်စွန့်မှသာ ပထမစျာန်ရနိုင်သည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားဖော်ပြ၏။

၈၀-သဒ္ဒါဖြင့် သတ်မှတ်ပြခြင်းအကျိုး

"ဝိဝိစ္ဆေဝ ကာမေဟိ=ကာမတို့မှ ကင်းဆိတ်၍သာလျှင်" ဟု ၈၀-သဒ္ဒါဖြင့် သတ်မှတ်ပြသည်ရှိသော် ဤသို့ သိရခြင်းအကျိုးရှိ၏။ သိနိုင်ပုံမှာ-ကာမတို့သည် စွာန်၏ဆန့်ကျင်ဘက်စစ်စစ် ဖြစ်ကုန်၏။ အမှောင်ရှိလျှင် အလင်းရောင်မရှိနိုင်သကဲ့သို့ ထို့အတူ ကာမတို့ရှိလျှင် စွာန်မဖြစ်နိုင်ပေ။ ထို့ပြင် ဤမှာဘက်ကမ်းကို စွန့်ခွါမှသာ ထိုမှာဘက်ကမ်းသို့ ရောက်နိုင်သကဲ့သို့ ထို့အတူ ကာမတို့ကိုပယ်စွန့်နိုင်မှသာ စွာန်ကိုရနိုင်ပေ၏-ဟု သိရခြင်းအကျိုးရှိပါသည်။

စွာန်သည် ကာမမှကင်းဆိတ်ရခြင်းအကြောင်း

စွာန်သည် ကာမဘဝမှ လွတ်မြောက်ကြောင်းအကျင့်ဖြစ်သောကြောင့်လည်းကောင်း၊ ကာမရာဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း ကာမတို့မှ ကင်းဆိတ်ရခြင်း ဖြစ်ပါသည်။ (၀၊) ကာမဘဝမှ ထွက်သွားရာ,ထွက်သွားကြောင်း အကျင့် ဖြစ်ပါသည်။

၈၀-သဒ္ဒါကို နောက်ပုဒ်၌လည်း ဆိုသင့်ပုံ

၈၀-သဒ္ဒါ(သာလျှင်-ဟူသောစကား)ကို "ဝိဝိစ္ဆေဝ ကာမေဟိ"(ကာမတို့မှ ကင်းဆိတ်၍သာလျှင်)ဟူသောရှေ့ပုဒ်၌ ထည့်၍ဆိုသကဲ့သို့ ထို့အတူ "ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"(အကုသိုလ်တရားတို့မှ ကင်းဆိတ်၍)ဟူသော နောက်ပုဒ်၌လည်း "ဝိဝိစ္စ"(ကင်းဆိတ်၍)ဟူသောပုဒ်နှင့်တွဲစပ်၍ "ဝိဝိစ္ဆေဝ"(ကင်းဆိတ်၍သာလျှင်) ဟုဆိုသင့်၏။

နောက်ပုဒ်နှင့်တွဲစပ်သင့်ပုံကို သာဓကပြရသည်ရှိသော်-"ကုဓေဝ ဘိက္ခဝေ သမဏော၊ ကုဓ ဒုတိယော သမဏော= ရဟန်းတို့...ဤသာသနာတော်၌သာလျှင် သောတာပန်ရဟန်းကို ရအပ်၏။ ဤသာသနာတော်၌(သာလျှင်) သကဒါဂါမ်ရဟန်းကို ရအပ်၏" ဟုဟောတော်မူသကဲ့သို့ ဖြစ်ပါသည်။

မှန်၏၊ ကာမတရားတို့မှ မကင်းဆိတ်ဘဲ စွာန်တရားနှင့်မပြည့်စုံနိုင်သကဲ့သို့ ထို့အတူ နီဝရဏဟူသော အကုသိုလ်တရားတို့မှ မကင်းဆိတ်ဘဲလည်း စွာန်တရားနှင့်မပြည့်စုံနိုင်ပေ။ ထို့ကြောင့် ၈၀-သဒ္ဒါ(သာလျှင်-ဟူသောစကား)ကို နောက်ပုဒ်နှင့်လည်းတွဲစပ်၍ ဆိုသင့်ပါသည်။

မှတ်ချက်။ သာဓကစကားရပ်၌ (ကုဓေဝ)ဟူသော ရှေ့ဝါကျ၌ပါဝင်သည့် (၈၀)ကို နောက်ဝါကျရှိ(ကုဓ)နှင့်ပေါင်း၍ (ကုဓေဝ)ဟုဆိုသကဲ့သို့ ထို့အတူ(ဝိဝိစ္ဆေဝ)ဟူသောရှေ့ပုဒ်၌ပါဝင်သည့်(၈၀)ကို (ဝိဝိစ္စ)ဟူသောနောက်ပုဒ်နှင့်ပေါင်း၍ (ဝိဝိစ္ဆေဝ)ဟုဆိုသင့်ကြောင်း ရှင်းပြထားခြင်းဖြစ်သည်။

ယူသင့်သော ဝိဝေက(ကင်းဆိတ်ခြင်း)

(က) တဒင်္ဂဝိဝေက၊ ဝိက္ခမ္ဘနဝိဝေက၊ သမုစ္ဆေဒဝိဝေကဟူ၍လည်းကောင်း၊
(ခ) ပဋိပဿဒ္ဓိဝိဝေက၊ နိဿရဏဝိဝေကဟူ၍လည်းကောင်း၊
(ဂ) ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကဟူ၍လည်းကောင်း
ဝိဝေက(ကင်းဆိတ်ခြင်း) အမျိုးမျိုးရှိပါသည်။

ထိုတွင် 'ဝိဝိစ္စေဝ ကာမေဟိ= ကာမတို့မှကင်းဆိတ်၍ သာလျှင်' ဟူသော စကားရပ်၌ ပါဝင်သည့် ဝိဝေက(ကင်းဆိတ်ခြင်း)အရ-ဈာန်ကိုပြဆိုရာစကားဖြစ်သောကြောင့် ကာယဝိဝေက၊ စိတ္တဝိဝေကနှင့် ဝိက္ခမ္ဘနဝိဝေကတို့ကိုသာ ယူရပါမည်။

ကာမမည်ပုံ

မဟာနိဒ္ဒေသနှင့် ဝိဘင်းပါဠိတော်အရ -
- လိုလားခြင်း ဆန္ဒသဘောသည်လည်းကောင်း၊
- တပ်မက်ခြင်း ရာဂသဘောသည်လည်းကောင်း၊
- ထို့ထက်အားကြီးသော တပ်မက်စွဲလမ်းခြင်း ရာဂသဘောသည်လည်းကောင်း၊
- လိုလား,တပ်မက်ခြင်း ဆန္ဒ,ရာဂသဘောသည်လည်းကောင်း၊
- နိမိတ္တနှင့်အနုဗျဉ်နကို ကြံစည်ခြင်းသင်္ကပ္ပသဘောသည်လည်းကောင်း၊
- ထို့ထက်အားကြီးသော ကြံစည်တပ်မက်စွဲလမ်းခြင်း သင်္ကပ္ပ,ရာဂသဘောသည်လည်းကောင်း 'ကာမ' မည်ပါသည်။

အကုသိလ်တရားတို့မှ ကင်းဆိတ်၍ (ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ)

''ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ= အကုသိလ်တရားတို့မှ ကင်းဆိတ်၍'' ဟူသော နောက်စကားဖြင့် ကိလေသာကာမနှင့် အလုံးစုံသောအကုသိလ်တရားတို့မှ ကင်းဆိတ်၍ ဈာန်ချမ်းသာကို သိမ်းဆည်းလက်ခံခြင်းကို ပြ၏။ အဘယ်ကြောင့်ဆိုသော် ''ဝိဝိစ္စေဝ ကာမေဟိ=ကာမတို့မှ ကင်းဆိတ်၍သာလျှင်'' ဟူသော ရှေ့စကားရပ်ဖြင့် ဝတ္ထုကာမတို့မှကင်းဆိတ်ခြင်းကို ပြဆိုပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။

ရှေ့ပုဒ်နှင့် နောက်ပုဒ်တို့၏ ထူးခြားချက်

ဝိဝိစ္ဆေဝ ကာမေဟိ ရှေ့ပုဒ်ဖြင့်	ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ နောက်ပုဒ်ဖြင့်
ကာမချမ်းသာကို ပယ်စွန့်ခြင်းကိုပြ၏။	စျာန်ချမ်းသာကို လက်ခံခြင်းကိုပြ၏။
တဏှာအစရှိသော သံကိလေသာတို့၏ အကြောင်းအာရုံကို ပယ်ခြင်းကိုပြ၏။	တဏှာအစရှိသော သံကိလေသာတို့ကို ပယ်ခြင်းကိုပြ၏။
လျှပ်ပေါ်လော်လည်ခြင်း၏အကြောင်းဖြစ်သော ဝတ္ထုကာမကို ပယ်စွန့်ခြင်းကိုပြ၏။	မိုက်ခြင်း၊ မသိခြင်းဟူသော အဝိဇ္ဇာ၏ အကြောင်းကို ပယ်စွန့်ခြင်းကိုပြ၏။
ကိုယ်, နှုတ်, အမူအရာ ပယောဂ၏ စင်ကြယ်ခြင်းကိုပြ၏။	အဇ္ဈာသယကို စင်ကြယ်စေလျက် ပွားစေခြင်းကိုပြ၏။
ကာမစ္ဆန္ဒနိဝရဏ ကင်းခြင်းကိုပြ၏။	ကြွင်းသောနိဝရဏငါးပါး၏ ကင်းခြင်းကိုပြ၏။
အကုသိလ်မူလတို့တွင် အာရုံငါးပါးကို အာရုံပြုသော လောဘမူလ၏ ကင်းခြင်းကိုပြ၏။	ရန်ငြိုးဖွဲ့ကြောင်းအာဃာတဝတ္ထုကိုးပါး အကြောင်းရင်းရှိသော ဒေါသမူလ၊ မောဟမူလတို့၏ ကင်းခြင်းကိုပြ၏။
ကာမောဃ၊ ကာမယောဂ၊ ကာမာသဝ ကာမုပါဒါန်၊ အဘိဇ္ဈာကာယဂန္ထ၊ ကာမရာဂသံယောဇဉ် တရားတို့၏ ကင်းခြင်းကိုပြ၏။	(ကြွင်းသော) ဩဃ၊ ယောဂ၊ အာသဝ ဥပါဒါန်၊ ကာယဂန္ထ၊ သံယောဇဉ် တရားတို့၏ ကင်းခြင်းကိုပြ၏။
တဏှာနှင့် တဏှာနှင့်ယှဉ်သော တရားတို့၏ ကင်းခြင်းကိုပြ၏။	အဝိဇ္ဇာ၊ အဝိဇ္ဇာနှင့်ယှဉ်သော တရားတို့၏ ကင်းခြင်းကိုပြ၏။
လောဘမူစိတ္တုပ္ပါဒ် ၈-ပါးတို့၏ ကင်းခြင်းကိုပြ၏။	ဒေါသမူစိတ္တုပ္ပါဒ် ၂-ပါး၊ မောဟမူစိတ္တုပ္ပါဒ် ၂-ပါးတို့၏ ကင်းခြင်းကိုပြ၏။

ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်တရားများ

နိဝရဏတရားတို့သည် ဈာနင်တို့၏ ပစ္စနိက်တရားများဖြစ်၏-ဟု ပေဠကော ပဒေသဋ္ဌသိုသောကြောင့် ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက်တရားများမှာ နိဝရဏ တရားများ ဖြစ်ပါသည်။ ထိုတွင် -

- ဝိတက်၏ ဆန့်ကျင်ဘက်တရားမှာ ထိန,မိဒ္ဓနိဝရဏ ဖြစ်၏။
- ဝိစာရ၏ ဆန့်ကျင်ဘက်တရားမှာ ဝိစိကိစ္ဆာနိဝရဏ ဖြစ်၏။
- ပီတိ၏ ဆန့်ကျင်ဘက်တရားမှာ ဗျာပါဒနိဝရဏ ဖြစ်၏။
- သုခ၏ ဆန့်ကျင်ဘက်တရားမှာ ဥဒ္ဓစ္စ,ကုက္ကုစ္စနိဝရဏ ဖြစ်၏။
- ဧကဂ္ဂတာ၏ ဆန့်ကျင်ဘက်တရားမှာ ကာမစ္ဆန္ဒနိဝရဏ ဖြစ်၏။

ဝိတက်,ဝိစာရနှင့်တကွဖြစ်သော (သဝိတက္ကသဝိစာရံ)

ဝိတက်အကြောင်း

ကြံစည်ခြင်းသဘောသည် 'ဝိတက်'မည်ပါသည်။ ထိုဝိတက်သည်-

- အာရုံဌစိတ်ကို ရှေးရှုတင်ပေးခြင်းလက္ခဏာ ရှိ၏။
- အာရုံကိုခေါက်ခြင်း, ထက်ဝန်းကျင် လှည့်ပတ်၍ခေါက်ခြင်းကိစ္စ ရှိ၏။
- အာရုံဌ စိတ်ကိုဆောင်တတ်သောတရား (ဝါ)ဆွဲငင်တတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်ခြင်းပစ္စုပဋ္ဌာန် ရှိ၏။

ဝိစာရအကြောင်း

အာရုံဌ လှည့်လည်ခြင်း,ဆင်ခြင်သုံးသပ်ခြင်းသဘောသည် 'ဝိစာရ'မည်ပါသည်။ ထိုဝိစာရသည်-

- အာရုံဌလှည့်လည်ခြင်း (ဝါ)ဆင်ခြင်သုံးသပ်ခြင်းလက္ခဏာ ရှိ၏။
- အတူတကွဖြစ်ဖက်တရားတို့ကို ယှဉ်စေခြင်းကိစ္စ ရှိ၏။
- စိတ်ကို အာရုံဌအစဉ်မပြတ်ဖွဲ့ချည်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ဝိတက်နှင့်ဝိစာရ ထူးခြားချက်

ဝိတက်	ဝိစာရ
ဝိစာရထက် ရှုန့်ရင်းကြမ်းတမ်းစ၏။ ဝိစာရ၏ရှေ့၌ဖြစ်စ၏။ ဥပမာ- ခေါင်းလောင်း၏ ရှေးဦးစွာ မြည်သံနှင့်တူ၏။	ဝိတက်ထက် သိမ်မွေ့စ၏။ အာရုံကိုအဖန်ဖန် ဆင်ခြင်သုံးသပ်စ၏။ ဥပမာ-ခေါင်းလောင်း၏ နောက်ညည်းသံနှင့်တူ၏။
ရှေးဦးစွာ ဖြစ်စကာလ၌ စိတ်၏လှုပ်ရှားခြင်းသဘောရှိ၏။	ငြိမ်သက်သောဖြစ်ခြင်း ရှိ၏။ စိတ်၏မလှုပ်ရှားခြင်းသဘောရှိ၏။
ကောင်းကင်သို့ပျံတက်ခါစ ငှက်၏ အတောင်ခတ်သည်နှင့်တူ၏။	ကောင်းကင်၌ပျံနေသော ငှက်၏ အတောင်ဖြန့်ဝဲနေသည်နှင့်တူ၏။
ဝိတုန်းသည် ပဒုမ္မာကြာအိုင်သို့ ထိုးဆင်းသည်နှင့်တူ၏။	ဝိတုန်းသည် ပဒုမ္မာကြာအိုင်ထက်၌ ရစ်ဝဲနေသည်နှင့် တူ၏။
ကြေးခွက်ကို ကိုင်ထားသောလက်နှင့် တူ၏။	ကြေးခွက်ကို စင်ကြယ်အောင် ပွတ်တိုက်နေသောလက်နှင့်တူ၏။
စိတ်ကို ရှေးရှုတင်ပေး၏။	အာရုံကို အထပ်ထပ် သုံးသပ်၏။
စက်ဝိုင်းပြုလုပ်ရာ၌ စက်ဝိုင်း၏ အလယ်ဗဟိုတွင် စိုက်ထောင် ထားသည့်တုတ်တံနှင့်တူ၏။	ပတ်ပတ်လည် အဝိုင်းရရန်အတွက် ပြုလုပ်သော တုတ်တံနှင့်တူ၏။

ဝိဝေကကြောင့်ဖြစ်သော
(ဝိဝေကဇ)

ပထမစျာန်ကို ဝိဝေကကြောင့်ဖြစ်သဖြင့် 'ဝိဝေကဇစျာန်' ဟုခေါ်ပါသည်။ တစ်နည်းအားဖြင့် ပထမစျာန်သည် ဝိဝေကဖြစ်ခြင်းကြောင့် 'ဝိဝေကဇစျာန်' မည်ပါသည်။

ဝိတိ,သုခရှိသော
(ဝိတိသုခ)

ဝိတိအကြောင်း

နှစ်သက်ရောင့်ရဲစေတတ်သည့် သဘောသည် 'ဝိတိ' မည်၏။

ယင်းဝိတိသည်-

- နှစ်သက်ခြင်းလက္ခဏာ ရှိ၏။

- ကိုယ်စိတ်ကိုပွားစေခြင်း (ဝါ)ကောင်းမြတ်သောစိတ္တဇရုပ်တို့ဖြင့် ကိုယ်ကိုပျံ့နှံ့စေခြင်း ကိစ္စရှိ၏။
- ကိုယ်စိတ်တို့၏ တက်ကြွခြင်းသဘောတရားဟု ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန် ရှိ၏။

ပီတိ ၅-မျိုး

(၁) ခုဒ္ဒကာပီတိ = သေးငယ်သောနှစ်သိမ့်မှုဖြစ်ခြင်း၊ ကိုယ်၌ ကြက်သီးမွေးညှင်းများထ၍ နှစ်သိမ့်မှုများဖြစ်ပေါ်ခြင်း၊

(၂) ခဏိကာပီတိ = ခဏတိုင်း,ခဏတိုင်း ကြိမ်ဖန်များစွာ ကြက်သီးမွေးညှင်းများထ၍ နှစ်သိမ့်မှုများဖြစ်ပေါ်ခြင်း၊

(၃) ဩက္ကန္တိကာပီတိ = လှိုင်းတံပိုးသည် ကမ်းစပ်သို့ရိုက်ခတ်၍ တက်လာဘိသကဲ့သို့ ခန္ဓာကိုယ်ကို ဖြန့်၍ဖြန့်၍ နှစ်သိမ့်မှုများဖြစ်ပေါ်ခြင်း၊

(၄) ဥဗ္ဗေဂါပီတိ = အထက်သို့ ကြွတက်လောက်အောင် အင်အားရှိသော နှစ်သိမ့်မှုများဖြစ်ပေါ်ခြင်း၊

(၅) ဖရဏာပီတိ = ခန္ဓာကိုယ်တစ်ခုလုံးသည် လေပြည့်နေသည့်ပူဖောင်းပမာ, ကြီးစွာသောရေအလျဉ်စီးဝင်နေသည့်တောင်ချိုင့်ဝှမ်းပမာ အစဉ်မပြတ်တွေထိနေသော နှစ်သိမ့်မှုများဖြစ်ပေါ်ခြင်း၊

ဥဗ္ဗေဂါပီတိဖြစ်ပေါ်ပုံသာဓက

ပုဏ္ဏဝလ္လိကကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော မဟာတိဿမထေရ်သည် တစ်ခုသောလပြည့်နေ့ ညချမ်းအချိန်တွင် ကျောင်းတိုက်အတွင်းရှိစေတီရင်ပြင်သို့ ကြွသွားပြီး မဟာစေတီတော်ရှိရာသို့ မျက်နှာမူ၍ လရောင်ကို ကြည့်ကာ ပရိသတ်လေးပါးတို့ မဟာစေတီတော်ကို ရှိခိုးပူဇော်နေကြပုံကို အောက်မေ့ ဆင်ခြင်၍နေ၏။ ထို့နောက် ရှေးအခါက ဖူးမြင်ခဲ့ဖူးသော မဟာစေတီတော်အာရုံ၏ အစွမ်းအားဖြင့် ဘုရားဂုဏ်တော်တို့ကို အဖန်ဖန်အထပ်ထပ် ပွားများလေရာ ဥဗ္ဗေဂါပီတိများဖြစ်ပေါ်လာပြီး အင်္ဂတေသမံတလင်းပေါ်၌ ပစ်ပေါက်လိုက်သည့် ဗျင်လုံးပမာ ချာချာလည်၍ ကောင်းကင်သို့ပျံတက်သွားပြီး မဟာစေတီရင်ပြင်တော်၌ တည်ခဲ့ဖူးလေပြီ။

ဂိရိကဏ္ဍကကျောင်းတိုက်၏အနီးဌာနေထိုင်သော ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ယောက်သည်လည်း ထို့အတူဘုရားဂုဏ်တော်တို့ကို အာရုံပြု၍ ဥဇ္ဇဂါဝိတိ၏ အစွမ်းဖြင့် ကောင်းကင်သို့ပျံတက်ကာ တောင်ထွတ်ဌာနသည်ထားသည့် စေတီတော်၏ ရင်ပြင်ဌာန မိဘဆွေမျိုးများထက် အရင်ရောက်ရှိကာ စေတီတော်ကို ဖူးမြင်ရခဲ့ဖူးလေပြီ။ (စည်း၁။ ၃၈၄-၃၈၅)

ဝိတိသုခံ-အရ ယူရမည့်ဝိတိ

ဝိတိ၅-မျိုးတို့တွင် ''ဝိတိသုခံ'' ဟူသောစကားရပ်ဌာပါဝင်သည့် 'ဝိတိ' ဟူသောပုဒ်အရ ဖရဏာဝိတိကို ယူရပါမည်။

ဝိတိ၏မျိုးဆက်

- ဝိတိ၅-မျိုးတို့သည် ပဿဒ္ဓိဖြစ်ကြောင်း ကိုယ်ဝန်ကိုယူလျက် ရင့်ကျက်ခြင်းသို့ ရောက်သောအခါ ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိဟူသော ပဿဒ္ဓိနှစ်ပါးကို ဖွားမြင်လေ၏။
- ပဿဒ္ဓိသည် သုခဖြစ်ကြောင်းကိုယ်ဝန်ကိုယူလျက် ရင့်ကျက်ခြင်းသို့ ရောက်သောအခါ ကာယိကသုခ,စေတသိကသုခဟူသော သုခနှစ်ပါးကို ဖွားမြင်လေ၏။
- သုခသည် သမာဓိဖြစ်ကြောင်းကိုယ်ဝန်ကိုယူလျက် ရင့်ကျက်ခြင်းသို့ ရောက်သောအခါ ခဏိကသမာဓိ,ဥပစာရသမာဓိ,အပ္ပနာသမာဓိဟူသော သမာဓိသုံးပါးကို ဖွားမြင်လေ၏။

ထို့ကြောင့် ဝိတိ၏သားသည် ပဿဒ္ဓိ ဖြစ်၏။ ပဿဒ္ဓိ၏သားသည် သုခ ဖြစ်၏။ သုခ၏သားသည် သမာဓိ ဖြစ်၏။ သမာဓိဆိုသည်ကား ဝိတိ၏'မြစ်' အဖြစ်ဖြင့် မျိုးဆက်တော်စပ်လေတော့၏။

သုခအကြောင်း

ချမ်းသာခြင်းသည် သုခမည်၏။ တစ်နည်းအားဖြင့် ကိုယ်,စိတ်၏ နာကျင်ခြင်းကို(ဝါ)ကိုယ်နာ,စိတ်နာကို ကောင်းစွာစားတတ်သောကြောင့်လည်းကောင်း၊ တူးဖြိုတတ်သောကြောင့်လည်းကောင်း သုခ မည်၏။

(သု=ကောင်းစွာ + ခါဒ > ခ = စားတတ်သည်။)

(သု=ကောင်းစွာ + ခန > ခ = တူးဖြိုတတ်သည်။)

- သုခသည် သာယာစေတတ်သော သဘောလက္ခဏာ ရှိ၏။
- ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို တိုးပွားစေခြင်း ကိစ္စရှိ၏။
- ယှဉ်ဖော်ယှဉ်ဖက်တရားတို့အား ကျေးဇူးပြုတတ်သောတရားဟု ဉာဏ်အားရှေးရှုထင်ခြင်းပစ္စုပဋ္ဌာန် ရှိ၏။

ပီတိနှင့်သုခထူးခြားချက်

အလိုရှိအပ်သောအာရုံကို ရရှိခြင်းကြောင့် နှစ်သက်မှုဖြစ်ခြင်းသဘောသည် ပီတိဖြစ်သည် မည်၏။ အလိုရှိအပ်,ရအပ်ပြီးသော အာရုံ၏အရသာကိုခံစားရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသဘောသည် သုခဖြစ်သည် မည်၏။ ပီတိရှိသော စိတ်တိုင်း၌ သုခရှိ၏။ သို့သော် သုခရှိသောစိတ်တိုင်း၌ကား ပီတိရှိချင်မှ ရှိမည်။ ပီတိသည် သန်ဒါရက္ခန္ဓာ၌အကျုံးဝင်သည့်တရားဖြစ်ပြီး သုခကား ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သောတရား ဖြစ်၏။

ပီတိနှင့်သုခထူးခြားမှုကို ဥပမာဖြင့်ခွဲခြားဖော်ပြရသည်ရှိသော်-ကန္တာရခရီးခဲကိုသွားနေသော ခရီးသွားတစ်ယောက်သည် တောအုပ်ကိုတွေ့မြင်သည့်အခါ၌ နှစ်သက်ကျေနပ်မှုဖြစ်ခြင်းကဲ့သို့ ပီတိ၏သဘောကို မှတ်ရမည်။ ထိုခရီးသွားသည် တောအုပ်အတွင်းသို့ဝင်ပြီး ရေသောက်ခြင်း,အပန်းဖြေအနားယူခြင်းကဲ့သို့ သုခ၏သဘောကို မှတ်ရမည်။ ဤကား ပီတိနှင့်သုခတို့၏ ထူးခြားမှုဖြစ်ပါသည်။

ဥပသမ္ပဒ=ပြည့်စုံစေ၍

"ဥပသမ္ပဒ=ပြည့်စုံစေ၍" ဟူသည်မှာ "ဥပဂန္တာ=ကပ်ရောက်၍၊ ပါပုဏိတွာ =ရောက်၍" ဟုဆိုလို၏။

တစ်နည်းအားဖြင့် ပီဘင်းကျမ်း၌ ဖော်ပြထားသည်မှာ-ပထမစျာန်ကိုရခြင်း, ပထမစျာန်သို့ရောက်ခြင်း, ပထမစျာန်သို့ကောင်းစွာရောက်ခြင်း, ပထမစျာန်စိတ်နှင့်ထိတွေ့ခြင်း,ပထမစျာန်ကိုမျက်မှောက်ပြုခြင်းကို "ဥပသမ္ပဒ=ပြည့်စုံစေ၍" ဟုခေါ်၏။

ဝိဟရတိ=နေ၏

"ဝိဟရတိ=နေ၏" ဟူသည်မှာ ပထမစျာန်အားလျောက်ပတ်သော ကျရိယာပုထ်-ဟူသောနေခြင်းဖြင့် ဆိုအပ်ခဲ့ပြီးသောစျာန်နှင့်ပြည့်စုံသည်ဖြစ်၍ အတ္တဘော၏ ကျရိယ=အမူအရာကို, ဝုတ္တိ=ဖြစ်ခြင်းကို, ပလန=စောင့်ရှောက်ခြင်းကို, ယပန=မျှတခြင်းကို, ယာပန=မျှတစေခြင်းကို, စာရ=ကျက်စားခြင်းကို, ဝိဟာရ=ဖြတ်၍ဆောင်ခြင်းကို "ဝိဟရတိ=နေ၏" ဟုခေါ်၏။ ထို့ကြောင့် ပီဘင်းကျမ်း၌ "ဝိဟရတိတိ ကျရိယတိ ဝတ္တတိ ပါလေတိ ယပေတိ ယာပေတိ စရတိ ဝိဟရတိ တေန ဝုစ္စတိ ဝိဟရတိ" ဟုဟောတော်မူခြင်း ဖြစ်သည်။

ဤအဖွင့်ကိုရှု၍ ဝိဟရတိ-ဟူသောပုဒ်၏ အဓိပ္ပာယ်ကို ဤသို့မှတ်အပ်၏။

ဝိဟရတိ > ကြရိယတိ = အတ္တဘောဓ၏အမူအရာကို ပြုလုပ်၏။
> ဝတ္တတိ = အတ္တဘောကိုဖြစ်စေ၏။
> ပါလေတိ = အတ္တဘောကို စောင့်ရှောက်၏။
> ယပေတိ = အတ္တဘောကို မျှတ၏။
> ယာပေတိ = အတ္တဘောကို မျှတစေ၏။
> စရတိ = အတ္တဘောနှင့် ကျက်စား၏။
> ဝိဟရတိ = ကြရိယာတစ်ပါး၊ ညောင်းညာများကို၊ တစ်ပါးဖြင့် ဖြတ်၊ မကျလတ်အောင်၊ ခန္ဓာကိုယ်အတ္တဘောကိုဆောင်၍နေ၏။

ပယ်ရမည့်အင်္ဂါ ၅-ပါး

ပယ်အပ်သောအင်္ဂါ ၅-ပါးဟူသည်မှာ- ဈာန်၏အန္တရာယ်ကိုပြုတတ်သည့် ကာမစ္ဆန္ဒစသော နီဝရဏတရား၅-ပါးတို့ဖြစ်၏။ ဈာန်ခဏ၌ အခြားအကုသိုလ်တရားတို့ကိုလည်း ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ပြီးဖြစ်စေကာမူ အထူးသဖြင့် ထိုနီဝရဏတရားတို့ကသာ ဈာန်၏အန္တရာယ်ကို ပြုတတ်ကုန်၏။ ထို့ကြောင့် နီဝရဏတရားတို့ကို ဈာန်၏အန္တရာယ်ကိုပြုတတ်သည့်တရား-ဟုဆိုခြင်း ဖြစ်သည်။

ထိုနီဝရဏတရား ၅-ပါးတို့တွင် -

(၁) ကာမစ္ဆန္ဒနီဝရဏဖြင့် အာရုံအမျိုးမျိုး၌ ဖြာယောင်းခံရသောစိတ်သည် အာရုံတစ်ခုတည်း၌ မတည်နိုင်ပေ။ တစ်နည်းအားဖြင့် ကာမစ္ဆန္ဒ၏ လွှမ်းမိုးခြင်းကို ခံရသောစိတ်သည် ကာမဓာတ်ကိုပယ်ရန်အကျင့်ဖြစ်သော ဈာန်ကို မကျင့်နိုင်ပေ။ ထို့ကြောင့် ကာမစ္ဆန္ဒနီဝရဏသည် ပယ်ရမည့်အင်္ဂါတစ်ပါး ဖြစ်၏။

(၂) ဗျာပါဒနီဝရဏဖြင့် အာရုံ၌နှိပ်စက်ခံရသောစိတ်သည် ပုံလွှင့်ခြင်းဝိကွေ့ပဖြင့် မခြားဘဲ မဖြစ်ပေ။ ထို့ကြောင့် ဗျာပါဒနီဝရဏသည် ပယ်ရမည့်အင်္ဂါ တစ်ပါး ဖြစ်၏။

(၃) ထိန,မိဒ္ဓနီဝရဏဖြင့် နှိပ်စက်ခံရသောစိတ်သည် ဘာဝနာအလုပ်၌ မသင့်လျော်, မလျောက်ပတ်ပေ။ ထို့ကြောင့် ထိန,မိဒ္ဓနီဝရဏသည် ပယ်ရမည့်အင်္ဂါ တစ်ပါး ဖြစ်၏။

(၄) ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏဖြင့် နှိပ်စက်ခံရသောစိတ်သည် မငြိမ်မသက်ဖြစ်၍ အမြဲမတည်၊ လှည့်လည်လေလွင့်နေ၏။ ထို့ကြောင့် ဥဒ္ဓစ္စ,ကုက္ကုစ္စနီဝရဏသည် ပယ်ရမည့်အင်္ဂါတစ်ပါး ဖြစ်၏။

(၅) ဝိစိကိစ္ဆာနိဝရဏဖြင့် နှိပ်စက်ခံရသောစိတ်သည် စျာန်ရစေတတ်သည့် လမ်းရိုး လမ်းဟောင်းသို့ မတက်လိုဘဲ ဖြစ်တတ်၏။ ထို့ကြောင့် ဝိစိကိစ္ဆာနိဝရဏသည် ပယ်ရမည့်အင်္ဂါတစ်ပါး ဖြစ်၏။

ပြည့်စုံရမည့်အင်္ဂါ ၅-ပါး

ပြည့်စုံရမည့်အင်္ဂါ၅-ပါးဟူသည်မှာ ဝိတက်,ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာ-စျာန်အင်္ဂါတို့ကို ဆိုလို၏။ ပြည့်စုံခြင်းဟူရာ၌လည်း ဥပစာရဇ္ဈာန်၌ ပြည့်စုံခြင်းနှင့် အပ္ပနာဇ္ဈာန(ရူပါဝစရလက္ခဏာ)၌ ပြည့်စုံခြင်းဟူ၍ နှစ်မျိုးရှိ၏။

ဥပစာရဇ္ဈာန်ပြည့်စုံခြင်း ၅-ပါးမှာ -

(၁) အာရုံ၌ စိတ်ကိုရွေးရှုတင်ပေးခြင်းဟူသည့် ဝိတက်၏ပြည့်စုံခြင်း၊

(၂) အာရုံ၌ စိတ်ကိုအစဉ်မပြတ် ရွေးရှုဖွဲ့ချည်ပေးခြင်းဟူသည့် ဝိစာရ၏ပြည့်စုံခြင်း၊

(၃) ဝိတက်,ဝိစာရတို့ဖြင့် မပျံ့လွင့်ခြင်းငှာ ဘာဝနာပယောဂကို ပြီးစေခဲ့သောစိတ်၏ ဘာဝနာပယောဂ၏ ပြည့်စုံခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်းဟူသည့် ပီတိ၏ပြည့်စုံခြင်း၊

(၄) ဘာဝနာပယောဂ၏ ပြည့်စုံခြင်းကြောင့်ဖြစ်သော မွားခြင်းကိုပြုတတ်သည့် သုခ၏ပြည့်စုံခြင်း၊

(၅) အာရုံတစ်ခုတည်း၌ အညီအညွတ်ကောင်းစွာထားသည့် ဧကဂ္ဂတာ၏ပြည့်စုံခြင်း တို့ဖြစ်သည်။

အပ္ပနာဇ္ဈာန်ပြည့်စုံခြင်း ၅-ပါးမှာ -

(၁) အလွန်သန့်ရှင်းထင်ရှားသော အခြင်းအရာအားဖြင့် အာရုံသို့ စိတ်ကိုရွေးရှုတင်ပေးသည့် ဝိတက်၏ပြည့်စုံခြင်း၊

(၂) အာရုံကို အလွန်အကဲ ဆင်ခြင်သုံးသပ်သည့် ဝိစာရ၏ပြည့်စုံခြင်း၊

(၃) တစ်ကိုယ်လုံးကို ပျံနှံ့လျက်ဖြစ်သည့် ပီတိ၏ပြည့်စုံခြင်း၊

(၄) တစ်ကိုယ်လုံးကို ပျံနှံ့လျက်ဖြစ်သည့် သုခ၏ပြည့်စုံခြင်း၊

ထို့ကြောင့် "ထိုစျာန်ရသောပုဂ္ဂိုလ်၏ အလုံးစုံသောကိုယ်အား ဝိဝေကကြောင့် ဖြစ်သည့်ပီတိသုခဖြင့် မတွေ့မထိရသော တစ်စုံတစ်ခုသော အစိတ်အပိုင်းမည်သည် မရှိပေ"ဟု ဟောတော်မူခြင်း ဖြစ်သည်။

(၅) အောက်ကွမ်းအစ်၏ နှုတ်ခမ်းပြင်၌ အထက်ကွမ်းအစ်၏အဖုံးသည် ကောင်းစွာ စေ့စေ့စပ်စပ် ထိနေသကဲ့သို့ အာရုံ၌ ကောင်းစွာထိလျက်ဖြစ်ခြင်းဟူသည့် ဧကဂ္ဂတာ၏ပြည့်စုံခြင်း တို့ဖြစ်သည်။ (စည်၁။ ၃၉၂-၃၉၃)

အာရုံတစ်ခုတည်း၌ အညီအညွတ်
ကောင်းစွာထားခြင်း

''အာရုံတစ်ခုတည်း၌ အညီအညွတ်ကောင်းစွာထားခြင်း'' ဟူသည်မှာ-ဝိတက်,ဝိစာရ,ပီတိ,သုခမှတစ်ပါး ဖဿစသော အခြားယှဉ်ဖက်တရားတို့နှင့် အတူတကွဖြစ်သော စိတ်ကို ဝိတက်က အာရုံသို့ရှေးရှုတင်ပေးခြင်း(အဘိနိရောပနကိစ္စ)၊ ဝိစာရက အာရုံ၌အစဉ်မပြတ်ဖွဲ့ချည်ခြင်း(အနုပဗန္ဓနကိစ္စ)၊ ပီတိက နှစ်သိမ့်စေခြင်း(ပီဏနကိစ္စ)၊ သုခက ပွားစေခြင်း(ဥပဗြူဟနကိစ္စ)တို့ဖြင့် ချီးမြှောက်ထောက်ပံ့မှသာ ဧကဂ္ဂတာသည် အာရုံတစ်ခုတည်း၌ အညီအညွတ် ကောင်းစွာထားနိုင်ပါသည်။

[အထ နံ သသေသသမ္မယုတ္တဓမ္မံ ဧတေဟိ အဘိနိရောပနာနုပဗန္ဓနပီဏနဥပဗြူဟနေဟိ အနုဂ္ဂဟိတာ ဧကဂ္ဂတာ ဧကတ္တာရမ္မဏေ သမံ သမ္မာ စ အာဓိယတိ။ (ဝိသုဒ္ဓိ၊၁။ ၁၄၂)]

အင်္ဂါငါးပါးနှင့်ပြည့်စုံသည့်စျာန်ဟု
ဆိုရခြင်းအကြောင်း

ဝိတက်,ဝိစာရ,ပီတိ,သုခ,ဧကဂ္ဂတာ-ဟူသော အင်္ဂါငါးပါးဖြစ်လျှင် စျာန်ဖြစ်သည် မည်၏။ ဤနေရာ၌ ဝိတက်စသောအင်္ဂါတို့မှတစ်ပါး အခြားကြောင့်ဖြစ်သည့်စျာန်မည်သည် ရှိသေး၏-ဟူ၍ မမှတ်ယူသင့်ပေ။

ဥပမာဖြင့်ဆိုရပါမူ အင်္ဂါဖြင့်သတ်မှတ်၍ ဆိုလေ့ရှိသည့် အင်္ဂါလေးပါးရှိသော စစ်တပ်၊ အင်္ဂါငါးပါးရှိသောတူရိယာ၊ အင်္ဂါရှစ်ပါးရှိသောမင်္ဂစသည်ဖြင့် ဆိုသကဲ့သို့ ထို့အတူ ပထမစျာန်ကိုလည်း အင်္ဂါဖြင့်သတ်မှတ်၍ ''အင်္ဂါငါးပါးရှိသောစျာန်, အင်္ဂါငါးပါးနှင့်ပြည့်စုံသောစျာန်'' ဟုဆိုခြင်း ဖြစ်သည်။

ကောင်းခြင်း ၃-ပါး

(၁) စျာန်ရကြောင်းအကျင့်၏ စင်ကြယ်ခြင်းသည် ''စျာန်၏အစကောင်းခြင်း'' မည်ပါသည်။

(၂) ဥပေက္ခာကိုပွားခြင်းသည် ''စျာန်၏အလယ်ကောင်းခြင်း'' မည်ပါသည်။

(၃) ကြည်ရွှင်ခြင်းသည် ''စျာန်၏အဆုံးကောင်းခြင်း'' မည်ပါသည်။

လက္ခဏာ ၁၀-ပါး

အစကောင်းခြင်း၌ လက္ခဏာ ၃-ပါး

(၁) နိဝရဏအနှောင့်အဖွဲ့မှ စိတ်၏စင်ကြယ်ခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၂) စင်ကြယ်သောကြောင့် အလယ်အလတ်ဖြစ်သည့် သမထနိမိတ်ကိုကျင့်ခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၃) ကျင့်သောကြောင့် ထိုသမထနိမိတ်၌ စိတ်၏ပြေးဝင်ရပ်တည်ခြင်း-ဟူသော လက္ခဏာတစ်ပါး၊

အလယ်ကောင်းခြင်း၌ လက္ခဏာ ၃-ပါး

(၁) စင်ကြယ်သောစိတ်ကို လျစ်လျူရှုခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၂) သမထလမ်းသို့ ဖြောင့်တန်းစွာသွားသောစိတ်ကို လျစ်လျူရှုခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၃) တစ်ခုတည်းသောအာရုံ၌ စွဲမြဲစွာကပ်၍တည်သော အပွနာစိတ်ကို လျစ်လျူရှုခြင်း-ဟူသော လက္ခဏာတစ်ပါး၊

အဆုံးကောင်းခြင်း၌ လက္ခဏာ ၄-ပါး

(၁) ဈာန်စိတ်၌ဖြစ်ကုန်သော တရားတို့၏ အချင်းချင်းမလွန်သည်၏ အဖြစ်ဖြင့် ကြည်ရွှင်ခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၂) သဒ္ဓါစသောဣန္ဒြေတို့၏ တူသောကိစ္စရှိသည်၏အဖြစ်ဖြင့် ကြည်ရွှင်ခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၃) အဆိုပါ ဣန္ဒြေတို့နှင့်လျော်ညီသောဝီရိယကို ဆောင်ခြင်းဖြင့် ကြည်ရွှင်ခြင်း-ဟူသော လက္ခဏာတစ်ပါး၊

(၄) အဖန်တလဲလဲ မှီဝဲသောသဘောဖြင့် ကြည်ရွှင်ခြင်း-ဟူသောလက္ခဏာ တစ်ပါး၊ (စည်၁။ ၃၉၃-၃၉၅)

ကောင်းခြင်းသုံးပါးနှင့်စပ်၍ အာယဂိရီဝါသီဆရာတို့၏ အယူအဆ

ကောင်းခြင်းသုံးပါးတို့တွင် ဈာန်၏အစကောင်းခြင်းဖြစ်သော "ဈာန်ရကြောင်း အကျင့်၏စင်ကြယ်ခြင်း" ဆိုသည်မှာ အကြောင်းအဆောက်အဦနှင့် တကွဖြစ်သော ဥပစာကို ခေါ်၏။ ဈာန်၏အလယ်ကောင်းခြင်းဖြစ်သော "ဥပေက္ခာကို ပွားခြင်း" ဆိုသည်မှာ အပွနာကို ခေါ်၏။ ဈာန်၏အဆုံးကောင်းခြင်းဖြစ်သော "ရွှင်လန်းကြည်လင်ခြင်း" ဆိုသည်မှာ ဆင်ခြင်သည့်ပစ္စဝေက္ခဏာကို ခေါ်၏-ဟု အာယဂိရီဆရာတို့က ယူဆကြပါသည်။

အဋ္ဌကထာဆရာ၏ ဖြေရှင်းချက်

"တူသောကိစ္စရှိသည်၏ အဖြစ်သို့ရောက်သော အပွနာစိတ်သည် စာန်ရကြောင်းအကျင့်၏ စင်ကြယ်ခြင်းသို့လည်း ရောက်၏။ ဥပေက္ခာကိုလည်း ပွားစေအပ်၏။ ဉာဏ်ကလည်း ယင်းစိတ်ကို ရွှင်လန်းစေ၏" ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူထားသောကြောင့် အပွနာ၏အတွင်း၌သာလျှင် (၀၊)စာန်ရသော ခဏ၌သာ ပရိကံဟူသော လာခဲ့ရာအကြောင်း၏အစွမ်းဖြင့် စာန်ရကြောင်းအကျင့်၏စင်ကြယ်ခြင်းကို သိရမည်-ဟူ၍လည်းကောင်း၊ တတြမရွတ္တုပေက္ခာ၏အစွမ်းဖြင့် ဥပေက္ခာ၏ပွားခြင်းကို သိရမည်-ဟူ၍လည်းကောင်း၊ သမာဓိ,ပညာတရားတို့၏ အချင်းချင်း မလွန်ခြင်းစသည်တို့၏အဖြစ်ကို ပြီးစေခြင်းဖြင့် ဖြူစင်သည့်ဉာဏ်၏ ကိစ္စပြီးစီးခြင်း၏အစွမ်းအားဖြင့် ကြည်ရွှင်ခြင်းကို သိရမည်-ဟူ၍ လည်းကောင်း ကောင်းခြင်းသုံးပါးနှင့်စပ်၍ အဋ္ဌကထာဆရာက ရှင်းပြထားပါသည်။

(စည်၁၀။ ၃၉၆)

ပထမစာန်မည်ပုံ

ရေတွက်မှုအစဉ်အားဖြင့် ရှေးကျသောကြောင့်လည်းကောင်း၊ ရှေးဦးစွာဖြစ်သောကြောင့်လည်းကောင်း 'ပထမ' မည်၏။

ပထဝီကသိုဏ်းအာရုံကို ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ရန်သူနိဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း 'စာန်' မည်၏။ ဤနှစ်ပါးတို့ကို ပေါင်း၍ "ပထမစာန်" ဟုခေါ်ခြင်း ဖြစ်သည်။

ပထဝီကသိုဏ်းမည်ပုံ

မြေအဝန်းအဝိုင်းကို အကြွင်းမဲ့အလုံးစုံရှုအပ်သော အနက်သဘောကြောင့် 'ပထဝီကသိုဏ်း' မည်၏။ (ထိုမြေအဝန်းကို မှီ၍ရအပ်သော ပဋိဘာဂနိမိတ်ကိုလည်းကောင်း၊ ထိုပထဝီကသိုဏ်းပဋိဘာဂနိမိတ်၌ ရအပ်သောစာန်ကိုလည်းကောင်း 'ပထဝီကသိုဏ်း' ဟုပင် ဆို၏။)

အခြင်းအရာနိမိတ်ကို မှတ်သားခြင်းအကျိုး

ပထမစာန်ရပြီးသောပုဂ္ဂိုလ်သည် ထိုစာန်ကိုရအောင်အားထုတ်စဉ်က စားသောက်ခဲ့သည့်ဘောဇဉ်အာဟာရ၊ မှီဝဲပေါင်းသင်းခဲ့သည့်ပုဂ္ဂိုလ်၊ နေထိုင်ခဲ့သည့်ကျောင်း၊ ဤရိယာပုထ်တို့ကို စာန်ရစဉ်ခဏ၌ သေချာစွာ မှတ်သားထားရမည်။ ဤသို့ မှတ်သားထားသဖြင့် ရရှိထားသော အလွန်နုနယ်သေးသည့် အပွနာသမာဓိ (စာန်)သည် အကယ်၍ ပျောက်ပျက်သွားသည်ရှိသော် မိမိမှတ်သားထားသော

ဘောဇဉ်အာဟာရ၊ပဂ္ဂိုလ်စသည်တို့ကို ပြန်လည်မှီဝဲ၍ မွားများရှုမှတ်ခြင်းဖြင့် အပွနာသမာဓိကို လွယ်ကူစွာ ပြန်လည်ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ပြင် မလေ့လာမကျေပွန်သေးသည့်သမာဓိကို လေ့လာကျေပွန်အောင်ပြုလျက် အကြိမ်ကြိမ် အဖန်ဖန် ဝင်စားခြင်းငှာလည်း စွမ်းနိုင်ပါသည်။

ဥပမာအားဖြင့် ဆိုရပါမူ-ကျွမ်းကျင်လိမ္မာသော လေးသမားတစ်ယောက်သည် ပစ်မှတ်ကို ထိမှန်အောင်ပစ်ခတ်လေ့ကျင့်ရာ၌ တစ်ကြိမ်တွင် ပစ်မှတ်ကို တိတိကျကျ ထိမှန်အောင် ပစ်ခတ်နိုင်လေ၏။ နောက်ထပ်လေ့ကျင့်ပစ်ခတ်သော အကြိမ်များတွင်လည်း ယခင်က ပစ်မှတ်ကိုထိမှန်အောင် ပစ်ခတ်ခဲ့သောအကြောင်း လေးနှောင်းကိုင်ပုံကိုင်နည်း၊ ကိုယ်ဟန်အနေအထားအတိုင်း ပစ်ခတ်သဖြင့် အချက်တိုင်း အချက်တိုင်း ပစ်မှတ်ကို ထိမှန်အောင်ပစ်ခတ်နိုင်သကဲ့သို့ ဖြစ်သည်။

ထို့ပြင် အခြားဥပမာတစ်မျိုးမှာ-ကျွမ်းကျင်လိမ္မာသော စားတော်ကဲသည် အရှင်သခင်ကို ချက်ပြုတ်ကျွေးမွေးသောအခါ၌ အရှင်သခင် နှစ်နှစ်ခြိုက်ခြိုက် သုံးဆောင်သည့်ဘောဇဉ်ကို မှတ်သားထားပြီးလျှင် ထိုနေ့မှစ၍ အရှင်သခင် ကြိုက်နှစ်သက်သည့်ဘောဇဉ်ကိုသာ ရွေးချယ်၍ ချက်ပြုတ်ကျွေးမွေးလေ၏။ ဤသို့ ပြုသဖြင့် အရှင်သခင်ထံမှ ဆုတော်လာဘ်တော်တို့ကို ရရှိသကဲ့သို့ ဖြစ်သည်။

(စည်၁။ ၄၀၁-၄၀၅)

ကြာမြင့်စွာ စာနှံတည်နိုင်ခြင်းအကြောင်း

ဤသို့ အခြင်းအရာနိမိတ်ကို သေချာစွာ မှတ်သားထားသော ယောဂီပုဂ္ဂိုလ်အား အပွနာသမာဓိ(စာနှံ)သည်သာ ပြန်လည်ဖြစ်ပေါ်နိုင်၏။ သို့သော် ကြာမြင့်စွာ မတည်တံ့နိုင်သေးပေ။ ကြာမြင့်စွာ တည်တံ့နိုင်ရန်အတွက် သမာဓိ၏ဘေးရန်ဖြစ်သော နီဝရဏတရားတို့ကို ကောင်းစွာစင်ကြယ်အောင် သုတ်သင်ရပေဦးမည်။ ထို့ကြောင့်-

(၁) ကာမစ္ဆန္ဒနီဝရဏကို ဖယ်ခွါနိုင်ရန်အတွက် ကာမဂုဏ်တို့၏အပြစ်ကို ဆင်ခြင်ရမည်။

(၂) ဗျာပါဒနီဝရဏကို ငြိမ်းအေးစေရန်အတွက် ကာယပဿဒ္ဓိ၏အစွမ်းဖြင့် ကိုယ်၏ပူပန်ခြင်းကို ငြိမ်းအေးစေရမည်။

(၃) ထိန၊မိဒ္ဓနီဝရဏကို ပယ်ဖျောက်နိုင်ရန်အတွက် စတင်၍အားထုတ်ခြင်းအာရမ္ဘဓာတ်ကို နှလုံးသွင်းရမည်။

(၄) ဥဒ္ဓစ္စ၊ကုက္ကုစ္စနီဝရဏကို ပယ်နုတ်နိုင်ရန်အတွက် သမထနိမိတ်ကို နှလုံးသွင်းရမည်။

(၅) ဝိစိကိစ္ဆာနိဝရဏကို ပယ်ဖျောက်နိုင်ရန်အတွက် ဝိစိကိစ္ဆာ၏ဖြစ်ရာ မဒ,မာန တရားတို့ကို သုတ်သင်ရှင်းလင်းရမည်။

ဤသို့ နိဝရဏစသော ကိလေသာတရားတို့ကို စင်ကြယ်အောင် သုတ်သင်ရှင်းလင်းပြီးမှသာ စျာန်ဝင်စားသောပုဂ္ဂိုလ်အား ထိုစျာန်သည် ကြာမြင့်စွာ တည်တံ့နိုင်ပါသည်။ ဥပမာ- သုတ်သင်ရှင်းလင်းထားသော ဝါးလုံးခေါင်းအတွင်းသို့ ဝင်သော ပိတုံးကောင်သည် ထိုဝါးလုံးခေါင်းအတွင်း၌ ကြာမြင့်စွာ နေထိုင်နိုင်သကဲ့သို့လည်းကောင်း၊ ဘေးရန်အပေါင်းကို ရှင်းလင်းထားသည့် ဥယျာဉ်အတွင်းသို့ဝင်၍ တောကစားထွက်သော ဘုရင်မင်းမြတ်သည် ဘေးရန်ကင်းသည့် ထိုဥယျာဉ်အတွင်း၌ ကြာမြင့်စွာ နေထိုင်နိုင်သကဲ့သို့လည်းကောင်း ဖြစ်ပါသည်။

နိဝရဏတို့ကို မသုတ်သင်ခြင်းအပြစ်

ကာမဂုဏ်တို့၏ အပြစ်ကို ဆင်ခြင်ခြင်းစသည်ဖြင့် ကာမစ္ဆန္ဒကို ကောင်းစွာ မခွါမူ၍လည်းကောင်း၊ ကာယပဿဒ္ဓိ၏အစွမ်းဖြင့် ကိုယ်၏ပူပန်ခြင်းကို ကောင်းစွာ ငြိမ်းအေးအောင် မပြုမူ၍လည်းကောင်း၊ စ၍အားထုတ်ခြင်း အာရမ္ဘဓာတ်ကို နှလုံးသွင်းခြင်းစသည်ဖြင့် ထိန,မိဒ္ဓကို ကောင်းစွာ မပယ်ဖျောက်မူ၍လည်းကောင်း၊ သမထနိမိတ်ကို နှလုံးသွင်းခြင်းစသည်တို့၏အစွမ်းဖြင့် ဥဒ္ဓစ္စ,ကုက္ကုစ္စကို ကောင်းစွာ မပယ်နုတ်မူ၍လည်းကောင်း၊ အခြားသော သမာဓိ၏ဘေးရန်ဖြစ်သည့် ဝိစိကိစ္ဆာ၏ ဖြစ်ရာဖြစ်သော မဒ,မာနစသောတရားတို့ကို ကောင်းစွာ မသုတ်သင်မူ၍လည်းကောင်း စျာန်ဝင်စားသည့်ယောဂီပုဂ္ဂိုလ်သည် ရှုပ်ထွေးနေသည့် ဝါးလုံးခေါင်းအတွင်းသို့ဝင်သော ပိတုံးကောင်ကဲ့သို့လည်းကောင်း၊ ဘေးအန္တရာယ်ရှိသည့် ဥယျာဉ်အတွင်းသို့ဝင်သော ဘုရင်မင်းမြတ်ကဲ့သို့လည်းကောင်း စျာန်၌ကြာမြင့်စွာ မတည်တံ့နိုင်ဘဲ လျင်မြန်စွာ စျာန်မှပြန်ထွက်ရတတ်၏။ (ဝါ)လျင်မြန်စွာ စျာန်လျှောတတ်ပါသည်။ (စည်၁၁။ ၄၀၅)

ပဋိဘာဂနိမိတ်ကို ပွားသင့်ပုံ

ရရှိထားသောစျာန် ကြာမြင့်စွာ တည်ခြင်းကိုအလိုရှိသော ယောဂီပုဂ္ဂိုလ်သည် သမာဓိ၏ဘေးရန်ဖြစ်သော နိဝရဏတို့ကို သုတ်သင်စင်ကြယ်စေ၍ စျာန်ကို ဝင်စားရပါမည်။ ထို့ပြင် သမာဓိဘာဝနာပြန့်ပြောခြင်းငှာလည်း ရရှိထားသည့် ပဋိဘာဂနိမိတ်ကိုလည်း ပွားသင့်ပါသည်။

ပဋိဘာဂနိမိတ်ပွားများရမည့် နေရာဌာနများမှာလည်း ဥပစာရနှင့်အပ္ပနာဟူ၍ နှစ်မျိုးရှိ၏။ မှန်ပေ၏။ ဥပစာရသို့ရောက်လျှင်လည်း ပဋိဘာဂနိမိတ်ကို

ပွားသင့်၏။ အပွနာသို့ရောက်လျှင်လည်း ပဋိဘာဂနိမိတ်ကို ပွားသင့်၏။ နောက်ဆုံး ဥပစာရနှင့်အပွနာ တစ်ခုခုဌဲ့ ပဋိဘာဂနိမိတ်ကို မချွတ်ကေန် ပွားများရမည်။

ပဋိဘာဂနိမိတ်ကို ဝိုင်းခြား၍ ပွားများနည်း

ပဋိဘာဂနိမိတ်ကိုပွားသော ယောဂီပုဂ္ဂိုလ်သည် လယ်ထွန်သည့်ပမာ၊ သိမ်သမုတ်သည့်ပမာ အစဉ်အတိုင်းပွားရမည်။ ပွားပုံမှာ-

ရှေးဦးစွာ မိမိရရှိထားသည့် ပဋိဘာဂနိမိတ်ကို တစ်လက်သစ်, နှစ်လက်သစ် စသည်ဖြင့် နယ်နိမိတ်ဝိုင်းခြားပြီး အစဉ်အတိုင်းပွားရမည်။ ထို့နောက်မှ တစ်ထွာ, တစ်တောင်, ကျောင်းဦး, ကျောင်းဝိုင်း, ကျောင်းတိုက်ဥပစာတို့ကိုလည်းကောင်း၊ ရွာ,နိုဂုံး,ဇနပုဒ်,တိုင်းပြည်,သမုဒ္ဒရာတို့ကိုလည်းကောင်း ဝိုင်းခြား၍ တဖြည်းဖြည်းချင်း တိုးချဲ့၍ပွားရမည်။ နောက်ဆုံး စကြဝဠာအဝိုင်းအခြား တစ်ခုလုံးကိုဖြစ်စေ,ထိုစကြဝဠာထက်လွန်၍ဖြစ်စေ ပွားများသွားရမည်။

ဥပမာ- ဟင်္သာယော်တို့သည် အတောင်ပေါက်လာသည့် အချိန်မှစ၍ အနည်းငယ် အနည်းငယ်သောအရပ်သို့ ပျံသန်းသည့်အလေ့အကျင့်ကိုပြု၍ အစဉ်အတိုင်းလ,နေတို့၏အထဲသို့ ပျံသွားနိုင်ကြသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း နိမိတ်ကို တဖြည်းဖြည်းချင်း တိုးချဲ့လျက် စကြာဝဠာအဝိုင်းအခြား တိုင်အောင်ဖြစ်စေ, ထို့ထက်လွန်၍ဖြစ်စေ ပဋိဘာဂနိမိတ်ကို ပွားရပါမည်။ ထိုသို့ပွားသောအခါ ယောဂီပုဂ္ဂိုလ်၏ ပဋိဘာဂနိမိတ်သည် ပွားများတိုင်းသောအရပ်၌ မြေ၏ မြင့်ရာအရပ်, နိမ့်ရာအရပ်, မြစ်ရေတိုက်စားထားသည့် ချောက်ကမ်းပါးအရပ်, မညီညွတ်သည့် တောင်အရပ်တို့၌ စို့ပေါင်းတစ်ရာမျှ ရိုက်နှက်၍ ဖြန့်ကျက်ထားသောနွားသားရေကဲ့သို့ တစ်ပြေးတည်း ညီညီညာညာ ဖြစ်လာ၏။

ဈာနအာဒီကမ္မိကပုဂ္ဂိုလ်သည် ဈာန်ကိုသာ ဝင်စားနေသင့်ပုံ

ပထမဈာန်ရပြီးကာစ ဈာနအာဒီကမ္မိကပုဂ္ဂိုလ်သည် ဈာန်ဝင်စားမှုများသူသာဖြစ်ရမည်။ ဈာန်ဆင်ခြင်မှုများသူ မဖြစ်ရပါ။ အကယ်၍ ဈာန်ဝင်စားမှုနည်းပြီး ဈာန်ဆင်ခြင်မှုများနေပါက ဈာန်အင်္ဂါတို့သည် ရုန့်ရင်းကြမ်းတမ်းကုန်သည်ဖြစ်၍ ထင်ရှားမှုအားနည်းသောကြောင့် အထက်ဒုတိယဈာန်စသည်သို့ တက်လှမ်းနိုင်ရန် အတွက် အကြောင်းအထောက်အပံ့ မဖြစ်တော့ပေ။

ထို့ပြင် ပထမစျာန်ကို ကျေပွန်စွာမဝင်စားဘဲ အထက်ဒုတိယစျာန်စသည်ကို ရအောင်အားထုတ်ပါက အထက်ဒုတိယစျာန်စသည်လည်း မရဖြစ်တတ်၏။ ရပြီးသား ပထမစျာန်လည်း ပျောက်ပျက်တတ်၏။ ထို့ကြောင့် စျာနအာဒီကမ္မိကပုဂ္ဂိုလ်သည် စျာန်ဝင်စားမှုများသူသာ ဖြစ်သင့်၏။

ဥပမာ-မိမိကျက်စားရာဒေသကိုမသိသည့် တောင်တက်မကျွမ်းကျင်သောနွားမိုက်တစ်ကောင်သည် တောင်ပေါ်သို့ တက်ရာ၏။ ထိုနွားမိုက်သည် တောင်ပေါ်သို့တက်ရာ၌ ရှေ့ခြေမခိုင်မြဲသေးမီ နောက်ခြေကိုကြွမိသဖြင့် နောက်သို့လန်၍ တောင်ပေါ်မှလျှောကျကာ သေဆုံးလေ၏။ ထိုနွားမိုက်၏အဖြစ်မှာ မရောက်ဖူးသေးသောအရပ်သို့လည်း မရောက်။ မစားဖူးသေးသော မြက်တို့ကိုလည်း မစား၍။ မသောက်ဖူးသေးသော ရေတို့ကိုလည်း မသောက်ရသည့်အပြင် မိမိ၏မူလနေရာဟောင်းသို့လည်း ပြန်မရောက်ဘဲဖြစ်လေတော့၏။

ဤဥပမာအတိုင်းပင် ဤသာသနာတော်၌ မသိနားမလည် မိုက်မဲတွေဝေသည့် အချို့သောယောဂီပုဂ္ဂိုလ်သည် ပထမစျာန်၌ မကျွမ်းကျင် မလိမ္မာသေးမီ, နိမိတ်ကိုမပွားများသေးမီ, အကြိမ်များစွာ မမှီဝဲသေးမီ "ဒုတိယစျာန်ကို ရလျှင် ကောင်းလေစွ" ဟုအကြံဖြစ်ကာ ဒုတိယစျာန်သို့ရောက်အောင် အားထုတ်လေ၏။ ထိုယောဂီပုဂ္ဂိုလ်၏အဖြစ်မှာ ဒုတိယစျာန်ကို မရဖြစ်နေ၏။ တစ်ဖန် "ပထမစျာန်ကို ပြန်ဝင်စားရလျှင် ကောင်းလေစွ" ဟုအကြံဖြစ်၍ ပထမစျာန်ကို ပြန်ဝင်စားသော်လည်း ပထမစျာန်ကို မဝင်စားနိုင်ဘဲဖြစ်နေ၏။ ထိုသို့သော ယောဂီပုဂ္ဂိုလ်ကို "စျာန်နှစ်ပါးစုံမှလျှောကျသူ, စျာန်နှစ်ပါးစုံဆုံးရှုံးသူ" ဟု ဆိုထိုက်ပေ၏။

ဝသီဘော ၅-ပါး

အလိုရှိတိုင်းဖြစ်ခြင်း,နိုင်နင်းခြင်းကို 'ဝသီဘော' ဟုခေါ်၏။ ဝသီဘော်တို့သည် အာဝဇ္ဇနဝသီဘော်၊ သမာပဇ္ဇနဝသီဘော်၊ အဓိဋ္ဌာနဝသီဘော်၊ ဝုဋ္ဌာနဝသီဘော်၊ ပစ္စဝေက္ခဏာဝသီဘော်-ဟူ၍ ၅-ပါးရှိ၏။

၁။ အာဝဇ္ဇနဝသီဘော်

ပထမစျာန်ကို အလိုရှိသောအရပ်၌လည်းကောင်း၊ အလိုရှိသောအချိန်၌လည်းကောင်း၊ အလိုရှိသောစျာန်အင်္ဂါတို့ကို အလိုရှိသလောက် ကာလပတ်လုံး ဆင်ခြင်ရာ၌ နှောင့်နှေးဖင့်ကြာမှုမရှိအောင် ဆင်ခြင်နိုင်ခြင်းသည် အာဝဇ္ဇနဝသီဘော် မည်၏။

ပထမစျာန်မှထ၍ ဝိတက်ကိုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ဘဝင်ကို ဖြတ်၍ဖြစ်သော အာဝဇ္ဇန်း၏အခြားမဲ့၌ ဝိတက်ကိုပင်အာရုံပြုသော တိက္ခပုဂ္ဂိုလ်

အား ဓောလေးကြိမ်, မန္ဒပုဂ္ဂိုလ်အား ဓောငါးကြိမ် စောကုန်၏။ ထိုဓောတို့နောင် ဘဝင်နှစ်ကြိမ် ဖြစ်၏။

တစ်ဖန် ဝိစာရကိုဆင်ခြင်သော တိက္ခယောဂိပုဂ္ဂိုလ်အား ဘဝင်ကိုဖြတ်၍ ဖြစ်သော အာဝဇ္ဇန်း၏အခြားမဲ့၌ ဝိစာရကိုပင်အာရုံပြုသော ဓောလေးကြိမ်စော၏။ မန္ဒယောဂိပုဂ္ဂိုလ်အား ဓောငါးကြိမ်စော၏။ ထိုဓောတို့နောင် ဘဝင်နှစ်ကြိမ် ဖြစ်၏။ ဤနည်းဖြင့် စာန်အင်္ဂါငါးပါးတို့၌ အကြားအပြတ်မရှိဘဲ စိတ်ကိုပို့ခြင်းငှာ စွမ်းနိုင်လျှင် ထိုယောဂိပုဂ္ဂိုလ်သည် အာဝဇ္ဇနဝသီဘော်ကိစ္စ နိဂ်နင်းအောင်မြင်လေပြီ ဖြစ်၏။

ခေါင်ထိပ်သို့ရောက်သော ဘဝင်နှစ်ကြိမ်ခြား၍ ဓောလေးကြိမ်စောသည့် အာဝဇ္ဇနဝသီဘော်ကို မြတ်စွာဘုရားရှင်၏ ရေ,မီးအစုံအစုံစသော တန်ခိုးပြာဋိဟာ ပြတော်မူရာအခါ၌ ရအပ်၏။ အရှင်သာရိပုတ္တရာစသော အခြားပုဂ္ဂိုလ်တို့၌လည်း အလွန်ထက္ကြံလုံလပြု၍ လျင်သထက်လျင်မြန်အောင် အာဝဇ္ဇနဝသီဘော်ကို ဖြစ်စေသည့်အခါမျိုး၌ ရနိုင်၏။ အာဝဇ္ဇနဝသီဘော်များတွင် ဘဝင်နှစ်ကြိမ်ခြား၍ ဓောလေးကြိမ်စောသည့် အာဝဇ္ဇနဝသီဘော်ထက် ပို၍လျင်မြန်သည့် ဝသီဘော်မျိုး မရှိတော့ပေ။

၂။ သမာပဇ္ဇနဝသီဘော်

အရှင်မောဂ္ဂလာန်မထေရ်မြတ်၏ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာအခါ၌ကဲ့သို့ လျင်မြန်စွာ ဝင်စားခြင်းငှာစွမ်းနိုင်ခြင်းသည် သမာပဇ္ဇနဝသီဘော် မည်၏။

၃။ အဓိဋ္ဌာနဝသီဘော်

လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ဖြစ်စေ, လက်ဖျောက်ဆယ်ချက်တီး အချိန်အတွင်း၌ဖြစ်စေ စာန်ကိုထားခြင်းငှာ စွမ်းနိုင်ခြင်းသည် အဓိဋ္ဌာနဝသီဘော် မည်၏။

၄။ ဝုဋ္ဌာနဝသီဘော်

လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ဖြစ်စေ, လက်ဖျောက်ဆယ်ချက်တီး အချိန်အတွင်း၌ဖြစ်စေ စာန်မှထနိုင်ခြင်းငှာစွမ်းနိုင်ခြင်းသည် ဝုဋ္ဌာနဝသီဘော် မည်၏။

အဓိဋ္ဌာနဝသီဘော်နှင့်ဝုဋ္ဌာနဝသီဘော်တို့ နိဂ်နင်းကျမ်းကျင်မှုနှင့်ပတ်သက်၍ ဝတ္ထုသာဓကထုတ်ပြရသည်ရှိသော်- ဗုဒ္ဓရက္ခိတအမည်ရှိတော်မူသော မထေရ်တစ်ပါးသည် ရဟန်းရှစ်ဝါအရတွင် အရှင်မဟိန္ဒမထေရ်တို့ ရောက်တော်မူခဲ့သော

သရက်ကုန်း၌ မဟာရောဟဏဂုတ္တမထေရ်အား ပြုစုရန်ကြွတော်မူလာကြသော ရဟန်းတော် သုံးသောင်းတို့၏အလယ်၌ ထိုင်နေတော်မူ၏။ ထိုစဉ် မထေရ်မြတ်အား ယာဂုဆက်ကပ်ရန် ရောက်ရှိနေသောနဂါးမင်းကို ထိုးသုတ်ရန်အတွက် ကောင်းကင်ထက်မှ ဂဠုန်မင်းသည် အရှိန်ပြင်းစွာထိုးဆင်းလာ၏။ ဤအခြင်းအရာကို မြင်လျှင် ဗုဒ္ဓရက္ခိတမထေရ်သည် ခဏချက်ချင်းပင် တောင်ကြီးတစ်တောင်ကို ဖန်ဆင်း၍ နဂါးမင်းကို လက်မောင်းမှဆွဲကိုင်ပြီး ဖန်ဆင်းထားသော တောင်ခေါင်းအတွင်းသို့ ဝင်လေ၏။ ဂဠုန်မင်းလည်း တောင်နှင့်ထိခိုက်မိပြီး ပြန်ပြေးလေ၏။ ထိုအဖြစ်အပျက်ကိုကြည့်၍ မဟာရောဟဏဂုတ္တမထေရ်မြတ်က "ငါ့ရှင်တို့...၊ ဗုဒ္ဓရက္ခိတမရှိလျှင် ငါတို့အားလုံးပင် အကဲ့ရဲ့ခံရပေတော့မည်"ဟု မိန့်ဆိုလေ၏။

၅။ ပစ္စဝေက္ခဏာဝသီဘော်

ပစ္စဝေက္ခဏာဝသီဘော်ကို အာဝဇ္ဇနဝသီဘော်အတိုင်း မှတ်ပါ။ အာဝဇ္ဇနဝသီဘော်သည် အာဝဇ္ဇန်း၏နောက်၌ဖြစ်သောဇောတို့ကို ရှုဆင်ခြင်ခြင်း ဖြစ်၏။

၆။ ဒုတိယစျာန်ဖြစ်ပုံ



ပထမစျာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုပထမစျာန်ကို ဝသီဘော ငါးပါးဖြင့် ကျွမ်းကျင်နိုင်နင်းစေပြီးလျှင် ယင်းပထမစျာန်မှထ၍ -

(က) ပထမစျာန်သည် နီဝရဏဟူသော ရန်သူနှင့်နီးကပ်၏ဟူ၍လည်းကောင်း၊ ဝိတက်,ဝိစာရတို့ ရုန့်ရင်းကြမ်းတမ်းသောကြောင့် စျာန်အင်္ဂါအားနည်း၏ ဟူ၍လည်းကောင်း ပထမစျာန်၏အပြစ်ကို မြင်ရမည်။

(ခ) ဒုတိယစျာန်ကို ငြိမ်သက်သောတရားဟု နှလုံးသွင်းဆင်ခြင်၍ ချီးမွမ်းရမည်။

ဤသို့ ပထမစျာန်၏အပြစ်ကိုရှု၊ ဒုတိယစျာန်ကို ချီးမွမ်းပြီးလျှင် ဒုတိယစျာန်ရရန်အတွက် ဘာဝနာကို ဆက်လက်အားထုတ်ရမည်။ ထိုသို့အားထုတ်နေစဉ်သတိ,သမ္မဇဉ်နှင့်ပြည့်စုံလျက် စျာန်အင်္ဂါတို့ကို ဆင်ခြင်သည်ရှိသော်-ဝိတက်, ဝိစာရတို့သည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်လာကုန်၏။ ပီတိ,သုခ, ဧကဂ္ဂတာတို့သည် ငြိမ်သက်သောအားဖြင့် ထင်လာကုန်၏။

ထိုသို့ထင်လာသည့်အခါ ရုန့်ရင်းသောအင်္ဂါကို ပယ်ခြင်းအကျိုးငှာ, ငြိမ်သက်သောအင်္ဂါကိုရခြင်းအကျိုးငှာ ပထဝီကသိုဏ်းလျှင်အာရုံရှိသော ပဋိဘာဂနိမိတ်ကို "ပထဝီ,ပထဝီ" စသည်ဖြင့် ကြိမ်ဖန်များစွာ နှလုံးသွင်းဆင်ခြင်သည်ရှိသော် အထက်ပါ ဝိထိပုံစံအရ ပထမစျာန်၌ဆိုခဲ့သည့်အတိုင်း ဒုတိယစျာန်ကို ရရှိလေ၏။

ဈာနကထာအဖွင့်

<u>ပါဠိတော်</u> သေ ဝိတက္ကဝိစာရာနံ ဂူပသမာ [၁] အဈတ္တံ [၂] သမ္မသာဒနံ စေတသော ကောဒိဘာဝံ [၃] အဝိတက္ကံ အဝိစာရံ [၄] သမာဓိဇံ [၅] ပီတိသုခံ [၆] ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

<u>မြန်မာပြန်</u> ဤယောဂီပုဂ္ဂိုလ်သည် -

(၁) ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်,

(၂) မိမိသန္တာန်၌ဖြစ်သော,

(၃) ကြည်လင်သောစိတ်၏ ကောဒိမည်သော သမာဓိကို

(၀) တဲ့ကို ကြည်လင်စေတတ်သော ကောဒိ မည်သော သမာဓိကို ပွားစေတတ်သော,

(၄) ဝိတက်,ဝိစာရမရှိသော,

(၅) ပထမဈာန်သမာဓိကြောင့်ဖြစ်သော,

(၆) ပီတိ,သုခရှိသော ဒုတိယဈာန်နှင့်ပြည့်စုံလျက် နေ၏။

ဤသို့နေသောပုဂ္ဂိုလ်သည် အင်္ဂါနှစ်ပါးကို ပယ်ပြီး၊ အင်္ဂါသုံးပါးနှင့်ပြည့်စုံ၍ ကောင်းခြင်းသုံးပါး,လက္ခဏာဆယ်ပါးနှင့်ပြည့်စုံလျက် ပထဝီကသိုဏ်းကို အာရုံပြုသော "ဒုတိယဈာန်ရသောပုဂ္ဂိုလ်" ဖြစ်၏။

ဝိတက်,ဝိစာရငြိမ်းခြင်းကြောင့်
(ဝိတက္ကဝိစာရာနံ ဂူပသမာ)

ပထမဈာန်၌ဖြစ်သော ဖဿစသည်တို့ကတစ်ခြား၊ ဒုတိယဈာန်၌ဖြစ်သော ဖဿစသည်တို့ကတစ်ခြားဖြစ်သောကြောင့် ပထမဈာန်၌ဖြစ်သောတရား အားလုံးပင် ဒုတိယဈာန်၌ မရှိကြပေ။ ထိုသို့မရှိငြားသော်လည်း ရှုနှုန်းသောအင်္ဂါကိုလွန်မြောက်မှသာ ပထမဈာန်မှတစ်ပါးသော ဒုတိယဈာန်စသည်တို့ကို ရနိုင်ပေ၏-ဟု ထင်ရှားပြခြင်းအကျိုးငှာ "ဝိတက်,ဝိစာရငြိမ်းခြင်းကြောင့်" (ဝိတက္ကဝိစာရာနံ ဂူပသမာ) ဟုဟောတော်မူခြင်း ဖြစ်ပါသည်။

သမ္မသာဒန မည်ပုံ

အညီရောင်အဆင်းရှိသည့်အဝတ်ကို 'အဝတ်ညို' ဟုခေါ်သကဲ့သို့ ထို့အတူ ဈာန်သည် သဒ္ဓါနှင့်ပြည့်စုံသောကြောင့်လည်းကောင်း၊ တုန်လှုပ်ချောက်ချားတတ်သော ဝိတက်,ဝိစာရတို့ကို ငြိမ်းစေသောကြောင့်လည်းကောင်း စိတ်ကို ကြည်လင်

စေတတ်၏။ ထို့ကြောင့် စျာန်ကို ''ကြည်လင်ခြင်း''(သမ္မသာဒန)ဟု ဟောတော်မူရခြင်း ဖြစ်ပါသည်။ သမ္မသာဒန=ကြည်လင်ခြင်းအရ 'သဒ္ဓါ'ကို တရားကိုယ်ကောက်ရပါမည်။

ဧကောဒီ မည်ပုံ

ဝိတက်,ဝိစာရတို့မလွှမ်းမိုး,မနှိပ်စက်အပ်သဖြင့် မြတ်သည်ဖြစ်၍ တက်တတ်သောကြောင့် 'ဧကောဒီ'မည်၏။

တစ်နည်းအားဖြင့် မြတ်သောအနက်သဘောကြောင့် 'ဧက'မည်၏။ ထို ဧကမည်သော တရားသည် ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို ထက်ကြွဖြစ်ပေါ်စေတတ်သောကြောင့် 'ဉဒီ'လည်း မည်၏။ ထို့ကြောင့် 'ဧကောဒီ'မည်ပါသည်။ ဧကောဒီဟူသည် သမာဓိ၏ပရိယာယ်အမည် ဖြစ်၏။

ဧကောဒီ = ဧက + ဉဒီ
ဧက = မြတ်သည်
ဉဒီ = တက်သည်

ဧကောဒီဘာဝ မည်ပုံ

ဧကောဒီမည်သော သမာဓိကို ပွားစေတတ်သောကြောင့် 'ဧကောဒီဘာဝ' မည်၏။ ဧကောဒီဘာဝ-အရ ဒုတိယစျာန်ဌာနီသော သမာဓိကို တရားကိုယ်ကောက်ရပါမည်။

စောဒနာ နှင့် ဖြေရှင်းချက်

စောဒနာ - ပထမစျာန်၌ သဒ္ဓါလည်း ရှိ၏၊ ဧကောဒီအမည်ရသည့် သမာဓိလည်း ရှိ၏။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် ဒုတိယစျာန်၌သာ သဒ္ဓါကို သမ္မသာဒန ဟူ၍လည်းကောင်း၊ သမာဓိကို ဧကောဒီ ဟူ၍လည်းကောင်း အထူးပြု၍ ဟောတော်မူရပါသနည်း?

ဖြေရှင်းချက် - ပထမစျာန်သည် ဝိတက်,ဝိစာရတို့၏ တုန်လှုပ်ချောက်ချားခြင်းကြောင့် လှိုင်းတံပိုးတို့ဖြင့် ရောပြွမ်းနေသောရေကဲ့သို့ ကောင်းစွာမကြည်လင်ပေ။ ထို့ကြောင့် ပထမစျာန်၌ သဒ္ဓါရှိနေပါသော်လည်း ယင်းသဒ္ဓါကို 'သမ္မသာဒန'ဟု အထူးပြု၍ ဟောတော်မမူခြင်း ဖြစ်ပါသည်။

ထို့ပြင် ပထမစျာန်၌ရှိသော သဒ္ဓါသည် ဝိတက်,ဝိစာရတို့၏ တုန်လှုပ်ချောက်ချားခြင်းကြောင့် ကောင်းစွာမကြည်လင်လျှင် ယင်းပထမစျာန်၌ရှိသော သမာဓိသည်လည်း ကောင်းစွာထင်ရှားနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပထမစျာန်၌

သမာဓိရှိနေပါသော်လည်း ယင်းသမာဓိကို 'ဧကဂ္ဂတာ' ဟု အထူးပြု၍ ဟောတော်မမူခြင်း ဖြစ်ပါသည်။

ဒုတိယစျာန်၌မူကား ဝိတက်,ဝိစာရတို့၏ နှောင့်ယှက်ခြင်းမရှိသောကြောင့် အခွင့်ရသဖြင့် သဒ္ဓါသည် လွန်စွာအားကောင်းလာ၏။ အားကောင်းသည့်သဒ္ဓါကို အဖော်ရသဖြင့် သမာဓိသည်လည်း လွန်စွာထင်ရှားလာ၏။ ထို့ကြောင့် ဒုတိယစျာန်၌ သာ သဒ္ဓါကို သမ္မသာဒန-ဟူ၍လည်းကောင်း၊ သမာဓိကို ဧကောဒိ-ဟူ၍လည်းကောင်း အထူးပြု၍ "သမ္မသာဒနံ စေတသော ဧကောဒိဘာဝံ" ဟု ဟောတော်မူရခြင်း ဖြစ်ပါသည်။

ဝိတက်,ဝိစာရမရှိခြင်းအကြောင်း (အဝိတက္ကံ အဝိစာရံ)

ဤဒုတိယစျာန်၌ ဝိတက်,ဝိစာရတို့မရှိခြင်းမှာ ဘာဝနာဖြင့်ပယ်ထားသောကြောင့် ဖြစ်၏။ ဤသို့ဘာဝနာဖြင့်ပယ်ပြီးဖြစ်၍ ဝိတက်,ဝိစာရမရှိခြင်းကို ရည်ရွယ်ကာ "အဝိတက္ကံ အဝိစာရံ"(ဝိတက်မရှိ,ဝိစာရမရှိ) ဟုဟောတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဝိဘင်းကျမ်း၌-

> "ဤသို့လျှင် ဤဝိတက်သည်လည်းကောင်း၊ ဤဝိစာရသည်လည်းကောင်း ငြိမ်းကုန်၏။ အထူးသဖြင့် ငြိမ်းကုန်၏။ ချုပ်ခြင်းသို့ရောက်ကုန်၏။ အထူးသဖြင့် ချုပ်ခြင်းသို့ရောက်ကုန်၏။ ပျက်ခြင်းသို့ရောက်ကုန်၏။ အထူးသဖြင့် ပျက်ခြင်းသို့ရောက်ကုန်၏။ ခြောက်သွေ့စေအပ်ကုန်၏။ အထူးသဖြင့် ခြောက်သွေ့စေအပ်ကုန်၏။ အစွမ်းအစမျှမကျန်ရအောင် ကင်းကုန်၏။"

ဟု ဟောတော်မူခြင်း ဖြစ်သည်။

စောဒနာ နှင့် ဖြေရှင်းချက်

စောဒနာ - "ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်"(ဝိတက္ကဝိစာရာနံ ဂူပသမာ) ဟူသောစကားဖြင့် ဒုတိယစျာန်၌ ဝိတက်,ဝိစာရမရှိပုံကို ထင်ရှားပြပြီးဖြစ်ပါလျက် အဘယ်ကြောင့် "ဝိတက်မရှိ,ဝိစာရမရှိ"(အဝိတက္ကံ အဝိစာရံ) ဟူသောနောက်စကားကို ထပ်၍ ဟောတော်မူရပါသနည်း?

ဖြေရှင်းချက် - "ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်"(ဝိတက္ကဝိစာရာနံ ဂူပသမာ) ဟူသောစကားသည် ဝိတက်,ဝိစာရတို့၏ မရှိပုံကိုသာ ဖော်ပြသည် မဟုတ်ပေ။ "ရုန့်ရင်းသောအင်္ဂါကို လွန်မြောက်ခြင်းကြောင့် ပထမ

စျာန်မှတစ်ပါးသော ဒုတိယစျာန်စသည်တို့ကို ရနိုင်ပေ၏'' ဟုဆိုခဲ့သည့်အတိုင်း ရုန့်ရင်းသောအင်္ဂါတို့ကိုပယ်သဖြင့် ဒုတိယစျာန်စသည်တို့ကို ရရှိနိုင်ပုံ အခြင်းအရာကိုလည်း ဖော်ပြ၏။

တစ်နည်းအားဖြင့်- ဝိတက်,ဝိစာရငြိမ်းခြင်းကြောင့်သာ ဒုတိယစျာန်သည် ကြည်လင်ခြင်း ဖြစ်၏။ နိဝရဏာကိလေသာတို့ ငြိမ်းခြင်းကြောင့် ကြည်လင်ခြင်း မဟုတ်ပေ။ ထို့ပြင် ဝိတက်,ဝိစာရတို့ငြိမ်းခြင်းကြောင့်သာ ဒုတိယစျာန်၌ မြတ်သော သမာဓိတိုးပွားခြင်း ဖြစ်၏။ ဥပစာရစျာန်ကဲ့သို့ နိဝရဏတို့ကိုပယ်ခြင်းကြောင့်လည်းကောင်း၊ ပထမစျာန်ကဲ့သို့ အင်္ဂါထင်ရှားခြင်းကြောင့်လည်းကောင်း မြတ်သော သမာဓိတိုးပွားခြင်း မဟုတ်ပေ။ ဤသို့လျှင် ''ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်''(ဝိတက္ကဝိစာရာနံ ဂူပသမာ) ဟူသောစကားသည် ဝိတက်,ဝိစာရမရှိပုံကို သာမက ကြည်လင်ခြင်း(သမ္မသာဒန)နှင့် မြတ်သောသမာဓိတိုးပွားခြင်း (ဧကောဒိ-ဘာဝ)၏ အကြောင်းဖြစ်ပုံကိုလည်း ဖော်ပြ၏။

ထို့ပြင် ဒုတိယစျာန်သည် ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်သာ ဝိတက်မရှိ, ဝိစာရမရှိခြင်း ဖြစ်သည်။ တတိယစျာန်၊ စတုတ္ထစျာန်တို့ကဲ့သို့လည်းကောင်း၊ စက္ခုဝိညာဏ်,သောတဝိညာဏ်စသည်တို့ကဲ့သို့လည်းကောင်း ပင်ကိုယ်ကတည်းက ဝိတက်,ဝိစာရမရှိခြင်းမျိုး မဟုတ်ပေ။

ဤသို့လျှင် ''ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်''(ဝိတက္ကဝိစာရာနံ ဂူပသမာ) ဟူသောစကားသည် ဝိတက်,ဝိစာရမရှိခြင်းကိုလည်း ထင်ရှားပြ၏။ ဝိတက်,ဝိစာရမရှိခြင်း၏အကြောင်းကိုလည်း ထင်ရှားပြ၏။ ''ဝိတက်မရှိ,ဝိစာရမရှိ'' (အဝိတက္ကံ အဝိစာရံ) ဟူသောစကားသည် ဝိတက်,ဝိစာရမရှိခြင်းမျှကိုသာ ပြ၏။ ထို့ကြောင့် ''ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်''(ဝိတက္ကဝိစာရာနံ ဂူပသမာ) ဟူသောရှေ့စကားကို ဟောတော်မူပြီးဖြစ်ပါလျက် ''ဝိတက်မရှိ,ဝိစာရမရှိ'' (အဝိတက္ကံ အဝိစာရံ) ဟူသောနောက်စကားကို ထပ်၍ ဟောတော်မူရခြင်း ဖြစ်ပါသည်။ (စည်ပ။ ၄၂၁-၄၂၂)

သမာဓိ-စျာန်

ပထမစျာန်သည် ယှဉ်ဖော်ယှဉ်ဖက်သမာဓိကြောင့် ဖြစ်သည်မှန်သော်လည်း တုန်လှုပ်ချောက်ချားတတ်သော ဝိတက်,ဝိစာရတို့ ရှိနေသေး၏။ ဒုတိယစျာန်ကား တုန်လှုပ်ချောက်ချားတတ်သော ဝိတက်,ဝိစာရတို့မှလည်း ကင်း၏။ ထို့ပြင် ဒုတိယစျာန်၌ရှိသော သမာဓိသည် သဒ္ဓါနှင့်အဖော်ရသဖြင့် အလွန်ကြည်လင်မှုလည်း ရှိ၏။ ဤသို့ ဒုတိယစျာန်၏ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းခြင်းအကျိုးငှာ ဒုတိယ

စာနှ်ကို ''သမာဓိကြောင့်ဖြစ်သောစာနှ်''(သမာဓိဇ-စာနှ်)ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

ဒုတိယစာနှ် မည်ပုံ

ရေတွက်ခြင်းအစဉ်အားဖြင့် နှစ်ခုမြောက်ဖြစ်သောကြောင့်လည်းကောင်း၊ ဤစာနှ်ကို နှစ်ကြိမ်မြောက်ဝင်စားအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း 'ဒုတိယ'မည်၏။

ပထဝီကသိုဏ်းအာရုံကို ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ရုန်သူ နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း 'စာနှ်' မည်၏။ ဤနှစ်ပါးတို့ကို ပေါင်း၍ ''ဒုတိယစာနှ်''ဟုခေါ်ခြင်း ဖြစ်သည်။

အင်္ဂါနှစ်ပါးကိုပယ်၍ အင်္ဂါသုံးပါးနှင့်ပြည့်စုံသော ဒုတိယစာနှ်

ပထမစာနှ်၏ ဥပစာရခဏ၌ နီဝရဏတို့ကို ပယ်ကုန်သကဲ့သို့ ဤဒုတိယ စာနှ်၏ ဥပစာရခဏ၌ ဝိတက်,ဝိစာရတို့ကို ပယ်အပ်ကုန်သည် မဟုတ်။ အမှန် စင်စစ်၊ ဒုတိယစာနှ်၏ အပ္ပနာခဏ၌သာလျှင် ဝိတက်,ဝိစာရကင်းနေခြင်း ဖြစ်သည်။ ထို့ကြောင့် ဝိတက်,ဝိစာရနှစ်ပါးသည် ဒုတိယစာနှ်၏ ပယ်အပ်သောအင်္ဂါများ ဖြစ်၏။ ပီတိ, သုခ,ဧကဂ္ဂတာ အင်္ဂါသုံးပါးဖြစ်သောကြောင့် ယင်းတရားတို့သည် ဤဒုတိယစာနှ် ၏ ပြည့်စုံသောအင်္ဂါများ ဖြစ်၏။

ထို့ကြောင့် ဒုတိယစာနှ်သည် အင်္ဂါနှစ်ပါးကိုပယ်၍ အင်္ဂါသုံးပါးနှင့်ပြည့်စုံသောစာနှ် မည်ပါသည်။

—

၇။ တတိယစျာန်ဖြစ်ပုံ

မန္ဒပုဂ္ဂိုလ် ➤ နဒမကံဥလုံဂေါတ-စျာန် ဘဝင်....
၁ ၂ ၃ ၄ (၅)

တိက္ခပုဂ္ဂိုလ် ➤ နဒမ*ဥလုံဂေါတ-စျာန် ဘဝင်....
၁ ၂ ၃ (၄)

ဒုတိယစျာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုဒုတိယစျာန်ကို ဝသီဘော်ငါးပါးဖြင့် ကျွမ်းကျင်နိုင်နင်းစေပြီးလျှင် ယင်းဒုတိယစျာန်မှထ၍ -

(က) ဒုတိယစျာန်သည် ဝိတက်,ဝိစာရဟူသော ရုန်သူနှင့်နီးကပ်၏-ဟူ၍လည်းကောင်း၊ ပီတိသည် ရုန့်ရင်းကြမ်းတမ်းသောကြောင့် စျာန်အင်္ဂါအားနည်း၏ဟူ၍လည်းကောင်း ဒုတိယစျာန်၏အပြစ်ကို မြင်ရမည်။

(ခ) တတိယစျာန်ကို ငြိမ်သက်သောတရားဟု နှလုံးသွင်းဆင်ခြင်၍ ချီးမွမ်းရမည်။

ဤသို့ ဒုတိယစျာန်၏အပြစ်ကိုရှု၊ တတိယစျာန်ကို ချီးမွမ်းပြီးလျှင် တတိယစျာန်ရရန်အတွက် ဘာဝနာကို ဆက်လက်အားထုတ်ရမည်။ ထိုသို့အားထုတ်နေစဉ်သတိ,သမ္မဇဉ်နှင့်ပြည့်စုံလျက် စျာန်အင်္ဂါတို့ကို ဆင်ခြင်သည်ရှိသော်-ပီတိသည် ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်လာ၏။ သုခ,ကေဂ္ဂတာတို့သည် ငြိမ်သက်သောအားဖြင့် ထင်လာကုန်၏။

ထိုသို့ထင်လာသည့်အခါ ရုန့်ရင်းသောအင်္ဂါကို ပယ်ခြင်းအကျိုးငှာ, ငြိမ်သက်သောအင်္ဂါကိုရခြင်းအကျိုးငှာ ပထဝီကသိုဏ်းလျှင်အာရုံရှိသော ပဋိဘာဂနိမိတ်ကို "ပထဝီ,ပထဝီ" စသည်ဖြင့် ကြိမ်ဖန်များစွာ နှလုံးသွင်းဆင်ခြင်သည်ရှိသော် အဃက်ပါ ဝိထိပုံစံအရ ပထမစျာန်ဥစိုခဲ့သည့်အတိုင်း တတိယစျာန်ကို ရရှိလေ၏။

စာနကထာအဖွင့်

ပါဠိတော် သေ ဝိတိယာ စ ဝိရာဂါ [၁] ဥပေက္ခကော စ ဝိဟရတိ [၂] သတော စ သမ္မာနော [၃] သုခဉ္စ ကာယေန ပဋိသံဝေဒေတိ [၄] ယံ တံ အရိယာ အာစိက္ခန္တိ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ' တိ [၅] တတိယံ စာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

မြန်မာပြန် ဤယောဂီပုဂ္ဂိုလ်သည်-

(၁) ဝိတိကိုလွန်မြောက်ခြင်းကြောင့် (၀၂)ဝိတိကိုစက်ဆုပ်ခြင်းကြောင့်,

(၂) လျစ်လျူရှုသည်ဖြစ်၍ ,

(၃) သတိရှိလျက် သမ္မဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံလျက် နေ၏။

(၄) ကာယိကသုခ,စေတသိကသုခကို ရူပကာယ,နာမကာယဖြင့် ခံစား၏။

(၅) တတိယစာန်နှင့်ပြည့်စုံသော ထိုပုဂ္ဂိုလ်ကို ယင်းတတိယစာန်ကြောင့် ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် "လျစ်လျူရှုသူ ,သတိရှိသူ ,ချမ်းသာစွာနေလေ့ရှိသူ" ဟုပြောဆို ချီးမွမ်းကြကုန်၏။ ဤသို့လျှင် တတိယစာန်နှင့် ပြည့်စုံလျက် နေ၏။

ဤသို့နေသောယောဂီပုဂ္ဂိုလ်သည် အင်္ဂါတစ်ပါးကို ပယ်ပြီး၊ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံ၍ ကောင်းခြင်းသုံးပါး, လက္ခဏာဆယ်ပါးနှင့်ပြည့်စုံလျက် ပထဝီကသိဏ်းကိုအာရုံပြုသော "တတိယစာန်ရသောပုဂ္ဂိုလ်" ဖြစ်သည်။

ဝိတိယာ စ ဝိရာဂါ-ပုဒ်အဖွင့်

"ဝိတိယာ စ ဝိရာဂါ" ဟူသောစကားရပ်၌ 'ဝိတိယာ'နှင့်'ဝိရာဂါ'နှစ်ခုတို့၏ ကြား၌ရှိသော စ-သဒ္ဒါသည် ပေါင်းစည်းခြင်း(သမ္ပိဏ္ဍန)အနက် ရှိ၏။ ယင်း စ-သဒ္ဒါသည် ဝိတိကို ငြိမ်းစေခြင်းကိုလည်း ပေါင်းစည်းပေး၏။ ဝိတက်,ဝိစာရတို့ကို ငြိမ်းစေခြင်းကိုလည်း ပေါင်းစည်းပေး၏။ ထိုပေါင်းစည်းမှုနှစ်မျိုးတွင်-

(က) ဝိတိကို ငြိမ်းစေခြင်းကို ပေါင်းစည်းပေးသည့်အခါ၌ "ဝိတိယာ စ ဝိရာဂါ" ဟူသောစကားရပ်ကို "ဝိတိယာ=ဝိတိကို၊ ဝိရာဂါ စ=စက်ဆုပ်ခြင်းကြောင့်လည်းကောင်း၊ ဝိတိယာ=ဝိတိ၏။ ဂုပသမာ စ=ငြိမ်းခြင်းကြောင့်လည်းကောင်း" ဟု အနက်ပေးရမည်။ ဤအနက်ပေးပုံ၌ ဝိရာဂသဒ္ဒါသည် စက်ဆုပ်ခြင်း(ဇိဂုစ္ဆန)အနက်အဓိပ္ပါယ် ရှိ၏။ (ဝိရာဂ=စက်ဆုပ်ခြင်း)

(ခ) ဝိတက်,ဝိစာရတို့ကို ငြိမ်းစေခြင်းကို ပေါင်းစည်းပေးသည့်အခါ၌ ''ဝိတိယာ စ ဝိရာဂါ'' ဟူသောစကားရပ်ကို ''ဝိတိယာ=ဝိတိကို၊ ဝိရာဂါ စ= လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ဝိတက္ကဝိစာရာနံ= ဝိတက်,ဝိစာရတို့ကို၊ ဂူပသမာ စ=ငြိမ်းစေခြင်းကြောင့်လည်းကောင်း'' ဟု အနက်ပေးရမည်။ ဤအနက်ပေးပုံ၌ ဝိရာဂသဒ္ဒါသည် လွန်မြောက်ခြင်း(သမတိက္ကမန)အနက် အဓိပ္ပါယ် ရှိ၏။ (ဝိရာဂ=လွန်မြောက်ခြင်း)

စောဒနာ နှင့် ဖြေရှင်းချက်

စောဒနာ - ဝိတက်,ဝိစာရတို့သည် ဒုတိယစျာန်၌ ငြိမ်းစေခဲ့ပြီးဖြစ်ပါလျက် အဘယ်ကြောင့် ဤတတိယစျာန်၌ စ-သဒ္ဒါဖြင့် ပေါင်းစည်း၍ ''ဝိတက်,ဝိစာရတို့ကို ငြိမ်းစေခြင်းကြောင့်'' ဟု တစ်ဖန်ထပ်၍ ဆိုရပါသနည်း?

- စ-သဒ္ဒါဖြင့် ''ဝိတက်,ဝိစာတို့ကို ငြိမ်းစေခြင်းကြောင့်'' ဟု ပေါင်းစည်း၍ဆိုသဖြင့် အဘယ်အကျိုးရှိပါသနည်း?

ဖြေရှင်းချက် - ဝိတက်,ဝိစာရတို့သည် ဒုတိယစျာန်၌ ငြိမ်းစေခဲ့ပြီးဖြစ်ပါသော်လည်း တတိယစျာန်၏ လမ်းကြောင်းကိုပြခြင်း(မဂ္ဂပရဒီပန)အကျိုးငှာလည်းကောင်း၊ တတိယစျာန်၏ ဂုဏ်ကိုချီးမွမ်းခြင်း(ဝဏ္ဏဘဏန)အကျိုးငှာလည်းကောင်း ''ဝိတက်,ဝိစာရတို့ကို ငြိမ်းစေခြင်းကြောင့်'' ဟူသောစကားကို ထပ်၍ဆိုရခြင်း ဖြစ်ပါသည်။

ထိုစကား မှန်၏။ ''ဝိတက်,ဝိစာရတို့ကို ငြိမ်းစေခြင်းကြောင့်'' ဟု ဆိုလိုက်သဖြင့် ဝိတက်,ဝိစာရတို့၏ ငြိမ်းခြင်းသည် တတိယစျာန်၏လမ်းကြောင်း အစစ်အမှန်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသွားတော့၏။

ဥပမာ- တတိယအရိယာမဂ်သည် ပယ်အပ်သောတရားမဟုတ်သော်လည်း သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ,ကာမရာဂ,ပဋိဃ-တရားငါးပါးတို့ကို ''ပဉ္စန္နံ သြရမ္ဘာဂိယာနံ သညောဇနာနံ ပဟာနာယ= သြရမ္ဘာဂိယသံယောဇဉ်ငါးပါးတို့ကို ပယ်ခြင်းကြောင့်'' ဟု ဟောတော်မူလိုက်သဖြင့် ထိုတတိယအရိယာမဂ်ကို ချီးမွမ်းရာလည်း ရောက်၏။ ထိုတတိယအရိယာမဂ်ကို ရရန်အားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်အား အားတက်သရော အားထုတ်လိုခြင်းကိုလည်း ဖြစ်စေ၏။

ဤဥပမာနှင့်အလားတူစွာပင် တတိယစျာန်၌ ဝိတက်,ဝိစာရတို့ငြိမ်းကြသည်မဟုတ်သော်လည်း ''ဝိတက်,ဝိစာရတို့ကို ငြိမ်းစေခြင်းကြောင့်'' ဟုဆိုလိုက်

သဖြင့် ယင်းတတိယစျာန်၏ ဂုဏ်ကိုချီးမွမ်းရာ ရောက်ပေ၏။ ထို့ကြောင့် ''ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်'' ဟူသောစကားကို စ-သဒ္ဒါဖြင့် ပေါင်းစည်းလျက် တစ်ဖန်ထပ်၍ဆိုရခြင်း ဖြစ်ပါသည်။ (စည်၁။ ၄၂၅-၄၂၆)

ဥပေက္ခာ မည်ပုံ

အသင့်အားဖြင့်ရှုတတ်သောကြောင့် 'ဥပေက္ခာ' မည်၏။ ဆိုလိုသည်မှာ-သုခ,ဒုက္ခတို့တွင် မည်သည့်ဖက်သို့မျှမကျရောက်ဘဲ အညီအမျှအလယ်အလတ် ရှုတတ်သည့်သဘောကို ဆိုလိုခြင်းဖြစ်သည်။

တတိယစျာန်ရသူကို လျစ်လျူရှုသူ-ဟု ဟောရခြင်းအကြောင်း

ညစ်ညူးကြောင်း သံကိလေသကင်းသဖြင့် စင်ကြယ်သန့်ရှင်းသည့် ဥပေက္ခာနှင့်ပြည့်စုံသောကြောင့်လည်းကောင်း၊ မဟဂ္ဂုတ်အဖြစ်သို့ရောက်သဖြင့် ကြီးကျယ်ပြန့်ပြောသည့် ဥပေက္ခာနှင့်ပြည့်စုံသောကြောင့်လည်းကောင်း၊ ဝိတိကင်းသဖြင့် မြဲမြံခိုင်ခဲ့သည်၏အစွမ်းသို့ရောက်သော ဥပေက္ခာနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်လည်းကောင်း တတိယစျာန်ရသူ(တတိယဈာနလာဘီပုဂ္ဂိုလ်)ကို 'လျစ်လျူရှုသူ' (ဥပေက္ခကပုဂ္ဂိုလ်)ဟုဟောတော်မူခြင်း ဖြစ်ပါသည်။

ဥပေက္ခာ ၁၀-ပါး

(၁) ဆဠင်္ဂုပေက္ခာ
(၂) ဗြဟ္မဝိဟာရုပေက္ခာ
(၃) ဗောဇ္ဈင်္ဂုပေက္ခာ
(၄) ဝိရိယုပေက္ခာ
(၅) သခါရုပေက္ခာ
(၆) ဝေဒနုပေက္ခာ
(၇) ဝိပဿနုပေက္ခာ
(၈) တတြမဇ္ဈတ္တုပေက္ခာ
(၉) ဈာနုပေက္ခာ
(၁၀) ပါရိသုဒ္ဓုပေက္ခာ

၁။ ဆဠင်္ဂုပေက္ခာ

''ရဟန်းတို့..ဤသာသနာတော်၌ မျက်စိဖြင့် အဆင်းကိုမြင်လျှင် ဝမ်းမြောက်မှုလည်းမဖြစ်, စိတ်မချမ်းသာမှုလည်းမဖြစ်, သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏'' ဟုဟောတော်မူသော ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ဣဋ္ဌာရုံဖြစ်စေ, အနိဋ္ဌာရုံဖြစ်စေ အာရုံခြောက်ပါးထင်လာလျှင် ထက်ဝန်းကျင်စင်ကြယ်ခြင်းဟူသော ပင်ကိုယ်သဘောကို မစွန့်သောအခြင်းအရာအားဖြင့်ဖြစ်သော ဥပေက္ခာသည် ဆဠင်္ဂုပေက္ခာ မည်၏။

၂။ ဗြဟ္မဝိဟာရပေက္ခာ

"ဥပေက္ခာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ= ဥပေက္ခာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ဖြန့်၍ နေ၏"-၌လာရှိသည့် သတ္တဝါတို့၌ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိ၏-ဟု အလယ်အလတ်ရှုမြင်ခြင်းအားဖြင့်ဖြစ်သော ဥပေက္ခာသည် ဗြဟ္မဝိဟာရပေက္ခာ မည်၏။

၃။ ဗောဇ္ဈင်္ဂပေက္ခာ

"ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ ဘာဝေတိ ဝိဝေကနိဿိတံ= ဝိဝေကကိုမှီသော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂကို ပွားစေ၏"-၌လာရှိသည့် အတူတကွဖြစ်ဖက် သဟဇာတ်တရားတို့၏ အလယ်အလတ်သဘောရှိသော အခြင်းအရာအားဖြင့်ဖြစ်သော ဥပေက္ခာသည် ဗောဇ္ဈင်္ဂပေက္ခာ မည်၏။

၄။ ဝီရိယုပေက္ခာ

"ကာလေနကာလံ ဥပေက္ခာနိမိတ္တံ မနသိကရောတိ= ရံဖန်ရံခါ ဥပေက္ခာနိမိတ်ကို နှလုံးသွင်း၏"-ဟု၌လာရှိသည့် မတင်းလွန်း,မလျော့လွန်းသည့် အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယဟုဆိုအပ်သော ဥပေက္ခာသည် ဝီရိယုပေက္ခာ မည်၏။

၅။ သခါရုပေက္ခာ

"ရှစ်ပါးသော သခါရုပေက္ခာတို့သည် သမထ၏အစွမ်းဖြင့် ဖြစ်ကုန်၏။ ဆယ်ပါးသော သခါရုပေက္ခာတို့သည် ဝိပဿနာ၏အစွမ်းဖြင့် ဖြစ်ကုန်၏"-၌လာရှိသည့် နိဝရဏစသည်တို့ကို ရှုဆင်ခြင်၍ ကောင်းစွာတည်သော ယူခြင်း၌အလယ်အလတ်သဘောအားဖြင့်ဖြစ်သော ဥပေက္ခာသည် သခါရုပေက္ခာ မည်၏။

၆။ ဝေဒနုပေက္ခာ

"ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ= အကြင်အခါ၌ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်၏"-၌လာရှိသည့် ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ် ဟုမှတ်အပ်သော ဥပေက္ခာသည် ဝေဒနုပေက္ခာ မည်၏။

၇။ ဝိပဿနုပေက္ခာ

"ယဒတ္ထိ. ယံ ဘူတံ၊ တံ ပဇဟတိ၊ ဥပေက္ခံ ပဋိလဘတိ= အကြင်တရားသဘောသည် ရှိ၏။ အကြင် ခန္ဓာငါးပါးအပေါင်းသည် ဖြစ်ပေါ်၏။ ထိုခန္ဓာ

ငါးပါးအပေါင်းကို ပယ်စွန့်၏။ ထိုသို့ ခန္ဓာငါးပါးအပေါင်းကို ပယ်စွန့်သောသူသည် လျစ်လျူရှုခြင်း ဉပေက္ခာကို ရ၏''-၌ ဟောတော်မူသော ဆင်ခြင်သုံးသပ်ခြင်း၌ အလယ်အလတ်သဘောဖြစ်သော ဉပေက္ခာသည် ဝိပဿနုပေက္ခာ မည်၏။

၈။ တတြမဇ္ဈတ္တုပေက္ခာ

ယေ ဝါ ပန-သဒ္ဒါဖြင့်လာသော ဆန္ဒအစရှိသောတရားတို့၌ လာရှိသည့် အတူတကွဖြစ်ဖက် သဟဇာတ်တရားတို့ကို အညီအမျှဆောင်တတ်သော ဉပေက္ခာသည် တတြမဇ္ဈတ္တုပေက္ခာ မည်၏။

၉။ စျာနုပေက္ခာ

''ဉပေက္ခကော စ ဝိဟရတိ= လျစ်လျူရှု၍လည်း နေ၏''ဟုဟောတော်မူသော မြတ်သောချမ်းသာပင်ဖြစ်စေကာမူ ထိုတတိယစျာန်သုခ၌ တစ်ဖက်စွန်းသို့ မကျသောဉပေက္ခာသည် စျာနုပေက္ခာ မည်၏။

၁၀။ ပါရိသုဒ္ဓုပေက္ခာ

''ဉပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ စျာနံ= ဉပေက္ခာကြောင့် သတိ၏လုံးဝ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်ကို''-၌ ဟောတော်မူသော ဆန့်ကျင်ဘက်တရား အားလုံးမှ လုံးဝစင်ကြယ်သော, ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းအေးစေခြင်း၌ လည်း ကြောင့်ကြစိုက်ခြင်းမရှိသော ဉပေက္ခာသည် ပါရိသုဒ္ဓုပေက္ခာ မည်၏။

တရားကိုယ်တူသော်လည်း အမည်ကွဲပြားရခြင်းအကြောင်း

ဤဉပေက္ခာ ၁၀-ပါးတို့တွင် ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂ-ပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ စျာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာဟူသော ဉပေက္ခာ ၆-ပါးသည် သရုပ်တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တုပေက္ခာ တစ်မျိုးတည်းသာ ဖြစ်၏။ ထိုသို့ သရုပ်တရားကိုယ်အားဖြင့် တူညီကြသော်လည်း ထိုထိုအခိုက်အတန့် ၌ဖြစ်ခြင်းအထူးအားဖြင့် တတြမဇ္ဈတ္တုပေက္ခာတစ်မျိုးတည်းကပင် ဆဠင်္ဂုပေက္ခာ စသည်ဖြင့် အမျိုးမျိုးကွဲပြားသွားခြင်း ဖြစ်၏။

ဥပမာ-လူတစ်ယောက်တည်းပင်ဖြစ်သော်လည်း လူငယ်, လူပျို, လူကြီး, စစ်သူကြီး, မင်းစသည်ဖြင့် အချိန်အခါ, အလုပ်အကိုင်ကို အကြောင်းပြု၍ ခေါ်ဝေါ်သည့်အမည် အမျိုးမျိုးအဖုံဖုံ ကွဲပြားသကဲ့သို့ ဖြစ်ချေ၏။ (စည်၁။ ၄၃၃)

ဆဋ္ဌဂုံပေကွန်နှင့် ဟေဏ္ဍဂုံပေကွာ ထူးခြားမှု

ဥပေက္ခာ ၁၀-ပါးတို့တွင် ဆဋ္ဌဂုံပေကွန်နှင့်ဟေဏ္ဍဂုံပေကွာတို့သည် ထူးခြားသော ဥပေက္ခာများ ဖြစ်၏။ ဆဋ္ဌဂုံပေကွာရှိသောစိတ်၌ ဟေဏ္ဍဂုံပေကွာစသည်တို့ မရှိကြပေ။ ထို့အတူ ဟေဏ္ဍဂုံပေကွာရှိသောစိတ်၌လည်း ဆဋ္ဌဂုံပေကွာစသည်တို့ မရှိကြပေ။

သခ်ါရုပေကွာနှင့် ဝိပဿနုပေကွာ ထူးခြားမှု

ဥပေက္ခာ၁၀-ပါးတို့တွင် သခ်ါရုပေကွာနှင့် ဝိပဿနုပေကွာတို့သည် သရုပ်တရားကိုယ်အားဖြင့် ပညာတစ်ပါးတည်းသာဖြစ်၍ တူညီကြသော်လည်း ဆောင်ရွက်သည့် လုပ်ငန်းကိစ္စမတူညီသောကြောင့် အမည်နှစ်မျိုးကွဲပြားနေခြင်း ဖြစ်၏။

ဥပမာ- ညနေချမ်းအခါ၌ အိမ်အတွင်းသို့ဝင်လာသည့် မြွေတစ်ကောင်ကို တောင်ဝှေးကိုယူ၍ လိုက်လံရှာဖွေသော ယောကျ်ားသည် မြွေလဲလျောင်းနေသည်ကို တွေ့မြင်သောအခါ မြွေဟုတ်,မဟုတ် စူးစမ်းကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုစဉ် မြွေ၏လည်ရေးသုံးဆင့်ကို တွေ့မြင်သဖြင့် မြွေမှန်းသိ၍ ယုံမှားသံသယကင်းပျောက်သွားပြီး ထိုမြွေကို မြွေဟုတ်,မဟုတ် ဆက်လက်စူးစမ်းစရာ မလိုတော့ဘဲ လျစ်လျူရှုသကဲ့သို့ ထို့အတူ ဝိပဿနာအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်လည်း ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးကိုတွေ့မြင်သဖြင့် သခ်ါရတို့၏မမြဲခြင်းစသည်ကို တွေ့မြင်လေ၏။ ထိုအခါ သခ်ါရတို့ကို ဆက်လက်စူးစမ်းစရာ မလိုတော့ဘဲ လျစ်လျူရှုလျက် နေ၏။ ဤသို့လျစ်လျူရှုခြင်းကိစ္စကို ဆောင်ရွက်ရာဇာဉ်၌ ''ဝိပဿနုပေကွာ'' ဟုအမည်ရခြင်း ဖြစ်သည်။

ထို့နောက် မြွေကိုတွေ့မြင်ပြီး မိမိအိမ်အတွင်း၌ မနေစေလိုသဖြင့် တောင်ဝှေးကိုယူ၍ မြွေကို မြဲမြံစွာဖိထောက်ပြီး ''ဤမြွေကိုလည်း မသေစေဘဲ, ငါ့ကိုလည်း မကိုက်စေဘဲ အဘယ်သို့ လွှတ်ရပါမည်နည်း'' ဟု လွှတ်ရမည့်နည်းလမ်းကို စဉ်းစားဆင်ခြင်နေစဉ် ထိုယောကျ်ားသည် မြွေကို လျစ်လျူရှုနေသကဲ့သို့ ထို့အတူ လက္ခဏာရေးသုံးပါးအပေါင်းကို ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်ပြီး မီးဟုန်းဟုန်း တောက်လောင်နေသည့်အိမ်တို့ကို တွေ့မြင်ရသည့်ပမာ ဘုံသုံးပါးတို့ကို တွေ့မြင်သော ယောဂီပုဂ္ဂိုလ်အား သခ်ါရတို့၌ စွဲလန်းခြင်းမရှိတော့ဘဲ လျစ်လျူရှုလျက် နေ၏။ ဤသို့လျစ်လျူရှုခြင်းကိစ္စကို ဆောင်ရွက်ရာဇာဉ်၌ ''သခ်ါရုပေကွာ'' ဟုအမည်ရခြင်း ဖြစ်သည်။

အထူးမှတ်ရန်မှာ ဝိပဿနုပေကွာကိစ္စပြီးစီးလျှင် သခ်ါရုပေကွာကိစ္စလည်း ပြီးစီး၏။ သို့သော်လည်း ပညာသည် သခ်ါရတို့၏မမြဲခြင်းစသည်ကို စူးစမ်း

ဆင်ခြင်ခြင်း(ဝိစိနန)၌လျစ်လျူရှုခြင်း နှင့် သခ်ါရတို့၌စွဲလန်းခြင်း(ဂဟဏ)ကို လျစ်လျူရှုခြင်း-ဟူ၍ ကိစ္စနှစ်မျိုးရှိကြောင်း သိမှတ်ရပါမည်။

ယူရမည့်ဥပေက္ခာ

"ဥပေက္ခကော စ ဝိဟရတိ= လျစ်လျူရှု၍လည်း နေ၏" ဟူသောစကား ရပ်၌ပါဝင်သော ဥပေက္ခာ-အရ ဥပေက္ခာ ၁၀-ပါးတို့တွင် ကိုးခုမြောက်ဖြစ်သော 'ဈာနုပေက္ခာ'ကို ယူရပါမည်။

ဈာနုပေက္ခာ၏ လက္ခဏာစသည်

ဈာနုပေက္ခာသည် -

- လျစ်လျူရှုခြင်းလက္ခဏာ ရှိ၏။
- မွန်မြတ်သော တတိယဈာန်သုခ၌သော်လည်း နှလုံးမသွင်းခြင်းကိစ္စ ရှိ၏။
- မွန်မြတ်သော သုခကိုသော်လည်း ခံစားရန် ကြောင့်ကြစိုက်ခြင်းမရှိသောတရားဟု ဉာဏ်အားရွေးရွူထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
- ပီတိကို စက်ဆုပ်ခြင်းလျှင် နီးသောအကြောင်းပဒဋ္ဌာန် ရှိ၏။

ဥပေက္ခကော စ ဝိဟရတိ-ဟု ဟောရခြင်း အကြောင်း

ပထမဈာန်၊ ဒုတိယဈာန်တို့၌ ဝိတက်,ဝိစာရ,ပီတိတို့ လွှမ်းမိုးသောကြောင့် ထိုဈာန်တို့၌ရှိသော တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စသည် ထင်ရှားပေါ်လွင်မှု မရှိပေ။ တတိယဈာန်၌ကား ဝိတက်,ဝိစာရ,ပီတိတို့၏ လွှမ်းမိုးမှုမရှိတော့သဖြင့် တတြမဇ္ဈတ္တုပေက္ခာသည် ခေါင်းထောင်ထလာသကဲ့သို့ ဖြစ်ပေါ်လာသဖြင့် တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စသည်လည်း ထင်ရှားပေါ်လွင်လာပါသည်။ ထို့ကြောင့် ပထမဈာန်၊ ဒုတိယဈာန်တို့၌ "ဥပေက္ခကော စ ဝိဟရတိ" ဟု ဟောတော်မမူဘဲ တတိယဈာန်ရောက်မှသာ တတြမဇ္ဈတ္တုပေက္ခာကို ရည်ရွယ်၍ "ဥပေက္ခကော စ ဝိဟရတိ = လျစ်လျူရှုလျက်လည်း နေ၏" ဟု ဟောတော်မူရခြင်း ဖြစ်ပါသည်။

သတော စ သမ္မဇာနော-အဖွင့်

သတိအကြောင်း

အမှတ်ရတတ်သောကြောင့် 'သတိ'မည်၏။ (ဝါ)အမှတ်ရခြင်း, အောက်မေ့ခြင်းသည် သတိမည်၏။ ထိုသတိသည်-

- အမှတ်ရခြင်း လက္ခဏာရှိ၏။
- မမေ့ခြင်း ကိစ္စရှိ၏။

- ကိလေသာတို့မှ စောင့်ရှောက်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

သမ္မဇဉ္ဉအကြောင်း

မှန်ကန်စွာ အပြားအားဖြင့် သိတတ်သောကြောင့် 'သမ္မဇဉ်' မည်၏။ (၀၊) ဆင်ခြင်ဉာဏ်ရှိခြင်းသည် 'သမ္မဇဉ်' မည်၏။ ယင်းသမ္မဇဉ်တရားသည်-

- မတွေမဝေ မှန်ကန်စွာသိမြင်ခြင်းလက္ခဏာ ရှိ၏။
- ကိစ္စပြီးဆုံးခြင်းဟူသော တစ်ဖက်ကမ်းသို့ရောက်အောင် ကူးခပ်ခြင်းဟူသော ဆုံးဖြတ်ခြင်းကိစ္စ ရှိ၏။
- စူးစမ်းဆင်ခြင်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

စောဒနာ နှင့် ဖြေရှင်းချက်

စောဒနာ - ပထမစျာန်,ဒုတိယစျာန်တို့၌လည်း သတိ,သမ္မဇဉ်ရှိပါလျက် အဘယ်ကြောင့် ထိုစျာန်တို့၌ သတိ,သမ္မဇဉ်ကို "သတော စ သမ္မဇာနော" ဟုအထူးပြု၍ မဟောခဲ့ပါသနည်း?

- ပထမစျာန်,ဒုတိယစျာန်တို့၌လည်း သတိ,သမ္မဇဉ်ရှိပါလျက် အဘယ်ကြောင့် တတိယစျာန်၌သာ "သတော စ သမ္မဇာနော" ဟု သတိ,သမ္မဇဉ်ကို အထူးပြု၍ ဟောရပါသနည်း?

ဖြေရှင်းချက် - သတိလွတ်၍ သမ္မဇဉ်ဉာဏ်မရှိသူသည် အပွနာစျာန်ကို မဆိုထား ဘိ ဥပစာရစျာန်မျှကိုပင် မရနိုင်ပေ။ သို့ဖြစ်၍ ပထမစျာန်, ဒုတိယစျာန်တို့၌ သတိ,သမ္မဇဉ်ကား ရှိနေပါ၏။ သတိ,သမ္မဇဉ်ရှိသောကြောင့်သာ ပထမစျာန်,ဒုတိယစျာန်ကိုရခြင်း ဖြစ်သည်။ သို့သော် ယင်းစျာန်တို့၏ ရန့်ရင်းကြမ်း တမ်းမှုကြောင့် မြေအပြင်၌ လမ်းသွားသောသူသည် လွယ်ကူစွာသွားနိုင်သကဲ့သို့ ထို့အတူ ထိုစျာန်တို့၌ စိတ်၏ဖြစ်ခြင်းသည် လွယ်ကူသဖြင့် ထိုစျာန်တို့၌ရှိသော သတိ,သမ္မဇဉ်ကိစ္စသည် မထင်ရှားမပေါ်လွင်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ပထမ စျာန်,ဒုတိယစျာန်တို့၌ သတိ,သမ္မဇဉ်တို့ရှိနေစေကာမူ "သတော စ သမ္မဇာနော" ဟု အထူးပြု၍ ဟောတော်မမူခြင်း ဖြစ်သည်။

တတိယစျာန်မှာမူကား ရန့်ရင်းကြမ်းတမ်းသောအင်္ဂါတို့ကို ပယ်သဖြင့် သိမ်မွေ့နူးညံ့ခြင်းကြောင့် ပထမစျာန်,ဒုတိယစျာန်တို့ထက်စာလျှင် ရရှိရန် အလွန် ခဲယဉ်း၏။ ဥပမာ- ထက်လှသည့်သင်တုန်းဓားများခင်းထားသော လမ်းမပေါ်၌ လျှောက်သောသူသည် သတိ,သမ္မဇဉ်ဖြင့် ဂရုတစိုက် လျှောက်လှမ်းရသကဲ့သို့

ထို့အတူ သတိ,သမ္မဇဉ်တရားများရှိမှသာလျှင် ထိုတတိယစျာန်စိတ်သည် ဖြစ်ပေါ်နိုင်ပေ၏။ ထို့ကြောင့် တတိယစျာန်၌သာ သတိ,သမ္မဇဉ်ကို ''သတော စ သမ္မဇာနော= သတိ, သမ္မဇဉ်ရှိလျက်လည်း'' ဟု အထူးပြု၍ ဟောတော်မူခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် မိခင်နွားမကြီးမှ နို့ခွဲထားသည့် နို့စို့အရွယ် နွားငယ်လေးကို စောင့်ရှောက်ထိန်းသိမ်းမှုကို ပြုအပ်၏။ ထိုသို့မပြုလျှင် မိခင်နွားမကြီးထံသို့သာ ပြန်သွားလေ့ရှိသကဲ့သို့ ထို့အတူ ဤတတိယစျာန်၌ရှိသော သုခကို ပီတိမှ ခွဲခွါထားအပ်၏။ သို့သော် ယင်းပီတိမှ ခွဲခွါထားသောသုခကို သတိ,သမ္မဇဉ်ဖြင့် စောင့်ရှောက်ထိန်းသိမ်းမှု မပြုလျှင် ပီတိသို့သာ တစ်ဖန်ပြန်၍ ကပ်ယှဉ်လေရာ၏။ ထို့ကြောင့် တတိယစျာန်၌ ''သတော စ သမ္မဇာနော= သတိ,သမ္မဇဉ်ရှိလျက်လည်း'' ဟူ၍ ဟောတော်မူရခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် သတ္တဝါတို့သည် ချမ်းသာခြင်း သုခသဘောကို လွန်စွာလိုလား တပ်မက်ကြ၏။ တတိယစျာန်၌ရှိသော သုခသည် လောကီချမ်းသာတို့တွင် အကောင်းဆုံး,အမွန်မြတ်ဆုံး ချမ်းသာသုခမျိုး ဖြစ်၏။ ထိုတတိယစျာန်၌ရှိသော ချမ်းသာသုခထက် ကောင်းမွန်သော ချမ်းသာသုခမည်သည် မရှိတော့ပေ။ သတိ, သမ္မဇဉ်၏အစွမ်းဖြင့်သာ ထိုတတိယစျာန်ချမ်းသာသုခ၌ တပ်မက်မှုကို ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် တတိယစျာန်၌ ''သတော စ သမ္မဇာနော= သတိ,သမ္မဇဉ်ရှိလျက်လည်း'' ဟူ၍ဟောတော်မူခြင်း ဖြစ်ပါသည်။ (စည်၊ ၄၃၆-၄၃၇)

သုခဿ ကာယေန ပဋိသံဝေဒေတိ-ဟု ဟောတော်မူခြင်းအကြောင်း

တတိယစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား သုခကိုခံစားမည်-ဟူသော နှလုံးသွင်းမှုမျိုးမည်သည် မရှိပေ။ သို့သော်လည်း ထိုတတိယစျာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိ၏နာမကာယနှင့်ယှဉ်သည့် စေတသိကသုခကိုမူ ခံစားပေ၏။

တစ်နည်းအားဖြင့် နာမကာယနှင့်ယှဉ်သည့်သုခကြောင့်ဖြစ်သာ အလွန်ကောင်းမြတ်သည့်စိတ္တဇရုပ်ဖြင့် တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ တိဇကာယကို ပျံ့နှံ့ထိတွေ့စေအပ်၏။ ဤသို့ တိဇကာယကိုပျံ့နှံ့ထိတွေ့ခြင်းကြောင့် စျာန်မှထသောအခါ၌လည်း ကာယိကသုခကို ခံစားရာရောက်ပြန်၏။

ဤသို့လျှင် စေတသိကသုခ, ကာယိကသုခကိုခံစားခြင်း-ဟုဆိုအပ်သော အနက်အဓိပ္ပါယ်ကို ပြတော်မူလိုသောကြောင့် ''သုခဿ ကာယေန ပဋိသံဝေဒေတိ'' ဟုဟောတော်မူခြင်း ဖြစ်သည်။

ယံ တံ အရိယာ အာစိက္ခန္တိ
'ဥပေက္ခကော သတိမာ သုခဝိဟာရီ'
ပုဒ်အဖွင့်

ဤအဖွင့်၌ ယင်းတတိယစျာန်ဟူသော အကြောင်းကြောင့် ထိုတတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းကြကုန်၏။ ချီးမွမ်းပုံမှာ- "ဥပေက္ခကော သတိမာ သုခဝိဟာရီ= တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် လျစ်လျူရှုသူ(ဥပေက္ခက)ဖြစ်၏။ သတိရှိသူ(သတိမာ) ဖြစ်၏။ ချမ်းသာစွာနေလေ့ရှိသူ(သုခဝိဟာရီ) ဖြစ်၏" ဟူ၍ ဖြစ်၏။

မှတ်ချက်။ "အာစိက္ခန္တိ=ချီးမွမ်းကြကုန်၏" ဟူသည်မှာ ဒေသေန္တိ=ဟောကြားကုန်၏၊ ပညာပေန္တိ=အပြားအားဖြင့် သိစေကုန်၏၊ ပဋ္ဌပေန္တိ=ထားကုန်၏၊ ဝိဝရန္တိ=ဖော်ပြကုန်၏၊ ဝိဘဇန္တိ=ဝေဖန်ကုန်၏၊ ဥတ္တာနီကရောန္တိ=ပေါ်လွင်အောင်ပြုကုန်၏၊ ပကာသေန္တိ=ထင်ရှားပြကုန်၏၊ ပသံသန္တိ= ချီးမွမ်းကုန်၏-ဟုဆိုလိုကြောင်း အဋ္ဌကထာ၌ ထပ်၍ဖွင့်ပြ၏။ (ဝိသုဒ္ဓိ၁။၁၅၀)

စောဒနာ နှင့် ဖြေရှင်းချက်

စောဒနာ - ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို အဘယ်ကြောင့် ချီးမွမ်းတော်မူကြပါသနည်း?

ဖြေရှင်းချက် - ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ချီးမွမ်းထိုက်သောပုဂ္ဂိုလ်ဖြစ်သောကြောင့် ချီးမွမ်းတော်မူကြခြင်း ဖြစ်၏။

မှန်၏၊ တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် အလွန်ကောင်းမြတ်သောချမ်းသာရှိ၍ ထိုချမ်းသာ၏ အထွတ်အထိပ်သို့ရောက်သော တတိယစျာန်ကိုသော်မှလည်း လျစ်လျူရှုနိုင်၏။ ချမ်းသာ၌ကပ်ငြိသောတဏှာသည် တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို မဆွဲဆောင်နိုင်ပေ။ ထို့ပြင် ဝိတိမဖြစ်ပေါ်အောင် သတိထင်သောကြောင့် သတိနှင့်လည်းပြည့်စုံပေ၏။ အရိယာတို့နှစ်သက်အပ်သော, အရိယာသူတော်ကောင်းတို့ မှီဝဲအပ်သည်သာလျှင်ဖြစ်သော, ညစ်နွမ်းခြင်းမရှိသော ချမ်းသာကိုလည်း နာမကာယဖြင့် ခံစားပေ၏။ ဤအကြောင်းသုံးမျိုးတို့ကြောင့် တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ချီးမွမ်းထိုက်သောပုဂ္ဂိုလ် ဖြစ်၏။ ဤသို့လျှင် ချီးမွမ်းခြင်း၏ အကြောင်းဖြစ်သောဂုဏ်တို့ကို ထင်ရှားပြလိုသည်၏အဖြစ်ကြောင့် "ဥပေက္ခကော သတိမာ သုခဝိဟာရီ" ဟူ၍ ချီးမွမ်းတော်မူကြခြင်း ဖြစ်သည်။

တတိယစျာန်မည်ပုံ

ရေတွက်ခြင်းအစဉ်အားဖြင့် သုံးခုမြောက်ဖြစ်သောကြောင့်လည်းကောင်း၊ ဤစျာန်ကို သုံးကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်းကောင်း 'တတိယ' မည်၏။

ပထဝီကသိုဏ်းအာရုံကို ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ရုန်သူ နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း 'စျာန်' မည်၏။ ဤနှစ်ပါးတို့ကိုပေါင်း၍ "တတိယစျာန်" ဟုခေါ်ခြင်း ဖြစ်သည်။

အင်္ဂါတစ်ပါးကိုပယ်၍ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောစျာန်

ဒုတိယစျာန်၏အပွနာခဏ၌ ဝိတက်,ဝိစာရတို့ကို ပယ်အပ်ကုန်သကဲ့သို့ ဤတတိယစျာန်၏ အပွနာခဏ၌လည်း ဝိတိကိုပယ်အပ်သောကြောင့် ဝိတိသည် တတိယစျာန်၏ ပယ်အပ်သောအင်္ဂါတစ်ပါး ဖြစ်၏။ ဤတတိယစျာန်၌ သုခ, ကေဂ္ဂတာတို့ဖြစ်သောကြောင့် ယင်းတရားနှစ်ပါးသည် တတိယစျာန်၏ ပြည့်စုံသောအင်္ဂါနှစ်ပါး ဖြစ်ပါသည်။

၈။ စတုတ္ထစျာန်ဖြစ်ပုံ

မန္ဒပုဂ္ဂိုလ် ➤ နဒမ ကံဥလုံ ဂေါစ-စျာန် ဘဝင်....
၁ ၂ ၃ ၄ ⑤

တိက္ခပုဂ္ဂိုလ် ➤ နဒမ *ဥလုံ ဂေါစ-စျာန် ဘဝင်....
၁ ၂ ၃ ⑤

တတိယစျာန်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုတတိယစျာန်ကို ဝသီဘော်ငါးပါးဖြင့် ကျွမ်းကျင်နိုင်နင်းစေပြီးလျှင် ယင်းတတိယစျာန်မှထ၍ -

(က) တတိယစျာန်သည် ပီတိဟူသော ရန်သူနှင့်နီးကပ်၏-ဟူ၍လည်းကောင်း၊ သုခသည် ရန်ရင်းကြမ်းတမ်းသောကြောင့် စျာန်အင်္ဂါအားနည်း၏ဟူ၍လည်းကောင်း တတိယစျာန်၏အပြစ်ကို မြင်ရမည်။

(ခ) စတုတ္ထစျာန်ကို ငြိမ်သက်သောတရားဟု နှလုံးသွင်းဆင်ခြင်၍ ချီးမွမ်းရမည်။

ဤသို့ တတိယစျာန်၏အပြစ်ကိုရှု၊ စတုတ္ထစျာန်ကို ချီးမွမ်းပြီးလျှင် စတုတ္ထစျာန်ရရန်အတွက် ဘာဝနာကို ဆက်လက်အားထုတ်ရမည်။ ထိုသို့အားထုတ်နေစဉ်သတိ,သမ္မဇဉ်နှင့်ပြည့်စုံလျက် စျာန်အင်္ဂါတို့ကို ဆင်ခြင်သည်ရှိသော်-သုခသည် ရှုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်လာ၏။ ဥပေက္ခာ,ဧကဂ္ဂတာတို့သည် ငြိမ်သက်သောအားဖြင့် ထင်လာကုန်၏။

ထိုသို့ထင်လာသည့်အခါ ရှုန့်ရင်းသောအင်္ဂါကို ပယ်ခြင်းအကျိုးငှာ, ငြိမ်သက်သောအင်္ဂါကိုရခြင်းအကျိုးငှာ ပထဝီကသိုဏ်းလျှင်အာရုံရှိသော ပဋိဘာဂနိမိတ်ကို "ပထဝီ,ပထဝီ" စသည်ဖြင့် ကြိမ်ဖန်များစွာ နှလုံးသွင်းဆင်ခြင်သည်ရှိသော် အထက်ပါ ဝိထိပုံစံအရ ပထမစျာန်၌ဆိုခဲ့သည့်အတိုင်း စတုတ္ထစျာန်ကို ရရှိလေ၏။

ဥပေက္ခာဝေဒနာနှင့်ယှဉ်ခြင်း အကြောင်း

သုခဝေဒနာသည် ဥပေက္ခာဝေဒနာအား အာသေဝနပစ္စည်းဖြင့် ကျေးဇူးမပြုသောကြောင့်လည်းကောင်း၊ စတုတ္ထဈာန်၌ ဥပေက္ခာဝေဒနာသည် ဖြစ်သင့်သောကြောင့်လည်းကောင်း ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူဟူသော ကာမာဝစရဇောနှင့် စတုတ္ထဈာန်ဟူသော အပွနာဇောတို့၌ ဥပေက္ခာဝေဒနာနှင့်ယှဉ်ခြင်း ဖြစ်ပါသည်။ ဤသို့ ဥပေက္ခာဝေဒနာနှင့်ယှဉ်သောကြောင့် စတုတ္ထဈာန်၌ ပီတိယုတ်လျော့ခြင်း ဖြစ်ပါသည်။

ဈာနကထာအဖွင့်

<u>ပါဠိတော်</u> သေ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ [၁]
ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ [၂]
အဒုက္ခမသုခံ [၃] ဥပေက္ခာသတိပါရိသုဒ္ဓိံ [၄]
စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

<u>မြန်မာပြန်</u> ဤယောဂီပုဂ္ဂိုလ်သည် -
(၁) ရှေးဦးမဆွကပင် သုခကိုလည်း ပယ်ခြင်းကြောင့်, ဒုက္ခကိုလည်း ပယ်ခြင်းကြောင့်,
(၂) ရှေးဦးမဆွကပင် သောမနဿနှင့် ဒေါမနဿတို့၏လည်း ချုပ်ငြိမ်းခြင်းကြောင့် ,
(၃) ဆင်းရဲ,ချမ်းသာနှစ်မျိုးကင်းသော,
(၄) ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ လုံးဝစင်ကြယ်မှုရှိသော, စတုတ္ထဈာန်နှင့် ပြည့်စုံလျက်နေ၏။

ဤသို့နေသော ယောဂီပုဂ္ဂိုလ်သည် အင်္ဂါတစ်ပါးကို ပယ်ပြီး၊ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံ၍ ကောင်းခြင်းသုံးပါး,လက္ခဏာဆယ်ပါးနှင့်ပြည့်စုံလျက် ပထဝီကသိုဏ်းကိုအာရုံပြုသော "စတုတ္ထဈာန်ရသောပုဂ္ဂိုလ်" ဖြစ်သည်။

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဒ်အဖွင့်

"သုခဿ စ=သုခကိုလည်း၊ ပဟာနာ=ပယ်ခြင်းကြောင့်၊ ဒုက္ခဿ စ= ဒုက္ခကိုလည်း၊ ပဟာနာ=ပယ်ခြင်းကြောင့်" ဟူသောစကားရပ်၌ သုခကိုပယ်ခြင်း

ဟူသည် ကာယိကသုခကင်းခြင်းကို ဆိုလိုပြီး၊ ဒုက္ခကိုပယ်ခြင်းဟူသည် ကာယိက ဒုက္ခကင်းခြင်းကို ဆိုလိုပါသည်။ ဤသို့ သုခ,ဒုက္ခကို ပယ်ရာ၌လည်း စတုတ္ထစျာန် ခဏ၌ ပယ်ခြင်းမဟုတ်ဘဲ ရှေးဦးမဆွကပင် ပယ်ခဲ့ခြင်း၏အဖြစ်ကို 'ပုဗ္ဗေဝ'ဟူ သောစကားရပ်ဖြင့် ပြပါသည်။

ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ ပုဒ်အဖွင့်

"ပုဗ္ဗေဝ=ရှေးဦးမဆွကပင်၊ သောမနဿဒေါမနဿာနံ= သောမနဿ, ဒေါမနဿတို့၏၊ အတ္ထင်္ဂမာ=ချုပ်ခြင်းကြောင့်" ဟူသောစကားရပ်၌ သောမနဿ ချုပ်ခြင်းဟူသည် စေတသိကသုခချုပ်ခြင်းကို ဆိုလိုပြီး၊ ဒေါမနဿချုပ်ခြင်းဟူသည် စေတသိကဒုက္ခချုပ်ခြင်းကို ဆိုလိုပါသည်။

ဤနှစ်ပါးချုပ်ခြင်းသည်လည်း စတုတ္ထစျာန်ခဏရောက်မှ ချုပ်ခြင်းမဟုတ်ဘဲ ရှေးဦးမဆွကပင် ချုပ်ခဲ့ပြီးဖြစ်၏။ ဤနေရာ၌ 'ချုပ်ခြင်း' ဆိုသည်မှာ 'ပယ်ခြင်း' ကိုပင် ဆိုလို၏။

<u>ဝေဒနာ ၄-ပါးပယ်ပုံ</u>

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ-ဟူသော ဝေဒနာလေးပါးလုံးကို စျာန်လေးပါးတို့၏ ဥပစာခဏ၌ ပယ်ပါသည်။

သောမနဿဝေဒနာကို စတုတ္ထစျာန်၏ ဥပစာခဏ၌ ပယ်ပြီး၊ ဒုက္ခဝေဒနာ၊ ဒေါမနဿဝေဒနာနှင့် သုခဝေဒနာတို့ကို ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန် တို့၏ ဥပစာခဏ၌ ပယ်ပါသည်။

<u>ဝေဒနာချုပ်ပုံကို စျာန်တို့၌သာ ဟောခြင်းအကြောင်း</u>

ဝေဒနာတို့သည် ဥပစာခဏ၌ ချုပ်သည်မှန်သော်လည်း အလွန်အကဲ ချုပ်ခြင်းကြောင့် စျာန်တို့၌သာဝေဒနာချုပ်ပုံကို ဟောတော်မူခြင်း ဖြစ်သည်။

ထိုစကား မှန်၏၊ ပထမစျာန်စသည်တို့၌ သုခ,ဒုက္ခစသောဝေဒနာတို့ ချုပ်ပုံသည် ချုပ်သည်ဆိုရုံမျှ မဟုတ်ဘဲ အလွန်အကဲချုပ်ခြင်း ဖြစ်၏။ ဥပစာခဏ၌ ဝေဒနာတို့ချုပ်ပုံသည် ချုပ်သည်ဆိုရုံမျှသာချုပ်ပြီး အလွန်အကဲချုပ်ခြင်း မဟုတ်ပေ။ ထို့ကြောင့် ဝေဒနာချုပ်ခြင်းကို ဥပစာခဏ၌မဟောဘဲ စျာန်တို့၌သာ ဟောတော်မူထားခြင်း ဖြစ်ပါသည်။

ထပ်၍ ရှင်းပြရသော်- အာဝဇ္ဇန်းကွပ်ကဲသော ပထမစျာန်၏ ဥပစာခဏ၌ ဒုက္ခန္ဒြေချုပ်သည်မှန်သော်လည်း မှက်,ခြင်စသည်တို့၏ အတွေ့ကြောင့်ဖြစ်စေ၊ မည်

မည္သူတ်သောထိုင်ခြင်းကြောင့်ဖြစ်စေ၊ ပူလောင်ပင်ပန်းခြင်းကြောင့်ဖြစ်စေ ဒုက္ခိန္ဒြေ ဖြစ်နိုင်ရာ၏။ သို့သော် အပွနာခဏ(စျာန်ခဏ)၌ကား ဒုက္ခိန္ဒြေသည် လုံးဝ မဖြစ်နိုင်ပါ။

တစ်နည်းအားဖြင့် ဒုက္ခိန္ဒြေသည် ဥပစာခဏ၌ ဆန့်ကျင်ဘက်တရားက မပယ်ရသေးသောကြောင့် ချုပ်စေကာမူ ကောင်းစွာချုပ်သည် မဟုတ်ပေ။ စျာန်ခဏ၌ကား ပီတိ၏ပျံ့နှံ့ခြင်းကြောင့် (ဝါ)ပီတိကြောင့်ဖြစ်သော ရုပ်ကောင်းရုပ်နှုတို့က ကိုယ်ကိုပျံ့နှံ့ခြင်းကြောင့် သုခသည် ကိုယ်ကို ပျံ့နှံ့လျက်ရှိနေ၏။ ကိုယ်ကို သုခသက်ဝင်၍ ပျံ့နှံ့သောသူအား ဒုက္ခိန္ဒြေသည် ကောင်းစွာချုပ်၏။ အဘယ်ကြောင့် ဆိုသော် ဆန့်ကျင်ဘက်တရားက ပယ်သတ်ထားပြီးဖြစ်သောကြောင့် ဖြစ်၏။

ထို့ပြင် အာဝဇ္ဇန်းကွဲပြားသော ဒုတိယစျာန်၏ဥပစာခဏ၌ ဒေါမနဿိန္ဒြေ ချုပ်သည်မှန်သော်လည်း ဝိတက်,ဝိစာရကြောင့်ဖြစ်သော ကိုယ်ပင်ပန်းခြင်း,စိတ်ပင်ပန်းခြင်းရှိလျှင် ဒေါမနဿိန္ဒြေ ဖြစ်နိုင်ရာ၏။ ဝိတက်,ဝိစာရမရှိလျှင် မဖြစ်ပေါ်နိုင်ပေ။ ထိုဒုတိယစျာန်၏ဥပစာခဏ၌ ဝိတက်,ဝိစာရတို့ကို မပယ်ရသေးသောကြောင့် ဒေါမနဿိန္ဒြေ ဖြစ်နိုင်ရာ၏။ ဒုတိယစျာန်၏အပွနာခဏ၌ကား ဒေါမနဿိန္ဒြေ ဖြစ်ခြင်း၏အကြောင်းဖြစ်သော ဝိတက်,ဝိစာရတို့ကို ပယ်ပြီးဖြစ်သာကြောင့် ဒေါမနဿိန္ဒြေ လုံးဝမဖြစ်နိုင်တော့ပေ။

တတိယစျာန်၏ဥပစာခဏ၌ သုခိန္ဒြေချုပ်သည်မှန်သော်လည်း ပီတိကြောင့်ဖြစ်သော ရုပ်ကောင်းရုပ်နှုတို့ဖြင့် ပျံ့နှံ့ထိတွေ့သော ကိုယ်ရှိသောသူအား သုခိန္ဒြေ ဖြစ်နိုင်ရာ၏။ အပွနာခဏ၌ကား ကာယိကသုခ၏အကြောင်းဖြစ်သော ပီတိသည် အလုံးစုံချုပ်ပြီးဖြစ်သောကြောင့် သုခိန္ဒြေသည် လုံးဝမဖြစ်နိုင်တော့ပေ။

စတုတ္ထစျာန်၏ဥပစာခဏ၌ သောမနဿိန္ဒြေကို ပယ်ပြီးဖြစ်စေကာမူ ပီတိကဲ့သို့မဝေးဘဲ နီးကပ်သောကြောင့်လည်းကောင်း၊ အပွနာသို့ရောက်သော ဥပေက္ခာမရှိသဖြင့် ကောင်းစွာ မလွန်သေးသောကြောင့်လည်းကောင်း သောမနဿိန္ဒြေ ဖြစ်နိုင်ရာ၏။ စတုတ္ထစျာန်၏ အပွနာခဏ၌ကား သောမနဿိန္ဒြေသည် လုံးဝ မဖြစ်နိုင်တော့သည်သာ ဖြစ်၏။ (စည်၁။ ၄၄၆-၄၄၉)

ဝေဒနာပယ်ပုံကို စတုတ္ထစျာန်ရောက်မှ ပေါင်း၍ဟောရခြင်းအကြောင်း

ဤသို့ စျာန်လေးပါးတို့၏ ဥပစာခဏ၌ ဝေဒနာတို့ကို အသီးသီးပယ်ခဲ့သော်လည်း ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်တို့၌ ဝေဒနာပယ်ပုံအကြောင်းကို ဟောတော်မမူခဲ့ပေ။ စတုတ္ထစျာန်သို့ ရောက်သောအခါမှသာ မှတ်ယူလွယ်စေခြင်းအကျိုးငှာ ဝေဒနာပယ်ပုံကို ပေါင်း၍ဟောတော်မူထား၏။

ထိုစကားကို ရှင်းပြရသော် -

"အဒုက္ခမသုခံ" ဟူသောစကားရပ်၌ ယူရသည့် ဥပေက္ခာဝေဒနာသည်အလွန်သိမ်မွေ့၏။ သိရန် အလွန်ခက်ခဲ၏။ ဉာဏ်ဖြင့် လွယ်ကူစွာ မှတ်သားခြင်းငှာ မစွမ်းနိုင်ပေ။ ဥပမာ-မည်သို့မျှ ချဉ်းကပ်၍မရ, ဖမ်းယူ၍မရဖြစ်နေသော အလွန်ရိုင်းစိုင်းသည့်နွားကို လွယ်ကူစွာ ဖမ်းယူနိုင်ရန်အတွက် နွားကျောင်းသားသည် နွားခြံတစ်ခုအတွင်းသို့ နွားအားလုံးကို မောင်းသွင်းပြီး တစ်ကောင်စီပြန်ထုတ်သော နည်းဖြင့် နွားရိုင်းကို ဖမ်းယူသကဲ့သို့ ထို့အတူ ဉာဏ်ဖြင့် လွယ်ကူစွာ ဖမ်းယူမှတ်သားနိုင်စေခြင်းအကျိုးငှာ ဝေဒနာအားလုံးကို စတုတ္ထစျာန်ရောက်မှသာ စုပေါင်း၍ ဟောတော်မူရခြင်း ဖြစ်ပါသည်။

ဝေဒနာပယ်ပုံကို စတုတ္ထစျာန်၌ ပေါင်း၍ဟောရခြင်းအကျိုး

ဤသို့ ဝေဒနာပယ်ပုံကို စတုတ္ထစျာန်၌ ပေါင်း၍ဟောတော်မူသဖြင့် ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော၊ ဒေါမနဿလည်းမဟုတ်, သောမနဿလည်းမဟုတ်သော သဘောတရားသည် ဥပေက္ခာဝေဒနာပင် ဖြစ်၏-ဟု လွယ်ကူစွာသိနိုင်ခြင်း အကျိုးရှိပါသည်။

တစ်နည်းအားဖြင့် ဒုက္ခလည်းမဟုတ်,သုခလည်းမဟုတ်သော၊ ဒေါမနဿလည်းမဟုတ်, သောမနဿလည်းမဟုတ်သော သဘောတရားဖြစ်သည့် ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စတုတ္ထစျာန်စိတ်သည် စိတ်၏ဆန့်ကျင်ဘက်တရားတို့မှ လွတ်ကြောင်းဖြစ်သည့် သမာပတ်တရား၏အကြောင်းဖြစ်သည်ကို ထင်ရှားဖော်ပြခြင်း အကျိုးရှိပါသည်။ ထိုစကားကို ထပ်၍ရှင်းလင်းရသော် -

ဒုက္ခကိုပယ်တတ်သော ဥပစာနှင့်တကွ ပထမစျာန်စသည်တို့သည် စတုတ္ထစျာန်၏ စိတ်၏ဆန့်ကျင်ဘက်တို့မှ လွတ်ကြောင်းဖြစ်သော "စေတော ဝိမုတ္တိ" ကို ရခြင်း၏အကြောင်း ဖြစ်၏။ စေတောဝိမုတ္တိရကြောင်း သာဓကစကားရပ်မှာ-

> "ဘဂဝါမဟာကောဋ္ဌိက...ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သည့် ဝေဒနာရှိသော စိတ်၏ဆန့်ကျင်ဘက်တို့မှ လွတ်ကြောင်းဖြစ်သော စတုတ္ထစျာန် သမာပတ်၏အကြောင်းတို့သည် လေးပါးတို့ပေတည်း။ ဘဂဝါမဟာကောဋ္ဌိက...ဤသာသနာတော်၌ ရဟန်းသည် သုခကိုလည်း ပယ်ခြင်းကြောင့်(ပ)စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏။ ဘဂဝါမဟာကောဋ္ဌိက...၊ ဒုက္ခလည်းမဟုတ်,သုခလည်းမဟုတ်သည့် ဝေဒနာရှိသော စိတ်၏ဆန့်ကျင်ဘက်တို့မှလွတ်ကြောင်းဖြစ်သော စတုတ္ထစျာန် သမာပတ်၏ အကြောင်းတို့သည် ဤလေးပါးတို့ပေတည်း။"

ဟု အရှင်သာရိပုတ္တရာထေရ် ဟောတော်မူသည့်စကားရပ် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် သက္ကာယဒိဋ္ဌိစသည်တို့ကို အောက်မဂ်တို့၌ ပယ်ပြီးဖြစ်စေကာမူ တတိယမဂ်၏ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းခြင်းငှာ ထိုတတိယမဂ်၌ ပယ်အပ်ကုန်၏-ဟုဆိုသကဲ့သို့ ထို့အတူ ဤစတုတ္ထစျာန်၏ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းခြင်းအကျိုးငှာ ဝေဒနာပယ်ပုံကို ဤစတုတ္ထစျာန်၌ စုပေါင်း၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် စတုတ္ထစျာန်၌ အကြောင်းကိုပယ်သတ်ခြင်းဖြင့် ရာဂနှင့် ဒေါသတို့၏ အလွန်ဝေးကွာခြင်းကို ပြခြင်းအကျိုးငှာ ဝေဒနာပယ်ပုံကို စတုတ္ထစျာန်၌ စုပေါင်း၍ ဟောတော်မူခြင်း ဖြစ်ပါသည်။ ထိုစကားမှန်၏။ ဝေဒနာတို့တွင် သုခသည် သောမနဿ၏အကြောင်း ဖြစ်၏။ သောမနဿသည် ရာဂ၏အကြောင်း ဖြစ်၏။ ဒုက္ခသည် ဒေါမနဿ၏အကြောင်း ဖြစ်၏။ ဒေါမနဿသည် ဒေါသ၏ အကြောင်း ဖြစ်၏။ သို့ဖြစ်၍ စတုတ္ထစျာန်သည် သုခစသည်တို့ကို ပယ်သတ်ခြင်းဖြင့် အကြောင်းနှင့်တကွဖြစ်သော ရာဂ,ဒေါသတို့ကို ပယ်သတ်ပြီးဖြစ်သောကြောင့် အလွန်ဝေးကွာခြင်း ဖြစ်ပါသည်။ (စည်၁၁။ ၄၅၀-၄၅၂)

အဒုက္ခမသုခံ ပုဒ်အဖွင့်

"အဒုက္ခမသုခံ=ဒုက္ခလည်းမဟုတ်,သုခလည်းမဟုတ်သော (ဝါ)ဆင်းရဲ,ချမ်းသာနှစ်မျိုးကင်းသော" ဟူသောစကားရပ်၌ ဒုက္ခမရှိခြင်းကြောင့် 'အဒုက္ခ' မည်၏။ ထို့အတူ သုခမရှိခြင်းကြောင့် 'အသုခ' မည်၏-ဟုမှတ်ရမည်။

ဤ"အဒုက္ခမသုခံ" ဟူသောစကားရပ်ဖြင့် စတုတ္ထစျာန်၌ ဒုက္ခဝေဒနာနှင့် သုခဝေဒနာတို့၏ မရှိခြင်းမျှကိုသာမကဘဲ ဒုက္ခနှင့်သုခတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တတိယဝေဒနာကိုလည်း ပြပါသည်။

ဤနေရာ၌ တတိယဝေဒနာဆိုသည်မှာ- အဒုက္ခမသုခဝေဒနာ (ဥပေက္ခာဝေဒနာ)ကို ခေါ်၏။ ယင်းဝေဒနာကို 'ဌပေတွာ ဝေဒနာ' ဟုလည်း ခေါ်ပါသည်။

<u>လက္ခဏာစသည်</u>

ဤ အဒုက္ခမသုခဝေဒနာသည် -

- ဣဋ္ဌာရုံ,အနိဋ္ဌာရုံတို့မှ အပြန်အားဖြင့် မကောင်း-မဆိုး အလယ်အလတ်အာရုံဟုဆိုအပ်သော မဇ္ဈတ္တာရုံကိုခံစားခြင်းလက္ခဏာ ရှိ၏။
- လျစ်လျူရှုခြင်းကိစ္စ ရှိ၏။

- သုခ,ဒုက္ခတို့ကဲ့သို့ မထင်ရှားသောတရားဟု ဉာဏ်အားရှေးရှုထင်ခြင်း ပစ္စုပ္ပန်ရှိ၏။
- သုခ၏ချုပ်ရာ စတုတ္ထဈာန်ဥပစာလျှင် နီးကပ်သောအကြောင်းပဒဋ္ဌာန် ရှိ၏။

ဥပေက္ခာသတိပါရိသုဒ္ဓိ

ပုဒ်အဖွင့်

"ဥပေက္ခာသတိပါရိသုဒ္ဓိ=ဥပေက္ခာကြောင့်ဖြစ်သောသတိ၏ လုံးဝ စင်ကြယ်ခြင်းရှိသော" ဟူသည်ကား- ဥပေက္ခာကြောင့် သတိစင်ကြယ်ပုံကို ဆိုလို၏။

ထိုစကားကို ရှင်းပြရသော်-

စတုတ္ထဈာန်၌ရှိသော သတိသည် အလွန်စင်ကြယ်သန့်ရှင်းသောတရား ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်- ထိုသတိတရား စင်ကြယ်သန့်ရှင်းရန်အတွက် ဥပေက္ခာက ဆောင်ရွက်ပေးခြင်းကြောင့် ဖြစ်သည်။ သတိစင်ကြယ်ရန်အတွက် ဥပေက္ခာမှတစ်ပါး အခြားမည်သည့်တရားကမျှ ဆောင်ရွက်ပေးသည် မဟုတ်ပေ။ ထို့ကြောင့် စတုတ္ထဈာန်စိတ်ကို "ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ လုံးဝစင်ကြယ်သန့်ရှင်းသောစာန်" (ဥပေက္ခာသတိပါရိသုဒ္ဓိစာန်)ဟု မှတ်ရမည်။

အမှန်စင်စစ်၊ စတုတ္ထဈာန်၌ ဥပေက္ခာကြောင့် သတိတစ်မျိုးတည်းသာ စင်ကြယ်သန့်ရှင်းသည် မဟုတ်ပေ။ သတိနှင့်ယှဉ်ဖော်ယှဉ်ဖက် တရားအားလုံးလည်း စင်ကြယ်သန့်ရှင်းသည်သာ ဖြစ်ကြ၏။ သို့သော်လည်း ဤနေရာ၌ သတိကိုသာ ခေါင်တပ်၍ ဒေသနာတော်ကို တန်ဆာဆင်သည့်အနေဖြင့် ဟောတော်မူထားခြင်း ဖြစ်၏။

အောက်စာန်တို့၌ သတိမစင်ကြယ်ရခြင်းအကြောင်း

စတုတ္ထဈာန်၌ သတိတရား ရှိနေသကဲ့သို့ ထို့အတူ အောက်စာန်သုံးပါး၌လည်း သတိတရား တည်ရှိနေသည်သာ ဖြစ်၏။ သို့သော် အောက်စာန်သုံးပါး၌ ရှိသော သတိသည် စတုတ္ထဈာန်၌ရှိသောသတိကဲ့သို့ မစင်ကြယ်ပေ။ မစင်ကြယ်ပုံကို ရှင်းပြရသည်ရှိသော်-

ဥပမာ- နွေအချိန်တွင် လရေးသည် ကောင်းကင်ထက်၌ ရှိနေ၏။ သို့သော် ယင်းလရေးသည် နေ၏အလင်းရောင် ရှိနေသောကြောင့်လည်းကောင်း၊ လနှင့် သဘောတူရာ ညဉ့်အခါမဟုတ်သောကြောင့်လည်းကောင်း နွေအခါ လရေးရှိနေပါလျက် လရောင်သည် မလင်းလက်နိုင်ဘဲဖြစ်နေ၏။ လရောင်မှိန်နေ၏။

ဤဥပမာနှင့်အလားတူစွာပင် အောက်ဈာန်သုံးပါး၌ တတြမဇ္ဈတ္တုပေက္ခာ တည်ရှိ၏။ သို့သော် ထိုတတြမဇ္ဈတ္တုပေက္ခာသည် အောက်ဈာန်သုံးပါးတို့၌ ဝိတက်စသောရန်သူတို့ ရှိနေသောကြောင့်လည်းကောင်း၊ တတြမဇ္ဈတ္တုပေက္ခာနှင့် သဘောတူရာ ဥပေက္ခာဝေဒနာမရှိသောကြောင့်လည်းကောင်း မစင်ကြယ်ခြင်းဖြစ်သည်။ တတြမဇ္ဈတ္တုပေက္ခာ မစင်ကြယ်လျှင် ယင်းနှင့်အတူတကွဖြစ်နေသော သတိသည်လည်း ထက်ဝန်းကျင် မစင်ကြယ်သည်သာ ဖြစ်၏။ ထို့ကြောင့် အောက်ဈာန်သုံးပါးတို့၌ သတိရှိပါလျက် ယင်းသတိသည် မစင်ကြယ်ရခြင်း ဖြစ်၏။

ဥပမာ-ဥပမေယျ နှိုင်းယှဉ်ချက်

ဥပမာ	ဥပမေယျ
- နေ့အခါ၌ လရေး ရှိ၏။	= အောက်ဈာန်သုံးပါး၌ တတြမဇ္ဈတ္တုပေက္ခာ ရှိ၏။
- သို့သော် လရောင်မှိန်၏။ အဘယ်ကြောင့် မှိန်သနည်း ?	= သို့သော် တတြမဇ္ဈတ္တုပေက္ခာ မစင်ကြယ်ပေ။ အဘယ်ကြောင့် မစင်ကြယ်သနည်း?
- နေ့အခါ၌ နေရောင်ရှိသောကြောင့် လည်းကောင်း၊ - လနှင့်သဘောတူရာ ညဉ့်အခါ မဟုတ်သောကြောင့်လည်းကောင်း - လရောင်မှိန်ခြင်း ဖြစ်၏။	= အောက်ဈာန်သုံးပါး၌ ဝိတက်စသော ရန်သူတို့ ရှိသောကြောင့်လည်းကောင်း၊ = တတြမဇ္ဈတ္တုပေက္ခာနှင့်သဘော တူရာ ဥပေက္ခာဝေဒနာမရှိသော ကြောင့်လည်းကောင်း = တတြမဇ္ဈတ္တုပေက္ခာ မစင်ကြယ်ခြင်း ဖြစ်၏။
- လရောင် မှိန်လျှင် နေ့အခါ၌ လရောင် မရှိနိုင်။	= တတြမဇ္ဈတ္တုပေက္ခာ မစင်ကြယ်လျှင် အောက်ဈာန်သုံးပါး၌ သတိမစင်ကြယ်နိုင်။

စတုတ္ထစျာန်၌ သတိစင်ကြယ်ခြင်း အကြောင်း

စတုတ္ထစျာန်၌ ဝိတက်စသောရန်သူတို့ လွှမ်းမိုးနှိပ်စက်ခြင်းမရှိသောကြောင့်လည်းကောင်း၊ လရောင်၏သဘောတူရာ ညဉ့်ဟူသော ဥပေက္ခာဝေဒနာကိုရရှိသောကြောင့်လည်းကောင်း လရေးဟူသော တတြမဇ္ဈတ္တုပေက္ခာသည် စင်ကြယ်၏။ တတြမဇ္ဈတ္တုပေက္ခာ စင်ကြယ်သဖြင့် ထက်ဝန်းကျင်စင်ကြယ်သော လရေး၏ အရောင်ကဲ့သို့ တတြမဇ္ဈတ္တုပေက္ခာနှင့်အတူဖြစ်ဖက် သတိစသည်တို့သည်လည်း ထက်ဝန်းကျင်စင်ကြယ်၍ ပြိုးပြိုးပြက်ပြက် တောက်ပကြခြင်း ဖြစ်သည်။ဤသို့ သတိစသည်တို့၏ ထက်ဝန်းကျင်စင်ကြယ်၍ ပြိုးပြိုးပြက်ပြက် တောက်ပကြခြင်း နှင့်ပတ်သက်၍ ဝိဘင်းကျမ်း၌ ဤသို့ဟောတော်မူ၏။

> "အယံ သတိ ဣမာယ ဥပေက္ခာယ ဝိသဒါ ဟောတိ ပရိသုဒ္ဓါ ပရိယောဒါတာ။ တေန ဝုစ္စတိ ဥပေက္ခာသတိပါရိသုဒ္ဓီတိ= ဤသတိသည် ဤဥပေက္ခာကြောင့် သန့်ရှင်း၏။ လုံးဝစင်ကြယ်၏။ ပြိုးပြိုးပြက်ပြက် ဖြူစင်တောက်ပ၏။ ထို့ကြောင့် ဥပေက္ခာသတိ-ပါရိသုဒ္ဓိ-ဟူ၍ ဆိုအပ်၏။"

စတုတ္ထစျာန် မည်ပုံ

ရေတွက်ခြင်းအစဉ်အားဖြင့် လေးခုမြောက်ဖြစ်သောကြောင့်လည်းကောင်း၊ ဤစျာန်ကို လေးကြိမ်မြောက် ဝင်စားအပ်သောကြောင့်လည်းကောင်း 'စတုတ္ထ' မည်၏။

ပထဝီကသိုဏ်းအာရုံကို ကပ်၍ရှုတတ်သောကြောင့်လည်းကောင်း၊ ရုန်သူ နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်လည်းကောင်း 'စျာန်' မည်၏။ ဤနှစ်ပါးကိုပေါင်း၍ "စတုတ္ထစျာန်" ဟုခေါ်ခြင်း ဖြစ်သည်။

အင်္ဂါတစ်ပါးကိုပယ်၍ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောစျာန်

သောမနဿဝေဒနာကို တစ်ဝိထိတည်းဝယ် ရှေ့ဖော်၍ပယ်အပ်ပြီးဖြစ်သောကြောင့် သောမနဿသည် စတုတ္ထစျာန်၏ ပယ်အပ်သောအင်္ဂါတစ်ပါး ဖြစ်၏။ ဤစတုတ္ထစျာန်၌ ဥပေက္ခာနှင့် ဧကဂ္ဂတာတို့ဖြစ်သောကြောင့် ယင်းတရား နှစ်ပါးသည် စတုတ္ထစျာန်၏ ပြည့်စုံသောအင်္ဂါနှစ်ပါး ဖြစ်၏။

ပထဝီကသိုဏ်းပွားများရခြင်း အကျိုး

ပထဝီကသိုဏ်း၏အစွမ်းဖြင့် တစ်ယောက်တည်းက အများဖြစ်နိုင်ခြင်း၊ ကောင်းကင်,ရေပြင်၌ မြေပြင်ကဲ့သို့ ဖန်ဆင်း၍ သွားနိုင်ခြင်း၊ ရပ်တည်နိုင်ခြင်း၊ ထိုင်နိုင်ခြင်း၊ လျောင်းစက်နိုင်ခြင်းတို့ကို ပြုလုပ်နိုင်၏။ ထို့ပြင် ပရိတ္တ, အပွမာဏနည်းဖြင့် အဘိဘာယတနကို ရခြင်းစသည်တို့ကို ပြီးမြောက်ခြင်းအကျိုးတို့ကို ရရှိပါ သည်။

မှတ်ချက်။ ဉာဏ်ကြီးသူဖြစ်၍ ပရိတ္တအာရုံ၊ အပွမာဏအာရုံကို နှိပ်စက်၍ သမာပတ်ဝင်စားခြင်းသည် "အဘိဘာယတန" မည်၏။ ပဋိဘာဂနိမိတ်ထင်သည်နှင့်တစ်ပြိုင်နက် ဈာန်ရခြင်းကို ဆိုလို၏။

ပထဝီကသိဏ နိဒ္ဒေသ ပြီး၏။

သေသကသိကာ
နိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ပါလ"
တာသာရေးညီအာကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

သေသ ကသိဏ
နိဒ္ဒေသ

၂။ အာပေါကသိဏ်းဝေဒနာ

အဓိကာရဘာဝနာ ရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ် ရှိသော ယောဂီပုဂ္ဂိုလ်အား လေးထောင့်ကန့်ဋ္ဌဖြစ်စေ, တစ်ဘက်ဆည်ကန့်ဋ္ဌဖြစ်စေ, ဆားကျင်းခေါ်ရေငန်အိုင်ဋ္ဌဖြစ်စေ, ပင်လယ်သမုဒ္ဒရာဋ္ဌဖြစ်စေ ပြုပြင်စီရင်ထားခြင်းမရှိသောရေတို့၌ နိမိတ်ဖြစ်ပေါ်နိုင်၏။

သာဓကအဖြစ်ဖော်ပြရသော်- စူဠသိဝအမည်ရှိသော မထေရ်တစ်ပါးသည် လာဘ်ပူဇော်သက္ကာရတို့ကို ပယ်စွန့်၍ ကင်းဆိတ်သောနေခြင်းဖြင့် နေမည်ဟု ရည်ရွယ်လျက် မဟာတိတ္ထအမည်ရှိသည့်သင်္ဘောဆိပ်မှ သင်္ဘောစီး၍ ဇမ္ဗုဒီပကျွန်းသို့ ကြွလေ၏။ ထိုမထေရ်သည် သမုဒ္ဒရာခရီးဋ္ဌ ရေပြင်ကိုကြည့်နေစဉ် ကြည့်ရာ အရပ်နှင့်ပုံတူဖြစ်သော အာပေါကသိဏ်းနိမိတ် ဖြစ်ပေါ်ခဲ့ဖူးသည်။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို မပြုခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် အညို, အရွှေ, အနီ, အဖြူဟူသော ကသိဏ်းအပြစ်လေးပါးမှလွတ်သောရေ၊ မြေပြင်သို့

မကျရောက်သေးသောရေ၊ အဝတ်သန့်သန့်ဖြင့် စစ်ယူထားသောရေ၊ အလွန်ကြည်လင်၍ မနောက်ကျသောရေတို့တွင် တစ်မျိုးမျိုးသောရေကို တစ်ထွာလက်လေးသစ်ခန့် အဝကျယ်၍ အစောက်နက်သော သပိတ်,ခွက်,ကရားအတွင်းသို့ အနားရစ်အထိ အပြည့်ထည့်ပြီးလျှင် "အာပေါ,အာပေါ" ဟူ၍လည်းကောင်း၊ "အမ္ဗု,အမ္ဗု" ဟူ၍လည်းကောင်း၊ "ဥဒက်,ဥဒက်" ဟူ၍လည်းကောင်း၊ "ဝါရိ,ဝါရိ" ဟူ၍လည်းကောင်း၊ "သလိလ်,သလိလ်" ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ရေ၏ထင်ရှားရာ အမည်တစ်မျိုးမျိုးကို ရွတ်ဆို၍ပွားများရမည်။

<u>အာပေါကသိုဏ်းပွားများရာ၌ သတိပြုရမည့်အချက်မှာ-</u>

ရေ၏အရောင်အဆင်းကို မဆင်ခြင်ရပေ။ ယိုစီးခြင်းလက္ခဏာကိုလည်း နှလုံးမသွင်းရပေ။ စင်စစ်၊ အဆင်းကိုမလွတ်ဘဲ မီးရာရေနှင့်တူသော အခြင်းအရာရှိသည်ကိုပြု၍ အာပေါဓာတ်၏ သတ္တိလွန်ကဲပုံကို အာရုံပြုလျက် 'ရေ' ဟူသော ဝေါဟာရပညတ်၌ စိတ်ကိုထားပြီး ရေ၏ထင်ရှားသောအမည် တစ်မျိုးမျိုးကို ရွတ်ဆိုပွားများရပါမည်။

<u>နိဗိတ်နှစ်ပါး ထူးခြားချက်</u>

ဥဂ္ဂဟနိမိတ် - ရေသည် လူပ်သကဲ့သို့ ထင်ရ၏။ ရေမြုပ်,ရေပွက်စသည် ရောနှောနေပါက ရောနှောသည့်အတိုင်း ထင်၏။ ကသိုဏ်းအပြစ် ထင်ရှားပေါ်လွင်၏။

ပဋိဘာဂနိမိတ် - ရေသည် လူပ်ရှားခြင်းမရှိဘဲ တည်ငြိမ်စွာ ထင်၏။ ကောင်းကင်၌ထားအပ်သည့် မြယပ်ဝန်းပမာ, မြကြေးမုံဝန်းပမာ ထင်ရ၏။

<u>အာပေါကသိုဏ်းပွားများခြင်းအကျိုး</u>

အာပေါကသိုဏ်း၏အစွမ်းဖြင့် မြေ၌ ငုပ်နိုင်ခြင်း,ပေါ်နိုင်ခြင်း၊ မိုးရွာစေနိုင်ခြင်း၊ မြစ်,သမုဒ္ဒရာစသည်တို့ကို ဖန်ဆင်းနိုင်ခြင်း၊ မြေ,တောင်,ပြာသာဒ်စသည်တို့ကို လူပ်ခါခြင်းစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၃။ တေဇောကသိုဏ်း

အဓိကာရဘာဝနာ ရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ် ရှိသော ယောဂီပုဂ္ဂိုလ်အား ဆီမီးလျှံ,မီးဖိုမီး,သပိတ်ဖုတ်ရာအရပ်၌ရှိသောမီး, တောမီး,တစ်နေရာရာ၌ လောင်ကျွမ်းနေသောမီးစသည့် ပြပြင်စီရင်ထားခြင်း မရှိ သောမီးတို့၌ နိမိတ်ဖြစ်ပေါ်နိုင်၏။

သာဓကအဖြစ်ဖော်ပြရသော်- စိတ္တဂုတ္တအမည်ရှိသော မထေရ်တစ်ပါးသည် ဥပုသ်နေ့တစ်နေ့တွင် ဥပုသ်ပြုရန်အတွက် သိမ်အတွင်းသို့ဝင်လျက် ဆီမီးလျှံကို ကြည့်ရှုနေစဉ်မှာပင် နိမိတ်ဖြစ်ပေါ်ခဲ့ဖူး၏။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှု မရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် တေဇော ကသိုဏ်းပွားများရန်အတွက် မီးကို ပြုပြင်စီရင်ရပါမည်။

ပြုလုပ်ပုံအစီအရင်မှာ-

ရှေးဦးစွာ အစေးအနှစ်ရှိသည့်ထင်းတို့ကို ခွဲ၍ အပိုင်းအပိုင်းပြုလုပ်ပြီး အခြောက်လှန်းထားရမည်။ ထင်းခြောက်လျှင် သစ်ပင်ရင်း၌ဖြစ်စေ, မဏ္ဍပ်၌ဖြစ်စေ သင့်လျော်သည့်နေရာတစ်ခုခု၌ သပိတ်ဖုတ်သည့်ပုံစံမျိုးဖြင့် စုပုံ၍ မီးရှို့ရမည်။ မီးတောက်လာလျှင် ဖျာသင်ဖြူး, သားရေပိုင်း, အဝတ်ပိုင်းတစ်ခုခုကို အလယ်၌ တစ်ထွာလက်လေးသစ်ခန့် အပေါက်ဖောက်၍ မီးတောက်တည့်တည့်၌ ထောင်ထား ပြီး နှစ်တောင့်ထွာခန့်ကွာဝေးသော အရပ်၌ထိုင်လျက် အပေါက်တည့်တည့်၌ရှိသော မီးကိုကြည့်၍ "တေဇော,တေဇော" ဟူ၍လည်းကောင်း၊ "ပါဝကော, ပါဝကော" ဟူ၍ လည်းကောင်း၊ "ကဏှဝတ္တနီ,ကဏှဝတ္တနီ" ဟူ၍လည်းကောင်း၊ "ဇာတဝေဒေါ, ဇာတဝေဒေါ" ဟူ၍လည်းကောင်း၊ "ဟုတာသနော, ဟုတာသနော" ဟူ၍လည်း ကောင်း ဤသို့စသဖြင့် မီး၏ထင်ရှားသည့် အမည်တစ်မျိုးမျိုးကို ရွတ်ဆိုပွားများ နေရမည်။

တေဇောကသိုဏ်းပွားများရာ၌ သတိပြုရမည့်အချက်မှာ-

မီးပုံ၏အောက်၌ရှိနေသော မြက်ခင်းကိုလည်းကောင်း၊ အထက်၌ မီးခိုး, မီးညွှန့်ိုလည်းကောင်း နှလုံးမသွင်းရပေ။ မီးပုံ၏အလယ်တည့်တည့် တစ်ခဲနက်

တောက်လောင်နေသော မီးလျှံကိုသာကြည့်၍ ပွားများနေရမည်။ အညိုရောင်,အဝါရောင်စသော မီး၏အရောင်အဆင်းကိုလည်း မဆင်ခြင်ရပေ။ မီး၏အပူရှိန်ကိုလည်း နှလုံးမသွင်းရပေ။ စင်စစ်၊ မီး၏အဆင်းကို မလွတ်ဘဲ မှီရာမီးနှင့်တူသော အခြင်းအရာရှိသည်ကိုသာ အာရုံပြု၍ တေဇောဓာတ်၏ သတ္တိလွန်ကဲသောအားဖြင့် တေဇောဟူသော ဝေါဟာရအမည်ပညတ်၌ စိတ်ကိုထား၍ မီး၏ထင်ရှားသည့်အမည်တစ်မျိုးမျိုးကို ရွတ်ဆိုလျက် ပွားများနေရပါမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - မီးလျှံသည် ပြတ်၍ပြတ်၍ ကျသကဲ့သို့ ထင်ရ၏။မပြုမပြင်ဘဲ ထားသောမီးတို့၌ မီးစ,မီးကျည်စု,ပြာ,မီးခိုးစသော ကသိဏ်းအပြစ်များ ထင်ရှား၏။

ပဋိဘာဂနိမိတ် - မီးလျှံသည် မလှုပ်မရှားဘဲ ငြိမ်သက်နေ၏။ ကောင်းကင်၌ထားအပ်သော ကမ္မလာနီအပိုင်းပမာ,ရွှေတိုင်ပမာ,ရွှေယပ်ဝန်းပမာ ထင်ရ၏။

တေဇောကသိဏ်းပွားများခြင်းအကျိုး

တေဇောကသိဏ်း၏အစွမ်းဖြင့် အခိုးလွတ်ခြင်း၊ အလျှံလွတ်ခြင်း၊ မီးကျည်မိုးရွာသွန်းခြင်း၊ သူတစ်ပါးတန်ခိုးကို ချိုးနှိမ်နိုင်ခြင်း၊ လိုရာကိုသာ မီးလောင်ကျွမ်းစေနိုင်ခြင်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်ရှုနိုင်ရန် အလင်းပြနိုင်ခြင်း၊ ပရိနိဗ္ဗာန်စံဝင်သည့်အခါ၌ ခန္ဓာကိုယ်ကို တေဇောဓာတ်လောင်ကျွမ်းစေခြင်းစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၄။ ဝါယောကသိဏ်း

ဝါယောကသိဏ်းပွားများပုံ

ဝါယောကသိဏ်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အမြင်အားဖြင့်လည်း ပွားများနိုင်၏။ အတွေ့အားဖြင့်လည်း ပွားများနိုင်၏။

အမြင်အားဖြင့် ပွားများပုံမှာ-

လူဦးခေါင်းနှင့်တစ်တန်းတည်းရှိနေသော အရွက်များသည့် ကြံပင်, ဝါးပင်, သစ်ပင်တို့ကို လေတိုက်ခိုက်သဖြင့် အရွက်များလှုပ်ခါသွားသည့် အခြင်းအရာကို ဖြစ်စေ၊ လက်လေးသစ်ခန့်ရှည်သည့် ဆံပင်ထူသောယောကျ်ား၏ ဦးခေါင်းကို

လေတိုက်ခိုက်သဖြင့် ဆံပင်များလှုပ်ရှားသွားသည့် အခြင်းအရာကိုဖြစ်စေ တွေ့မြင်သည့်အခါ၌ လှုပ်ရှားမှုအခြင်းအရာကိုရှု၍ ပွားများရမည်။

အတွေ့အားဖြင့် ပွားများပုံမှာ-

လေသာပြူတင်းပေါက်မှဖြစ်စေ၊ နံရံအပေါက်မှဖြစ်စေ တိုးဝင်တိုက်ခိုက်လာသည့် လေ၏ထိခိုက်မိရာ ခန္ဓာကိုယ်အစိတ်အပိုင်းကို သတိပြု၍ "ဝါယော, ဝါယော" ဟူ၍လည်းကောင်း၊ "ဝါတ,ဝါတ" ဟူ၍လည်းကောင်း၊ "မာလုတ, မာလုတ" ဟူ၍လည်းကောင်း၊ "အနိလ,အနိလ" ဟူ၍လည်းကောင်း စသည်ဖြင့် လေ၏ ထင်ရှားရာအမည်တစ်မျိုးမျိုးကို ရွတ်ဆို၍ ပွားများရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ခဲ့လောက်မှ ချကာစဖြစ်သော ထမင်းအပူငွေ့ အလိပ်လိုက် အလိပ်လိုက် တက်သကဲ့သို့ ထင်ရ၏။

ပဋိဘာဂနိမိတ် - အလွန်ငြိမ်သက်၏။ လှုပ်ရှားခြင်းမရှိပေ။

ဝါယောကသိဏ်းပွားများခြင်းအကျိုး

ဝါယောကသိဏ်း၏အစွမ်းဖြင့် လေ၏လျင်မြန်ခြင်းကဲ့သို့ လျင်မြန်စွာ သွားနိုင်ခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခိုက်နိုင်ခြင်းစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၅။ နိလကသို့ဏ်း

အဓိကာရဘာဝနာ ရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ်ရှိသော ယောဂီပုဂ္ဂိုလ်အား အညီရောင်အဆင်းရှိသောပန်းများ ဝေဆာစွာ ဖူးပွင့်နေသည့်ပန်းချို၊ ပန်းခင်း၊ စေတီပူဇော်ရာဌာနရှိ ပန်းအညီများ၊ အညီရောင် အဆင်းရှိသည့်အဝတ်အထည်များ၊ ပတ္တမြားအညီစသည်တို့၌ နိမိတ်ဖြစ်ပေါ်နိုင်၏။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှု မရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် ကြာညိုပွင့်၊ အောင်မဲညိုပွင့်စသော အညီရောင်ရှိသည့်ပန်းများကို အညာဝတ်ဆံချင်း မထပ်ရအောင် ပန်းတောင်း,ပန်းကပ်စသည်တို့၌ အနားရစ်နှင့်အညီအမျှ အပြည့်ထည့်၍

လည်းကောင်း၊ ပန်းတောင်း၊ပန်းကပ်ဓာ်မျက်နှာဝကို စည်မျက်နှာပြင်ကဲ့သို့ ဖွဲ့ချည်၍လည်းကောင်း၊ အညိုရောင်အဆင်းရှိသည့်အဝတ်ဖြင့် ပန်းများကို အထုပ်ထုပ်၍လည်းကောင်း၊ ကြေးညို့၊မျက်စဉ်းညို့၊သစ်ရွက်ညိုတို့တွင် တစ်မျိုးမျိုးဖြင့်လည်းကောင်း၊ ရွေ့ပြောင်း၍မရသည့် ကသိဏ်းဝန်းအတွက် အဝတ်အထည်၌ဖြစ်စေ, ပျဉ်ပြား၌ဖြစ်စေ, နံရံ၌ဖြစ်စေ အညိုရောင်အဆင်းပြုလုပ်၍ အနားကို အရောင်တစ်မျိုးမျိုးဖြင့် ခြားနားအောင်ပြုလုပ်ပြီးလျှင် "နိလံ,နိလံ" စသည်ဖြင့် ရွတ်ဆို၍ ပွားများရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ဝတ်ဆံ,အရိုး,အရွက်ကြားစသော ကသိဏ်းအပြစ်များ ထင်၏။
ပဋိဘာဂနိမိတ် - ကသိဏ်းဝန်းမှလွတ်၍ ကောင်းကင်၌ ပတ္တမြားညိုယပ်ဝန်းနှင့်အလားတူစွာ ထင်၏။

နီလကသိဏ်းပွားများခြင်းအကျိုး

နီလကသိဏ်း၏အစွမ်းဖြင့် ညိုမှောင်သောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ မှောင်ချနိုင်ခြင်း၊ စင်ကြယ်သောအဆင်း, မစင်ကြယ်သောအဆင်းရှိသောနည်းဖြင့် အဘိဘာယတနကိုရခြင်း၊ သုဘဝိမောက္ခစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၆။ ပီတကသိုဏ်း

အဓိကာရဘာဝနာ ရှိပုံသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ်ရှိသော ယောဂီပုဂ္ဂိုလ်အား အဝါရောင်အဆင်းရှိသော ပန်းများ ဝေဆာစွာ ပွင့်ဖူးနေသည့် ပန်းချို,ပန်းခင်း၌ဖြစ်စေ၊ စေတီပူဇော်ရာဌာန၌ရှိသော အဝါရောင်ရှိသည့် ပန်းတို့၌ဖြစ်စေ, အဝါရောင်ရှိသည့် အဝတ်အထည်,ဓာတ်သတ္တုတစ်မျိုးမျိုး၌ဖြစ်စေ နိမိတ်ဖြစ်ပေါ်နိုင်၏။

သာဓကအဖြစ်ဖော်ပြရသော်- စိတ္တဂုတ္တအမည်ရှိသော မထေရ်တစ်ပါးသည် စိတ္တလတောင်ရှိ ပတ္တဂ်ိမည်သောပန်းချို၌ ပန်းတို့ဖြင့်ပြုလုပ်ထားသော စေတီရင်ဖြင့်၌ ပူဇော်ထားသည့်ပန်းခင်းကို ကြည့်ရှုနေစဉ်မှာပင် နိမိတ်ဖြစ်ပေါ်ခဲ့ဖူး၏။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှု မရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် မဟာလှေကား ပွင့်စသောပန်းတို့၌ဖြစ်စေ, အဝါရောင်ရှိသည့်အဝတ်အထည်, ဓာတ်သတ္တုတစ်မျိုး မျိုး၌ဖြစ်စေ နိမိတ်ဖြစ်ပေါ်စေရန်အတွက် "ပိတ်,ပိတ်" စသည်ဖြင့် ရွတ်ဆို၍ ပွားများရမည်။

မှတ်ချက်။ နိမိတ်နှစ်ပါးထူးခြားချက်ကို နိလကသိုဏ်းကို နည်းမှီ၍သိပါလေ။

ပီတကသိုဏ်းပွားများခြင်းအကျိုး

ပီတကသိုဏ်း၏အစွမ်းဖြင့် ဝါသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ ရွှေဖြစ်စေဟု အဓိဋ္ဌာန်နိုင်ခြင်း၊ စင်ကြယ်သောအဆင်း, မစင်ကြယ်သောအဆင်းရှိသောနည်းဖြင့် အဘိဘာယတနကိုရခြင်း၊ သုဘဝိမောက္ခစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုး ရှိပါသည်။

၇။ လောဟိတကသိုဏ်း

အဓိကာရဘာဝနာ ရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ် ရှိသော ယောဂီပုဂ္ဂိုလ်အား အနီရောင်အဆင်းရှိသောပန်းများ ဝေဆာစွာ ပွင့်ဖူးနေ သည့် ပန်းခြုံ,ပန်းခင်းတို့၌ဖြစ်စေ၊ စေတီပူဇော်ရာဌာန၌ရှိသော အနီရောင်အဆင်း ရှိသည့် ပန်းတို့၌ဖြစ်စေ, အနီရောင်အဆင်းရှိသည့် အဝတ်အထည်, ဓာတ်သတ္တု တစ်မျိုးမျိုး၌ဖြစ်စေ နိမိတ်ဖြစ်ပေါ်နိုင်၏။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှု မရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် ခေါင်ရမ်းပွင့်, မိုးစွေပွင့်, လိပ်ဆူးနီပွင့်စသော အနီရောင်ရှိသောပန်းတို့၌ဖြစ်စေ၊ အနီရောင်ရှိသော အဝတ်အထည်, ဓာတ်သတ္တုတစ်မျိုးမျိုး၌ဖြစ်စေ နိမိတ်ဖြစ်ပေါ်စေရန်အတွက် "လောဟိတကံ,လောဟိတကံ" စသည်ဖြင့် ရွတ်ဆို၍ပွားများရမည်။

မှတ်ချက်။ နိမိတ်နှစ်ပါးထူးခြားချက်ကို နိလကသိုဏ်းကို နည်းမှီ၍သိပါလေ။

လောဟိတကသိုဏ်းပွားများခြင်းအကျိုး

လောဟိတကသိုဏ်း၏အစွမ်းဖြင့် အနီရောင်အဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ စင်ကြယ်သောအဆင်း, မစင်ကြယ်သောအဆင်းရှိသော နည်းဖြင့် အဘိဘာယတန ကိုရခြင်း၊ သုဘဝိမောက္ခစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၈။ သြဒါတကသိုဏ်း

အဓိကာရဘာဝနာ ရှိပုံသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ် ရှိသော ယောဂီပုဂ္ဂိုလ်အား အဖြူရောင်အဆင်းရှိသော ပန်းများ ဝေဆာစွာ ပွင့်ဖူးနေသည့် ပန်းချို,ပန်းခင်းတို့၌ဖြစ်စေ၊ စေတီပူဇော်ရာဌာန၌ရှိသော အဖြူရောင်ရှိသည့် ပန်းတို့၌ဖြစ်စေ, ဇွန်ပန်း,မြတ်လေးပန်း,ကုမုဒြာကြာဖြူပွင့်တို့၌ဖြစ်စေ, အဖြူရောင်ရှိသည့် အဝတ်အထည်, ဓာတ်သတ္တုတစ်မျိုးမျိုး၌ဖြစ်စေ နိမိတ်ဖြစ်ပေါ်နိုင်၏။ သလွဲဖြူပြားဝန်း,ငွေပြား,နေဝန်း,လဝန်းတို့၌လည်း နိမိတ်ဖြစ်ပေါ်နိုင်သေးသည်။

အဓိကာရဘာဝနာ မရှိပုံသူ

အဓိကာရဘာဝနာကောင်းမှု မရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် အထက်၌ဆိုခဲ့ပြီးသည့်အတိုင်း အဖြူရောင်ရှိသည့်ပန်းတို့၌ဖြစ်စေ၊ အဖြူရောင်ရှိသည့် အဝတ်အထည်,ဓာတ်သတ္တုတစ်မျိုးမျိုး၌ဖြစ်စေ နိမိတ်ဖြစ်ပေါ်ရန်အတွက် " သြဒါတံ, သြဒါတံ" စသည်ဖြင့် ရွတ်ဆို၍ပွားများရမည်။
မှတ်ချက်။ နိမိတ်နှစ်ပါးထူးခြားချက်ကို နီလကသိုဏ်းကို နည်းမှီ၍သိပါလေ။

သြဒါတကသိုဏ်းပွားများခြင်းအကျိုး

သြဒါတကသိုဏ်း၏အစွမ်းဖြင့် အဖြူရောင်အဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ထိန, မိဒ္ဓတို့မှ ဝေးကွာအောင်ပြုခြင်း၊ အမိုက်မှောင်ကို ပယ်ဖျောက်နိုင်ခြင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်အတွက် အလင်းကို ပြနိုင်ခြင်းစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၉။ အာလောကကသိုဏ်း

အဓိကာရဘာဝနာ ရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာကုသိုလ် ရှိသော ယောဂီပုဂ္ဂိုလ်အား နံရံပေါက်စသည်ဖြင့် နေရောင်,လရောင်တို့ ဝင်ရာနံရံ၌ ဖြစ်စေ, မြေ၌ဖြစ်စေ ထင်ပေါ်လာသည့် အရောင်အဝန်း၌သော်လည်းကောင်း၊ အရွက်ထူထပ်သည့် သစ်ပင်၏အကိုင်းအခက်ကြားမှဖြစ်စေ, ပိတ်နေအောင် ထူထပ်သည့် သစ်ခက်မဏ္ဍပ်ကြားမှဖြစ်စေ ထွက်ပေါ်၍ မြေ၌ထင်ပေါ်နေသော အရောင်အဝန်း၌သော်လည်းကောင်း နိမိတ်ဖြစ်ပေါ်နိုင်၏။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုမရှိခဲ့ဖူးသည့် ယောဂီပုဂ္ဂိုလ်သည် ဖော်ပြပါနေရောင်ဝန်း, လရောင်ဝန်းဖြင့် နိမိတ်မဖြစ်ပေါ်သေးလျှင် အိုးအတွင်း၌ ဆီမီးကို ထွန်းညှိလျက် အိုးဝကိုပိတ်၍ အိုးကိုအပေါက်ဖောက်ပြီးလျှင် နံရံဘက်သို့ မျက်နှာမူထားရမည်။ အိုးပေါက်မှ ဆီမီးရောင်ထွက်၍ နံရံ၌ထင်ပေါ်နေသည့် ဆီမီးရောင်အဝန်းကို ကြည့်ရှုလျက် "ဩဘာသော,ဩဘာသော" ဟူ၍လည်းကောင်း၊ "အာလောကော, အာလောကော" ဟူ၍လည်းကောင်း ရွတ်ဆို၍ ပွားများရမည်။

ဤအာလောကကသိုဏ်းကို ပွားများရာ၌ ဆီမီးအလင်းရောင်သည် နေ၏အလင်းရောင်၊ လ၏အလင်းရောင်တို့ထက် ကြာမြင့်စွာတည်တံ့နိုင်သဖြင့် ဆီမီးအလင်းရောင်ဖြင့်ပွားများခြင်းသည် အကောင်းဆုံးဖြစ်၏။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - နံရံ၌ဖြစ်စေ,မြေ၌ဖြစ်စေ ထင်ပေါ်သောအလင်းရောင်သည် ပကတိအရောင်အဝန်းအတိုင်း ထင်၏။

ပဋိဘာဂနိမိတ် - တစ်ခဲနက် အလွန်ကြည်လင်သည့်အရောင် ထင်၏။

အာလောကကသိုဏ်းပွားများခြင်းအကျိုး

အာလောကကသိုဏ်း၏အစွမ်းဖြင့် အရောင်တောက်သောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ စင်ကြယ်သောအဆင်း,မစင်ကြယ်သောအဆင်းရှိသောနည်းဖြင့် အဘိဘာယတနကိုရခြင်း၊ သုဘဝိမောက္ခစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

၁၀။ ပရိစ္ဆိန္နာကာသ ကသိုဏ်း

အဓိကာရဘာဝနာ ရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသည်ဖြစ်၍ သမထဘာဝနာ ကုသိုလ် ရှိသော ယောဂီပုဂ္ဂိုလ်အား နံရံပေါက်၊ ပြူတင်းပေါက်၊ သော့ပေါက်စသည်တို့၌ နိမိတ်ထင်နိုင်၏။

အဓိကာရဘာဝနာ မရှိဖူးသူ

အဓိကာရဘာဝနာကောင်းမှုမရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် နေပြောက်မထိုး အောင် ကောင်းစွာမိုးထားသော မဏ္ဍပ်,ဖျာ,သားရေချပ်စသည်တို့တွင် တစ်ထွာ လက်လေးသစ်ခန့် အပေါက်ဖောက်၍လည်းကောင်း၊ နံရံပေါက်စသည်တို့၌လည်း ကောင်း အပေါက်အကြားကို ကြည့်ရှုရ၍ "အာကာသော,အာကာသော" ဟုရွတ်ဆို ၍ ပွားများရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - နံရံအစွန်းစသည်တို့နှင့်တကွ မူလအပေါက်နှင့်တူညီစွာ ထင်၏။

ပွားစေအပ်သော်လည်း ဥဂ္ဂဟနိမိတ်သည် မပွားပေ။

ပဋိဘာဂနိမိတ် - ဟင်းလင်းပြင် အဝန်းဖြစ်လျက် ထင်၏။

ပွားစေအပ်သော် ပဋိဘာဂနိမိတ်သည် ပွား၏။

အာကာသကသိုဏ်းပွားများရခြင်းအကျိုး

ပရိစ္ဆိန္နာကာသခေါ် အာကာသကသိုဏ်း၏အစွမ်းဖြင့် ဖုံးကွယ်ထားသော အရာဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင်ပြုလုပ်နိုင်ခြင်း၊ မြေအတွင်း,တောင်အတွင်း၌ ဟင်းလင်းပြင်ဖန်ဆင်း၍ သွားနိုင်ခြင်း၊ ရပ်နိုင်ခြင်း၊ ထိုင်နိုင်ခြင်း၊ လျောင်းစက် နိုင်ခြင်း၊ နံရံတစ်ဖက်စသည်တို့၌ မငြိမကပ်ဘဲ သွားလာနိုင်ခြင်းစသည်တို့ကို ပြီးမြောက်နိုင်စေခြင်း အကျိုးရှိပါသည်။

ကသိဏ်းကွဲပြားပုံ

ကသိဏ်းအားလုံးတို့သည် -

- အထက်ကောင်းကင်ပြင်သို့ ရှေးရှုမှတ်သိရသော ကသိဏ်း၊
- အောက်မြေပြင်သို့ ရှေးရှုမှတ်သိရသော ကသိဏ်း၊
- လယ်ကွက်အဝန်းကဲ့သို့ ထက်ဝန်းကျင်ပတ်လည်မှ ပိုင်းခြားထားအပ်သော ကသိဏ်း၊
- နှစ်ပါးမဟုတ်သော ကသိဏ်း၊
- ဖြန့်ခြင်းအတိုင်းအရှည်မရှိသော ကသိဏ်း-ဟူ၍ ကွဲပြားခြားနားကုန်၏။ ထို့ကြောင့်ပင်-

["ပထဝီကသိဏမေကော သဉ္ဇာနာတိ။ ဥဒ္ဓမဓောတိရိယံ အဒ္ဒယမပ္ပမာဏံ] အချို့သောယောဂီသည် အထက်သို့ရှေးရှုသော ပထဝီကသိဏ်းကို မှတ်သိအပ်၏။ အချို့သောယောဂီသည် အောက်သို့ရှေးရှုသော ပထဝီကသိဏ်းကို မှတ်သိအပ်၏။ အချို့သောယောဂီသည် ဖီလာပတ်လည်ပိုင်းခြားအပ်သော ပထဝီကသိဏ်းကို မှတ်သိအပ်၏။ အချို့သောယောဂီသည် နှစ်ပါးမဟုတ်သော ပထဝီကသိဏ်းကို မှတ်သိအပ်၏။ အချို့သောယောဂီသည် ဖြန့်ခြင်းအတိုင်းအရှည်မရှိသော ပထဝီကသိဏ်းကို မှတ်သိအပ်၏။" ဤသို့စသော စကားရပ်ကို မိန့်ဆိုအပ်၏။

<u>နှစ်ပါးမဟုတ်သောကသိဏ်း(အဒ္ဒယကသိဏ်း)</u>

ထိုတွင် "နှစ်ပါးမဟုတ်သောကသိဏ်း" ဟူသည်မှာ- ကသိဏ်းတစ်ခုစီတစ်ခုစီသည် အခြားကသိဏ်းအဖြစ်သို့ မရောက်ခြင်းကို ဆိုလို၏။ ထင်ရှားအောင် ဆိုရပါမူ- ရေခဲ့ငပ်နေစဉ် အရပ်မျက်နှာအားလုံးတို့၌ ရေချည်းသာရှိ၍ အခြားအရာမရှိသကဲ့သို့ ဖြစ်၏။ ထို့အတူ ပထဝီကသိဏ်းပွားစဉ် ပထဝီကသိဏ်းချည်းသာ ဖြစ်၏။ အခြားကသိဏ်းတို့နှင့်ရောယှက်ခြင်း မရှိပေ။ ဤသည်ကို နှစ်ပါးမဟုတ်သောကသိဏ်း(အဒ္ဒယကသိဏ်း) ဟုခေါ်သည်။

<u>ဖြန့်ခြင်းအတိုင်းအရှည်မရှိသောကသိဏ်း(အပ္ပမာဏကသိဏ်း)</u>

"ဖြန့်ခြင်း အတိုင်းအရှည်မရှိသောကသိဏ်း" ဟူသည်မှာ- ပထဝီကသိဏ်းကို မည်ရွေ့မည်မျှဖြန့်အပ်သည်၊ မည်ရွေ့မည်မျှဖြန့်နိုင်သည်-ဟူ၍ ဖြန့်ခြင်းအတိုင်းအရှည် ပမာဏမရှိခြင်းကို ဆိုလို၏။ ပထဝီကသိဏ်းကို ဘာဝနာစိတ်ဖြင့်

ဖြန့်လျှင် အရပ်မျက်နှာအားလုံးသို့ပင် ပြန့်နှံ့၏။ "ဤကား ပထဝီကသိုဏ်း၏ အစတည်း။ ဤကား ပထဝီကသိုဏ်း၏အလယ်တည်း။ ဤကား ပထဝီကသိုဏ်း၏ အဆုံးတည်း" ဟု အတိုင်းအရှည်ပမာဏ သတ်မှတ်၍မရနိုင်ပေ။

ဘာဝနာမပြည့်စုံနိုင်သူများ

ကမ္မာဝရဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်

အာနန္ဒရိယကံငါးပါးတို့တွင် တစ်ပါးပါးကို ကျူးလွန်ထားသော ပုဂ္ဂိုလ်များသည် ဘာဝနာမပြည့်စုံအောင် ပိတ်ဆို့တတ်သောကံရှိသူများဖြစ်သဖြင့် "ကမ္မာဝရဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်များ" ဖြစ်၏။ ဤပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သော်လည်း ဘာဝနာမပြည့်စုံဘဲ ဖြစ်တတ်၏။

ကိလေသာဝရဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်

အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိကြီးသုံးပါးတို့တွင် တစ်ပါးပါးသော မိစ္ဆာအယူကိုမျှ မစွန့်လွှတ်နိုင်အောင် ခိုင်မြဲသော အယူရှိသောပုဂ္ဂိုလ်များသည် ဘာဝနာမပြည့်စုံအောင် ပိတ်ဆို့တတ်သော ကိလေသာရှိသူများ ဖြစ်သဖြင့် "ကိလေသာဝရဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်များ" ဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူ-ဟုလည်း ခေါ်သည်။ ဤပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သော်လည်း ဘာဝနာမပြည့်စုံဘဲ ဖြစ်တတ်၏။

ဝိပါကာဝရဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်

ဥဘတောဗျဉ်း၊ ပဏ္ဍုတ်၊ အဟိတ်ပဋိသန္ဓေနေသောပုဂ္ဂိုလ်၊ ဒွိဟိတ်ပဋိသန္ဓေနေသောပုဂ္ဂိုလ်များသည် ဘာဝနာမပြည့်စုံအောင် ပိတ်ဆို့တတ်သော အကျိုးဝိပါက်ရှိသူများဖြစ်သဖြင့် "ဝိပါကာဝရဏနှင့်ပြည့်စုံသောပုဂ္ဂိုလ်များ" ဖြစ်၏။ ဤပုဂ္ဂိုလ်တို့သည် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သော်လည်း ဘာဝနာမပြည့်စုံဘဲ ဖြစ်တတ်၏။

အသဒ္ဓိယ-စသောပုဂ္ဂိုလ်များ

ဘုရားအစရှိသောရတနာသုံးပါး၌ ယုံကြည်မှုကင်းမဲ့သူ(အသဒ္ဓိယပုဂ္ဂိုလ်)၊ မဂ်အားလျော်သောအကျင့်-ဟုဆိုအပ်သော သစ္စာနုလောမိကဝိပဿနာ၌ အားထုတ်လိုသည့် သမ္မာဆန္ဒကင်းသူ(အစ္ဆန္ဒိကပုဂ္ဂိုလ်)၊ လောကီ,လောကုတ္တရာတို့၌ မှန်မှန်ကန်ကန် ရှုမြင်တတ်သည့်ဉာဏ်ဟုဆိုအပ်သော သမ္မာဒိဋ္ဌိမှကင်းသည့် ပညာနည်းသူ(ဒုပ္ပညပုဂ္ဂိုလ်) ဤပုဂ္ဂိုလ်တို့သည်လည်း ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သော်လည်း ဘာဝနာမပြည့်စုံဘဲ ဖြစ်တတ်၏။

အထူးမှတ်ရန်မှာ-

ဝိပါကာဝရဏကင်းသော သူတော်ကောင်းများ(ပဋိသန္ဓေအကျိုးပေးကောင်းသည့် တိဟိတ်ပဋိသန္ဓေပညာရှိသူများ) အနေဖြင့်လည်း ကမ္မာဝရဏနှင့် ကိလေသာဝရဏမဖြစ်ရအောင် အထူးရှောင်ကြဉ်ရပါမည်။ ထို့ပြင် သူတော်ကောင်းတရားကို နာကြားခြင်း၊ သူတော်ကောင်းများကို မှီဝဲဆည်းကပ်ခြင်း၊ ရတနာသုံးပါးအပေါ် ကြည်ညိုရာ၌ မှန်ကန်သောသဒ္ဓါတရားဖြင့် ကြည်ညိုတတ်ခြင်း၊ ဘာဝနာအားထုတ်ရာ၌ ထက်သန်သည့် ကုသိုလ်ဆန္ဒရှိခြင်း၊ ပါရိဟာရိယပညာကို ထက်သန်တိုးပွားစေခြင်း၊ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ ထက်သန်သော လုံ့လဝီရိယရှိခြင်း-ဟူသော အခြေခံတရားများရှိပါမှလည်း ဝိပါကာဝရဏကင်းသူတို့သည် ဘာဝနာပြည့်စုံနိုင်ပေ၏။

သေသကသိဏ နိဒ္ဒေသ
ပြီး၏။

အသုဘနိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ပါလ"
ဘာသာရေးညီအကို မောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

အသုဘ နိဒ္ဒေသ

၁။ အသုဘ ၁၀-ပါး
အဓိပ္ပာယ်

၁။ ဥဒ္ဓုမာတက အသုဘ

လေဖြင့်မှုတ်အပ်သော သားရေအိတ်ကဲ့သို့ သေပြီးနောက် တဖြည်းဖြည်း အစဉ်အတိုင်း ဖူးဖူးရောင်စေအပ်သည်၏အဖြစ်ကြောင့် 'ဥဒ္ဓုမာတ' မည်၏။ ဥဒ္ဓုမာတသည်ပင် 'ဥဒ္ဓုမာတက' မည်၏။ (ဥ=အထက်သို့ +ဓုမာတ=မှုတ်အပ်သည်၊ ဖူးဖူးရောင်စေအပ်သည်။ က-ပစ္စည်း အနက်ထူးမရှိ။)

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် ဖူးဖူးရောင်နေသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဥဒ္ဓုမာတက' မည်၏။

၂။ ဝိနီလက အသုဘ

အဖြူ,အနီရောလျက် ပကတိအဆင်းပျက်ပြီး ညိုမည်းသောအဆင်းရှိသည့် သူသေကောင်သည် 'ဝိနီလ' မည်၏။ ဝိနီလသည်ပင် 'ဝိနီလက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် ညိုမည်းနေသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဝိနီလက' မည်၏။ စင်စစ်၊ ဝိနီလကဆိုသည်မှာ- သူသေကောင်၏ခန္ဓာကိုယ်ရှိ အသားများသည့် နေရာတို့တွင် အများအားဖြင့် အနီရောင်အဆင်းရှိပြီး ပြည်ပုပ်များစုဝေးရာနေရာတို့တွင် အဖြူရောင်အဆင်း ရှိ၏။ သူသေကောင်တစ်ခုလုံးကို ခြုံ၍ကြည့်လျှင် အဝတ်ညိုဖြင့် လွှမ်းခြုံရစ်ပတ်ထားဘိသကဲ့သို့ ညိုမည်းနေ၏။

၃။ ဝိပုဗ္ဗက အသုဘ

စုတ်ပြတ်ပေါက်ပဲ့ပျက်စီးနေသည့် နေရာတို့မှ ပြည်တစိုစို ယိုထွက်လျက်ရှိသော သူသေကောင်သည် 'ဝိပုဗ္ဗ' မည်၏။ ဝိပုဗ္ဗသည်ပင် 'ဝိပုဗ္ဗက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် ပြည်တစိုစို ယိုထွက်လျက်ရှိသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဝိပုဗ္ဗက' မည်၏။

၄။ ဝိစ္ဆိဒ္ဒက အသုဘ

နှစ်ပိုင်းပြတ်နေသော သူသေကောင်သည် 'ဝိစ္ဆိဒ္ဒ' မည်၏။ ဝိစ္ဆိဒ္ဒသည်ပင် 'ဝိစ္ဆိဒ္ဒက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် အလယ်၌ နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဝိစ္ဆိဒ္ဒက' မည်၏။

၅။ ဝိက္ခာယိတက အသုဘ

ခွေး,မြေခွေးတို့ အမျိုးမျိုးခဲစားခြင်းခံထားရသော သူသေကောင်သည် 'ဝိက္ခာယိတ' မည်၏။ ဝိက္ခာယိတသည်ပင် 'ဝိက္ခာယိတက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် ခွေး,မြေခွေးတို့ အမျိုးမျိုးခဲစားခြင်းခံထားရသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဝိက္ခာယိတက' မည်၏။

၆။ ဝိက္ခတ္တက အသုဘ

နေရာဒေသအနှံ့အပြားသို့ ပြန့်ကျဲနေအောင် စွန့်ပစ်ထားခြင်းခံရသော သူသေကောင်သည် 'ဝိက္ခိတ္တ' မည်၏။ ဝိက္ခိတ္တသည်ပင် 'ဝိက္ခိတ္တက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် နေရာဒေသအနှံ့အပြားသို့ ပြန့်ကျဲနေအောင် စွန့်ပစ်ထားခြင်းခံရသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဝိက္ခိတ္တက' မည်၏။ စင်စစ်၊ ဝိက္ခိတ္တကဆိုသည်မှာ တစ်နေရာ၌ သူသေကောင်၏ လက်ရှိနေ၏။ တစ်နေရာ၌ သူသေကောင်၏ ခြေရှိနေ၏။ တစ်နေရာ၌ သူသေကောင်၏ ဦးခေါင်းရှိနေ၏။ ဤသို့စသည်ဖြင့် သူသေကောင်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံး တစ်နေရာစီပြန့်ကျဲနေသော သူသေကောင်မျိုးဖြစ်သည်။

၇။ ဟတဝိက္ခိတ္တက အသုဘ

မားစသောလက်နက်ဖြင့် ခုတ်ဖြတ်သတ်ပြီးလျှင် နေရာအနှံ့အပြားသို့ ပြန့်ကျဲနေအောင် စွန့်ပစ်ထားခြင်းခံရသော သူသေကောင်သည် 'ဟတဝိက္ခိတ္တ' မည်၏။ ဟတဝိက္ခိတ္တသည်ပင် 'ဟတဝိက္ခိတ္တက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် မားစသော လက်နက်ဖြင့် ခုတ်ဖြတ်သတ်ပြီး နေရာအနှံ့အပြားသို့ ပြန့်ကျဲနေအောင် စွန့်ပစ်ထားခြင်းခံရသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်သည် 'ဟတဝိက္ခိတ္တက' မည်၏။ စင်စစ်၊ ဟတဝိက္ခိတ္တကဆိုသည်မှ သူသေကောင်၏ လက်,ခြေစသော ကိုယ်အင်္ဂါအစိတ်အပိုင်းများအားလုံး နေရာအနှံ့ပြန့်ကျဲနေပြီး ထိုလက်,ခြေစသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့အပေါ်၌လည်း ကျီးခြေရာပုံစံမျိုး မားစသောလက်နက်တို့ဖြင့် ခုတ်ထစ်ထားသည့် ဒဏ်ရာဒဏ်ချက်များ ထင်ရှားပေါ်လွင်နေသော သူသေကောင်မျိုး ဖြစ်သည်။

၈။ လောဟိတက အသုဘ

သူသေကောင်၏ ခန္ဓာကိုယ်အနှံ့အပြားမှ သွေးများယိုစီးနေပြီး တစ်ကိုယ်လုံး သွေးများဖြင့် ပေကျံနေသော သူသေကောင်သည် 'လောဟိတက' မည်၏။

၉။ ပုဠဝက အသုဘ

ပိုးလောက်ကို ပါဠိဘာသာဖြင့် 'ပုဠဝ' ဟုခေါ်၏။ ပိုးလောက်တို့ဖြင့် ပြန့်ကျဲနေသော သူသေကောင်သည် 'ပုဠဝက' မည်၏။ ပိုးလောက်တို့ဖြင့် ပြည့်နေသော စက်ဆုပ်ရွံရှာဖွယ် သူသေကောင်ဟု ဆိုလိုသည်။

၁၀။ အဋ္ဌိက အသုဘ

အရိုးကို ပါဠိဘာသာဖြင့် 'အဋ္ဌိ' ဟုခေါ်၏။ အရိုးစုကျနေသော သူသေကောင်သည် 'အဋ္ဌိက' မည်၏။

တစ်နည်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် စက်ဆုပ်ရွံရှာဖွယ်အရိုးစုသည်လည်းကောင်း၊ အရိုးတစ်ချောင်းတည်းသည်လည်းကောင်း 'အဋ္ဌိက' မည်ပါသည်။

၂။ ဥဒ္ဒုမာတက ကမ္မဋ္ဌာန်းရှုပုံ အစီအစဉ်

ဥဒ္ဒုမာတက ကမ္မဋ္ဌာန်းရှုပုံအစီအစဉ်မှာ-
(၁) အသုဘနိမိတ်ကို ယူရန်အတွက် သွားပုံအစီအရင်၊
(၂) ပတ်ဝန်းကျင်၌ရှိသော နိမိတ်ကို မှတ်သားခြင်း၊
(၃) အခြင်းအရာ ၁၁-ပါးတို့ဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊
(၄) အသွားလမ်း,အပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်း တို့ဖြစ်သည်။

အသုဘနိမိတ်ယူရန် သွားပုံ အစီအရင်

ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းရှုမှတ်ရန်သင့်လျော်သည့် အင်္ဂါငါးပါးနှင့် ပြည့်စုံသောကျောင်း၌ နေထိုင်ပြီးလျှင် ဥဒ္ဒုမာတကသူသေကောင်ကို ရှာဖွေစုံစမ်းနေရမည်။ တစ်နေရာ၌ ဥဒ္ဒုမာတကရှိကြောင်း ကြားသိသည်နှင့်တစ်ပြိုင်နက် ချက်ချင်းအလျင်စလို မသွားသင့်ပေ။ အဘယ်ကြောင့်ဆိုသော် သူသေကောင်ကို သားရဲတိရစ္ဆာန်များ, ဘီလူးစသည်များ သိမ်းပိုက်ထားခြင်းမျိုးလည်း ရှိတတ်၏။ ဤသို့ဖြစ်နေပါက ယောဂီအတွက် အသက်အန္တရာယ် ဖြစ်နိုင်ရာ၏။

ထိုသို့ မဟုတ်ဘဲ သူသေကောင်သည်ပင် မိမိနှင့်ဆန့်ကျင်ဘက်လိင်ရှိသော ဝိသဘာဂသူသေကောင်မျိုးလည်း ဖြစ်နေတတ်၏။ ဝိသဘာဂသူသေကောင်သည် သေပြီးခါစ လောလောလတ်လတ်ဖြစ်ပါမူ တင့်တယ်သည့်ပုံစံမျိုးအနေဖြင့် ထင်မိတတ်၏။ ထိုအခါ ယောဂီအတွက် ဇြဟ္မစရိယခေါ်အကျင့်မြတ်၏ အန္တရာယ်သော်လည်း ဖြစ်နိုင်ရာ၏။ သို့သော် ''ဤဝိသဘာဂရှုပါရုံသည် ငါသို့သောပုဂ္ဂိုလ်အား ဝန်မလေး'' ဟု မိမိကိုယ်ကို ယုံကြည်စိတ်ချပါမူ သွားနိုင်၏။

ပန်ကြား၍သွားခြင်းအကျိုး

အသုဘရှုသွားမည့် ယောဂီပုဂ္ဂိုလ်သည် သံဃမထေရ်ကြီးကိုဖြစ်စေ, ထင်ရှားရှိသော ရဟန်းတစ်ပါးပါးကိုဖြစ်စေ လျှောက်ထားပန်ကြားပြီးမှ သွားရမည်။ အဘယ်ကြောင့်ဆိုသော် ယောဂီပုဂ္ဂိုလ်သည် သုသာန်၌ ဘီလူး,ခြင်္သေ့,ကျားစသည်တို့၏ အဆင်း,အသံစသော အနိဋ္ဌာရုံများကြောင့် တုန်လှုပ်ချောက်ချားခြင်း၊ စားထားသည့်

အစာများအနံ့ထွက်ခြင်း၊ အခြားအနာရောဂါတစ်မျိုးမျိုးကို ခံစားရခြင်းများ ဖြစ်ပေါ်တတ်၏။ ထိုသို့ဖြစ်ပါက ပန်ကြားထားသော မထေရ်ကြီးစသည်တို့က ယောဂီ၏ ပရိက္ခရာစသည်တို့ကို စောင့်ရှောက်ခြင်း၊ သုသာန်သို့ သာမဏေများကို စေလွှတ်၍ ယောဂီပုဂ္ဂိုလ်အား အကူအညီပေးခြင်းတို့ကို ပြုလုပ်ပေးနိုင်သည်။ ထို့ကြောင့် မထေရ်ကြီးစသည်တို့ကို ပန်ကြားပြီးမှသာ သုသာန်သို့ သွားသင့်၏။

တစ်နည်းအားဖြင့် သုသာန်လိုနေရာမျိုးသည် သူခိုးစသော ဒုစရိုက်သမားတို့၏ တိုင်ပင်ညှိညှိတ်ရာ၊ ခိုအောင်းရာနေရာဒေသ ဖြစ်၏။ သူခိုးတို့သည် ပစ္စည်းခိုးပြီး လူလိုက်လာလျှင် ခိုးထုပ်ခိုးထည်ကို ယောဂီပုဂ္ဂိုလ်၏အနီးအနားဌာန် ပစ်ချပြီး ထွက်ပြေးတတ်ကြ၏။ သူခိုးလိုက်သူတို့သည် ယောဂီကို သူခိုး-ဟုမှတ်ထင်ပြီး ချုပ်နှောင်ဖမ်းဆီးကာ နှိပ်စက်တတ်သည်။ ထိုအခါ ပန်ကြားထားသော သံဃထေရ်စသည်တို့က "ဤရဟန်းကို မနှိပ်စက်ကြပါကုန်လင့်၊ ဤရဟန်းသည် ငါ့အား ပန်ကြားပြီးမှ အသုဘရှုရန်အတွက် သုသာန်သို့သွားခြင်း ဖြစ်၏" ဟု သက်သေပြုသဖြင့် အချုပ်အနှောင်ဘေးမှ လွတ်မြောက်၍ ချမ်းသာနိုင်ရာ၏။ ဤသို့သော အကျိုးများရှိသောကြောင့် သုသာန်သို့သွားသော ယောဂီပုဂ္ဂိုလ်သည် မထေရ်ကြီးစသည်တို့ကို ပန်ကြားပြီးမှ သွားသင့်၏။

ထားရှိရမည့်စိတ်ဓာတ်

သုသာန်သို့ အသုဘရှုရန်သွားသော ယောဂီပုဂ္ဂိုလ်သည် အဘိသိက်ခံမည့်မင်းသည် အဘိသိက်သွန်းရာ မင်္ဂလာခန်းမသို့ သွားသကဲ့သို့လည်းကောင်း၊ ယဇ်အရှင်သည် ယဇ်ပူဇော်ရာဌာနသို့ သွားသကဲ့သို့လည်းကောင်း၊ ပစ္စည်းဥစ္စာမရှိသော သူဆင်းရဲသည် ရွှေ၊ငွေရတနာတို့ မြှုပ်နှံထားရာအရပ်သို့ သွားသကဲ့သို့လည်းကောင်း ထို့အတူ "ဤအကျင့်မြတ်ဖြင့် အို၊နာ၊သေဒုက္ခဘေးတို့မှ မချွတ်ကေန် လွတ်ရပေလိမ့်မည်" ဟုနှလုံးသွင်း၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် အသုဘနိမိတ်ကိုရှုခြင်း၌ ထက်သန်လိုလားသည့် စိတ်ဓာတ်မျိုးဖြင့် သုသာန်သို့ သွားရပါမည်။

အပေါင်းအဖော်နှင့်သွားနိုင်ခြင်း

အသုဘနိမိတ်ကိုယူခြင်းသည် အရိယာမဂ်၏ အနီးကပ်ဆုံးအကြောင်းဖြစ်သော ပထမစျာန်ရခြင်း၏ အကြောင်းမှန်လမ်းမှန်ဖြစ်ခြင်း၊ "အသုဘနိမိတ်ကိုယူလိုသော ယောဂီပုဂ္ဂိုလ်သည် တစ်ပါးတည်း အဖော်မပါဘဲ သွား၏" ဟု အဋ္ဌကထာတို့၌ပြဆိုထားခြင်း-ဟူသော အကြောင်းနှစ်ပါးကြောင့် အသုဘကောင်တို့ကို ကြည့်ရှု၍ ရုပ်ကိုယ်၏ဖြစ်ရိုးထုံးစံ သဘောမှန်ကို မှတ်သားခြင်းဖြင့်လည်းကောင်း၊ ထိတ်လန့်မှုသံဝေဂကို ဖြစ်စေခြင်းဖြင့်လည်းကောင်း မိမိစိတ်ကို သိမှတ်စေခြင်းအကျိုးငှာ

သုသာန်သို့ အသုဘရှုသွားသော ယောဂီပုဂ္ဂိုလ်သည် ခေါင်းလောင်းထိုးစည်ကို တီးခတ်လျက် အပေါင်းအဖော်နှင့် သွားလိုက သွားနိုင်ပါသည်။

အဖော်မပါဘဲသွားရာ၌ သတိပြုသင့်ပုံ

သို့သော် ကမ္မဋ္ဌာန်းကို အဦးပဓာနပြု၍သွားသော ယောဂီပုဂ္ဂိုလ်သည် တစ်ပါးတည်း အဖော်မပါဘဲသာ သုသာန်သို့ သွားသင့်၏။ သို့ရာတွင် မိမိပွားများနေကျ မေတ္တာကမ္မဋ္ဌာန်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စသည်တို့ကိုမစွန့်ဘဲ ဆင်ခြင်နှလုံးသွင်း၍ သွားရမည်။ ခွေး,မြေခွေးစသော သားရဲတိရစ္ဆာန်တို့၏ ဘေးအန္တရာယ်ကို ခြောက်လှန့် ဖယ်ရှားနိုင်ရန်အတွက် တုတ်,တောင်ဝှေးစသည်တို့ကိုလည်း ကိုင်ဆောင်ရမည်။ ထို့ပြင် မမေ့မလျော့သောသတိဖြင့် ဣန္ဒြေတို့ကို စောင့်ထိန်း၍ စိတ်ပျံ့လွင့်မှုမရှိစေဘဲ တည်ကြည်သောစိတ်ထားဖြင့် သုသာန်သို့ သွားရပါမည်။

အသွားလမ်းကို မှတ်သားပုံ

ကျောင်းမှ စထွက်သည်နှင့် ''ဤမည်သောအရပ်၌ ဤမည်သော တံခါးဖြင့် ထွက်ခဲ့၏''ဟု ထွက်ခဲ့ရာတံခါးကို မှတ်သားရမည်။ ထို့နောက် ''ဤလမ်းသည် အရှေ့အရပ်ဆီသို့ ဦးတည်သွား၏''စသည်ဖြင့် သွားရာလမ်းကို မှတ်ရမည်။ လမ်း၏ လက်ဝဲဘက်,လက်ယာဘက် အကွေ့အချိုးများ၊ လမ်းဘေးဝဲယာရှိ ကျောက်တုံး, တောင်ပို့,သစ်ပင်,ချုံ,နွယ်စသည်တို့ကိုလည်း သေချာစွာ မှတ်သားရမည်။

သွားပုံသွားနည်း

ဥဒ္ဒါမာတက သူသေကောင်ရှိရာအရပ်သို့ သွားရာ၌ လေဆန်လမ်းမှ မသွားရ။ လေဆန်လမ်းမှသွားလျှင် အကောင်ပုပ်အနံ့သည် နှာခေါင်းဝသို့ တိုက်ရိုက်တိုးဝင်သဖြင့် ဦးနှောက်ကို ချောက်ချားပျက်ပြားစေခြင်း၊ အစာများ အော့အန်ထွက်ခြင်း၊ ''ဤလို အကောင်ပုပ်ရှိရာ အရပ်ကိုမှ လာမိလေခြင်း''ဟု နှလုံးမသာမယာခြင်းများ ဖြစ်တတ်သည်။ ထို့ကြောင့် လေဆန်လမ်းကိုရှောင်၍ လေစုန်လမ်းမှ သွားရမည်။ အကယ်၍ လမ်းခုလတ်၌ တောင်ပို့,ကမ်းပါးပြတ်စသော အတားအဆီးရှိနေသဖြင့် လေစုန်လမ်းမှသွားရန် မဖြစ်နိုင်ပါက သက််နံးစွန်း၊ သို့မဟုတ် အဝတ်စတစ်ခုခုဖြင့် နှာခေါင်းဝကိုပိတ်၍ သွားရမည်။

ထိုင်ပုံထိုင်နည်း

ယောဂီသည် သုသာန်သို့ရောက်လျှင်ရောက်ချင်း အသုဘနိမိတ်ကို မကြည့်ရှုသင့်သေးပေ။ ထိုင်ရမည့်နေရာကို ရှေးဦးစွာ ရွေးချယ်ရဦးမည်။ အသုဘအာရုံ

လည်း ထင်ရှားစွာမပေါ်, စိတ်လည်းသက်သောင့်သက်သာ မဖြစ်သည့်နေရာမျိုးဌ မထိုင်သင့်ပေ။ အသုဘအာရုံ ထင်ရှားစွာပေါ်ပြီး စိတ်သက်သောင့် သက်သာရှိမည့် နေရာမျိုးကိုသာ ရွေးချယ်ထိုင်ရမည်။

လေအောက်အရပ်, လေညာအရပ်ဌလည်း မထိုင်သင့်ပေ။ လေအောက်အရပ်ဌထိုင်လျှင် အပုပ်နံ့က နှာခေါင်းဝသို့ တိုးဝင်နှိပ်စက်သောကြောင့် စိတ်တည်ကြည်မှုမရှိဘဲ ယောက်ယက်ခတ်နေတတ်၏။ လေညာအရပ်ဌ ထိုင်လျှင်လည်း သူသေကောင်ကို သိမ်းပိုက်အုပ်စိုးထားသော ဘီလူး,မြေဖုတ်တို့ရှိပါက စိတ်ဆိုးပြီး မိမိအား အကျိုးမဲ့ကို ဖြုတတ်၏။ လေညာတည့်တည့်မကျလွန်းသော, သူသေကောင်နှင့်မနီးလွန်း,မဝေးလွန်းသော, ခြေရင်း,ခေါင်းရင်း မဟုတ်သော နေရာအရပ်ကို ရွေးချယ်၍ ထိုင်ရမည်။ နီးလွန်းလျှင်လည်း ကြောက်တတ်၏။ ဝေးလွန်းလျှင်လည်း မထင်မရှား ဖြစ်တတ်၏။ ခြေရင်း,ခေါင်းရင်းအရပ်မှ တည့်တည့်ကြည့်လျှင် အသုဘတစ်ကိုယ်လုံး ညီတူညီမျှ မထင်ပေါ်ဘဲရှိတတ်၏။ ထို့ကြောင့် သူသေကောင်တစ်ကိုယ်လုံး ထင်ရှားပေါ်ရာ အလယ်ပိုင်းအရပ်ကို မြင်နိုင်လောက်သည့် နေရာဌ ထိုင်ရမည်။

ဝန်းကျင်နိမိတ် မှတ်သားပုံ

အသုဘကောင်၏အနီးအနား မြင်နိုင်လောက်သောနေရာဌ ကျောက်တုံးရှိလျှင် ယင်းကျောက်တုံး၏ အနိမ့်,အမြင့်၊ အကြီး,အငယ်၊ အရှည်,အဝိုင်းစသော ပုံသဏ္ဌာန် အရွယ်အစားနှင့် အနီ,အညိုစသည့် အရောင်အဆင်းတို့ကို သေချာစွာ မှတ်သားထားရမည်။ ထို့နောက် "ဤနေရာဌ ကျောက်တုံးရှိ၏၊ ဤနေရာဌ အသုဘကောင်ရှိ၏"ဟု ကျောက်တုံးနှင့် သူသေကောင်၏ တည်ရှိနေပုံ အကွာအဝေးကို မှတ်သားထားရမည်။

တောင်ပို့ရှိလျှင်လည်း ယင်းတောင်ပို့ကို ကျောက်တုံးကို မှတ်သကဲ့သို့ မှတ်ရမည်။ သစ်ပင်ရှိလျှင် ယင်းသစ်ပင်၏ အမျိုးအမည်၊ အနိမ့်,အမြင့်၊ အကြီး, အငယ်စသော သစ်ပင်အရွယ်အစားကို ပိုင်းခြားမှတ်သားပြီး "ဤနေရာဌ ဤမည်သောသစ်ပင်ရှိ၏၊ ဤနေရာဌ သူသေကောင်ရှိ၏"ဟု သစ်ပင်နှင့်သူသေကောင်၏ တည်ရှိနေပုံ အကွာအဝေးကို မှတ်သားထားရမည်။ အကယ်၍ ချုံ၊ သို့မဟုတ်နွယ်များရှိလျှင်လည်း ယင်းချုံ,နွယ်တို့၏ အမျိုးအမည်,အရွယ်အစားတို့ကို ပိုင်းခြားမှတ်သားပြီး ချုံ,နွယ်စသည်တို့နှင့် သူသေကောင်၏တည်ရှိနေပုံ အကွာအဝေးတို့ကို သေချာစွာ ပိုင်းခြားမှတ်သားထားရပါမည်။

အခြင်းအရာ ၁၁-ပါးတို့ဖြင့် အသုဘနိမိတ်ကို မှတ်ယူပုံ

(၁) ဝဏ္ဏ = အဆင်းအားဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊
(၂) လိင် = လိင်အသွင်အားဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊
(၃) သဏ္ဌာန = ပုံသဏ္ဌာန်အားဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊
(၄) ဒိသာ = အရပ်အားဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊
(၅) ဩကာသ = တည်ရာအားဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊
(၆) ပရိစ္ဆေဒ = အပိုင်းအခြားအားဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်း၊

(၁) အဆင်းအားဖြင့် မှတ်ယူပုံ

"ဤသူသေကောင်သည် အသားမည်းသူ၏ကိုယ်ကောင်, အသားဖြူသူ၏ကိုယ်ကောင်, ကြမ်းပိုးအဆင်းရှိသူ၏ကိုယ်ကောင် ဖြစ်၏" စသည်ဖြင့် အဆင်းအားဖြင့် အသုဘနိမိတ်ကို မှတ်သားရမည်။

(၂) လိင်အသွင်အားဖြင့် မှတ်ယူပုံ

မိန်းမအသွင်၊ ယောကျ်ားအသွင်အားဖြင့် မမှတ်သားဘဲ "ဤသူသေကောင်သည် လူငယ်အရွယ်၌ တည်သောကိုယ်ကောင်, လူလတ်ပိုင်းအရွယ်၌ တည်သောကိုယ်ကောင်, လူကြီးပိုင်းအရွယ်၌ တည်သောကိုယ်ကောင် ဖြစ်၏" ဟု အသွင်အရွယ်အားဖြင့် အသုဘနိမိတ်ကို မှတ်သားရမည်။

(၃) ပုံသဏ္ဌာန်အားဖြင့် မှတ်ယူပုံ

ဥဒ္ဒုမာတကသူသေကောင်ကို "ဤသည်ကား သူသေကောင်၏ ဦးခေါင်းသဏ္ဌာန်, လည်ပင်းသဏ္ဌာန်, လက်သဏ္ဌာန်, ရင်သဏ္ဌာန်, ချက်သဏ္ဌာန်, တင်ပါးသဏ္ဌာန်, ပေါင်သဏ္ဌာန်, ခြေသလုံးသဏ္ဌာန်, ခြေသဏ္ဌာန်" စသည်ဖြင့် ပုံသဏ္ဌာန်အားဖြင့် အသုဘနိမိတ်ကို မှတ်သားရမည်။

(၄) အရပ်အားဖြင့် မှတ်ယူပုံ

သူသေကောင်၏ချက်မှ အောက်ပိုင်းကိုယ်ကို 'အောက်အရပ်' ဟူ၍လည်းကောင်း၊ အထက်ပိုင်းကိုယ်ကို 'အထက်အရပ်' ဟူ၍လည်းကောင်း နှစ်ပိုင်းခွဲ၍ မှတ်သားရမည်။

တစ်နည်းအားဖြင့် "ငါက အရှေ့အရပ်၊ အနောက်အရပ်စသည်တို့တွင် ဤမည်သောအရပ်၌ တည်ရှိနေ၏။ သူသေကောင်က ဤမည်သောအရပ်၌ တည်ရှိနေ၏" ဟု အရပ်မျက်နှာအားဖြင့် အသုဘနိမိတ်ကို မှတ်သားရမည်။

(၅) <u>တည်ရာအားဖြင့် မှတ်ယူပုံ</u>

"လက်တို့က ဤနေရာ၌ တည်ရှိ၏၊ ခြေတို့က ဤနေရာ၌တည်ရှိ၏၊ အလယ်ပိုင်းကိုယ်က ဤနေရာ၌ တည်ရှိ၏" စသည်ဖြင့် မှတ်သားရမည်။

တစ်နည်းအားဖြင့် "ငါက မြေအပြင်အရပ်၌ တည်ရှိ၏၊ သူသေကောင်က ဤသို့သော မြေအရပ်၌ တည်ရှိ၏" ဟု တည်ရာအားဖြင့် အသုဘနိမိတ်ကို မှတ်သားရမည်။

(၆) <u>အပိုင်းအခြားအားဖြင့် မှတ်ယူပုံ</u>

"ဤကိုယ်ကောင်ကို အောက်၌ ခြေဖဝါးအပြင်ဖြင့် လည်းကောင်း၊ အထက်၌ ဆံပင်အဖျားဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်၌ အရေဖြင့်လည်းကောင်း ပိုင်းခြားထား၏။ ဤပိုင်းခြားထားသည့်နေရာမှန်သမျှတို့၌ ၃၂-မျိုးသော အပုပ်အစုတို့ဖြင့် ပြည့်နှက်နေသည်သာ ဖြစ်၏" ဟု မှတ်သားရမည်။

တစ်နည်းအားဖြင့် "ဤနေရာကား သူသေကောင်၏ လက်အပိုင်းအခြား ဖြစ်၏။ ဤနေရာကား သူသေကောင်၏ ခြေအပိုင်းအခြား ဖြစ်၏။ ဤနေရာကား သူသေကောင်၏ ခေါင်းအပိုင်းအခြား ဖြစ်၏။ ဤနေရာကား သူသေကောင်၏ အလယ်ပိုင်းကိုယ် အပိုင်းအခြား ဖြစ်၏" ဟု မှတ်သားရမည်။

တစ်နည်းအားဖြင့် ဉာဏ်ဖြင့် သိမ်းယူနိုင်သမျှသော သူသေကောင်၏ တစ်စိတ်တစ်ပိုင်း အရပ်ကိုသာလျှင် "ဤအရာသည် ဤသို့ ဖောရောင်ခြင်း သဘောရှိသည်ဖြစ်၍ ဖူးဖူးရောင်လျက် စက်ဆုပ်ရွံရှာဖွယ် သူသေကောင်ပါတကား" ဟု အပိုင်းအခြားအားဖြင့် အသုဘနိမိတ်ကို မှတ်သားနိုင်၏။

လိင်တူချင်းကိုသာ အသုဘရှုသင့်

အမျိုးသားယောဂီသည် အမျိုးသမီးသူသေကောင်ကိုလည်းကောင်း၊ အမျိုးသမီးယောဂီသည် အမျိုးသားသူသေကောင်ကိုလည်းကောင်း အသုဘရှုရန် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် လိင်ချင်းမတူသော ခန္ဓာကိုယ်ကောင်၌ စက်ဆုပ်ဖွယ် အသုဘအာရုံမထင်ဘဲ တပ်မက်ခြင်းဟူသော တုန်လှုပ်ခြင်း၏အကြောင်းသာ ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။

ထိုစကား မှန်၏၊ မဇ္ဈိမအဋ္ဌကထာ၌ "ဥဋ္ဌါတာဝိ ဣတ္ထိ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ=ခွါထားသော အသွင်သဏ္ဌာန်ရှိငြားသော်လည်း(ဝါ) ကျိုက်ကျိုက်ဆူလျက် အဆင်းသဏ္ဌာန်ပျက်နေသော်လည်း အမျိုးသမီးသူသေကောင်၏ ခန္ဓာကိုယ်သည် ယောကျ်ား၏စိတ်ကို ဆွဲငင်ယူနိုင်သည်သာ ဖြစ်၏" ဟုမိန့်ဆို

ထား၏။ ထို့ကြောင့် လိင်တူချင်းကိုသာ ပြဆိုခဲ့ပြီးသည့် အသုဘနိမိတ်မှတ်ယူပုံ အခြင်းအရာ ၆-မျိုးဖြင့် ရှုမှတ်သင့်ပါသည်။

အဓိကာရရှိခဲ့ဖူးသူ ပဋိဘာဂနိမိတ်ထင်လွယ်

ရှေးဘုရားရှင်တို့၏ အထံတော်၌ အသုဘကမ္မဋ္ဌာန်းကို မှီဝဲဖူးသောသူ၊ သုသာန်ဓုတင်အစရှိသော ဓုတင်ဆောင်ခဲ့ဖူးသူ၊ မဟာဘုတ်တို့ကိုရှုလျက် ချေမှုန်းဖူးသူ၊ ရုပ်,နာမ်သဒ္ဓါရတရားတို့ကို သိမ်းဆည်းရှုမှတ်ဖူးသူ၊ နာမ်,ရုပ်တို့ကို ပိုင်းခြားဖူးသူ၊ သတ္တဝါအမှတ်သညာကို ပယ်ခွါဖူးသူ၊ ဝိပဿနာရှုခြင်းဖြင့် ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိသို့ ရောက်စေသဖြင့် သမဏမဟာဗြာဟ္မဏတို့ ရဟန်းတရားကို အားထုတ်ခဲ့ဖူးသူ၊ ကုသိုလ်ဝါသနာ အထုံရှိခဲ့ဖူးသူ၊ ကုသိုလ်ဘာဝနာကို ပွားစေခဲ့ဖူးသည်ဖြစ်၍ ပါရမီမျိုးစေ့ရှိခဲ့ဖူးသူ၊ ဉာဏ်ရင့်ကျက်သဖြင့် လွန်ကဲသည့် ဉာဏ်ရည်ဉာဏ်သွေးရှိသူ၊ ကိလေသာနည်းပါးသူ ဤသူတို့သည် အသုဘကောင်ကို ကြည့်ရှုမိစဉ်ခဏ၌ပင် ပဋိဘာဂနိမိတ်ထင်လွယ်၏။

အဓိကာရဘာဝနာ မရှိခဲ့ဖူးသူ

အဓိကာရဘာဝနာကောင်းမှုမရှိခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်သည် အသုဘကို ကြည့်ရှုမိစဉ်ခဏ၌ အဓိကာရဘာဝနာရှိခဲ့ဖူးသူကဲ့သို့ ပဋိဘာဂနိမိတ်မထင်လျှင် ဝဏ္ဏစသော အခြင်းအရာ၆-မျိုးဖြင့်ပင် အသုဘနိမိတ်ကိုယူရမည်။ အကယ်၍ နိမိတ်မထင်သေးလျှင်-

(၁) သန္ဓိ = အစပ်အားဖြင့်လည်းကောင်း၊
(၂) ဝိဝရ = အကြားအရပ်အားဖြင့်လည်းကောင်း၊
(၃) နိန္နု = အနိမ့်,အချိုင့်အားဖြင့်လည်းကောင်း၊
(၄) ထလ = အမြင့်,အမောက်အားဖြင့်လည်းကောင်း၊
(၅) သမန္တ = ပတ်ဝန်းကျင်အားဖြင့်လည်းကောင်း
အသုဘနိမိတ်မှတ်ယူခြင်းကို ဆက်လက်ပြုလုပ်ရမည်။

(၁) အစပ်အားဖြင့် မှတ်ယူပုံ

သူသေကောင်၌ အဆက်အစပ်ပေါင်း ၁၈၀-ခုရှိသည်ဟု ဆို၏။ ထိုအဆက်အစပ်အားလုံးကို ပိုင်းခြားမှတ်သားရန် မလွယ်ကူပေ။ ထို့ကြောင့် သူသေကောင်၏ လက်ယာလက် အဆက်အစပ် ၃-ခု၊ လက်ဝဲလက် အဆက်အစပ် ၃-ခု၊ လက်ယာခြေ အဆက်အစပ် ၃-ခု၊ လက်ဝဲခြေ အဆက်အစပ် ၃-ခု၊ လည်ကုပ်အဆက်

အစပ်၁-ခု၊ ခါးနှင့်တင်ပါး အဆက်အစပ် ၁-ခုအားဖြင့် အဆက်အစပ်ကြီး၁၄-ခုတို့ကို ပိုင်းခြားမှတ်သားရမည်။

(၂) <u>အကြားအရပ်အားဖြင့် မှတ်ယူပုံ</u>

နံပါးနှင့်လက်တို့၏အကြားအရပ်၊ ခြေနှစ်ချောင်းတို့၏အကြားအရပ်၊ ချက်နှင့် ဝမ်းခေါင်းဟူသော ဝမ်းဗိုက်အကြားအရပ်၊ နားပေါက်အကြားအရပ်စသည်တို့ကို ပိုင်း ခြားမှတ်သားရမည်။ မျက်စိမှိတ်ခြင်း,ပွင့်ခြင်း၊ ခံတွင်းပိတ်ခြင်း,ဖွင့်ခြင်း တို့ကိုလည်း အကြားအရပ်အနေဖြင့် ပိုင်းခြားမှတ်သားနိုင်၏။

(၃) <u>အိမ့်,အချိုင့်အားဖြင့် မှတ်ယူပုံ</u>

သူသေကောင်၏ မျက်တွင်း၊ ပါးစပ်တွင်း၊ လည်မျိုဟူသော နိမ့်ရာ,ချိုင့်ရာ တို့ကို ပိုင်းခြားမှတ်သားရမည်။

တစ်နည်းအားဖြင့် "ငါက အိမ့်အရပ်၌ နေ၏၊ သူသေကောင်က အမြင့် အရပ်၌ ရှိ၏"ဟုလည်း ပိုင်းခြားမှတ်သားနိုင်၏။

(၄) <u>အမြင့်,အမောက်အားဖြင့် မှတ်ယူပုံ</u>

သူသေကောင်၏ ဒူးဆစ်၊ ရင်ဘတ်၊ နဖူးဟူသော မြင့်မောက်ရာအရပ်တို့ကို ပိုင်းခြားမှတ်သားရမည်။

တစ်နည်းအားဖြင့် "ငါက အမြင့်အရပ်၌ နေ၏၊ သူသေကောင်က အိမ့် အရပ်၌ ရှိ၏"ဟုလည်း ပိုင်းခြားမှတ်သားနိုင်၏။

(၅) <u>ဝန်းကျင်အားဖြင့် မှတ်ယူပုံ</u>

သူသေကောင်၏ ခန္ဓာကိုယ်ကောင်တစ်ခုလုံးကိုခြုံမိအောင် ဝန်းကျင် ပိုင်းခြား၍ မှတ်သားရမည်။ တစ်ကိုယ်လုံးကိုခြုံမိအောင် ဘာဝနာဉာဏ်ဖြစ်စေရာ၌ သူသေကောင်၏ ထင်ရှားပေါ်လွင်နေသည့် ဖူးဖူးရောင်နေသောနေရာတို့၌ စိတ်ကို ထားပြီး လျှင် "ဥဒ္ဓုမာတက် ပဋိကူလက်,ဥဒ္ဓုမာတက် ပဋိကူလက်"ဟု ရွှမ့တ်ပွားများနေရမည်။

ဤသို့ပွားများပါလျက် နိမိတ်မထင်သေးလျှင် သူသေကောင်၏ ဝမ်းဗိုက်နေရာကို ကြည့်ရှုရမည်။ ဝမ်းဗိုက်မည်သည် အလွန်အကဲဖူးရောင်တတ်သည့် သဘောရှိ၏။ ထို့ကြောင့် ဝမ်းဗိုက်၏ ဖူးရောင်နေသည့်သဘောကို ကြည့်ရှု၍ "ဥဒ္ဓုမာတက် ပဋိကူလက်, ဥဒ္ဓုမာတက် ပဋိကူလက်"ဟု ရွှမ့တ် ပွားများနေရမည်။

ဥဂ္ဂဟနိမိတ်ထင်ပုံ

ယောဂီပုဂ္ဂိုလ်သည် ပြဆိုခဲ့ပြီးသော အခြင်းအရာ ၁၁-ပါးတို့ဖြင့် အသုဘ နိမိတ်ကိုယူပြီးလျှင် သူသေကောင်မှ မနီးလွန်း, မဝေးလွန်းသောအရပ်၌ ရပ်လျက်ဖြစ်စေ, ထိုင်လျက်ဖြစ်စေ, မျက်စိကိုဖွင့်၍ဖြစ်စေ, မျက်စိကိုမှိတ်၍ဖြစ်စေ အမှတ်ရမှုသတိဖြင့် "ဥဒ္ဓုမာတကံ ပဋိကူလကံ, ဥဒ္ဓုမာတကံ ပဋိကူလကံ" ဟု ရွတ်ဆိုနှလုံးသွင်း၍ အကြိမ်ပေါင်းများစွာ ရှုမှတ်ပွားများနေရမည်။ ဤသို့ပွားများနေစဉ် မျက်စိမှိတ်၍ ဆင်ခြင်ကြည့်သည့်အခါ မျက်စိဖွင့်၍ကြည့်ရှုစဉ်က မြင်ရသည့်အတိုင်း နိမိတ်ထင်လာလျှင် အသုဘဥဂ္ဂဟနိမိတ်ထင်ပေါ်ပြီ ဖြစ်၏။

ဘာဝနာအဆုံးသို့ မရောက်သေးလျှင်

ယောဂီပုဂ္ဂိုလ်သည် ဥဂ္ဂဟနိမိတ်ထင်ပေါ်ပြီးနောက် အကယ်၍ ဘာဝနာအဆုံးဖြစ်သော အပ္ပနာသို့ရောက်ရန် မစွမ်းနိုင်သေးလျှင် မိမိနေထိုင်ရာကျောင်းသို့ ပြန်လာခဲ့ရမည်။ အပြန်တွင် သုသာန်မှထွက်ခဲ့ရာလမ်း၊ ဦးတည်သွားရာလမ်း၊ လမ်း၏အချိုးအကွေ့၊ လမ်းဘေးဝဲ,ယာရှိ ကျောက်တုံး,တောင်ပို့,သစ်ပင်,ချုံ,နွယ်စသည်တို့ကို ပိုင်းခြားမှတ်သားပြီး ပြန်လာခဲ့ရမည်။

ကျောင်းသို့ ပြန်ရောက်လျှင် အသုဘနိမိတ်ရှိရာ အရပ်ဆီသို့ မျက်နှာမူထားသောနေရာ၌သာ စင်္ကြံလျှောက်ခြင်း, ထိုင်ခြင်းတို့ကိုပြု၍ ဆက်လက် ရှုမှတ်ဆင်ခြင်နေရမည်။ အကယ်၍ ထုံးဆိုင်,ကမ်းပါးပြတ်စသော အတားအဆီး တစ်ခုခုရှိနေသဖြင့် စင်္ကြံလျှောက်ခြင်း, ထိုင်ခြင်းတို့ကို မပြုလုပ်နိုင်လျှင် အသုဘနိမိတ်ရှိရာ အရပ်ဆီသို့ ငဲ့ကွက်နေစရာ မလိုပေ။ သင့်လျော်ရာ နေရာတစ်ခုခုသို့ ရွှေ့ပြောင်းနိုင်သည်။ သို့သော် စိတ်ကိုမူ အသုဘနိမိတ်ရှိရာ အရပ်ဆီသို့သာ ရှေးရှုထားရမည်။

ဝန်းကျင်နိမိတ်မှတ်သားခြင်း အကျိုး

ဝန်းကျင်နိမိတ်မှတ်သားခြင်းသည် မတွေဝေခြင်းဟူသော အကျိုးရှိ၏။ မတွေဝေပုံကို အကျယ်ချဲ့၍ ဖော်ပြရသော်-

ယောဂီပုဂ္ဂိုလ်သည် အချိန်မဲ့အခါမဲ့၌ သုသာန်တွင်နေထိုင်ပြီး သူသေကောင်ကို ကျောက်စသည်ဝန်းကျင်နိမိတ်ကို မှတ်သား၍ မျက်စိဖွင့်၍ ရှုမှတ်နေစဉ် သူသေကောင်သည် ထ၍ရပ်ဘိသကဲ့သို့လည်းကောင်း၊ ခုန်မိုးထားဘိသကဲ့သို့လည်းကောင်း၊ နောက်မှလိုက်လာဘိသကဲ့သို့လည်းကောင်း ထင်ရတတ်၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်သည် ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်ကို မြင်ရပြီး မွေ့လျော်သွားခြင်း၊ ရူးသွပ်သွားခြင်း၊ ထိတ်လန့်ခြင်း၊ မေး,ပါးစသည်တို့ တောင့်လျက်

ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ဖြစ်ပေါ်လာတတ်၏။ ထိုအခြေအနေမျိုးဖြစ်ပါက ဤသို့ ဆင်ခြင်ရမည်။

"သူသေကောင်က ထထိုင်တယ်,ထလိုက်တယ်ဆိုတာ မရှိဘူး။ အကယ်၍ သူသေကောင်က ထထိုင်နိုင်တယ်၊ ထလိုက်နိုင်တယ်ဆိုလျှင် သူသေကောင်၏အနီးမှာရှိတဲ့ ကျောက်တုံး,နွယ် စသည်တို့ကလည်း ထထိုင်မှာပေါ့၊ ထလိုက်မှာပေါ့။ အမှန်တော့.. ကျောက်တုံး, နွယ်စသည်တို့ဟာ မသွားတတ်,မလာတတ်သလိုပဲ သူသေကောင်ကလည်း မသွားတတ်,မလာတတ်ပါဘူး။ ဧကန္တ ဒီအာရုံတွေဟာ သင်ယောဂီအား ဘာဝနာပရိကံသညာကြောင့်ဖြစ်ပေါ်လာတဲ့ အခြင်းအရာ ပုံသဏ္ဌာန်နိမိတ်ပဲ ဖြစ်ရမယ်။ ယနေ့...အသင်ယောဂီအား ကမ္မဋ္ဌာန်းအာရုံ ထင်ထင်ရှားရှား ပေါ်လာပြီ။ အသင်ယောဂီ မကြောက်နဲ့...၊ မကြောက်နဲ့...၊ ကြိုးစားပြီး ဆက်လက်အားထုတ်ပေတော့"

ဟုဆင်ခြင်ကာ မိမိကိုယ်ကို အားပေးပြီး ကြောက်ရွံ့စိတ်ကို ပယ်ဖျောက်၍ ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် ဥဂ္ဂဟနိမိတ်အာရုံ၌ ဘာဝနာစိတ်ကိုဖြစ်စေရာ၏။ နောက်ဆုံးတွင် ဘာဝနာအစဉ်ဖြင့် တရားထူးရနိုင်ရာ၏။ ဤသို့ တရားထူးရနိုင်သည့်တိုင်အောင်ဖြစ်ပေါ်ပုံကို ရည်ရွယ်၍ ဝန်းကျင်နိမိတ်မှတ်သားခြင်းသည် မတွေဝေခြင်း အကျိုးရှိပေ၏-ဟုဆိုခြင်း ဖြစ်သည်။

အခြင်းအရာ ၁၁-ပါးတို့ဖြင့် အသုဘနိမိတ်ကို မှတ်ယူခြင်းအကျိုး

အခြင်းအရာ ၁၁-ပါးတို့ဖြင့် အသုဘနိမိတ်ကိုမှတ်ယူပြီးသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံကို ဘာဝနာစိတ်၌ ဆောင်ကပ်၍ဖွဲ့ချည်ခြင်း အကျိုးရှိပေ၏။

မှန်၏။ ယောဂီပုဂ္ဂိုလ်အား မျက်စိဖွင့်၍ရှုမှတ်ခြင်းကြောင့် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်လာခဲ့၏။ ထိုဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကိုဖြစ်စေလျှင် ပဋိဘာဂနိမိတ်ဖြစ်ပေါ်၏။ ထိုပဋိဘာဂနိမိတ်၌ ဘာဝနာစိတ်ကိုဖြစ်စေလျှင် အပ္ပနာစျာန်သို့ ရောက်၏။ အပ္ပနာ၌တည်၍ ဝိပဿနာရှုမှတ်လျှင် အရဟတ္တဖိုလ်ပေါက် ရောက်ရှိနိုင်ပေသည်။ ထို့ကြောင့် အခြင်းအရာ ၁၁-ပါးတို့ဖြင့် အသုဘနိမိတ်ကို မှတ်သားခြင်းသည် ကမ္မဋ္ဌာန်းအာရုံကို ဘာဝနာစိတ်၌ ဆောင်ကပ်၍ဖွဲ့ချည်ခြင်း-ဟူသော အကျိုးအာနိသင်ရှိ၏-ဟုဆိုခြင်း ဖြစ်ပါသည်။

အသွားလမ်း, အပြန်လမ်းကို ဆင်ခြင်ခြင်း

အကျိုး

အသွားလမ်း, အပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်းသည် လမ်းသို့ တစ်ဖန်သွားစေခြင်း, တက်ရောက်စေခြင်း-ဟူသော အကျိုးရှိပေ၏။ ဆိုလိုသည်မှာ-ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်ဟူသော ဘာဝနာလမ်းကြောင်းပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်နိုင်၏-ဟု ဆိုလို၏။

ထိုစကား မှန်၏၊ သုသာန်မှပြန်လာသော ယောဂီရဟန်းကို လမ်းခုလတ်၌ အချို့လူတို့က နေ့ရက်ကိုဖြစ်စေ, ပြဿနာကိုဖြစ်စေ, ပဋိသန္ဓာရစကားကိုဖြစ်စေ မေးမြန်းပြောဆိုပါက ပြန်လည်မပြောကြားဘဲ ဆိတ်ဆိတ်မနေသင့်ပေ။ နေ့ရက်ကို ပြောပြရမည်။ ပြဿနာ၏ အဖြေကိုသိလျှင် ဖြေကြားရမည်။ မသိလျှင် မသိကြောင်း ပြောရမည်သာ ဖြစ်၏။ တရားနှင့်လျော်သော ပဋိသန္ဓာရစကားကိုလည်း ပြောကြားရမည်သာ ဖြစ်၏။ ဤသို့ပြန်လည်ပြောကြားနေရသဖြင့် မှတ်ယူခဲ့သော အလွန်နုနယ်သေးသည့် ဥဂ္ဂဟနိမိတ်သည် ပျောက်ပျက်သွားတတ်၏။

ထို့ပြင် စေတိယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ ဆရာ,ဥပဇ္ဈာယ်,တပည့်ကျင့်ဝတ်၊ အာဂန္တုကဝတ်၊ ဂမိကဝတ်၊ သေနာသနဝတ်စသော ဝတ်အကျင့်တို့ကို ဖြည့်ကျင့်ရသောကြောင့်လည်း ဥဂ္ဂဟနိမိတ် ပျောက်ပျက်တတ်၏။ ဤသို့ ပျောက်ပျက်သွားသည်ရှိသော် သုသာန်သို့ နောက်တစ်ကြိမ်ပြန်သွားပြီး ဥဂ္ဂဟနိမိတ် ပြန်ပေါ်အောင်ရှုမှတ်ရန် မဖြစ်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် သူသေကောင်ကို ဘီလူး,ကျားစသည်တို့က သိမ်းပိုက်ထားတတ်သောကြောင့်လည်းကောင်း၊ ဥဒ္ဒုမာတကအသုဘသည် ဝိနီလကအသုဘစသည်တို့သို့ ပြောင်းသွားတတ်သောကြောင့်လည်းကောင်း ဖြစ်ပါသည်။ ထိုအခါ ယောဂီပုဂ္ဂိုလ်သည် သင့်လျော်ရာနေရာတစ်ခုခု ထိုင်ပြီးလျှင်-

> "ငါသည် ဤမည်သောတံခါးဖြင့် ကျောင်းမှထွက်ခဲ့၍ ဤမည်သော အရပ်မျက်နှာဆီသို့ ရှေးရှုသောလမ်းကို ဦးတည်သွားလျက် ဤမည်သော အရပ်၌ လက်ဝဲဘက်ကို သွားခဲ့၏။ ဤမည်သောအရပ်၌ လက်ယာဘက်ကို သွားခဲ့၏။ ဤမည်သောအရပ်၌ ကျောက်တုံး,တောင်ပို့, သစ်ပင်,ချုံ,နွယ်စသည်တို့ ရှိနေ၏။ ငါသည် ထိုလမ်းဖြင့် သွားပြီးလျှင် ဤမည်သောအရပ်၌ အသုဘကောင်ကိုတွေ့ပြီး၊ ပတ်ဝန်းကျင်နိမိတ်တို့ကို မှတ်သား၍ အသုဘနိမိတ်ကို ဤမည်သောအခြင်းအရာဖြင့် မှတ်သားခဲ့၏။ မှတ်ယူပြီးလျှင် ဤမည်သောအရပ်၌ သုသာန်မှပြန်ထွက်ခဲ့၍

ဤလမ်းဖြင့် ဤသို့သောအမှုတို့ကို ပြုလုပ်ပြီး ကျောင်းသို့ ပြန်လာကာ ဤနေရာ၌ထိုင်နေခြင်း ဖြစ်ပေ၏''

ဟူ၍ ထိုင်နေရာဌာနတိုင်အောင် အသွားလမ်း,အပြန်လမ်းတို့ကို ဆင်ခြင်ရမည်။ ထိုသို့ဆင်ခြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဥဒ္ဒါမာတက ဥဂ္ဂဟနိမိတ်သည် ယောဂီပုဂ္ဂိုလ်၏ရှေ့၌ လာ၍ချထားဘိသကဲ့သို့ ထင်ထင်ရှားရှား ပြန်ပေါ်လာပြီး ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်-ဟူသော ဘာဝနာလမ်းကြောင်းပေါ်သို့ ပြန်ရောက်ကာ အပွနာသို့ရောက်ခြင်း အကျိုးရှိပါသည်။

အကျိုးမြော်မြင်၍ရှု

ဖူးဖူးရောင်နေသည့် စက်ဆုပ်ဖွယ်သူသေကောင်-ဟူသော စက်ဆုပ်ဖွယ်အာရုံ၌ ဘာဝနာစိတ်ကို အဖန်ဖန်ဖြစ်စေ၍ ဈာန်ကိုဖြစ်ပေါ်စေပြီးလျှင် ယင်းဈာန်ကို အခြေခံ၍ ဝိပဿနာကို ပွားများအားထုတ်လျက် ဤအကျင့်ဖြင့် အို,နာ,သေဒုက္ခ အပေါင်းမှ မုချကောန် လွတ်ရပေလိမ့်မည်-ဟူသော အကျိုးအာနိသင်ကို မြော်မြင်၍ ရှုမှတ်ရပါမည်။

ရတနာမြတ်ကဲ့သို့ သဘောထား

ဥပမာအားဖြင့် အလွန်ဆင်းရဲသည့် ယောကျ်ားတစ်ယောက်သည် အဖိုးများစွာထိုက်တန်သည့် ပတ္တမြားတစ်လုံးကိုရရှိသောအခါ ''အလွန်ရခဲလှသည့် ရတနာမြတ်ကို ငါ ရပေပြီ'' ဟူ၍ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ထိုပတ္တမြား၌ ရတနာမြတ်ဟု အမှတ်ပြုပြီး တန်ဖိုးထားမြတ်နိုးကာ သေချာစွာ စောင့်ရှောက်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း-

''ငါသည် ပတ္တမြားရတနာနှင့်တူသည့် ဥဒ္ဒါမာတကကမ္မဋ္ဌာန်းအာရုံကို ရပေပြီ။ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ရှုမှတ်သောသူသည် မိမိ၏ မဟာဘုတ်လေးပါးကို သိမ်းဆည်း၍ ရှုမှတ်နိုင်၏။ အနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်သောသူသည် မိမိ၏နှာခေါင်းလေကို အချိန်မရွေး သိမ်းဆည်း၍ ရှုမှတ်နိုင်၏။ ကသိဏ်းကို ရှုမှတ်သောသူသည်လည်း မိမိအလိုရှိရာ ကသိဏ်းဝန်းကို ပြုလုပ်၍ အလိုရှိတိုင်း ပွားများနိုင်၏။ ဥဒ္ဒါမာတက ကမ္မဋ္ဌာန်းကား ထိုသို့သော ကမ္မဋ္ဌာန်းမျိုး မဟုတ်ပေ။ ဥဒ္ဒါမာတကအသုဘ အဖြစ်ဖြင့် တစ်ရက်,နှစ်ရက်လောက်သာ တည်နိုင်၏။ တစ်ရက်,နှစ်ရက် ကျော်လွန်သွားလျှင် ဝိနီလကအသုဘစသည်အဖြစ်သို့ ပြောင်းလဲသွား၏။ ထို့ကြောင့် ဥဒ္ဒါမာတကထက် ပိုလွန်၍ရခဲသောကမ္မဋ္ဌာန်း မည်သည် မရှိချေ''

ဟု နှလုံးသွင်းပြီးလျှင် ရခဲလှသည့် ပတ္တမြားရတနာမြတ်ကဲ့သို့ သဘောထားကာ ရိုရိုသေသေ လေးလေးစားစားဖြင့် နေ့ရောညဉ့်ပါ အခါခပ်သိမ်း အဖန်ဖန် အထပ်ထပ် နှလုံးသွင်းဆင်ခြင်၍ ပွားများနေရမည်။

ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ် ထူးခြားချက်

ဥဂ္ဂဟနိမိတ်သည် ဖောက်ပြန်သောအဆင်း ရှိ၏။ အရပ်ဆိုး၏။ ကြောက်မက်ဖွယ် ပုံပန်းသဏ္ဌာန်ရှိသည်ဖြစ်၍ ထင်ပေါ်၏။

ပဋိဘာဂနိမိတ်သည် အလိုရှိတိုင်းစားသောက်ပြီး လျောင်းစက်နေသည့် ဆူဖြိုးသောကိုယ်အင်္ဂါကြီးငယ်ရှိသည့် ယောကျ်ားကြီးကဲ့သို့ ထင်ပေါ်၏။ ဤသို့လျှင် ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့ ထူးခြားပါသည်။

ပယ်အပ်သောအင်္ဂါ ၅-ပါး

(၁) ပဋိဘာဂနိမိတ်ကိုရသည်နှင့်တစ်ပြိုင်နက် ပြင်ပအာရုံကာမဂုဏ်တို့ကို နှလုံးမသွင်းခြင်းကြောင့် ဝေးကွာသည့်အလိုအားဖြင့် ကာမစ္ဆန္ဒကို ပယ်အပ်၏။ ကာမစ္ဆန္ဒ ကင်းပျောက်၏။

(၂) ကာမစ္ဆန္ဒကိုပယ်ခြင်း, ကာမစ္ဆန္ဒကင်းခြင်းကြောင့် ဗျာပါဒကိုလည်း ပယ်အပ်၏။ ဗျာပါဒ ကင်းပျောက်၏။ ဥပမာ-သွေးကိုပယ်ခြင်း,သွေးကင်းခြင်းကြောင့် ပြည်ကင်းပျောက်သကဲ့သို့ ဖြစ်၏။

(၃) ပြင်းစွာအားထုတ်အပ်သော ဝီရိယရှိခြင်းကြောင့် ထိုင်းမှိုင်းပျင်းရိမှု ထိနမိဒ္ဓကို ပယ်အပ်၏။ ထိနမိဒ္ဓ ကင်းပျောက်၏။

(၄) နှလုံးရှင်ကြည်ခြင်းကိုပြုတတ်သည့် ငြိမ်းအေးချမ်းမြသော သီလ,ဝီတိ, ပဿဒ္ဓိ,သုခအစရှိသော တရားတို့ကိုမပြတ်ယှဉ်စေသည်၏ အစွမ်းအားဖြင့် ပို့လွှင့်မှု ဥဒ္ဓစ္စ, နောင်တတစ်ဖန်ပူပန်မှု ကုက္ကုစ္စကို ပယ်အပ်၏။ ဥဒ္ဓစ္စကုက္ကုစ္စ ကင်းပျောက်၏။

(၅) ရပြီးသား ဥပစာရသမာဓိတရားထူး၏ မျက်မှောက်ပြုခြင်းကြောင့် အကျင့်ပဋိပတ်ကို ဟောကြားတော်မူသည့် မြတ်စွာဘုရားရှင်၌လည်းကောင်း၊ အကျင့်ပဋိပတ်၌လည်းကောင်း၊ ပဋိပတ်၏အကျိုး၌လည်းကောင်း ယုံမှားမှုဝိစိကိစ္ဆာကို ပယ်အပ်၏။ ဝိစိကိစ္ဆာ ကင်းပျောက်၏။

ပြည့်စုံမှုအင်္ဂါ ၅-ပါး

(၁) ပဋိဘာဂနိမိတ်၌ စိတ်ကို ရှေးရှုတင်ပေးသော ဝိတက်နှင့်ပြည့်စုံခြင်းအင်္ဂါတစ်ပါး၊

(၂) ပဋိဘာဂနိမိတ်ကို အဖန်ဖန် သုံးသပ်ခြင်းကိစ္စကိုပြီးစီးစေသော ဝိစာရနှင့်ပြည့်စုံခြင်း အင်္ဂါတစ်ပါး၊

(၃) ရပြီးသား သမာဓိတရားကိုရခြင်း, သိခြင်းကြောင့် အားရနှစ်သက်မှု ပီတိနှင့်ပြည့်စုံခြင်း အင်္ဂါတစ်ပါး၊

(၄) ပီတိနှင့်ယှဉ်သောစိတ်ရှိသူအား ပဿဒ္ဓိဖြစ်ရိုး ထုံးစံရှိသောကြောင့် ပဿဒ္ဓိဖြစ်ပြီးလျှင် ပဿဒ္ဓိလျှင်အကြောင်းရင်းရှိသော စိတ်ချမ်းသာမှုသုခနှင့် ပြည့်စုံခြင်း အင်္ဂါတစ်ပါး၊

(၅) ချမ်းသာမှုနှင့် ပြည့်စုံသောသူအား စိတ်တည်ကြည်မှုသမာဓိ ဖြစ်ရိုးထုံးစံရှိသောကြောင့် သုခလျှင်အကြောင်းရင်းရှိသော အာရုံတစ်ခုတည်းရှိသည်၏ အဖြစ်-ဟူသော ဧကဂ္ဂတာနှင့်ပြည့်စုံခြင်း အင်္ဂါတစ်ပါး၊

၂။ ဝိနိလက ကမ္မဋ္ဌာန်း

နှလုံးသွင်းပုံ

"ဝိနိလက် ပဋိကူလက်, ဝိနိလက် ပဋိကူလက်=ပကတိအဆင်းပျက်လျက် ညိုမည်းသောအဆင်းရှိသော စက်ဆုပ်ဖွယ်သူသေကောင်, ပကတိအဆင်းပျက်လျက် ညိုမည်းသောအဆင်းရှိသော စက်ဆုပ်ဖွယ်သူသေကောင်" ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ပြောက်ကြားသောအဆင်းရှိသည်ဖြစ်၍ ထင်၏။

ပဋိဘာဂနိမိတ် - အနီ,အဖြူ,အညိုအဆင်းတို့တွင် များရာအဆင်းကိုလိုက်၍ ထင်၏။ ဥပမာ-အညိုရောင်အဆင်းများလျှင် အညိုရောင် အသုဘကောင် ထင်ရှားစွာပေါ်လွင်၏။

—

၃။ ဝိပုဗ္ဗကကမ္မဋ္ဌာန်း

နှလုံးသွင်းပုံ

"ဝိပုဗ္ဗက် ပဋိကူလက်, ဝိပုဗ္ဗက် ပဋိကူလက်= ပြည်တစိုစို ယိုထွက်နေသည့် စက်ဆုပ်ဖွယ်သူသေကောင်, ပြည်တစိုစို ယိုထွက်နေသည့် စက်ဆုပ်ဖွယ် သူသေကောင်" ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ဟသွင်သွင် ပြည်ယိုစီးနေသကဲ့သို့ ထင်၏။

ပဋိဘာဂနိမိတ် - ပြည်ယိုထွက်နေပုံသည် မလှုပ်မယှက် ငြိမ်သက်သည်ဖြစ်၍ ထင်၏။

—

၄။ ဝိစ္ဆိဒ္ဒက ကမ္မဋ္ဌာန်း

ရရှိင်ရာဌာန

နှစ်ပိုင်းပြတ်နေသော ဝိစ္ဆိဒ္ဒကသူသေကောင်ကို စစ်မြေပြင်အရပ်၊ သူခိုးဓားပြတို့ သောင်းကျန်းထကြွရာ တောအရပ်၊ ခိုးသူတို့ကို သုတ်သင်ရာ သုသာန်အရပ်၊ တောထဲတွင် ကျား,ခြင်္သေ့စသည်တို့က လူကိုကိုက်ဖြတ်ထားရာအရပ်တို့၌ ရရှိင်ပေ၏။

ပွားများပုံအစီအရင်

ယောဂီပုဂ္ဂိုလ်သည် ဝိစ္ဆိန္ဒကသူသေကောင်ရှိရာအရပ်သို့ သွားပြီးလျှင်၊ သူသေကောင်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပြန့်ကျဲနေစေကာမူ တစ်ကြိမ်တည်း ဆင်ခြင်ခြင်းဖြင့် တစ်ပေါင်းတည်း နိမိတ်ထင်ပေါ်လျှင် အကောင်းဆုံး ဖြစ်၏။ အကယ်၍ မထင်ပေါ်သေးလျှင် ပြန့်ကျဲနေသည့် သူသေကောင်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စုပေါင်းပေးရမည်။ သို့သော် မိမိလက်ဖြင့်ကိုင်တွယ်၍ မပြုလုပ်ရပေ။ အဘယ်ကြောင့်ဆိုသော် သူသေကောင်ဖုတ်သော သုဘရာဇာကဲ့သို့ စက်ဆုပ်ဖွယ်မဟုတ်သည်၏အဖြစ်သို့ရောက်ခြင်း-ဟူသော သူသေကောင်နှင့်အကျွမ်းဝင်ခြင်းသို့ ရောက်တတ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် အာရာမ်စောင့်ဒကာကိုဖြစ်စေ, ကိုရင်ကြီးတစ်ပါး၊ပါးကို ဖြစ်စေ, အခြားတွေ့ရသည့် လူတစ်ဦးဦးကိုဖြစ်စေ စေခိုင်းရမည်။ အကယ်၍ စေခိုင်းစရာလူမရှိလျှင် မိမိကိုယ်တိုင်ပင် တုတ်,တောင်ဝှေးစသည်ကို အသုံးပြု၍ သူသေကောင်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တစ်ခုနှင့်တစ်ခု နီးကပ်အောင် ပြုလုပ်ပေးရမည်။ သို့သော် ပူးကပ်နေအောင် ထိကပ်မထားရပါ။ အနည်းဆုံး တစ်ခုနှင့်တစ်ခုကို လက်တစ်သစ်ခန့် ခြားထားရမည်။

နှလုံးသွင်းပုံ

"ဝိစ္ဆိန္ဒက် ပဋိကူလက်, ဝိစ္ဆိန္ဒက် ပဋိကူလက်= နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် သူသေကောင်, နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ်သူသေကောင်" ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - အလယ်၌ ပြတ်နေသကဲ့သို့ ထင်၏။
ပဋိဘာဂနိမိတ် - အပြတ်အကြားမရှိဘဲ အလုံးစုံပြည့်လျက် တစ်ဆက်တစ်စပ်တည်းဖြစ်လျက် ထင်၏။

၅။ ဝိက္ခာယိတက ကမ္မဋ္ဌာန်း

နှလုံးသွင်းပုံ

"ဝိက္ခာယိတက် ပဋိကူလက်, ဝိက္ခာယိတက် ပဋိကူလက်= ခွေး,မြေခွေးစသည်တို့က အမျိုးမျိုးသောအခြင်းအရာဖြင့် ခဲစားခံထားရသည့် စက်ဆုပ်ဖွယ်သူသေကောင်, ခွေး,မြေခွေးစသည်တို့က အမျိုးမျိုးသောအခြင်းအရာဖြင့်

ခဲစားခံထားရသည့် စက်ဆုပ်ဖွယ်သူသေကောင်''ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ခန္ဓာကိုယ်အနှံ့အပြားဌ ခဲစားထားသည်နှင့်တူစွာ ထင်၏။
ပဋိဘာဂနိမိတ် - ခဲစားရာမရှိဘဲ အလုံးစုံပြည့်လျက်သာ ထင်၏။

—

၆။ ဝိက္ခိတ္တက ကမ္မဋ္ဌာန်း

နှလုံးသွင်းပုံ

''ဝိက္ခိတ္တက် ပဋိကူလက်, ဝိက္ခိတ္တက် ပဋိကူလက်=ထိုထိုအရပ်ဌ စွန့်ပစ်ထားသည့် စက်ဆုပ်ဖွယ်သူသေကောင်, ထိုထိုအရပ်ဌ စွန့်ပစ်ထားသည့် စက်ဆုပ်ဖွယ်သူသေကောင်''ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ထင်ရှားသော အကြားအပြတ်ရှိလျက် ထင်၏။
ပဋိဘာဂနိမိတ် - အလုံးစုံပြည့်လျက် ထင်၏။

—

၇။ ဟတဝိက္ခိတ္တက ကမ္မဋ္ဌာန်း

နှလုံးသွင်းပုံ

''ဟတဝိက္ခိတ္တက် ပဋိကူလက် , ဟတဝိက္ခိတ္တက် ပဋိကူလက်= သတ်ဖြတ်ပြီး ထိုထိုအရပ်ဌ စွန့်ပစ်ထားသည့် စက်ဆုပ်ဖွယ်သူသေကောင်, သတ်ဖြတ်ပြီး ထိုထိုအရပ်ဌ စွန့်ပစ်ထားသည့် စက်ဆုပ်ဖွယ်သူသေကောင်''ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - အမာဝက္ခဲသို့ ထင်ရှားသည့်ခုတ်ရာထစ်ရာများ ထင်၏။
ပဋိဘာဂနိမိတ် - အလုံးစုံပြည့်လျက် ထင်၏။
မှတ်ချက်။ ဝိက္ခိတ္တကသူသေကောင်နှင့် ဟတဝိက္ခတ္တက သူသေကောင်တို့ ရရှိရာအရပ်နှင့် ကမ္မဋ္ဌာန်းရှုပုံ အစီအရင်များကို ဝိစ္ဆိန္နကကမ္မဋ္ဌာန်းဌ ဆိုခဲ့ပြီးသည့်အတိုင်း မှတ်သားရပါမည်။

—

၈။ လောဟိတက ကမ္မဋ္ဌာန်း

ရနိုင်ရာဌာန

လောဟိတကအသုဘကို စစ်မြေပြင်အရပ်စသည်တို့၌ ဒဏ်ရာရနေသော သူတို့၏ အဖြတ်ခံထားရသည့် လက်,ခြေစသည်တို့၌လည်းကောင်း၊ ပေါက်ပြဲနေသည့်ထွက်အိုင်းနာ,အဖုလုံးနာစသည်တို့၌လည်းကောင်း သွေးယိုစီးနေသည့်အချိန်၌ ရနိုင်၏။

နှလုံးသွင်းပုံ

"လောဟိတက် ပဋိကူလက်, လောဟိတက် ပဋိကူလက်= သွေးယိုထွက်နေသော စက်ဆုပ်ဖွယ်သူသေကောင်, သွေးယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - လေတိုက်ခတ်အပ်သော တံခွန်နီကဲ့သို့ လှုပ်သောအခြင်းအရာရှိလျက် ထင်၏။

ပဋိဘာဂနိမိတ် - မလှုပ်မယှက် ငြိမ်သက်လျက် ထင်၏။

၉။ ပုဋ္ဌဝက ကမ္မဋ္ဌာန်း

ရနိုင်ရာဌာန

ပုဋ္ဌဝကအသုဘကို သေပြီးနောက် နှစ်ရက်,သုံးရက်လွန်သောအခါ အမာဝကိုးခုတို့မှ ပိုးလောက်အစု ယိုထွက်သည့်အချိန်၌ ရနိုင်၏။

တစ်နည်းအားဖြင့် ခွေး,မြေခွေး,လူ,ကျွဲ,နွား,ဆင်,မြင်း,စပါးကြီးမြွေစသည်တို့၏ ခန္ဓာကိုယ်ပမာဏရှိသည်ဖြစ်၍ သလေးထမင်း အစုအပုံကဲ့သို့ တည်၏။

နှလုံးသွင်းပုံ

"ပုဋ္ဌဝက် ပဋိကူလက် , ပုဋ္ဌဝက် ပဋိကူလက်= ပိုးလောက်ပြည့်နေသည့် စက်ဆုပ်ဖွယ်သူသေကောင်, ပိုးလောက်ပြည့်နေသည့် စက်ဆုပ်ဖွယ်သူသေကောင်"ဟု နှလုံးသွင်းဆင်ခြင်ရမည်။

နိမိတ်နှစ်ပါး ထူးခြားချက်

ဥဂ္ဂဟနိမိတ် - ပိုးလောက်များ လှုပ်ရှားနေသကဲ့သို့ ထင်၏။

ပဋိဘာဂနိမိတ် - သလေးထမင်း အစုအပုံကဲ့သို့ မလှုပ်မယှက် ငြိမ်သက်လျက် ထင်၏။

မှတ်ချက်။ ဤပုဒ္ဓဝက အသုဘကမ္မဋ္ဌာန်းကို မည်သည့်သူသေကောင်၌ မဆို ပိုးလောက်များရှိနေပါက ရှုမှတ်ကောင်း၏။ သာဓက အဖြစ် ဖော်ပြရသော် စူဠပိဏ္ဍပါတိကတိဿအမည်ရှိသော မထေရ်တစ်ပါးသည် ကာဠဒီဃမည်သော ဆည်ကန်အတွင်း၌ သေနေသည့် ဆင်ကောင်ပုပ်၌ နိမိတ်ထင်ခဲ့ဖူး၏။

၁၀။ အဋ္ဌိက ကမ္မဋ္ဌာန်း

အဋ္ဌိကကမ္မဋ္ဌာန်းကို ရှုလိုသောယောဂီပုဂ္ဂိုလ်သည် အရိုးစုသေကောင် ပစ်ချထားရာအရပ်သို့ ဥဒ္ဓုမာတကကမ္မဋ္ဌာန်း၌ ပြဆိုခဲ့ပြီးသည့်အစီအရင်အတိုင်း သွား၍ အရိုးစုအနီးရှိ ကျောက်စသော ဝန်းကျင်နိမိတ်ကို အရိုးစုနှင့်တကွမှတ်သားပြီးလျှင် အခြင်းအရာ ၁၁-ပါးတို့ဖြင့် ဆက်လက်မှတ်သားရပါမည်။

(၁) အဆင်းအားဖြင့် မှတ်ယူပုံ

အရိုးစုကို အဆင်းအားဖြင့်မှတ်ရာ၌ အရိုး၏ဖြူသောအဆင်းကို မမှတ်ရပါ။ အသုဘသဘော မထင်ပေါ်ဘဲ သြဒါတကသိုဏ်းနှင့်ရောယှက်တတ်၏။ ထို့ကြောင့် "စက်ဆုပ်ဖွယ်အရိုးစု" ဟူ၍ စက်ဆုပ်ဖွယ်အစွမ်းအားဖြင့်သာ ဆင်ခြင်၍ ပိုင်းခြားမှတ်သားရပါမည်။

(၂) လိင်အသွင်အားဖြင့် မှတ်ယူပုံ

အရိုးစုကို လိင်-အသွင်အားဖြင့် မှတ်ရာ၌ "ဤအရာသည် လက်၏အရိုးစုဖြစ်၏" စသည်အားဖြင့် လက်, ခြေ, ခေါင်း, ရင်, လက်ရုံး, တင်ပါး, ပေါင်, ခြေသလုံးစသည်အလိုအားဖြင့်သာ ပိုင်းခြားမှတ်သားရပါမည်။

(၃) ပုံသဏ္ဌာန်အားဖြင့် မှတ်ယူပုံ

အသုဘသူသေကောင်ကို အရိုးတို့၏ အရှည်, အတို, အလုံး, လေးမြောင့်, အငယ်, အကြီးဟူ၍ ပုံသဏ္ဌာန်အလိုအားဖြင့် ပိုင်းခြားမှတ်သားရပါမည်။

မှတ်ချက်။ (၄) အရပ်အားဖြင့်မှတ်ယူပုံနှင့် (၅)တည်ရာအားဖြင့်မှတ်ယူပုံ တို့ကို ဥဒ္ဒါမာတကကမ္မဋ္ဌာန်း၌ ပြဆိုခဲ့သည့်အတိုင်း မှတ်ပါ။

(၆) အပိုင်းအခြားအားဖြင့် မှတ်ယူပုံ

အရိုးစုကို အပိုင်းအခြားအားဖြင့်မှတ်ယူရာ၌ အရိုးမှန်သမျှတို့၏ အစွန်ကို လည်းကောင်း၊ အဆုံးကိုလည်းကောင်း အပိုင်းအခြားပြု၍ မှတ်ရမည်။

မှတ်ချက်။ ဤသို့ အဆင်းစသည်ဖြင့် အသုဘနိမိတ်ကိုမှတ်ယူရာ၌ သူသေကောင်၏အရိုးစုတို့တွင် ထင်ရှားပေါ်ရာအရိုးကို နိမိတ်အဖြစ်ယူ၍ အပွနာသို့ ရောက်နိုင်၏။ အကယ်၍ အပွနာသို့မရောက်သေးလျှင် အနိမ့်,အချိုင့်စသည်အားဖြင့် ဆက်လက် ပိုင်းခြားမှတ်သားရမည်။

(၇) အနိမ့်အချိုင့်အားဖြင့် မှတ်ယူပုံ

ထိုထိုအရိုးတို့၏ နိမ့်ရာ,ချိုင့်ရာတို့ကို မှတ်ရမည်။ တစ်နည်းအားဖြင့် "ငါက အနိမ့်၌ ရှိ၏။ အရိုးစုက အမြင့်၌ ရှိ၏" ဟူ၍လည်း ပိုင်းခြားမှတ်သားရမည်။

(၈) အမြင့်အမောက်အားဖြင့် မှတ်ယူပုံ

ထိုထိုအရိုးစုတို့၏ မြင့်ရာ,မောက်ရာတို့ကို မှတ်ရမည်။ တစ်နည်းအားဖြင့် "ငါက အမြင့်၌ ရှိ၏။ အရိုးစုက အနိမ့်၌ ရှိ၏" ဟူ၍လည်း ပိုင်းခြားမှတ်သားရပါမည်။

(၉) အဆက်အစပ်အားဖြင့် မှတ်ယူပုံ

ထိုထိုအရိုးစုတို့တွင် အရိုးနှစ်ခုတို့၏ ဆက်စပ်ရာ ဆက်စပ်ရာဌာနတို့ အလိုအားဖြင့် မှတ်သားရပါမည်။

(၁၀) အကြားအရပ်အားဖြင့်မှတ်ယူပုံ

အရိုးတစ်ခုနှင့်တစ်ခု အကြားအရပ်၏အလိုအားဖြင့် ပိုင်းခြားမှတ်သား ရပါမည်။

(၁၁) ဝန်းကျင်အားဖြင့် မှတ်ယူပုံ

အရိုးအားလုံး၌ပင် ဉာဏ်ကိုကျက်စားစေ၍ "ဤနေရာ,ဤနေရာ၌ ဤမည်သောအရိုး,ဤမည်သောအရိုး တည်ရှိနေ၏" ဟု ဝန်းကျင်အားဖြင့်လည်း ပိုင်းခြားမှတ်သားရပါမည်။ ဤသို့ ပိုင်းခြားမှတ်သားပါလျက် နိမိတ်မထင်သေးလျှင် နဖူးရိုး၌ စိတ်ကို ကောင်းစွာထားရပါမည်။

နလုံးသွင်းပုံ

ဤအဋ္ဌကထာန်းသည် တစ်ကိုယ်လုံးသော အရိုးစုဌိဖစ်စေ, အရိုးတစ်ချောင်းတည်းဌိဖစ်စေ ဘာဝနာပြည့်စုံနိုင်ပေ၏။ ထို့ကြောင့် အရိုးစုအားလုံးဌိဖစ်စေ, အရိုးတစ်ချောင်းတည်းဌိဖစ်စေ ပြဆိုခဲ့ပြီးသော အခြင်းအရာသဒ-ပါးတို့ဖြင့် နိမိတ်ကိုမှတ်ယူပြီးလျှင် "အဋ္ဌိကံ ပဋိကူလကံ, အဋ္ဌိကံ ပဋိကူလကံ=စက်ဆုပ်ဖွယ်အရိုးစု, စက်ဆုပ်ဖွယ်အရိုးစု" ဟု နလုံးသွင်းဆင်ခြင်ရပါမည်။

နိမိတ်နှစ်ပါး

ဤအဋ္ဌကထာန်းဌိ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်တို့သည် ထူးခြားမှုမရှိပေ။ တစ်ထပ်တည်း တူညီ၏-ဟု ရှေးအဋ္ဌကထာကြီးများဌိ ပြဆိုထား၏။ ထိုအဆိုသည် အရိုးတစ်ချောင်းတည်းဆိုပါက သင့်လျော်၏။ အရိုးစု,အရိုးများစွာတို့ဌိမူ ဥဂ္ဂဟနိမိတ်သည် ထင်ရှားပေါ်လွင်သော အကြားအရပ်ရှိ၏။ ပဋိဘာဂနိမိတ်သည် အလုံးစုံပြည့်နေ၏။

ထို့ပြင် အရိုးတစ်ချောင်းတည်းဖြစ်ပါမူ ဥဂ္ဂဟနိမိတ်သည် အရွယ်ဆိုး၍ ကြောက်မက်ဖွယ်ကောင်း၏။ ပဋိဘာဂနိမိတ်သည် ဥပစာရသမာဓိကို ဆောင်ပေးတတ်,ဖြစ်စေတတ်သောကြောင့် ပီတိသောမနဿကို ဖြစ်စေ၏။ သာဓကအဖြစ် ဖော်ပြရသော်- စေတိယတောင်မှ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွသော မဟာတိဿမထေရ်သည် ပြုံးရယ်ပြသည့်မိန်းမတစ်ယောက်၏ သွားရိုးကိုမြင်ပြီး ထိုမိန်းမတစ်ကိုယ်လုံးကို အရိုးစုအဖြစ်ဖြင့်သာ ထင်ခဲ့ဖူး၏။

အထွေထွေ မှတ်ပွယ်

ရာဂကင်းသော ရဟန္တာနှင့်တူပုံ

အသုဘဆယ်ပါးတို့တွင် အသုဘကမ္မဋ္ဌာန်းတစ်ပါးပါးကို ရှုမှတ်ပွားများ၍ စွာန်ရပြီးသောပုဂ္ဂိုလ်သည် တပ်မက်မှုရာဂနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သည့် အသုဘဘာဝနာဖြင့် ယင်းရာဂကို ကောင်းစွာပယ်ခွါထားပြီးဖြစ်သောကြောင့် ရာဂကင်းသောရဟန္တာပုဂ္ဂိုလ်နှင့် တူ၏။ ရဟန္တာပုဂ္ဂိုလ်ပမာ လျှပ်ပေါ်လော်လည်သည့် အမူအရာမျိုးမရှိဘဲ တည်ကြည်သောက္ကန္ဒြေနှင့် ပြည့်စုံလေ၏။

အသုဘ ၁၀-ပါး ခွဲခြားရှုဟောရခြင်း အကြောင်း

အသုဘကမ္မဋ္ဌာန်းတိုင်း၌ ရအပ်သောစွာန်ဖြင့် လျှပ်ပေါ်လော်လည်သည့် အမူအရာကင်းပုံချင်းတူညီသော်လည်း ခန္ဓာကိုယ်၏သီးသန့်သဘောသို့ရောက်ခြင်း (သရီရသဘာဝပွတ္တိ)၏ အစွမ်းအားဖြင့်လည်းကောင်း၊ ရာဂထူပြောသော ပုဂ္ဂိုလ်အမျိုးအစားကွဲပြားခြားနားခြင်း(ရာဂစရိတပဘေဒ)၏ အစွမ်းအားဖြင့်လည်းကောင်း အသုဘ၁၀-ပါး-ဟူ၍ ခွဲခြားဟောတော်မူရခြင်း ဖြစ်ပါသည်။

ခန္ဓာကိုယ်၏ သီးသန့်သဘောအားဖြင့် ဟောတော်မူပုံ

သူသေကောင်သည် စက်ဆုပ်ဖွယ်အဖြစ်သို့ရောက်လျှင် ဥဒ္ဓုမာတက=ဖူးဖူးရောင်ခြင်းသဘောသို့ ရောက်ရာ၏။ ဝိနီလက=ပကတိအဆင်းပျက်လျက် ညိုမည်းခြင်းသဘောသို့လည်း ရောက်ရာ၏။ ဝိပုဗ္ဗက=ပြည်တစိုစို ယိုထွက်နေခြင်းသဘောသို့လည်း ရောက်ရာ၏။ ဤသို့စသည်ဖြင့် ပြောင်းလဲသွားသည့် သူသေကောင်သဘောသဘာဝ၌ ရသင့်သည်အားလျော်စွာ "ဥဒ္ဓုမာတက် ပဋိကူလက်, ဝိနီလက် ပဋိကူလက်, ဝိပုဗ္ဗက် ပဋိကူလက်" စသည်ဖြင့် နိမိတ်ယူရသောကြောင့်

သူသေကောင် ခန္ဓာကိုယ်၏ ဖူးဖူးရောင်ခြင်းစသော သီးသန့်သဘောသို့ ရောက်ခြင်း၏အစွမ်းအားဖြင့် အသုဘ ၁၀-ပါးဟု ခွဲခြား၍ ဟောတော်မူရခြင်း ဖြစ်ပါသည်။

ရာဂစရိုက်ရှိသူ အမျိုးအစားအားဖြင့် ဟောတော်မူပုံ

၁။ ဥဒ္ဓုမာတကအသုဘနှင့် သင့်လျော်သူ

ဖူးဖူးရောင်နေသော ဥဒ္ဓုမာတကသူသေကောင်သည် ကိုယ်သဏ္ဌာန်၏ ဖောက်ပြန်ပျက်စီးခြင်းကို ထင်ရှားပြတတ်သောကြောင့် ရုပ်ပုံသဏ္ဌာန်၌ တပ်မက်မှုရာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၂။ ဝိနီလကအသုဘနှင့် သင့်လျော်သူ

ပကတိအဆင်းပျက်လျက် ညိုမည်းသည့်အဆင်းရှိသော ဝိနီလကသူသေကောင်သည် လှပတင့်တယ်သော အရေအဆင်း၏ ဖောက်ပြန်ပျက်စီးခြင်းကို ထင်ရှားပြတတ်သောကြောင့် ကိုယ်အဆင်း၌ တပ်မက်မှုရာဂစရိုက် အားကြီးသော ပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၃။ ဝိပုဗ္ဗကအသုဘနှင့် သင့်လျော်သူ

ပြည်တစိုစို ယိုထွက်နေသည့် ဝိပုဗ္ဗကသူသေကောင်သည် အမာသဖွယ် ကိုယ်နှင့်စပ်ဆိုင်သော အနံ့ဆိုးရှိခြင်းကို ထင်ရှားပြတတ်သောကြောင့် ပန်းနံ့သာစသည်၏အစွမ်းအားဖြင့် ကိုယ်၌ဖြစ်ပေါ်သည့်အနံ့(ကိုယ်သင်းနံ့)၌ တပ်မက်မှုရာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၄။ ဝိစ္ဆိဒ္ဒကအသုဘနှင့် သင့်လျော်သူ

ခါးလည်၌ပြတ်နေသည့် ဝိစ္ဆိဒ္ဒကသူသေကောင်သည် အတွင်း၌အခေါင်းရှိသည်၏အဖြစ်ကို ထင်ရှားပြတတ်သောကြောင့် ခန္ဓာကိုယ်၏ တစ်လုံးတစ်ခဲတည်းအဖြစ်၌ (ကျစ်လျစ်သွယ်လျသည့်ကိုယ်အမျိုးအစား)၌ တပ်မက်မှုရာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၅။ ဝိက္ခာယိတကအသုဘနှင့် သင့်လျော်သူ

ခွေး,မြေခွေးစသည်တို့သည် အမျိုးမျိုးသောအခြင်းအရာဖြင့် ခဲစားခံထားသည့် ဝိက္ခာယိတကသူသေကောင်သည် ပြည့်စုံပြည့်ဝသော အသားစု,အသားစိုင်၏ ပျက်စီးခြင်းသဘောကို ထင်ရှားပြတတ်သောကြောင့် သားမြတ်စသော ခန္ဓာကိုယ်အစိတ်အပိုင်း,အသားစုအသားစိုင်၌ တပ်မက်မှုရာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၆။ <u>ဝိက္ခိတ္တကအသုဘနှင့် သင့်လျော်သူ</u>

ထိုထိုအရပ်တို့၌ စွန့်ပစ်ထားအပ်သော ဝိက္ခိတ္တကသူသေကောင်သည် လက်, ခြေစသော ကိုယ်အင်္ဂါကြီးငယ်တို့၏ ဖရိဖရဲ ပြန့်ကျဲနေခြင်းကို ထင်ရှားပြတတ်သောကြောင့် ကိုယ်အင်္ဂါကြီးငယ်တို့၏ တင့်တယ်စံပယ်ပုံ၌ တပ်မက်မှုရှာဂ အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၇။ <u>ဟတဝိက္ခိတ္တကအသုဘနှင့် သင့်လျော်သူ</u>

သတ်ဖြတ်ပြီး ထိုထိုအရပ်တို့၌ စွန့်ပစ်ထားအပ်သော ဟတဝိက္ခိတ္တကသူသေကောင်သည် တစ်စပ်တည်း, တစ်ပေါင်းတည်းဖြစ်နေသော သူသေကောင်၏ ကွဲပြားပျက်စီးနေသည့်အခြင်းအရာကို ထင်ရှားပြတတ်သောကြောင့် ခန္ဓာကိုယ်၏ တစ်စပ်တည်း,တစ်ပေါင်းတည်းပြည့်စုံခြင်း၌ တပ်မက်မှုရှာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၈။ <u>လောဟိတကအသုဘနှင့် သင့်လျော်သူ</u>

သွေးယိုထွက်နေသော လောဟိတက သူသေကောင်သည် သွေးများလိမ်းကျံလျက် စက်ဆုပ်ဖွယ်အဖြစ်ကို ထင်ရှားပြတတ်သောကြောင့် အဆင်တန်ဆာကြောင့် ဖြစ်သည့်တင့်တယ်ခြင်း၌ တပ်မက်မှုရှာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၉။ <u>ပုဋ္ဌဝကအသုဘနှင့် သင့်လျော်သူ</u>

ပိုးလောက်တို့ဖြင့်ပြည့်နေသည့် ပုဋ္ဌဝကသူသေကောင်သည် ခန္ဓာကိုယ်၏ သတ္တဝါများစွာတို့နှင့် သက်ဆိုင်ခြင်းကို ထင်ရှားပြတတ်သောကြောင့် ခန္ဓာကိုယ်၌ ငါတစ်ဦးတည်း ပိုင်စိုးသည်၏အဖြစ်၌ တပ်မက်မှုရှာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

၁၀။ <u>အဋ္ဌိကအသုဘနှင့် သင့်လျော်သူ</u>

အရိုးစုဖြစ်သော အဋ္ဌိကသူသေကောင်သည် ကိုယ်ကောင်၏ အရိုးတို့ဖြင့် စက်ဆုပ်ဖွယ်အဖြစ်ကို ထင်ရှားပြတတ်သောကြောင့် သွား၏ပြည့်စုံခြင်း,အရိုး၏ကောင်းခြင်းစသည်တို့၌ တပ်မက်မှုရှာဂစရိုက် အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်၏။

ဤသို့လျှင် ခန္ဓာကိုယ်ကောင်၌ တပ်မက်မှုရှာဂစရိုက် အားကြီးသောပုဂ္ဂိုလ်ကွဲပြားသောကြောင့်လည်း ယင်းပုဂ္ဂိုလ်အားလျော်စွာ အသုဘ ၁၀-ပါး-ဟု ခွဲခြား၍ ဟောတော်မူရခြင်း ဖြစ်ပါသည်။

ပထမစျာန်သာ ရနိုင်ခြင်း

ဥပမာအားဖြင့် ရေပြင်သည် ငြိမ်သက်မှုမရှိဘဲ စီးဆင်းနေ၏။ ရေစီးလည်း သန်၏။ ထိုမြစ်ရေပြင်မျိုးဌ လှေသည် ထိုးဝါးအကူအညီဖြင့်သာ ရပ်တည်နိုင်၏။ ထိုးဝါးအကူအညီ မပါလျှင် မရပ်တည်နိုင်သကဲ့သို့ ထို့အတူ အသုဘအာရုံ၏ အားနည်းခြင်းကြောင့် စိတ်သည် ကြံစည်မှုဝိတက်၏ အားအစွမ်းဖြင့်သာလျှင် (ဝါ)ဝိတက်၏အကူအညီဖြင့်သာလျှင် တစ်ခုတည်းသောအာရုံရှိလျက် တည်တံ့နိုင်ခြင်းဖြစ်၏။ ဝိတက်နှင့်ကင်း၍ တည်တံ့ခြင်းငှာ မစွမ်းနိုင်ပေ။ ထို့ကြောင့် အသုဘကမ္မဋ္ဌာန်းဌ ဝိတက်ရှိသည့်ပထမစျာန်ကိုသာ ရရှိနိုင်ပြီး၊ ဝိတက်ကင်းသည့် ဒုတိယစျာန်စသည်တို့ကိုမရနိုင်ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ အသုဘအာရုံ၏ အားနည်းခြင်းဆိုသည်မှာ- စက်ဆုပ်ရုံရှုဖွယ်ကောင်းခြင်းကြောင့် မိမိ၏ စိတ်ကိုတည်တံ့စေခြင်း,ထားခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်ကို အသုဘအာရုံ၏အားနည်းခြင်း-ဟုဆိုခြင်း ဖြစ်သည်။

ပီတိ,သောမနဿဖြစ်ခြင်း

အကြောင်း

အသုဘသူသေကောင်ဟူသည် စက်ဆုပ်ဖွယ်ကောင်းငြားသော်လည်း အသုဘအာရုံဌ "ဤအကျင့်ဖြင့် အို,နာ,သေ ဒုက္ခမှ လွတ်ရပေတော့မည်"ဟူသော အကျိုးအာနိသင်ကို မြော်မြင်လေ့ရှိခြင်းကြောင့်လည်းကောင်း၊ နိဝရဏဟူသော အပူကို ပယ်ခြင်းကြောင့်လည်းကောင်း နှစ်သက်ဝမ်းမြောက်ရွှင်လန်းမှု-ဟူသော ပီတိ,သောမနဿများ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ဥပမာ-မစင်ဘင်ကျူးသမားအား "ယခုပင် အခကြေးငွေများစွာကို ငါရပေတော့မည်"ဟု အကျိုးရလဒ်ကိုမြော်မြင်မိသဖြင့် မစင်ဘင်ပုံကိုကြည့်၍ ပီတိသောမနဿဖြစ်ရသကဲ့သို့လည်းကောင်း၊ အနာရောဂါကြောင့် ဆင်းရဲကြီးစွာ ခံစားနေရသော ရောဂါသည်အား ဆေးသောက်သည့်အခါ ဆေးကြောင့် ပျို့အန်ခြင်း, ဝမ်းသက်ခြင်းများဖြစ်ပေါ်ခြင်းကို ပီတိ,သောမနဿဖြစ်ရသကဲ့သို့လည်းကောင်း မှတ်ရပါမည်။

အသုဘလက္ခဏာ

အသုဘသည် ၁၀-ပါးရှိသော်လည်း မစင်မကြယ် အနံ့ဆိုးရှိလျက် စက်ဆုပ်ရုံရှုဖွယ်ကောင်းခြင်း-ဟူသော လက္ခဏာအားဖြင့်မူ တစ်ပါးသာ ရှိပါသည်။

ရှင်သူကိုယ်၌ အသုဘလက္ခဏာ
မထင်ခြင်းအကြောင်း

သေသောသူ၏ ခန္ဓာကိုယ်သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသကဲ့သို့ ရှင်သူ၏ ခန္ဓာကိုယ်သည်လည်း စက်ဆုပ်ရွံရှာဖွယ်ကောင်း၏။ ထို့ကြောင့် ပညာရှိများက "သေသူ,ရှင်သူ အတူတူ" ဟုပင် ဆိုစမှတ်ပြုကြသည်။ သို့သော် လူအများစုသည် ရှင်ဆဲဖြစ်သော ဤကိုယ်၌ ချည့်သည်ဖြစ်သည့် ရေချိုးသုတ်သင် နံ့သာတင်၍ တန်ဆာဆင်ခြင်းတို့ဖြင့် ဖုံးကွယ်ထားသောကြောင့် အနံ့ဆိုးရှိလျက် စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်-ဟူသော အသုဘလက္ခဏာ မပေါ်လွင်,မထင်ရှားဘဲ ဖြစ်နေကြ၏။

ခန္ဓာကိုယ်ဟူသည်

ခန္ဓာကိုယ်ဟူသည်-အရိုးသုံးရာကျော်တို့ဖြင့် စိုက်ထောင်ထား၏။ အဆက်အစပ် တစ်ရာ့ရှစ်ဆယ်တို့ဖြင့် ဆက်စပ်ထား၏။ အကြောကိုးရာတို့ဖြင့် ဖွဲချည်ထား၏။ သားတစ်ကိုးရာတို့ဖြင့် လိမ်းကျံမွမ်းမံထား၏။ စိုသောအရေထူဖြင့် မြွေးယှက်ထား၏။ အရေပါးဖြင့် ဖုံးအုပ်ထား၏။ အသေးအမွှားအပေါက်ငယ်များ အနှံ့အပြားရှိ၏။ ဆီထည့်ထားသည့် မြေအိုး,မြေခွက်ပမာ အထက်အောက် ဆူပွက်ယိုထွက်လျက်ရှိ၏။ ပိုးအပေါင်းတို့၏ မှီဝဲနေထိုင်ရာ အိမ်ဂေဟာလည်း ဖြစ်၏။ အနာရောဂါတို့ စွဲကပ်မှီခိုရာဌာနကြီး ဖြစ်ပြီး ဆင်းရဲမှုမှန်သမျှတို့ ဖြစ်ပေါ်ရာဒေသလည်း ဖြစ်ပေသည်။ အနံ့အပြားပေါက်ကွဲနေသည့် အိုင်းအမာကြီးပမာ ကိုးခုဒ္ဒါရ အမာဝတို့မှ စက်ဆုပ်ရွံရှာဖွယ် အညစ်အကြေးများ အမြဲမပြတ် ယိုစီးကျနေ၏။

အညစ်အကြေးများ ယိုထွက်နေပုံ

ခန္ဓာကိုယ်၏ မျက်စိပေါက်နှစ်ခုတို့မှ မျက်ရည်,မျက်ချေးတို့ ယိုထွက်နေ၏။ နားပေါက်နှစ်ခုတို့မှ နဖာချေးများ ယိုထွက်နေ၏။ နှာခေါင်းပေါက်နှစ်ခုတို့မှ နှာရည်များ, နှပ်ချေးများ ယိုထွက်နေ၏။ ခံတွင်းပေါက်မှ အစာသစ်,သည်းခြေ,သလိပ်, သွေးများ အန်ထွက်ကြ၏။ အောက်ဒွါရတို့မှ ကျင်ကြီး,ကျင်ငယ်များ ယိုထွက်နေကြ၏။

ထို့ပြင် ကိုးသောင်း,ကိုးထောင်မျှရှိသော မွေးညင်းပေါက်တို့မှလည်း စက်ဆုပ်ရွံရှာဖွယ် ချွေးစေးများ, ချွေးရည်များလည်း အမြဲမပြတ် ယိုထွက်နေ၏။ ထို့ကြောင့် ယင်မမဲရိုင်းတို့သည် အပုပ်ကောင်အလား ဤခန္ဓာကိုယ်ကြီးကို ဝန်းရံ၍ နားနေကြခြင်း ဖြစ်မပေသည်။

ပြည့်ရှင်မင်းနှင့် ဒွန်းစဏ္ဍား ထူးခြားမှုမရှိ

ဤခန္ဓာကိုယ်ကို သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ ဦးခေါင်းကို ဆီလိမ်းခြင်း၊ ရေချိုးသန့်စင်ခြင်း၊ အဝတ်အထည်တို့ကို လုံလုံခြုံခြုံဝတ်ဆင်ခြင်းစသည်တို့ဖြင့် မသုတ်သင် မပြုပြင်ဘဲ မိမွေးတိုင်းထား၍ ကြမ်းတမ်းသည့်ဆံပင်များ ဖရိဖရဲ ဖွာဆန်ကြဲလျက် တစ်ရွာမှတစ်ရွာသို့ လှည့်လည်သွားလာသည်ရှိသော် ပြည့်ရှင်မင်းဖြစ်စေ၊ ပန်းမိုက်သွန် ဒွန်းစဏ္ဍားစသည်တို့ထဲက တစ်ယောက်ယောက်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်မဆို စက်ဆုပ်ရွံရှာဖွယ်ချည်းသာ ဖြစ်၏။ သို့ဆိုလျှင် ပြည့်ရှင်မင်းနှင့် ဒွန်းစဏ္ဍား ထူးခြားခြင်းမည်သည် မရှိတော့ပေ။ မစင်မကြယ် ရွံဖွယ်ယိုသိုး အနံ့ဆိုး ရှိပုံချင်းသာ တူညီနေတော့၏။

အသုဘကို သုဘဟု မှတ်ထင်နေခြင်း

သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ အညစ်အကြေးစသည်တို့ကို သုတ်သင်ခြင်း၊ အမျိုးမျိုးသော အရောင်အသွေးရှိသည့် အဝတ်အထည်တို့ကို ဝတ်ဆင်၍ ဖုံးထားသင့်သည့် ရုက်ဖွယ်ကိုယ်အင်္ဂါတို့ကို ဖုံးလွှမ်းထားခြင်း၊ အမွေးနုံသာ အမျိုးမျိုးတို့ဖြင့်လိမ်းကျံခြင်း၊ ပန်း၊အဆင်တန်ဆာတို့ကို ဆင်မြန်းထားခြင်းတို့ဖြင့် ဤကိုယ်ခန္ဓာကို ''ငါ့ကိုယ်,ငါ့ခန္ဓာ''ဟု မှတ်ထင်ကာ ပြုပြင်နေကြ၏။

ဤသို့လျှင် ညှော်သည်အာဂန္တုဖြစ်သော အဆင်တန်ဆာတို့ဖြင့် ပြုပြင်၍ ဖုံးကွယ်ထားသောကြောင့် ကိုယ်၏ဟုတ်တိုင်းမှန်သည့် ပင်ကိုယ်သဘောဖြစ်သော အသုဘလက္ခဏာကို မမှတ်နိုင်,မသိနိုင်ကြခြင်းဖြစ်သည်။ သို့အတွက်ကြောင့်လည်း ယောကျ်ားက မိန်းမကိုလည်းကောင်း၊ မိန်းမက ယောကျ်ားကိုလည်းကောင်း လှပသည်,တင့်တယ်သည်ဟု မှတ်ထင်ကာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စွဲလန်းနေကြခြင်းဖြစ်ပေသည်။ အစစ်အမှန် ပရမတ်ဉာဏ်ဖြင့် စေ့စေ့ငုငု ကြည့်ရှုပါမူ ဤကိုယ်၌ နှစ်သက်စရာ,တွယ်တာစရာ အနှစ်သာရ-ဟူ၍ ဘာတစ်ခုကိုမျှ ရှာမရနိုင်ပေ။

မြေခွေးအိုနှင့် တူပုံ

ဆံပင်,အမွေး,ခြေသည်း,လက်သည်း,သွား,တံတွေး,နှပ်,ကျင်ကြီး,ကျင်ငယ်စသည်တို့သည် ဤခန္ဓာကိုယ်မှ အပြင်သို့ကျ၍ ကင်းကွာသွားလျှင် လူတို့သည် ယင်းတို့ကို လက်ဖြင့်ထိရန်ပင် အလိုမရှိကြပေ။ အနှိပ်စက်ခံရသည့်ပမာ လွန်စွာမုန်းတီးရွံရှာကြ၏။ သို့သော် ခန္ဓာကိုယ်နှင့်ဆက်စပ်ကျန်ရှိနေသည့် ဆံပင်စသောအရာတို့ကိုမူ စက်ဆုပ်ဖွယ်ဖြစ်သော်လည်း အဝိဇ္ဇာအမှောင်ဖြင့် ဖုံးကွယ်

ထားသောကြောင့် ရာဂဖြင့် တပ်မက်စွဲလန်းလျက် ''လိုချင်စရာပဲ၊ နှစ်သက်စရာပဲ၊ မြဲသည်၊ ချမ်းသာသည်၊ အတ္တဖြစ်သည်'' ဟု အမှတ်မှားနေကြသည်။ ဥပမာအားဖြင့် တောထဲ၌ မြေခွေးအိုတစ်ကောင်သည် ပေါက်ပင်ကို တွေ့မြင်ပြီး ပေါက်ပင်မှ ကြွေကျသည့် ပေါက်ပန်းပွင့်ကို အသားထင်မှတ်ကာ ပြေးလွှား၍ဟပ်သော်လည်း ပေါက်ပန်းပွင့်ဖြစ်နေသဖြင့် အသားမဟုတ်မှန်း သိ၏။ သို့သော်လည်း မကြွေကျသေးသည့် ပင်ယံထက်ရှိ ပေါက်ပန်းပွင့် နီတာရဲကိုမူ ''သားတစ်'' ဟု ထင်မှတ်ပြန်ကာ ပြုတ်ကျနိုးနိုးဖြင့် မျှော်ကိုးလျက် ပင်ပန်းခြင်းသို့ရောက်သည်နှင့်သာ တူနေတော့၏။

မှတ်သားဖွယ်ရာဂါထာ အဓိပ္ပာယ်များ

ဒုဂ္ဂန္ဓော အသုစိကာယော၊
ကုဏပေါ ဥက္ကာရူပမော။
နိန္ဒိတော စက္ခုဘူတေဟိ၊
ကာယော ဗာလာဘိနန္ဒိတော။

ကာယော=သုံးဆယ့်နှစ်ပါးသော အဖို့အစုအပေါင်းဖြစ်သော ခန္ဓာကိုယ်သည်၊ ဒုဂ္ဂန္ဓော= နံစော်ညီဟောင် မကောင်းသောအနံ့ရှိ၏။ အသုစိ=အဖန်ဖန်ဆေးကြော သုတ်သင်ပြုပြင်သော်လည်း မစင်ကြယ်ချေ။ ကုဏပေါ=ခွေးကောင်ပုပ်, မြွေကောင်ပုပ်နှင့်တူ၏။ ဥက္ကာရူပမော=ကျင်ကြီးတွင်းနှင့်လည်းတူ၏။ ဣတိ=ဤသို့စသည်ဖြင့်၊ စက္ခုဘူတေဟိ=ပညာမျက်စိ ရှိကြကုန်သောပုဂ္ဂိုလ်တို့သည်၊ နိန္ဒိတော= ကဲ့ရဲ့ရှုတ်ချအပ်သော၊ ကာယော=ခန္ဓာကိုယ်ကို၊ ဗာလာဘိနန္ဒိတော=ပညာမျက်စိကန်းသော ဗာလပုဂ္ဂိုလ်တို့က မွေးကြိုင်သည်စသည်ဖြင့် မှတ်ထင်၍ အလွန်ပင်နှစ်သက်မြတ်နိုးအပ်ပေသည်။

အလ္လစမ္မပဋိစ္ဆန္နော၊
နဝဒ္ဒါရော မဟာဝဏော။
သမန္တတော ပဂ္ဃရတိ၊
အသုစိ ပူတိဂန္ဓိယော။

သော=ပညာမဲ့သူ လူအပေါင်းတို့က အလွန်နှစ်သက်မြတ်နိုးသော ထိုခန္ဓာကိုယ်သည်၊ အလ္လစမ္မပဋိစ္ဆန္နော=စိုသောအရေဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ နဝ ဒ္ဒါရော=

ထင်ရှားသော အပေါက်ကြီး ကိုးခုရှိ၏။ မဟာဝဏ္ဏော=အပေါက်အပေါက်ရှိသော အိုင်းအမာကြီးနှင့်တူ၏။ အသုစိ ပူတိဂန္ဓိယော=မစင်မကြယ် ရွံဖွယ်ပုပ်လောင်း မကောင်းသောအနံ့ရှိသည့် ကျင်ကြီး,ကျင်ငယ်စသည်တို့သည်၊ သမန္တတော= ထက်ဝန်းကျင်မှ၊ ပဋ္ဌရတိ=တဖျင်ဖျင် ယိုထုတ်လျက် ရှိချေ၏။

သစေ ဣမဿ ကာယဿ၊
အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊
ကာကေ သောဏေ နိဝါရယေ။

ဣမဿ ကာယဿ= ဤခန္ဓာကိုယ်၏၊ အန္တော=အတွင်းသားသည်၊ ဗာဟိရကော=အပြင်ပသည်၊ သစေ သိယာ=အကယ်၍ ဖြစ်ငြားအံ့၊ ဒဏ္ဍံ ဂဟေတွာ=တုတ်ကို ကိုင်၍၊ ကာကေ=ကျီးတို့ကို၊ သောဏေ=ခွေးတို့ကို၊ နိဝါရယေ= ချောက်လှန့်မောင်းနှင်ကာ တားမြစ်ရာ၏။ ။

အသုဘ နိဒ္ဒေသ
ပြီး၏။

ဆအနုသတိ
နိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ပါလ"
တာသာရေးညီအကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

ဆအနုဿတိ နိဒ္ဒေသ

အနုဿတိ ၁၀-ပါး
အဓိပ္ပာယ်

အနုဿတိမည်ပုံ

(၁) ပုနပ္ပုနံ ဥပ္ပဇ္ဇနတော သတိယေဝ အနုဿတိ။
အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်းကြောင့် အောက်မေ့မှု,အမှတ်ရမှုသတိသည် ပင်လျှင် 'အနုဿတိ' မည်၏။

(၂) ပဝတ္တိတဗ္ဗာနမိယေဝ ပဝတ္တတ္တာ သဒ္ဓါပဗ္ဗဇိတဿ ကုလပုတ္တဿ အနုရူပါ သတိတိ အနုဿတိ။
ဖြစ်သင့်သည့်အရာ၌သာ ဖြစ်ခြင်းကြောင့် သဒ္ဓါတရားဖြင့် ရဟန်းပြုလာသော အမျိုးကောင်းသားအား သင့်လျော်လျောက်ပတ်သော အောက်မေ့မှု,အမှတ်ရမှု သတိသည် 'အနုဿတိ' မည်၏။

၁။ ဗုဒ္ဓါနုဿတိ

မြတ်စွာဘုရားကို အာရုံပြု၍ဖြစ်သော အနုဿတိသည် ဗုဒ္ဓါနုဿတိ မည်၏။ ဤဗုဒ္ဓါနုဿတိ-ဟူသောအမည်သည် မြတ်စွာဘုရားရှင်၏ဂုဏ်တော်တို့ကို အာရုံပြု၍ဖြစ်သော အောက်မေ့မှု,အမှတ်ရမှု သတိစေတသိက်၏အမည် ဖြစ်၏။

၂။ ဓမ္မာနုဿတိ

တရားတော်ကို အာရုံပြုရှုဖြစ်သော အနုဿတိသည် ဓမ္မာနုဿတိမည်၏။ ဤဓမ္မာနုဿတိ-ဟူသောအမည်သည် သွာက္ခာတတာ-အစရှိသည့် တရားတော်၏ဂုဏ်တို့ကို အာရုံပြုရှုဖြစ်သော အောက်မေ့မှု, အမှတ်ရမှု သတိစေတသိက်၏ အမည် ဖြစ်၏။

၃။ သံဃာနုဿတိ

သံဃာတော်ကိုအာရုံပြုရှုဖြစ်သော အနုဿတိသည် သံဃာနုဿတိ မည်၏။ ဤသံဃာနုဿတိ-ဟူသောအမည်သည် သုပ္ပဋိပန္နတာ-အစရှိသည့် အရိယာသံဃာတော်တို့၏ဂုဏ်ကို အာရုံပြုရှုဖြစ်သော အောက်မေ့မှု, အမှတ်ရမှု သတိစေတသိက်၏အမည် ဖြစ်၏။

၄။ သီလာနုဿတိ

မိမိ၏သီလကိုအာရုံပြုရှုဖြစ်သော အနုဿတိသည် သီလာနုဿတိ မည်၏။ ဤသီလာနုဿတိ-ဟူသောအမည်သည် မကျိုး, မပေါက်ခြင်းစသော သီလ၏ဂုဏ်တို့ကို အာရုံပြုရှုဖြစ်သော အောက်မေ့မှု, အမှတ်ရမှု သတိစေတသိက်၏အမည် ဖြစ်၏။

၅။ စာဂါနုဿတိ

မိမိ၏စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကို အာရုံပြုရှုဖြစ်သော အနုဿတိသည် စာဂါနုဿတိ မည်၏။ ဤစာဂါနုဿတိ-ဟူသောအမည်သည် လွတ်လွတ် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း-ဟုဆိုအပ်သော ပေးလှူခြင်း၏ဂုဏ်တို့ကို အာရုံပြုရှုဖြစ်သော အောက်မေ့မှု, အမှတ်ရမှု သတိစေတသိက်၏အမည် ဖြစ်၏။

၆။ ဒေဝတာနုဿတိ

နတ်တို့ကိုသက်သေအဖြစ်ဖြင့်အာရုံပြုရှုဖြစ်သော အနုဿတိသည် ဒေဝတာ-နုဿတိ မည်၏။ ဤဒေဝတာနုဿတိ-ဟူသောအမည်သည် နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါအစရှိသောဂုဏ်တို့ကို အာရုံပြုရှုဖြစ်သော အောက်မေ့မှု, အမှတ်ရမှု သတိစေတသိက်၏အမည် ဖြစ်၏။

၇။ မရဏာနုဿတိ

မိမိ၏သေခြင်းကိုအာရုံပြုရှုဖြစ်သော အနုဿတိသည် မရဏာနုဿတိ မည်၏။ ဤမရဏာနုဿတိ-ဟူသောအမည်သည် အသက်ခေါ်ဖိုဝိတိန္ဒြေ၏ ပြတ်စဲ

ခြင်းကို အာရုံပြု၍ဖြစ်သော အောက်မေ့မှု, အမှတ်ရမှု သတိစေတသိက်၏အမည် ဖြစ်၏။

၈။ ကာယဂတာသတိ

ဆဲပင်အစရှိသော ၃၂-ပါးသောရူပကာယသို့ အာရုံပြုသောအားဖြင့် ရောက်သောသတိသည် ကာယဂတာသတိ မည်၏။ ဤကာယဂတာသတိ- ဟူသော အမည်သည် ဆဲပင်အစရှိသော ၃၂-ကောဋ္ဌာသနိမိတ်ကို အာရုံပြုသော သတိစေတသိက်၏အမည် ဖြစ်၏။

မှတ်ချက်။ သဒ္ဒါနည်းအရ "ကာယဂတာသတိ" ဟု သရတိုပြု၍ ဆိုသင့်သော်လည်း မဆိုဘဲ "ကာယဂတာသတိ" ဟူ၍ ဆိုထားသည်ကို သတိပြုရမည်။

၉။ အာနာပါနဿတိ

ဝင်လေ,ထွက်လေတို့ကို အာရုံပြု၍ဖြစ်သော သတိသည် အာနာပါနဿတိ မည်၏။ ဤအာနာပါနဿတိ-ဟူသောအမည်သည် ဝင်လေ,ထွက်လေနိမိတ်ကို အာရုံပြုသော သတိစေတသိက်၏အမည် ဖြစ်၏။

၁၀။ ဥပသမာနုဿတိ

သခ်ါရအားလုံးငြိမ်းအေးရာ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော အနုဿတိသည် ဥပသမာနုဿတိ မည်၏။ ဤဥပသမာနုဿတိ-ဟူသောအမည်သည် ဆင်းရဲအားလုံး၏ငြိမ်းအေးရာ နိဗ္ဗာန်၏ဂုဏ်တို့ကို အာရုံပြု၍ဖြစ်သော သတိစေတသိက်၏ အမည် ဖြစ်၏။

၁။ ဗုဒ္ဓါနုဿတိ

ဗုဒ္ဓါနုဿတိပွားများပုံ

အစီအရင်

ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် -

(က) ရှေးဦးစွာ ဉာဏ်ဖြင့်သက်ဝင်၍ ယုံကြည်သော အဝေစ္စပသာဒသဒ္ဓါနှင့် ပြည့်စုံရမည်။

(ခ) အင်္ဂါငါးပါးနှင့်ပြည့်စုံသော သင့်လျော်သောကျောင်း၌ နေထိုင်ရမည်။

(ဂ) ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ရမည်။

(ဃ) စိတ်ကို ပြင်ပအာရုံများမှ ဖဲခွါထားပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအာရုံ၌သာ ကောင်းစွာကပ်ငြိနေရမည်။

(င) "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" ဟူ၍ ပါဠိတော်၌လာသောနည်းဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

(၁) အရဟံဂုဏ်တော်

အရဟံအနက် ၅-မျိုး

(၁) ဝေးကွာသောကြောင့် အရဟံမည်၏။ (အာရကာ အနက်)

(၂) ရန်သူတို့ကို သတ်ပြီးဖြစ်သောကြောင့် အရဟံမည်၏။ (အရ-ဟတ အနက်)

(၃) အထောက်အကန့်တို့ကို ဖျက်ဆီးပြီးဖြစ်သောကြောင့် အရဟံမည်၏။ (အရ-ဟတ အနက်)

(၄) ပစ္စည်းလေးပါးတို့ကိုခံယူရန် ထိုက်တန်သောကြောင့် အရဟံမည်၏။ (အရဟ အနက်)

(၅) မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာမရှိခြင်းကြောင့် အရဟံမည်၏။ (ရဟာဘာဝ အနက်)

၁။ ဝေးကွာသောကြောင့် အရဟံမည်ပုံ

မြတ်စွာဘုရားရှင်သည် အရိယာမင်္ဂဖြင့် ကိလေသာတို့ကို ဝါသနာနှင့်တကွ ပယ်ဖျက်တော်မူပြီးဖြစ်သောကြောင့် အလုံးစုံသော ကိလေသာတို့မှ အာရကာ=ဝေးကွာတော်မူပါပေ၏။ ကိလေသာတို့နှင့် အလွန်အလွန်ဝေးကွာသည့် အရဝ်၌တည်တော်မူပါပေ၏။ ဤသို့ ကိလေသာတို့မှ ဝေးကွာတော်မူသည်၏အဖြစ်ကြောင့် မြတ်စွာဘုရားရှင်သည် ''အရဟံ''အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (အာရကတ္တာ အရဟံ)

သော တတော အာရကာ နာမ၊
ယဿ ယေနာသမ်ဂီတာ။
အသမ်ဂီ စ ဒေါသေဟိ၊
နာထော တေနာရဟံ မတော။

ယဿ=အကြင်ပုဂ္ဂိုလ်၏၊ သန္တာနေ=သန္တာန်၌၊ ယေန=အကြောင်းအညစ်အကြေးနှင့်၊ သဟ=တကွ၊ အသမ်ဂီတာ=မကပ်ငြိသည်၊ ဟောတိ=ဖြစ်၏။ သော=ထိုပုဂ္ဂိုလ်သည်၊ တတော=ထိုအညစ်အကြေးမှ၊ အာရကာ နာမ= ဝေးကွာသည်မည်၏။ နာထော စ= ငါတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည်လည်း၊ ဒေါသေဟိ=ကိလေသာအပြစ်တို့နှင့်၊ သဟ=တကွ၊ အသမ်ဂီ=မကပ်ငြိသည်၊ ဟုတ္တာ=ဖြစ်၍၊ ဒေါသေဟိ=ကိလေသာအပြစ်တို့မှ၊ အာရကာ နာမ=ဝေးကွာသည် မည်တော်မူပါပေ၏။ တေန=ထို့ကြောင့်၊ အရဟံ=အရဟံဟူ၍၊ မတော=သိအပ်၏။

၂။ ရန်သူတို့ကိုသတ်ပြီးဖြစ်သောကြောင့် အရဟံမည်ပုံ

မြတ်စွာဘုရားရှင်သည် ကိလေသာတည်းဟူသော ရန်သူတို့ကို အရိယာမင်္ဂတည်းဟူသော ဓားလက်နက်ဖြင့် သတ်တော်မူပြီး ဖြစ်၏။ ဤသို့ ကိလေသာရန်သူတို့ကို သတ်တော်မူပြီးဖြစ်သောကြောင့်လည်း မြတ်စွာဘုရားရှင်သည် ''အရ-ဟံ'' အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (အရီနံ ဟတတ္တာပိ အရဟံ)

ယသ္မာ ရာဂါဒိသင်္ခါတာ၊
သတ္တုပိ အရယော ဟတာ။
ပညာသတ္ထေန နာထေန၊
တသ္မာပိ **အရဟံ** မတော။

ယသ္မာ=အကြောင်းကြောင့်၊ နာထေန=ငါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ရာဂါဒိသင်္ခါတာ= ရာဂစသည်ဟုဆိုအပ်ကုန်သော၊ သတ္တု=

ကြွင်းမဲ့ဉဿံ အလုံးစုံကုန်သော၊ အရယောပိ=ရန်သူတို့ကိုလည်း၊ ပညာသတ္ထေန= အရိယာမဂ်တည်းဟူသော ဓားလက်နက်ဖြင့်၊ ဟတာ=သတ်တော်မူအပ်လေပြီ။ တသ္မာပိ=ထိုသို့ ကိလေသာရန်သူတို့ကို သတ်တော်မူပြီးဖြစ်သောကြောင့်လည်း၊ အရ,ဟံ= အရ,ဟံမည်၏ဟူ၍၊ မတော=သိအပ်၏။

၃။ အထောက်အကန့်တို့ကို ဖျက်ဆီးတတ်သောကြောင့် အရဟံမည်ပုံ

သံသရာတည်းဟူသောစက်ဘီး၌ အဝိဇ္ဇာနှင့်တဏှာဖြင့်ပြီးသော ပုံတောင်းရှိ၏။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဟူသော အထောက်အကန့်များလည်းရှိ၏။ ဧရာ,မရဏဟူသော အကွပ်လည်းရှိ၏။ အာသဝ၏ ဖြစ်ခြင်းဖြင့်ပြီးသော ဝင်ရိုးဖြင့်လည်း တိုးလျှိုထား၏။ ယင်းသံသရာစက်ဘီးကို ဘဝသုံးပါးတည်းဟူသော ယာဉ်ရထား၌ ကောင်းစွာတပ်ဆင်ထားသဖြင့် သံသရာစက်ဘီးသည် အစမထင်သောကာလပတ်လုံး မပြတ်မလပ် တရစပ်လည်ပတ်လျက် ရှိချေ၏။

မြတ်စွာဘုရားရှင်သည် ထိုသံသရာစက်ဘီး၏ အထောက်အကန့်အားလုံးတို့ကို ဗောဓိမဏ္ဍိုင် မြရိပ်မြိုင်၌ ဝိရိယ-တည်းဟူသောခြေတို့ဖြင့် သီလ-တည်းဟူသောမြေအပြင်၌ ရပ်တည်တော်မူကာ ကံကိုကုန်စေတတ်သော မဂ်ဉာဏ်-တည်းဟူသောပုဆိန်ကို သဒ္ဓါတရား-တည်းဟူသောလက်ဖြင့် စွဲကိုင်လျက် ခုတ်ဖြတ်ဖျက်ဆီးတော်မူခဲ့လေပြီ။ ဤသို့လျှင် သံသရာစက်ဘီး၏ အထောက်အကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီးတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရားရှင်သည် "အရ-ဟံ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (အရာနံ ဟတတ္တာပိ အရဟံ)

တစ်နည်း အထောက်အကန့်တို့ကို ဖျက်ဆီးပုံ

(က) အစကို မသိနိုင်ကောင်းသောကြောင့် အနုမတဂ္ဂမည်သော သံသရာဝဋ်ဆင်းအဝိုင်းကို 'သံသရာစက်ဘီး' ဟုခေါ်၏။

(ခ) အဝိဇ္ဇာသည် မူလရင်းမြစ်ဖြစ်သောကြောင့် ထိုသံသရာစက်ဘီး၏ 'ပုံတောင်း' မည်၏။

(ဂ) ဧရာ,မရဏသည် အဆုံးဖြစ်သောကြောင့် ထိုသံသရာစက်ဘီး၏ 'အကွပ်' မည်၏။

(ဃ) သင်္ခါရမှ ဇာတိအထိ ကြွင်းသောဆယ်ပါးတို့သည် အဝိဇ္ဇာလျှင် အကြောင်းရင်းမူလရှိသောကြောင့်လည်းကောင်း၊ ဧရာ,မရဏလျှင် အဆုံးရှိသောကြောင့်လည်းကောင်း 'အထောက်အကန့်' မည်ကုန်၏။

မှတ်ချက်။ ဘဝသုံးပါး၌ အဝိဇ္ဇာက သခ်ါရကို၊ သခ်ါရက ဝိညာဏ်ကို စသည် ဖြင့် ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက်နွယ် ကျေးဇူးပြုပုံ နှင့် အလွှာ ၄-ပါး၊ အဖွန့် ၃-ပါး၊ အခြင်းအရာ ၂၀၊ အစပ်၃-ပါးတို့ကို ဝိသုဒ္ဓိမဂ်(တတိယဆင့်)ပညာဘူမိနိဒ္ဒေသ၌ ဆက်လက်၍ လေ့လာပါ။ ဤပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်နွယ်ဖြစ်ပေါ်ခြင်းသည် ပင် မြတ်စွာဘုရား၏ အရဟံဂုဏ်တော်ကို ထင်ရှားပေါ်လွင်စေ၏။

အဝိဇ္ဇာသည် အကြောင်းတရားဖြစ်၏။ သခ်ါရတို့သည် အကြောင်းကြောင့် ဖြစ်သော အကျိုးတရားဖြစ်၏။ အဝိဇ္ဇာနှင့်သခ်ါရ နှစ်ပါးလုံးသည် အကြောင်း ကြောင့်ဖြစ်သော အကျိုးတရားပင် ဖြစ်၏-ဟု အကြောင်းကိုသိမ်းဆည်း၍ သိသော ပညာသည် "ဓမ္မဋ္ဌိတိဉာဏ်"(တရားတို့၏တည်ကြောင်းကိုသိသောဉာဏ်)မည်၏။

မြတ်စွာဘုရားသည် ဤဓမ္မဋ္ဌိတိဉာဏ်တော်ဖြင့် အဝိဇ္ဇာအစရှိသောတရားတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိတော်မူပြီးလျှင် ထိုအဝိဇ္ဇာအစရှိသော တရားတို့၌ ငြီးငွေ့တော်မူသည်ဖြစ်၍ တပ်မက်မှုကင်းကာ လွတ်မြောက်တော်မူလျက် သံသရာ စက်ဘီး၏ သခ်ါရအစရှိသော အထောက်အကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီးတော်မူ ခဲ့လေပြီ။ ဤသို့လျှင် သံသရာအထောက်အကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီးတော် မူပြီးဖြစ်သောကြောင့်လည်း "အရ-ဟံ" အမည်ကို ရရှိတော်မူခြင်း ဖြစ်ပါသည်။

အရာ သံသာရစက္ကဿ ၊
ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေသ၊
အရဟန္တိ ပဝုစ္စတိ။

ယတော=အကြင်ကြောင့်၊ လောကနာထေန=သတ္တဝါအပေါင်းဟူသော လောက၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သံသာရ စက္ကဿ= သံသရာစက်ဘီး၏၊ အရာ=အထောက်အကန့်တို့ကို၊ ဉာဏာသိနာ= အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့်၊ ဟတာ=ခုတ်ဖြတ်ဖျက်ဆီးတော်မူလေပြီ။ တေန=ထို့ကြောင့်၊ ဧသ ဧသော=ဤငါတို့မြတ်စွာဘုရားကို၊ အရဟန္တိ=အရဟံ ဟူ၍၊ ပဝုစ္စတိ=ခေါ်ဆိုအပ်၏။

၄။ ပစ္စည်းလေးပါးစသည်တို့ကို ခံယူထိုက်သောကြောင့် အရဟံမည်ပုံ

မြတ်စွာဘုရားရှင်သည် အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် ဖြစ်တော်မူသဖြင့် သင်္ကန်း အစရှိသော ပစ္စည်းတို့ကိုလည်းကောင်း၊ ပူဇော်အထူးကိုလည်းကောင်း ထိုက်တန်

တော်မူခြင်း ဖြစ်၏။ ထိုသို့ ထိုက်တော်မူသောကြောင့်ပင်လျှင် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာသောအခါ အခွေအရံများပြီး တန်ခိုးကြီးမားသော နတ်,လူ ဟူသမျှတို့သည် ဘုရားရှင်မှတစ်ပါးသော အခြားသောပုဂ္ဂိုလ်, အခြားသော အရာဌာနတို့၌ ပူဇော်မှုကိုမပြုကြခြင်း ဖြစ်သည်။ (ပစ္စယာဒီနံ အရဟတ္တာဝိ အရဟံ)

သာဓကအဖြစ်ဖော်ပြရသော်- သဟမ္ပတိဗြဟ္မာကြီးသည် မြင်းမိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းကုံးကြီးဖြင့် မြတ်စွာဘုရားကို ပူဇော်တော်မူခဲ့၏။ သိကြားမင်းစသော နတ်တို့သည်လည်းကောင်း၊ ဗိမ္မိသာရမင်း,ကောသလမင်းစသော လူတို့သည်လည်းကောင်း မြတ်စွာဘုရားရှင်အား စွမ်းအားရှိသလောက် ပူဇော်တော်မူခဲ့ကြ၏။

ထို့ပြင် ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး နောက်ပိုင်း၌လည်း အသောကဘုရင်မင်းမြတ်သည် မြတ်စွာဘုရားရှင်ကိုရည်စူး၍ ဓမ္မဒီပိတစ်ကျွန်းလုံး၌ ဖြစ်ကုဋေမျှသော ပစ္စည်းဥစ္စာတို့ကို အကုန်အကျခံ၍ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းခဲ့၏။ ဤသို့လျှင် ပစ္စည်းလေးပါးစသည်တို့ကို ခံယူခြင်းငှာ ထိုက်တန်တော်မူသည်၏အဖြစ်ကြောင့်လည်း မြတ်စွာဘုရားရှင်သည် "အရဟံ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

ပူဇာဝိသေသံ သဟ ပစ္စယေဟိ၊
ယသ္မာ အယံ အရဟတိ လောကနာထော။
အတ္ထာနုရူပံ **အရဟန္တိ** လောကေ၊
တသ္မာ ဇိနော အရဟတိ နာမမေတံ။

ယသ္မာ=အကြောင်ကြောင့်၊ လောကနာထော=သတ္တဝါအပေါင်းဟူသော လောက၏ကိုးကွယ်ရာဖြစ်တော်မူသော၊ အယံ=ဤမြတ်စွာဘုရားသည်၊ ပစ္စယေဟိ=ပစ္စည်းတို့နှင့်၊ သဟ=တကွ၊ ပူဇာဝိသေသံ=ပူဇော်အထူးကို၊ အရဟတိ=အလှူခံရန် ထိုက်တန်တော်မူပါပေ၏။ တသ္မာ= ထို့ကြောင့်၊ လောကေ=လောကဘဲ၌၊ အတ္ထာနုရူပံ=ထိုက်တန်သည်ဟူသော အနက်နှင့်လျော်သော၊ ဧတံ အရဟန္တိ နာမံ=**အရဟံ** ဟူသော ဤအမည်တော်ကို၊ ဇိနော=ငါးမာရ်အောင်မြင် ဘုရားရှင်သည်၊ အရဟတိ =ထိုက်တန်တော်မူလှပါပေ၏။

၅။ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် အရဟံမည်ပုံ

လောကဘဲ ပညာမရှိပါဘဲ ပညာရှိဟု ထင်မှတ်ကြကုန်သော လူမိုက်တို့သည် အကျော်အစောမဲ့မည်, ဂုဏ်ပျက်မည်ကို စိုးရိမ်ကြသောကြောင့် ဆိတ်ကွယ်ရာ၌

မကောင်းမှုကို ပြုလုပ်ကြကုန်၏။ မြတ်စွာဘုရားရှင်ကား ထိုသို့မဟုတ်ပေ။ မကောင်းမှုပြုခြင်း၏အကြောင်းရင်းဖြစ်သည့် ကိလေသာတို့ကို ဗောဓိမဏ္ဍိုင်၌ ကောင်းစွာပယ်သတ်ခဲ့ပြီးဖြစ်သောကြောင့် ထိုပဏ္ဍိတ်မှတ်ရောင် လူမိုက်မှောင်တို့ကဲ့သို့ မကောင်းမှုမှန်သမျှကို တစ်ရံတစ်ဆစ်မျှ ပြုတော်မမူချေ။ ဤသို့လျှင် မကောင်းမှုပြုခြင်း၌ ဆိတ်ကွယ်ရာမရှိသည်၏အဖြစ်ကြောင့်လည်း မြတ်စွာဘုရားရှင်သည် "အ-ရဟံ" အမည်ကို ရရှိတော်မူခြင်း ဖြစ်ပါသည်။ (ပါပကရဏော ရဟာဘာဝတောပိ အရဟံ)

ယသ္မာ နတ္ထိ ရဟော နာမ၊
ပါပကမ္မေသု တာဒိနော။
ရဟာဘာဝေန တေနေသ၊
အရဟံ ဣတိ ဝိဿုတော။

ယသ္မာ=အကြင်ကြောင့်၊ တာဒိနော=တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား၊ ပါပကမ္မေသု= မကောင်းမှုတို့၌၊ ရဟောနာမ= ပြုလုပ်နိုင်ဖွယ် ဆိတ်ကွယ်ရာမည်သည်၊ နတ္ထိ=မရှိပေ။ တေန ရဟာဘာဝေန=ဆိတ်ကွယ်ရာမရှိခြင်းဟူသော ထိုအကြောင်းကြောင့်၊ ဧသ ဧသော= ဤငါတို့မြတ်စွာဘုရားသည်၊ အရဟံဣတိ= အ,ရဟံဟူ၍၊ ဝိဿုတော=ကျော်စောတော်မူပါပေ၏။

(၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

မြတ်စွာဘုရားရှင်သည် အလုံးစုံသောတရားတို့ကို မှန်စွာလည်းသိတော်မူတတ်၊ ကိုယ်တိုင်လည်းသိတော်မူတတ်သောကြောင့် "သမ္မာသမ္ဗုဒ္ဓ" အမည်ကို ရရှိတော်မူခြင်း ဖြစ်ပါသည်။ (သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓေါ)

<u>အလုံးစုံသောတရားတို့ကို သိတော်မူပုံ</u>

မြတ်စွာဘုရားရှင်သည် ထူးသောဉာဏ်ဖြင့် သိထိုက်သည့်သစ္စာလေးပါးဟူသော အဘိညေယျတရားတို့ကို အဘိညေယျအဖြစ်အားဖြင့် မှန်စွာလည်း သိတော်မူ၏။ ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိမြင်တော်မူပါပေ၏။ သိမြင်တော်မူပုံမှာ-

(၁) ပိုင်းခြား၍သိထိုက်သော ဒုက္ခသစ္စာဟူသော ပရိညေယျတရားတို့ကို ပရိညေယျအဖြစ်အားဖြင့် မှန်စွာလည်းသိတော်မူ၏။ ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူပါပေ၏။

(၂) ပယ်ထိုက်သော သမုဒယသစ္စာဟူသော ပဟာတဗ္ဗတရားတို့ကို ပဟာတဗ္ဗ၏ အဖြစ်အားဖြင့် မှန်စွာလည်းသိတော်မူ၏။ ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူပါပေ၏။

(၃) မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာဟူသော သစ္ဆိကာတဗ္ဗတရားတို့ကို သစ္ဆိကာတဗ္ဗ၏အဖြစ်အားဖြင့် မှန်စွာလည်းသိတော်မူ၏။ ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူပါပေ၏။

(၄) ပွားစေထိုက်သော မဂ္ဂသစ္စာဟူသော ဘာဝေတဗ္ဗတရားတို့ကို ဘာဝေတဗ္ဗ၏ အဖြစ်အားဖြင့် မှန်စွာလည်းသိတော်မူ၏။ ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူပါပေ၏။

<u>တစ်နည်း အလုံးစုံသောတရားတို့ကို သိတော်မူပုံ</u>

တစ်နည်းအားဖြင့် စက္ခုပသာဒခေါ် မျက်စိသည် ဒုက္ခသစ္စာ ဖြစ်၏။ ထိုမျက်စိကိုဖြစ်စေတတ်သော ရှေးဘဝတဏှာသည် သမုဒယသစ္စာ ဖြစ်၏။ ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာသည် နိရောဓသစ္စာ ဖြစ်၏။ နိရောဓကိုအပြားအားဖြင့်သိသော မဂ္ဂင်ရှစ်ပါးအကျင့်သည် မဂ္ဂသစ္စာ ဖြစ်၏။ ဤသို့လျှင် တစ်ပုဒ်တစ်ပုဒ်ကို ထုတ်ဆောင်သောအားဖြင့် အလုံးစုံသောတရားတို့ကို မှန်စွာလည်း သိတော်မူ၏။ ကိုယ်တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူပါပေ၏။

ထို့အတူ သောတပသာဒစသည်တို့ကိုလည်းကောင်း၊ ရူပါယတနစသော အာယတန ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ သညာ ၆-ပါး၊ ရူပသဠေတနာ စသော ၆-ပါး၊ ရူပတဏှာစသော ၆-ပါး၊ ရူပဝိတက်စသော ၆-ပါး၊ ရူပဝိစာရ စသော ၆-ပါး၊ ရူပက္ခန္ဓာစသော ၅-ပါး၊ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ကောဋ္ဌာသ ၃၂-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ ဘဝ ၉-ပါး၊ ပထမစျာန်စသည် ၄-ပါး၊ မေတ္တာဘာဝနာစသော အပွမညာ ၄-ပါး၊ အရူပသမာပတ် ၄-ပါး၊ ဇရာ,မရဏစသော ပဋိစ္စသမုပ္ပါဒ် ပဋိလောမ တရားများ၊ အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ် အနုလောမ တရားများကိုလည်းကောင်း ဒုက္ခသစ္စာစသည်အားဖြင့် သိတော်မူ၏။

ဤတွင် နောက်ဆုံးဖြစ်သော ဇရာ,မရဏကို သိတော်မူပုံကို ဖော်ပြရသည် ရှိသော်-ဇရာ,မရဏသည် ဒုက္ခသစ္စာ ဖြစ်၏။ ဇာတိသည် သမုဒယသစ္စာ ဖြစ်၏။ ထိုနှစ်ပါးတို့၏ကုန်ဆုံးရာသည် နိရောဓသစ္စာ ဖြစ်၏။ နိရောဓသစ္စာကို သိတတ်သော မဂ္ဂင်ရှစ်ပါးအကျင့်သည် မဂ္ဂသစ္စာ ဖြစ်၏။ ဤသို့လျှင် တစ်ပုဒ်တစ်ပုဒ်ကို ထုတ်ဆောင်သောအားဖြင့် အလုံးစုံသောတရားတို့ကို မှန်စွာလည်းသိတော်မူ၏။ ကိုယ်

တော်တိုင်လည်း ထိုးထွင်း၍ သိတော်မူတတ်ပါပေ၏။ ထို့ကြောင့် မြတ်စွာဘုရား ရှင်သည် ''သမ္မာသမ္ဗုဒ္ဓ'' အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

(၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

မြတ်စွာဘုရားရှင်သည် ဝိဇ္ဇာမည်သော ဉာဏ်အထူးတို့နှင့်လည်းကောင်း၊ စရဏမည်သော အခြေခံအကျင့်တို့နှင့်လည်းကောင်း ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် ''ဝိဇ္ဇာစရဏသမ္ပန္န'' အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (ဝိဇ္ဇာဟိ စရဏေန စ သမ္ပန္နတ္တာ ဝိဇ္ဇာစရဏသမ္ပန္နော)

ဝိဇ္ဇာ ၃-ပါး

ဘယဘေရဝသုတ်တော်၌ ဝိဇ္ဇာဉာဏ်အထူး ၃-ပါးတို့ကို ဟောတော်မူထား၏။ ၄င်းတို့မှာ-

(၁) ရှေးဘဝဟောင်းများကို ပြန်လည်အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်တော်၊

(၂) အဆင်းရှုပါရုံတို့ကို သိမြင်နိုင်သည့်အပြင် သတ္တဝါတို့သေပြီးလျှင် ကံအားလျော်စွာ ဘဝသစ်၌ဖြစ်ပုံများကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်၊

(၃) အာသဝေါတရားတို့ကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်-ဟူခေါ်သော အာသဝက္ခယဉာဏ်တော် တို့ဖြစ်ပါသည်။

ဝိဇ္ဇာ ၈-ပါး

အမ္ဗဋ္ဌသုတ်တော်၌ ဝိဇ္ဇာဉာဏ်အထူး ၈-ပါးတို့ကို ဟောတော်မူထား၏။ ၄င်းတို့မှာ-

(၁) ဝိပဿနာဉာဏ်တော်၊

(၂) မိမိကိုယ်နှင့် တစ်ထပ်တည်းပုံတူဖြစ်အောင် ဖန်ဆင်းနိုင်သည့် မနောမယိဒ္ဓိဉာဏ်တော်၊

(၃) တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သည့် ဣဒ္ဓိဝိဓဉာဏ်တော်၊

(၄) အဝေးမှအသံကိုပင် ကြားနိုင်လောက်သော ဒိဗ္ဗသောတဉာဏ်တော်၊

(၅) သူတစ်ပါးတို့၏ အကြံအစည်ကိုသိနိုင်သော စေတောပရိယဉာဏ်တော်၊

(၆) ပုဗ္ဗေနိဝါသဉာဏ်တော်၊

(၇) ဒိဗ္ဗစက္ခုဉာဏ်တော်၊

(၈) အာသဝက္ခယဉာဏ်တော် တို့ဖြစ်ပါသည်။

စရဏတရား ၁၅-ပါး

(၁) ပါတိမောက္ခသီလ၊
(၂) စက္ခုစသောဣန္ဒြေတို့၌ လုံခြုံစေအပ်သောတံခါးရှိခြင်း၊
(၃) စားသောက်ဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်း၊
(၄) ဘာဝနာအလုပ်ဖြင့် နိုးကြားခြင်းကို မပြတ်အားထုတ်ခြင်း၊
(၅) သဒ္ဓါ၊
(၆) ဟိရီ၊
(၇) ဩတ္တပ္ပ၊
(၈) ဗာဟုသစ္စ၊
(၉) ဝီရိယ၊
(၁၀) သတိ၊
(၁၁) ပညာ၊
(၁၂) ရူပါဝစရပထမစျာန်၊
(၁၃) ရူပါဝစရဒုတိယစျာန်၊
(၁၄) ရူပါဝစရတတိယစျာန်၊
(၁၅) ရူပါဝစရစတုတ္ထစျာန်၊

စရဏမည်ပုံ

မြတ်စွာဘုရားရှင်၏ တပည့်သား အရိယာသာဝကအပေါင်းသည် ဤ ၁၅-ပါးသော သူတော်ကောင်းအကျင့်တို့ဖြင့် သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန်သို့ ရောက်တော်မူကြကုန်၏။ ဤသို့လျှင် အမြိုက်နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သောကြောင့် ဤ ၁၅-ပါးသောတရားတို့သည် "စရဏ" မည်ခြင်း ဖြစ်ပါသည်။

ဝိဇ္ဇာ၏တည်ရာ

ဝိဇ္ဇာ ၃-ပါးနှင့် ဝိဇ္ဇာ ၈-ပါးဟူသော ဉာဏ်အထူးတို့နှင့် ပြည့်စုံတော်မူခြင်းသည် မြတ်စွာဘုရားရှင်၏ အလုံးစုံကိုသိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကို ပြည့်စေလျက် တည်တော်မူ၏။

စရဏ၏တည်ရာ

စရဏတရား၁၅-ပါးဟူသော အခြေခံအကျင့်တို့နှင့် ပြည့်စုံတော်မူခြင်းသည် မြတ်စွာဘုရားရှင်၏ သတ္တဝါအားလုံးတို့အပေါ်၌ သနားခြင်းကြီးစွာဖြစ်တော်မူသော မဟာကရုဏာတော်ကို ပြည့်စေလျက် တည်တော်မူ၏။

မြတ်ဗုဒ္ဓ၏ ကျင့်ရိုးကျင့်စဉ်

မြတ်စွာဘုရားရှင်သည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးဟူသော ဉာဏ်တော်အထူးတို့နှင့်ပြည့်စုံတော်မူ၍ အလုံးစုံကိုသိတော်မူသော သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသောကြောင့် သတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကိုလည်းကောင်း၊ အကျိုးစီးပွားမဲ့ကိုလည်းကောင်း ကောင်းစွာသိတော်မူခြင်း ဖြစ်သည်။

စရဏတစ်ဆယ့်ငါးပါးဟူသော အခြေခံအကျင့်နှင့်ပြည့်စုံတော်မူ၍ မဟာကရုဏာရှင်ဖြစ်တော်မူသောကြောင့် သတ္တဝါအားလုံးတို့အား အကျိုးမဲ့ကို ရှောင်ကြဉ်စေပြီး၊ အကျိုးစီးပွားနှင့်ယှဉ်စေတော်မူခြင်း ဖြစ်သည်။ ဤသည်မှာ မြတ်ဗုဒ္ဓ၏ ကျင့်ရိုးကျင့်စဉ် ဖြစ်ပါသည်။

(၄) သုဂတဂုဏ်တော်

မြတ်စွာဘုရားရှင်သည်-
(က) တင့်တယ်သောသွားခြင်း ရှိတော်မူသောကြောင့်လည်းကောင်း၊
(ခ) ကောင်းသောအရပ်သို့ ကြွသွားတော်မူသောကြောင့်လည်းကောင်း၊
(ဂ) ကောင်းစွာ သွားတော်မူသောကြောင့်လည်းကောင်း၊
(ဃ) ကောင်းစွာ မြွက်ဆိုတော်မူသောကြောင့်လည်းကောင်း
"သုဂတ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

တင့်တယ်သော သွားခြင်းရှိတော်မူသောကြောင့် သုဂတမည်ပုံ

မြတ်စွာဘုရားရှင်၏ သွားတော်မူခြင်းသည် ထက်ထန်းကျင် စင်ကြယ်သန့်ရှင်းအပြစ်ကင်း၍ တင့်တယ်တော်မူလှပါပေ၏။ ဤနေရာ၌ 'သွားခြင်း' ဆိုသည်မှာ မဂ္ဂင်ရှစ်ဖြာ အရိယာမဂ်ကို ဆိုလို၏။ မြတ်စွာဘုရားရှင်သည် ထိုတင့်တယ်သော အရိယာမဂ်ဟူသော သွားခြင်းဖြင့် ဘေးမဲ့ကင်းရာ နိဗ္ဗာန်အရပ်ဆီသို့ မငြိမတွယ်ဘဲ ကြွသွားတော်မူပါပေ၏။ ဤသို့လျှင် တင့်တယ်သောသွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့် မြတ်စွာဘုရားရှင်သည် "သုဂတ" အမည်ကို ရရှိတော်မူခြင်း ဖြစ်ပါသည်။ (သောဘနဂမနတ္တာ သုဂတော)

ကောင်းသောအရပ်သို့ ကြွသွားတော်မူသောကြောင့် သုဂတမည်ပုံ

မြတ်စွာဘုရားရှင်သည် သေခြင်းကင်းရာ အမြဲတည်နိဗ္ဗာန်ဟူသော ကောင်းသောအရပ်ဆီသို့ ကြွသွားတော်မူပါပေ၏။ ဤသို့လျှင် ကောင်းသောအရပ်သို့ ကြွသွား

တော်မူသည်၏အဖြစ်ကြောင့်လည်း မြတ်စွာဘုရားရှင်သည် ''သုဂတ'' အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (သုန္ဒရံ ဌာနံ ဂတတ္တာပိ သုဂတော)

ကောင်းစွာ သွားတော်မူသောကြောင့် သုဂတမည်ပုံ

ကောင်းစွာသွားခြင်း-ဟူရာ၌ အရိယာမဂ်ဖြင့်သွားခြင်း၊ အကျင့်ပဋိပတ်ဖြင့် သွားခြင်းကို ဆိုလို၏။ ထိုတွင်-

အရိယာမဂ်ဖြင့်သွားပုံမှာ-

''သောတာပတ္တိမဂ်ဖြင့် အကြင်ကိလေသာတို့ကို ပယ်စွန့်အပ်ကုန်ပြီ။ ထိုပယ်အပ်ပြီးသော ကိလေသာတို့သို့ တစ်ဖန်မပြန်,တစ်ဖန်မလာ, တစ်ဖန်မရောက်။ ထို့ကြောင့် သုဂတမည်၏။...(ပ)...အရဟတ္တမဂ်ဖြင့် အကြင်ကိလေသာတို့ကို ပယ်စွန့်အပ်ကုန်ပြီ။ထိုပယ်အပ်ပြီးသော ကိလေသာတို့သို့ တစ်ဖန်မပြန်,တစ်ဖန်မလာ,တစ်ဖန်မရောက်။ ထို့ကြောင့် သုဂတမည်၏''ဟု မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူထားသောကြောင့် ထိုထိုမဂ်ဖြင့်ပယ်အပ်ပြီးသော ကိလေသာတို့သို့ တစ်ဖန် ပြန်မရောက်စေတော့ဘဲ ကောင်းစွာသွားတော်မူသည်၏ အဖြစ်ကြောင့်လည်း မြတ်စွာဘုရားရှင်သည် ''သုဂတ''အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

မှတ်ချက်။ ခရီးသွားသောသူသည် ကျော်လွန်ခဲ့ပြီးသော အရပ်သို့ ပြန်ပြန်လာနေရလျှင် ခရီးမတွင်ကျယ် ဖြစ်တတ်၏။ ဤသို့သော သွားခြင်းမျိုးသည်လည်း ကောင်းသောသွားခြင်း မဟုတ်ပေ။ နောက်ကြောင်းပြန်လှည့်စရာမလိုဘဲ ရှေ့သို့သာ တွင်တွင်သွားနိုင်ပါမှ သွားလိုရာအရပ်သို့ လျင်မြန်စွာရောက်၍ ခရီးပေါက်နိုင်မည်။ ဤသို့သော သွားခြင်းမျိုးကိုသာ ကောင်းသောသွားခြင်း-ဟုဆိုသင့်၏။ ဤသဘောကိုရည်ရွယ်၍ ပယ်ပြီးသောကိလေသာတို့သို့ တစ်ဖန်ပြန်မလာတော့သည့် အရိယာမဂ်ဖြင့်သွားခြင်းကို ''ကောင်းသောသွားခြင်း''ဟု ဆိုလိုခြင်းဖြစ်သည်။ (စည်၂။ ၁၀၅)

အကျင့်ပဋိပတ်ဖြင့်သွားပုံမှာ-

တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင်သည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှစ၍ မဟာဗောဓိမဏ္ဍိုင်တိုင်အောင် ပါရမီသုံးဆယ်တို့ကို ဖြည့်ကျင့်ခြင်းဟူသော သမ္မာပဋိပတ်အကျင့်မြတ်ဖြင့် အလုံးစုံသောလောကာ၏ စီးပွားချမ်းသာကို ပြုတော်မူသည်ဖြစ်၍လည်းကောင်း၊ သဿတဒိဋ္ဌနှင့် ဥစ္ဆေဒဒိဋ္ဌ၊ ကာမသုခလွှဲကာနုယောဂနှင့် အတ္တကိလမထာနုယောဂ-ဟုဆိုအပ်သော အဖို့အစွန်းနှစ်ပါး,အယုတ်

တရားနှစ်ပါးနောက်သို့ မကပ်ရောက်ဘဲ မဈိမပဋိပဒါအကျင့်မြတ်ကို ကျင့်တော်မူသည်ဖြစ်၍လည်းကောင်း ကောင်းစွာသွားတော်မူ၏။ ဤသို့လျှင် အကျင့်ပဋိပတ်ဖြင့် ကောင်းစွာသွားတော်မူသည်၏အဖြစ်ကြောင့်လည်း မြတ်စွာဘုရားရှင်သည် "သုဂတ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

ကောင်းစွာ မြွက်ဆိုတော်မူသောကြောင့် သုဂတမည်ပုံ

မြတ်စွာဘုရားရှင်သည် သင့်လျော်လျောက်ပတ်သည့် စကားကောင်းကိုသာ ကောင်းစွာ မြွက်ဆိုတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း "သုဂတ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (သမ္မာ ဂဒတ္တာပိ သုဂတော)

စကားခြောက်မျိုးဟူသည်မှာ-

(၁) မဟုတ်, မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့ မနှစ်သက်သောစကား (✘)
(၂) ဟုတ်၏,မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးတို့ မနှစ်သက်သောစကား (✘)
(၃) ဟုတ်၏,မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးတို့ မနှစ်သက်သောစကား (✔)
(၄) မဟုတ်, မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့ နှစ်သက်သောစကား (✘)
(၅) ဟုတ်၏,မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးတို့ နှစ်သက်သောစကား (✘)
(၆) ဟုတ်၏,မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးတို့ နှစ်သက်သောစကား (✔)

မှတ်ချက်။ ဤစကားခြောက်မျိုးတို့တွင် မြတ်စွာဘုရားရှင်တို့မည်သည် သူတစ်ပါး နှစ်သက်သည်ဖြစ်စေ, မနှစ်သက်သည်ဖြစ်စေ ဟုတ်မှန်သောစကား, အကျိုးရှိသောစကားဖြစ်လျှင် ကောင်းစွာ ပြောဆိုတော်မူလေ့ရှိ၏။

(၅) လောကဝိဒူဂုဏ်တော်

မြတ်စွာဘုရားရှင်သည် ခပ်သိမ်းသောအပြားအားဖြင့် လောကကို သိမြင်တော်မူသည်၏အဖြစ်ကြောင့် "လောကဝိဒူ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။ (သဗ္ဗထာပိ ဝိဒိတလောကတ္တာ လောကဝိဒူ)

လောကကို သိမြင်တော်မူပုံ

ဒုက္ခဟူသော သဘောရင်းအားဖြင့်လည်းကောင်း၊ ဒုက္ခဖြစ်ကြောင်းသမုဒယ အားဖြင့်လည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းရာ နိရောဓအားဖြင့်လည်းကောင်း၊ ဒုက္ခချုပ် ငြိမ်းရာ နိရောဓသို့ဆိုက်ရောက်ကြောင်းအကျင့်အားဖြင့်လည်းကောင်း ဤသို့ စသည်ဖြင့် ခပ်သိမ်းသောအပြားအားဖြင့် လောကကိုသိတော်မူလေပြီ။ ဖောက်ထွင်း

၍ သိတော်မူလေပြီ။ ဤအဆိုကိုထောက်ခံသော ဘုရားဟောဖော် အာဂမယုတ္တိစကားတော်မှာ-

"အချင်းရောဟိတဿနတ်သား...၊ အကြင်အရပ်၌ မဖြစ်,မအို, မသေ,ကပ်ရောက်၍မဖြစ်၊ လောကဓာတ်အဆုံးဖြစ်သော ထိုမဖြစ်,မအို, မသေရာအရပ်ကို ခြေလျင်သွားခြင်းဖြင့် သိနိုင်၏၊ တွေ့မြင်နိုင်၏၊ ရောက်နိုင်၏-ဟူ၍ ငါဘုရား ဟောတော်မမူပေ။"

"အချင်းရောဟိတဿနတ်သား...၊ လောကဓာတ်အဆုံးသို့ မရောက်မူ၍လည်း ဆင်းရဲဒုက္ခ၏ ကုန်ဆုံးခြင်းကို ပြုခြင်းကို ငါဘုရား ဟောတော်မမူပေ။"

"အချင်းရောဟိတဿနတ်သား...၊ စင်စစ်မှာမူ ငါဘုရားသည် အမှတ်သညာလည်းရှိ, အသိစိတ်လည်းရှိသော တစ်လုံမျှလောက်သော ဤကိုယ်၌သာလျှင် လောကကိုလည်း ဟောကြားပေ၏။ လောကဓာတ် ဖြစ်ကြောင်းကိုလည်း ဟောကြားပေ၏။ လောကဓာတ် ချုပ်ငြိမ်းရာကို လည်း ဟောကြားပေ၏။ လောကဓာတ်ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ဟောကြားပေ၏။"

ဟူ၍ ဖြစ်ပါသည်။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် လောကကိုသိမြင်တော်မူသောကြောင့် "လောကဝိဒူ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

<u>တစ်နည်း လောကကို သိမြင်တော်မူပုံ</u>

တစ်နည်းအားဖြင့် လောကသည် သခါရလောက၊ သတ္တလောက၊ ဩကာသလောကဟူ၍ သုံးပါးရှိ၏။ ထိုတွင်-

(၁) "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ= အလုံးစုံသော သတ္တဝါတို့သည် အာဟာရကြောင့် တည်နေခြင်းပင်တည်း" ဤသို့စသည်ဖြင့်လာသော လောကသည် သခါရလောက မည်၏။

(၂) သဿတလောက=လောကသည် မြဲသည်ဟူ၍လည်းကောင်း၊ အသဿတလောက=လောကသည် မမြဲဟူ၍လည်းကောင်း ဤသို့စသည်ဖြင့်လာသော လောကသည် သတ္တလောက မည်၏။

(၃) လ,နေစသည်တို့၏ ဖြစ်ပေါ်ရာ,တည်ရာစသည်တို့ကို ဖော်ပြသော လောကသည် ဩကာသလောက မည်၏။

သခ်ၤါရလောကကို သိမြင်တော်မူပုံ

(၁) သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ-အရ အာဟာရသည် ဧကလောကမည်၏။
(၂) နာမ်,ရုပ် ၂-ပါးသည် ဒွိလောကမည်၏။
(၃) ဝေဒနာ ၃-ပါးသည် တိလောကမည်၏။
(၄) အာဟာရ ၄-ပါးသည် စတုလောကမည်၏။
(၅) ဥပါဒါနက္ခန္ဓာ ၅-ပါးသည် ပဉ္စလောကမည်၏။
(၆) အဂ္ဂတ္တိကာယတန ၆-ပါးသည် ဆလောကမည်၏။
(၇) ဝိညာဏဋ္ဌိတိ ၇-ပါးသည် သတ္တလောကမည်၏။
(၈) လောကဓံတရား ၈-ပါးသည် အဋ္ဌလောကမည်၏။
(၉) သတ္တာဝါသ ၉-ပါးသည် နဝလောကမည်၏။
(၁၀) ရုပ်အာယတန ၁၀-ပါးသည် ဒသလောကမည်၏။
(၁၁) အာယတန ၁၂-ပါးသည် ဒွါဒသလောကမည်၏။
(၁၂) ဓာတ် ၁၈-ပါးသည် အဋ္ဌာရသလောကမည်၏။

မြတ်စွာဘုရားရှင်သည် ဤဆိုအပ်ခဲ့ပြီးသော ဧကလောကစသော သခ်ၤါရလောကကို ခပ်သိမ်းသောအပြားအားဖြင့် သိတော်မူလေပြီ။ ဖောက်ထွင်း၍ သိတော်မူလေပြီ။

သတ္တလောကကို သိမြင်တော်မူပုံ

မြတ်စွာဘုရားရှင်သည် သတ္တဝါအားလုံးတို့၏ အာသယ၊ အနုသယ၊ စရိုက်၊ အဓိမုတ္တိတို့ကိုလည်းကောင်း၊ ကိလေသာမြုံနည်းသောသတ္တဝါ, ကိလေသာမြုံများသောသတ္တဝါတို့ကိုလည်းကောင်း၊ ဣန္ဒြေထက်သောသတ္တဝါ, ဣန္ဒြေနုံသော သတ္တဝါတို့ကိုလည်းကောင်း၊ ကောင်းသောအခြင်းအရာရှိသောသတ္တဝါ, မကောင်းသောအခြင်းအရာရှိသော သတ္တဝါတို့ကိုလည်းကောင်း၊ လွယ်ကူစွာ သိနားလည်သောသတ္တဝါ, ခဲယဉ်းစွာ သိနားလည်သော သတ္တဝါတို့ကိုလည်းကောင်း၊ တရားထူးရထိုက်သောသတ္တဝါ, တရားထူးမရထိုက်သော သတ္တဝါတို့ကိုလည်းကောင်း ခပ်သိမ်းသောအပြားအားဖြင့် သိတော်မူလေပြီ။

သြကာသလောကကို သိမြင်တော်မူပုံ

စကြဝဠာတစ်ခုသည် အလျား,အနံ ယူဇနာပေါင်း တစ်သန်း,နှစ်သိန်း, သုံးထောင်လေးရာငါးဆယ်(၁,၂၀၃,၄၅၀) ရှိ၏။ ပတ်လည်အဝန်းသည် ယူဇနာပေါင်း သုံးသန်း,ခြောက်သိန်း,တစ်သောင်း,သုံးရာငါးဆယ်(၃,၆၁၀,၃၅၀) ရှိ၏။

ထိုစကြဝဠာတစ်ခုခု မြေထု,ရေထု,လေထုဟူ၍ အဆင့်ဆင့်ရှိရာ မြေထုသည် ယူဇနာပေါင်း နှစ်သိန်း,လေးသောင်း(၂၄၀,၀၀၀)ရှိ၏။ ရေထုသည် ယူဇနာပေါင်း လေးသိန်း,ရှစ်သောင်း (၄၈၀,၀၀၀) ရှိ၏။ လေထုသည် ယူဇနာပေါင်း ကိုးသိန်း, ခြောက်သောင်း (၉၆၀,၀၀၀) ရှိ၏။

မြင်းမိုရ်တောင်

မြင်းမိုရ်တောင်သည် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် ရေ၌ နစ်မြုပ်လျက်ရှိပြီး ယူဇနာပေါင်း ရှစ်သောင်းလေးထောင်သည် ကောင်းကင်၌ မြင့်တက်၍ တည်နေ၏။ ထိုမြင်းမိုရ်တောင်၏ပတ်လည်၌ ယုဂန္ဓိရ်တောင်၊ ဤသ ဓရတောင်၊ ကရဝိကတောင်၊ သုဒဿနတောင်၊ နေမိန္ဒရတောင်၊ ဝိနတကတောင်၊ အဿကဏ္ဏတောင်-ဟူသော တောင်စဉ်ခုနစ်ထပ် တည်ရှိနေ၏။ ထိုတောင်တို့၌ နတ်နှင့်ဘီလူးများ နေထိုင်ကြသည်။

ဟိမဝန္တာတောင်

ဟိမဝန္တာတောင်သည် ယူဇနာငါးရာ မြင့်၏။ အလျား,အနံအားဖြင့် ယူဇနာပေါင်း သုံးထောင်ခန့် ကျယ်ပြန့်၏။ ရှစ်သောင်းလေးထောင်သော တောင်ထွတ်များလည်း ဝန်းရံလျက်တည်ရှိနေ၏။

ကျွန်းကြီးလေးကျွန်း

ဇမ္ဗုသပြေပင်ရှိသောကျွန်းကို ဇမ္ဗုဒိပ်ကျွန်း ဟုခေါ်၏။ ဇမ္ဗုသပြေပင်သည် ပင်စည်လုံးပတ်အားဖြင့် ၁၅-ယူဇနာ ရှိ၏။ အကိုင်းအခက်တို့၏အရှည်မှာ ယူဇနာ ၅၀-စီရှိသောကြောင့် အပင်၏အဝန်းအဝိုင်းမှာ ယူဇနာတစ်ရာမျှ ကျယ်ပြန့်သည်ဟု ဆို၏။ အပင်အမြင့်မှာလည်း ယူဇနာတစ်ရာပင် ရှိ၏။

ထို့အတူ အပရဂေါယနခေါ် အနောက်ကျွန်းရှိ ထိမ်ပင်၊ ဥတ္တရကုရုခေါ် မြောက်ကျွန်းရှိ ပဒေသာပင်၊ ပုဗ္ဗဝိဒေဟခေါ် အရှေ့ကျွန်းရှိ ကုက္ကိုပင်၊ တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်၊ အသုရာနတ်တို့၏ သခွတ်ပင်၊ ဂဠုန်တို့၏ လက်ပံပင်တို့သည်လည်း ဇမ္ဗုသပြေပင်နှင့် ပမာဏချင်း အတူတူပင်ဖြစ်သည်။

စကြဝဠာ

စကြဝဠာတောင်သည် မဟာသမုဒ္ဒရာ၌ ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် နစ်မြုပ်နေပြီး၊ ရေမျက်နှာပြင်မှအထက်သို့ ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် မြင့်တက်၍နေ၏။ ဤစကြဝဠာတောင်၏ လောကဓာတ်ပတ်ဝန်းကျင်၌ ၄၉-ယူဇနာရှိသည့်လဝန်းနှင့် ယူဇနာ၅၀-ရှိသည့်နေဝန်းတို့ တည်ရှိနေပြန်၏။ ထို့ပြင်

ယူဇနာတစ်သောင်းစီရှိသော တာဝတိံသာနတ်ဘုံ၊ အသုရာနတ်ဘုံ၊ အဝီစိငရဲကြီးတို့လည်း တည်ရှိနေကြ၏။ ထိုစကြဝဠာ၌ ယူဇနာတစ်သောင်းရှိသော ဧမျူဒိပ်ကျွန်း၊ ယူဇနာခုနစ်ထောင်စီရှိသော အပရဂေါယနကျွန်းနှင့် ပုဗ္ဗဝိဒေဟကျွန်း၊ ယူဇနာရှစ်ထောင်ရှိသော ဥတ္တရကုရုကျွန်း-ဟူသည့် ကျွန်းကြီးလေးကျွန်းတို့ ခြံရံလျက် တည်ရှိနေ၏။ ကျွန်းကြီးတစ်ကျွန်းစီ၌လည်း ကျွန်းငယ်ပေါင်း ငါးရာစီ, ငါးရာစီ ဝန်းရံလျက်ရှိနေပါသည်။ ဤသို့ဖွဲ့စည်းထားသည့် လောကဓာတ်တစ်ခုကို "စကြဝဠာတစ်ခု" ဟုခေါ်ပါသည်။ ထိုစကြဝဠာသုံးခုတို့၏ အကြား, အကြား၌ "လောကန္တရိက်ငရဲ" တည်ရှိ၏။

မြတ်စွာဘုရားရှင်သည် ဤပြဆိုခဲ့ပြီးသော စကြဝဠာပေါင်း အပိုင်းအခြားမရှိသည့် အနန္တစကြဝဠာ-ဟုဆိုအပ်ကုန်သော အနန္တလောကဓာတ်အပေါင်းကို အဆုံးအပိုင်းအခြားမရှိ သိမြင်နိုင်သည့် ဗုဒ္ဓဉာဏ်တော်ဖြင့် သိတော်မူလေပြီ။ ဖောက်ထွင်း၍ သိတော်မူလေပြီ။

ဤသို့လျှင် သခ်ါရလောက၊ သတ္တလောက၊ သြကာသလောက-တည်းဟူသော လောကသုံးပါးကိုလည်း ခပ်သိမ်းသောအပြားအားဖြင့် သိတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရားရှင်သည် "လောကဝိဒူ" အမည်ကို ရရှိတော်မူခြင်း ဖြစ်ပါသည်။

(၆) အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

အနုတ္တရမည်ပုံ

မြတ်စွာဘုရားရှင်ထက် ဂုဏ်တို့ဖြင့်သာလွန်ထူးကဲ မြင့်မြတ်သည့်တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မျှ ဤလောက၌ မရှိသောကြောင့် မြတ်စွာဘုရားရှင်သည် "အနုတ္တရ" မည်တော်မူပါပေ၏။ (နတ္ထိ ဧတသ ဥတ္တရော တိ အနုတ္တရော)

ထိုစကားမှန်၏။ မြတ်စွာဘုရားသည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် သတ္တဝါအားလုံးကို လွှမ်းမိုးကျော်လွှန်တော်မူပါပေ၏။ တစ်ခေတ်တည်း၌ မြတ်စွာဘုရားရှင်နှင့် သီလစသည်ဂုဏ်အားဖြင့် တူသောပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိခဲ့။ အတိတ်, အ[illegible]ဘုရားတို့နှင့်သာ သီလစသည်ဂုဏ်ချင်းသာ တူတော်မူ၏။ သို့သော်လည်း ပုံဟူဟူ၍ မရှိပေ။ တစ်ထပ်တည်း တူညီသောပုဂ္ဂိုလ်, ပြိုင်ဘက်တူညီသောပုဂ္ဂိုလ်-ဟူ၍ မရှိပေ။

ထို့ကြောင့် အဂ္ဂပသာဒသုတ်တော်၌လည်း -

"နတ်နှင့်တကွသော, မာရ်နှင့်တကွသော, ဗြဟ္မာနှင့်တကွသော, ရဟန်းသူမြတ်များနှင့်တကွသော, လူမင်းဟူသောနတ်များသာမန်လူများနှင့်တကွသော သတ္တဝါအပေါင်း၌ မိမိထက်သာလွန်၍ သီလနှင့်ပြည့်စုံသည့် အခြားသောရဟန်းကိုသော်လည်းကောင်း၊ သူမြတ်ကိုသော်လည်းကောင်း ငါဘုရား မြင်တော်မမူပေ"

ဟူ၍ ဟောတော်မူခြင်းဖြစ်ပေသည်။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် လောက၌ မိမိထက် သာလွန်ထူးကဲ မြင့်မြတ်သည့်ပုဂ္ဂိုလ်မရှိသောကြောင့် "အနုတ္တရ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

ပုရိသဒမ္မသာရထိ မည်ပုံ

မြတ်စွာဘုရားရှင်သည် ဆုံးမထိုက်သောယောကျ်ားတို့ကို သွားစေတတ်သောကြောင့် "ပုရိသဒမ္မသာရထိ" မည်၏။ ဤ သွားစေတတ်၏(သာရေတိ)ဟူသည် မှာ-ယဉ်ကျေးစေတတ်၏(ဒမေတိ)၊ ဆုံးမတတ်၏(ဝိနေတိ)ကို ဆိုလို၏။ (ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ)

တိရစ္ဆာန်ယောကျ်ားတို့ကို ဆုံးမတော်မူပုံ

မြတ်စွာဘုရားရှင်သည် အပလာလနဂါးမင်း၊ စူဠောဒရနဂါးမင်း၊ မဟောဒရနဂါးမင်း၊ အဂ္ဂိသိခနဂါးမင်း၊ ဓူမသိခနဂါးမင်း၊ အာရဝဋ္ဋနဂါးမင်း၊ ဓနပါလက အမည်ရသော နာဠာဂိရိဆင်မင်း အစရှိကုန်သော တိရစ္ဆာန်ယောကျ်ားတို့ကို ဆုံးမတော်မူခဲ့၏။ အဆိပ်မရှိအောင် ပြုတော်မူခဲ့၏။ သရဏဂုံ,သီလတို့၌ တည်စေတော်မူခဲ့ပါသည်။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဆုံးမခြင်းငှာထိုက်တန်သော တိရစ္ဆာန်ယောကျ်ားတို့ကို ဆုံးမတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း "ပုရိသဒမ္မသာရထိ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

လူယောကျ်ားတို့ကို ဆုံးမတော်မူပုံ

နိဂဏ္ဌ၏သား သစ္စကပရိဗိုဇ်၊အမ္ဗဋ္ဌလုလင်၊ ပေါက္ခရသာတိပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏား၊ ကူဋဒန္တပုဏ္ဏားအစရှိကုန်သော လူယောကျ်ားတို့ကိုလည်း ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့၏။ ဆန်းကြယ်လှကုန်သော ဆုံးမကြောင်းနည်းတို့ဖြင့် အဆန်းတကြယ် ဆုံးမတော်မူခဲ့လေပြီ။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဆုံးမခြင်းငှာထိုက်တန်သော လူယောကျ်ားတို့ကို ဆုံးမတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း "ပုရိသဒမ္မသာရထိ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

နတ်ယောကျ်ားတို့ကို ဆုံးမတော်မူပုံ

အာဠာဝကဘီလူး၊ သူစိလောမဘီလူး၊ ခရလောမဘီလူး၊ သိကြားနတ်မင်း အစရှိကုန်သော နတ်ယောကျ်ားတို့ကိုလည်း ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့၏။ ဆန်းကြယ်လှကုန်သော ဆုံးမကြောင်းနည်းတို့ဖြင့်လည်း အဆန်းတကြယ် ဆုံးမတော်မူခဲ့လေပြီ။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ဆုံးမခြင်းဟူထိုက်တန်သော နတ်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း "ပုရိသဒမ္မသာရထိ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

တစ်နည်း ဆုံးမတော်မူပုံ

မြတ်စွာဘုရားရှင်သည် သီလစင်ကြယ်သောသူစသည်တို့အား ပထမစျာန်စသည်တို့ကို ဟောကြားတော်မူလျက် ဆုံးမတော်မူ၏။ သောတာပန်စသည်တို့အား အထက်မဂ်တို့၏အကျင့်ကို ဟောကြားတော်မူလျက် ဆုံးမတော်မူ၏။ အတော်အတန် ယဉ်ကျေးပြီးသောပုဂ္ဂိုလ်တို့အား အပြည့်အစုံ ယဉ်ကျေးလာအောင် ဆုံးမတော်မူသည်သာလျှင် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် "ပုရိသဒမ္မသာရထိ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

တစ်နည်း ဂုဏ်တော်အဖွင့်

တစ်နည်းအားဖြင့် အနုတ္တရောပုရိသဒမ္မသာရထိ-ဟူသောပုဒ်သည် တစ်ခုတည်းသောအနက်ကိုသာ ထင်ရှားပြသည့်ဂုဏ်ပုဒ် ဖြစ်ပါသည်။

မှတ်ချက်။ ဤဂုဏ်တော်အဖွင့်၌ ပထမနည်းအဖွင့်တွင် -

(က) အနုတ္တရ-မည်ပုံနှင့်

(ခ) ပုရိသဒမ္မသာရထိ-မည်ပုံဟူ၍ နှစ်မျိုးခွဲ၍ ဖွင့်ပြခဲ့သည်။

ဤတစ်နည်းအဖွင့်၌ ယင်းပုဒ်နှစ်ခုကိုပေါင်း၍ အနက်အဓိပ္ပါယ်တစ်မျိုးတည်းရှိပုံကို ဖွင့်ပြလိုခြင်းဖြစ်သည်။

ဒုတိယနည်း အဖွင့်အရ-

မြတ်စွာဘုရားရှင်သည် ဆုံးမခြင်းဟူထိုက်တန်သော ယောကျ်ားတို့ကို တစ်ခုတည်းသော ထက်ဝယ်ဖွဲ့ခွေခြင်းဖြင့်သာလျှင် ထိုင်တော်မူလျက် ငြိတွယ်ဖင့်နွဲခြင်းမရှိဘဲ သမာပတ်ရှစ်ပါးဟူသော အရပ်မျက်နှာများသို့ ပြေးသွားနိုင်အောင် သွားစေတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် "အနုတ္တရောပုရိသဒမ္မသာရထိ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

(၇) သတ္တာဒေဝမနုဿာနံဂုဏ်တော်

သတ္တာမည်ပုံ

မျက်မှောက်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွား၊ နိဗ္ဗာန်ဟူသော မြတ်သော အကျိုးစီးပွားတို့ဖြင့် ထိုက်သည့်အားလျော်စွာ ဆုံးမသွန်သင်တော်မူတတ်သောကြောင့် 'ဆရာ' (သတ္ထာ) မည်ပါသည်။ (အနုသာသတီတိ သတ္ထာ)

တစ်နည်းအားဖြင့် လှည်းကုန်သည်အပေါင်း၏ ဦးစီးလှည်းမှူးခေါင်းဆောင်နှင့်တူတော်မူသောကြောင့် 'ဆရာ' (သတ္ထာ)မည်ပါသည်။ (သတ္ထာဝိယာတိ သတ္ထာ)

လှည်းမှူးခေါင်းဆောင်နှင့် တူတော်မူပုံ

လှည်းမှူးခေါင်းဆောင်သည် လှည်းကုန်သည်အပေါင်းကို ဘေးရန်ပေါသော ခရီးခဲကိုလည်းကောင်း၊ ခိုးသူဓားပြရှိသောခရီးခဲ(စောရကန္တာရ)ကိုလည်းကောင်း၊ သားရဲရှိသော ခရီးခဲ(ဝါဠကန္တာရ)ကိုလည်းကောင်း၊ အစာရခဲသောခရီးခဲ (ဒုဗ္ဘိက္ခ-ကန္တာရ)ကိုလည်းကောင်း၊ ရေမရှိသောခရီးခဲ(နိရုဒကကန္တာရ)ကိုလည်းကောင်း ကူးမြောက်ကျော်လွန်၍ ဘေးကင်းရာအရပ်သို့ ရောက်စေသကဲ့သို့ ထို့အတူ မြတ်စွာဘုရားရှင်သည် သတ္တဝါတို့ကို သံသရာခရီးခဲကိုလည်းကောင်း၊ ဘဝအသစ်ဖြစ်ခြင်း(ဇာတိကန္တာရ)ကိုလည်းကောင်း၊ အိုမင်းရင့်ရော်ခြင်း(ဇရာကန္တာရ)ကိုလည်းကောင်း၊ ဖျားနာခြင်း(ဗျာဓိကန္တာရ)ကိုလည်းကောင်း၊ သေဆုံးခြင်း (မရဏကန္တာရ)ကိုလည်းကောင်း ကူးမြောက်ကျော်လွန်စေတော်မူခဲ့လေပြီ။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် လှည်းမှူးခေါင်းဆောင်နှင့်တူတော်မူခြင်း ဖြစ်ပါသည်။

နတ်လူတို့၏ဆရာဟု ဆိုရခြင်းအကြောင်း

"သတ္ထာဒေဝမနုဿာနံ=နတ်လူတို့၏ဆရာ" ဟူသောစကားသည် အလွန်အမြတ်ဖြစ်သော သတ္တဝါတို့ကိုပိုင်းခြားခြင်း(ဥက္ကဋ္ဌပရိစ္ဆေဒ)၏အစွမ်းအားဖြင့်လည်းကောင်း၊ ကျွတ်ထိုက်သောပုဂ္ဂိုလ်တို့ကိုပိုင်းခြားခြင်း(ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒ) ၏အစွမ်းအားဖြင့်လည်းကောင်း ဆိုထားသောစကား ဖြစ်၏။

စင်စစ်၊ မြတ်စွာဘုရားရှင်သည် အဆုံးအမပေးသောအားဖြင့် တိရစ္ဆာန်တို့၏ဆရာလည်း ဖြစ်တော်မူပါပေ၏။ တိရစ္ဆာန်တို့သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာခြင်းဖြင့် ဥပနိဿယနှင့်ပြည့်စုံ၍ ယင်းဥပနိဿယကြောင့် ဒုတိယဘဝ၌ ဖြစ်စေ၊ တတိယဘဝ၌ဖြစ်စေ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။ ဤနေရာ၌ ဖားဘဝဖြင့် မြတ်စွာဘုရားရှင်၏ တရားတော်အသံကို ကြားနာနေစဉ် နွားကျောင်း

သားတစ်ယောက်၏ နှင်တံဖြင့် ဖိထောက်ခံထားရသဖြင့် ဖားဘဝမှ စုတေ၍ နတ်ပြည်၌ နတ်သားဖြစ်ရသော ဖားနတ်သားဝတ္ထုသည် ထင်ရှားသော သာဓက ဖြစ်၏။ (စည်၊၂။ ၁၂၈-၁၂၉)

(၈) ဗုဒ္ဓဂုဏ်တော်

မြတ်စွာဘုရားသည် အမှတ်မရှိ တစ်စုံတစ်ခုသော သိသင့်သိဖွယ် အသွယ်သွယ်သော ဥယျခံတရားမှန်သမျှတို့ကို လွတ်မြောက်သော အရဟတ္တမဂ်ဟူသော ဝိဇ္ဇာဉာဏ်၊ အရဟတ္တမဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ဟူသော ဝိမောက္ခန္တိကဉာဏ်၊ အရဟတ္တဖိုလ်ရောက်သည်နှင့် တစ်ပြိုင်နက်ပြည့်စုံသွားသော သဗ္ဗညုတဉာဏ်ဟူသော ဝိမောက္ခန္တိကဉာဏ်အစရှိသော အလုံးစုံသောဗုဒ္ဓဉာဏ်တော်တို့၏ အစွမ်းအားဖြင့် သိတော်မူပြီးဖြစ်၏။ ထို့ကြောင့် 'ဗုဒ္ဓ' အမည်တော်ထူးကို ရရှိတော်မူခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် သစ္စာလေးပါးမြတ်တရားကို ကိုယ်တိုင်လည်းသိတော်မူတတ်သောကြောင့်လည်းကောင်း(ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ)၊ ကျွတ်ထိုက်သူဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း သိစေတော်မူတတ်သောကြောင့်လည်းကောင်း(ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ) "ဗုဒ္ဓ" မည်တော်မူပါပေ၏။

(၉) ဘဂဝါဂုဏ်တော်

ဘဂဝါအမည်

'ဘဂဝါ' ဟူသောအမည်သည် သီလအစရှိသောဂုဏ်တို့ဖြင့် ထူးတော်မူသောကြောင့်လည်းကောင်း၊ သတ္တဝါအားလုံးတို့ထက် မြင့်မြတ်တော်မူသောကြောင့်လည်းကောင်း၊ အလေးအမြတ်ပြုအပ်သော ဆရာမြတ်ကြီးဖြစ်တော်မူသောကြောင့်လည်းကောင်း မြတ်စွာဘုရားအား ရိုသေလေးစားသောအားဖြင့် ခေါ်ဝေါ်ကြသော အမည် ဖြစ်ပါသည်။

အမည်အမျိုးအစား ၄-မျိုး

(၁) အခိုက်အတန့်ကို စွဲ၍ခေါ်သော အာဝတ္ထိကအမည်၊
ဥပမာ-နွားငယ်(ဝစ္ဆ)၊ ထမ်းပိုးကျင့်လောက်သောနွား(ဒမ္မ)၊ ထန်ရုံးနွား(ဗလိဗဒ္ဒ) စသည်တို့ဖြစ်သည်။

(၂) အသွင်အပြင်ကို စွဲ၍ခေါ်သော လိင်ဂကအမည်၊
ဥပမာ- တောင်ဝှေးရှိသောသူ(ဒဏ္ဍီ)၊ ထီးဆောင်းထားသောသူ(ဆတ္တီ)၊ ဦးစွန်းရှိသောသူ(သိခီ)၊ လက်မောင်းရှိသူ, နှာမောင်းရှိသောဆင်(ကရီ) စသည်တို့ဖြစ်သည်။

(၃) ဂုဏ်အကြောင်းနိမိတ်ကို စွဲ၍ခေါ်သော နေမိတ္တိကအမည်၊
ဥပမာ- ဝိန္ဓာသုံးပါးရှိသူ(တေဝိဇ္ဇ)၊ အဘိညာဉ်ခြောက်ပါးရှိသူ(ဆဠဘိည) စသည်တို့ဖြစ်သည်။

(၄) သဒ္ဒါ,အနက်ကိုမငဲ့ဘဲ အကြောင်းကို ကျော်လွန်၍ခေါ်သော အဓိစ္စသမုပ္ပန္နအမည်၊
ဥပမာ-ကျက်သရေတိုးပွားစေသောကျွန်(သိရိဝုဗက)၊ ဥစ္စာတိုးပွားစေသော ကျွန်(ဓနဝုဗက)စသည်တို့ဖြစ်သည်။

<u>နေမိတ္တိကအမည်အမျိုးအစားဖြစ်</u>

ဤအမည်လေးမျိုးတို့တွင် 'ဘဂဝါ'ဟူသောအမည်သည် ဂုဏ်အကြောင်းနိမိတ်ကိုစွဲ၍ဖြစ်သော "နေမိတ္တိကအမည်"အမျိုးအစား ဖြစ်ပါသည်။ မယ်တော်, ခမည်းတော်၊ ဆွေတော်မျိုးတော်စသည်တို့က မှည့်ခေါ်ထားသည့်အမည် မဟုတ်ပေ။

မဟာနိဒ္ဒေသလာ
ဘဂဝါမည်ပုံ ဂုဏ်အကြောင်းနိမိတ် (၉)ပါး

(၁) ဘဂီ = ကြွယ်ဝရိယစသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၂) ဘဇီ = ဆိတ်ငြိမ်ရာ၌ စွာန်,အဘိညာဉ်,မဂ်,ဖိုလ် တရားထူးများသို့ ကပ်ရောက်တော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၃) ဘာဂီ = ပစ္စည်းလေးပါးနှင့် အတ္ထရသစသည်, စွာန်ဝိမောက္ခစသည် အဖို့ရှိတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၄) ဝိဘတ္တဝါ = တရားရတနာကို ဝေဖန်ဟောကြားတော်မူတတ်သောကြောင့် ဘဂဝါ မည်တော်မူ၏။

(၅) အကာသိ ဘဂ္ဂံ= ရာဂစသည် ဖျက်ဆီးခြင်းကို ပြုတော်မူပြီးဖြစ်သောကြောင့် ဘဂဝါ မည်တော်မူ၏။

(၆) ဂရု = အလေးပြုအပ်သော ဆရာဖြစ်တော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၇) ဘာဂျဝါ = ဒါန,သီလစသော အထွတ်အထိပ်သို့ ရောက်တော်မူသော ဘုန်းကံရှိတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၈) သုဘာဝိတတ္တာ= ကာယဘာဝနာစသော များစွာသော ဘာဝနာအစဉ်တို့ဖြင့် ကောင်းစွာပွားစေအပ်ပြီးသော သဘောရှိတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၉) ဘဝန္တဂ = ဘဝ၏အဆုံး နိဗ္ဗာန်သို့ ရောက်တော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

ဆောင်။ ဘဂီ ဘဇီ ဘာဂီ ဝိဘတ္တဝါ၊ အကာသိ ဘဂ္ဂန္တိ ဂရုတိ ဘာဂျဝါ။ ဗဟူဟိ ဉာယေဟိ သုဘာဝိတတ္တာနော၊ ဘဝန္တဂေါ သော **ဘဂဝါ**တိ ဝုစ္စတိ။

တစ်နည်း အဋ္ဌကထာလာ
ဘဂဝါမည်ပုံ ဂုဏ်အကြောင်းနိမိတ် (၆)ပါး

(၁) ဘာဂျဝါ = ဘုန်းကံနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၂) ဘဂ္ဂဝါ = ဖျက်ဆီးတော်မူပြီးဖြစ်သောကြောင့် ဘဂဝါ မည်တော်မူ၏။

(၃) ဘဂ = ဣဿရိယစသည်တို့နှင့် ယှဉ်တော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၄) ဝိဘတ္တဝါ = ဝေဖန် ဟောကြားတော်မူတတ်သောကြောင့် ဘဂဝါ မည်တော်မူ၏။

(၅) ဘတ္တဝါ = ဆည်းကပ်တော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

(၆) ဘဝေသု ဝန္တဂမန= ဘဝသုံးပါးတို့၌ သွားသောတဏှာကို ထွေးအန်တော်မူပြီးဖြစ်သောကြောင့် ဘဂဝါ မည်တော်မူ၏။

ဆောင်။ ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တောဂ၊ ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တဝါ ဝန္တဂမနော-ဘဝေသု ဘဂဝါ တတော။

၁။ ဘာဂျဝါ-ကြောင့် ဘဂဝါမည်ပုံ

မြတ်စွာဘုရားရှင်၌ လောကီ,လောကုတ္တရာချမ်းသာတို့ကို ဖြစ်စေတတ်သော ဒါန,သီလအစရှိသော အထွတ်အထိပ်သို့ရောက်သည့် 'ဘာဂျ'ခေါ် ဘုန်းကံရှိတော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် 'ဘာဂျဝါ'ဟု အမည်ရသင့်ပါလျက် သဒ္ဒါနည်းအရပြောင်း၍ 'ဘဂဝါ'အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

၂။ **ဘင္ဂဝါ-ကြောင့် ဘဂဝါမည်ပုံ**

- လောဘ၊ ဒေါသ၊ မောဟ၊ ဖောက်ပြန်သော မနသိကာရ၊ အဟိရိက၊ အနောတ္တပ္ပတရားတို့ကိုလည်းကောင်း၊
- အမျက်ထွက်ခြင်းကောဓ၊ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ ဂုဏ်မြင့်သူနှင့်တန်းတူဘက်ပြိုင်ခြင်း ပဠာသ၊ ဣဿာ၊ မစ္ဆရိယ၊ မိမိအပြစ်ကို ဖုံးကွယ်လှည့်စားခြင်း မာယာ၊ မရှိသောဂုဏ်ဖြင့် ရှိဟန်ဆောင်လျက် ကောက်ကျစ်ခြင်း သာဌေယျ၊ ခက်ထန်ခြင်း ထမ္ဘ၊ သူ့ထက်သာအောင်ပြ၍ချုပ်ချယ်ခြင်း သာရမ္ဘ၊ မာန်တက်ခြင်း၊ အလွန်မာန်တက်ခြင်း၊ မာန်ယစ်ခြင်း၊ မေ့လျော့ခြင်းတရားတို့ကိုလည်းကောင်း၊
- တဏှာ၊ အဝိဇ္ဇာတရားတို့ကိုလည်းကောင်း၊
- သုံးပါးစီရှိသော အကုသိလ်သံကိလေသတရား၊ မလ၊ ဝိသမ၊ သညာ၊ ဝိတက်၊ ပပဉ္စတရားတို့ကိုလည်းကောင်း၊
- လေးပါးစီရှိသော ဝိပွလ္လာသ၊ အာသဝ၊ ဂန္ထ၊ ဩဃ၊ ယောဂ၊ အဂတိ၊ ဥပါဒါန်တရားတို့ကိုလည်းကောင်း၊
- ငါးပါးစီရှိသော စေတောခိလ၊ စေတောဝိနိဗန္ဓ၊ နိဝရဏ၊ အဘိနန္ဒနတရားတို့ကိုလည်းကောင်း၊
- ခြောက်ပါးသော ဝိဝါဒမူလ၊ တဏှာကာယတရားတို့ကိုလည်းကောင်း၊
- အနုသယ ၇-ပါး၊ မိစ္ဆတ္တ ၈-ပါး၊ တဏှာမူလက ၉-ပါး၊ အကုသိလ်ကမ္မပထ ၁၀-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါး၊ တဏှာဝိစရိတ် ၁၀၈-ပါးတရားတို့ကိုလည်းကောင်း

ဤအလုံးစုံသော ပူမန်ခြင်း,ပူလောင်ခြင်းကို ပြုတတ်ကုန်သော အသိန်းမကများလှစွာသော ကိလေသာအပေါင်းတို့ကို ဖျက်ဆီးတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရားရှင်သည် 'ဘင္ဂဝါ' ဟုအမည်ရသင့်ပါလျက် သဒ္ဒါနည်းအရပြောင်း၍ 'ဘဂဝါ' အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

တစ်နည်း ဘင္ဂဝါ-ကြောင့် ဘဂဝါမည်ပုံ

ကိလေသမာရ၊ ခန္ဓမာရ၊ အဘိသင်္ခါရမာရ၊ ဒေဝပုတ္တမာရ၊ မစ္စုမာရ်ဟူသော မာရ်ငါးပါးကို ဖျက်ဆီးတော်မူပြီးဖြစ်သောကြောင့် မြတ်စွာဘုရားရှင်သည် ''ဘင္ဂဝါ'' ဟုအမည်ရသင့်ပါလျက် သဒ္ဒါနည်းအရပြောင်း၍ ''ဘဂဝါ'' အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

၃။ ဘဂ-ကြောင့် ဘဂဝါမည်ပုံ

ဘဂသဒ္ဒါသည်-

ဣဿရိယ = အစိုးရခြင်းဟူသောအနက်၊
ဓမ္မ = တရားဟူသောအနက်၊
ယသ = ကျော်စောခြင်းဟူသောအနက်၊
သိရီ = ကျက်သရေဟူသောအနက်၊
ကာမ = အလိုအတိုင်းပြီးစီးခြင်းဟူသောအနက်၊
ပယတ္တ = လုံ့လဟူသောအနက် တို့၌ဖြစ်၏။

ဣဿရိယဘုန်းတော်

မြတ်စွာဘုရားရှင်မှာ မိမိ၏စိတ်တော်၌ အလွန်အကဲဆုံး အမြတ်ဆုံးဖြစ်သော အစိုးရပိုင်နိုင်ခြင်းဟူသော ဣဿရိယဘုန်းတော် ရှိတော်မူပါပေ၏။ ထို့ပြင် လောကီကျမ်းဆရာတို့ အလေးအမြတ် သမုတ်အပ်သော အဏုမြူသဖွယ် သေးငယ်အောင် ဖန်ဆင်းနိုင်ခြင်းဟူသော အဏိမာတန်ခိုးတော်၊ ကောင်းကင်၌ သွားလာနိုင်ခြင်း စသည်ဖြင့် ပေါ်ပါးအောင်ဖန်ဆင်းနိုင်ခြင်း လဃိမာတန်ခိုးတော်အစရှိသော ရုပ်ကိုယ်ကိုအစိုးရခြင်း-ဟူသော ဣဿရိယဘုန်းတော်မြတ်လည်း ရှိတော်မူပါပေ၏။

ဓမ္မဘုန်းတော်

မြတ်စွာဘုရားရှင်မှာ လောကုတ္တရာဖြစ်သော မဂ်,ဖိုလ်,နိဗ္ဗာန်တရား-ဟူသော ဓမ္မဘုန်းတော်လည်း ရှိတော်မူပါပေ၏။

ယသဘုန်းတော်

မြတ်စွာဘုရားရှင်မှာ ကာမ,ရူပ,အရူပဟု လောကသုံးခွင် ဘုံအပြင်၌ ပျံ့နှံ့ထင်ရှားတော်မူသော ဟုတ်မှန်သည့်ဂုဏ်တို့ကြောင့် ရရှိတော်မူသော အလွန်စင်ကြယ်သည့် ကျော်စောခြင်း-ဟူသော ယသဘုန်းတော်လည်း ရှိတော်မူပါပေ၏။

သိရီဘုန်းတော်

မြတ်စွာဘုရားရှင်မှာ မိမိ၏ ရူပကာယကိုယ်တော်မြတ်ကို ဖူးမြင်ရန် အားထုတ်ကြကုန်သောသူတို့အား မျက်စိ၏ကြည်လင်ခြင်း, ကြည်နူးခြင်းကိုဖြစ်စေနိုင်သော ခန္ဓာကိုယ်တော်မြတ်၏ အင်္ဂါကြီးငယ်အသွယ်သွယ်တို့၏ တင့်တယ်လှပ သပ္ပာယ်၍ ကျက်သရေရှိတော်မူခြင်း-ဟူသော သိရီဘုန်းတော်လည်း ရှိတော်မူပါပေ၏။

ကာမဘုန်းတော်

မြတ်စွာဘုရားရှင်သည် မိမိ၏ အစီးအပွားဖြစ်စေ, သူတစ်ပါး၏အစီးအပွားဖြစ်စေ "ငါကိုယ်တိုင် ကူးမြောက်လျှင် အခြားသူတို့ကိုလည်း ကူးမြောက်စေမည်"

စသည်ဖြင့် အလိုရှိခဲ့,တောင့်တခဲ့သည်ရှိသော် အလိုရှိတိုင်း, တောင့်တတိုင်း ပြီး ပြည့်စုံတော်မူပေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်မှာ အလိုရှိအပ်သော အကျိုးစီးပွား၏ပြီးစီးခြင်း-ဟုဆိုအပ်သော ကာမဘုန်းတော်လည်း ရှိတော်မူပါပေ၏။

ပယတ္တဘုန်းတော်

မြတ်စွာဘုရားရှင်မှာ အလုံးစုံသောလောက၏ အလေးပြုအပ်သော ဆရာ မြတ်အဖြစ်သို့ ရောက်ခြင်း၏အကြောင်းဖြစ်သော သမ္မာဝါယာမဟုဆိုအပ်သော သမ္မပ္ပဓာန်လုံလဟု ဆိုအပ်သော ပယတ္တမည်သော ဘုန်းတော်လည်း ရှိတော်မူပါပေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်မှာ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသောကြောင့်လည်း 'ဘဂဝါ'အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

၄။ ဝိဘတ္တဝါ-ကြောင့် ဘဂဝါမည်ပုံ

- ကုသိုလ်အစရှိသော အလုံးစုံသောတရားတို့ကိုလည်းကောင်း၊
- ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ် အစရှိသောတရား တို့ကိုလည်းကောင်း၊
- နှိပ်စက်ခြင်း(ပီဠန)၊ ပေါင်းစု၍ပြုပြင်ခြင်း(သင်္ခတ)၊ ပူလောင်စေခြင်း(သန္တာပ)၊ ပြောင်းလဲဖောက်ပြန်ခြင်း(ဝိပရိဏာမ) အနက်သဘောရှိသည့် ဒုက္ခအရိယ သစ္စာကိုလည်းကောင်း၊
- ဆင်းရဲဖြစ်ပွားရန်အားထုတ်ခြင်း(အာယူဟန)၊ ဆင်းရဲ၏အကြောင်း(နိဒါန)၊ သံသရာဆင်းရဲနှင့်ယှဉ်စေခြင်း(သံယောဂ)၊ မဂ်မရအောင် နှောင့်ယှက်တားမြစ် ခြင်း(ပလိဗောဓ) အနက်သဘောရှိသည့် သမုဒယအရိယသစ္စာကိုလည်းကောင်း၊
- ထွက်မြောက်ခြင်း(နိဿရဏ)၊ သင်္ခါရတို့မှကင်းဆိတ်ခြင်း(ဝိဝေက)၊ မပြုပြင် အပ်ခြင်း(အသင်္ခတ)၊ မသေခြင်း(အမတ) အနက်သဘောရှိသည့် နိရောဓ အရိယသစ္စာကိုလည်းကောင်း၊
- ဝဋ်ဆင်းရဲမှထွက်မြောက်ခြင်း(နိယျာန)၊ နိဗ္ဗာန်သို့ရောက်ကြောင်း(ဟေတု)၊ နိဗ္ဗာန်ကို မျက်မှောက်မြင်ခြင်း(ဒဿန)၊ အကြီးအမှူးဖြစ်ခြင်း(အဓိပတေယျ) အနက်သဘောရှိသည့် မဂ္ဂအရိယသစ္စာကိုလည်းကောင်း မြတ်စွာဘုရားရှင်သည် ဝေဖန်၍ ဟောကြားတော်မူခဲ့လေပြီ။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သစ္စာလေးပါး မြတ်တရားကို ဝေဖန်၍ ဟောကြားတော်မူသည်၏အဖြစ်ကြောင့် "ဝိဘတ္တဝါ" ဟုအမည်ရသင့်ပါလျက် သဒ္ဒါနည်းအရပြောင်းလဲ၍ "ဘဂဝါ" အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

၅။ ဘတ္တဝါ-ကြောင့် ဘဂဝါမည်ပုံ

မြတ်စွာဘုရားသည် ဒိဗ္ဗဝိဟာရ၊ ဗြဟ္မဝိဟာရ၊ အရိယဝိဟာရတို့ကိုလည်းကောင်း၊ ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကတို့ကိုလည်းကောင်း၊ သုညတဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခတို့ကိုလည်းကောင်း၊ လောကီ၊ လောကုတ္တရာဖြစ်သော ဥတ္တရိမနုဿဓမ္မခေါ် အဘိညာဉ်စသောတရားထူးတို့ကိုလည်းကောင်း ချဉ်းကပ်တော်မူခဲ့လေပြီ။ မှီဝဲတော်မူခဲ့လေပြီ။ အကြိမ်များစွာ နှလုံးသွင်းတော်မူခဲ့လေပြီ။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် "ဘတ္တဝါ"ဟု အမည်ရသင့်ပါလျက် သဒ္ဒါနည်းအရပြောင်းလဲ၍ "ဘဂဝါ"အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

၆။ ဘဝေသု ဝန္တဂမန-ကြောင့် ဘဂဝါမည်ပုံ

မြတ်စွာဘုရားသည် ကာမ၊ရူပ၊အရူပတည်းဟူသော ဘဝသုံးထပ် ဘုံသုံးရပ်၌ တဏှာတည်းဟူသောသွားခြင်းကို ထွေးအန်စွန့်ပယ်တော်မူပြီးဖြစ်သောကြောင့်လည်း "ဘဂဝါ"အမည်ကို ရရှိတော်မူခြင်းဖြစ်ပါသည်။

ဤအမည်ရပုံ၌ ဘဝေသု၌ (ဘ)ကိုလည်းကောင်း၊ ဝန္တ၌ (ဝ)ကိုလည်းကောင်း၊ ဂမန၌ (ဂ)ကိုလည်းကောင်းယူ၍ (ဝ)၏အစိတ်ဖြစ်သော (အ)ကို (အာ)ဒီဃသရပြုပြီး "ဘဂဝါ"ဟုအမည်ရခြင်း ဖြစ်သည်။

ဥပမာ-"မေဟနသာ ခသာ မာလာ"ဟူသောပုဒ်၌ မေဟနသာ၌(မေ)၊ ခသာ၌ (ခ)၊ မာလာ၌ (လာ)ကိုယူ၍ "မေခလာ"ဟုအမည်ရသကဲ့သို့ ဖြစ်သည်။

ဗုဒ္ဓါနုဿတိပွားစဉ် စိတ်အသွင်

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်ဖန် အထပ်ထပ် အောက်မေ့ဆင်ခြင်နေသည့် ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ထိုအချိန်တွင် ရာဂလွမ်းမိုးသောစိတ်၊ ဒေါသလွမ်းမိုးသောစိတ်၊ မောဟလွမ်းမိုးသောစိတ်များ မဖြစ်တော့ပေ။ ထိုအချိန်၌ ယောဂီပုဂ္ဂိုလ်၏စိတ်သည် မြတ်စွာဘုရားကို အာရုံပြုလျက်ဖြစ်သော ဖြောင့်မတ်တည်ကြည်သည့်စိတ်မျိုး ဖြစ်နေပါသည်။

စျာန်အင်္ဂါများ ထင်ရှားဖြစ်ပေါ်ပုံ

ဗုဒ္ဓါနုဿတိပွားများနေသည့်ယောဂီပုဂ္ဂိုလ်အား ဘုရားဂုဏ်တော်များကို ညွှတ်ကိုင်းကုန်သော ဝိတက်,ဝိစာရတို့သည် အဆက်မပြတ်ဖြစ်ပေါ်နေ၏။ ဤသို့အဖန်တလဲလဲ ဘုရားဂုဏ်တော်တို့ကို ကြံစည်သုံးသပ်နေသော ယောဂီပုဂ္ဂိုလ်အား

နှစ်သက်ဝမ်းမြောက်မှု ပီတိများလည်း ဖြစ်ပေါ်လာ၏။ ပီတိဖြစ်ပေါ်လာသည့် အခါ ပီတိလျှင်နီးကပ်သောအကြောင်းရင်းရှိသည့် ငြိမ်းအေးမှုပဿဒ္ဓိဖြစ်ပေါ်လာပြီး ကိုယ်စိတ်တို့၏ ပူပန်မှုများ ငြိမ်းပျောက်ကုန်၏။ ပူပန်မှုငြိမ်းလျှင် ကိုယ်ချမ်းသာမှု, စိတ်ချမ်းသာမှု သုခသဘောလည်း အလိုအလျောက် ဖြစ်ပေါ်လာပါသည်။ ကိုယ်ချမ်းသာ, စိတ်ချမ်းသာရှိလျှင် ဘုရားဂုဏ်တော်များကို အာရုံပြုနေသောစိတ်သည် ကောင်းစွာ တည်တည်ကြည်ကြည် ဖြစ်လာပြီး ဧကဂ္ဂတာအဖြစ်သို့ ရောက်လေတော့၏။ ဤသို့သောအစဉ်ဖြင့် ဈာန်အင်္ဂါများ ထင်ထင်ရှားရှား ဖြစ်ပေါ်လာပါသည်။

ဥပစာရသို့သာ ရောက်နိုင်ခြင်း

ဘုရားဂုဏ်တော်တို့၏ နက်နဲခြင်းကြောင့်လည်းကောင်း၊ အထူးထူးအပြားပြား များစွာသောဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်ခြင်းဖြင့် သက်ဝင်လေးမြတ်ဆုံးဖြတ်ယုံကြည်ခြင်းကြောင့်လည်းကောင်း အပွနာသို့မရောက်မူ၍ ဥပစာရသို့သာ ရောက်ပါသည်။

ဗုဒ္ဓါနုဿတိပွားများရခြင်း အကျိုး(၉)မျိုး

ဗုဒ္ဓါနုဿတိပွားများနေသည့်ယောဂီပုဂ္ဂိုလ်သည်-

(၁) ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားအပေါ်၌ ရိုသေတုပ်ဝပ်မှုရှိခြင်း၊
(၂) သဒ္ဓါ, သတိ, ပညာကောင်းမှုတရားများ တိုးပွားလာခြင်း၊
(၃) နှစ်သိမ့်ဝမ်းမြောက်မှုဖြစ်ခြင်း၊
(၄) ကြောက်မက်ဖွယ် ဘေးကြီးဘေးငယ် အသွယ်သွယ်တို့ကို သည်းခံနိုင်ခြင်း၊
(၅) မြတ်စွာဘုရားနှင့် အတူတကွနေရသည်-ဟူသော အမှတ်သညာကိုရခြင်း၊
(၆) ဗုဒ္ဓါနုဿတိပွားများသည့်ပုဂ္ဂိုလ်သည် စေတီကဲ့သို့ အပူဇော်ခံထိုက်ခြင်း၊
(၇) ဘုရားအဆင့်, ဘုရားအဖြစ်၌ ညွတ်ကိုင်းသောစိတ်ရှိခြင်း၊
(၈) ကျူးလွန်စရာဝတ္ထု, အမှုတို့နှင့်တွေ့ကြုံလာလျှင် မြတ်စွာဘုရားကို မျက်မှောက်ထင်ထင်တွေ့မြင်နေရသကဲ့သို့ ရှက်စိတ်, ကြောက်စိတ်များ ထင်ပေါ်လာခြင်း၊
(၉) အထက်မင်္ဂဖိုလ် တရားထူးမရသည့်တိုင်အောင် သုဂတိလျှင်လားရောက်ရာရှိခြင်း-ဟူသော အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

၂။ ဓမ္မာနုဿတိ

တရားဂုဏ်တော် ၆-ပါး

(၁) သွာက္ခာတဂုဏ်တော်
(၂) သန္ဒိဋ္ဌိကဂုဏ်တော်
(၃) အကာလိကဂုဏ်တော်
(၄) ဧဟိပဿိကဂုဏ်တော်
(၅) ဩပနေယျိကဂုဏ်တော်
(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်

တရားဆယ်ပါး

ဤတရားဂုဏ်တော် ၆-ပါးတို့တွင် သွာက္ခာတဂုဏ်တော်သည် ပရိယတ္တိတရား၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်-ဟူသော တရားတော်ဆယ်ပါးနှင့် သက်ဆိုင်ပါသည်။

တရားကိုးပါး

သွာက္ခာတဂုဏ်တော်မှတစ်ပါး ကြွင်းကျန်သည့်သန္ဒိဋ္ဌိကစသော ဂုဏ်တော် ငါးပါးသည် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်-ဟူသော လောကုတ္တရာတရား ကိုးပါးနှင့်သက်ဆိုင်ပါသည်။

(၁) သွာက္ခာတဂုဏ်တော်

ပရိယတ္တိတရားတော်သည် သွာက္ခာတမည်ပုံ

မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ဒေသနာဟူသော ပရိယတ္တိတရားတော်သည် -

(၁) အစ၏ကောင်းခြင်း (အာဒိကလျာဏ)၊ အလယ်၏ကောင်းခြင်း (မဇ္ဈေ-ကလျာဏ)၊ အဆုံး၏ကောင်းခြင်း (ပရိယောသာနကလျာဏ)-ဟူသော ကောင်းခြင်းသုံးပါးနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်လည်းကောင်း၊

(၂) ပြည့်စုံကောင်းမြတ်သည့်အနက်အဓိပ္ပါယ်(သာတ္ထ)၊ ပြည့်စုံကောင်းမြတ်သည့် သဒ္ဒါ(သဗျဉ္ဇန)ရှိသောကြောင့် လည်းကောင်း၊

(၃) အလုံးစုံအကြွင်းမဲ့ပြည့်စုံခြင်း (ကေဝလပရိပုဏ္ဏ)ဖြစ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊

(၄) ထက်ဝန်းကျင်စင်ကြယ်ခြင်း(ပရိသုဒ္ဓ)အကျင့်မြတ်ကို ပြတတ်သောကြောင့် လည်းကောင်း "သွာက္ခာတ" မည်ပါသည်။ (ဝါ) ကောင်းစွာ ဟောကြား တော်မူအပ်သောတရား ဖြစ်၏။

[တတ္ထ ပရိယတ္တိမ္မော တာဝ သွာက္ခာတော အာဒိမဇ္ဈပရိယောသာနကလ္လာဏတ္တာ သာတ္ထသဗျဉ္ဇနကေဝလပရိပုဏ္ဏပရိသုဒ္ဓဗြဟ္မစရိယပွကာသနတ္တာ စ။(ဝိသုဒ္ဓိ၁။၂၀၆-၂၀၇)]

ဂါထာတစ်ခုၨ အစ,အလယ်,အဆုံးကောင်းခြင်း

မြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် ပရိယတ္တိတရားတော်သည် အနည်းဆုံး ဂါထာတစ်ပုဒ်ပင်ဖြစ်သော်လည်း ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံတော်မူ၏။ ထိုဟောအပ်သော ဂါထာသည် အလုံးစုံကောင်းမြတ်သောကြောင့် ဂါထာ၏ ပထမပါဒသည် အစကောင်းခြင်း ဖြစ်၏။ စတုတ္ထပါဒသည် အဆုံးကောင်းခြင်း ဖြစ်၏။ ဒုတိယပါဒနှင့် တတိယပါဒသည် အလယ်ကောင်းခြင်း ဖြစ်၏။

ဥပမာ- (ပထမပါဒ) **တေ ခေါ သရဏံ ခေမံ၊** ➤ အာဒိကလ္လာဏ
(ဒုတိယပါဒ) **တေ သရဏာ မုတ္တမံ။**
(တတိယပါဒ) **တေ သရဏာ မဟဗ္ဘယာ၊** ➤ မဇ္ဈေကလ္လာဏ
(စတုတ္ထပါဒ) **သဗ္ဗဒုက္ခာ ပမုစ္စတိ။** ➤ ပရိယောသာနကလ္လာဏ

အနုသန္ဓေတစ်ခုၨ အစ,အလယ်,အဆုံးကောင်းခြင်း

အဆက်အစပ် အနုသန္ဓေတစ်ခုသာရှိသော သုတ်တော်တစ်ခုၨ "၉၀ မေ သုတံ" စသည်ဖြင့် ဟောရာကာလ,ဒေသ,ဟောသောပုဂ္ဂိုလ်,နာသူပရိသတ်စသည်တို့ကိုပြသော အခြေခံနိဒါန်းသည် အစကောင်းခြင်း ဖြစ်၏။ နိဂုံးချုပ်စကားတော်သည် အဆုံးကောင်းခြင်း ဖြစ်၏။ ကြွင်းသော အလယ်ပိုင်းစကားတော်များသည် အလယ်ကောင်းခြင်း ဖြစ်၏။

အနုသန္ဓေများစွာရှိသောသုတ်ၨ ကောင်းခြင်း

အဆက်အစပ် အနုသန္ဓေများစွာရှိသောသုတ်တော်ၨ ပထမအနုသန္ဓေသည် အစကောင်းခြင်း ဖြစ်၏။ နောက်ဆုံးအနုသန္ဓေသည် အဆုံးကောင်းခြင်း ဖြစ်၏။ ကြွင်းသောအလယ်ပိုင်းအနုသန္ဓေတို့သည် အလယ်ကောင်းခြင်း ဖြစ်၏။

သုတ္တန်နှင့်ဝိနည်းတရားတော်၌ ကောင်းခြင်း

သုတ္တန်နှင့်ဝိနည်းတရားတော်တို့၌ နိဒါန်းနှင့်တကွ ပြထားသောအကြောင်းများ၊ အမှုအကြောင်းဖြစ်ပေါ်လာပုံနှင့်တကွ ပြထားသောအကြောင်းများသည် အစကောင်းခြင်း ဖြစ်၏။ အဆုံး၌ နာယူသူတို့အားသဒ္ဓါတရားဖြစ်စေခြင်း၊ နိဂုံးစကားများသည် အဆုံးကောင်းခြင်း ဖြစ်၏။ ကြွင်းသောစကားရပ်တို့သည် ဝေနေယျတို့အားသင့်လျော်ခြင်းကြောင့်လည်းကောင်း၊ အနက်အဓိပ္ပာယ် မဖောက်ပြန်ဘဲ မှန်ကန်ခြင်းကြောင့်လည်းကောင်း၊ အကြောင်းပြချက်,ဥပမာ,ဥဒါဟရဏ်တို့နှင့်ယှဉ်ခြင်းကြောင့်လည်းကောင်း အလယ်ကောင်းခြင်း ဖြစ်၏။

တရားအားလုံး၏ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံပုံ

အစကောင်းခြင်း	အလယ်ကောင်းခြင်း	အဆုံးကောင်းခြင်း
သီလ	သမထ,ဝိပဿနာ,မဂ်,ဖိုလ်	နိဗ္ဗာန်
သီလ, သမာဓိ	ဝိပဿနာ,မဂ်	ဖိုလ်,နိဗ္ဗာန်
ဗုဒ္ဓကိုယ်တော်တိုင် ကောင်းစွာသိတော်မူခြင်း	တရားတော်၏ မှန်ကန်ခြင်း	သံဃာတော်၏ ကောင်းစွာကျင့်ခြင်း
ကြားနာခြင်း ? နာယူစဉ် နိဝရဏ်တို့ကင်းသောကြောင့် ဖြစ်၏။	အကျင့်ပဋိပတ် ? သမထ,ဝိပဿနာ ချမ်းသာကို ဆောင်တတ်သောကြောင့် ဖြစ်၏။	ပဋိပတ်၏အကျိုး ? အကျင့်နှင့်ပြည့်စုံလျှင် အကောင်းနှင့်အဆိုးကို အတူပြု၍ ရှုနိုင်သော တာဒိပုဂ္ဂိုလ်အဖြစ်ကို ဖြစ်စေတတ်သောကြောင့် ဖြစ်၏။
သမ္မာသမ္ဗောဓိ	ပစ္စေကဗောဓိ	သာဝကဗောဓိ

ပရိယတ္တိတရားတော်၏ သာတ္ထ,သဗ္ယဉ္ဇနမည်ပုံ

မြတ်စွာဘုရားတရားဟောတော်မူသည်ရှိသော် သာသနဇြဟ္မစရိယခေါ် အကျင့်မြတ်ကိုလည်းကောင်း၊ မဂ္ဂဇြဟ္မစရိယခေါ် အကျင့်မြတ်ကိုလည်းကောင်း တိုက်ရိုက်ထင်ရှားအောင် ဟောပြတော်မူ၏။ အမျိုးမျိုးသောနည်းတို့ဖြင့်လည်း အဆင့်ဆင့်ထင်ရှားအောင် ဟောပြတော်မူ၏။ ထို့ကြောင့် ပရိယတ္တိတရားသည်

အနက်အဓိပ္ပါယ်နှင့်ပြည့်စုံသည်၏အဖြစ်ကြောင့် "အနက်အဓိပ္ပာယ်ရှိသောတရား" (သာတ္ထ) မည်၏။ သဒ္ဒါနှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်လည်း "သဒ္ဒါစည်းကမ်းရှိသောတရား" (သဗျဉ္ဇန) မည်၏။

တစ်နည်း သာတ္ထ,သဗျဉ္ဇနမည်ပုံ

အနက်နှင့်ပြည့်စုံခြင်း(သာတ္ထ)	သဒ္ဒါနှင့်ပြည့်စုံခြင်း(သဗျဉ္ဇန)
အကျဉ်းပြခြင်း(သင်္ခေသန)၊ ထင်ရှား-ပြခြင်း(ပကာသန)၊ အကျယ်ပြခြင်း(ဝိဝရဏ)၊ဝေဖန်ခြင်း(ဝိဘဇ)၊ပေါ်လွင်-အောင်ပြခြင်း(ဥတ္တာနိကရဏ)၊ အပြား-အားဖြင့်သိစေခြင်း(ပညတ္တိ)တို့ကြောင့် ပရိယတ္တိတရားတော်သည် အနက်နှင့်ပြည့်စုံ၏။(သာတ္ထမည်၏)	အက္ခရာ,ပုဒ်,ဝါကျကို အပြားအားဖြင့် ဝေဖန်ခြင်း(အာကာရ)၊ သဒ္ဒါအနက် ထုတ်ပြခြင်း(နိရုတ္တိ)၊ အကျယ်ပြခြင်း(နိဒ္ဒေသ)တို့နှင့်ပြည့်စုံသောကြောင့် ပရိယတ္တိတရားတော်သည် သဒ္ဒါနှင့်ပြည့်စုံ၏။(သဗျဉ္ဇနမည်၏)
အနက်အဓိပ္ပာယ်နက်နဲခြင်း၊ အသိဉာဏ်နက်နဲခြင်းတို့ကြောင့် ပရိယတ္တိတရားတော်သည် အနက်နှင့်ပြည့်စုံ၏။(သာတ္ထမည်၏)	ပါဠိဘူသောဓမ္မ၏ နက်နဲခြင်း၊ ဟောသောဒေသနာတော်၏ နက်နဲခြင်းတို့ကြောင့် ပရိယတ္တိတရားသည် သဒ္ဒါနှင့်ပြည့်စုံ၏။(သဗျဉ္ဇနမည်၏)
အတ္ထပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါတို့၏ အာရုံဖြစ်သောကြောင့် ပရိယတ္တိတရားတော်သည် အနက်နှင့်ပြည့်စုံ၏။(သာတ္ထမည်၏)	ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါတို့၏ အာရုံဖြစ်သောကြောင့် ပရိယတ္တိတရားတော်သည် သဒ္ဒါနှင့်ပြည့်စုံ၏။(သဗျဉ္ဇနမည်၏)
ပညာရှိတို့သာသိနိုင်သဖြင့် စူးစမ်း ဆင်ခြင်တတ်သော ပညာရှိအပေါင်းကို ကြည်ညိုစေတတ်သောကြောင့် ပရိယတ္တိတရားတော်သည် အနက်နှင့်ပြည့်စုံ၏။(သာတ္ထမည်၏)	ယုံကြည်ထိုက်သဖြင့် လောကရှိ သာမန်လူအပေါင်းကို ကြည်ညိုစေ တတ်သောကြောင့် ပရိယတ္တိတရားတော်သည် သဒ္ဒါနှင့်ပြည့်စုံ၏။(သဗျဉ္ဇနမည်၏)

ပရိယတ္တိတရားတော်၏ ကေဝလပရိပုဏ္ဏမည်ပုံ

မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်သည် အလုံးစုံပြည့်စုံနေသဖြင့် ဖြည့်စွက်ဖွယ်, ထည့်သွင်းဖွယ်မရှိသောကြောင့် "အလုံးစုံပြည့်စုံသည့်တရား" (ကေဝလပရိပုဏ္ဏ) မည်၏။

ပရိယတ္တိတရားတော်၏ ပရိသုဒ္ဓမည်ပုံ

မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်သည် အလုံးစုံသောအပြစ်ကင်းနေသဖြင့် နုတ်ပယ်စရာမရှိသောကြောင့် ''ထက်ဝန်းကျင်စင်ကြယ်သည့်တရား''(ပရိသုဒ္ဓ) မည်၏။

ဤသို့လျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်သည် သာတ္ထ=အနက်အဓိပ္ပါယ်နှင့်ပြည့်စုံတော်မူသောကြောင့်လည်းကောင်း၊ သဗျဉ္ဇန=သဒ္ဒါနှင့်ပြည့်စုံတော်မူသောကြောင့်လည်းကောင်း၊ ကေဝလပရိပုဏ္ဏ=ဖြည့်စွက်ဖွယ်,ထည့်သွင်းဖွယ်မရှိ အလုံးစုံအကြွင်းမဲ့ ပြည့်စုံတော်မူသောကြောင့်လည်းကောင်း၊ ပရိသုဒ္ဓ=နုတ်ပယ်စရာမရှိ ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်းတော်မူသောကြောင့်လည်းကောင်း ''သွာက္ခာတ''မည်တော်မူပါပေ၏။ (ဝါ) ကောင်းစွာဟောကြားတော်မူအပ်သောတရား ဖြစ်၏။

တစ်နည်း သွာက္ခာတမည်ပုံ

တစ်နည်းအားဖြင့် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ပရိယတ္တိတရားတော်သည် အနက်အဓိပ္ပာယ် ဖောက်ပြန်မှားယွင်းခြင်းမရှိသောကြောင့် 'သွာက္ခာတ' မည်တော်မူပါပေ၏။ (ဝါ)ကောင်းစွာဟောကြားတော်မူအပ်သောတရား ဖြစ်၏။ (သု=ကောင်းစွာ + အက္ခာတ=ဟောအပ်သောတရား)

ထင်ရှားအောင် ဖော်ပြရသည်ရှိသော်- သာသနာပြင်ပ တိတ္ထိဆရာတို့ ဟောပြောသည့်တရားတို့သည် အနက်အဓိပ္ပာယ် ဖောက်ပြန်မှားယွင်းတတ်၏။ အကြောင်းမှာ-အန္တရာယ်ပြုတတ်၏-ဟု ဟောထားသည့်တရားသည်ပင် အန္တရာယ်ကို မပြုတတ်သောကြောင့်လည်းကောင်း၊ သံသရာမှလွတ်မြောက်နိုင်၏-ဟုဟောထားသည့်တရားသည်ပင် သံသရာမှ မလွတ်မြောက်နိုင်သောကြောင့်လည်းကောင်း အနက်အဓိပ္ပာယ်မမှန်ကန်ဘဲ ဖောက်ပြန်မှားယွင်းခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ဟောပြောသောတရားတို့သည် မကောင်းသဖြင့် ဟောပြောသည့်တရား (ဒုရက္ခာတ) တို့သာ ဖြစ်ချေ၏။

မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားတော်တို့ကား ထိုသို့ မဟုတ်ချေ။ မည်သည့်အခါမျှ ဖောက်ပြန်မှားယွင်းခြင်း မရှိ။ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ရှိ၏-ဟု ဟောတော်မူလျှင် အမှန်တကယ်ပင် သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ် ဖြစ်စေတတ်၏။ သံသရာမှထွက်မြောက်ကြောင်းတရား ဖြစ်၏-ဟုဟောထားလျှင် ထိုတရားအတိုင်း ကျင့်သူသည် အမှန်တကယ်ပင် သံသရာမှလွတ်မြောက်နိုင်၏။ ဤသို့လျှင်

ဖောက်ပြန်မှားယွင်းခြင်းမရှိသောကြောင့် မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် ပရိယတ္တိတရားတော်သည် ''သွာက္ခာတ'' မည်တော်မူပါပေ၏။ (ဝါ)ကောင်းစွာ ဟောကြားအပ်သောတရား ဖြစ်၏။ (စည်း၂။ ၁၇၀-၁၇၁)

လောကုတ္တရာတရား ၉-ပါး၏ သွာက္ခာတမည်ပုံ

မြတ်စွာဘုရားရှင်သည် နိဗ္ဗာန်နှင့်လျော်သည့်အကျင့်ပဋိပတ်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ အကျင့်ပဋိပတ်နှင့်လျော်သည့်နိဗ္ဗာန်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်-ဟူသော လောကုတ္တရာတရား ၉-ပါးသည် ''သွာက္ခာတ'' မည်တော်မူပါပေ၏။ (ဝါ) ကောင်းစွာဟောကြားအပ်သောတရား ဖြစ်၏။ အာဂမယုတ္တိသာဓက စကားဖြင့် ဖော်ပြရသည်ရှိသော်-

> ''ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်သို့ဆိုက်ရောက်သော အကျင့်ကို တပည့်သာဝကတို့အား ကောင်းစွာပညတ်ဟောကြားပေ၏။ နိဗ္ဗာန်သည်လည်းကောင်း၊ အကျင့်သည်လည်းကောင်း နှီးနှောညီညွတ်ပေ၏။ ဥပမာအားဖြင့်-ဂင်္ဂါမြစ်ရေသည် ယမုနာမြစ်ရေနှင့် နှီးနှောညီညွတ်သကဲ့သို့ ဤအတူပင် ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်သို့ဆိုက်ရောက်သောအကျင့်ကို တပည့်သားသာဝကတို့အား ကောင်းစွာပညတ် ဟောကြားအပ်ပါပေ၏။ နိဗ္ဗာန်သည်လည်းကောင်း၊ အကျင့်သည်လည်းကောင်း နှီးနှောညီညွတ်ပါပေ၏။''

ဟူသော သိကြားမင်းလျှောက်ထားသည့် စကားရပ်ဖြစ်ပါသည်။

အရိယာမဂ်၄-ပါး၏ သွာက္ခာတမည်ပုံ

အရိယာမဂ် ၄-ပါးသည် သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိ၊ ကာမသုခလွှဲကာ နုယောဂနှင့်အတ္တကိလမထာနုယောဂ-ဟူသော အဖို့နှစ်ပါး,အစွန်းနှစ်ပါးသို့ မကပ်ရောက်ဘဲ မဂ္ဂင်ရှစ်ပါးတည်းဟူသော အလယ်အလတ်အကျင့်ကိုသာ ''မဇ္ဈိမပဋိပဒါကျင့်စဉ်'' ဟု ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် အရိယာမဂ် ၄-ပါးသည် ''သွာက္ခာတ'' မည်တော်မူပါပေ၏။ (ဝါ)ကောင်းစွာ ဟောကြားအပ်သောတရား ဖြစ်၏။

သာမညဖိုလ်၄-ပါး၏ သွာက္ခာတမည်ပုံ

သာမညဖိုလ် ၄-ပါးတို့သည် ကိလေသာတို့ကို တစ်ဖန် ငြိမ်းစေတတ်သည်တို့ကိုသာလျှင် ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေတတ်ကုန်၏-ဟူ၍ ဟောတော်

မူအပ်သည်၏အဖြစ်ကြောင့် သာမညဖိုလ်၄-ပါးသည် ''သွာက္ခာတ'' မည်တော်မူပါပေ၏။ (ဝါ)ကောင်းစွာ ဟောကြားအပ်သောတရား ဖြစ်၏။

နိဗ္ဗာန်၏ သွာက္ခာတမည်ပုံ

နိဗ္ဗာန်သည် သဿတ=မြဲသည်, အမတ=သေခြင်းကင်းသည်, တာဏ=စောင့်ရှောက်တတ်သည်, လေဏ=ပုန်းအောင်းရာဖြစ်သည် စသည်ဖြင့် သဿတစသောသဘော၏အစွမ်းအားဖြင့် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် နိဗ္ဗာန်သည် ''သွာက္ခာတ'' မည်တော်မူပါပေ၏။ (ဝါ)ကောင်းစွာ ဟောကြားအပ်သောတရား ဖြစ်၏။

(၂) သန္ဒိဋ္ဌိကဝုဏ်တော်

မဂ်၏ သန္ဒိဋ္ဌိကမည်ပုံ

အရိယာပုဂ္ဂိုလ်တို့သည် မိမိ၏သန္တာန်၌ ရာဂစသည်တို့၏မရှိခြင်း, ကင်းခြင်းကိုပြုသည်ဖြစ်၍ အရိယာမဂ်ကို ကိုယ်တိုင်တွေ့မြင်အပ်ပေ၏။ ထို့ကြောင့် အရိယာမဂ်သည် ''ကိုယ်တိုင်တွေ့မြင်ရသည့်တရား''(သန္ဒိဋ္ဌိက) မည်တော်မူပါပေ၏။ (သာမံ ဒဋ္ဌေါတိ သန္ဒိဋ္ဌိကော။)

လောကုတ္တရာတရားကိုးပါး၏ သန္ဒိဋ္ဌိကမည်ပုံ

လောကုတ္တရာတရားကိုးပါးကိုရပြီးသော ထိုထိုအရိယာပုဂ္ဂိုလ်တို့သည် သူတစ်ပါးတို့ကိုယုံကြည်၍ သိအပ်,မှတ်အပ်သည်၏အဖြစ်ကို ပယ်စွန့်၍ ပစ္စဝေက္ခဏာခေါ်ဆင်ခြင်ဉာဏ်ဖြင့် ကိုယ်တိုင်တွေ့မြင်အပ်ပေ၏။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် ''ကိုယ်တိုင်တွေ့မြင်ရသည့်တရား''(သန္ဒိဋ္ဌိက) မည်တော်မူပါပေ၏။ (သယံ ဒဋ္ဌေါတိ သန္ဒိဋ္ဌိကော။)

တစ်နည်း လောကုတ္တရာတရားကိုးပါး၏ သန္ဒိဋ္ဌိကမည်ပုံ

တစ်နည်းအားဖြင့် ချီးမွမ်းအပ်သောဉာဏ်အမြင်ကို 'သန္ဒိဋ္ဌိ' ဟုခေါ်၏။ ထိုသန္ဒိဋ္ဌိ-အမည်ရသည့် ချီးမွမ်းအပ်သောဉာဏ်အမြင်ဖြင့် အောင်နိုင်တတ်သောကြောင့် လောကုတ္တရာတရားကိုးပါးသည် ''ကိုယ်တိုင်တွေ့မြင်ရသည့်တရား'' (သန္ဒိဋ္ဌိက) မည်တော်မူပါပေ၏။
(ပသတ္ထာ ဒိဋ္ဌိ သန္ဒိဋ္ဌိ၊ သန္ဒိဋ္ဌိယာ ဇယတီတိ သန္ဒိဋ္ဌိကော။)

ဤ သန္ဓိဋ္ဌိက-အမည်ရပုံနှင့်ပတ်သက်၍ ထပ်မံရှင်းပြရသော် -

လောကုတ္တရာတရားကိုးပါးတို့တွင် အရိယာမဂ်လေးပါးသည် သန္ဓိဋ္ဌိအမည်ရသည့် မဂ်ဉာဏ်အမြင်ဖြင့် ကိလေသာတို့ကို အောင်နိုင်တတ်၏။ အရိယာဖိုလ်လေးပါးသည် အကြောင်းဖြစ်သော သန္ဓိဋ္ဌိအမည်ရသည့် မဂ်ဉာဏ်အမြင်ဖြင့် ကိလေသာတို့ကို အောင်နိုင်တတ်၏။ နိဗ္ဗာန်သည် မိမိကိုအာရုံပြုသော သန္ဓိဋ္ဌိအမည်ရသည့် မဂ်ဉာဏ်အမြင်ဖြင့် ကိလေသာတို့ကို အောင်နိုင်တတ်၏။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် သန္ဓိဋ္ဌိအမည်ရသည့် မဂ်ဉာဏ်အမြင်ဖြင့် အောင်နိုင်တတ်သောကြောင့် "သန္ဓိဋ္ဌိက" မည်ပါသည်။ ဥပမာ-ရထား(ရထ)ဖြင့် စစ်ပွဲကို အောင်နိုင်သောစစ်သူရဲကို "ရထိက" ဟုခေါ်သကဲ့သို့ ဖြစ်၏။
(သန္ဓိဋ္ဌ ➤ သန္ဓိဋ္ဌိက၊ ရထ ➤ ရထိက)

တစ်နည်း လောကုတ္တရာတရားကိုးပါး၏ သန္ဓိဋ္ဌိကမည်ပုံ

တစ်နည်းအားဖြင့်-မြင်ခြင်းကို 'ဒိဋ္ဌ' ဟုခေါ်၏။ ထိုဒိဋ္ဌသည်ပင် 'သန္ဓိဋ္ဌ' မည်၏။ သန္ဓိဋ္ဌ-အမည်ရသည့် မြင်ခြင်းကိုထိုက်တန်သောကြောင့် "သန္ဓိဋ္ဌိက" မည်ပါသည်။ (ဒဿနံ ဒိဋ္ဌံ၊ ဒိဋ္ဌမေဝ သန္ဓိဋ္ဌံ၊ သန္ဓိဋ္ဌံ အရဟတီတိ သန္ဓိဋ္ဌိကော။)

ထိုစကားမှန်၏။ လောကုတ္တရာတရားကိုးပါးသည် ပွားစေခြင်း-ဟူသော တွေ့ခြင်း,သိခြင်း(ဘာဝနာဘိသမယ)၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဖျက်မှောက်ပြုခြင်း-ဟူသော တွေ့ခြင်း,သိခြင်း(သစ္ဆိကိရိယာဘိသမယ)၏ အစွမ်းအားဖြင့်လည်းကောင်း မြင်အပ်မှသာ ဝဋ္ဋဆင်းရဲဘေးကို ဆုတ်နစ်စေတတ်, ကင်းစေတတ်၏။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် မြင်ခြင်း(သန္ဓိဋ္ဌ)ကို ထိုက်တန်သောကြောင့် (ဝါ)မြင်ထိုက်သည့်တရားဖြစ်သောကြောင့် "သန္ဓိဋ္ဌိက" မည်ပါသည်။ ဥပမာ-အဝတ်(ဝတ္ထ)ကို ထိုက်တန်သောကြောင့် (ဝါ) အဝတ်ရထိုက်သောကြောင့် "ဝတ္ထိက" ခေါ်သကဲ့သို့ ဖြစ်၏။

မှတ်ချက်။ ဘာဝနာဘိသမယခေါ် ရှုမှတ်ပွားများ၍ လောကုတ္တရာတရားကို မြင်ပါမှ, သစ္ဆိကိရိယာဘိသမယခေါ် ဖျက်မှောက်ပြု၍ လောကုတ္တရာတရားကိုမြင်ပါမှ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်နိုင်၏။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် မြင်သင့်မြင်ထိုက်သောတရားထူး ,တရားမြတ်ဖြစ်၍ သန္ဓိဋ္ဌိကဂုဏ်မြောက်ခြင်း ဖြစ်သည်။

(၃) အကာလိကဝုတ်တော်

အကာလိကမည်ပုံ

မိမိဟူသောအရိယာမဂ်၏ အကျိုးပေးခြင်းကိုရည်ရွယ်၍ အကျိုးပေးရာကာလ ခြားခြင်းမရှိသောကြောင့် အရိယာမဂ်သည် "အကာလ"မည်၏။ အကာလသည်ပင် "အကာလိက"မည်၏။

၅-ရက်၊ ၇-ရက်စသည် အချိန်ကာလကုန်လွန်ပြီးမှ အကျိုးပေးခြင်းမျိုး မဟုတ်ပေ။ အမှန်စင်စစ်၊ မိမိဟူသောအရိယာမဂ်ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် စိတ္တက္ခဏတစ်ချက်မျှပင် အချိန်ကာလမခြားဘဲ ချက်ချင်းပင် အရိယာဖိုလ်ဟူသော အကျိုးကို ပေးလေ၏။ ဤသို့အကျိုးပေးခြင်းကို ရည်ရွယ်၍ "အကာလိကော"ဟု ဆိုခြင်း ဖြစ်သည်။

«အတ္ထနော ဖလဒါနံ သန္ဓာယ နဿ ကာလောတိ အကာလော၊ အကာလောယေဝ အကာလိကော။ နှ ပဋ္ဌာဟသတ္ထာဟာဒိဘေဒံ ကာလံ ခေပေတ္ဝာ ဖလံ ဒေတိ၊ အတ္ထနော ဖန ပဝတ္တိသမနန္တရမေဝ ဖလဒေါတိ ဝုတ္တံ ဟောတိ။ (ဝိသုဒ္ဓိ၊ ၁။ ၂၀၉)]

တစ်နည်း အကာလိကမည်ပုံ

လောကီကုသိုလ်တရားသည် မိမိ၏အကျိုးပေးရာအချိန်ကာလ အလှမ်းဝေးသောကြောင့် "ကာလိက"တရားများ ဖြစ်၏။ ထို့ကြောင့် ကာလိကအရ- လောကီကုသိုလ်၁၇-ပါးကို အရကောက်ရမည်။

[အထ ဝါ အတ္ထနော ဖလဒါနေ ပကဋ္ဌော ကာလော ပတ္ထော အဿာတိ ကာလိကော။ ကော သော။ လောကိယော ကုသလဓမ္မော။ (ဝိသုဒ္ဓိ၊ ၁။ ၂၀၉)]

လောကုတ္တရာကုသိုလ်တရားသည်ကား မိမိ၏အခြားမဲ့၌ ချက်ချင်းပင် အကျိုးပေးတတ်သဖြင့် ကာလိကတရား မဟုတ်ပါ။ ထို့ကြောင့် "အကာလိက"အမည် ရခြင်းဖြစ်သည်။ အကာလိကအရ- မဂ်ကုသိုလ် ၄-ပါးကိုပင် ရည်ရွယ်၏။

[အယံ ပန သမနန္တရဖလတ္တာ နှ ကာလိကောတိ အကာလိကော။ လဒ္ဓဒံ မဂ္ဂမေဝ သန္ဓာယ ဝုတ္တံ။ (ဝိသုဒ္ဓိ၊ ၁။ ၂၀၉)]

(၄) ဧဟိပဿိကဝုတ်တော်

လောကုတ္တရာတရားကိုးပါး၏ ဧဟိပဿိကမည်ပုံ

"လာပါ၊ ဤတရားကို ရှုမှတ်ပွားများကြည့်ပါ"ဟု ဖိတ်ခေါ်ခြင်းငှာ ထိုက်တန်သောကြောင့် လောကုတ္တရာတရားကိုးပါးသည် "ဧဟိပဿိက" မည်ပါသည်။

ဖိတ်ခေါ်ထိုက်ခြင်းအကြောင်း

လောကုတ္တရာတရားကိုးပါးသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့်လည်းကောင်း၊ ထက်ဝန်းကျင် စင်ကြယ်သန့်ရှင်းသောကြောင့်လည်းကောင်း "လာပါ၊ ရှုမှတ်ပွားများကြည့်ပါ" ဟု ဖိတ်ခေါ်ထိုက်ခြင်း ဖြစ်သည်။

ဤသို့ ဖိတ်ခေါ်ထိုက်ပုံကို ဥပမာဖြင့်ရှင်းပြရသည်ရှိသော်-

အချည်းနှီးသောလက်ဆုပ်၌ ရွှေ,ငွေရှိသည်ဟုဆိုပြီး "လာပါ၊ ကြည့်ပါ" ဟု ပြောဆိုရန် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော်-လက်ထဲ၌ မည်သည့်အရာမျှ ထင်ရှားမရှိသောကြောင့် ဖြစ်၏။ အကယ်၍ ကျင်ကြီးကို ဆုပ်ကိုင်ပြီး ပျော်ရွှင်စေရန် နောက်ပြောင်ကျီစယ်လိုသည့်သဘောဖြင့် ရွှေရှိသည်-ဟုဆိုပြီး "လာပါ၊ ကြည့်ပါ" ဟု ပြောဆိုရန်လည်း မသင့်လျော်သည့်ကိစ္စ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်-မစင်မကြယ် ရွံရှာဖွယ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ မှန်၏။ ကျင်ကြီးဆိုသည်မှာ လက်ဖြင့်ကိုင်၍ သူတစ်ပါးကိုပြသရန် မဆိုထားဘိ သူတစ်ပါး မမြင်သာအောင်ပင် မြက်,သစ်ရွက်စသည်တို့ဖြင့် ဖုံးကွယ်ထားရသည့်အရာမျိုး ဖြစ်၏။

ဤဥပမာနှင့်အလားတူစွာပင် လောကုတ္တရာတရားကိုးပါးသည် ပရမတ္ထအားဖြင့်လည်း အမှန်တကယ် ထင်ရှားရှိ၏။ ထင်ရှားရှိနေသောတရားမှာလည်း တိမ်ကင်း စင်သည့်လပြည့်ဝန်းပမာ, သကလပ်ပေါ်တင်ထားသည့် အလွန်အရည်အသွေးကောင်းသော တွင်းထွက်ပတ္တမြားပမာ အလွန်သန့်ရှင်းစင်ကြယ်သောတရားမျိုးလည်း ဖြစ်၏။ ဤသို့လျှင် လောကုတ္တရာတရားကိုးပါးသည် ထင်ရှားလည်းရှိ, ထက်ဝန်းကျင်လည်းသန့်ရှင်းစင်ကြယ်သဖြင့် "လာပါ၊ ရှုမှတ်ပွားများကြည့်ပါ" ဟု ဖိတ်ခေါ်ထိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် ဧဟိပဿိကဂုဏ်မြောက်ခြင်း ဖြစ်ပါသည်။

(၅) သြပနေယျိကဂုဏ်တော်

သြပနေယျိက မည်ပုံ

ကပ်၍ဆောင်ထိုက်သောကြောင့် 'သြပနေယျိက' မည်၏။ (ဥပနေတဗ္ဗောတိ သြပနေယျိကော။)

မိုးလောင်နေသည့် အဝတ်ကိုဖြစ်စေ, ဦးခေါင်းကိုဖြစ်စေ လျစ်လျူရှုမ၍သော်လည်း ရှုမှတ်ပွားများခြင်းဘာဝနာ၏အစွမ်းဖြင့် မိမိစိတ်၌ ကပ်၍ဆောင်ခြင်း. (ဥပနယ)အကျိုးငှာ ထိုက်တန်သောကြောင့် သင့်တဖြစ်သော မဂ်ဖိုလ်လောကုတ္တရာ

တရားသည် 'သြပနေယိက' မည်၏။ သြပနေယိကသည်ပင် 'သြပနေယျိက' မည်ပါသည်။

အသခ််တဖြစ်သော နိဗ္ဗာန်လောကုတ္တရာဌ်မူ မိမိ၏ စိတ်ဖြင့် ကပ်၍ဆောင်ခြင်း(ဥပနယ)အကျိုးငှာ ထိုက်တန်သောကြောင့် 'သြပနေယျိက' မည်ပါသည်။ ဤနေရာ၌ ထိုက်တန်ခြင်း-ဟူသည်မှာ မျက်မှောက်ပြုခြင်း၏အစွမ်းဖြင့် ကပ်ခြင်း, ထိတွေ့ခြင်းကို ဆိုလို၏။

မှတ်ချက်။ ကပ်၍ဆောင်ခြင်းကို 'ဥပနယ' ဟုခေါ်၏။ ဥပနယမှ 'သြပနယ' သို့ ပြောင်း၏။ ကပ်၍ဆောင်ခြင်း(သြပနယ)ကို ထိုက်သောကြောင့် 'သြပနယိက' မည်၏။ ထိုမှ ''သြပနေယျိက''သို့ ပြောင်း၏။ (ဥပနယနံ အရဟီတိ သြပနယိကော။ သြပနယိကော ဧဝ သြပနေယျိကော။)

<u>တစ်နည်း သြပနေယျိက မည်ပုံ</u>

တစ်နည်းအားဖြင့် အရိယမဂ်သည် အရိယာပုဂ္ဂိုလ်ကို နိဗ္ဗာန်သို့ ဆောင်တတ်သောကြောင့် 'ဥပနေယျ' မည်၏။ ဖိုလ်နှင့်နိဗ္ဗာန်သည် မျက်မှောက်ပြုအပ်သည်၏အဖြစ်သို့ ဆောင်အပ်သောကြောင့် 'ဥပနေယျ' မည်၏။ ဥပနေယျ-သည်ပင် ''သြပနေယျိက'' မည်ပါသည်။ (ဥပနေတိတိ ဥပနေယျော၊ ဥပနေယျောဧဝ သြပနေယျိကော။)

(၆) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော်

လောကုတ္တရာတရားကိုးပါးသည် ဥဠာရိကတိတညူ-အစရှိကုန်သော တရားမြင်သိ ပညာရှိအားလုံးတို့သည် ''ဘာဝိတော မေ မဂ္ဂေါ= ငါသည် မဂ်ကို ပွားအပ်ပြီ၊ အဓိဂတံ ဖလံ= ဖိုလ်ကို ရအပ်ပြီ၊ သစ္ဆိကတော နိရောဓော= နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ''ဟု အသီးအသီးသော မိမိ,မိမိတို့၏သန္တာန်၌သာ သိအပ်, ခံစားအပ်သောတရား ဖြစ်၏။

မှန်ပေ၏၊ ဥပဇ္ဈာယ်ဆရာပွားများထားသည့် မဂ်သည် အတူနေတပည့်၏ကိလေသာကို မပယ်သတ်နိုင်ပေ။ တပည့်သည် ဆရာ၏ ဖလသမာပတ်ဖြင့် ချမ်းသာစွာ မနေနိုင်ပေ။ ဆရာမျက်မှောက်ပြုထားသော နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်ရုံး ထုံးစံမရှိပေ။ စင်စစ်၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတို့သည်ကား သူတစ်ပါး၏ဦးခေါင်း၌ ပန်ဆင်ထားသောပန်းကို မြင်ရသကဲ့သို့ မြင်နိုင်သည့်

တရားမျိုး မဟုတ်ပေ။ တရားသိသူသာ သိမြင်ခံစားရသည့်တရားမျိုး ဖြစ်ပေ၏။ ဤလောကုတ္တရာတရားသည် ဗာလဟုဆိုအပ်သော ပုထုဇဉ်တို့၏ အရာမဟုတ်ပေ။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါးသည် တရားမြင်သိ ပညာရှိအသီးသီးတို့ သိအပ်,မြင်အပ်,ခံစားအပ်သောတရားဖြစ်သောကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟုအမည်ရခြင်းဖြစ်သည်။

မှတ်ချက်။ ။ မဟာနုဿတိပွားစဉ် စိတ်အသွင်၊ ဈာန်အင်္ဂါများဖြစ်ပေါ်လာပုံနှင့် ဥပစာရသို့ရောက်ပုံများကို ဗုဒ္ဓါနုဿတိအတိုင်း မှတ်ပါ။

မဟာနုဿတိပွားများခြင်း
အကျိုး(၈)မျိုး

မဟာနုဿတိပွားများနေသည့် ယောဂီပုဂ္ဂိုလ်သည်-

(၁) သြပနေယျိကဝုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်ကို ဟောတော်မူသော သြပနေယျိကဝုဏ်နှင့်ပြည့်စုံတော်မူသည့် ဆရာအရှင်မြတ်ကို အတိတ်အဖို့၌ မမြင်ပေ။ ယခုပစ္စုပ္ပန်ဘဝ၌လည်း ထိုမြတ်စွာဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ်ကို မမြင်ပေ။ ဤသို့ တရားဂုဏ်ကိုမြင်ခြင်းဖြင့် ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၌ ရှိသေခြင်းရှိသည်ဖြစ်၍ သဒ္ဓါစသောတရားများ ဖြစ်ပေါ်တိုးပွားလာခြင်း၊

(၂) နှစ်သိမ့်ဝမ်းမြောက်မှုများစွာဖြစ်ခြင်း၊

(၃) ကြောက်မက်ဖွယ် ဘေးကြီး,ဘေးငယ်ကိုလည်းကောင်း၊ ဆင်းရဲဒုက္ခတို့ကိုလည်းကောင်းသည်းခံနိုင်ခြင်း၊

(၄) တရားတော်နှင့်အတူနေရသည်ဟူသော အမှတ်သညာကိုရနေခြင်း၊

(၅) မဟာနုဿတိပွားများသောသူသည် မစ္စရိယ,ပိဋ္ဌကတ်တိုက်ကဲ့သို့ အပူဓောခံထိုက်ခြင်း၊

(၆) အမြတ်ဆုံးဖြစ်သော တရားတော်ကို ရခြင်းဌာန စိတ်ညွှတ်ခြင်း၊

(၇) ကျူးလွန်စရာဝတ္ထု,အမှုတို့နှင့် တွေ့ကြုံသော်လည်း တရားတော်၏ ကောင်းမြတ်သည်၏အဖြစ်ကို ကောင်းစွာအမှတ်ရမိသောကြောင့် အရှက်,အကြောက်တရားများဖြစ်ပေါ်လာခြင်း၊

(၈) အထက်၌ မဂ်,ဖိုလ်တရားထူးကို ထိုးထွင်း၍မသိနိုင်သေးသော်လည်း သုဂတိဘဝလျှင် လားရောက်ရာရှိခြင်း-ဟူသော အကျိုးထူးတို့တို့ ရရှိနိုင်၏။

၃။ သံဃာနုဿတိ

သံဃဂုဏ်တော် ၉-ပါး

(၁) သုပ္ပဋိပန္နဂုဏ်တော်
(၂) ဥုပ္ပဋိပန္နဂုဏ်တော်
(၃) ဉာယပ္ပဋိပန္နဂုဏ်တော်
(၄) သာမီစိပ္ပဋိပန္နဂုဏ်တော်
(၅) အာဟုနေယျဂုဏ်တော်
(၆) ပါဟုနေယျဂုဏ်တော်
(၇) ဒက္ခိဏေယျဂုဏ်တော်
(၈) အဉ္ဇလိကရဏီယဂုဏ်တော်
(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော်

သာဝကမည်ပုံ

မြတ်စွာဘုရား၏ ဩဝါဒအဆုံးအမတော်ကို ရှိသေစွာ နာခံတတ်သည့်သူကို "သာဝက"(တပည့်) ဟုခေါ်၏။ (ဘဂဝတော ဩဝါဒါနုသာသနီ သတ္ထုစ္ဆံ သုဏန္တီတိ သာဝကာ။)

သာဝကသံဃမည်ပုံ

သီလချင်း,ဉာဏ်အမြင်ချင်း တူညီကြသည်၏အဖြစ်ဖြင့် ပေါင်းစည်းထားသည့် မြတ်ဗုဒ္ဓ၏ တပည့်သာဝကအပေါင်းသည် "သာဝကသံဃ"(တပည့်အပေါင်း) မည်ပါသည်။

မှတ်ချက်။ ဤသာဝကသံဃ-ဟူသောပုဒ်အရ ပရမတ္ထ အရိယာပုဂ္ဂိုလ်တို့ကို မုချအားဖြင့် ယူရမည်။ ပရမတ္ထအရိယာတို့မည်သည် မျက်မှောက်၌ဖြစ်စေ, မျက်ကွယ်၌ဖြစ်စေ သီလစင်ကြယ်ပုံချင်း တူညီကြ၏။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်ဟူသော ဉာဏ်အမြင်ချင်းလည်း တူညီကြ၏။ ဤသို့ တူညီပုံတစ်မျိုးတည်း၏အဖြစ်ဖြင့် ပေါင်းစုသည်ကို ရည်ရွယ်၍ "သာဝကသံဃ"(တပည့်အပေါင်း) ဟုခေါ်ဆိုခြင်း ဖြစ်သည်။

(၁) သုပ္ပဋိပန္နဂုဏ်တော်

သုပ္ပဋိပန္နမည်ပုံ

ကောင်းစွာ ကျင့်ခြင်းကို 'သုပ္ပဋိပန္န' ဟုခေါ်၏။ (သုပ္ပဋိပန္နောတိ သုဋ္ဌု ပဋိပန္နော။)

ကောင်းစွာကျင့်ခြင်း-ဆိုသည်မှာ မှန်ကန်သောအကျင့်(သမ္မာပဋိပတ်အကျင့်)၊ မဆုတ်မနစ်သောအကျင့်(အနိဝတ္တိအကျင့်)၊ လျော်သောအကျင့်(အနုလောမအကျင့်)၊ မဆန့်ကျင်သောအကျင့်(အပစ္စနီကအကျင့်)၊ လောကုတ္တရာတရားအားလျော်သော အကျင့်(ဓမ္မာနုဓမ္မအကျင့်)တို့ကို ကျင့်သုံးခြင်းကို ဆိုလိုပါသည်။

တစ်နည်း သုပ္ပဋိပန္နမည်ပုံ

ကောင်းစွာ ဟောတော်မူအပ်သည့် ဓမ္မ,ဝိနယဟူသော သာသနာတော်၌ ခံုးမညွှန်ကြားသည့်အတိုင်း မှန်ကန်စွာကျင့်သောကြောင့်လည်းကောင်း၊ မချွတ်မယွင်း ဧကန်ဖြစ်သောအကျင့်ကို ကျင့်သောကြောင့်လည်းကောင်း "သုပ္ပဋိပန္န" မည်ပါသည်။

[အပိစ သွာက္ခာတော ဓမ္မဝိနယော ယထာနုသိဋ္ဌံ ပဋိပန္နတ္တာပိ အပဏ္ဏကပဋိပဒံ ပဋိပန္နတ္တာပိ သုပ္ပဋိပန္နော။ (ဝိသုဒ္ဓိ၊၁။ ၂၁၂)]

(၂) ဥဇုပ္ပဋိပန္နဂုဏ်တော်

ဥဇုပ္ပဋိပန္နမည်ပုံ

မှန်ကန်သည့်သမ္မာပဋိပတ်အကျင့်သည် နွားကျင်ငယ်ရေးကဲ့သို့ မကောက်, လ-ရေးကဲ့သို့လည်းမကောက်, ထယ်ကိုင်းကဲ့သို့လည်း မကောက်ဘဲ ဥဇု=ဖြောင့်မတ်၏။ ထိုမှန်ကန်သည့်အကျင့်ကို ကျင့်တော်မူသော အရိယာသံဃာတော်သည် ဖြောင့်မတ်သောအကျင့်ကို ကျင့်တော်မူသောကြောင့် "ဥဇုပ္ပဋိပန္န" မည်တော်မူပါပေ၏။

[ယသ္မာ ပန သာ သမ္မာပဋိပဒါ ဥဇု အဝင်္ကာ အကုဋိလာ အဇိမှာ, တသ္မာ တမ္မဋိပန္နော အရိယသံဃော ဥဇုပ္ပဋိပန္နော။ (ဝိသုဒ္ဓိ၊ ၁။ ၂၁၂)]

တစ်နည်း ဥဇုပ္ပဋိပန္နမည်ပုံ

သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ၊ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ-ဟုဆိုအပ်သော အဖို့,အစွန်းနှစ်ပါး(အန္တဒ္ဒယ)သို့ မကုပ်ရောက်ဘဲ မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်ကျင့်စဉ်ကို ကျင့်တော်မူသောကြောင့်လည်းကောင်း၊

ကိုယ်,နှုတ်,စိတ်တို့၏ သုံးမျိုးသောကောက်ခြင်း-ဟူသော အပြစ်ကိုပယ်ခြင်းဌာ ကျင့်တော်မူသောကြောင့်လည်းကောင်း, ဖြောင့်မှန်စွာကျင့်သောကြောင့်လည်း ကောင်း အရိယာသံဃာတော်သည် ''ဥဇုပွဋိပန္နော'' မည်တော်မူပါပေ၏။

[မစ္ဆိမာယ ပဋိပဒါယ အန္တဒ္ဒယမနုပဂမ္မ ပဋိပန္နတ္တာ ကာယဝစီမနောဝင်္ကကုဋိလဓိမ္မ-ဒေါသပွဟာနာယ ပဋိပန္နတ္တာစ ဥဇုပွဋိပန္နတ္တာ စ ဥဇုပွဋိပန္နော။ (ဝိသုဒ္ဓိ၊ ၁၅၂)]

(၃) ဉာယပွဋိပန္နဂုဏ်တော်

ဉာယပွဋိပန္နော မည်ပုံ

မှန်ကန်သည့်သမ္မာပဋိပတ်အကျင့်သည် စင်ကြယ်သည့်နိဗ္ဗာန်(ဉာယ)ကို သိခြင်း၏အကြောင်း ဖြစ်၏။ ထိုမှန်ကန်သောအကျင့်ကို ကျင့်တော်မူသော အရိယာသံဃာတော်သည် နိဗ္ဗာန်သိကြောင်းအကျင့်ကို ကျင့်တော်မူသည်၏အဖြစ်ကြောင့် ''ဉာယပွဋိပန္နော'' မည်တော်မူပါပေ၏။

တစ်နည်း ဉာယပွဋိပန္နော မည်ပုံ

သိအပ်,သိထိုက်သောကြောင့် နိဗ္ဗာန်ကို 'ဉာယ'ဟုခေါ်၏။ ဉာယ-အမည်ရသည့် ထိုနိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူသောကြောင့် အရိယာသံဃာတော်သည် ''ဉာယပွဋိပန္နော'' မည်တော်မူပါပေ၏။

(၄) သာမီစိပွဋိပန္နဂုဏ်တော်

သာမီစိပွဋိပန္နော မည်ပုံ

မှန်ကန်သည့်သမ္မာပဋိပတ်အကျင့်သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် သင့်လျော်သောအကျင့်ဖြစ်သောကြောင့် ''သာမီစိ''(လျော်သောအကျင့်)မည်၏။ ထိုမှန်ကန်သည့်အကျင့်ကို ကျင့်တော်မူသော အရိယာသံဃာတော်သည် လျော်သော အကျင့်ကို ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့် ''သာမီစိပွဋိပန္နော'' မည်တော်မူပါပေ၏။

တစ်နည်း သာမီစိပွဋိပန္နော မည်ပုံ

မြတ်စွာဘုရား ဟောဖော်ညွှန်ပြ ဆိုဆုံးမသည့်အတိုင်း မှန်ကန်စွာ ကျင့်သည်ရှိသော် လူတို့၏ခရီးဦးကြိုဆိုခြင်းအစရှိသော ရှိသေမှုနှင့် ထိုက်တန်သူဖြစ်လာ၏။ အရိယာသံဃာတော်သည် ထိုသို့ လူတို့၏ခရီးဦးကြိုဆိုခြင်းစသော ရှိသေမှုနှင့်ထိုက်တန်အောင် ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့် ''သာမီစိပွဋိပန္နော'' မည်တော်မူပါပေ၏။

ယောကျ်ားမြတ်လေးစုံ

စတ္တာရီ ပုရိသယုဂါနိ-ဟူသည်မှာ အရိယာပုဂ္ဂိုလ်တို့ကို အစုံလိုက်(ယုဂဋ္ဌနည်း) ဖြင့် ရေတွက်ပြခြင်း ဖြစ်၏။ ယောကျ်ားမြတ်လေးစုံတို့မှာ -

(၁) သောတာပတ္တိမဂ်ရောက်ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်ရောက်ပုဂ္ဂိုလ်တစ်စုံ၊
(၂) သကဒါဂါမိမဂ်ရောက်ပုဂ္ဂိုလ်နှင့် သကဒါဂါမိဖိုလ်ရောက်ပုဂ္ဂိုလ်တစ်စုံ၊
(၃) အနာဂါမိမဂ်ရောက်ပုဂ္ဂိုလ်နှင့် အနာဂါမိဖိုလ်ရောက်ပုဂ္ဂိုလ်တစ်စုံ၊
(၄) အရဟတ္တမဂ်ရောက်ပုဂ္ဂိုလ်နှင့် အရဟတ္တဖိုလ်ရောက်ပုဂ္ဂိုလ်တစ်စုံ တို့ဖြစ်သည်။

ရှစ်ယောက်သော ယောကျ်ားမြတ်ပုဂ္ဂိုလ်

အဋ္ဌပုရိသပုဂ္ဂလာ-ဟူသည်မှာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ကို ပုဂ္ဂိုလ်တစ်ယောက်စီ၏အစွမ်းဖြင့် အသီးအသီးရေတွက်ပြခြင်း ဖြစ်၏။ ရှစ်ယောက်သော ယောကျ်ားမြတ်ပုဂ္ဂိုလ်တို့မှာ -

(၁) သောတာပတ္တိမဂ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၂) သောတာပတ္တိဖိုလ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၃) သကဒါဂါမိမဂ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၄) သကဒါဂါမိဖိုလ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၅) အနာဂါမိမဂ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၆) အနာဂါမိဖိုလ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၇) အရဟတ္တမဂ်ရောက် ပုဂ္ဂိုလ်တစ်ယောက်၊
(၈) အရဟတ္တဖိုလ်ရောက် ပုဂ္ဂိုလ်တစ်ယောက် တို့ဖြစ်ပါသည်။

မှတ်ချက်။ ပုရိသ=ယောကျ်ား၊ ပုဂ္ဂလ=ပုဂ္ဂိုလ်ဟူသည်မှာ-ဤနေရာ၌ အရိယာပုဂ္ဂိုလ်တို့ကို ညွှန်းဆိုသောစကား ဖြစ်သည်။ အနက်အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်၏။ သို့သော်လည်း ဝေနေယျတို့၏အစွမ်းဖြင့် "ပုရိသ=ယောကျ်ား" ဟူ၍လည်းကောင်း၊ "ပုဂ္ဂလ=ပုဂ္ဂိုလ်" ဟူ၍လည်းကောင်း ဟောတော်မူထားခြင်း ဖြစ်သည်။

[ဇော့ ဇ ပုရိသောတိဝါ ပုဂ္ဂလောတိ ဝါ ကေတ္တာနီ တောနီ ပဒါနီ။ ဝေနေယျဝသေန ပနေတံ ဝုတ္တံ။ (ဒီဃနိ၊ ဋ၊ ၁၂၁)]

(၅) အာဟုနေယျဂုဏ်တော်

အာဟုန မည်ပုံ

ဆောင်၍ ပူဇော်အပ်သောကြောင့် 'အာဟုန' မည်၏။ (အာနေတွာ ဟုနိတဗ္ဗန္တိ အာဟုနံ။)

ရပ်ဝေးမှ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆောင်ယူလာ၍ သီလရှိသောပုဂ္ဂိုလ်တို့အား ပေးလှူခြင်းကို ဆိုလို၏။ 'အာဟုန'၏ အနက်အဓိပ္ပာယ်ကို လှူဖွယ်ပစ္စည်း ဟုမှတ်ပါ။

အာဟုနေယျ မည်ပုံ

ပေးလှူပူဇော်မှုကို အကျိုးကြီးမားအောင် ပြုတတ်သောကြောင့် အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်အရေအတွက်ရှိသော ဤအရိယာသံဃာတော် အပေါင်းသည် အာဟုနမည်သော လှူဖွယ်ဝတ္ထုတို့ကို အလှူခံယူခြင်းငှာ ထိုက်တန်တော်မူသည်၏အဖြစ်ကြောင့် "အာဟုနေယျ" မည်တော်မူပါပေ၏။

အာဟဝနီယ မည်ပုံ

(က) အရပ်ဝေးမှသော်လည်း လာရောက်၍ အလုံးစုံသောဥစ္စာကို ဤအရိယာသံဃာတော်တို့အား ပေးလှူပူဇော်ထိုက်သောကြောင့် "အာဟဝနီယ" မည်၏။ (အာဟန္တာ ဟုနိတဗ္ဗန္တိ အာဟဝနီယော။)

(ခ) အရိယာသံဃာသည် သိကြားမင်းစသောပုဂ္ဂိုလ်တို့၏ ပူဇော်မှုကိုပင် ခံယူထိုက်သောကြောင့် "အာဟဝနီယ" မည်၏။
(သက္ကာဒီနံ အာဟဝနံ အရဟတီတိ အာဟဝနီယော။)

(ဂ) ဗြာဟ္မဏတို့က "မီးပူဇော်ခြင်းသည် အကျိုးရှိ၏" ဟုယုံကြည်ပြီး မီးကို ပူဇော်လေ့ရှိကြ၏။ ၄င်းတို့ပူဇော်သောမီးကို 'အာဟဝနီယ' ဟုခေါ်သည်။ အကယ်၍ ပူဇော်မှုသည် အကျိုးကြီး၏-ဟုဆိုလျှင် မီးကိုပူဇော်ခြင်းထက် အရိယာသံဃာကို ပူဇော်ခြင်းက ပို၍ပင်အကျိုးကြီးမားပေ၏။ ဤသို့လျှင် အကျိုးကြီးမားသောပူဇော်မှုနှင့် ထိုက်တန်တော်မူသည်၏အဖြစ်ကြောင့်လည်း အရိယာသံဃာတော်သည် "အာဟဝနီယ" မည်ပါသည်။

မှတ်ချက်။ ဤ 'အာဟဝနီယ' ဟူသောအမည်ကို သဗ္ဗတ္ထိဝါဒီဂိုဏ်းစသည်တို့၌ သုံးလေ့ရှိ၏။ ထေရဝါဒီတို့၏ 'အာဟုနေယျ' ပုဒ်နှင့် အဓိပ္ပါယ်အတူတူပင် ဖြစ်သည်။ အခေါ်အဝေါ်သာ ကွဲပြား၏။

(၆) ပါဟုနေယျဂုဏ်တော်

ပါဟုန မည်ပုံ

အရပ်လေးမျက်နှာ,အရပ်ရွစ်မျက်နှာတို့မှ ရောက်လာကြကုန်သော ချစ်ခင်မြတ်နိုးအပ်သည့် ဆွေမျိုးမိတ်ဆွေတို့ကို ဧည့်ခံကျွေးမွေးရန် တရိတသေ စီမံထားသည့် ဧည့်ခံဖွယ်ပစ္စည်း၀တ္ထုတို့သည် "ပါဟုန" မည်ပါသည်။

ပါဟုနေယျ မည်ပုံ

အရိယာသံဃာတော်သည် ထိုဧည့်သည်တို့အတွက် တရိတသေ စီမံထားအပ်သော ပါဟုန-အမည်ရသည့် ဧည့်ခံကျွေးမွေးဖွယ်၀တ္ထုတို့ကို အလှူခံခြင်းငှာ ထိုက်တန်တော်မူသည်၏အဖြစ်ကြောင့် "ပါဟုနေယျ" မည်တော်မူပါပေ၏။

အမြတ်ဆုံးဧည့်သည်တော်များ

သံဃာတော်ကို ဘုရားနှစ်ဆူတို့၏ အကြားကာလကိုကျော်လွန်မှ တွေ့မြင်နိုင်၏။ (၀ါ) ဘုရားပွင့်မှ ဖူးမြင်နိုင်သည်။ ဘုရားရှင်တို့မည်သည် ကမ္ဘာပေါင်းအသင်္ချေတို့ ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးမှ ပွင့်ထွန်းပေါ်ပေါက်တော်မူကြသည်။ ဘုရားရတနာပေါ်မှလည်း သံဃာရတနာ ပေါ်ပေါက်လေရာ သံဃာတည်းဟူသော ဧည့်သည်တော်ကို မြင်တွေ့ရန်မှာ အလွန်ခဲယဉ်းလှပါသည်။ သံဃာ့ဧည့်သည် မိမိအိမ်သို့ကြွလာရန် အခွင့်ပေါ်ဖို့အရေး ကမ္ဘာပေါင်းအသင်္ချေမျှ စောင့်နေရသည်နှင့် တူ၏။ ထို့ကြောင့် "သံဃသဒိသော ပါဟုနကော နတ္ထိ= သံဃာနှင့်တူသည့် ဧည့်သည် မရှိ" ဟုအဆိုရှိခြင်း ဖြစ်သည်။ သံဃာတော်တည်းဟူသော ဧည့်သည်သည် သာသနာတော်ဆိုင်ရာ အမြတ်ဆုံးသော ဂုဏ်ထူးဆောင် ဧည့်သည်တော် ဖြစ်ပါပေ၏။

ပါဟုနေယျ မည်ခြင်းအကြောင်း

သံဃာတော်သည် ဧည့်သည်တို့တွင် မြင်တွေ့ရခဲသော အမြတ်ဆုံးဧည့်သည် ဖြစ်သောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်တို့နှင့် ရောယှက်ခြင်းမရှိဘဲ ချစ်ခင်မြတ်နိုးအပ်သည်ကိုပြုတတ်သည့် သီလစသောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်းကောင်း၊ ဧည့်သည်တို့အတွက် ရည်မှန်း၍ စီမံထားအပ်သည့် ပါဟုနမည်သော ဧည့်ခံကျွေးမွေးဖွယ်တို့ကို သံဃာတည်းဟူသော ဧည့်သည်တို့အားကျွေးမွေးလှူဒါန်းသင့်၏။ သံဃာတော်တို့ကလည်း ဧည့်ခံကျွေးမွေးဖွယ်တို့ကို ခံယူသုံးဆောင်ခြင်းငှာ သင့်၏။

ဤသို့လျှင် ပါဟုနမည်သော ညှဉ်ခဲကျွေးမွေးဖွယ်တို့ကို ဒါယကာတို့ကလည်း ညှဉ်ခဲကျွေးမွေးလျှဒါန်းသင့်, သံဃာတော်တို့ကလည်း အလှူခံခြင်းငှာ ထိုက်တန်သည်၏အဖြစ်ကြောင့် "ပါဟုနေယျ" မည်တော်မူပါပေ၏။

ပါဟဝနီယ မည်ပုံ

သဗ္ဗတ္ထိဝါဒီဂိုဏ်းသားတို့၏ အလိုအားဖြင့် သံဃာတော်သည် လက်ဦး ပူဇော်ခြင်းငှာထိုက်တန်သဖြင့် (ဝါ)ဦးဦးဖျားဖျား လှူဒါန်းသင့်သဖြင့် အလုံးစုံတို့ထက် ရှေးဦးစွာဆောင်၍ သံဃာတော်တို့အား ပေးလှူပူဇော်အပ်ပေ၏။ ထို့ကြောင့် သံဃာတော်သည် 'ပါဟဝနီယ' မည်၏-ဟုဆိုသည်။

[သံဃော ပုဗ္ဗကာရံ အရဟတိ၊ တသ္မာ သဗ္ဗပဋမံ အာနေတွာ ဇတ္ထု ဟုနိတဗ္ဗန္တိ ပါဟဝနီယော။ (ပ+ အာ + ဟဝနီယ)]

တစ်နည်း ပါဟဝနီယ မည်ပုံ

တစ်နည်းအားဖြင့် ရိသေခြင်း, လေးစားခြင်း, မြတ်နိုးခြင်းစသည်တို့ဖြင့် ဆောင်ယူလာသည့် ပူဇော်ဖွယ်ပစ္စည်းဝတ္ထုတို့ကို အလှူခံထိုက်သောကြောင့် 'ပါဟဝနီယ' မည်ပါသည်။ (သဗ္ဗပွကာရေန အာဝဟနံ အရဟတီတိ ပါဟဝနီယော။)

မှတ်ချက်။ သဗ္ဗတ္ထိဝါဒီတို့ ပြောဆိုလေ့ရှိသည့် ဤ 'ပါဟဝနီယ' အမည်သည် ထေရဝါဒီတို့၏ 'ပါဟုနေယျ' နှင့် အဓိပ္ပါယ်အတူတူပင် ဖြစ်သည်။ အခေါ်အဝေါ်သာ ကွဲပြားး၏။

(၇) ဒက္ခိဏေယျ ဂုဏ်တော်

ဒက္ခိဏေယျ မည်ပုံ

တမလွန်လောကကို ယုံကြည်၍ လှူအပ်သောဝတ္ထုကို "ဒက္ခိဏာ" ဟုခေါ်၏။ အရိယာသံဃာတော်သည် ထိုဒက္ခိဏာ-အမည်ရသည့် လှူဖွယ်ဝတ္ထုကို အလှူခံခြင်းငှာ ထိုက်တန်သည်၏အဖြစ်ကြောင့် "ဒက္ခိဏေယျ" မည်တော်မူပါပေ၏။

တစ်နည်း ဒက္ခိဏေယျ မည်ပုံ

တစ်နည်းအားဖြင့် ကြီးပွားကြောင်းဖြစ်သော အလှူ၏ အစီးအပွားကို ပြုတတ်သောကြောင့်လည်းကောင်း၊ ထိုအလှူကို အကျိုးကြီးမားအောင် ပြုတတ်သည်၏အဖြစ်ဖြင့် စင်ကြယ်စေတတ်သောကြောင့်လည်းကောင်း "ဒက္ခိဏေယျ" မည်ပါသည်။

(၈) အာလိကရဏီယ ဂုဏ်တော်

အရိယာသံဃာတော်သည် သတ္တဝါအားလုံးတို့၏ လက်နှစ်ဖက်ကို ဦးခေါင်းထက်၌တင်၍ ရှိခိုးပူဇော်ခြင်းငှာ ထိုက်တန်သည်၏အဖြစ်ကြောင့် "အာလိကရဏီယ" မည်တော်မူပါပေ၏။

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်

အရိယာသံဃာတော်သည် လောက၏ အတုမရှိ အမြတ်ဆုံးဖြစ်သော ကောင်းမှုတို့၏ ဖြစ်ပွားစည်ပင်ရာဌာန ဖြစ်ပါပေ၏။

ဥပမာအားဖြင့်- မင်း၏ လယ်ယာမြေသည် သလေးစပါး, မုယောဂျုံတို့၏ စိုက်ပျိုးဖြစ်ထွန်းရာ လယ်ယာမြေဖြစ်လျှင် ထိုလယ်ယာမြေကို "ရညော သာလိ ခေတ္တံ=မင်း၏ သလေးစပါးလယ်ယာမြေ၊ ရညော ယဝခေတ္တံ=မင်း၏ မုယောဂျုံလယ်ယာမြေ" ဟုခေါ်သကဲ့သို့လည်းကောင်း၊ အမတ်၏လယ်ယာမြေ ဖြစ်လျှင် "အမစ္စဿ သာလိခေတ္တံ=အမတ်မင်း၏ သလေးစပါးလယ်ယာမြေ၊ အမစ္စဿ ယဝခေတ္တံ=အမတ်မင်း၏ မုယောဂျုံလယ်ယာမြေ" ဟုခေါ်သကဲ့သို့လည်းကောင်း ထို့အတူ အရိယာသံဃာတော်သည် သတ္တဝါအားလုံးတို့၏ အတုမရှိ မြတ်သောကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးဖြစ်ထွန်းရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါပေ၏။ ထို့ကြောင့် အရိယာသံဃာတော်သည် "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" မည်တော်မူပါပေ၏။

ကောင်းမှုတို့၏ ဖြစ်ထွန်းစည်ပင်ရာဌာနဖြစ်ခြင်း အကြောင်း

သံဃာတော်ကို အကြောင်းပြု၍ သတ္တဝါအားလုံးတို့သည် စီးပွားချမ်းသာအမျိုးမျိုးကို ဖြစ်စေတတ်, ရစေတတ်သည့် ကောင်းမှုတို့ကို ပြုလုပ်နိုင်ကြပေကုန်၏။ ထိုကောင်းမှုတို့သည်လည်း အရိယာသံဃာတည်းဟူသော ပုဂ္ဂိုလ်မြတ်၌ ပေးလှူရခြင်းကြောင့် စည်ပင်ပြန့်ပွား အကျိုးများကုန်၏။ ထို့ကြောင့် သံဃာတော်သည် သတ္တလောက၏ အကောင်းဆုံး, အမြတ်ဆုံးဖြစ်သော ကောင်းမှုတို့၏ ဖြစ်ထွန်းစည်ပင်ရာဌာန ဖြစ်ပါပေ၏။

မှတ်ချက်။ သံဃာနုဿတိပွားစဉ် စိတ်အသွင်၊ ဈာန်အင်္ဂါများဖြစ်ပေါ်လာပုံနှင့် ဥပစာရသို့ရောက်ပုံများကို ဗုဒ္ဓါနုဿတိအတိုင်း မှတ်ပါ။

သံဃာနုဿတိပွားများရခြင်း
အကျိုး(၁၀)မျိုး

သံဃာနုဿတိပွားများသော ယောဂီပုဂ္ဂိုလ်သည် -

(၁) သံဃာတော်၌ ရိုသေခြင်း, တုပ်ဝပ်မှုရှိခြင်း၊

(၂) သဒ္ဓါစသောတရားများ တိုးပွားခြင်း၊

(၃) နှစ်သိမ့်ဝမ်းမြောက်မှု အဖြစ်များခြင်း၊

(၄) ကြောက်မက်ဖွယ် ဘေးကြီး, ဘေးငယ် အသွယ်သွယ်တို့ကို သည်းခံနိုင်ခြင်း၊

(၅) ဆင်းရဲဒုက္ခကို သည်းခံနိုင်ခြင်း၊

(၆) သံဃာတော်နှင့် အတူတကွ နေရသည်ဟူသော အမှတ်သညာရှိခြင်း၊

(၇) သံဃာနုဿတိပွားများသော ယောဂီသည် သံဃာတော်တို့ စည်းဝေးရာ ဥပုသ်အိမ်ကဲ့သို့ အပူဇော်ခံထိုက်ခြင်း၊

(၈) သံဃာ့ဂုဏ်ကိုရခြင်းငှာ စိတ်ညွှတ်ခြင်း၊

(၉) ကျူးလွန်စရာ အမှု, ဝတ္ထုနှင့် တွေကြုံသည်ရှိသော် သံဃာတော်ကို မျက်မှောက်တွေ့မြင်နေရဘိသကဲ့သို့ ထင်ရသဖြင့် အရှက်, အကြောက်တရားများ ဖြစ်ပေါ်လာခြင်း၊

(၁၀) အထက်၌ မဂ်, ဖိုလ်တရားထူးကို ထိုးထွင်း၍ `မသိနိုင်, မရနိုင်သေးသော်လည်း သုဂတိဘဝလျှင် လားရောက်ရှိခြင်း-ဟူသော အကျိုးထူးတရားတို့ကို ရရှိနိုင်ပါသည်။

၄။ သီလာနုဿတိ

သီလာနုဿတိပွားများပုံ

သီလာနုဿတိပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် ပြင်ပအာရုံများမှ ဖဲခွါကာ ကမ္မဋ္ဌာန်းဌ ကောင်းစွာကပ်ငြိသောစိတ် ရှိနေရမည်။ ထို့နောက် အောက်ပါအတိုင်း ဆက်လက်ဆင်ခြင်ရပါမည်။

- အဟော ဝတ မေ သီလာနိ အခဏ္ဍာနိ၊
  ငါ၏ သီလတို့သည် သြော်...မကျိုးဘဲ ရှိပါပေစွ တကား။
- အဟော ဝတ မေ သီလာနိ အစ္ဆိဒ္ဒါနိ၊
  ငါ၏ သီလတို့သည် သြော်... မပေါက်ဘဲ ရှိပါပေစွ တကား။
- အဟော ဝတ မေ သီလာနိ အသဗလာနိ၊
  ငါ၏ သီလတို့သည် သြော်... မကြောင်ကျားဘဲ ရှိပါပေစွ တကား။
- အဟော ဝတ မေ သီလာနိ အကမ္မာသာနိ၊
  ငါ၏ သီလတို့သည် သြော်... အပြောက်အစွန်းအကွက်မထင်ဘဲ ရှိပါပေစွ တကား။
- အဟော ဝတ မေ သီလာနိ ဘုဇိဿာနိ၊
  ငါ၏ သီလတို့သည် သြော်... တဏှာ၏ကျွန်အဖြစ်မှ တော်လှန်ပေစွ တကား။
- အဟော ဝတ မေ သီလာနိ ဝိညုပ္ပသတ္ထာနိ၊
  ငါ၏ သီလတို့သည် သြော်... ပညာရှိတို့ ချီးမွမ်းထိုက်ပါပေစွ တကား။
- အဟော ဝတ မေ သီလာနိ အပရာမဋ္ဌာနိ၊
  ငါ၏ သီလတို့သည် သြော်... တဏှာဒိဋ္ဌိတို့ မသုံးသပ်နိုင်ပေစွ တကား။
- အဟော ဝတ မေ သီလာနိ သမာဓိသံဝတ္တနိကာနိ၊
  ငါ၏ သီလတို့သည် သြော်... သမာဓိကို ကောင်းစွာ ဖြစ်နိုင်ပါပေစွ တကား။

ဤသို့လျှင် မကျိုးခြင်း, မပေါက်ခြင်းစသောဂုဏ်တို့၏ အစွမ်းအားဖြင့် မိမိ၏ စင်ကြယ်သောသီလတို့ကို အဖန်ဖန် အထပ်ထပ် ဆင်ခြင်အောက်မေ့နေရပါမည်။ ထိုသို့ အောက်မေ့ဆင်ခြင်ရာ၌ လူဝတ်ကြောင်ယောဂီသည် လူနှင့်ဆိုင်ရာ

သီလကိုလည်းကောင်း၊ ရဟန်းယောဂီသည် ရဟန်းနှင့်ဆိုင်ရာသီလကိုလည်းကောင်း ဆင်ခြင်အောက်မေ့နေရပါမည်။

အခဏ္ဍသီလ

လူသီလ၊ရဟန်းသီလတို့တွင် မိမိတို့နှင့်ဆိုင်ရာ သိက္ခာပုဒ်အစဉ်၌ အစသိက္ခာပုဒ်ဖြစ်စေ၊အဆုံးသိက္ခာပုဒ်ဖြစ်စေ ပျက်ယွင်းခြင်းမရှိလျှင် ယင်းသီလကို 'အခဏ္ဍသီလ' ဟုခေါ်၏။ ဥပမာ-အနားစွန်း၌ စုတ်ပြတ်ခြင်းမရှိသော အဝတ်ကဲ့သို့ ဖြစ်၏။

အစ္ဆိဒ္ဒသီလ

သိက္ခာပုဒ်အစဉ်တွင် အလယ်သိက္ခာပုဒ်များ ပျက်ယွင်းခြင်းမရှိလျှင် ယင်းသီလကို 'အစ္ဆိဒ္ဒသီလ' ဟုခေါ်၏။ ဥပမာ-အလယ်၌ အပေါက်မရှိသော အဝတ်ကဲ့သို့ ဖြစ်၏။

အသဗလသီလ

သိက္ခာပုဒ်သီလတို့တွင် သိက္ခာပုဒ်နှစ်ခုဖြစ်စေ, သိက္ခာပုဒ်သုံးခုဖြစ်စေ အစဉ်အတိုင်း တစ်ဆက်တည်း ပျက်ယွင်းမှုမရှိလျှင် ယင်းသီလကို 'အသဗလသီလ' ဟုခေါ်၏။ ဥပမာ-အမည်းရောင်,အနီရောင် အရောင်တစ်မျိုးမျိုးရှိသော နွားမ၏ ကျောကုန်း,ဝမ်းဗိုက်စသောနေရာတို့တွင် အရည်,အဝိုင်းစသည် ပုံသဏ္ဌာန်ရှိသည့် အရောင်ကွဲပြားခြင်း,ကြောင်ကျားခြင်း မရှိခြင်းကဲ့သို့ ဖြစ်၏။

အကမ္မာသသီလ

သိက္ခာပုဒ်သီလတို့တွင် အကြားအကြား(တစ်ခုကျော်စီ)၌ သိက္ခာပုဒ်ပျက်ယွင်းခြင်းမရှိလျှင် ယင်းသီလကို 'အကမ္မာသသီလ' ဟုခေါ်၏။ ဥပမာ- အရောင်အဆင်းကွဲ၍ ဆန်းကြယ်သည့် အစက်အပြောက်များမရှိသော နွားမကဲ့သို့ ဖြစ်၏။

မှတ်ချက်။ - သာမန်အားဖြင့် သီလအားလုံးတို့သည် မေထုန်ငယ်ခုနစ်ပါးနှင့်မယှဉ်ခြင်းကြောင့်လည်းကောင်း၊ ကောဓ,ဥပနာဟစသော ယုတ်မာသောတရားတို့ဖြင့် မနှိပ်စက်ခြင်းကြောင့်လည်းကောင်း သီလသည် မကျိုးခြင်း, မပေါက်ခြင်းစသည် ဖြစ်၏။ (ဝါ) သီလစင်ကြယ်၏။

- ဘုဇိဿသီလ၊ ဝိညူပသတ္ထာသီလ၊ အပရာမဋ္ဌသီလ၊ သမာဓိသံဝတ္တနိကသီလမည်ပုံတို့ကိုလည်း သီလနိဒ္ဒေသ၌ ပြန်ကြည့်ပါ။

- စျာန်အင်္ဂါဖြစ်ပေါ်ပုံတို့ကို ဗုဒ္ဓါနုဿတိအတိုင်း မှတ်ရမည်။

သီလာနုဿတိအကျိုး

(၈)မျိုး

သီလာနုဿတိပွားများသော ယောဂီပုဂ္ဂိုလ်သည် -

(၁) သီလသိက္ခာ၌ ရိုသေမှုရှိခြင်း၊
(၂) သီလနှင့်ပြည့်စုံသော အခြားသောပုဂ္ဂိုလ်တို့နှင့် တူသောအသက်မွေးမှုရှိခြင်း၊
(၃) ပြုသင့်သော ပဋိသန္ထာရဝတ်တို့ကို မမေ့မလျော့ပြုကျင့်ခြင်း၊
(၄) မိမိကိုယ်ကို မိမိစွပ်စွဲခြင်းဟူသော ဘေးတို့မှ ကင်းဝေးခြင်း၊
(၅) အဏုမြူမျှ သေးငယ်လှသည့်အပြစ်တို့ကိုသော်မှလည်း ကြောက်မက်ဖွယ် ဘေးကြီးအနေဖြင့်ရှုမြင်လေ့ရှိခြင်း၊
(၆) သဒ္ဓါစသောတရားများတိုးပွားခြင်း၊
(၇) ဝမ်းမြောက်မှုအဖြစ်များခြင်း၊
(၈) အထက်၌ မဂ်,ဖိုလ်တရားထူးကို မသိကြား, မရကြားသော်လည်း သုဂတိဘဝ လျှင် လားရောက်ရာရှိခြင်း-ဟူသော အကျိုးထူးတရားတို့ကို ရရှိနိုင်ပါသည်။

၅။ စာဂါနုဿတိ

စာဂါနုဿတိပွားများလိုသူ

စာဂါနုဿတိပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ပင်ကိုယ်ကတည်းက စွန့်ကြဲပေးကမ်းခြင်း၌ စိတ်ညွှတ်ကိုင်းခြင်း ရှိရမည်။ (ဝါ)အလှူအတန်းကို စိတ်ဝင်စားသူ ဖြစ်နေရမည်။ အမြဲမပြတ်ဖြစ်သော လှူဖွယ်ကိုလှူခြင်းဟူသော နိစ္စ-ပဝတ္တဒါနရှိသူ(အလှူရေစက် လက်နှင့်မပြတ်သူ) ဖြစ်ရမည်။ ထို့ပြင် မိမိ၏အသုံး အဆောင်ပစ္စည်းဝတ္ထုတို့ကို ခွဲခြမ်းဝေဖန်၍ လှူဒါန်းလေ့ရှိသူလည်း ဖြစ်ရပါမည်။

စာဂါနုဿတိပွားများပုံ

စာဂါနုဿတိပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ''ငါသည် ယနေ့မှစ၍ အလှူခံပုဂ္ဂိုလ်တို့အား အောက်ထစ်ဆုံး တစ်လုပ်တစ်ခဲမျှ မလောင်းလှူဘဲ မစား မသောက်အံ့''ဟု မိမိစိတ်ကို ဆောက်တည်ထားရမည်။ စာဂါနုဿတိပွားမည့်နေ့၌ သီလစသောဂုဏ်ရှိသော အလှူခံပုဂ္ဂိုလ်တို့အား မိမိစွမ်းနိုင်သလောက် ပေးလှူရမည်။ ထို့နောက် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီး ပြင်ပအာရုံများမှ ဖဲခွါကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသောစိတ်ရှိနေပြီးလျှင် အောက်ပါအတိုင်း ဆက်လက် ဆင်ခြင်ရပါမည်။

(က) လာဘာ ဝတ မေ = ဒါန၏အကျိုးတို့သည် စင်စစ် ငါရမည့် လာဘ်များဖြစ်ပေ၏။

(ခ) သုလဒ္ဓံ ဝတ မေ = ငါ့အား အရတော်လေစွ တကား။

(ဂ) ယောဟံ မစ္ဆေရမလပရိယုဋ္ဌိတာယ ပဇာယ ဝိဂတမလမစ္ဆေရေန စေတသာ ဝိဟရာမိ = ငါသည် ဝန်တိုမှု အညစ်အကြေးများ လွှမ်းမိုးနှိပ်စက်ခံနေရသော သတ္တဝါအပေါင်းမှ အညစ်အကြေးကင်းသော, ဝန်တိုမှုကင်းသောစိတ်ဖြင့် နေရပေ၏။

(ဃ) မုတ္တစာဂေါ = တွယ်တာမှုမရှိ လွတ်လွတ်စွန့်ကြဲခြင်းရှိ၏။

(င) ပယတပါဏိ = စင်ကြယ်သောလက်ရှိ၏။ (ဝါ) ဆုပ်ကိုင်မထားဘဲ ဖြန့်ထားသောလက်ရှိ၏။

(စ) ဝေါသဂ္ဂရတော = စွန့်လွှတ်လျှဒါန်းခြင်း၌ မွေ့လျော်ခြင်းရှိ၏။
(ဆ) ယာစယောဂေါ = အလှူခံရန် သင့်လျော်ခြင်းရှိ၏။
(ဇ) ဒါနသံဝိဘာဂရတော = ပေးလှူခြင်းနှင့် ခွဲခြမ်းဝေဖန်ခြင်း၌ မွေ့လျော်ခြင်း ရှိ၏။

လာဘာ ဝတ မေ

(က) "အာယုံ ခေါ ပန ဒတ္တာ အာယုသာ ဘာဂီ ဟောတိ ဒိဗ္ဗသာ ဝါ မာနုသာ ဝါ=ဆွမ်းလှူသောသူသည် အသက်ရှည်ခြင်းကိုလည်း ပေးလှူရာရောက်သောကြောင့် နတ်၌ဖြစ်သော အသက်ရှည်ခြင်းကိုလည်းကောင်း၊ လူ၌ဖြစ်သော အသက်ရှည်ခြင်းကိုလည်းကောင်း ရပေ၏" ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊

(ခ) "ဒဒံ ပိယော ဟောတိ၊ ပဒဋ္ဌော နံ ဗဟူ= ပေးလှူသူကို ချစ်ခင်မြတ်နိုး၏။ ပေးလှူသူကို လူအများတို့သည် ချဉ်းကပ်ကြကုန်၏" ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊

(ဂ) "ဒဒမာနော ပိယော ဟောတိ၊ သတံ ဓမ္မံ အနုက္ကမံ=ပေးလှူသူကို ချစ်ခင်မြတ်နိုး၏။ ပေးလှူသူသည် သူတော်ကောင်းတို့၏ ထုံးစံကို အစဉ်လိုက်သူဖြစ်၏" ဟု ဟောတော်မူသောကြောင့်လည်းကောင်း-

ပေးလှူသူတို့သည် ကောင်းသောလာဘ်အကျိုးများ မချွတ်ဧကန် ရရှိကြကုန်၏။ ဤသို့ မချွတ်ဧကန် အမှန်ရမည့် လာဘ်အကျိုးများရရှိခြင်းကို ရည်ရွယ်၍ "လာဘာ ဝတ မေ" ဟုဆိုခြင်း ဖြစ်သည်။

သုလဒ္ဓံ ဝတ မေ

သုလဒ္ဓံ ဝတ မေ-ဟူသောစကားရပ်၌ "သုလဒ္ဓံ=ကောင်းစွာရ၏၊ အရတော်လေစွ" ဟူသည်မှာ-ဤဘုရားသာသနာတော်၌ လူအဖြစ်ကို ကောင်းစွာရခြင်းကို ဆိုလို၏။ အဘယ်ကြောင့် လူအဖြစ်ရခြင်းကို ကောင်းစွာရခြင်း, အရတော်ခြင်းဟု ဆိုရပါမူ-ပေးလှူသူသည် ဝန်တိုမှုအညစ်အကြေးများ လွှမ်းမိုးနှိပ်စက်ခံနေရသော သတ္တဝါအပေါင်းထဲ၌ ဝန်တိုမှုအညစ်အကြေးကင်းသည့်စိတ်ဖြင့် နေရသောကြောင့်လည်းကောင်း၊ တွယ်တာမှုမရှိဘဲ လွတ်လွတ် စွန့်ကြဲနိုင်သည်၏အဖြစ်, စင်ကြယ်သည့် လက်ရှိသူ၏အဖြစ်, စွန့်လွှတ်လျှဒါန်းခြင်း၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူ၏အဖြစ်, အလှူခံအသီးသီးတို့၏ အလှူခံရန်ထိုက်တန်သူ၏အဖြစ်, ခွဲခြမ်းပေးကမ်းလှူဒါန်းခြင်း၌ မွေ့လျော်သူ၏အဖြစ်ကြောင့်လည်းကောင်း ဤသာသနာ

တော်၌ လူ့အဖြစ်ကို ကောင်းစွာရသူ,အရတော်သူ ဖြစ်ပေ၏။ ဤသည်ကို ရည်ရွယ်၍ ""သုလဒ္ဓံ ဝတ မေ""ဟု ဆိုခြင်းဖြစ်သည်။

ပယတ္တပါဏိ

ပယတ္တပါဏိ-ဟူသည်မှာ ပရိသုဒ္ဓပါဏိ=ထက်ဝန်းကျင် စင်ကြယ်သော လက်ရှိခြင်းကို ဆိုလို၏။ လှူဖွယ်ဝတ္ထုကို မိမိလက်ဖြင့် ရိုရိုသေသေ ပေးလှူရန် အတွက် မိမိလက်ကို အခါခပ်သိမ်း သန့်ရှင်းစင်ကြယ်နေခြင်းသည် ""ပယတ္တ-ပါဏိ"" မည်၏။

တစ်နည်းအားဖြင့် ပယတ=ဖြန့်ထားသော + ပါဏိ=လက်ရှိသည်၏အဖြစ်ဟုလည်း ဖွင့်ဆိုကြသည်။ ဤအဖွင့်အရ ပယတပါဏိ- ဟူသည်မှာ ပစ္စည်းကို ဆုပ်ကိုင်ထားခြင်းမရှိဘဲ ဖြန့်ထားသောလက်ရှိသည်၏အဖြစ်-ဟုအဓိပ္ပါယ်ရ၏။

မှတ်ချက်။ စာဂါနုဿတိပွားများစဉ် စိတ်အသွင်၊ ဈာန်အင်္ဂါများဖြစ်ပေါ်ပုံနှင့် ဥပစာရဈာန်သို့သာ ရောက်နိုင်ပုံများကို ဗုဒ္ဓါနုဿတိအတိုင်း မှတ်ပါ။

စာဂါနုဿတိပွားများရခြင်း အကျိုး(၆)မျိုး

စာဂါနုဿတိပွားများသော ယောဂီပုဂ္ဂိုလ်သည် -

(၁) စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၌ အတိုင်းထက်အလွန် ညှတ်သောစိတ်ရှိခြင်း၊
(၂) လောဘကင်းခြင်း၌ လိုလားခြင်း၊
(၃) မေတ္တာဘာဝနာအား အလျော်ကိုပြုခြင်း၊
(၄) ရွံရှာခြင်းကင်းလျက် ရဲရင့်ခြင်း၊
(၅) နှစ်သိမ့်ဝမ်းမြောက်မှု ဖြစ်ခြင်း၊
(၆) အထက်၌ မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ မသိငြား,မရငြားသော်လည်း သုဂတိဘဝလျှင် လားရောက်ရာရှိခြင်း-ဟူသော အကျိုးထူးတရားတို့ကို ရရှိနိုင်ပါသည်။

၆။ ဒေဝဒတ္တသုတ်

ဒေဝဒတ္တသုတ်ပွားများလိုသူ

ဒေဝဒတ္တသုတ် ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အရိယာမဂ်၏အစွမ်းဖြင့် ကောင်းစွာဖြစ်ပေါ်ကုန်သော သဒ္ဓါအစရှိသောဂုဏ်တို့နှင့်ပြည့်စုံရန် လိုအပ်ပါသည်။

ဒေဝဒတ္တသုတ် ပွားများပုံ

ဤသို့ သဒ္ဓါအစရှိသောဂုဏ်တို့နှင့်ပြည့်စုံလျှင် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ပြင်ပအာရုံများမှဖဲခွါကာ ကမ္မဋ္ဌာန်း၌ စိတ်ကိုကောင်းစွာကပ်ငြိစေလျက် အောက်ပါအတိုင်း နှလုံးသွင်းဆင်ခြင်ရပါမည်။

"စာတုမဟာရာဇိကနတ်၊ တာဝတိံသာနတ်၊ ယာမာနတ်၊ တုသိတာနတ်၊ နိမ္မာနရတီနတ်၊ ပရနိမ္မိတဝသဝတ္တီနတ်၊ ပထမစျာန်ဘုံ၊ ဒုတိယစျာန်ဘုံ၊ တတိယစျာန်ဘုံ၊ စတုတ္ထစျာန်ဘုံတို့၌ ရှိကြကုန်သော ဗြဟ္မာတို့သည် သဒ္ဓါတရား၌ပြည့်စုံသောကြောင့် ဤလူ့ပြည်မှစုတေပြီး နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်ကြရကုန်၏။ ငါ့မှာလည်း ထိုသို့သောသဒ္ဓါတရားမျိုး ရှိပေ၏။ ထို့အတူ ထိုနတ်၊ ဗြဟ္မာတို့သည် သီလ၊ သုတ၊ စာဂ၊ ပညာနှင့် ပြည့်စုံကုန်သောကြောင့် ဤလူ့ပြည်မှစုတေပြီး နတ်ဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်ကြရကုန်၏။ ငါ့မှာလည်း ထိုသို့သောသီလ၊ သုတ၊ စာဂ၊ ပညာ ရှိပါပေ၏။"

ဤနည်းဖြင့် နတ်၊ ဗြဟ္မာတို့ကို သက်သေအရာ၌ တည်ထား၍ မိမိ၏သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာကို အဖန်တလဲလဲ အောက်မေ့နေရမည်။ ဤနေရာ၌ အာဂမယုတ္တိ သာဓကစကားရပ်ကို ဖော်ပြရသည်ရှိသော် -

"မဟာနာမ်...၊ အကြင်အခါ၌ အရိယာသာဝကသည် မိမိ၏လည်းကောင်း၊ ထိုနတ်တို့၏လည်းကောင်း သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာကို အဖန်တလဲလဲ အောက်မေ့၏။ ထိုအခါ၌ ထိုအရိယာသာဝက၏သန္တာန်၌ ရာဂလွှမ်းမိုးနှိပ်စက်ခံရသော စိတ်သည် မဖြစ်တော့သည်သာ ..."

ဤသို့စသည်ဖြင့် အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ မဟာနာမသုတ်၌ ဟောတော်မူထားသော စကားရပ်ဖြစ်ပါသည်။

မှတ်ချက်။ ဒေဝတာနုဿတိပွားများစဉ် စိတ်အသွင်၊ ဈာန်အင်္ဂါများ ဖြစ်ပေါ်ပုံ နှင့်ဥပစာရဈာန်သို့သာ ရောက်ပုံတို့ကို ဗုဒ္ဓါနုဿတိအတိုင်း မှတ်ပါ။

ဒေဝတာနုဿတိပွားများရခြင်း အကျိုး (၄)မျိုး

ဒေဝတာနုဿတိပွားများသော ယောဂီပုဂ္ဂိုလ်သည် -

(၁) နတ်တို့၏ ချစ်ခင်ကြည်ညိုခြင်း, မြတ်နိုးခြင်းကို ရရှိနိုင်ခြင်း၊

(၂) အတိုင်းထက်အလွန် သဒ္ဓါစသောတရားများ တိုးပွားခြင်းသို့ရောက်ခြင်း၊

(၃) နှစ်သိမ့်ဝမ်းမြောက်မှု အဖြစ်များခြင်း၊

(၄) အထက်၌ မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ မသိငြား, မရငြားသော်လည်း သုဂတိဘဝလျှင် လားရောက်ရာရှိခြင်း-ဟူသော အကျိုးထူးတရားတို့ကို ရရှိနိုင်ပါသည်။

အထွေထွေ မှတ်ဗဟုသုတ

မဟာနာမ်အား ဟောတော်မူသည့် ဆအနုဿတိအကျိုး

ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးတို့တွင် အနုဿတိတစ်ပါးပါးကို အာရုံပြု၍ အဖန်ဖန်အထပ်ထပ် အောက်မေ့နေသော ယောဂီပုဂ္ဂိုလ်အား-

- စိတ်၏ဖြောင့်မတ်နေခြင်း၊
- ဣတိပိ သော ဘဂဝါ အရဟံ-ဤသို့အစရှိသောပုဒ်တို့၏ အနက်ကိုမှီ၍နှစ်သိမ့်ခြင်း-ဟုဆိုအပ်သော အတ္ထဝေဒကိုရခြင်း၊
- ဒေသနာပါဠိကိုမှီ၍ နှစ်သိမ့်ခြင်း-ဟုဆိုအပ်သော ဓမ္မဝေဒကိုရခြင်း၊
- အနက်,ပါဠိနှစ်မျိုးလုံး၏အစွမ်းအားဖြင့် တရားနှင့်စပ်သော ဝမ်းမြောက်မှုဟုဆိုအပ်သော ဓမ္မပါမောဇ္ဇကိုရခြင်း-ဟူသောအကျိုးထူးတရားတို့ကို ရရှိနိုင်၏။

ဆအနုဿတိပြည့်စုံအောင် ပွားများနိုင်သည့်ပုဂ္ဂိုလ်

ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးကို ပြီးပြည့်စုံအောင်ပွားများနိုင်သောပုဂ္ဂိုလ်တို့မှာ အရိယာပုဂ္ဂိုလ်တို့သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရိယာပုဂ္ဂိုလ်တို့အားသာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ ထင်ထင်ရှားရှား ပေါ်လွင်ကုန်သောကြောင့်လည်းကောင်း၊ အရိယာပုဂ္ဂိုလ်တို့သည် မကျိုး,မပေါက်ခြင်းစသော သီလတို့နှင့်ပြည့်စုံသောကြောင့်လည်းကောင်း၊ အညစ်အကြေးများနှင့် ဝန်တိုမှုကင်းသော စွန့်ကြဲပေးကမ်းခြင်းနှင့်ပြည့်စုံသောကြောင့်လည်းကောင်း၊ တန်ခိုးအာနုဘော်ကြီးသော နတ်,ဗြဟ္မာတို့၏သဒ္ဓါစသောတရားများနှင့်တူညီသည့် သဒ္ဓါစသောတရားများရှိသောကြောင့်လည်းကောင်း ဖြစ်ပါသည်။

သောတာပန်တို့ အမှီပြုနေထိုင်ရာတရား

မဟာနာမသုတ်တော်အရ- မဟာနာမ်က မြတ်စွာဘုရားရှင်အား သောတာပန်ပုဂ္ဂိုလ်တို့၏ အမှီပြုနေထိုင်ရာကို မေးလျှောက်သဖြင့် မြတ်စွာဘုရားရှင်သည် သောတာပန်ပုဂ္ဂိုလ်တို့၏ အမှီပြုနေထိုင်ရာကိုပြခြင်းအကျိုးငှာ ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးကို ဟောတော်မူခဲ့၏။ ထို့ကြောင့် ဆအနုဿတိသည် သောတာပန္နိဿယဝိဟာရ=သောတာပန်တို့၏အမှီပြုနေထိုင်ရာတရား ဖြစ်၏။

ကာမဂုဏ်အာရုံမှ လွတ်မြောက်ကြောင်းတရား

ဂေဓသုတ်တော်၌- ''ရဟန်းတို့...၊ ဤသာသနာတော်၌ အရိယာသာဝက သည် ဣတိပိ သော ဘဂဝါစသည်ဖြင့် ဘုရားဂုဏ်တို့ကို အဖန်ဖန်အောက်မေ့၏။ ထိုအခါ၌ ထိုအရိယာသာဝက၏စိတ်သည် ဖြောင့်မတ်နေသည်သာ ဖြစ်၏။ မက်မောဖွယ်(ဂေဓ)မှ ထွက်မြောက်၏၊ လွတ်မြောက်၏၊ ထမြောက်ကင်းကွာ၏။ ရဟန်းတို့...၊ဂေဓ-ဟူသောအမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း'' ဤသို့စသည်ဖြင့်ဟောတော်မူသောကြောင့် ဗုဒ္ဓါနုဿတိစသော အနုဿတိ ခြောက်ပါးသည် ကာမဂုဏ်အာရုံငါးပါးဟူသော ဂေဓအမည်ရှိသောတရားမှ ထွက်မြောက်ကြောင်းတရား(ဂေဓနိက္ခန္တိဓမ္မ)၊ ကာမဂုဏ်အာရုံငါးပါးမှ လွတ်မြောက်ကြောင်းတရား(ဂေဓမုတ္တဓမ္မ)၊ ကာမဂုဏ်အာရုံငါးပါးမှ ထမြောက်ကင်းကွာကြောင်းတရား(ဂေဓဝုဋ္ဌိတဓမ္မ) ဖြစ်၏။

ဂေဓနိက္ခန္တစသောအမည်ဖြင့် ဟောရခြင်းအကျိုး

ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးကို ဂေဓနိက္ခန္တဓမ္မအမည် စသည်ဖြင့် ဂေဓသုတ်တော်၌ ဟောတော်မူခြင်းသည် အနုဿတိ၏အစွမ်းဖြင့် စိတ်၏ စင်ကြယ်စေခြင်း၊ အထက်၌ အမြတ်ဆုံးဖြစ်သောစင်ကြယ်ခြင်း-ဟုဆိုအပ်သော ''ပရမဝိသုဒ္ဓိ''ခေါ် နိဗ္ဗာန်ကိုရခြင်းအကျိုးငှာ ဟောတော်မူထားခြင်း ဖြစ်ပါသည်။

သမ္မာဓောကာသတရား

''ငါ့ရှင်တို့...၊အံ့ဩဖွယ်ကောင်းပေစွတကား၊ မြတ်စွာဘုရားသည် ကာမဂုဏ်ငါးပါးဖြင့် ကျဉ်းကြပ်သည့် ဤလူ့ဘောင်၌ မင်္ဂလာရရန် အခွင့်အရေးကို လွန်စွာပင် သိတော်မူပါပေ၏'' ဤသို့စသည်ဖြင့် မဟာကစ္စည်းမထေရ် ဟောတော် အပ်မူသော သမ္မာဓောကာသသုတ်အရ- ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးသည် ကာမဂုဏ်အာရုံငါးပါးဖြင့် ကျဉ်းကြပ်ဝိတ်လှောင် ဤလူ့ဘောင် (သမ္မာဓ) မှ ထွက်မြောက်၍ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ရရန် အခွင့်ထူး(ဩကာသ)တရား ဖြစ်သောကြောင့် ''သမ္မာဓောကာသတရား'' မည်၏။

အရိယာတို့၏ ဥပုသ်တရား

''ဝိသာခါ...၊အရိယာတို့၏ ဥပုသ်သည် အဘယ်နည်း၊ ဝိသာခါ... ညစ်နွမ်းသောစိတ်ကို လုံ့လပြုခြင်းဖြင့် ထက်ဝန်းကျင် စင်ကြယ်ခြင်းပေတည်း။ ဝိသာခါ...၊ ဤသာသနာတော်၌ အရိယာသာဝကသည် မြတ်စွာဘုရား၏ဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၏'' ဤသို့စသည်ဖြင့် ကမ္မဋ္ဌာန်းအလိုအားဖြင့် စိတ်၏ စင်ကြယ်ခြင်းအကျိုးကို ပြခြင်းအကျိုးငှာ ဥပေါသထသုတ်၌ ဟောတော်မူ

သောကြောင့် ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးသည် ''အရိယာတို့၏ဥပုသ်တရား'' မည်ပါသည်။

အရဟတ္တဖိုလ်ရောက် ပြီးမြောက်စေသောတရား

ယုံကြည်မှုသဒ္ဓါတရား၊ အားထုတ်မှုလုံ့လဝီရိယ၊ ထင်သောသတိ၊ တည်ကြည်မှုသမာဓိနှင့်ပညာ-ဟူသော ဤတရားငါးပါးတို့၌တည်၍ အထက်၌ ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးကို ပွားများသောသူသည် အရဟတ္တဖိုလ်ကို ပြီးမြောက်စေခြင်း အကျိုးရှိ၏-ဟု အဋ္ဌကထာဆရာကြီးတို့ ဟောဒသနိပါတ်၊ မဟာနာမသုတ်၌ မဟာနာမ်အား မြတ်စွာဘုရားဟောတော်မူသောကြောင့် ဗုဒ္ဓါနုဿတိစသော အနုဿတိခြောက်ပါးသည် အရဟတ္တဖိုလ်ရောက် ပြီးမြောက်စေသောတရား (အာရာဓက) မည်ပါသည်။

ပုထုဇဉ်တို့လည်း နှလုံးသွင်းသင့်သောတရား

ဤအနုဿတိခြောက်ပါးကို အရိယာသာဝကအတွက်သာ ဟောတော်မူထားသော်လည်း စင်ကြယ်သည့်သီလစသောဂုဏ်တို့နှင့်ပြည့်စုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့လည်း နှလုံးသွင်းပွားများနိုင်၏။ အဘယ်ကြောင့်ဆိုသော်- မြတ်စွာဘုရား၌ရှင်၏ဂုဏ်တော်တို့ကို တစ်ဆင့်ကြား၏အစွမ်းဖြင့် ဆင်ခြင်သောသူ၌ပင် စိတ်ကြည်လင်ခြင်းအကျိုးကို ရရှိနိုင်၏။ ထို့နောက် ကြည်လင်သည့်စိတ်၏အာနုဘော်ဖြင့် နိဝရဏတရားများကင်းကွာပြီး ဝမ်းမြောက်သောစိတ်ဖြင့် ဝိပဿနာတရားပွားများရှုမှတ်လျှင် အရဟတ္တဖိုလ်သို့ပင် ရောက်နိုင်သောကြောင့် ဖြစ်၏။

သာဓကအဖြစ် ဖော်ပြရသော်-ကဋ္ဌအန္ဓကာရအရပ်၌ သီတင်းသုံးနေထိုင်သော ဖုဿဒေဝမထေရ်သည် မာရ်နတ်ဖန်ဆင်းပြသည့် ဗုဒ္ဓပုံတော်ကို ဖူးမြင်ရပြီး ''ရာဂ,ဒေါသ,မောဟရှိနေသော မာရ်နတ်ဖန်ဆင်းသည့် ဤမြတ်စွာဘုရားပုံတော်သည်ပင် ဤမျှတင့်တယ်နေသေးလျှင် ရာဂ,ဒေါသ,မောဟကင်းပြီးသော မြတ်စွာဘုရားရှင်ကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း၊ လွန်စွာပင် တင့်တယ်တော်မူလိမ့်မည်''ဟု ဆင်ခြင်နှလုံးသွင်းပြီး ဘုရားဂုဏ်ကိုအာရုံပြု၍ ဝိတိတရားများဖြစ်ပေါ်လာကာ ဝိပဿနာတင်၍ ရှုမှတ်ပွားများလေရာ အရဟတ္တဖိုလ်သို့ရောက်လေ၏။ ထို့ကြောင့် အနုဿတိခြောက်ပါး မြတ်တရားကို သီလစင်ကြယ်သည့် ပုထုဇဉ်ပုဂ္ဂိုလ်တို့လည်း ပွားများနိုင်ပါသည်။ ။

ဆအနုဿတိ နိဒ္ဒေသ

ပြီး၏။

အနုသတိကမ္မဋ္ဌာန

နိဒ္ဒေသ

မြန်မာကျူးပစ် "သာသနာ့ဝါလ"
တာသာရေးညီအကိုမောင်နှမများမှ စကန်ဖတ်၍ ဒါနပြုသည်

အနုဿတိကမ္မဋ္ဌာန

နိဒ္ဒေသ

မရဏာနုဿတိကမ္မဋ္ဌာန်း

မရဏ=သေခြင်းဟူသည်

ဘဝတစ်ခုခု၌ အကျုံးဝင်သည့် အသက်ခေါ်ဒီဝိတိန္ဒြေ၏ လက်ရှိရုပ်နာမ်သန္တာန် အစဉ်၌ မဖြစ်ပေါ်လာတော့ဘဲ အကြွင်းမဲ့ပြတ်စဲသွားခြင်းကို "မရဏ=သေခြင်း" ဟုခေါ်၏။

မရဏာဿတိမပွားသင့်သော
သေခြင်းသုံးမျိုး

သမုစ္ဆေဒမရဏ

ရဟန္တာတို့၏ ရုပ်နာမ်အစဉ်ဟူသော ဝဋ်ဆင်းရဲ၏ လုံးဝမဖြစ်ပေါ်လာတော့ဘဲ အကြွင်းမဲ့ပြတ်စဲခြင်းကို "သမုစ္ဆေဒမရဏ" ဟုခေါ်၏။ ဤသမုစ္ဆေဒမရဏာသည် မများသောမရဏာဖြစ်သောကြောင့် မရဏာဿတိ မပွားသင့်ပေ။

ခဏိကမရဏ

ရုပ်နာမ်သခါရတရားတို့၏ ဘင်ခဏတိုင်း, ဘင်ခဏတိုင်း ပျက်စီးခြင်းသဘောကို "ခဏိကမရဏ" ဟုခေါ်၏။ ဤခဏိကမရဏာသည် မထင်ရှားသည့် မရဏာဖြစ်သောကြောင့် မရဏာဿတိ မပွားသင့်ပေ။

သမုတိမရဏ

သစ်ပင်သေခြင်း၊ သံသေခြင်း၊ မောင်နီသေခြင်း၊ မောင်ဖြူသေခြင်း၊ ခွေးသေခြင်းစသည်ဖြင့် ခေါ်ဆိုအပ်သော သမုတိပညတ်သဘောကို "သမုတိမရဏ"

ဟုခေါ်၏။ ဤသမုတိမရဏာသည် သံဝေဂဝတ္ထုမဟုတ်သောကြောင့် မရဏာသတိ မပွားသင့်ပေ။

တစ်နည်း သေခြင်းနှစ်မျိုး

(၁) ကာလမရဏာ = သေချိန်တန်၍သေရခြင်း၊
(၂) အကာလမရဏာ = သေချိန်မတန်ဘဲသေရခြင်း၊

ထိုသေခြင်းနှစ်မျိုးတွင်- ကောင်းမှုကံကုန်၍သေခြင်း(ကမ္မက္ခယမရဏာ)၊ သက်တမ်းကုန်၍သေခြင်း(အာယုက္ခယမရဏာ)နှင့် အသက်,ကံနှစ်ပါးကုန်၍သေခြင်း(ဥဘယက္ခယမရဏာ)-ဟူသော ဤသေခြင်းသုံးမျိုးသည် သေချိန်တန်၍ သေရသည့် ကာလမရဏာများ ဖြစ်၏။ မူလကံကိုဖြတ်၍ အကြောင်းတစ်မျိုးမျိုးကြောင့် သေခြင်း(ဥပစ္ဆေဒကမရဏာ)သည် သေချိန်မတန်ဘဲသေရသည့် အကာလမရဏာ ဖြစ်၏။

ကံကုန်၍သေခြင်း

အသက်ရပ်အစဉ်ကိုဖြစ်စေတတ်သည့် အာဟာရစသော အထောက်အပံ့အကြောင်းတို့နှင့် ပြည့်စုံနေပါသော်လည်း ပဋိသန္ဓေကိုဖြစ်စေတတ်သော မူလကံ၏ အကျိုးပေးနိုင်စွမ်းအား ကုန်ခမ်းသွားခြင်းကြောင့်သေရ၏။ ဤသေခြင်းမျိုးကို "ကံကုန်၍သေခြင်း"(ကမ္မက္ခယမရဏာ) ဟုခေါ်၏။

သက်တမ်းကုန်၍သေခြင်း

ယခုကာလလူတို့သည် နှတ်တို့ကဲ့သို့ ဂတိသမ္မတ္တိနှင့် မပြည့်စုံသောကြောင့်လည်းကောင်း၊ ကမ္ဘာဦးသားတို့ကဲ့သို့ ကာလသမ္မတ္တိနှင့် မပြည့်စုံသောကြောင့်လည်းကောင်း၊ ဥတ္တရကုရုကျွန်းသားတို့ကဲ့သို့ အာဟာရသမ္မတ္တိနှင့် မပြည့်စုံသောကြောင့်လည်းကောင်း သက်တမ်းတိုတောင်းကြရာ အနှစ်တစ်ရာသက်တမ်းမျှသာ အသက်ရှည်ကြ၏။ ဤအနှစ်တစ်ရာမျှသော လူ့သက်တမ်းကုန်၍ သေရခြင်းကို "သက်တမ်းကုန်၍သေခြင်း"(အာယုက္ခယမရဏာ) ဟုခေါ်၏။

သေချိန်မတန်သေးဘဲသေခြင်း

ဒူသီမာရ်နတ်သည် လူတစ်ယောက်၏ကိုယ်၌ ပူးဝင်ပြီး ကကုသန်မြတ်စွာဘုရား၏ ပစ္စာသမဏာဖြစ်သော အရှင်ဝိမုရမထေရ်ကို ကျောက်ခဲဖြင့် ပစ်ပေါက်ရာ မထေရ်မြတ်၏ ဦးခေါင်းကွဲသွားလေ၏။ ဤအကုသိုလ်ကံကြောင့် ဒူသီမာရ်နတ်သည် ချက်ချင်းပင်စုတေပြီး အဝီစိငရဲ၌ ဖြစ်ရ၏။ ထို့အတူ ကလာဗုမင်းသည် ခန္ဓိဝါဒီရသေ့ကို အမျိုးမျိုးနှိပ်စက်ပြီး ဥယျာဉ်မှအထွက်တွင် မြေမျိုခံရ၍ အဝီစိငရဲ

သို့ ကျလေ၏။ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို ပုတ်ခတ်သော နန္ဒဘီလူး၊ ဥပ္ပလဝဏ်ထေရီမကို ပြစ်မှားသော နန္ဒလုလင်တို့လည်း ထိုအကုသိုလ်ကံတို့ကြောင့် ချက်ချင်းပင်စုတေပြီး အဝီစိငရဲ၌ ဖြစ်ကြရ၏။

ဤသို့သော အကုသိုလ်ကံက ဖြတ်အပ်သော ရုပ်နာမ်သန္တာန်အစဉ်ရှိသည့် ဒုသီမာရ်နတ်စသောပုဂ္ဂိုလ်တို့၏ သေခြင်းမျိုးနှင့် ပါဏာတိပါတကံ၏အစွမ်းကြောင့် ဓားစသောလက်နက်တို့ဖြင့် ထိုးခုတ်သတ်ဖြတ်ခံရသဖြင့် ပြတ်ဆဲသော ရုပ်နာမ်သန္တာန်ရှိသူတို့၏ သေခြင်းမျိုးသည် ''ဥပစ္ဆေဒကမရဏ'' မည်၏။ ယင်းဥပစ္ဆေဒကမရဏကို ''သေချိန်မတန်ဘဲသေခြင်း'' (အကာလမရဏ)ဟုခေါ်၏။

မရဏာနုဿတိပွားများပုံ

မရဏာနုဿတိပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီး၊ ပြင်ပအာရုံများမှ ဖဲခွါကာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းစွာ ကပ်ငြိစေရမည်။ ထို့နောက် -

မရဏံ ဘဝိဿတိ = သေရလတ္တံ့၊
ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ = အသက်ခေါ် ဇီဝိတိန္ဒြေ ပြတ်လတ္တံ့၊
မရဏံ မရဏံ = သေခြင်း သေခြင်း

ဟူ၍ နည်းမှန်လမ်းမှန် နှလုံးသွင်း၍ ရွတ်ဆိုပွားများရပါမည်။

မရဏာနုဿတိ မပွားသင့်သောသူများ

<u>ချစ်ခင်နှစ်သက်သူ</u>

မိမိ ချစ်ခင်နှစ်သက်သူ၏ သေဆုံးခြင်းကို မရဏာနုဿတိ မပွားသင့်ပေ။ အဘယ်ကြောင့်ဆိုသော်- ဘာဝနာမဖြစ်ဘဲ သောကဖြစ်တတ်သောကြောင့် ဖြစ်၏။ ဥပမာ-မွေးမိခင်သည် မိမိ၏ချစ်လှစွာသောသားလေး သေဆုံးသည်ကို အောက်မေ့သတိရဖြစ်ရာအခါ၌ စိုးရိမ်ပူဆွေးမှု သောကများသာ တိုးပွားလာသကဲ့သို့ ဖြစ်သည်။

<u>မလိုမုန်းထားသောသူ</u>

မိမိ မလိုမုန်းထားသောသူ၏ သေဆုံးခြင်းကိုလည်း မရဏာဿတိ မပွားသင့်ပေ။ အဘယ်ကြောင့်ဆိုသော်-အားရဝမ်းမြောက်ခြင်း ဖြစ်တတ်သောကြောင့် ဖြစ်၏။ ဥပမာ- ရန်သူတို့သည် ဆန့်ကျင်ဘက်ရန်သူတို့၏ သေဆုံးခြင်းကို အားရဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့ ဖြစ်၏။

<u>မချစ်,မမုန်းသူ</u>

မိမိ မချစ်,မမုန်း အလယ်အလတ်ဖြစ်သူ၏ သေဆုံးခြင်းကိုလည်း မရဏာဿတိ

မပွားသင့်ပေ။ အဘယ်ကြောင့်ဆိုသော်-ထိတ်လန့်မှုသဲဝေဂ မဖြစ်သောကြောင့် ဖြစ်၏။ ဥပမာ-သူသေကောင်ဖုတ်သော သုဘရာဇာသည် သူသေကောင်တို့ကို နေ့စဉ်နေ့တိုင်း မြင်နေရသဖြင့် သဲဝေဂမဖြစ်ဘဲ လုပ်ရိုးလုပ်စဉ် အလုပ်ကို လုပ်နေရသည်-ဟုသဘောထားသကဲ့သို့ ဖြစ်၏။

<u>မိမိကိုယ်တိုင်</u>

မိမိကိုယ်တိုင်၏ သေခြင်းကိုလည်း မရဏာသတိ မပွားသင့်ပေ။ အဘယ်ကြောင့်ဆိုသော်- ဘဝနာမဖြစ်ဘဲ ကြောက်လန့်စိတ်များသာ ဖြစ်ပေါ်လာတတ်သောကြောင့် ဖြစ်၏။ ဥပမာ-သူသတ်သမားက ခုတ်သတ်ရန် ဓားမိုးထားသည်ကို မြင်တွေ့ရလျှင် ကြောက်တတ်သောသူမှာ ထိတ်လန့်ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်လာသကဲ့သို့ ဖြစ်၏။

မှတ်ချက်။ ဤ သောကဖြစ်ခြင်း၊ အားရဝမ်းမြောက်ခြင်း၊ သဲဝေဂမဖြစ်ခြင်း၊ ကြောက်လန့်ခြင်းတို့ဖြစ်ပေါ်ခြင်းမှာ ယောဂီပုဂ္ဂိုလ်၌ အမှတ်ရမှုသတိ၊ ထိတ်လန့်မှုသဲဝေဂနှင့် ဆင်ခြင်ဉာဏ်တရားများ ကင်းနေခြင်းကြောင့် ဖြစ်၏။

နည်းမှန်လမ်းမှန် နှလုံးသွင်းခြင်း

ထိုထိုတောအရပ်,သုသာန်အရပ်စသည်တို့၌ အသတ်ခံရသူများ၊ အလို အလျောက်သေသူများကိုကြည့်၍ မရဏာသတိပွားများရမည်။ ပွားများရာ၌ ရှေးအခါက စည်းစိမ်ချမ်းသာ အထင်အရှားပြည့်စုံကုန်သော သူတို့သည်လည်း သေကြကုန်သေး၏-စသည်ဖြင့် သတိ,သဲဝေဂ,ဉာဏ်ဖြင့်ဆင်ခြင်၍ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အမှတ်ရမှုသတိ၊ ထိတ်လန့်မှုသဲဝေဂ၊ ဆင်ခြင်မှုသမ္ပဇဉ်ဉာဏ်တို့ကို လက်ကိုင်ထားကာ "မရဏ ဘဝိဿတိ" စသည်ဖြင့် အဖန်ဖန်နှလုံးသွင်းဆင်ခြင်နေရပါမည်။ ဤသို့ နှလုံးသွင်းဆင်ခြင်ခြင်းကိုပင် နည်းမှန်လမ်းမှန်နှလုံးသွင်းခြင်းဟု သိမှတ်ရပါမည်။

မရဏာသတိဘာဝနာအစီအရင်

(၈)မျိုး

(၁) ဝဓကပစ္စုပဋ္ဌာန = သူသတ်သမား ရှေးရှုလာသောအားဖြင့်ဆင်ခြင်ခြင်း၊
(၂) သမ္ပတ္တိဝိပတ္တိ = ပြည့်စုံခြင်း,ပျက်စီးခြင်းအားဖြင့် ဆင်ခြင်ခြင်း၊
(၃) ဥပသံဟရဏ = သေခြင်းကို အနီးသို့ဆောင်သောအားဖြင့်ဆင်ခြင်ခြင်း၊
(၄) ကာယဗဟုသာဓာရဏ= ရုပ်ကိုယ်၏ သတ္တဝါအများတို့နှင့် ဆက်ဆံသော အားဖြင့် ဆင်ခြင်ခြင်း၊

(၅) အာယုဒုဗ္ဗလ = အသက်၏အားနည်းသောအားဖြင့် ဆင်ခြင်ခြင်း၊
(၆) အနိမိတ္တ = သေခြင်းသဘော၏ အမှတ်နိမိတ်မရှိသောအားဖြင့် ဆင်ခြင်ခြင်း၊
(၇) အဒ္ဓါနပရိစ္ဆေဒ = သက်တမ်းကာလ အပိုင်းအခြားအားဖြင့်ဆင်ခြင်ခြင်း၊
(၈) ခဏပရိတ္တ = အသက်ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် ဆင်ခြင်ခြင်း၊

၁။ သူသတ်သမား ရှေးရှုလာသောအားဖြင့် ဆင်ခြင်ပုံ

သူသတ်ယောက်ျားသည် "ဤသူ၏ ဦးခေါင်းကို ဖြတ်အံ့" ဟုကြံ၍ သန်လျက်ကိုစွဲကိုင်ပြီး လည်ပင်းဆီသို့ချိန်လျက် ရှေးရှုလာနေသကဲ့သို့ ထို့အတူ သေခြင်းသည်လည်း ရှေးရှုကပ်လျက် တည်နေ၏-ဟု အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရပါမည်။ ဤသို့ ဆင်ခြင်ရခြင်း၏အကြောင်းရင်းမှာ- သေခြင်းသည် ဇာတိနှင့်အတူတကွ ဖြစ်ပေါ်လာခဲ့သောကြောင့်လည်းကောင်း၊ အသက်ကို နှုတ်ယူဆောင်သွားတတ်သောကြောင့်လည်းကောင်း ဖြစ်ပါသည်။

ဇာတိသည် ဇရာမရဏနှင့်အတူ ဖြစ်ပေါ်လာပုံ

ဥပမာအားဖြင့် မွှိုင်သည် မြေမှုန်ကို ထိပ်မှာရွက်၍ ပွင့်လာသကဲ့သို့ ဤအတူ သတ္တဝါတို့သည်လည်း ဇရာ,မရဏဟူသော အိုခြင်း,သေခြင်းကို ယူဆောင်လျက် ဘဝအသစ်ဖြစ်ပေါ်လာကြ၏။

မှန်၏၊ သတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် ဥပါဒ်ပြီးလျှင် ဌီဟုဆိုအပ်သော ဇရာသို့ရောက်၍ တောင်ထွတ်မှပြုတ်ကျသည့်ကျောက်တုံးပမာ အတူဖြစ်ဘက်ခန္ဓာ(ဇာတိ)နှင့်တကွ ပျက်စီးခြင်း(ဘင်)သို့ ရောက်ကြရ၏။ ယင်းကို စိတ်၏ ခဏ, ရုပ်၏ခဏနှင့်ဆိုင်သောသေခြင်း "ခဏိကမရဏ" ဟုခေါ်၏။ ဤခဏိကမရဏသဘောသည် ဇာတိနှင့်အတူတကွ တစ်ပါတည်းဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် "ဇာတိရလျှင် နာကိုနာရမည်။ သေကို သေရမည်" ဟုအဆိုရှိခြင်း ဖြစ်သည်။

ဇာတိသည် မရဏဆီသို့ ဦးတည်သွားနေပုံ

ထို့ပြင် ဇာတိရပြီးသားသတ္တဝါမှန်သမျှ မချွတ်ကေန်သေရကြသဖြင့် ဇီဝိတိန္ဒြေပြတ်စဲခြင်းဟူသော သေခြင်းသဘောသည်လည်း ဇာတိနှင့်အတူတကွ ဖြစ်ပေါ်လာကာ ရပ်တန့်ခြင်း,နောက်သို့ပြန်ဆုတ်ခြင်းမရှိဘဲ မရဏဆီသို့သာ ဦးတည်သွားနေ၏-ဟု ဆိုနိုင်သည်။

ဥပမာ-နေထွက်ပြီးလျှင် ကျိန်းသေနေဝင်ရမည်။ ထို့ကြောင့် နေသည် ထွက်ပေါ်လာသည့်အချိန်မှစ၍ ရပ်တန့်ခြင်း, နောက်သို့ပြန်ဆုတ်ခြင်းမရှိဘဲ နေဝင်ခြင်း ဆီသို့သာ ဦးတည်သွားနေသကဲ့သို့လည်းကောင်း၊ တောင်ကျချောင်းရေသည် တောင်ပေါ်မှကျသည်နှင့် အောက်သို့ ကျိန်းသေရောက်ရမည်။ ထို့ကြောင့် တောင်ကျရေသည် ရပ်တန့်ခြင်း, တောင်ပေါ်သို့ပြန်ရောက်ခြင်းမရှိဘဲ ရှေ့သို့သာ တစ်ရှိန်ထိုး လိမ့်ဆင်းသွားနေသကဲ့သို့လည်းကောင်း ထို့အတူ ဇာတိရသည်နှင့် မချွတ်ကန်သေရမည်ဖြစ်သောကြောင့် ဇာတိသည် ရပ်တန့်ခြင်း, နောက်သို့ ပြန်ဆုတ်ခြင်းမရှိဘဲ မရဏဆီသို့သာ တစ်ရှိန်ထိုး ဦးတည်သွားနေပေ၏။

သေဖို့နီးလာပြီ

နွေရာသီ၌ နေပူရှိန်ကြောင့် မြစ်ချောင်းရေတို့ တဖြည်းဖြည်း ခမ်းခြောက်လာသကဲ့သို့လည်းကောင်း၊ အညာရိုးတံမှ ရေဓာတ်စသည်ရသည့် စွတ်စိုသော သစ်သီးတို့သည် နံနက်ချိန်ခါ၌ ကြွေကျသကဲ့သို့လည်းကောင်း၊ တုတ်စသည်ဖြင့် ရိုက်သောကြောင့် မြေအိုး, မြေခွက်များ ကွဲပျက်ကုန်သကဲ့သို့လည်းကောင်း၊ နေရောင်ခြည်ကြောင့် နှင်းရေပေါက်တို့ သွေ့ခြောက်ကွယ်ပျောက်ကုန်သကဲ့သို့လည်းကောင်း ထို့အတူ သတ္တဝါတို့သည်လည်း အကြောင်းအမျိုးမျိုးကြောင့် အသက်ရှင်နေထိုင်ရမည့်အချိန်ကာလများ တဖြည်းဖြည်းချင်း ကုန်ဆုံးလာပြီး သေဖို့ရန် နီးသည်ထက်နီးလာနေပါပြီ။ သို့အတွက်ကြောင့် သေဖို့ကို ကြိုတင်ပြင်ဆင်ရပေတော့မည်။

သေခြင်းက အသက်ကို နုတ်ဆောင်ယူပုံ

သန်လျက်ချိုမိုးထားသော သူသတ်ယောကျ်ားသည် မိမိ၏ အနီး၌တည်နေသကဲ့သို့ ထို့အတူ ဇာတိနှင့်အတူတကွဖြစ်ပေါ်လာသော မရဏာသည်လည်း မိမိ၏ အနီး၌ပင် တည်ရှိနေ၏။ သူသတ်ယောကျ်ား၏ ဓားသည် အသတ်ခံရမည့်သူ၏ လည်ပင်းဆီသို့ ချိန်ရွယ်၍ ခုတ်ဖြတ်ဘိသကဲ့သို့ သေခြင်းသည်လည်း ဇီဝိတိန္ဒြေခေါ် အသက်ကို ရှေးရှုနုတ်ယူရန် ချိန်ရွယ်နေ၏။ သူသတ်ယောကျ်ား၏ ဓားသည် လည်ပင်းဆီသို့ အရှိန်ဖြင့် ပြင်းစွာခုတ်ပိုင်းရာ၌ ဆုတ်နစ်ခြင်းမရှိသကဲ့သို့ သေခြင်းသည်လည်း အသက်ကိုနုတ်ယူရာ၌ ဆုတ်ဆိုင်းခြင်း, နှောင့်နှေးခြင်းမည်သည် မရှိပေ။ ထို့ကြောင့် "မသေစေလို ငါကဆိုလည်း ဆိုတိုင်းမရ သေကြရ အနတ္တ ခန္ဓာကိုယ်" ဟုဆိုစမှတ်ပြုကြခြင်း ဖြစ်သည်။

သို့ဖြစ်၍ သေခြင်းသည် ဇာတိနှင့်အတူတကွ လာခဲ့သောကြောင့်လည်းကောင်း၊ အသက်ကိုနုတ်ယူ၍ သေခြင်းဆီသို့ ဦးတည်သွားနေသောကြောင့်

လည်းကောင်း၊ ချီမိုးထားသည့် သန်လျက်ရှိသည့် သူသတ်သမားကဲ့သို့ ရှေးရှု မိမိအနီးဌာ ကပ်လျက်တည်ရှိနေသောကြောင့်လည်းကောင်း အသက်သည် သေဖို့ရန် အလွန်လွယ်ကူလှပါသည်။ ဤသို့လျှင် သေခြင်းတရားကို သူသတ်သမားရှေးရှု ကပ်လျက်တည်သောအားဖြင့် အဖန်တလဲလဲ အောက်မေ့ဆင်ခြင်နေရပါမည်။

၂။ ပြည့်စုံခြင်း၊ ပျက်စီးခြင်းအားဖြင့် ဆင်ခြင်ပုံ

ပြည့်စုံမှုမှန်သမျှ အမြဲမတည်

ပြည့်စုံမှု(သမ္ဘတ္တိ) မှန်သမျှသည် ပျက်စီးခြင်း(ဝိပတ္တိ)မပေါ်ပေါက်မီ အတွင်း၌သာ တင့်တယ်ကောင်းမြတ်၏။ ဤလောကဌာန မပျက်စီးဘဲ အမြဲတည်နေသည့် ပြည့်စုံမှုမည်သည် မရှိပေ။ ပြည့်စုံမှုမှန်သမျှ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပျက်စီးခြင်းသို့ မလွဲမသွေရောက်ရပေမည်။

ဇမ္ဗူဒီပ်တစ်ကျွန်းလုံးကို အုပ်စိုးရ၍ ကုဋေပေါင်းများစွာ ချမ်းသာကြွယ်ဝသည့် အသောကဘုရင်မင်းမြတ်သည် နောက်ဆုံးသေခါနီးအချိန်တွင် ဆီးဖြူသီးတစ်ခြမ်းမျှသာ ပိုင်ဆိုင်ရသော-ဟူ၏။

ပရိယောသာနတရား ၄-မျိုး

(၁) သဗ္ဗံ အာရောဂျံ ဗျာဓိပရိယောသာနံ။
အနာကင်း၍ ကျန်းမာခြင်းမှန်သမျှ နာခြင်းလျှင် အဆုံးရှိ၏။
(၂) သဗ္ဗံ ယောဗ္ဗနံ ဇရာပရိယောသာနံ။
ပျိုမျစ်နုနယ် အရွယ်တင်ခြင်းမှန်သမျှ အိုမင်းရင့်ရော်ခြင်းလျှင် အဆုံးရှိ၏။
(၃) သဗ္ဗံ ဇီဝိတံ မရဏပရိယောသာနံ။
အသက်ရှင်ခြင်းမှန်သမျှ သေခြင်းလျှင် အဆုံးရှိ၏။
(၄) သဗ္ဗာသမ္ဘတ္တိယော ဝိပတ္တိပရိယောသာနံ။
ပြည့်စုံခြင်းမှန်သမျှ ပျက်စီးခြင်းလျှင် အဆုံးရှိ၏။

အောက်မေ့ဆင်ခြင်ပုံ

သတ္တဝါအားလုံးတို့ကို ဘဝအသစ်ဖြစ်ခြင်း ဇာတိတရားက အစဉ်လိုက်နေ၏။ အိုခြင်းဇရာတရားက အစဉ်မပြတ်ပူးဝင်ပုံနှံ့နေ၏။ နာခြင်းဗျာဓိတရားက အမြဲမပြတ် လွှမ်းမိုးနှိပ်စက်နေ၏။ သေခြင်းမရဏတရားက အချိန်မရွေး ပြင်းစွာပုတ်ခတ်ရိုက်သတ်နိုင်၏။ ဤသို့လျှင် အသက်ရှင်ခြင်းဟူသော ပြည့်စုံခြင်း သမ္ဘတ္တိ

သည် သေခြင်းဟူသောပျက်စီးခြင်း ဝိပ္ပတ္တိလျှင်အဆုံးရှိသည်၏အဖြစ်ကို ပိုင်းခြားသတ်မှတ်၍ ပြည့်စုံခြင်း,ပျက်စီးခြင်းအားဖြင့်လည်း သေခြင်းသဘောကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရပါမည်။

၃။ သေခြင်းကို အနိုးသို့ဆောင်သောအားဖြင့် ဆင်ခြင်ပုံ

ဥပသံဟရဏာ=အနိုးသို့ဆောင်သောအားဖြင့်-ဟူသည်မှာ သေလွန်ကုန်ပြီးသော သူတစ်ပါးတို့နှင့်တကွ မိမိ၏သေခြင်းကို အနိုးသို့ဆောင်သောအားဖြင့် ရှုမှတ်ခြင်းကို ဆိုလို၏။ ဤသို့ရှုမှတ်ရာ၌ ရှုမှတ်ပုံအခြင်းအရာ(၇)မျိုး ရှိ၏။ ယင်းတို့မှာ-

(၁) ယသမဟတ္တ = အခြံအရံများခြင်းဖြင့် ဆင်ခြင်ပုံ
(၂) ပုညမဟတ္တ = ဘုန်းကံကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ
(၃) ထာမမဟတ္တ = ခွန်အားကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ
(၄) ဣဒ္ဓိမဟတ္တ = တန်ခိုးကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ
(၅) ပညာမဟတ္တ = ပညာကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ
(၆) ပစ္စေကဗုဒ္ဓကို ပမာထား၍ ဆင်ခြင်ပုံ
(၇) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုပမာထား၍ ဆင်ခြင်ပုံ တို့ဖြစ်သည်။

(၁) အခြံအရံများခြင်းဖြင့် ဆင်ခြင်ပုံ

သေခြင်းတရားသည် အခြံအရံ, အကျော်အစော, စည်းစိမ်ဥစ္စာများစွာရှိသော မဟာသမ္မတမင်း၊ မန္ဓာတ်မင်း၊ မဟာသုဒဿနမင်း၊ ဒဠှနေမိမင်း၊ နိမိမင်း အစရှိသောမင်းတို့၏ အထက်၌သော်လည်း ကြောက်ရွံထိတ်လန့်ခြင်းမရှိဘဲ ရဲရဲကြီးကျရောက်တုံသေး၏။ ငါ့အပေါ်၌ကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟု ဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

(၂) ဘုန်းကံကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ

ဧောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ အနာထပိဏ်၊ ဓနဉ္စယစသော သူဌေးကြီးများနှင့် ဥဂ္ဂါသူကြွယ်တို့လို လောကဓံ ဘုန်းကံလွန်စွာကြီးမားကြသည့် ပုဂ္ဂိုလ်ကြီးများပင် သေမင်းခံတွင်းသို့ သက်ဆင်းရတုံသေး၏။ ငါသို့သော သာမန်ပုဂ္ဂိုလ်မူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟု ဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

(၃) ခွန်အားကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ

လွန်စွာခွန်အားကြီးမားကြကုန်သော ဝါသုဒေဝမင်း၊ ဗလဒေဝမင်း၊ ဘီမသေန

မင်း၊ ယုဓိဋ္ဌိလမင်း၊ လက်ဝှေ့သမား စာနုရ-စသောပုဂ္ဂိုလ်တို့သည်ပင် သေမင်းနိုင်ငံသို့ ရောက်ကြရကုန်သေး၏။ ငါသို့သောသူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟုဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

(၄) <u>တန်ခိုးကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ</u>

တန်ခိုးအရာတွင် အသာဆုံးအမြတ်ဆုံးဖြစ်သော အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလာန်ထေရ်သည် သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်ကို ခြေမတော်ဖြင့် ညှပ်၍ တုန်လှုပ်နိုင်စွမ်းရှိ၏။ ဤသို့ တန်ခိုးကြီးမားသော မထေရ်မြတ်ကြီးသည်ပင် ခြေသို့ခံတွင်း သက်ဆင်းရသည့် သားသမင်ကဲ့သို့ ကြမ်းကြုတ်လှစွာသော သေမင်းခံတွင်းသို့ တန်ခိုးတော်များနှင့်တကွ သက်ဆင်းရတုံသေး၏။ ငါသို့သောသူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟုဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

(၅) <u>ပညာကြီးမားခြင်းဖြင့် ဆင်ခြင်ပုံ</u>

မြတ်စွာဘုရားမှတစ်ပါး သတ္တဝါအားလုံးတို့၏ ဉာဏ်ပညာများသည် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ဉာဏ်တော်တစ်ဆယ့်ခြောက်စိတ် တစ်စိတ်ကိုမျှ မမှီနိုင်ကုန်။ ဤသို့ ဉာဏ်ပညာအရာကြီးမြတ်လှသည့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည်ပင် သေမင်းနိုင်ငံသို့ ရောက်ရတုံသေး၏။ ငါသို့သောသူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟုဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

(၆) <u>ပစ္စေကဗုဒ္ဓါကိုပမာထား၍ ဆင်ခြင်ပုံ</u>

မိမိ၏ဉာဏ်,ဝီရိယအစွမ်းဖြင့် ကိလေသာရန်မှန်သမျှကို ပယ်ဖျက်၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူကြသော, တစ်ပါးတည်းသာ နေလေ့ရှိသဖြင့် တစ်ချောင်းတည်းပေါက်သော ကြံ့ချိုနှင့်တူတော်မူသော, ကိုယ်ပိုင်ဉာဏ်ဖြင့်သာ သစ္စာလေးပါးကို သိတော်မူကြသဖြင့် သယမ္ဘူအမည် ရရှိတော်မူကြကုန်သော ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့သည်ပင် သေခြင်းမှ မလွတ်မြောက်နိုင်ပေ။ ငါသို့သောသူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟုဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

(၇) <u>သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကိုပမာထား၍ ဆင်ခြင်ပုံ</u>

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်တို့မည်သည် လက္ခဏာတော်ငယ်ရှစ်ဆယ်၊ မဟာပုရိသလက္ခဏာတော် သုံးဆယ့်နှစ်ပါးနှင့် ပြည့်စုံခြင်းဟူသော ရူပကာယ

ရှိတော်မူပါပေ၏။ အခြင်းခပ်သိမ်း ထက်ဝန်းကျင်စင်ကြယ်သော သီလအစရှိသော ဂုဏ်ရတနာတို့နှင့် ပြည့်စုံခြင်းဟူသော ဓမ္မကာယလည်းရှိတော်မူပါပေ၏။ အခြံအရံအကျော်အစောများခြင်း, ဘုန်းကံကြီးမားခြင်း, ခွန်အားကြီးမားခြင်း, တန်ခိုးကြီးမားခြင်း, ပညာကြီးမားခြင်းတို့၏ ခေါင်ထိပ်တစ်ဖက်ကမ်းသို့လည်း ရောက်တော်မူပါပေ၏။ ဘုရားရှင်နှင့်တူသောသူ မရှိ၊ ရှေးဘုရား, နောင်ပွင့်တော်မူမည့် ဘုရားရှင်တို့နှင့်သာ ဂုဏ်အားဖြင့်တူတော်မူ၍ ပြိုင်ဘက်ပုဂ္ဂိုလ်မှန်သမျှနှင့် မည်သို့မျှ တူညီခြင်းမရှိပေ။ ပြိုင်ဘက်ပုဂ္ဂိုလ်တို့သည်လည်း မယှဉ်နိုင်,မတုပနိုင်ပေ။

ထို့ပြင် ကိလေသာတို့မှ ဝေးကွာတော်မူ၍ ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍သိတော်မူပါပေ၏။ ဤသို့သော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်သည်ပင် ရေအယဉ်မိုး ရွာသွန်းဖြိုးခံရသည့် မီးပုံကြီးပမာ မရဏာမိုးကိန်းဖြင့် ခန္ဓာတော်ငြိမ်းရတုံသေး၏။ ငါသို့သော သာမန်ပုဂ္ဂိုလ်ကား အဘယ်ဆိုဖွယ်ရာရှိပါတောအံ့နည်း-ဟု ဆင်ခြင်၍ သေခြင်းတရားကို အဖန်တလဲလဲ အောက်မေ့နေရပါမည်။

ဆောင်။ နီလဇ္ဈံ ဝိတသာရဇ္ဈံ ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

မရဏံ၊ သေမင်းသည်။ နီလဇ္ဈံ၊ အရှက်မရှိ။ ဝိတသာရဇ္ဈံ၊ ကြောက်ရွံ့ခြင်းလည်းမရှိ။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ သတ္တဝါအားလုံးတို့၏ အသက်ကို နှိပ်စက်ခြင်းငှာ အားမနာ။ တယိဒံ၊ ထိုအရှက်မရှိ, မကြောက်တတ်, အားမနာတတ်သော သေမင်းသည်။ မာဒိသံ သတ္တံ၊ ငါသို့သောသတ္တဝါကို။ ကထံ၊ အဘယ်သို့လျှင်။ နာဘိဘဝိဿတိ၊ မနှိပ်စက်ဘဲရှိပါအံ့နည်း။ ဘဝိဿတိဧဝ၊ နှိပ်စက်မည်သာတည်း။

၄။ ရုပ်ကိုယ်၏ သတ္တဝါအများနှင့်ဆက်ဆံသောအားဖြင့် ဆင်ခြင်ပုံ

ဤရုပ်,ဤခန္ဓာကိုယ်သည် ပိုးမျိုးရှစ်ဆယ်တို့နှင့် ဆက်ဆံလျက်ရှိ၏။ ထိုပိုးမျိုးတို့တွင် အချို့ပိုးတို့သည် အရေပါးကို စားသောက်ကြ၏။ အချို့ပိုးတို့သည် အရေထူကို စားသောက်ကြ၏။ အချို့ပိုးတို့သည် အသားကို စားသောက်ကြ၏။ အချို့ပိုးတို့သည် အကြောကို စားသောက်ကြ၏။ အချို့ပိုးတို့သည် အရိုးကို စားသောက်ကြ၏။ အချို့ပိုးတို့သည် ခြင်ဆီကို စားသောက်ကြ၏။ ပိုးအားလုံးတို့သည် ဤခန္ဓာကိုယ်၌ပင် မိုတင်းနေထိုင်ကြကုန်လျက် ပေါက်ဖွားကြ, နာကြ,အိုကြ,သေကြရကုန်၏။ ကျင်ကြီး,ကျင်ငယ်တို့ကိုလည်း ခန္ဓာကိုယ်အတွင်း၌ပင် စွန့်ပစ်ကြကုန်၏။ ထို့ကြောင့်

ဤခန္ဓာကိုယ်ကြီးသည် ပိုးအပေါင်းတို့၏ သားဖွားခန်း၊ သူနာရံ၊ သူအိုရံ၊ သုသာန်၊ ကျင်ကြီးအိမ်၊ ကျင်ငယ်ခွက်ဖြစ်လျက်နေ၏။ ဤကိုယ်သည် ယင်းပိုးအပေါင်းတို့၏ ပျက်စီးခြင်းကြောင့် သေနိုင်၏။ ပိုးတို့ကြောင့်သာ သေနိုင်သည်မဟုတ်သေး။ ခန္ဓာကိုယ်အတွင်းရှိ အခြားအနာရောဂါအမျိုးမျိုးတို့ကြောင့်လည်း သေနိုင်သည်။

ထို့ပြင် ခန္ဓာကိုယ်ပြင်ပရှိ မြွေ၊ကင်းစသည်တို့၏ အန္တရာယ်တို့ကြောင့်လည်း သေနိုင်၏။ ဥပမာအားဖြင့် လမ်းဆုံလမ်းခွ၌ စိုက်ထောင်ထားသော ပစ်ကွင်းမှတ်တိုင်ကို အရပ်လေးမျက်နှာမှ ပစ်လွှတ်အပ်သော မြား၊လှံ၊ကျောက်ခဲစသည်တို့သည် ထိမှန်နိုင်သကဲ့သို့ ထို့အတူ ဤခန္ဓာကိုယ်သည်လည်း အလုံးစုံသော ဘေးရန်ဥပဒ္ဒဝေါတို့ ကျရောက်နိုင်၏။ ကျရောက်သည်နှင့် သေမည်သာဖြစ်၏။

အောက်မေ့ဆင်ခြင်ပုံ

ထို့ကြောင့် မြတ်စွာဘုရား၌က -

"ရဟန်းတို့...ဤသာသနာတော်၌ ရဟန်းသည် နေ့ကုန်၍ ညဉ့်အချိန်သို့ ရောက်လတ်သော် ဤသို့ ဆင်ခြင်၏။ ငါ့မှာ သေခြင်း၏အကြောင်းတို့သည် များလှကုန်၏။ မြွေသည်မူလည်း ငါ့ကို ကိုက်ရာ၏။ ကင်းမြီးကောက်သည်လည်း ငါ့ကို ထိုးရာ၏။ ကင်းခြေများသည်လည်း ငါ့ကို ကိုက်ရာ၏။ ထို့ကြောင့် ငါ့အား သေခြင်းဖြစ်ရာ၏။ ထိုသေခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏။ ငါစားထားသည့် အစာသည်မူလည်း ဖောက်ပြန်ရာ၏။ ငါ၏ သည်းခြေသည်မူလည်း ပျက်ရာ၏။ ငါ၏ သလိပ်သည်မူလည်း ပျက်ရာ၏။ ငါ၏ ဓားနှင့်တူသောလေတို့သည်မူလည်း ပျက်ကုန်ရာ၏။ ခြေချော်ခြင်းစသော အကြောင်းတို့ကြောင့် ငါ့အား သေခြင်းသည်လည်း ဖြစ်ရာ၏။ ထိုသေခြင်းသည် ငါ့အား အန္တရာယ်ဖြစ်ရာ၏"

ဟူ၍ ဟောတော်မူ၏။ ဤဟောတော်မူချက်ကို နှလုံးသွင်း၍လည်း ဆင်ခြင်ရပါမည်။

၅။ အသက်၏အားနည်းသောအားဖြင့် ဆင်ခြင်ပုံ

အသက်မည်သည် အားမရှိ၊ အလွန်အားနည်း၏။ အသက်သည် အားနည်း၍သာ အကြောင်းအမျိုးမျိုးကြောင့် သေခြင်းဖြစ်သည်။ မှန်၏၊ သတ္တဝါတို့၏ ဤအသက်သည် -

- ထွက်လေ၊ဝင်လေကြောင့်လည်း သေနိုင်၏။
- ဣရိယာပုထ်ကြောင့်လည်း သေနိုင်၏။

- အအေး,အပူကြောင့်လည်း သေနိုင်၏။
- မဟာဘုတ်ကြောင့်လည်း သေနိုင်၏။
- အာဟာရကြောင့်လည်း သေနိုင်၏။

ထွက်လေ,ဝင်လေကြောင့် သေနိုင်ပုံ

အသက်သည် ထွက်လေ,ဝင်လေတို့ ပုံမှန်အတိုင်းဖြစ်နေလျှင် မပြတ်ဆက်၍ ဖြစ်နိုင်၏။ ဆက်လက် ရှင်သန်နိုင်၏။ အကယ်၍ ပြင်ပသို့ထွက်သောလေသည် အတွင်းသို့ ပြန်မဝင်လျှင် အသက်သေနိုင်၏။ အတွင်းသို့ဝင်သောလေသည် အပြင်သို့ ပြန်မထွက်နိုင်လျှင်လည်း အသက်သေနိုင်၏။ ထို့ကြောင့် အသက်သည် ထွက်လေ,ဝင်လေကြောင့်လည်း သေနိုင်သည်-ဟု ဆင်ခြင်ပြီး သေခြင်းသဘောကို အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

ကျရိယာပုထ်ကြောင့် သေနိုင်ပုံ

အသက်သည် ကျရိယာပုထ်လေးပါး ညီညွတ်မျှတနေလျှင် မပြတ်ဆက်၍ ဖြစ်နိုင်၏။ ဆက်လက် ရှင်သန်နိုင်၏။ အကယ်၍ ကျရိယာပုထ်တစ်ခုတည်းလွန်ကဲနေလျှင်, ဆိုပါစို့.. အထိုင်များနေလျှင် အာယုသင်္ခါရခေါ် အသက်ဆိုင်ရာ ရုပ်နာမ်တို့သည် ပြတ်စဲသွားနိုင်၏။ ထို့ကြောင့် အသက်သည် ကျရိယာပုထ်ကြောင့်လည်း သေနိုင်သည်-ဟု ဆင်ခြင်ပြီး သေခြင်းသဘောကို အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

အအေး,အပူကြောင့် သေနိုင်ပုံ

အသက်သည် အအေး,အပူတို့ ညီညွတ်မျှတနေလျှင် မပြတ်ဆက်၍ ဖြစ်နိုင်၏။ ဆက်လက် အသက်ရှင်နိုင်၏။ အကယ်၍ အအေးဖြစ်စေ,အပူဖြစ်စေ များပြားလွန်ကဲနေပါက ဤရုပ်ကိုယ်သည် ဖောက်ပြန်ပျက်စီး၍ သေနိုင်သည်။ ထို့ကြောင့် အသက်သည် အအေး,အပူကြောင့်လည်း သေနိုင်သည်-ဟုဆင်ခြင်ပြီး သေခြင်းသဘောကို အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

မဟာဘုတ်ကြောင့် သေနိုင်ပုံ

အသက်သည် မဟာဘုတ်လေးပါး အညီအမျှဖြစ်နေလျှင် မပြတ်ဆက်၍ ဖြစ်နိုင်၏။ ဆက်လက် ရှင်သန်နိုင်၏။ အကယ်၍ မဟာဘုတ်လေးပါးတို့တွင် ပထဝီဓာတ်လွန်ကဲနေလျှင် ခက်မာသောကိုယ်ရှိသည်ဖြစ်၍ အသက်သေနိုင်၏။ ထို့အတူ အာပေါဓာတ်လွန်ကဲနေလျှင် ဝမ်းသွားခြင်းစသောရောဂါကြောင့် စိုစွတ်လျက် ပုပ်သောကိုယ်ရှိသည်ဖြစ်၍ အသက်သေနိုင်၏။ တေဇောဓာတ်လွန်ကဲနေ

လျှင် ပြင်းစွာပူလောင်မှု ဒုက္ခတို့ကို ခံစားရပြီး အသက်သေနိုင်၏။ ဝါယောဓာတ် လွန်ကဲနေလျှင် အစပ်အဖွဲများပြတ်တောက်ပြီး အသက်သေနိုင်၏။ ထို့ကြောင့် အသက်သည် မဟာဘုတ်ကြောင့်လည်း သေနိုင်သည်-ဟု ဆင်ခြင်ပြီး သခြင်းသဘောကို အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

အာဟာရကြောင့် သေနိုင်ပုံ

အသက်သည် အစာအာဟာရ စားချိန်ရောက်လျှင် စားသောက်သင့်သော အစာအာဟာရကို စားသောက်သောသူအား သာ အဆက်မပြတ် ဖြစ်ပေါ်နိုင်၏။ ဆက်လက် ရှင်သန်နိုင်၏။ အကယ်၍ စားချိန်ရောက်နေပါလျက် စားသောက်ရမည့် အစာအာဟာရ မရှိလျှင်ဖြစ်စေ, အစာအာဟာရရှိသော်လည်း မစားနိုင်, မသောက်နိုင်ဖြစ်နေလျှင်ဖြစ်စေ အသက်သေနိုင်၏။ ထို့ကြောင့် အသက်သည် အာဟာရကြောင့်လည်း သေနိုင်သည်-ဟု ဆင်ခြင်ပြီး သခြင်းသဘောကို အဖန်ဖန် အထပ်ထပ် အောက်မေ့နေရပါမည်။

၆။ အမှတ်နိမိတ်မရှိသောအားဖြင့် ဆင်ခြင်ပုံ

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဋ္ဌေတေ ဇီဝလောကသ္မိံ ၊ အနိမိတ္တာ နု နာယရေ။

ဇီဝိတဉ္စ၊ အသက်လည်းကောင်း။ ဗျာဓိ စ၊ အနာရောဂါလည်းကောင်း။ ကာလော စ၊ သေရမည့်အချိန်ကာလကိုလည်းကောင်း။ ဒေဟနိက္ခေပနဉ္စ၊ သေ၍ ကိုယ်ကောင်ကျရာအရပ်ကိုလည်းကောင်း။ ဂတိ၊ သေပြီးနောက် လားရောက်ရမည့် ဂတိကိုလည်းကောင်း။ ဧတေပဉ္စ၊ ဤငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ သတ္တလောကဌ်။ အနိမိတ္တာ၊ အမှတ်နိမိတ်မရှိသည်ဖြစ်၍။ နု နာယရေ၊ မသိအပ်,မသိနိုင်ကြကုန်။

သတ်မှတ်ချက်မရှိသော တရားငါးမျိုး

သတ္တဝါတို့အား -
(၁) အသက်သတ်မှတ်ချက် မရှိပေ။
(၂) သေရမည့်အနာရောဂါသတ်မှတ်ချက် မရှိပေ။
(၃) သေရမည့်ကာလသတ်မှတ်ချက် မရှိပေ။
(၄) သေ၍ကိုယ်ကောင်ကျရာအရပ်သတ်မှတ်ချက် မရှိပေ။
(၅) သေပြီးနောက် လားရောက်ရမည့်ဂတိသတ်မှတ်ချက် မရှိပေ။

(၁) အသက်သတ်မှတ်ချက်မရှိသောအားဖြင့် ဆင်ခြင်ပုံ

အသက်သည် "ဤရွေ့ဤမျှသာ ရှင်နိုင်သည်။ ဤမှနောက်၌ မရှင်နိုင်" ဟု အပိုင်းအခြားမရှိခြင်းကြောင့် သတ်မှတ်ချက် မရှိပေ။

မှန်၏။ သတ္တဝါတို့သည် ကလလရေကြည် တည်ကာစ၌လည်း သေကြ၏။ အမြှုပ်ကာလ, သားတစ်ကာလ, တစ်ခဲနက်ကာလ, တစ်လကာလအတွင်း, နှစ်လ, သုံးလ, လေးလ, ငါးလ, ဆယ်လအတွင်း၌လည်း သေကြ၏။ မွေးဖွားပြီးနောက်၌လည်း သေကြ၏။ သက်တမ်းတစ်ရာအတွင်း, သက်တမ်းရာကျော်အတွင်း၌လည်း သေကြ၏။ ဤသို့ သေရမည့်အသက် သတ်မှတ်ချက်မရှိသောအားဖြင့်လည်း သေခြင်းသဘောကိုဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

(၂) အနာရောဂါသတ်မှတ်ချက်မရှိသောအားဖြင့် ဆင်ခြင်ပုံ

အနာရောဂါသည် "ဤအနာရောဂါဖြင့်သာ သတ္တဝါတို့ သေကုန်၏။ အခြားအနာရောဂါဖြင့် မသေကုန်" ဟု အပိုင်းအခြားမရှိခြင်းကြောင့် သတ်မှတ်ချက်မရှိပေ။

မှန်၏။ သတ္တဝါတို့သေဆုံးကြရာ၌ မျက်စိရောဂါကြောင့်လည်း သေကြ၏။ နားရောဂါကြောင့်လည်း သေကြ၏။ အနာရောဂါအမျိုးမျိုးရှိရာ တစ်မျိုးမျိုးသော အနာရောဂါဖြင့် သေဆုံးနေကြ၏။ ဤသို့လျှင် သေရမည့်အနာရောဂါ သတ်မှတ်ချက်အမြဲမရှိသောအားဖြင့်လည်း သေခြင်းသဘောကိုဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

(၃) ကာလသတ်မှတ်ချက်မရှိသောအားဖြင့် ဆင်ခြင်ပုံ

သတ္တဝါတို့ သေရမည့်အချိန်ကာလသည် "နံနက်ပိုင်း အချိန်ကာလ၌သာ သေမည်။ အခြားသောအချိန်ကာလတို့၌ မသေကြ" ဟု အပိုင်းအခြားမရှိခြင်းကြောင့် သတ်မှတ်ချက်မရှိပေ။

မှန်၏။ သတ္တဝါတို့သည် နံနက်ပိုင်းအချိန်ကာလ၌ဖြစ်စေ, နေ့လည်ပိုင်းအချိန်ကာလ၌ဖြစ်စေ, ညနေပိုင်းအချိန်ကာလ၌ဖြစ်စေ အချိန်မရွေး အခါမရွေး ကာလမရွေး သေဆုံးနေကြ၏။ ဤသို့လျှင် သေရမည့်အချိန်ကာလ သတ်မှတ်ချက်မရှိသောအားဖြင့်လည်း သေခြင်းသဘောကိုဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

(၄) ကိုယ်ကျရာအရပ် သတ်မှတ်ချက်မရှိသောအားဖြင့် ဆင်ခြင်ပုံ

သတ္တဝါတို့၏ ကိုယ်ကောင်ကျ၍ သေဆုံးရာအရပ်သည် "ဤသူတို့၏ ကိုယ်သည် ဤအရပ်၌သာ ကျ၍သေဆုံးရာ၏။ အခြားအရပ်၌ ကိုယ်ကောင်ကျ၍ မသေ

ဆုံးရ''ဟု အပိုင်းအခြားမရှိခြင်းကြောင့် သတ်မှတ်ချက် မရှိပေ။

မှန်၏၊ ရွာတွင်း၌ မွေးသောသူသည် ရွာပြင်ပ၌ ကိုယ်ကောင်ကျ၍ သေဆုံးနိုင်၏။ ရွာပြင်ပ၌ မွေးသောသူသည်လည်း ရွာတွင်း၌ ကိုယ်ကောင်ကျ၍ သေဆုံးနိုင်၏။ ထို့အတူ တောမှာမွေးသောသူသည် မြို့အရပ်၌ သေနိုင်၏။ မြို့မှာမွေးသောသူသည်လည်း တော၌ သေနိုင်၏။ ကုန်းပေါ်မှာ မွေးသောသူသည် ရေ၌သေနိုင်၏။ ရေ၌မွေးသောသူသည်လည်း ကုန်းပေါ်မှာ သေနိုင်၏။ ဤသို့စသည်ဖြင့် သတ္တဝါတို့၏ ကိုယ်ကောင်ကျ၍ သေဆုံးရာအရပ် သတ်မှတ်ချက်မရှိသောအားဖြင့်လည်း သေခြင်းသဘောကို ဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် အောက်မေ့ရပါမည်။

(၅) ဂတိသတ်မှတ်ချက်မရှိသောအားဖြင့် ဆင်ခြင်ပုံ

သတ္တဝါတို့ သေပြီးနောက် လားရောက်ရမည့်ဂတိသည် ''ဤလူပြည်မှ စုတေသောသူသည် လူပြည်၌သာ ဖြစ်ရာ၏''စသည်ဖြင့် အပိုင်းအခြားမရှိခြင်းကြောင့် သတ်မှတ်ချက် အမြဲမရှိပေ။

မှန်၏၊ သတ္တဝါတို့သေဆုံးပြီးနောက် ဂတိငါးပါးရှိသည့်အနက် ဂတိတစ်မျိုးမျိုးသို့ ရောက်ကြရ၏။ နတ်ပြည်မှ စုတေသောသူသည် နတ်ပြည်၌လည်း ပြန်၍ဖြစ်နိုင်၏။ လူပြည်သို့လည်း ရောက်နိုင်၏။ ဆုံးလည်နွားပမာ ဂတိငါးပါး၌ တဖြောင်းဖြောင်း တအပြန်ပြန် ကျင်လည်နေကြရ၏။ ဤသို့လျှင် လားရာဂတိသတ်မှတ်ချက်မရှိသောအားဖြင့်လည်း သေခြင်းသဘောကို ဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် အောက်မေ့ရပါမည်။

၇။ သက်တမ်းကာလ အပိုင်းအခြားအားဖြင့် ဆင်ခြင်ပုံ

ယခုအခါ လူတို့၏သက်တမ်းကာလသည် အလွန်တိုတောင်းလှသည်။ အသက်ရှည်သူပင် အနှစ်တစ်ရာ, အနှစ်တစ်ရာထက် အနည်းငယ်ပိုလွန်၍သာ နေနိုင်ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်က -

''ရဟန်းတို့...၊လူတို့၏ ဤအသက်သည် နည်းစွ၊ တိုတောင်းစွ။ နောင်တမလွန်လောကသို့ မကြာမီပင် သွားရချေတော့မည်။ ကုသိုလ်ကို ပြုသင့်၏။ မြတ်သောအကျင့်ကို ကျင့်သင့်၏။ ဘဝအသစ်ဖြစ်ပြီးသောသူ၏ မသေခြင်းမည်သည် မရှိချေ။ ရဟန်းတို့..၊ အကြင်သူသည် ရှည်စွာအသက်ရှင်နေ၏။ ထိုသူသည် အနှစ်တစ်ရာထက်ပိုလွန်၍ အနည်းငယ်သော်လည်း အသက်ရှင်၏''ဟူ၍လည်းကောင်း၊

"ယခုအခါ လူတို့၏အသက်သည် နည်းလှ တိုတောင်းလှ၏။ ထိုအသက်ကို ကောင်းသောအမြော်အမြင်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ရှုတ်ချရာ၏။ ဦးခေါင်းကို မီးလောင်နေသောသူကဲ့သို့ လျင်စွာကျင့်ရာ၏။ သေခြင်း၏ မလာခြင်းမည်သည် မရှိချေ" ဟူ၍လည်းကောင်း ဟောတော်မူထားပါသည်။

သက်တမ်းတိုသောကြောင့် စိတ်မချရပုံ

တစ်ညဉ့်,တစ်နေ့မျှ အသက်ရှင်နေသော အချိန်တိုအတွင်း၌လည်းကောင်း၊ တစ်နေ့မျှ အသက်ရှင်နေသော အချိန်တိုအတွင်း၌လည်းကောင်း၊ ဆွမ်းတစ်နပ်စားချိန်, ဆွမ်းလေးလုပ် ငါးလုပ်ဝါးမျိုခိုက်အချိန်, ဆွမ်းတစ်လုပ်ဝါးမျိုခိုက်အချိန် အသက်ရှင်နေသော အချိန်တိုအတွင်း၌လည်းကောင်း၊ အသက်ရှူသွင်းပြီး၍ ရှိုက်ထုတ်နေစဉ်, ရှိုက်ထုတ်ပြီး၍ ရှူသွင်းနေစဉ် အသက်ရှင်နေသော အချိန်တိုအတွင်း၌လည်းကောင်း ဘုရားရှင်၏ အဆုံးအမတော်ကို နှလုံးသွင်းနိုင်သောသူသည် ဘုရားစကားတော်ကို များစွာလိုက်နာသူ ဖြစ်ပေ၏-ဟု ဟောတော်မူသောကြောင့် အသက်ရှင်ရာ အချိန်ကာလသည် ဆွမ်းလေးလုပ်ငါးလုပ် စားမျိုခိုက်၌ပင် စိတ်မချရအောင် တိုတောင်းလှပါသည်။

ဤသို့လျှင် သက်တမ်းတိုရာ အပိုင်းအခြားအားဖြင့်လည်း သေခြင်းသဘောကို ဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် အောက်မေ့နေရပါမည်။

၈။ အသက်ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် ဆင်ခြင်ပုံ

ပရမတ္ထအားဖြင့်ဆိုရပါမူ သတ္တဝါတို့၏ အသက်ရှင်ဆဲခဏသည် လွန်စွာတိုတောင်းလှ၏။ သတ္တဝါတို့၏အသက်သည် စိတ္တက္ခဏတစ်ချက်မျှသာ အသက်ရှည်၏။

ဥပမာအားဖြင့်- ရထားလှည်းဘီးသည် လှိမ့်သွားနေစဉ်အခိုက်၌ဖြစ်စေ, ရပ်တန့်နေစဉ်အခိုက်၌ဖြစ်စေ မြေကြီးနှင့်ထိစပ်နေသည့် ရထားလှည်းဘီးအကွပ်တကူ၏ တစ်စိတ်တစ်ပိုင်းသာ လှိမ့်သွားနေ, ရပ်တန့်နေသကဲ့သို့ ဖြစ်ချေ၏။ ဤဥပမာနှင့်အလားတူစွာပင် သတ္တဝါတို့၏စိတ်သည် တစ်ခုသောစိတ်၏ခဏနှင့်သာ ယှဉ်နေ၏။ ထိုစိတ်ချုပ်သည်နှင့် သတ္တဝါလည်းသေလေတော့၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်က -

"လွန်ပြီးသော အတိတ်စိတ်၏ခဏာဒ္ဓသာ ရှင်ခဲ့ပြီ၊ ရှင်ဆဲမဟုတ်၊ ရှင်လတ္တံ့ မဟုတ်။ မလာသေးသော အနာဂတ်စိတ်၏ခဏာဒ္ဓ ရှင်ပြီးမဟုတ်၊ ရှင်ဆဲမဟုတ်၊ ရှင်လတ္တံ့ပေတည်း။ အကြောင်းကိုစွဲ၍ ဖြစ်ဆဲ ပစ္စုပ္ပန်စိတ်၏ ခဏာဒ္ဓ ရှင်ပြီးမဟုတ်၊ ရှင်ဆဲပေတည်း၊ ရှင်လတ္တံ့ မဟုတ်။"

"အသက်သည်လည်းကောင်း၊ အတ္တဘောကိုယ်-ဟုခေါ်သော နာမ်ရုပ်အပေါင်းသည်လည်းကောင်း၊ ချမ်းသာနှင့်ဆင်းရဲတို့သည်လည်းကောင်း သက်သက် သီးခြားသဘောတရားပေတည်း။ တစ်ခုတစ်ခုသောစိတ်နှင့် ယှဉ်လျက်ပြိုင်လျက် ဖြစ်ဆဲဖြစ်ကုန်၏။ ထိုအသက်စသည်တို့၏ခဏသည် တိုတောင်းလျင်မြန်စွာ ဖြစ်၏။"

"သေဆဲပုဂ္ဂိုလ်၏ ချုပ်လေကုန်သော အကြင်ခန္ဓာတို့သည်လည်းကောင်း၊ ဤလောကဌ ရှင်လျက်တည်ဆဲပုဂ္ဂိုလ်၏ ချုပ်လေကုန်သော အကြင်ခန္ဓာတို့သည်လည်းကောင်း ရှိကြကုန်၏။ အလုံးစုံလည်းဖြစ်ကုန်သော ခန္ဓာနှစ်မျိုးတို့သည် ချုပ်ခြင်း,ပျက်ခြင်းအားဖြင့် တူညီကုန်၏။ ချုပ်ပျက်သွားပြီးသော ခန္ဓာတို့သည် ပြန်၍စပ်ခြင်း ပေါ်လာခြင်း တို့မည်သည် မရှိကြပေ။"

"မဖြစ်သေးသောစိတ်ဖြင့် ဖြစ်သည် ရှင်သည်မဟုတ်၊ ဖြစ်ဆဲစိတ်ဖြင့်သာ ရှင်နေ၏။ ထိုဖြစ်ဆဲစိတ်၏ ပျက်ခြင်းကြောင့် သတ္တဝါဟူသော လောကသည် သေသည်မည်၏။ သို့သော်လည်း 'တိသ္သရှင်နေသည်' ဤသို့စသည်ဖြင့် သန္တာန၀ယတ်သည် ရှင်ဆဲစိတ်ကို ရည်ရွယ်သောကြောင့် ပရမတ္ထသဘောအားဖြင့် အမှန်ဖြစ်ပေ၏။"

ဟူ၍ ဟောကြားတော်မူခဲ့လေသည်။

ဤသို့လျှင် မရဏာနုဿတိ ဘာ၀နာပွားများကြောင်း အခြင်းအရာ ၈-ပါးတို့တွင် တစ်ပါးပါးသောအခြင်းအရာဖြင့် သေခြင်းတရားကို အဖန်ဖန်ရှုမှတ်သည်ရှိသော် ယောဂီ၏စိတ်သည် နှလုံးသွင်းမှု၏အစွမ်းဖြင့် အထုံရလာပြီး အမှတ်ရမှုသတိသည်လည်း ကောင်းစွာထင်လာပေါ်လာ၏။ နိ၀ရဏတရားများကင်းကွာ၍ စျာန်အင်္ဂါများလည်း ထင်ရှားစွာဖြစ်ပေါ်လာ၏။

ဥပစာရစျာန်သို့သာ ရောက်နိုင်ခြင်း အကြောင်း

ဤမရဏာနုဿတိဘာဝနာသည် သေခြင်းဟူသောအာရုံ၏ သဘောတရား ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ထိတ်လန့်ဖွယ်ဖြစ်ခြင်းကြောင့်လည်းကောင်း အပွနာသို့မရောက်ဘဲ ဥပစာရစျာန်သို့သာ ရောက်နိုင်ပါသည်။

[သဘာဝမမ္မတ္တာ ပန သံဝေဇနီယတ္တာ စ အာရမ္မဏသ အပ္ပနံ အပ္ပတ္တာ ဥပစာရမတ္တ-မေဝ ဈာနံ ဟောတိ။ (ဝိသုဒ္ဓိ၊၁။ ၂၃၁)]

အပွနာသို့ မရောက်နိုင်ခြင်းအကြောင်း

လောကုတ္တရာစျာန်သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဘာဝနာ၏အစွမ်းဖြင့် အပွနာသို့ရောက်၏။ ဒုတိယ,စတုတ္ထအရူပစျာန်တို့သည် အာရုံကိုကျော်လွန်သော အာရမ္မဏာတိက္ကမဘာဝနာ၏အစွမ်းဖြင့် အပွနာသို့ရောက်၏။ ဤမရဏာနုဿတိ ဘာဝနာသည်ကား ဝိသုဒ္ဓိဘာဝနာနှင့် အာရမ္မဏာတိက္ကမဘာဝနာ နှစ်ပါးလုံးမရှိ သောကြောင့် အပွနာသို့မရောက်နိုင်ခြင်း ဖြစ်ပါသည်။

ရရှိနိုင်သည့်အကျိုး ၉-မျိုး

မရဏာနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သောယောဂီပုဂ္ဂိုလ်သည်-

(၁) အမြဲတမ်း မမေ့မလျော့ဖြစ်နေခြင်း၊
(၂) အလုံးစုံသောဘဝတို့၌ မပျော်မမွေ့ ငြီးငွေ့သောအမှတ်သညာကိုရခြင်း၊
(၃) အသက်၌ တွယ်တာခြင်းကို စွန့်လွှတ်နိုင်ခြင်း၊
(၄) မကောင်းမှုမှန်သမျှကို ကဲ့ရဲ့လေ့ရှိခြင်း၊
(၅) သိမ်မွေ့သိမ်းဆည်းမှု မများမူ၍ ပရိက္ခရာတို့၌ တပ်မက်မှုအညစ်အကြေးနှင့် ဝန်တိုမှုတရားများ ကင်းခြင်း၊
(၆) အနိစ္စသညာ၌ လေ့လာကျေပွန်မှုများခြင်း၊
(၇) အနိစ္စသညာသို့ အစဉ်လိုက်သောအားဖြင့် ဒုက္ခသညာနှင့် အနတ္တသညာတို့ ထင်လွယ်ခြင်း၊
(၈) သေခါနီးကာလ၌ ထိတ်လန့်ကြောက်ရွံ့မှုမရှိဘဲ မတွေမဝေသေရခြင်း၊
(၉) မျက်မှောက်ဘဝ၌ နိဗ္ဗာန်မရနိုင်သည်ရှိသော် သုဂတိဘဝလျှင် လားရောက် ရာရှိခြင်း-ဟူသော အကျိုးထူးတရားတို့ကို ရရှိနိုင်ပါသည်။ ။

ကာယဂတာသတိ ကမ္မဋ္ဌာန်း

အကျိုးများသည့် တစ်ခုတည်းသောတရား

"ရဟန်းတို့...၊ တစ်ခုတည်းသောတရားကို ပွားများအပ်သည်ရှိသော်, အကြိမ်များစွာ လေ့လာပွားများအပ်သည်ရှိသော် အကြီးအကျယ်ထိတ်လန့်ခြင်းဌာ ဖြစ်ပေ၏။ များစွာသောအကျိုးအလို့ငှာ ဖြစ်ပေ၏။ ကြီးမားမြင့်မြတ်သော ယောဂတို့၏ကုန်ခြင်းအလို့ငှာ ဖြစ်ပေ၏။ ကြီးမားမြင့်မြတ်သော သတိ,သမ္ဗဇ္ဈင်အလို့ငှာ ဖြစ်ပေ၏။ ဝိပဿနာဉာဏ်အမြင်ကိုရရန်အလို့ငှာ ဖြစ်ပေ၏။ မျက်မှောက်ဘဝ၌ချမ်းသာစွာနေခြင်းအလို့ငှာ ဖြစ်ပေ၏။ ဝိဇ္ဇာဉာဏ်သုံးပါး,လွတ်မြောက်ရာ နိဗ္ဗာန်, အရဟတ္တဖိုလ်တို့ကို မျက်မှောက်ပြုခြင်းအလို့ငှာ ဖြစ်ပေ၏။ ရဟန်းတို့...၊ ယင်း တစ်ခုတည်းသောတရားဟူသည် အဘယ်နည်း? ဤကာယဂတာသတိပင်တည်း" ဟု မြတ်စွာဘုရား ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ထိတ်လန့်မှု သံဝေဂဉာဏ် ရင့်သန်ခြင်းစသော အကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည့် တစ်ခုတည်းသော တရားမှာ "ကာယဂတာသတိကမ္မဋ္ဌာန်း" ဖြစ်ပါသည်။

ကာယဂတာသတိကမ္မဋ္ဌာန်းကို အဝိုင်းခွဲ၍ ဟောတော်မူပုံ

မြတ်စွာဘုရားသည် ကာယဂတာသတိကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌-

- အာနာပါနအဝိုင်း
- ဣရိယာပထအဝိုင်း
- စတုသမ္ပဇညအဝိုင်း
- ပဋိကူလမနသိကာရအဝိုင်း
- ဓာတုမနသိကာရအဝိုင်းနှင့်
- သီဝထိက(၉)ပိုင်း ဟူ၍ အဝိုင်းကြီး(၁၄)ပိုင်းခွဲ၍ ဟောကြားတော်မူခဲ့၏။

ထို၁၄-ပိုင်းတို့တွင် ဣရိယာပထအပိုင်း၊ စတုသမ္ပဇညအပိုင်းနှင့် ဓာတုမနသိကာရအပိုင်း-ဟူသော အပိုင်း(၃)ပိုင်းကို ဝိပဿနာ၏အစွမ်းဖြင့် ဟောတော်မူ၏။ သိဝထိက(၉)ပိုင်းကိုမူ ဝိပဿနာဉာဏ်၌ပါဝင်သော အာဒီနဝါနုပဿနာဉာဏ်၏အစွမ်းဖြင့် ဟောတော်မူ၏။ ဤသိဝထိက(၉)ပိုင်းတို့တွင် ဥဒ္ဓုမာတကစသော ကမ္မဋ္ဌာန်းများသည် သမာဓိဘာဝနာ၏အစွမ်းဖြင့် ပြည့်စုံနိုင်ကြောင်းကို အသုဘနိဒ္ဒေသ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

အာနာပါနအပိုင်းနှင့် ပဋိကူလမနသိကာရအပိုင်းကို သမာဓိ၏အစွမ်းဖြင့် ဟောတော်မူ၏။ အာနာပါနအပိုင်းကိုလည်း အနုဿတိဆယ်ပါးတွင် "အာနာပါန-ဿတိ" ဟူသောအမည်ဖြင့် သီးခြားဟောတော်မူထား၏။

ဤကာယဂတာသတိကမ္မဋ္ဌာန်းအရာ၌ "ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော केသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။ အတ္ထိ ဣမသ္မိံ ကာယေ केသာ လောမာ ...(ပ)... မုတ္တံ" စသည်ဖြင့် ၃၂-ကောဋ္ဌာသကို စက်ဆုပ်ဖွယ်နှလုံးသွင်းပုံ(ပဋိကူလမနသိကာရ)၏အစွမ်းဖြင့် ဟောတော်မူထားသောကြောင့် ကာယဂတာသတိကမ္မဋ္ဌာန်းသည် ပဋိကူလမနသိကာရအပိုင်းနှင့်သာ သက်ဆိုင်၏-ဟူ၍ မှတ်ရပါမည်။

ဤကိုယ်ဟူသည်

"ဤကိုယ်" ဟူသည် ခြေဖဝါးအပြင်မှအထက်, ဆံပင်ဖျားမှအောက်, ဘေးပတ်ဝန်းကျင်၌ အရေဖြင့်ပိုင်းခြားထားသော, ဆံပင်စသည့်အမျိုးမျိုးသော မစင်မကြယ် စက်ဆုပ်ရွံရှာဖွယ်တို့ဖြင့် ပြည့်နှက်နေသော, မဟာဘုတ်လေးပါးကို မှီ၍ဖြစ်သော အပုပ်ကောင် ရုပ်ကိုယ်ကြီးကို ဆိုလိုပါသည်။

သရီရခေါ်ဆို ခန္ဓာကိုယ်ကို ကာယဟုဆိုရခြင်း အကြောင်း

စက်ဆုပ်ဖွယ် အပေါင်းစုဖြစ်သောကြောင့်လည်းကောင်း၊ စက်ဆုပ်ဖွယ်ဖြစ်ကုန်သော ဆံပင်စသည်တို့၏လည်းကောင်း၊ မျက်စိရောဂါအစရှိကုန်သော အရာမကများပြားလှကုန်သော ရောဂါအပေါင်းတို့၏ ဖြစ်ရာဖြစ်သောကြောင့်လည်းကောင်း သရီရခေါ်ဆို ခန္ဓာကိုယ်ကို "ကာယ" ဟုဆိုခြင်း ဖြစ်သည်။

[ကာယေတိ သရီရေ၊ သရီရံ ဟိ အသုစိသဉ္ဆယတော ကုစ္ဆိတာနံ ကေသာဒီနဉ္စေဝ စက္ခုရောဂါဒီနဉ္စ ရောဂသတာနံ အာယဘူတတော ကာယောတိ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊၁။

ဤကိုယ်၌ အဖိုးတန်သောအရာဟူ၍ မရှိပုံ

ခြေဖဝါးအပြင်မှအထက်, ဆံပင်ဖျားမှအောက်, ပတ်ဝန်းကျင်၌ အရေပြားဖြင့်ပိုင်းခြားထားသည့် တစ်လဲမျှလောက်သာရှိသော သရီရခေါ်ဆို ဤကိုယ်ထဲ၌ မည်သည့်ပုဂ္ဂိုလ်မဆို နည်းလမ်းမျိုးစုံသုံး၍ စူးစမ်းရှာဖွေပါသော်လည်း ပုလဲ, ပတ္တမြားစသော တန်ဖိုးရှိသည့်အရာဝတ္ထုတို့ကို အဏုမြူမျှလောက်ပင် တွေ့မြင်နိုင်မည် မဟုတ်ပေ။ စင်စစ်၊ ဤကိုယ်ထဲ၌ အလွန်ပုပ်ညီနံစော်၍ ကျက်သရေကင်းမဲ့နေသည့် ဆံပင်,အမွေးစသော မစင်မကြယ် အလွန်စက်ဆုပ်ရွံရှာဖွယ်ရာများနှင့်သာ ပြည့်နှက်နေသည်ကို တွေ့မြင်ရပေလိမ့်မည်။

ကာယဂတာသတိကမ္မဋ္ဌာန်းသင်ယူရမည့် အစီအစဉ်

ကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ်ခါစယောဂီပုဂ္ဂိုလ်သည် ကလျာဏမိတ္တခေါ် ကမ္မဋ္ဌာန်းဆရာကောင်းထံ ချဉ်းကပ်၍ ထိုဆရာအထံ၌ ဥဂ္ဂဟကောသလ္လခေါ် သင်ယူမှု၌ကျွမ်းကျင်ကြောင်းအစီအရင်(၇)ပါးတို့ဖြင့် ကမ္မဋ္ဌာန်းကို သေချာစွာသင်ယူရမည်။ ထို့နောက် မနသိကာရကောသလ္လခေါ် နှလုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်းအစီအရင်(၁၀)ပါးတို့ဖြင့် ရှုမှတ်ပွားများရပါမည်။

ဥဂ္ဂဟကောသလ္လ(၇)ပါး

(၁) ဝစသာ = နှုတ်ဖြင့်ရွတ်ဆိုခြင်း၊
(၂) မနသာ = စိတ်ဖြင့်နှလုံးသွင်းခြင်း၊
(၃) ဝဏ္ဏတော = အဆင်းအားဖြင့်သင်ကြားခြင်း၊
(၄) သဏ္ဌာနတော = ပုံသဏ္ဌာန်အားဖြင့်သင်ကြားခြင်း၊
(၅) ဒိသတော = အရပ်မျက်နှာအားဖြင့်သင်ကြားခြင်း၊
(၆) ဩကာသတော = တည်ရာအားဖြင့်သင်ကြားခြင်း၊
(၇) ပရိစ္ဆေဒတော = အပိုင်းအခြားအားဖြင့်သင်ကြားခြင်း၊

(၁) နှုတ်ဖြင့်ရွတ်ဆိုခြင်း

ပဋိကူလကမ္မဋ္ဌာန်း၌ ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား စတင်နှလုံးသွင်းသည့်အချိန်၌ ကမ္မဋ္ဌာန်းအစီအရင်အတိုင်း နှုတ်ဖြင့်သာ ရွေးဦးစွာ ရွတ်ဆိုနေရပါမည်။ နှုတ်ဖြင့်ရွတ်ဆိုလျှင် ရွတ်ဆိုနေစဉ်အချိန်အတွင်းမှာပင် ကမ္မဋ္ဌာန်းထင်ရှားပေါ်လွင်ခြင်းအကျိုးကို ရရှိနိုင်၏။ သာဓကအဖြစ်ဖော်ပြရသည်ရှိသော်-

မလယအရပ်၌ သီတင်းသုံးနေထိုင်တော်မူသော မဟာဒေဝထေရ်သည် မိမိအထံသို့ ကမ္မဋ္ဌာန်းတောင်းရန် ရောက်ရှိလာသည့်ရဟန်းနှစ်ပါးကို ''ဤပါဠိကို လေးလ တိုင်အောင် ရွတ်ဆိုရမည်'' ဟု မိန့်တော်မူပြီး ဒွတ္တိံသာကာရပါဠိကို ပေးလိုက်၏။ စင်စစ်၊ ထိုရဟန်းနှစ်ပါးကား နိကာယ်နှစ်ခု၊သုံးခုကို အဋ္ဌကထာနှင့်တကွ ကျမ်းကျင် တတ်မြောက်ထားသည့် ကျမ်းကန်တတ်ပုဂ္ဂိုလ်များ ဖြစ်၏။ သို့သော် ဆရာ့စကားကို ရိုသေလေးစားသောအားဖြင့် လေးလကြာအောင်ရွတ်ဆိုလေရာ လေးလမပြည့်မီ အတောအတွင်းမှာပင် သောတာပန်ပုဂ္ဂိုလ်များ ဖြစ်ကြ၏။

အရကျက်ထားရမည့် (၃၂)ကောဋ္ဌာသပါဠို

တစပဋ္ဌက	ကေသာ	လောမာ	နခါ	ဒန္တာ	တစော။
ဝက္ကပဋ္ဌက	မံသံ	နှာရု	အဋ္ဌိ	အဋ္ဌိမိဉ္ဇံ	ဝက္ကံ။
ပဖ္ဖါသပဋ္ဌက	ဟဒယံ	ယကနံ	ကိလောမကံ	ပိဟကံ	ပပ္ဖါသံ။
မတ္ထလုင်္ဂ်ပဋ္ဌက	အန္တံ	အန္တဂုဏံ	ဥဒရိယံ	ကရီသံ	မတ္ထလုင်္ဂ်ံ။
မေဒဆက္က	ပိတ္တံ သေဒေါ	သေမှံ မေဒေါ။	ပုဗ္ဗော	လောဟိတံ	
မုတ္တဆက္က	အဿု လသိကာ	ဝသာ မုတ္တံ။	ခေဠော	သိင်္ဃာဏိကာ	

ဝိဘင်းအဋ္ဌကထာလာ ရွတ်ဆိုရာကာလ သတ်မှတ်ပုံ

တစပဋ္ဌက	အနုလုံ	၅- ရက်
	ပဋိလုံ	၅-ရက်
	အနုလုံ-ပဋိလုံ	၅-ရက်
	ပေါင်း	၁၅-ရက်



အကြိမ်များစွာ ရွတ်ဆိုရခြင်းအကျိုး

၃၂-ကောဋ္ဌာသတို့ကို အကြိမ်တစ်ရာ, အကြိမ်တစ်ထောင်, အကြိမ် တစ်သန်း စသည်ဖြင့် အကြိမ်များစွာရွတ်ဆိုသည်ရှိသော် ကမ္မဋ္ဌာန်း၌ကျွမ်းကျင်လာခြင်း၊ စိတ်မပျံ့လွင့်ဘဲ တည်ကြည်လာခြင်း၊ ဆံပင်စသော ကောဋ္ဌာသတရားများသည် လက်ချောင်းအစဉ်ကဲ့သို့လည်းကောင်း, ဝင်းထရံခြေအစဉ်ကဲ့သို့လည်းကောင်း အစဉ်အတိုင်း ထင်ရှားလာခြင်း၊ စိတ်ဖြင့်ရွတ်ဆိုနှလုံးသွင်းခြင်းအား ကျေးဇူးပြုခြင်းဟူသော အကျိုးတရားများကို ရရှိနိုင်ပါသည်။

(၂) စိတ်ဖြင့်နှလုံးသွင်းခြင်း

၃၂-ကောဋ္ဌာသတို့ကို နှုတ်ဖြင့်ရွတ်ဆိုသည့်အတိုင်း စိတ်ဖြင့် နှလုံးသွင်းခြင်းကိုလည်း ပြုရမည်။ စိတ်ဖြင့်ရွတ်ဆိုနှလုံးသွင်းလျှင် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း, သဘောပေါက်ခြင်းကို ကျေးဇူးပြုခြင်းအကျိုးရှိ၏။

(၃) အဆင်းအားဖြင့်သင်ကြားခြင်း

ယောဂီပုဂ္ဂိုလ်သည် ဆံပင်စသော ၃၂-ကောဋ္ဌာသတို့၏ အရောင်အဆင်းတို့ကိုလည်း သင်ကြား၍ ပိုင်းခြားမှတ်သားထားရပါမည်။

(၄) ပုံသဏ္ဌာန်အားဖြင့်သင်ကြားခြင်း

ယောဂီပုဂ္ဂိုလ်သည် ဆံပင်စသော ၃၂-ကောဋ္ဌာသတို့၏ ပုံသဏ္ဌာန်တို့ကိုလည်း သင်ကြား၍ ပိုင်းခြားမှတ်သားထားရပါမည်။

(၅) အရပ်အားဖြင့်သင်ကြားခြင်း

ခန္ဓာကိုယ်၏ချက်မှ အထက်ပိုင်းကိုယ်ကို 'အထက်အရပ်' ဟုခေါ်ပြီး၊ ချက်မှ အောက်ပိုင်းကိုယ်ကို 'အောက်အရပ်' ဟုခေါ်၏။ ယောဂီပုဂ္ဂိုလ်သည် ကောဋ္ဌာသ အသီးသီးတို့၏ တည်ရှိရာအရပ်ကိုလည်း သင်ကြား၍ ပိုင်းခြားမှတ်သားထားရပါမည်။

(၆) တည်ရာအားဖြင့်သင်ကြားခြင်း

ယောဂီပုဂ္ဂိုလ်သည် ဆံပင်စသော ၃၂-ကောဋ္ဌာသတို့ကို ''ဤကောဋ္ဌာသသည် ဤမည်သောအရပ်၌ တည်ရှိ၏'' စသည်ဖြင့် ကောဋ္ဌာသတို့၏ တည်ရှိရာအရပ်ကိုလည်း သင်ကြား၍ ပိုင်းခြားမှတ်သားထားရပါမည်။

(၇) အပိုင်းအခြားအားဖြင့်သင်ကြားခြင်း

အပိုင်းအခြား ပရိစ္ဆေဒသည် မိမိနှင့်သဘောချင်းတူသည့် သဘာဂပရိစ္ဆေဒ

နှင့် မိမိနှင့်သဘောချင်းမတူသည့် ဝိသဘာဂပရိစ္ဆေဒ-ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ရှုမှတ်ပွားများမည့်ကောင္ဘာသ၏ အောက်,အထက်, ပတ်ဝန်းကျင်, တည်ရာအရပ်တို့ ဖြင့်ပိုင်းခြားခြင်းသည် သဘာဂပရိစ္ဆေဒ မည်၏။ မရောမနှောခြင်း၏အစွမ်းဖြင့် ပိုင်းခြားခြင်းသည် ဝိသဘာဂပရိစ္ဆေဒ မည်၏။ ဥပမာ-ဆံပင်သည် အမွေးမဟုတ်၊ အမွေးသည် ဆံပင်မဟုတ်၊ ဆံပင်က သပ်သပ်ဖြစ်၏၊ အမွေးက သပ်သပ် ဖြစ်၏-စသည်ဖြင့် ပိုင်းခြားခြင်းမျိုးဖြစ်သည်။ ယောဂီပုဂ္ဂိုလ်သည် ကောင္ဘာသ အသီးအသီးတို့၏ အပိုင်းအခြားပရိစ္ဆေဒနှစ်မျိုးကိုလည်း သင်ကြား၍ ပိုင်းခြားမှတ်သားထားရပါမည်။

—

မနသိကာရကောသလ္လ(၁၀)ပါး

(၁) ဆံပင်,အမွေးအစရှိသည်ဖြင့် အစဉ်အတိုင်း နှလုံးသွင်းခြင်း၊
(၂) မမြှန်လွန်းသောအားဖြင့် နှလုံးသွင်းခြင်း၊
(၃) မနှေးလွန်းသောအားဖြင့် နှလုံးသွင်းခြင်း၊
(၄) စိတ်ပျံလွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းခြင်း၊
(၅) ဆံပင်စသော အမည်ပညတ်ကို ကျော်လွန်၍ နှလုံးသွင်းခြင်း၊
(၆) အစဉ်အတိုင်း မထင်ရှားသည်ကို ပယ်၍နှလုံးသွင်းခြင်း၊
(၇) အပွနာအားဖြင့် နှလုံးသွင်းခြင်း၊
(၈) အဓိစိတ္တသုတ္တန်အားဖြင့် နှလုံးသွင်းခြင်း၊
(၉) အနုတ္တရသီတိဘာဝသုတ္တန်အားဖြင့် နှလုံးသွင်းခြင်း၊
(၁၀) ဗောဇ္ဈင်္ဂကောသလ္လသုတ္တန်အားဖြင့် နှလုံးသွင်းခြင်း၊

(၁) အစဉ်အတိုင်း နှလုံးသွင်းခြင်း

ကမ္မဋ္ဌာန်းကို စတင်ရွတ်ဆိုနှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည် ၃၂-ကောင္ဘာသ အမည်များကို အစဉ်အတိုင်းသာ နှလုံးသွင်းရမည်။ တစ်ခု,နှစ်ခုစသည်ဖြင့် ကျော်လွန်၍ နှလုံးမသွင်းရပါ။ ဥပမာ- ကေသာ,လောမာ,နခါ-စသည်ဖြင့် အစဉ်အတိုင်းသာ နှလုံးသွင်းရမည်။ ကေသာ,နခါ,တစော-စသည်ဖြင့် ကျော်လွန်၍ နှလုံးမသွင်းရပါ။

ကမ္မဋ္ဌာန်းအစဉ်ကိုကျော်လွန်၍ နှလုံးသွင်းလျှင် ဘာဝနာပြည့်စုံသည်၏ အစွမ်းဖြင့် ရသင့်ရထိုက်သော သာယာဖွယ်ကိုမရခြင်းကြောင့် စိတ်ပင်ပန်း၍ ဘာဝနာအလုပ်ကို စွန့်လွှတ်တတ်၏။ ဥပမာ- မလိမ္မာသောယောကျ်ားသည် ၃၂-ထစ်ရှိသော

လှေကားကို တစ်ထစ်ကျော်တက်လျှင် ပင်ပန်းကာပြုတ်ကျ၍ အပေါ်တက်မှုကိစ္စ မပြီးမြောက်ဘဲရှိသကဲ့သို့ ဖြစ်၏။

(၂) <u>မမြန်လွန်းသောအားဖြင့် နှလုံးသွင်းခြင်း</u>

ကမ္မဋ္ဌာန်းကိုနှလုံးသွင်းရာ၌ မြန်မြန်သွက်သွက်ကြီး နှလုံးမသွင်းရပါ။ မြန်လွန်းလျှင် ကမ္မဋ္ဌာန်းအမည်အဆုံးသို့ ရောက်ရုံသာရှိမည်။ ကမ္မဋ္ဌာန်းအာရုံ မထင်ရှားဘဲ ဖြစ်တတ်၏။ ကမ္မဋ္ဌာန်းမထင်ရှားလျှင် တရားထူးရမည်မဟုတ်။ ဥပမာ-သုံးယူဇနာရှိသောခရီးကို သွားသောသူသည် လမ်းခရီး၏ သွားသင့်သွားထိုက်သော လမ်း, မှတ်သင့်မှတ်ထိုက်သော အမှတ်အသားကို မမှတ်သားဘဲ လျင်မြန်သော အဟုန်ဖြင့် ခရီးဆုံးအောင်သွားသည်ရှိသော် အကြိမ်တစ်ရာပင်သွားသော်လည်း လမ်းခရီးကို မမှတ်မိသကဲ့သို့ ဖြစ်၏။

(၃) <u>မနှေးလွန်းသောအားဖြင့် နှလုံးသွင်းခြင်း</u>

ကမ္မဋ္ဌာန်းကိုနှလုံးသွင်းရာ၌ အလွန်နှေးနှေးကြီး နှလုံးသွင်းလျှင်လည်း ကမ္မဋ္ဌာန်းမပြီးဆုံးဘဲ ဖြစ်တတ်၏။ ကမ္မဋ္ဌာန်းမပြီးဆုံးလျှင် တရားထူးမရဘဲဖြစ်တတ်၏။ ဥပမာ-သုံးယူဇနာရှိသောခရီးကို နွေချင်းသွားလိုသောသူသည် လမ်းခုလတ်၌ သစ်ပင်, တော, တောင်စသည်တို့ကိုတွေ့တိုင်း အပန်းဖြေနားနေပါက ခရီးမဆုံးဘဲဖြစ်တတ်၏။ တစ်ရက်သွားရမည့်ခရီးကို နှစ်ရက်, သုံးရက်စသည်ဖြင့် သွားနေရသကဲ့သို့ ဖြစ်၏။

(၄) <u>စိတ်ပျံ့လွင့်ခြင်းကိုတားမြစ်၍ နှလုံးသွင်းခြင်း</u>

ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ပွားများနေသောကမ္မဋ္ဌာန်းအာရုံကိုလွတ်၍ ပြင်ပအာရုံအမျိုးမျိုး၌ စိတ်ရောက်နေသည့် ပျံ့လွင့်မှုမျိုးကိုလည်း တားမြစ်ရမည်။ အကယ်၍ စိတ်ပျံ့လွင့်မှုကို မတားမြစ်လျှင် ပွားများနေသည့် ကမ္မဋ္ဌာန်းအာရုံမှ ဆုတ်ယုတ်ပျောက်ပျက်သွားတတ်၏။ ဥပမာ- ခြေတစ်ဖဝါး စာလောက်သာ နင်းသွားနိုင်သောကမ်းပါးပြတ်ကို ဖြတ်လျှောက်သောသူသည် နင်းသွားသည့်ခြေလှမ်းတိုင်းကို သတိမမူဘဲ ပတ်ဝန်းကျင်ကိုငေးမောကြည့်ရှု၍ သွားပါက ခြေချွတ်ချော်ကာ ချောက်ကမ်းပါးပြတ်အတွင်းသို့ ပြုတ်ကျရာသကဲ့သို့ ဖြစ်၏။

(၅) <u>အမည်ပညတ်ကိုကျော်လွန်၍ နှလုံးသွင်းခြင်း</u>

ဆဲပင်, အမွေးစသော အမည်ပညတ်ကိုကျော်လွန်၍ စက်ဆုပ်ဖွယ်ရာ-ဟု စိတ်မှာထားပြီး နှလုံးသွင်းခြင်းကို ပြုရမည်။ ဤသို့ နှလုံးသွင်းပါက ၃၂-ကောဋ္ဌာသ

တရားတို့သည် စက်ဆုပ်ဖွယ်အဖြစ်ဖြင့်ထင်ရှားလာကာ တရားထူးရခြင်းအကျိုးရှိပေ၏။

ဥပမာ- ရေရှားပါးသောအခါ၌ လူတို့သည် တောအရပ်၌ ရေတွင်းကို တွေ့သောအခါ ရေရှိရာအရပ်သို့သွားသည့်လမ်းကို အမှတ်အသားပြုထားပြီး ထိုမှတ်သားထားသည့်လမ်းအတိုင်း ရေတွင်းရှိရာအရပ်သို့သွား၍ ရေကိုအလိုရှိသလောက် ခပ်ယူသုံးဆောင်ကြ၏။ ဤသို့ အမှတ်အသားလမ်းအတိုင်း မကြာခဏသွားသည်ရှိသော် လမ်းသည်ထင်ရှားလာပြီး အမှတ်အသားမလိုတော့ဘဲ ရေတွင်းရှိရာအရပ်သို့ လွယ်ကူစွာသွား၍ ရေကိုအလိုရှိသလောက် ခပ်ယူသုံးဆောင်နိုင်သကဲ့သို့ ဖြစ်သည်။

(၆) အစဉ်အတိုင်းမထင်သည်ကိုလွတ်၍ နှလုံးသွင်းခြင်း

မထင်မရှားဖြစ်နေသော ကောင်္ခာသတို့ကိုလွတ်၍လည်း နှလုံးသွင်းနိုင်၏။ အားထုတ်ခါစ ယောဂီပုဂ္ဂိုလ်သည် ဆံပင်ဟုနှလုံးသွင်းလိုက်သည်နှင့် ပင်ကိုယ်က အလွတ်ရနေသဖြင့် အဆုံးကောင်္ခာသဖြစ်သည့် ကျင်ငယ်သို့ အလိုလိုပင် စိတ်ရောက်သွားတတ်၏။ ကျင်ငယ်ဟု နှလုံးသွင်းပြန်လျှင်လည်း အစကောင်္ခာသဖြစ်သည့် ဆံပင်ဆီသို့ စိတ်ပြန်ရောက်လာတတ်၏။ ထိုအခါ ယောဂီအား အချို့ကောင်္ခာသတို့သည်ထင်ရှားပြီး အချို့ကောင်္ခာသတို့သည် မထင်ရှားဘဲဖြစ်နေတတ်ပါသည်။ ထိုသို့ဖြစ်နေလျှင် မထင်ရှားသည့်ကောင်္ခာသကိုလွတ်၍ ထင်ရှားပေါ်ရာ ကောင်္ခာသကိုသာ နှလုံးသွင်းရမည်။ အောက်ဆုံးအဆင့်ဆိုရပါမူ ၃၂-ကောင်္ခာသတွင် ကောင်္ခာသနှစ်ခုသာ ထင်ရှားသည်ဆိုပါစို့... ယင်းကောင်္ခာသနှစ်ခုအနက် အထင်ရှားဆုံး, အပေါ်လွင်ဆုံးဖြစ်သော ကောင်္ခာသကိုသာ နှလုံးသွင်းရပါမည်။ ဤနေရာ၌ မျောက်ဖမ်းဥပမာသည် ထင်ရှားပေါ်လွင်သည့်သာဓက ဖြစ်၏။

မျောက်ဖမ်းဥပမာနှင့် နှိုင်းယှဉ်ချက်

ဥပမာ	ဥပမေယျ
ထန်းပင် ၃၂-ပင်	ကောင်္ခာသ ၃၂-ပါး
မျောက်	စိတ်
မုဆိုး	ယောဂီ
၃၂-ပင်ရှိသော ထန်းတောင်၌ မျောက်နေထိုင်ခြင်း၊	၃၂-ကောင်္ခာသကိုယ်၌ ယောဂီ၏ စိတ် နှလုံးသွင်းနေခြင်း၊

အစ ထန်းပင်မှ ခြောက်လှန့်သဖြင့် မျောက်သည် ထန်းပင်အသီးသီးကို ခုန်၍ အဆုံးထန်းပင်သို့ ရောက်ခြင်း၊	ဆံပင်ကိုနှလုံးသွင်းသည်နှင့် ကောင်္ဂာသအစဉ်အတိုင်းသွားပြီး အဆုံးကောင်္ဂာသသို့ စိတ်ရောက်သွားခြင်း၊
အဆုံးမှခြောက်လှန့်သဖြင့် အစသို့ မျောက်သည် ပြန်ရောက်လာခြင်း၊	ကျင်ငယ်ကို နှလုံးသွင်းလျှင် ဆံပင်သို့ စိတ်သည် ပြန်ရောက်လာခြင်း၊
အကြိမ်ကြိမ်ခြောက်လှန့်သောကြောင့် မျောက်သည် ခြောက်လှန့်သည့် အပင်မှသာ ခုန်ကူးနေခြင်း၊	အဖန်ဖန်နှလုံးသွင်းခြင်းကြောင့် မထင်သောကောင်္ဂာသကို လွှတ်၍ ထင်သောကောင်္ဂာသကိုသာ ပရိုက်ပြုခြင်း
နောက်ဆုံး မျောက်သည် ထန်းပင်တစ်ပင်သို့ ခုန်ကူးပြီး ထိုထန်းပင်၏ ထန်းရွက်ဖူးတံကိုသာ မြဲမြံကိုင်ထား၍ မည်မျှပင်ခြောက်သော်လည်း မထခြင်း၊	နောက်ဆုံး ကောင်္ဂာသနှစ်ခုသာထင်ကြရာ အထင်ရှားဆုံးကောင်္ဂာသကိုသာ စွဲမြဲစွာနှလုံးသွင်း၍ အပွနာစျာန်ကို ဖြစ်စေခြင်း၊

မှတ်ချက်။ ၃၂-အိမ်ရှိသောရွာ၌ ဆွမ်းခံကြွသောရဟန်းဥပမာကိုလည်း ဤမျောက်ဖမ်းဥပမာကိုပင် နည်းမှီ၍သိလေ။ (စည်၊၂။ ၂၉၁)

(၇) အပွနာအားဖြင့် နှလုံးသွင်းခြင်း

အပွနာ၏ဖြစ်ရာ ကောင်္ဂာသအားဖြင့် နှလုံးသွင်းခြင်းဆိုသည်မှာ ဆံပင်စသည်တို့တွင် ကောင်္ဂာသတစ်ခုတစ်ခုစီ၌ အပွနာဖြစ်ပုံကိုသိခြင်းကို ဆိုခြင်းဖြစ်သည်။

(၈) အဓိစိတ္တသုတ်အားဖြင့် နှလုံးသွင်းခြင်း

အဓိစိတ္တ-ဟူသည် လွန်ကဲထူးမြတ်သည့် သမထ,ဝိပဿနာစိတ်ကို ခေါ်၏။ အဓိစိတ္တသုတ္တန်၌ လွန်ကဲထူးမြတ်သည့် သမထ,ဝိပဿနာစိတ်ကို အားထုတ်လို သောယောဂီပုဂ္ဂိုလ်သည် နိမိတ်သုံးပါးကို သင့်လျော်သလို ရံဖန်ရံခါ နှလုံးသွင်းဆင်ခြင်သင့်ကြောင်း မြတ်စွာဘုရား ဟောတော်မူထား၏။

- သမာဓိနိမိတ်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲအားထုတ်နေလျှင် ဘာဝနာစိတ်သည် ပျင်းရိငြီးငွေ့နေတတ်၏။
- ပဂ္ဂဟနိမိတ်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲအားထုတ်နေလျှင် ဘာဝနာစိတ်သည် ပျံ့လွင့်နေတတ်၏။

- ဥပေက္ခာနိမိတ်တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲအားထုတ်နေလျှင် ဘာဝနာစိတ်သည် အာသဝေါတရားကုန်ရန်အတွက် ကောင်းစွာ မတည်ကြည်သောအကြောင်းဖြစ်တတ်၏။

ထို့ကြောင့် နိမိတ်သုံးပါးကို ရဲဖန်ရဲခါ နှလုံးသွင်းသင့်ကြောင်း ရွှေပန်းထိမ်သည် ဥပမာဖြင့် ဟောတော်မူထားခြင်းဖြစ်သည်။ (စည်၊၂။ ၂၉၂-၂၉၆)

(၉) အနုတ္တရသီတိဘာဝသုတ်အားဖြင့် နှလုံးသွင်းခြင်း

- ဘာဝနာစိတ်ကို နှိမ်သင့်သောအခါ၌ နှိမ်၍နှလုံးသွင်းခြင်း၊
- ပင့်မြှောက်သင့်သည့်အခါ၌ ပင့်မြှောက်၍ နှလုံးသွင်းခြင်း၊
- ရွှင်စေသင့်သည့်အခါ၌ ရွှင်စေ၍ နှလုံးသွင်းခြင်း၊
- လျစ်လျူရှုသင့်သည့်အခါ၌ လျစ်လျူရှု၍ နှလုံးသွင်းခြင်း၊
- မြတ်သောမင်္ဂလာဖိုလ်ကို စိတ်ညွှတ်၍ နှလုံးသွင်းခြင်း၊
- နိဗ္ဗာန်၌မွေ့လျော်ခြင်း၊

ဤခြောက်ပါးနှင့်ပြည့်စုံလျှင် ယောဂီပုဂ္ဂိုလ်သည် အမြတ်ဆုံးဖြစ်သော အေးငြိမ်းမှု(အနုတ္တရသီတိဘာဝ)ကို မျက်မှောက်ပြုနိုင်ကြောင်း အနုတ္တရသီတိဘာဝသုတ်၌ ဟောတော်မူထားခြင်းဖြစ်သည်။ (စည်၊၂။ ၂၉၆-၂၉၇)

(၁၀) ဗောဇ္ဈင်္ဂကောသလ္လသုတ်အားဖြင့် နှလုံးသွင်းခြင်း

"ရဟန်းတို့...၊ဤအတူပင် တွန့်ဆုတ်သောစိတ်ဖြစ်သောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုပွားစေခြင်းငှာ သင့်လျော်သောအခါ မဟုတ်ပေ" စသည်ဖြင့် အပ္ပနာကောသလ္လ၌ဖော်ပြခဲ့သော ဗောဇ္ဈင်ပွားနည်းတို့ဖြင့် နှလုံးသွင်းခြင်းသည် ဗောဇ္ဈင်္ဂကောသလ္လသုတ်အားဖြင့် နှလုံးသွင်းခြင်းမည်၏။

မှတ်ချက်။ ပွားသင့်သောဗောဇ္ဈင်၊ မပွားသင့်သောဗောဇ္ဈင် ဝိုင်းခြားပုံတို့ကို ဤပို့ချချက်စာအုပ်၏ စာမျက်နှာ(၂၅၅)နှင့်(၂၅၉)၌ ပြန်ကြည့်ပါ။

—

ပရိကံပြုပုံ

ဆံပင်တစ်ချောင်း, နှစ်ချောင်းကို ဦးခေါင်းမှနုတ်ယူပြီးလျှင် လက်ဖဝါးပေါ်တင်ကာ ရှေးဦးစွာ အဆင်းကိုပိုင်းခြားမှတ်သားရမည်။ ခေါင်းရိတ်သောအခါ၌လည်း ကြည့်ရှုနိုင်၏။ ထိုသို့ကြည့်ရှုရာ၌ ဆံပင်၏အဆင်းသည် မည်းနက်နေစဉ် မည်းနက်၏ဟူ၍လည်းကောင်း၊ ဆံပင်ဖြူနေစဉ် ဖြူနေ၏ဟူ၍လည်းကောင်း၊ အမည်းအဖြူရောနှောနေက များရာကိုလိုက်၍လည်းကောင်း အဆင်းကိုနှလုံးသွင်းဆင်ခြင်ရပါမည်။ ဤသို့လျှင် ကောဋ္ဌာသတို့၌ အသုဘထင်ကြောင်း နိမိတ်ယူခြင်းကို ရှေးဦးစွာပြုလုပ်ရပါမည်။ ယင်းကို ပရိကံပြုသည်ဟု ခေါ်သည်။

ကောဋ္ဌာသတို့ကို အဆင်းစသည်ဖြင့် ပိုင်းခြားပြပုံ

၁။ ကေသာ=ဆံပင်

အဆင်း - စိုသောပုတီးနက်ကဲ့သို့ မည်းနက်သောအဆင်းရှိ၏။

ပုံသဏ္ဌာန် - ချိန်ရိုးကဲ့သို့ ရှည်၍လုံးသော ပုံသဏ္ဌာန်ရှိ၏။

အရပ် - ခန္ဓာကိုယ်၏ အထက်အရပ်၌ ဖြစ်၏။

တည်ရာ - ဘယ်, ညာနားပန်းစွန်း၊ ရှေ့၌နဖူးပြင်အဆုံး၊ နောက်၌ လည်ကုပ်ကိုပိုင်းခြား၍ ဦးခေါင်းပိုင်း၏ ခေါင်းခွံအရေပြားတွင် တည်ရှိ၏။

အပိုင်းအခြား - ဦးရေပြားအတွင်း၌ စပါးလုံးဖျားမျှ စိုက်ဝင်နေပြီး အောက်တွင် ဆံပင်အမြစ်, အထက်တွင် ဟင်းလင်းပြင်, ဝန်းကျင်တွင် ဆံပင်အချင်းချင်းတို့ဖြင့် ပိုင်းခြားထား၏။ (သဘာဂပရိစ္ဆေဒ)

ဆံပင်သည် အမွေးမဟုတ်၊ အမွေးသည် ဆံပင်မဟုတ်။ ဆံပင်သည် ခြေသည်းလက်သည်းစသည်တို့ မဟုတ်။ ခြေသည်းလက်သည်းစသည်တို့သည်လည်း ဆံပင်မဟုတ်-ဟုပိုင်းခြားရမည်။ (ဝိသဘာဂပရိစ္ဆေဒ)

အဆင်းအားဖြင့် စက်ဆုပ်ဖွယ်

ထမင်းပန်းကန်, စားဖွယ်သောက်ဖွယ်တို့၌ ဆံပင်၏အဆင်းစသည်တို့ကို မြင်တွေ့ရလျှင် စက်ဆုပ်ရွံရှာတတ်ကြ၏။ "ဤစားဖွယ်သည် ဆံပင်နှင့်ရောနှောနေသည်။ ယူဆောင်သွားကြလော့" ဟု စသည်ဖြင့်ပြောဆိုကာ စက်ဆုပ်ရွံရှာမှုကို ပြကြကုန်၏။ ဤသို့လျှင် ဆံပင်တို့သည် အဆင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်း၏။

ပုံသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်

ညအခါ၌ အစားအစာတို့ကို စားသောက်နေသောသူတို့သည် ဆံပင်ပုံသဏ္ဌာန် ရှိသည့်မရိုးမျှင်,သင်ပန်းမျှင်စသည်တို့ကို ကိုင်မိ,စမ်းမိလျှင် ဆံပင်ထင်မှတ်ပြီး စက်ဆုပ်ရွံရှာကြသေးလျှင် ဆံပင်ကို ကိုင်မိ,စမ်းမိပါက ပို၍ပင် စက်ဆုပ်ရွံရှာကြပေလိမ့်မည်။ ဤသို့လျှင် ဆံပင်တို့သည် ပုံသဏ္ဌာန်အားဖြင့်လည်း စက်ဆုပ်ဖွယ်ကောင်း၏။

အနံ့အားဖြင့် စက်ဆုပ်ဖွယ်

ဆီလိမ်းခြင်း,အမွေးနံ့သာတို့ဖြင့်ထုံမွှမ်းခြင်း မရှိသောဆံပင်တို့၏ အနံ့သည် လွန်စွာစက်ဆုပ်ဖွယ်ကောင်း၏။ ဆံပင်တို့ကိုမီးရှို့လျှင် ဆံပင်၏အနံ့သည် ပို၍ပင် စက်ဆုပ်ဖွယ်ကောင်း၏။

အကယ်၍ ဆံပင်တို့သည် အဆင်း,ပုံသဏ္ဌာန်အားဖြင့် စက်ဆုပ်စရာမဟုတ်-ဟုဆိုပါမူ ဖြစ်နိုင်ရာသေး၏။ သို့သော် အနံ့အားဖြင့်မူ လွန်စွာစက်ဆုပ်ဖွယ်ကောင်းသည်သာ ဖြစ်၏။ ဥပမာ- နို့စို့ကလေးသူငယ်၏ မစင်အရောင်သည် နန္ဒင်းရောင်အဆင်းရှိ၏။ သဏ္ဌာန်အားဖြင့်လည်း နန္ဒင်းပုံဆောင်ခဲသဏ္ဌာန်ရှိ၏။ သို့သော် အနံ့မှာမူ စက်ဆုပ်ဖွယ်အနံ့ရှိသည်သာ ဖြစ်၏။ အမှိုက်ပုံ၌စွန့်ပစ်ထားသည့် ခွေးနက်အသေကောင်၏ ခန္ဓာကိုယ်သည် ထန်းသီးမှည့်အဆင်းရှိ၏။ လုံးချောညက်သည့် မုရိုးစည်ပုံသဏ္ဌာန်ရှိ၏။ အစွယ်တို့ကလည်း မြတ်လေးပန်းငုံနှင့်တူ၏။ သို့သော် အနံ့မှာမူ ပုပ်ညှီနံဟောင်၍ စက်ဆုပ်ဖွယ်ကောင်းသည်သာ ဖြစ်၏။ ဤဥပမာကဲ့သို့ပင် ဆံပင်တို့သည်လည်း အဆင်း,သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မဟုတ်ဟုဆိုငြားအံ့ အနံ့အားဖြင့်မူ လွန်စွာစက်ဆုပ်ဖွယ်ကောင်းသည်သာ ဖြစ်၏။

မှိရာအကြောင်းအားဖြင့် စက်ဆုပ်ဖွယ်

မြို့ရွာအမှိုက်၌ စွန့်ပစ်ထားသော အညစ်အကြေးတို့၏ အကျိုးဆက်အနေဖြင့် ပေါက်ရောက်နေသည့် ဟင်းရွက်ကန်စွန်းတို့သည် လူတို့အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သကဲ့သို့ ထို့အတူ ဆံပင်တို့သည်လည်း သွေး,ကျင်ငယ်,ကျင်ကြီး,သည်းခြေ,သလိပ်စသည်တို့၏ အကျိုးဆက်များဖြစ်ကြသောကြောင့် ဆံပင်တို့သည်မှိရာအကြောင်းအားဖြင့်လည်း လွန်စွာစက်ဆုပ်ဖွယ်ကောင်း၏။

တည်ရာအားဖြင့် စက်ဆုပ်ဖွယ်

ဆံပင်တို့သည် မစင်ပုံပေါ်၌ပေါက်နေသည့် မွှေးပင့်ပမာ ၃၁-ကောဋ္ဌာသအစု အပုံပေါ်၌ပေါက်နေသည့် ကောဋ္ဌာသတစ်ခုပင် ဖြစ်၏။ ထို့ပြင် သုသာန်,အမှိုက်

ပုံပေါ်၌ပေါက်နေသည့် ဟင်းရွက်ကန်စွန်းပမာ,မသန့်သည့်ရေထဲ၌ ပွင့်နေကြသော ကြာပန်းပမာ မသန့်သောကိုယ်အရပ်၌ ဖြစ်ကြသောကြောင့် ဆံပင်တို့သည် တည်ရာအားဖြင့်လည်း အလွန်စက်ဆုပ်ဖွယ်ကောင်း၏။

ဤသို့လျှင် ဆံပင်တို့သည် အဆင်းအားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ မိရာအကြောင်းအားဖြင့်လည်းကောင်း၊ တည်ရာအားဖြင့်လည်းကောင်း အလွန်စက်ဆုပ်ရွံရှာဖွယ်ရာ ဖြစ်ချေ၏။ မှတ်ချက်။ ကြွင်းကောင်္ဂါသတို့ကိုလည်း ဤနည်းအတိုင်း နှလုံးသွင်းဆင်ခြင်ရမည်။

၂။ လောမာ=အမွေး

အဆင်း - မည်းကြောင်သောအဆင်းရှိ၏။
ပုံသဏ္ဌာန် - ထန်းပင်မြစ်ကဲ့သို့ အောက်သို့ကိုင်းညွတ်သော ပုံသဏ္ဌာန်ရှိ၏။
အရပ် - ခန္ဓာကိုယ်၏အထက်,အောက်အရပ်တို့၌ ဖြစ်၏။
တည်ရာ - ဆံပင်တည်ရှိရာအရပ်များနှင့် လက်ဖဝါး,ခြေဖဝါးအပြင်မှ တစ်ပါး ခန္ဓာကိုယ်အနှံ့အပြားတို့၌ တည်ရှိ၏။
အပိုင်းအခြား - ခန္ဓာကိုယ်အရေပြားအတွင်း၌ တစ်လိကမ္မမျှ စိုက်ဝင်နေ၏။ အောက်၌အမြစ်၊ အထက်၌ ဟင်းလင်းပြင်၊ ပတ်ဝန်းကျင်၌ အမွေးအချင်းချင်းတို့ဖြင့် ပိုင်းခြားထား၏။ (ဝိသဘာဂပရိစ္ဆေဒကို ဆံပင်အတိုင်းမှတ်ပါ။)

၃။ နခါ=ခြေသည်းလက်သည်း

အဆင်း - ဖြူသောအဆင်းရှိ၏။
ပုံသဏ္ဌာန် - ငါး၏အကြေးခွံ ပုံသဏ္ဌာန်ရှိ၏။
အရပ် - ခြေသည်းသည် အောက်အရပ်၊ လက်သည်းသည် အထက်အရပ်၌ဖြစ်၏။
တည်ရာ - လက်ချောင်း,ခြေချောင်းတို့၏ထိပ်၌ တည်ရှိ၏။
အပိုင်းအခြား - လက်,ခြေတို့၏ အထက်အောက်အစွန်းအသား, အတွင်းဘက်၌ လက်,ခြေတို့၏ အမိုးအသား, အပြင်ဘက်နှင့်အဖျားခံ၌ ဟင်းလင်းပြင်, ပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားထား၏။ သို့သော် လက်သည်း,ခြေသည်းတို့သည် တစ်ပေါင်းတည်းမရှိပေ။

၄။ ဒန္တာ=သွား

အဆင်း - ၃၂-ချောင်းသော သွားတို့သည် များသောအားဖြင့် ဖြူသော အဆင်းရှိ၏။

ပုံသဏ္ဌာန် - အောက်သွားတို့တွင် အလယ်လေးချောင်းသည် ဗူးစေ့သဏ္ဌာန် ရှိ၏။ ယင်း၏လက်ယာဘေး၌ စပယ်ငုံသဏ္ဌာန်ရှိသော အစွယ် တစ်ချောင်း၊ ယင်း၏ဘေး၌ အမြစ်နှစ်ခု,အစွန်းနှစ်ခုရှိသော လှည်းထောက်သဏ္ဌာန်ရှိသည့် သွားတစ်ချောင်း၊ ယင်း၏ဘေး၌ အမြစ်သုံးခု,အစွန်းသုံးခုရှိသော သွားနှစ်ချောင်း၊ ယင်း၏ဘေး၌ အမြစ်လေးခု,အစွန်းလေးခုရှိသော သွားနှစ်ချောင်းရှိ၏။ ဤသို့ အလယ်သွားလေးချောင်းတို့၏ လက်ယာဘက်၌ သွား၆-ချောင်း ရှိသည်။ ထို့အတူ အလယ်သွားလေးချောင်း၏ လက်ဝဲဘက်၌ လည်း ဤပုံစံအတိုင်း ၆-ချောင်းရှိသည်။ ထို့ကြောင့် အောက်သွား ၁၆-ချောင်းဖြစ်၏။ ထို့အတူ အထက်သွားတို့သည်လည်း ၁၆-ချောင်း အောက်သွားအတိုင်း အစဉ်အတိုင်းတည်ရှိနေ၏။

အရပ် - အထက်အရပ်၌ ဖြစ်၏။

တည်ရာ - အထက်,အောက်မေးရိုးနှစ်ခု၌ တည်ရှိ၏။

အပိုင်းအခြား - မေးရိုးဥစိုက်နေသောသွား၏အမြစ်, အထက်၌ ဟင်းလင်းပြင်ဖြင့် ပတ်ဝန်းကျင်၌ အချင်းချင်းတို့ဖြင့် ပိုင်းခြားထား၏။

၅။ တစော=အရေ

အဆင်း - အရေသည် အရေပါး၊ အရေထူနှစ်မျိုးရှိ၏။ နှစ်မျိုးလုံး အမည်း, အညို,အဝါအဆင်းရှိ၏။

ပုံသဏ္ဌာန် - ပုံသဏ္ဌာန်သည် အမျိုးမျိုးရှိ၏။ (စည်၂၂။ ၃၀၇၌ ကြည့်ပါ။)

အရပ် - ခန္ဓာကိုယ်၏အထက်,အောက်အရပ်တို့၌ ရှိ၏။

တည်ရာ - တစ်ကိုယ်လုံးကို မြွေးယှက်ရစ်ပတ်လျက် တည်ရှိ၏။

အပိုင်းအခြား - အောက်အရပ်၌ အရေပြား၏တည်ရာ၊ အထက်အရပ်၌ ဟင်းလင်းပြင်ဖြင့် ပိုင်းခြားထားသည်။

၆။ မံသ=အသား

အဆင်း - ကိုးရာသောသားတစ်တို့သည် ပေါက်ပန်းပွင့်ကဲ့သို့ နီမြန်းသော အဆင်းရှိ၏။

ပုံသဏ္ဌာန် - ခြေသလုံးကြွက်သားသည် ထန်းရွက်ထမင်းထုပ်သဏ္ဌာန်၊ ပေါင်သားသည် ဆေးကြိတ်သည့်ကျောက်လုံးသဏ္ဌာန်၊ တင်ပါးသားသည် ဖိုခနောက်စွန်းသဏ္ဌာန်၊ ကျောက်ကုန်းသားသည် ထန်းလျက်ပြားသဏ္ဌာန်၊ နံပါးသားသည် စပါးကျိုနံရံ၌ ခပ်ပါးပါးသုတ်လိမ်းထားသော မြေညက်သဏ္ဌာန်၊ သားမြတ်သားသည် လုံး၍ပစ်ချလိုက်သော ရွှံမြေညက်စိုင်သဏ္ဌာန်၊ လက်မောင်းသားသည် ကြွက်သဏ္ဌာန် ရှိ၏။

အရပ် - ခန္ဓာကိုယ်၏အထက်,အောက်အရပ်တို့၌ ဖြစ်၏။

တည်ရာ - အရိုးပေါင်းသုံးရာတို့ကို လိမ်းကျံတွယ်ကပ်လျက် တည်ရှိ၏။

အပိုင်းအခြား - အတွင်း၌ အချင်းချင်းစပ်နေသော အရိုးတို့၏တည်ရာနှင့် အထက်နှင့်အပြင်တွင် အရေပြား၊ ပတ်ဝန်းကျင်၌ အသားအချင်းချင်းတို့ဖြင့် ပိုင်းခြားထားသည်။

၇။ နှာရု=အကြော

အဆင်း - အကြောပေါင်းကိုးရာတို့သည် ဖြူသောအဆင်းရှိ၏။

ပုံသဏ္ဌာန် - ပုံသဏ္ဌာန်အမျိုးမျိုး တည်ရှိ၏။

အရပ် - ခန္ဓာကိုယ်၏အထက်,အောက်အရပ်တို့၌ ဖြစ်၏။

တည်ရာ - ခန္ဓာကိုယ်တစ်ကိုယ်လုံး၌ အရိုးတို့ကို ဖွဲ့ယှက်လျက်တည်ရှိ၏။

အပိုင်းအခြား - အောက်တွင် အရိုးတို့၏အပေါ်၊ အထပ်၌အသား,အရေတို့ထိစပ်ရာအရပ်၊ ပတ်ဝန်းကျင်၌ အကြောအချင်းချင်းတို့ဖြင့် ပိုင်းခြားထားသည်။

၈။ အင်္ဂ=အရိုး

ခန္ဓာကိုယ်၌ အရိုးပေါင်းသုံးရာရှိ၏။ လက်ရိုး ၆၄-ချောင်း၊ ခြေရိုး ၆၄-ချောင်း၊ အရိုးနှ ၆၄-ချောင်း၊ ဖနောင့်ရိုး ၂-ချောင်း၊ ခြေဖမျက်ရိုး ၄-ချောင်း၊ ခြေသလုံးရိုး ဘယ်ညာ ၄-ချောင်း၊ ဒူးဆစ်ရိုး ဘယ်ညာ ၂-ချောင်း၊ ပေါင်ရိုး ၂-ချောင်း၊ တင်ပါးရိုး ၂-ချောင်း၊ ကျောက်ဆူးရိုး ၁၈-ချောင်း၊ နံရိုး ၂၄-ချောင်း၊ ရင်ရိုး ၁၄-ချောင်း၊ ရင်ညွန့်ရိုး ၁-ချောင်း၊ ညှပ်ရိုး ၂-ချောင်း၊ လက်ပြင်ရိုး ၂- ချောင်း၊ လက်မောင်းရိုး ၂-ချောင်း၊ လက်ဖျံရိုး ဘယ်ညာ ၄-ချောင်း၊ လည်ရိုး ၇-ချောင်း၊ မေးရိုး ၂-ချောင်း၊ နှာခေါင်းရိုး ၁-ချောင်း၊ မျက်ကွင်းရိုး ၂-ချောင်း၊ နားရိုး ၂-ချောင်း၊ နဖူးရိုး ၁-ချောင်း၊ ဦးထိပ်ရိုး ၁-ချောင်း၊ ဦးခေါင်းရိုး၉-ချောင်း တို့ဖြစ်သည်။

အဆင်း - အရိုးအားလုံးတို့သည် ဖြူသောအဆင်းရှိ၏။
ပုံသဏ္ဌာန် - ပုံသဏ္ဌာန် အမျိုးမျိုးရှိ၏။ (စည်း၂။ ခ၁၅၌ ကြည့်ပါ။)
အရပ် - ခန္ဓာကိုယ်၏အထက်,အောက်အရပ်တို့၌ ဖြစ်၏။
တည်ရာ - ဦးခေါင်းရိုးသည် လည်ရိုး၌, လည်ရိုးသည် ကျောက်ဆူးရိုး၌, ကျောက်ဆူးရိုးသည် တင်ပါးရိုး၌, တင်ပါးရိုးသည် ပေါင်ရိုး၌, ပေါင်ရိုးသည် ဒူးဆစ်ရိုး၌, ဒူးဆစ်ရိုးသည် ခြေသလုံးရိုး၌, ခြေသလုံးရိုးသည် ဖမျက်ရိုး၌, ဖမျက်ရိုးသည် ခြေဖမိုးရိုးတို့၌ တည်ရှိကုန်၏။
အပိုင်းအခြား - အတွင်း၌ ရိုးတွင်းခြင်ဆီ၊ အထက်နှင့်အပြင်၌ အသား၊ အဖျားနှင့် အရင်း၌ အရိုးအချင်းချင်းတို့ဖြင့် ပိုင်းခြားထားသည်။

၉။ အင်္ဂမိန္ဒံ=ရိုးတွင်းခြင်ဆီ

အဆင်း - အရိုးတွင်းရှိခြင်ဆီတို့သည် ဖြူသောအဆင်းရှိ၏။
ပုံသဏ္ဌာန် - ကြီးသောအရိုးတို့၏ ခြင်ဆီသည် ဝါးကျည်တောက်ကြီးအတွင်း၌ ထည့်ပြုတ်ထားသော ကြိမ်ညှန့်သဏ္ဌာန်ရှိ၏။ ငယ်သောအရိုးတို့၏ ခြင်ဆီသည် ငယ်သောဝါးကျည်တောက်အတွင်း၌ ထည့်၍ပြုတ်ထားသော ကြိမ်ညှန့်သဏ္ဌာန်ရှိ၏။
အရပ် - ခန္ဓာကိုယ်၏အထက်,အောက်အရပ်တို့၌ ဖြစ်၏။
တည်ရာ - အရိုးတို့၏အတွင်း၌ တည်ရှိ၏။
အပိုင်းအခြား - အရိုးတို့၏အတွင်းမျက်နှာပြင်တို့ဖြင့် ပိုင်းခြားထားသည်။

၁၀။ ဝက္ကံ=အညို့

အဆင်း - အညို့သည် အညာတစ်ခုတည်း၌ ဖွဲ့ယှက်နေသော အသားစိုင်နှစ်ခုကို ခေါ်သည်။ အဆင်းအားဖြင့် ပင်လယ်ကသစ်စေ့ကဲ့သို့ အနည်းငယ် အနီရောင်သန်းနေ၏။
ပုံသဏ္ဌာန် - သူငယ်တို့ကစားသော ဂေါလီလုံးသဏ္ဌာန်ရှိ၏။ တစ်နည်းအားဖြင့် အညာတစ်ခုတည်း၌ ဖွဲ့ယှက်နေသော သရက်သီးနှစ်လုံးနှင့် တူ၏။
အရပ် - ခန္ဓာကိုယ်၏အထက်အရပ်၌ ဖြစ်၏။
တည်ရာ - လည်မျိုမှထွက်သော တစ်ခုသောအညာရင်းဖြင့် အနည်းငယ် အောက်သို့ဆင်းသွားပြီးလျှင် အကြောနှစ်ခုဖြာထွက်၍ နှလုံးသားကိုခြံရံလျက် တည်ရှိ၏။

အပိုင်းအခြား - အညို့ကို အညို့ဟူသောယင်း၏ပုံစံဖြင့်သာ ပိုင်းခြားထားသည်။

၁၁။ ဟဒယ်=နှလုံး

အဆင်း - ပဒုမ္မာကြာနီပွင့်ဖတ်၏ ကျောဘက်အဆင်းကဲ့သို့ နီသောအဆင်း ရှိ၏။

ပုံသဏ္ဌာန် - အပြင်ပွင့်ဖတ်တို့ကို ခွါ၍ ဓောက်ထိုးဆွဲထားသော ပဒုမ္မာကြာငုံသဏ္ဌာန်ရှိ၏။ ပြင်ပမျက်နှာပြင်သည် ချောမွတ်နေပြီး အတွင်းသည် သပွတ်ခါးသီး၏ အတွင်းသားနှင့်တူ၏။ ပညာထက်မြက်သူတို့၏ နှလုံးသည် အနည်းငယ်ပွင့်အာနေ၏။ ပညာအားနည်းသူတို့၏ နှလုံးသည် ငုံနေ၏။ ယင်းနှလုံး၏အတွင်း၌ ပုန်းညက်စေ့တည်လောက်ရုံမျှရှိသော တွင်းငယ်တစ်ခုရှိ၏။ ယင်းတွင်းငယ်၌ လက်ဆွန်းဝက်ခန့်မျှရှိသော သွေးအနည်းငယ်တည်ရှိ၏။ နှလုံးသွေးအရောင်သည် -

(က) ရာဂကြီးသူ၌ နီသောအဆင်းရှိ၏။
(ခ) ဒေါသကြီးသူ၌ မည်းနက်သောအဆင်းရှိ၏။
(ဂ) မောဟကြီးသူ၌ အသားဆေးရေအဆင်းနှင့်တူ၏။
(ဃ) ဝိတက်အားကြီးသူ၌ ပဝိစပ်ပြုတ်ရေအဆင်းနှင့်တူ၏။
(င) သဒ္ဓါအားကြီးသူ၌ မဟာလှေကားပွင့်အဆင်းနှင့်တူ၏။
(စ) ပညာအားကြီးသူ၌ အရောင်ကြည်လင်တောက်ပ၏။

အရပ် - ခန္ဓာကိုယ်၏အထက်အရပ် ဖြစ်၏။

တည်ရာ - သားမြတ်နှစ်ခုတို့၏ အလယ်ကြား, ကိုယ်၏အတွင်းပိုင်း၌ တည်ရှိ၏။

အပိုင်းအခြား - နှလုံးသည် နှလုံးပုံစံ အတိုင်းအရှည်ပမာဏဖြင့် ပိုင်းခြားထားသည်။

၁၂။ ယကန်=အသည်း

အဆင်း - အသည်းသည် ကုမုဒြာကြာပွင့်ဖတ်၏ ကျောဘက်အရောင်ကဲ့သို့ အနီရောင်ခပ်ဖျော့ဖျော့ အဆင်းရှိ၏။

ပုံသဏ္ဌာန် - ပင်လယ်ကသစ်ရွက်ကဲ့သို့ အရင်း၌တစ်ခုတည်းရှိနေပြီး အဖျား၌ အစုံလိုက်ဖြစ်နေသည့် ပုံသဏ္ဌာန်ရှိ၏။ ထိုအသည်းသည် ပညာနည်းသူတို့၌ တစ်ခုတည်းကဲ့သို့ဖြစ်ပြီး အနည်းငယ်ကြီး၏။ ပညာကြီးသူတို့၌ နှစ်ခု,သုံးခုကဲ့သို့ထင်ရပြီး အနည်းငယ်သေး၏။

အရပ် - ခန္ဓာကိုယ်၏အထက်အရပ်၌ ဖြစ်၏။
တည်ရာ - သားမြတ်နှစ်ခုတို့၏အလယ် ခန္ဓာကိုယ်၏အတွင်း၌ လက်ယာနံပါး ကိုမှီ၍ တည်ရှိနေ၏။
အပိုင်းအခြား - အသည်းသည်လည်း အသည်းဟူသော ယင်းပုံစံအတိုင်းအရှည် ပမာဏဖြင့်သာ ပိုင်းခြားထားသည်။

၁၃။ ကိလောမက်=အမြှေး

အဆင်း - ဖုံးလွှမ်းတတ်သောအမြှေး၊ မဖုံးလွှမ်းတတ်သောအမြှေး-ဟူ၍ နှစ်မျိုးရှိ၏။ ဘွဲ့ဖြူပုဆိုးကြမ်းနှင့်တူသော အဆင်းရှိ၏။
ပုံသဏ္ဌာန် - မိမိတည်ရှိနေသော ပုံသဏ္ဌာန်အတိုင်းသာ ရှိ၏။
အရပ် - ဖုံးလွှမ်းတတ်သောအမြှေးသည် ခန္ဓာကိုယ်အထက်အရပ်၌ တည် ဖြစ်၏။ မဖုံးလွှမ်းတတ်သောအမြှေးသည် အထက်အရပ်, အောက် အရပ်နှစ်မျိုးလုံး၌ ဖြစ်၏။
တည်ရာ - ဖုံးလွှမ်းတတ်သောအမြှေးသည် နှလုံးနှင့်အညှိကို ဖုံးလွှမ်းလျက် တည်ရှိ၏။ မဖုံးလွှမ်းတတ်သောအမြှေးသည် ခန္ဓာကိုယ်တစ်ကိုယ် လုံး၏ အရေပြားအောက်၌ အသားကို မြှေးယှက်လျက်တည်ရှိ နေ၏။
အပိုင်းအခြား - အောက်၌အသားဖြင့်,အထက်၌အရေဖြင့်,ပတ်ဝန်းကျင်၌ အမြှေး တို့ဖြင့် ပိုင်းခြားထားသည်။

၁၄။ ဝိဟက်=အဖျဉ်း

အဆင်း - အစာသစ်အိမ်၏ အထက်စွန်း၌ရှိသည့် သရက်ရွက်ခေါ် အဖျဉ်း သည် ကြောင်ပန်းပွင့်ကဲ့သို့ ညိုသောအဆင်းရှိ၏။
ပုံသဏ္ဌာန် - နွားငယ်၏လျှာသဏ္ဌာန်နှင့်တူ၏။ အဖွဲ့အည်မရှိပေ။
အရပ် - ခန္ဓာကိုယ်၏ အထက်အရပ်၌ ဖြစ်၏။
တည်ရာ - နှလုံး၏လက်ဝဲဘက်၌ အစာသစ်အိမ်လွှာ၏ အထက်အစွန်းကို မှီ၍တည်ရှိ၏။
အပိုင်းအခြား - အဖျဉ်းအဖို့ဖြင့် ပိုင်းခြားထား၏။

၁၅။ ပပ္ဖါသံ=အဆုတ်

အဆင်း - အသားပိုင်းနှစ်ခု,သုံးခုရှိသည့် အဆုတ်သည် အမှည့်ဂလွန်သေး သည့် ရေသဖန်းသီးကဲ့သို့ နီသောအဆင်းရှိ၏။

ပုံသဏ္ဌာန် - မညီမညာဖြတ်ထားသည့် မုန့်အထူပိုင်းသဏ္ဌာန်ရှိ၏။ အတွင်း၌ စားသောက်ထားသည့် အစာမရှိသောအခါ ကမ္မဇတေဇောအပူဇွေဖြင့် လောင်ကျွမ်းထားသောကြောင့် ညက်ညက်ဝါးထားသည့် ကောက်ရိုးထွေးကဲ့သို့ အနှစ်သာရမရှိ၊ အဆီအြေမရှိပေ။

အရပ် - ခန္ဓာကိုယ်၏ အထက်အရပ်၌ ဖြစ်၏။

တည်ရာ - သားမြှတ်နှစ်ခုတို့၏အကြား၊ နှလုံးနှင့်အသည်းကို ဖုံးအုပ်ကာ တွဲလွဲဆွဲလျက် တည်ရှိနေ၏။

အပိုင်းအခြား - အဆုတ်သည် အဆုတ်၏ပမာဏဖြင့် ပိုင်းခြားထား၏။

၁၆။ အန္တံ=အူမ

အဆင်း - အူမသည် အမျိုးသား၌ ၃၂-တောင်၊ အမျိုးသမီး၌ ၂၈-တောင်ရှိပြီး နေရာ၂၁-ခုတို့၌ ခွေလျက်နေ၏။ အရောင်သည် ကျောက်ဖြူမှုန့်ကဲ့သို့ ဖြူသောအဆင်းရှိ၏။

ပုံသဏ္ဌာန် - အနီရောင်များကိုဆိုးသည့် ဆေးဆိုးခွက်၌ ခွေ၍ထည့်ထားသော မြွေသဏ္ဌာန်ရှိ၏။

အရပ် - အထက်,အောက်အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ - လည်မျိုအစ,ဝစ္စမဂ်အဆုံး ခန္ဓာကိုယ်တွင်း၌တည်ရှိ၏။

အပိုင်းအခြား - အူမအဖို့ဖြင့် ပိုင်းခြားထား၏။

၁၇။ အန္တဂုဏ်=အူသိမ်

အဆင်း - ကြာသိမ်မြစ်,ရေခဲနှစ်နေသည့်မှော်မြစ်ကဲ့သို့ အဖြူအဆင်းရှိ၏။

ပုံသဏ္ဌာန် - ကြာသိမ်မြစ်,မှော်မြစ်ပုံသဏ္ဌာန်ရှိ၏။

အရပ် - အထက်,အောက် နှစ်ပါးသောအရပ်၌ ဖြစ်၏။

တည်ရာ - ယန္တရားစက်ကြီးသည် ယန္တရားစက်၏ ပျဉ်ချပ်တို့ကို လျှောမကျအောင် ဖွဲ့တွယ်ထားသကဲ့သို့ အူမခွေ ၂၁-ခုတို့ကို လျှောမကျအောင် အကြားအကြား၌ ဖွဲ့ယှက်လျက်တည်ရှိ၏။

အပိုင်းအခြား - အူသိမ်ဟူသောအဖို့အားဖြင့် ပိုင်းခြားထား၏။

၁၈။ ဥဒရိယံ=အစာသစ်

အဆင်း - စားမျိုထားသည့်အစာတို့၏ အရောင်အဆင်းအတိုင်း ဖြစ်၏။

ပုံသဏ္ဌာန် - အဝတ်ရေစစ်၌ ခပ်လျော့လျော့ ထုပ်ပိုးထားသည့်ဆန်တို့နှင့် ပုံသဏ္ဌာန်တူ၏။

အရပ် -အထက်အရပ်၌ ဖြစ်၏။
တည်ရာ -အစာသစ်အိမ်ဟူသောဝမ်း၌ တည်ရှိ၏။
အပိုင်းအခြား -အသားလွှာဖြင့်လည်းကောင်း၊ အစာသစ်အဖို့ဖြင့်လည်းကောင်း ပိုင်းခြားထား၏။

၁၉။ ကရီသ=အစာဟောင်း

အဆင်း -ကျင်ကြီးဟူသော အစာဟောင်းသည် အများအားဖြင့် စားမျိုလိုက်သည့်အစာ၏ အရောင်အဆင်းအတိုင်း ဖြစ်၏။
ပုံသဏ္ဌာန် -ကျင်ကြီးတည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။
အရပ် -အောက်အရပ်၌ ဖြစ်၏။
တည်ရာ -အစာဟောင်းအိမ်၌ တည်ရှိ၏။
စင်စစ်၊ အစာဟောင်းအိမ်သည် ခန္ဓာကိုယ်တွင်း၌ ရှေ့ပိုင်းတွင် ချက်၏အောက် အနည်းငယ်နိမ့်သောအရပ်နှင့် နောက်ပိုင်းတွင် အောက်ဆုံး ကျောက်ဆူးရိုးဆစ်တို့၏အလယ် အူမအဆုံး၌ တည်ရှိနေ၏။ အစောက်အားဖြင့် လက်ရှစ်သစ်မျှရှိသည်။ ဥပမာ-မြင့်ရာမှစီးဆင်းလာသည့်မိုးရေသည် နိမ့်ရာ၌ ပြည့်နေသကဲ့သို့ အစာသစ်အိမ်မှ ဝမ်းမီးဖြင့်ချက်ပြီးတိုင်း ဆေးကြိတ်ကျောက်ဖြင့် ကျိတ်ချေလိုက်ဘိသကဲ့သို့ ကြေညက်ပြီးသားအစာများသည် အူခေါင်းအတိုင်းလျှောဆင်းလာပြီး ဝါးကျည်တောက်၌ ဖိသိပ်၍ ထည့်ထားသည့်မြေညက်ပမာ စုဝေးတည်ရှိနေ၏။
အပိုင်းအခြား -အစာဟောင်းအိမ်အလွှာဖြင့်လည်းကောင်း၊ ကျင်ကြီးအဖို့အားဖြင့်လည်းကောင်း ပိုင်းခြားထားသည်။

၂၀။ မတ္ထလုင်္ဂ=ဦးနှောက်

အဆင်း -ဦးခေါင်းခွံအတွင်းရှိ ခြင်ဆီအစုဟူသော ဦးနှောက်သည် ခပ်ပြစ်ပြစ်ရှိပြီး ခဲစပြုနေသည့်နို့ရည်ကဲ့သို့ ဖြူသောအဆင်းရှိ၏။
ပုံသဏ္ဌာန် -ဦးနှောက်တည်ရှိနေသော ပုံသဏ္ဌာန်အတိုင်းရှိ၏။
အရပ် -အထက်အရပ်၌ ဖြစ်၏။
တည်ရာ -လေးခုသောချုပ်စပ်ကြောင်းတို့ကိုမှီ၍ စုပေါင်းထားသည့် မုန့်ညက်စိုင်ကဲ့သို့ ဦးခေါင်းခွံအတွင်း၌ တည်ရှိနေ၏။
အပိုင်းအခြား -ဦးခေါင်းခွံ၏ အတွင်းဘက်မျက်နှာပြင်တို့ဖြင့်လည်းကောင်း၊ ဦးနှောက်အဖို့အားဖြင့်လည်းကောင်း ပိုင်းခြားထား၏။

၂၁။ ဝိတ္တံ=သည်းခြေ

အဆင်း - ဖွဲ့စပ်သောဗဒ္ဓသည်းခြေနှင့် မဖွဲ့စပ်သောအဗဒ္ဓသည်းခြေ-ဟူ၍ နှစ်မျိုးရှိရာ ဗဒ္ဓသည်းခြေသည် ပြစ်ချဲ့သည့် သစ်မည်စည်အဆီ၏ အဆင်းနှင့်တူ၏။ အဗဒ္ဓသည်းခြေသည် ညှိုးခြောက်နေသည့် တောင်ကျည်းပန်းအဆင်းနှင့် တူ၏။

ပုံသဏ္ဌာန် - မိမိတို့၏တည်ရာအရပ် ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် - ဗဒ္ဓသည်းခြေသည် အထက်အရပ်၌ဖြစ်၏။ အဗဒ္ဓသည်းခြေသည် အထက်,အောက် အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ - အဗဒ္ဓသည်းခြေသည် ဆံပင်,အမွေး,သွား,ခြေသည်းလက်သည်း၊ မာခြောက်နေသည့် အသားမာစသည်တို့မှတစ်ပါး ခန္ဓာကိုယ်တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိ၏။ အဗဒ္ဓသည်းခြေပျက်လျှင် မျက်စိမှုန်ခြင်း,မူးမော်ခြင်း,ကိုယ်တုန်လှုပ်ခြင်း,ယားယံခြင်းများ ဖြစ်တတ်၏။

- ဗဒ္ဓသည်းခြေသည် နှလုံးနှင့်အဆုပ်တို့၏ အလယ်အကြား၌ အသည်း၏ အသားကိုမှီ၍တည်ရှိနေသော သည်းခြေအိမ်၌ ရှိ၏။ ဗဒ္ဓသည်းခြေပျက်လျှင် သတ္တဝါတို့သည် ရူးကုန်၏။ စိတ်ဖောက်ပြန်၍ အရှက်အကြောက်ကင်းမဲ့တတ်ကုန်၏။ မပြုသင့်သည်ကို ပြု၏။ မပြောသင့်သည်ကို ပြော၏။ မကြံသင့်သည်ကို ကြံစည်တတ်၏။

အဝိုင်းအခြား - သည်းခြေအဖို့အားဖြင့် ဝိုင်းခြားထား၏။

၂၂။ သေမ့်=သလိပ်

အဆင်း - ခန္ဓာကိုယ်တွင်း၌ တစ်စလယ်ပြည့် ပမာဏလောက်ရှိသော သလိပ်တို့သည် ဝက်ချေးပန်းရွက်ရည်ကဲ့သို့ အဖြူအဆင်းရှိ၏။

ပုံသဏ္ဌာန် - မိမိတည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် - အထက်အရပ်၌ ဖြစ်၏။

တည်ရာ - အစာသစ်အိမ်ဟူသော ဝမ်းလွှာအခေါင်း၌ တည်ရှိ၏။ ဥပမာ-ရေမှော်အတွင်းသို့ ခဲပစ်ချလိုက်လျှင် ရေမှော်များကွဲထွက်၍ တစ်ဖန်ပြန်ဆက်စပ်သကဲ့သို့ သလိပ်တို့သည် စားသောက်ဖွယ်များ ကျလာသည့်အခါ နှစ်ခြမ်းကွဲသွားပြီးနောက် တစ်ဖန် အစာသစ်ကို ဖုံးအုပ်လျက်တည်ရှိနေ၏။

သလိပ်နည်းလျှင် ပြည်မှည့်နေသည့်အနာ, ကြက်ဥပုပ်စသည်တို့ကဲ့သို့ အစာသစ်အိမ်၌ အပုပ်နံ့ထွက်၍ အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ အစာသစ်အိမ်မှ အနံ့များဆန်တက်လာပြီး ခံတွင်းမှ မကောင်းသည့်အနံ့ဆိုးများ တလှိုင်လှိုင်ထွက်နေတတ်၏။ သလိပ်များလျှင် မစင်တွင်း၌ ဖုံးအုပ်ထားသည့်ပျဉ်ချပ်ပမာ အစာသစ်အိမ်၏အတွင်း၌ ပိတ်ဆို့လျက်ရှိပြီး အပုပ်နံ့များလိုင်နေတတ်၏။

အပိုင်းအခြား - သလိပ်အဖို့ဖြင့် ပိုင်းခြားထား၏။

၂၃။ ပုဗ္ဗော=ပြည်

အဆင်း - သွေးပုပ်ဟုဆိုအပ်သော ပြည်သည် ဖျော့တော့တော့ ဖက်ရွက်ရော်အဆင်းရှိ၏။ သူသေကောင်မှထွက်သည့်ပြည်တို့ကား ထမင်းရည်ပုပ်အဆင်းရှိ၏။

ပုံသဏ္ဌာန် - မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် - အထက်, အောက် အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ - ပြည်၏တည်ရှိရာကား အမြဲမရှိ။ အနာဖြစ်ပေါ်၍ မှည့်ရင့်သည့်အခါ, သွေးများပုပ်သည့်အခါတို့၌ ပြည်များရှိနေတတ်၏။

အပိုင်းအခြား - ပြည်အဖို့ဖြင့် ပိုင်းခြားထား၏။

၂၄။ လောဟိတ်=သွေး

အဆင်း - သွေးသည် စုဝေးနေသော သန့်စိတသွေးနှင့် ရွှေ့လျားနေသော သံသရဏသွေး-ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် သန့်စိတသွေးသည် ချက်ထားသည့် ပြစ်ချဲ့သောချိပ်ရည်အဆင်းရှိ၏။ သံသရဏသွေးသည် ကြည်လင်သောချိပ်ရည်အဆင်းရှိ၏။

ပုံသဏ္ဌာန် - မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် - သန့်စိတသွေးသည် အထက်အရပ်၌ ဖြစ်၏။ သံသရဏသွေးသည် အထက်, အောက် အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ - သံသရဏသွေးသည် ဆံပင်, အမွေး, ခြေသည်းလက်သည်း, အသားမာတို့မှတစ်ပါး ခန္ဓာကိုယ်အနှံ့တည်ရှိနေ၏။ သန့်စိတသွေးသည် အသည်းတည်ရှိရာအရပ်၏ အောက်၌ တစ်ကွမ်းစားမျှ ပြည့်လျက်တည်၏။ နှလုံး, အညို့, အဆုပ်တို့၏ အထက်၌လည်း အနည်းငယ် ယိုစီးစေလျက် စိုစွတ်ပျံ့နှံ့လျက်တည်နေ၏။

အဝိုင်းအခြား -သွေးအချင်းချင်း တူညီသောအဖို့အားဖြင့် ဝိုင်းခြားထား၏။

၂၅။ သေဒေါ=ချွေး

အဆင်း -ခန္ဓာကိုယ်ရှိ မွေးညင်းပေါက်တို့မှ ယိုထွက်နေသော အာပေါဓာတ် ဟူသောချွေးသည် နှမ်းဆီကဲ့သို့ ကြည်လင်တောက်ပသည့်အဆင်း ရှိ၏။

ပုံသဏ္ဌာန် -မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် -အထက်,အောက် အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ -ချွေး၏အမြဲတမ်းတည်နေရာ မရှိပေ။ ရာသီဥတုဖောက်ပြန်သည့် အခါ, ခန္ဓာကိုယ်ဖောက်ပြန်သည့်အခါတို့၌ ချွေးများယိုထွက်ပြီး မွေးညင်းပေါက်တို့၌ ပြည့်လျက်တည်ရှိ၏။

အဝိုင်းအခြား -ချွေး၏အဖို့အားဖြင့် ဝိုင်းခြားထား၏။

၂၆။ မေဒေါ=အဆီခဲ

အဆင်း -အဆီခဲသည် ခွဲခြမ်းထားသော နွားခဲ၏အတွင်းသား အဆင်းနှင့် တူ၏။

ပုံသဏ္ဌာန် -ဝမ်းဗိုက်သူတို့၌ အရေပြားနှင့်အသားကြား၌ နွားရောင်ဘွဲ့ဖြူ ပုဆိုးကြမ်းပုံသဏ္ဌာန်တည်နေ၏။ ပိန်သောသူတို့၌ သလုံးသား, ပေါင်သား,ကျောကုန်းသား,ဝမ်းဗြင်းသားတို့ကို မှီ၍ နှစ်ထပ်, သုံးထပ်ပြုလျက် နွားရောင်ဘွဲ့ဖြူပုဆိုးကြမ်း ပုံသဏ္ဌာန် တည်နေ၏။

အရပ် -အထက်,အောက် အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ -ဝသောသူတို့၌ တစ်ကိုယ်လုံးကိုပုံနှံ့လျက် တည်ရှိ၏။ ပိန်သောသူ တို့၌ သလုံးသားစသည်တို့ကိုမှီ၍ တည်ရှိ၏။

အဝိုင်းအခြား -အောက်၌အသား၊ အထက်၌ အရေပြား၊ ပတ်ဝန်းကျင်၌ အဆီခဲ အချင်းချင်းတို့ဖြင့် ဝိုင်းခြားထား၏။

၂၇။ အဿု=မျက်ရည်

အဆင်း -မျက်စိတို့မှ ယိုထွက်သည့် အာပေါဓာတ်ဟူသော မျက်ရည်သည် နှမ်းဆီကဲ့သို့ ကြည်လင်သောအဆင်းရှိ၏။

ပုံသဏ္ဌာန် -မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် -အထက်အရပ်၌ ဖြစ်၏။

တည်ရာ -မျက်တွင်း၌တည်ရှိ၏။ မျက်ရည်သည် အမြဲတမ်းတည်ရှိနေခြင်း မဟုတ်ပေ။ ဝမ်းမြောက်သည့်အခါ, ငိုကြွေးသည့်အခါ, မတည့်သည်ကို စားမိသည့်အခါ, မီးခိုး,မြူ,ဖုံမှုန့်စသည်တို့ မျက်စိအတွင်းသို့ဝင်သောအခါတို့၌ မျက်ရည်များသည် မျက်တွင်း၌ အပြည့်တည်ရှိနေ၏။

အပိုင်းအခြား -မျက်ရည်၏အဖို့အားဖြင့် ပိုင်းခြားထား၏။

၂၈။ ဝသာ=ဆီကြည်

အဆင်း -မခဲဘဲ ကြည်လင်နေသည့်အဆီကို ဆီကြည်-ဟုခေါ်၏။ ယင်းဆီကြည်သည် ထမင်းရည်ပေါ်သို့ လောင်းထည့်လိုက်သည့် အုန်းဆီကဲ့သို့ ကြည်လင်သောအဆင်းရှိ၏။

ပုံသဏ္ဌာန် -ရေကြည်ထက်၌ ဝေ့လည်နေသည့်ဆီပေါက်၏ ပုံသဏ္ဌာန်ကဲ့သို့ ဖြစ်၏။

အရပ် -အထက်,အောက် အရပ်နှစ်ပါး၌ ဖြစ်၏။

တည်ရာ -လက်ဖဝါး,မျက်နှာပြင်,ခြေဖမိုး,နှာခေါင်းဖု,နဖူး,ပခုံးစွန်းတို့၌ တည်ရှိ၏။

အပိုင်းအခြား -ဆီကြည်အဖို့၏ အပိုင်းအခြားအားဖြင့် ပိုင်းခြားထား၏။

၂၉။ ခေဠော=တံတွေး

အဆင်း -ခံတွင်းရှိ အမြှုပ်နှင့်ရောနေသော အာပေါဓာတ်ဟူသော တံတွေးသည် ရေမြှုပ်ပမာ ဖြူသောအဆင်းရှိ၏။

ပုံသဏ္ဌာန် -မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် -အထက်အရပ်၌ ဖြစ်၏။

တည်ရာ -ပါးစောင်နှစ်ဖက်မှ သက်ဆင်းလာပြီး လျှာပေါ်၌တည်နေ၏။ တံတွေးသည် လျှာဖျားပေါ်၌ ကျဲပြီး လျှာရင်း၌မူ ပြစ်ချွဲ၏။ စားသောက်ဖွယ်နှင့်တွေ့သည့်အခါ စိုစွတ်စေ၏။

အပိုင်းအခြား -တံတွေးအဖို့အားဖြင့် ပိုင်းခြားထား၏။

၃၀။ သိၘိကာ=နှပ်

အဆင်း -နှပ်ဟူသည် ဦးနှောက်မှယိုထွက်လာသည့် မစင်ကြယ်သောအရာဖြစ်၏။ နှပ်သည် ထန်းသီးနု၏အဆင်းနှင့်တူ၏။

ပုံသဏ္ဌာန် -မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။

အရပ် - အထက်အရပ်၌ ဖြစ်၏။
တည်ရာ - နှာခေါင်းဖုတို့ကို ပြည့်စေလျက်တည်၏။
အပိုင်းအခြား - နှပ်အဖို့အားဖြင့် ပိုင်းခြားထား၏။

၃၁။ လသိကာ=အစေး

အဆင်း - ခန္ဓာကိုယ်ထဲ၌ အရိုးဆက်တို့၏အကြား၌ တည်ရှိသော ကျိုချဲ့သော အစေးသည် မဟာလှေခါးပင်၏အစေးကဲ့သို့ အဆင်းရှိ၏။
ပုံသဏ္ဌာန် - မိမိ၏တည်ရှိရာ ပုံသဏ္ဌာန်အတိုင်းရှိ၏။
အရပ် - အထက်,အောက် အရပ်နှစ်ပါး၌ ဖြစ်၏။
တည်ရာ - အရိုးဆက်တို့၏ နယ်ဆီကိစ္စကိုပြီးစေလျက် အရိုးဆက်ပေါင်း တစ်ရာ့ရှစ်ဆယ်တို့၏အကြား၌ တည်ရှိနေ၏။ အစေးနည်းသော သူသည် ထခြင်း,ထိုင်ခြင်းစသည်တို့၌ အရိုးဆက်တို့ကြားမှ အသံမည်၏။ ဝါယောဓာတ်ပျက်သဖြင့် ခရီးဝေးဝေး မသွားနိုင်ပေ။ အစေးများသောသူသည် ထခြင်း,ထိုင်ခြင်းစသည်တို့၌ အသံမမြည်ပေ။ ခရီးဝေးဝေး သွားနိုင်၏။
အပိုင်းအခြား - အစေးအဖို့အားဖြင့် ပိုင်းခြားထား၏။

၃၂။ မုတ္တံ=ကျင်ငယ်

အဆင်း - ကျင်ငယ်ရည်၏အဆင်းသည် ပဲကြီးပြာရည်အဆင်း ရှိ၏။
ပုံသဏ္ဌာန် - မှောက်ထားသည့်ရေအိုးအတွင်း၌ရှိသည့် ရေကဲ့သို့ ပုံသဏ္ဌာန်ရှိ၏။
အရပ် - အောက်အရပ်၌ ဖြစ်၏။
တည်ရာ - ဆီးအိမ်အတွင်း၌တည်ရှိ၏။
အပိုင်းအခြား - ဆီးအိမ်အတွင်းအရပ်ဖြင့်လည်းကောင်း၊ ကျင်ငယ်အဖို့အားဖြင့် လည်းကောင်း ပိုင်းခြားထား၏။

ဤသို့လျှင် ၃၂-ကောဋ္ဌာသတို့ကို အဆင်းစသည်(၅)မျိုးဖြင့် ပိုင်းခြားပြီးလျှင် ဆံပင်ကိုနှလုံးသွင်းသကဲ့သို့ အဆင်း,သဏ္ဌာန်,အနံ့,မှီရာအကြောင်း, တည်ရာတို့၏ အစွမ်းဖြင့် ကောဋ္ဌာသအသီးသီးတို့ကို စက်ဆုပ်ရွံရှာဖွယ်-ဟု နှလုံးသွင်း ဆင်ခြင်သောယောဂီပုဂ္ဂိုလ်အား အမည်ပညတ်ကို လွန်မြောက်သည်၏အဆုံး၌ ကောဋ္ဌာသ အားလုံးတို့သည် မရှေးမနှောင်း တစ်ပြိုင်နက်ပင် ထင်ရှားပေါ်လာကြ၏။ ဥပမာ အားဖြင့် ၃၂-မျိုးသောအရောင်ရှိသည့် ပန်းတို့ဖြင့် သီကုံးထားသည့် ပန်းကုံးကို ကြည့်ရှုနေစဉ်မှာပင် ပန်းအားလုံး တစ်ပြိုင်နက်ထင်ရှားပေါ်လာသကဲ့သို့ ဖြစ်သည်။

မိမိမှတစ်ပါး အခြားသတ္တဝါတို့ကို နှလုံးသွင်းနိုင်ပုံ

မိမိခန္ဓာကိုယ် ၃၂-ကောဋ္ဌာသတို့သည် စက်ဆုပ်ရွံရှာဖွယ်ချည်းသာ ဖြစ်၏ ဟုနှလုံးသွင်းနိုင်လျှင် မိမိမှတစ်ပါးအခြားသော လှည့်လည်သွားလာနေကြသည့် လူ၊တိရစ္ဆာန်စသော သတ္တဝါတို့၏ခန္ဓာကိုယ်ကိုလည်း ၃၂-ကောဋ္ဌာသ အစုအဝေးမျှသာ ဖြစ်၏-ဟူ၍ ဆင်ခြင်နှလုံးသွင်းနိုင်၏။ ထို့ပြင် ထိုလူ၊တိရစ္ဆာန်စသည်တို့ စားမျိုအပ်သည့် စားဖွယ်သောက်ဖွယ်တို့ကိုလည်း ၃၂-ကောဋ္ဌာသအစုအပုံ၌ လောင်းထည့်အပ်သော စက်ဆုပ်ရွံရှာဖွယ်ရာများသာ ဖြစ်ပေ၏-ဟူ၍လည်း ဆင်ခြင်နှလုံးသွင်းနိုင်လေတော့၏။

ဥဂ္ဃဟနိမိတ်နှင့် ပဋိဘာဂနိမိတ်

ဆံပင်စသော ၃၂-ကောဋ္ဌာသတို့၏ အဆင်း၊ သဏ္ဌာန်၊ အရပ်၊ တည်ရာ၊ အပိုင်းအခြားအားဖြင့် ထင်ပေါ်လာသောနိမိတ်သည် ဥဂ္ဃဟနိမိတ်မည်၏။

ထိုဆံပင်စသော ၃၂-ကောဋ္ဌာသတို့ကို အဆင်း၊ သဏ္ဌာန်၊ အနံ့၊ မှီရာအကြောင်း၊ တည်ရာတို့၏အစွမ်းဖြင့် စက်ဆုပ်ရွံရှာဖွယ် ဖြစ်၏-ဟု ရှုမှတ်သည်ရှိသော် စက်ဆုပ်ဖွယ်အနေဖြင့် ထင်ပေါ်လာသောနိမိတ်သည် ပဋိဘာဂနိမိတ်မည်၏။

အပွနာဖြစ်ပုံ

ပဋိဘာဂနိမိတ်ကို (ဝါ)ပဋိဘာဂနိမိတ်လျှင်အာရုံရှိသော နှလုံးသွင်းမှုကို အကြိမ်ကြိမ်ပွားများသည်ရှိသော် ရှေးဦးပြဆိုခဲ့ပြီးသော အပွနာ(စျာန်)ဖြစ်ပုံအတိုင်း အသုဘကမ္မဋ္ဌာန်းမှာကဲ့သို့ ပထမစျာန်အပွနာ ဖြစ်ပေါ်လာ၏။

ကောဋ္ဌာသတစ်ခုသာ ထင်ရှားပြီး ယင်းကောဋ္ဌာသ၌ အပွနာသို့ရောက်၍ အခြားကောဋ္ဌာသတို့ကို ဆက်လက်အားထုတ်ခြင်း မပြုသောပုဂ္ဂိုလ်အား အပွနာစျာန်တစ်ပါးသာ ဖြစ်၏။ ကောဋ္ဌာသများစွာ ထင်ရှားပြီး ကောဋ္ဌာသတစ်ပါး၌ အပွနာသို့ရောက်သော ယောဂီပုဂ္ဂိုလ်သည် ကျန်သောကောဋ္ဌာသတို့ကိုလည်း အပွနာသို့ရောက်ရန် ဆက်လက်၍အားထုတ်ပါမူ ကောဋ္ဌာသအရေအတွက်ရှိသည့်အတိုင်း အပွနာစျာန်များ ဖြစ်ပေါ်ကုန်၏။

မလ္လကမထေရ် ကောဋ္ဌာသအရေအတွက်အတိုင်း အပွနာဖြစ်ပုံ

မလ္လကမထေရ်သည် ဒီဃနိကာယ်ဆောင် အဘယမထေရ်မြတ်၏ လက်ကို ကိုင်၍ ''ငါ့ရှင် အဘယ...၊ ဤအမေးပုစ္ဆာကို ဦးစွာသင်ယူလော့'' ဟုဆိုပြီးလျှင် ''မလ္လကထေရ်ဟာ ၃၂-ကောဋ္ဌာသလုံးမှာ ပထမစျာန် ၃၂-ပါး ဖြစ်ပါတယ်။

အကယ်၍ မလွှကထေရ်ဟာ ညပိုင်းမှာ ကောင္မာသတစ်မျိုးနဲ့ ပထမစျာန်တစ်ပါး ကို ဝင်စားပြီး၊ နေ့ပိုင်းမှာ ကောင္မာသတစ်မျိုးနဲ့ ပထမစျာန်တစ်ပါးကို ဝင်စားလျှင် လဝက်ကျော်(၁၇-ရက်)လောက်ဆိုရင် အစကနေပြီး ပြန်ဝင်စားနိုင်တယ်။ အကယ်၍ တစ်နေ့ကို ကောင္မာသတစ်မျိုးစီကို ပထမစျာန်တစ်ပါးစီ ဝင်စားမယ် ဆိုရင်တော့ တစ်လကျော်လောက်ဆိုရင် အစကနေပြီး ပြန်ဝင်စားနိုင်တယ်"ဟု မိန့်ဆိုလေ၏။ ထို့ကြောင့် ဤသာဓကကို ထောက်ရှု၍ ကောင္မာသတစ်မျိုးစီ၌ ပထမစျာန်အပွနာ တစ်ပါးစီရနိုင်ကြောင်း သိရပါသည်။ (စည်၊၂။ ၃၅၄-၃၅၅)

ကာယဂတာသတိပွားများရခြင်း

အကျိုးများ

(၁) ကမ္မဋ္ဌာန်းကျောင်း၌ မမွေ့လျော်မှု, ဘာဝနာအလုပ်တို့၌ မမွေ့လျော်မှုတို့ကို နှိမ်နင်းနိုင်ခြင်း၊ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းကို နှိမ်နင်းနိုင်ခြင်း၊

(၂) ဘေးကြီး,ဘေးငယ် အသွယ်သွယ်တို့ကို သည်းခံနိုင်ခြင်း၊

(၃) အအေး,အပူတို့ကိုလည်းကောင်း၊ ဆာလောင်မွတ်သိပ်ခြင်းကိုလည်းကောင်း၊ မှက်,ခြင်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏ ကိုက်ခဲမှုတို့ကိုလည်းကောင်း၊ မကောင်းသဖြင့်ပြောဆိုအပ်သည့် စကားများကိုလည်းကောင်း သည်းခံနိုင်ခြင်း၊

(၄) ခန္ဓာကိုယ်၌ဖြစ်ပေါ်တတ်သည့် အလွန်ပြင်းထန်သော ဆင်းရဲဒုက္ခဝေဒနာတို့ကို သည်းခံနိုင်ခြင်း၊

(၅) ဆံပင်စသည်တို့၏ အညို,အဝါ,အနီ,အဖြူဟူသော အရောင်အဆင်းတို့ကို အကြောင်းပြု၍ စျာန်လေးပါးကိုရခြင်း၊

(၆) အဘိညာဉ်တို့ကို ထိုးထွင်းသိနိုင်ခြင်း-ဟူသော အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

အာနာပါနဿတိ ကမ္မဋ္ဌာန်း

အာနာပါနဿတိ သမာဓိ

ဝင်လေ,ထွက်လေကို သိမ်းဆည်းသော သတိနှင့်ယှဉ်သော သမာဓိကို "အာနာပါနဿတိသမာဓိ" ဟုခေါ်၏။ တစ်နည်းအားဖြင့် ဝင်လေ,ထွက်လေကို သိမ်းဆည်းသော သတိကြောင့်ဖြစ်သော သမာဓိသည် "အာနာပါနဿတိသမာဓိ" မည်ပါသည်။

[အာနာပါနဿတိသမာဓိတိ အာနာပါနပရိဂ္ဂဟိတာယ သတိယ သဒ္ဓိ သမ္မယုတ္တော သမာဓိ။ အာနာပါနဿိယံ ဝါ သမာဓိ အာနာပါနဿတိသမာဓိ။(ဝိသုဒ္ဓိ၊၁။ ၂၅၉)]

အာနာပါနကမ္မဋ္ဌာန်းကို ငြိမ်သက်သောကမ္မဋ္ဌာန်း မွန်မြတ်သောကမ္မဋ္ဌာန်း ဖြစ်၏ဟု ဟောရခြင်းအကြောင်း

အာနာပါနဿတိကမ္မဋ္ဌာန်းသည် ငြိမ်သက်သောကမ္မဋ္ဌာန်း, မွန်မြတ်သော ကမ္မဋ္ဌာန်းမျိုး ဖြစ်၏။ အသုဘကမ္မဋ္ဌာန်းသည်ကား ထိုးထွင်းလျှင်သိခြင်း ပဋိဝေဓ၏ အစွမ်းသက်သက်ကြောင့်သာ ငြိမ်သက်ခြင်း, မွန်မြတ်ခြင်း ဖြစ်၏။ သို့သော်လည်း ထိုအသုဘကမ္မဋ္ဌာန်းသည် ရုန့်ရင်းသောအာရုံရှိခြင်းကြောင့်လည်းကောင်း၊ စက်ဆုပ်ဖွယ်အာရုံရှိခြင်းကြောင့်လည်းကောင်း အာရုံ၏အစွမ်းအားဖြင့်မူ မငြိမ်သက်, မမွန်မြတ်သည်သာ ဖြစ်၏။

အာနာပါနဿတိကမ္မဋ္ဌာန်းကား ထိုသို့မဟုတ်ပေ။ မည်သို့သော အကြောင်းကြောင့်မျှ မငြိမ်သက်ခြင်း, မမွန်မြတ်ခြင်းမည်သည် မဖြစ်ပေ။ စင်စစ်၊ အာနာပါနဿတိကမ္မဋ္ဌာန်းသည် အာရုံ၏ငြိမ်သက်မှုကြောင့်လည်း ငြိမ်သက်ခြင်း(သန္တ)၊ အထူးသဖြင့်ငြိမ်သက်ခြင်း(ဂူပသန္တ)၊ မွန်မြတ်ခြင်း(ပဏီတ)၊ မရောင့်ရဲနိုင်အောင် ကောင်းခြင်း(အတိတ္တိကရ) ဖြစ်၏။

ထို့ပြင် စာနာအင်္ဂါ၏မွန်မြတ်ခြင်းကြောင့်လည်း ငြိမ်သက်ခြင်း(သန္တ)၊ အထူးသဖြင့်ငြိမ်သက်ခြင်း(ဂူပသန္တ)၊ မွန်မြတ်ခြင်း(ပဏီတ)၊ မရောင့်ရဲနိုင်အောင်ကောင်းခြင်း(အတိတ္တိကရ) ဖြစ်၏။ ထို့ကြောင့် အာနာပါနဿတိကမ္မဋ္ဌာန်းကို "သန္တော စေဝ ပဏီတော စ=ငြိမ်သက်သောကမ္မဋ္ဌာန်းလည်း ဖြစ်၏၊ မွန်မြတ်သောကမ္မဋ္ဌာန်းလည်းဖြစ်၏" ဟုဟောတော်မူခြင်း ဖြစ်ပါသည်။ (စည်၂။ ၃၆၁-၃၆၂)

အသေစနက သမာဓိ

ငြိမ်သက်ခြင်း, မွန်မြတ်ခြင်းကိုဖြစ်စေရန်အတွက် သွန်းလောင်းထည့်ပေးအပ်သော မည်သည့်အကြောင်းမျှမရှိသဖြင့် အာနာပါနဿတိကြောင့် ဖြစ်ပေါ်လာသည့်သမာဓိသည် ''အသေစနကသမာဓိ'' မည်၏။

သွန်းထည့်ပေးရမည့် အကြောင်းမရှိသောသမာဓိ(အနာသိတ္တကသမာဓိ)၊ အကူအညီအခြားတစ်ပါးနှင့် မရောပြွမ်းသည့်သမာဓိ(အဇ္ဈောကိဏ္ဏသမာဓိ)၊ သီးခြားဖြစ်သောသမာဓိ(ပါဋိဩက္ကသမာဓိ)၊ သီးသန့်ဖြစ်သောသမာဓိ(အာဝေဏိက-သမာဓိ) ဟုဆိုလို၏။

ဤအနာပါနဿတိသမာဓိ၌ ကသိဏ်းစွာန်စသည်မှာကဲ့သို့ ရှုစရာအာရုံကို ကြိုတင်ပြုရသည့် ပရိကံလည်း မရှိ။ ဥပစာဖြင့်လည်း ငြိမ်သက်မှုသဘော မရှိပေ။ အမှန်စင်စစ်၊ အစစွာ နလုံးသွင်းရှုမှတ်သည်မှစ၍ မိမိ၏ သဘောသဘာဝကိုက ငြိမ်သက်ခြင်း,မွန်မြတ်ခြင်း ဖြစ်သည်။ ဤသည်မှာ အသေစနကော-ဟူသော ပုဒ်၏ (ဝါ)သွန်းထည့်ပေးရမည့်အကြောင်းမရှိခြင်း၏ အဓိပ္ပာယ် ဖြစ်ပါသည်။

ချိုမြိန်သောသမာဓိ

အချို့သောဆရာတို့ကမူ-အသေစနကော (သွန်းထည့်ပေးရမည့် အကြောင်းမရှိခြင်း)ဟူသည်-မသွန်းထည့်ပေးရသော, ပင်ကိုယ်ကတည်းက ချိုမြိန်ကောင်းမြတ်သည့် အရသာဩဇာရှိသောသမာဓိဖြစ်သောကြောင့် ''ချိုမြိန်သောသမာဓိ'' (မဓုရသမာဓိ)ဟုလည်း ဆိုကြသေး၏။

အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ-ဟု ဟောတော်မူခြင်း အကြောင်း

အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် တော အရပ်သို့ဖြစ်စေ, သစ်ပင်ရင်းသို့ဖြစ်စေ, ဆိတ်ငြိမ်ရာအရပ်ဒေသတစ်ခုခုသို့ဖြစ်စေ ကမ္မဋ္ဌာန်းအား သင့်လျော်လျောက်ပတ်သည့် ကျောင်းအိမ်ရာ,နေရာသို့ ချဉ်းကပ်ရပါမည်။

မှန်၏။ ယောဂီပုဂ္ဂိုလ်၏စိတ်သည် ရှေးအခါက အာရုံငါးပါး ကာမဂုဏ်တရား တို့၏နောက်သို့ ကြာမြင့်စွာသောကာလပတ်လုံး အစဉ်တစိုက် ပြေးလိုက်လျက် ရှိပေ၏။ ထိုသို့သော်စိတ်သည် အာနာပါနဿတိ ကမ္မဋ္ဌာန်းအာရုံသို့ တက်ခြင်းငှာ အလိုမရှိပေ။ ကောက်ကျစ်စဉ်းလဲသော နွားကိုတပ်ထားသည့် လှည်းသည် လှည်းလမ်းကြောင်းမဟုတ်ရာအရပ်ဆီသို့သာ ဆွဲငင်၍ပြေးသွားနေသကဲ့သို့ ယောဂီပုဂ္ဂိုလ်

၏စိတ်သည်လည်း ဘာဝနာလမ်းမှန် မဟုတ်ရာသို့သာလျှင် ပြေးသွားနေတတ်သည်။

ပြေးနေသည့်စိတ်ကို နှောင်ဖွဲ့ပုံဥပမာ

ဥပမာအားဖြင့်- ကောက်ကျစ်သော မိခင်နွားမကြီး၏ နို့ရည်ကိုသောက်စို့၍ ကြီးပြင်းလာသည့် နွားရိုင်းငယ်ကိုဆုံးမလိုသော နွားကျောင်းသားသည် ရှေးဦးစွာ နွားရိုင်းငယ်ကို မိခင်နွားမကြီးနှင့် ခွဲခွါထားရမည်။ မိခင်နွားမကြီးကို မမြင်သာသောနေရာ၌ ငုတ်တိုင်ကို ခိုင်ခိုင်စိုက်၍ ကြိုးဖြင့် မြဲမြံစွာချည်နှောင်ထားရမည်။ ထိုအခါ နွားရိုင်းငယ်သည် ထွက်ပြေးလွတ်မြောက်နိုင်ရန် ရုန်းကန်လှုပ်ရှားနေပေလိမ့်မည်။ နောက်ဆုံး မောပန်းလွန်းသည့်အခါ တိုင်ကိုမှီ၍ဖြစ်စေ, တိုင်အခြေ၌ အိပ်စက်၍ဖြစ်စေ ငြိမ်သက်နေ၏။

ဤဥပမာနှင့်အလားတူစွာပင် ယောဂီပုဂ္ဂိုလ်၏စိတ်သည်လည်း ရှည်မြင့်စွာသော ကာလပတ်လုံး ရူပါဝံစသည်တို့ကို စွဲမှီ၍ဖြစ်သော သုခဝေဒနာဟူသော အရသာကိုသောက်သုံးခြင်းဖြင့် ကြီးပွား၍ပျက်ချော်နေ၏။ ထိုစိတ်ကိုဆုံးမလိုသော ယောဂီပုဂ္ဂိုလ်သည် ရူပါဝံအစရှိသော ကာမဂုဏ်အာရုံများမှ ရှေးဦးစွာ ခွဲခွါထားရမည်။ တောအရပ်, သစ်ပင်ရင်းအရပ်, ဆိတ်ငြိမ်ရာအရပ်တစ်ခုခုသို့ ချဉ်းကပ်၍ ဝင်လေ,ထွက်လေ-တည်းဟူသောတိုင်၌ သတိ-တည်းဟူသောကြိုးဖြင့် ခိုင်မြဲစွာ ဖွဲ့ချည်ထားရမည်။ ဤသို့ဖွဲ့ချည်ထားသော ယောဂီပုဂ္ဂိုလ်၏စိတ်သည် ထိုထို ဤဤပုံလွှင့်နေသော်လည်း ရှေးအခါက လေ့ကျက်နေကျအာရုံတို့ကို မရရှိသဖြင့် သတိတည်းဟူသောကြိုးကိုဖြတ်၍ ထွက်ပြေးခြင်းငှာ မစွမ်းနိုင်သောကြောင့် အာနာပါန ကမ္မဋ္ဌာန်းအာရုံ၌သာ ဥပစာရသမာဓိ,အပ္ပနာသမာဓိ၏အစွမ်းဖြင့် မှီ၍လည်း နေ၏။ မှီ၍လည်း အိပ်၏။ (စည်၂။ ၃၆၇)

ဦးထိပ်သဖွယ်ဖြစ်သော ကမ္မဋ္ဌာန်း

ဤအာနာပါနကမ္မဋ္ဌာန်းသည် ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ဦးထိပ်သဖွယ်ဖြစ်သော "မုဒ္ဓဘူတကမ္မဋ္ဌာန်း" ဖြစ်၏။ ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝကတို့၏ မဂ်ဖိုလ်တရားထူးကို ရခြင်း၏နိဗ္ဗာန်သောအကြောင်းလည်း ဖြစ်၏။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း၏ နိဿယအကြောင်းလည်း ဖြစ်၏။

ဆူညံသောနေရာတို့၌ ကမ္မဋ္ဌာန်းအာရုံ ပျက်စီးတတ်

အာနာပါနကမ္မဋ္ဌာန်းကို မိန်း,ယောကျ်ား,ဆင်,မြင်းစသော ဆူညံသောအသံများ ရောပြွမ်းသောနေရာတို့၌ နေထိုင်လျက် မပွားများသင့်ပေ။ အဘယ်ကြောင့်

ဆိုသော် စျာန်သည် အသံဟူသောဆူးငြောင့်ဖြင့် ပျက်စီးတတ်သော သဘော ရှိသောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရားသည် မြေကြွန်ဆရာနှင့် တူပုံ

မြတ်စွာဘုရားရှင်သည် မြေကြွန်တတ်သောဆရာ(ဝတ္ထုဝိဇ္ဇာစရိယ)နှင့် တူတော်မူ၏။ တူပုံမှာ -

မြေကြွန်တတ်သော ဆရာသည် မြို့ရွာတည်ထောင်မည့် မြေနေရာကို ကောင်းစွာ စူးစမ်းဆင်ခြင်ပြီး တည်ထောင်မည့်မြေနေရာကို သတ်မှတ်ပေး၏။ ထိုနေရာ၌ ချမ်းသာစွာ မြို့ရွာကို တည်ထောင်ပြီးလတ်သော် မင်း၏အိမ်တော်မှ ကြီးစွာသော ပူဇော်မှုကိုခံရသကဲ့သို့ ထို့အတူ မြတ်စွာဘုရားရှင်သည်လည်း ယောဂီပုဂ္ဂိုလ်နှင့် သင့်လျော်သော ကျောင်းစသောနေရာကို စူးစမ်းဆင်ခြင်တော်မူ၍ "တောအရပ်စသော ဆိတ်ငြိမ်ရာအရပ်၌ ကမ္မဋ္ဌာန်းအားထုတ်ရမည်" ဟု ညွှန်ပြတော်မူလေ၏။

ဤသို့ မြတ်ဗုဒ္ဓဉာဏ်ပြတော်မူသည့်အတိုင်း ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သမာဓိ,ဝိပဿနာ အရိယာမဂ်အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေသောကြောင့် "သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ= ငါတို့ဆရာ ထိုမြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်ကိုသာ သိတော်မူသော ဘုရားရှင်ပါတကား ..." ဟု ချီးကျူးခြင်းဟူသော ကြီးစွာသောပူဇော်သက္ကာရကို ရတော်မူလေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် မြေကြွန်တတ်သောဆရာနှင့် တူတော်မူခြင်း ဖြစ်သည်။

ပလ္လင် အာဘုဇီတွာ

ပလ္လင် အာဘုဇီတွာ-ဟူသည်မှာ ထက်ဝန်းကျင်မှ ပေါင်တို့ကို ဖွဲ့ယှက်၍ ထိုင်ခြင်း(တင်ပလ္လင်ခွေ၍ ထိုင်ခြင်း)ကို ဆိုလို၏။ အနာပါနကမ္မဋ္ဌာန်းကို ရှုမှတ်မည်ဆိုလျှင် တင်ပလ္လင်ခွေထိုင်၍ ရှုမှတ်ပါ-ဟု ညွှန်ပြတော်မူလိုရင်း ဖြစ်သည်။

ဥဇုံ ကာယံ ပဏိဓာယ

ဥဇုံ ကာယံ ပဏိဓာယ-ဟူသည်မှာ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထား၍ ကျောကုန်းရိုး(၁၈)ခုတို့ကို အစွန်းအချင်းချင်း တည့်တည့်မတ်၊ ဖြစ်နေစေရမည်။ (ကျောကို ခပ်ဖြောင့်ဖြောင့်ဆန့်ပြီး ထိုင်ရမည်)ဟုဆိုလိုခြင်း ဖြစ်သည်။

အက္ခိုး

အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထား၍ ထိုင်သောယောဂီပုဂ္ဂိုလ်အား အရေ,အသား,အကြောတို့သည် အောက်သို့ညွတ်၍မကျခြင်း၊ အရေ,အသား,

အကြောတို့ အောက်သို့ညွှတ်၍မကျခြင်းကြောင့် ခဏတိုင်း, ခဏတိုင်းဖြစ်သည့် ညောင်းညာမှုစသော ဒုက္ခဝေဒနာတို့ မဖြစ်ပေါ်ခြင်း၊ ဒုက္ခဝေဒနာတို့မဖြစ်ပေါ်ခြင်းကြောင့် သမာဓိဖြစ်လွယ်ခြင်း၊ ကမ္မဋ္ဌာန်းအာရုံမှ မကျခြင်း၊ ကမ္မဋ္ဌာန်းတိုးပွားခြင်း-ဟူသောအကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

ဝင်လေ, ထွက်လေခေါ်ပုံ

(က) ဝိနည်းအဋ္ဌကထာ၌ ထွက်လေကို 'အဿာသ'၊ ဝင်လေကို 'ပဿာသ' ဟု ဆိုထား၏။

(ခ) သုတ္တန္တအဋ္ဌကထာတို့၌ ဝင်လေကို 'အဿာသ'၊ ထွက်လေကို 'ပဿာသ' ဟုဆိုပြန်၏။

ဂဇ္ဈသေယျကသတ္တဝါတို့သည် အမိဝမ်းမှထွက်သောအခါ အတွင်းလေသည် အပြင်သို့ ရှေးဦးစွာထွက်၏။ နောက်မှ အပြင်လေသည် မြူမှုန်နှင့်တကွ အတွင်းသို့ ဝင်ပြီး အာစောက်တိုင်အောင် ထိဆိုက်၍ငြိမ်း၏-ဟုဆိုထား၏။ ထိုအဆိုအရ-

(က) ထိုဂဇ္ဈသေယျကသတ္တဝါတို့၏ ရှေးဦးစွာဖြစ်သည့် ထွက်လေသည် ဝိနည်းအဋ္ဌကထာအလို 'အဿာသ'ဖြစ်၏။ သုတ္တန္တအဋ္ဌကထာတို့အလို 'ပဿာသ' ဖြစ်၏။

(ခ) နောက်မှဖြစ်သည့် မြူမှုန်နှင့်တကွသော ဝင်လေသည် ဝိနည်းအဋ္ဌကထာအလို 'ပဿာသ'ဖြစ်၏။ သုတ္တန္တအဋ္ဌကထာတို့အလို 'အဿာသ' ဖြစ်၏။

ထို့ကြောင့် ဝိနည်းအဋ္ဌကထာနှင့် သုတ္တန်အဋ္ဌကထာတို့ ဆန့်ကျင်နေသည်ဟု ထင်ရ၏။ အမှန်စင်စစ် မဆန့်ကျင်ပေ။ မဆန့်ကျင်အောင်ယူလိုသော် အောက်ပါအတိုင်း မှတ်ရမည်။

မဆန့်ကျင်အောင် ယူနည်း

(၁) အာဒိမှိ သသတိတိ အဿာသော။

အာဒိမှိ=အစ၌၊ သသတိ=ဖြစ်တတ်၏။ ဣတိ=ထို့ကြောင့်၊ အဿာသော=အဿာသ မည်၏။

ဝင်လေဖြစ်စေ, ထွက်လေဖြစ်စေ အစဆုံးဖြစ်သည့်လေကို ''အဿာသ'' (အာန) ဟုမှတ်ရမည်။

(၂) ပစ္ဆာ သသတိတိ ပဿာသော။

ပစ္ဆာ=နောက်မှ၊ သသတိ=ဖြစ်တတ်၏။ ဣတိ=ထို့ကြောင့်၊ ပဿာသော=ပဿာသ မည်၏။

ဝင်လေဖြစ်စေ, ထွက်လေဖြစ်စေ နောက်မှဖြစ်သည့်လေကို ''ပဿာသ''(ပါန) ဟုမှတ်ရမည်။ ဤသို့ယူသည်ရှိသော် ဝိနည်းအဋ္ဌကထာအဆို နှင့် သုတ္တန် အဋ္ဌကထာတို့အဆို မဆန့်ကျင်တော့ပါ။

ကမ္မဋ္ဌာန်းသင်ယူပုံ ၅-နည်း

(၁) ဥဂ္ဂဟ = သင်ယူခြင်း
ကမ္မဋ္ဌာန်းအားထုတ်ပုံ အားထုတ်နည်းကို နှုတ်တက်သင်ယူခြင်း၊

(၂) ပရိပုစ္ဆာ = မေးမြန်းခြင်း
ကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပာယ်ကို အဖန်ဖန် မေးမြန်းခြင်း၊

(၃) ဥပဋ္ဌာန = ထင်ခြင်း
ကမ္မဋ္ဌာန်းအာရုံနိမိတ် ထင်ပုံထင်နည်း၊

(၄) အပ္ပနာ = အပြီးအဆုံးသို့ ရောက်ခြင်း
ကမ္မဋ္ဌာန်းဘာဝနာ၏ အပြီးအဆုံးသို့ ရောက်ခြင်း၊ စွာန်ရခြင်း၊

(၅)လက္ခဏာ= မှတ်သားခြင်း
ကမ္မဋ္ဌာန်း၏ သဘောလက္ခဏာကို မှတ်သားခြင်း၊

ကမ္မဋ္ဌာန်းသင်ယူခြင်း အကျိုး

ဤကမ္မဋ္ဌာန်းသင်နည်း၅-မျိုးဖြင့်သင်ယူ၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်လျှင် မိမိကိုယ်တိုင်လည်း မပင်ပန်း, ကမ္မဋ္ဌာန်းသင်ပေးသည့် ဆရာဖြစ်သူလည်း မပင်ပန်းခြင်းအကျိုးကို ရရှိနိုင်ပါသည်။

ကမ္မဋ္ဌာန်းအားထုတ်ရာ၌ ညွှန်ကြားချက်

ဆရာ့ရှေ့၌ အနည်းငယ်ရွတ်ပြပြီးလျှင် အကြိမ်များစွာ အဖန်ဖန်အထပ်ထပ် ပြန်လှန်ရွတ်ဆိုနေရမည်။ နှုတ်တက်ရပြီးလျှင် ဆရာ့အထံ၌ဖြစ်စေ, အခြားသော ဆိတ်ငြိမ်ရာအရပ်ဒေသ၌ဖြစ်စေ အင်္ဂါငါးပါးရှိသောကျောင်း၌ နေထိုင်၍ ပလိဗောဓ များကို ပယ်ဖြတ်ရမည်။ ဆွမ်းစားပြီးလျှင် အိပ်မနေရပါ။ ကမ္မဋ္ဌာန်း ထိုင်ပုံထိုင်နည်း အတိုင်း ချမ်းသာစွာထိုင်လျက် ရတနာသုံးပါး၏ဂုဏ်တော်တို့ကိုဆင်ခြင်၍ စိတ်ကို ရွှင်လန်းတက်ကြွစေရမည်။ ထို့နောက် ဆရာ့အထံ၌သင်ယူခဲ့သည့်နည်းအတိုင်း တစ်ပုဒ်တစ်လေမျှ အကြွင်းအကျန်မရှိ မတွေဝေစေဘဲ အာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းရှုမှတ်ရပါမည်။

—

ပထမစတုက္က (ကာယာနုပဿနာ)

နှလုံးသွင်းပုံအစီအရင်

(၁) ဂဏနာ = ရေတွက်ခြင်း
(၂) အနုဗန္ဓနာ = အစဉ်လိုက်၍ အမှတ်သတိကို ဖြစ်စေခြင်း
(၃) ဖုသနာ = ထိရာဌာန
(၄) ဌာပနာ = စွာန်စိတ်ကိုထားခြင်း
(၅) သလ္လက္ခဏာ= ကောင်းစွာမှတ်ခြင်း
(၆) ဝိဝဋ္ဋနာ = သခ်ါရအာရုံမှ စင်ကြယ်ခြင်း(မဂ်)
(၇) ပါရိသုဒ္ဓိ = ထက်ဝန်းကျင်စင်ကြယ်ခြင်း (ဖိုလ်)
(၈) တေသဥ္စ ပဋိပဿနာ=မဂ်,ဖိုလ်တို့ကို ပြန်လည်ဆင်ခြင်မှု ပစ္စဝေက္ခဏာ

၁။ ဂဏနာနည်း

ကမ္မဋ္ဌာန်းအားထုတ်ခါစ ယောဂီပုဂ္ဂိုလ်သည် ရေတွက်ခြင်း(ဂဏနာနည်း)ဖြင့် စတင်၍ နှလုံးသွင်းရမည်။ ရေတွက်သောအခါ၌လည်း ၅-ခုအောက်ကို မရေတွက်ရပေ။ ၁၀-ခုအထက်သို့လည်း ပို၍မရေတွက်ရပေ။ ၅-ခုအောက် ရေတွက်လျှင် ကျဉ်းမြောင်းသောနှာခေါင်းပေါက်ကို ပိတ်လောင်ထားသည့်နှာကဲ့သို့ ကျဉ်းမြောင်းသောရေတွက်မှုအောက်၌ စိတ်သည် တုန်လှုပ်နေတတ်၏။ ၁၀-ခုအထက်သို့ ပို၍ရေတွက်ပြန်လျှင်လည်း ရေတွက်မှုကိုသာ စိတ်ရောက်နေခြင်း၊ ရေတွက်မှုအစဉ် တစ်,သုံး,ငါးစသည်ဖြင့် ကျိုးပြတ်ကျော်လွန်ခြင်းများ ဖြစ်တတ်သည်။

စပါးခြင်သူကဲ့သို့ ရေတွက်

ရေတွက်ရာ၌ စပါးခြင်သူကဲ့သို့ ခပ်မှန်မှန် ရေတွက်ရမည်။ စပါးခြင်သူသည် တင်းတောင်းပြည့်လျှင် 'တစ်တင်း' ဟုဆိုပြီး လောင်းထည့်၏။ နောက်တစ်တင်းထပ်ဖြည့်နေစဉ် စပါးတို့၌ အမှိုက်များ,ခဲများရောနှောနေသည်ကို တွေ့မြင်သဖြင့် ဖယ်ရှားနေသော်လည်း စိတ်ထဲ၌မူ 'တစ်တင်း၊ တစ်တင်း' စသည်ဖြင့် မှတ်နေသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ပေါ်ရာလေကို မလွတ်စေဘဲ "ဝင်လေ,ထွက်လေ(တစ်)၊ ဝင်လေ,ထွက်လေ(နှစ်)" စသည်ဖြင့် အနည်းဆုံး ၅-ကြိမ်၊ အများဆုံး(၁၀)ကြိမ် ခပ်နှေးနှေး ခပ်မှန်မှန်ရေတွက်ပြီး ရှုမှတ်နေရမည်။

နွားကျောင်းသားကဲ့သို့ ရေတွက်

ဝင်လေ,ထွက်လေ ထင်ရှားစွာပေါ်လာလျှင် နွားကျောင်းသားရေတွက် သဲ့ကဲ့သို့ မြန်မြန်ရေတွက်ရမည်။ ကျွမ်းကျင်သော နွားကျောင်းသားသည် နံနက်စောစော နွားတို့ကို နွားခြံမှလွှတ်ရာ၌ နွားကောင်ရေမည်မျှရှိသည်ကို ရေတွက်ပြီးမှ လွှတ်လေ့ရှိ၏။ နွားတို့သည် ကျဉ်းမြောင်းသောနွားခြံအတွင်း၌ တစ်ညလုံး ဆင်းရဲစွာနေကြရသဖြင့် ခြံမှလွှတ်သောအခါ အချင်းချင်း တိုးဝှေ့ပွတ်တိုက်လျက် အစုလိုက်အပြုံလိုက် လျင်မြန်စွာ ထွက်လေ့ရှိကြ၏။ နွားကျောင်းသားသည် ခြံဝမှထိုင်၍ ခြံတံခါးဝသို့ ရောက်လာတိုင်းသောနွားတို့ကို ကျောကုန်းကို ပုတ်၍ပုတ်၍ လျင်မြန်စွာ ရေတွက်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ဝင်လေ,ထွက်လေတို့၏ သဘောကိုသိသဖြင့် အတွင်း,အပြင်အားဖြင့် မမှတ်တော့ဘဲ အထက်နှုတ်ခမ်းနှင့် နှာသီးဖျားသို့ ထိတိုက်ရောက်လာတိုင်းသော လေတို့ကို ခပ်မြန်မြန်ရေတွက်၍ ရှုမှတ်ပေးရမည်။

ရေတွက်၍ရှုမှတ်ခြင်းသည် သမာဓိဖြစ်လွယ်

ရေတွက်ခြင်းနှင့် ဆက်စပ်နေသောကမ္မဋ္ဌာန်းသည် ရေတွက်ခြင်း၏ အစွမ်းဖြင့်ပင် စိတ်သည် တစ်ခုတည်းသောအာရုံရှိလျက် တည်ကြည်၏။ (ဝါ)သမာဓိဖြစ်လွယ်၏။ ဥပမာ-ရေစီးသန်သောမြစ်ရေ၌ ထိုးဝါး၏အကူအညီဖြင့် လှေသည် ရပ်တည်နေနိုင်သကဲ့သို့ ဖြစ်သည်။

ရေတွက်ခြင်းအကျိုး

အာနာပါနကမ္မဋ္ဌာန်းကို ရေတွက်၍ရှုမှတ်ခြင်းသည် ပြင်ပအာရုံတို့၌ ပြေးသွားနေသည့် ဝိတက်ပြတ်စဲခြင်းကိုပြု၍ ဝင်လေ,ထွက်လေအာရုံ၌ သတိကို ကောင်းစွာတည်စေခြင်းအကျိုးရှိ၏။

J။ အနုဗန္ဓနာနည်း

ရေတွက်ခြင်းကိုရပ်၍ ဝင်လေ,ထွက်လေတို့ကို အကြားအပြတ်မရှိဘဲ အမှတ်သတိဖြင့် အစဉ်လိုက်၍ရှုမှတ်ခြင်းကို 'အနုဗန္ဓနာ'နည်းဖြင့် ရှုမှတ်သည် ဟုခေါ်၏။ အစဉ်လိုက်သည်-ဟုဆိုရာ၌ ဝင်လေ,ထွက်လေတို့၏ အစ,အလယ်,အဆုံးကို နောက်မှ အစဉ်တစိုက်လိုက်၍ မှတ်နေခြင်းမျိုး မဟုတ်ပေ။



ဝင်လေ,ထွက်လေတို့၏ အစ,အလယ်,အဆုံးကို အစဉ်လိုက်၍ ရှုမှတ်နေလျှင် ယောဂီ၏စိတ်သည် ပျံ့လွင့်ခြင်း,ပူပန်ခြင်း,ပင်ပန်းခြင်းများ ဖြစ်တတ်သည်။ ကမ္မဋ္ဌာန်း နလုံးသွင်းမှုသည်လည်း တည်ငြိမ်မှုမရှိဘဲ လှုပ်ရှားနေတတ်၏။

မှတ်ချက် - ဖုသနာနည်းနှင့် ဌပနာနည်းသည် အသီးအခြား မရှိပေ။ လေထိရာ၌ သတိထားခြင်းသည် ဖုသနာနည်းမည်၏။ ရေတွက်၍ ရှုမှတ်နေလျှင် ဂဏနာနည်းနှင့် ဖုသနာနည်း ဖြစ်၏။

- မရေတွက်ဘဲ သတိဖြင့် ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုထားလျက် ရှုမှတ်နေလျှင် အနုဗန္ဓနာနည်း၊ ဖုသနာနည်း၊ ဌပနာနည်း ဖြစ်၏။
- ဌပနာနည်းသည် ပဋိဘာဂနိမိတ် ထင်သည်မှစ၍ အပ္ပနာတိုင်အောင် စိတ်ထားခြင်းကို ဆိုလိုသည်။

သူဆွံ့ဥပမာ

သူဆွံ့သည် ပုခက်လွဲသောတိုင်၏အနီး၌ထိုင်ပြီး ပုခက်လွဲနေသည်ကို ကြည့်ရှုနေရာ၌ ပုခက်၏အစွန်းနှစ်ဖက်နှင့် အလယ်ပိုင်းတို့ကို မြင်အောင်ကြောင့်ကြစိုက်နေစရာမလိုဘဲ ပုခက်လွဲနေသည်ကိုသာမြင်ရသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ဝင်လေ,ထွက်လေတို့၏ အစ,အလယ်,အဆုံးတို့ကိုမြင်နိုင်အောင် ကြောင့်ကြစိုက်နေစရာ မလိုပေ။ ဝင်လေ,ထွက်လေတို့၏ ထိရာအရပ်၌ အစ,အလယ်,အဆုံးကို သတိဖြင့် အစဉ်လိုက်သည်ဖြစ်၍လည်းကောင်း၊ ထိထိထိရာအရပ်၌ စိတ်ကိုထား၍လည်းကောင်း ရှုမြင်နိုင်ပေ၏။

မှတ်ချက်။ တံခါးစောင့်ဥပမာ၊ လွတိုက်ဥပမာတို့ကိုလည်း ဤနည်းအတိုင်း မှတ်ရမည်။

နိမိတ်ထင်လွယ်ပြီး ကိုယ်ရောစိတ်ပါ ပေါ့ပါးခြင်း

ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည် အချို့သောယောဂီပုဂ္ဂိုလ်အား မကြာမီ ပဋိဘာဂနိမိတ် ထင်လွယ်၏။ ကြွင်းသောစျာန်အင်္ဂါတို့ဖြင့် တန်ဆာဆင်ထားအပ်သော အပ္ပနာသမာဓိလည်း ပြီးပြည့်စုံနိုင်၏။

အချို့သောယောဂီအား ဂဏနာနည်းဖြင့် နလုံးသွင်းရှုမှတ်သည့် အချိန်မှစ၍ ရှုရှင်းသော ဝင်လေ,ထွက်လေများ ချုပ်ခြင်း၏အစွမ်းဖြင့် ကိုယ်ပင်ပန်းမှု ငြိမ်းသဖြင့် ကိုယ်ရောစိတ်ပါ ပေါ့ပါးနေတတ်၏။ ခန္ဓာကိုယ်သည် ကောင်းကင်သို့ ပျံတက်နေဘိသကဲ့သို့ ထင်ရတတ်၏။

ဥပမာအားဖြင့်- ကိုယ်ပင်ပန်းသောသူသည် အင်းပျဉ်,ညောင်စောင်းပေါ်၌ ထိုင်ချလိုက်လျှင် အင်းပျဉ်,ညောင်စောင်းသည် အောက်သို့ညွတ်ကျ၏။ ကျိတ် ကျိတ် အသံမည်၏။ အခင်းစသည်တို့လည်း တွန့်ကြေ၏။ ကိုယ်ပင်ပန်းမှုကင်း သောသူသည် အင်းပျဉ်,ညောင်စောင်းပေါ်၌ ထိုင်ချလိုက်လျှင် အင်းပျဉ်,ညောင် စောင်းသည် အောက်သို့ ညွတ်မကျ၊ အသံလည်း မမည်၊ အခင်းစသည်တို့လည်း တွန့်ကြေမှု မရှိပေ။ အကြောင်းမူ- ပင်ပန်းခြင်းမရှိသောကိုယ်သည် ပေါ့ပါးသော ကြောင့် ဖြစ်သည်။

ဣရိယာပုထ်ကိုပြင်လျှင် ကမ္မဋ္ဌာန်းအသစ်သာဖြစ်

ဤအနာပါနကမ္မဋ္ဌာန်းသည် အခြားကမ္မဋ္ဌာန်းများနှင့် မတူပေ။ အခြားသော ကမ္မဋ္ဌာန်းတို့သည် ရှုမှတ်မှုကြာလာလေ အာရုံထင်ရှားလေ ဖြစ်၏။ ဤကမ္မဋ္ဌာန်း ကား ရှုမှတ်မှုကြာလာလေ သိမ်မွေ့လေဖြစ်၏။ အလွန်သိမ်မွေ့သောကြောင့် မထင် မရှားဖြစ်လာလျှင် ရှုမှတ်နေသောဣရိယာပုထ်ကို မရပ်သင့်ပေ။ နေရာမှထ၍မသွား သင့်ပေ။ အကြောင်းမူ- ဣရိယာပုထ်ကိုဖျက်၍ ထသွားသောသူအား ကမ္မဋ္ဌာန်းသည် အသစ်အသစ်သာ ဖြစ်သောကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုင်မြဲထိုင်လျက် ဝင်လေ, ထွက်လေတို့ထိတိုက်ရာ အထက်နှုတ်ခမ်းနှင့် နှာသီးဖျားအရပ်၌ စိတ်ကိုထား၍ သတိဖြင့် စောင့်ကြည့်နေရမည်။

ဝင်လေ,ထွက်လေ ကင်းနေသူများ

အဓိဝမ်းတွင်း၌ပဋိသန္ဓေနေသူ၊ ရေနစ်နေသူ၊ သတိမေ့လျော့နေသူ၊ သေဆုံး သောသူ၊ စတုတ္ထစျာန်ကိုဝင်စားနေသူ၊ ရူပဘဝ,အရူပဘဝသို့ရောက်သောသူ၊ နိရောဓသမာပတ်ဝင်စားသူတို့၌ ဝင်လေ,ထွက်လေတို့ ကင်းနေကြ၏။

ဂရုကဘာဝနာဖြစ်

အနာပါနဿတိ ကမ္မဋ္ဌာန်းသည် ပွားများရန်ဝန်လေးသော 'ဂရုကဘာဝနာ' ဖြစ်၏။ ဘုရား,ပစ္စေကဗုဒ္ဓါ,ဘုရားသားတော်ဖြစ်ကုန်သော ယောဂျာမြတ်တို့သာ နှလုံးသွင်းသော ဘာဝနာကမ္မဋ္ဌာန်း ဖြစ်ပေသည်။ သေးနုပ်သိမ်ငယ်သည့် ကမ္မဋ္ဌာန်း မဟုတ်ပေ။ ဤကမ္မဋ္ဌာန်းကို သေးနုပ်သိမ်ငယ်သူများ မရှုမှတ်နိုင်။ စင်စစ် ဤ ကမ္မဋ္ဌာန်းကား ရှုမှတ်ပွားများမှုများလာလေ ငြိမ်သက်သိမ်မွေ့လာလေ ဖြစ်၏။ ထို့ကြောင့် အနာပါနဿတိကမ္မဋ္ဌာန်းသည် အားကောင်းသော သတိနှင့်ပညာတို့၏ အရာဌာနသာ ဖြစ်ချေ၏။

အထက်နှုတ်ခမ်းနှင့် နာသီးဖျားမှ စောင့်ကြည့်

ယောဂီပုဂ္ဂိုလ်သည် ဝင်လေ,ထွက်လေ သိမ်မွေ့၍ မထင်ရှားသဖြင့် ဝင်လေ, ထွက်လေပျောက်နေလျှင် ဝင်လေ,ထွက်လေတို့ ထိတိုက်နေကျ နေရာဖြစ်သော အထက်နှုတ်ခမ်းနှင့် နာသီးဖျားနေရာမှ သတိကပ်၍ စောင့်ကြည့်နေရမည်။

ဥပမာ- လယ်ထွန်ပြီး နွားတို့ကို စားကျက်သို့လွှတ်၍ထားသော လယ်သမား သည် ညနေစောင်း၍ နွားတို့ကို တစ်ဖန်ပြန်ဖမ်းယူလိုလျှင် ကြိုးနှင့်နှင်တံကို ယူဆောင်၍ နွားတို့ရှေ့သောက်ဆင်းနေကျ ရေဆိပ်အရပ်မှစောင့်၍ နွားတို့ကို လွယ်ကူစွာ ဖမ်းယူနိုင်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း သတိဟူသောကြိုး၊ ပညာဟူသောနှင်တံကိုယူ၍ ဝင်လေ,ထွက်လေတို့ ထိတိုက်နေကျ နေရာအရပ်မှ သတိကပ်၍ စောင့်မှတ်နေလျှင် မကြာမီ ဝင်လေ,ထွက်လေတို့ ထင်ရှားပြန်ပေါ်လာသည်ကို တွေ့နိုင်ပါသည်။

နိမိတ်ထင်ပုံ

အဋ္ဌကထာတို့၌ ဤအနာပါနဿတိ ကမ္မဋ္ဌာန်း၏နိမိတ်ထင်ပုံကို ဖော်ပြ ရာ၌- အချို့ယောဂီအား ကြယ်ရောင်, ကျောက်ပုတီးကဲ့, ပုလဲကဲ့ကဲ့သို့ ထင်၏။ အချို့ယောဂီအား ဝါးရိုး, သစ်သားနှစ်, တံကျင်ကဲ့သို့ ကြမ်းသောအတွေ့ရှိလျက် ထင်၏။ အချို့ယောဂီအား ဆောက်လုံးကြိုးရှည်, စလွယ်ကြိုး, ပန်းဆိုင်း, မီးခိုး ညွှန့်ကဲ့သို့ ထင်၏။ အချို့ယောဂီအား ကျယ်ပြန့်သော ပင့်ကူချည်မျှင်အိမ်, တိမ်လွှာ, ပဒုမ္မာကြာပွင့်, ရထားဘီး, လဝန်းတို့ကဲ့သို့ ထင်၏။

နိမိတ်ထင်ပုံ ကွဲပြားရခြင်း အကြောင်း

ကမ္မဋ္ဌာန်းအာရုံတစ်မျိုးတည်းဖြစ်သော်လည်း နိမိတ်ထင်ပုံအမျိုးမျိုးကွဲပြား ရခြင်းအကြောင်းမှာ- ရှုမှတ်သောယောဂီပုဂ္ဂိုလ်တို့၏ အမှတ်သညာချင်း မတူညီဘဲ ကွဲပြားခြားနားခြင်းကြောင့် ဖြစ်သည်။

မှန်၏။ ဤအနာပါနဿတိ ကမ္မဋ္ဌာန်းအာရုံနိမိတ်သည် မှန်းဆ၍ရှုမှတ်သော ဘာဝနာသညာကြောင့်ဖြစ်သည့် 'သညာကမ္မဋ္ဌာန်း'၊ ဘာဝနာသညာလျှင် အကြောင်းရင်းရှိသော 'သညာနိဒါနကမ္မဋ္ဌာန်း'၊ ဘာဝနာသညာလျှင် အစအမြစ် ရှိသော 'သညာပဘဝကမ္မဋ္ဌာန်း' ဖြစ်၏။ ထို့ကြောင့် အမှတ်သညာချင်းမတူဘဲ ကွဲပြားခြားနားသောကြောင့်သာ နိမိတ်ထင်ပုံလည်း အမျိုးမျိုးကွဲပြားနေခြင်း ဖြစ် ပါသည်။

ဥပစာရသမာဓိ

ပဋိဘာဂနိမိတ်ထင်သည်မှစ၍ နီဝရဏတို့ကင်းခြင်း၊ ကိလေသာတို့ ငြိမ်ဝပ်ပိပြားခြင်း၊ သတိထင်ရှားခြင်းများဖြစ်၍ စိတ်သည် ဥပစာရသမာဓိဖြင့် ကောင်းစွာတည်ကြည်လာ၏။ ယင်းကို "ဥပစာရသမာဓိ" ဟုခေါ်ပါသည်။

ပဋိဘာဂနိမိတ်ကို စောင့်ရှောက်သင့်ပုံ

ဥပစာရသမာဓိသို့ရောက်၍ ဥပစာရဈာန်ဖြစ်လာလျှင် ပဋိဘာဂနိမိတ်ကို အဆင်းအားဖြင့် နှလုံးမသွင်းသင့်ပေ။ တောင့်ခြင်း,လျှပ်ခြင်းစသော သဘာဝလက္ခဏာ၊ မမြဲခြင်းဟူသော သာမညလက္ခဏာအားဖြင့်လည်း မဆင်ခြင်သင့်ပေ။ စင်စစ်မိဖုရားကြီးသည် စကြဝတေးမင်းလောင်း၏ ကိုယ်ဝန်ကို ကောင်းစွာစောင့်ရှောက်သကဲ့သို့လည်းကောင်း၊ လယ်သမားသည် သလေးစပါးတို့၏ အဖုံးအလုံး(စပါးဖုံး)ကို ကောင်းစွာစောင့်ရှောက်သကဲ့သို့လည်းကောင်း ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ယင်းပဋိဘာဂနိမိတ်ကို အသပ္ပါယတို့ကိုရှောင်ကြဉ်၍ သပ္ပါယကိုမှီဝဲခြင်းဖြင့် ကောင်းစွာစောင့်ရှောက်ရပါမည်။

အပွနာအဆင့်ဆင့်ဖြစ်၍ ပဋ္ဌမဈာန်အထိရနိုင်

ပဋိဘာဂနိမိတ်၌ စိတ်ကိုထား၍ ဌပနာနည်းတစ်ခုတည်းဖြင့် ဆက်လက်ပွားများသည်ရှိသော် မကြာမီ အပွနာပထမဈာန်၊ ထို့နောက် စတုက္ကနည်း,ပဉ္စကနည်းတို့ဖြင့် အပွနာအဆင့်ဆင့်ဖြစ်၍ ပဋ္ဌမဈာန်အထိရနိုင်ပါသည်။

ဝိပဿနာရှု၍ အဂ္ဂဒက္ခိဏေယျ ဖြစ်ပုံ

သလ္လက္ခဏာနည်း၊ ဝိဝဋ္ဋနာနည်းတို့၏အစွမ်းဖြင့် ကမ္မဋ္ဌာန်းကိုပွားများ၍ 'ပါရိသုဒ္ဓိ'မည်သော ဖိုလ်သို့ရောက်လိုသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာကို ဆက်လက်ရှုမှတ်ရပါမည်။ ဝိပဿနာရှုပုံအကျဉ်းချုပ်မှာ ဤသို့ဖြစ်၏။

ယောဂီပုဂ္ဂိုလ်သည် ရဂ္ဂိုဠီးသားစာန်ကို ဝသီဘော်ငါးပါးဖြင့် နိုင်နင်းအောင်လေ့လာရမည်။ ထို့နောက် စာန်ဝင်စားလျက် စာနသမာပတ်မှထကာ နာမ်,ရုပ်ခွဲရမည်။ နာမ်,ရုပ်ခွဲပုံအကျဉ်းမှာ-

(၁) -ဝင်လေ,ထွက်လေနှင့် ဤကိုယ်ကောင်သည် 'ရုပ်'မည်၏။

-ဝင်လေ,ထွက်လေတို့ကိုသိသော စိတ်,စေတသိက်အပေါင်းသည် 'နာမ်'မည်၏။

(၂) - စျာန်အင်္ဂါတို့သည် 'နာမ်' မည်၏။
- ထိုစျာန်အင်္ဂါတို့၏မှီရာ ဟဒယဝတ္ထု၊ ယင်းဟဒယဝတ္ထုရုပ်၏ မှီရာဖြစ်သော မဟာဘုတ်စသည်တို့သည် 'ရုပ်' မည်၏။

(၃) - ဆံပင်,မွေးညင်းစသော ဘူတရုပ်,ဥပါဒါရုပ်တို့သည် 'ရုပ်' မည်၏။
- ယင်းတို့ကိုမှီ၍သိသော စိတ်,စေတသိက်အပေါင်းသည် 'နာမ်' မည်၏။

ဤသို့လျှင် နာမ်,ရုပ်တို့ကိုပိုင်းခြားခြင်း နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပြီးလျှင်၊ ထိုနာမ်,ရုပ်ဖြစ်ခြင်း၏ အကြောင်းရင်းကိုရှာ၍ အကြောင်းကိုမြင်လျှင် နာမရူပပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်၏။ ယင်းဉာဏ်ဖြစ်လျှင် ဉာဏ်အမြင်စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၍ ကာလသုံးပါး၌ ယုံမှားမှုများကင်းပျောက်လေ၏။ ထို့နောက် အပေါင်းလိုက်သုံးသပ်ခြင်း ကလာပသမ္မသန၏အစွမ်းဖြင့် အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာရေးသုံးပါးတင်၍ ဝိပဿနာရှုမှတ်ရမည်။

ဥဒယဗ္ဗယဉာဏ်၏ ရှေ့၌ဖြစ်ပေါ်ကုန်သော အလင်းရောင်စသော ဝိပဿနာညစ်ညူးကြောင်းတရား ၁၀-ပါးတို့ကို ပယ်ဖျောက်၍ ဥပက္ကိလေသမှလွတ်သော ရှုမြဲ-သွားမြဲ ပဋိပဒါဉာဏ်ကို လမ်းမှန်ဟုပိုင်းခြားဆုံးဖြတ်သော ဥဒယဗ္ဗယဉာဏ်၊ ဖြစ်ခြင်းကိုပယ်ကာ အပျက်ကိုသာရှုမှတ်သည့် ဘင်္ဂဉာဏ်၊ အပျက်ကိုရှုခြင်းဖြင့် အပြတ်အခြားမရှိဘဲ ပျက်သောအားဖြင့်ထင်ခြင်း ဘယတုပဋ္ဌာနဉာဏ်၊ အာဒီနဝါနုပဿနာဉာဏ်၊ အလုံးစုံသော သခါရတရားတို့၌ ငြီးငွေ့လျက် တပ်မက်မှုကင်းခြင်း နိဗ္ဗိဒါနုပဿနာဉာဏ်၊ လွတ်မြောက်လိုခြင်း မုဉ္စိတုကမျတာဉာဏ်များ အစဉ်အတိုင်းဖြစ်လျက် လေးပါးသောအရိယမဂ်သို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်၌တည်ကာ ပစ္စဝေက္ခဏာဉာဏ်၁၉-ပါး၏ အဆုံးသို့ရောက်၍ နတ်နှင့်တကွသော လောကဓာတ်၏ "အမြတ်ဆုံးအလျှုခံပုဂ္ဂိုလ်" (အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်) အဖြစ်သို့ ရောက်လေတော့၏။

(စည်း၂။ ၄၂၂-၄၂၃)

သလ္လက္ခဏာစသည် ၄-ပါး

(၁) လက္ခဏာရေးသုံးပါးသည် သလ္လက္ခဏာ မည်၏။
(၂) မဂ်သည် ဝိဝဋ္ဋနာ မည်၏။
(၃) ဖိုလ်သည် ပါရိသုဒ္ဓိ မည်၏။
(၄) ပစ္စဝေက္ခဏာဉာဏ်သည် ပဋိပဿနာ မည်၏။

ဒုတိယ စတုက္က (ဝေဒနာနုပဿနာ)

(၁) ပီတိ ပဋိသံဝေဒီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ ပီတိကိုထင်စေလျက် "ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့" ဟုကျင့်ခြင်း၊

(၂) သုခ ပဋိသံဝေဒီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ သုခကို ထင်စေလျက် "ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့" ဟု ကျင့်ခြင်း၊

(၃) စိတ္တသင်္ခါရ ပဋိသံဝေဒီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ ဝေဒနာ,သညာဟူသော စိတ္တသင်္ခါရကို ထင်စေလျက် "ထွက်သက်, ဝင်သက်ကို ဖြစ်စေအံ့" ဟုကျင့်ခြင်း၊

(၄) ပဿမ္ဘယ် စိတ္တသင်္ခါရ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ ရုန့်ရင်းကြမ်းတမ်းသော စိတ္တသင်္ခါရကို ချုပ်စေပြီးလျှင် "ထွက်သက်, ဝင်သက်ကို ဖြစ်စေအံ့" ဟုကျင့်ခြင်း၊

ပီတိ ပဋိသံဝေဒီ

"ပီတိ ပဋိသံဝေဒီ=ပီတိကို သိလျက်" ဟူသည်မှာ- ပီတိကို သိအောင်ပြုလျက်, ထင်ရှားအောင်ပြုလျက် ရှုညွှင်းအံ့, ရှုထုတ်အံ့-ဟု ကျင့်ခြင်းကို ဆိုလိုသည်။

ပီတိကိုသိပုံ ၂-မျိုး

ပီတိကိုသိခြင်းသည် အာရုံအားဖြင့်သိခြင်း နှင့် မတွေ့မဝေသောအားဖြင့် သိခြင်းဟူ၍ နှစ်မျိုးရှိသည်။

(၁) အာရုံအားဖြင့်သိပုံ

စတုက္ကနည်းအားဖြင့် ပီတိရှိသော ပထမစျာန်၊ ဒုတိယစျာန်ကို ဝင်စားခိုက်၌ စျာန်ကိုရခြင်း,ရောက်ခြင်းကြောင့် ပဋိဘာဂနိမိတ်ဟူသော အာရုံ၏အလိုအားဖြင့် (ဝါ)အာရုံကိုသိခြင်းကိုအကြောင်းပြု၍ ပီတိကိုသိခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်-ပဋိဘာဂနိမိတ်အာရုံကို ပီတိရှိသောစျာန်ဖြင့်သာ သိနိုင်သောကြောင့် ဖြစ်ပါသည်။

(၂) မတွေ့မဝေသောအားဖြင့် သိပုံ

ပီတိရှိသောစျာန်နှစ်ပါးကို ဝင်စား၍ စျာန်မှထပြီးလျှင် စျာန်နှင့်ယှဉ်သော ပီတိကို သဘာဝလက္ခဏာ, သာမညလက္ခဏာအားဖြင့် သိခြင်းကြောင့် မတွေ့ဝေ

သောအားဖြင့် သိ၏။ ဤသို့သိခြင်းသည် ပိတိကို မတွေဝေသောအားဖြင့် သိခြင်းဖြစ်သည်။

မှတ်ချက်။ (က) ''သုခံ ပဋိသံဝေဒီ'' ၌ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်သုံးပါး၌ရှိသော သုခကို သိပုံကိုလည်းကောင်း၊

(ခ) ''စိတ္တသင်္ခါရံ ပဋိသံဝေဒီ''၌ စျာန်လေးပါး၌ရှိသော ဝေဒနာ၊ သညာဟူသော ခန္ဓာနှစ်ပါးကို သိပုံတို့ကိုလည်းကောင်း ပိတိကို သိပုံအတိုင်း မှတ်ရမည်။ ပိတိနေရာ၌ သုခ၊ဝေဒနာ၊သညာတို့ကို အစားထိုးဆိုရံသာ ထူးခြား၏။

ဝေဒနာနုပဿနာနည်း

- 'ပိတိကို သိလျက်'ဟူသော စကားဖြင့် ပိတိကို ခေါင်တပ်၍ ဝေဒနာကိုဟော တော်မူသောကြောင့်လည်းကောင်း၊
- 'သုခကို သိလျက်'ဟူသော စကားဖြင့် တရားကိုယ်အားဖြင့် ဝေဒနာကို ဟော တော်မူသောကြောင့်လည်းကောင်း၊
- 'စိတ္တသင်္ခါရကို သိလျက်'ဟူသောစကားဖြင့် ''သညာ စ ဝေဒနာ စ စေတသိကာ ဓမ္မာ စိတ္တပဋိဗဒ္ဓါ စိတ္တသင်္ခါရာ= သညာ၊ဝေဒနာဟူသော ဤတရားတို့သည် စိတ်နှင့်ယှဉ်ကုန်၏။ စိတ်နှင့်စပ်ကုန်၏။ စိတ်ကပြုပြင်အပ်သောသင်္ခါရတရားတို့ မည်ကုန်၏''ဟုဟောတော်မူသဖြင့် သညာနှင့်ယှဉ်သောဝေဒနာကို ဟောတော်မူသောကြောင့်လည်းကောင်း၊

ဤဒုတိယစတုက္ကသည် ''ဝေဒနာနုပဿနာနည်း'' ဖြစ်ပါသည်။

တတိယ စတုက္က (စိတ္တာနုပဿနာ)

(၁) စိတ္တပဋိသံဝေဒီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ စွဲနှံစိတ်ကို ထင်စေလျက် "ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့" ဟု ကျင့်ခြင်း၊

(၂) အဘိပ္ပမောဒယံ စိတ္တံ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ စွဲနှံစိတ်၊ ဝိပဿနာစိတ်ကို လွန်စွာ ဝမ်းမြောက်စေလျက် "ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့" ဟုကျင့်ခြင်း၊

(၃) သမာဒဟံ စိတ္တံ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ စွဲနှံစိတ်၊ ဝိပဿနာစိတ်ကို ညီညွတ်စွာ အာရုံ၌ကောင်းစွာထားလျက် "ထွက်သက်, ဝင်သက်ကို ဖြစ်စေအံ့" ဟုကျင့်ခြင်း၊

(၄) ဝိမောစယံ စိတ္တံ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ စွဲနှံစိတ်၊ ဝိပဿနာစိတ်ကို နိဝရဏတို့မှ လွတ်စေလျက် "ထွက်သက်, ဝင်သက်ကို ဖြစ်စေအံ့" ဟုကျင့်ခြင်း၊

စိတ္တပဋိသံဝေဒီ

"စိတ္တပဋိသံဝေဒီ=စိတ်ကိုသိခြင်း" ဟူသည်မှာ- စွဲနှံလေးပါးတို့၏အစွမ်းဖြင့် စိတ်ကိုသိခြင်းကို ဆိုလိုသည်။

အဘိပ္ပမောဒယံ စိတ္တံ

"အဘိပ္ပမောဒယံ စိတ္တံ=စိတ်ကို ဝမ်းမြောက်စေလျက်" ဟူသည်မှာ-စိတ်ကို ဝမ်းမြောက်စေခြင်း(မောဒနာ)၊ အလွန်ဝမ်းမြောက်စေခြင်း(ပမောဒနာ)၊ ရွှင်စေခြင်း(ဟာသနာ)၊ အလွန်ရွှင်စေခြင်း(ပဟာသနာ)တို့ကို ဖြစ်စေလျက် "ဝင်လေကို ရှူသွင်းအံ့၊ ထွက်လေကို ရှူထုတ်အံ့" ဟုကျင့်ခြင်းကို ဆိုလိုသည်။

<u>စိတ်ကိုဝမ်းမြောက်စေမှု ၂-မျိုး</u>

စိတ်ကိုဝမ်းမြောက်စေရာ၌ သမာဓိ၏အစွမ်းဖြင့်ဝမ်းမြောက်စေခြင်း နှင့် ဝိပဿနာ၏အစွမ်းဖြင့်ဝမ်းမြောက်စေခြင်း-ဟူ၍ နှစ်မျိုးရှိသည်။

(၁) <u>သမာဓိ၏အစွမ်းဖြင့် ဝမ်းမြောက်စေခြင်း</u>

ထိုနှစ်မျိုးတွင် ပီတိရှိသော ပထမစျာန်၊ ဒုတိယစျာန်နှစ်ပါးတို့ကို ဝင်စားခိုက်၌ ယှဉ်ဖက်ဖြစ်သောပီတိဖြင့် စိတ်ကိုဝမ်းမြောက်စေခြင်းသည် သမာဓိ၏အစွမ်းဖြင့် စိတ်ကိုဝမ်းမြောက်စေခြင်း ဖြစ်၏။

(၂) ဝိပဿနာ၏အစွမ်းဖြင့် ဝမ်းမြောက်စေခြင်း

ဝိတိရှိသောစျာန်နှစ်ပါးကို ဝင်စားပြီး၊ ယင်းစျာန်တို့မှထကာ စျာန်နှင့်ယှဉ်သောဝိတိကို ခယဝယ တင်၍ ဝိပဿနာရှုနေခိုက် စျာန်နှင့်ယှဉ်သောဝိတိကို အာရုံပြုလျက် စိတ်ကိုဝမ်းမြောက်စေခြင်းသည် ဝိပဿနာ၏အစွမ်းဖြင့် စိတ်ကို ဝမ်းမြောက်စေခြင်း ဖြစ်၏။

သမာဒဟံ စိတ္တံ

"သမာဒဟံ စိတ္တံ=စိတ်ကို ကောင်းစွာထားလျက်" ဟူသည်မှာ- ပထမစျာန်စသည်တို့၏အစွမ်းဖြင့် စိတ်ကို အာရုံ၌အညီအညွတ်ကောင်းစွာထားခြင်းကို ဆိုလိုသည်။

တစ်နည်းအားဖြင့် စျာန်ဝင်စားပြီး စျာန်မှထ၍ ယင်းစျာန်နှင့်ယှဉ်သောစိတ်ကို ခယဝယ တင်၍ ဝိပဿနာရှုနေခိုက် အနိစ္စစသော လက္ခဏာကိုသိသော ခဏိကသမာဓိ၏အစွမ်းဖြင့်ဖြစ်သောစိတ်ကို အာရုံ၌ အညီအညွတ်ကောင်းစွာထားခြင်းကို ဆိုလိုသည်။

ဝိမောစယံ စိတ္တံ

"ဝိမောစယံ စိတ္တံ=စိတ်ကို လွတ်စေလျက်" ဟူသည်မှာ- ပထမစျာန်ဖြင့် နီဝရဏတို့မှ စိတ်ကိုလွတ်စေခြင်း၊ ဒုတိယစျာန်ဖြင့် ဝိတက်,ဝိစာရတို့မှ စိတ်ကိုလွတ်စေခြင်း၊ တတိယစျာန်ဖြင့် ပီတိမှစိတ်ကိုလွတ်စေခြင်း၊ စတုတ္ထစျာန်ဖြင့် သုခ,ဒုက္ခတို့မှစိတ်ကိုလွတ်စေခြင်းတို့ကို ဆိုလိုပါသည်။

တစ်နည်းအားဖြင့် စျာန်ဝင်စားပြီး ယင်းစျာန်မှထကာ စျာန်နှင့်ယှဉ်သော စိတ်ကို ခယဝယတင်၍ ဝိပဿနာရှုနေခိုက် အနိစ္စာနုပဿနာဖြင့် နိစ္စသညာမှ စိတ်ကိုလွတ်စေခြင်း၊ ဒုက္ခာနုပဿနာဖြင့် သုခသညာမှစိတ်ကိုလွတ်စေခြင်း၊ အနတ္တာနုပဿနာဖြင့် အတ္တသညာမှစိတ်ကိုလွတ်စေခြင်း၊ နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ပျော်မွေ့ခြင်း နန္ဒီမှစိတ်ကိုလွတ်စေခြင်း၊ ဝိရာဂါနုပဿနာဖြင့် တပ်မက်မှုရာဂမှစိတ်ကိုလွတ်စေခြင်း၊ နိရောဓါနုပဿနာဖြင့် သမုဒယမှစိတ်ကိုလွတ်စေခြင်း၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်းအာဒါနမှ စိတ်ကိုလွတ်စေခြင်းတို့ကို ဆိုလိုပါသည်။

စတုတ္ထ စတုက္က (ခမ္မာနုပဿနာ)

(၁) အနိစ္စာနုပဿီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ ခန္ဓာငါးပါးကို အနိစ္စဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ ''ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့''ဟုကျင့်ခြင်း၊

(၂) ဝိရာဂါနုပဿီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ သခ်ါရတို့၏ ကင်းခြင်း,ကုန်ခြင်းသဘောကို အဖန်တလဲလဲရှုသည်ဖြစ်၍ ''ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့''ဟုကျင့်ခြင်း၊

(၃) နိရောဓာနုပဿီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ သခ်ါရတို့၏ချုပ်ခြင်းသဘောကို အဖန်တလဲလဲရှုသည်ဖြစ်၍ ''ထွက်သက်, ဝင်သက်ကို ဖြစ်စေအံ့''ဟုကျင့်ခြင်း၊

(၄) ပဋိနိဿဂ္ဂါနုပဿီ=ထွက်သက်,ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးလုံး၌ စေလွှတ်ခြင်းကို အဖန်ဖန်ရှုလျက် ''ထွက်သက်,ဝင်သက်ကို ဖြစ်စေအံ့'' ဟုကျင့်ခြင်း၊

အနိစ္စာနုပဿီ

ခန္ဓာငါးပါးသည် မမြဲသောကြောင့်လည်းကောင်း၊ ပျက်စီးခြင်းသဘောရှိသောကြောင့်လည်းကောင်း 'အနိစ္စ' မည်၏။ ဘင်ခဏတိုင်း,ဘင်ခဏတိုင်း ပျက်နေသောကြောင့် 'အနိစ္စတာ'မည်၏။ ဤသို့ မမြဲခြင်း,ပျက်စီးခြင်းသဘောရှိသော ခန္ဓာငါးပါး၌ အနိစ္စဟုရှုမှတ်သည့်ဝိပဿနာသည် 'အနိစ္စာနုပဿနာ' မည်၏။ ထိုအနိစ္စာနုပဿနာဖြင့် မပြတ်ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်သည် ''အနိစ္စာနုပဿီ'' မည်ပါသည်။

ဝိရာဂါနုပဿီ

သခ်ါရတရားတို့၏ ဘင်ခဏာသည် 'ခယဝိရာဂ' မည်၏။ နိဗ္ဗာန်သည် 'အစ္စန္တဝိရာဂ' မည်၏။ ဤဝိရာဂနှစ်ပါးကို ရှုခြင်းဖြင့်ဖြစ်သော ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်သည် 'ဝိရာဂါနုပဿနာ' မည်၏။ ထိုဝိရာဂါနုပဿနာဖြင့် မပြတ်ရှုမှတ်နေသောယောဂီပုဂ္ဂိုလ်သည် ''ဝိရာဂါနုပဿီ''မည်ပါသည်။

နိရောဓာနုပဿီ

သခ်ါရတရားတို့၏ ဘင်ခဏာသည် 'ခယနိရောဓ' မည်၏။ နိဗ္ဗာန်သည် 'အစ္စန္တနိရောဓ' မည်၏။ ဤနိရောဓနှစ်ပါးကို ရှုခြင်းဖြင့်ဖြစ်သော ဝိပဿနာဉာဏ်၊

မင်ဘုရားသည် 'နိရောဓနုပဿနာ' မည်၏။ ထိုနိရောဓနုပဿနာဖြင့် မပြတ်ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်သည် ''နိရောဓနုပဿီ'' မည်ပါသည်။

ဝိပဿနာ၏ ပဋိနိဿဂ္ဂမည်ပုံ

ဝိပဿနာသည် ဖြစ်ခြင်းအကျိုးခန္ဓာ၊ ဖြစ်စေခြင်းအကြောင်းဟူသော ကုသိုလ်ကံ, အကုသိုလ်ကံဟူသော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂအလို အားဖြင့် စွန့်ပယ်တတ်သောကြောင့် ''ပရိစ္စာဂပဋိနိဿဂ္ဂ'' မည်ပါသည်။

ဝိပဿနာသည် သင်္ခါရတရားတို့၏အပြစ်ကိုမြင်သဖြင့် သင်္ခတတရားတို့၏ ကင်းရာဖြစ်သောနိဗ္ဗာန်သို့ ညွှတ်ကိုင်းသောအလိုအားဖြင့် ပြေးဝင်တတ်သောကြောင့် ''ပက္ခန္ဒနပဋိနိဿဂ္ဂ'' မည်ပါသည်။

အရိယာမဂ်၏ ပဋိနိဿဂ္ဂမည်ပုံ

အရိယာမဂ်သည် ဖြစ်ခြင်းအကျိုးခန္ဓာ၊ ဖြစ်စေခြင်းအကြောင်းဟူသော ကုသိုလ်ကံ, အကုသိုလ်ကံဟူသော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို သမုစ္ဆေဒအလိုအားဖြင့် စွန့်ပယ်တတ်သောကြောင့် ''ပရိစ္စာဂပဋိနိဿဂ္ဂ'' မည်ပါသည်။

အရိယာမဂ်သည် သင်္ခါရတရားတို့၏အပြစ်ကိုမြင်သဖြင့် သင်္ခတတရားတို့၏ ကင်းရာဖြစ်သောနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ပြေးဝင်တတ်သောကြောင့် ''ပက္ခန္ဒနပဋိနိဿဂ္ဂ'' မည်ပါသည်။

ပဋိနိဿဂ္ဂါနုပဿီ

ပရိစ္စာဂပဋိနိဿဂ္ဂ၊ ပက္ခန္ဒနပဋိနိဿဂ္ဂဟူသော ဤနှစ်ပါးသော ပဋိနိဿဂ္ဂတို့ကို ရှုမှတ်ခြင်းဖြင့်ဖြစ်သော ဝိပဿနာဉာဏ်နှင့်မဂ်ဉာဏ်သည် ''ပဋိနိဿဂ္ဂါ-နုပဿနာ'' မည်ပါသည်။ ထိုပဋိနိဿဂ္ဂါနုပဿနာဖြင့် မပြတ်ရှုမှတ်ပွားများနေသည့် ယောဂီပုဂ္ဂိုလ်သည် ''ပဋိနိဿဂ္ဂါနုပဿီ'' မည်ပါသည်။

မှတ်ချက်။ ဤပထမ, ဒုတိယ, တတိယ, စတုတ္ထဟူသော စတုက္ကလေးပါးတို့တွင် မြတ်စွာဘုရားရှင်သည် စတုတ္ထစတုက္ကကို ဝိပဿနာသက်သက်ဖြင့် ဟောတော်မူ၏။ ကျန်စတုက္ကသုံးပါးကိုမူ သမထ၏အစွမ်း, ဝိပဿနာ၏အစွမ်းဖြင့် ဟောတော်မူပါသည်။

အာနာပါနဿတိ ၃၂-ပါး

ပထမစတုက္ကဋ္ဌ၄-ပါး၊ ဒုတိယစတုက္ကဋ္ဌ ၄-ပါး၊ တတိယစတုက္ကဋ္ဌ၄-ပါး၊ စတုတ္ထစတုက္ကဋ္ဌ ၄-ပါး-ဟူ၍ တည်ရာဌာန၁၆-ပါးတို့၌ ထွက်သက်,ဝင်သက် နှစ်ပါးကိုဟောတော်မူသောကြောင့် အာနာပါနဿတိပေါင်း(၃၂)ပါး ဖြစ်ပါသည်။

အာနာပါနဿတိပွားများရခြင်း အကျိုး

(၁) ငြိမ်သက်ခြင်း၊
(၂) မရောင့်ရဲနိုင်အောင် မွန်မြတ်ခြင်း၊
(၃) မသွန်းထည့်အပ်သည်၏အဖြစ်ရှိခြင်း၊
(၄) ဘဝနာပွားများတိုင်း ကိုယ်,စိတ်ချမ်းသာခြင်း၊
(၅) သမာဓိ၏အနုရာယ်ဖြစ်သော မိစ္ဆာဝိတက်၏အစွမ်းဖြင့် အမျိုးမျိုးသောအာရုံတို့၌ စိတ်၏ပြေးသွားခြင်းကို ဖြတ်တောက်နိုင်ခြင်း၊
(၆) မဂ်,ဖိုလ်ရကြောင်း အခြေခံတရားဖြစ်ခြင်း၊
(၇) စုတိစရိုမကဖြစ်သော နောက်ဆုံးဝင်လေ,ထွက်လေတို့ ထင်ရှားခြင်း-ဟူသော အကျိုးထူးတရားတို့ကို ရရှိနိုင်ပါသည်။

စရိုမက ၃-ပါး

(၁) ဘဝစရိုမက - ကာမဘဝ၌ အသက်ရှူလေတို့သည် ဖြစ်ကုန်၏။ ရူပဘဝ၊ အရူပဘဝတို့၌ အသက်ရှူလေတို့ မဖြစ်ကုန်။ ထို့ကြောင့် ကာမဘဝ၌ဖြစ်ကုန်သော အသက်ရှူလေတို့သည် ဘဝအလိုအားဖြင့် "ဘဝစရိုမက" မည်၏။(ကာမဘဝသည် အသက်ရှူလေတို့၏ နောက်ဆုံးဖြစ်၏။)

(၂) ဈာနစရိုမက - အောက်ဈာန်သုံးပါး၌ အသက်ရှူလေတို့သည် ဖြစ်ကုန်၏။ စတုတ္ထဈာန်၌ မဖြစ်၊ ထို့ကြောင့် အောက်ဈာန်သုံးပါး၌ဖြစ်ကုန်သော အသက်ရှူလေတို့သည် ဈာန်အလိုအားဖြင့် "ဈာနစရိုမက" မည်၏။(အောက်ဈာန်သုံးပါးသည် အသက်ရှူလေတို့၏ နောက်ဆုံးဖြစ်၏။)

(၃) စုတိစရိုမက - စုတိစိတ်မှ ပြန်၍ရေတွက်သည်ရှိသော် ရှေ့ ၁၆-ခုသောစိတ်တို့နှင့်အတူတကွ အသက်ရှူလေတို့သည် ချုပ်ကုန်၏။ ထို့ကြောင့် စုတိစိတ်နှင့်တကွ အတူချုပ်သော အသက်ရှူလေတို့သည် စုတိအလိုအားဖြင့် "စုတိစရိုမက" မည်၏။

ဥပသမာနုဿတိ ကမ္မဋ္ဌာန်း

ဥပသမာနုဿတိ ကမ္မဋ္ဌာန်းကိုပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပြီးလျှင် အလုံးစုံသောဝဋ်ဆင်းရဲတို့၏ ငြိမ်းအေးခြင်း ဥပသမဂုဏ်နှင့် ပြည့်စုံသော နိဗ္ဗာန်၏ဂုဏ်တို့ကိုအာရုံပြု၍ အဖန်ဖန်အထပ်ထပ် အောက်မေ့ ဆင်ခြင်နေရပါမည်။

နိဗ္ဗာန်ဂုဏ်ပုဒ်များ

သခ်ိတ,အသခ်ိတဖြစ်ကုန်သော သဘောတရားဟူသမျှတို့တွင် ကိလေသာတို့၏ပျက်ပြယ်ရာ ဝိရာဂတရားသည် အမြတ်ဆုံးနိဗ္ဗာန် ဖြစ်ပေ၏-ဟု မြတ်စွာဘုရားဟောတော်မူခဲ့၏။ ထိုအမြတ်ဆုံးနိဗ္ဗာန်သည် -

- ယစ်မူးခြင်းတရားတို့၏ အယစ်အမူး ပြေပျောက်ရာတရား ဖြစ်သောကြောင့် 'မဒနိမ္မဒန' မည်၏။
- ဆာလောင်မှုဟူသမျှတို့၏ ကင်းရာကုန်ရာတရားဖြစ်သောကြောင့် 'ပိပါသဝိနယ' မည်၏။
- တွယ်တာမှုဟူသမျှတို့ကို နုတ်ပယ်ရာတရားဖြစ်သောကြောင့် 'အာလယ-သမုဂ္ဃါတ' မည်၏။
- ဝဋ်တရားတို့၏ ကင်းပြတ်ရာတရားဖြစ်သောကြောင့် 'ဝဋ္ဋူပစ္ဆေဒ' မည်၏။
- တဏှာ၏ ကုန်ရာတရားဖြစ်သောကြောင့် 'တဏှက္ခယ' မည်၏။
- ကိလေသာတို့၏ ပျက်ပြယ်ရာတရားဖြစ်သောကြောင့် 'ဝိရာဂ' မည်၏။
- ဆင်းရဲတို့၏ ချုပ်ငြိမ်းရာတရားဖြစ်သောကြောင့် 'နိရောဓ' မည်၏။
- ဝါနမည်သော တဏှာမှ ထွတ်မြောက်ရာတရားဖြစ်သောကြောင့် 'နိဗ္ဗာန' မည်၏။
- မပြုမပြင်အပ်သောတရားဖြစ်သောကြောင့် 'အသခ်ိတ' မည်၏။
- အစစ်အမှန်ဖြစ်သောတရားဖြစ်သောကြောင့် 'သစ္စ' မည်၏။
- သံသရာ၏ တစ်ဖက်ကမ်းတရားဖြစ်သောကြောင့် 'ပါရ' မည်၏။
- အလွန်မြင့်နိုင်ခဲသောတရား ဖြစ်သောကြောင့် 'သုဒုဒ္ဒသ' မည်၏။
- အိုခြင်းကင်းသောတရား ဖြစ်သောကြောင့် 'အဇရ' မည်၏။

- ခိုင်မြဲသောတရား ဖြစ်သောကြောင့် 'ဓုဝ' မည်၏။
- နယ်ချဲ့မှု, ဖင်ဒဲ့မှုကင်းသောတရား ဖြစ်သောကြောင့် 'နိပ္ပပဉ္စ' မည်၏။
- သေခြင်းကင်းသောတရား ဖြစ်သောကြောင့် 'အမတ(အမြိုက်)' မည်၏။
- ငြိမ်းအေးသောတရား ဖြစ်သောကြောင့် 'သိဝ' မည်၏။
- ဘေးကင်းသောတရား ဖြစ်သောကြောင့် 'ခေမ' မည်၏။
- မဖြစ်စဖူး အလွန်ထူးကဲသောတရားဖြစ်သောကြောင့် 'အစ္ဆရိတ' မည်၏။
- အကျိုးမဲ့ဘေးရန် ကင်းသောတရားဖြစ်သောကြောင့် 'အနီတိက' မည်၏။
- ဆင်းရဲကင်းသောတရား ဖြစ်သောကြောင့် 'အဗျာပဇ္ဈ' မည်၏။
- အလွန်စင်ကြယ်သောတရား ဖြစ်သောကြောင့် 'ဝိသုဒ္ဓိ' မည်၏။
- ရေလယ်ဌဝတ္ထုန်း ကျွန်းကုန်းပမာ မှီခိုရာတရားဖြစ်သောကြောင့် 'ဒီပ' မည်၏။
- ဆင်းရဲဟူသမျှတို့မှ ကာကွယ်စောင့်ရှောက်တတ်သောတရား ဖြစ်သောကြောင့် 'တာဏ' မည်၏။
- ဆင်းရဲဟူသမျှတို့မှ လုံခြုံအောင် ပုန်းအောင်းမှီခိုရာတရား ဖြစ်သောကြောင့် 'လေဏ' မည်၏။

ဥပသမာနုဿတိပွားများစဉ်
စိတ်အသွင်

ဥပသမ-အမည်ရသည့် ငြိမ်းအေးရာ နိဗ္ဗာန်၏ဂုဏ်တို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်နေသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ထိုအချိန်တွင် ရာဂလွန်းမိုးသောစိတ်၊ ဒေါသလွန်းမိုးသောစိတ်၊ မောဟလွန်းမိုးသော်စိတ်များ မဖြစ်တော့ပေ။ ထိုအချိန်၌ ယောဂီပုဂ္ဂိုလ်၏စိတ်သည် နိဗ္ဗာန်၏ဂုဏ်ကို အာရုံပြုလျက်ဖြစ်သောကြောင့် မတ်တည်ကြည်နေသည့်စိတ်မျိုးသာ ဖြစ်ပေါ်နေ၏။

ဥပစာရစျာန်သာ ဖြစ်ခြင်းအကြောင်း

နိဗ္ဗာန်၏ဂုဏ်တို့၏ နက်နဲခြင်းကြောင့်လည်းကောင်း၊ များစွာသောဂုဏ်တို့ကို အောက်မေ့ခြင်းဌာ, နှလုံးသွင်းခြင်းဌာ ညွတ်ကိုင်းခြင်းကြောင့်လည်းကောင်း အပ္ပနာစျာန်မဖြစ်ဘဲ ဥပစာရစျာန်သာ ဖြစ်၏။

ပုထုဇဉ်တို့လည်း နှလုံးသွင်းနိုင်

ဥပသမာနုဿတိ ကမ္မဋ္ဌာန်းသည် ဆအနုဿတိကမ္မဋ္ဌာန်းတို့ကဲ့သို့ အရိယာပုဂ္ဂိုလ်တို့အားသာ ပြီးပြည့်စုံနိုင်သော ကမ္မဋ္ဌာန်းဖြစ်သည်။ သို့သော် ငြိမ်းအေးသော နိဗ္ဗာန်ကို ရိသေလေးမြတ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့လည်း နှလုံးသွင်းနိုင်၏။ အဘယ်

ကြောင့်ဆိုသော်-နိဗ္ဗာန်၏ဂုဏ်ကျေးဇူးတို့ကို ကြားနာမှတ်သားနေရသဖြင့် ငြိမ်းအေးရာ မြတ်နိဗ္ဗာန်ကို အနုမာနအားဖြင့်မှန်းဆကြည်ညိုရ၍ အာရုံပြုနေသောစိတ်သည် ကြည်လင်တတ်သည့် သဘောရှိသောကြောင့် ဖြစ်သည်။

ဥပသမာနုဿတိပွားများရခြင်း

အကျိုးများ

(၁) ချမ်းသာစွာအိပ်ရခြင်း၊
(၂) ချမ်းသာစွာနိုးရခြင်း၊
(၃) ငြိမ်သက်သောကွန်ဒြေရှိခြင်း၊
(၄) ငြိမ်သက်သောနှလုံးရှိခြင်း၊
(၅) ဟိရိ, သြတ္တပ္ပနှင့်ပြည့်စုံခြင်း၊
(၆) ကြည်ညိုဖွယ်ကိုဆောင်ခြင်း၊
(၇) မြတ်သောနိဗ္ဗာန်၌ ညွတ်ကိုင်းသဖြင့် မွန်မြတ်သည့်နှလုံးသွင်းမှုရှိခြင်း၊
(၈) သီတင်းသုံးဖော်တို့က ရိုသေလေးစားခြင်းခံရသူ, မေတ္တာအပို့ခံရသူဖြစ်ခြင်း၊
(၉) အထက်၌ မဂ်, ဖိုလ်တရားထူးကို မသိငြား, မရငြားသော်လည်း သုဂတိဘဝ လျှင် လားရာရောက်ရှိခြင်း-ဟူသော အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။ ။

အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ ပြီး၏။

ဝိသုဒ္ဓိမဂ်မြန်မာပြန် ပို့ချချက် (ပထမဆင့်)
ပြီးပြီ။

၁။ သီလ နိဒ္ဒေသ

၂။ ဓုတင် နိဒ္ဒေသ

၃။ ကမ္မဋ္ဌာနဂ္ဂဟဏ နိဒ္ဒေသ

၄။ ပထဝီကသိဏ နိဒ္ဒေသ

၅။ သေသကသိဏ နိဒ္ဒေသ

၆။ အသုဘ နိဒ္ဒေသ

၇။ ဆအနုဿတိ နိဒ္ဒေသ

၈။ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသ

မကွေးတိုင်းဒေသကြီးဆောင်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ကမ္ဘာအေး၊ Ph: 01-661911, Hp : 09 5037311